ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

ဦးခြားဝိနည်းဆုံးဖြတ်ရေးအဖွဲ့

အမှတ်(၄)

# ကျောင်းပုံတော်မူဝါဒ
# ဒိဋ္ဌိသ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်ထုတ်ဝေသည်။

၂၁၅၁၈

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့

အမှတ်(၄)

# ကျောက်ပုံတောရဝါဒ
# ဝိနိစ္ဆယ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ-၂၅၂၆ ကောဇာ-၁၃၄၄ ၁၉၈၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ဒုတိယ ညွှန်ကြားရေးမှူး ဦးမြင့်မောင်
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇) က ပုံနှိပ်ထုတ်ဝေသည်။

ကျောက်ပုံတောရဝါဒ ဝိနိစ္ဆယ

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ပုံနှိပ်ထုတ်ဝေရခြင်း အကြောင်း .... .... | [ င ] |
| ၂။ | စောဒက စုဒိတကများ ကြွရောက်ရန် ပင့်လျှောက် ဆင့်ခေါ်စာ .... .... .... | ၁ |
| ၃။ | ရှုံးတော်ဖွင့် အခမ်းအနား အစီအစဉ် .... .... | ၃ |
| ၄။ | နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄) ရှုံးတော်၏ ခံယူချက် .... .... .... | ၄ |
| ၅။ | စောဒနာ တင်သွင်းချက် နိဒါန်း .... .... | ၇ |
| ၆။ | ပဏ္ဏာမနှင့် ပဋိညာဉ် .... .... .... | ၂၀ |
| ၇။ | စောဒနာ တင်သွင်းလွှာ .... .... .... | ၂၁ |
| ၈။ | စောဒနာ နိဂုံး .... .... .... | ၁၆၅ |
| ၉။ | သောဓနာ တင်သွင်းချက် .... .... .... | ၁၇၃ |
| ၁၀။ | သောဓနာ နိဒါန်း .... .... .... | ၁၇၇ |
| ၁၁။ | သောဓနာ ချေပလွှာ .... .... .... | ၁၈၀ |
| ၁၂။ | ဂန္ထာရမ္ဘ .... .... .... | ၂၇၃ |
| ၁၃။ | ဝိနိစ္ဆယ နိဒါန်း .... .... .... | ၂၇၇ |

နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၄)


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၄။ | စောဒနာ သောဓနာ အမှတ် (၁) သုံးသပ်ချက် .... | ၂၈၅ |
| ၁၅။ | စောဒနာ သောဓနာ အမှတ် (၂) သုံးသပ်ချက် .... | ၂၉၆ |
| ၁၆။ | စောဒနာ သောဓနာ အမှတ် (၃) သုံးသပ်ချက် .... | ၃၀၄ |
| ၁၇။ | စောဒနာ သောဓနာ အမှတ် (၄) သုံးသပ်ချက် .... | ၃၁၂ |
| ၁၈။ | စောဒနာ သောဓနာ အမှတ် (၅) သုံးသပ်ချက် .... | ၃၂၅ |
| ၁၉။ | စောဒနာ သောဓနာ အမှတ် (၆) သုံးသပ်ချက် .... | ၃၄၇ |
| ၂၀။ | စောဒနာ သောဓနာ အမှတ် (၇) သုံးသပ်ချက် .... | ၃၅၄ |
| ၂၁။ | စောဒနာ သောဓနာ အမှတ် (၈) သုံးသပ်ချက် .... | ၃၅၈ |
| ၂၂။ | စောဒနာ သောဓနာ အမှတ် (၉) သုံးသပ်ချက် .... | ၃၆၅ |
| ၂၃။ | စောဒနာ သောဓနာ အမှတ် (၁၀) သုံးသပ်ချက် .... | ၃၈၅ |
| ၂၄။ | စောဒနာ သောဓနာ အမှတ် (၁၁) သုံးသပ်ချက် .... | ၃၉၄ |
| ၂၅။ | စောဒနာ သောဓနာ အမှတ် (၁၂) သုံးသပ်ချက် .... | ၄၀၂ |
| ၂၆။ | စောဒနာ သောဓနာ အမှတ် (၁၃) သုံးသပ်ချက် .... | ၄၀၅ |
| ၂၇။ | စောဒနာ သောဓနာ အမှတ် (၁၄) သုံးသပ်ချက် .... | ၄၁၀ |
| ၂၈။ | စောဒနာ သောဓနာ အမှတ် (၁၅) သုံးသပ်ချက် .... | ၄၁၆ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၉။ | စောဒနာ သောဓနာ အမှတ် (၁၆) သုံးသပ်ချက် .... | ၄၂၂ |
| ၃၀။ | စောဒနာ သောဓနာ အမှတ် (၁၇) သုံးသပ်ချက် .... | ၄၂၇ |
| ၃၁။ | စောဒနာ သောဓနာ အမှတ် (၁၈) သုံးသပ်ချက် .... | ၄၃၃ |
| ၃၂။ | စောဒနာ သောဓနာ အမှတ် (၁၉) သုံးသပ်ချက် .... | ၄၃၇ |
| ၃၃။ | စောဒနာ သောဓနာ အမှတ် (၂၀) သုံးသပ်ချက် .... | ၄၄၃ |
| ၃၄။ | စောဒနာ သောဓနာ အမှတ် (၂၁ )သုံးသပ်ချက် .... | ၄၄၉ |
| ၃၅။ | စောဒနာ သောဓနာ အမှတ် (၂၂) သုံးသပ်ချက် .... | ၄၅၆ |
| ၃၆။ | စောဒနာ သောဓနာ အမှတ် (၂၃) သုံးသပ်ချက် .... | ၄၆၇ |
| ၃၇။ | စောဒနာ သောဓနာ အမှတ် (၂၄) သုံးသပ်ချက် .... | ၄၇၃ |
| ၃၈။ | စောဒနာ သောဓနာ အမှတ် (၂၅) သုံးသပ်ချက် .... | ၄၈၂ |
| ၃၉။ | စောဒနာ သောဓနာ အမှတ် (၂၆) သုံးသပ်ချက် .... | ၄၈၉ |
| ၄၀။ | နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄)၏ ဆုံးဖြတ်ချက် | ၄၉၀ |
| ၄၁။ | နိဂုံး .... .... .... .... | ၄၉၇ |
| ၄၂။ | ထေရဝါဒနှင့် ကျောက်ပုံတောရဝါဒ နှိုင်းယှဉ်ချက် .... | ၄၉၉ |
| ၄၃။ | ကျောက်ပုံတောရဝါဒ ဝိနိစ္ဆယအပ်နှံပွဲနှင့် အဓမ္မဝါဒစွန့်လွှတ်ပွဲ | ၅၁၇ |

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄)



| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၄။ | ဘဒ္ဒန္တရေဝတ ဆရာတော်ဘုရားကြီး၏ ဩဝါဒ .... | ၅၂၁ |
| ၄၅။ | ဘဒ္ဒန္တဝဏ္ဏသိရီ၏ ဝိနိစ္ဆယအကျဉ်းချုပ် သုံးသပ်ချက် .... | ၅၂၃ |
| ၄၆။ | ကျောက်ပုံတောရ အဓမ္မဝါဒစွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခြင်း (ရဟန်းတော်များ) .... | ၅၂၆ |
| ၄၇။ | ကျောက်ပုံတောရ အဓမ္မဝါဒစွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ်ရေးထိုးခြင်း (လူပုဂ္ဂိုလ်များ) .... | ၅၃၁ |
| ၄၈။ | အဓမ္မဝါဒ စွန့်လွှတ်ပြီးနောက် ရှေ့ဆက်လက် ဆောင်ရွက်ရမည့် အစီအစဉ်များ .... .... .... | ၅၃၃ |
| ၄၉။ | ဘဒ္ဒန္တရေဝတဆရာတော်၏ နိဂုံးချုပ်ဩဝါဒကထာ .... | ၅၃၅ |

# ကျောက်ပုံတောရဝါဒ ဝိနိစ္ဆယ
# ပုံနှိပ်ထုတ်ဝေရခြင်း အကြောင်း

၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၌ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် ဂိုဏ်းဂဏစုံ တသိန်းကျော် သံဃာတော်တို့၏ သမ္မုတိရ သံဃာ့ကိုယ်စားလှယ် ဆရာတော်တို့၏ အစည်းအဝေးကြီးမှ နိုင်ငံတော်အတွင်း အငြင်းပွားလျက် ရှိနေကြသည့် အဖွဲ့အစည်းအချို့တို့၏ ဓမ္မ အဓမ္မအယူအဆတို့နှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချပေးနိုင်ရန် ဝိနည်း ဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေတရပ်ကို ချမှတ်ထုတ်ပြန်ခဲ့လေသည်။

၂။ ယင်းဥပဒေပါ အခန်း-၂၊ ပုဒ်မ ၃-နှင့် ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အခန်း-၇၊ အပိုဒ် ၅၇-နှင့် အညီ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်အတွင်း အငြင်းပွားလျက်ရှိသော ဝါဒများတွင် အပါအဝင်ဖြစ်သည့် ကျောက်ပုံတောရဝါဒနှင့် ပတ်သက်၍ စိစစ်သုံးသပ် ဆုံးဖြတ်ချက်ချပေးရန် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးက နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာ ပါဝင်သည့် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄)ကို ဖွဲ့စည်း၍ အဆိုပါ ကျောက်ပုံဝါဒကို စောဒက စုဒိတက အစုံအညီဆင့်ခေါ်လျက် ၁၃၄၄-ခုနှစ် ပထမဝါဆို လပြည့်ကျော် (၉) ရက် (၁၄-၇-၈၂) ဗုဒ္ဓဟူးနေ့မှစ၍ ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ အပရဂေါယာနကျောင်းဆောင် သီးခြားဝိနည်းဓိုရ် ရုံးခန်း၌ စတင် စစ်ဆေးခဲ့ပေသည်။

၃။ ထိုသို့ စောဒက စုဒိတက နှစ်ဦးနှစ်ဝတို့၏ ဓမ္မ အဓမ္မရေးရာတို့ကို ကြားနာစစ်ဆေးပြီးနောက် အမှတ် (၄) သီးခြားဝိနည်းဓိုရ် ဆရာတော်များသည် ယင်းတို့၏ စောဒနာ သောဓနာ နှစ်ဖြာသော အဆိုအချေတို့ကို ပြေပြေလည်လည် အတည်တကျ ဓမ္မ အဓမ္မ ဝိနိစ္ဆယ ချမှတ်နိုင်ရေးအတွက် လေးနက် ထက်သန် ပြင်းထန်သောလုံ့လဖြင့် ဖတ်ရှုလေ့လာ၍ ဝါတွင်းသုံးလပတ်လုံး အချိန်ယူကာ ကမ္ဘာအေး၌ ဝါဆိုတော်မူကြပြီးလျှင် လိုအပ်သောအဆုံးအဖြတ်ကို ပိဋကတ်သုံးသွယ် နိကာယ်ငါးဖြာ ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် ကောင်းစွာနှိုင်းညှိလျက် ဤကျောက်ပုံတောရ ဝိနိစ္ဆယစာတမ်းကို ဥပဒေစည်းကမ်းနှင့်အညီ ပြုစုခဲ့ကြပေသည်။

၄။ ထို့နောက် သီတင်းကျွတ်လပြည့်ကျော် ၆-ရက်၊ ၇-ရက်၊ ၈-ရက် (၇-၁၁-၈၂-မှ-၉-၁၁-၈၂) နေ့အထိ ၃-ရက်တိုင်တိုင် စောဒက စုဒိတက နှစ်ဝအစုံ အညီ ဆင့်ခေါ် ကြားနာစေ၍ ဤဝိနိစ္ဆယကထာ အလွှာဖြတ်ထုံးကို စဆုံးတိုင် ဖတ်ကြား၍ ပြတ်သားစွာ အဆုံးအဖြတ်ပေးခဲ့ပေသည်။

၅။ ထိုအဆုံးအဖြတ် ဝိနိစ္ဆယမှာ သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် လက်နက်ကောင်းတခု ဖြစ်သည်နှင့်လျော်ညီစွာ အရှည်ထာဝရ ဓမ္မ အဓမ္မရေးရာတွင် နောင်လာနောက်သား ဗုဒ္ဓဘာသာဝင် လူရှင်အများတို့ အားထားကြည့်ရှု မှတခုပြုနိုင်ရန်အတွက် ယခင်က ထုတ်ဝေထားပြီးဖြစ်သော—

(က) ကျောက်သဘော်ဝါဒ ဝိနိစ္ဆယ၊

(ခ) လူသေလူဖြစ် ဝါဒါနုဝါဒ ဝိနိစ္ဆယ၊

(ဂ) ကြောင်ပန်းတောရဝါဒ ဝိနိစ္ဆယ-

တို့နှင့်အလားတူ ဤ"ကျောက်ပုံတောရဝါဒ ဝိနိစ္ဆယကျမ်း" ကို သာသနာရေးဦးစီးဌာနမှ စက်တင်ပုံနှိပ်၍ ထုတ်ဝေ ဖြန့်ချိလိုက်ရပေသတည်း။

သာသနာရေးဦးစီးဌာန



နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄)
သဘာပတိဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ဆုံးဖြတ်ချက်ကို ဖတ်ကြားနေပုံ



ဘဒ္ဒန္တပညိန္ဒာဘိဝံသ ဆုံးဖြတ်ချက်ကို ဖတ်ကြားနေပုံ




ဘဒ္ဒန္တဓမ္မသာရာဘိဝံသ ဆုံးဖြတ်ချက်ကို ဖတ်ကြားနေပုံ




ဘဒ္ဒန္တအရိယဝံသ ဆုံးဖြတ်ချက်ကို ဖတ်ကြားနေပုံ




ဘဒ္ဒန္တဝေပုလ္လာဘိဝံသ ဆုံးဖြတ်ချက်ကို ဖတ်ကြားနေပုံ




ကျောက်ပုံတောရဝါဒ စောဒကဆရာတော် လေးပါး




ကျောက်ပုံတောရဝါဒ စုဒိတကဆရာတော် လေးပါး




ကျောက်ပုံဟောရဝါဒ ဝိနိစ္ဆယကို ဝိနည်းမိုရ် သဘာပတိဆရာတော်က
နိုင်ငံတော် သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တရေဝတာဘိဝံသထံ
ပေးအပ်နေပုံ



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်
ဘဒ္ဒန္တဝဏ္ဏသိရီက စုဒိတကပုဂ္ဂိုလ်များအား ဩဝါဒပေးနေပုံ




စုဒိတက ဦးကောဝိဒ အဓမ္မဝါဒ စွန့်လွှတ်ကြောင်း
ဝန်ခံချက် လက်မှတ်ရေးထိုးနေပုံ




စုဒိတက ဦးဉာဏောဘာသ အမေ့ဝါဒ စွန့်လွှတ်ကြောင်း
ဝန်ခံချက် လက်မှတ်ရေးထိုးနေပုံ




စုဒိတက ဦးစိန္တာမယဉာဏသိဒ္ဓိ အမေ့ဝါဒ စွန့်လွှတ်ကြောင်း
ဝန်ခံချက် လက်မှတ်ရေးထိုးနေပုံ



စုဒိတက ဦးဥက္ကံသ အဓမ္မဝါဒ စွန့်လွှတ်ကြောင်း
ဝန်ခံချက် လက်မှတ်ရေးထိုးနေပုံ



စုဒိတက ပုသိမ်ဆရာညွှန့် အဓမ္မဝါဒ စွန့်လွှတ်ကြောင်း
ဝန်ခံချက် လက်မှတ်ရေးထိုးနေပုံ



စုဒိတက ဦးစန်းမောင် အဓမ္မဝါဒ စွန့်လွှတ်ကြောင်း
ဝန်ခံချက် လက်မှတ်ရေးထိုးနေပုံ





စုဒိတက ဦးနေဝင်းသိန်း အဓမ္မဝါဒ စွန့်လွှတ်ကြောင်း
ဝန်ခံချက် လက်မှတ်ရေးထိုးနေပုံ

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄) တည်ရာဌာနသို့
စေ့ဒက စုဒိတက များ ကြွရောက်ရန် ပင့်လျှောက်/ဆင့်ခေါ်စာ

(ပထမအကြိမ်)

(လုပ်ထုံးလုပ်နည်းများ အပိုဒ်-၃၅)
နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄)
၁၃၄၄-ခုနှစ်၊ ဓမ္မ အဓမ္မ မှုခင်းအမှတ်( ၄ )

စေ့ဒက ၁။ ဦးပဏ္ဍိတ၊ ဆားကန်ကျောင်း၊ ဦးစံဖေလမ်း သဃ်န်းကျွန်း မြို့နယ်၊ ရန်ကုန်တိုင်း၊

၂။ ဦးဝိသုဒ္ဓါစာရ၊ ပဒန်းကျောင်း၊ ပဒန်းရွာ၊ ငဖဲ့မြို့နယ်၊ မကွေးတိုင်း၊

၃။ ဦးဉာဏသာမိ၊ လိပ်တောင်ကျောင်း၊ မင်းဘူးမြို့၊ မကွေးတိုင်း၊

၄။ ဦးအဂ္ဂမေ့၊ မန်အောင်ကျောင်းတိုက်၊ (င) ရပ်ကွက်၊ မြောက် ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊

တို့နှင့်

စုဒိတက ၁။ ဦးဥက္ကံသ၊ ကမ္ဘာ့ဝိပဿနာ ဗဟိုသင်တန်းကျောင်း၊ ပုရွက်ဆိတ် ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊

၂။ ဦးကောဝိဒ၊
၃။ ဦးဉာဏောဘာသ၊
{ ကျောက်ပုံတောရ ( သီးခြား ) ကမ္ဘာ့ ဝိပဿနာ နေယျသင်တန်းကျောင်းတိုက်၊ မြောက်ဥက္ကလာပဘူတာအနီး ပုရွက်ဆိတ် ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊

၄၊ ဦးစန်းမောင်၊ (ယခင် ဓမ္မဒီပဦးဥေယျ) အမှတ် (၇) ကိုဟင်း လမ်း၊ မန်ကျည်းတန်းတောင်/အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင် မြို့နယ်၊ ရန်ကုန်တိုင်း၊

ကျောက်ပုံ ၁—ပ မ-ဆ-စ

၅။ ပုသိမ်ဆရာညွှန့်၊ အမှတ် ( ၂၄ ) တ ဂေါင်း ဘု ရား လမ်း၊ ကျောက်စရစ်ကုန်းရပ်ကွက်၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်း၊

၆။ ဦးနေဝင်းသိန်း၊ အမှတ်(၁၁၀၀) ၁၄-လမ်း။ (၇) ရက်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊

တို့၏ ကျောက်ပုံတောရဝါဒနှင့် ပတ်သက်၍ ဓမ္မ-အဓမ္မအဖြစ် အငြင်းပွားမှုတွင် စောဒကနှင့် စုဒိတကနှစ်ဘက်လုံးသည် ၁၃၄၄-ခုနှစ်၊ ပထမ ဝါဆိုလဆုတ် (၉) ရက် (၁၄-၇-၈၂) ရက်၊ နံနက် ၀၇-၃၀-နာရီအချိန်တွင် ဤနိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄) တည်ရာဌာန၊ အပရဂေါယာနကျောင်းဆောင်၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့သို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်စေလွှတ်၍ဖြစ်စေ ကြွရောက်ကြရမည်၊ မိမိတို့၏ အထောက်အထားအဖြစ် တင်ပြလိုသည့် စာရွက်စာတမ်းအရပ်ရပ်ကိုလည်း တပါတည်း ယူဆောင်လာကြရမည်။

၁၃၄၄-ခုနှစ်၊ ပထမဝါဆိုလပြည့် (၅၊၇၊၈၂) ရက်နေ့တွင် ဤ နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄) တံဆိပ် ရိုက်နှိပ်၍ ကိုယ်တိုင် လက်မှတ် ရေးထိုးလိုက်သည်။

(ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ)
သဘာပတိဆရာတော်
နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့
အမှတ်(၄)
ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့




ရက်စွဲ။ ၁၃၄၄-ခုနှစ်၊ ပထမဝါဆိုလပြည့်
(၁၉၈၂-ခုနှစ်၊ ဇူလိုင်လ ၅-ရက်)

၁၃၄၄-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၉)ရက်၊ (၁၄-၇-၈၂)ဗုဒ္ဓဟူးနေ့
ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ၊ အပရဂေါယာနကျောင်းဆောင်၌
ကျောက်ပုံတောရဝါဒကို ဓမ္မ၊ အဓမ္မအဖြစ် ကြားနာစစ်ဆေးရန် ဖွင့်လှစ်သော
နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄) ရုံးတော်ဖွင့်
အခမ်းအနား အစီအစဉ်

၁။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ ဆရာတော်များက မေတ္တာသုတ်ပရိတ်တော်ကို ရွတ်ဖတ်၍ ရုံးတော်ကို ဖွင့်လှစ်ရန်၊

၂။ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန၏ သဘောထားကို သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လျှောက်ထားရန်၊

၃။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄)ကို ဖွဲ့စည်းကြောင်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ အမိန့်(ကြေငြာချက်)ကို နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့၏ သဘာပတိ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရွှေကျင်ကျောင်းတိုက်၊ ဆရာတော်ဘုရားက ဖတ်ကြားရန်၊

၄။ လက်မှတ်ရေးထိုးထားသည်မှာ မှန်ကန်မှုရှိ-မရှိ စုဒိတကတို့အား သဘာပတိ ဆရာတော်က မေးမြန်းရန်၊

၅။ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄) ရုံးတော်၏ ခံယူချက်ကို သဘာပတိဆရာတော်က ဖတ်ကြားရန်၊

၆။ ကျောက်ပုံတောရဝါဒကို ဖြန့်ဖြူးရေးသား ဟောပြောနေခြင်းမှာ ဘုရားဟော ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်၍ အဓမ္မဝါဒဖြစ်ကြောင်း စောဒကပုဂ္ဂိုလ်များ၏ကိုယ်စား ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ် ဆားကန်ကျောင်းတိုက် ဆရာတော်ဦးပဏ္ဍိတ အမှူးရှိသော စောဒကဆရာတော်များက တင်သွင်းရန်၊

၇။ စောဒကဆရာတော်များ၏ စောဒနာနှင့်စပ်လျဉ်း၍ ပြန်လည်ချေပခြင်းပြု-မပြု စုဒိတကများအား မေးမြန်းရန်၊

၈။ အခမ်းအနား ပြီးဆုံးကြောင်း ကြေငြာရန်။

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄)ရုံးတော်၏ခံယူချက်

ယနေ့ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄) ရုံးတော်ကို ဖွင့်လှစ်ပြီး ခဲ့ပါပြီ၊ ဤရုံးတော်၏ ခံယူချက်ကို အနည်းငယ် ပြောလိုပါသည်။

တခါက အရှင်ဥတ္တရမထေရ် ရဟန်းတော်များအား တရားဟောနေပါသည်၊ ငါ့ရှင်တို့ ရံခါရံခါ မိမိပျက်စီးမှုကို ဆင်ခြင်သည်မှာ ကောင်းပါ၏၊ရံခါရံခါ သူတပါး ပျက်စီးမှု ဆင်ခြင်သည်မှာ ကောင်း၏၊ ရံခါရံခါ မိမိပြည့်စုံမှု ဆင်ခြင်သည်မှာ ကောင်း၏၊ ရံခါရံခါ သူတပါးပြည့်စုံမှု ဆင်ခြင်သည်မှာ ကောင်း၏၊ ဤကား အရှင်ဥတ္တရ၏တရား၊ ထိုအချိန်မှာ ဝေဿဝဏ်နတ်မင်းကြီးက ကောင်းကင် လမ်းကအသွား ထိုတရား ကြားနာခဲ့ရသည်၊ နတ်မင်းကြီးသည် သိကြားမင်းထံ သွားပြီး အရှင်ဥတ္တရဟောတရား ပြောကြားခဲ့ပါသည်၊ ထိုအခါ သိကြားမင်း ချက်ခြင်းဆင်းလာကာ အရှင်ဥတ္တရထံမှောက် ရောက်လာပြီး ဤနည်း ဤပုံ အရှင်ဘုရား တရားဟောနေသည်မှာ မှန်ပါသလား လျှောက်တော့ မှန်တဲ့ အကြောင်း မထေရ်က မိန့်ကြားခဲ့ပါသည်၊ ထိုအခါ သိကြားမင်းက ဤတရား သည် အရှင်ဘုရား၏ ကိုယ့်ပဋိဘာန်ဉာဏ်ထွက် တရားပါလား သို့မဟုတ် ဘုန်းတော်ရှင်မြတ်စွာဘုရား၏ တရားပါလား လျှောက်ထားခဲ့ပါသည်၊ အရှင် ဥတ္တရမထေရ်က ဥပမာကလေးဖြင့် မိန့်ကြားပါသည်၊ သိကြားမင်း ရွာနိဂုမ်း၏ မနီးမဝေးမှာ စပါးပုံကြီးရှိတယ်ဆိုပါတော့ လူစုလူဝေးကြီးသည် ထမ်းပိုးနှင့် တောင်းနှင့် ခါးပိုက်နှင့် လက်ခုတ်နှင့်ထိုစပါးပုံကြီးက စပါးကိုသယ်ကြသည်ဆိုပါ စို့၊လူတယောက်ကဒီစပါးဘယ်က သယ်လာသလဲဟု လူစုလူဝေးကြီးကိုမေးမည်၊ မေးတော့ဘယ်လိုဖြေလျှင် အမှန်ဖြေရာရောက်မလဲ၊ အဲဟိုစပါးပုံကြီးက သယ်ခဲ့ တယ်ဆိုလျှင် အမှန်ဖြေရာရောက်ကြောင်း လျှောက်ထားခဲ့သည်၊ ထိုနည်းအတိုင်း ပဲ သိကြားမင်း ကောင်းစွာဟောအပ်တရားမြတ်မှန်သမျှ ဘုန်းတော်ရှင်မြတ် ဘုရား၏ တရားချည်းဖြစ်ကြောင်း မိမိရော တပါးပုဂ္ဂိုလ်တွေပါ ထိုဘုရားစကား တော်၌ ယူယူပြီး ဟောကြားရခြင်းဖြစ်ကြောင်း မိန့်တော်မူခဲ့ပါသည်။

ဤအတိုင်းပင် ဘုရားတပည့်အဆက်ဆက် ဟောပြောကျင့်ကြံခဲ့ကြသည်မှာ ဘုရားဟောတရားတွေသာ ဖြစ်ပါသည်၊ နောက်အဋ္ဌကထာဆရာတွေ ဋီကာဆရာ တွေလဲ ဘုရားတရားဘွေကို ဟောပြောကျင့်ကြံခဲ့ကြပြီး ဘုရားအလိုတော် မလွန်ရ၊ အလိုတော်အတိုင်းကျအောင် ဖွင့်ဆိုကြ ရေးသားခဲ့ကြရာ အဋ္ဌကထာ ဋီကာများမှာလဲ ပါဠိတော်လိုပင် ပမာဏပြုလောက် အားထားလောက်သော ကျမ်းဂန်များဖြစ်ကြပါသည်၊ သို့ဖြစ်ရာ ထိုပါဠိ အဋ္ဌကထာ ဋီကာများမှာ မိမိတို့

အားထားရာ ယုံကြည်ကိုးစားရာ တကယ်မှီရာအစစ် ဖြစ်ခဲ့ပါသည်၊ဟောပြောရာ ရေးသားရာကျင့်ကြံရာတို့၌ ပါဠိ အဋ္ဌကထာ ဋီကာတို့မှာ မိမိတို့မှတ်ကျောက်ပမာ ဖြစ်ခဲ့ပါ၏။

ချိန်ပမာဖြစ်ခဲ့ပါသည်၊ အထူးသဖြင့် ယခုလို ဓမ္မ အဓမ္မဆုံးဖြတ်ရမည့်အရေး ကြုံရာတွင် ဓမ္မ အဓမ္မခွဲခြားပိုင်းဖြတ်နိုင်အောင် အဆုံးအဖြတ် ပေးနိုင်သော မှတ်ကျောက်ချိန်ကြီးတွေဖြစ်ကြောင်း ကောင်းစွာ ယုံကြည်ကြပါသည်။

ထို့ပြင် ထိုပါဠိ အဋ္ဌကထာ ဋီကာများက—

ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော သော ဝေါ မမစ္စယေန သတ္ထာ။

ဒေသနာတော်အရ မိမိတို့အဓမ္မဘက်မကျ ဓမ္မဘက်သာကျအောင် ထိန်းပေး စောင့်ရှောက်ပေးနေသော ဆရာများပင်ဖြစ်ပါတော့သည်၊ ယခု ဓမ္မ အဓမ္မဆုံး ဖြတ်ရာ၌ ထိုဆရာများက မိမိတို့အား ဓမ္မ အဓမ္မဆုံးဖြတ်နိုင်ရန် အတိအကျ ညွှန် ပြတော်မူကြလိမ့်မည်ဟု ယုံကြည်ပါသည်။

အထူးပြောလိုသည်မှာ ဘုရားတဆူထဲ အတူတူ ကိုးကွယ်ကြသူချည်းဖြစ် လျက် ဒါယူအဆ မဘူမျှ ဝိဝါဒဖြစ်ရသည်မှာ ဝမ်းနည်းဖွယ်ရာပင်။သို့သော် ဖြစ် လာရတော့လည်း ဝိနည်းဓိုရ် စောဒက စုဒိတကတို့ ကိုယ့်တာဝန်ကိုယ် ကျေပွန် အောင် ထမ်းပြီး ညီညွတ်ရေးရှာတဲ့အနေ သဘောထား ကြိုးစားကြစေလိုပါ သည်၊ ဤသို့ ကြိုးစားခြင်းဖြင့် အမှန်တရား၌ နှစ်ဘက်လုံး ရပ်တည်ကာသမာန ဝါဒီများအဖြစ်ဖြင့် သမဂ္ဂဖြစ်ကြပါစေဟု တောင့်တလျက်ရှိကြပါသတည်း။

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့
အမှတ် (၄)

ကျောက်ပုံတောရဝါဒနှင့်ပတ်သက်၍ဓမ္မဝိနယနှင့်အညီ အဆုံးအဖြတ်ပေးနိုင်ရန်အတွက်

# စောဒနာတင်သွင်းချက်

နေ့စွဲ။ ၁၃၄၄-ခု၊ ပထမဝါဆိုလဆုတ်(၉)ရက်
၁၉၈၂-ခု ဇူလိုင်လ (၁၄)ရက်

# နိဒါန်း

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်မြတ်များဘုရား။

ကျောက်ပုံတောရဝါဒနှင့်ပတ်သက်၍ ဓမ္မဝိနယနှင့်အညီ စိစစ်ဝေဖန်သုံးသပ်ဆုံးဖြတ်ချက် ဝိနိစ္ဆယချမှတ် ပေးတော်မူနိုင်ရန်အတွက် စောဒနာလွှာမတင်သွင်းမီ အဘယ့်ကြောင့် ဤကဲ့သို့ စောဒနာတင်သွင်းရကြောင်း နိဒါန်းစကားအနည်းငယ်မျှ လျှောက်ထားခွင့် ပြုပါမည့်အကြောင်း စောဒကဖြစ်ကြသော တပည့်တော်များအနေဖြင့် နိဝါတတရားလက်ကိုင်ထား၍ ရိုသေလေးစားစွာ လျှောက်ထားပန်ကြားအပ်ပါသည်ဘုရား။

စောဒနာဝင်စောဒကဖြစ်ကြသော တပည့်တော်များသည် စောဒကအရာအင်္ဂါ(၅)ချက်နှင့်ပြည့်စုံကြရမည်ဖြစ်ရာ ထိုအင်္ဂါ ၅-ချက်တွင် တပါးအပါအဝင်ဖြစ်သော မေတ္တာတရား၏ ဖြစ်ပွားရာ ဘူမိဟုဆိုအပ်သော အသက်ထင်ရှားရှိလျှင် စုဒိတကအဖြစ် ဆောင်ရွက်ရမည့် ကျောက်ပုံတောရဆရာတော် အမည်ခံဦးစံရင်းသည်ဘဝတပါးသို့ ပြောင်းသွားခဲ့ရပြီဖြစ်၍ မေတ္တာဘူမိ မဟုတ်တော့ပါဘုရား၊သို့ရာတွင် ထိုကျောက်ပုံတောရဆရာတော်အမည်ခံ ဦးစံရင်း၏ တက္ကီဝါဒဝိတဏ္ဍဝါဒကို နိယျာနိက ထင်မှား၍ ယုံစားကြသော ဦးစံရင်း၏ တပည့် ဒကာဒကာမတို့အပေါ်မှာ မေတ္တာဘာဝနာပွားများ၍ ရပါသည်ဘုရား၊ သို့သော်လည်း ယခု ဤနိုင်ငံတော်သီးခြား ဝိနိစ္ဆယရုံးတော်သို့ ရောက်ရှိနေကြသော

ကျောက်ပုံဝါဒီ စုဒိတကပုဂ္ဂိုလ်များအပေါ်၌ "အမှားကိုပင် အမှန်ထင်က လေး အင်ပါယ်တွင်း မီးပြင်းပြင်း၌ ဆင်းရဲရကြောင်း မကောင်းမှုတွေအနန္တပွားများ ကြရမည့်ဘေးမှ ကင်းဝေးစေမူ အာရုံပြု၍ ကရုဏာရှေ့သွားရှိသော မေတ္တာ တရားဖြင့် အမှားကင်းစင် အမှန်မြင်အောင် "စောဒနာတင်ကြမည်ဖြစ်ပါသည် ဘုရား။

ဤသို့ စောဒနာရာတွင် အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်းတင်ပြ လျှောက်ထားရမည်ဖြစ်ပါသဖြင့် ပရိသတ်အလယ် မဖွယ်မရာ စကားများပါခဲ့ သော် "မမြင်ဝံ့ ဆေးဆရာ" "မကြားဝံ့ တရားသူကြီး" ဟူသောရှေးသူဟောင်း တို့၏ စကားပုံထုံးကို နှလုံးတော်မူကြ၍ သည်းခံခွင့်လွှတ်တော်မူကြပါရန် ဂါရဝ နိဝါတတရားဖြင့် ရှိခိုး လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်သူမြတ်များ ဘုရား။

စောဒနာချက်များ မတင်သွင်းမီ စောဒကဖြစ်ကြသော တပည့်တော်များ အနေဖြင့် ကျောက်ပုံတောရဝါဒနှင့်ပတ်သက်၍ စောဒနာရခြင်း၏ အကြောင်း များကို ရှေးဦးစွာ လျှောက်ထားခွင့် ပြုတော်မူပါဘုရား။

ကျောက်ပုံဝါဒီတို့သည် ရောက်လေရာရာဒေသတို့၌ဗုဒ္ဓဘာသာဝင် ရဟန်းရှင် လူ ပြည်သူတို့က သူတို့၏ ကျောက်ပုံဝါဒ မှားကွက်ကို ကန့်ကွက်၍ ဆန့်ကျင် ဘက်ပြုသည်ကို နားလည်သဘောပေါက်မှု မရှိကြသည့်ပြင် "ဓမ္မစက်ကို အထောက်အပံ့ပေးနိုင်သော အာဏာစက် အမှီရသည့် သံဃာ့အဖွဲ့အစည်း" မရှိ ခဲ့သဖြင့် အရေးမယူနိုင်ခြင်းကြောင့် သူ့ထိုက်နှင့် သူ့ကံ သူ့အပြစ်ဒဏ် သူခံလိမ့် မည် ဟု ပြည်သူလူထုက ကြောင့်ကြမစိုက်ပဲ လျစ်လျူရှုထားမှုကိုပင် အခွင့်အ ရေးတရပ် အနေဖြင့် သတ်မှတ်၍ နောက်ဘဝအတွက် အလျဉ်းစဉ်းစားခြင်းမရှိ မျက်မှောက်ဘဝ သာယာမှုကိုကြည့်ပြီးလျှင် မိမိတို့၏ ကျောက်ပုံဝါဒကို ဟုတ်သ ယောင်ယောင်နှင့် ယနေ့ထက်တိုင် လုပ်ဆောင်ဟောပြော နေကြဆဲ ရှိပါသည် ဘုရား။

ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြု ဆုံးဖြတ်ချက်အရ နိုင်ငံတော် အစိုးရအနေဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားမှုကို ရှေးရှု၍ မမှန်ကန်သော အဓမ္မဝါဒများ ပပျောက်သွားအောင် ဓမ္မစက် အာဏာ စက် ယှဉ်တွဲ၍ တရားဥပဒေနှင့် အညီဆောင်ရွက်ပေးနေသော ယခုအခါသည် ကား သာသနာတော် သန့်ရှင်းစင်ကြယ်မှု တည်တံ့ပြန့်ပွားမှုကို အမှန်လိုလား သော တာဝန်ရှိ၍ တာဝန်သိသော ဘုရားသားတော် ရဟန်းတော်များနှင့် ဗုဒ္ဓ ဘာသာဝင်တိုင်း သာသနာတော်အတွက် ဆောင်ရွက်ရန် သင့်လျော်သော အခါကောင်းဖြစ်သည်ဟု တပည့်တော်များ ခံယူမိပါသည်ဘုရား၊ ဤခံယူချက်

မြင့်ပင် ကျောက်ပုံတောရဝါဒနှင့် ကျောက်ပုံဝါဒီများအပေါ် စောဒနာတင်ရခြင်း ဖြစ်ပါသည်ဘုရား၊တပည့်တော်များ အနေနဲ့ ကျောက်ပုံဝါဒီများ အပေါ် မည်သို့သော အမုန်းတရားမျှ မထားရှိကြောင်းကိုလည်း အခွင့်သင့် စကား ကြားညှပ်၍လျှောက်ထားအပ်ပါသည် ဘုရား။

အမှတ် ( ၄ ) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော် အရှင်မြတ်များ ဘုရား—

တပည့်တော်များသည် ကျောက်ပုံဝါဒီတို့ ရေးသား ထုတ်ဝေထားသော စာအုပ် ဟောထားသောအသံသွင်း တိတ်ခွေတို့ကို အဖန်ဖန် အထပ်ထပ် ဖတ်ရှုနားထောင်ခြင်းဖြင့် လည်းကောင်း ကျောက်ပုံဝါဒီတို့ ကျက်စားရာပတ်ဝန်းကျင် လက်လှမ်းမီသမျှ အရပ်ဒေသများသို့ ကိုယ်တိုင်သွားရောက် စုံစမ်းခြင်းဖြင့်လည်းကောင်း ကျောက်ပုံတောရဝါဒကို လေ့လာသုံးသပ်ခဲ့ကြပါသည်။

ဤကဲ့သို့ လေ့လာ သုံးသပ်ရာတွင် ကျောက်ပုံတောရဝါဒသည်—

(၁) အာနာပါနပဗ္ဗ ဣရိယာပထပဗ္ဗ စသောသတိပဋ္ဌာန် ဘုရားကို ပုထုဇဉ်နေယျ ပုဂ္ဂိုလ်များ မပွားထိုက်ဟု ဘုရားဟော သမထ လမ်းစဉ်ကို ပိတ်ပင်တားမြစ်၍ ရေးသား ဟောပြောနေခြင်း။

(၂) ၉-ရက်ကလျာဏ ( နေယျ ) သင်တန်းတက်ပြီး ဉ တ်ကမ္မဝါစာဖြင့် သိက္ခာတင်ဖို့မလို အလိုလိုရဟန်းဖြစ်၏၊ သောတာပန်ဖြစ်၏ဟု ဝန်ခံကြလျက် ရဟန်းယောင် အရိယာယောင် ဆောင်နေကြခြင်း။

(၃) မျက်မှောက်ခေတ် သမ္မုတိ သံဃာတော်များကို ရဟန်းတု ရဟန်းယောင် ဖြစ်နိုင်လောက်သည်အထိ ကဲ့ရဲ့ ပြစ်တင် ရှုတ်ချနေခြင်း။

(၄) ရုပ်နာမ်တို့၏“ ဖြစ်ပျက် ” သဘောအမှန်ကို “ ပျက်ဖြစ် ” ဟုလည်းကောင်း အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာ သုံးပါးကို “ အနတ္တ အနိစ္စ ဒုက္ခ ” ဟု လည်းကောင်း ဘုရားဟောဒေသနာက္ကမအစဉ်ကို ဆန့်ကျင်၍ ရေးသားဟောပြော နေကြခြင်း။

(၅) ဒါန သီလ ဘာဝနာ ကုသိုလ်များကို သီလဗ္ဗတပရာမာသနှင့် အတူထား၍ နွားအကျင့် ခွေးအကျင့်နှင့် မခြားလှဟု ရေးသားဟော ပြောကြခြင်း။

(၆) ကမ္မဿကတသမ္မာဒိဋ္ဌိ ဈာနသမ္မာဒိဋ္ဌိ မဂ္ဂင်များကို “ မိစ္ဆာမဂ္ဂင် ” “ မိစ္ဆာပဋိပဒါ ” ဟု လွဲမှားစွာ ရေးသား ဟောပြောကြခြင်း။

(၇) အသင်္ခတဓာတ်သည် နိဗ္ဗာန် မဟုတ်ဟု ရေးသားဟောပြော၍ နိဗ္ဗာန် အတွက် အထူးအားထုတ်စရာ မလိုပဲ နဂိုငြိမ်း နိဗ္ဗာန်လမ်းစဉ်ကို တီထွင်နေကြခြင်း။

(၈) ဗုဒ္ဓသာသာဝင်များကို လိမ်လည်လှည့်စားရန်အတွက် ပါဠိတော် အဋ္ဌကထာ ဋီကာတို့မှ ပါဠိတပိုင်းတစကိုသာ ယူ၍ အနက်မှန် မပေးပဲ မိမိတို့ကျောက်ပုံဝါဒနှင့် ကိုက်ညီအောင် လိုရာဆွဲ၍ အနက် ပေးပြီး ထေရဝါဒ ပိဋကတ်တော်ကို ဖျက်ဆီး နေကြခြင်း။

(၉) ကမ္မဋ္ဌာန်း ဝိပဿနာဟု အမည်ခံထား ကြသော်ငြားလည်းဗုဒ္ဓမြတ်စွာ၏ ဒေသနာအလိုကျ အားထုတ်ရမည့် " ဝိသုဒ္ဓိ ( ၇ ) ပါး ဝိပဿနာ ကျင့်စဉ်တရား " ကို ပယ်ရှား ရုံမျှဖြင့် အားမရနိုင်ပဲ ဝိပဿနာ အလုပ်အားထုတ်နေကြသော အခြား ဗုဒ္ဓဘာသာဝင်များကိုပါ ကဲ့ရဲ့ရှုတ်ချနေခြင်း။

(၁၀) " ကမ္မဋ္ဌာန်းဝိပဿနာအဖွဲ့၊ သီးခြား ကမ္မဋ္ဌာန်းဝိပဿနာအဖွဲ့၊ ဝိဘဇ္ဇဝါဒ ပညာသိဝိပဿနာအဖွဲ့ " ဟု လူမြင်ကောင်း လူကြားကောင်း အောင် ဆိုင်းဘုတ်အမျိုးမျိုးချိတ် အသံကောင်း ဟစ်နေကြလျက် ဝိပဿနာ အားထုတ်မှု ဘာတခုမျှ မလုပ်ကြပဲ သက်သေခံအဖြစ် တင်သွင်းမည့် သတင်းစာ၌ ဖော်ပြထားသည့်အတိုင်း ကာမသုခ-လ္လိကာနုယောဂလမ်းစဉ်ကို အဆန်းထွင်နေကြခြင်း။

စသော ထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်သော အခြေခံအကြောင်း ရင်းများကို တွေ့ရှိရပါသည်၊ ထိုအခြေခံ အကြောင်းရင်းများကိုသာ မူတည်၍ စောဒနာတင်ကြမည် ဖြစ်ပါသည်ဘုရား။

အမှတ် ( ၄ ) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများ ဘုရား—

ထိုကျောက်ပုံ တောရဝါဒသည် ဖြစ်ပေါ်လာသော နှစ်ပေါင်း ( ၃၀ ) ကျော်ကာလအတွင်း၌ ဝိနိစ္ဆယဖွဲ့၍ ဝိနည်းဓိုရ်ဆရာတော်များဖြင့် မဆုံးဖြတ်ခဲ့ ဖူးသော်လည်း အောက်ပါ ဖြစ်ရပ်များကို ထောက်ဆပါက ဝိပဿနာအမည်ကို ခုတုံးလုပ်၍ ကာမသုခလ္လိကာနုယောဂလမ်းစဉ်ကို အဆန်းထွင်နေသော ဝါဒ ဖြစ်သည့်အတွက် ဗုဒ္ဓဘာသာဝင် အများစုက လက်မခံနိုင်သော ဝါဒဖြစ် ကြောင်း လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလှပါသည် ဘုရား။

(က) ၁၉၅၃-ခုနှစ်၊စက်တဘာလ(၂၄) ရက်နေ့ထုတ်မြန်မာ့အလင်းသတင်း စာတွင် ကျောက်ပုံဆရာတော်လူထွက်ဦးစံရင်းဆိုသူရေးသားသော (ကမ္မဋ္ဌာန်းဝိပဿနာ နေယျသင်တန်းကျမ်း) ပထမတွဲ စာအုပ်နှင့်

ဦးမြတ်သိန်းထွန်းဆိုသူ ရေးသားသော ( သာသနာ့မှုခကျမ်း ) စာအုပ်တို့တွင် အမှားများပါရှိကြောင်း မြို့ရွာနယ်ပယ်များတွင် အဓိကရုဏ်း မဖြစ်ပွားစေရန်နှင့် မြတ်စွာဘုရားသာသနာတော်ကြီး အဓွန့်ရှည်စွာ တည်မြဲစေရန် အစိုးရအား ၎င်းစာအုပ်ကို စစ်ဆေး သိမ်းဆည်းဖို့ ဝိပဿနာယောဂီများအဖွဲ့က တိုက်တွန်းထားသည် ဟု ရေးသားဖော်ပြထားပါသည်။

( ခ ) ၁၉၆၁-ခု၊ စက်တင်ဘာလ( ၂၇ )ရက်နေ့ထုတ် ပြည်ထောင်စုသတင်း စာတွင် ကျောက်ပုံဝါဒီအဖွဲ့ဝင် ရဟန်းဖြစ်သော ဓမ္မကထိက ဦးဝံသက အဆိုပါ ဝိပဿနာအဖွဲ့ဝင် ဒေါ်မတင်ဆိုသူ အမျိုးသမီး ကို မိမိထက် သိက္ခာ သမာဓိ ပညာရှိသည်ဆိုပြီး ရှိခိုးဦးချကန်တော့ သည်ဟုလည်းကောင်း ကျောက်ပုံဝါဒီ ဓမ္မကထိကများ ဟောကြား ပြသနေသော တရားလမ်းစဉ်မှာ အရည်းကြီးရဟန်းတို့၏ ဝါဒ လမ်းစဉ်နှင့် တူသည်ဟု လည်းကောင်း ရေးသားဖော်ပြထားပါ သည်။

(ဤဝိနိစ္ဆယရုံးတော်သို့ သက်သေခံအဖြစ် သတင်းစာမူရင်းအတိုင်း တင် သွင်းထားပါသည်၊ ၎င်းသတင်းစာကို ဖတ်ကြားလျှောက်ထားပါမည်ဘုရား။)

# ရဟန်းက မိန်းမကို ရှိခိုးသတဲ့

## ဓမ္မကထိကကို မိန်းမလှူက ပိုမြတ်သည် ဆိုခြင်း

ဗုဒ္ဓမြတ်စွာဘုရား၏ သားတော်ဖြစ်သော ရဟန်းတပါးက မိန်းမတဦးအား ရှိခိုးဦးချသော အဖြစ်တရပ် သထုံခရိုင် အုတ်တံတားအတွင်းရွာ ကျောင်းသစ်ကျောင်းတွင် ဖြစ်ပွားသည်ဆိုကြောင်း။

### ဒါကြောင့်တဲ့

စုံစမ်းရာတွင် အဆိုပါဝိပဿနာအဖွဲ့မှ ဒေါ်မတင်ဆိုသူမိန်းမအား ၎င်းတို့အဖွဲ့ဝင်ရဟန်းက သိက္ခာ သမာဓိ ပညာရှိသည်ဆို၍ ကန်တော့သည်ဆိုကြောင်း။

### အရည်းကြီးနှင့်

ထိုဝိပဿနာအဖွဲ့ ဂိုဏ်းချုပ်ဆရာမှာ ရန်ကုန်မြို့မှ ကျောက်ပုံဆရာတော် ဦးစံရင်း ၎င်း၏ အဖွဲ့ခွဲ ဓမ္မကထိကအဖြစ် ဇင်းကျိုက်ဖလပ်ရွာမှ ဦးရန်ရှိန် ဦးအောင်ကြည်တို့ ဖြစ်ပြီး ၎င်းတို့ ဟောကြားနေသော တရားလမ်းစဉ်မှာ အရည်းကြီး ရဟန်းတို့၏ ဝါဒလမ်းစဉ်နှင့် တူသည်ဆိုကြောင်း။

### ဓမ္မဒါနခန်း

၎င်းတို့၏ ဝိပဿနာတရားစဉ်ကိုမကြိုက်၍ အဖွဲ့မှထွက်လိုက်သောကိုအောင်စိန်ဆိုသူက ရပ်မိရပ်ဖထံ အစစ်ခံချက်အရ ၎င်းကိုပြသသောဆရာမှာ ဦးရန်ရှိန်တို့ဖြစ်၍ ဓမ္မဒါနခန်းကို သင်ကြားပြသရာတွင် အောက်ပါအတိုင်း ဟောပြောသည်ဆိုကြောင်း။

၁။ ဓမ္မဒါနတွင် ကိုယ့်မိန်းမကိုလှူခြင်းသည် ပိုမြတ်၏။

၂။ ဓမ္မကထိကသို့လှူထားသောမိန်းမကို ဓမ္မကထိကက နှိုးဆော်နိုင်သည်။

၃။ နှိုးဆော်ခြင်းသည် တရားဟော ပုဂ္ဂိုလ်အား ဆာလောင် မွတ်သိပ်ခြင်းကို ပြေပျောက်နိုင်ရန်၊ သို့မဟုတ် တရားဟောပြသနိုင်ရန်ကူညီသဖြင့် ဃနာနှိုးဆွမ်း လှူခြင်းမည်၏။

၄။ ဓမ္မကထိကသို့ လှူထားသောသူများကို ဓမ္မကထိကက တို့ခြင်း၊ ထိခြင်း၊ နမ်းခြင်း၊ ပွေ့ခြင်းသည် တရားရှိ၊ မရှိ၊ တရားသိ၊ မသိ စမ်းခြင်းသာဖြစ်၏။

၅။ အလှူခံထားသော မိန်းမများကို တရားဟောသောနေ့မှာ (သံဝါ-သ) ပြုလုပ်ခြင်းသည် ဥပုသ်ဆွမ်းစားခြင်း မည်၏။

၆။ ဥပုသ်ဆွမ်းစားပြီးသောအခါ လှူထားသော ပုဂ္ဂိုလ်များက မိမိမိန်းမကို ပြန်သိမ်းရမည်။

၇။ ဃနာဝိနို့ဆွမ်းအဖြစ် နို့စို့ရာတွင် နို့မထွက်လျှင် အာပတ်သင့်၍ နို့ထွက်လျှင် အာပတ်လွတ်သည်။

ထိုသို့ဝိပဿနာများ ဟောကြားနေသောတရားကို ကျေးရွာ လူထုများက ဆိုင်ရာမှအမြန် အရေးယူပေးရန်အထူးလိုလားနေကြောင်း။ ( အမှတ်–၃ )

ပြည်ထောင်စုနေ့စဉ်

( ဂ ) ဦးစံရင်းကိုယ်တိုင် ရဟန်းဘဝ၌ ဝတ္တုသည်မတို့နှင့် လူမှုရေးဖောက်ပြန်မှုကြောင့် အုတ်ဖိုမြို့ရှိ ဆရာတော်များက ပရိသုဒ္ဓပြု လူဝတ်လဲပေးပြီးဖြစ်ပါလျက် နောက်ထပ်တဖန် သင်္ကန်းပြန်ဝတ်၍ အရက်သေစာသောက်စားပြီး ရဟန်းယောင် ဆောင်နေသဖြင့် (၁၉၅၄) ခုနှစ်တွင် ယခု အင်းလေးဓမ္မာရုံနေရာ ထိုစဉ်က စတုဒိသာဇရပ်၌ အောက်ဗမာပြည် ရဟန်းပျိုအဖွဲ့က ဆုံးမ၍ လူဝတ်လဲပေးခဲ့ရပါသည်။

( ဃ ) ၁၃၂၇-ခုနှစ်တွင် တောင်ဥက္ကလာပမြို့ ကမ္မဋ္ဌာဝိပဿနာဌာနချုပ်၌ ကျောက်ပုံဆရာတော် အမည်ခံ ဦးစံရင်းက "ဗောဓိဘိက္ခု" ဟုခေါ်ပြီး သင်္ကန်းဝတ်ပေးထားသူများသည် အမှတ်(၄) ဝိုင်းရှိ ခဏ္ဍသိမ်သို့ တက်၍ ရဟန်းခံမည်ပြုသဖြင့် (၄) ဝိုင်းရှိ သံဃာတော်များနှင့် ပဋိပက္ခဖြစ်ခဲ့ရပါသည်။

( င ) ထိုပဋိပက္ခကိစ္စကို အကြောင်းပြု၍ ဦးစံရင်းကို ပုဒ်မ ၅-ဖြင့် ထိန်းသိမ်းပြီးနောက် ကမ္မဋ္ဌာဝိပဿနာဌာနချုပ်ရှိ "ဗောဓိဘိက္ခုရဟန်း" အချို့ကို ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များကိုယ်တိုင် လူဝတ်လဲပေးခဲ့ရပါသည်။

( စ ) သထုံမြို့၌ ကမ္မဋ္ဌာဝိပဿနာ ဓမ္မကထိကပုဂ္ဂိုလ်များသည် ပရိတ်ရွတ်မှု၊ ကမ္မဝါစာဖတ်မှု၊ ဥပုသ်သီလစောင့်ထိန်းမှု၊ ဘာဝနာအားထုတ်

မှုတို့ကို ကဲ့ရဲ့ရှုတ်ချ၍ ဟောပြောသဖြင့် သထုံမြို့ လယ်ဝန်ကျောင်း ဆရာတော် (ယခုဗဟိုဝန်ဆောင်) ကိုယ်တိုင် တားမြစ်ခဲ့ရပါသည်။

(ဆ) ၁၃၃၃-ခု တော်သလင်းလဆန်း(၂)ရက်မှ (၆)ရက်နေ့အထိ မိုးညို မြို့နယ် အိုးဘိုစုကျေးရွာ၌ ပုသိမ်ဆရာညွန့်၏ တရားပွဲကျင်းပရာတွင် ထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်၍လည်းကောင်း ရဟန်း သံဃာတော်များကို ပုတ်ခတ်၍လည်းကောင်း တရားဟောသည့် အတွက် ကျေးရွာလူထု စည်းရုံးမှုပြိုကွဲပြီး လူမှုရေးပဋိပက္ခဖြစ်စေ နိုင်သဖြင့် ဦးစံမြင့်၊ဦးမြမောင်၊ဦးစိန်မောင်အမှူးပြုသော ဒါယကာ များက မိုးညို၊ မြန်အောင်၊ ကနောင်မြို့နယ်တွင်းရှိ ဆရာတော် များအား အချိန်မီ ဖြေရှင်းဆုံးမ ဩဝါဒပေးပါရန် စာဖြင့်လျှောက် ထားခဲ့ဖူးပါသည်။

(ဇ) ထိုသို့ လျှောက်ထားသဖြင့် ဆရာတော်များသည် ပုသိမ်ဆရာညွန့်၏ ဟောပြောချက်များကို လေ့လာသုံးသပ်ကြည့်သောအခါ ထေရ- ဝါဒ ပိဋကတ်တော်နှင့်ဆန့်ကျင်နေသည်ကိုတွေ့ရသဖြင့်“အဓမ္မဝါဒ” ဖြစ်ကြောင်း မိန့်တော်မူကြသည့်အတွက် မြို့နယ်လုံခြုံရေးနှင့် အုပ် ချုပ်မှုကော်မတီက ထိုမြို့နယ်များတွင် ပုသိမ်ဆရာညွန့်၏ တရား ပွဲကို ခွင့်မပြုပဲ ထားခဲ့ရပါသည်။

(ဈ) ၁၃၃၈-ခုနှစ်တွင် ရေနံချောင်း မြို့နယ် ရုံးဆိပ်ကျွန်း ကျေးရွာ၌ ကမ္မဋ္ဌာန်းဝိပဿနာအဖွဲ့ချုပ်မှ ဦးကောဝိဒသည် ပိဋကတ်တော်နှင့်ဆန့် ကျင်ပြီး တရားဟောခဲ့သဖြင့် ကျေးရွာဒိုင်နယ်(၂)ခု အတွင်းရှိ သံဃာတော်များနှင့် ပဋိပက္ခဖြစ်ခဲ့ရပါသည်။

(ည) မင်းဘူး/စကုမြို့နယ် ကျောက်စံကျေးရွာ၊ ဆင်ဂေါင်းကျေးရွာ၊ မောင်မင်ကျေးရွာ၊ မယ်ဘော့ ကျေးရွာများ၌ ဦးကောဝိဒ တရား ဟောရာ ကျေးရွာလူငယ်များက ခဲဖြင့်ကန်တော့၍ ကန့်ကွက်ခဲ့ကြ ပါသည်။

(ဋ) ရန်ကုန်တိုင်း ကော့မှူးမြို့နယ် မန်ကျည်းကန်ကျေးရွာ၌ ကမ္မဋ္ဌာန်း ဝိပဿနာအဖွဲ့ချုပ်မှ ဆရာတပည့် ရဟန်း ၂-ပါးတို့အား ကျေးရွာ လူငယ်များက ဒုတ်-အုတ်ခဲတို့ဖြင့် ပူဇော်လိုက်ကြ၍ ခေါင်းကွဲပြီး ထွက်ပြေးခဲ့ရပါသည်။

( ၄ ) ပဲခူးတိုင်း လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာ၌ ကမ္ဘာ့ဝိပဿ-နာ နေဝင်းသိန်း၏ တရားပွဲကိုအကြောင်းပြု၍ ပဋိပက္ခဖြစ်ပွားခဲ့ရပါသည်။

( ၃ ) ရေဝတီတိုင်း ပန်းတနော်မြို့နယ် ကျောက်တိုင်ကျေးရွာ၌ ကမ္ဘာ့ဝိပဿနာဓမ္မကထိကတို့ကို အကြောင်းပြု၍ ပဋိပက္ခဖြစ်ခဲ့ရပါသည်။

( စ ) ၁၃၃၉-ခုနှစ် ကဆုန်လဆုတ် (၁၀)ရက်နေ့တွင် မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာ ရှားတောကျောင်း ခဏ္ဍသိမ်၌ သံဃာတော်များက ရတနာသုံးပါးကို ထိပါးပုတ်ခတ်၍ ပြောဟောသော ပုသိမ်ဆရာညွန့်၏ အယူဝါဒကို မစွန့်လွှတ်နိုင်ပါဘူးဟု ပြောဆိုကြသော ကညင်ချောင်းဘေးရှိ လိပ်ပေါင်ဆွဲ၊ ငှက်ပျောတော၊ ဂျီတွော၊ ကြံခင်းစု၊ ဥယျာဉ်စု၊ စိန်ကုန်း၊ တပ်ကုန်း၊ မဲဇလီကုန်းကျေးရွာတို့မှ ဝိဘဇ္ဇဝါဒပညာသိ ဝိပဿနာအဖွဲ့ဝင် လူပုဂ္ဂိုလ်(၇၀)ကျော်တို့အား ပတ္တနိကုဇ္ဇနကံ ပြုခဲ့ပါသည်။

(ဆ) ပတ္တနိကုဇ္ဇနကံပြုပြီးနောက် ၁၃၄၀-ပြည့်နှစ် တော်သလင်းလဆန်း (၉)ရက်နေ့ သပိတ်ကိစ္စနှင့် ပတ်သက်၍ ဆရာနှင့် ဒါယကာ ရှင်းလင်းပွဲတွင် အင်ပူရဲဝန်ထောက်ကြီးနှင့် အင်ပင်ရဲဌာန၊ မဲဇလီကုန်းရဲဌာန၊ မြန်အောင်မြို့နယ်ပါတီ ကောင်စီတို့မှ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်အထိ ဖြစ်ခဲ့ရပါသည်။

(တ) ဟင်္သာတမြို့နယ် လူတော်စုကျေးရွာ၌ ပုသိမ်ဆရာညွန့်တရားဟောရာတွင် ကျေးရွာလူထု စိတ်ဝမ်းကွဲ၍ ရိုက်ပွဲဖြစ်ခဲ့ရပါသည်။

(ထ) စစ်ကိုင်းတိုင်း ငါန်းဇွန်မြို့နယ် မြောကြီးကျေးရွာ၌ ကျောက်ပုံဝါဒီ ကမ္ဘာ့ဝိပဿနာအဖွဲ့ဝင် ဦးသီဟကို ထေရဝါဒနှင့်ဆန့်ကျင်ပြီး တရားဟောခြင်းကြောင့် သံဃာတော်များက ပကာသနီယကံပြုခဲ့ရပါသည်။

( ဒ ) ယခုနှစ် (၁၃၄၄)ကဆုန်လပြည့်ကျော် (၁၃)ရက် ငါန်းဇွန်မြို့နယ် မြောကြီးကျေးရွာ ကျောက်ပုံဝါဒီ ဒါယကာတဦး၏ အလှူပွဲ၌ ကျောက်ပုံဝါဒီ ရဟန်း(၂)ပါး ကိုသာပင့်ပြီး တရားပွဲလုပ်ခဲ့သဖြင့် မြို့နယ်သံဃနာယကအဖွဲ့က တားမြစ်ခဲ့ရပါသည်။

အထက်ဖော်ပြပါ ဖြစ်ရပ်တို့တွင် ကျောက်ပုံဝါဒီပုသိမ်ဆရာညွန့်၏ တရားပွဲများ၌ လူ-လူချင်းသော်လည်းကောင်း ရဟန်းတို့နှင့် လူများသော်လည်းကောင်း အဓိကရုဏ်းကိစ္စဖြစ်ရခြင်း၏ အကြောင်းရင်းကို လျှောက်ထားခွင့်ပြုတော်မူပါဘုရား။

မိုးညှင်းမြို့နယ် အိုးဘိုကျွန်းကျေးရွာ မြန်အောင်နှင့် အင်ပူမြို့နယ် ကညင်ချောင်းဘေးရှိ ကျေးရွာတို့၌—

(၁) ငါးပါး ရှစ်ပါး ဆယ်ပါးသီလများသည် ဘယ်ဘုရားကမျှ ခွဲခြားမဟောပါ၊ ကျမ်းဂန်မရှိဟု ဟောပြောခြင်း။

(၂) ပဋ္ဌဝိညာဉ် ငါးလုံးပေါ်မှာ ကျဆဲခဏကို မသိရှိပါက သိအောင်မဟောပြောနိုင်ပါက သံဃာမထိုက်၊ ရှာဦးရှာထိပ်မှာ ရင်းသံဃာမျိုးကို ကိုးကွယ်ထားရှိပါက သာသနာမပြန့်ပွားဟု ဟောပြောခြင်း။

(၃) ဘုန်းကြီးသက်န်းဝတ်တာ မသိလို့ဝတ်တာ၊ မယ်သီလရှင်ဝတ်တာ မသိလို့ဝတ်တာ၊ အလှူလှူပြီး ရေစက်ချတာ မသိလို့ချတာမှတ် ဟုဟောပြောခြင်း။

(၄) အိုးနဲ့အိမ်နဲ့ အမျိုးနဲ့ဇိမ်နဲ့ ပုဆိုးနဲ့ထမိန်နဲ့ တရားရနိုင်သဖြင့် ပေဟန်းခံစရာမလိုဟု ဟောပြောခြင်း။

(၅) လူလဲ အညောင်းမခံနဲ့ ဂူလဲအောင်းမနေနဲ့ တရားအားထုတ်စရာမလိုဟု ဟောပြောခြင်း။

(၆) ပုညာဘိ ကုန်တာရှိမှာပေါ့ လှူစရာမလိုဟု ဟောပြောခြင်း၊ ကျောင်းသွားဥပုသ်စောင့်လျှင် ဥပုသ်မဖြစ် အူပုပ်ပဲ ဖြစ်မည်ဟုဟောပြောခြင်း။

စသော ဗုဒ္ဓဘာသာဝင်အများစုက လက်မခံနိုင်သော ဟောပြောချက်များကြောင့် ဆရာနှင့်တကာ အချင်းချင်း ရွာသူရွာသား အချင်းချင်း ပုထုဇဉ်တို့သဘာဝအလျောက် တဦးရဲ့ကျေးဇူးကို တဦးကမထောက်ထားနိုင်ကြတော့ပဲ မဖြစ်သင့်သော ပဋိပက္ခမှုများ စိတ်ဝမ်းကွဲပြားမှုများဖြစ်ကြရပါသည်ဟု တပည့်တော်များ စုံစမ်းသိရှိရပါသည်ဘုရား။

ထို့ပြင် ကျောက်ပုံတောရဝါဒသည် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်လောက်က "ဝိဇ္ဇာစရဏမဂ္ဂသမ္ဘာရ" ဟူသော အမည်ဖြင့် အဖွဲ့အစည်းများဖွဲ့စည်းတည်ထောင်ကာ ဝိပဿနာတရားဟု ခေတ်သံ ပရမတ်သံ ပေးလျက်

ကျမ်းဂန်နှင့်မညီ မိမိစိတ်ထဲ ထင်မြင်ရာဟော၍ ရတနာသုံးပါးကို ထိပါး ပုတ်ခတ်ခြင်း "တရားပြ တရားစမ်းသည်"ဟု လှည့်ပတ်သွေးဆောင်ကာ မာတုဂါမများကို ဖျက်ဆီးခြင်း ပြုလုပ်ခဲ့သော ဦးမြတ်သိန်းထွန်း၏ဝါဒနှင့် ခေတ်ပြိုင်ပေါ်ခဲ့၍ ဝိပဿနာတရားပြလမ်းစဉ်မှာလည်း တပည့်တော်များ သက်သေခံ တင်သွင်းထားသော သတင်းစာအရ ထပ်တူထပ်မျှ ဖြစ်နေသဖြင့် အမှေ့ဝါဒဖြစ်ကြောင်း ထင်ရှားလှပါသည်ဘုရား။

အမှတ်(၄) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်များဘုရား—

စောဒနာဝင် စောဒကဖြစ်ကြသော တပည့်တော်များသည် အထက်ဖော်ပြပါ အကြောင်းအရာကို အရင်းမူလပဓာနပြု၍ ကျောက်ပုံတောရဝါဒကို အခမ္မဝါဒအဖြစ် စောဒနာတင်ရခြင်းဖြစ်ပါသည်ဘုရား၊ တပည့်တော်များ အနေဖြင့် ကျောက်ပုံဝါဒီ စုဒိတကပုဂ္ဂိုလ်များနှင့်ပတ်သက်၍ အထူးလျှောက်ထားခွင့် ပြုတော်မူပါဘုရား။

ကျောက်ပုံဝါဒီတို့သည် ယင်းတို့၏ဆရာ ဦးစံရင်းမရှိတော့သည့် နောက်တွင် အချင်းချင်းစိတ်ဝမ်းကွဲပြားကြ၍ "ကမ္မာဝိပဿနာအဖွဲ့" "သီးခြား ကမ္မာ ဝိပဿနာအဖွဲ့""ဝိဘဇ္ဇဝါဒပညာသိဝိပဿနာအဖွဲ့"ဟူ၍ အမည်အမျိုးမျိုးကိုခံယူပြီး ရပ်တည်လုပ်ရှားနေကြပါသည်ဘုရား၊ မည်မျှပင် ကွဲပြားစေကာမူ ယင်း တို့၏ အဓိက အခြေခံဝါဒလမ်းစဉ်မှာ ယင်းတို့က "ဆရာတော်·ဆရာတော်"ဟု အမြဲခေါ်ဝေါ်ဂုဏ်ပြုနေကြသော ကျောက်ပုံဆရာတော်အမည်ခံ ဥက္ကဌတို့၏နာယက ကြီး ဦးစံရင်းချမှတ်ခဲ့သော ကျောက်ပုံဝါဒလမ်းစဉ်ဖြစ်ကြောင်း အတိအလင်း ဝန်ခံထားပါသည်ဘုရား၊ ထိုကဲ့သို့ ဝန်ခံထားကြောင်းကို ခိုင်လုံ ထင်ရှားစေရန် ပုသိမ်ဆရာညွန့်ဟော"အင်ပူမြို့နယ် ဇောင်းတန်းကျေးရွာတရားပွဲ" တိတ်ခွေမှ ထုတ်နုတ်လျှောက်ထားပါမည်ဘုရား။

(က) အဲဒီလို သူနယ်နဲ့သူဖြစ်တတ်တဲ့ သဘာဝတွေ ဒီလိုရှိပါတယ်လို့ ဆရာတော်က ပြောတယ်၊ ပညာဉာဏ်ကလဲကြီးပါပေတယ်၊တိပိဋကပါရဂူ ဂမ္ဘီရပါမောက္ခဘွဲ့ထူးနဲ့ညီတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ အဲဒီတော့ ဆရာတော် ပညာရပ်တွေဟာ ကျနော်တို့တတွေ ပေးကာစတုန်းက ကျနော်တို့တတွေ ဒါတွေ မကွဲပြားဘူး၊ ဆရာတော်မရှိပြီးတဲ့နောက် မိမိရဲ့ နောက်မှာ သိချင်လို့လိုက်လာကြတဲ့ ဝေနေယျသာဝကအားလုံးတို့ အကယ်၍များ သိချင်လို့မေးကြ မြန်းကြလို့ရှိရင် ဒို့တတွေဟာ ဆရာတော် မရှိတဲ့နောက် ဆရာတော်နေရာ ရောက်နေပါ ရောပဲလို့ ခမာကျကျနဲ့ သည်းခံပြီးတော့ ဆရာတော်လောက်

ပင် ဥာဏ် မကြီးသော်လဲပဲ ဒို့ မိသလောက် ကြိုးစားပြီးတော့ နောက်က သာဝက ဝေနေယျတွေ မေးတာလောက်ကို ခမာ ကျကျနဲ့ သည်းခံပြီး မမှားယွင်းအောင် တရားတကွင်းတကွက်ကို ဖြေဆိုနိုင်အောင် ကြိုးစားမယ်၊ အဲသလို ကြိုးစားတာတွေ ပြန်ပေါ်လာ တယ်၊ ဒါကြောင့်မို့လို့ တခုတတ်နိုင်သလောက် ဖြေပြနိုင်ပါပြီ၊ မရှင်း မလင်းတဲ့ ကိစ္စတွေ တွေ့လို့ရှိရင် မေးကြစမ်းပါ၊

ဟု ဟောထားသည်ကို တွေ့ရှိရပါသည်ဘုရား။

အထက်ပါစကားရပ်၌ "တို့တတွေဟာ ဆရာတော်မရှိတဲ့နောက် ဆရာတော် နေရာ ရောက်နေပါရောပဲ" လို့ ဟောပြောခြင်းသည် ဦးစံရင်း ချမှတ်ခဲ့သော ဝါဒလမ်းနှင့်အညီသာ ပြုကျင့်၍ ထိုဝါဒလမ်းစဉ်ကို ဖြန့်ဖြူးနေကြသဖြင့် ဦးစံရင်းနှင့် ပတ်သက်သော ကိစ္စမှန်သမျှကို တာဝန်ယူရာ ရောက်ပါသည်။

ထို့ပြင် "ဝိဘဇ္ဇဝါဒီ" ဟူသော အမည်ကို ကျောက်ပုံဝါဒီ ပုဂ္ဂိုလ်တို့တွင် ပုသိမ်ဆရာညွန့် တဦးတည်းသာ မရှက်မကြောက် ဘုရားရှင်၏ မျက်နှာတော်ကို မထောက်ထားပဲ ခံယူထားသည်မဟုတ်ပါ၊ ကမ္မဋ္ဌာန်ဝိပဿနာအဖွဲ့ချုပ်မှ ထုတ်ဝေ သော အတွဲ ၁၊ အမှတ် ၄၊ ၁၃၂၄-ခု နယုန်လထုတ် မဂ္ဂဇင်း၏ မျက်နှာဖုံး၌—

ကမ္မဋ္ဌာန်ဝိပဿနာအဖွဲ့ချုပ် ဥက္ကဋ္ဌတို့၏ နာယကဖြစ်သော ကျောက်ပုံ ဆရာတော်ခေါ်ကြ ပါမောက္ခ ဦးစံရင်း၏ ဝိဘဇ္ဇဝါဒီ လမ်းစဉ်ဖြစ်သော နိဒါန်းစကား၊

ဟု တွေ့ရှိရသဖြင့် ကျောက်ပုံဝါဒီတို့၏ ကျေးဇူးရှင် ဆရာတော် အမည်ခံ ဦးစံရင်း သည်လည်း ထိုဝိဘဇ္ဇဝါဒီအမည်ကို ခံယူထားသည်ဟု သိနိုင်ပါသည်၊ သို့အတွက် "ကမ္မဋ္ဌာန်ဝိပဿနာအဖွဲ့" "သီးခြားကမ္မဋ္ဌာန်ဝိပဿနာအဖွဲ့" "ဝိဘဇ္ဇဝါဒ ပညာသိ အဖွဲ့" ဟူသော အမည်များသည် "အရာကြီးနဲ့ ဘာဘူကြီး" "အဖေ့ညီနဲ့ ဘထွေး" "ရှစ်ပြည်နဲ့ တခွဲ" ဟု ဆိုသော လောက ဝေါဟာရစကားကဲ့သို့ ဘာမျှ ထူးခြားမှု မရှိ၊ ကျောက်ပုံတောရဝါဒ၏ အမည်ခွဲများသာ ဖြစ်ကြပါသည်ဘုရား။

တပည့်တော်များအနေဖြင့် ပုဂ္ဂိုလ်ကို ရည်ရွယ်ပြီး စောဒနာခြင်း မဟုတ် ပါ၊ ဦးစံရင်း တည်ထောင်ခဲ့သော ကျောက်ပုံတောရ ဝါဒနှင့် ထိုဝါဒ၏ နောက် ဆွယ်ဝါဒ အားလုံးကို အဓိကထား၍ အဓမ္မဝါဒအဖြစ် စောဒနာခြင်းဖြစ်သည့် အတွက် ဤနိုင်ငံတော် သီးခြားဝိနိစ္ဆယရုံးတော်သို့ ယခု ရောက်ရှိနေကြသော ကျောက်ပုံဝါဒီ စုဒိတက ပုဂ္ဂိုလ်များသည် စောဒနာချက်များတွင် "တို့ ဟော ပြောချက် မပါလို့ တို့နဲ့မဆိုင်ဘူး" ဟု ထမင်းရေပူလျှာလွှဲ မလုပ်ကြပဲ မိမိတို့၏ ဆရာ့ဝါဒနှင့်တကွ နောက်ဆွယ်ဝါဒ အားလုံးကို မှန်ကန်သည်ဟု အယူအဆ ရှိကြပါမူ အဓမ္မအဖြစ် စွပ်စွဲအပ်သော စောဒနာချက် အားလုံးကို မိမိတို့

ဉာဏ်စွမ်းရှိသမျှ ဓမ္မဝိနယနှင့်အညီ ချေဖျက်လိုက ချေဖျက်ရန် တာဝန်ရှိသည်ဟု ယူဆမိပါကြောင်း အထူးလျှောက်ထားအပ်ပါသည် ဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

ယခုကဲ့သို့ တပည့်တော်များ စောဒနာရခြင်းသည် မိမိတို့ အကျိုးစီးပွား အတွက် စောဒနာကြရခြင်း မဟုတ်ပဲ ဗုဒ္ဓဘာသာ ရဟန်းရှင်လူ အများပြည်သူ တို့ ယခုမျက်မှောက် ခံစားနေရသည့် ဆရာနဲ့ တကာ မိဘနဲ့ သားသမီး ညီနဲ့ အကို မောင်နဲ့နှမ မိတ်ဆွေအပေါင်းသင်း အချင်းချင်းတို့ စိတ်ဝမ်းကွဲပြားခြင်း၊ ပဋိပက္ခဖြစ်ရခြင်းဟူသော အန္တရာယ်ဆိုးကြီးမှ ကင်းဝေးလွှန်မြောက်စေခြင်း ငှာ လည်းကောင်း မြတ်စွာဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်ခေတ်ကြီး အတွင်း၌ စေတနာအတူ သဒ္ဓါအတူ ကြည်ကြည်ဖြူဖြူနဲ့ ပါရမီကုသိုလ်တရား များကို ပြုလုပ်အားထုတ်နိုင်ကြစေခြင်းငှာ လည်းကောင်း မြတ်စွာဘုရား ဟောကြားတော်မူသော ပဋိပတ္တိလမ်းမှန် ဓမ္မတို့ကို ကျင့်ကြံပွားများနိုင်ကြ စေခြင်းငှာ လည်းကောင်း ရည်သန်စိတ်ထား မနောဘာဝနိယ တရားကို ရှေးသွားပြုကြ၍ စောဒနာရခြင်း ဖြစ်ပါကြောင်း ရိုသေစွာ လျှောက်ထားအပ် ပါသည်ဘုရား။

# ပဏာမနှင့် ပဋိညာဉ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

သဗ္ဗတိတ္ထျာဘိမဒ္ဒါယ၊ ကရောန္တံ ပါဋိဟာရိယံ။

သတ္ထာရံ တဿ သဒ္ဓမ္မံ၊ ဝန္ဒာမ သံဃမာဒရံ။

ဝန္ဒိတွာ ရတနတ္တယံ၊ ကျောက်ပုံတောရတိနာမကံ။

မိစ္ဆာဝါဒံ သုနိဂ္ဂဟံ၊ ကာဟာမ သဟဓမ္မိကံ။ ။

သဗ္ဗတိတ္ထျာဘိမဒ္ဒါယ၊ သဗ္ဗတိတ္ထိ အဘိမဒ္ဒါယ၊ ပူရဏကဿပ မက္ခလိဂေါသာလ စသည်ခြောက်ဖြာ ဂိုဏ်းဆရာတို့ ဒွါသဋ္ဌိဟူ အမှားမှုသည့် အယူဝါဒ တည်ထောင်ကြ၍ ဗုဒ္ဓလဲမဟုတ်ကြပါပဲနှင့် ဗုဒ္ဓပဲဟု အလွဲကိုဝန်ခံ မှုမမှန်သော တိတ္ထိဆရာတသင်းတို့ကို မဟိဒ္ဓိဘဂဝါသေဌ်နင်းက စာရှိအလာ ပြာဋိဟာ တထိန်ထိန်ကျင်းပြီးတော့ နှိမ်နင်းတော်မူရခြင်းငှာ။ ပါဋိဟာရိယံ၊ ခြောက်သွယ်ရောင်ခြည် ဝန်းပတ်လည်နှင့် ကြည်ကြည်နူးနူး ဖူးလို့မဝနိုင်ပါ ရေမီးအစုံအစုံ တည်းဟူသော တန်ခိုးပြာဋိဟာကို။ ကရောန္တံ၊ သတ္တဝါများ ဝေနေအား ကို သနားရှုမျှော် ပြုတော်မူခဲ့ပါပေသော။ သတ္ထာရံစ၊ လူနတ်ဗြဟ္မာ တို့သူငါ ၏ ဆရာတဆူ ဖြစ်တော်မူငြား မြတ်စွာဘုရားကိုလည်းကောင်း။ တဿသတ္ထုနော၊ ဒိဋ္ဌဓမ္မ သမ္ပရာယနှင့် မှချဆတ်ဆတ် ပရမတ်ဟု နှစ်ရပ်ကောင်းဆိုး အကျိုးများစွာ ညွှန်ပြကာဖြင့် ဗြဟ္မာနတ်လူ သုံးဘုံသူကို လွယ်ကူခဏ စိတ်တိုင်းကျအောင် ဆုံးမတော်မူတတ်သော ထိုဘုရား ကိုယ်တော်မြတ်၏။ သဒ္ဓမ္မံ စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ပါး သူတော်ကောင်းတရားကိုလည်းကောင်း။ သံဃဉ္စ၊ မဂ်လေးဖြာ ဖိုလ်လေးဖြာ အရိယာနှင့် သိက္ခာတူငြား အယူအားဖြင့် နှစ်ပါးမရှိ အများသိသည့် သမ္မုတိသံဃာကိုလည်း ကောင်း။ အာဒရံ၊ ကောင်းမွန်မသွေ ရိုသေလှစွာ။ ဝန္ဒာမ၊ ဘယလာဘ သမ္မောဟနှင့် ကုလအာစာ မိစ္ဆာကျင့်လမ်း မရည်မှန်းပဲ ချီးမွမ်းပါ၏။ ဝါ၊ ဘယလာဘ သမ္မောဟနှင့် ကုလအာစာ မိစ္ဆာကျင့်ရိုး မမျှော်ကိုးပဲ ရှိခိုးကြပါကုန်၏ အရှင်ဘုရား။

ဣတိ၊ ဤသို့။ ရတနတ္တယံ၊ ရတနာတို့၏ သုံးပါးတို့၏အပေါင်းကို။ ဝန္ဒိတွာ၊ ချီးမွမ်းပြီး၍။ ဝါ၊ ရှိခိုးပြီး၍။ ကျောက်ပုံတောရတိနာမကံ။ သက ပရ နှစ်ပါ

ဒတွင် ဗုဒ္ဓနှင့်မတူ အယူသုံ့မှု ကျောက်ပုံတောရ အမည်သသော။ မိစ္ဆာဝါဒ၊ ဘုရားမဟော အမှားရေးလျက် ကျောက်သဘော်ဝါဒကိုဖြင့် ဘေးဘောင်ပြင် ဆေးရောင်တင်ကာ လူအထင်ကြီးအောင်လို့ အရည်းယောင် ဟိုအခါသမယဆီက စနည်းဘောင်ဆို ထိုဆရာသမဏတို့လိုပ ပျိုကညာနှစ်မတွေနဲ့ရင်ဘွေလို့ မြင်တွေ့ပုံ သိက္ခာမလှပါဘူး ဦးစံရင်း၏ မိစ္ဆာဝါဒကို။သဟာဓမ္မိကံ- သဟာဓမ္မိကေန၊မခေဟာင်း မမြင်း အကြောင်းနှင့်လဲ မကင်းပါဘူး၊ ကောင်းခြင်းကလည်းငါးဖြာ ဘုရား ဘဂဝါ ဟောဖော်ကြားပါသဲ့ ဓမ္မဆိုတဲ့ စောဒနာ စကားဖြင့်။ သုနိဂ္ဂဟံ၊ မြောက်သင့်လျှင် ဘုံပေါ်သိပ်ပါရဲ့ နှိပ်သင့်ပြန် မြေမှာခင်းလို့မို့ ဒေသနာ စိန်ငရဇင်းဖြင့် သေချာစွာနှိမ်နင်းခြင်းကို။ ကရိယာမ၊ အာမိသာ သည်ခါ မရှု ပါဘူး ပါဠိအဋ္ဌကထာ ဋီကာအနုဋီဖြင့် စုဆရာတွေအပေါ်မှာ ကရုဏာရှုကာ ဆပ်ါလို့ ပြုကြရပါတော့အံ့သတည်း။

---

## စောဒနာ အမှတ်(၁)

**ကျောက်ပုံ ဆရာတော်အမည်ခံ ဦးစံရင်းနှင့် ၎င်း၏တပည့် ကျောက်ပုံဝါဒီ တို့သည် ဝိတက္ကဝါဒီ ဝိတဏ္ဍဝါဒီများဖြစ်ကြောင်း စောဒနာချက်ပါဘုရား။**

အမှတ်(၄) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား–

၁။ ကျောက်ပုံဆရာတော် အမည်ခံ ဦးစံရင်းသည် ဘုရားဟော ပါဠိတော် အဋ္ဌကထာတို့ထက် ကျော်လွန်ကြံဆ၍ အောက်ပါအတိုင်း ဟောကြားထားပါ သည်ဘုရား။

(က) အဲဒီတော့ ကျောက်ပုံခေါ်တဲ့ သကဝါဒအယူ မိမိအယူ တပည့် တော်အယူကို ပြောရရင် ဘာတွေလဲလို့ဆိုရင်ဖြင့်ယင် တိုတိုပြော မယ်ဆိုယင် ပါဠိတော် အဋ္ဌကထာ ဋီကာ ဂဏ္ဌိ မခု ယောဇနာဆိုတဲ့ ကျမ်းဂန်တွေအတိုင်း ပြတာကို ပရဝါဒခေါ်ပါတယ်၊ အဲဒီထဲမှာ ပါဠိတော်က ဘယ်လောက်တင်ပြတယ် ဟိုဘက်ကိုပို့မပြဘူး၊ အဋ္ဌ- ကထာက ဒီလောက်တင်ပြတယ်၊ ဒီအနုတ္တနေရာမှာ ဋီကာက ဒီလောက်တင်ပြတယ် ဟိုဘက်ကိုပို့ပြီးတော့ နှိုက်မပြဘူး၊ ကျောက် ပုံက ဒီအပေါက် ဒီအပေါက်ကတော့ ကျောက်ပုံကနှိုက်ပြီးတော့ ပြတဲ့အလုပ်၊ ဒါကို သကဝါဒခေါ်ပါတယ်။ (တိတ်ခွေ-၁၊ အေ-၃၅)

စာအနောစောင်တွန်းထားပြန့်ပွားရေးဦးစီး
၂၁၅၁၇
စာကြည့်တိုက်
ဆ ရာ စ အ : - ရန် ကုန် ။

( ခ) ဒါ မိမိဝါဒပါပဲ မိမိဝါဒဆိုတာ အထူးမဟုတ်ပါဘူး၊ ဘုရားဟော ပါဠိတော် အဋ္ဌကထာ ဋီကာတို့က ဒီလိုပြတယ်၊ ပြသော်လဲပဲ ဒီ လောက်တင်ပြတယ် ဟိုဟိုဘက်ကိုပိုမပြဘူး အဲဒီလို ဥပမာတခုပဲ ပြောကြဦးစို့ ရှဲ၊ ဘုရားဟောက အနတ္တမှာ ဘယ်လောက်ပဲပြ တယ် နောက်အဋ္ဌကထာတွေက ဘယ်လောက်ပဲပြတယ် ဋီကာတွေ က ဘယ်လောက်ပဲပြတယ် ကျန်ုပ်ရဲ့ဝါဒ တပည့်တော်ရဲ့ဝါဒ– သကဝါဒကို အနည်းငယ်ကို ထုတ်ပြီးတော့ ပြခဲ့ပါပြီ။ (တိတ်ခွေ-၁၊ အေ-၄၅)

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်များဘုရား—

၂။ ကျောက်ပုံဦးစံရင်းသည် မြတ်စွာဘုရား၏ ကေဝလပရိပုဏ္ဏဂုဏ်နှင့် ပြည့် စုံသော တရားတော်များကို လိုနေသေးသည် ထည့်စွက်ရာ ကျန်နေသေး သည်ဟု ယူဆကာ ပါဠိတော်က ဒီလောက်တင်ပြတယ်၊ ဟိုဘက်ကိုပိုပြီးတော့ နှိုက်မပြဘူး၊ ဒီအပေါက် ဒီအပေါက်ကိုတော့ ကျောက်ပုံက နှိုက်ပြီးတော့ပြတဲ့ အလုပ် ဒါကို သကဝါဒခေါ်တယ်-ဟု ပြောဟောခဲ့ပါသည်။

၃။ ကျောက်ပုံဆရာတော်အမည်ခံ ဦးစံရင်းသည် အထက်ပါဟောပြောချက် များအရ ဗုဒ္ဓဝါဒီမဟုတ်ကြောင်း သူကိုယ်တိုင် အတိအလင်း ဝန်ခံထား ပြီးဖြစ်သည့်အတွက် ၎င်း၏ဝါဒသည် အာဂမာဓိဂမအနုသာဝမှ ကင်းသည်ဖြစ် ၍ မြတ်စွာဘုရား၏ တရားတော်ကို သင်ယူမှတ်သားပြီး တဆင့် ဟောကြား ခြင်းလည်းမဟုတ် နိုင်တော့ပါဘုရား၊ သို့ဆိုလျှင် ကိုယ့်ကိုယ်တိုင် ကောင်းစွာ ကျင့်၍ မြင့်မြတ်သော အသိကိုရပြီး ဟောကြားခြင်းများ ဖြစ်လေသလောဟု တွေးတောဖို့ရန်မှာလည်း သူ၏ကျင့်ပုံ ကြံပုံကို စောဒနာနိဒါန်းတွင် လျှောက် ထားပြီး ဖြစ်ပါသည်ဘုရား၊ ထိုကဲ့သို့ ကိုယ်ကျင့်တရားမရှိသော ဒုဿီလ ကယောက်သည် သိအပ်သော အသိမျိုးကား အဘယ်သို့သော အသိမျိုးဖြစ် နိုင်သည်ကို ဆရာတော်များ သိပြီးဖြစ်တော်မူကြပါသည်ဘုရား၊ ထို့ကြောင့် ဦးစံရင်းနှင့် ၎င်း၏တပည့် ကျောက်ပုံဝါဒီများကို—

အနုပုဗ္ဗသိက္ခာဒီဟိ အာဂမာဓိဂမဝိဂတတာယ တက္ကမတ္တော ဝိတက္ကော၊ ဝဒတိ သီခလနာတိ ဝါဒီ။ ဝိတက္ကံ ဝါဒီ ဝိတက္ကဝါဒီ။

အနက်မြန်မာ

အနုပုဗ္ဗသိက္ခာဒီဟိ၊ အစဉ်အတိုင်းကျင့်ခြင်း စသည်တို့ဖြင့်။ အာဂမာဓိဂမ- ဝိဂတတာယ၊ အာဂမ အဓိဂမမှကင်းခြင်းကြောင့်။ တက္ကမတ္တော၊ ကြံစည် ခြင်းမျှသည်သာလျှင်။ ဝိတက္ကော၊ ဝိတက္က မည်၏၊ သီခလနံ၊ အခလုအားဖြင့်

ဝဒတိ၊ ပြောဆိုတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဝါဒီ၊ ဝါဒီမည်၏။ ဝိတဏ္ဍ၊ အာဂုံမပါ သစ္စာမသိ မိမိတို့၏အကြံကို။ ဝါဒီ၊ ပြောဆိုလေ့ရှိသူတည်း။ ဝိတဏ္ဍဝါဒီ၊ အာဂုံမပါ သစ္စာမသိ မိမိတို့၏အကြံကို ပြောဆိုလေ့ရှိသူဟူ၍ ဤအထက်ပါပြဆိုခဲ့ပြီးသော ဝစနတ္ထအရ ဝိတဏ္ဍဝါဒီဖြစ်ကြောင်း စောဒနာတင်ရပါသည်ဘုရား။

၄။ ထို့မှတပါး မှတ်ပုံတင်သင်တန်း စာမျက်နှာ-၄၈-၌

(က) ဖြစ်တယ် ရှိတယ်ဆိုလျှင် မှား၏။

(ခ) ဖြစ်တယ် ရှိတယ်ဆိုလျှင် မှန်၏။

(ဂ) မဖြစ်ဘူး မရှိဘူးဆိုလျှင် မှား၏။

(ဃ) မဖြစ်ဘူး မရှိဘူးဆိုလျှင် မှန်၏။

ဤသို့ ရေးသားထားပါသည်ဘုရား။

ဤအထက်ပါ ဟောပြောချက် ရေးသားချက်များသည် ဝိတဏ္ဍဝါဒပင် ဖြစ်ပါသည်ဘုရား။

**သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ၌—**

> လောကက္ခာယိကာတိ အယံ လောကော ကေန နိမ္မိတော၊ အယံ လောကော အသုကေန နိမ္မိတော၊ ကာကော သေတော အဋ္ဌီနံ သေတတ္တာ ဗလာကာ ရတ္တာ လောဟိတဿ ရတ္တတ္တာတိ ဧဝမာဒိကာ လောကာယတဝိတဏ္ဍသလ္လာပကထာ။ (ဒီ၊ဋ္ဌ ၁၊၈၆)

အနက်မြန်မာ

အယံလောကော၊ ဤသြကာသလောကကြီးကို။ ကေန၊ အဘယ်ပုဂ္ဂိုလ်သည်။ နိမ္မိတော၊ ဖန်ဆင်းအပ်သနည်း။ အသုကေန။ ထိုအမည်ရှိသော တန်ခိုးရှင် ဖန်ဆင်းရှင်သည်။ နိမ္မိတော၊ ဖန်ဆင်းအပ်ပြီ။အဋ္ဌီနံ၊ အရိုးတို့၏။သေတတ္တာ၊ ဖြူကုန်သည်၏ အဖြစ်ကြောင့်။ ကာကော၊ ကျီးသည်။ သေတော၊ ဖြူ၏။ လောဟိတဿ၊ သွေး၏။ ရတ္တတ္တာ၊ နီသည်၏အဖြစ်ကြောင့်။ ဗလာကာ၊ ဗျိုင်းတို့သည်။ ရတ္တာ၊ နီကုန်၏။ ဣတိဧဝမာဒိကာ၊ ဤသို့အယူရှိကုန်သော။ လောကာယတဝိတဏ္ဍသလ္လာပကထာ၊ မိုက်သောသတ္တလောက၏ဝါဒကို သာယာသောအားဖြင့် အားထုတ်ရာ အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်သော စကားကို ချဲ့ထွင်ရာဖြစ်သော ကျမ်းစကားကို ပြောဆိုကြောင်းဖြစ်သော စကားသည်။ လောကက္ခာယိကာတိ၊ လောကက္ခာယိကမည်၏ ဟူ၍ ဖွင့်ဆိုခဲ့ပါသည်။

၅။ ဦးစံရင်း၏ဝါဒသည် ဤသီလက္ခန်အဋ္ဌကထာ ပြဆိုချက်အတိုင်း ဗုဒ္ဓဘာသာအချင်းချင်း ဆန့်ကျင်ဘက်ဖြစ်အောင် ညီညွတ်မှုပျက်ပြားအောင် ဗုဒ္ဓဘာသာ အားနည်းသွားရလေအောင် ကြံဆောင်ဟောပြောထားသဖြင့် ဝိတဏ္ဍဝါဒဟူ၍ စွဲချက်တင်ရခြင်းဖြစ်ပါသည်ဘုရား။

အညမညံ ဝိရုဒ္ဓံ ကထံ တနောန္တိ ဧတ္ထာတိ ဝိတဏ္ဍော။

**အနက်မြန်မာ**

အညမညဝိရုဒ္ဓံ၊ အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်သော။ ကထံ၊ စကားကို။ ဧတ္ထ၊ ဤဝါဒ၌။ တနောန္တိ၊ ချဲ့ထွင်ကြကုန်၏။ ဣတိ၊ ထိုသို့ အချင်းချင်း ဆန့်ကျင်ဘက်စကားကို ချဲ့ထွင်ရာဖြစ်သောကြောင့်။ ဝိတဏ္ဍော၊ဝိတဏ္ဍမည်၏။

ဤဝစနတ္ထနှင့်အညီ ကျောက်ပုံဝါဒတခုလုံးသည် အချင်းချင်းဆန့်ကျင်ဘက်ဖြစ်အောင် ဆန့်ကျင်သောဝါဒစကားတို့ကို ဟောပြော ရေးသားသောဝါဒဖြစ်ပါသည်။

သဂ္ဂမောက္ခဝိရုဒ္ဓံ တနောန္တိ ဧတ္ထာတိ ဝိတဏ္ဍော။

**အနက်မြန်မာ**

**သဂ္ဂမောက္ခဝိရုဒ္ဓံ၊** နတ်ရွာနိဗ္ဗာန်နှင့် ဆန့်ကျင်သောစကားကို။ ဧတ္ထ၊ ဤကျောက်ပုံဝါဒ၌။တနောန္တိ၊ ချဲ့ကြထွင်ကြကုန်၏။ ဣတိ၊ဤသို့ နတ်ရွာနိဗ္ဗာန်နှင့် ဆန့်ကျင်သောစကားကို ချဲ့ထွင်ရာဖြစ်သောကြောင့်။ ဝိတဏ္ဍော၊ဝိတဏ္ဍမည်၏။

ဤဝစနတ္ထနှင့်အညီ ကျောက်ပုံဝါဒတခုလုံးသည် နတ်ရွာနိဗ္ဗာန် ကောင်းမှုကုသိုလ်များကို ဆန့်ကျင်ဟောပြော ရေးသားထားသောကြောင့် ဝိတဏ္ဍဝါဒပင် ဖြစ်ပါသည်။

**ဝိသေသေန ဝိညူနံ ဟဒယံ တဏ္ဍယတိ ကမ္ပေတီတိ ဝိတဏ္ဍော။**

**အနက်မြန်မာ**

ဝိသေသေန၊ အထူးအားဖြင့်။ ဝိညူနံ၊ ပညာရှိ သူတော်ကောင်းတို့၏။ ဟဒယံ၊ စိတ်နှလုံးကို။ တဏ္ဍယတိ ကမ္ပေတိ၊ တုန်လှုပ်စေတတ်၏။ ဣတိ၊ ထိုကြောင့်။ ဝိတဏ္ဍော၊ ဝိတဏ္ဍမည်၏။

ပညာရှိသူတော်ကောင်းတို့၏ စိတ်နှလုံးကို တုန်လှုပ်စေနိုင်သောကြောင့် ဝိတဏ္ဍဝါဒမည်၏ဟုဆိုသဖြင့် ကျောက်ပုံဝါဒီများ ဟုတ်လှပြီဟု ထင်မှားသွားမည်စိုးရသေး၏၊ စင်စစ် ဤကျောက်ပုံဝါဒကိုမှီ၍ သူတော်ကောင်းစိတ်ရှိဖူးကုန်သော ဗုဒ္ဓဘာသာတို့သည်ပင် ပရိတ်တရားနာကြားခြင်း ဒါနပြုခြင်း သီလ

ဆောက်တည်ခြင်း အမှုမပြုကြတော့ပေ၊ ရေစက်ချအမှုပေးဝေခြင်း မပြုကြတော့ပေ၊ ထိုအခါ ဗုဒ္ဓဘာသာများသန္တာန်မှာ ကုသိုလ်ကောင်းမှုတွေ လျော့ပါးသွားကြကုန်သဖြင့် နတ်ရွာနိဗ္ဗာန်နှင့် ဖီလာဆန့်ကျင် ဖြစ်ကြရရှာကုန်၏၊ ထို့ကြောင့် ပညာရှိများ၊ သူတော်ကောင်းများ စိတ်နှလုံး တုန်လှုပ်ကြခြင်း ဖြစ်ပါသည်၊ ရှင်ဥက္ကဋ္ဌဝါဒ ကျောက်သဘော်ဝါဒတို့ကို ကြားကြသောအခါ ရဟန်းပညာရှိ လူပညာရှိတို့၏ စိတ်နှလုံးသည် ကြာမြင့်စွာသောကာလကပင် ညှိုးချုံးပင်ပန်းခဲ့ကြရပါသည်၊ ယခုမှ သီရိမွေ့သောကမင်းကြီးတို့ထုံးပမာ သာသနာပြုနိုင်သော မင်းကောင်းတဆက် ကြုံကြိုက်ရသော အခွင့်အရေးရသဖြင့် ဓမ္မ အဓမ္မ ဝိနယ အဝိနယ စိစစ်ခွင့်ရကြခြင်းဖြစ်ပါသည်ဘုရား၊ ဒီအခွင့်အရေးကို လက်လွှတ်မခံသင့်ဟု တပည့်တော်များ သဘောပေါက်သလို တတိုင်းတပြည်လုံး သဘောပေါက်ပါစေဟူ၍ ဆန္ဒပြုရပါသည်ဘုရား။

ပညာရှိ သူတော်ကောင်းတို့သည် ကျောက်ပုံဝါဒကြောင့် သတ္တဝါများ ကုသိုလ်နည်းပါး အပါယ်လားကြမည့်အရေးကို တွေး၍ သနားကရုဏာဖြစ်တော်မူကြသဖြင့် စိတ်နှလုံးတုန်လှုပ်ခြင်း ဖြစ်ကြရပါသည်ဘုရား။

ဝိသေသေန ဝိညူနံ ဟဒယံ တဏှာယတိ ကမ္ပေတီတိ ဝိတဏ္ဍော။
ဝဒတိ သီလေနာတိ ဝါဒီ။ဝိတဏ္ဍံ ဝါဒီ ဝိတဏ္ဍဝါဒီ။

**အနက်မြန်မာ**

ဝိသေသေန၊ အထူးအားဖြင့်။ ဝိညူနံ၊ သူတော်ကောင်း ပညာရှိတို့၏။ ဟဒယံ၊ စိတ်နှလုံးကို။ တဏှာယတိကမ္ပေတိ၊ တုန်လှုပ်စေတတ်၏။ ဣတိ၊ ဤသို့ သူတော်ကောင်း ပညာရှိတို့၏ စိတ်နှလုံးတုန်လှုပ်စေတတ်သောကြောင့်။ ဝိတဏ္ဍော၊ ဝိတဏ္ဍမည်၏။ သီလေန၊ အလေ့အားဖြင့်။ ဝဒတိ၊ ပြောဆိုတတ်၏။ ဣတိ၊ ဤသို့အလေ့အားဖြင့် ပြောဆိုတတ်သောကြောင့်။ ဝါဒီ၊ ဝါဒီမည်၏။ ဝိတဏ္ဍံ၊ သူတော်ကောင်းပညာရှိတို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်သောကျမ်းစကားကို။ဝါဒီ၊ ပြောဆိုလေ့ရှိသောသူတည်း။ ဝိတဏ္ဍဝါဒီ၊ ပညာရှိသူတော်ကောင်းတို့၏ စိတ်နှလုံးကိုတုန်လှုပ်စေတတ်သော ကျမ်းစကားကို ပြောဆိုလေ့ရှိသူ။

သူတော်ကောင်းပညာရှိတို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်သောကြောင့် ဝိတဏ္ဍမည်၏၊ အလေ့အားဖြင့် ပြောဆိုတတ်သောကြောင့် ဝါဒီ ဖြစ်၏၊ ပေါင်းသော် သူတော်ကောင်းပညာရှိတို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်သောဝါဒကို ပြောဆိုလေ့ရှိသောသူတို့ကို ဝိတဏ္ဍဝါဒီခေါ်ရပါသည်၊ ထို့ကြောင့် ကျောက်ပုံဝါဒီတို့ကို ဝိတဏ္ဍဝါဒီဟူ၍ စောဒနာတင်ရပါသည် နိုင်ငံတော်သီးခြား ဝိနည်းစိုင်ဆရာတော်မြတ်ကြီးများဘုရား။

## စောဒနာ အမှတ် (၂)

**ကျောက်ပုံအမည်ခံ ကမ္ဘာ့ဝိပဿနာဝါဒီဘို့၏ အာနာပါနပဗ္ဗကို ပုထုဇဉ် သေက္ခတို့ အားမထုတ်ကောင်းဟု ရေးသားပြောဟောခြင်းနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။**

နိုင်ငံတော် သီးခြားဝိနည်းခိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

နေယျသင်တန်း စာမျက်နှာ(၁၄၉)၌—

> ထိုကြောင့် အနာဂါမိမဂ် အရဟတ္တမဂ် ဆိုက်ပြီးသော ပုဂ္ဂိုလ်တို့သာ မျက်မှောက်ချမ်းသာ ခံစားရန်အလို့ငှာ ပွားများအပ် ပွားများထိုက်သော (ဝါ) ကသျာဏကျပ်ပြည့် နေယျ ပုဂ္ဂိုလ်တို့သည်ပင်လျှင် မပွားများအပ် မကျင့်အပ် မပွားများထိုက် မကျင့်ထိုက်သော အာနာပါနပဗ္ဗ ဣရိယာပထ ပဗ္ဗ စသော အကျင့်ကမ္မဋ္ဌာန်း လမ်းများကို ကြဉ်ဖယ်ရှောင်ရှားဘေးချိပ် ထား၍ ဉာဏ်ကြီးကြောင်းဖြစ်သည့် (ဝါ) မဂ်ဉာဏ်သို့ရောက်နိုင်ကြောင်း ဖြစ်သည့် အစစ်ဝိပဿနာသမ္မာဒိဋ္ဌိကိုသာလျှင် စတင်ကြိုးစားရပေလိမ့်မည်။

ဟု ရေးသားခဲ့ပါသည်ဘုရား။

ထိုရေးသား ဟောပြောချက်များသည် ထေရဝါဒလာ ပါဠိအဋ္ဌကထာဋီကာ တို့နှင့် ညီညွတ်ခြင်းမရှိပဲ အာစရိယပရမ္ပရ အမှီကိုရကြ၍ သိဿာနုသိဿအဆက် ဆက်တို့ ကျင့်ကြံနေကြသော ပရိယတ္တိနှင့် ညီညွတ်သော ပဋိပတ်လမ်းမှန် သတိပဋ္ဌာန်တရားများကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ ထင်ယောင်ထင်မှား ဖြစ်၍ပဋိပတ္တိသာသနာ ပျက်ပြားဆုတ်ယုတ်အောင် အားထုတ်ခြင်းဖြစ်သည်ဟု ရိုးသားစွာ ယုံကြည်ပါသဖြင့် စောဒနာလွှာ တင်ရခြင်းဖြစ်ပါသည်ဘုရား။

ဦးစံရင်းသည် အာနာပါနပဗ္ဗကို အဘယ့်ကြောင့် ပုထုဇဉ်အောက် သေက္ခတို့ မကျင့်ထိုက်သနည်း ဆိုသည်ကို ပါဠိအဋ္ဌကထာ ကျမ်းညွှန်းပြုခဲ့ပါသည်ဘုရား။

၎င်းညွှန်းသော စာအုပ်စာမျက်နှာတို့၌ မတွေ့ရပဲ စာမျက်နှာ ကွဲလွဲနေပါ သည်၊ မူမတူ၍သာဟု ယူဆရန်ရှိပါသည်ဘုရား။

ဦးစံရင်း ကိုးကားပြသော ပါဠိအဋ္ဌကထာကို ဦးစွာထုတ်ပြ၍ ရှင်းလင်း လျှောက်ထားပါမည်ဘုရား။

> အရိယံ ဝါ ဣန္ဒြိ၊ စတ္တာရိ ဝါ ရူပါဝစရဈာနာနိ၊ စတသော ဝါ အရူပ သမာပတ္တိယော၊ နိရောဓသမာပတ္တိ ဝါ ပဏ္ဏယမာနေန ဘိက္ခုနာ အယံ အာနာပါနဿတိသမာဓိ သာဓုကံ မနသိကာတဗ္ဗော။ (သံ၊ ၃၊ ၃၊ ၂၉၆။)

## မြန်မာပြန်

အရိယာတို့၏ ဥစ္စာဖြစ်သော ဣန္ဒြိ ကိုလည်းကောင်း ရူပါဝစရစျာန်လေးပါး တို့ကိုလည်းကောင်း အရူပသမာပတ်လေးပါးတို့ကိုလည်းကောင်း နိရောဓသမာပတ်ကိုလည်းကောင်း အလိုရှိသော ရဟန်းသည် ဤအာနာပါနဿတိသမာဓိကို ရှိသေလေးမြတ် တင်းကြပ်မြဲမြံစွာ နှလုံးသွင်းအပ်၏။

ဦးစံရင်းတို့ ကိုးကားသော အထက်ပါ စကားရပ်၌ အာနာပါနဿတိသမာဓိကို အနာဂါမ် ရဟန္တာများသာ ပွားရမည်၊ ပုထုဇဉ်နှင့်အောက်သေက္ခပုဂ္ဂိုလ်များ မပွားရဟူ၍ အနည်းငယ်မျှ မပါရှိသည့်အပြင် ကိုးကားသူ ဦးစံရင်း၏အဆိုကိုပင် ကန့်ကွက်နေပါသည်ဘုရား၊ ကန့်ကွက်ပုံမှာ—

> အရိယိန္ဒြိ ကိုလည်းကောင်း သမာပတ်ကိုးပါးကိုလည်းကောင်း လိုချင်သော ရဟန်းသည် အာနာပါနဿတိသမာဓိကို လေးလေးစားစား ပွားများရမည်။

ဟုဆိုသဖြင့် အနာဂါမ် ရဟန္တာများသာ ဝင်စားနိုင်သော သမာပတ်ကိုဝင်စားလိုက အနာဂါမ်ရဟန္တာဖြစ်အောင် ကြိုးစား ပွားများရမည်မှာ ဓမ္မတာ ဖြစ်ပါသည်ဘုရား၊ ထို့ကြောင့် အနာဂါမ်ရဟန္တာဖြစ်အောင် အားထုတ်ကြ နှလုံးသွင်းကြဟူ၍ ဆိုလိုပါသည်၊ဘာကိုအားထုတ်ရမည်နည်းဟု မေးဖွယ်ရှိ၍ အာနာပါနဿတိ သမာဓိကို ပွားများ နှလုံးသွင်းရမည်ဟု ဗုဒ္ဓမတညူဘွဲ့ရ အဋ္ဌကထာဆရာတော်က တဆက်တည်း "အာနာပါနဿတိသမာဓိ သာဓုကံ မနသိကာတဗ္ဗော"ဟု မိန့်ဆိုတော်မူပါသည်ဘုရား။

တဖန် စံပြဒီပဿနာ စာမျက်နှာ (၃၆၀)၌ —

> ဣဒံ ပန အာနာပါနဿတိကမ္မဋ္ဌာနံ ဂရုကံ ဂရုကဘာဝနံ ဗုဒ္ဓပစ္စေကဗုဒ္ဓဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံယေဝ မနသိကာရဘူမိဘူတံ။

ဟု ပြဆိုထား၏။

> ဆိုလိုရင်းမှာ အာနာပါနဿတိ ကမ္မဋ္ဌာန်းသည် ဘုရား ပစ္စေကဗုဒ္ဓါနှင့် ဘုရားသားတော်ကြီးများ ဖြစ်ကြကုန်သော အထက်တန်းစားရဟန္တာကြီးများသည်သာလျှင် အားထုတ်နိုင် ကျင့်ကြံနိုင်သော အလွန်ကြီးကျယ်မြင့်မြတ်သည့် ကမ္မဋ္ဌာန်းဖြစ်သည်၊ အခြားပုထုဇဉ်နှင့်အောက်သေက္ခများ၏ အလုပ်မဟုတ်-ဟူ၍ တိုက်ရိုက် မဆိုသော်လည်း ဆိုဘိသကဲ့သို့ ဝေသဒ္ဒါနှင့် ကန့်သတ်ထားသည်ကိုလည်း စဉ်းစားသင့်ကြ၏။

ဟု ရေးသားထားပြန်ပါသည်ဘုရား။

ဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား—

ကျောက်ပုံဝါဒီတို့သည် ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာပါဠိတပိုင်းတစကိုသာထုတ်ပြ၍ ဝေသဒ္ဒါ၏ ဂဟေတဗ္ဗ နိဝတ္တေတဗ္ဗကို ကိုယ်လိုရာဆွဲလျက် တလွဲ ယူဆထားသည်ကို တွေ့ရပါသည်ဘုရား၊ ဝေသဒ္ဒါ၏ ဂဟေတဗ္ဗသည် ဧဟန္တာ၊ နိဝတ္တေတဗ္ဗသည် ပုထုဇ္ဇသေက္ခဟု ပါဠိတပိုင်းတစနှင့် အလွဲကောက်ပြထားပါသည်၊ ပဋ္ဌိ-သမ္ဘိဒါမဂ် အဋ္ဌကထာ ပါဠိအပြည့်အစုံမှာအောက်ပါအတိုင်း ဖြစ်ပါသည်ဘုရား။

ဣဒံ ပန အာနာပါနဿတိ ကမ္မဋ္ဌာနံ ဂရုကံ ဂရုကဘာဝနံ ဗုဒ္ဓပစ္စေကဗုဒ္ဓ-ဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံယေဝ မနသိကာရဘူမိဘူတံ၊ နစေဝ ဣတ္တရံ န စ ဣတ္တရသတ္တသမာသေဝိတံ။ (ပဋိသံ၊ဋ္ဌ၊၂၊၉၈)

မြန်မာပြန်

ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည်ကား လေးနက်၏။ လေးလေးစားစားပွားများအပ်၏၊ ဘုရားပစ္စေကဗုဒ္ဓါ ဘုရားသားတော်ဖြစ်ကုန်သော ယောကျ်ားမြတ်တို့၏ သာလျှင် နှလုံးသွင်းအပ် ပွားများအပ်သောအရာ ဖြစ်၏၊ ယုတ်ညံ့သော အလုပ်လည်းမဟုတ်၊ ယုတ်ညံ့သောသတ္တဝါတို့လည်း မှီဝဲအပ်သော အလုပ်မဟုတ်။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများ ဘုရား—

အဋ္ဌကထာ ဆရာက ဧဝသဒ္ဒါ၏ ဂဟေတဗ္ဗနိဝတ္တေတဗ္ဗကို အပြည့်အစုံပြဆိုပြီးဖြစ်ပါသည်၊ စဉ်းစားစရာကျန်သော စကားမဟုတ်၊ ကျောက်ပုံဝါဒီများက ပါဠိကိုတမင်ချန်ထားပြီးလျှင် စဉ်းစားသင့်ကြောင်းဟု အစဉ်းစားခိုင်းနေခြင်းဖြစ်ပါသည်ဘုရား။

ဝေသဒ္ဒါ၏ ဂဟေတဗ္ဗသည် ဘုရားပစ္စေကဗုဒ္ဓါ ဘုရားသားတော်များဖြစ်ကြသော အရိယာနှင့်ကလျာဏ ဂုဏ်အင်သိက္ခာရှင် ယောကျ်ားမြတ်တို့ဖြစ်ပါသည်၊ နိဝတ္တေတဗ္ဗ အရ ယုတ်ညံ့သော အကျင့်သီလမရှိသော အန္ဓပုထုဇဉ် ယူရမည်ဟု ပြဆိုထားသဖြင့် ၎င်းတို့ ကိုးကားသော ပါဠိက ၎င်းတို့၏အဆိုကို မထောက်ခံကြောင်း ထင်ရှားပါသည် ဘုရား။

ယခုတင်ပြလျှောက်ထားခဲ့သည်များမှာ ကျောက်ပုံဝါဒီတို့၏ ကိုးကားသော ပါဠိကို ရှင်းလင်းလျှောက်ထားခြင်းဖြစ်ပါသည် ဘုရား၊ တပည့်တော်များကလည်း အာနာပါနပဗ္ဗကို ပုထုဇဉ်များလည်း ပွားများထိုက်ကြောင်း လျှောက်ထားလိုပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများ ဘုရား–

အာနာပါနပဗ္ဗကို သုံးလောက ထိပ်တင် ဘုရားသခင်သည် ကုရုတိုင်းသူ တိုင်းသား ပုထုဇဉ်လူသားတို့ကို အဓိကထား၍ ဟောကြားတော် မူခဲ့သော မဟာသတိပဋ္ဌာန်သုတ်-ကာယာနုပဿနာသတိပဋ္ဌာန်တွင် တွေ့ရပါသည်ဘုရား၊ အခြားနေရာများမှာလည်း အလျဉ်းသင့်သလို ဟောကြားဆုံးမ တော်မူသော ဗုဒ္ဓါနုသာသနီ ဖြစ်ပါသည်၊ ဟောကြားပုံမှာ—

ကောယနေ့ာ အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ သောက-ပရိဒေဝါနံ သမတိက္ကမာယ၊ ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယ ဉာယဿ အဓိဂမာယ၊နိဗ္ဗာနဿ သစ္ဆိကရိယာယ ယဒိဒံ စတ္တာရော သတိပဋ္ဌာနာ။

မြန်မာပြန်

သံသရာဘေး လာမည့်ရေးကို လေးလေးပင်ပင် ဆင်ခြင်ဘိတောင်း သူတော်ကောင်းတို့၊ သတိပဋ္ဌာန်တရားလေးပါးတည်းဟူသော ဤဝိပဿနာမဂ် သည် သတ္တဝါတို့၏ကိလေမြူမှေး ညစ်အကြေးမှ ကင်းဝေးစင်ကြယ်ခြင်းငှာလည်း ကောင်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ခြင်းငှာလည်းကောင်း နိဗ္ဗာန်ကို သိကြောင်းဖြစ်သော အရိယာမဂ်ကိုရခြင်းငှာ လည်းကောင်း တခုသောခန္ဓာ နှင့် တခုသောခန္ဓာ ကံနှင့် အကျိုး သတ္တဝါနှင့် ဒုက္ခကို ချုပ်တတ် စပ်တတ် ဖာ ထေးတတ်သော ဝါနတဏှာမှ ထွက်မြောက် လွတ်ကင်းသန့်ရှင်း စင်ကြယ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ လည်းကောင်း တခုတည်းသော ဝိပဿနာ မဂ်ပါပေတည်း။

ဤမျှလောက်အကျိုးများသော သတိပဋ္ဌာန်တရားလေးပါးတို့ဟူသည် အဘယ်သည် တို့ပေနည်းဟု မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေဆိုတော်မူလိုသော သုံးလောကထွတ်ထားမြတ်စွာဘုရားသည်-

ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျလောကေ အဘိဇ္ဈာ ဒေါမနဿံ။ ဝေဒနာသု ဝေဒနာနုပဿီ (လ) စိတ္တေ စိတ္တာနုပဿီ (လ) ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ အဘိဇ္ဈာဒေါမနဿံ။

ဟူ၍ ဟောတော်မူပါသည်။

မြန်မာပြန်

ဝိပါက် ခန္ဓာ သံသရာကို ဉာဏ်မှစစ်ဆေး အပြစ်ဘေးဟု မျှော်တွေး ရှုကြောင်း အို သူတော်ကောင်းတို့၊ ဤ ငါဘုရားသာသနာတော်၌ သူတော်

ကောင်းသည် ကိလေသာကိုပြင်းစွာပူပန် စေတတ်သော သမ္မပ္ပဓာန်လုံ့လ ဝီရိယ ရှိသည် ကောင်းစွာအပြားအားဖြင့် သိတတ်သော ဉာဏ်ပညာရှိသည် အောက်မေ့တတ်သော သတိရှိသည်ဖြစ်၍ ကာယဟုဆိုအပ်သော လောက၌ အဘိဇ္ဈာ ဒေါမနဿကို ပယ်ဖျောက်၍ ရူပကာယ၌ ရုပ်အပေါင်းကို အဖန်ဖန် ရှုတတ်သည် ဖြစ်၍ နေ၏။

(ဝေဒနာ စိတ္တ ဓမ္မတို့၌ နည်းတူ)

ထိုသတိပဋ္ဌာန်လေးပါးတို့တွင် ရူပကာယ၌ ရုပ်အပေါင်းကိုအဘယ်သို့ရှုရမည်နည်းဟု မေးဖွယ်ရှိ၍ ထိုအမေးကို ဖြေတော်မူလိုသော မြတ်စွာဘုရားသည်-

ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ သော သတောဝ အဿသတိ သတောဝ ပဿသတိ။ စသည်ဖြင့် အကျယ်ဟောပြတော်မူခဲ့ပါသည် ဘုရား။

မြန်မာပြန်

ချစ်သားတို့ အဘယ်သို့သာလျှင် ရဟန်းသည် ရုပ်အပေါင်း၌ ရုပ်အပေါင်းကို အဖန်ဖန်ရှုသည်ဖြစ်၍နေသနည်း၊ ချစ်သားတို့ ဤငါဘုရားသာသနာတော်၌ သံသရာဘေးကို ရှုတတ်သော သူတော်ကောင်းသည် တောအရပ်သို့ ဆည်းကပ်သည်သော် လည်းကောင်း၊ သစ်ပင်အောက်သို့ဝင်ရောက်သည်သော် လည်းကောင်း ဆိပ်ငြိမ်ရိပ်ကောင်း တောရကျောင်းသို့ ရောက်သည်သော်လည်းကောင်းဖြစ်၍ တင်ပလ္လင်ခွေ၍ အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်ထား၍ သတိကို ကမ္မဋ္ဌာန်းသို့ ရှေးရှုဖြစ်စေ၍ ထိုင်နေ၏၊ ထိုသူတော်ကောင်းသည် သတိရှိသည်ဖြစ်၍သာလျှင် ဝင်သက်ကိုဖြစ်စေ၏၊ သတိရှိသည်ဖြစ်၍ သာလျှင် ထွက်သက်ကို ဖြစ်စေ၏။

ဝိနည်းဓိုရ်ဆရာတော်မြတ်ကြီးများ ဘုရား-

ကျောက်ပုံတောရ အမည်ခံ ဦးစံရင်းက သေက္ခပုထုဇဉ်များ မပွားကောင်းဟု ဆိုသော အာနာပါန ပဗ္ဗ ကမ္မဋ္ဌာန်းသည် သတိပဋ္ဌာန် လေးပါးတို့တွင် ကာယာနုပဿနာ သတိပဋ္ဌာန်တွင် ပါဝင်နေသည်ကို တွေ့ရပါသည်ဘုရား။

ယင်းသတိ ပဋ္ဌာန်လေးပါးတို့ကို ကျောက်ပုံတောရ ဆရာတော်အမည်ခံ-ဦးစံရင်း ဆိုသကဲ့သို့ အနာဂါမ် ရဟန္တာများသာ ပွားရမည့် တရားဟုတ် မဟုတ်၊ ၎င်း သတိပဋ္ဌာန်သုတ်၏အဖွင့် အဋ္ဌကထာကို ကြည့်ရှုသောအခါ သတ္တာနံ ဝိသုဒ္ဓိ-

ယာ ဟူသော ပါဠိတော်အရ၊ ကိလေသာမြူမှေး အညစ်အကြေးမှ ကင်းဝေးစင်ကြယ်လိုသူတိုင်း မဆိုင်းလျင်စွာ ပွားမျှားအားထုတ်ရမည့် တရားသာဖြစ်နေသည်ကို တွေ့ရပါသည်ဘုရား၊ ၎င်းပါဠိတော်ကို အဋ္ဌကထာ ဆရာဖွင့်ဆိုပြထားပုံမှာ—

သတ္တာနံ ဝိသုဒ္ဓိယာတိ ရာဂါဒီဟိ မလေဟိ အဘိဇ္ဈာဝိသမလော-ဘာဒီဟိ စ၊ ဥပက္ကိလေသေဟိ ကိလိဋ္ဌစိတ္တာနံ သတ္တာနံ ဝိသုဒ္ဓတ္ထာယ။

ဟူ၍ ဖြစ်ပါသည်။

**အနက်မြန်မာ**

သတ္တာနံ ဝိသုဒ္ဓိယာတိ၊ သတ္တာနံ ဝိသုဒ္ဓိယာ-ဟူသည်ကား။ ရာဂါဒီဟိ၊ ရာဂအစရှိကုန်သော။ မလေဟိ စ၊ အညစ်အကြေးတို့သည်လည်းကောင်း။ ဝါ၊ အညစ်အကြေးတို့ဖြင့်လည်းကောင်း။ အဘိဇ္ဈာဝိသမလောဘာဒီဟိ၊ အဘိဇ္ဈာဝိသမလောဘအစရှိကုန်သော။ ဥပက္ကိလေသေဟိ စ၊ ဥပက္ကိလေသတို့သည်လည်းကောင်း။ ဝါ၊ ဥပက္ကိလေသတို့ဖြင့်လည်းကောင်း။ ကိလိဋ္ဌစိတ္တာနံ၊ ပူပန်စေအပ် နှိပ်စက်အပ်သော စိတ်ရှိကြကုန်သော(ဝါ)ညစ်နွမ်းသော စိတ်ရှိကြကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ဝိသုဒ္ဓတ္ထာယ၊ စင်ကြယ်ခြင်းအကျိုးငှာ။ ကောယနော၊ တခုတည်းသာဖြစ်သော ဝိပဿနာမဂ်ပါပေတည်း။

နိုင်ငံတော် သီးခြားဝိနည်းခိုရ် ဆရာတော်မြတ်ကြီးများဘုရား—

အထက်ပါ ပါဠိအဋ္ဌကထာအရ အာနာပါနပဗ္ဗစသော ကမ္မဋ္ဌာန်းအကျင့်လမ်းသည် ရာဂအစရှိသော အညစ်အကြေးတို့ဖြင့် ညစ်ထေးနေကြသော ပုထုဇဉ်နေယျစသော ပုဂ္ဂိုလ်တွေ၊ အဘိဇ္ဈာဝိသမလောဘ စသည်တို့၏ အနှိပ်စက်ခံနေရတဲ့ ပုထုဇဉ်နေယျစသော ပုဂ္ဂိုလ်တွေ အဘိဇ္ဈာဝိသမလောဘ ရာဂညစ်ကြေးအပြစ်ဘေးမှ ကင်းဝေးစင်ကြယ်စေခြင်းအကျိုးငှာ ကျင့်ကြံရမည့် တခုတည်းသောတရားဖြစ်နေသည်ကို အထင်ကရ တွေ့မြင်ရပါသည်ဘုရား။

ဤမျှသာမကသေးပါ၊ ဂင်္ဂါဝါဠုသဲထုမက ပွင့်ကြကုန်ပြီးသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်လည်းကောင်း ပစ္စေကဗုဒ္ဓါသခင် အရှင်မြတ်တို့သည်လည်းကောင်း အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိသာဝက ဂဏန်းချ၍မရနိုင်ကုန်သော ရဟန္တာအလုံးစုံတို့သည်လည်းကောင်း ဤသတိပဋ္ဌာန်တည်းဟူသော မဂ်ရေအေးဖြင့် စိတ်အညစ်အကြေးကို ဆေးကြောသုတ်သင်လျက်မြတ်သောနိဗ္ဗာန်သို့ ဝင်တော်မူကြပြီးဖြစ်ကြောင်းကို ဒီဃနိကာယ် အဋ္ဌကထာ စာမျက်နှာ(၃၃၇)၌—

တထာဟိ ဣမိနာဝ မဂ္ဂေန ဣတော သတသဟဿကပ္ပာဓိကာနံ စတုန္နံ အသင်္ချေယျာနံ ဥပရိ ဧကသ္မိံ ယေဝ ကပ္ပေ နိဗ္ဗတ္တေ တဏှင်္ကရ-

> မေစက်ရ သရဏက်ရ ဒီပင်္ကရနာမကေ ဗုဒ္ဓေ အာဒိံ ကတွာ သကျမုနိ-ပရိယောသာနာ အနေကေ သမ္မာသမ္ဗုဒ္ဓါ အနေကသတာ ပစ္စေကဗုဒ္ဓါ ဂဏနပထံ ဝီတိဝတ္တာ အရိယသာဝကာစာတိ ဣမေ သတ္တာ သဗ္ဗေ စိတ္တမလံ ပဝါဟေတွာ ပရမဝိသုဒ္ဓိံ ပတ္တာ။

ဟု ဆိုခဲ့ပါသည်ဘုရား။

မြန်မာပြန်

ထိုကြောင့်ပင် မဟုတ်ပါလော၊ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေသည်ရှိသော် ကမ္ဘာတသိန်းအလွန်ရှိသော လေးသင်္ချေထက်၌ ကမ္ဘာတခုတည်း၌ ပွင့်တော်မူကြကုန်သော တဏှင်္ကရ မေဓင်္ကရ သရဏင်္ကရ ဒီပင်္ကရ အမည်ရှိကြကုန်သော ဘုရားသခင်တို့ကို အစထား၍ သကျနွယ်ဖွား အကျွန်ုပ်တို့၏ ဂေါတမမြတ်စွာဘုရားလျှင် အဆုံးရှိကုန်သော တပါးမက များလှဘိတောင်း ဘုရားရှင်အပေါင်းတို့သည်လည်းကောင်း ရာပေါင်းများစွာသော ပစ္စေကဗုဒ္ဓါတို့သည်လည်းကောင်း ဂဏန်းလမ်းကိုလွန်ကုန်သော အရိယာသာဝကတို့သည်လည်းကောင်း ဤသို့ ခပ်သိမ်းကုန်သော ဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကတို့သည် ဤသတိပဋ္ဌာန်တည်းဟူသော ခရီးဖြင့် စိတ်အညစ်အကြေးကို ဆေးကြောမျှောကြကုန်၍ မြတ်သောနိဗ္ဗာန်သို့ ရောက်တော်မူကြပါကုန်ပြီ။

ဤပြဆိုခဲ့ပြီးသော သတ္တာနံ ဝိသုဒ္ဓိယာ–ဟူသော ပါဠိတော် ၎င်း၏အဖွင့် အဋ္ဌကထာစကားရပ်ဖြင့် အာနာပါနပဗ္ဗစသည်ကို ပုထုဇဉ်များလည်း ပွားများနိုင်ကြောင်း ထင်ရှားလှပါပြီဘုရား၊ ထင်ရှားသည်ထက် ထင်ရှားအောင် လျှောက်ထားပါဦးမည်ဘုရား။

သောကပရိဒေဝါနံ သမတိက္ကမာယ—ဟူသော ပါဠိတော်နှင့် ၎င်းပါဠိတော် အဖွင့် အဋ္ဌကထာ၌—

> သောကပရိဒေဝါနံ သမတိက္ကမာယာတိ၊ သောကဿ စ ပရိဒေဝဿ စ သမတိက္ကမာယ ပဟာနာယာတိ အတ္ထော၊ အယဉ္ဟိ မဂ္ဂေါ ဘာဝိတော သန္တတိမဟာမတ္တာဒီနံ ဝိယ သောကဿ သမတိက္ကမာယ ပဋာစာရိနံ ဝိယ ပရိဒေဝသမတိက္ကမာယ သံဝတ္တတိ။

ဟု ဖွင့်ဆိုခဲ့ပါသည်ဘုရား။

မြန်မာပြန်

သောကပရိဒေဝါနံ သမတိက္ကမာယ-ဟူသည်ကား စိုးရိမ်ပူဆွေးခြင်းဟူသော ဒေါမနဿကိုလည်းကောင်း ငိုကြွေးမြည်တမ်းခြင်းဟူသော စိတ္တဝိပ္ပလ္လာသ သဒ္ဒကိုလည်းကောင်း လွန်မြောက်ခြင်းငှာ ပယ်ခြင်းငှာ တခုတည်းသော

ဝိပဿနာမဂ်တည်း၊ ဤကား ဖွင့်ဆိုအပ်သော အနက်တည်း။ ထင်ရှားစေဦးအံ့။ ဤသတိပဋ္ဌာန်တည်းဟူသော ဝိပဿနာမဂ်ကို ပွားစေအပ်သည်ရှိသော် သန္တတိအမတ်ကြီး အစရှိသူတို့အား သောကလွန်မြောက်ခြင်းငှာ ဖြစ်သကဲ့သို့ ပဋာစာရီစသူတို့အား ပရိဒေဝကို လွန်မြောက်ခြင်းငှာ ဖြစ်သကဲ့သို့ သောကပရိဒေဝတို့ကို လွန်မြောက်ခြင်းငှာ ဖြစ်၏၊

နိုင်ငံဘော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား—

သန္တတိအမတ် ပဋာစာရီတို့သည် ဘုရားနှင့်မတွေ့ခင်က အနာဂါမ်ရဟန္တာဖြစ်ပြီးသူများ မဟုတ်ကြပါ၊ ဘုရားနှင့်တွေ့ပြီးနောက်မှ ဤသတိပဋ္ဌာန်တည်းဟူသော မဂ်ကိုပွား၍ အရိယာများဖြစ်ကုန်ကြပါသည်ဘုရား။ သန္တတိအမတ်သည် ဥဂ္ဃဋိတညူပုဂ္ဂိုလ်ဖြစ်ခြင်းကြောင့် လေးမဂ် လေးဖိုလ် လျင်စွာရသွားခဲ့ရကား သတိပဋ္ဌာန်ပွားချိန်မရှိဟု ထင်မှားမည်စိုးသောကြောင့် အဋ္ဌကထာဆရာက—

ယသ္မာ ပန ကာယဝေဒနာ စိတ္တဓမ္မေသု ကိဉ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ၊ တသ္မာ တေပိ ဣမိနာဝ မဂ္ဂေန သောကပရိဒေဝ သမတိက္ကန္တာတိ ဝေဒိတဗ္ဗာ။ (ဒီ၊ဋ္ဌ၊၂။၃၃၉။)

ဟူ၍ မိန့်ဆိုခဲ့ပါသည်ဘုရား။

မြန်မာပြန်

သန္တတိအမတ်သည်“ယံ ပုဗ္ဗေ တံ ဝိသောဓေဟိ”အစရှိသောဂါထာကို ကြားနာပြီး၍သာလျှင် ပဋိသမ္ဘိဒါနှင့် တကွ အရဟတ္တဖိုလ်သို့ရောက်ခဲ့သည်မှန်သော်လည်း ပဋာစာရီသည်“န သန္တိ ပုတ္တာ တာဏာယ”အစရှိသော ဂါထာကို ကြားနာပြီး၍သာလျှင် သောတာပတ္တိဖိုလ်၌ တည်ခဲ့သည်မှန်သော်လည်း ကာယာနုပဿနာသတိပဋ္ဌာန်, ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန် ဟု သတိပဋ္ဌာန်လေးပါးတို့တွင် တပါးပါးကို မသုံးသပ်မူ၍ မဂ်ကို ပွားစေခြင်းမည်သည် မရှိ။

အထက်ပါ အဋ္ဌကထာစကားအရ အာနာပါန စသော သတိပဋ္ဌာန်တရားကို မပွားမူ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန် ရသူဟူ၍ တလူမျှမရှိဟု ကောက်ချက်ချနိုင်ပါသည်ဘုရား။

တဖန်—

ဒုက္ခဒေါမနဿာနံ အတ္ထင်္ဂမာယာတိ ကာယိကဒုက္ခဿ စေတသိကဒေါမနဿဿာ စာတိ ဣမေသံ ဒွိန္နံ အတ္ထင်္ဂမာယ နိရောဓာယာတိ အတ္ထော၊

> အယဉ္စ ိ မဂ္ဂေါ ဘာဝိတော တိဿန္တေနာဒိနံ ဝိယ ဒုက္ခဿ သက္ကာဒိနံ ဝိယ စ ဒေါမနဿဿ အတ္ထင်္ဂမာယ သံဝတ္တတိ။ (ဒီ၊ ဋ္ဌ၊ ၂၊ ၃၃၉)

ဟူ၍ ဖွင့်ဆိုထားသည်။

မြန်မာပြန်

ကာယိကဒုက္ခဝေဒနာ စေတသိကဒုက္ခဝေဒနာ ဤနှစ်မြာတို့ ချုပ်ခြင်းငှာ တကြောင်းတည်းသော ခရီး,တခုတည်းသော ဝိပဿနာမဂ်ပါတည်း၊ ထင်ရှား အောင် ဆိုပါမည်။ ဤအာနာပါန စသော သတိပဋ္ဌာန်မဂ်ကို ပွားသည်ရှိသော် တိဿမထေရ်စသူတို့အား ကာယိဒုက္ခဝေဒနာချုပ်ခြင်းငှာ ဖြစ်သကဲ့သို့လည်း ကောင်း၊ သိကြားစသူတို့အား ဒေါမနဿဝေဒနာချုပ်ခြင်းငှာ ဖြစ်သကဲ့သို့လည်း ကောင်း၊ ထိုအတူ ကာယိဒုက္ခ စေတသိကဒုက္ခတို့ ချုပ်ခြင်းငှာ ဖြစ်ပါပေ၏။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား–

အထက်ပါ အဋ္ဌကထာဖွင့်ဆိုချက်တွင် ပါဝင်သော တိဿမထေရ်, သိကြား မင်း ကိုမာရတို့ သတိပဋ္ဌာန် ၎ ရား မပွားရခင်တုန်းက ပုထုဇဉ်များသာ ဖြစ်ကြ ပါသည်ဘုရား၊သို့ပါ၍ အာနာပါနသတိပဋ္ဌာန်ကို ပုထုဇဉ်များလည်း ပွား.များနိုင် ကြောင်း ကောင်းစွာ ခိုင်လုံသော အထောက်အထားများ ဖြစ်ပါသည်ဘုရား။

တဖန်—

> ဉာယဿ အဓိဂမာယာတိ ဉာယော ဝုစ္စတိ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ၊ တဿ အဓိဂမာယ၊ပတ္တိယာတိ ဝုတ္တံ ဟောတိ။ အယဉ္စိ ပုဗ္ဗဘာဂေ လောကိယော သတိပဋ္ဌာနမဂ္ဂေါ ဘာဝိတော လောကုတ္တရမဂ္ဂဿ အဓိ-ဂမာယ သံဝတ္တတိ။ (ဒီ၊ဋ္ဌ၊ ၂။၃၄၂)

ဟူ၍ ဖွင့်ဆိုထားပါသည်။

မြန်မာပြန်

ဉာယဿ အဓိဂမာယ ဟူသော ပါဠိတော်၌ အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ကို ဉာယဟူ၍ ဆိုအပ်၏၊ ထိုဉာယဟု ဆိုအပ်သော အရိယာမဂ်ကို ရခြင်းငှာ ရောက် ခြင်းငှာ တကြောင်းတည်းသော ခရီး, တခုတည်းသော ဝိပဿနာမဂ်ပါပေ တည်းဟု ဆိုလိုပါသည်၊ ထင်ရှားစေဦးအံ့–

မဂ်၏ရှေ့အဖို့၌ဖြစ်သော ဤသတိပဋ္ဌာန်တည်းဟူသော လောကီဝိပဿနာမဂ် ကို ပွားသည်ရှိသော် လောကုတ္တရာမဂ်ကို ရခြင်းငှာ ဖြစ်၏။

ဤအထက်ပါ အဖွင့် အဋ္ဌကထာစကားအရ အာနာပါနပဗ္ဗ စသော သတိပဋ္ဌာန်တည်းဟူသော မဂ်သည် ပုထုဇဉ်သန္တာန်မှာလည်း ဖြစ်နိုင်သော ဝိပဿနာမဂ်သာဖြစ်ကြောင်း ကောင်းကောင်းကြီးထင်ရှားပါသည်ဘုရား။

ဥာယသ အဓိဂမာဟူသော ပါဠိတော်ဖြင့် အာနာပါနစသော သတိပဋ္ဌာန်ကို ကလျာဏပုထုဇဥ်များလည်း ပွားများကြသည်ဟု မြတ်စွာဘုရားကိုယ်တော်တိုင် ညွှန်ပြထားပြီးဖြစ်သဖြင့် ထင်ရှားလောက်ပြီးဖြစ်သော်လည်း ပိုမိုခိုင်မာစေရန် သာဓကတခု ထုတ်ပြပါဦးမည်ဘုရား၊ ပဋိသမ္ဘိဒါမဂ်ပါဠိ ဒုတိယအုပ်စာမျက်နှာ၊ (၁၃၄)၌—

ဘိက္ခူတိ ပုထုဇ္ဇနကလျာဏကော ဝါ ဟောတိ ဘိက္ခု သေက္ခော ဝါ အရဟာ ဝါ အကုပ္ပဓမ္မော ဘိက္ခု ဟု ဖွင့်ဆိုထားပါသည်။

မြန်မာပြန်

ဘိက္ခုဟူသည် ကလျာဏပုထုဇဥ်ဖြစ်စေ၊ သေက္ခဖြစ်စေ ဘိက္ခုပင်ဖြစ်၏။

နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား—

ဤအထက်ပါ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်စကားအရ အာနာပါနပဗ္ဗ စသော ကမ္မဋ္ဌာန်းကို ကြိုးပမ်းအားထုတ်ရမည့် ယောဂါဝစရပုဂ္ဂိုလ်ဟူသည် ကလျာဏ ပုထုဇဥ်သေက္ခပုဂ္ဂိုလ်များဟုပြဆိုထားပါလျက် အာနာပါန စသော ကမ္မဋ္ဌာန်း လမ်းစဥ်များကို ပုထုဇဥ်သေက္ခတို့၏ အရာမဟုတ်ဟုဆိုသော ကျောက်ပုံဝါဒ ကျောက်ပုံဝါဒီတို့သည် အဝမ္မဝါဒ အဓမ္မဝါဒီတို့သာဖြစ်ကြောင်း လျှောက်ထား ပါသည်ဘုရား။

---

## စောဒနာ အမှတ် (၃)

### ဣရိယာပထပဗ္ဗကမ္မဋ္ဌာန်းကို ပုထုဇဥ်များ မပွားထိုက်ဟုဆိုသော ရေးသားချက်နှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။

အမှတ် (၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင့်မြတ်များဘုရား—

ကျောက်ပုံဝါဒီတို့သည် မဟာသတိပဋ္ဌာနသုတ်၌ ဂစ္ဆန္တော ဝါ ဂစ္ဆာမိတိ- ပဇာနာတိ ဟူ၍ မြတ်စွာဘုရား ဟောကြားအပ်သော ဣရိယာပထပဗ္ဗကမ္မ- ဋ္ဌာန်းကို ပုထုဇဥ်နေယျပုဂ္ဂိုလ်များ မပွားများထိုက်ကြောင်း အောက်ပါ အတိုင်း ရေးသားထားပါသည်ဘုရား။

ဣရိယာပထပဗ္ဗစသော ကမ္မဋ္ဌာန်းလမ်းများကို အနာဂါမိမဂ် အရဟတ္တမဂ်ဆိုက်ပြီးသော ပုဂ္ဂိုလ်တို့သာ မျက်မှောက်ချမ်းသာအလို့ငှာ

ပွားများအပ် ပွားများထိုက်သော၊ဝါ–ကလျာဏကျပ်ပြည့် နေယျပုဂ္ဂိုလ်
**သည်ပင်** မပွားများအပ် မကျင့်အပ် မပွားများထိုက် မကျင့်ထိုက်—

ဟုရေးသားထားပါသည်ဘုရား။

နိုင်ငံတော် သီးခြား ဝိနည်းခိုရ် ဆရာတော် အရှင်သူမြတ်များဘုရား—

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ဣရိယာပထပဗ္ဗကိုလည်း သတိ-ပဋ္ဌာန်ဒေသနာတော် ကာယာနုပဿနာ သတိပဋ္ဌာန် အခန်း၌ တပိုင်းတခန်း အနေဖြင့် ထည့်သွင်း၍ ဟောတော်မူခဲ့ပါသည်ဘုရား၊ ယခင်အမှတ် (၂) စော ဒနာတွင် လျှောက်ဆိုပြီးသည့်အတိုင်း သတိပဋ္ဌာန်တရားလေးပါးတို့ကို ကလျာဏ ပုထုဇဉ်မှစ၍ ရဟန္တာအရှင်မြတ်ကြီးများတိုင်အောင် ပွားများအားထုတ်နိုင် သော ကမ္မဋ္ဌာန်းလမ်းစဉ်များ ဖြစ်ပါသည်ဘုရား၊ မြတ်စွာဘုရားက ဣရိယာ-ပထပဗ္ဗကို သိမ်းဆည်းသော ယောဂီအား အရဟတ္တဖိုလ်ထိ ရောက်နိုင်ကြောင်း ကို စတုသစ္စဒေသနာ အထွတ်တင်ကာ ဟောတော်မူခဲ့ပါသည်ဘုရား၊ ထို့ကြောင့် ပင် အဋ္ဌကထာ ဆရာက—

> ဣဓာပိ စတုဣရိယာပထပရိဂ္ဂါဟိကာ သတိ ဒုက္ခသစ္စံ၊ တဿာ သမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ၊ ဉဘိန္နံ အပ္ပဝတ္တိ နိရောဓ-သစ္စံ၊ ဒုက္ခပရိဇာနနော သမုဒယပဇဟနော နိရောဓာရမ္မဏော အရိယ-မဂ္ဂေါ မဂ္ဂသစ္စံ။ ဧဝံ စတုသစ္စဝသေန ဥဿက္ကိတွာ နိဗ္ဗုတိံ ပါပုဏာ-တီတိ ဣဒမေကဿ စတုဣရိယာပထပရိဂ္ဂါဟကဿ ဘိက္ခုနော ယာဝ **အရဟတ္တာ** နိယျာနမုခံ။ (ဒီ၊ဋ္ဌ၊၂၊၃၅၉)

ဟူ၍ ဖွင့်ဆိုခဲ့ပါသည်ဘုရား။

**မြန်မာပြန်**

ဤဣရိယာပထပဗ္ဗ၌လည်း ဣရိယာပုထ် **လေးပါး**ကို ပိုင်းခြားယူတတ်သော သတိသည် ဒုက္ခသစ္စာမည်၏၊ ထိုသတိကို ဖြစ်စေတတ်သော ရှေးဘဝ၌ ဖြစ် သောတဏှာသည် သမုဒယသစ္စာမည်၏၊ ဒုက္ခသမုဒယ နှစ်ဝသောသစ္စာတို့၏ မဖြစ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ဒုက္ခကိုပိုင်းခြား သိတတ်သော သမု-ဒယကို ပယ်တတ်သော နိဗ္ဗာန်ဟူသော အာရုံရှိသော အရိယာမဂ်သည် မဂ္ဂ-သစ္စာမည်၏။

ဤသို့ စတုသစ္စကမ္မဋ္ဌာန်း**၏ အစွမ်း**ဖြင့် အားထုတ်၍ ကိလေသာ ငြိမ်းအေး ရာ နိဗ္ဗာန်သို့ ရောက်နိုင်၏၊ ဤဣရိယာပထကမ္မဋ္ဌာန်းသည် ဣရိယာပုထ်လေး ပါးကို ပိုင်းခြားမှတ်သား ရှုပွားသော ယောဂီတယောက်၏ အရဟတ္တဖိုလ် တိုင် အောင် သံသရာ ဝဋ်ဆင်းရဲမှ ထုတ်ဆောင်သွားခြင်း**၏** အကြောင်းတည်း။

ဤအထက်ပါ အဋ္ဌကထာစကားအရ ဣရိယာပထပဗ္ဗကို ပုထုဇဉ်နေယျ ပုဂ္ဂိုလ်တို့ ပွားများနိုင်သော ကမ္မဋ္ဌာန်းဖြစ်ကြောင်းနှင့် ပွားများသော နေယျ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် အရဟတ္တဖိုလ်တိုင်အောင် ရောက်နိုင်ကြောင်း ထင်ရှား ပါသည်။

•

ပဋိသမ္ဘိဒါပတ္တ ခီဏာသဝ ဖြစ်တော်မူပြီးသော ဓမ္မဒိန္နာမထေရ်သည် ဝါဠဂုက်ရ အရပ်မှာ သီတင်းသုံးလျက်ရှိ၏၊ သံဃာတော်အပေါင်းအား ဩဝါဒပေး တော်မူတတ်သော ဩဝါဒါစရိယ တပါးလည်းဖြစ်ပေသည်။ ဓမ္မဒိန္နာမထေရ် သည် တနေ့သ၌ နေ့သန့်စင်ရာတွင် သီတင်းသုံးတော်မူရင်းက ဥစ္စာဝါဠဂုက်မှာ သီတင်းသုံးတော်မူသော ဆရာဖြစ်သူ မဟာနာဂ မထေရ်အကြောင်းကို စဉ်းစား တော်မူမိသည်။ ပဋိသမ္ဘိဒါပတ္တခီဏာသဝရဟန္တာကြီးအဖြစ်သို့ ရောက်သည် တိုင်အောင် နည်းညွှန်လမ်းပြ ဆုံးမတော်မူခဲ့သော ဆရာ့၏ ကျေးဇူးတရားကား ကြီးမားပါပေစွ၊ ကျေးဇူးရှင် ဆရာသမားသည် ရဟန်းကိစ္စအားလုံး ပြီးဆုံးလေ ပြီလား မပြီးဆုံးသေးပဲများ ရှိနေရောသလားဟု စဉ်းစား ဆင်ခြင်တော်မူ သောအခါမှာ ဆရာဖြစ်သူသည် ရဟန်းကိစ္စမပြီးဆုံးရုံတွင်မက အဝိမာနဝင်၍ ကိုယ့်ကိုယ်ကို ရဟန္တာမဟုတ်ပဲလျက် ရဟန္တာဟု အထင်ရောက်၍ နေရှာသည်ကို တွေ့ရသောအခါ သနားကရုဏာ သက်တော်မူသွားသည်၊ ငါသာမကယ်လျှင် ဖြင့် ဆရာအရှင်သည် ပုထုဇဉ်တို့၏ သေခြင်းမျိုးဖြင့် အရိုးစွန့်ရပေတော့မည် တကား၊ ဓမ္မဒိန္နာမထေရ်သည် လျင်မြန်စွာ တန်ခိုးအဘိညာဉ်ဖြင့် ထက်ကောင်း ကင်ဆီသို့ ကြွချီတော်မူခဲ့သည်၊ ဆရာ၏ အနီးသို့ ရောက်သောအခါ မြေမှာသက် ဆင်း၍ ဆရာ့၏ ခြေတော်ရင်းတွင် ဝပ်စင်း ဖူးမြော်လိုက်သည်။

မဟာနာဂ—အချိန်အခါမဲ့ ဘာကိစ္စလာခဲ့သလဲ၊

ဓမ္မဒိန္နာ – ပြဿနာများ မေးမြန်းလျှောက်ထားလို၍ လာခဲ့ပါသည် အရှင်ဘုရား။

မဟာနာဂ—မေးပါပေါ့ သိလျှင်လဲ ဖြေရပါပေါ့၊

ထိုကဲ့သို့ဆရာ၏ ခွင့်ပြုချက်ရယူပြီးသော ဓမ္မဒိန္နာမထေရ်သည် ခက်ခဲ နက်နဲ သော ပြဿနာပေါင်း တထောင်လောက်ကို ဆက်တိုက် မေးမြန်းလိုက်သည်။ ပဋိသမ္ဘိဒါပတ္တ ခီဏာသဝဖြစ်တော်မူသော ရဟန္တာ အရှင်ဓမ္မဒိန္နာ၏ မေးခွန်း များကို ပုထုဇဉ် အဝိမာနဝင်နေသော ဆရာဖြစ်သူ မဟာနာဂမထေရ်အရှင် သည် အနည်းငယ်မျှ တုံ့ဆိုင်းခြင်းမရှိပဲ မေးမြန်းတိုင်းသော ပြဿနာ၏ အဖြေမှန်ကို လျင်မြန်စွာ ပေးတော်မူခဲ့သည်။

ဓမ္မဒိန္နာ—ဆရာတော်ဘုရား၏ ဉာဏ်ပညာသည် လွန်စွာထက်မြက်လှပါ
သည်ဘုရား၊ ဘယ်အခါကစ၍ ဉာဏအဖူး တရားထူးကို ရခဲ့ပါ
သနည်း အရှင်ဘုရား။

မဟာနာဂ—လွန်ခဲ့သောနှစ်ပေါင်း ခြောက်ဆယ်လောက်က ရခဲ့သည် ငါ့
ရှင်ဟု ပြေဆိုတော်မူခဲ့သည်။

ဓမ္မဒိန္နာ – အရှင်ဘုရားတို့ သမာဓိကို သုံးဆောင်တော် မူနိုင်ပါ
သလား၊

မဟာနာဂ– မခဲယဉ်းလှပါငါ့ရှင်။

ဓမ္မဒိန္နာ – မခဲယဉ်းဘူး ဆိုလျှင် ဆင်ကြီး တကောင်လောက်
ဖန်ဆင်း၍ ပြတော်မူပါဘုရား။

မဟာနာဂမထေရ်သည် ဆင်ဖြူတော်ကြီးတကောင်ကို လျင်မြန်စွာ ဖန်ဆင်းတော် မူလိုက်သည်။

ဓမ္မဒိန္နာ – အရှင်ဘုရား၊ ဤဆင်ကြီးကို အမြီးကိုပင့် နားကိုစွင့်
ကာ နှာမောင်းကို ခံတွင်းသို့သွင်းလျက် အရှင်ဘုရား
တို့ ရှိရာဘက်သို့ ရှေးရှုပြေးလာစေတော်မူပါဘုရား။

မဟာနာဂမထေရ်သည် ဓမ္မဒိန္နာ လျှောက်ထားသည့်အတိုင်း ဖန်ဆင်းတော် မူပြီးလျှင် မိမိဖန်ဆင်းသောဆင်၏ ကြောက်စရာအသွင်ကိုမြင်ရသောအခါ ထ၍ ပြေးရန် ကြိုးစားတော်မူခဲ့ပါသည်။

တပည့်ဖြစ်သူ ဓမ္မဒိန္နာမထေရ်က သင်္ကန်းဘောင်စွန်းကိုဖမ်းဆွဲကာ –

ဓမ္မဒိန္နာ–အရှင်ဘုရား၊ ရဟန္တာကြီးမှာ ကြောက်စိတ်ရှိပါသေးသလားဟု၍ မေးမြန်းလိုက်သောအခါ ဆရာဖြစ်သူ မဟာနာဂမထေရ်သည် မိမိ၏ပုထုဇဉ် အဖြစ်ကိုသိရ၍ ဓမ္မဒိန္နာတပည့်ငယ်၏ ခြေရင်းမှာ ဝင်စင်းရှိခိုးလျက် ငါ့ရှင် သင်သည် ငါ၏ကိုးကွယ်ရာဖြစ်ပါလေ့ဟု လျှောက်ထားလိုက်သည်။

ထိုအခါ ဓမ္မဒိန္နာမထေရ်က အရှင်ဘုရား စိုးရိမ်တော်မမူပါနှင့် ဤအတွက်ပင် တပည့်တော်လာခဲ့ပါသည် ဟု လျှောက်ထားကာ ကမ္မဋ္ဌာန်းတရားဟောကြား ခဲ့ပါသည်။

တိက္ခဂမ္ဘီရ ဇေနဉာဏ်ရှင်ပီပီ ဤရိယာပထပဗ္ဗ ကမ္မဋ္ဌာန်းကို စီးဖြန်းနှလုံးမှတ် ရင်း စင်္ကြံနိလမ်းသို့တက်လှမ်းတော်မူခဲ့ရာ သုံးခုမြောက်ဖြစ်သော တတိယခြေ လှမ်းလောက် အရောက်တွင် အရဟတ္တဖိုလ်သို့ လျင်မြန်စွာ ပေါက်တော်မူခဲ့ ပါသည်။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်များ ဘုရား—

ဤအထက်ပါ ဝတ္ထုသာကေတွင် အရှင်မဟာနာဂမထေရ်သည် ပုထုဇဉ် အဖြစ်ဖြင့် ဣရိယာပထပဗ္ဗကမ္မဋ္ဌာန်းကို စီးဖြန်းပွားများခြင်းကြောင့် ရဟန္တာ ဖြစ်တော်မူခဲ့ရပါသည်ဘုရား။

အထက်ပါအထောက်အထားဖြင့်ပင်လျှင် ဣရိယာပထပဗ္ဗစသော သတိပဋ္ဌာန် တရားတို့ကို ပုထုဇဉ်များလည်း အားထုတ်သင့်ကြောင်း ထင်ရှားပြီဖြစ်၍ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ပရိယတ္တိနှင့်ညီညွတ်သော ပဋိပတ္တိအားထုတ်မှုကို အဟန့်အတား အနှောင့်အရှက်ပြုလုပ်သော ကျောက်ပုံဝါဒ ကျောက်ပုံဝါဒီတို့ကို အဓမ္မဝါဒ အဓမ္မဝါဒီများဖြစ်ကြောင်း ဆုံးဖြတ်ချက် ချပေးတော်မူကြပါဘုရား။

---

## စောဒနာ အမှတ်(၄)

**ကျောက်ပုံ တောရဝါဒီတို့၏ ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ "ဖြစ်ပျက်" သဘောမှန်ကို "ပျက်ဖြစ်"ဟုလည်းကောင်း၊ ဘုရားဟော ဒေသနာအမှန်ရှိသည်ကို ဘုရားမဟော ခဲ့ပါဘူးဟုလည်းကောင်း ရေးသားဟောပြောမှုနှင့် ပတ်သက်၍ စောဒနာချက် ပါဘုရား။**

အမှတ်(၄) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်တို့ဘုရား—

ကျောက်ပုံတောရဝါဒီတို့သည် သူတို့၏ဝါဒရေးရာတိုင်း၌ ဘယ်အရာမျိုးမဆို ဘုရားဟောဒေသနာနှင့် ဆန့်ကျင်ရန်ကျော့နပ်ကြသည့် ဓမ္မတာသဘာဝအတိုင်း မြတ်စွာဘုရား ဟောထားခဲ့သည့် ရုပ်နာမ်တို့၏ "ဖြစ်ပျက်" သဘောမှန်ကို မိမိတို့ မနော‌ညာဏ်ဖြင့် သွေလှန်ဆန့်ကျင်ပြီး "ပျက်ဖြစ်" ဟုရေးသားဟောပြောနေကြ ပါသည်၊ ၎င်းတို့ရေးသားဟောပြောချက်များကို သက်သေခံအဖြစ် တင်ပြ လျှောက်ထားပါမည်ဘုရား။

(ဆိုလိုရင်းမှာ) ဖြစ်ပျက်လို့ အချိုကဆိုထားရာတွင် စဉ်းစားကြည့် လျှင် ဖြစ်ပြီးကပျက်၏၊ တဖန်ပျက်ပြီးက ဖြစ်ပြန်၏၊ ဤလိုအတိုင်းသာ ဖြစ်ရှိနေတာကို သံသရာလည်သည်ဟုဆို၏၊ ထို့ကြောင့် ဖြစ်ပျက်လို့မဆုံး နိုင်သော သံသရာနယ်ကြောမှာ မမြောမနစ်ဖို့ရာအတွက် ပျက်ဖြစ် ၃-မျိုးကိုသာ နားလည်ဖို့ရာ အရေးကြီးနေပါသဖြင့် ထုတ်ဖော်၍ ရှင်လင်းပြပေအံ့။

ရုပ်နာမ်နယ်က ဖြစ်ပျက်ကိုဖယ်ထား၍ ကမ္မဋ္ဌာန်း ဝိပဿနာအလိုအရ ပျက်ဖြစ်ကို ပြလိုသည်မှာ အပျက်ဖြစ်လို့ ဆိုထားရာ၌ ရုပ်နာမ်လို့ သမုတ်ခံရသော သဘောတရား အရပ်ရပ်တို့ကို စမ်းသပ်ကြည့်ရာ

မည့်သည့်ရုပ်နာမ်မဆိုချေ၊ တခုထဲအလိုအရနှင့် ခဏသော်မှဖြစ်ရှိနိုင်ရမည့်၊ အားအစွမ်းမှာ အဘယ်အခါမဆို ကုန်ခန်း ပျောက်ပျက် နေသည့်အတွက်ကို အပျက်စစ်လို့ဆိုပါသည်။ အဖြစ်ဆိုသည်မှာ ယခုဆိုချက်အရဖြစ်ရှိနိုင်ရမဲ့အားအစွမ်း ကုန်ခန်းပျောက်ပျက်နေသော သဘောတရားတွေ အသချေ်အနန္တများပြားစွာ ရှိနေမှုအရ မလွန်ဆန်နိုင်ကြသဖြင့် တခုနှင့်တခု တစုနှင့်တစု တွေ့ဆုံမှု ဖြစ်ရုံမျှကို အဖြစ်လို့ခေါ် ၏၊ အဖြစ်စစ်လဲခေါ် ၏။

(ကမ္မဝါဒဝိပဿနာမဂ္ဂဇင်း-၁၉၆၂ခု ဇူလိုင်လထုတ်၊ နှာ-၂၀၊ ၂၂)

ဒီဘောပေါ်မှာ စိတ် ၆-လုံးတည်ပြီး ပဘ်ခန်းကျင် ပစ္စယဘုရားတွေကစစ်ကြည့်လိုက်တော့ ကိုယ်တိုင်ဖြစ်နိုင်တဲ့ အတ္တသတ္တ အပျက်တွေချည်းပဲ တွေ့ရတယ်၊ အတ္တအပျက်လို့ နံပါတ် ၁-မှတ်လိုက်၊ အဲဒီ အတ္တပျက်နေတာတွေဟာ အကုန်လုံး အနတ္တတွေသာဖြစ်တယ်လို့ အဲဒီလို နာမည်တပ်လိုက်တော့ ကျွန်တော်တို့တတွေ တွေ့ဒါက ပျက်ဖြစ်ပါ၊ ဟုတ်ပါတယ် ဆရာ-သူတို့က မှတ်ထား ဒါက ဖြစ်ပျက်မှတ်ထားတယ်၊ မရှိဘူးလား-ရှိပါတယ်၊ဒီလောက်ပဲကွာတယ်၊အများကြီးမဟုတ်ဘူး၊သူတို့ဘက်က ဖြစ်ပျက် ကျွန်တော်တို့ဘက်က "ပျက်ဖြစ်"ဘာပျက်လို့ ဘာဖြစ်သလဲလို့ မေးလိုက်တော့မှ ကိုယ်ပိုင်ဖြစ်နိုင်တဲ့ အတ္တတွေပျက်ပြီး အနတ္တတွေ ဖြစ်နေတယ်။

(၁၃၄၀-ခု၊ ဇောင်းတန်းကျေးရွာတရားပွဲ၊ ပုသိမ်ဆရာညွန့်)

ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား–

ကျောက်ပုံတောရဝါဒီတို့သည် ဝိနည်း သုတ္တန် အဘိဓမ္မာ ပိဋကတ်သုံးဖြာကို ကောင်းစွာလှလှ ကျကျနန မတတ်ကြပါပဲလျက် တရားကျမ်းဂန်ဆာသံပေး၍ ပိဋကတ်ကျမ်းဂန်၌ မတတ်ကျွမ်းရှာသော လူရှင်ရဟန်းတို့အားတရားအမှန် ကျမ်းဂန်အထွက်ပဲဟု ထင်မှားကြလေအောင် တရားယောင်တရားတုတို့ကို ရေးသား၍ စာအုပ်ထုတ်ဝေခြင်းဖြင့် လည်းကောင်း၊ ထိုထို့မြို့ရွာဒေသတို့၌ ဒကာဒကာမတို့အား သင်တန်းပေးပြီး မိမိတို့၏ မိစ္ဆာဝါဒတွင်းသို့ သွတ်သွင်းခြင်းဖြင့် လည်းကောင်း သာသနာတော်ကို ဖျက်ဆီးနေကြသူများသာ ဖြစ်ကြပါသည်၊ ၎င်းတို့သည်– "ကမ္မဝါဒဝိပဿနာ"ဟု အမည်စံထားကြသော်လည်း ဝိပဿနာရှုသောအခါ ခန္ဓာ ၅-ပါးကိုရှုရမည်၊ သို့မဟုတ် ဥပါဒါနက္ခန္ဓာ ၅-ပါးကိုရှုရမည် ဆိုဒါလောက်ကိုမျှ နားမလည်ကြဘူးဆိုတာ ကျောက်ပုံဝါဒီ ပုသိမ်ဆရာညွန့်၏ အောက်ပါစကားရပ်က သက်သေခံထားပါသည်။

ခန္ဓာ ၅-ပါးပေါ် မှာစွဲတဲ့ ဥပါဒါန်ကို ပဋ္ဌုပါဒါနက္ခန္ဓာလို့ ခေါ် ပါတယ်၊ ဥပါဒါနက္ခန္ဓာသည်အကျိုး၊ ပဋ္ဌက္ခန္ဓာသည် အကြောင်းရင်းကျပါတယ်၊ အကြောင်းကိုရှုတာသာလျှင် ဘုရားဒပေါင်းနှင့်တကွ ရှေ့အိမ်မင်းများရှုသလို ရှုတာမည်တယ်၊ အကျိုးကိုရှုတာဟာ တိတ္ထိတွေရှုတာနဲ့ ခွေးရှုတာ တူတယ်၊ ခွေး....ဒါခွေးဝါဒပဲ ဒီသိုလုပ်နေတာ (တိတ်ခွေ)

(ဇောင်းတန်းကျေးရွာတရားပွဲ ခုနှစ်သက္ကရာဇ်မပါ)

အထက်ပါစကားရပ်၌ အမှားများကို ထောက်ပြရလျှင် ခန္ဓာနှင့်ဥပါဒါနက္ခန္ဓာတို့ကို အကြောင်းအကျိုး အနေအားဖြင့် ခွဲလို့မရပါ၊ လောကီလောကုတ္တရာ ရောသောခန္ဓာ လောကီသက်သက်ခန္ဓာဟုသာ ခွဲလိုက ခွဲလို့ရနိုင်ပါသည်ဘုရား။ မြတ်စွာဘုရားသည် လောကီဖြစ်စေ လောကုတ္တရာဖြစ်စေ ခန္ဓာဖွဲ့၍ရကောင်း သမျှတရားတွေကို အားလုံးသိမ်းကျုံး၍ ပြတော်မူခြင်းငှာ ခန္ဓဒေသနာကို ပထမဟောတော်မူပါသည်၊ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းသောအခါ၌ကား– လောကုတ္တရာခန္ဓာများကို အာရုံပြု၍ မစီးဖြန်းရ ဝဋ္ဋဒုက္ခတရားတွေကို အာရုံပြု၍ စီးဖြန်းမှသာ အနိစ္စ ဒုက္ခ အနတ္တသဘောထင်မြင် နိုင်ပါသည်။ လောကုတ္တရာ စိတ်စေတသိက်သည် အနိစ္စ ဒုက္ခ အနတ္တတွင်ပါဝင်သော သင်္ခါရများပင်ဖြစ်လင့်ကစား မဂ်တရားတို့က ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်း ဖိုလ်တရားတို့က ဒိဋ္ဌဓမ္မနိဗ္ဗာန်စံဖို့အကြောင်း အကောင်းချည်းဖြစ်ကြ၍ "အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုကြသော်လည်း နိဗ္ဗိန္ဒာဉာဏ်ဖြင့် ငြီးငွေ့ရန် မဖြစ်နိုင်ပါ၊ ထို့ကြောင့် ကမ္မဋ္ဌာန်းရှုရာ၌ လောကီခန္ဓာများကိုသာ အာရုံပြု၍ ရှုရပါသည်၊ ဤသို့လျှင် ယောဂီပုဂ္ဂိုလ်၏ ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းရာအခါ၌ ဝိပဿနာရှုဖို့အတွက် လောကီတရားသက်သက်ကို ခန္ဓာဖွဲ့၍ပြခြင်းငှာ ဥပါဒါနက္ခန္ဓာဒေသနာကို တဖန် ထပ်၍ ဟောတော်မူရ ပြန်ပါသည်ဘုရား။

(အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ-၂၂၉)

ဝိပဿနာရှုဖို့အတွက် လောကီတရားသက်သက်ဖြစ်သော ဥပါဒါနက္ခန္ဓာတို့ကို တဖန်ထပ်၍ မြတ်စွာဘုရားဟောကြားတော်မူခဲ့ခြင်းကြောင့် ဝိပဿနာရှုရာ၌ ကျောက်ပုံဝါဒီတို့က ဘုရားဟောဒေသနာတော်ကို ပြောင်းပြန်လှန်၍ ခန္ဓာ ၅-ပါးတို့၏ ပျက်ဖြစ်ကို ရှုကြသလို မရှုရပဲ ဥပါဒါနက္ခန္ဓာ ၅-ပါးတို့၏ ဖြစ်ပျက်ကိုသာရှုရမည်ဆိုတာ ထင်ရှားလှပါသည်။ ထိုသို့ ဥပါဒါနက္ခန္ဓာ ၅-ပါးတို့၏ ဖြစ်ပျက်ကို အဖန်ဖန်အထပ်ထပ် ရှုမှတ်ခြင်းဖြင့် ဝိပဿီဘုရားလောင်း၏ အာသဝေါကုန်ခန်း၍ ဘုရားအဖြစ်သို့ ရောက်တော်မူရပုံကို ဒီဃနိကာယ် မဟာဝါ ပါဠိတော်၌ မြတ်စွာဘုရားသည် အောက်ပါအတိုင်း ဟောတော်မူခဲ့ပါသည်။

အထ ခေါ ဘိက္ခဝေ ဝိပဿီ ဗောဓိသတ္တော အပရေန သမယေန ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ ဝိဟာသိ "ဣတိ ရူပံ ဣတိ-ရူပဿ သမုဒယော ဣတိ ရူပဿ အတ္ထင်္ဂမော၊ ဣတိ ဝေဒနာ ဣတိ ဝေဒနာယ သမုဒယော ဣတိ ဝေဒနာယ အတ္ထင်္ဂမော၊ဣတိ သညာ ဣတိ သညာယ သမုဒယော ဣတိ သညာယ အတ္ထင်္ဂမော၊ဣတိ သင်္ခါရာ၊ ဣတိ သင်္ခါရာနံ သမုဒယော ဣတိ သင်္ခါရာနံ အတ္ထင်္ဂမော၊ဣတိ ဝိညာဏံ၊ဣတိ-ဝိညာဏဿ သမုဒယော ဣတိ ဝိညာဏဿ အတ္ထင်္ဂမော"တိ တဿ ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿိနော ဝိဟရတော န စိရဿေဝ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။ (ဒီ၊၂၊၃၀)

ပြန်မာပြန်

ရဟန်းတို့ ထိုအခါ နောက်ပိုင်းအချိန်၌ ဝိပဿီဘုရားလောင်းသည် စွဲလမ်းရာဖြစ်သော ဥပါဒါနက္ခန္ဓာ ၅-ပါးတို့၌ အဖြစ်အပျက်ကို ရှုလျက်နေ၏။ ဤကား ရုပ်၊ ဤကား ရုပ်၏ဖြစ်ခြင်း၊ ဤကားရုပ်၏ ချုပ်ခြင်း၊ ဤကား ခံစားခြင်း၊ ဤကား ခံစားခြင်း၏ဖြစ်ခြင်း၊ ဤကား ခံစားခြင်း၏ချုပ်ခြင်း၊ ဤကား မှတ်သားခြင်း၊ ဤကား မှတ်သားခြင်း၏ဖြစ်ခြင်း၊ ဤကား မှတ်သားခြင်း၏ ချုပ်ခြင်း။ ဤသည်တို့ကား ပြုပြင်ခြင်း "သင်္ခါရ" ဤကား ပြုပြင်ခြင်းတို့၏ ဖြစ်ခြင်း။ ဤကား ပြုပြင်ခြင်းတို့၏ ချုပ်ခြင်း။ ဤကား ဝိညာဉ် ဤကား ဝိညာဉ်၏ဖြစ်ခြင်း။ ဤကား ဝိညာဉ်၏ချုပ်ခြင်းတည်းဟု ရှုလျက် နေ၏။ စွဲလမ်းရာဖြစ်သော ဥပါဒါနက္ခန္ဓာ ၅-ပါးတို့၌ အဖြစ်အပျက်ကို ရှုလျက်နေသော ထို(ဝိပဿီဘုရားလောင်း)၏စိတ်တို့သည် မစွဲလမ်းမှု၍ မကြာမီပင် အာသဝေါ တရားဘို့မှ လွတ်မြောက်တော်မူကြလေကုန်ပြီ။

ထို့ပြင် ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်၌–

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ ကိဉ္စ ယထာဘူတံ ပဇာနာတိ၊ ရူပဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ။ ဝေဒနာယ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ။ သညာယ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ။ သင်္ခါရာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ။ ဝိညာဏဿ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ။

(သံ၊၂၊၁၂)

ပြန်မာပြန်

ရဟန်းတို့ တည်ကြည်မှု သမာဓိကို ပွားကြကုန်လော့၊ ရဟန်းတို့ တည်ကြည်သောရဟန်းသည် ဟုတ်တိုင်းမှန်စွာ သိ၏၊ အဘယ်ကို ဟုတ်တိုင်းမှန်စွာ

သိသနည်း၊ ရုပ်၏ဖြစ်ခြင်းကို လည်းကောင်း၊ ချုပ်ခြင်းကို လည်းကောင်း၊ ဝေဒနာ၏။ပ။သညာ၏။ပ။သင်္ခါရတို့၏။ပ။ဝိညာဉ်၏ဖြစ်ခြင်းကို လည်းကောင်း၊ ချုပ်ခြင်းကိုလည်းကောင်း သိ၏ဟု ဘုရားရှင်ဟောတော်မူခဲ့ပါသည်။

ဤပါဠိတော်၌လည်း ကျောက်ပုံတောရဝါဒီတို့ဆိုသလို ပျက်ဖြစ်ကို သိရမည်ဟု မပါရှိပဲ ခန္ဓာ ၅-ပါးထို့၏ဖြစ်ခြင်း၊ ပျက်ခြင်းကို အပြားအားဖြင့် သိ၏ဟုသာ ဆိုလိုရင်း ဖြစ်ပါသည်။

ထိုမှတပန်–

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူလျှင် စံတော်မူချင်း အရိယာသိကြားမင်း ရွတ်ဆိုအပ်သော–

အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယဓမ္မိနော။
ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ–

ဟူသော ဘုရားဟောဂါထာကို ကြည့်ပါကလည်း အဖြစ်ရှိလို့သာ အပျက်ရှိသည် ဆိုတာ ထင်ရှားသိနိုင်ပါသည်၊ (အနက်ပေး)ဃသွာ၊ အကြင်ကြောင့်။ သင်္ခါရာ၊ ကံစိတ်ဥတုအာဟာရဘည်းဟူသော လေးပါးသော အကြောင်းတရားတို့သည် ပေါင်း၍ ပြုပြင်စီရင်အပ်ကုန်သော တေဘူမကသင်္ခါရတရားတို့သည်။ ဥပ္ပါဒဝယဓမ္မိနော၊ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကုန်ပြီး၍။ နိရုဇ္ဈန္တိ၊ ကွယ်ပျောက်ချုပ်သိမ်း ချုပ်ငြိမ်းကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သင်္ခါရာ၊တို့သည်။ အနိစ္စာဝတ၊စိတ်သာချပေတော့ တဆိတ်ဇာကမှ မမြဲနိုးမှန်လှပါပေ၏၊ တေသံ၊ ထိုသင်္ခါရတရားတို့၏။ ဝူပသမော၊ အဖြစ်ခပ်သိမ်း တဇာတ်ငြိမ်းသောနိဗ္ဗာန်သည်သာ။ သုခေါ၊ စစ်မှန်သောသုခမို့ ချမ်းသာလှပါပေ၏။

ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့သည် အမြဲမရှိကြပေကုန်စွတကား၊ ဖြစ်ခြင်း ပျက်ခြင်းသဘောရှိကြကုန်၏။ ဖြစ်ပြီး၍ ချုပ်ပျက်တတ်ကုန်၏။ ထိုသင်္ခါရတရား တို့၏ ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်သည်သာလျှင် ချမ်းသာ၏ဟု အနက် အဓိပ္ပာယ်လာရှိခြင်းကြောင့် ဖြစ်ပြီးလျှင် ပျက်သည်ကိုသာတွေ့ရ၍ ကျောက်ပုံ တောရဝါဒီတို့ ပြောဟောနေတဲ့ ''ပျက်ဖြစ်'' ကို မတွေ့ရပါဘုရား။

ဓမ္မစက္ကပဝတ္တနသုတ္တန်ကို မြတ်စွာဘုရား ဟောတော်မူပြီးသည်၏ အဆုံး၌ ပဉ္စဝဂ္ဂီ ၅-ဦးတို့ အရိယာ သောတာပန် ဖြစ်သွားကြပုံကို ဆုံးဖြတ်ချက်ချ လိုက်သည့်–

ယံကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ–

ဟူသော တကြောင်းမျှသော ပါဠိလေးကား ကျောက်ပုံတောရဝါဒီတို့က ဘယ်လိုပင် "ပျက်ဖြစ်"ဟု ပြောနေကြသော်ငြားသော်သည်း ဖြစ်ပျက်ဆိုတာ ဘယ်လိုမှ ငြင်းကွယ်၍မရသော သာဓကပါဠိပင် ဖြစ်ပါသည်။

**အနက်**

ယံကိဉ္စိ၊အကြင်အလုံးစုံသော တေဘူမက တရားအပေါင်းသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ တံ တဗ္ဗံ၊ ထိုအလုံးစုံဖြစ်ပေါ်လာသောသဘောတရား မှန်သမျှသည်။ နိရောဓဓမ္မံ၊ ချုပ်ခြင်းသဘောရှိ၏။ ဝါ၊ ပျက်စီးခြင်းသဘောရှိ၏။

ထိုပါဠိကို ကျောက်ပုံဝါဒီပုသိမ်ဆရာညွန့်က မိမိတို့ကိုင်စွဲထားသော "ပျက်ဖြစ်"နှင့် ကိုက်ညီအောင် လင်္ကာဝှစ်မမှန် သဒ္ဒါနည်းမကျ အနက်ပေးထားသည်မှာ–

ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော သဘောတရားသည်။ သမုဒယဓမ္မံ သဥဒယဓမ္မံ၊ အကြောင်းတရားများပေါင်းထားမှ ၎င်းတရားများဖြစ်ပေါ်လာရကုန်၏။ တံ သဗ္ဗံ၊ ထိုအကြောင်း ပေါင်းထားမှ ၎င်းတရား ဖြစ်ပေါ်လာခြင်းကြောင့်။နိရောဓဓမ္မံ၊ ကိုယ်တိုင်ဖြစ်နိုင်တဲ့ အတ္တသတ္တိမှ ချုပ်ဆုံး ပျောက်ပျက်၍ နေကြကုန်၏....ဟူ၍ဖြစ်ပါသည်ဘုရား။

(တိတ်ခွေ ၁၃၄၀-ခု ပြာသိုလ်လဆန်း ၁၄-ရက် ဇောင်းတန်းကျေးရွာတရားပွဲ)

ထိုနည်းတူစွာ "အသင်္ခတဂါမိမဂ္ဂေါ ဘိက္ခဝေ အယံ ဝိပဿနာ" ဟူသောပါဠိကိုလည်း—

> ဘိက္ခဝေ၊ ချစ်သားချစ်သမီးတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ အသင်္ခတ ဓာတ်၏ ပရမတ်အရှိတို့ကို အသိဉာဏ်ဆိုက်ရောက်မှုရရှိစေဖို့ရာ ဝေဖန်နိုင်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ဝေဖန်နိုင်ခြင်းသည်။ဝိပဿနာ၊ ဝိပဿနာမည်၏။

ဟု ပုသိမ်ဆရာညွန့်၏ သင်တန်းစာအုပ်၌ ပါဠိတော်၏ဆိုလိုရင်း အနက်အဓိပ္ပါယ်ကို ဖျက်ဆီး၍ ကျောက်ပုံဝါဒ၏မူသဘူတ သဘောမှန်ပေါ်လွင်လာအောင် ကြံဆောင်၍ အနက်ပေးထားပါသည်။ ဤကဲ့သို့အနက်ပေးထားမှုကို ထောက်ရှုသောအားဖြင့် ကျောက်ပုံဝါဒီတို့၏ ဝိပဿနာသည် မြတ်စွာဘုရားဟောတော်မူထားခဲ့သည့် "အထူးထူး အပြားပြားသော အနိစ္စ ဒုက္ခ အနတ္တ ဟူသော အခြင်းအရာဖြင့် ရှုမြင်တတ်သော ဝိပဿနာ"မဟုတ်ပဲ ဘုရားဟောဒေသနာမှန်တွေကို သွေလှန်ကာဖောက်ဖျက်၍ ဝေဖန်ချက်ထုတ်နေကြသော ဝိပဿနာ

ဖြစ်ကြောင်းအလွန်ပင် ထင်ရှားလှပါသည်၊ "အသင်္ခတဂါမိမဂ္ဂေါ ဘိက္ခဝေ အယံ ဝိပဿနာ"ဟူသော ပါဠိကို ရဟန်းတို့ ဤဝိပဿနာသည် အကြောင်းတရားတို့သည် မပြုပြင်အပ်သော နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သောလမ်းကြောင်းတည်းဟုသာ အနက်အဓိပ္ပါယ်မှန်ကို ပြန်ဆိုရပါမည်ဘုရား။

ဝိနည်းမိုရ်ရဲ့ ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ဝိပဿနာရှုသောအခါ ခန္ဓာ ၅-ပါးကိုရှုရမည်၊ သို့မဟုတ် ဥပါဒါနက္ခန္ဓာကို ရှုရမည်ဆိုတာလောက်ကိုမျှ မသိပါပဲလျက် "ဥပါဒါနက္ခန္ဓာ ၅-ပါးကို ရှုတာဟာ တိတ္ထိတွေရှုတာ၊ ခွေးရှုတာနဲ့တူတယ်၊ ခွေးဝါဒပဲ"ဟု သာမန်ဗုဒ္ဓဘာသာဝင်တဦး အနေနဲ့နှုတ်မြွက်၍ ပြောဆိုဖို့ရန်ဝေးစွ စိတ်တောင်မကူးဝံ့သော ရိုင်းစိုင်းလှသော စကားမျိုးဖြင့် ယနေ့ထက်တိုင်အောင် ဓမ္မကထိကဟု အမည်ခံလျက်ရှိသော ကျောက်ပုံဝါဒီဦးပုသိမ်ဆရာညွန့်၏ ဟောပြောချက်သည် ယိုသူမရှက် မြင်သူရှက် ဆိုသောစကားကဲ့သို့ နာကြားရသူ သူတော်ကောင်းတို့၏အလယ်မှာ နားခါးဖွယ် ကောင်းလှပါသည်။ ထိုသို့ပင် သူတော်ကောင်းများအဖို့ နားခါးဖွယ်ရှိလှသော်လည်း"ဟီနာဓိမုတ္တိကာ ဟီနာဓိမုတ္တိကေဟိ သံသန္ဒန္တိ သမေန္တိ"ယုတ်မာသော အလိုဆန္ဒရှိသော ပုဂ္ဂိုလ်တို့သည် ယုတ်မာသောအလိုဆန္ဒရှိသော သူတို့နှင့်သာ နှီးနှောပေါင်းဆုံမိကြကုန်၏....ဟူသော မြတ်စွာဘုရား စကားတော်အတိုင်း ထို ကျောက်ပုံဝါဒီ ပုဂ္ဂိုလ်စကားကို အဟုတ်ဆင်မှတ်ပြီး တဟီးဟီး တဟားဟားနဲ့ "ဟုတ်ပါတယ်ဆရာ မှန်ပါတယ်ဆရာ"ဟု အားပေးအားမြှောက် ထောက်ခံမှုပေး နေကြသော ပညာနည်းပါးသူတို့သည်လည်း "တုနဲ့ဒေး"ဆိုသလို အများအပြား ပင်ရှိနေကြပါသည်။ ထိုပုဂ္ဂိုလ်သည် သူ၏ပရိသတ်ကို ဘယ်လိုမှိုင်းသွင်းထားသည် မသိ၊ထိုကျောက်ပုံဝါဒီ၏ မှိုင်းမိကြပြီဆိုလျှင် မိဘဘိုးဘွားလက်ထက်မှ အဆက် ဆက် ကိုးကွယ်ခဲ့ကြသောရွာဦးကျောင်းဆရာတော်များကိုပင် ကျေးရွာဒါယကာ ဒါယိကာမများက ဝေဖန်မှုပြုလာကြသဖြင့် ဆရာနှင့်တကာ မဖြစ်သင့်သော ပြဿနာများဖြစ်ပေါ် လာကြရသည်ဟု တပည့်တော်များ စုံစမ်းသိရှိရပါသည်။ "ချို (ဂျို)ပါသောသတ္တဝါသာအခြားသူကို ခတ်တတ်သည်ဟု ယူဆမိသော်ငြားလည်း ထိုပုဂ္ဂိုလ်၏တရားကို နားထောင်ကြည့်သောအခါကျမှ သြော်....လောကကြီးမှာ ချို(ဂျို)မပါပဲနဲ့ ခတ်တတ်သော သတ္တဝါတမျိုးလဲ ရှိသေးသားပဲဟု မှတ်ချက်ချမိပါတော့သည်။ ထိုပုဂ္ဂိုလ်သည် မိမိတဦးတည်းသာ နိဗ္ဗာန်ရောက်ကြောင်းတရား ကောင်းကို ဟောဘတ်သယောင်ယောင် မိမိကိုယ်ကို ချီးမြှောက်ပလွှား ဝါကြွား ပြောဆို၍ အခြားသူကိုတော့ ကဲ့ရဲ့ပြစ်တင်ရှုတ်ချတတ်သဖြင့် အလွန်ကြောက်စရာ ကောင်းလှပါသည်။ အထူးသဖြင့် မျက်မှောက်ခေတ် ရဟန်းသံဃာတော်များကို အလှူခံထိုက်သော ပုဂ္ဂိုလ်စာရင်းတွင် မပါဝင်နိုင်လောက်အောင်အထိ ရေးသား

ဟောပြောခြင်းဖြင့် ရောက်လေရာအရပ်တိုင်း၌ မိမိ၏အငိုကရန်သူအလား ထိပါး ပုတ်ခတ်တတ်သော ပုဂ္ဂိုလ်ဖြစ်ပါသည်၊ တရားဟောသောအခါများ၌ "ငါသည် မြတ်စွာဘုရား ဟောတော်မူခဲ့သည့် တရားတော်များကို တဆင့်ဟောပြောနေသူ ပါသား"ဟု စဉ်းစားဉာဏ်မရှိဲ တရားနှင့်မပတ်သက်သော "ခွေးစကား"အလွန် ပြောတတ်သူ ဖြစ်သည့်အတွက် ထို"ခွေး"အစွဲဥပါဒါန်ကြီးနဲ့သာ သေသွားရလျှင် တမလွန်ဘဝ နောက်ကာလ၌ ထိုပုဂ္ဂိုလ်အတွက် ရင်လေးမိပါသည်။

ထိုကျောက်ပုံဝါဒီ ပုသိမ်ဆရာညွန့်သည် "ခါချဉ်ကောင်မာန်ကြီးလို့ တောင်ကြီးကို ဖြိုမဲ့ကြံ ခါးက မသန်"ဆိုတဲ့စကားကိုများ နားမလည်လေရော့သလား မသိ မိမိကိုယ်ကို "ဝိဘဇ္ဇဝါဒီ"ဆိုသည့် နာမည်ကိုခံယူထားသည်ဟု ကြားသိရပါသည်။ သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည်ကား ဝေနယိက စသောအဖြစ်ကို ခွဲခြမ်းခဝဖန်၍ ဟောတော်မူတတ်သောကြောင့်လည်းကောင်း၊ သေဝိတဗ္ဗသောမနသာ အသေဝိတဗ္ဗသောမနသာ သေဝိတဗ္ဗစီဝရ အသေဝိတဗ္ဗ-စီဝရ စသောအဖြစ်ကို ခွဲခြမ်းဝေဖန်၍ ဟောတော်မူတတ်သောကြောင့် လည်းကောင်း၊သဿတဝါဒ ဥစ္ဆေဒဝါဒတို့ကို ခွဲခြမ်းဝေဖန်၍ ဟောတော်မူတတ်သောကြောင့် လည်းကောင်း "ဝိဘဇ္ဇဝါဒီ"ဟု အမည်ရတော်မူခဲ့ပါသည်။ ၎င်း ဝိဘဇ္ဇဝါဒီပုဒ်ကို ကျောက်ပုံဝါဒနှင့်ကိုက်ညီအောင် အဓိပ္ပါယ်ပြန်ဆိုရပါလျှင် ထိုကျောက်ပုံဝါဒီပုသိမ်ဆရာညွန့်သည်ကား အထူးထူး အပြားပြား မဟုတ်မမှန် လုပ်ကြံအပ်သောနည်းလမ်းများဖြင့် မြတ်စွာဘုရားစကားတော်များကို ဖျက်ဆီး၍ ပြောဟောတတ်သောကြောင့် "ဝိဘဇ္ဇဝါဒီ"ဆိုတဲ့အမည်ကို မှည့်ထားသည်ဟု မှတ်ချက်ချမိပါသည်ဘုရား။

ကျောက်ပုံဝါဒီဘဝမှ ဝိဘဇ္ဇဝါဒီဘဝသို့ ပြောင်းခဲ့ရရှာသော ပုသိမ်ဆရာညွန့်သည် ဘုရားဟောဒေသနာများကို ဖောက်လွဲဖောက်ပြန် တွေးခေါ်ကြံဆ၍ ဟောပြောရုံတွင်မက လောကီဘုံသား လူအများတို့၏ လောကအမြင်နှင့်လည်း ဆန့်ကျင်၍ ဟောပြောနေရမှ ကျေနပ်သူဖြစ်ကြောင်း အောက်ပါစကားရပ်ကို ကြည့်က သိနိုင်ပါသည်ဘုရား။

နမူနာလေးတော့ ထုတ်ပြလိုက်ဦးမယ်.... ပပဝတီ၊ မင်းကုသ....

မင်းကုသကမျက်စိနဲ့ ပပဝတီအဆင်းကိုကြည့်တယ်၊ပပဝတီရဲ့မျက်စိနဲ့ မင်းကုသရဲ့အဆင်းကိုကြည့်တယ်၊သူတို့နှစ်ယောက်အပြန်အလှန်ကြည့်နေကြတယ်၊ အဲဒီတော့ နောက်နောက်က ကြားဖူးထားတာက ပပဝတီက လှတယ်လို့မကြားဖူးဘူးလား (ကြားဖူးပါတယ်)။ မင်းကုသက မလှဖူး အကျည်းတန်တယ်လို့မကြားဖူးဘူးလား (ကြားဖူးပါတယ်)အဲ....ကြည့်ရ

အောင်၊ ကြည့်ရအောင်၊ မင်းကုသရဲ့မျက်စိနဲ့ ပပဝတီရဲ့အဆင်းကို ကြည့်ရအောင် မင်းကုသက ပပဝတီကိုမြင်တော့ လှတယ်လို့မပြောဖူးလား(ပြောပါတယ်)လှတာ ဘယ်ဘက်မှာနေသလဲ မင်းကုသဘက်မှာနေတယ်၊ ဒါနဲ့ ပပဝတီက ပြန်ပြီးတော့ကြည့်လိုက်တယ်၊ မင်းကုသကို၊ မင်းကုသရဲ့အဆင်းကိုကြည့်လိုက်တော့ မလှဘူးလို့မမြင်ဘူးလား (မြင်ပါတယ်)။ မလှတာ ဘယ်ဘက်မှာနေသလဲ၊ ပပဝတီဘက်မှာ နေပါတယ်။ အဲဒီတော့ ပပဝတီက မလှဘူး၊ မင်းကုသက လှတယ် ကျွန်တော်က အဲသလို ပြောတယ်၊ အဲဒီတော့ အကောင်ပြောတဲ့လူနဲ့ သဘောပြောတဲ့လူ အဲသလောက်ကွာတယ်.... အဲဒီတော့ လောကကြီးမှာ အကောင်ကို ပြောနေတဲ့လူတွေက အကောင်အတိုင်းပြောတော့ မင်းကုသကမလှဘူး၊ ပပဝတီက လှတယ်လို့ လုပ်နေတာ။ (တိတ်ခွေ)

(၁၃၃၇-ခု၊ တပေါင်းလဆုတ် (၃)ရက်၊ ဇောင်းတန်း တရားပွဲ)

ဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ဝိဘဇ္ဇဝါဒီ ဟူသောအမည်သည် ကျမ်းဂန်လာအရ မြတ်စွာဘုရား၏အမည်တော်သာဖြစ်၍ ၎င်းဝိဘဇ္ဇဝါဒီဟူသောအမည်ဖြင့် ပုသိမ်ဆရာညွန့်ကို ခေါ်ဝေါ်သုံးစွဲခြင်းငှာ မသင့်လျော်သောကြောင့် ကျောက်ပုံဝါဒီဟူသော အမည်ဖြင့်သာ ဆက်လက်၍ လျှောက်ထားပါရစေဘုရား။

ထိုကျောက်ပုံဝါဒီ ဆရာပုသိမ်ညွန့်သည် သူတို့၏ ကျောက်ပုံဝါဒကိုတည်ထောင်ခဲ့သူ ဦးစံရင်း၏ မဟုတ်မဟတ် လုပ်ဇာတ်ခင်း၍ ရေးထုတ်ထားခဲ့သော စာအုပ်၊ ဟောထားခဲ့သောတရားတိတ်ခွေလောက်ကိုသာလေ့လာဘူးပြီးပိဋကတ်သုံးသွယ် ကျမ်းပင်လယ်၌ကား ယုန်သူငယ်သဖွယ်မျှသာဖြစ်သော မိမိ၏ဘဝအဖြစ်သနစ်ကို မအောက်မေ့မိပဲ မိမိကောင်းစားရေးအတွက် အခြားသူများကိုနစ်နာစေလိုသော "ပါပိစ္ဆ ဣစ္ဆာပကတ"ဖြင့် ဘုရားဟောဒေသနာတော်အမှန်ရှိသည်ကို ဘုရားမဟောခဲ့ပါဘူးဟု အောက်ပါအတိုင်း ဟောပြောထားပါသည်ဘုရား။

အဲဒီတော့ တယောက်လာလဲ ငယ်ရာကကြီး၊ ကြီးရာက အို၊ အိုရာကနာ၊ နာပြီးသေ၊ အိုတာ နာတာ သေတာတွေပဲ တရားလုပ်ဟောနေကြတော့ အဲဒါတွေကို မဂ်တရား ဖိုလ်တရားလုပ်ဟောနေတဲ့ သူတွေဟာ ကျွန်တော်တို့ မြင်သလောက်မျှား ပြောလိုက်ရရင်ဖြင့် ရင်တော့ ဘုရားဟောလဲမဟုတ်ပဲနဲ့ ဘုရားဟောလုပ်နေတဲ့လူတွေဟာ ဘုရားရန်သူတွေလို့တောင် ပြောလိုက်ချင်သေးတာ၊ သို့သော်လဲ ဒီအထိ ပြောသို့မကောင်းတဲ့အတွက် မပြောလဲ မပြောပါဘူး၊ သဘောထဲမှာ စိတ်ထဲမှာဖြစ်နေတာ ဘုရားရန်သူတွေလို့တောင် ထင်လိုက်သေး ကျွန်တော်တို့ဘုရားက မဂ်ရောက်ကြောင်း ဖိုလ်ရောက်ကြောင်း နိဗ္ဗာန်ရောက်

ကြောင်းကို လူအိုတာ နာတာ သေတာလောက်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကိုရနိုင်တယ်လို့ တခါမှ မဟောခဲ့ပါဘူး။

(၁၃၇၇-ခု၊ တပေါင်းလပြည့်ကျော် ၃-ရက်၊ ဇောင်းတန်းကျေးရွာတရားပွဲ)

ဝိနည်းခိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ကျောက်ပုံဝါဒီပုသိမ်ဆရာညွန့်၏ မိမိတို့ကျောက်ပုံဝါဒကိုသာ ပညာ နည်းပါး လူအများတို့က နိဗ္ဗာန်ရောက်ကြောင်း တခုတည်းသော လမ်းကောင်းဟု ထင်မှတ်လာကြလေအောင် ဘုရားဟော ဒေသနာတွေကို မျက်ကွယ်ပြုပြီး ဤကဲ့သို့ ဟောပြောချက် သည် ပညာရှိသူတော်ကောင်းတို့၏ အလယ်၌ ရှက်ဖွယ်လိလိဖြစ်ပါသည်ဘုရား။

ပုသိမ်ဆရာညွန့်၏ ထိုမှားကွက်ကို အိုမှု နာမှု သေမှုတို့ကို အမြဲမပြတ် ဆင်ခြင်သော ပုဂ္ဂိုလ်အား မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြောင်းကို ပြဆိုသော အောက်ပါ ဘုရားဟောဒေသနာက သာဓကအဖြစ် ထောက်ပြလျက်ရှိပါသည်ဘုရား။

(က) ဇရာဓမ္မောမှိ၊ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။ပ။

(ခ) ကိဉ္စ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "ဇရာဓမ္မောမှိ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ၊ ဣတ္ထိယာ ဝါ ပုရိသေနဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ၊ အတ္ထိ ဘိက္ခဝေ သတ္တာနံ ယောဗ္ဗနေ ယောဗ္ဗနမဒေါ၊ ယေန မဒေန မတ္တာ ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော ယော ယောဗ္ဗနေ ယောဗ္ဗန မဒေါ၊ သော သဗ္ဗသော ဝါ ပဟီယတိ၊ တနုဝါ ပန ဟောတိ။ ဣဒံ ခေါ ဘိက္ခဝေ အတ္ထဝသံ ပဋိစ္စ "ဇရာဓမ္မောမှိ ဇရံ အနတီ တောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ၊ ဣတ္ထိယာဝါ ပုရိသေနဝါ ဂဟဋ္ဌေနဝါ ပဗ္ဗဇိတေနဝါ။ (အံ၊၂၊၆၃)

(ဂ) သ ခေါ သော ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ န ခေါ အဟမေဝေကော ဇရာဓမ္မော ဇရံ အနတီတော။အထခေါ ယာဝတာ သတ္တာနံ အာဂတိ ဂတိ စုတိ ဥပပတ္တိ၊ သဗ္ဗေ သတ္တာ ဇရာဓမ္မာ ဇရံ အနတီတာတိ၊ တဿ တံ ဌာနံ အဘိဏှံ ပစ္စဝေက္ခတော မဂ္ဂေါ သဉ္ဇာယတိ၊ သော တံ မဂ္ဂံ အာသေဝတိ ဘာဝေတိ ဗဟုလီ ကရောတိ။ တဿ တံ မဂ္ဂံ အာသေဝတော ဘာဝယတော ဗဟုလီကရောတော သံယောဇနာနိ သဗ္ဗသော ပဟီယန္တိ။ အနုသယာ ဗျန္တီ ဟောန္တိ။ (အံ၊၂၊၆၅။)

မြန်မာပြန်

(က) ရဟန်းတို့ ငါသည် အိုခြင်းသဘောရှိ၏ အိုခြင်းသဘောကိုမလွန်ဆန်နိုင်ချေဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ်ဆင်ခြင်အပ်၏။

(ခ) ရဟန်းတို့ အဘယ်အကျိုးထူးကိုစွဲ၍ "ငါသည် အိုခြင်းသဘောရှိ၏၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ" ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ်ဆင်ခြင်အပ်သနည်း။ ရဟန်းတို့ သတ္တဝါတို့အား ပျိုရွယ်ချိန်၌ ပျိုရွယ်မာန်ယစ်ခြင်းရှိ၏၊ ယင်း ပျိုရွယ်မာန်ယစ်ခြင်းဖြင့် မေ့လျော့ယစ်မူးကုန်သော သတ္တဝါတို့သည် ကာယဒုစရိုက်ကို ပြုကျင့်ကုန်၏။ ဝစီဒုစရိုက်ကို ပြုကျင့်ကုန်၏၊ မနောဒုစရိုက်ကို ပြုကျင့်ကုန်၏။ ထို(အိုခြင်း)အကြောင်းကို မပြတ်ဆင်ခြင်သော ထိုသူအား ပျိုရွယ်ချိန်၌ ပျိုရွယ်မာန်ယစ်ခြင်းသည် အချင်းခပ်သိမ်းမူလည်း ပျောက်ကင်း၏၊ ခေါင်းပါးခြင်းမူလည်းဖြစ်၏၊ ရဟန်းတို့ ဤအကျိုးထူးကိုစွဲ၍ "ငါသည် အိုခြင်းသဘောရှိ၏၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ" ဟူ၍ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ လူဖြစ်စေ ရဟန်းဖြစ်စေ မပြတ်ဆင်ခြင်အပ်၏။

(ဂ) ရဟန်းတို့ ထိုအရိယာတပည့်သည် "ငါတယောက်တည်းသာလျှင် အိုခြင်းသဘောရှိသည်၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်သည်မဟုတ်၊ စင်စစ်မူကား (ဤဘုံဘဝသို့) လာခြင်း (အခြားဘုံဘဝသို့) သွားခြင်း စုတေခြင်း ပဋိသန္ဓေနေခြင်းရှိသည့် သတ္တဝါဟူသမျှအားလုံးတို့သည် အိုခြင်းသဘောရှိကုန်၏၊ အိုခြင်းသဘောကို မလွန်ဆန်နိုင်ကုန်ချေဟု ဆင်ခြင်၏။ ထို(အိုခြင်း) အကြောင်းကို မပြတ်ဆင်ခြင်သော ထိုသူအား မဂ်သည် ကောင်းစွာ ဖြစ်ပေါ်လာ၏၊ ထိုအရိယာတပည့်သည် ထိုမဂ်ကို မှီဝဲ၏၊ ပွားများ၏၊ ကြိမ်ဖန်များစွာ ပြု၏၊ ထိုမဂ်ကို မှီဝဲသော ပွားများသော ကြိမ်ဖန်များစွာပြုသော ထိုသူအား သံယောဇဉ်တို့သည် အချင်းခပ်သိမ်း ပျောက်ကင်းကုန်၏၊ အစဉ်ကိန်းနေသော အနုသယတို့သည် ကင်းပြတ်ကုန်၏။

**မှတ်ချက်။** ။ဗျာဓိဓမ္မ(နာခြင်းသဘော)ကို အာရောဂျမဒနှင့် ယှဉ်တွဲ၍လည်းကောင်း၊ မရဏဓမ္မ (သေခြင်းသဘော)ကို ဇီဝိတမဒနှင့် ယှဉ်တွဲ၍လည်းကောင်း၊ သဒ္ဒါစည်းကမ်းအရ ဝိဘတ်ပြောင်းလွှဲပြီး ပါဠိတော်၌ ပြထားပါသည်၊ စောဒနာချက် ရှည်သွားမည်စိုး၍ ဤမျှဖြင့်သာ စုဒိတကများ သဘောပေါက်လောက်ရုံ ပြထားခြင်းဖြစ်ပါသည်။

ကျောက်ပုံဝါဒီ ပုသိမ်ဆရာညွန့်သည်"ဣဒမေဝ သစ္စံ မောဃမညံ" "ဤငါတို့ရဲ့ကျေးဇူးရှင် ကျောက်ပုံဆရာကြီး အယူဝါဒသည်သာလျှင် အမှန်ဆုံးတည်း၊ တပါးသော ဘုရားဟော ဒေသနာများသည် အကျိုးမပြီး အချီးနှီးတည်း"ဆိုသည့် ကျောက်ပုံဝါဒီတို့၏ မိစ္ဆာဝါဒလက်နက်ကြီးကိုသာ ခိုင်မြဲစွာ ကိုင်စွဲပြီး မထားပဲ မိမိမှာရှိသော မိစ္ဆာမျက်လုံးကို သမ္မာမျက်လုံး အသွင်သို့ ပြောင်း၍ ကောင်းမြတ်သော စိတ်ဓာတ်ကို နှလုံးမှာ ကိန်းဝပ်စေလျက် အထက်ပါ ဘုရားဟော ဒေသနာကို သေချာစွာသတောပေါက်အောင် ဖတ်ကြည့်ပါက "မည်သူသည် ဘုရားရဲ့ရန်သူဖြစ်သည်"ဆိုတာ ကွင်းကွင်းရှင်းရှင်းကြီး ပေါ်လာပါလိမ့်မည်ဟု ထင်မိပါသည်ဘုရား။

ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

သူသေကောင်ကိုမြင်ပြီး အသုဘကမ္မဋ္ဌာန်း စီးဖြန်းခြင်းဖြင့် ပဌမဈာန်ကိုဖြစ်စေကာ ထိုပဌမဈာန်ကို အခြေပြု၍ သင်္ခါရတရားတို့ကို သုံးသပ်လျက် အောက်ဖိုလ်(၃)ပါးတို့ကို မျက်မှောက်ပြုသွားကြသော ရဟန်းနှင့် သာမဏေတို့၏ ဝတ္ထုသာဓကဖြင့် လျှောက်ထားပါဦးမည်ဘုရား။

> အသုဘဒဿနမ္ပိ သာတ္ထံ၊ တဒတ္ထဒီပနတ္ထဉ္စ ဣဒံ ဝတ္ထု-ဧကော ကိရ ဒဟရဘိက္ခု သာမဏေရံ ဂဟေတွာ ဒန္တကဋ္ဌတ္ထာယ ဂတော၊သာမဏေ-ရော မဂ္ဂါ ဩက္ကမိတွာ ပုရတော ဂစ္ဆန္တော အသုဘံ ဒိသွာ ပဌမဈာနံ နိဗ္ဗတ္တေတွာ တဒေဝ ပါဒကံ ကတွာ သင်္ခါရေ သမ္မသန္တော တီဏိ ဖလာနိ သစ္ဆိကတွာ ဥပရိမဂ္ဂတ္ထာယ ကမ္မဋ္ဌာနံ ပရိဂ္ဂဟေတွာ အဋ္ဌာသိ။ ဒဟရော တံ အပဿန္တော "သာမဏေရာ"တိ ပက္ကောသိ။သော "မယာ ပဗ္ဗဇိတ-ဒိဝသတော ပဋ္ဌာယ ဘိက္ခုနာ သဒ္ဓိံ ဒွေကထာ နာမ န ကထိတ-ပုဗ္ဗာ၊အညသ္မိံပိ ဒိဝသေ ဥပရိဝိသေသံ နိဗ္ဗတ္တေဿာမီ"တိ စိန္တေတွာ "ကိံ ဘန္တေ"တိ ပဋိဝစနမဒါသိ၊ "ဧဟိ"တိ စ ဝုတ္တေ ဧကဝစနေနေဝ အာဂန္တွာ"ဘန္တေ ဣမိနာ တာဝ မဂ္ဂေနေဝ ဂန္တွာ မယာ ဌိတောကာသေ မုဟုတ္တံ ပုရတ္ထာဘိမုခေါ ဌတွာ ဩလောကေထာ"တိ အာဟ။ သော တထာ ကတွာ တေန ပတ္တဝိသေသမေဝ ပါပုဏိ။ ဧဝံ ဧကံ အသုဘံ ဒွိန္နံ ဇနာနံ အတ္ထာယ ဇာတံ။ (ဒီ၊ဋ္ဌ၊၁။၁၆၆၊၁၆၇။)

## မြန်မာပြန်

အသုဘကိုရှုရခြင်းသည်လည်း အကျိုးရှိ၏၊ထိုအသုဘကို ရှုရခြင်း၏ အကျိုးရှိသည်၏အဖြစ်ဟူသောအနက်ကို ပြခြင်းငှာ ဤဆိုအပ်လတ္တံ့သော ဝတ္ထုကို

သိအပ်၏၊ တဆင့်စကားကြားရဖူးသည်ကား ပဥ္စင်းငယ် ရဟန်းတပါးသည် သာမဏေကိုခေါ်၍ ဒန်ပူအကျိုးငှာသွားပြီး ခရီးမှဖဲ၍ ဝါ၊ ရှောင်လွဲ၍ ရှေ့မှ သွားသော သာမဏေသည် အသုဘကိုမြင်၍ ပထမစျာန်ကိုဖြစ်စေ၍ ထို ပထမ စျာန်ကိုသာလျှင် အခြေပြု၍ သင်္ခါရတရားတို့ကို သုံးသပ်သည်ရှိသော် အောက် ဖိုလ်(၃)ခုတို့ကို မျက်မှောက်ပြု၍ အထက်မဂ်သုံးခု အကျိုးငှာ ကမ္မဋ္ဌာန်းကို သိမ်းဆည်း၍တည်လေပြီ၊ ရဟန်းငယ်သည် ထိုသာမဏေကို မမြင်သည်ရှိသော် "သာမဏေ"ဟု ခေါ်လိုက်ပြီ၊ ထိုသာမဏေသည် "ငါသည် ရှင်ပြုရာနေ့မှ စ၍ ရဟန်းနှင့်တကွ နှစ်ခွန်းသော စကားမည်သည်တို့ကို ရှေး၌ မပြော အပ်ဖူးကုန်၊ ငါသည် တပါးသောနေ့၌လည်း အထက်ဖြစ်သော တရား အထူးကို ဖြစ်စေရတော့အံ့"ဟု ကြံ၍"အဘယ်အကြောင်းပါလဲအရှင်ဘုရား" ဟု စကားတုံ့ကို ပေးလိုက်ပြီ၊သင်လာခဲ့လော့ဟု ရဟန်းက ပြောဆိုအပ်သည်ရှိသော် တခွန်းတည်းသော စကားဖြင့်သာလျှင်လာ၍ အရှင်ဘုရား ဤတပည့်တော် လာခဲ့သော လမ်းခရီးဖြင့်သာလျှင် သွား၍ ရပ်တည်အပ်သော နေရာ ၌သာလျှင် အရှေ့အရပ်သို့ ရှေ့ရှုမျက်နှာမူလျက် ရပ်တည်၍ကြည့်တော်မူပါ ဘုရား ဟု လျှောက်ထား၏။ ထိုရဟန်းသည် ထိုသာမဏေ ပြောဆိုသည့်အတိုင်း ပြုလုပ်၍ ( ဝါ-ပြုလုပ်ခြင်းကြောင့် ) ထိုသာမဏေရောက်အပ်သော တရားထူး သို့သာလျှင် ရောက်ခဲ့လေပြီ၊ ဤသို့ တခုသော အသုဘသည် နှစ်ဦးသော သာမဏေနှင့် ရဟန်းငယ်တို့၏ အကျိုးငှာ ဖြစ်ခဲ့လေပြီ။

ဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား—

ဤပါဠိတော် အဋ္ဌကထာ အကိုးသာကေမျှဖြင့်ပင် အိုမှု နာမှု သေမှုတို့ကို အကြောင်းပြု၍ ဟောအပ်သောတရားကိုနာယူသော ပုဂ္ဂိုလ်သည် ထိုအိုခြင်း နာခြင်း သေခြင်း သဘောတို့ကို အမြဲမပြတ် ဆင်ခြင်ခြင်းဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြောင်း ထင်ရှားလောက်ပါပြီဘုရား။

ဆက်လက်၍ ကျောက်ပုံဝါဒီပုဂ္ဂိုလ်တို့အား မိမိတို့၏ ဝါဒ၌ အနှစ်သာရ ဘာတခုမျှ မရှိဟု နားလည် သဘောပေါက်ကြပြီး မှန်ကန်သော အသိဉာဏ်ရရှိ စေဖို့အတွက် ပါဠိတော်အဋ္ဌကထာလာ ဝတ္ထုသာဓကဖြင့် ဝိနည်းမိုရ်ဆရာတော် များမှတဆင့် တပည့်တော်များ တိုက်တွန်းစကားပြောကြားလိုပါသည် ဘုရား။

အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလာန် လောင်းလျာများ ဖြစ်ကြသော ဥပတိဿနှင့် ကောလိတတို့သည် ဇာတ်ပွဲကြည့်ရင်း သံဝေဂရပြီး "သေခြင်းတရား ရှိသော် မသေနိုင်သော နိဗ္ဗာန်တရားလည်း ရှိရမည်၊ ယခုငါတို့ မသေနိုင်သော နိဗ္ဗာန်တရားကို ရှာကြကုန်အံ့"ဟု တိုင်ပင်ကြ၍ ထိုမသေနိုင်သော နိဗ္ဗာန်တရား တော်ကို ရှာအံ့သောငှာ သဉ္စည်း ပရိဗိုဇ်ဆရာကြီး၏ အထံ၌ ရဟန်းပြုခဲ့ကြ

ပါသည်၊ ရဟန်းပြုပြီးနောက် နှစ်ရက် သုံးရက်မျှဖြင့်သာလျှင် ထိုတိတ္ထိသိဥ္စည်း ဆရာကြီး၏ ဉာဏ်၏အရာ၌ တဘက်ကမ်းခတ် ဉာဏ်အမြင်ပေါက်ရောက်ကြ၍ မသေနိုင်သော နိဗ္ဗာန်တရားကို မတွေ့မြင်ရသောအခါ တိတ္ထိသိဥ္စည်း ဆရာကြီးကို "ဆရာ-ဆရာ၏ အယူဝါဒ၌ တပါးသော အနှစ်သာရများ ရှိပါသေးသလော" ဟုမေးပြီး "ငါ့တပည့် ငါ၏အယူဝါဒ၌ တပါးသော အနှစ်သာရ မရှိတော့ ငါ၏ ဉာဏ်စွမ်းကတော့ ဤမျှသာတည်း" ဟူသော အဖြေမှန်ကို ကြားသိရလျှင် "ငါ့ရှင် ကောလိတ ဤသိဥ္စည်း ဆရာကြီး၏ ဉာဏ်အမြင်သည် အနှစ်မရှိ အချီးနှီးသက်သက်သာတည်း၊ ယခုအခါ ငါတို့နှစ်ယောက်တွင် မသေနိုင်သော နိဗ္ဗာန်တရားကို ရှေးဦးစွာ ရသောသူက မရသေးသောသူအား ပြောစတမ်း" ဟု အချင်းချင်း ကတိကဝတ်ပြု၍ တဖန် အမြိုက်နိဗ္ဗာန်ကို ရှာအံ့သောငှာ ထွက်ခဲ့ကြပြန်ပါသည်၊ ထိုသို့ထွက်လာပြီးနောက် မြတ်စွာဘုရား၏ သားတော်ဖြစ်သော အရှင်အဿဇိနှင့် တွေ့မှ အရှင်အဿဇိ၏ တရားဂါထာထက်ဝက်ကို နာရရုံမျှဖြင့် အရှင်သာရိပုတ္တရာ လောင်းလျာဖြစ်သော ဥပတိဿသည် သောတာပတ္တိမဂ်ဉာဏ်ကို မျက်မှောက်ပြုခဲ့ရပါသည်။ ထိုနည်းတူစွာ အရှင်မဟာမောဂ္ဂလာန်လောင်းလျာဖြစ်သော ကောလိတ၂ရိဗိုဇ်သည်လည်း အရှင်အဿဇိ ဟောအပ်သော—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ။
တေသဉ္စ ယော နိရောဓော၊ ဧဝံ ဝါဒီ မဟာသမဏော။

ဟူသောဂါထာကိုပင် အရှင်သာရိပုတ္တရာက တဆင့်ဟောပြသဖြင့် သောတာပတ္တိမဂ်ဉာဏ်ကို မျက်မှောက်ပြုခဲ့ရပါသည်။

ဤဒေသနာထုံးကို နှလုံးမူ၍ ကျောက်ပုံဝါဒီတို့သည် သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ရှေးရှု၍ နိုင်ငံတော်အစိုးရ၏ စီစဉ်ဆောင်ရွက်ပေးမှုကြောင့် ကျောက်ပုံဝါဒကို "ဓမ္မဝါဒလော အဓမ္မဝါဒလော" ဟု စဉ်းစားခွင့်ရနေသည့် အခွင့်အခါကောင်းကြီးထဲမှာ မိမိတို့၏ဝါဒ၌ အနှစ်သာရရှိ မရှိ စိစစ်သင့်ပြီဟု ထင်ပါသည်၊ ထိုသို့အနှစ်သာရရှိ မရှိ စိစစ်တဲ့ အခါမှာလည်း—

ယော ဗာလော မညတိ ဗာလျံ၊ ပဏ္ဍိတော ဝါပိ တေန သော။
ဗာလော စ ပဏ္ဍိတမာနီ၊ သဝေ ဗာလောတိ ဝုစ္စတိ။

ပြန်မာပြန်

မိုက်သောသူသည် မိမိမိုက်သည့် အဖြစ်ကိုသိ၏၊ ထိုသိမှုကြောင့် ပညာရှိဖြစ်နိုင်သေး၏၊ မိုက်သောသူသည် ငါပညာရှိဟု မိမိကိုယ်ကို ထင်မှတ်နေပါမူကား ထိုသူကို စင်စစ် လူမိုက်ဟူ၍ ဆိုအပ်၏။

( ဓမ္မပဒပါဠိတော် မြန်မာပြန်-၂၅ )

ဟူသော ဘုရားဟောဂါထာကို သေချာစွာ သဘောပေါက်အောင်ဖတ်၍ ဘုရားရှင် ဆုံးမအပ်သည့်အတိုင်း လိုက်နာနိုင်မှသာ "မိမိတို့၏ ကျောက်ပုံဝါဒ၌ အနှစ်သာရ ဘာတခုမျှမရှိ" ဟူသော အဖြေမှန်ဟာ ပေါ်လာနိုင်ပါသည်၊ ထိုသို့ အနှစ်သာရ ဘာတခုမျှ မရှိဟူသောအဖြေမှန်ကို သိပြီးနောက် ကျောက်ပုံ ဆရာတော် အမည်ခံ ဦးစံရင်း၏ မိစ္ဆာဝါဒမှ သွေဖည်၍ ရှောင်ရှား၍ မြတ်စွာဘုရား ဟောတော်မူထားခဲ့သော ပါဠိတော်နှင့်တကွ ထေရဝါဒပိဋကတ်တော်လာ ကျမ်း စာအုပ်များကိုသာ မှန်ကန်စွာသိနိုင်သော ဉာဏ်မျက်စိဖြင့် လေ့လာကြည့်ရှုကြ မည်ဆိုပါက ကျောက်ပုံဝါဒီတို့ ယူဆထားသလို "ပျက်ဖြစ်" မဟုတ်ပဲ "ဖြစ်ပျက်" ကိုလည်းကောင်း၊ အိုမှု နာမှု သေမှုတို့ကို အကြောင်းပြု၍ မဂ် ဖိုလ် နိဗ္ဗာန် ရနိုင်ကြောင်းကို လည်းကောင်း နေရာများစွာတို့၌ တွေ့ကြရပါ လိမ့်မည်။

**ဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား–**

ကျောက်ပုံတောရ ဝါဒီတို့၏ "ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်ပျက်သဘော မှန်ကို "ပျက်ဖြစ်" လုပ်၍ လည်းကောင်း၊ ဘုရားဟောဒေသနာ အမှန်ရှိသည် ကိုဘုရားဟောမဟုတ်ပါဘူး ဟူ၍လည်းကောင်း" ရေးသားဟောပြောချက်သည် ယခုတပည့်တော်များ တင်ပြထားသော အထောက်အထားများအရ ထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်လှသဖြင့် အဓမ္မဝါဒ သက်သက် ဖြစ်သောကြောင့် ထိုကျောက်ပုံဝါဒတခုလုံးကို "အဓမ္မဝါဒ" ဟုသာ ဆုံးဖြတ်တော်မူကြပါရန် ရိုသေစွာ လျှောက်ထားအပ်ပါသည် အမှတ် ( ၄ ) နိုင်ငံတော် သီးခြားဝိနည်း ဓိုရ်ဆရာတော် အရှင်သူမြတ်တို့ ဘုရား။

---

## စောဒနာ အမှတ် (၅)

**ကျောက်ပုံတောရ ဝါဒီတို့၏ မျက်မှောက်ခေတ် သမ္မုတိ သံဃာတော်များ** သည် ပဥ္စင်းခံရာ၌ အရိယာသံဃာ မပါရှိသဖြင့် ပဥ္စင်းလောင်းသည် ရဟန်းမဖြစ်၊ ဇ·ရက်သင်တန်းတက်ပြီးသော ပုဂ္ဂိုလ်သည် သိက္ခာတင်ဖို့မလို၊ အလိုလိုရဟန်း **ဖြစ်၏၊ သောတာပန်ဖြစ်၏ ဟု ရေးသားဟောပြောမှုနှင့် ပတ်သက်၍ စောဒနာ ချက်ပါ ဘုရား။**

အမှတ် ( ၄ ) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်မြတ်တို့ဘုရား –

ကျောက်ပုံတောရ ဆရာတော် အမည်ခံ ဦးစံရင်းသည် ( ၁၂၇၆ )ခုနှစ်တွင် ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့၍ နောင်သောကာလမှ ရဟန်းတို့၏ ကျင့်ဝတ် သိက္ခာနှင့် ညီညွတ်စွာ နေထိုင်သူမဟုတ်သဖြင့် ရဟန်းပျို့အဖွဲ့က လူဝတ်လဲ ပေးခဲ့ရသူဖြစ်ကြောင်း စုံစမ်းသိရှိရပါသည်၊ ၎င်းသည် ရဟန်းပျို့အဖွဲ့၏

ထိုလုပ်ရပ်ကြောင့် သာသနာ့ဝန်ထမ်း ရဟန်းတော်များအပေါ်၌ မနာလိုအခံ ခက် ဒေါသအမျက်ခြောင်းခြောင်း ထွက်လျက် ဂလဲ့စား ချေသောအားဖြင့် သာသနာတော်၌ သက်န်းဝတ်ခဲ့ဖူးခြင်း တည်းဟူသောကျေးဇူးကိုမှ မထောက် ထားပဲ " မစားရသည့်အမဲ သဲနှင့်ပက် " ဆိုသည့် စကားကဲ့သို့ မျက်မှောက် ခေတ် သမ္မုတိ သံဃာတော်များသည် ဥပသမ္ပဒကံ ပြုလုပ်ဆောင်ရွက်ကြရာတွင် ဥပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာစသောပုဂ္ဂိုလ်များသည် အရိယာသံဃာမဟုတ် ကြသဖြင့် ပဉ္စင်းလောင်းသည် ရဟန်းအဖြစ်သို့ မရောက်လေဟန် အောက်ပါ အတိုင်း ရေးသားထားပါသည်ဘုရား။

(က) အာဏာဝီတိက္ကမန္တရာယ် ဆိုသည်မှာ ရဟန်းခံစဉ်တုံးက "သုဏာတု မေ ဘန္တေ သံဃော" ဆိုတဲ့ပုဒ်အရ ဥတ်အရာရှိအဖြစ်အခန့်ခံရသော ဆရာ ဥပဇ္ဈာယ်က သံဃာတော်သည် တပည့်တော်၏ စကားကို နားထောင်တော်မူကြပါဟု ဆိုချက်အရ သံဃာကသဘောတူချက်ရ မှ ရဟန်းဘောင်သို့ သွတ်သွင်းရန်လက်ခံနိုင်မည်ဟု ဆိုခြင်းကြောင့် သံဃာကသာလျှင် အရေးကြီးကြောင်း ထင်ရှား၏၊ ထို့ကြောင့် သံဃာဆိုတဲ့စကားသည် ပါဠိစကားဖြစ်၏၊ ပါဠိလိုမှာ "ကိလေသေ ဟနတိတိ သံဃော" လို့ဖွင့်ပြချက်အရ မြန်မာလိုမှာ ကိလေသာကို သေအောင် သတ်နိုင်လို့ ပါဠိလို သံဃာခေါ်၏၊ ဤနေရာ၌ ကိလေ သာသည် ဆယ်ပါးရှိရာ ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာ ကိလေသာ နှစ်ခုလောက်ကိုမျှ သတ်နိုင်တဲ့ သံဃာမပါပဲနှင့် ရဟန်းခံခြင်းများ ပြုလုပ်ကြသည့် ပုဂ္ဂိုလ်များအတွက် အာပတ်သင့်စရာ အာဏာဝီ- တိက္ကမန္တရာယ်မသင့်ပါ။

( ကမ္မာ့ဝိပဿနာ မှတ်ပုံတင် သင်တန်း၊ စာမျက်နှာ-၂၀၇ )

၉-ရက် ကလျာဏ နေယျသင်တန်း တက်ပြီးသော လူပုဂ္ဂိုလ်သည် ရဟန်း အဖြစ်သို့ အသိုလိုရောက်တဲ့အကြောင်း သောတာပန်အရိယာဖြစ်တဲ့အကြောင်း ကိုလည်း သံပေါက်ကဗျာ သီကုံး၍ တမျိုး၊ မဟုတ်မဟပ် ဂိဂြိုဟ်ဝစနတ္တ လုပ်၍ တဖုံ မိမိတို့၌ မရှိသောဂုဏ်ကို ရှိလေဟန်ဆောင်၍ အောက်ပါအတိုင်း ရေးသား ထားကြပါသည် ဘုရား။

( ခ ) သိက္ခာမတင်၊ သိမ်မဝင်၊ ဘယ်တွင်ဘယ်သို့ ရဟန်းဖြစ်သနည်း။

သင်တန်းသိက္ခာ၊ တင်ပြီးပါ၊ ထိုခါရဟန်းဖြစ်သတည်း။

(လေးလွှာဖျက်ခန်း အနုတ္တဝိပဿနာကျမ်း၊ နှာ-၁၇၈)

(ဂ) ကမ္မာဝိပဿနာ ရှာတိုင်းမှာ ဖွဲ့ပါမခဲခက်၊
ဖတ်ပြီးသော်ခါ သင်တန်းစာ တက်ပါလွှန် (၉)ရက်၊
၉-ရက်သင်ပါ ဒိဋ္ဌိကွာ တဏှာဘေးမှထွက်၊
ကျောက်ပုံတောရ ဟောကာပြ အေးမြမမှစက်။

(ကဗျာမေဒနီကျမ်းငယ်၊နှာ-၆)

(ဃ) ပဌမမဂ္ဂဉာဏံ သမ္မာဒေတုကာမော ဖာည် ကိဋ္ဌိ ကာတဗ္ဗံ နာမ နတ္ထိ။
ပဌမမဂ္ဂဉာဏံ၊ သောတာပတ္တိမဂ်ဉာဏ်ကို။ သမ္မာဒေတုကာမော၊ အလိုရှိသော ပါရမီရှင်သည်။ အည်၊ ကိုးရက်သင်တန်းဝင်၍ ဝိညာဉ် နာမ်ရုပ်ကို အမှန်ဟုတ်အောင် ပရိဉာဏ်ကိစ္စ အပြီးတိုင်ရသည်မှ တပါး။ ကိဋ္ဌိ၊ တစုံတခုသော ကမ္မဋ္ဌာန်းကို။ ကာတဗ္ဗံ နာမ၊ ပြုလုပ်စရာ ကျင့်ကြံစရာမည်သည်။ နတ္ထိ၊ မရှိတော့ချေ။

(လေးလွှာဖျက်ခန်း အနတ္တဝိပဿနာကျမ်း၊ နှာ-၁၀၂)

(င) သောတံ အာဒိတော ပဌ္ဌိ°သု ပါပုဏိ°သူတိ သောတာပန္နာ။
ယော၊ အကြင်သင်တန်းကိုးရက် မပျက်ကွက်ပဲ တက်ဆဲတက်မြဲသော သူသည်။အာဒိတော၊ပထမအစဖြစ်သော။ သောတံ၊မဂ်၏အစဉ်သို့။ ပဌ္ဌိ°သု ပါပုဏိ°သုံ၊ ရောက်ကုန်ပြီ။ ဣတိ၊ ထိုကြောင့်။ သော၊ ထို ပုဂ္ဂိုလ်သည်။ သောတာပန္နာ၊ သောတာပန်မည်၏။ အရိယာနယ် ဟု ဆိုအပ်သော ပထမဆုံးဖြစ်သော မဂ်အဆင့်သို့ရောက်သည်ကို သောတာပန်ဟု ခေါ်၏။

(လေးလွှာဖျက်ခန်း၊ အနတ္တဝိပဿနာကျမ်း၊၂၄၆)

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

အထက်ပါစကားရပ်တို့၌—

(က) မျက်မှောက်ခေတ် ရဟန်းသံဃာတော်များသိမ်အတွင်း၌ ဉ တ္တိစတု-တ္ထကမ္မဝါစာဖြင့် ဥပသမ္ပဒကံကို ပြုလုပ် ဆောင်ရွက်ကြရာတွင် ဥပဇ္ဈာယ်ဆရာ၊ ကမ္မဝါစာဆရာ စသော သံဃာတော်များသည် အရိယာသံဃာ မဟုတ်ခြင်းကြောင့် ပဥ္စင်းလောင်းသည် ရဟန်း အဖြစ်သို့ မရောက်နိုင်ဟူသော ရေးသားချက်။

(ခ) ရဟန်းဖြစ်ရန်အတွက် သိမ်ဝင်၍ ဉ တ္တိစတုတ္ထကမ္မဝါစာဖြင့် ကမ္မဝါ စာဖတ်ဖို့မလိုပဲ(၉)ရက် ကလျာဏ (နေယျ)သင်တန်းတက်ပြီးက သိက္ခာတင်ရန်မလို အလိုလိုရဟန်းအဖြစ်သို့ ရောက်၏ဟူသော အချက်။

(ဂ) သောတာပတ္တိမဂ်ဉာဏ်ကိုရဖို့အတွက် ကလျာဏ (နေယျ)သင်တန်း တက်ရန် ကိစ္စမှတပါး အခြားကမ္မဋ္ဌာန်းများကို အားထုတ်ကျင့်ကြံဖို့မလို ဟူသောအချက်။

(ဃ) ၉-ရက် ကလျာဏ(နေယျ)သင်တန်းတက်ပြီးက သောတာပန် အရိယာဖြစ်၏ဟူသော အချက်အားဖြင့် အဓိကအချက်လေးချက်ပါဝင်ပါသည်ဘုရား။ ထိုအချက်အားလုံးမှာ ဓမ္မဝိနယနှင့် မညီညွတ်သော အဓမ္မအဝိနယဝါဒတို့သာဖြစ်ကြောင်း သာဓကဖြင့် တင်ပြလျှောက်ထားပါမည်ဘုရား။

အထက်ပါ အဓိကအချက်လေးချက်တို့တွင် ရှေးဦးစွာ မျက်မှောက်ခေတ် ရဟန်းသံဃာတော်များသိမ်တွင်းဝယ်ဉ တ္တိစတုတ္ထကမ္မဝါစာဖြင့်ပဉ္စင်းလောင်းကို ရဟန်းအဖြစ်သို့ရောက်စေခြင်းဟု ဆိုအပ်သော ဉပသမ္ပဒကံ ပြုလုပ်ဆောင်ရွက်ကြရာ၌ ဉပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာ စသော ပုဂ္ဂိုလ်များသည် အရိယာသံဃာမဟုတ်သော်ငြားလည်း ပဉ္စင်းလောင်းသည် ရဟန်းအဖြစ်သို့ ရောက်နိုင်သည့်အကြောင်းကို လျှောက်ထားပါရစေဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သုမြတ်ဘုရား –

"သိက္ခာတင် ပဉ္စဂ် သိက္ခာချ ဆဋ္ဌဂ်"ဆိုရိုးစကား ရှိခဲ့သည့်အတိုင်း သိက္ခာတင်ခြင်းဟု ဆိုအပ်သော ဉပသမ္ပဒကံကို ပြုလုပ်ရာ၌ အင်္ဂါ၅-ပါးနှင့် ပြည့်စုံရပါသည်၊ ထိုအင်္ဂါ၅-ပါးမှာ–

(၁) ဝတ္ထုသမ္ပဒါ = ရဟန်းလောင်းဟူသောဝတ္ထု၏ပြည့်စုံခြင်း၊

(၂) ဉတ္တိသမ္ပဒါ = ဉတ်၏ပြည့်စုံခြင်း၊

(၃) အနုဿာဝနသမ္ပဒါ = ကမ္မဝါစာ၏ပြည့်စုံခြင်း၊

(၄) ပရိသသမ္ပဒါ=အောက်ထစ်ဆုံးအပိုင်းအခြားအားဖြင့် ပါရာဇိကလည်း မကျ ဉက္ခိတ္တကလည်း မဟုတ်သော မဇ္ဈိမဒေသ၌ရဟန်း(၁၀)ပါး ပစ္စန္တရာဇ်၌ ရဟန်း (၅)ပါး ဟူသော ပရိသတ်၏ ပြည့်စုံခြင်း။

(၅) သီမာသမ္ပဒါ = သိမ်၏ပြည့်စုံခြင်း–

တို့ဖြစ်ကြပါသည်ဘုရား။

ထိုအင်္ဂါ ၅-ပါးတို့တွင် ပရိသသမ္ပဒါသည် "သုဏာတု မေ ဘန္တေ သံဃော" စသော ကမ္မဝါစာ၌ "သံဃော"အရပင် ဖြစ်ပါသည်၊ သံဃောပုဒ်ကို ကင်္ခါဝိတရဏီ အဋ္ဌကထာ၌ အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည်။

သံဃောတိ ပုဂ္ဂလသမူဟဝစနံ။ "သံဃော" တိ ဣမိနာ ပန ပဒေန ကိဥ္စာပိ အဝိသေသတော ပုဂ္ဂလသမူဟော ဝုတ္တော၊ အထ ခေါ သော ဒက္ခိဏေယျသံဃော သမ္မုတိသံဃောစာတိ ဒုဝိဓော ဟောတိ။ တတ္ထ ဒက္ခိဏေယျသံဃောတိ အဋ္ဌ အရိယပုဂ္ဂလသမူဟော ဝုစ္စတိ၊ သမ္မုတိ သံဃောတိ အဝိသေသေန ဘိက္ခုသမူဟော၊ သော ဣဓ အဓိပ္ပေတော။

(ကင်္ခါ၊ ဋ္ဌ၊ ၈၅)

ဤအဋ္ဌကထာစကားရပ်၌ သံဃော-ဟူသောပုဒ်ဖြင့်သာမညအားဖြင့်ပုဂ္ဂိုလ်အပေါင်းဟူသော အနက်ကို ဟောသော်လည်း သံဃာသည် ဒက္ခိဏေယျသံဃာ၊ သမ္မုတိသံဃာ ဟူ၍ (၂)ပါး အပြားရှိ၏၊ ထိုတွင် အရိယာပုဂ္ဂိုလ် ရှစ်ယောက် အပေါင်းကို ဒက္ခိဏေယျသံဃာဟု ဆိုအပ်၏၊ သာမန် ရဟန်းအပေါင်းကို သမ္မုတိသံဃာဟု ဆိုအပ်၏၊ ဤအရာ၌ သာမန်ရဟန်းအပေါင်း ဟူသော သမ္မုတိသံဃာကို အလိုရှိအပ်၏ဟု ဖွင့်ဆိုထားခြင်းဖြစ်ပါသည်။

ထို့ပြင် ဝိမတိဋီကာ၌လည်း—

သံဃောတိ အဝိသေသတော စတုဝဂ္ဂါဒိကေ ပကတတ္တပုဂ္ဂလသမူဟေ ဝတ္တတိ၊ ဣဓ ပန ပစ္စန္တိမေသု ဇနပဒေသု ပဉ္စဝဂ္ဂတော ပဋ္ဌာယ မဇ္ဈိမေသု ဇနပဒေသု ဒသဝဂ္ဂတော ပဋ္ဌာယ သံဃောတိ ဂဟေတဗ္ဗော-

ဟု မိန့်ဆိုထားပါသေးသည်။

(ဝိမတိ၊ ဒု-၁၃၃)

ဤဋီကာစကားရပ်၌လည်း သံဃောဟူသောပုဒ်သည် သာမညအားဖြင့် လေးပါးအစုရှိသဖြင့် စတုဝဂ်စသော ပကတတ်ဖြစ်သော ပုဂ္ဂိုလ်အပေါင်း၌ ဖြစ်၏၊ ဤဥပသမ္ပဒာကံအရာ၌ကား ပစ္စန္တရာဇ်ဇနပုဒ်တို့၌ ၅-ပါး အစုရှိသော ရဟန်းမှစ၍ မဇ္ဈိမဒေသ ဇနပုဒ်တို့၌ ဆယ်ပါး အစုရှိသော ရဟန်းမှစ၍ "သံဃာ" ဟု ယူအပ်၏ဟု မိန့်ဆိုခြင်းဖြစ်ပါသည်။

အထက်ပါ အဋ္ဌကထာ ဋီကာဆရာတို့က "သံဃော" ဟူသောပုဒ်၌ သာမန် ရဟန်းအပေါင်းဟူသော သမ္မုတိသံဃာကို အလိုရှိအပ်၏ဟု မိန့်ဆို၍ပြသော ကြောင့် ယခုမျက်မှောက် သမ္မုတိရဟန်း သံဃာတော်များ ဥပသမ္ပဒကံ ပြုလုပ်ဆောင်ရွက်ကြရာ၌ ဥပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာ စသော သံဃာတော်များသည် အရိယာ သံဃာ မဟုတ်သော်ငြားလည်း ပုထုဇဉ်ပကတတ်ရဟန်း မဇ္ဈိမဒေသ၌ ၁၀-ပါး၊ ပစ္စန္တရာဇ်၌ ၅-ပါးရှိက ဝတ္ထုသမ္ပတ္တိ ဉတ္တိသမ္ပတ္တိ အနုဿာဝနသမ္ပတ္တိ သီမာသမ္ပတ္တိဟု ဆိုအပ်သော အင်္ဂါ ၄-ပါးတို့နှင့် ပြည့်စုံခဲ့ပါမူ ပဥ္စင်းလောင်းသည် မြင့်မြတ်သော အထက်တန်း ရဟန်းအဖြစ်သို့ မုချကေန်ရောက်ပါသည်။

ဥပသမ္ပဒကံအရာ၌ ဥပဇ္ဈာယ်ဆရာသည် အဓိကနေရာမှပါဝင်သော ပုဂ္ဂိုလ်ဖြစ်ပါသည်၊ ထိုဥပဇ္ဈာယ်ဆရာကိုသော်မှ အရိယာမဖြစ်သေးတဲ့ သာမန်ပုထုဇဉ် ရဟန်းကိုဥပဇ္ဈာယ်ဆရာလုပ်ခွင့်ပေးထားကြောင်း၊တပည့်ကဆရာဥပဇ္ဈာယ်အပေါ် ပြုကျင့်ရမည့်ကျင့်ဝတ်များကို ဟောပြရာ အောက်ပါ ဘုရားဟောဒေသနာ ပါဠိကိုကြည့်က သိနိုင်ပါသည်ဘုရား။

> သစေ ဥပဇ္ဈာယဿ အနဘိရတိ ဥပ္ပန္နာ ဟောတိ၊ သဒ္ဓိဝိဟာရိကေန ဝူပကာသေတဗ္ဗော၊ ဝူပကာသာပေတဗ္ဗော၊ ဓမ္မကထာ ဝါဿ ကာတဗ္ဗာ။သစေ ဥပဇ္ဈာယဿ ကုက္ကုစ္စံ ဥပ္ပန္နံ ဟောတိ၊ သဒ္ဓိဝိဟာရိကေန ဝိနောဒေတဗ္ဗံ ဝိနောဒါပေတဗ္ဗံ ဓမ္မကထာ ဝါဿ ကာတဗ္ဗာ၊ သစေ ဥပဇ္ဈာယဿ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ၊ သဒ္ဓိဝိဟာရိကေန ဝိဝေစေတဗ္ဗံ ဝိဝေစာပေတဗ္ဗံ ဓမ္မကထာ ဝါဿ ကာတဗ္ဗာ။ (ဝိ၊၃။၆၁)

အကယ်၍ ဥပဇ္ဈာယ်ဆရာတော်အား သာသနာတော်၌ မမွေ့လျော် မပျော်ပိုက်မှုဖြစ်ခဲ့သော် သဒ္ဓိဝိဟာရိက တပည့်သည် ကိုယ်တိုင် ထိုမမွေ့လျော် မပျော်ပိုက်မှုဖြစ်ပေါ်ရာအရပ်မှ အခြားသော ကလျာဏမိတ္တ စသည်နှင့် ပြည့်စုံသည့်သင့်တော်ရာအရပ်သို့ ပင့်ဆောင်သွားရမည်၊သူတပါးကိုသော်လည်း ပင့်ဆောင်သွားစေရမည်၊ ထိုဥပဇ္ဈာယ်ဆရာအား ကုက္ကုစ္စ သံသယ ဖြစ်ပေါ်လာခဲ့သော် သဒ္ဓိဝိဟာရိကတပည့်သည် ကိုယ်တိုင် ကုက္ကုစ္စသံသယကို ပယ်ဖျောက်စေရမည်၊ သူတပါးကိုသော်လည်း ပယ်ဖျောက်စေရမည်၊ တရားစကားဖြင့် လျှောက်ထားမှုကိုသော်လည်းပြုရမည်၊ အကယ်၍ ဥပဇ္ဈာယ်ဆရာအား အယူလွဲမှားမှု မိစ္ဆာဒိဋ္ဌိဖြစ်ပေါ်လာခဲ့သော် သဒ္ဓိဝိဟာရိက တပည့်သည် ထိုမိစ္ဆာအယူကို ကိုယ်တိုင်စွန့်စေရမည်၊ သူတပါးကိုသော်လည်း စွန့်စေရမည်၊ တရားစကားဖြင့် လျှောက်ထားမှုကိုသော်လည်း ပြုရမည်။

အရိယာပုဂ္ဂိုလ်များမှာ ရတနာသုံးပါး၌ မတုန်မလှုပ် သက်ဝင်ယုံကြည်သူများဖြစ်သောကြောင့် "အနဘိရတိ" "ကုက္ကုစ္စ" "ဒိဋ္ဌိဂတ" တို့ဖြစ်နိုင်စရာအကြောင်းမရှိပါ။ "သစေ ဥပဇ္ဈာယဿ အနဘိရတိ ဥပ္ပန္နာ ဟောတိ" စသောဒေသနာတော်ကို ဘုရားရှင်ဟောတော်မူခဲ့သည်ကို ထောက်ရှုသောအားဖြင့် သာမန်ပုထုဇဉ်ရဟန်းများလည်း ဥပဇ္ဈာယ်ဆရာလုပ်ထိုက်ကြောင်း သိသာထင်ရှားလှပါသည်ဘုရား။ ထို့ပြင် ကမ္မဝါစာရွတ်ဖတ်သူများအတွက်လည်း ဝိမတိဋ္ဌကာ၌ –

> အနုပဇ္ဈာယကဿပိ ယေန ကေနစိ အနုဿာဝိတေ ဥပသမ္ပဒါ ဟောတိ။
>
> (ဝိမတိ၊ဒု၊နှာ-၁၃၂)

ဥပဇ္ဈာယ်ဆရာမရှိသော ပဥ္စင်းလောင်းအား တစုံတဦးသော ပုဂ္ဂိုလ်သည် ကမ္မဝါစာကို ရွတ်ဖတ်အပ်သည်ရှိသော် ပဉ္စင်းအဖြစ်သို့ရောက်၏ဟု မိန့်ဆိုထားပါသည်။

ဤဝိမတိဝိနောဒနီဋီကာစကားရပ်၌ "ယေန ကေနစိ" မည်သူမဆို ကမ္မဝါစာရွတ်ကောင်း၏ဟု ပုထုဇဉ်အရိယာ မခွဲခြားပဲ မိန့်မှာထားသဖြင့် ကိလေသာကို မပယ်သတ်နိုင်သေးသော သာမန်ပုထုဇဉ်ရဟန်းများလည်း ကမ္မဝါစာဆရာလုပ်ထိုက်ကြောင်းသိနိုင်ပါသည်။သာမန်ပုထုဇဉ်ရဟန်းတော်များ ဥပသမ္ပဒကံပြုလုပ်ဆောင်ရွက်ကြရာ၌ ဥပဇ္ဈာယ်ဆရာ ကမ္မဝါစာဆရာတို့သော်မှလုပ်ထိုက်ပါလျှင် ကာရကသံဃာအဖွဲ့ရာမှုကား ကိလေသာကို မပယ်သတ်နိုင်သေးသော သာမန်ပုထုဇဉ်ရဟန်းတော်များ ပါဝင်သင့် မပါဝင်သင့်ဆိုသည်ကို အထူးစိစစ်နေဖွယ်လိုမည်မထင်ပါဘုရား။

နိုင်ငံတော် သီးခြား ဝိနည်းခုံရုံး ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ထေရဝါဒဖြစ်သော ပဋ္ဌိတော် အဋ္ဌကထာ ဋီကာတို့၌ ဥပသမ္ပဒကံပြုလုပ်ဆောင်ရွက်ကြရာတွင် ယခုမျက်မှောက် သမ္မုတိသံဃာတော်များလည်း မဇ္ဈိမဒေသ၌ ၁၀-ပါး၊ ပစ္စန္တရာဇ်၌ ၅-ပါးရှိက အခြားသော ဝတ္ထုသမ္ပတ္တိ ဉတ္တိသမ္ပတ္တိ အနုသာဝနသမ္ပတ္တိ သီမာသမ္ပတ္တိတို့နှင့် ပြည့်စုံခဲ့ပါမူ ပဉ္စင်းလောင်းသည် ရဟန်းအဖြစ်သို့ရောက်၏ဟု အထင်အရှား ရှိပါလျက် "ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာ ကိလေသာ (၂)ခုလောက်ကိုမျှ သတ်နိုင်တဲ့သံဃာမပါပဲနှင့် ရဟန်းခံခြင်းများပြုလုပ်ကြသည့်ပုဂ္ဂိုလ်များအတွက် အာပတ်သင့်စရာ အာဏာဝိတိက္ကမန္တရာယ်မသင့်ပါ"ဟု ကျောက်ပုံတောရ ဦးစံရင်း၏ "မျက်မှောက်ခေတ် သမ္မုတိရဟန်းသံဃာတော်များ၊ ရဟန်းအဖြစ်သို့ မရောက်လေဟန်" ရဟန်းတု ရဟန်းယောင်များဖြစ်လေဟန် ရေးသားချက်သည် ဝိနည်းနှင့် ဆန့်ကျင်သော အဝိနယဝါဒသာဖြစ်ကြောင်း ရှိုးသစွာ လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းခုံရုံး ဆရာတော်အရှင်သူမြတ်တို့ဘုရား—

၉-ရက် ကလျာဏ (နေယျ)သင်တန်းတက်ရုံမျှဖြင့် ရဟန်းအဖြစ်သို့ မရောက်နိုင်ပုံကို လျှောက်ထားပါမည်ဘုရား။

ပါရာဇိကဏ်အဋ္ဌကထာ၌ ဥပသမ္ပဒါရှစ်မျိုးကို အောက်ပါအတိုင်း အဋ္ဌကထာဆရာက ဖွင့်ပြထားပါသည်။

အယည့် ဥပသမ္ပဒါနာမ အဋ္ဌဝိဓာ ဧဟိဘိက္ခုပသမ္ပဒါ သရဏဂမနူပသမ္ပဒါ ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ ပဉှဗျာကရဏူပသမ္ပဒါ ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါ ဒူတေနူပသမ္ပဒါ အဋ္ဌဝါစိကူပသမ္ပဒါ ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါတိ။

(ပါရာဇိကဏ်ဋ္ဌ၊ပ၊၂၀၆)

ထိုဥပသမ္ပဒါ (၈)မျိုး၏အဓိပ္ပာယ်ကို အဋ္ဌကထာဆရာ ဖွင့်ပြသည့်အတိုင်း အကျဉ်းချုံး၍လျှောက်ထားပါမည်။

(၁) "ဧဟိ ဘိက္ခု"ဟု သက်တော်ထင်ရှား မြတ်စွာဘုရား၏ ရွှေနှုတ်တော်ထွက် ဓမ္မစက်ဖြင့် ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ခြင်းသည် "ဧဟိဘိက္ခူပသမ္ပဒါ"မည်၏။

(၂) "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" စသောနည်းဖြင့် သုံးကြိမ်မြွက်ဆို၍ သရဏဂုံ သုံးပါးဖြင့် ရဟန်းအဖြစ်သို့ ရောက်ခြင်းသည် သရဏဂမနူပသမ္ပဒါ မည်၏။

(၃) တသ္မာ တိဟ တေ ကဿပ ဧဝံ သိက္ခိတဗ္ဗံ စသောနည်းဖြင့် ဘုရားရှင် ပေးတော်မူအပ်သော ဩဝါဒကို အရှင်မဟာကဿပခံယူခြင်းကြောင့် ခွင့်ပြုတော်မူအပ်သော ဥပသမ္ပဒါသည် "ဩဝါဒပဋိဂ္ဂဟဏူပသမ္ပဒါ" မည်၏။

(၄) ဘုရားရှင်သည် သောပါကသာမဏေအား ပြဿနာမေးမှု ဖြေမှုကိုပြု၍ ခွင့်ပြုတော်မူအပ်သော ဥပသမ္ပဒါသည် ပဉှဗျာကရဏူပသမ္ပဒါမည်၏။

(၅) မဟာပဇာပတိဂေါတမီအား ဂရုဓမ်ရှစ်ပါးကို ခံယူခြင်းကြောင့် ခွင့်ပြုတော်မူအပ်သော ဥပသမ္ပဒါသည် ဂရုဓမ္မပဋိဂ္ဂဟဏူပသမ္ပဒါမည်၏။

(၆) အဍ္ဎကာသိမည်သော ပြည့်တန်ဆာမအား ခွင့်ပြုအပ်သော ဥပသမ္ပဒါ သည် ဒူတေနူပသမ္ပဒါမည်၏၊

(၇) ဘိက္ခုနီမတို့၏ ဘိက္ခုနီသံဃာမှ ဉတ္တိစတုတ္ထကံ၊ဘိက္ခုသံဃာမှ ဉတ္တိစတုတ္ထကံဟုဆိုအပ်သော ကံ ၂-ပါးတို့ဖြင့် ပဉ္စင်းခံခြင်းသည် "အဋ္ဌဝါစိကူပသမ္ပဒါ"မည်၏။

(၈) ယခုအခါဗုဒ္ဓသာသနာတော်တွင်း၌ မိုဘင်းနေထိုင်ကြသော ရဟန်းတော်များကဲ့သို့ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းခံခြင်းသည် ဉတ္တိစတုတ္ထကမ္မူပသမ္ပဒါမည်၏။

နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား –

အထက်ပါ ဥပသမ္ပဒါရှစ်ပါးတို့တွင် ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါ ဒူတေနူပသမ္ပဒါ အဋ္ဌဝါစိကူပသမ္ပဒါတို့သာ နိစ္စထာဝရတည်ရှိနိုင်ကြောင်း။ ကြွင်း ဥပသမ္ပဒါ ၅-မျိုးတို့သည် ဘုရားရှင်တို့သက်တော်ထင်ရှား ရှိစဉ်အခါ၌သာဖြစ်နိုင်ကြောင်း သာရတ္ထဒီပနီဋီကာ၌ ဖွင့်ဆိုထားသည်ကို သာဓကအဖြစ် တင်ပြပါမည်ဘုရား။

> တထာ ဟိ အဋ္ဌသု ဥပသမ္ပဒါသု ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါ ဒူတေနူပသမ္ပဒါ အဋ္ဌဝါစိကူပသမ္ပဒါတိ ဣမာ တိဿောဝ ထာဝရာ၊ သေသာ ဗုဒ္ဓေဓရမာနေယေဝ အဟေသုံ။ (သာရတ္ထ၊ ဒု၊၅၇)

အနက်

တထာတံဝစနံ၊ ထိုစကားသည်။ ဟိသစ္စံ၊ မှန်၏။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ ဥပသမ္ပဒါသု၊ ဥပသမ္ပဒါတို့တွင်။ ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါ၊ ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါလည်းကောင်း။ ဒူတေနူပသမ္ပဒါ၊ ဒူတေနူပသမ္ပဒါလည်းကောင်း။ အဋ္ဌဝါစိကူပသမ္ပဒါ၊ အဋ္ဌဝါစိကူပသမ္ပဒါလည်းကောင်း။ဣတိ၊ဤသို့။ဣမာတိဿောဝ၊ ဤဥပသမ္ပဒါသုံးပါးတို့သည်သာလျှင်။ ထာဝရာ၊ အမြဲရှိနိုင်ကုန်၏။ သေသာ၊ ကြွင်းသော ဥပသမ္ပဒါ ၅ မျိုးတို့သည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရားသည်။ ဓရမာနေယေဝ၊ သက်တော်ထင်ရှားရှိစဉ်သော်သာလျှင်။ အဟေသုံ၊ ဖြစ်နိုင်ကုန်ပြီ။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက်ကာလ၌ နိစ္စထာဝရတည်ရှိနိုင်သော ဥပသမ္ပဒါသုံးမျိုးတို့တွင်လည်း ဒူတေနူပသမ္ပဒါအဋ္ဌဝါစိကူပသမ္ပဒါတို့သည် ဘိက္ခုနီမတို့နှင့်သာ သက်ဆိုင်သောကြောင့် ယခုအခါ ဘိက္ခုနီသာသနာ ကွယ်ပျောက်နေပြီဖြစ်၍ ၎င်း ဥပသမ္ပဒါ ၂-မျိုးလည်း မရှိနိုင်တော့ပါဘုရား။ ရဟန်းယောကျ်ားတို့၏ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ပဉ္စင်းခံခြင်းဟုဆိုအပ်သော ဥပသမ္ပဒါတမျိုးသာ ယခုအချိန်မှာ ရှိနိုင်တော့သည့်အတွက်—

> သိက္ခာမတင်၊ သိမ်မဝင်၊ဘယ်တွင် ဘယ်လို ရဟန်းဖြစ်သနည်း၊
>
> သင်တန်းသိက္ခာ၊တင်ပြီးပါ၊ ထိုခါရဟန်းဖြစ်သတည်း—

ဟု ကျောက်ပုံတောရ ဦးဝီရိယာဓိကညာဏ၏ ရေးသားခြင်းသည် အထက်ပါ ဝိနည်းဒေသနာတော်နှင့် ဆန့်ကျင်လှကြောင်း အလွန်မတန် ထင်ရှားပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား....

ကျောက်ပုံတောရဝါဒီတို့သည် ၉-ရက် ကလျာဏ(နေယျ)သင်တန်းပြီးဆုံးက "ပရမတ်ညာဏ် အမြင်သန်ကြပြီ" ဟု ထင်မှတ်နေကြလျက် "ပရမတ်ညာဏ် အမြင်

သန် တင်ရန်သိက္ခာမလိုတည်း” ဆိုသည့် သူတို့၏ဆောင်ပုဒ်အတိုင်း သိက္ခာမတင် သိမ်မဝင်ရပဲ မိမိတို့ကိုယ်ကို “ရဟန်း”ဟု ဝန်ခံနေကြသူများဖြစ်ကြောင်း သူတို့၏ စာအုပ်စာပေတို့ကို ဖတ်ရှုရသဖြင့်လည်းကောင်း၊ တရားတိတ်ခွေများ၌ ဦးစံရင်းသည် လူဝတ်ကြောင် ပုဂ္ဂိုလ်ပင်ဖြစ်သော်ငြားလည်း “ကျောက်ပုံ တောရဆရာတော်”ဟု နာမည်ခံလျက် သာသနာတော်တွင်း၌ သာသနာ့ဝန်ထမ်း ရဟန်းတော်များသာ ခေါ်ဝေါ်သုံးစွဲလေ့ရှိသော “တကာမောင်ဘိုးရှမ်း” စသော ခေါ်ဝေါ်သုံးစွဲမှု၊ တပည့်ဖြစ်သူတို့ကလည်း “အရှင်မြင့်ဇော် ကျွန်ုပ်တင့် ဆိုတဲ့စကားအတိုင်း” “ဆရာတော်ဘုရား” “မှန်လှပါဘုရား” “ဆက်ကပ်ပါမည် ဘုရား”စသော လူဝတ်ကြောင်ချင်းဖြစ်လျက် ရဟန်းနှင့်လူဒါယကာတို့ ဆက်ဆံရာ၌သာ ပြောဆိုလေ့ရှိသော ခေါ်ဝေါ်သုံးစွဲမှုတို့ကို နားထောင်ကြည့်ခြင်းဖြင့်လည်းကောင်း သိနိုင်ပါသည်။

ကျောက်ပုံတောရ ဦးစံရင်း၏ တပည့်အဖြစ် ယနေ့ထိအောင် ခံယူနေကြဆဲဖြစ်သော ရဟန်း ဓမ္မကထိက လူဝတ်ကြောင် ဓမ္မကထိက ပုဂ္ဂိုလ်များသည်–

ဒီဃနိကာယ် ဗြဟ္မဇာလသုတ် အဋ္ဌကထာ (နှာ-၃၇) ၌

> ဆရာသည် မစင်ကိုသော်လည်းကောင်း၊ မီးကိုသော်လည်းကောင်း၊ ဆူးကိုသော်လည်းကောင်း၊ မြွေဟောက်ကိုသော်လည်းကောင်း၊ တက်နင်းသော် တပည့်ရင်းသည် ထိုအားလုံးကို အတူလိုက်၍ မပြုထိုက်ပေ၊ ဆရာသည် (မိမိကိုယ်ခန္ဓာကို ထိုးဖောက်မည့်) တံကျင်ပေါ်သို့ တက်သော်လည်းကောင်း၊ လတ်တလော သေစေတတ်သောအဆိပ်ကို စားသော်လည်းကောင်း၊ ကြမ်းတမ်းသော ရေအယဉ်ထဲသို့ လျှောကျသော်လည်းကောင်း၊ (နက်လှသော) နရက်ချောက်ထဲသို့ ခုန်ချသော်လည်းကောင်း၊ တပည့်ရင်းသည် ထိုအားလုံးကို အတူလိုက်၍ မပြုထိုက်ပေ။

ဟုဗြဟ္မဒတ်လုလင်သည်ဆရာသုပ္ပိယပရိဗိုဇ်အပေါ် တွေးပြီးသတ္တဝါမှန်သမျှကံသာလျှင် မိမိဥစ္စာရှိသည်၏အဖြစ်ကို အောက်မေ့ဆင်ခြင်လျက် ဆရာသုပ္ပိယပရိဗိုဇ်နှင့် လမ်းခွဲ၍ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးစကားကိုသာ ပြောကြားခြင်းဖြင့် အမှန်ရသကဲ့သို့ အမြင်မှန်မရနိုင်ကြသေးပဲ တရားဟောသောအခါများ၌ “မြတ်စွာဘုရားက ဘယ်လိုဟောတော်မူခဲ့သည်” ဆိုတဲ့ စကားကိုတော့ မကင်းရုံမျှသာ သုံးစွဲလေ့ရှိကြ၍ ဘယ်အရာမျိုးမဆို “အနတ္တ” ဟု ပါးစပ်က ထပ်ကာထပ်ကာ မြွက်ဟနေကြသော်ငြားလည်း အတ္တဘက်သို့ ယိမ်းယိုင်လျက်ရှိသော “ကျွန်တော်တို့ကျေးဇူးရှင် ကျောက်ပုံဆရာတော်ဘုရားကြီး” ဆိုတဲ့ စကားကိုသာ ဟွင်တွင်ကြီးသုံးနေကြဆဲ ရှိပါသည်။ ကျောက်ပုံတောရ ကမ္ဘာ့ဝိပဿနာ

ဌာနချုပ်၌ရှိသောရဟန်းတော်များသည် ထိုခေတ်ထိုကာလကသိမ်ဝင်၍ ဉတ္တိ-စတုတ္ထ ကမ္မဝါစာဖြင့် ရဟန်းခံလေ့မရှိကြပဲ ကျောက်ပုံတောရ ဆရာတော် အမည်ခံ ဦးစံရင်းက "ဧဟိ ဘိက္ခု" ဟုဆိုပြီး သင်္ကန်းဝတ်ပေးထားသူများသာ ဖြစ်ကြ၍ ထိုသို့ သင်္ကန်းဝတ်နေခြင်းကို အကြောင်းပြုပြီး ကျောင်းနီချင်း သံဃာတော်များနှင့် အကြီးအကျယ် ပဋိပက္ခဖြစ်ခဲ့ဖူးကြောင်း စုံစမ်းသိရှိရပါ သည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ကျောက်ပုံတောရ ဝါဒီတို့၏ ရဟန်းဖြစ်ဖို့အတွက် "သိမ်ဝင်၍ သိက္ခာမတင် ရပဲ ၉-ရက် ကလျာဏ (နေယျ) သင်တန်းတက်၍ သိက္ခာတင်ခြင်းဖြင့် ရဟန်း ဖြစ်၏" ဟူသော ရေးသားချက်သည် ထေရဝါဒကျမ်းဂန်တို့နှင့် ဆန့်ကျင်လှ သောကြောင့် "အဓမ္မဝါဒ အဝိနယဝါဒ" ဟုသာ ဆုံးဖြတ်ပေးတော်မူကြပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

သောတာပတ္တိမဂ်ဉာဏ်ကိုရဖို့အတွက် ကလျာဏ (နေယျ) သင်တန်းတက် ခြင်းမှ အခြားကမ္မဋ္ဌာန်းများကို အားထုတ်ကျင့်ကြံဖို့ လိုအပ်ကြောင်းကို ဆက်လက်၍ လျှောက်ထားပါမည်ဘုရား။

ကျောက်ပုံတောရ ဦးဝီရိယာဓိကဉာဏသည် လေးလွှာဖျက်ခန်း အနတ္တ ဝိပဿနာကျမ်း၌ – ဝိသုဒ္ဓိမဂ်မှ "ပဌမမဂ္ဂဉာဏံ သမ္ပာဒေတုကာမေဝ အညံ ကိဉ္စိ ကာတဗ္ဗံ နာမ နတ္ထိ" ဟူသော တပိုင်းတစ ပါဠိကိုဖော်ထုတ်၍ မိမိတို့၏ ကျောက်ပုံတောရဝါဒနှင့် ကိုက်ညီအောင် ကိုယ်လိုရာဆွဲ၍ အနက်ယောဇနာ ထားခြင်းဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်၌လာသော ပါဠိအပြည့်အစုံမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

> တတ္ထ ပဌမမဂ္ဂဉာဏံ တာဝ သမ္ပာဒေတုကာမေန အညံ ကိဉ္စိ ကာတဗ္ဗံ နာမ နတ္ထိ။ ယဉ္ဟိ အနေန ကာတဗ္ဗံ သိယာ၊ တံ အနုလောမာဝသာနံ ဝိပဿနံ ဥပ္ပာဒေန္တေန ကတမေဝ။ (ဝိသုဒ္ဓိမဂ်၊ ဒု၊ ၃၁၂)

**အနက်**

တတ္ထ၊ထိုလေးပါးသောမဂ်ဉာဏ်တို့တွင်။တာဝ၊ရှေးဦးစွာ။ပဌမမဂ္ဂဉာဏံ၊ ပထမ မဂ်ဉာဏ်ကို။ သမ္ပာဒေတုကာမေန၊ ပြီးစေလိုသော ယောဂီပုဂ္ဂိုလ်သည်။ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုကို။ ကာတဗ္ဗံ နာမ၊ပြုအပ်သောမည်သည်။ နတ္ထိ၊ မရှိချေ။ အနေန၊ ဤ ယောဂီပုဂ္ဂိုလ်သည်။ သောတာပတ္တိမဂ္ဂဉာဏဿ၊ သော-တာပတ္တိမဂ်ဉာဏ်ကို။ သမ္ပာဒနတ္ထာယ၊ ပြီးစေခြင်းငှာ။ ကာတဗ္ဗံ၊ ပြုအပ်

ပြုသင့် ပြုထိုက်သော။ ယံ၊ အကြင်အမှုသည်။ သိယာ၊ရှိသည်ဖြစ်ရာ၏။ တံ၊ (ထို အမှုကို။ အနုလောမာဝသာနံ၊ အနုလောမညာဏ် အဆုံးရှိသော။ ဝိပဿနံ၊ ဝိပဿနာကို။ ဉပ္ပာဒေန္တေန၊ ဖြစ်စေခြင်းဖြင့်။ ကတမေဝ၊ ပြုပြီးဖြစ်တော့ သည်သာ။

ဤဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဌ်၏ဆိုလိုရင်း အဓိပ္ပါယ်အကျဉ်းချုပ်မှာ—သော တာပတ္တိမဂ်ညာဏ်ကို ဖြစ်စေလိုသော ယောဂီပုဂ္ဂိုလ်သည် နာမရူပပရိစ္ဆေဒညာဏ် အစ အနုလောမညာဏ်အဆုံးရှိသော ဝိပဿနာကို ပွားများအားထုတ်ရန်ကိစ္စမှ တပါး၊ အခြားတစုံတခု ပြုဖွယ်ကိစ္စမရှိ၊ နာမရူပပရိစ္ဆေဒညာဏ်အစ အနုလော မညာဏ် အဆုံးရှိသော ဝိပဿနာညာဏ်အဆင့်ဆင့်တို့ကို ပွားများအားထုတ်ခြင်း ဖြင့်သာ သောတာပတ္တိမဂ်ညာဏ်ကိစ္စပြီး၏၊ ဝါ၊ သောတာပတ္တိမဂ်ညာဏ်ကိုရနိုင်၏ ဟု ဆိုလိုရင်းဖြစ်ပါသည်။ ဤဝိသုဒ္ဓိမဂ် အဋ္ဌကထာပါဌ်၌ ကျောက်ပုံတောရ ဦးဝီရိယာဓိကညာဏဆိုလိုသော "၉-ရက် ကလျာဏ (နေယျ) သင်တန်းတက်ဖို့ စကား" အရိပ်အမြွက်မျှမတွေ့ရသဖြင့် ၎င်းကျောက်ပုံတောရဝါဒီများသည် ထေရဝါဒပိဋကတ်တော်များ၏ အနက်အဓိပ္ပာယ်မှန်ကို မိမိတို့၏ မိစ္ဆာဝါဒနှင့် ကိုက်ညီအောင် လိုရာဆွဲလျက် အနက်ယောဇနာပြီး ဘုရားရှင် သာသနာတော် ကို ဖျက်ဆီးနေသူများသာ ဖြစ်ပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ကျောက်ပုံတောရဝါဒီတို့၏ ၉-ရက် ကလျာဏ (နေယျ) သင်တန်းတက်ရုံမျှ ဖြင့် သောတာပန်မဖြစ်နိုင်ကြောင်းကို ဆက်လက်၍ လျှောက်ထားပါမည် ဘုရား။

မြတ်စွာဘုရားသည် သုတ်ပါထေယျပါဠိတော်၌ သောတာပန်ပုဂ္ဂိုလ်၏ အင်္ဂါ ၄-ပါးကို ဟောတော်မူခဲ့ပါသည်၊ ထိုအင်္ဂါ ၄-ပါးတို့မှာ –

(၁) မြတ်စွာဘုရားသည် အရဟံစသော ဂုဏ် ၉-ပါးနှင့် ပြည့်စုံတော်မူပါ ပေ၏ဟု ဘုရားရှင်၌ မတုန်မလှုပ်ကြည်ညိုမှုရှိခြင်း။

(၂) မြတ်စွာဘုရား ဟောထားအပ်သော တရားတော်သည် သွာက္ခာတ စသော ဂုဏ်တော် ၆-ပါးနှင့် ပြည့်စုံပါပေ၏ဟု တရားတော်၌ မတုန်မလှုပ်ကြည်ညိုမှုရှိခြင်း။

(၃) မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် သုပ္ပဋိပန္နစသော ဂုဏ်တော် ၉-ပါးနှင့် ပြည့်စုံတော်မူပါပေ၏ဟု သံဃာတော်၌ မတုန် မလှုပ် ကြည်ညိုမှုရှိခြင်း။

(၄) မကျိုးမပေါက် မပြောက်မကျားကုန်သော တဏှာကျွန်အဖြစ်မှ လွတ်မြောက်စေနိုင်၍ ပညာရှိတို့ ချီးမွမ်းအပ်ကုန်သော မှားသော အားဖြင့် မသုံးသပ်အပ်ကုန်သော တည်ကြည်မှု သမာဓိကို ဖြစ်စေ တတ်ကုန်သော အရိယာနှစ်သက်အပ်သော သီလနှင့် ပြည့်စုံခြင်းတို့ ဖြစ်ကြပါသည်။ (ဒီ၊၃၊၁၉၀)

ဤအင်္ဂါလေးပါးနှင့် ပြည့်စုံမှသာ သောတာပန်ပုဂ္ဂိုလ်ဟု ခေါ်ဆိုနိုင်ပါသည်။

ကျောက်ပုံတောရ ဝါဒီတို့သည် "ကလျာဏ (နေယျ) သင်တန်းတက်ပြီးက သောတာပန်ဖြစ်၏" ဟု သူတို့ရေးထားသည့်အတိုင်း အထက်ပါအင်္ဂါ လေး ချက်နှင့် ပြည့်စုံကြ၏လော ဆိုသည်ကို ဝေဖန်စစ်ဆေးကြည့်ဖို့ လိုအပ်လာပါ သည်ဘုရား။

ကျောက်ပုံတောရ ဆရာတော်အမည်ခံ ဦးစံရင်း၊ ဦးဝီရိယာဝိကဉာဏ၊ နေ မျိုးရာဇာ ဦးမောင်ကြီးစသော ပုဂ္ဂိုလ်များသည် သာမန်ကလျာဏနေယျ သင်တန်းသားများ မဟုတ်ကြတော့ပါ၊ မိမိတို့ရဲ့ ကျောက်ပုံတောရဝါဒကိုစတင် တည်ထောင်လာကြသော ဝါဒဆိုင်ခေါင် သင်တန်းပြခေါင်းဆောင် ဆရာကြီး များသာ ဖြစ်ကြပါသည်၊ ထိုသင်တန်းပြ ခေါင်းဆောင်ဆရာကြီးတို့ ရေးထားခဲ့ သောစာအုပ်၊ ဟောထားခဲ့သော တရားတိတ်ခွေများကို ဖတ်ရှုနားထောင် ကြည့်သောအခါ

**ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—**

ဝိပဿနာ သာမညာ၏ အစွမ်းဖြင့်လည်း နိဗ္ဗာန်ရနိုင်၏၊ ဈာန်ဝိပဿနာ၏ အစွမ်းဖြင့်လည်း နိဗ္ဗာန်ကိုရနိုင်၏၊ မဂ်စေတနာကံစသည်တို့၏ အစွမ်းဖြင့်လည်း နိဗ္ဗာန်ကိုရနိုင်၏။ သီလစသည်တို့၏ အစွမ်းဖြင့်လည်း နိဗ္ဗာန်ကို ရနိုင်၏။ သတိပဋ္ဌာန်အစရှိသည်တို့၏ အစွမ်းဖြင့်လည်း နိဗ္ဗာန်ကိုရနိုင်၏ဟု နိဗ္ဗာန်ကို ရနိုင်ကြောင်း နည်းပေါင်းများစွာကို ဘုရားရှင် ဟောတော်မူခဲ့သော သုတ် ထောက်သာကေနှင့်တကွ ဖွင့်ပြထားပါလျက် ကျောက်ပုံတောရဝါဒီတို့ မြဲခိုင်စွာ စွဲကိုင်ထားသည့် အနတ္တလက်နက်ကိုသာ နိဗ္ဗာန်ရကြောင်း နည်းကောင်းတခုတည်းအဖြစ် အသုံးပြုကြပြီး "ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော **သော ဝေါ မမစ္စယေန သတ္ထာ**" ဟူ သော ဒေသနာတော်မြတ်နှင့်အညီ "ငါဘုရား ဟောကြားတော်မူအပ်သော

သုတ်အဘိဓမ္မာ ပညတ်တော်မူအပ်သော ဝိနည်းပိဋကတ်တော်များသည် ငါ ဘုရား ပရိနိဗ္ဗာန်စံပြီးနောက် ဝေနေယျသတ္တဝါတို့အတွက် ဆရာတဆူဖြစ် လိမ့်မည်'' ဆိုသည့်ရည်ရွယ်ချက်ဖြင့် ကျွတ်ထိုက်ကြသား ဝေနေယျသတ္တဝါ များအတွက် မဟာကရုဏာတရား ရှေ့ထား၍ ဘုရားရှင် ဟောကြားတော်မူခဲ့ သော အာနာပါန ဣရိယာပထပဗ္ဗ စသောသမာဓိကမ္မဋ္ဌာန်းများကို သာမန် ပုထုဇဉ်ပုဂ္ဂိုလ်များ အားမထုတ်ကောင်းလေဟန် ရေးသားဟောပြောခြင်း၊ ဗုဒ္ဓ ဘာသာဝင် ဒကာ ဒကာမတို့ ပြုလုပ်အားထုတ်နေကြသော ဒါန သီလ ဘာဝနာ တို့ကို သီလဗ္ဗတပရာမာသအကျင့်နှင့် အတူထား၍ ရေးသားခြင်း၊ ယခု မျက် မှောက် သံဃာတော်များ ဥပသမ္ပဒကံပြုလုပ်ကြရာ၌ ဥပဇ္ဈာယ်ဆရာ ကမ္မဝါစာ ဆရာ စသော ပုဂ္ဂိုလ်များသည် အရိယာသံဃာ မဟုတ်ကြသဖြင့် ပဉ္စင်းလောင်း သည် ရဟန်းအဖြစ်သို့ မရောက်လေဟန် သံဃာတော်များကို ပြစ်တင်ရှုတ်ချ ၍ ရေးသားခြင်းစသောဓမ္မဝိနယနှင့် ဆန့်ကျင်သော ရေးသားဟောပြောချက် တို့ကို တွေ့ရှိနားထောင်ရသောကြောင့် ရတနာသုံးပါး၏ ဂုဏ်တော်များကို မတုန်မလှုပ် သက်ဝင်ကြည်ညိုမှု သဒ္ဓါတရား မရှိကြကြောင်း သိသာထင်ရှားလှ ပါသည်။ ထိုသို့ ရတနာသုံးပါး၏ ဂုဏ်တော်များကိုမတုန်မလှုပ် သက်ဝင် ကြည်ညိုမှု အင်္ဂါချွတ်ယွင်းနေခြင်း တပည့်တော်များ စုံစမ်းသိရှိချက် အရ "ကမ္ဘာ့ ဝိပဿနာ အဖွဲ့ချုပ်'' ဟု ဆိုင်းဘုတ်ချိတ်ပြီးလျှင် ဝိပဿနာကို ခုတုံး လုပ်လျက် ဒုစရိုက်မျိုးစုံကို ကျူးလွန်နေကြသူများဖြစ်၍ အရိယကန္တသီလ မရှိနိုင်ခြင်းတို့ကြောင့်ကျောက်ပုံတောရ ဝါဒီတို့သည် "သောတာပန်အရိယာမဖြစ် နိုင်'' ဟုသာ ယူဆပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်မြတ်တို့ဘုရား—

ကျောက်ပုံတောရ ဝါဒီတို့သည် ရိုးသားသော ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမ တို့အား မိမိတို့၏ မိစ္ဆာဝါဒအတွင်း ဖြားယောင်း သိမ်းသွင်းလိုသော အယောနိသောမနသိကာရဖြင့် ၉-ရက် ကသျှာဏ (နေယျ) သင်တန်းတက်ရုံ မျှဖြင့် သောတာပန် အရိယာဖြစ်၏ ဟု ရေးသားဟောပြောချက်သည် အဓမ္မ ဝါဒသက်သက်သာဖြစ်သောကြောင့်-အဓမ္မဝါဒအဓမ္မဝါဒီ တို့ဟူ၍ ဆုံးဖြတ်တော်မူ ကြပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

## စောဒနာ အမှတ် (၆)

**မဂ်ဆိုသည်မှာ စေတနာကို ခေါ်၏ ဟူသော ကျောက်ပုံတောရ ဆရာတော် အမည်ခံ ဦးစံရင်း၏ရေးသားဟောပြောခြင်းနှင့် ပတ်သက်၍ စောဒနာချက်ပါ ဘုရား။**

ကျောက်ပုံတောရ ဆရာတော် အမည်ခံ ဦးစံရင်းက နေယျ သင်တန်း စာမျက်နှာ-၁၁၈-၌ အောက်ပါအတိုင်း ရေးထားပါသည် ဘုရား။

ဝိပဿနာ နေပက္က ဖြစ်အောင် ရှုဆင်ခြင် ပွားများနိုင်လျှင် မဂ္ဂဖလသမ္မာဒိဋ္ဌိ စသော လောကုတ္တရာမဂ္ဂင်တို့ကို မဂ်တက်စဉ်အတိုင်း သိမြင်သွား၏၊ ဤနေရာ၌ မဂ်ဆိုသည်မှာ စေတနာကို ခေါ်၏၊ စေတနာ ဆိုသည်မှာ အားထုတ်ခြင်းကို ခေါ်၏၊ "စေတနာ မဂ္ဂေါ နာမ" ဟူသော အဋ္ဌသာလိနီကျမ်း-ရူပါဝစရကုသလ အဖွင့်ကို ထောက်လေ၊ ထို့ကြောင့် မဂ်ဟူသည် အားထုတ်ခြင်းကို ခေါ်၏၊ မဂ္ဂင် ဟူသည် အားထုတ်ခြင်း၏ ကျပ်ပြည့်ရန် အစိတ်အပိုင်းကို ခေါ်၏၊ ပါဠိလို မဂ္ဂင်ခေါ်၏၊ ဗမာလို အားထုတ်ခြင်းနှင့် တကွ ကျန်အစိတ်အပိုင်းများကို ခေါ်၏၊ ဤနေရာ၌ အားထုတ်မှု တကြိမ်ပြည့်စုံသည်နှင့် တပြိုင်နက် အချက်ကြီး ရှစ်ချက်ပါဝင်သွားတော့၏၊ ၎င်းကို ပါဠိဘာသာလို မဂ္ဂင်ဟု ခေါ်၏၊ ထို့ကြောင့် (စေတနာပိ စေတနာသမ္ပယုတ္တဓမ္မာပိ မဂ္ဂေါ နာမ) ဟု အဋ္ဌသာလိနီ ကျမ်း၌ မိန့်ဆိုလေသည်။

သီးခြား ဝိနည်းဓိုရ်ဆရာတော် အရှင်မြတ်များ ဘုရား—

အထက်ပါ ကျောက်ပုံတောရ ဆရာတော်အမည်ခံ ဦးစံရင်း၏ စကားတို့ကို ကောက်ချက်ချသော် အရိယမဂ်လေးပါးကို စေတနာမဂ္ဂင်ရှစ်ပါးကို စေတနာသမ္ပယုတ် ဟု အဋ္ဌသာလိနီ အဋ္ဌကထာကို ကိုးကား၍ ပြဆိုခြင်းပင်ဖြစ်ပါသည် ဘုရား။သူကိုးကား သောပါဠိကလည်း မပြည့်မစုံ တပိုင်းတစ ဖြစ်ပါသည် ဘုရား။

ကျောက်ပုံ ဝါဒီတို့သည် ဗုဒ္ဓဘာသာဝင်တို့ကို လှည့်စားရန် မိမိတို့တရားကို ဘုရားဟော တရားမဟုတ်ပါပဲလျက် ဘုရားဟော တရားဟု အထင်ရောက်စေရန် ပါဠိတပိုင်း တစကို ယူ၍ ထင်သလို အသုံးချခဲ့ကြပါသည်၊ မှားယွင်းစွာ အဓိပ္ပာယ်ကို ကောက်ယူကြပါသည်။

သူ့စကားကို သေချာစေ့စပ်စွာကြည့်ပါ၊ ဝိပဿနာ နေပက္က ဖြစ်အောင် အားထုတ်နိုင်လျှင် မဂ္ဂဖလသမ္မာဒိဋ္ဌိ စသော လောကုတ္တရာမဂ္ဂင်တို့ကို ဟု ဆို

သဖြင့် လောကီ ဝိပဿနာ မဂ်ကို မဆိုလိုပေ၊ ထို လောကုတ္တရာမဂ္ဂင်တို့ကို မဂ်တက်စဉ်အတိုင်း သိမြင်သွား၏ ဟု ဆိုသဖြင့် သောတာပတ္တိမဂ်, သကဒါဂါမိမဂ် အနာဂါမိမဂ်, အရဟတ္တမဂ်တို့ကို အစဉ်အတိုင်း သိမြင်သွား၏ ဟု ဆိုလိုပေသည်။ "ဤနေရာ၌ မဂ် ဆိုသည်မှာ" ဟူသော စကားရပ်၌ "ဤနေရာ" ဟူသည် မဂ်တက်စဉ်အတိုင်း မဂ်လေးပါးလုံးကို သိမြင်သွားရာ၌ ဟု ဆိုလိုပေသည်၊ မဂ်ဆိုသည်မှာ စေတနာကို ခေါ်၏ဟု ဆက်လက်ရေးထားပါသည်။ လောကုတ္တရာ မဂ်ဟူသည် စေတနာ ဟုတ် မဟုတ် အောက်ပါ အဋ္ဌကထာ, ဋီကာတို့ဖြင့် နှိုင်းချိန်ကြည့်ဖို့လိုပါသည်။ သုတ်သီလက္ခန် အဋ္ဌကထာ မဟာလိသုတ် အရိယအဋ္ဌင်္ဂိက မဂ္ဂအဖွင့် စာမျက်နှာ-၂၇၀ ၌-

အပိ စေသာ သမ္မာဒိဋ္ဌိ နာမ ပုဗ္ဗဘာဂေ နာနာက္ခဏာ နာနာရမ္မဏာ ဟောတိ၊ မဂ္ဂက္ခဏေ ဧကက္ခဏာ ဧကာရမ္မဏာ။ ကိစ္စတော ပန ဒုက္ခေ ဉာဏန္တိ အာဒီနိ စတ္တာရိ နာမာနိ လဘတိ။ သမ္မာသင်္ကပ္ပာဒယောပိ ပုဗ္ဗဘာဂေ နာနာက္ခဏာ နာနာရမ္မဏာ ဟောန္တိ၊ မဂ္ဂက္ခဏေ ဧကက္ခဏာ ဧကာရမ္မဏာ။ တေသု သမ္မာသင်္ကပ္ပေါ ကိစ္စတော နေက္ခမ္မသင်္ကပ္ပေါတိ အာဒီနိ တီဏိ နာမာနိ လဘတိ။ သမ္မာဝါစာဒယော တိဿော ဝိရတိယောပိ ဟောန္တိ၊ စေတနာဒယောပိ ဟောန္တိ။ မဂ္ဂက္ခဏေ ပန ဝိရတိယောဝ။

အနက်

အယံ၊ ဤဆိုလတ္တံ့သည်ကား။ အပိ စ အပရော၊ တပါးသော။ နယော၊ နည်းပါပေတည်း။ သော သမ္မာဒိဋ္ဌိ နာမ၊ ဤ သမ္မာဒိဋ္ဌိမည်သည်။ ပုဗ္ဗဘာဂေ၊ မဂ်၏ ရှေ့အဖို့၌။ နာနာက္ခဏာ၊ အထူး ထူးသော ခဏရှိသည်။ နာနာရမ္မဏာ၊ အထူးထူးသော အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ ဧကက္ခဏာ၊ တခုတည်းသော ခဏရှိသည်။ ဧကာရမ္မဏာ၊ တခုတည်းသော အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။ ပန၊ အဖို့တပါး အနက်သွားကို ပိုင်းခြား၍ဆိုဦးအံ့။ ကိစ္စတော၊ ကိစ္စအားဖြင့်။ ဒုက္ခေဉာဏန္တိအာဒီနိ၊ ဒုက္ခေဉာဏံ ဤသို့ အစရှိကုန်သော။ စတ္တာရိ နာမာနိ၊ အမည်လေးပါးတို့ကို။ လဘတိ၊ ရ၏။ သမ္မာသင်္ကပ္ပာဒယောပိ၊ သမ္မာသင်္ကပ္ပအစရှိသည် တို့သည်လည်း။ ပုဗ္ဗဘာဂေ၊ မဂ်၏ ရှေ့အဖို့၌။ နာနာက္ခဏာ၊ အထူးထူးသောခဏရှိကုန်သည်။ နာနာရမ္မဏာ၊ အထူးထူးသောအာရုံရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မဂ္ဂက္ခဏေ။ မဂ်ခဏ၌။ ဧကက္ခဏာ၊ တခုတည်းသော ခဏရှိကုန်သည်။ ဧကာရမ္မဏာ၊ တခုတည်းသော အာရုံရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသုသင်္ကပ္ပာဒီသု၊ ထိုသင်္ကပ္ပစသည်

တို့တွင်။သမ္မာသက်ပ္ပော၊ သမ္မာသက်ပ္ပသည်။ ကိစ္စတော၊ ကိစ္စအားဖြင့်။ နေက္ခမ္မ-သက်ပ္ပောတိ အာဒိနို၊ နေက္ခမ္မသက်ပ္ပ ဤသို့အစရှိကုန်သော။ တိဏ္ဏံ နာမာနံ၊ အမည်သုံးမျိုးတို့ကို။ လဘတိ၊ ရ၏။ သမ္မာဝါစာဒယော။ သမ္မာဝါစာအစရှိသည်တို့သည်။ တယော၊ သုံးပါးကုန်သော။ ဝိရတိယောပိ၊ ဝိရတီတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ စေတနာဒယောပိ၊ စေတနာ အစရှိသည်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပန၊ ဆ‌ဖို့တပါး အနက်သွားကို ပိုင်းခြား၍သာဆိုလိုက်ပါဦးအံ့၊ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ ဝိရတိယောဝ၊ ဝိရတီတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤအထက်ပါ အဋ္ဌကထာ စကားရပ်၌ သီလမဂ္ဂင်အဖွင့်၌ ပုဗ္ဗဘာဂခေါ် ဆိုရသော ဝိပဿနာမဂ်ခဏ၌ စေတနာရော ဝိရတီပါရနိုင်သော်လဲ မဂ်ခဏမှာ ဝိရတီကိုသာရနိုင်လေသည်။ အဘယ်အကြောင်းကြောင့်ပါနည်း။

စေတနာနံ အမဂ္ဂင်္ဂတ္တာ မဂ္ဂက္ခဏေ ပန ဝိရတိယောဝါတိ အာဟ။

(ဒီ၊ဋီ၊သစ်၊၂၊၃၃၇)

စေတနာနံ၊ စေတနာတို့၏။ အမဂ္ဂင်္ဂတ္တာ၊ မဂ္ဂင်မထိုက်သောကြောင့်။ မဂ္ဂက္ခဏေ ပန ဝိရတိယောဝါတိ၊ မဂ္ဂက္ခဏေ ပန ဝိရတိယောဝဟူ၍။ အာဟ၊ ဆိုတော်မူ၏။

ဤအထက်ပါ အဋ္ဌကထာ ဋီကာအထောက်အထားတို့ဖြင့် စေတနာသည် မဂ္ဂင် မထိုက်ဆိုသည်မှာ ထင်ရှားပြီးဖြစ်၍ ဦးစံရင်း၏ မဂ်ဆိုသည်မှာ စေတနာကို ခေါ်၏ဟူသော စကားမှားယွင်းကြောင်း သိနိုင်ပါသည်၊ သို့ဖြစ်လျှင် အဋ္ဌကထာဆရာတော်က စေတနာ မဂ္ဂေါ နာမ ဟုဆိုသော စကားက ဘယ်လိုလဲ စဉ်းစားဖို့ရှိပါသည်ဘုရား။ ဤနေရာတွင် ဦးစံရင်းသည် ဘုရားဟောပါဠိတို့ကို သူ့ဝါဒသူ့အကျိုးစီးပွားအတွက် မမှန်မကန်အသုံးချကြောင်း ဖုံးဖိလို့မရ ပေါ်ပေါက်လာရတော့သည်။ ဓမ္မသင်္ဂဏီပါဠိတော် စာမျက်နှာ–၃၄ ၌

ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ။

အကြင်အခါ၌ ရူပဘုံ၌ဖြစ်ခြင်းငှာ အကြောင်းဖြစ်သော မဂ်ကိုပွားစေ၏ဟူ၍ ဟောတော်မူခဲ့ပါသည်၊ ထိုပါဠိတော်၌ မဂ်ဟူသည် အဘယ်မဂ်ဖြစ်သည်ကို အဋ္ဌကထာဆရာက အဋ္ဌသာလိနီစာမျက်နှာ–၂၀၇– ၌ဖွင့်ပြထားပါသည်။

တတ္ထ ရူပူပပတ္တိယာ မဂ္ဂံဘာဝေတီတိ ရူပံ ဝုစ္စတိ ရူပဘဝေါ။ဥပပတ္တီတိ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ။ မဂ္ဂေါတိ ဥပါယော။ ဝစနတ္ထော ပနေတ္ထ တံ ဥပပတ္တိံ မဂ္ဂတိ ဂဝေသတိ ဇနေတိ နိပ္ဖါဒေတီတိ မဂ္ဂေါ။

(အဘိ၊ဋ္ဌ၊၁၊ ၂၀၇)

**အနက်**

တတ္ထ၊ ထိုရူပါဝစရကုသိုလ်၏အဖွင့်၌။ ရူပူပပတ္တိယာ မဂ္ဂံဘာဝေတီတိ ဧတ္ထ၊ ရူပူပပတ္တိယာမဂ္ဂံဘာဝေတိဟူသော ပါဠိတော်၌။ အဝယဝတ္တော၊ အစိတ်အစိတ်ဖြစ်သော အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ရူပဘဝေါ၊ ရူပဘဝကို။ ရူပံ၊ ရူပဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ၊ ထင်ရှားဖြစ်ခြင်းသည်။ ဥပပတ္တီတိ၊ ဥပပတ္တိမည်၏။ ဥပါယော၊ အကြောင်းသည်။ မဂ္ဂေါတိ၊ မဂ်မည်၏။ ပန၊ အဘိဓမ္မတ္ထမှတပါး ဝစနတ္ထကိုဆိုဦးအံ့။ ဧတ္ထ၊ ဤပါဠိတော်၌။ ဝစနတ္တော၊ မဂ္ဂဟူသော ပါဠိတော်အနက်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တံ ဥပပတ္တိံ၊ ထိုရူပူပပတ္တိကို။ မဂ္ဂတိ ဂဝေသတိ၊ ရှာမှီးတတ်၏။ ဇနေတိ နိပ္ဖာဒေတိ၊ ဖြစ်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။

အထက်ပါစကားအရ ရူပဘုံ၌ဖြစ်ခြင်းငှာ မဂ်ကိုပွါး၏ဟူသော စကားရပ်၌ မဂ်ဟူသည်အကြောင်းဖြစ်သော ရူပါဝစရကုသိုလ်သာတည်း။ "ရူပဘဝံ နိပ္ဖာဒေတုကာမေန မဂ္ဂိယတိ ဂဝေသီယတီတိ မဂ္ဂေါ" ရူပဘဝကို ပြီးစေလို ရစေလိုသော သူတို့ ရှာမှီးအပ်သောကြောင့် မဂ်မည်၏။ အကြောင်းဖြစ်သော ဥပါယကိုရသည်။ ရူပူပပတ္တိံ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ-ရူပဘုံ၌ဖြစ်ခြင်းကို ရှာမှီးတတ်သောကြောင့် မဂ်မည်၏။ အကြောင်းဥပါယကိုသာ မဂ်ဟု ဆိုပါသည်။ အဋ္ဌကထာကဆက်၍ –

> ကူဒံ ဝုတ္တံ ဟောတိ၊ ယေန မဂ္ဂေန ရူပဘဝေ ဥပပတ္တိ ဟောတိ
> နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ၊ တံ မဂ္ဂံ ဘာဝေတီတိ။ (အဘိ၊ဋ္ဌ၊၁၊၂၀၇)

**အနက်**

ကူဒံ အတ္ထဇာတံ၊ ဤသို့သောအနက်သဘောသည်။ (ဝါ) ဤသို့သော အနက်သဘောကို။ ဝုတ္တံ၊ ဆိုအပ်သည်။ (ဝါ)ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ကိံ ၊ ဘယ်သို့ဆိုလိုသနည်း။ ယေန မဂ္ဂေန၊ အကြင်မဂ်ဖြင့်၊ (ဝါ)အကြင်မဂ်ကြောင့်။ ရူပဘဝေ၊ ရူပဘုံ၌။ ဥပပတ္တိ နိဗ္ဗတ္တိ ဇာတိ သဉ္ဇာတိ၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တံ မဂ္ဂံ၊ ထိုအကြောင်းဖြစ်သောမဂ်ကို။ ဘာဝေတိ၊ ပွားစေ၏။ ဣတိ ကူဒံ အတ္ထဇာတံ၊ ဤသို့သော အနက်သဘောသည်။ (ဝါ)ဤသို့သော အနက်သဘောကို။ ဝုတ္တံ၊ ဆိုအပ်သည်။ (ဝါ)ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

ဤအထက်ပါ စကားအရ ရူပဘုံ၌ဖြစ်ကြောင်းဖြစ်သော ရူပါဝစရဈာန်ကုသိုလ်ကို ပွားစေ၏ဟု ဆိုလိုပါသည်။

ကိံ ပနေတေန နိယမတော ရူပဘဝေ ဥပပတ္တိ ဟောတီတိ။

**အနက်**

ပန၊ မထင်ကွယ်မြုပ် မေးဖြေပုဒ်ကို ဖော်ထုတ်ခါသာပြဆိုပါအံ့၊ တေန၊ ထိုရူပဘုံသို့ ရောက်ကြောင်းဖြစ်သော မဂ်ဖြင့် (ဝါ) မဂ်ကြောင့်။ နိယမတော၊ မြဲသောအားဖြင့်။ ရူပဘဝေ၊ ရူပဘုံ၌။ ဥပပတ္တိ၊ ဖြစ်ရခြင်းသည်။ဟောတိ၊ ဖြစ်လေသလော။ ဣတိ၊ ဤသည်ကား အမေးစကားတည်း။ ရူပဘုံ၌ဖြစ်ကြောင်း ဈာန်ကုသိုလ်ကြောင့် ရူပဘုံမှာပဲ ဖြစ်ရပါသလောဟု မေးပြီးတော့အဖြေကား န ဟောတိ ဟူ၍ဖြေထားပါသည်။ (အနက်) နိယမတော၊အမြဲအားဖြင့်။နဟောတိ၊ မဖြစ်နိုင်ပါ။ ဣတိ၊ ဤသည်ကား အဖြေတည်း။ အကြောင်းဖြစ်သောရူပဈာန်ကုသိုလ်ကြောင့် ရူပဘုံမှာဖြစ်ရတယ်ဆိုတာ အမြဲမမှတ်အပ်ပါဟု ဖြေဆိုခဲ့ပါသည်။ ဆက်လက်၍–

> သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ယထာဘူတံ ပဇာနာတိ ပဿတီတိ ဝစနတ္တေန ဟိ နိဗ္ဗေဓဘာဂိယေန ရူပဘဝါတိက္ကမောပိ ဟောတိ၊ ရူပူပပတ္တိယာ ပန ဣတော အညော မဂ္ဂေါ နာမ နတ္ထိ၊ တေန ဝုတ္တံ ရူပူပပတ္တိယာ မဂ္ဂံဘာဝေတီတိ။

**အနက်**

ဟိ၊အဖြေကျဉ်းဘိ ဂုဋ္ဌတ်ရှိ၍ မသိမိပ္ပါ လီနတ္ထာကို ကျယ်စွာချဲ့ပိမ့်။သမာဓိံ ဘိက္ခဝေ ဘာဝေထ သမာဟိတော ယထာဘူတံ ပဇာနာတိ ပဿတီတိ၊ သမာဓိံ ဘိက္ခဝေ။ပ။ ပဿတိဟူ၍၊ ဝုတ္တေန၊ ဟောတော်မူအပ်သော။ နိဗ္ဗေဓဘာဂိယေန၊ သစ္စာထိုးထွင်းသိခြင်းအဖို့၌ဖြစ်သော မဂ်ဖြင့်။ (ဝါ) မဂ်ကြောင့်။ ရူပဘဝါတိက္ကမောပိ၊ ရူပဘုံကိုလွန်မြောက်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပန၊ ဆိုပြီးစကား မှန်လေငြားလည်း တပါးဖွင့်ရန် နည်းတတန်ကို ဖော်လှန်ထုတ်ခါ ပြဆိုပါအံ့။ရူပူပပတ္တိယာ၊ ရူပဘုံ၌ဖြစ်ခြင်းငှာ။ဣတော၊ ဤအကြောင်းဖြစ်သော ရူပကုသိုလ်မှ။အညော၊ တပါးသော။မဂ္ဂေါ နာမ၊မဂ်မည်သည်။ နတ္ထိ၊ မရှိ။တေန၊ ထိုကြောင့်။ ရူပူပပတ္တိယာမဂ္ဂံဘာဝေတီတိ၊ ရူပူပပတ္တိယာမဂ္ဂံဘာဝေတိ ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

အဓိပ္ပာယ်ကား–ရူပဘုံ၌ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ရူပကုသိုလ်မဂ်သည် ရူပဘုံ၌ဖြစ်ခြင်းငှာ မြဲသောအကျိုးမပေးနိုင်ပါ။ အကြောင်းမူကား– ထို ဈာန် ကို အ ခြေ ခံ ၍ ဝိ ပ ဿ နာပွား ပြီးလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်

ရရှိပါက ရုပ်ဘုံကိုလွန်မြောက်သွားနိုင်ပါသည်။ ထို့ကြောင့်မမြဲပါ၊ သို့သော် ရုပဘုံ၌ဖြစ်ဖို့အတွက်မူကား အကြောင်းဖြစ်သော ရုပကုသိုလ်မဂ်မှတပါး အခြားမရှိပါ၊ ထို့ ကြောင့် ရူပုပပတ္တိယာ မဂ္ဂဘာဝေတိ ဟု ဘုရား ဟောပါသည် ဟူ၍ဖြစ်၏။ ထိုမှဆက်၍ အဋ္ဌကထာဆရာက မဂ္ဂသဒ္ဒါ၏ အတ္ထုဒ္ဓါရကို ဖွင့်ဆိုခဲ့ပါသည်။

အတ္ထတော စာယံ မဂ္ဂေါ နာမ စေတနာပိ ဟောတိ စေတနာယ သမ္ပယုတ္တဓမ္မာပိ တဒုဘယမ္ပိ။ နိရယဉ္စာဟံ သာရိပုတ္တ ပဇာနာမိ နိရယဂါမိဉ္စ မဂ္ဂန္တိ ဟိ ဧတ္ထ စေတနာ မဂ္ဂေါ နာမ။

သဒ္ဓါဟိရိယံ ကုသလဉ္စ ဒါနံ၊ ဓမ္မာ ဧတေ သပ္ပုရိသာနုယာတာ။
ဧတံ ဟိ မဂ္ဂံ ဒိဝိယံ ဝဒန္တိ၊ ဧတေန ဟိ ဂစ္ဆတိ ဒေဝလောကန္တိ၊

ဧတ္ထ စေတနာ သမ္ပယုတ္တဓမ္မာ မဂ္ဂေါ နာမ "အယံ ဘိက္ခဝေ မဂ္ဂေါ၊ အယံ ပဋိပဒါတိ"သင်္ခါရုပပတ္တိသုတ္တာဒီသု စေတနာပိ စေတနာသမ္ပယုတ္တဓမ္မာပိ မဂ္ဂေါ နာမ။ ဣမသ္မိံ ပန ဌာနေ "ဈာနန္တိ" ဝစနတော စေတနာ သမ္ပယုတ္တာ အဓိပ္ပေတာ၊ ယသ္မာ ပန ဈာနစေတနာ ပဋိသန္ဓိံ အာကဍ္ဎတိ၊ တသ္မာ "စေတနာပိ စေတနာသမ္ပယုတ္တဓမ္မာပိ ဝဋ္ဋန္တိယေဝ"။

အနက်

အတ္ထတော စ၊ အနက်အားဖြင့်ကား။ အယံ မဂ္ဂေါ နာမ၊ ဤမဂ်မည်သည်။ စေတနာပိ၊ စေတနာသည်လည်း။ ဟောတိ၊ ဖြစ်၏။ စေတနာယ၊ စေတနာနှင့်။ သမ္ပယုတ္တဓမ္မာပိ၊ ကောင်းစွာအပြားအားဖြင့်ယှဉ်သော တရားတို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒုဘယမ္ပိ၊ ထိုစေတနာ စေတနာသမ္ပယုတ္တဓမ္မတရားနှစ်ခုတို့၏အပေါင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဟိ၊ အလွန်ကျဉ်းဘိဂ္ဂဋ္ဌတ်ရှိ၍ မသိမိပ္ပာ လီနတ္ထံကို ကျယ်စွာချဲ့ပိမ့်။ နိရယဉ္စာဟံ သာရိပုတ္တပဇာနာမိ နိရယဂါမိဉ္စမဂ္ဂန္တိ ဧတ္ထ၊ နိရယဂါမိဉ္စ မဂ္ဂံဟူသောပါဠိ၌။စေတနာ၊စေတနာသည်။ မဂ္ဂေါ နာမ၊ မဂ်မည်၏။ (သာကေပါဠိအနက်) သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။အဟံ၊ ငါဘုရားသည်။နိရယဉ္စ၊ ချမ်းသာ ကင်းစဲ အပါယ်ငရဲကိုလည်း။ ပဇာနာမိ၊ အပြားအားဖြင့် သိတော်မူ၏။ နိရယဂါမိဉ္စမဂ္ဂံ၊ ချမ်းသာကင်းစဲ အပါယ်ငရဲသို့ ရောက်ကြောင်း မဂ်ကိုလည်း။ ပဇာနာမိ၊ အပြားအားဖြင့် သိတော်မူ၏။

သဒ္ဓါ ဟိရိယံ ကုသလဉ္စ ဒါနံ၊ ဓမ္မာ ဧတေ သပ္ပုရိသာနုယာတာ။
ဧတံ ဟိ မဂ္ဂံ ဒိဗိယံ ဝဒန္တိ၊ ဧတေန ဟိ ဂစ္ဆတိ ဒေဝလောကန္တိ ဧတ္ထ။

သဒ္ဓါ ဟိရိယံ။ပ။ဒေဝလောကံ ဟူသောပါဠ်၌။ စေတနာသမ္ပယုတ္တဓမ္မာ၊ စေတနာသမ္ပယုတ်တရားတို့သည်။ မဂ္ဂေါ နာမ၊ မဂ်မည်၏။ အယံ ဘိက္ခဝေ မဂ္ဂေါ အယံပဋိပဒါတိ သခါရုပပတ္တိသုတ္တာဒီသု၊ ဣယံ ဘိက္ခဝေ မဂ္ဂေါ ဣယံ ပဋိပဒါဟူသော သခါရုပပတ္တိသုတ်စသည်တို့၌။ စေတနာပိ၊စေတနာသည်လည်း ကောင်း။ စေတနာသမ္ပယုတ္တဓမ္မာပိ၊ စေတနာသမ္ပယုတ်တရားတို့သည်လည်း ကောင်း၊ မဂ္ဂေါ နာမ၊ မဂ်မည်၏။ဘိက္ခဝေ၊ ချစ်သားတို့။ အယံ၊ ဤဆုတောင်း ခြင်းနှင့်တကွသော သဒ္ဓါ သီလ သုတစာဂ ပညာ တရားငါးပါးသည်သာလျှင်။ မဂ္ဂေါ၊ ထိုသခါရ၌ဖြစ်ခြင်း၏ အကြောင်းတည်း။ အယံ၊ ဤဆုတောင်းခြင်းနှင့် တကွသော သဒ္ဓါ သီလ သုတစာဂ ပညာ တရားငါးပါးအပေါင်းသည်သာလျှင်။ ပဋိပဒါ၊ ထိုသခါရ၌ဖြစ်ခြင်းငှာ အကျင့်တည်း။

ပန၊ နိဝတ္တေတဗ္ဗ ပယ်လှန်ချ၍ ဂဟေတဗ္ဗ အထူး ပြဆိုဦးအံ့။ ဣမသ္မိံ ဌာနေ၊ ဤအရာဌာန၌။ ဗျာနန္တိ၊ ဗျာန်ဟူ၍။ ဝစနတော၊ ဟောတော်မူသော ကြောင့်။ စေတနာသမ္ပယုတ္တာ၊ စေတနာသမ္ပယုတ်တရားတို့ကိုသာလျှင်။ အဓိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။ ပန၊ ရှေးဆိုစကားမှန်လေငြားလည်း တပါးဖွင့်ဟန် နည်းတတန်ကို ဖော်လှန်ထုတ်ကာ ဆက်ပြပါအံ့။ ဗျာနစေတနာ၊ ဗျာန်စေတနာ သည်။ ပဋိသန္ဓိ၊ ပဋိသန္ဓေကို။ယသ္မာ၊ အကြင်ကြောင့်။ အာကစ္စတိ၊ ဆွဲငင်၏။ တသ္မာ၊ ထိုကြောင့်။ စေတနာပိ၊ စေတနာသည်လည်းကောင်း။ စေတနာသမ္ပယုတ္တဓမ္မာပိ၊ စေတနာသမ္ပယုတ်တရားတို့သည် လည်းကောင်း။ ဝတ္တုန္တိယေဝ၊ သင့်ကုန်သည်သာ။

နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများ ဘုရား—

ဤအထက်ပါ အဋ္ဌသာလိနီအဋ္ဌကထာစကားအရ မြတ်စွာဘုရားသည် ထိုထို ဒေသနာတော်တို့ကို ဟောကြားရာတွင် အချို့နေရာ၌ ငရဲသို့ ရောက်ကြောင်း စေတနာကို မဂ် ဟူ၍ ဟောတော်မူပါသည်။ အချို့နေရာ၌ ဒါနကုသိုလ်ဟု

ခေါ် ဆိုအပ်သော အလောဘနှင့် စေတနာသမ္ပယုတ်ဖြစ်သော နတ်ပြည် ရောက်ကြောင်းတရားတို့ကို မဂ်ဟူ၍ ဟောတော်မူပါသည်။ အချို့နေရာ၌ သခ်ါရင်္ဂြ ဖြစ်ကြောင်းတရားတို့ကို မဂ်ဟူ၍ ဟောတော်မူပါသည်။ ထိုမဂ်၏ အဘိဓေယျတ္တ ကား အကြောင်းဥပါယသာ ဖြစ်ပါသည်ဘုရား။ ထိုသို့ ဒေသနာအပြည့်အစုံကို မယူပဲ ကိုယ်လိုချင်သော ပါဠိကိုသာ ကွက်ယူ၍ မရိုးသားသော စေတနာဆိုးဖြင့် ဗုဒ္ဓဘာသာဝင်များ အကျိုးယုတ်စေရန် ဝါဒတခု တည်ထောင်ထားခဲ့သော ကျောက်ပုံဝါဒနှင့် ၎င်းဝါဒခံယူသူ ကျောက်ပုံဝါဒီတို့ကို အဓမ္မဝါဒ အဓမ္မဝါဒီတို့ဟူ၍ ဆုံးဖြတ်တော်မူကြပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

---

## စောဒနာ အမှတ် (၇)

ဗုဒ္ဓဘာသာဝင်တို့ ပြုလုပ် အားထုတ်နေကြသော ဒါန, သီလ, ဘာဝနာ ကုသိုလ်မှုများကို သီလဗ္ဗတပရာမာသအကျင့်နှင့် အတူထားပြီး နွားကျင့် ခွေးကျင့်နှင့်မခြားလှဟု ရေးသားမှုနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ကျောက်ပုံတောရဝါဒီတို့သည် ယခုအခါ ဗုဒ္ဓဘာသာဝင် ဒကာ-ဒကာမတို့ အလေးဂရုထား၍ ပြုလုပ်အပ်သော ဒါနမှု, ဆောက်တည်အပ်သော သီလမှု, ပွားများအပ်သော ဘာဝနာအစုစုတို့ကို သီလဗ္ဗတပရာမာသအကျင့်နှင့် တူစွာ ထား၍ ရေးသားကြသည်ကို နေယျလမ်းပြခေါ် လေးလွှာ ဖျက်ခန်း အနတ္တ ဝိပဿနာကျမ်း၌ အောက်ပါအတိုင်း တွေ့ရှိရပါသည်ဘုရား။

(က) ယခုခေတ်ဗုဒ္ဓဘာသာအမည်ခံတို့ ပြုလုပ်ကြသော ဒါနမှု,သီလမှုသည် နောင်သံသရာ ချမ်းသာကိုမက်၍ လူ နတ် စည်းစိမ်ကို မက်၍ တောင့်တ၍သာ ပြုလုပ်ကြသော ဒါန,သီလများဖြစ်၍ ကာမသုခ-လ္လိကနုယောဂအကျင့်နှင့်ယှဉ်၍ ပြုလုပ်ကြခြင်း ဖြစ်သောကြောင့် သီလဗ္ဗတပရာမာသအကျင့်နယ်တွင်မှ မလွန်မြောက်နိုင်၍ နွားကျင့် ခွေးကျင့်နှင့်မခြားလှဆိုချေသည်။ (စာမျက်နှာ—၂၁၇)

(ခ) ပုထုဇဉ်တို့ကျင့်သမျှ, လှူသမျှ, သီလဆောက်တည်သမျှ, တရားအားထုတ်သမျှ လုပ်ငန်းတွေဟာ သီလဗ္ဗတပရာမာအကျင့်မှ မလွတ်

နိုင်ချေ၊ ဘာကြောင့် ဆိုသော် ရုပ် နာမ်တို့အပေါ်၌ ဓမ္မဋ္ဌိတိဉာဏ် ပညာသိမှန် မဆိုက်မရောက်သောကြောင့် ဆိုလို၏။

(စာမျက်နှာ၊ ၂၄၄)

ဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

အထက်ပါ စကားရပ်များကို ကောက်နုတ်ချက်ချရသော် ကျောက်ပုံတောရ ဆရာတော် အမည်ခံ ဦးစံရင်း၏တပည့်ရင်း ဖြစ်သူ ဦးဝီရိယာဓိကဉာဏသည် ဒါနမပြု၊ သီလမဆောက်တည်၊ တရားအားမထုတ်ရပဲ ရုပ်၊ နာမ်(၃၀)ကို အနတ္တဟု ရှုကာမျှဖြင့် နိဗ္ဗာန်ရောက်နိုင်၏ဟု ယူဆထားကြသည့် သူတို့ရဲ့ပါဒတွင်းသို့ ဝေနေယျအားလုံးကို သွတ်သွင်းလို၍ ဒါန၊ သီလ၊ ဘာဝနာဟုဆိုအပ်သော ပုညကိရိယာ ကောင်းမှုကုသိုလ်များကို သီလဗ္ဗတပရာမာသဟု ဆိုအပ်သော မကောင်းမှု အကုသိုလ်နှင့်အတူထား၍ ရေးသားသည်ဟု တပည့်တော်များ ယူဆမိပါသည်ဘုရား။

သာသနာ့ဝန်ထမ်း ရဟန်းတပါးဟု အမည်ခံထားပါလျက် ယခုလို ရေးဝံ့သည်မှာ "သင်တန်းသိက္ခာ တင်ပြီးပါ ထိုအခါရဟန်းဖြစ်သတည်း"ဆိုသည့်ကျောက်ပုံတောရဒါဒီတို့ရဲ့ ဆောင်ပုဒ်အတိုင်း အမျှားထုံးစံ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းမဖြစ်ခဲ့ရပဲ(၉)ရက်ကလျာဏသင်တန်း တက်ပြီးသောကြောင့်သာ ရဟန်းဖြစ်ခဲ့ရလေသလောဟု သံသယဖြစ်မိပါသည်ဘုရား။

ကျောက်ပုံတောရ ဦးဝီရိယာဓိဉာဏက ရေးသား သည့်အတိုင်းဒါန၊ သီလ ဘာဝနာနှင့် သီလဗ္ဗတပရာမာသ မတူနိုင်ကြောင်းကို တပည့်တော်များ ထေရဝါဒပဋ္ဌကတဲတော်၌ လာရှိသော သာဓကဖြင့် အနည်းငယ် ရှင်းလင်းလျှောက်ထားလိုပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ဒါန သီလ ဘာဝနာမှုများကို ပြုလုပ်အားထုတ်ကြရာ၌ အဘိဓမ္မာနည်းအရ တရားကိုယ် ကောက်ရသော် သဒ္ဓါ စေတနာပြဋ္ဌာန်းသော ကာမာဝစရကုသိုလ်စိတ္တုပ္ပာဒ်ကို ရပါသည်၊ သီလဗ္ဗတပရာမာသ အရကို တရားကိုယ် ကောက်ရာ၌ကား- ဒိဋ္ဌိဂတသမ္ပယုတ် အကုသိုလ်စိတ်လေးခု၌ ယှဉ်သော ဒိဋ္ဌိစေတသိက်ကို ရပါသည်ဘုရား။ ထို့ပြင် မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီပါဠိတော် စာမျက်နှာ ၂၆၄-၌—

တတ္ထ ကတမာ ဒိဋ္ဌိဝိသုဒ္ဓိ ကမ္မဿကတဉာဏံ သစ္စာနုလောမိကဉာဏံ မဂ္ဂသမင်္ဂိဿ ဉာဏံ ဖလသမင်္ဂိဿ ဉာဏံ။

ဟု ကမ္မဿကတာဉာဏ် စသည်ကို ဒိဋ္ဌိဝိသုဒ္ဓိ အနေဖြင့် ဟောတော်မူခဲ့ပါသည်။ ဤ၌ ကမ္မဿက ဉာဏ်ဟူသည်—

ကမ္မဿကတဉာဏန္တိ ဣဒံ ကမ္မံ သကံ ဣဒံ နော သကန္တိ ဇာနနပညာ ဟု (အဋ္ဌသာလိနီ အဋ္ဌကထာ-၄၃၃၊) အဋ္ဌကထာဆရာ ဖွင့်ဆိုချက်အရ ဤကံသည် ငါ၏ ကိုယ်ပိုင်ပစ္စည်းတည်း။ ဤကံသည် ငါ၏ ကိုယ်ပိုင်ဥစ္စာ မဟုတ်ဟု သိတတ်သော ပညာပင် ဖြစ်ပါသည်။

> ဣမသ္မိံ ကမ္မဿကတဉာဏေ ဌတွာ ဗဟုံ ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထံ သမာဒိယိတွာ သုခေန သုခံ သမ္ပတ္တိယာ သမ္ပတ္တိံ အနုဘဝိတွာ နိဗ္ဗာနံ ပတ္တာနံ သတ္တာနံ ဂဏနပရိစ္ဆေဒေါ နတ္ထိ။
>
> (သာရတ္ထဒီပနီ ဋီကာ၊ ဒု၊ ၆၃)

မြန်မာပြန်

ဤကမ္မဿကတဉာဏ်၌ တည်ပြီး များစွာသော အလှူဒါနကို ပေးလှူ၍ သီလကိုဆောက်တည်၍ ဥပုသ်စောင့်သုံးခြင်းကိုပြု၍ ချမ်းသာအဆင့်ဆင့် စည်းစိမ်အဆင့်ဆင့်တို့ကို ခံစားလျက် နိဗ္ဗာန်သို့ ရောက်ကြသော သတ္တဝါတွေ မည်၍ မည်မျှရှိ၏ဟု မရေတွက်နိုင်ကြောင်းကို တွေ့ရှိရပါသည်ဘုရား။

ယခုအခါ၌ ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများသည် ဘုရားလက်ထက်တော်မှ ယနေ့ကျအောင် အဆက်ဆက် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ကြသော သာသနာ့ဝန်ထမ်း ရဟန်းတော်များက ဟောပြအပ်သော ကံ-ကံ၏ အကျိုးကို ယုံကြည်မှုနှင့် စပ်ယှဉ်သော တရားဒေသနာတို့ကို နာကြားရသဖြင့်လည်းကောင်း၊ ပိဋကတ်တော်လာ ကျမ်းစာအုပ်များကို ဖတ်ရှုရသဖြင့်လည်းကောင်း၊ ကုသိုလ်ကံ အကုသိုလ်ကံ၏ အကျိုးကို ယုံကြည်ပြီး တမလွန်ဘဝ နောက်ကာလ၌ မိမိ၏ ထောက်ရာမှီရာ အားထားရာကို မကောင်းမှုအကုသိုလ်မှ ဝေးစွာရှောင်ရှား၍ မိမိတို့တတ်နိုင်သမျှ စွန့်ကြဲပေးကမ်း လှူဒါန်းမှုဒါန, ဆောက်တည်မှုသီလ, ပွားများအားထုတ်မှု ဘာဝနာ အစုစုကို ပြုလုပ်နေကြခြင်း ဖြစ်ပါသည်။ ထိုကဲ့သို့ ကမ္မဿကတာဉာဏ်လောက်မျှ ယုံကြည်မှုမရှိပါက ပစ္စည်းဥစ္စာကုန်ကျခံ၍ လှူဒါန်းမှု, အစာငတ်ခံ၍ သီလစောင့်မှု, ကိုယ်ပင်ပန်းခံ၍ တရားအားထုတ်မှုတို့ကို ပြုလုပ်ကြမည် မဟုတ်ပါဘုရား။

သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရားသည် လေးအသင်္ချေနှင့် ကမ္ဘာ တသိန်း ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူသောအားဖြင့် ကိုယ်တော်တိုင် ဒါန သီလ စသော ပုညကိရိယာကုသိုလ်များကို ကျင့်သုံးတော်မူပြီးနောက် သံသရာမှ ကျွတ်လမ်းရှာနေကြသူ ဝေနေယျ သတ္တဝါတို့အားလည်း

ဒါန သီလ စသော ပုညကိရိယာများကို ပြုလုပ်ကြဖို့ရန် ထိုသို့ပြုလုပ်ကြသဖြင့် လားရောက်ရမည့် ဂတိကိုလည်း အောက်ပါအတိုင်း ဟောတော်မူခဲ့ပါသည် ဘုရား။

> ဒါနံ ဒတ္វာ သီလံ သမာဒိယိတ္វာ ဥပေါသထကမ္မံ ကတ္វာ ကတ္ထ ဥပပဇ္ဇန္တိ။ ဒါနံ ဒတ္វာ သီလံ သမာဒိယိတ္វာ ဥပေါသထကမ္မံ ကတ္វာ အပ္ပေကစ္စေ ခတ္တိယမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇန္တိ၊ အပ္ပေကစ္စေ ဗြာဟ္မဏမဟာသာလာနံ သဟဗျတံ ဥပပဇ္ဇန္တိ(ပ)အပ္ပေကစ္စေ ပရနိမ္မိတ-ဝသဝတ္တီနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇန္တိ။ (အဘိ၊ ၂၊ ၄၇၇)

မြန်မာပြန်

ဒါနကိုပေးလှူ၍ သီလကို ဆောက်တည်၍ ဥပုသ်စောင့်သုံးမှုကိုပြု၍ အချို့သော သူတို့သည် ခတ္တိယမဟာသာလခေါ် မင်းသဌေး၏ အပေါင်းအဖော်၏ အဖြစ်သို့ ရောက်ကုန်၏။ အချို့သောသူတို့သည် ဗြာဟ္မဏမဟာသာလခေါ် ပုဏ္ဏားသဌေး၏အပေါင်းအဖော်အဖြစ်သို့ ရောက်ကုန်၏။ အချို့သောသူတို့သည် ဂဟပတိ မဟာသာလခေါ် သူကြွယ်သဌေး၏ အပေါင်းအဖော်အဖြစ်သို့ ရောက်ကုန်၏။ အချို့သောသူတို့သည် စာတုမဟာရာဇ်နတ်တို့၏ (ပ) တာဝတိံသာ နတ်တို့၏ (ပ) ယာမာနတ်တို့၏ (ပ) တုသိတာနတ်တို့၏ (ပ) အချို့သော သူတို့သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏ အပေါင်းအဖော် အဖြစ်သို့ရောက်ကုန်၏။

ဤသို့ မြတ်စွာဘုရားသည် ဒါနပြုသောသူ သီလဆောက်တည်ပြီး ဥပုသ်စောင့်သောသူတို့အား လူ့ဘုံနှင့် နတ်ဘုံဟု ဆိုအပ်သော သုဂတိဘုံဌာနသို့သာ လားရောက်ရမည့်အကြောင်း တိတိကျကျ ဟောတော်မူခဲ့ပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဖိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ဆက်လက်၍ သီလဗ္ဗတပရာမာသ အကြောင်းကို လျှောက်ထားပါမည် ဘုရား။

> တတ္ထ ကတမော သီလဗ္ဗတပရာမာသော။ ဣတော ဗဟိဒ္ဓါ သမဏ-ဗြာဟ္မဏာနံ သီလေန သုဒ္ဓိ ဝတေန သုဒ္ဓိ သီလဗ္ဗတေန သုဒ္ဓိတိ။ ယာ ဧဝရူပါ ဒိဋ္ဌိ (ပ) ဝိပရိယေသဂ္ဂါဟော အယံ ဝုစ္စတိ သီလဗ္ဗတပရာမာ-သော။ (ဓမ္မသင်္ဂဏီပါဠိတော်-၂၀၇)

မြန်မာပြန်

ထိုဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ သုံးမျိုးတို့တွင် သီလဗ္ဗတပရာမာသ ဟူသည် အဘယ်နည်း။ ဤသာသနာတော်မှ အပ ဖြစ်ကုန်သော ရဟန်း ပုဏ္ဏား

သမဏဗြာဟ္မဏတို့၏ နွား ခွေး စသည်တို့၏ အလေ့သီလဖြင့် ကိလေသာမှ စင်ကြယ်၏၊ နွား ခွေး စသည်တို့၏ အကျင့်ဝတဖြင့် ကိလေသာမှ စင်ကြယ်၏၊

နွား ခွေး စသည်တို့၏ အလေ့အကျင့် သီလဗ္ဗတဖြင့် ကိလေသာမှ စင်ကြယ်၏ဟု ဤသို့သဘောရှိသော အမြင်မှားမှုကို ဝါ-အလေ့အကျင့်ဆိုးကို မှန်သောတရားဟု မှားမှားယွင်းယွင်း သုံးသပ်ထင်မှတ်ခြင်းကို သီလဗ္ဗတပရာမာသဟု ဆိုအပ်၏ဟု လည်းကောင်း။

သီလေန သုဇ္ဈိတုံ သက္ကာ ဝတေန သုဇ္ဈိတုံ သက္ကာ သီလဝတေဟိ သုဇ္ဈိတုံ သက္ကာတိ ဂဟိတသမာဒါနံ ပန သီလဗ္ဗတပရာမာသော နာမ။ (အဘိ ဋ္ဌ၊ ၁၊ ၃၇၃)

မြန်မာပြန်

နွား ခွေး စသည်တို့၏ အလေ့ ဖြင့် ကိလေသာမှ စင်ကြယ်နိုင်၏။ နွား ခွေး စသည်တို့၏ အကျင့်ဖြင့် ကိလေသာမှ စင်ကြယ်နိုင်၏၊ နွား ခွေး စသည်တို့၏ အလေ့အကျင့်ဖြင့် ကိလေသာ မစင်ကြယ်နိုင်ဟု ယူအပ်သော ဆောက်တည်ခြင်းသည် ဝါ-ဖြစ်စေအပ်သော အမှတ်တရားဟု မှားမှားယွင်းယွင်း သုံးသပ်ခြင်းသည် သီလဗ္ဗတပရာမာသမည်၏ဟု လည်းကောင်း ပါဠိ အဋ္ဌကထာ၌ လာရှိပါသည်ဘုရား။ ဝိသုဒ္ဓိမဂ် မဟာဋီကာ၌ သီလနှင့် ဝတ အထူးကို—

အတ္တနော ဝါဂဝါဒိဘာဝါဓိဋ္ဌာနံ သီလံ၊ ဂစ္ဆန္တော ဘက္ခေတိ တိဋ္ဌန္တော မုတ္တေတိတိအာဒိနာ ဂဝါဒိကိရိယာကရဏံ ဝတံ—

ဟု ဖွင့်ဆိုထားပါသည်။ (ဝိသုဒ္ဓိ၊ ဋီ၊ ၂၊ ၃၂၇)

မြန်မာပြန်

မိမိ၏ နွား စသည်တို့၏ အဖြစ်ကို ဆောက်တည်ခြင်းသည် သီလမည်ပါသည်။ သွားလျက် စား၏၊ ရပ်လျက် ကျင်ငယ်စွန့်၏၊ ဤသို့ စသည်ဖြင့် နွား စသည်တို့၏ အမူအရာကိုပြုလုပ်ခြင်းသည် ဝတမည်ပါသည် ဘုရား။

အထက်ပါ ပါဠိတော် အဋ္ဌကထာ ဋီကာစကားရပ်တို့ကို အကျဉ်းချုံး၍ တင်ပြ လျှောက်ထားရပါသော် ဘုရား စသော သူတော်စင်များကို မဆည်းကပ်ပဲ သာသနာတော်မှ အပဖြစ်သော တိတ္ထိတို့၏ သံသရာမှ လွတ်မြောက်မှုကို အလိုရှိ၍ မိမိတို့သန္တာန်၌ ရှေးကပြုခဲ့မိသောအကုသိုလ်တွေ စင်ကြယ်စေလိုသော ဆန္ဒဖြင့် နွား ခွေး စသည်တို့၏ အဖြစ်ကို ဆောက်တည်ခြင်း၊ ထို နွား ခွေးတို့ကဲ့သို့ လေးဘက်ထောက်၍ သွားခြင်း၊ စားခြင်း၊ ရပ်လျက် ကျင်ငယ်စွန့်ခြင်း စသော အမူအရာတို့ကို ပြုလုပ်အားထုတ်ကြလျက် ထိုအလေ့အကျင့်ဆိုးကိုပင်

သံသရာမှ လွတ်မြောက်ကြောင်း အကျင့်ကောင်းဟု မှားမှားယွင်းယွင်း သုံးသပ် ထင်မှတ်ခြင်း (ဒိဋ္ဌိ) ကိုသာ သီလဗ္ဗတပရာမာသဟု ခေါ်ဆိုရပါသည် ဘုရား။

ထိုသီလဗ္ဗတပရာမာသဟုဆိုအပ်သော နွား ကျင့် ခွေးကျင့်ကို ကျင့်သောသူတို့ လားရောက်ရမည့်ဂတိကိုလည်း ကျင့်ပုံနှင့်တကွ မဇ္ဈိမပဏ္ဏာသ ကုက္ကုရဝတိသုတ်၌ နွားကျင့်ကျင့်သော ပုဏ္ဏပရိဗိုဇ်နှင့် ခွေးကျင့်ကျင့်သော သေနိယပရိဗိုဇ်တို့သည် မြတ်စွာဘုရား အထံတော်သို့လာကြ၍ပုဏ္ဏပရိဗိုဇ်က သေနိယ၏ကျင့်ပုံနှင့်အကျိုး အပြစ်၊ သေနိယပရိဗိုဇ်ကလည်း ပုဏ္ဏ၏ကျင့်ပုံနှင့် အကျိုးအပြစ်တို့ကို လျှောက် ထားကြလေရာ ဘုရားရှင်က သုံးကြိမ်တိုင်အောင် တားမြစ်သော်လည်း မရ သဖြင့် အောက်ပါအတိုင်း ဟောတော်မူခဲ့ပါသည်ဘုရား။

(က) ပုဏ္ဏ၊ ဤလောက၌ အချို့သောသူသည် ခွေးအကျင့် ခွေးအလေ့ အထ ခွေးစိတ် ခွေးအမူအရာတို့ကို ပြည့်ပြည့်စုံစုံ မပြတ်မလပ်ပွားများ၍ ခန္ဓာ ကိုယ် ပျက်စီး၍ သေပြီးသည်မှနောက်၌ ခွေးတို့၏ အပေါင်းအဖော် အဖြစ်သို့ ရောက်ရလေ၏။ (ခွေးဖြစ်၏ဟု ဆိုလိုသည်) ထိုသူမှာ "ငါသည် ဤအလေ့အထ ဤဝတ် ဤအကျင့် ဤမြတ်သော အကျင့်ဖြင့် ထင်ရှားသောနတ်သော်လည်း ကောင်း၊ မထင်ရှားသောနတ်သော်လည်းကောင်းဖြစ်ရအံ့"ဟု အကယ်၍ အယူ အစွဲ ရှိငြားအံ့ ထိုအယူအစွဲသည် မှားသောအယူအစွဲဖြစ်၏။ ပုဏ္ဏ–မှားသော အယူအစွဲ ရှိသူအဖို့ ငရဲ သို့မဟုတ် တိရစ္ဆာန်မျိုးဟူသော လားရာ ၂-မျိုးတို့တွင် တမျိုးမျိုးသော လားရာကို ငါဆို၏။

(ခ) သေနိယ၊ ဤလောက၌ အချို့သောသူသည် နွားအကျင့် နွားအလေ့ အထ နွားစိတ် နွားအမူအရာတို့ကို ပြည့်ပြည့်စုံစုံ မပြတ်မလပ်ပွားများ၏။ ထိုသူ သည် နွားကျင့် နွားအလေ့အထ နွားစိတ် နွားအမူအရာတို့ကို ပြည့်ပြည့်စုံစုံ မပြတ်မလပ် ပွားများ၍ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ နွားတို့၏ အပေါင်းအဖော်၏ အဖြစ်သို့ ရောက်ရ၏။ (နွားဖြစ်၏ဟု ဆိုလိုသည်) ထိုသူမှာ "ငါသည် ဤအလေ့အထ ဤဝတ် ဤအကျင့် ဤမြတ်သောအကျင့်ဖြင့် ထင် ရှားသော နတ်သော်လည်းကောင်း၊ မထင်ရှားသောနတ်သော် လည်းကောင်း ဖြစ်ရအံ့"ဟု အကယ်၍ အယူအစွဲရှိငြားအံ့ ထိုအယူအစွဲသည် မှားသောအယူစွဲ ဖြစ်၏။ သေနိယ–မှားသောအယူစွဲ ရှိသူအဖို့ ငရဲ သို့မဟုတ် တိရစ္ဆာန်မျိုးဟူ သော လားရာ ၂-မျိုးတွင် တမျိုးမျိုးသော လားရာကို ငါဆို၏။

(မ၊ မြန်၊ ၂၊ ၅၅၊ ၅၆)

ဤပါဠိတော်၌ နွားလို ခွေးလို လေးဘက်ထောက်၍ သွားခြင်း၊ စားခြင်း စသည်တို့ ကိလေသာငြိမ်းကြောင်း အကျင့်ကောင်းအဖြစ်ယုံကြည်ပြီးထိုသီလဗ္ဗ- တ ပရာမာသ အကျင့်ကို ကျင့်သောသူသည် နတ်ဘဝကိုတောင့်တ၍ ပြုကျင့်

သော်လည်း ငရဲ သို့မဟုတ် တိရစ္ဆာန်မျိုးတို့တွင် တမျိုးမျိုးသို့လားရမည်ဟု ဘုရားရှင် ဟောတော်မူခဲ့သည့်အတွက် သီလဗ္ဗတပရာမာသနယ်ဆိုသည်မှာလည်း ဘုံအားဖြင့်ပိုင်းခြားသတ်မှတ်လျှင် ငရဲဘုံနှင့် တိရစ္ဆာန်ဘုံသာ ဖြစ်နိုင်ပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ယခုအခါ ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများသည် ဘုရားရှင် ညွှန်ပြဆုံးမခဲ့သည့်အတိုင်း နိဗ္ဗာန်ရောက်ကြောင်းပါရမီကုသိုလ်ကောင်းတို့ကိုစုဆောင်းသောအားဖြင့် ဒါန သီလ ဘာဝနာ ကုသိုလ်တို့ကို ပြုလုပ်အားထုတ်ကြရာ အခါ၌ သတိမေ့လျော့၍ "ဣဒံ မေ ပုညံ အာသဝက္ခယံ ဝဟံ ဟောတု" နိဗ္ဗာန်ကို ရည်မှန်းပြီး ဆုမတောင်းမိကြစေဦးတော့ သီလဗ္ဗတပရာမာသ အကျင့်မျိုးနှင့် အလွန်မတန်မှ ခြားနားလှသဖြင့် သေပြီးသည်မှနောက်၌ ကျောက်ပုံတောရ ဦးဝိရိယာမိကညာဏ ရေးသလို သီလဗ္ဗတပရာမာသနယ်ဟုဆိုအပ်သော ငရဲဘုံ တိရစ္ဆာန်ဘုံသို့မလားရောက်ရပဲ လူ့ဘုံ နတ်ဘုံဟု ဆိုအပ်သော သုဂတိဘုံဌာနသို့ လားရောက်ကြရမည်ဟု ဓမ္မသင်္ဂဏီ ပါဠိတော်၌ အထင်အရှား မြတ်စွာဘုရားဟောတော်မူထားခြင်းကြောင့် ကျောက်ပုံတောရ ဦးဝီရိယာမိက ညာဏ၏ "ဒါန သီလ ဘာဝနာနှင့် သီလဗ္ဗတပရာမာသ" ကို အထူးထား၍ ရေးသားမှုသည် ဘုရားဟော ပါဠိတော်နှင့် မညီညွတ်ရုံမျှမက အောက်ပါအဋ္ဌကထာအရလည်း အဓမ္မဝါဒသက်သက်ဖြစ်ကြောင်း လျှောက်ထားအပ်ပါသည်ဘုရား။

ဓမ္မကောဋ္ဌာသေသု ကော် ဂဟေတွာ "အယံ အဓမ္မော" တိ ကထေန္တာ ဓမ္မံ အဓမ္မောတိ ဒီပေန္တိ နာမ။

(အံ၊ ဋ္ဌ၊ ၁၊ ၆၉)

## မြန်မာပြန်

ဓမ္မဟု အမည်ရသော တရားအစုတို့တွင် တခုခုကိုမူ၍ "ဤတရားကား အဓမ္မတည်း" ဟု ပြောဆိုသောသူတို့သည် ဓမ္မကို အဓမ္မဟု ပြသည်မည်ကုန်၏။

"ထိုဓမ္မကို အဓမ္မဟုပြသောရဟန်းတို့သည် နတ်လူတို့၏ အကျိုးစီးပွားမဲ့ခြင်းငှာ ချမ်းသာမဲ့ခြင်းငှာ ဆင်းရဲ ခြင်းငှာ ကျင့်သည်မည်ကုန်၏" ဟု ကျောက်ပုံတောရစါဒီတို့၏ ရေးသားဟောပြောမှုကို အဟုတ်ထင်မှတ်ပြီး ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမများ ဒါနမပြု သီလမဆောက်တည် သမထဝိပဿနာနှစ်ဖြာသော တရားတို့ကို အားမထုတ်ပဲနေကြလျှင် မျက်မှောက်တမလွန်နှစ်တန်သော ဘဝတို့၌ ချမ်းသာခွင့်မရ အကျိုးစီးပွားမှဆုတ်ယုတ်ပျက်ပြားကြလျက် သံသရာ ရေယာဉ်ကြော မျောသထက်မျောနိုင်သောကြောင့် ကျောက်ပုံတောရဝါဒသည်

အဓမ္မဝါဒ သက်သက်သာဖြစ်ကြောင်း ဆုံးဖြတ်ပေးတော်မူကြပါရန် သာသနာ တရပ်လုံး၏ကိုယ်စား တပည့်တော်များက လျှောက်ထားအပ်ပါသည်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

---

## စောဒနာ အမှတ် (၈)

**ကျောက်ပုံတောရဝါဒီတို့၏ အသင်္ခတဓာတ်သည် နိဗ္ဗာန်မဟုတ်ဟု ရေးသား ဟောပြောမှုနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။**

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ကျောက်ပုံတောရဝါဒီတို့သည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အနည်းဆုံး ဒါနဟု ခေါ်ဆိုအပ်သော ပန်းတပွင့် ရေတမှုတ် လှူရာကစ၍ အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်ကို ကေန်ထုတ်ချောက် မျက်မှောက်ပြုရပါလို၏ဟု ဆုတောင်း ကြသည်ကို မနာလို အခံခက် ဒေါသထွက်နေကြ၍လော သို့တည်းမဟုတ် "သူ့ဖြူ လျှင် ငါမဲမည်" ဆိုသည့် ဝိတဏ္ဍဝါဒီတို့၏ ဓမ္မတာသဘာဝအတိုင်း "အသင်္ခတ ဓာတ်သည် နိဗ္ဗာန်မဟုတ်"ဟု ရေးသား ဟောပြောခြင်း ဖြင့် မိမိတို့ရဲ့ကျောက်ပုံ တောရဝါဒသစ်တခု တီထွင်လိုကြ၍လော မပြောတတ် သူတို့ဟောထားသော တိတ်ခွေ၊ ရေးထားသောစာအုပ်များ၌ "အသင်္ခတဓာတ်သည် နိဗ္ဗာန်မဟုတ်" ဟူသော ဟောပြောရေးသားကြသည်ကို တွေ့ရှိရပါသည်။ ထိုကျောက်ပုံတောရ ဝါဒီတို့သည် သူတို့ရဲ့စကားကို ဘုရားကပင် ထောက်ခံသလို ထေရဝါဒ ပိဋကတ် တော်လာ ဘုရားဟောပါဠိတော်များကို ဘုရားရှင် ဟောတော်မူခဲ့သည့်အတိုင်း အပြည့်အစုံ မဖော်ထုတ်ပဲ မိမိတို့ယူလိုသော တပိုင်းတစပါဠိကို ကျမ်းကိုးပြ၍ ဟောပြောရေးသားကြပါသည်။ သူတို့၏ ဟောပြော ရေးသားချက်များကို တိတ်ခွေ စာအုပ်များမှ ကောက်နုတ်တင်ပြပါမည်ဘုရား။

တိတ်ခွေ-၈(ဘီ)မျက်နှာတွင်—

(က) သင်္ခတတရား အသင်္ခတတရား ထိုနှစ်ပါးတို့ထက် အကြီးအမား အမြင့်မြတ်ဆုံးခေါ်ကြ ဝိရာဂဆိုသည်မှာ ဘယ်ဟာပါလဲ အဲဒီမေးခွန်း ဟာ တယ်ကောင်း၊ ဘာကြောင့်လဲဆိုတော့ အသင်္ခတကို နိဗ္ဗာန်မှတ် နေလို့ အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်လို့ ဒီလိုပြောသံကြားတာကို အဟုတ်မှတ်နေကြတယ်၊ အသင်္ခတဓာတ်သည် နိဗ္ဗာန်မဟုတ်ပုံကိုလဲ ငါ အရင်ကျမ်းစာအုပ်တွေထဲလဲ ထည့်ခဲ့ပါပြီ၊ အသင်္ခတကို ဘုရားဟောခဲ့ပုံ နိဗ္ဗာန်မဟုတ်ပုံ အသင်္ခတတရားနဲ့ဝိရာဂတရားဟာ တခြားစီနေပုံကလေး ကို ကျမ်းကိုးပါဠိနှင့်တကွ ပြောပြအုံးစို့ ရဲ့၊ စတုအင်္ဂုတ္တိုရ် သံဝရဝဂ်မှာ ဘယ်လိုဆိုထားသလဲဆိုတော့—

ယာဝတာ ဘိက္ခဝေ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ။

အနက်ကတော့—ဘိက္ခဝေ၊ချစ်သား ချစ်သမီးတို့။ ယာဝတာ၊ အကြင်မျှ လောက်ကုန်သော။ သင်္ခတာဝါ၊ သင်္ခတ တရားတို့သည်လည်းကောင်း။ အသင်္ခတာဝါ၊ အသင်္ခတတရားတို့သည်သည်းကောင်း။ အတ္ထိသန္တိ၊ ရှိကြကုန်၏။ တေသံ၊ ထိုသင်္ခတတရား အသင်္ခတတရားတို့ထက်။ ဝိရာဂေါ၊ တွယ်တာငြိကပ်မှုနှင့် တွယ်တာငြိကပ်လိုမှုဘေးမှ ကင်းဝေးမှုခေါ်ရ ဝိရာဂခေါ်သော နိဗ္ဗာန်ကို။ အဂ္ဂံအဂ္ဂေါ၊ အမြတ်ဆုံးဟူ၍။အက္ခာယတိ၊ ဆိုအပ်၏။ ဝါ၊ ငါဘုရားဟော၏ဟုလည်းကောင်း။

**မှတ်ချက်**။ ။ငင်းပါဠိကို စတုက္ကနိပါတ် စက္ကဝဂ် အဂ္ဂပ္ပသာဒသုတ်မှာတွေ့ရပါသည်၊ စတုက္ကနိပါတ်တခုလုံးမှာ သံဝရဝဂ်ဟု မတွေ့ရပါ၊ သံဝရ သုတ်ဟု ရှိပါသည်။ထိုသံဝရသုတ်၌ ငင်းပါဠိကို မတွေ့ရပါဘုရား။

အဓိကဝိပဿနာကျမ်း စာမျက်နှာ ၇-တွင်

( ၁ ) ယာဝတာ ဘိက္ခဝေ သင်္ခတာ ဝါ အသင်္ခတာ ဝါ၊ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ။

**အနက်**မှာ—ဘိက္ခဝေ၊ အရိယာလောင်းနှင့် အရိယာအပေါင်းတို့။ ယာဝတာ၊ အကြင် မျှလောက်ကုန်သော။ သင်္ခတာဝါ၊ ပတ်ဝန်းကျင်တို့က စုပေါင်း ပြုလုပ်ခြင်းခံရသော သင်္ခတ တရားတို့သည်သည်းကောင်း။ **အသင်္ခတာဝါ**၊နိစ္စ ဓုဝ သုဘ အတ္တဆိုတဲ့ အတ္တနိမိတ် ကင်းဆိတ်နေကြကုန်သော အသင်္ခတ တရားတို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကြကုန်၏။ တေသံ၊ ထိုသင်္ခတတရား အသင်္ခတတရားတို့ထက်။ ဝိရာဂေါ၊ ကင်း ပြတ်ချုပ်ငြိမ်းပုံတို့ရဲ့ နားလည်မှုကို။အဂ္ဂံအဂ္ဂေါ၊အမြတ်ဆုံးဟူ၍။ အက္ခာယတိ၊ ငါဘုရားဟော၏။

အဓိပ္ပါယ်ကို ပြောရလျှင်—ရုပ်နာမ်ကို အမည်ခံရသော သဘောအရ သဘော ကလေးအပေါ်တွင် သောင်တင်မနေကြပဲ ဆုံးပွဲဝင်သည်အထိ ဖောက်ခွဲ၍ကြည့် က ၃-ဌာနကိုသာတွေ့ရ၏၊ ၃-ဌာနဆိုသည်မှာ—

(၁) ပေါင်းစည်းမှုခေါ်ကြ သင်္ခတဘက်က တဌာန၊

(၂) ပေါင်းစည်းစရာ ရှာမရတဲ့ အသင်္ခတဘက်က တဌာန၊

(၃) ထိုနှစ်ဌာနတို့မှ လွတ်ကင်းပြီး လွတ်ကင်းဆဲခေါ်ရ နိဗ္ဗာန်ဘက် ဝိရာဂက တဌာန—

ဟူ၍ (၃) ဌာနဆိုသည်ကို တွေ့ရ၏။ (၃) ဌာနဆိုသည့်အတွက်ကို ဘုရားကြီးတို့၏ မိန့်မြွက်ချက်အရမှာ အထက်ပါ ပါဠိ အနက်အဓိပ္ပါယ်တိုင်းပင် ဖြစ်ပါတယ်-ဟုလည်းကောင်း။

ကမ္ဘာ့ဝိပဿနာကျမ်း၊ နေယျသင်တန်း စာမျက်နှာ-၂၇၁၊၂၇၅၊၂၇၆-တွင်—

(၁) မေး—ကံ စိတ် ဥတု အာဟာရ ဆိုတဲ့အကြောင်းတရားတို့သည် အပြုအပြင်မခံရတဲ့ အသင်္ခတဓာတ်သည် နိဗ္ဗာန်လား။

**ဖြေ—နိဗ္ဗာန်မဟုတ်ပါ။**

မေး—ကံ စိတ် ဥတု အာဟာရဆိုတဲ့ အကြောင်းတရားတို့ အပြုအပြင်မခံရတဲ့ အသင်္ခတဓာတ်သည် နိဗ္ဗာန်မဟုတ်သေးဘူးဆိုတဲ့အချက်မှာ သဒ္ဒါလံနေတာကို နှစ်ခါပြန်ပြီး ရှင်းပြပါအုံးဗျာ။

ဖြေ—သည်အဝိဇ္ဇာဏက ကမ္ဘာလောကကြီးဟာ ဥတုတပါးထဲပဲ ပျက်မှုဖြစ်မှု သည်နှစ်ခု တေဇောပြုဆိုပါကလားဗျ၊ စိတ် ကံ အာဟာရ ပါသေးသလား၊အဲသည်သုံးပါး မပါတော့ဘူး၊ဒါကြောင့် အကြောင်းတရားလေးပါးပြုပြင်မှုမှလွတ်တိုင်းလဲ အသင်္ခတနိဗ္ဗာန်လို့ မခေါ်နိုင်ဘူးဗျ-ဟုလည်းကောင်း။

ကျောက်ပုံတောရဝါဒီတို့ရဲ့ ဟောပြောချက် ရေးသားချက်များကို တွေ့ရပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းခိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

အသင်္ခတဓာတ်သည် နိဗ္ဗာန်ဖြစ်တဲ့အကြောင်း ထေရဝါဒဖြစ်သော ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌လာရှိသည့်အတိုင်း တပည့်တော်များ ရှင်းလင်းလျှောက်ထားပါမည်ဘုရား၊ ကျောက်ပုံတောရ ဦးစံရင်း အကိုးပြသော ပါဠိတော်မှာ မပြည့်စုံသေးသည်ဖြစ်ပါ၍ ထိုပါဠိတော်ကို အောက်ပါအတိုင်း အပြည့်အစုံ ဘုရားရှင်ဟောတော်မူခဲ့ပါသည်။

> ယာဝတာ ဘိက္ခဝေ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ၊ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ၊ ယဒိဒံ မဒနိမ္မာဒနော ပိပါသဝိနယော အာလယသမုဂ္ဃာတော ဝဋ္ဋုပစ္ဆေဒေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ။ယေ ဘိက္ခဝေ ဝိရာဂေ ဓမ္မေ ပသန္နာ။ အဂ္ဂေ တေ ပသန္နာ။ အဂ္ဂေ ခေါ ပန ပသန္နာနံ အဂ္ဂေါ ဝိပါကော ဟောတိ။ (အံ၊၁၊၃၄၃)

**မြန်မာပြန်**

ရဟန်းတို့ အပြုပြင်ခံ သခ်တ တရား အပြုပြင်ကင်း အသခ်တ တရား ရှိသမျှတို့ထက် ရာဂဟူသော ယစ်ခြင်းကင်းရာ၊ ရာဂဟူသော မွတ်သိပ်ခြင်းကို ဖျောက်ရာ အတွယ်အတာကို ပယ်ခွါရာဝဋ္ဋ (မြစ်)ပြတ်ရာ တဏှာကုန်ရာ ကင်း ပြတ်ရာ ချုပ်ရာ ငြိမ်းအေးရာ နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဆိုထိုက်၏၊ ရဟန်းတို့ နိဗ္ဗာန်တရား၌ ကြည်ညိုသောသူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ကြည်ညိုသောသူတို့အား မြတ်သောအကျိုးသည်ဖြစ်၏။

ကျောက်ပုံတောရ ဦးစံရင်းသည် အထက်ပါ ပါဠိတော်နှင့်တကွ အနက် အဓိပ္ပာယ်ကို ပြည့်စုံစွာမယူပဲ ကိုယ်လိုရာဆွဲပြီး အသခ်တနှင့် ဝိရာဂကို တခြားစီ ခွဲလျက် ဟောပြောရေးသားခြင်းဖြစ်ပါသည်၊ သူရေးသည့်အတိုင်း အသခ်တနှင့် ဝိရာဂသည် တခြားစီမဟုတ်ကြောင်းကို အောက်ပါ အဋ္ဌကထာဆရာ၏ ဖွင့်ဆို ချက်ကို ကြည့်ရှုသောအားဖြင့် သိသာထင်ရှားလှပါသည်ဘုရား။

> အသခ်တာတိ နိဗ္ဗာနမေဝ ဂဟေတွာ ဝုတ္တံ။ ဝိရာဂေါတိ အာဒီနိ နိဗ္ဗာနဿေဝ နာမာနိ။ (အံ၊ဋ္ဌ၊၂။၂၉၆)

**အနက်**

အသခ်တာတိပဒံ၊ အသခ်တာဟူသောပုဒ်ကို။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကိုသာ လျှင်။ ဂဟေတွာ၊ယူ၍။ ဝုတ္တံ၊ဆိုအပ်၏။ ဝိရာဂေါတိအာဒီနိ၊ ဝိရာဂေါစသော အမည်တို့သည်။ နိဗ္ဗာနဿေဝ၊ နိဗ္ဗာန်၏သာလျှင်။ နာမာနိ၊ အမည်တို့တည်း။

ယာဝတာ ဘိက္ခဝေ ဓမ္မာ သခ်တာ ဝါ—စသော ပါဠိတော်၌ ဓမ္မာဟူသော ပုဒ်ဝယ် စိတ် စေတသိက် ရုပ် နိဗ္ဗာန်ဟူသော သဘာဝဓမ္မ ပညတ်ဟူသော အသဘာဝဓမ္မဟု နှစ်မျိုးရှိနိုင်ရကား ဤအရာ၌ ပညတ်ဟု ဆိုအပ်သော အသဘာဝဓမ္မကို မယူစေလိုသောကြောင့်သာ ဋီကာဆရာက—

* ဓမ္မာတိ သဘာဝဓမ္မာ။
* သခ်တာတိ သမေစ္စသမ္ဘူယပစ္စယေဟိ ကတာတိ သခ်တာ၊ သပ္ပစ္စယာ ဓမ္မာ။
* ဟေတူဟိ ပစ္စယေဟိ စ န ကေဟိစိ ကတာ သခ်တာတိ အသခ်တာ၊ အပ္ပစ္စယော နိဗ္ဗာနံ။
* သခ်တာနံ ပရိယောသိတဘာဝေန အသခ်တာတိ ပုထုဝစနံ(ဝုတ္တံ)။ (အံ၊ဋီ၊၂၊၂၇၇)

ဟု ဖွင့်ဆိုထားပါသည်။

အထက်ပါဋီကာစကားရပ်ကို အကျဉ်းချုံး၍ လျှောက်ထားပါသော် ဓမ္မတို့ ဟူသည် သဘာဝဓမ္မတို့တည်း၊ အညီအညွတ်ရောက်၍ အကြောင်းတရားတို့သည် ပြုပြင်အပ်သောကြောင့် သင်္ခတမည်၏၊ ထိုသင်္ခတဓမ္မာဟူသော ပုဒ်အရ အကြောင်းတရားတို့နှင့်တကွ ဖြစ်သော စိတ် စေတသိက် ရုပ်ဟူသော သဘာဝ ဓမ္မတို့ကိုရ၏၊ တစုံတခုသော အကြောင်းတရားတို့သည် မပြုပြင် မစီရင်အပ် သောကြောင့် အသင်္ခတမည်၏၊ ထိုအသင်္ခတဓမ္မာဟူသော ပုဒ်အရ အကြောင်း ကင်းသော နိဗ္ဗာန်ကိုရ၏၊ သင်္ခတ တရားတို့၏ အဆုံးဖြစ်သောကြောင့် "အသင်္ခတ" ဟု ဗဟုဝုစ်ဝိဘတ်ကို ဆိုအပ်၏ဟူသော အနက်အဓိပ္ပာယ်ပင် ဖြစ်ပါ သည်ဘုရား။

ကျောက်ပုံတောရဝါဒီတို့ ကိုးကားပြသော ပါဠိတော်ကိုပင် အဋ္ဌကထာဆရာ ဋီကာဆရာတို့က "အသင်္ခတဟူသော ပုဒ်အရ နိဗ္ဗာန်ကိုယူရမည်" ဟု အထင် အရှား ဖွင့်ဆိုထားသောကြောင့် ဗုဒ္ဓဘာသာဝင်များ အထင်အမြင်လွဲမှားပြီး ရည်မှန်းချက်ပန်းတိုင် ပျောက်သွားအောင် ဟောပြော ရေးသားကြသော ကျောက်ပုံဝါဒ ကျောက်ပုံဝါဒီတို့ကို အဓမ္မဝါဒ အဓမ္မဝါဒီဟုသာ ဆုံးဖြတ်သင့် ကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ယခုဆိုခဲ့ပြီးသည်ကား "သူကြိုးနှင့် သူ့ကိုပြန်ချည်ရမည်" ဆိုသည့် စကားနှင့် အညီ ကျောက်ပုံတောရ ဦးစံရင်း၏ အကိုးအကား မခိုင်လုံပုံကို ရှင်းပြရုံသာ ရှိပါသေးသည်ဘုရား။ ဆက်လက်၍ အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်သို့ ကေန်မျက်မှောက် ရောက်ရလိုကြောင်း ဆုမွန်တောင်း၍ ဝိဝဋ္ဋကုသိုလ်ပြုလိုကြ သော ဗုဒ္ဓဘာသာဝင် သူတော်စင်များ စိတ်ထားမလွဲ ရဲရဲတင်းတင်း ဆုတောင်း ကြစေခြင်းငှာ အသင်္ခတဓာတ်သည် နိဗ္ဗာန်ဖြစ်ကြောင်း တပည့်တော်များ လျှောက်ထားပါဦးမည် ဘုရား။

> ကတမေ ဓမ္မာ အဘိညေယျာ၊ ဒွေ ဓာတုယော သင်္ခတာ စ ဓာတု
> အသင်္ခတာ စ ဓာတု ဣမေ ဓမ္မာ အဘိညေယျာ။ (ဒီ၊ ၃၊ ၂၂၉)

ဟု ဒီဃနိကာယ် ပါထိကဝဂ် ဒသုတ္တရသုတ်၌ ဘုရားရှင် ဟောတော်မူခဲ့ပါသည်။

မြန်မာပြန်

ထူးသောဉာဏ်ဖြင့် သိအပ်သော တရားနှစ်ပါးတို့ဟူသည် အဘယ်သည် တို့နည်း၊ သင်္ခတဓာတ် အသင်္ခတဓာတ် ဤနှစ်ပါးတို့ပေတည်း၊ ဤနှစ်ပါးသော တရားတို့ကို ထူးသောဉာဏ်ဖြင့် သိအပ်ကုန်၏။

အထက်ပါ ပါဠိတော်ကို အဋ္ဌကထာဆရာက—

သင်္ခတခါတုတိ ပစ္စယေဟိ ကတာ ပဉ္စက္ခန္ဓာ၊
အသင်္ခတဓာတူတိ ပစ္စယေဟိ အကတံ နိဗ္ဗာနံ။ (ဒီ၊ ဋ္ဌ၊ ၃၊ ၂၄၂။)

ဟု သင်္ခတဓာတ် အသင်္ခတဓာတ်တို့၏ အဘိဓေယျတ္ထကို ဖွင့်ပြခဲ့ပါသည်။

**အဋ္ဌကထာပါဌ်အနက်**

သင်္ခတဓာတူတိ၊ သင်္ခတဓာတ်ဟူသည်ကား။ ပစ္စယေဟိ၊ အကြောင်းတရားတို့သည်။ ကတာ၊ ပြုအပ်ကုန်သော။ ပဉ္စက္ခန္ဓာ၊ ခန္ဓာ ၅-ပါးတို့တည်း။ အသင်္ခတဓာတူတိ၊ အသင်္ခတဓာတ် ဟူသည်ကား။ ပစ္စယေဟိ၊ အကြောင်းတို့သည်။ အကတံ၊ မပြုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။

အဋ္ဌကထာ၏ ဆိုလိုရင်းမှာ သင်္ခတဓာတ်အရ အကြောင်းတရားတို့သည် ပြုပြင်အပ်သော ခန္ဓာ ၅-ပါးတို့ကိုရ၏။ အသင်္ခတဓာတ်အရ နိဗ္ဗာန်ကိုရ၏ဟု အလွန်ဖြောင့်စင်းလှပါသည် ဘုရား။

၎င်း အဋ္ဌကထာကို ဋီကာဆရာက အကြောင်းဆင့်၍ ဖွင့်ပြသည်မှာ——

ပစ္စယေဟိ သမေစ္စ သမ္ဘုယျ ကတတ္တာ ပဉ္စက္ခန္ဓာ သင်္ခတာ ဓာတု။
ကေနစိ အနဘိသင်္ခတတ္တာ နိဗ္ဗာနံ အသင်္ခတာ ဓာတု–ဟူ၍ ဖြစ်ပါသည်။
(ဒီ၊ ဋီ၊၃။၂၈၁)။

**မြန်မာပြန်**

အကြောင်းတို့သည် ပေါင်းစုံညီညွတ်၍ တပေါင်းတည်းဖြစ်၍ပြုပြင်အပ်သောကြောင့် ခန္ဓာငါးပါးတို့သည် သင်္ခတဓာတ်မည်၏။ တစုံတခုသော အကြောင်းသည် မပြုပြင် မစီရင်အပ်သောကြောင့် နိဗ္ဗာန်သည် အသင်္ခတဓာတ်မည်၏။ ထို့ပြင် အဘိဓမ္မာပိဋကက ဓမ္မသင်္ဂဏီပါဠိတော်၌– သင်္ခတာ ဓမ္မာ အသင်္ခတာ ဓမ္မာ ဟု အကျဉ်းမာတိကာ ပြုတော်မူ၍–

ကတမေ ဓမ္မာ သင်္ခတာ။ယေဝ တေ ဓမ္မာ သပ္ပစ္စယာ၊တေဝ တေ ဓမ္မာ-
သင်္ခတာ။ကတမေ ဓမ္မာ အသင်္ခတာ၊ယော ဝေ သော ဓမ္မော အပ္ပစ္စယော၊
သော ဝေ သော ဓမ္မော အသင်္ခတော–

ဟု ပုစ္ဆာဝိသဇ္ဇနာ စုံလင်စွာဖြင့် အကျယ်ချဲ့၍ ဟောတော်မူခဲ့ပြန်ပါသည်။
(အဘိ၊၁။၂၁၉။)

**မြန်မာပြန်**

သင်္ခတတရား အသင်္ခတတရားဟု အကျဉ်းအားဖြင့် နှစ်ပါးရှိကုန်၏၊ အဘယ်တရားတို့သည် သင်္ခတမည်ကုန်သနည်း၊ အကြောင်းနှင့်တကွဖြစ်သော ခန္ဓာ

၅-ပါးတို့သာလျှင် သင်္ခတမည်ကုန်၏၊ အဘယ်တရားတို့သည် အသင်္ခတမည်ကုန်သနည်း၊ အကြောင်းကင်းသော နိဗ္ဗာန်သာလျှင် အသင်္ခတမည်၏။

အထက်ပါ ပါဠိတော်၌ သင်္ခတာ ဓမ္မာအရ–

ကတမေ ဓမ္မာ သပ္ပစ္စယာ၊ ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော ဝေဒနက္ခန္ဓော သညက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓော ဣမေ ဓမ္မာ သပ္ပစ္စယာ-ဟု ဓ္မောသပ္ပစ္စယဒုက်၌ ဟောတော်မူခဲ့ပြီးဖြစ်သဖြင့် ခန္ဓာ ၅-ပါးကို မလွဲမသွေကောက်ယူရမည်ဆိုတာ သိသာထင်ရှားသော်လည်း အသင်္ခတာဓမ္မာအရ ကောက်ယူရာ၌ "အပ္ပစ္စယဓမ္မာ ဟူသည် အဘယ်နည်း"ဟု သံသယဖြစ်ဖွယ်ရှိပြန်ရကား အဋ္ဌသာလိနီ အဋ္ဌကထာ ဆရာက—

> သင်္ခတဒုကနိဒ္ဒေသေ ပုရိမဒုကေ ဝုတ္တံ၊ အသင်္ခတဓာတုံ သန္ဓာယ "ယော ဧဝ သော ဓမ္မော"တိ ဧကဝစနနိဒ္ဒေသော ကတော။
>
> (အဘိဋ္ဌ၊၁။ ၄၀၀)။

ဟု အသင်္ခတဓာတ် မြတ်သော နိဗ္ဗာန်တခုတည်းကို ရည်ရွယ်၍ "ယော ဧဝ သော ဓမ္မော" ဟု ဧကဝုစ် ဝိဘတ်ဖြင့် ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့ကြောင်း ဖွင့်ဆိုခဲ့ပါသည်၊ ယခု ပြဆိုခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာတို့ အရ သင်္ခတဟူသည် ခန္ဓာ ၅-ပါးတို့တည်း၊ အသင်္ခတဟူသည် နိဗ္ဗာန်တည်းဟု အပြီးသတ်မှတ်ယူနိုင်လောက်ပါပြီ ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ကျောက်ပုံတောရ ဝါဒီတို့တွင် ဦးစံရင်း တဦးတည်းသာ အသင်္ခတဓာတ်ကို အလွဲလွဲ အချော်ချော် တွေးခေါ်ကြံဆ၍ ဟောပြောရေးသားသည် မဟုတ်ပဲ တပည့်ဖြစ်သူဦးဝီရိယာဓိကဥာဏကလည်း "ယာဝတာ အသင်္ခတာ"ဟု ဗဟုဝုစ်ဖြင့် ဟောတော်မူခြင်း၏အကြောင်းရင်းကို မသိခဲ့ခြင်းကြောင့် သင်္ခတနှင့်အသင်္ခတကို မခွဲခြားတတ်ပါပဲ အောက်ပါအတိုင်း အဓိပ္ပာယ်မရှိ ရေးထားသည်ကို တွေ့ရှိရပါသည်ဘုရား။

**အသင်္ခတ အစားစား**

(၁) ပရမတ် အသင်္ခတ (၂) ရုပ်နာမ် အသင်္ခတ
(၃) ဝိပဿနာ အသင်္ခတ (၄) မဂ်ဉာဏ် အသင်္ခတ
(၅) နိဗ္ဗာန် အသင်္ခတ

(၁) ပရမတ် အသင်္ခတသည် မူလသဘာဝ ကိုယ်တိုင်က မပြုပြင် မစီရင် မပေါင်းစီးနိုင်သောကြောင့် (ပရမတ်အသင်္ခတ) ခေါ်၏။

(၂) ရုပ်နာမ်အသင်္ခတ ရုပ်ဖက် နာမ်ဖက် နှစ်ပါးပြိုင်ကြသော်လည်း ဘယ်သူ့ဖက်မှာမှ အားမရှိကြ၍ ရုပ်နာမ်အသင်္ခတခေါ် ၏။

(၃) ဝိပဿနာ (အသင်္ခတ) မှာ အရှုခံရတဲ့ ရှေ့ဝိပဿနာစိတ်လဲ အနိစ္စ နောက် ရှုတဲ့ ဝိပဿနာစိတ်လဲ အနိစ္စဟုရှုတဲ့ ဝိပဿနာစိတ်ကိုယ်တိုင် အနိစ္စကျုပ်ပြည့်လိုက်တော့ မျက်တောင်တစက်မျှ စွဲလို့ရစကောင်းသော နိစ္စဟူသော သဘောများရှိလိမ့်ဦးမည်ဟု ထင်မှတ်မှုသဘောများ၊ ကျုပ်ပြည့်ချုပ်ငြိမ်းသွားခြင်းသည် (ဝိပဿနာအသင်္ခတ)ဆို၏၊ နိစ္စ အတ္တ သုခ သုဘဟူသော သဘောများ မျက်တောင်တခတ်လောက်တော့ ရှိလိမ့်ဦးမည်ဟု ထင်မှတ်မှု အလျင်းမဖြစ်တော့သာ ဝိပဿနာအသင်္ခတဟု ဆိုထိုက်၏။

(၄) မဂ်ဉာဏ်အသင်္ခတဆိုသည်မှာ အကျဉ်းအားဖြင့်ဆိုသော် ဒိဋ္ဌိဝိစိကိစ္ဆာ သီလဗ္ဗတ ပရာမာသ အကြွင်းမဲ့ချုပ်ငြိမ်းခြင်းသည် မဂ်ဉာဏ် အသင်္ခတ ဟု ဆိုထိုက်၏။

(၅) နိဗ္ဗာန်အသင်္ခတ ဆိုသည်မှာ ဥပါဒ်ဌီဘင် အလျဉ်းကင်းပြတ် ချုပ်ငြိမ်းခြင်းဟု ဆိုထိုက်၏၊ (နိဗ္ဗာန်အသင်္ခတ) မှ ကြွင်းသော ပရမတ်အသင်္ခတ ရုပ်နာမ်အသင်္ခတ ဝိပဿနာအသင်္ခတ မဂ်ဉာဏ်အသင်္ခတတို့သည် ဥပါဒ်ဌီဘင် ရှိကြကုန်၏။

သင်္ခတ အသင်္ခတတွေများလှချည်းလားဟု မေးစရာရှိ၏၊ မများပါ၊ ဘာကြောင့် မများသနည်းဆိုသော် (ယာဝတာ ဘိက္ခဝေ သင်္ခတာ ဝါ အသင်္ခတာ ဝါ ပါဠိတော်၌) ယာဝတာဆိုတဲ့စကားတော်ကို ထောက်သဖြင့် မများပါဟု ဖြေလို၏။

(နေယျလမ်းပြခေါ် လေးလွှာဖျက်ခန်း အနုတ္တဝိပဿနာကျမ်း စာမျက်နှာ-၁၅၁၊ ၁၅၂)

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ကျောက်ပုံတောရ ဝါဒီတို့သည် အထက်ပါအတိုင်း အသင်္ခတခေတ်၏ သရုပ်သဘောများကို အလွဲလွဲအမှားမှား ရေးထားသည်ကိုကြည့်ပါက သင်္ခတနှင့် အသင်္ခတမျှကိုပင် မခွဲခြားတတ်ကြဖူးဆိုတာ သိသာထင်ရှားလှပါသည်။ ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ အသင်္ခတခေတ်အရ နိဗ္ဗာန်တခုတည်းကိုသာ ကောက်ယူ၍ပြသောကြောင့် ဦးဝီရိယာဓိကဉာဏ ရေးသော အသင်္ခတ ၅-မျိုးတို့တွင် နိဗ္ဗာန်အသင်္ခတ တခုသာရှိနိုင်၍ ကျန် အသင်္ခတ ၄-မျိုးမရှိနိုင်ပါ၊ ထိုသို့မရှိနိုင်သော အသင်္ခတကိုအရှိလုပ်ပြီး အသင်္ခတဟု အမည်တပ်၍ ဟောပြော

ရေးသားခြင်း၊ တကယ်အစစ်အမှန်ဖြစ်သော အသခ်တခေတ်ကိုတော့ နိဗ္ဗာန်မဟုတ်ဟု ဟောပြောရေးသားခြင်းသည် ဘုရားဟောကျမ်းဂန်များနှင့် ဆန့်ကျင်လှသောကြောင့် ကျောက်ပုံတောရဝါဒကို အဓမ္မဝါဒဟု ဆုံးဖြတ်ပေးတော်မူကြပါရန် ရှိသေစွာ လျှောက်ထားအပ်ပါသည်ဘုရား။

---

## စောဒနာ အမှတ် (၉)

**ကျောက်ပုံဆရာတော်အမည်ခံ ဦးစံရင်းနှင့် ၎င်း၏တပည့် ကျောက်ပုံဝါဒီတို့၏ သီလခေါ်ပုံနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။**

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

၁။ ကျောက်ပုံဆရာတော်အမည်ခံ ဦးစံရင်းနှင့် ၎င်း၏တပည့် ကျောက်ပုံဝါဒီတို့၏ သီလခေါ်ပုံကို ထုတ်နုတ်၍ လျှောက်ထားပါမည်ဘုရား။

ကမ္ဘာ့ပြဿနာ (၁၀) ချက် ပထမ (၉) ပိုင်း ဖြေကျမ်း၌—

(က) ယခုဖော်ပြခြင်း စိတ်စသော စိတ်ခြောက်လုံးတို့သည် တလုံးလုံးဖြစ်ပေါ်လျက် ပျောက်ကွယ်သွားရရှာသဖြင့် ဖြစ်ပျက်တရားများသာ ရှိပါတကားဟု စဉ်းစားလိုက်သည့်အခါ ယောကျ်ား မိန်းမပုံသဏ္ဍာန်စသော အရာဝတ္ထုတွေကို ပယ်သတ်သလိုဖြစ်နေသောကြောင့် ထိုသဘောကို သီလလို့ခေါ်၏။ (အဖြေကျမ်း၊ နှာ-၃၁)

( ခ) ထို့ကြောင့်ပင် ခဏလေးလောက်တော့ ဖြစ်နိုင်သေးတယ်လို့ ထင်တဲ့ အတ္တနှင့် ဖြစ်စေနိုင်တယ်လို့ ထင်တတ်သော အတ္တနိယခေတ်တို့အပေါ်၌ အကယ်ထင်မှတ်မှုကို ပတ်သက်မှုပြုပြီး ဖြစ်သွား၍ တကယ်ထင်မှတ်မှုတွေအတွက် အနှိပ်စက်ခံရသော ဘေးဒဏ်မှ လွတ်မြောက်ရိုးမှန်လှသဖြင့် မြေသောကြောင့် သီလလို့ခေါ်၏။ (အဖြေကျမ်း၊နှာ-၃၂)

( ဂ) အဲသည်ထင်မှတ်တတ်တဲ့ သဘောတရားများကို ခေတ္တပယ်ထား၍ ဒုက္ခသစ္စာကို သိသည်နှင့်တပြိုင်နက်ပင် အကယ်ထင်မှတ်မှုကို ဂရုစိုက်ကာ ပယ်သတ်စရာမလိုအပ်၍ ပယ်သတ်အေးငြိမ်းပြီးကဲ့သို့ ပယ်သတ်ရပြီး ဖြစ်သွားရတဲ့သဘောကို သီလလို့ခေါ် ဆိုရ၏။ (အဖြေကျမ်းနှာ-၃၄)

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား–

၂။ ဖော်ပြပါ ရေးသားဟောပြောချက်များကို ကြည့်ယင် ကျောက်ပုံဝါဒီတို့သည်–

(က) ဘုရားဟောတော်မူသော အင်္ဂါငါးပါး ရှစ်ပါးစသော သိက္ခာပုဒ်များကို သီလဟုမယူဆခြင်း။

(ခ) ယောကျ်ား မိန်းမစသော ပုံသဏ္ဌာန်များကို ပယ်သတ်ခြင်း သဘောကို သီလဟု ယူဆထားခြင်း။

(ဂ) အတ္တအတ္တနိယဒေပါ မှာ တကယ်ထင်မှတ်မှုမှ လွတ်မြောက်၍ အေးမြတာကို သီလဟု ယူဆခြင်း။

(ဃ) ငါးပါး ရှစ်ပါးစသော သိက္ခာပုဒ်များကို သီလဟု မယူဆတော့သဖြင့် ငါးပါး ရှစ်ပါးစသော သိက္ခာပုဒ်များကို မစောင့်ထိန်းခြင်းတို့မှာ ထင်ရှားလှပါသည်။

ဝိနည်းဓိုရ်ဆရာတော်များဘုရား—

၃။ ငါးပါးသော သိက္ခာပုဒ်ကို သီလဟုမယူဆတော့သဖြင့် ကျောက်ပုံဆရာတော်အမည်ခံ ဦးစံရင်းကိုယ်တိုင် အရက်သေစာ သောက်စား၍ တရားဟောသည်မှာ သူသိ ငါသိ လူတကာသိ အရပ်တကာသိ ဖြစ်နေပါသည်ဘုရား၊ဝိနည်းဓိုရ် ဆရာတော်များဘုရား၊ သီလဆိုသည်မှာ ကျောက်ပုံဝါဒီတို့ ယူဆထားသော ရေးသားဟောပြောနေကြသော အနက်အဓိပ္ပာယ်မျိုး မဟုတ်ကြောင်း တပည့်တော်များ တင်ပြလျှောက်ထားပါမည်ဘုရား။

ပဋိသမ္ဘိဒါမဂ်ပါဠိတော် စာမျက်နှာ-၄၃-၌—

**ကိံ** သီလန္တိ စေတနာ သီလံ၊စေတသိကံ သီလံ၊ သံဝရော သီလံ၊အဝီတိက္ကမော **သီလန္တိ**။

**အနက်မြန်မာ**

**သီလံ**၊ သီလသည်။ ကိံ၊ အဘယ်နည်း။ ဣတိပုစ္ဆေ၊ ဤအမေး၌။ **စေတနာ**၊ စေတနာသည်။ သီလံ၊ သီလမည်၏။ **စေတသိကံ**၊စေတသိက်သည်။ သီလံ၊ သီလမည်၏။ သံဝရော၊ စောင့်စည်းခြင်းသည်။သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ မလွန်ကျူးခြင်းသည်။ သီလံ၊ သီလမည်၏။ (ဣတိဣမေ၊ဤသည်တို့တည်း)။

သီလဆိုသည်မှာ (၁) စေတနာသီလ (၂) စေတသိကသီလ (၃) သံဝရသီလ (၄) အဝီတိက္ကမသီလဟူ၍ လေးမျိုးရှိကြောင်း ပြဆိုထားပါသည်ဘုရား။

ထိုလေးမျိုးတို့ကွင်လည်း တမျိုးစီ၏အဓိပ္ပာယ်များကို ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဝိသုဒ္ဓိမဂ် အဋ္ဌကထာများ၌ ဖွင့်ပြထားပါသည်ဘုရား။

တတ္ထ စေတနာသီလံ နာမ ပါဏာတိပါတာဒီဟိ ဝါ ဝိရမန္တဿ ဝတ္တပဋိပတ္တိံ ဝါ ပူရေန္တဿ စေတနာ၊ စေတသိကံ သီလံ နာမ ပါဏာတိပါတာဒီဟိ ဝိရမန္တဿ ဝိရတိ၊အပိ စ စေတနာသီလံ နာမ ပါဏာတိပါတာဒီနိ ပဇဟန္တဿ သတ္တ ကမ္မပထာ စေတနာ စေတသိကံသီလံ နာမ အဘိဇ္ဈံ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတီတိအာဒိနာ နယေန ဝုတ္တာ အနဘိဇ္ဈာဗျာပါဒသမ္မာဒိဋ္ဌိဓမ္မာ၊ သံဝရော သီလန္တိ ဧတ္ထ ပဉ္စဝိဓေန သံဝရော ဝေဒိတဗ္ဗော ပါတိမောက္ခသံဝရော သတိသံဝရော ဉာဏသံဝရော ခန္တိသံဝရော ဝီရိယသံဝရောတိ။ အဝီတိက္ကမော သီလန္တိ သမာဒိန္နသီလဿ ကာယိကဝါစသိကော အနတိက္ကမော။

အနက်မြန်မာ

တတ္ထ၊ ထိုပဋိသမ္ဘိဒါမဂ်ပါဠိတော်၌။ ပါဏာတိပါတာဒီဟိ၊ ပါဏာတိပါတ စသည်တို့မှ။ ဝိရမန္တဿ၊ကြဉ်သသူ၏။ စေတနာ၊ စေတနာသည်။ စေတနာသီလံ နာမ၊ စေတနာသီလမည်၏။ ဝတ္တပဋိပတ္တိံ ဝါ၊ ဝတ်နှင့်ပြည့်စုံခြင်းကိုမူလည်း။ ပူရေန္တဿ၊ ဖြည့်သသူ၏၊ စေတနာ၊ စေတနာသည်။ စေတနာသီလံနာမ၊ စေတနာသီလမည်၏။ ပါဏာတိပါတာဒီဟိ၊ ပါဏာတိပါတစသည်တို့မှ။ ဝိရမန္တဿ၊ ကြဉ်သသူ၏။ ဝိရတိ၊ ဝိရတိစေတသိက်သည်။ စေတသိကံသီလံနာမ၊စေတသိက သီလမည်၏၊ အပိစအပရောနယော၊ တပါးသောနည်းကို။ မယာ၊ ငါသည်။ ဝုစ္စတေ၊ ဆိုအပ်၏။ ပါဏာတိပါတာဒီနိ၊ ပါဏာတိပါတ စသည်တို့ကို။ ပဇဟန္တဿ၊ ပယ်စွန့်သသူ၏။ သတ္တကမ္မပထာ စေတနာ၊ခုနစ်ပါးကုန်သော ကုသလကမ္မပထစေတနာတို့သည်။ စေတနာသီလံနာမ၊ မည်၏။ အဘိဇ္ဈံ၊ သူ့စည်းစိမ်ကို ရှေ့ရှုတတ်သောအားဖြင့် ကြံသောလောဘကို။ ပဟာယ၊ ပယ်၍။ ဝိဂတာဘိဇ္ဈေန၊ အဘိဇ္ဈာကင်းသော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရတိ၊ နေ၏။ ဣတိအာဒိနာနယေန၊ ဤသို့စသောနည်းဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ အနဘိဇ္ဈာဗျာပါဒသမ္မာဒိဋ္ဌိဓမ္မာ။ အနဘိဇ္ဈာအဗျာပါဒသမ္မာဒိဋ္ဌိတို့သည်။ စေတသိကံ၊ စေတသိကဟူသော။ သီလံနာမ၊ သီလမည်၏။ သံဝရောသီလန္တိဧတ္ထ၊ သံဝရောသီလံဟူသော ဤပါဌ်၌။ပါတိမောက္ခသံဝရော၊ပါတိမောက္ခသံဝရ လည်း ကောင်း၊(ဝါ) စာရိတ္တဝါရိတ္တ အပြားရှိသော ဝိနယာပရိယာပန္နသိက္ခာပဒသီလ ဟူသော သံဝရလည်းကောင်း။ သတိသံဝရော၊ မနိန္ဒြေလျှင် ခြောက်ခု မြောက်သော ဣန္ဒြေတို့ကို ပိတ်ဆို့တတ်သော သတိဟူသော သံဝရ လည်းကောင်း။ ဉာဏသံဝရော၊ တဏှာစသောအယဉ်ကို စောင့်ရှောက်ပိတ်ဆို့တတ်သော ပညာ ဟူသော သံဝရလည်းကောင်း။ ခန္တိသံဝရော၊ အအေးအပူစသည်တို့ကို သည်းခံသော အခြင်းအရာအားဖြင့်ဖြစ်သော အဒေါသပြဋ္ဌာန်းသောခန္တိဟူသော သံဝရ လည်းကောင်း။ ဝီရိယသံဝရော၊ ကာမဝိတက် စသည်တို့ကို ပယ်ဖျောက်လျက်

စောင့်ရှောက် ပိတ်ဆို့တတ်သော ဝီရိယဟူသော သံဝရလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စဝိဓေန၊ ငါးပါးအပြားအားဖြင့်။ သံဝရော၊ သံဝရကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အဝီတိက္ကမောသီလန္တိ၊အဝီတိက္ကမောသီလံ-ဟူသော ဤပါဠိ၌။သမာဒိန္နသီလဿ၊ ဆောက်တည်အပ်သော သီလရှိသူ၏။ ကာယိကဝါစသိကော၊ ကာယဒွါရ၌ဖြစ် ဝစီဒွါရ၌ဖြစ်သော။ အနတိက္ကမော၊ မလွန်ကျူးကြောင်း ကုသိုလ်စိတ္တုပ္ပါဒ်တည်း။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား –

၄။ **အဋ္ဌကထာဆရာက—**

စေတနာသီလသည်—

ပါဏာတိပါတစသော တရားတို့မှ ရှောင်ကြဉ်သူ၏ စေတနာသည် စေတနာသီလမည်၏။

စေတသိကသီလသည်—

ပါဏာတိပါတစသော တရားတို့မှ ရှောင်ကြဉ်သူ၏ ဝိရတိစေတသိက်သည် စေတသိကသီလမည်၏။

သံဝရသီလသည်—

ပါတိမောက္ခသံဝရစသော သံဝရငါးပါးသည် သံဝရသီလမည်၏။

အဝီတိက္ကမသီလသည်—

သီလရှိသူ၏ကာယဒွါရ ဝစီဒွါရ၌ဖြစ်သော မလွန်ကျူးကြောင်း ကုသိုလ်စိတ္တုပ္ပါဒ်သည် အဝီတိက္ကမသီလမည်၏—

ဟု ပြဆိုထားပါသည်ဘုရား၊ ကျောက်ပုံဝါဒီတို့ ယူဆထားသော သီလမျိုးကို မပြပါဘုရား၊ ထို့နောက် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာက သီလ၏ လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်-ပဒဋ္ဌာန်အားဖြင့် ခွဲပြထားပါသေးသည်ဘုရား။

**သီလ၏လက္ခဏာ**

သီလနံ လက္ခဏံ တဿ၊ ဘိန္နဿာပိ အနေကဓာ။
သနိဒဿနတ္တံ ရူပဿ၊ ယထာဘိန္နဿာနေကဓာ။ (ဝိသုဒ္ဓိ၊၁၊ နှာ-၈)

**အနက်**

အနေကဓာ၊အညီအမွေစသော များသောအပြားဖြင့်။ ဘိန္နဿ၊ပြားသော။ ရူပဿ၊ ရူပါယတန၏။ သနိဒဿနတ္တံ၊ မြင်အပ်သောအဖြစ်နှင့်တကွ ဖြစ်သည်၏

အဖြစ်သည်။လက္ခဏံ၊မှတ်ကြောင်းသဘော မှတ်အပ်သော သဘောသည်။ ဟော-တိယထာ၊ဖြစ်သကဲ့သို့၊တထာ၊ထို့အတူ။အနေကာ၊စေတနာစေတသိကစသော များသောအပြားအားဖြင့်။ ဘိန္နဿာပိ၊ပြားခြားသော်လည်း။ တဿ သီလဿ၊ ထိုသီလ၏။ သီလနံ၊ ကာယစသည်တို့ကို ဖရိုဖရဲ မရှိစေရ သိမ်းသိမ်းဆည်းဆည်း ကောင်းစွာ သိုထားခြင်းသည် (ဝါ)ကုသိုလ်မွေ့တို့ကို လွန်စွာဆောင်ခြင်းသည်။ လက္ခဏံ၊ မှတ်ကြောင်းသဘော မှတ်အပ်သောသဘောသည်။ ဟောတိ၊ဖြစ်၏။

ဝိနည်းမိုရ်ဆရာတော်များဘုရား–

သီလ၏လက္ခဏာသည် ကာယစသည်တို့ကို ဖရိုဖရဲမရှိစေရအောင် ကောင်းစွာ သိုမှီးသိမ်းဆည်းခြင်း လက္ခဏာရှိ၏ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာက ပြဆိုပါသည် ဘုရား၊ ကျောက်ပုံဝါဒီတို့ရေးသားဟောပြောကြသလို ယောကျ်ားမိန်းမစသော ပုံသဏ္ဌာန်များကို ပယ်သတ်ခြင်း သဘောလက္ခဏာရှိတာကို သီလခေါ်၏လို့ မပြဆိုပါဘုရား။

သီလ၏ ရသ

ဒုဿီလျဝိဒ္ဓံသနတာ၊ အနဝဇ္ဇဂုဏော တထာ။
ကိစ္စသမ္ပတ္တိအတ္ထေန၊ ရသော နာမ ပဝုစ္စတိ။ (ဝိသုဒ္ဓိ၊၁၊ နှာ-၇)

အနက်

ဒုဿီလျဝိဒ္ဓံသနတာ၊ သီလမရှိသောသူ၏ အဖြစ်ကို ဖျက်ဆီးတတ်သည်၏ အဖြစ်ကို လည်းကောင်း။ တထာ၊ ထိုမှတပါး။ အနဝဇ္ဇဂုဏော၊ မကဲ့ရဲ့အပ်သည်၏ အဖြစ်ဟူသော ဂုဏ်ကိုလည်းကောင်း။ ကိစ္စသမ္ပတ္တိအတ္ထေန၊ ပြုဖွယ်ကိစ္စပြည့်စုံခြင်း ဂုဏ်အနက်အားဖြင့်။ ရသော နာမ၊ ရသမည်၏ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဝိနည်းမိုရ်ဆရာတော်များဘုရား–

သီလ၏ရသသည်–

သီလမရှိသူ၏အဖြစ်ကို ဖျက်ဆီးတတ်သည်၏အဖြစ်ဟူသော ကိစ္စရသ
အပြစ်မရှိ မကဲ့ရဲ့အပ်သည်၏အဖြစ်ဟူသော သမ္ပတ္တိရသခေါ်၏–

ဟု အဋ္ဌကထာဆရာ ဖွင့်ပြပါသည် ဘုရား၊ ကျောက်ပုံဝါဒီတို့ ရေးသား ဟောပြောကြသော သီလမျိုးမဟုတ်ကြောင်း ထင်ရှားလှပါသည် ဘုရား။

သီလ၏ ပစ္စုပဋ္ဌာန်နှင့် ပဒဋ္ဌာန်

သောစေယျပစ္စုပဋ္ဌာနံ၊ တယိဒံ တဿ ဝိညုဟိ။
ဩတ္တပ္ပဟိရိ စေဝ၊ ပဒဋ္ဌာနန္တိ ဝဏ္ဏိတံ။ (ဝိသုဒ္ဓိ၊၁၊ နှာ-၉)

အနက်

တယိဒံသီလ'၊ ထိုသီလသည်။ သောစေယျပစ္စုပဋ္ဌာနံ၊ (ကာယစသည်တို့၌) စင်ကြယ်သော သူ၏အဖြစ်ဖြင့် ရှုသူ၏ဉာဏ်အား ရှေးရှုထင်တတ်၏၊ (ဝါ) စင်ကြယ်သောသူ၏ အဖြစ်ဟူသော ရှေးရှုထင်သော အခြင်းအရာရှိ၏။ ဩတ္တပ္ပဥ္စ၊ ဩတ္တပ္ပကိုလည်းကောင်း။ ဟိရိစေဝ၊ ဟိရိကိုလည်းကောင်း။ တဿသီလဿ၊ ထိုသီလ၏။ ပဒဋ္ဌာနန္တိ၊ ပဒဋ္ဌာန်ဟူ၍။ ဝိညူဟိ၊ ပညာရှိတို့သည်။ ဝဏ္ဏိတံ၊ ဆိုအပ်၏။

ဝိနည်းဓိုရ် ဆရာတော်များ ဘုရား—

သီလ၏ ပစ္စုပဋ္ဌာန်သည်—

ရှုသူသည် ဉာဏ်အား စင်ကြယ်သူ၏ အဖြစ်ဟူသော ရှေးရှုထင်သောအခြင်းအရာသည် ပစ္စုပဋ္ဌာန်မည်၏—

ဟု ပြဆိုထားပါသည်ဘုရား။

ဝိနည်းဓိုရ် ဆရာတော်များဘုရား—

သီလ၏ ပဒဋ္ဌာန်သည်—

ကာယ ဒုစရိုက်စသည်မှ ပြုလုပ်ရမှာ ကြောက်ခြင်း ဩတ္တပ္ပ၊ ကာယဒုစရိုက် စသည်မှ ပြုလုပ်ရမှာ ရှက်ခြင်းဟိရိ၊ ထိုဩတ္တပ္ပနဲ့ ဟိရိ တရားနှစ်ပါးသည် သီလရှိဖို့ရာအတွက် အနီးကပ်ဆုံးသော ပဒဋ္ဌာန် မည်ကြောင်း—

ပြဆိုထားပါသည် ဘုရား။

၆။ ကျောက်ပုံဝါဒီ တို့သည် လက္ခဏာ-ရသ-ပစ္စုပဋ္ဌာန်- ပဒဋ္ဌာန်ကို နေရာတိုင်းမှာ ရေလဲနဲ့သုံးကြပေမဲ့ သီလကောက်ယူရမှာတော့ ဒီဝိသုဒ္ဓိမဂ် အဋ္ဌကထာကြီးကို မျက်နှာလွှဲ၍ ထားခြင်းသည် ရိုးသားသော မျက်နှာလွှဲခြင်းမဟုတ်ပဲ ဦးစံရင်းကိုယ်တိုင် ငါးပါးသီလလောက်မျှ မလုံသောကြောင့် မျက်နှာလွှဲထားကြခြင်းဖြစ်ပါသည်ဘုရား။

အနတ္တတလုံးကို ဖောက်ခွဲဝေဖန်ကြည့်၍ သီလျှင် ငါးပါးသီလ စောင့်ထိန်းဖို့မလိုကြောင်း ဦးစံရင်းကိုယ်ဘိုင်ရေး မှတ်ပုံတင် သင်တန်း၊ စာမျက်နှာ-၁၂၉-၌—

အဲဒီသဘော သုံးခုသည် အနတ္တအစစ် အနိစ္စအစစ် ဒုက္ခအစစ် သုံးလုံးတို့တွင် တလုံးလုံးကို တွေ့သည်နှင့်တပြိုင်နက် တခါတည်း ကောဓမ္မော ဖြစ်သွားပါတယ်၊ သီလ သမာဓိ ပညာရယ်လို့ တမျိုးစီထားပြီးလျှင် အားထုတ်ဝေ

ဖန်နှလုံးသွင်းစရာမလို တော့ပါ၊ အနတ္တစစ်ကို သိဖို့ရာသာ လိုရင်းဖြစ်ပေတယ် ဟု ရေးသားထားပါသည်။

**မှတ်ချက်။** ။သဘောသုံးခုဆိုသည်မှာ သီလ သမာဓိ ပညာကို ဆိုလိုပါသည်။

၇။ ကျောက်ပုံဝါဒသည် ဥပမာအားဖြင့် မောင့်ကျက်သရေ ခေါင်းပေါင်းကို ဆောင်း၍ တိုက်ပုံအင်္ကျီကျကျနန ဝတ်ထားပြီး ပုဆိုးမပါသောသူလို ဝိပဿနာ အနတ္တပညာသိ စကားတွေလှိုင်လှိုင်သုံးနေပြီး ကိုယ်ကျင့်သီလ ဗလာကျနေသော ဝါဒဖြစ်နေပါသည်၊ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌ ဒေသနက္ကမအားဖြင့် သီလ သမာဓိ ပညာ ဟု ဟောထားပါလျက် ကျောက်ပုံဝါဒီတို့က အနတ္တသိ ပညာကို သာ ရှေးဦးစွာ သိရမည်ဖြစ်၍ ပညာသီလ သမာဓိဟု ပြောင်းပြန်လှန်ထား ခြင်းသည် မဖြစ်နိုင်သော လမ်းစဉ်မှားကြီးကို ရိုးသားသော ဗုဒ္ဓဘာသာတို့ တရားလမ်းကြောင်းမှားအောင် ရေးသားဟောပြော ကြခြင်းသာ ဖြစ်ပါသည် ဘုရား၊ ဝိပဿနာဉာဏ် အသိမှန်ရောက်၍ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင် ရန်အတွက် သီလသည် အရေးကြီးလှကြောင်းကို ဘုရားဟောဒေသနာကျမ်း အစောင်စောင်မှာ ထင်ရှား ရှိနေပါသည် ဘုရား၊ တပည့်တော်များ ရှင်သာမ ဏေဘဝကပင် ကျက်အံခဲ့ရသော စူဠဝါ ပါဠိတော် ဝတ္တက္ခန္ဓက (ဝိ၊၄၊၄၁၆)၌

> ဝတ္တံ အပရိပူရေန္တော၊ န သီလံ ပရိပူရတိ။
>
> အသုဒ္ဓသီလော ဒုပ္ပညော၊ စိတ္တေကဂ္ဂံ န ဝိန္ဒတိ။
>
> ဝိက္ခိတ္တစိတ္တောနေကဂ္ဂေါ၊ သမ္မာ ဓမ္မံ န ပဿတိ။
>
> အပဿမာနော သဒ္ဓမ္မံ၊ ဒုက္ခာ န ပရိမုစ္စတိ။

ဆိုလိုရင်းအဓိပ္ပာယ်မှာ—ဝတ်နဲ့ မပြည့်စုံသူသည် သီလမပြည့်စုံပါ၊ သီလမရှိ၍ ပညာနည်းပါး ငမိုက်သားသည် စိတ်၏ငြိမ်သက်တည်ကြည်ခြင်း သမာဓိကို မရ နိုင်ပါ၊ စိတ်ပျံ့လွင့်၍ သမာဓိမရှိသူသည် မဂ်ဖိုလ်နိဗ္ဗာန် ဝိပဿနာဉာဏ်ဟူသော သူတော်ကောင်း တရားတွေကို မမြင်ရနိုင်ပါ၊ သဒ္ဓမ္မဟူသော သူတော်ကောင်း တရားမမြင်ရလျှင် အပါယ်လေးဖြာ အိုနာသေရေး ဆင်းရဲဒုက္ခဘေးမှ မလွတ် နိုင်ကြောင်း ကောင်းကောင်းကြီးဟောထားပါသည် ဘုရား။

၈။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆရာကြီးကလည်း—

> သဂ္ဂါရောဟဏသောပါနံ၊ အညံ သီလသမံ ကုတော။
>
> ဒွါရံ ဝါ ပန နိဗ္ဗာန၊ နဂရဿ ပဝေသနေ။

**အနက်**

သီလသမံ၊ သီလနှင့်တူသော။ အညံ၊ သီလမှတပါးသော။ သဂ္ဂါရောဟဏ-သောပါနံ၊ နတ်ရွာတက်ကြောင်း စောင်းတန်းကောင်းသည်။ ကုတော အတ္ထိ၊ အဘယ်မှာရှိပါအံ့နည်း။ ပန၊ တနည်းအားဖြင့်။ နိဗ္ဗာန နဂရဿ၊ တစ်ဆဲ့တစ်သီး မီးငြိမ်းရာမှန် နိဗ္ဗာန်မြို့တော်ကြီးသို့။ ပဝေသနေ၊ ဝင်ရောက်ရာ၌။ သီလသမံ၊ သီလနှင့်တူသော။ အညံ၊ တပါးသော။ ဒွါရံဝါ၊ တံခါးသည်မူလည်း။ ကုတော အတ္ထိ၊ အဘယ်မှာ ရှိပါအံ့တော့နည်း။

နိဗ္ဗာန်တည်း ဟူသော ရွှေမြို့တော်ကို ဝင်ဖို့ရန်အတွက် သီလနှင့်တူသော တံခါးပေါက်ရှိမှသာလျှင် ဝင်၍ရနိုင်ကြောင်း အဋ္ဌကထာဆရာက ဥပမာဖြင့် ထုတ်ဆောင်၍ ပြထားပါသည် ဘုရား၊ ဤဥပမာဖြင့် တံခါးပေါက် မဖွင့်လျှင် ဝင်၍မရကြောင်း ထင်ရှားပါသည်ဘုရား။

နိဗ္ဗာန်ရောက်ဖို့ရန် နိဗ္ဗာန်ချမ်းသာကို ခံစားဖို့ရန် သီလတည်းဟူသော ကိုယ်ကျင့်တရားမရှိက မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ဘူး ဆိုတာ သေချာ လှပါသည် ဘုရား၊ သီလဟူသည်မှာလည်း ပါဏာတိပါတ စသော သိက္ခာပုဒ် ငါးပါးဖြစ်ကြောင်း အောက်ပါဘုရားဟော ပါဠိတော်ဖြင့် သိသာထင်ရှားပါသည်ဘုရား။

(က) ယော ပါဏမတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ။
လောကေ အဒိန္နံ အာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။
သုရာမေရယပါနဉ္စ၊ ယော နရော အနုယုဉ္ဇတိ။
အပ္ပဟာယ ပဉ္စ ဝေရာနိ၊ "ဒုဿီလော"ဣတိ ဝုစ္စတိ။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပ ပဇ္ဇတိ။

(ခ) ယော ပါဏံ နာတိပါတေတိ၊ မုသာဝါဒံ န ဘာသတိ။
လောကေ အဒိန္နံ နာဒိယတိ၊ ပရဒါရံ န ဂစ္ဆတိ။
သုရာမေရယပါနဉ္စ၊ ယော နရော နာနုယုဉ္ဇတိ။
ပဟာယ ပဉ္စ ဝေရာနိ၊ "သီလဝါ" ဣတိ ဝုစ္စတိ။
ကာယဿ ဘေဒါ သပ္ပညော၊ သုဂတိံ သောပပဇ္ဇတိ။

(အံ၊ ၂၊ နှာ—၁၇၁)

**မြန်မာပြန်**

(က) လောက၌ သူ့အသက်ကို သတ်သူ မဟုတ်မမှန်ပြောသူ မပေးသည်ကို ယူသူ သူ့မယားကိုလည်း လွန်ကျူးသွားလာသူ၊ သေအရက်သောက်ခြင်းကိုလည်း အဖန်တလဲလဲအားထုတ်သူကို ရန်ငါးမျိုးတို့ကို မပယ်ခြင်းကြောင့် သီလမရှိသူဟု ဆိုအပ်၏၊ ပညာမရှိသော ထိုသူသည် ခန္ဓာကိုယ် ပျက်စီးသည်ရှိသော် ငရဲ၌ ဖြစ်ရ၏။

(ခ) လောက၌ သူ့အသက်မသတ်သူ မမှန်မပြောသူ မပေးသည်ကို မယူသူ သူတပါးမယားကို မလွန်ကျူး မသွားလာသူ၊ သေအရက်သောက်ခြင်းကိုလည်း အဖန်တလဲလဲအားမထုတ်သူကို ရန်ငါးမျိုးတို့ကို ပယ်ခြင်းကြောင့် သီလရှိသူဟူ၍ ဆိုအပ်၏၊ပညာရှိသော ထိုသူသည် ခန္ဓာကိုယ်ပျက်စီးသည်ရှိသော် ကောင်းသော လားရာသုဂတိဘဝ၌ ဖြစ်ရ၏။ (အင်၊မြန်၊နှာ–၂၃၀)

**ဝိနည်းမိုရ်ဆရာတော်များဘုရား–**

၉။ အထက်ပါ အင်္ဂုတ္တိုရ်ပါဠိအရ ပါဏာတိပါတ စသော သိက္ခာပုဒ်ငါးပါး မစောင့်ထိန်းသူကို ဒုဿီလ သီလမရှိသူ၊ ပါဏာတိပါတ စသော သိက္ခာပုဒ်ငါးပါးစောင့်ထိန်းသူကို သီသဝန္တ သီလရှိသူဟူ၍ ငါးပါးသီလကိုပင် အရေးထား၍ ဟောကြားတော်မူသော ဒေသနာ ဖြစ်ပါသည်ဘုရား၊ ထို့ပြင်-မဟာဝဂ္ဂ သံယုတ်ပါဠိတော်မှာလည်း—

ကိတ္တာဝတာ ပန ဘန္တေ ဥပါသကော သီလသမ္ပန္နော ဟောတီတိ။ ယတော ခေါ မဟာနာမ ဥပါသကော ပါဏာတိပါတာ ပဋိဝိရတော ဟောတိ၊ အဒိန္နာဒါနာ ပဋိဝိရတော ဟောတိ၊ ကာမေသုမိစ္ဆာစာရာ ပဋိဝိရတော ဟောတိ၊ မုသာဝါဒါ ပဋိဝိရတော ဟောတိ၊ သုရာမေရယ-မဇ္ဇပ္ပမာဒဋ္ဌာနာ ပဋိဝိရတော ဟောတိ။ ဧတ္တာဝတာ ခေါ မဟာနာမ ဥပါသကော သီလသမ္ပန္နော ဟောတိ။

(မဟာဝဂ္ဂသံယုတ်၊ ပါ-မဟာနာမသုတ်—၃၄၅)

**မြန်မာပြန်**

အရှင်ဘုရား....အဘယ်မျှဖြင့် ဥပါသကာသည် သီလနှင့် ပြည့်စုံပါသနည်းဟု မေး၏၊ မဟာနာမ်- အကြင်ကြောင့် ဥပါသကာသည် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ ကာမတို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ မမှန်ပြောခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ မေ့လျော့ကြောင်းဖြစ်သော သေရည်သေရက်ကို သောက်ခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ မဟာနာမ်.... ဤမျှဖြင့် ဥပါသကာသည် သီလနှင့် ပြည့်စုံ၏ဟု မိန့်တော်မူ၏။

**ဝိနည်းဓိုရ် ဆရာတော်များဘုရား—**

၁၀။ ဤ သံယုတ်ပါဠိတော်အဆိုအရလည်း သီလဟူသည်မှာ ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ, သုရာမေရယမဇ္ဇပမာဒဋ္ဌာန ဟူသော သိက္ခာပုဒ်ငါးပါးကိုပင် သီလခေါ်ဆိုရကြောင်း ပေါ်လွင်ထင်ရှားနေပါတော့ သည်ဘုရား။ ကျောက်ပုံဆရာတော်အမည်ခံ ဦးစံရင်းသည် သူ၏ မှတ်ပုံတင် သင်တန်း နှာ—၁၂၈ မှာသီလငါးပါးကို အောက်ပါအတိုင်း ရေးသားထားပြန် ပါသေးသည်ဘုရား။

> သောတာပန်ပုဂ္ဂိုလ်၌ ငါးပါးကို မခံယူမဆောက်တည်ပဲနှင့် လုံခြုံ အေးမြနေကြ၏၊ ငါးပါးဆိုသည်မှာ သူ၏အသက်သတ်မှု၊ သူ၏ဥစ္စာ ကို နည်းအမျိုးမျိုးဖြင့် ခိုးယူမှု၊ ပိုင်ရှင် မကျေနပ်ပဲ မှားသောအားဖြင့် မေထုန်ကျင့်မှု၊ အကျိုးစီးပွား ပျက်လောက်သည့် မုသာဝါဒ ထိုပြင် စာမှားနှင့်ဆရာမှား အယူမှားများကို နှလုံးသွင်းခြင်း မိစ္ဆာဒိဋ္ဌိတို့ အတွက် လုံခြုံအေးမြ သီလအလိုလို တည်တံ့ခြင်းဟု ရေးသားထားပါ သည်ဘုရား။

ဒီနေရာမှာ ငါးပါးသီလကို ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ, မုသာဝါဒ မိစ္ဆာဒိဋ္ဌိလို့ သုရာမေရယသိက္ခာပုဒ်အစား မိစ္ဆာဒိဋ္ဌိကို အစားထိုးထား ပါသည်ဘုရား၊ သုရာမေရယသိက္ခာပုဒ်ကို ငါးပါးသီလတည်းမှာ ထည့်သွင်းယူရ မည်ကို ဦးစံရင်းသည် အင်မတန်မှ ဝန်လေးနေပါသည်၊အဘယ့်ကြောင့်ဆိုလျှင် သူကိုယ်တိုင်က ဒီသုရာမေရယ သိက္ခာပုဒ်ကို ကျူးလွန်ဖောက်ဖျက်နေသော ကြောင့်ဖြစ်တယ်ဆိုတာဒီရေးသားချက်က အားပေးထောက်ခံနေပါသည်ဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်များဘုရား——

၁၁။ တပည့်တော်များ နိဂုံးချုပ်၍ လျှောက်ထားပါမည်ဘုရား၊ ကျောက်ပုံဝါဒ မူလပဘာဝဖြစ်သော ဦးစံရင်းသည် မြတ်စွာဘုရား၏ နိဗ္ဗာန် မဂ် ဖိုလ် ရောက် ကြောင်းအတွက် အခြေခံထား၍ ဟောကြားတော်မူအပ်သော ကိုယ်ကျင့်သီလ ကို မိမိလိုရာဆွဲ၍ ဟောကြားသူ ဟောကြားသည့်အတိုင်း သူကိုယ်တိုင် ဒုဿီလ သီလမရှိသူဖြစ်ပြီး အရက်သေစာသောက်စား၍ မိန်းမကစ်စုများ ရှုပ်ပွေလှ ကြောင်း၊ သို့ဖြစ်၍ ရန်ကုန် ရဟန်းပျိုအဖွဲ့မှ ဖမ်းဆီး၍ နှစ်ကြိမ်တိုင်တိုင် ဆုံးမခဲ့ရကြောင်း ဖမ်း၍ ဆုံးမရသော ဆရာတော်များပင် ယနေ့တိုင် သက်တော် ထင်ရှားရှိ၍ နေကြပါသေးသည်၊ တပည့်တော်များ ထင်ပြလျှောက်ထားသော သီလနှင့်ပတ်သက်သမျှသည် အမြွက်မျှသာ ရှိပါသေးသည်ဘုရား၊ ဝိသုဒ္ဓိမဂ်သီလ နိဒ္ဒေသ၌ သီလနှင့်စပ်ဆိုင်သော ဟောကြားချက်များ အကျယ်တဝင့်ရှိပါသေး

သည်ဘုရား၊ယခုတပည့်တော်များ တင်ပြလျှောက်ထားသောသီလ (ကိုယ်ကျင့်) တရားနှင့် ကျောက်ပုံဝါဒီတို့ ရေးသားဟောပြောကြသော သီလသည် အရှေ့နှင့် အနောက် အဖြူနှင့်အမဲပမာ လွန်စွာ ကွဲပြား၍ နေခြင်းကြောင့် ပါဠိ၊အဋ္ဌကထာ ဋီကာတို့နှင့် မညီညွတ်သော အဓမ္မဝါဒသာဖြစ်ကြောင်း ဆုံးဖြတ်တော်မူကြပါရန် လျှောက်ထားပါသည် ဆရာတော်အရှင်မြတ်ကြီးများဘုရား။

---

## စောဒနာ အမှတ် (၁၀)

**ကျောက်ပုံဦးစံရင်း၏ ရုပ်နာမ်သန္တတိကို ဝိပဿနာရှုခြင်းသည် ရှု၍မဆုံးနိုင်သော သန္တတိအစဉ်ဝဲကြီးထဲတွင် နစ်မြုပ်နေကြပေသည်ဟူသော ရေးသားခြင်းနှင့် ပတ်သက်၍ စောဒနာချက်ပါဘုရား။**

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်များဘုရား—
ဦးစံရင်းသည် သူ၏ နေယျသင်တန်း စာမျက်နှာ ၁၇၆-၌ –

> ယခုကာလ ဝိပဿနာရှုသူများသည် အများအားဖြင့် ဓမ္မနိယာမခေါ် ဖြစ်ပျက်ဆိုသည့် သန္တတိအစဉ်ကို လက္ခဏာရေးတင်၍ အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုနေကြရာ ရှု၍မဆုံးနိုင်သော သန္တတိအစဉ်ဝဲကြီးထဲတွင် နစ်မြုပ်နေကြလေသည်–

ဟု ရေးသားထားပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား—

အထက်ပါစကားရပ်ကို ကြည့်လျှင် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ပရိယတ္တိနှင့်ညီညွတ်သော ပဋိပတ္တိအလုပ်၊ အားထုတ်မှု ပျက်ပြားသွားစေလိုသော စေတနာဆိုးတို့သည် ဦးစံရင်းသန္တာန်မှာ မည်မျှ လွှမ်းမိုးနေသည်ကို သိမြင်နိုင်ပါသည်ဘုရား၊ ဤသာသနာဖျက်ဝါဒသည် တရက်ပို၍ အသက်ရှည်က ဗုဒ္ဓဘာသာတွေအတွက် တရက်အကျိုးမဲ့တိုးပွားဖို့ရာ ဖြစ်ပါလိမ့်မည်၊ ဘာသာဖျက် မိစ္ဆာဝါဒတို့သည် ဘာသာကို မယုံကြည်ပါပဲလျက် ဦးစံရင်း၏ ဟေဝိဘက္ခ အခေါ် ခံ၍ သက်နိုးအရေခြုံကြသည်၊ ဓမ္မမဟုတ်ပါပဲလျက် သူတို့ဝိပဿနာမှ ဝိပဿနာအစစ်ဟု ကြွေးကြော်ကြသည်။ ဘာသာရေးအသိဉာဏ် ခေါင်းပါးသူအချို့နှင့် အသစ်အဆန်းကြိုက်သူအချို့တို့ပစ္စုပ္ပန် သံသရာနှစ်ဖြာသော အကျိုးတရားတို့ ပျက်ပြားကြရရှာသည်၊ ထို့ကြောင့် ဦးစံရင်း၏ဟပည့် ဒကာ ဒကာမ သာဝက တို့အပေါ်မှာ အကျိုးလိုသောမေတ္တာ သနားသော ကရုဏာဖြင့် စောဒနာခြင်း ဖြစ်သည်ကို ဝိနည်းဓိုရ်ဆရာတော်များ သိရှိပြီးဖြစ်သော်လည်း စုဒိတကများ အမြင်မမှားရအောင် ထပ်မံလျှောက်ထားပါသည် ဘုရား။ ရုပ်နာမ်သန္တတိကို

ရှုပွားသော ယောဂါဝစရ ပုဂ္ဂိုလ်သည် သန္တတိအစဉ် ဝဲဇလုပ်၌ နစ်မြုပ်ခြင်း မရှိနိုင်ကြောင်းကို ရှင်းလင်းလျှောက်ထားလိုပါသည်ဘုရား။

သန္တတိဟူသည် ရုပ်တရားနာမ်တရားတို့၏ ဥပါဒ်ဌီဘင် အစဉ်မပြတ်ဖြစ်နေမှုကို သန္တတိဟုခေါ်ပါသည်။ ထိုရုပ်နာမ်တို့၏ အစဉ်မပြတ်ဖြစ်ပျက်နေမှုကို အနိစ္စလက္ခဏာထင်အောင် မဆင်ခြင် မရှုမှတ်သောသူအား အကြိမ်ကြိမ်မြင်ရသော ရုပ် အကြိမ်ကြိမ်ကြားရသောအသံ အကြိမ်ကြိမ်ရှူရသောအနံ့ အကြိမ်ကြိမ်စားရသောအစာ၊ အကြိမ်ကြိမ်ထိရသောအတွေ့၊ အကြိမ်ကြိမ်သိရသော ကြံသိမှုတို့၌ ယမန်နေ့က မြင်ကြားနံ့ စား ထိသိတို့လည်း ဤသည်တို့ပင်တည်း၊ ယနေ့ မြင်ကြားနံ့စား ထိသိတို့လည်း ဤသည်တို့ပင်တည်းဟု ထင်မှတ်ရလောက်အောင် အစဉ်မပြတ်ဖြစ်နေမှုကို သန္တတိဃနဟု ခေါ်ပါသည်။ ထိုမြင်ကြားနံ့ စား ထိသိအားဖြင့် ခြောက်ပါးအားရုံ ဒလစပ်ဖြစ်ပေါ်နေပုံကို ဖြစ်ဆဲဖြစ်ခိုက် ပျက်ဆဲပျက်ခိုက်၌ မရှုမှတ်ခဲ့သည်ရှိသော် အနိစ္စလက္ခဏာ မထင်သောကြောင့် သန္တတိဃနဖုံးသည်ဟု ဆိုရပါသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒု—နှာ၊ ၂၇၆ ၌—

> အနိစ္စလက္ခဏံ တာဝ၊ ဥဒယဗ္ဗယာနံ၊ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။

အနက်

အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာကို။ တာဝ၊ ဒုက္ခလက္ခဏာ အနတ္တလက္ခဏာတို့မှ ရှေးဦးစွာ။ ဝုစ္စတေ၊ ဆိုအပ်၏။ ဥဒယဗ္ဗယာနံ၊ ဖြစ်ခြင်း ပျက်ခြင်းတို့ကို။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ သန္တတိယာ၊ ရှေ့နောက်နှစ်ပြင် သန္တတိ အစဉ်၏။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းရကား။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ န ဥပဋ္ဌာတိ၊ မထင်ဟုမိန့်ခဲ့ပြီ။

ဤအထက်ပါ အဋ္ဌကထာစကားအရ သန္တတိအစဉ်ရှိသော ရုပ်နာမ်တွေကို ဖြစ်မှုပျက်မှုမရှုလျှင်သာ သန္တတိဃနဖုံးသဖြင့် သန္တတိအစဉ်ဝဲကြီးထဲတွင်နစ်မြုပ်စရာ အကြောင်းရှိပါသည်။

သန္တတိအစဉ်ရှိသော ရုပ်နာမ်တို့၏ ဖြစ်မှုပျက်မှုကို ရှုမှတ်သောယောဂီမှာ ဝိပဿနာဉာဏ် ကေန်ဖြစ်ပေါ်နိုင်ပါသည်၊ ထို့ကြောင့်—

> ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ၊ သန္တတိယာ ဝိကောပိတာယ အနိစ္စလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။ (ဝိသုဒ္ဓိ၊ ၂၊ ၂၇၆)

**အနက်**

ပန၊ အနိစ္စလက္ခဏာ မထင်ပေါ်ပုံမှတပါး ထင်ပေါ်ပုံကိုဆိုဦးအံ့။ ဥဒယဗ္ဗယံ၊ ဖြစ်ခြင်းပျက်ခြင်းကို။ ပရိဂ္ဂ ဟေတွာ။ ပိုင်းခြားပြီးယူ၍၊ဝါ–သိမ်းဆည်းရှုမှတ်၍။ သန္တတိယာ၊ ရုပ်နာမ်တို့၏ ရှေ့နောက်အစဉ်ကို။ ဝိကောပိတာယ၊ ဖျက်ဆီးအပ်ပြီးသည်ရှိသော်။ အနိစ္စလက္ခဏံ၊ အနိစ္စလက္ခဏာသည်။ ယာထာဝသရသတော၊ သဘောအမှန်တိုင်း။ ဥပဋ္ဌာတိ၊ ထင်၏ဟူ၍ မိန့်ဆိုထားပါသည်။

အဋ္ဌကထာ၏အဆိုမိန့်အရ ရုပ်နာမ်တို့၏ သန္တတိအစဉ်ကို လက္ခဏာရေးတင် ၍ရှုမှတ်လျှင် သန္တတိဃနပြိုကွဲရလေတော့သည်။ ဘယ်သန္တတိအစဉ်ဝဲထဲမှ မနစ်မြုပ်နိုင်ပါ၊အမှားတွေကို ကျောက်တောင်ကြီးလို ပုံထားသော ကျောက်ပုံတို့၏ စကားကိုနားယောင်၍ တွေးခေါ်ယူဆနေကြလျှင်သာ သန္တတိအစဉ်ဝဲထဲတွင် မဟုတ် ရေရှစ်ထပ်တည်းဟူသော ဝဲကြီးထဲမှာပင် မြုပ်နိုင်ပေသည်။

ဝိပဿနာအရာ၌ ယောဂီပုဂ္ဂိုလ်သည် အဘယ်ကိုဝိပဿနာခေါ်သည်ဟု ဘုရားအလိုကျ သိထားသင့်လှ၏။ သိမထားလျှင် ကျောက်ပုံအညာခံရမည်၊အနိစ္စ, အနိစ္စလက္ခဏာ, အနိစ္စာနုပဿနာဟု သုံးမျိုး သုံးစားခွဲခြားသိရှိရန် အရေးကြီးသည့်အလျောက်–လျှောက်ထားခွင့် ပြုစေလိုပါသည် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်မြတ်ကြီးများ ဘုရား။

ဖြစ်ဆဲခန္ဓာငါးပါးသည် အနိစ္စမည်၏၊ အကြောင်းကား ဖြစ်ခြင်း ပျက်ခြင်း တည်တံ့ခြင်းမှတပါးသော အခြင်းအရာအားဖြင့် ဖြစ်တတ်သောကြောင့်လည်းကောင်း ဖြစ်၍ပြီးက မရှိတော့သောကြောင့်လည်းကောင်း ခန္ဓာငါးပါးသည် အနိစ္စဟူ၍ အမည်ရပါသည်။

ဖြစ်တတ်သောသဘော ပျက်စီးတတ်သောသဘော တည်တံ့ခြင်းမှ တပါး မတည်တံ့သောအခြင်းအရာအားဖြင့် ဖြစ်တတ်သော သဘောလေးသည် အနိစ္စလက္ခဏာမည်ပါသည်။ ထိုအနိစ္စလက္ခဏာကို ရှုတတ်သော ဉာဏ်ကလေးသည် အနိစ္စာနုပဿနာမည်ပါသည်၊ ၎င်းဉာဏ်ကလေးသည် ဝိပဿနာအစစ်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ဝိသုဒ္ဓိ၊ ၂၊ ၂၆၅-၌–

> ဇာတံ ရူပံ ပစ္စုပ္ပန္နံ၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊
> ဝိပရိဏာမလက္ခဏံဝယော၊ အနုပဿနာ ဉာဏံ။

**အနက်**

ဇာတံ၊ ဥပါဒ်ဌီဘင် သန္တတိအစဉ်သို့ရောက်ဆဲဖြစ်သော။ ရူပံ၊ ရုပ်သည်။ ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ရုပ်ပေတည်း။ တဿ၊ ထိုပစ္စုပ္ပန်ရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ စတင်ဖြစ်ပေါ်သောလက္ခဏာသည်။ ဥဒယော၊ ဥဒယမည်၏။ ဝိပရိဏာမလက္ခဏံ၊ ဖြစ်ပေါ်စနှင့်မတူပဲ ပြောင်းလဲပျောက်ကွယ်ခြင်းလက္ခဏာသည်။ ဝယော၊ ဝယမည်၏။ အနုပဿနာ၊ ထိုဖြစ်မှုပျက်မှုကို အဖန်ဖန်ရှုသိမြင်ခြင်းသည်။ ဉာဏံ၊ ဥဒယဗ္ဗယဝိပဿနာဉာဏ်မည်၏။

> ဇာတာ ဝေဒနာ, သညာ, သင်္ခါရာ, ဝိညာဏံ။ ဇာတံ စက္ခုံ။ပ။ ဇာတော ဘဝေါ ပစ္စုပ္ပန္နော၊ တဿ နိဗ္ဗတ္တိလက္ခဏံ ဥဒယော၊ ဝိပရိဏာမလက္ခဏံ ဝယော၊ အနုပဿနာ ဉာဏံ။

ဟူ၍ ခန္ဓာငါးပါးတို့၏ ဥပါဒ်ဌီဘင်အစဉ်သို့ ရောက်ဆဲခဏမှာ ဖြစ်ပျက်ရှုရမည်၊ ထိုသို့ရှုသောဉာဏ်သည် ဝိပဿနာဉာဏ်အစစ်ဖြစ်၏ဟူ၍ ပြထားရုံတွင်မက ရှေ့နောက်သန္တတိအစဉ်ကို ဝိပဿနာရှုထိုက်ကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ ၂၆၅-၌ တိုက်ရိုက်မိန့်ဆိုထားပါသည်ဘုရား။

> ပဋိပါဋိတောတိ အာဒါနနိက္ခေပရူပံ "အနိစ္စံ ဒုက္ခမနတ္တာ"တိ၊ သမ္မသိတွာ တံ ပဌမစိတ္တံ ဒုတိယစိတ္တေန။ ဒုတိယံ တတိယေန (ပ) ဒသမံ ဧကာဒသမေန၊ တေမ္ပိ "အနိစ္စံ ဒုက္ခ မနတ္တာ"တိ သမ္မသတိ။ ဝယောဝုဍ္ဎတ္ထင်္ဂမ ရူပံ, အာဟာရမယံ, ဥတုမယံ, ကမ္မဇံ,စိတ္တသမုဋ္ဌာနံ ဓမ္မတာရူပံ "အနိစ္စံ ဒုက္ခမနတ္တာ"တိ သမ္မသိတွာ တံ ပဌမစိတ္တံ၊ ဒုတိယစိတ္တေန, ဒုတိယံ တတိယေန တတိယံ စတုတ္ထေန။ (ပ) ဒသမံ ဧကာဒသမေန တေမ္ပိ"အနိစ္စံ ဒုက္ခမနတ္တာ"တိ ဧဝံ ဝိပဿနာပဋိပါဋိယာ သကလမ္ပိ ဒိဝသဘာဂံ သမ္မသိတုံ ဝဋ္ဋေယျ၊ ယာဝ ဒသမစိတ္တ သမ္မသနာ ပန ရူပကမ္မဋ္ဌာနမ္ပိ အရူပကမ္မဋ္ဌာနမ္ပိ ပဂုဏံ ဟောတိ၊တသ္မာ ဒသမေယေဝ ဌပေတဗ္ဗန္တိ ဝုတ္တံ။ (ဝိသုဒ္ဓိ၊ ၂။ ၂၆၂။)

**အနက်**

ပဋိပါဋိတောတိ၊ပဋိပါဋိနည်းဟူသည်ကား။အာဒါနနိက္ခေပံ၊ ပဋိသန္ဓေနှင့်စုတိခြားရှိ ရုပ်နာမ်တရားအပေါင်းကို။ အနိစ္စံ၊ ဖြစ်၍ပြီးက မရှိတော့သောကြောင့် အနိစ္စပေတည်း။ ဒုက္ခံ၊ ဖြစ်ခြင်းပျက်ခြင်းတို့သည် အမြဲမပြတ်နှိပ်စက်အပ်သောကြောင့် ဆင်းရဲသော ဒုက္ခပေတည်း။အနတ္တာ၊အလိုအတိုင်းမဖြစ်သော သဘောကြောင့် အနတ္တပေတည်း။ ဣတိ၊ ဤသို့။ သမ္မသိတွာ၊ သုံးသပ်ပြီး၍။ တံပဌမစိတ္တံ၊ အနိစ္စ ဒုက္ခ အနတ္တဟုသုံးသပ်ရှုမှတ်သော ထိုပထမဆုံး ဝိပဿနာစိတ်ကို။ ဒုတိယစိတ္တေန၊ ဒုတိယစိတ်ဖြင့်။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ အနိစ္စ ဒုက္ခ အနတ္တ ဟူ၍။သမ္မသတိ၊သုံးသပ်ရှုမှတ်၏။ဒုတိယံ၊ ဒုတိယစိတ်ကို။ တတိယေန၊ တတိယ

စိတ်ဖြင့်။ (ပ)ဒသမံ၊ ဆယ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ဝိပဿနာစိတ်ကို။ ကောဒသမေန၊ တဆယ့်တခုတို့၏ ပြည့်ကြောင်းဖြစ်သော ဝိပဿနာစိတ်ဖြင့်။ တေမွိ၊ ဤဆယ်ခုမြောက်ဖြစ်သော စိတ်သည်လည်း။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ အနိစ္စ ဒုက္ခ အနတ္တာဟူ၍။သမ္မသတိ၊သုံးသပ်ရှုမှတ်၏။ ဧဝံ၊ ဤသို့သောနည်းဖြင့်။ ဝိပဿနာပဋိပါဋိယာ၊ ဝိပဿနာအစဉ်အားဖြင့်။ သကလဒိဝသဘာဂမ္ပိ၊အလုံးစုံသော နေ့အဖို့ပတ်လုံးလည်း။သမ္မသိတုံ၊ သုံးသပ်ရှုမှတ်ခြင်းငှာ၊ဝါ၊ သုံးသပ်ရှုမှတ်ခြင်းသည်။ဝဋ္ဋေယျ၊ သင့်မြတ်ခဲ့လေရာ၏၊

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်မြတ်များဘုရား—

အထက်ပါအထောက်အထားအရ ရုပ်နာမ်တို့၏ သန္တတိအစဉ်ကို လက္ခဏာရေးတင်၍ ဝိပဿနာရှုနိုင်ကြောင်း ထင်ရှားပြီဖြစ်၍ ရုပ်နာမ်သန္တတိကို ဝိပဿနာ မရှုသင့်ကြောင်း ဟောပြောရေးသားသောကျောက်ပုံဝါဒီတို့သည် အဓမ္မဝါဒီများဖြစ်ကြောင်း၊ ၎င်းတို့ဝါဒလည်း အဓမ္မဝါဒဖြစ်ကြောင်း ဆုံးဖြတ်ပေးတော်မူကြပါဘုရား။

---

## စောဒနာ အမှတ်(၁၁)

**ကျောက်ပုံတောရဆရာတော်အမည်ခံ ဦးစံရင်း၏အလွှာလေးလွှာဖျက်ပုံ ရေးသားဟောပြောခြင်းနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။**

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်များဘုရား—

ဦးစံရင်း၏နေယျသင်တန်း စာမျက်နှာ(၇၀)မှ စ၍—

(က) လောကဝဲ့တစုံတခုသောအရာများကို သူမြင်သည်၊ ငါမြင်သည်၊ ယောကျ်ားမြင်သည်၊ မိန်းမမြင်သည် စသည်ဖြင့်ပြောဆိုရာတွင် ငါသူတပါး ယောကျ်ားမိန်းမ အစရှိသောအမည်များသည် ပြောဆိုသုံးစွဲရာ၌လွယ်ကူစေရန် မှည့်ခေါ်ထားခြင်းကြောင့် ၎င်းကို အဝိဇ္ဇမာနပညတ်ဟု ခေါ်၏၊ တနည်း သာမညသညာသိဟု ခေါ်၏၊ ၎င်းကိုပယ်လိုက်ခြင်းသည် အလွှာတလွှာဖျက်သည်မည်၏။

(ခ) တဖန်မှည့်ခေါ်ထားသောအမည်များကိုပယ်၍ မြင်ကြား နံစား ထိသိ သာဟုတ်သည်ဟု ယူဆလိုက်ခြင်းသည် ဝိဇ္ဇမာနပညတ်ဖြစ်၏၊ တနည်းဝိသေသသညာသိဖြစ်၏၊ ၎င်းကိုပယ်လိုက်ခြင်းသည်လည်း အလွှာတလွှာကိုဖျက်သည်မည်၏။

(ဂ) တဖန် မြင်ကြွားနံစား ထိသိသည် တကယ်မဟုတ်မရှိ၊ မြင်တယ် ကြားတယ် စသည်ဖြင့် အသမုတ်ခံရသည့် သဘောလေးသာအမှန် ရှိသည်ဟုယူဆခြင်းကို ပရမတ်ခေါ် ၏၊ တနည်း ဝိညာဏ်သိခေါ် ၏၊ ၎င်းကိုပယ်လိုက်ခြင်းသည်လည်း အလွှာတလွှာကိုဖျက်သည်မည်၏။

(ဃ) တဖန် ထိုဘာပဲ ညာပဲ အသမုတ်ခံရသော သဘောလေးနှင့်တကွ ပတ်ဝန်းကျင်နီးကပ်သည့်သဘောများကို ဝိဇ္ဇာဉာဏ်ဖြင့် ဝေဖန် ပိုင်းခြား၍ကြည့်ရှုသောအခါ သူဘာသာသူမဖြစ်နိုင် မရှိနိုင်ကြောင်း သူတို့အထဲမှာလည်း ဖြစ်အောင်ရှိအောင်မလုပ်နိုင်ကြောင်း စသည် တို့ကို သူတို့ကိုယ်တိုင်အစစ်ခံနေကြသဖြင့် မြင်ခြင်းငှာထိုက်သည့် သဘော မြင်တယ်ဟု အသမုတ်ခံရသည့်သဘောလေးသည် သူကိုယ် တိုင် သူ့ဟာသူ အနတ္တဟုအစစ်ခံရာရောက်တော့၏၊ ဤကဲ့သို့ ပရမတ် ကို ဖောက်ခွဲ၍ စစ်ဆေးခြင်းပြုလုပ်သည်ကို ဝိပဿနာရှုသည်ဟု ခေါ် ၏။ တနည်း ပညာသိဟုခေါ် ၏၊ ၎င်းကိုအလွှာတလွှာ ဖျက်သည်မည်၏။

(င) ထို့ကြောင့်ဆုံးခန်းတိုင် အေးချမ်းစွာနေနိုင်ရန် မနောဝိညာဏ်ခေါ် မောင်ထင်၏ ထင်ကြေးအစွဲခံနေရခြင်းမှလွတ်မြောက်၍ ပညာသိ အနတ္တအစစ်အထိ မိမိရရဉာဏ်ဝမှာ ပေါ်လွင်ထင်ရှားလာအောင် ဆင်ခြင်တတ်ဖို့ အရေးကြီးပါသဖြင့် နေယျပုဂ္ဂိုလ်များအတွက် (သင်ယူမှတ်သား၊ နာကြားတွေးကြံ၊ မကျေနပ် နောက်ထပ် မေးမြန်းရန်)ဆိုသည့် ကလျာဏတို့၏လက်နက်ကြီး ငါးမျိုးကိုကိုင်၍ ရက်လနစ်အကန့်အသတ်မထားပဲ ပညာသိအနတ္တအစစ်တရားကို လိုက်စားကြစေလိုသည်။

နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား —

အထက်ပါလေးလွှာဖျက်ပုံသည်ကျောက်ပုံဝါဒတွင် အရေးအကြီးဆုံးဖြစ်ပါ သည်ဘုရား၊ အထက်ပါအချက်ကြီးငါးချက်တွင် ယူဆလိုက်ခြင်းသည်ဆိုသော စကားရပ်၊ ၎င်းကိုပယ်လိုက်ခြင်းသည် ဆိုသောစကားရပ်၊ ကလျာဏလက်နက် ကြီး ငါးမျိုးဆိုသော စကားရပ်များကို အထူးပြု၍ လျှောက်ထားလိုပါသည် ဘုရား။

(က) စကားရပ်တွင် ၎င်းကိုပယ်လိုက်ခြင်းသည်

(ခ) စကားရပ်တွင်လည်း ၎င်းကိုပယ်လိုက်ခြင်းသည်

(ဂ) စကားရပ်တွင်လည်း ၎င်းကိုပယ်လိုက်ခြင်းသည်

ဟု ပါရှိခဲ့ကြပါသည်။ ဆယ်လိုနည်းနဲ့ပယ်ရမည်ဟူ၍ တလုံးတပါဒမျှ မပါရှိခဲ့ပါ။

(င)စကားရပ်တွင် ကလျာဏလက်နက်ကြီး ငါးမျိုးပါရှိခဲ့ပါသည်။ငင်းလက်နက် ငါးမျိုးဖြင့် ပယ်ရမည်ဟုဆိုလိုဟန်ရှိပါသည်ဘုရား။

ငင်းလက်နက်ငါးမျိုးသည် ကလျာဏပုထုဇဉ်၏အင်္ဂါငါးမျိုးမျှသာဖြစ်၍ ဝိပဿနာမဟုတ်ပါ၊ ဤနည်းဖြင့် ဝိပဿနာဉာဏ်ကိုမရနိုင်ပါ၊ ဤမျှလောက်ဖြင့် ပင် ကျောက်ပုံဝါဒ၏အနှစ်သာရကင်းမဲ့ပုံကို သိမြင်နိုင်လောက်ပါသည်ဘုရား။

ယူဆလိုက်ခြင်းသည်ဟူသောစကားသည်လည်း ယူဆခြင်း၊ တွေးခေါ်ခြင်း၊ ကြံဆခြင်း၊စဉ်းစားခြင်းဆိုသော မြန်မာစကားပရိယာယ်များသည် အဓိပ္ပာယ် အားဖြင့်အတူတူပင်ဖြစ်၍ ဝိပဿနာဉာဏ်နှင့်အလှမ်းကွာလှသော စဉ်းစား တွေးတော ဉာဏ်များသာဖြစ်ပါသည်ဘုရား။ (သင်ယူမှတ်သား နာကြား၊ တွေးကြံ၊ မကျေနပ် နောက်ထပ်မေးမြန်းရန်)ဟူသော အချက်ငါးချက်သည် ကျောက်ပုံဝါဒ၏ အဓိကအခြေခံဖြစ်ပါသည်၊ ငင်းငါးမျိုးထဲမှာ ဝိပဿနာမပါပါ၊ အလွန်ဆုံး သုတမယဉာဏ်၊ စိန္တာမယဉာဏ်လောက်သာ ဖြစ်နိုင်ပါသည်ဘုရား။

ပရိယတ္တိစာသင်တိုက်၌ စာသင်အရွယ် သာမဏေငယ်များသည် သင်အံ ကျက်မှတ်ပြီး စဉ်းစားတွေးတော ယူဆသည့်အဆင့်မျှလောက်သာ ရှိပါသည် ဘုရား၊ တရားလိုချင်သောသူတော်စင်များ ဝေးဝေးကရှောင်ရှားသင့်သော ဝါဒဖြစ်ပါသည်ဘုရား၊ ကျောက်ပုံဝါဒီတို့သည် ယူဆခြင်း၊ ထင်မှတ်ခြင်း၊ကြံစည် စဉ်းစားတွေးတောခြင်းများဖြင့် တရားဦးခေါင်း ဆုံးနေကြသူများဖြစ်ကြ၍ မည်သူတဦးတယောက်မျှ ဘာဝနာအလုပ်ကိုအားထုတ်သူမရှိကြပါ၊ ဓမ္မဝိနယ နှင့်အညီ အားထုတ်သူများကိုပင် ပြစ်တင်ရှုတ်ချကြပါသည်။

ဝိပဿနာအလုပ်ဟူသည် ခန္ဓာငါးပါးကိုဖြစ်စေ အာယတနတဆယ့်နှစ်ပါးကို ဖြစ်စေ၊ ဓာတ်တဆယ့်ရှစ်ပါးကိုဖြစ်စေ လက္ခဏာရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနလေးပါး တို့တွင် တပါးပါးထင်အောင် ပစ္စုပ္ပန်ဖြစ်ဆဲ ဖြစ်ခိုက်၌ရှုမှတ်ပွားများရသော အလုပ်ဖြစ်၍ ဝိပဿနာဉာဏ်ဟူသည်မှာလည်း ကျောက်ပုံဝါဒီတို့၏အခြေခံ ငါးချက်ဖြင့်ကြံဆ ယူဆတွေးဆ၍ သိသော သုတမယဉာဏ် စိန္တာမယဉာဏ်ထက် ထူးသောဉာဏ်ဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၂-စာမျက်နှာ ( ၂၄၃ )၌ လည်းကောင်း၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်(၆)၌ လည်းကောင်း—

သဗ္ဗံ ဘိက္ခဝေ အဘိညေယျံ။ ကိဉ္စ ဘိက္ခဝေ သဗ္ဗံ အဘိညေယျံ စက္ခု ဘိက္ခဝေ အဘိညေယျံ။ရူပါ။စက္ခုဝိညာဏံ။ စက္ခုသမ္ဖဿော။ယမ္ပိဒံ စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခ-မသုခံ ဝါ၊ တမ္ပိ အဘိညေယျံ။သောတံ။ပ။အဘိညေယျံ။

ဟူ၍ ဟောတော်မူခဲ့ပါသည်ဘုရား။

အနက်

ဘိက္ခဝေ၊ သူတော်ကောင်းတို့။ စက္ခုံ၊ မျက်စိကို။ အဘိညေယျံ၊ ရှေးရှုပြု၍ သိအပ်၏။ ဝါ၊ ရှုမှတ်၍ သိသော ဉာဏ်အထူးဖြင့် သိအပ်၏။ ရူပါ၊ ရူပါရုံတို့ကို။ အဘိညေယျာ၊ ရှေးရှုပြု၍ သိအပ်ကုန်၏။ ဝါ၊ ရှုမှတ်၍ သိသော ဝိပဿနာဉာဏ် အထူးဖြင့် သိအပ်ကုန်၏။ စက္ခုဝိညာဏံ၊ မြင်သိစိတ်ကို။ အဘိညေယျံ၊ ရှေးရှုပြု၍ သိအပ်၏။ ဝါ၊ ရှုမှတ်၍သိသော ဝိပဿနာဉာဏ်အထူးဖြင့် သိအပ်၏။စက္ခုသမ္ဖဿော၊ မြင်တွေ့မှုကို။ အဘိညေယျော၊ ရှေးရှုပြု၍သိအပ်၏။ ဝါ၊ ရှုမှတ်၍ သိသော ဝိပဿနာဉာဏ်အထူးဖြင့် သိအပ်၏။ စက္ခုသမ္ဖဿပစ္စယာ၊ မြင်တွေ့မှုကြောင့်။ သုခံ ဝါ၊ ချမ်းသာမှုလည်းဖြစ်သော။ ဒုက္ခံ ဝါ၊ ဆင်းရဲမှုလည်းဖြစ်သော။ အဒုက္ခမသုခံ ဝါ၊ ဆင်းရဲလည်းမဟုတ် ချမ်းသာလည်း မဟုတ်သော။ ယံ ဣဒံ ဝေဒယိတံ၊ အကြင်ခံစားမှုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တမ္ပိ၊ ထိုသုံးမျိုးသော ခံစားမှုကိုလည်း။ အဘိညေယျံ၊ ရှေးရှုပြု၍ သိအပ်၏။ ဝါ၊ ရှုမှတ်၍ သိသော ဝိပဿနာဉာဏ်အထူးဖြင့် သိအပ်၏။

အထက်ပါ ပါဠိအဋ္ဌကထာအရ ကျောက်ပုံဝါဒ၏ အခြေခံလက်နက် ဖြစ်သော (သင်ယူမှတ်သား နာကြား တွေးကြံ မကျေနပ်နောက်ထပ်မေးမြန်းရန်) ဟူသောနည်းဖြင့် ယူဆ၍သိရသော စိန္တာမယပညာ သုတမယပညာတို့ထက် ထူးသော ဝိပဿနာဉာဏ်ဖြင့်ရှု၍ သိအပ်သော တရားတို့သည် အကျဉ်းအားဖြင့် ရုပ်နာမ်နှစ်ပါး အကျယ်အားဖြင့် ခန္ဓာအာယတနဓာတ်၊ ပဋိစ္စသမုပ္ပါဒ်တရားတို့သည် အဘိညာတမည်ကုန်၏ဟု သိအပ်ပါသည်။ ထိုကြောင့် ဝိသုဒ္ဓိ၊ဋီ၊၂၊ နှာ-၅၀၇-၌-

> **အပိစ** သုတမယာယ, စိန္တာမယာယ, ကေစ္စဘာဝနာ မယာယ စ
> အဘိဝိသိဋ္ဌာယ ပညာယ ဉာတာ အဘိညာတာ—

ဟူ၍ ဖွင့်ဆိုထားပါသည်။

အနက်

အပိစ အပရော၊ တပါးသောနည်းကို။ ဝုစ္စတေ၊ ဆိုဦးအံ့။သုတမယာယ စ၊ သုတမယဉာဏ်မှလည်းကောင်း။ စိန္တာမယာယ စ၊ စိန္တာမယဉာဏ်မှလည်းကောင်း။ ကေစ္စ ဘာဝနာမယာယ စ၊ အချို့သော သမထဘာဝနာမယဉာဏ်မှလည်းကောင်း။ အဘိဝိသိဋ္ဌာယ၊ ထူးခြားသော။ ပညာယ၊ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်တည်းဟူသောပညာဖြင့်။ ဉာတာ၊ သိအပ်သော ရုပ်နာမ်တရားတို့သည်။ အဘိညာတာ၊ အဘိညာတတို့မည်ကုန်၏။

အထက်ပါ မဟာဋီကာစကားအရ ကျောက်ပုံဝါဒ၏ အခြေခံလက်နက် ငါးမျိုးဖြင့် ယူဆခြင်းသည် ဝိပဿနာဉာဏ်၏ အခြေခံနာမရူပပရိစ္ဆေဒဉာဏ် လေးလောက်မျှမဖြစ်သည်ကို တွေ့ရပါသည်ဘုရား။

ထို့ကြောင့်ပင် ကျောက်ပုံဝါဒကို ယုံမှားမိကြသော ဗုဒ္ဓဘာသာဝင်တို့ သည် တရားအထူးမရသည့်အပြင် မူလကရှိပြီးသော သူတော်ကောင်းတရားမှ ဆုံးရှုံးခြင်းသို့ရောက်ကြပါသည်။ သဒ္ဓါရှိသူအဖြစ်မှသည် သဒ္ဓါတရား ခေါင်းပါး သူအဖြစ်သို့လည်းကောင်း၊ သီလရှိသူအဖြစ်မှလည်း ဒုဿီလအဖြစ်သို့လည်း ကောင်း ရောက်ရှိသွားကြသူတွေကို ကိုယ်တွေ့မျက်မြင် တွေ့မြင်ကြရပါသည် ဘုရား။

ကျောက်ပုံဝါဒဖြင့် ယူဆပြီး သိသော အသိမျိုးထက်ထူးသော ဉာဏ်ပညာ ဖြင့် သဘာဝဓမ္မတို့ကို လက္ခဏာ စသည်တို့ မြင်ဆဲမြင်ခိုက် ကြားဆဲကြားခိုက် နံဆဲနံခိုက် စားဆဲစားခိုက် ထိဆဲထိခိုက် ကြံသိဆဲကြံသိခိုက်၌ ရှုမှတ်၍သိသော ဉာဏ်သည်သာ ဝိပဿနာဉာဏ် အခြေခံဖြစ်ကြောင်းကို ဝိသုဒ္ဓိ၊ဋီ၊၂။၃၇၇-၌—

သဘာဝဓမ္မာနံ လက္ခဏ သလ္လက္ခဏတော ဥပဋ္ဌာနတော အဘိမုခါ ပညာ အဘိညာပညာ—

ဟု ဖွင့်ဆိုထားပါသည်။

အနက်

သဘာဝဓမ္မာနံ၊ ရုပ်နာမ်သဘောတရားတို့၏။ လက္ခဏသလ္လက္ခဏတော၊ သဘာဝလက္ခဏာကို ရှုမှတ်သဖြင့်၊ဝါ၊လက္ခဏ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်ကိုရှုမှတ် သဖြင့်။ ဥပဋ္ဌာနတော အဘိမုခါ၊ သိအပ်သော ရုပ်နာမ်သို့ ရှေးရှုသော ပညာ အပြား အားဖြင့် သိတတ်သောပညာသည်။ အဘိညာပညာ၊ ဉာတပရိညာ ခေါ်သော အဘိညာပညာမည်၏။

နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်များဘုရား—

ကျောက်ပုံဝါဒ၏ အဓိကကျသော ကလျာဏလက်နက်ငါးမျိုးဖြင့် ယူဆ၍ လေးလွှာဖျက် ဝိပဿနာသည် ပါဠိအဋ္ဌကထာဋီကာတို့နှင့် တခြားစီဖြစ်ကြောင်း ထင်ရှားလှပါသည်ဘုရား။ ထို့ထက် ထင်ရှားအောင် လျှောက်ထားပါဦးမည် ဘုရား။

ဝိပဿနာဟူသည် သင်တန်းတက်ခြင်း၊ စိတ်ကူးကြံဆခြင်း၊ တွေးခေါ်ယူဆ ခြင်းဖြင့် ဖြစ်နိုင်သည်မဟုတ်ပါ။ ထိုကိုးရက် သင်တန်းတက်ခြင်း၊ စိတ်ကူးကြံဆ

ခြင်း၊ တွေးခေါ်ယူဆခြင်းတည်းဟူသော သုတမယဉာဏ်၊ စိန္တာမယဉာဏ်ထက် ထူးခြားသော ဉာတပရိညာခေါ်သောပညာဖြင့် မြင်ဆဲမြင်ခိုက်၊ ကြားဆဲကြား ခိုက်၊ နံဆဲနံခိုက်၊ စားဆဲစားခိုက်၊ သိဆဲထိခိုက်၊ ကြံသိဆဲကြံသိခိုက်တို့၌ သဘာဝ ရုပ်နာမ်တို့ကို အရှိကို အရှိအတိုင်း အမှန်ကို အမှန်အတိုင်း လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့ဖြင့် ရှုမှတ်သိသော ဝိပဿနာပညာသည် ဉာတပရိညာ မည်၏ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၂၊၂၄၁-၌—

> တတ္ထ "ရုပ္ပနလက္ခဏံ ရူပံ၊ ဝေဒယိတလက္ခဏာ ဝေဒနာ"တိ ဧဝံ တေသံ တေသံ ဓမ္မာနံ၊ ပစ္စတ္တလက္ခဏသလ္လက္ခဏဝသေန ပဝတ္တာ ပညာ ဉာတပရိညာ နာမ။

ဟူ၍ မိန့်ဆိုထားပါသည်။

**အနက်**

တတ္ထ၊ ထိုပရိညာ သုံးပါးတို့တွင်။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်တတ်သော သဘော လက္ခဏာသည်။ ရူပံ၊ ရုပ်မည်၏။ ဝေဒယိတလက္ခဏာ၊ ခံစားတတ် သော သဘောလက္ခဏာသည်။ ဝေဒနာ၊ ဝေဒနာမည်၏။ ဧဝံ၊ ဤနည်းဖြင့်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုရုပ်နာမ် သဘာဝဓမ္မတို့၏။ ပစ္စတ္တလက္ခဏသလ္လက္ခ-ဏဝသေန၊ အသီး အသီး ကိုယ်စီကိုယ်စီ ရှိကြသော ကိုယ်ပိုင်သဘောလက္ခဏာ-ကို ကောင်းစွာ ရှုမှတ်သည်၏ အစွမ်းအားဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ပညာ၊ အပြားအားဖြင့် သိတတ်သော ဝိပဿနာ ဉာဏ်ပညာသည်။ ဉာတပရိညာ နာမ၊ ဉာတပရိညာမည်၏။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်တို့ ဘုရား—

ဤအထက်ပါ ဆိုခဲ့ပြီးသော သာဓကတို့ဖြင့် ကျောက်ပုံဝါဒ၏ လေးလှာဖျက် ဝိပဿနာသည် ဝိပဿနာ အစစ်မဟုတ်မူ၍ ဝိပဿနာပဋိရူပကသာ ဖြစ်ပါသည် ဘုရား။ ထိုဝိပဿနာ ပဋိရူပကဖြင့် တရားထူး တရားမြတ်ကို မဆိုထားဘိ အနိမ့် ဆုံး ယထာဘူတဉာဏ်ကိုပင် မရနိုင် ဆိုသည်မှာလည်း ထင်ရှားပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များ အထင်မှား အမြင်မှားဖြင့် အပါယ်မလား ရအောင် သနားသော အနေအားဖြင့် ကျောက်ပုံဝါဒ ကျောက်ပုံဝါဒီတို့သည် အဓမ္မဝါဒ အဓမ္မဝါဒီတို့သာ ဖြစ်ကြောင်း ဆုံးဖြတ်တော်မူကြပါရန် လေးစားစွာ လျှောက်ထား တောင်းပန်ပါသည် နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်မြတ်တို့ ဘုရား။

## စောဒနာ အမှတ်—၁၂

**ကမ္မဿကတ သမ္မာဒိဋ္ဌိ ဈာနသမ္မာဒိဋ္ဌိ မဂ္ဂင်တို့ကို " မိစ္ဆာပဋိပဒါ " ဟု ရေးသားဟောပြော မှုနှင့် ပတ်သက်၍ စောဒနာချက်ပါ ဘုရား။**

အမှတ်(၄) နိုင်ငံတော် သီခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား—

ကျောက်ပုံတောရ ဆရာတော် အမည်ခံ ဦးစံရင်းသည် ကမ္မဿကတ သမ္မာဒိဋ္ဌိမဂ္ဂင် ဈာနသမ္မာဒိဋ္ဌိ မဂ္ဂင်များကို တဏှာ မာန ဒိဋ္ဌိဆိုသည့် နယ်ချဲ့သမားသုံးယောက်ကြိုးကိုင်သော ( ၃၁ ) ဘုံမှ မလွတ်နိုင်သောအကျင့် ကမ္မဋ္ဌာန်းလမ်းစဉ်များဟု မိမိတို့၏ တထွာတမိုက်ဉာဏ်ဖြင့် တွေးခေါ်ကြံဆ၍ " မိစ္ဆာပဋိပဒါ " အနေအားဖြင့် ရေးထားသည်ကို အောက်ပါအတိုင်း တွေ့ရှိရပါသည် ဘုရား။

(က) ဝိဇ္ဇာပေါ် မူတည်သော သမ္မာဒိဋ္ဌိမဂ္ဂင်များသည် ကမ္မဿကတ သမ္မာဒိဋ္ဌိ ဈာနသမ္မာဒိဋ္ဌိ ဝိပဿနာသမ္မာဒိဋ္ဌိဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင် အမှန်ကလေး အမှန်ကြီး ခေါ်သည့် ကမ္မဿကတ သမ္မာဒိဋ္ဌိ မဂ္ဂင်နှင့် ဈာနသမ္မာဒိဋ္ဌိမဂ္ဂင် နှစ်မျိုးသည် အမှားမဂ္ဂင်ဆိုသည့် မိစ္ဆာဒိဋ္ဌိမဂ္ဂင်ကို ထောက်၍ သမ္မာဒိဋ္ဌိမဂ္ဂင်ပင် ဆိုသော်လည်း သံသရာသုံးကြောင်း သုံးသွယ်မှ မလွတ်သဖြင့် အဝိဇ္ဇာနယ်ပယ်က မလွတ်သေးသောကြောင့် မိစ္ဆာမဂ္ဂင် မှားသောလမ်း မှားသောအကျင့်သာ ဖြစ်၏။

( ကမ္မဋ္ဌာဝိပဿနာကျမ်း၊ နေယျသင်တန်း – ၁၃၇)ပထမအကြိမ်ရိုက်

(ခ) အလယ်တန်းနှင့် အထက်တန်း သံသရာဖြစ်သည့် အကျင့်များသည် ကမ္မဿကတ သမ္မာဒိဋ္ဌိမဂ္ဂင်နှင့် ဈာနသမ္မာဒိဋ္ဌိ မဂ္ဂင်သက်သက်သာ ဖြစ်သော အကျင့် ကမ္မဋ္ဌာန်းလမ်းများ ဖြစ်ကြ၍ ရုပ်နာမ်ဟု အသမုတ်ခံရသည့် သဘောများကို အမှီပြုပြီးမှ သို့မဟုတ် စွဲပြီးမှဖြစ်သောအကျင့် ကမ္မဋ္ဌာန်းလမ်းများ ဖြစ်သောကြောင့် ရုပ်နာမ်သာလိုရင်းဖြစ်နေသဖြင့် ရုပ်နာမ်မှ ပေါက်ဖွားလာကြသည့် တဏှာမာန ဒိဋ္ဌိဆိုသည့် နယ်ချဲ့သမားသုံးယောက် ကြိုးကိုင်သော ( ၃၁ )ဘုံမှ မထွက်နိုင်ကြချေ၊ ထို ( ၃၁ ) ဘုံမှ မလွတ်နိုင်သောအကျင့် ကမ္မဋ္ဌာန်း လမ်းစဉ်များကို မိစ္ဆာပဋိပဒါခေါ် ၏။ ဗမာလိုမှားသောလမ်းခေါ် ၏၊ ထို့ကြောင့် မြတ်စွာဘုရားက(အင္ဂသမာပတ္တိယောပိ ဘိက္ခဝေ မိစ္ဆာပဋိပဒါ ) ဟု မှားသောအကျင့် မှားသောလမ်းဟု ဟောကြားထားတော် မူခဲ့လေပြီ။

( ကမ္ဘာ့ ဝိပဿနာကျမ်း၊ နေယျသင်တန်း—၁၄၇၊ ၁၄၉ )ပထမအကြိမ်ရှိက် ဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား—

ကျောက်ပုံတောရ ဆရာတော် အမည်ခံ ဦးစံရင်းသည် ကမ္မဿကတ သမ္မာဒိဋ္ဌိမဂ္ဂင် ဈာနသမ္မာဒိဋ္ဌိမဂ္ဂင်များကို မည်သို့ပြုလုပ်လျှင် သံသရာဝဋ်၌ ကျင်လည်ရ၏ မည်သို့ပြုလုပ်လျှင် သံသရာဝဋ်မှ ထွက်မြောက်နိုင်၏ဟု ဝဋ္ဋ ဝိဝဋ္ဋအနေအားဖြင့် ခွဲခြားပြီး ရေးသားဟောပြောသင့်ပါလျက် ထိုကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ်များကို မည်သည့်အခါမှ မပြုလုပ်ကောင်းလေဟန် ပြုလုပ်လျှင် မိစ္ဆာပဋိပဒါဖြစ်သည်ဟု ရေးသားဟောပြောခဲ့ပါသည်။ ယင်း စကားရပ်သည် ထေရဝါဒ ပိဋကတ်တော်လာ အဋ္ဌကထာစကားရပ်နှင့် မညီမညွတ် ဖြစ်နေပါသည်။ မိစ္ဆာပဋိပဒါနှင့် သမ္မာပဋိပဒါကို မြတ်စွာဘုရားသည် အောက်ပါအတိုင်း ခွဲခြား၍ ဟောတော်မူခဲ့ပါသည် ဘုရား။

(က) ကတမာ စ ဘိက္ခဝေ မိစ္ဆာပဋိပဒါ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ (ပ) ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ မိစ္ဆာပဋိပဒါ။

( ခ ) ကတမာ စ ဘိက္ခဝေ သမ္မာပဋိပဒါ အဝိဇ္ဇာယတွေဝ အသေသဝိရာဂနိရောဓာ သင်္ခါရ နိရောဓော သင်္ခါရနိရောဓာ ဝိညာဏနိရောဓော (ပ) ဧဝမေတဿ ကေဝလဿ ဒုက္ခန္ဓဿ နိရောဓော ဟောတိ၊ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာပဋိပဒါ။ (သံ၊ ၁၊ ၂၄၆)။

ပြန်မာပြန်။

(က) ရဟန်းတို့ မှားယွင်းသောအကျင့် မိစ္ဆာပဋိပဒါဟူသည် အဘယ်နည်း။ ရဟန်းတို့ မသိမှုအဝိဇ္ဇာအကြောင်းခံကြောင့် သင်္ခါရတို့ဖြစ်ရကုန်၏။ ပြုစီရင်မှုသင်္ခါရအကြောင်းခံကြောင့် သိမှုဝိညာဉ်ဖြစ်ရ၏။ ။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစုဖြစ်ပွားရ၏။ ရဟန်းတို့ ဤသဘောတရားကို မှားယွင်းသောအကျင့် မိစ္ဆာပဋိပဒါဟု ဆိုအပ်၏။

(ခ) ရဟန်းတို့ မှန်ကန်သောအကျင့် သမ္မာပဋိပဒါဟူသည် အဘယ်နည်း။ မသိမှုအဝိဇ္ဇာ၏ အကြွင်းမဲ့ ချုပ်ခြင်းကြောင့် သင်္ခါရတို့ချုပ်ကုန်၏။ သင်္ခါရတို့ ချုပ်ခြင်းကြောင့် သိမှုဝိညာဉ်ချုပ်ရ၏။ ။ပ။ ဤသို့လျှင် အလုံးစုံသော ဆင်းရဲအစု ချုပ်ပျောက်ခြင်းဖြစ်၏။ ထိုပါဠိတော်ကို အဋ္ဌကထာဆရာက—

မိစ္ဆာပဋိပဒန္တိ အယံ တာဝ အနိယျာနိကပဋိပဒါ၊ နနု စ အဝိဇ္ဇာပစ္စယာ ပုညာဘိသင်္ခါရောပိ အတ္ထိ အာနေဉ္ဇာဘိသင်္ခါရောပိ အတ္ထိ သော ကထံ မိစ္ဆာ ပဋိပဒါ ဟောတီတိ။ ဝဋ္ဋသီသတ္တာ။ ယံ ဟိ ကိဉ္စိ ဘဝတ္တယသင်္ခါတံ ဝဋ္ဋံ ၊ ပတ္ထေတွာ ပဝတ္တိတံ၊ အန္တမသော ပဉ္စာဘိညာ အဋ္ဌဝါပန သမာပတ္တိယော၊ သဗ္ဗံ တံ ဝဋ္ဋပက္ခိယံ ဝဋ္ဋသီသန္တိ ဝဋ္ဋသီသတ္တာ မိစ္ဆာပဋိပဒါဝ ဟောတိ။

ယံ ပန ကိဉ္စိ ဝိဝဋ္ဋံ နိဗ္ဗာနံ ပတ္ထေတွာ ပဝတ္တိတံ အန္တမသော ဥဋ္ဌုကျယာဂုမတ္တဒါနမ္ပိ ပဏ္ဏမုဋ္ဌိဒါနမတ္တမ္ပိ သဗ္ဗံ တံ ဝိဝဋ္ဋပက္ခိယံ ဝိဝဋ္ဋနိဿိတံ၊ဝိဝဋ္ဋပက္ခိကတ္တာ သမ္မာပဋိပဒါဝ ဟောတိ။(သံ၊ဋ္ဌ၊ ၂၊၁၇)။

ဟု ဖွင့်ဆိုထားပါသည် ဘုရား။

ဆိုလိုရင်းအကျဉ်းချုပ်မှာ— မိစ္ဆာပဋိပဒါဟူသည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်သော ဝါ မထွက်မြောက်နိုင်သော အကျင့်တည်း။ အဝိဇ္ဇာဟူသော အကြောင်းကြောင့် ပုညာဘိသင်္ခါရ (ကာမာဝစရ ကုသိုလ်ကံ ၈-ပါး၊ ရူပါဝစရကုသိုလ်ကံ ၅-ပါး) လည်း ရှိနိုင်၏။ အာနေဉ္ဇာဘိသင်္ခါရ (အရူပါဝစရ ကုသိုလ်ကံလေးပါးလည်း ရှိနိုင်၏)ထိုပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရတို့သည် မည်သို့သော အခြင်းအရာဖြင့် မိစ္ဆာပဋိပဒါ ဖြစ်နိုင်သနည်း။ ဘဝသုံးပါးဟု ဆိုအပ်သော ဝဋ်တရားကို တောင့်တ၍ဖြစ်စေအပ်သော အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် အဘိညာဉ် ၅-ပါး၊ သမာပတ် ရှစ်ပါးတို့သည်သော်လည်း သံသရာဝဋ်ဆင်းရဲလျှင် အဖို့ရှိ၍ သံသရာဝဋ်ဆင်းရဲလျှင် အဦးပဓာနဖြစ်သောကြောင့် မိစ္ဆာပဋိပဒါသာလျှင်တည်း။

ဝဋ်ကင်းရာနိဗ္ဗာန်ကိုတောင့်တ၍ ဖြစ်စေအပ်သော အောက်ထစ်ဆုံး အပိုင်းအခြားအားဖြင့် ယာဂုတဖယောက်ချိုမျှ ပေးလှူခြင်း၊ ဟင်းရွက်တဆုပ်မျှ ပေးလှူခြင်းသည်လည်း ဝဋ်ကင်းရာနိဗ္ဗာန်ကိုမှီ၍ ဝဋ်ကင်းရာ နိဗ္ဗာန်လျှင် အဖို့ရှိသောကြောင့် သမ္မာပဋိပဒါသာလျှင် ဖြစ်၏ဟု ဆိုလိုရင်း ဖြစ်ပါသည်ဘုရား။

ဆက်လက်၍ အဋ္ဌကထာဆရာက ထိုကမ္မဿကတသမ္မာဒိဋ္ဌိ ဈာနသမ္မာဒိဋ္ဌိတို့ဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ရာ၌ ဝဋ္ဋနိဿိတအနေအားဖြင့် ဆုတောင်းလျှင် သံသရာဝဋ်၌သာ ကျင်လည်ရမည်ကိုလည်းကောင်း၊ ဝိဝဋ္ဋနိဿိတအနေအားဖြင့် ဆုတောင်းလျှင် အရဟတ္တဖိုလ်ဉာဏ် (သာဝကဗောဓိဉာဏ်) ပစ္စေကဗောဓိဉာဏ် သဗ္ဗညုတဉာဏ်တို့ကိုလည်း ပေးစွမ်းနိုင်၍ အရဟတ္တဖိုလ်သို့မရောက်ပဲ ကုန်ဆုံးခြင်းသို့ မရောက်နိုင်သည်ကိုလည်းကောင်း ဝိဝဋ္ဋနိဿိတဖြစ်အောင် ဆုတောင်းနည်းနှင့်တကွ အောက်ပါအတိုင်း မိန့်ဆိုပါသည်။

> အပ္ပမတ္တကမ္ပိ ဟိ ပဏ္ဍမုဋ္ဌိမတ္တဒါနကုသလံ ဝါ ဟောတု မဟန္တံ ဝေလာမဒါနာဒိကုသလံ ဝါ၊ သစေ ဝဋ္ဋသမ္ပတ္တိံ ပတ္ထေတွာ ဝဋ္ဋနိဿိတဝသေန မိစ္ဆာ ဌပိတံ ဟောတိ၊ ဝဋ္ဋမေဝ အာဟရိတုံ သက္ကောတိ၊ နော ဝိဝဋ္ဋံ။
>
> ဣဒံ မေ ဒါနံ အာသဝက္ခယာဝဟံ ဟောတူတိ ဧဝံ ပန ဝိဝဋ္ဋံ ပတ္ထေန္တေန ဝိဝဋ္ဋဝသေန သမ္မာ ဌပိတံ အရဟတ္တမ္ပိ ပစ္စေကဗောဓိဉာဏမ္ပိ သဗ္ဗညုတဉာဏမ္ပိ ဒါတုံ သက္ကောတိယေဝ၊ န အရဟတ္တံ အပ္ပတွာ ပရိယောသာနံ ဂစ္ဆတိ။ ဣတိ အနုလောမဝသေန မိစ္ဆာပဋ္ဌပိတံ ပဋိလောမဝသေန သမ္မာပဋ္ဌပိတံ ဒေသိတာတိ ဝေဒိတဗ္ဗာ။ (သံ၊ ဋ္ဌ၊ ၂၊ ၁၈)။

မပြောလောက်ဖွယ် အနည်းငယ်သော သစ်ရွက်တဆုပ်မျှ ပေးလှူခြင်း၊ ကုသိုလ်ကောင်းမှုပင် ဖြစ်စေ၊ ကြီးကျယ်ခမ်းနားသော ဝေလာမပုဏ္ဏားကဲ့သို့ ပေးလှူခြင်းစသော ကုသိုလ်ကောင်းမှုပင် ဖြစ်စေ အကယ်၍ ဝဋ္ဋသမ္ပတ္တိကို တောင့်တ၍ ဝဋ္ဋနိဿိတ၏ အစွမ်းဖြင့် ချွတ်ယွင်းဖောက်ပြန် မမှန်မကန် ပြုလုပ်ထားရှိအပ်ပါမူ သံသရာဝဋ်ဆင်းရဲသို့သာလျှင် ရွက်ဆောင်နိုင်၍ ဝဋ်ကင်းရာ နိဗ္ဗာန်သို့ မရွက်ဆောင်နိုင်။

ငါ၏ ဤစွန့်ကြဲပေးကမ်းလှူဒါန်းခြင်းဒါနသည် အာသဝေါတရားတို့၏ကုန်ရာ နိဗ္ဗာန်သို့ ရွက်ဆောင်နိုင်ပါစေသားဟု ဝဋ်ကင်းရာ နိဗ္ဗာန်ကိုတောင့်တ၍ ဝိဝဋ္ဋ၏ အစွမ်းဖြင့် ကောင်းမွန်စွာ ပြုလုပ်တည်ထားအပ်ပါမူ အရဟတ္တဖိုလ်ကို ပစ္စေကဗောဓိဉာဏ်, သဗ္ဗညုတဉာဏ် တို့ကိုလည်း ပေးစွမ်းနိုင်သည်သာ။ အရဟတ္တဖိုလ်သို့ မရောက်ပဲ မကုန်ဆုံးနိုင်။

အင်္ဂုတ္တရဋ္ဌကထာ၌ကား—

> ကမ္မဿကတသမ္မာဒိဋ္ဌိ၊ သမ္ပတ္တိဘဝံ အာကစ္စတိ၊ ဈာနသမ္မာဒိဋ္ဌိ ရူပါရူပဘဝေ ပဋိသန္ဓိံ ဒေတိ။ (အံ၊ ဋ္ဌ၊ ၁၊ ၃၆၉။)

ဟုအဋ္ဌကထာဆရာ ဆိုထားသည်ကို တွေ့ရှိရပါသည်။

**ကမ္မဿကတသမ္မာဒိဋ္ဌိ**သည် စည်းစိမ်နှင့်ပြည့်စုံသော သမ္ပတ္တိဘဝသို့ဆွဲငင်တတ်၏၊ ဈာနသမ္မာဒိဋ္ဌိသည် ရူပဘုံ အရူပဘုံ၌ ပဋိသန္ဓေကို ပေးတတ်၏၊ထိုသို့ပင်ဆိုပါသော်လည်း အဋ္ဌကထာဆရာတဦးတည်း၏ အာဘော်သာဖြစ်၍ သံယုတ္တနိကာယ် အဋ္ဌကထာ၌ ထိုကမ္မဿတကသမ္မာဒိဋ္ဌိ, ဈာနသမ္မာဒိဋ္ဌိတို့ဖြင့် ပြုလုပ်အပ်သော ကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ်များကို ဝဋ္ဋနိဿိတ,ဝိဝဋ္ဋနိဿိတဟုနှစ်မျိုးနှစ်စား ဆိုထားသည်ကို ထောက်ရှုသောအားဖြင့် "ကမ္မဿကတသမ္မာဒိဋ္ဌိ သမ္ပတ္တိဘဝံ အာကစ္စတိ၊ ဈာနသမ္မာဒိဋ္ဌိ ရူပါရူပဘဝေ ပဋိသန္ဓိံ ဒေတိ"ဟု အဋ္ဌကထာဆရာ

မိန့်ဆိုခြင်းသည် ဝဋ္ဋနိဿိတဖြစ်သော ကမ္မဿကတသမ္မာဒိဋ္ဌိ, ဈာနသမ္မာဒိဋ္ဌိ တို့ကိုပင် ရည်ရွယ်လိုရင်းဖြစ်ကြောင်း သိသာထင်ရှားလှပါသည်ဘုရား။

ဝိနည်းမိုရ်ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ကျောက်ပုံတောရ ဦးစံရင်းသည် ဘုရားရှင်မဟောခဲ့သော ပါဠိကို ဘုရား ဟောလုပ်၍ မြတ်စွာဘုရားကို ခုတုံးလုပ်ပြီး "ထို့ကြောင့် မြတ်စွာဘုရားက (အဋ္ဌသမာပတ္တိယောပိ မိစ္ဆာပဋိပဒါ )ဟု မှားသောအကျင့်,မှားသော လမ်းဟု ဟောကြားထားတော်မူခဲ့လေပြီ"ဟု မဟုတ်မဟာရေးရေးထားသည်ကိုလည်း တွေ့ရ ပါသည်၊ ဘုရားရှင်ကိုယ်တော်တိုင် ရွှေနှုတ်တော်ထွက် ဓမ္မစက်ဖြင့် ဟောမြွက် ခဲ့သော ပိဋကတ်သုံးသွယ် နိကာယ်ငါးပါးပါဠိတော်များ၌ ယင်း ပါဠိကို တွေ့ရ လေမလား ရှာဖွေငြားသော်လည်း မတွေ့ရပါဘုရား၊ အကယ်၍ ဘုရားရှင် ကိုယ်တော်တိုင် "အဋ္ဌသမာပတ္တိယောပိ ဘိက္ခဝေ မိစ္ဆာပဋိပဒါ"ဟု ဟောတော် မူခဲ့ရိုးမှန်လျှင် အဋ္ဌကထာဆရာအနေနဲ့ မိစ္ဆာပဋိပဒါနှင့် သမ္မာပဋိပဒါကို ဝဋ္ဋနိဿိတ,ဝိဝဋ္ဋနိဿိတဟု နှစ်မျိုးနှစ်စားခွဲခြားပြီး ဖွင့်ပြနေဖို့လိုမည်မထင်ပါ၊ အဋ္ဌကထာဆရာသည် ယေဘုယျအားဖြင့် ဘုရားဟောပါဠိတော်များထဲမှ အသိ ဉာဏ်နည်းပါး လောကီလူသားတို့ တိမ်မြုပ်ကွယ်ဝှက် အသိခက်လောက်သည့် ဝါ၊ သံသယဖြစ်စရာရှိသည့် ပါဠိတော်များကိုသာ ရွေးချယ်ထုတ်နုတ်၍ ဖွင့်ပြရိုး အမှန်ပင်ဖြစ်ပါသည်၊ ယခုလည်း ပဋိစ္စသမုပ္ပါဒ်နည်းအရ မိစ္ဆာပဋိပဒါဟု သာမည အားဖြင့် မြတ်စွာဘုရားဟောတော်မူထားခဲ့သည်ကို အသိဉာဏ်နည်းပါးသော လောကီလူသားတို့ သံသယမပွားစေလိုသောဆန္ဒဖြင့် ဝဋ္ဋ, ဝိဝဋ္ဋ နှစ်ဌာနခွဲ၍ ဖွင့်ပြရခြင်းဖြစ်ပါသည်ဘုရား။

ဝိနည်းမိုရ်ဆရာတော်များဘုရား—

ဤသို့ အဋ္ဌကထာဆရာက ကမ္မဿကတသမ္မာဒိဋ္ဌိ,ဈာနသမ္မာဒိဋ္ဌိတို့နှင့်ယှဉ်၍ ကာမကုသိုလ်,မဟဂ္ဂုတ်ကုသိုလ်တို့ကို ပြုလုပ်ကြရာ၌ ဘဝသုံးပါးဟု ဆိုအပ်သော ဝဋ်ဘုရားကို တောင့်တမှုသာ မိစ္ဆာပဋိပဒါဖြစ်သည်၊ ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တ၍ ပြုလုပ်လျှင် သမ္မာပဋိပဒါသာဖြစ်သည်ဟု တိကျစွာ ဖွင့်ပြထားခြင်း ကြောင့် ဝဋ္ဋ,ဝိဝဋ္ဋ မခွဲခြားပဲ သာမညအားဖြင့် ကမ္မဿကတသမ္မာဒိဋ္ဌိ, ဈာန- သမ္မာဒိဋ္ဌိမဂ္ဂင်တို့ကို မိစ္ဆာပဋိပဒါဟု ရေးသား ဟောပြောအပ်သောကျောက်ပုံ တောရဝါဒကို အဓမ္မဝါဒဟုသာ ဆုံးဖြတ်ပေးတော်မူကြပါဘုရား။

## စောဒနာ အမှတ် (၁၃)

**မြတ်စွာဘုရား၏ပဒိယာယဒေသနာတော်ကို မုချအားဖြင့်အဓိပ္ပာယ်ကောက်ယူလွဲမှားပုံနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။**

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား—

မြတ်စွာဘုရား၏ပရိယာယအားဖြင့် ဟောကြားအပ်သော ဒေသနာတော်ကို ကျောက်ပုံဝါဒီတို့က မုချအားဖြင့် ကောက်ယူ၍ အောက်ပါအတိုင်း ဟောကြားထားပါသည်ဘုရား။

> စက္ခုံ နတ္ထိ ရူပါ နတ္ထိ စက္ခုဝိညာဏံ နတ္ထိ - လို့ မြတ်စွာဘုရားက မာရ်နတ်သားအား ဟောထားပါတယ်၊ မျက်စိဆိုတာ မရှိပါဘူး၊ရူပါရုံဆိုတာ မရှိပါဘူး၊ စက္ခုဝိညာဏ်ဆိုတာလဲ မရှိပါဘူး။
>
> (တိတ်ခွေ—၁၊ဘီ)

ဟူ၍ ဟောထားပါသည်ဘုရား။

ဦးစံရင်းသည် မာရသံယုတ်၊ ဒုတိယဝဂ်  ကဿကသုတ်၌ ဘုရားက မာရ်နတ်သားအား ဟောကြားသော တရားတော်ကို ကိုးကား၍ ဟောကြားခြင်းဖြစ်သည်ကို တွေ့ရပါသည်ဘုရား။

မြတ်စွာဘုရားသည် နာနာနယဂမ္ဘီရ ဝိစိတြဉာဏ်ရှင် ဖြစ်တော်မူသည်အား လျော်စွာ ဥပစာအားဖြင့် တင်စား၍ ဟောကြားတော်မူသည်ကို ဦးစံရင်းက မုချယူ၍ ဟောခဲ့သဖြင့် ဘုရားအလိုမကျ လုံးဝ မှားယွင်းနေကြောင်း တွေ့ရပါသည်ဘုရား၊ မှားယွင်းခြင်းဟူသည်မှာ မကျွမ်းကျင်၍ မတော်တဆမှားခြင်းနှင့် တမင် ဘုရားဟော တရားတော်များကို ကမောက်ကမဖြစ်၍ လျှင်မြန်စွာ ကွယ်ပျောက်သွားရလေအောင် ကြံဆဟောပြောသဖြင့် မှားယွင်းခြင်းဟု နှစ်မျိုးရှိရာ ဦးစံရင်းသည် (၁၂) နှစ်သားလောက်ကစ၍ ရဟန်းတော်များကို စာပေသင်ချပေးခဲ့သည်ဟု ပါရှိသဖြင့် ရိုးရိုးသာသား မှားယွင်းမှုမျိုး မဖြစ်နိုင်ပါ၊ မှားယွင်းအောင် တမင်ကြံဆ ဟောပြောခြင်းသာ ဖြစ်နိုင်ပါသည်ဘုရား။

ဦးစံရင်းသည် အဘယ့်ကြောင့် မြတ်စွာဘုရား၏ သာသနာတော်ကို ဖျက်ဆီးလိုရသနည်း၊ ဒီအကြောင်း ကိစ္စသည် စိတ်ဝင်စားဖွယ် ကောင်းပါသည်ဘုရား၊ လွန်ခဲ့သော နှစ်ပေါင်းသေးဆယ်ခန့်က ဦးစံရင်းသည် ဦးနိမ္မလဟူသော ဘွဲ့အမည်ဖြင့် သာသနာ့ဝန်ထမ်းရဟန်းတော်တပါး ဖြစ်ခဲ့ဖူးသည်၊ စာပေလည်း

တတ်ကျွမ်း၊ အဟောအပြောက ဆန်းလေတော့ လျှမ်းလျှမ်းတောက်မဟုတ်သော်လည်း အတော်ကလေး နာမည်ကျော်ကြား လူကြိုက်များခဲ့ဟန်တူ၏၊ နာမည်ကျော်လာပြီဆိုပြန်တော့လည်း အမျိုးသမီးလေးတွေ ဝိုင်းဝိုင်းလည်တော့မည်မှာမလွဲပါ၊ နာမည်ကျော်ကြားလူကြိုက်များသော တရားဟောဓမ္မကထိကတို့သည် ဝုသိတဗြဟ္မစရိယဆိုလျှင် ပြောဖွယ်ရာဘယ်မမြင်နိုင်တော့ပါ၊ အလွန်ကောင်းလှပါ၏၊ ထိုသို့ ဝုသိတဗြဟ္မစရိယပင် မဟုတ်လင့်ကစား လဇ္ဇီပေသလဆိုလျှင် အပြစ်မတင်နိုင်ပါ၊ လဇ္ဇီပေသလတို့သည် အသက်သာ အသေခံချင်ခံမည် သီလသိက္ခာ ပန်းမာလာကိုတော့ဖြင့် ဘယ်သောအခါမှ နေခြည်ထိုးလို့ အညှိုးခံလိမ့်မည်မဟုတ်ပါ၊ စကြာမင်းလောင်း ဝမ်း၌အောင်းသည့် မိကောင်းပမာ စာမရီသား ရစ်မလားသို့ မခြားတူစွာ သိက္ခာရဟန်း မညစ်နွမ်းအောင် ကြိုးပမ်းစောင့်ရှောက်ကြပါသည်။

ရဟန်းတော် ဦးနိမ္မလ ကတော့ သနပ်ခါးနံ့မွှေးလျှင်ဖြင့် အရီးလေးအနားမလာနဲ့ဆိုသော လူစားမျိုးဖြစ်ပါတော့သည်၊ အတွင်းစိတ် ရှိုးသားပြီး ဝေဖန်ဉာဏ်နည်းပါးသော အမျိုးသမီးလေးများကို လှည့်စားလို့တမျိုး လာဘ်ထိုးလို့တသွယ်၊ နောက်ကွယ်ရာ မှောင်အတွင်းမှာ ကံရာသီဇာတ်ခင်း၍ ကမြင်းကြောထခဲ့ပါပေသည်၊ နာမည်လဲကျော် အပူဇော်လဲခံ ပျံချင်ရင်လဲပျံနိုင်တဲ့ သင်္ကန်းဝတ်ဘဝကို သူ ဘယ်တော့မှ စွန့်ချင်လိမ့်မည်မဟုတ်တော့ချေ၊ သို့သော် ဦးနိမ္မလ၏ အဖြစ်သနစ်များကို သာသနာစောင့်နတ်တို့ကပင် လျှောက်ထားလေသလားမသိ မြတ်စွာဘုရား၏ တာဝန်သိသော သားတော်ကြီးများဖြစ်ကြသည့် ဝိနည်းဓိုရ် ဆရာတော်ကြီးများ သိကြား၍ သွားသောအခါ သင်္ကန်းဝတ် အယောင်ဆောင် မောင်နိမ္မလကို ဝိနိစ္ဆယခုံရုံးတင်လျက် ပရိသုဒ္ဓပြု လူဝတ်လဲပေးလိုက်ကြပါတော့သည်၊ ထိုအခါ ဦးနိမ္မလတဖြစ်လဲ ဦးစံရင်းသည် အလဇ္ဇီပိပိ မြတ်စွာဘုရား၏ သားတော်ကြီးများဖြစ်သော ဝိနည်းဓိုရ် ဆရာတော်များကို အာဃာတထား ရန်ညိုးဖွဲ့ခဲ့ပါသည်၊မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးထိုးဖောက်သည့် အလား ဘုရားသာသနာတော်ကိုပါ ရန်ညိုးထား၍ ပျက်ပြားရာ ပျက်ပြားကြောင်း ထေရဝါဒလာ ပါဠိ-ဋ္ဌကထာ-ဋီကာတို့နှင့် မညီသော ဝါဒတခုတည်ထောင်၍ သာသနာတော်ကိုအမြစ်ကစ၍တူးဖို့ရန် ကြိုးစားခဲ့ပါသည်၊ ထို့ကြောင့် ကထာကသုတ်လာ တရားတော်များကို တလွဲတချော် အဓိပ္ပာယ်ယူ၍ ဟောကြားရေးသားခြင်းဖြစ်သည်ကို ဝိနည်း ဓိုရ်ဆရာတော်များ ယုံကြည်သင့်တန်ရာပါသည် ဘုရား။

ဤကထာကသုတ်ကို အကျဉ်းချုပ်၍ ထုတ်ပြပါမည်ဘုရား—

အခါတပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်း မွေ့လျော် ပျော်စံတော်မူစဉ်ကာလက ရဟန်းတော်များအား

နိဗ္ဗာန်နှင့် စပ်သောတရားဓမ္မကို ဟောပြတော်မူနေပါသည်၊ ရဟန်းတော် အရှင်မြတ်တို့သည်လည်း ရိုသေစွာ နာကြား၍ နှလုံး၌ ထားကြပါသည်၊ ထိုအခါ မာရ်နတ်မိစ္ဆာအယုတ်မာသည် ရဟန်းတော်များ တရားသိမြင်ကြမည်ကို မလိုတမာ အကြံဆိုးဖြစ်ပေါ်လာ၍ ထွန်တုံးကြီးကိုထမ်း တံပြားရှည်ကြီးကိုကိုင် ဆံပင်ကရှုပ်ရှုပ်ထွေးထွေး ညစ်ထေးသောအဝတ်ကို ဝတ်လျက် ရွှံ့နွံလူးပေသော ခြေတို့ဖြင့် လယ်သမားအသွင်ဖန်ဆင်းကာ ဘုရားထံချဉ်းကပ်ပြီး "ရဟန်းဂေါတမ အကျွန်ုပ်၏ နွားလားတွေ ဘယ်မှာမြင်ရသနည်း" ဟု မေးခဲ့ပါသည်၊ ထိုအခါ ခြင်းရာလုံးစုံ အကုန်သိမြင် ဘုရားရှင်က "ဟဲ့ မာရ်ယုတ် နွားလားတို့ဖြင့် သင့်မှာ ဘာအလုပ်ရှိသလဲ" ဟု မိန့်တော်မူလိုက်ပါသည်၊ ထိုအခါ မာရ်နတ်သားသည် ငါ့အား ဘုရားသခင် သိမြင်သွားပေါ့ရယ်လို့အလျှော့မပေးသေးပဲ မြတ်စွာဘုရားကို လျှောက်ထားပါသည်။

မမေဝ သမဏ စက္ခုံ၊ မမ ရူပါ၊ မမ စက္ခုသမ္ဖဿ ဝိညာဏာယတနံ–

စသည်ဖြင့် အာယတန ခြောက်ပါးစုံအောင် လျှောက်ထားပါသည်။

မြန်မာလို—ရဟန်းဂေါတမ မျက်စိလဲ ငါ၏ ပစ္စည်းတည်း၊ ရူပါရုံလဲ ငါ၏ ပစ္စည်းသာတည်း။ စက္ခုသမ္ဖဿလဲ ငါ၏ပစ္စည်းသာတည်း၊ စက္ခုဒွါရ၌ဖြစ်သော အာဝဇ္ဇန်း စသော ဝိညာဏ်တို့သည်လဲ ငါ၏ပစ္စည်းတို့သာတည်း။

ကုဟိံ မေ သမဏ ဂန္တွာ မောက္ခသိ။

သင် ဘယ်ကိုပဲသွားသွား ငါ့သက်က လွတ်နိုင်မည်မဟုတ်ဟု လျှောက်ထားခဲ့ပါသည်။ ထိုအခါ မြတ်စွာဘုရားက–

> တဝေမေဝ ပါပိမ စက္ခုံ၊ တဝ ရူပါ၊ တဝ စက္ခုသမ္ဖဿ ဝိညာဏာယတနံ။ ယတ္ထ စ ခေါ ပါပိမ နတ္ထိ စက္ခုံ။ နတ္ထိ ရူပါ။ နတ္ထိ စက္ခုသမ္ဖဿဝိညာဏာယတနံ၊ အဂတိ တဝ တတ္ထ ပါပိမ။

စသည့် အာရုံခြောက်ပါးပြည့်စုံအောင် ဖြေကြားခဲ့ပါသည်။

မြန်မာပြန်

မာရ်ယုတ်၊ စက္ခုလည်းသင့်ပစ္စည်းသာဖြစ်ပစေ၊ ရူပါရုံလည်း သင့်ပစ္စည်းသာဖြစ်ပစေ၊ စက္ခုသမ္ဖဿ စက္ခုဒွါရိကဝိညာဏ်တို့လည်း သင့်ပစ္စည်းသာဖြစ်ပစေ အကြင်ပုဂ္ဂိုလ်၌ စက္ခု၌တပ်မက်သော တဏှာမရှိ၊ ရူပါရုံ၌ တပ်မက်သောတဏှာမရှိ၊ စက္ခုသမ္ဖဿ၌ တပ်မက်သော တဏှာမရှိ၊ စက္ခုဒွါရိကဝိညာဏ်၌ တပ်မက်သော တဏှာမရှိ၊ မာရ်ယုတ်၊ ထိုပုဂ္ဂိုလ်၌ သင်၏ကျက်စားရာမဟုတ်ဟူ၍ ဖြေဆိုတော်မူခဲ့ပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူသော ဤဒေသနာတော်၌—

နတ္ထိ စက္ခု နတ္ထိ ရူပါ နတ္ထိ စက္ခုသမ္ဖဿ ဝိညာဏာယတနံ–

ဟုရှိရာ—

တည်ရာဖြစ်သော စက္ခု ရူပ စက္ခုသမ္ဖဿဝိညာဏာယတန၏ အမည်ကို တည်အတ်သော တဏှာရာဂ၌ဘင်စား၍ ဌာနူပစာအားဖြင့် ဟောကြားတော်မူသော ဒေသနာသာဖြစ်ပါသဖြင့် စက္ခုဆိုဒါမရှိ ပညတ်သာဖြစ်၏ စသည်ဖြင့် ဟောပြောသော ကျောက်ပုံဝါဒသည် အဓမ္မဝါဒသာဖြစ်ကြောင်း လျှောက်ထား ပါသည်ဘုရား။

---

## စောဒနာ အမှတ် (၁၄)

**ကျောက်ပုံဒတာရဆရာတော်အမည်ခံ ဦးစံရင်း၏ အစွန်းနှစ်ပါး ယူဆပုံနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။**

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား –

ကျောက်ပုံတောရဆရာတော်အမည်ခံ ဦးစံရင်းက နေယျသင်တန်း စာမျက်နှာ(၂၇၇)၌–

(၁) (က) အလုံးစုံသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်နှင့်ပြည့်စုံသော ရုပ်ဘုရားရှိသည်ဟု ယူဆခြင်းသည် သဿတဒိဋ္ဌိဖြစ်၏၊ ဗမာလိုမှား၏၊ မရှိဟုယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏၊ ဗမာလိုမှား၏။

( ခ ) အလုံးစုံသောတရားတို့ကို သိတော်မူနိုင်သော နာမ်ဘုရားရှိသည်ဟုယူဆလျှင် သဿတဒိဋ္ဌိဖြစ်၏၊ ဗမာလိုမှားသော အယူဖြစ်၏၊ မရှိဟုယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏၊ဗမာလိုမှားသောအယူဖြစ်၏။

(၂) မင်္ဂလေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ္တိ ဆယ်ပါးသော တရားစစ် တရားမှန်ရှိ၏ဟုဆိုလျှင် မှား၏၊ သဿတဒိဋ္ဌိဟုခေါ်၏၊မရှိဟုယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏၊ သဿတဒိဋ္ဌိဟူသည် ဖြစ်သဘောကို မှတည်သိမ်းပိုက်ပြီး ယူဆသည်ဖြစ်၍ ဖြစ်မှားခေါ်၏၊ ဥစ္ဆေဒဒိဋ္ဌိဟူသည် မဖြစ်သဘော ပြတ်သဘောကို မှတည်ယူဆသည်ဖြစ်၍ ပြတ်မှားခေါ်၏။

(၃) မဂ္ဂင်္ဂါန်လေးယောက် ဖလင္ဂါန်လေးယောက်ဟုဆိုအပ်သော ပရမတ္ထ အရိယ သံဃာအစစ်ရှိသည်ဟု ယူဆလျှင် သဿတဒိဋ္ဌိဖြစ်၏၊ မရှိဟုယူဆ လျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

(၄) အဓိသီလ အဓိစိတ္တ အဓိပညာဟုဆိုအပ်သော သိက္ခာသုံးပါးကို ကျင့်ရ ခြင်း၏ အကျိုးရှိသည်ဟုယူဆလျှင် သဿတဒိဋ္ဌိဖြစ်၏၊ မရှိဘူးဟု ယူဆ လျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏။

(၅) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဥပါဒ်ဟုဆိုအပ်သော ရှေ့အစွန်းရှိသည် ဟုယူဆလျှင် သဿတဒိဋ္ဌိဟုခေါ်၏၊ မရှိဟုယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိခေါ်၏။

(၆) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ဘင်ဟုဆိုအပ်သော နောက်အစွန်းရှိ သည်ဟုယူဆလျှင် သဿတဒိဋ္ဌိ၊ မရှိဟုယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိခေါ်၏။

(၇) ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ ရှေ့စွန်းနောက်စွန်းခေါ် ဥပါဒ်ဌီဘင်ရှိ သောတရားရှိ၏ ဟုယူလျှင် သဿတဒိဋ္ဌိ၊ မရှိဟုယူလျှင် ဥစ္ဆေဒဒိဋ္ဌိ ခေါ်၏။

(၈) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ်နည်းအတိုင်း ဤ အကြောင်းကိုစွဲ၍ ဤအကျိုးကိုဖြစ်စေတတ်သော တရားရှိ၏ဟုယူဆ လျှင် မှား၏၊ သဿတဒိဋ္ဌိခေါ်၏၊မရှိဟုယူဆလျှင် မှား၏၊ ဥစ္ဆေဒဒိဋ္ဌိ ခေါ်၏ဟူ၍ ရေးသားထားပါသည်။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးမျ ားဘုရား—

ကျောက်ပုံဝါဒီတို့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့အသိအမြင်ထွေပြား၍ သဒ္ဓါပညာစသော သူတော်ကောင်းတရားများ ခေါင်းပါး ဆုတ်ယုတ်စေနိုင် သော စကားများကို ဘုရားဟောဒေသနာတော်နှင့် မကိုက်ညီပဲ တက္ကီဝါဒ အကြောင်းတုတွေ့ကိုပြ၍ ဟောပြောရေးသားနေကြပါသည်။ ၎င်းတို့ ဟော ပြောရေးသားမှုသည် အောက်ပါ ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့်ဆန့်ကျင်နေသည် ကို လျှောက်ထားလိုပါသည်၊ ဒီဃနိကာယ်ပါထိကဝဂ် သင်္ဂီတိသုတ် ပဉ္စကဒု—

ပဉ္စ စေတောခိလာ။ ဣဓာဝုသော ဘိက္ခု သတ္ထရိ ကင်္ခတိ ဝိစိကိစ္ဆတိ နာဓိမုစ္စတိ န သမ္ပသီဒတိ၊ ယော သော အာဝုသော ဘိက္ခု သတ္ထရိ ကင်္ခ- တိ ဝိစိကိစ္ဆတိ၊နာဓိမုစ္စတိ န သမ္ပသီဒတိ၊တဿ စိတ္တံ န နမတိ အာတပ္ပါ- ယ အနုယောဂါယ သာတစ္စာယ ပဓာနာယ၊ အယံ ပဌမော စေ- တောခိလော။ ပုန စပရံ အာဝုသော ဘိက္ခု၊ ဓမ္မေ ကင်္ခတိ ဝိစိကိစ္ဆတိ ။ပ။ သံဃေ ကင်္ခတိ ဝိစိကိစ္ဆတိ။ သိက္ခာယ ကင်္ခတိ ဝိစိကိစ္ဆတိ။ပ။

## မြန်မာပြန်

စိတ်၏ကြမ်းတမ်းခြင်း ငါးပါးရှိကုန်၏၊ ငါ့ရှင်တို့ ဤသာသနာတော်၌ ရဟန်းသည် မြတ်စွာဘုရား၏ သန္တာန်တော်၌ လက္ခဏာတော်ရှိသည်ဟူသော စကားသည် မှန်လေသလော မမှန်လေသလော သဗ္ဗညုတဉာဏ်ရှိသည်ဟူသောစကား မှန်လေသလော မမှန်လေသလောဟု ယုံမှား၏၊ စုံစမ်းရင်း ပင်ပန်း၏၊ မဆုံးဖြတ်နိုင်၊ မကြည်ညိုနိုင်၊ ထိုပုဂ္ဂိုလ်၏စိတ်သည် ဘာဝနာကို အားထုတ်ခြင်းငှာ ဘာဝနာကို အဖန်ဖန်အားထုတ်ခြင်းငှာ ဘာဝနာကို မပြတ်အားထုတ်ခြင်းငှာ စိတ်မညွတ်လာနိုင်၊ ဘာဝနာကို အားထုတ်ခြင်းငှာ စိတ်မညွတ်သောသူ၏ စိတ်သည် ပထမဆုံး ယုတ်ညံ့ကြမ်းတမ်းခြင်းပေတည်း။

တဖန်တုံ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ဟူသည် ရှိမှရှိရဲ့လား၊ ဝိပဿနာ၏ အကျိုးမဂ်၊ မဂ်၏အကျိုး၊ ဖိုလ် သဒ္ဒါရတို့ကို စွန့်လွှတ်ရာနိဗ္ဗာန်ဟူသည် ရှိမှရှိရဲ့လားဟု တရားတော်၌ယုံမှား၏။

မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက် ရှစ်ယောက်သံဃာ အရိယာဟူသည် ရှိမှရှိရဲ့လားဟု ယုံမှား၏၊ အဓိသီလ အဓိစိတ္တ အဓိပညာသိက္ခာ ရှိမှရှိရဲ့လားဟု ယုံမှား၏၊ ထိုယုံမှားသူ၏ စိတ်သည် ဘာဝနာကို အားထုတ်ခြင်းငှာ မညွတ်၊ ဘာဝနာကို အားထုတ်ခြင်းငှာ မညွတ်သော ထိုသူ၏စိတ်သည် ဒုတိယ တတိယ စတုတ္ထ ကြမ်းတမ်းခြင်းပေတည်း စသည်ဖြင့် ဟောကြားတော်မူခဲ့ပါသည်။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား—

ဤနေရာ၌ မြတ်စွာဘုရား၏ သရီရကိုယ်မှာ လက္ခဏာကြီးငယ် အသွယ်သွယ်တို့ အမှန်တကယ် ရှိ၏၊ အလုံးစုံသိသော သဗ္ဗညုတဉာဏ် အမှန်တကယ်ရှိ၏ဟူ၍ လည်းကောင်း ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်သော ပရိယတ္တိ ဝိပဿနာ၏ အကျိုး မဂ်လေးမျိုး၊ မဂ်၏အကျိုး ဖိုလ်လေးမျိုး၊ သဒ္ဒါရစွန့်ရာနိဗ္ဗာန်အမှန်ရှိသည် ဟူ၍ လည်းကောင်း မဂ္ဂဋ္ဌာန်လေးယောက်၊ ဖလဋ္ဌာန်လေးယောက်၊ ရှစ်ယောက်သံဃာ အရိယာရှိသည်ဟူ၍ လည်းကောင်း အဓိသီလ အဓိစိတ္တ အဓိပညာ သိက္ခာသုံးတန် အမှန်ရှိသည်ဟူ၍လည်းကောင်း ယုံကြည်ဆုံးဖြတ်ခြင်းသည် သဒ္ဓါမူလိကာ သမ္မာဒိဋ္ဌိနှင့် အရိယာဖြစ်လျှင် အစလသဒ္ဓါမူလိကာ သမ္မာဒိဋ္ဌိသာ ဖြစ်နိုင်ပါသည်၊ ကျောက်တောင်ကြီးအလား အမှားတွေတောင်လိုပုံနေသော ကျောက်ပုံပြောသလို သဿတဒိဋ္ဌိ မဖြစ်နိုင်ပါ ဘုရား။

မရှိဘူးဟု ယူဆလိုက်လျှင်သာ မိစ္ဆာဒိဋ္ဌိဖြစ်နိုင်ပါသည်၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သီလက္ခန္ဓဝဂ္ဂ ဗြဟ္မဇာလသုတ်တော်ကြီး (နှာ-၁၂)၌ ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကို ဟောကြား တော်မူခဲ့ပါသည်ဘုရား၊ ထိုကျယ်ဝန်းများပြားလှသော ဒေသနာမှ လိုရင်း ပါဠိမြန်မာပြန်ကို ရွေးကောက် တင်ပြပါမည်ဘုရား။

> သဿတော အတ္တာ စ လောကော စ ဝဉ္ဈော ကူဋဋ္ဌော ဧသိကဋ္ဌာယိဋ္ဌိတော၊ တေ စ သတ္တာ သန္ဓာဝန္တိ သံသရန္တိ စဝန္တိ ဥပပဇ္ဇန္တိ၊ အတ္ထိတွေဝ သဿတိသမံ။

**အနက်**

အတ္တာ စ၊ အတ္တသည်လည်းကောင်း။ လောကော စ၊ လောကသည်လည်း ကောင်း။ သဿတော၊ မြဲ၏။ ဝဉ္ဈော၊ အမြုံနှင့်တူ၏၊ကူဋဋ္ဌော၊ အမြဲတည်သော တောင်ထွတ်ကဲ့သို့ တည်၏။ ဧသိကဋ္ဌာယိဋ္ဌိတော၊ အမြဲတည်သောတံခါးတိုင် ကဲ့သို့ တည်၏။ တေ စ သတ္တာ၊ ထိုသတ္တဝါတို့သည်လည်း။ သန္ဓာဝန္တိ၊ ဤဘဝမှ ထိုဘဝသို့ ပြေးသွားကြရကုန်၏။ သံသရန္တိ၊ ခေါက်တုံ့ခေါက်ပြန် ကျင်လည်ကြ ရကုန်၏။ စဝန္တိ၊ ရွေ့လျောကြရကုန်၏။ ဥပပဇ္ဇန္တိ၊ ဖြစ်ကြရကုန်၏။ သဿတိ- သမံ၊ အမြဲတည်သော မြေကြီး မြင်းမိုရ်တောင် နေလ နက္ခတ်နှင့်အတူ။ အတ္တာ စ၊ အတ္တသည်လည်းကောင်း။ လောကော စ၊ လောကသည်လည်းကောင်း။ အတ္ထိတွေဝ၊ ရှိသည်သာ။

အထက်ပါ ပါဠိတော်အရ အမြဲတည်သော အတ္တလောကရှိ၏ဟု ယူလျှင် သာ သဿတဒိဋ္ဌိဖြစ်နိုင်ပါသည်၊ မှားသောအယူဖြစ်နိုင်ပါသည် ဘုရား။

အဋ္ဌကထာ(နှာ-၉၇)မှာလည်း—

> သဿတံ အတ္တာနဉ္စ လောကဉ္စာတိ ရူပါဒီသု အညတရံ“အတ္တာ”တိ စ“လောကော”တိ စ ဂဟေတွာ တံ သဿတံ အမရံ နိစ္စံ ဓုဝံ ပညပေန္တိ။

ဟူ၍ ဖွင့်ဆိုထားပါသည် ဘုရား။

**အနက်**

သဿတံ အတ္တာနဉ္စ လောကဉ္စာတိ၊ ဟူသည်ကား။ ရူပါဒီသု၊ ရူပက္ခန္ဓာ စသည်တို့တွင်။ အညတရံ၊ အမှတ်မထား တပါးပါးသော ခန္ဓာကို။ အတ္တာတိ စ၊ အတ္တဟူ၍ လည်းကောင်း။ လောကောတိ စ၊ လောကဟူ၍ လည်းကောင်း။ ဂဟေတွာ၊ ယူကြကုန်၍။ တံ၊ ထိုအတ္တလောကကို။ သဿတံ အမရံ နိစ္စံ ဓုဝံ၊ မြဲ၏ဟူ၍။ ပညပေန္တိ၊ အပြားအားဖြင့် သိစေကြကုန်၏။

အထက်ပါ အဋ္ဌကထာဖွင့်ဆိုချက်အရ ခန္ဓာငါးပါးတို့တွင် တပါးပါးကို အတ္တဟူ၍ လည်းကောင်း လောကဟူ၍ လည်းကောင်း ယူ၍ ထိုအတ္တလောက မြဲ၏ဟု ယူမှုသာ သဿတဒိဋ္ဌိဖြစ်နိုင်ပါသည်။

အတ္တနှင့် လောကယူဆပုံကို ဋီကာဆရာက –

> ကေ ခန္ဓ "အတ္တာ"တိ ဂဟေတွာ တဒညေ အတ္တနော ဥပဘောဂဘူတော "လောကော"တိ, သသန္တတိပတိတေ ဝါ ခန္ဓေ "အတ္တာ"တိ ဂဟေတွာ တဒညေ "လောကော"တိ စ ပညပေန္တီတိ ဝေဒမွတ္တ အတ္တော ဒဋ္ဌဗ္ဗော။ (ဒီ၊ဋီ၊၁၊၁၄၂။)

ဟူ၍ ဖွင့်ဆိုခဲ့ပါသည်။

မြန်မာပြန်

ခန္ဓာငါးပါးတွင် တပါးကို အတ္တဟုယူ၍ ကျန်ခန္ဓာလေးပါးကို အတ္တ၏ အသုံးအဆောင်လောကဟူ၍ လည်းကောင်း မိမိသန္တာန်မှာဖြစ်သော ခန္ဓာတို့ကို အတ္တဟုယူ၍ တပါးသူ၏သန္တာန်မှာဖြစ်သော ခန္ဓာကို လောကဟု အပြားအားဖြင့် သိစေ၏၊ ဤ၌ ဤအနက်ကို သိအပ်၏၊

အထက်ပါ ဋီကာဖွင့်ဆိုချက်အရ မိမိသန္တာန်မှာဖြစ်တဲ့ ခန္ဓာကို အတ္တဟုယူ၍ တပါးသူ၏သန္တာန်မှာဖြစ်သောခန္ဓာကို လောကဟုယူပြီးလျှင် ထိုအတ္တလောကမြဲ၏ဟု ယူသော အယူသည်သာ ဖြစ်မှားသဿတဒိဋ္ဌိ ဖြစ်၏ဟု ကောက်ချက်ချနိုင်ပါသည် ဘုရား။

တဖန် ဥစ္ဆေဒဒိဋ္ဌိဟူသည်ကိုလည်း သီလက္ခန်ပြဟ္မဇာလသုတ်မှာပင် မြတ်စွာဘုရားက ဥစ္ဆေဒဒိဋ္ဌိခုနစ်ပါးကို အကျယ်အားဖြင့် ဟောကြားတော်မူခဲ့ပါသည် ဘုရား၊ ထိုများစွာထဲမှ သိသာရုံထုတ်ပြ လျှောက်ထားပါမည်ဘုရား။

> က္ခ ဘိက္ခဝေ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ ဧဝံ ဝါဒီ ဟောတိ ဧဝံ ဒိဋ္ဌိ "ယတော ခေါ ဘော အယံ အတ္တာ ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ၊န ဟောတိ ပရံ မရဏာ၊ဧတ္တာဝတာ ခေါ ဘော အယံ အတ္တာ သမ္မာ သမုစ္ဆိန္နော ဟောတိ"တိ ဣတ္ထေကေ သတော သတ္တဿ ဥစ္ဆေဒံ ဝိနာသံ ဝိဘဝံ ပညပေန္တိ။ (ဒီ၊၁။၃၁။)

စသည်ဖြင့် ဟောတော်မူခဲ့ပါသည် ဘုရား။

မြန်မာပြန်

ရဟန်းတို့ ဤလောက၌ အချို့သော သမဏ ဗြာဟ္မဏသည် ဤသို့ပြောဆိုသေ့ရှိ၏၊ ဤသို့သော အယူရှိ၏၊ အဘယ်သို့ပြောဆိုလေ့ရှိသနည်း၊ အချင်းတို့ အကြင်ကြောင့် ရုပ်ရှိသော မဟာဘုတ်လေးပါးကိုမှီ၍ ဖြစ်သော မိဘ၌ သုတ်သွေးကြောင့် ကောင်းစွာဖြစ်သော ဤလူ့ပြည့်၌ဖြစ်သော အတ္တသည် ဥပါ-ဒိန္နကခန္ဓာကိုယ် ပျက်စီးရာသေရာအခါမှ နောက်၌ ပြတ်လေတော့၏၊ ပျက်စီးလေတော့၏၊ မဖြစ်နိုင်တော့၊ အချင်းတို့၊ ဤလူ့ပြည့်၌ဖြစ်သော အတ္တပြတ်ခြင်းကြောင့် ဤအတ္တသည် ကောင်းစွာ ပြတ်လေ့တော့၏၊ ဤသို့ ပြောဆိုလေ့ရှိ၏၊ ဤသို့ ယူလေ့ ရှိ၏၊ ဤသို့သော အပြားအားဖြင့် အချို့သမဏ ဗြာဟ္မဏတို့သည် ထင်ရှားရှိသော သတ္တဝါ၏ သေပြီးနောက်၌ ပြတ်ခြင်းကို ပျက်စီးခြင်းကို ဘဝမှ ကင်းခြင်းကို ပညတ်ကြကုန်၏ဟူ၍ ဟောတော်မူပါသည်။

ဤအထက်ပါ ပါဠိတော်အရ သတ္တဝါထင်ရှားရှိသည်ဟု ယူဆ၍ သတ္တဝါသေပြီးနောက် တဖန်မဖြစ်တော့ ပြတ်၏ဟု ယူသောအယူသာ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါသည်၊ အဋ္ဌကထာဆရာကလည်း "ဣဓ ပန တဏှာဒိဋ္ဌီနံ ဝသေန တထာ စ အညထာ စ ဝိကပ္ပေတွာ၀ ဣမာ သတ္တဒိဋ္ဌိယော ဥပ္ပန္နာတိ ဝေဒိတဗ္ဗာ"ဟု ဖွင့်ဆိုထားပါသည်၊ တဏှာဒိဋ္ဌိတို့၏ အစွမ်းအားဖြင့် ကြံဆ၍ ဤဥစ္ဆေဒဒိဋ္ဌိ ခုနစ်ပါးဖြစ်ပါသည်။

သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ကို အဋ္ဌသာလိနီအဋ္ဌကထာဆရာက ခွဲခွဲခြားခြား သိထင်ရှားအောင် ညွှန်ကြားထားပါသည်။

> **ဘဝဒိဋ္ဌီတိ ဘဝေါ ဝုစ္စတိ သဿတံ၊သဿတဝသေန ဥပ္ပဇ္ဇနဒိဋ္ဌိ။ဝိဘဝ-ဒိဋ္ဌိတိ ဝိဘဝေါ ဝုစ္စတိ ဥစ္ဆေဒံ၊ ဥစ္ဆေဒဝသေန ဥပ္ပဇ္ဇနဒိဋ္ဌိ။**
> (အဘိ၊ဋ္ဌ၊၁။၄၄။)

အနက်

ဘဝဒိဋ္ဌီတိတွေ၊ ဘဝဒိဋ္ဌိဟူသော ဤပါဠ်၌။ သဿတံ၊ အခါခပ်သိမ်း ထင်ရှားရှိသောအရာကို။ ဝါ၊ မြဲသောအရာကို။ ဘဝေါ၊ ဘဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သဿတဝသေန၊ အတ္တလောကမြဲ၏ဟု ယူခြင်း၏ အစွမ်းအားဖြင့်။ ဥပ္ပဇ္ဇနဒိဋ္ဌိ၊ ဖြစ်သောဒိဋ္ဌိတည်း။ ဝိဘဝဒိဋ္ဌီတိတွေ၊ ဝိဘဝဒိဋ္ဌိဟူသော ဤပါဠ်၌။ ဥစ္ဆေဒံ၊ ပြတ်ခြင်းကို။ ဝိဘဝေါ၊ ဝိဘဝဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဥစ္ဆေဒဝသေန၊ အတ္တလောက သေပြီးမှနောက် ပြတ်၏ဟု ယူခြင်း၏ အစွမ်းအားဖြင့်။ ဥပ္ပဇ္ဇနဒိဋ္ဌိ၊ ဖြစ်သောဒိဋ္ဌိတည်း။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများ ဘုရား—

ယခု ပြဆိုခဲ့ပြီး ပါဠိအဋ္ဌကထာတို့ကို ထောက်ရှု၍ ထိုထိုဒေသနာတော်အရ မြတ်စွာဘုရား၏ သန္တာန်တော်မှာ လက္ခဏာကြီးငယ်အသွယ်သွယ်တို့ တင့်တယ်စွာ တည်ရှိကြသည်၊ အလုံးစုံသိသော ဉာဏ်တော်ရှိသည်၊ မဂ်ဖိုလ်နိဗ္ဗာန် တရားမှန်ကေန်ရှိသည်၊ ပရိယတ္တိတရားရှိသည်၊ သံဃာစစ် သံဃာမှန် ကေန်ရှိသည်၊ သိက္ခာသုံးဝမှချရှိသည်ဟု ယုံကြည်ဆုံးဖြတ်ခြင်းသည် ဘယ်နည်းနှင့်မှ သဿတ-ဒိဋ္ဌိမဖြစ်နိုင်ကြောင်း ထင်ရှားပါသည်ဘုရား၊ မိစ္ဆာဒိဋ္ဌိနှင့် သမ္မာဒိဋ္ဌိတို့သည် ဖြောင့်ဖြောင့်ဆန့်ကျင်ကြပါသည်။

"နတ္ထိ ဒိန္န"န္တ်ာဒိနာ နယေန ပဝတ္တာ မိစ္ဆာဒိဋ္ဌိ။(ဋီကာကျော် ၁၇၄။)

"အတ္ထိ ဒိန္န" န္တ်ာဒိနယပ္ပဝတ္တသမ္မာဒဿနဝသေန ဒိဋ္ဌိယာ ဥဇုကရဏံ ဒိဋ္ဌိဇုကမ္မံ နာမ။ (ဋီကာကျော်၊၁၇၇)

အလှူကြီး၏ အကျိုးမရှိ၊ အလှူကလေး၏အကျိုးမရှိ၊ လက်ဆောင်ပေးခြင်းအကျိုးမရှိ၊ ကောင်းမှုမကောင်းမှု၏ အကျိုးမရှိ၊ ဤလောက တမလွန်လောကမရှိ၊ ဩပပါတိကသတ္တဝါခေါ် နတ်ငြိဟ္မာအပါယ်ငရဲမရှိ၊ လောက၌ကောင်းစွာကျင့်၍ ကောင်းစွာသိပြီး ကောင်းစွာပြောနိုင်သော သမဏဗြာဟ္မဏမရှိ၊ ဘုရားမရှိ၊ တရားမရှိ၊ သံဃာမရှိ၊ သိက္ခာမရှိဟု ယူသောနည်းဖြင့် ဖောက်ပြန်မှားယွင်းသော အမြင်သည် မိစ္ဆာဒိဋ္ဌိမည်၏။ အလှူကြီး၏ အကျိုးရှိ၏ စသောနည်းဖြင့် ဖြစ်သော မှန်ကန်သောအမြင်၏ အစွမ်းအားဖြင့် အယူကို ဖြောင့်စွာပြုခြင်းသည် ဒိဋ္ဌိဇုကမ္မမည်၏။

အထက်ပါ အဘိဓမ္မာအဋ္ဌကထာ ဋီကာတို့၏ ဖွင့်ဆိုချက်သည်ပင် ကျောက်ပုံဝါဒီတို့ကဲ့သို့ ဝါးလုံးချေးသုတ် ဆုံးဖြတ်ချက်ထုတ်ပါက ဥစ္ဆေဒနှင့် သဿတနှစ်ခုတွင် တခုခုပင် ဖြစ်ရချေတော့မည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်တို့သည် ရတနာသုံးပါး ဘုရားစစ် ဘုရားမှန် တရားစစ် တရားမှန် သံဃာစစ် သံဃာမှန် ကေန်ရှိသည်ဟု ခံယူထားကြသဖြင့် လက်ဝဲလက်ယာ အစွန်းနှစ်ပါးမှ လွတ်သော ဗုဒ္ဓဘာသာသမ္မာအမြင် ဖြူစင်သူများအဖြစ်ဖြင့် ဝင့်ကြွားစွာ ရပ်တည်နေကြသည်ကို ကျောက်ပုံဝါဒီတို့ ကျေနပ်ပုံမရ၊ ဗုဒ္ဓဘာသာ တို့သူငါတို့သည် သိက္ခာသုံးဝ ကျင့်ကြံကြ၍ နိဿန္ဒအကျိုး ဖွံ့ဖြိုးလက်ကိုင် ကိုယ်တိုင်ကိုယ်ကျ ကျင့်နိုင်သလောက်ရနေသည်များကို လိုလားနှစ်သက်ဟန်မတူ၊ အယူမမှန်သူများအဖြစ် စော်ကား မော်ကား စွပ်စွဲရေးသားခဲ့ပေသည်။

အရိယာနှင့် အရိယာသာဝက ဗုဒ္ဓဘာသာတို့၏ အမြင်သည်ကား ပတ္တမြား လက်တွင်း ရှုမြင်ကွင်းကဲ့သို့ ရှင်းလင်းပြတ်သား လှပါပေသည်၊ ဘုရား တရား သံဃာ သိက္ခာ ပုဗ္ဗန္တ အပရန္တ ပုဗ္ဗန္တာပရန္တ ပဋိစ္စသမုပ္ပါဒ် ရှစ်ရပ်သော ဤတရား တို့ ရှိလေသလား မရှိလေသလားဟု ယုံမှားခြင်းသည် ဝိစိကိစ္ဆာဟု မှန်ကန်စွာ သိရှိကြပါသည်၊ ထိုတရားရှစ်ပါးတို့ မရှိဟု ပယ်ရှားပါက မိစ္ဆာဒိဋ္ဌိအယူမှားဟု လူတိုင်းက ဖြေကြားပေလိမ့်မည်၊ ထိုအရာရှစ်မျိုးတို့ရှိသည်ဟု ယုံကြည်ခြင်း သည် သဒ္ဓါမူလိကာ သမ္မာဒိဋ္ဌိမှန်ကန်သော အမြင်ဟူ၍ တထစ်ချ ဆုံးဖြတ် ကြပေမည်။

နိုင်ငံတော် **သီး**ခြားဝိနည်းမိုရ် ဆရာတော်မြတ်ကြီးများဘုရား—

သုတနည်းပါးသော ဗုဒ္ဓဘာသာဝင်များ တွေဝေသွားအောင် မမှန်ကန် သော စိတ်ထားဖြင့် ဟောပြောရေးသားထားသော ကျောက်ပုံဝါဒသည် ပါ-ဋ္ဌ-ဋ္ဌီတို့နှင့် မညီသဖြင့် အဓမ္မဝါဒ အဓမ္မဝါဒီတို့ဟူ၍ ဆုံးဖြတ်ပေးတော်မူပါရန် လေးမြတ်စွာ တောင်းပန် လျှောက်ထားပါသည်ဘုရား။

---

## စောဒနာ အမှတ် (၁၅)

**သမ္မသနဉာဏ်ကို ဝိပဿနာအစစ်ကြီးထင်မှား၍ အဓိကထားမပွားရဟူသော ကျောက်ပုံတောရဆရာတော်အမည်ခံ ဦးစံရင်း၏ရေးသားဟောပြောခြင်းနှင့် ပတ်သက်၍ စောဒနာချက်ပါဘုရား။**

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်မြတ်ကြီးများဘုရား—

ဝိပဿနာဉာဏ် ဆယ်တန်တို့တွင် သမ္မသနဉာဏ်သည်အဓိကအခြေခံဖြစ်သော ဉာဏ်ဖြစ်ပါသည်ဘုရား၊သို့ပါလျက် ကျောက်ပုံဆရာတော်အမည်ခံ ဦးစံရင်းသည် သူ၏နေယျသင်တန်း စာမျက်နှာ-၁၇၈-တွင်—

> မနေ့ကရှိသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ယနေ့သို့မလာ မူ၍ မနေ့ကပင် ပျောက်ပျက်ကုန်ဆုံးလေသောကြောင့် အနိစ္စဟူ၍ လည်းကောင်း ဆန့်တန်းသောအခါ၌ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် ကွေးသောအခါ၌မပါလာမူ၍ ထိုဆန့်တန်းသောအခါ၌ ပင်လျှင် ချုပ်ပျောက်လေသောကြောင့် အနိစ္စဟူ၍လည်းကောင်း ဝိပဿနာပွားများဆင်ခြင်မှုသည် တရားဦးခေါင်းဆုံးသော ဝိပဿနာ သမ္မာဒိဋ္ဌိအစစ်မှန်ဆုံး မဂ္ဂင်ကို မရနိုင်ပေ၊ရုပ်နာမ်အပေါ်၌ အဝေးအနီး စသော သမ္မသနဉာဏ်အရာအားဖြင့် သုံးသပ်စုံစမ်းမှုမျှသာဖြစ်ချေသည်၊ ဝိပဿနာအစစ်ကြီးထင်၍ အဓိကထားပြီးပွားများအပ်သော အရာဌာန မဟုတ်ချေဟူ၍ ဆိုထားပါသည်။

ကျောက်ပုံတောရဆရာတော်အမည်ခံ ဦးစံရင်း၏ အထက်ပါစကားသည် ရဟန်းရှင်လူ သူတော်စင်များပွားများအားထုတ်နေသော ဝိပဿနာအလုပ်ကို ဟန့်တားပိတ်ပင်သော စကားပင် ဖြစ်ပါသည်ဘုရား၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လိုချင်တောင့်တသော ယောဂါဝစရမည်တွင် သူတော်စင်သည် နာမရူပပရိစ္ဆေဒ ဉာဏ်အမြင်မှ မဂ်၏အနန္တရတိုင်အောင် လေးလေးစားစား ပွားများအားထုတ် ရမည်သာဖြစ်ပါသည်။ ထို့ကြောင့်ပင် ဝိသုဒ္ဓိမဂ် ဒု-နှာ၊ ၂၅၇ ၌—

"ယာ ဥဒ္ဒရဏေ [3]ပဝတ္တာ ခာတုယော, ယာနိ စ တဒုပါဒါယ ရူပါနိ၊ သဗ္ဗေ တေ ဓမ္မာ အတိဟရဏံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈန္တိ၊တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ။ တထာ အတိဟရဏေ ပဝတ္တာ ဝီတိဟရဏံ။ ဝီတိ-ဟရဏေ ပဝတ္တာ ဝေါဿဇ္ဇနံ။ဝေါဿဇ္ဇနေ ပဝတ္တာ သန္နိက္ခေပနံ။သန္နိက္ခေ-ပနေ ပဝတ္တာ သန္နိရုမ္ဘနံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈန္တိ။ ဣတိ တတ္ထ တတ္ထ ဥပ္ပန္နာ ဣာအရံ ဣတရံ ကောဋ္ဌာသံ အပ္ပတွာ တတ္ထ တတ္ထေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတွာ တတ္တကပါလေ ပက္ခိတ္တတိလာ ဝိယ တဋ္ဋ-တဋ္ဋာယန္တာ သင်္ခါရာ ဘိဇ္ဇန္တိ။ တသ္မာ အနိစ္စာ ဒုက္ခာ အနတ္တာ "တိ တဿေဝံ ပဗ္ဗပဗ္ဗဂတေ သင်္ခါရေ ဝိပဿတော ရူပသမ္မသနံ သုခုမံ ဟောတိ။

အနက်

သော၊ ထိုယောဂီသည်။ ဣတိ၊ ဤသို့။ပဋိသဉ္စိက္ခတိ၊ဆင်ခြင်၏။ကိံ၊ အဘယ် သို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်သနည်း။ ဥဒ္ဒရဏေ၊ ခြေကိုထုတ်ဆောင်ဆဲခဏ၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ယာခာတုယောစ၊အကြင်မဟာဘုတ်လေးပါး ဓာတ်ကြီး များတို့သည်လည်းကောင်း။ တဒုပါဒါယ၊ ထိုဓာတ်ကြီးလေးပါးတို့ကို စွဲမှီ၍။ ပဝတ္တာနိ၊ ဖြစ်ကုန်သော။ ယာနိ ရူပါနိ စ၊ အကြင်ရုပ်တို့သည်လည်းကောင်း။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေဓမ္မာ၊ ထိုဘူတရုပ် ဥပါဒါရုပ် တရားတို့သည်။ အတိဟရဏံ၊ တည်ရာအရပ်ကိုလွန်၍ ရှေးရှုဆောင်ဆဲခဏသို့။ အပ္ပတွာ၊ မရောက်မူ၍။ဧတ္ထေဝ၊ခြေကိုထုတ်ဆောင်ဆဲ ဖြစ်သောခဏ၌သာလျှင်။ နိရုဇ္ဈန္တိ၊ ချုပ်ကြကုန်၏။ ယသ္မာ၊ အကြင်ကြောင့်။ နိရုဇ္ဈန္တိ၊ ချုပ်ကြကုန်၏။ တသ္မာ၊ ထို့ကြောင့်။အနိစ္စာ၊ မမြဲ။ ဒုက္ခာ၊ ဆင်းရဲ၏။ အနတ္တာ၊ အတ္တမဟုတ်။ ဣတိ၊ ဤသို့။ ပဋိသဉ္စိက္ခတိ၊ ဆင်ခြင်၏။ တထာ၊ ထို့အတူ။ အတိဟရဏေ၊ တည်ရာအရပ်ကိုလွန်၍ ရှေးရှုဆောင်ဆဲခဏ၌။ပဝတ္တာ၊ ဖြစ်ကုန်သောမဟာဘုတ် လေးပါး ဥပါဒါရုပ်တရားတို့သည်။ ဝီတိဟရဏံ၊ ရှောင်လွှဲ၍ဆောင်ဆဲခဏသို့။ အပ္ပတွာ၊ မရောက်မူ၍။ ဧတ္ထေဝ၊ ဤရှောင်လွှဲ၍ ဆောင်ဆဲခဏ၌ပင်လျှင်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဝီတိဟရဏေ၊ ရှောင်လွှဲ၍ ဆောင်ဆဲခဏ၌။ ပဝတ္တာ၊ ဖြစ်ကုန်သောဘူတရုပ် ဥပါဒါရုပ်တရားတို့သည်။ ဝေါဿဇ္ဇနံ၊ ခြေကိုစုန့်လွှတ်ဆဲ

ခဏာသို့။ အပ္ပတွာ၊ မရောက်မူ၍။ ဧတ္တေဝ၊ ဤခြေကိုစွန့်လွှတ်ဆဲခဏ၌ပင်လျှင်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဝေါဿဇ္ဇနေ၊ ခြေကိုစွန့်လွှတ်ဆဲခဏ၌။ ပဝတ္တာ၊ ဖြစ်ကုန်သော ဘူတရုပ် ဥပါဒါရုပ်တရားတို့သည်။ သန္နိက္ခေပနံ၊ ခြေကိုချဆဲခဏသို့။ အပ္ပတွာ၊ မရောက်မူ၍။ ဧတ္တေဝ၊ ဤခြေကိုစွန့်လွှတ်ဆဲခဏ၌ပင်လျှင်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ သန္နိက္ခေပနေ၊ ခြေကိုချဆဲခဏ၌။ ပဝတ္တာ၊ ဖြစ်ကုန်သော ဘူတရုပ် ဥပါဒါရုပ်တရားတို့သည်။ သန္နိရုမ္ဘနံ၊ ခြေကိုဖိနှိပ်ချုပ်တည်းဆဲခဏသို့။ အပ္ပတွာ၊ မရောက်မူ၍။ဧတ္တေဝ၊ ဤခြေကိုချဆဲခဏ၌ပင်လျှင်။ နိရုဇ္ဈန္တိ၊ချုပ်ကုန်၏။ ဣတိ၊ ဤသို့။ တတ္ထတတ္ထ၊ ထိုထိုခဏတို့၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။တတ္ထတတ္ထေဝ၊ ထိုထိုဖြစ်ရာအရပ်၌ပင်လျှင်။ နိရုဇ္ဈန္တာ၊ချုပ်ကြကုန်လျက်။ ဣတရံ ဣတရံကောဋ္ဌာသံ၊ တပါး တပါးသောအဖို့အစုသို့။ အပ္ပတွာ၊ မရောက်ကြကုန်မူ၍။ တတ္ထတတ္ထေဝ၊ ထိုထိုဖြစ်ရာအရပ်၌ပင်လျှင်။ ပဗ္ဗံပဗ္ဗံ၊ အဆစ်အဆစ်။ သန္ဓိ သန္ဓိ၊အစပ်အစပ်။ဩဓိဩဓိ၊အရေးအရေး။ ဟုတွာ၊ဖြစ်ကြကုန်၍။တတ္တက-ပါလေ၊ လောလောပူသောအိုးကင်း၌။ ပက္ခိတ္တတိလာ၊ ထည့်အပ်သောနှမ်းတို့သည်။ တဋတဋာယန္တာ၊ ဖြဋ်ဖြဋ်အသံကိုပြုကြကုန်လျက်။ ဘိဇ္ဇန္တိဝိယ၊ ပျက်ကုန်သကဲ့သို့။ တထာ၊ထို့အတူ။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ ယသ္မာ၊ အကြင်ကြောင့်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အနိစ္စာ၊ မမြဲ။ ဒုက္ခာ၊ ဆင်းရဲ၏။ အနတ္တာ၊ အတ္တမဟုတ်။ ဣတိ၊ ဤသို့။ ပဋိသဉ္ဇိက္ခတိ၊ ဆင်ခြင်၏။

ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ပဗ္ဗပဗ္ဗဂတေ၊ အဆစ်အပိုင်းအပိုင်းသို့ ရောက်ကုန်သော။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ဝိပဿတော၊ ဝိပဿနာရှုသော။ တဿ၊ ထိုယောဂီ၏။ ရူပသမ္မသနံ၊ ရုပ်တရားကိုသုံးသပ်သော။ ဉာဏံ၊ သမ္မသန ဉာဏ်သည်။ သုခုမံ၊ သိမ်မွေ့သည်။ ဟောတိ၊ ဖြစ်လေတော့၏။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား–

အထက်ပါအဋ္ဌကထာစကား၌ သမ္မသနဉာဏ်ဟူသည်ကို လေးစားစွာ ပွားများသင့်သောဉာဏ်ဖြစ်ခြင်းကြောင့်ပင် အဋ္ဌကထာဆရာသည် အကျယ်ပြ ဆိုတော်မူခဲ့ပါသည်၊ ကျောက်ပုံတောရဆရာတော်အမည်ခံ ဦးစံရင်းသည် အထက်ပါအဋ္ဌကထာဆရာ၏ စကားရပ်ကို တိုက်ရိုက်ဆန့်ကျင်၍ ရေးသား ဟောပြောခဲ့ပါသည်ဘုရား။

ထို့ပြင် သမ္မသနဉာဏ်ဟူသည် အနိစ္စာနုပဿနာ ဒုက္ခာနုပဿနာ အနတ္တာ-နုပဿနာဉာဏ်ပင်ဖြစ်ပါသည်၊ ထိုအနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ်ကို လေးစားစွာပွားများထိုက်ကြောင်း မြတ်စွာဘုရား ကိုယ်တော်တိုင် ထိုထိုဒေသနာတို့၌ များစွာလာရှိပါသည်ဘုရား၊ သာဓက ထုတ်ပြပါမည်ဘုရား။

ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ် နှာ-၂၂၆-တွင်—

အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟယေ။

**မြန်မာပြန်**

သူတော်ကောင်းတို့၊ ကုန်လွန်ပြီးသော အတိတ်သင်္ခါရ ရုပ်နာမ်ဓမ္မသို့လည်း အစဥ်မလိုက်နှင့်၊ မရောက်လာသေးသော အနာဂတ်တရားကိုလည်း မတောင့်တနှင့်၊ ထိုထိုဖြစ်ဆဲခဏ၌ ဖြစ်ဆဲတရားကို မရွှေ့မလျား မပျက်ပြားသော အနုပဿနာဉာဏ်ခုနစ်တန်ဖြင့် ဝိပဿနာရှု၏၊ ထိုအနုပဿနာဉာဏ်ကိုလည်း ပညာရှိသောသူသည် တိုးပွားစေရမည်။

ဤသို့မြတ်စွာဘုရားက အနိစ္စာနုပဿနာဉာဏ် ဒုက္ခာနုပဿနာဉာဏ် အနတ္တာနုပဿနာဉာဏ်တို့ကို တိုးပွားအောင် ကြိုးစားရမည်ဟု ဟောတော်မူခဲ့ပါလျက် ဆန့်ကျင်ဘက်ပြု၍ အဆင့်နိမ့်သောဉာဏ်မျှ မလေးစားသင့်သယောင် ရေးသားဟောပြောသော ကျောက်ပုံဝါဒသည် သာသနာ့အန္တရာယ် ဓမ္မအန္တရာယ် အကယ်ဖြစ်ကြောင်းထင်ရှား သိသာလှပါ၍ အဓမ္မဝါဒဟု ဆုံးဖြတ်ချက်ချပေးတော်မူပါ နိုင်ငံတော် သီးခြားဝိနည်းခုံရုံ ဆရာတော်အရှင်မြတ်တို့ဘုရား။

---

## စောဒနာ အမှတ် (၁၆)

**အန္ဓပုထုဇဥ်နယ်က ပဒပရမပုဂ္ဂိုလ်များအတွက် ဘုရားပွင့်လာခြင်းမဟုတ်ဟူသော ရေးသားဟောပြောခြင်းနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။**

နိုင်ငံတော် သီးခြားဝိနည်းခုံရုံဆရာတော် အရှင်မြတ်များဘုရား—

နေယျသင်တန်း စာမျက်နှာ-၅၄-၌—

အန္ဓပုထုဇဥ်နယ်က ပဒပရမပုဂ္ဂိုလ်များအတွက် ဘုရားပွင့်လာတော်မူခြင်း မဟုတ်ပေ။

ဟုရေးထားပါသည်ဘုရား။ ထိုဟောပြောရေးသားချက်သည်—

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။
(သုတ္တနိ၊ ဋ္ဌ၊ ၂၊ ၂၉၇)

အနက်

လောကေ၊ လောက၌။ သဗ္ဗပါဏီနံ၊ ပုဂ္ဂိုလ်မခွဲမခြား ရှိရှိသမျှ သတ္တဝါများ တို့၏။ ဟိတာယ၊ စီးပွားချမ်းသာ အလို့ငှာ၊ ဗုဒ္ဓေါ၊ သစ္စာသိမြင် ဘုရားရှင်သည်။ သမုပ္ပန္နော၊ ဖြစ်ထွန်းပေါ်ပေါက်တော်မူပါပေ၏။ လောကေ၊ ၌။ သဗ္ဗပါဏီနံ၊ သတ္တဝါအလုံးစုံတို့၏။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဓမ္မော၊မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန် ဟု ဆယ်တန်မှတ်သား မြတ်တရားသည်။ သမုပ္ပန္နော၊ ဖြစ်ထွန်း ပေါ်ပေါက် တော်မူခဲ့ပါပေ၏။ လောကေ၊ လောက၌။ အနုတ္တရံ၊ မြတ်သော။ ပုညက္ခေတ္တံ၊ ကုသိုလ်မျိုးတို့စိုက်မျိုးချရာ လယ်မြေကောင်းနှင့် တူလှပါပေသော။ သံဃော၊ သံဃာတော်မြတ်သည်။ သမုပ္ပန္နော၊ ဖြစ်ထွန်းပေါ်ပေါက်တော်မူခဲ့ပါပေ၏ — ဟူသော အဋ္ဌကထာစကားနှင့် ဆန့်ကျင်နေပါသည်။

အထက်ပါစကားအရ ဘုရား တရား သံဃာ ရတနာသုံးပါး တို့သည် သုံး ဆယ့်ဘစ်ဘုံ ရှိရှိသမျှသတ္တဝါ အလုံးစုံတို့၏ အကျိုးငှာ ဖြစ်ပေါ်တော်မူခဲ့ကြပါ သည်။ ထိုမှတပါး သုတ်မဟာဝါ အဋ္ဌကထာ စာမျက်နှာ ၆၀-၌—

> တတ္ထ တိဏ္ဏံ ပုဂ္ဂလာနံ ဣမသ္မိံ ယေဝ အတ္တဘာဝေ ဘဂဝတော ဓမ္မ-ဒေသနာ အတ္ထံ သာဓေတိ၊ ပဒပရမာနံ အနာဂတေ ဝါသနတ္ထာယ ဟောတိ။

အနက်

တတ္ထ တေသု စတူသု ပုဂ္ဂလေသု၊ ထိုဥဂ္ဃဋိတညူ ဝိပဉ္စိတညူ နေယျ ပဒပရမပုဂ္ဂိုလ် လေးမျိုးတို့တွင်။ တိဏ္ဏံ ပုဂ္ဂလာနံ၊ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ နေယျပုဂ္ဂိုလ်သုံးမျိုးတို့၏။ ဣမသ္မိံ ယေဝ အတ္တဘာဝေ၊ ဤအတ္တဘော၌ပင် လျှင်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဓမ္မဒေသနာ၊ တရားဒေသနာတော်သည်။ အတ္ထံ၊ မဂ်ဖိုလ်ဟူသောအကျိုးကို။ သာဓေတိ၊ပြီးစေ၏။ ပဒပရမာနံ၊ ပဒပရမ ပုဂ္ဂိုလ်တို့အား။ အနာဂတေ၊ အနာဂတ်ကာလ၌။ ဝါသနတ္ထာယ၊ ဝါသနာ အကျိုးငှာ။ ဟောတိ၊ဖြစ်၏။

ထို့ပြင် သဠာယတနဝဂ္ဂသံယုတ် အဋ္ဌကထာ အာသီဝိသောပမသုတ် နှာ-၅၂-၌လည်း

> ပဒပရမဿေတံ သုတ္တံ အနာဂတေ ဝါသနာ ဘဝိဿတီတိ ဧဝံ သဗ္ဗေသမ္ပိ ဥပကာရဘာဝံ ဉတွာ ဘဂဝါ သိနေရုံ ဥက္ခိပန္တော ဝိယ အာကာသံ ဝိတ္ထာရေန္တော ဝိယ စက္ကဝါဠပဗ္ဗတံ ကမ္ပေန္တော ဝိယ စ မဟာဉာဏေန ဥဿာဟေန သေယျထာပိ ဘိက္ခဝေတိ ဣမံ အာသီဝိသော-ပမသုတ္တံ အာရဘိ။

မြန်မာ

ဤ အာသိဝိသောပမသုတ်သည် ပဒပရမပုဂ္ဂိုလ်၏ နောင်အခါ၌ အထုံ ဝါသနာဖြစ်ပေလိမ့်မည်ဟု ဤသို့ အလုံးစုံလည်း ဖြစ်ကုန်သော ပုဂ္ဂိုလ်လေးမျိုး တို့၏ အကျိုးရှိသည်၏အဖြစ်ကိုသိတော်မူ၍ မြတ်စွာဘုရားသည် မြင်းမိုရ်တောင် မင်းကို မ ချီ၍ထားဘိသကဲ့သို့လည်းကောင်း၊ ကောင်းကင်ကို ဖွင့်၍ပြဘိသကဲ့သို့ လည်းကောင်း စကြဝဠာကို တုန်လှုပ်စေသကဲ့သို့လည်းကောင်း ကြီးစွာသော အားထုတ်ခြင်းဖြင့် သေယျထာပိ ဘိက္ခဝေ-ဟူသော ဤအာသိဝိသောပမသုတ်ကို အားထုတ်ဟောကြားတော်မူ၏။

ဤအထက်ပါ အဋ္ဌကထာစကားများအရ မြတ်စွာဘုရားသည် ပဒပရမ ပုဂ္ဂိုလ်အတွက်လည်း ပွင့်တော်မူသည်မှာ ထင်ရှားပါသည်ဘုရား၊ ဆတ္တမာဏဝ လုလင်သည် ပဒပရမပုဂ္ဂိုလ်ပင်ဖြစ်ပါ၏၊မြတ်စွာဘုရားပွင့်တော်မူခြင်း၏ အကျိုး တရားကို ထင်ထင်ရှားရှားပင် ရရှိခံစားသွားရရှာပါပြီ၊ ဘုရားကိုယ်တော်မြတ် သည် နှုတ်တိုက်သင်ပေးတော်မူအပ်သော သရဏဂုံသီလကြောင့် ဒုတိယဘဝ၌ မဂ်ဖိုလ်ထိုက်သော နတ်သားဖြစ်လျက် နတ်သားအဖြစ်ဖြင့် ဘုရားထံ လာရောက် တရားနာ၍ သစ္စာသိမြင် ကျွတ်တမ်းဝင်တော်မူရပါသည်။

ဤကဲ့သို့သော လူသား ပဒပရမပုဂ္ဂိုလ်များပင် မဆိုထားဘိ တိရစ္ဆာန် သတ္တဝါများစွာတို့သည်ပင် ရတနာသုံးပါး၏ အကျိုးတရား ခံစားကြရပါသည်၊ သုကရပေါတိကာ ဝက်မကလေးသည် ဘုရားသခင်၏ ရူပကာယတော်ကို ရှုမြင်၍ ကြည်လင်သောစိတ်ဖြစ်ခဲ့ခြင်းတည်းဟူသော ကုသိုလ်ပစ္စည်းအကြောင်းဥပနိဿ ရည်းကြောင့် အနည်းငယ်သောဘဝ၌ သစ္စာသိမြင် ကျွတ်တမ်းဝင်ရရှာလေ သည်။

ဤကဲ့သို့ တိရစ္ဆာန်တို့ကိုပင် မဆိုထားဘိ ငရဲဘုံသားတို့ပင် ရတနာသုံးပါး၏ အကျိုးတရားကို ခံစားနိုင်ကြပါသည်၊ ဤသို့လျှင် ထေရဝါဒပိဋကတ်တော်၌ သတ္တဝါအလုံးစုံတို့၏ အကျိုးငှာ ရတနာသုံးပါးပွင့်ထွန်းပေါ် ပေါက်တော်မူသည် မှာ ထင်ရှားပါလျက် ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ နေယျပုဂ္ဂိုလ်သုံးမျိုးအတွက်သာ ဘုရားပွင့်တော်မူသည်ဟု ရေးသားဟောပြောသော ဦးစံရင်း၏ ရည်ရွယ်ချက်ကို ဝေဖန်စဉ်းစားသင့်သည်ဟု ထင်ပါသည်ဘုရား။

သာသနာနောက်ပိုင်းကာလ၌ ပုဂ္ဂိုလ်လေးမျိုးတို့တွင် နေယျ ပုဂ္ဂိုလ်နှင့် ပဒပရမပုဂ္ဂိုလ်တို့သည်သာ ရှိနိုင်ပါတော့သည်ဘုရား၊တိုနေယျနှင့်ပဒပရမပုဂ္ဂိုလ် နှစ်မျိုးတို့တွင်လည်း နေယျပုဂ္ဂိုလ်ဟူသည် အနည်းအကျဉ်းမျှ လောက်သာ ရှိနိုင်ပြီး ပဒပရမပုဂ္ဂိုလ်တွေကသာ အများစုဖြစ်နေပါလိမ့်မည်ဘုရား၊ကျွတ်ထိုက် သူနှင့် မကျွတ်ထိုက်သူ အရေအတွက်ကို မြတ်စွာဘုရားက နခသိခါသုတ်တွင်

ကျွတ်ထိုက်သူက လက်သဲပေါ်တွင် တင်သောမြေမှုန့်မျှလောက် ရှိ၍ မကျွတ်ထိုက်သူက ပထဝီမြေကြီးမျှလောက်ရှိသည် ဟု ဥပမာဖြင့်ရေတွက်ပြတော်မူခဲ့သည်ကိုထောက်၍ ယခုအခါ ပဒပရမပုဂ္ဂိုလ်က အများစု ဖြစ်နေလိမ့်မည်ဟု လျှောက်ထားခြင်းဖြစ်ပါသည်ဘုရား။

ထိုအများစုဖြစ်သောပဒပရမပုဂ္ဂိုလ်တို့သည် ဒို့အတွက်ဘုရားပွင့်တာမဟုတ်ဘူးတဲ့ဟု အသိမှားသွားကြသည်ရှိသော် ဗုဒ္ဓသာသနာတော်နှင့် စိမ်းကားသွားကြပေတော့မည်မှာ သေချာလှပါတော့သည်ဘုရား၊ ထိုအများစု ပဒပရမတို့သာသနာတော်နှင့် စိမ်းကားသွားကြသည်ရှိသော် ဗုဒ္ဓသာသနာတော် မှချကွယ်ပသွားနိုင်ပါသည်၊ သာသနာကွယ်ပသည်ရှိသော် လက်ဝဲစွန်း လက်ျာစွန်းရောက် မိစ္ဆာဝါဒီတို့သည် ၎င်းတို့၏ မိစ္ဆာဝါဒကို ဗုဒ္ဓဘာသာ ဗမာပြည်တွင် ထူထောင်ကြတော့မည်မှာ သေချာပါသည်ဘုရား၊ ဦးစံရင်း အမှူးရှိသော ကျောက်ပုံဝါဒီတို့သည် ဤသို့ သာသနာကွယ်ပစေလိုသော စေတနာဆိုးဖြင့် အတွင်းဝင်၍ ထိုးသော သာသနာအဖျက်ပိုးတို့ ဖြစ်ကြပါသည်ဘုရား၊ ထို့ကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူစဉ်က ပူဆွေးငိုကြွေးကြသော ပုထုဇဉ်, သောတာပန်, သကဒါဂါမ် ရဟန်းငယ်လေးများကို သုဘဒ်အမည်ရှိသော တောထွက်ရဟန်းကြီးက—

အလံ အာဝုသော မာ သောစိတ္ထ မာ ပရိဒေဝိတ္ထ သုမုတ္တာ မယံ တေန မဟာသမဏေန၊ ဥပဒ္ဒုတာ စ ဟောမ "ဣဒံ ဝေါ ကပ္ပတိ၊ ဣဒံ ဝေါ န ကပ္ပတီ"တိ၊ ဣဒါနိ ပန မယံ ယံ ဣစ္ဆိဿာမ၊ တံ ကရိဿာမ။ ယံ န ဣစ္ဆိဿာမ၊ န တံ ကရိဿာမ။ (ဒီ၊၂၊၁၃)

**အနက်**

ဘဂဝတိ၊ မြတ်စွာဘုရားသည်။ သတ္တာဟပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်စံတော်မူရာ နေ့မှ ခုနစ်ရက်ရှိလတ်သော်။ သုဘဒ္ဒေန၊ သုဘဒ္ဒအမည်ရှိသော။ ဝုဍ္ဎပဗ္ဗဇိတေန၊ သဘောမနက်အပြောခက်သည့်တောထွက်ရဟန်းကြီးသည်။အာဝုသော၊ ငါရှင်တို့။ အလံ၊မသင့်တော်ပါ။ တုမှေ၊ သင်တို့သည်။ မာ သောစိတ္ထ၊ မစိုးရိမ်မပူဆွေးကြပါကုန်လင့်။ မာ ပရိဒေဝိတ္ထ၊ မငိုကြွေး မမြည်တမ်းကြပါကုန်လင့်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ယသ္မာ၊ အကြင်ကြောင့်။ မယံ၊ ငါတို့သည်။ တေန၊ ထိုရဟန်းကြီး ဂေါတမမှ။ သုမုတ္တာ၊ ကောင်းစွာလှလှ လွတ်ကြရပေကုန်ပြီ။ တဒါ၊ ထိုရဟန်းကြီး ဂေါတမရှိစဉ်ကာလက။ မယံ၊ ငါတို့ကို။ တေန မဟာသမဏေန၊ ထိုရဟန်းကြီး ဂေါတမသည်။ ဥပဒ္ဒုတာ စ၊ ကပ်၍ နှိပ်စက်အပ်ကုန်သည်လည်း။ ဟောမ၊ ဖြစ်ကြရကုန်၏။ ကိံ၊ အဘယ်သို့ နှိပ်စက်အပ်ကုန်သနည်း။ ဣဒံ ကမ္မံ၊ ဤအမှု သည်။ ဝေါ၊ သင်တို့အား။ ကပ္ပတိ၊အပ်၏။ ဣဒံ

ကမ္မံ၊ ဤအမှုသည်။ ဝေါ၊သင်တို့အား။ န ကပ္ပတိ၊ မအပ်။ ဣတိ၊ ဤသို့ကပ်၍ နိပ်စက်အပ်ကုန်၏။ ဣဒါနိ ပန၊ ယခုအခါ၌ကား။ မယံ၊ငါတို့သည်။ ယံ၊ အကြင် အမှုကို၊ ကာတုံ၊ပြုခြင်းငှာ။ ဣစ္ဆိဿာမ၊ အလိုရှိကြကုန်အံ့။ တံ ကမ္မံ၊ထိုအမှုကို။ ကရိဿာမ၊ ပြုကြကုန်တော့အံ့။ ယံ ကမ္မံ၊ အကြင်အမှုကို။ ကာတုံ၊ ပြုခြင်းငှာ။ န ဣစ္ဆိဿာမ၊ အလိုမရှိကြကုန်အံ့။ တံ ကမ္မံ၊ ထိုအမှုကို။ န ကရိဿာမ၊ မပြုကြ ရကုန်တော့အံ့။ ဣတိ၊ ထို့ကြောင့်။ မာ သောစိတ္ထ၊ မစိုးရိမ်မပူဆွေးကြကုန် လင့်။ မာ ပရိဒေဝိတ္ထ၊ မငိုကြွေး မမြည်တမ်းကြကုန်လင့်။

ဤသို့သာသနာတော်ကို ပုတ်ခတ်စော်ကားသော စကားကိုပြောကြားသော အခါ ထိုစကားကို ကြားတော်မူရသော အရှင်မဟာကဿပ မထေရ်ကြီးသည် ဓမ္မသံဝေဂ ဖြစ်တော်မူ၍ သာသနာတော်ကို ကာကွယ်စောင့်ရှောက် တော်မူ သည့်ဆုံး နှလုံးမူလျက် ဓမ္မသေနာပတိအရာ၌တည်တော်မူကြသော သီးခြား ဝိနည်းဓိုရ် ဆရာတော်တို့သည် ပုဂ္ဂလ သ်ယောဇဉ်မဖက် ဓမ္မသက်သက်ဖြင့် ကြာမြင့်စွာသောကာလကစ၍သာသနာတော်ကိုစော်ကားခဲ့ကြသော ကျောက်ပုံ ဝါဒ ကျောက်ပုံဝါဒီတို့ကို အဓမ္မဝါဒ အဓမ္မဝါဒီတို့ဟူ၍ ဆုံးဖြတ်ချက် ချပေး တော်မူကြပါရန် လေးစားစွာ လျှောက်ထား တောင်းပန်အပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ ဘုရား။

---

## စောဒနာ အမှတ်(၁၇)

**ရုပ်နာမ်အစဉ်ကို လက္ခဏာရေးတင်၍ဝိပဿနာမရှုကောင်းဟု ဆိုသောကျောက် ပုံဝါဒီတို့၏ ရေးသားဟောပြောခြင်းနှင့် ပတ်သက်၍စောဒနာချက်ပါ ဘုရား။**

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များ ဘုရား—

ကျောက်ပုံ ဆရာတော်အမည်ခံ ဦးစံရှင်းရေး – နေယျသင်တန်း စာမျက်နှာ ၁၇၁-၌—

(က) ရုပ်တဖွားဖွား၊ နာမ်တဖွားဖွားဆိုသည့် သန္တတိအစဉ်သည် ရုပ်နာမ် တို့၏ပရမတ်နယ်ကနေ၍ ပြောရလျှင် ကံစိတ် ဥတုအဟာရ ဆိုသည့် အကြောင်းတရားတို့၏ အရှိန်ကြောင့် ဓမ္မနိယာမအတိုင်း ရှေ့နောက် စဉ်၍ ဖြစ်စမြဲဖြစ်ရပုံကိုသာ ဖော်ပြသည့် သန္တတိ အစဉ်တန်းမျှသာ ဖြစ်၍ လက္ခဏာရေးတင်၍ ရှုအပ်သော ဝိပဿနာ အစစ်မဟုတ်ချေ၊ ရုပ်တဖွားဖွား နာမ်တဖွားဖွားကို လက္ခဏာရေးတင်၍ ဝိပဿနာရှု ခြင်းသည် ဝိပဿနာတု၊ ဝိပဿနာယောင်ဝါးမျှသာ ဖြစ်ချေသည်။

ထို့ပြင် ဓမ္မဒီပဦးဥေယျရေး နာတိသခေ်ပ ပညာသိဝိပဿနာကျမ်း **စာမျက်နှာ – ၁၆၃၊ ၌—**

(ခ) ရုပ်တဖွားဖွား နာမ်တဖွားဖွားဆိုသည့်ဖြစ်ပျက်ဖြစ်ပျက် သို့မဟုတ် ပေါ်ပျက် ပေါ်ပျက် ပြောဆိုသုံးနှုန်း ယူဆကြသော ရှေးနှင့်နောက် စီတန်းကာ သွားနေသည့် သန္တတိခေါ် မဆုံးနိုင်တဲ့ နိယာမအစဉ် တရားကို ဝိပဿနာစစ် ထင်မှတ်ပြီး ပွားများဆင်ခြင် ပြုလုပ်အား ထုတ်နေကြတဲ့ ယောဂီပုဂ္ဂိုလ် လူထိုထိုတို့။

ဦးဝိရိယာဓိကဉာဏရေး–လေးလွှာဖျက်ခဏ်း အနတ္တဝိပဿနာကျမ်း၊ စာမျက်နှာ–၂၀၊ ၂၁မှ–

(ဂ) ဤလိုတဖွားဖွား တရွရွ တဒိတ်ဒိတ် သဲကမ်းပါးကြီး ပြိုတာလို နှမ်းတွေဒယ်အိုးထဲထည့်၍ လှော်တာလို ဖြစ်ဖြစ် ဖြစ်ဖြစ် ရွရွ ရွရွ တွေ့လိမ့်မည်ဟု ဆရာလုပ်သူက စကားပတ်သေးကြောင်း တရားပတ်သေးကြောင်း ပေးထား၏၊ တပည့်လုပ်သူက ဆရာခိုင်းတဲ့ အတိုင်း ဆရာလုပ်သူ ညွှန်ကြားတဲ့အတိုင်း အားထုတ်၏ ဟု ရေးသားထားပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်များ ဘုရား–

အထက်ပါ ကျောက်ပုံ ဆရာတော် အမည်ခံ ဦးစံရင်းနှင့် ကျောက်ပုံဝါဒီတို့၏ ဆိုလိုရင်းမှာ တဖွားဖွားနှင့် အစဉ်မပြတ် ဖြစ်ပျက်နေသည့် ရုပ်နာမ်များကို ဝိပဿနာ မရှုရဟု ဆိုလိုရင်းဖြစ်သည်ကို တွေ့ရပါသည် ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အနှံ့အပြားတွင် ဘဝဝဋ်ကျွေး လွတ်လပ်ရေးအတွက် အသက်ကိုပင် ပဓာန မထားပဲ လောကီခန္ဓာ၊ အာယတနတဆယ်နှစ်ရပ်၊ ဓာတ်တဆယ့်ရှစ်ဖြာတို့ကို လက္ခဏာယာဉ် သုံးပါးတင်၍ ခပ်တုင်တွင် ကြိုးစားနေကြသော ဗုဒ္ဓဘာသာဝင် သူတော်စင်များ၏ မမှားမုချ ရရှိတော့မည့် မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် မြတ်သောနိဗ္ဗာန် တခန္ဓာ တဘဝမှာဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရသေးသော်လဲ နောင်ခါကာလ သေချာစွာရဖို့ အကြောင်း အားကြီးသော ဥပနိဿယ အမျိုးကောင်းကိုရရှိသွားကြတော့မည်ကို လားလားမှ နှစ်သက်ပုံမရ၊ ခြောက်ထပ်နေ ကိုမာရသို့ အန္တကအယုတ် နှလုံးပုပ်ဖြင့် အားထုတ်ကန့်ကွက် နှောင့်ယှက် နေခြင်းဖြစ်ပါသည် နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်မြတ်တို့ ဘုရား။

မှန်ပါသည် ဆရာတော် မြတ်များဘုရား၊ ဝိပဿနာညဏ်ဖြစ်ရာ ဘူမိသည် ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါး၊ အာယတန တဆယ့်နှစ်ပါး ဓာတ် တဆယ့်ရှစ်ပါး အကျဉ်းအကျယ်အားဖြင့် ခြားနားသော်လည်း လောကီရုပ်နာမ် ပရမတ်တရားများသာ ဖြစ်ကြောင်း ဆရာတော်ဘုရားကြီးများ သိပြီးဖြစ်ပါတော့သည်ဘုရား။

ဝိပဿနာ၏အစ နာမရူပ ပရိစ္ဆေဒဉာဏ်မှစ၍ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် သစ္စာနုလောမိကဉာဏ်တိုင်အောင် အစဉ်မပြတ် မရပ်မနား တဖွားဖွား ဖြစ်ပျက် နေသော ရုပ်နာမ်တရားများကိုသာ၊ ဝါ-ရုပ်တဖွားဖွား နာမ်တဖွားဖွားကိုသာ လက္ခဏာယာဉ် သုံးပါးတင်၍ ဆင်ခြင်ရှုပွားရပါသည် ဘုရား။ ဝိပဿနာတို့ကို ပြည့်ပြည့်စုံစုံ ပြဆိုရာဖြစ်သော သင်္ဂါယနာခြောက်တန်တင် ပါဠိတော် အဋ္ဌကထာများ ဖြစ်ကြသော ပဋိသမ္ဘိဒါမဂ် ပါဠိတော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ စသော ကျမ်းအစောင်တို့၌ ရုပ်တဖွား နာမ်တဖွားဖွား ကို ဝိပဿနာရှုရမည်ဖြစ်ကြောင်း ပြဆိုထားပါသည် ဘုရား။

ဝိသုဒ္ဓိမဂ် ဒုတိယအုပ် စာမျက်နှာ– ၂၂၂၊ ၌–

သော သမ္ဗုမ္ဗတံ ရုပ္ပနတော ရူပန္တိ ဝဝတ္ထပေတိ။ တတော နမနလက္ခဏံ နာမံ၊ ရုပ္ပနလက္ခဏံ ရူပန္တိ သင်္ခေပတော နာမရူပံ ဝဝတ္ထပေတိ။

မြန်မာပြန်

ညွတ်တတ်သော သဘောလက္ခဏာရှိတာက နာမ်တရား၊ ဖောက်ပြန်တတ် သော သဘောလက္ခဏာရှိ တာက ရုပ်တရား၊ ဤသို့အကျဉ်းအားဖြင့် နာမ်နှင့် ရုပ်ကို ပိုင်းခြား၍ ရှု၏ ဟူ၍လည်းကောင်း။

နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။ (ဝိသုဒ္ဓိ၊၂၊၂၂၂။)

မြန်မာပြန်

နာမ်နှင့် ရုပ်တို့ကို အမှန်အတိုင်း သိမြင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏ ဟူ၍လည်းကောင်း။

ဧဝံ နာနာနယေဟိ နာမရူပပစ္စယပရိဂ္ဂဟဏေန တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဌိတံ ဉာဏံ ကင်္ခါဝိတရဏဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ(ဝိသုဒ္ဓိ၊၂၊၂၃၉)

မြန်မာပြန်။

ဤသို့အထူးထူးသော နည်းတို့ဖြင့် နာမ်ရုပ်တို့၏အကြောင်း ပစ္စည်းကို သိမ်းဆည်းသောဉာဏ်ဖြင့် ကာလသုံးပါးတို့၌ ဖြစ်ပွားသော ရုပ်နာမ်တို့ အပေါ်မှာ ယုံမှားကင်းလျက် တည်သောဉာဏ်ကို ကင်္ခါဝိတရဏဝိသုဒ္ဓိ ဟု သိအပ်၏ ဟူ၍လည်းကောင်း။

သင်္ခါရေ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ ပဌမံ ဇဝနစိတ္တံ၊ ယံ ပရိကမ္မန္တိ ဝုစ္စတိ။ တဒနန္တရံ တထေဝ သင်္ခါရေ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ ဒုတိယံ ဇဝနစိတ္တံ၊ ယံ ဥပစာရန္တိ ဝုစ္စတိ။ တဒနန္တရမ္ပိ တထေဝ သင်္ခါရေ အာရမ္မဏံ ကတွာ ဥပ္ပဇ္ဇတိ တတိယံ ဇဝနစိတ္တံ၊ ယံ အနုလောမန္တိ ဝုစ္စတိ။ (ဝိသုဒ္ဓိ၊၂၊ ၃၀၇)။

**အနက်**

သင်္ခါရေ၊ မရပ်မနား တဖွားဖွားနှင့် ဖြစ်ပျက်နေကြသော ရုပ်တဖွားဖွား နာမ်တဖွားဖွား သင်္ခါရတရားတို့ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ယံ၊ အကြင် စိတ်ကို။ ပရိကမ္မန္တိ၊ ပရိကမ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပထမံ၊ ရှေးဦးစွာသော။ တံဇဝနစိတ္တံ၊ ပရိကံမည်သော ထိုပထမဇောစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒန-န္တရံ၊ ထိုပရိကံ၏အခြားမဲ့၌။ တထေဝ၊ ထို့အတူသာလျှင်။ သင်္ခါရေ၊ ရုပ်တဖွား ဖွား နာမ်တဖွားဖွား သင်္ခါရတရားတို့ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ယံ၊ အကြင်စိတ်ကို။ ဥပစာရန္တိ၊ ဥပစာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒုတိယံ၊ နှစ်ခု မြောက် ဖြစ်သော။ တံဇဝနစိတ္တံ၊ ဥပစာမည်သော ထိုဒုတိယဇောစိတ်ကလေး သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒနန္တရံ၊ ဥပစာမည်သော ထိုဒုတိယဇောစိတ်၏ အခြားမဲ့၌။ တထေဝ၊ ထို့အတူသာလျှင်။ သင်္ခါရေ၊ ရုပ်တဖွားဖွား နာမ်တ ဖွားဖွား သင်္ခါရတရားတို့ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ယံ၊ အကြင်ဇောကို။ အနုလောမန္တိ၊ အနုလုံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တတိယံ၊ သုံးခုတို့၏ ပြည့် ကြောင်းဖြစ်သော။ တံဇဝနစိတ္တံ၊ အနုလုံမည်သော ထိုတတိယဇောသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား—

သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းလိုသော ယောဂါဝစရပုဂ္ဂိုလ်သည် ဝိပဿနာ ဉာဏ်၏ အစဖြစ်သော နာမရူပပရိစ္ဆေဒဉာဏ်မှစ၍ အနုလုံတိုင်အောင် အစဉ် မပြတ် မရပ်မနား တဖွားဖွားဖြစ်ပျက်နေသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့ကို ရုပ် တဖွားဖွား နာမ်တဖွားဖွားတို့ကိုသာ လက္ခဏာရေးတင်၍ ဆင်ခြင်ရှုမှတ်ရ ကြောင်း ကောင်းစွာထင်ရှားပြီးဖြစ်၍ သာသနာပျောက်ကွယ်လျှင် မိစ္ဆာဝါဒ ဥစ္ဆေဒဝါဒတည်ထောင်ရန် အကြံဆိုးဖြင့် ပဋိပတ္တိသာသနာကို အန္တရာယ်ပြုလာ သော ကျောက်ပုံဝါဒကို အဓမ္မဝါဒ ကျောက်ပုံပါင်တို့ကို အဓမ္မဝါဒီများဟူ၍ ဆုံးဖြတ်ပေးတော်မူကြပါရန် လေးစားစွာ လျှောက်ထားတောင်းပန်ပါသည် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်မြတ်ကြီးများဘုရား။

---

## စောဒနာ အမှတ် (၁၈)

**နာမရူပပရိစ္ဆေဒဉာဏ်ရအောင် ဝိပဿနာရှုပွားသူများအား ပွားများအား ထုတ်သော ဆန္ဒကင်းသွားအောင် ဦးစံရင်း၏ ရေးသားဟောပြောခြင်းနှင့် ပတ်သက်၍ စောဒနာချက်ပါဘုရား။**

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်များဘုရား—

သိတတ်တာကနာမ် မသိတာကရုပ် ညွတ်တတ်တာကနာမ် ဖောက် ပြန်တာကရုပ် ရှုတတ်သည့်သဘောကနာမ် အရှုခံရသည်ကရုပ် စသည်

ဖြင့် ရုပ်မှုန်ကလေးတွေ တဖွားဖွားဖြစ်ပျက်နေသည်ကို ကိုယ်တွေ့သိမြင်ရ၍ နာမရူပပရိစ္ဆေဒဉာဏ်ပိုင်ပြီ နာမ်နှင့်ရုပ်ကွဲပြီဟု ယူဆခြင်းသည် ယထာဘူတကျနမှန်ကန်သော နာမရူပပရိစ္ဆေဒဉာဏ် မဟုတ်သဖြင့် အထက်ဉာဏ်များကို မသိမမြင်နိုင်ချေ။ (နေ-နှာ-၆၅)။

အထက်ပါစကားဖြင့် ကျောက်ပုံဝါဒီတို့သည် ညွှတ်တတ်သော သဘောလက္ခဏာသည် နာမ်မည်၏၊ ဖောက်ပြန်သော သဘောလက္ခဏာသည် ရုပ်မည်၏။ ဤသို့ အကျဉ်းသဓေ်ပအားဖြင့် နာမ်နှင့်ရုပ်ကို ပိုင်းခြားရှုမှတ်ရ၏ဟူ၍လည်းကောင်း၊ နာမ်နှင့်ရုပ်တို့ကို အမှန်အတိုင်းသိမြင်ခြင်းသည် အယူအမြင်စင်ကြယ်ခြင်းမည်၏ဟူ၍လည်းကောင်း ပြဆိုထားသော ဝိသုဒ္ဓိမဂ် ပဋိသမ္ဘိဒါမဂ်တို့၌လာသော ဝိပဿနာရှုနည်းလမ်းမှန် အခြေခံတို့ကို ကန့်ကွက်ခြင်းဖြစ်ပါသည်ဘုရား။

ပရိယတ္တိနှင့် ညီညွတ်သော ပဋိပတ္တိသာသနာကို နှောင့်ယှက်ဖျက်ဆီးခြင်းလည်း ဖြစ်ပါသည်ဘုရား။ ငါသူတပါး ယောကျ်ား မိန်းမ ပုဂ္ဂိုလ်သတ္တဝါမဟုတ် နာမ်နှင့်ရုပ်သာ ဟုတ်၏ စသည်ဖြင့် နာမရူပပရိစ္ဆေဒဉာဏ် အခြေခံ၍ လမ်းမှန်အတိုင်း ဝိပဿနာရှုသွားလျှင် အရဟတ္တဖိုလ်ထိ ရောက်နိုင်ကြောင်း အစောင်စောင်သော ပါဠိ အဋ္ဌကထာတို့တွင် လာရှိပါသည်ဘုရား။

ဒီဃနိကာယ် မဟာဝဂ္ဂ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာစာမျက်နှာ-(၃၅၅)တွင် အောက်ပါအတိုင်း ပြဆိုထားပါသည်ဘုရား။

> အဿာသပဿာသကမ္မိကော "ဣမေ အဿာသပဿာသာ ကိံ နိဿိတာ၊ ဝတ္ထုံ နိဿိတာ၊ ဝတ္ထုနာမ ကရဇကာယော၊ ကရဇကာယော နာမ "စတ္တာရိ မဟာဘူတာနိဥပါဒါရူပဉ္စ"တိ ဧဝံ ရူပံ ပရိဂ္ဂဏှာတိ။ တတော တဒါရမ္မဏေ ဖဿပဉ္စမကေ နာမန္တိ။ ဧဝံ နာမရူပံ ပရိဂ္ဂဟေတွာ တဿ ပစ္စယံ ပရိယေသန္တော အဝိဇ္ဇာဒိပဋိစ္စသမုပ္ပါဒံ ဒိသွာ "ပစ္စယပစ္စယုပ္ပန္နမတ္တမေဝေတံ၊ အညော သတ္တော ဝါ ပုဂ္ဂလော ဝါ နတ္ထိ" တိ ဝိတိဏ္ဏကင်္ခေါ သပ္ပစ္စယနာမရူပေတိလက္ခဏံ အာရောပေတွာ ဝိပဿနံ ဝဍ္ဎေန္တော အနုက္ကမေန အရဟတ္တံပါပုဏာတိ။

## မြန်မာပြန်

အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသော ယောဂီရဟန်းသည် ဤထွက်သက်ဝင်သက်တို့သည် အဘယ်ကိုမှီကုန်သနည်းဟု ဆင်ခြင်၍ ဤထွက်သက်ဝင်သက်တို့သည် ဝတ္ထုကိုမှီကုန်၏ဟုသိ၍ ဝတ္ထုဟူသည် ကရဇကာယတည်း၊ ကရဇကာယဟူသည် မဟာဘုတ်လေးပါးနှင့် ဥပါဒါရုပ်များဖြစ်၏ဟု ရုပ်ကို

ပိုင်းခြားမှတ်သားရှုပွား၏၊ ရုပ်ကိုသိပြီးသည်မှနောက်၌ ထိုကရဇကာယဟူသော အာရုံရှိကုန်သော ဖဿလျှင် ငါးခုမြောက်ရှိကုန်သော ဝေဒနာ သညာ စေတနာ ဝိညာဏ်တရားတို့ကို ဤတရားအပေါင်းသည် ညွတ်တတ်သောကြောင့် နာမ် မည်၏ဟု နာမ်တရားကို ပိုင်းခြားမှတ်သားရှုပွား၏၊ ဤသို့ နာမ်နှင့်ရုပ်ကို ပိုင်းခြားမှတ်သားရှုပွားပြီး၍ ထိုနာမ်ရုပ်၏ အကြောင်းကို ရှာမှီးသည်ရှိသော် အဝိဇ္ဇာအစရှိသော ပဋိစ္စသမုပ္ပါဒ်ကို သိမြင်ရ၍ ဤနာမ်နှင့်ရုပ်သည် အကြောင်း အကျိုးမျှသာရှိ၏၊ အကြောင်းအကျိုးမှတပါးသော သတ္တဝါသည်သော်လည်း ကောင်း ပုဂ္ဂိုလ်သည်သော်လည်းကောင်း မရှိဟု လွန်မြောက်ပြီးသော ယုံမှား သံသယရှိသည်ဖြစ်၍ အကြောင်းနှင့်တကွသော နာမ်နှင့်ရုပ်၌ အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာဟူသော သုံးပါးသော လက္ခဏာယာဉ်တင်၍ ဝိပဿနာတရားပွားများစေသည်ရှိသော် အစဉ်အားဖြင့် အရဟတ္တဖိုလ်သို့ရောက် နိုင်၏။

နိုင်ငံတော် သီးခြားဝိနည်းမှိုရ် ဆရာတော်မြတ်ကြီးများဘုရား—

အထက်ပါ အဋ္ဌကထာဆရာ ပြဆိုတော်မူသောနည်းအတိုင်း ရုပ်နာမ်သိ သောဉာဏ် အခြေခံ၍ ဝိပဿနာပွားသဖြင့် အရဟတ္တဖိုလ်သို့ရောက်တော်မူ ကြသော အရိယာပုဂ္ဂိုလ်အပေါင်းသည် မရေမတွက်နိုင်တော့ပါဘုရား၊ နောင် လည်း ဤနည်းအစဉ်ဖြင့် ကျင့်သောသူတို့ မရေမတွက်နိုင်အောင် အရဟတ္တ ဖိုလ်သို့ ရောက်တော်မူကြပါလိမ့်ဦးမည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းမှိုရ်ဆရာတော်မြတ်ကြီးများဘုရား—

ဤအထက်ပါ အကိုးအကားဖြင့်ပင် ကျောက်ပုံတောရဆရာတော်အမည်ခံ ဦးစံရင်းရေးသားဟောပြောသော ရုပ်နာမ်ကို ရှုသဖြင့် အထက်ဉာဏ်မရနိုင် ဆိုသောစကားသည် မှားယွင်းသောစကား ပဋိပတ္တိသာသနာကို အန္တရာယ်ပြု သော ဓမ္မန္တရာယ်စကားဖြစ်ကြောင်း ထင်ရှားပြီဖြစ်၍ ကျောက်ပုံဝါဒနှင့် ကျောက်ပုံဝါဒီတို့ကို အဓမ္မဝါဒ အဓမ္မဝါဒီတို့ဟူ၍ ဆုံးဖြတ်ပေးတော်မူကြပါ ဘုရား။

---

## စောဒနာ အမှတ် (၁၉)

**အာရုံခြောက်ပါး တရားများကို ကာလသုံးပါးမှ လွတ်၏ဟု ကျောက်ပုံဝါဒီ ဦးစံရင်း၏ ရေးသားဟောပြောခြင်းနှင့် ပတ်သက်၍ စောဒနာချက်ပါဘုရား။**

အမှတ်(၄) နိုင်ငံတော်သီးခြားဝိနည်းမှိုရ် ဆရာတော်ကြီးများဘုရား—

ကျောက်ပုံဝါဒ မူလပဘဝဖြစ်သော ဦးစံရင်းသည် သူ၏ ကမ္ဘာ့ဝိပဿနာ နေယျသင်တန်း စာအုပ်၌—

မျက်စိအကြည့်ကို ထိခိုက်ခြင်းငှာထိုက်သောအဆင်းဟု သမုတ်ခံရသော သဘောလေးသည် အရင် မရှိ၊ ခုမရှိ၊ နောင်မရှိ၊ ကာလသုံးပါးမှ လွတ်၏။ ဟု ရေးသားထားပါသည်ဘုရား။ (နေ၊ နှာ- ၂၀၇)။

အထက်ပါ ဦးစံရင်း၏ ရေးသား ဟောပြောချက်သည် ဓမ္မသင်္ဂဏီပါဠိတော် နှင့် ကွဲလွဲဆန့်ကျင်နေသည်ကို တွေ့ရပါသည်။ ဓမ္မသင်္ဂဏီပါဠိတော် တိကမာတိကာ၌—

အတီတာ ဓမ္မာ၊ အနာဂတာ ဓမ္မာ၊ ပစ္စုပ္ပန္နာ ဓမ္မာ—

ဟု မာတိကာထားတော်မူ၍ နိက္ခေပကဏ္ဍ နှာ၊၂၁၃-၌—

> ကတမေ ဓမ္မာ အတီတာ၊ယေ ဓမ္မာ အတီတာ နိရုဒ္ဓါ ဝိဂတာ ဝိပရိဏတာ အတ္ထင်္ဂတာ အဗ္ဘတ္ထင်္ဂတာ ဥပ္ပဇ္ဇိတွာ ဝိဂတာ အတီတာ အတီတံသေန သင်္ဂဟိတာ ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ။ဣမေ ဓမ္မာ အတီတာ။

မြန်မာပြန်။

အတိတ်ဖြစ်သော အကြောင်တရားတို့သည် ချုပ်ကုန်ပြီ ကင်းကုန်ပြီ ဖောက်ပြန်ကုန်ပြီ၊ ချုပ်ခြင်းသို့ ရောက်ကုန်ပြီ ဖြစ်ပြီး၍ ကင်းကုန်ပြီ၊ လွန်ကုန်ပြီ၊ လွန်ပြီးသောအဖို့ဖြင့် ရေတွက်အပ်ကုန်ပြီ၊ ထိုတရားတို့သည် အဘယ်သည်တို့နည်း။ ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့တည်း။ ဤခန္ဓာငါးပါးတို့သည် အတိတ်ကာလ၌ဖြစ်သော တရားတို့ မည်ကုန်၏ ဟူ၍ ခန္ဓာငါးပါးတို့သည် အတိတ်ကာလဖြစ်ကြောင်း ကောင်းစွာဟောကြားထားရာ အဆင်းသည် အတိတ်ကာလိက ဓမ္မထဲမှာလည်း ပါဝင်နေသည်ကို တွေ့ရပါသည် ဘုရား။

> ကတမေ ဓမ္မာ အနာဂတာ၊ယေ ဓမ္မာ အဇာတာ အဘူတာ အသဉ္ဇာတာ အနိဗ္ဗတ္တာ အနဘိနိဗ္ဗတ္တာ အပါတုဘူတာ အနုပ္ပန္နာ အသမုပ္ပန္နာ အနုဋ္ဌိတာ အသမုဋ္ဌိတာ အနာဂတာ အနာဂတံသေန သင်္ဂဟိတာ ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ။ ဣမေ ဓမ္မာ အနာဂတာ။

မြန်မာပြန်

အနာဂတ်ဖြစ်သော အကြောင်တရားတို့သည် မဖြစ်သေး ထင်ရှားမရှိသေး၊ ကောင်းစွာ ထင်ရှားမဖြစ်သေး ဖြစ်ဆဲမဟုတ်သေး၊ ရှေးရှုဖြစ်ဆဲ မဟုတ်သေး၊ ထင်ရှားမရှိသေး၊ မဖြစ်ပေါ်သေး၊ ကောင်းစွာ ဖြစ်ပေါ်မလာသေး၊ အစဉ်မတည်သေး၊ ကောင်းစွာ အစဉ်မတည်သေး၊ မရောက်လာသေး၊ အနာဂတ်

အဖို့ဖြင့် ရေတွက်အပ်ကုန်၏။ ထိုအနာဂတ်တရားတို့သည် အဘယ်သည်တို့နည်း၊ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ငါးတည်း။ ဤတရားတို့သည် အနာဂတ်ကာလ၌ ဖြစ်သော တရားတို့ မည်ကုန်၏ ဟူ၍ ဟောတော်မူပါသည်။

အထက်ပါ ပါဠိတော်အရ အာရုံခြောက်ပါးတို့သည် ခန္ဓာငါးပါးပင် ဖြစ်ရကား အနာဂတ်ကာလိက ဓမ္မ၌လည်း ပါဝင်နေပါသည်။ တဖန်ဆက်၍–

> ကတမေ ဓမ္မာ ပစ္စုပ္ပန္နာ ယေ ဓမ္မာ ဇာတာ ဘူတာ သဉ္ဇာတာ နိဗ္ဗတ္တာ အဘိနိဗ္ဗတ္တာ၊ ပါတုဘူတာ ဥပ္ပန္နာ သမုပ္ပန္နာ ဥဋ္ဌိတာ သမုဋ္ဌိတာ ပစ္စုပ္ပန္နာ ပစ္စုပ္ပန္နံသေန သင်္ဂဟိတာ ရူပံ ဝေဒနာ သညာ သင်္ခါရာ ဝိညာဏံ။ ဣမေ ဓမ္မာ ပစ္စုပ္ပန္နာ။

ဟူ၍ ဟောတော်မူခဲ့ပါသည်။

မြန်မာပြန်

အကြင် ပစ္စုပ္ပန်တရားတို့သည် ဖြစ်ဆဲ ထင်ရှားဆဲ ကောင်းစွာဖြစ်ဆဲ ဖြစ်ပေါ်ဆဲ ရှေးရှုဖြစ်ပေါ်ဆဲ ထင်ရှားရှိဆဲ ဖြစ်ပေါ်ဆဲ ကောင်းစွာ ဖြစ်ပေါ်ဆဲ အစဥ်တည်ဆဲ ကောင်းစွာအစဥ်တည်ဆဲ ဖြစ်ဆဲ၊ ဖြစ်ဆဲ ပစ္စုပ္ပန်အဖို့ဖြင့် ရေတွက်အပ်ကုန်၏။ ထိုတရားတို့ဟူသည် အဘယ်တို့နည်း၊ ရူပက္ခန္ဓာ ဝေဒနာက္ခန္ဓာ သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာဏက္ခန္ဓာ ငါးတည်း။ ဤတရားတို့သည် ပစ္စုပ္ပန်တရားတို့ မည်ကုန်၏။

အထက်ပါ ပါဠိတော်အရ ခန္ဓာငါးပါးသာဖြစ်သော အာရုံခြောက်ပါးတို့သည် တေကာလိကဓမ္မဖြစ်သည်ဆိုတာ ထင်ရှားလှပါသည် ဘုရား။

သို့ပါလျက် ဦးစံရင်းသည် မြတ်စွာဘုရား ပါဠိတော်နှင့် ဆန့်ကျင်၍ အဆင်းသည်လည်း အရင်မရှိ၊ ခုမရှိ၊ နောင်မရှိ ကာလသုံးပါးမှ လွတ်၏ဟု ဟောပြောရေးသားခြင်းသည် အဓမ္မဖြစ်သော ဟောပြောရေးသားခြင်းသာဖြစ်ကြောင်း လျှောက်ထားပါသည်ဘုရား။

## စောဒနာ အမှတ် (၂၀)

**ကျောက်ပုံဆရာတော် အမည်ခံ ဦးစံရင်း၏ ဟာဒယဝတ္ထုယူဆပုံ ဟောပြောရေးသားခြင်းနှင့် ပတ်သက်၍ စောဒနာချက်ပါဘုရား။**

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား–

ကျောက်ပုံတောရ ဆရာတော် အမည်ခံ ဦးစံရင်းက နေယျသင်တန်း စာမျက်နှာ (၈၁) တွင်–

ဟဒယဝတ္ထုဆိုသည်မှာ နှလုံးသွေးဖြစ်၏။ နှလုံးသွေးကို ပါဠိလို ကံဟု ခေါ်၏။ ကံဆိုတာလည်း မြန်မာလို အရှိန်ဖြစ်၏။

ဟု ရေးသားထားပါသည် ဘုရား။

ဦးစံရင်း၏ ထိုရေးသားချက်သည် ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် မညီမညွတ် ဖြစ်နေပါသည်ဘုရား၊ အဘိဓာန် အနေကတ္ထဝဂ်တွင် –

အထော ဟဒယဝတ္ထုမှိ၊ စိတ္တေ စ ဟဒယံ ဥရေ။

ဟု ဆိုထားပါသည်ဘုရား၊ ဟဒယသဒ္ဒါသည် ဟဒယဝတ္ထု၌ လည်းကောင်း၊ စိတ်၌ လည်းကောင်း၊ ရင်၌ လည်းကောင်း အနက်သုံးနက်၌ ဖြစ်သည်ကို တွေ့ရပါသည်။ ထိုဟဒယသဒ္ဒါက ဟောနိုင်သော ဟဒယဝတ္ထု ဆိုသည်မှာလည်း နှလုံးသွေးမဟုတ်ပါ။

ဟဒယမေဝ မနောဓာတု မနောဝိညာဏဓာတူနံ နိဿယတ္တာ ဝတ္ထု စာတိ ဟဒယဝတ္ထု။တထာ ဟိ တံ ဓာတုဒ္ဒယ နိဿယဘာဝလက္ခဏံ၊ တဉ္စ ဟဒယ ကောသဗ္ဘန္တရေ အဍ္ဎပသတမတ္တံ လောဟိတံ နိဿာယ ပဝတ္တတိ။

ဟု အဘိဓမ္မတ္ထ ဝိဘာဝိနီ ဋီကာနှာ၊၁၉၇-တွင် ဆိုထားပါသည်။

ဟဒယသည်ပင် မနောဓာတ် မနောဝိညာဏဓာတ် နှစ်ပါးတို့၏ မှီရာဖြစ်သောကြောင့် ဝတ္ထုလည်းမည်၏။ ထိုကြောင့် ဟဒယဝတ္ထုဟု ခေါ်ဆိုရမည်။ ထိုဟဒယဝတ္ထုသည် ဓာတ်နှစ်ပါးတို့၏ မှီရာ၏အဖြစ်ဟူသော သဘောလက္ခဏာ ရှိ၏။ ထိုဟဒယဝတ္ထုသည် နှလုံးအိမ်အတွင်း၌ လက်ဆုပ်ဝက်မျှလောက်သော သွေးကိုမှီ၍ ဖြစ်၏ဟု ဆိုထားသဖြင့် ဟဒယဝတ္ထု ဆိုသည်မှာ နှလုံးသွေး မဟုတ်ကြောင်း ထင်ရှားသိသာပါသည်ဘုရား။ [တဖန်ဆက်၍] နှလုံးသွေးကို ပါဠိလို ကံဟုခေါ်၏ဟု ရေးထားပြန်ပါသည်။ ကံဟူသော ပါဠိသည်လည်း နှလုံးသွေးကို မဟောနိုင်ပါ။ အဘိဓာန် အဗျာယဝဂ် ဂါထာ ၁၁၉၇- ၌ –

နု သံသယေ စ ပဉှေ ထ၊ နာနာ နေကတ္ထ ဝဇ္ဇနေ။
ကိံ တု ပုစ္ဆာဇိဂုစ္ဆာသု၊ ကံ တု ဝါရိမှိ မုဒ္ဓနိ။

ဟူသော အဘိဓာန်အရ ကံသဒ္ဒါသည် ရေ၊ ဦးထိပ်၊ အနက်နှစ်မျိုးကို ဟောနိုင်ပါသည်။ အချို့အရာ၌ ချမ်းသာကိုလည်း ကံဟု ဆိုထားသည်ကို တွေ့ရပါသည်။ နှလုံးသွေးကို ဟောသော ကံသဒ္ဒါသည် မည်သည့်နေရာမှာမှ ရှာလို့ မတွေ့ရပါ။ သူ၏ ကံဟူသော ပါဠိကိုလည်း အနက်မြန်မာပြန်ဆိုရာတွင် အရှိန်ဟု ပြန်ဆိုခဲ့ပါသည်။ အရှိန်ကို ဟောသော ကံသဒ္ဒါသည် မည်သည့်သာသနာဝင်ကျမ်းမှာမှ မရှိပါဘုရား။ ရိုးစေဦးတော့ ကံဆိုသည်မှာ ကမ္မပါဠိကို ဆိုပါသည်ဟု ဆိုငြားအံ့ –

ကမ္မဟူသည် ကရဓာတ် ရမ္မပစ္စည်းတို့ဖြင့် ရှုပ်ပြီးသောပါဠိဖြစ်၏၊ ၎င်းကို ဉာဏ်နည်းအရ ကောက်ယူပြသော်—

ကရိယတိ စေတေနာတိ ကမ္မံ၊ ကရဓာတ် ရမ္မ ပစ္စည်း။

ကရိယတိ စေတေနာတိကား-ကရဏသာဓနကိတ်ဝိဂ္ဂိုဟ်၊ ကမ္မံကား၊ ကရဏသာဓနကိတ်ပုဒ်ဖြစ်ပါသည်။ အရကောက်သော် ကရဓာတ်အရ ကတ္တုတ္ထကြိယာကား အမှုကိုအာရုံပြု၍ စေ့ဆော်တတ်သောစေတနာသည် မုချအားဖြင့်ရ၏။

ကရဏတ္ထကြိယာကား အမှု၏အာရမ္မဏ ပစ္စယသတ္တိသည် ဖလူပစာအားဖြင့်ရ၏၊ ရမ္မပစ္စည်း၏အရကား ထိုမုချဥပစာတို့ဖြင့် မှတ်အပ်သောအမှုရ၏။

တတ္ထ ယသ္မာ ကုသလာကုသလံ ကမ္မံ အဝိသေသေန သမုဒယ သစ္စန္တိ သစ္စဝိဘင်္ဂေ ဝုတ္တံ။ (ဝိသုဒ္ဓိ၊ ၂။ ၂၁၆။)

ကမ္မန္တိ စေတနာ ကမ္မမေဝ- (အဘိ၊ ဋ္ဌ။ ၃၊ ၃၇၄။)

ဉာဏ်နည်းအရ ကမ္မဟူသည် မုချအားဖြင့် စေတနာသာရပါသည်၊ ပဋ္ဌာန်းပါဠိတော်မှာလည်း—

ကုသလာကုသလံ ကမ္မံ၊ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

ကုသိုလ် အကုသိုလ်ကံစေတနာသည် သမ္ပယုတ်တရား၊ ထိုသမ္ပယုတ်တရားသည် ဖြစ်စေအပ်သော ရုပ်တရားတို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်၏ဟု ဟောတော်မူခဲ့ပါသည်။

သို့ရကား – ကမ္မသဒ္ဒါက ကံပါဟုဆိုလျှင်လည်း နှလုံးသွေးကိုမဟောပဲ စေတနာကိုသာဟောသဖြင့် နှလုံးသွေးကိုပါဠိလိုကံဟုခေါ်သည်၊မြန်မာလိုအရှိန်ဖြစ်၏ဟု ရေးသားဟောပြောသောကျောက်ပုံတောရဝါဒသည် မေ့ဝိနယနှင့်ညီမညီ စိစစ်ဆုံးဖြတ်ပေးတော်မူကြပါရန် ရှိသေစွာလျှောက်ထားပါသည် နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်မြတ်များဘုရား။

---

စောဒနာ အမှတ်(၂၁)

ကျောက်ပုံဝါဒီတို့၏ နဂိုငြိမ်းနိဗ္ဗာန်ဝါဒနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော်များဘုရား—

ဦးစံရင်း၏တိတ်ခွေမှ ဟောပြောချက်ကို တင်ပြ လျှောက်ထားပါမည်ဘုရား။

ရုပ်နာမ်လောကကြီးတခုလုံး ဆုံးအောင်နှိုက်ကြည့်တော့ ပုန်းအောင်း ရာ ရှာမရတဲ့ သင်္ခါရဒုက္ခသာရှိတယ်၊ ထိုသင်္ခါရဒုက္ခထဲမှာ တကယ်ထင်မှတ် စရာ တွယ်တာစရာရှာမရပဲ ချုပ်ငြိမ်းနေပါတယ်၊ အဲဒီချုပ်ငြိမ်းတာဟာ နိဗ္ဗာန်ပါပဲ၊ ဗမာပြည်အဖို့ ကျမ်းကိုးလေးပေးအုံးမယ်၊ နိရောဓော နာမ နိဗ္ဗာနံ။ (တိတ်ခွေ ၁၊ ဘီ ၃၇)

ဦးစံရင်းသည် နဂိုငြိမ်းနိဗ္ဗာန်ဝါဒတခု တည်ထောင်ခြင်းဖြစ်ပါသည်၊ ဝိနည်း ဓိုရ် ဆရာတော်မြတ်ကြီးတို့ဘုရား၊ သူ့ရဲ့အထက်ပါစကားကိုကောက်ချက်ချကြည့် ရင် တကယ်ထင်မှတ်စရာ တွယ်တာစရာရှာမရတဲ့ သင်္ခါရဒုက္ခဟာနိဗ္ဗာန်ပဲဟု ဆို လိုရာရောက်နေပါသည်ဘုရား၊ တပည့်တော်များ၏ အဆိုကိုအထောက်အကူပြု သောစကားတခု ၎င်းတိတ်ခွေ(၁)ဘီဘက်မှာဆက်၍—

သူ့နဂိုကထဲက တွယ်တာစရာ ထင်မှတ်စရာ ဘာမှမရှိဘူး ချုပ်ငြိမ်းနေ ပါတယ်၊ နဂိုကတဲက ဘာမှမရှိတာကို ရှိတယ်ထင်မှတ်ပြီး ကိုယ်ကဘာပဲညာပဲ လုပ်လုပ်သမျှတွေသာ ချုပ်ဆုံးကုန်မှာပဲဟူ၍ ဆက်လက်ဟောပြောခဲ့ ပါသည် ဘုရား။

ထိုအထက်ပါစကားများသည် တပည့်တော်များ အစကတည်းက စွဲချက်တင် ခဲ့သည့်အတိုင်း ပဋိပတ္တိသာသနာကို တားမြစ်ခြင်းပင် ဖြစ်ပါတော့သည်ဘုရား၊ သင်္ခါရဒုက္ခသည် သူ့ပင်ကိုက အတာဏ အလေဏ အသရဏ တရားမှန်ပါ သည်၊ ထိုပုန်းအောင်းရာမရရှိတဲ့သခါ ရကတော့ နိဗ္ဗာန်ဘယ်နည်းနဲ့မှ မဖြစ်နိုင် ပါ၊ သူ့ပင်ကိုယ်က ပုန်းအောင်းရာ ထောက်တည်ရာမရှိတဲ့ ချုပ်ငြိမ်းတာကို နိရောဓနိဗ္ဗာန်ဟူ၍ အမည်ပေးလို့မရပါ၊သင်္ခါရဒုက္ခထဲမှာ ပုံးအောင်းရာ ထောက် ရာ တည်ရာ တကယ်ထင်မှတ်စရာများသည် ပင်ကိုယ်ကမရှိသော ချုပ်ငြိမ်းခြင်း ဖြစ်ရကား အဘာဝနိရောဓသာဖြစ်ပါသည်ဘုရား။နိဗ္ဗာန်သည် သဘာဝပရမတ္ထ တရားဖြစ်ခြင်းကြောင့် သံယုတ်ဋီကာတွင် အသင်္ခတာ ဓမ္မာဟူသောပုဒ်ကို ဖွင့် ဆိုရာတွင်—

ဓမ္မာတိ သဘာဝဓမ္မာ—

ဟု ဖွင့်ခဲ့ပါသည်ဘုရား။

ကျောက်ပုံဆရာတော်အမည်ခံ ဦးစံရင်းကိုးကားသော နိရောဓ နာမ နိဗ္ဗာနံ ဟူသောပါဠိတော်၌ နိရောဓဟူသည် ခယနိရောဓ အစ္စန္တနိရောဓဟူ၍ နှစ်မျိုးရှိ သည်တွင် အစ္စန္တနိရောဓဖြစ်ပါသည်၊ အစ္စန္တနိရောဓဟူသည် သဘာဝဓမ္မ ပရမတ္ထ တွင်ပါဝင်သော နိရောဓဖြစ်သဖြင့် ကျောက်ပုံဝါဒ၏ အဘာဝနိရောဓနှင့် မည်

သို့မျှ ပတ်သက်ခြင်းမရှိပါ၊ နိဗ္ဗာန်က သဘာဝနိရောဓ၊ ကျောက်ပုံက အသာဝ နိရောဓ ဖြောင့်ဖြောင့်ဆန့်ကျင်ပါသည်၊ ခယနိရောဓကိုဆိုပါသည်ဟု စောဒက တက်ကြွေးအံ့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ၂။ နှာ-၂၄၆-၌—

အတာဏတော အလေဏတော အသရဏတော ရိတ္တတော တုစ္ဆ-တော သုညတော (ပ) စတ္တာရီသာယအာကာရေဟိ ပဉ္စက္ခန္ဓေ အနိစ္စတောပဿန္တော အနုလောမိကံခန္တိံ ပဋိလဘတိ။

မြန်မာပြန်

စောင့်ရှောက်ရာမရှိသော အတာဏ၊ ပုန်းအောင်းရာမရှိသော အလေဏ၊ ကိုးကွယ်ရာမရှိသော အသရဏ၊ တကယ်ထင်မှတ်စရာမရှိသော ရိတ္တ၊ သုခ သုဘမရှိသော တုစ္ဆ၊ အတ္တသာရ မရှိသော သုည စသည်အားဖြင့် (ပ) အခြင်းအရာ လေးဆယ်တို့ဖြင့် ခန္ဓာငါးပါးတို့ကို ရှုမှတ်သည်ရှိသော် အနုလော-မိကခန္တိဉာဏ်ကို ရနိုင်၏။

အထက်ပါဝိသုဒ္ဓိမဂ် အဋ္ဌကထာစကားအရ ပုန်းအောင်းရာ ထောက်ရာ တည်ရာ တကယ်ထင်မှတ်စရာမရှိဟု ရှုခြင်းသည် သမ္မသနဝိပဿနာဉာဏ်သာ ဖြစ်သည်မှာ ထင်ရှားပါသည်ဘုရား။

ထိုဝိပဿနာဉာဏ်သည်လည်း နိဗ္ဗာန်အာရုံမပြုနိုင်သေးပဲ သင်္ခါရဒုက္ခကိုသာ အာရုံပြုနေသေးသည်မှာလည်း ထင်ရှားပါသည်ဘုရား။

သို့ရာတွင် ကျောက်ပုံဝါဒဆိုလိုသည်မှာ နဂိုရ်က ပုန်းအောင်းရာ ထောက်ရာ တည်ရာ တကယ်ထင်မှတ်စရာမရှိပဲ ချုပ်နေခြင်းကိုသာ နိရောဓဆိုသဖြင့် နဂိုရ် ငြိမ်းနိဗ္ဗာန်ဝါဒသစ် ဝါဒဆန်းတခု တည်ထောင်ခြင်းဟု တပည့်တော်များ စောဒနာတင်ခဲ့ခြင်းဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ကျောက်ပုံ၏ တရားဦးခေါင်းဆုံးအောင် နှိုက်သည်ဆိုသော ဝါဒသည် သင်္ခါရဒုက္ခဆိုသော ဝါဒဖြစ်သဖြင့်) နိဗ္ဗာန်ဆိုတာ ဒုက္ခကြီးပါလားဟု နားလည်မှုမှားယွင်းကုန်ကြပြီးလျှင် မည်သူမျှ ပဋိပတ္တိတရား အားထုတ်လိုကြ တော့မည်မဟုတ်ပါဘုရား၊ ပဋိပတ္တိကို အားထုတ်သူ မရှိလျှင်လည်း သာသနာ သုံးရပ်စလုံး ကွယ်ပတော့မည်မှာ သေချာလှပါတော့သည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းစိုရ်ဆရာတော်မြတ်ကြီးများဘုရား ...

သာသနာတော်၏ အန္တရာယ်ကို ကြိုတင်ကာကွယ်သော အနေအားဖြင့် ကျောက်ပုံဝါဒ ကျောက်ပုံဝါဒီတို့ကို အဓမ္မဝါဒ အဓမ္မဝါဒီများဟု ဆုံးဖြတ်ချက် ချ၍ ပေးတော်မူကြပါရန် ရိုသေစွာ လျှောက်ထားပါသည်ဘုရား။

## ဓောဒနာ အမှတ်(၂၂)

**ကျောက်ပုံဝါဒီတို့၏ သဥပါဒိသေသနိဗ္ဗာန် အနုပါဒိသေသနိဗ္ဗာန်ကို လွဲမှားစွာ ရေးသား၊ ဟောပြောခြင်းနှင့်ပတ်သက်၍ ဓောဒနာချက်ပါဘုရား။**

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်များဘုရား—

၁။ ဗုဒ္ဓဘာသာဒါယကာ ဒါယိကာမများ ကြိုးစားအားထုတ်၍ ရှာမှီးနေကြသော နိဗ္ဗာန်နှင့်စပ်၍ ကျောက်ပုံဝါဒီတို့ ရေးသား၊ ဟောပြောကြပုံများကို ထုတ်နုတ်၍ လျှောက်ထားပါမည်ဘုရား။

(က) အဲဒီလို အမှန်တရားတွေကို ကိလေသာ တန်းလန်းနဲ့ သိနေလို့ သဥပါဒိသေသနိဗ္ဗာန်လို့လဲ ခေါ်တယ်၊မတော်တဆ မပြောကောင်းမဆိုကောင်း ကိလေသာတွေ ကုန်ပြီးလဲသိမှ အဲတာ အနုပါဒိသေသ နိဗ္ဗာန် ခေါ်တယ်၊ ဘယ်လောက် ရှင်းထားသလဲလို့ နိဗ္ဗာန်ခေါ် နည်းတွေ အများကြီးပဲ။

(ပုသိမ် ဆရာညွန့်၊ စောင်းတန်းရွာတရားပွဲ တိတ်ခွေမှ)

(ခ) ပုန်းအောင်းအားကိုးရာ မမြင်သော သင်္ခါရ ဒုက္ခထဲ၌ စွဲလမ်း သိမ်းပိုက်စရာ လုံးလုံး သုဉ်းဆိတ်ချုပ်ငြိမ်းနေသော နိရောဓ သဘောကို ပါဠိလိုက သဥပါဒိသေသနိဗ္ဗာန်လို့ ခေါ်ပါသည်။

(ဂ) အကြင် ယောဂီသည် သင်္ခါရနှင့်ဒုက္ခ အစစ်ကို မုချအဖြစ်သိပါမူကား ထိုသင်္ခါရ ဒုက္ခထဲတွင် စွဲဝင်တောင့်တနှစ်သက်လိုလှသော ဆန္ဒရာဂတို့မှာ တွန့်တို လျှောကျပျောက်ကွယ်၍ သွားရသည်ကို အနုပါဒိသေသနိဗ္ဗာန်လို့ ခေါ်ပါသည်။

(ပုသိမ်ဆရာညွန့်ရေး ဝိဘဇ္ဇဝါဒပကာသနီကျမ်း ကောက်နုတ်ချက် နှာ—၅၁)

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

၂။ ကျောက်ပုံဝါဒီတို့သည် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ကို အောက်ပါအတိုင်း ပုံပျက်ပန်းပျက်ဖြစ်အောင် ရေးသားထားပြန်ပါသည်ဘုရား။

(ဃ) အနှစ်အသားမရှိမှုကို (အသာရကဋ္ဌေန အနတ္တ) လို့ဆိုခြင်းကြောင့် အနှစ်အသားခေါ် အပ် (အတ္တ) အစစ်မှာ နိဗ္ဗာန်သာ ဖြစ်တယ်လို့

ကမ္ဘာ့ဝိပဿနာဆရာဘုရားကိုယ်တိုင် လစဉ်ထုတ်မဂ္ဂဇင်း၊ အတွဲ-၅။ စာနံပါတ်၁၂-တွင် ရှုထောင့် အမျိုးမျိုးမှ မြင်ရန် ပြထားပါတယ်၊

( ပုသိမ်ဆရာညွန့်ရေး ၉-ကြိမ်မြောက် ကမ္ဘာ့ဝိပဿနာဆရာ ဘုရား ဂုဏ်ပြုပူဇော်ပွဲအထိမ်းအမှတ် လက်ကမ်းစာစောင်၊ နှာ-၁၅)

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်များဘုရား—

၃။ ဖော်ပြပါ ရေးသား ဟောပြောချက်များကို ကောက်ချက်ချလျှင်—

(က) ကိလေသာတန်းလန်းနဲ့ သိတာကို သဉပါဒိသေသနိဗ္ဗာန်ဟုခေါ်သည်။

(ခ) ကိလေသာကုန်ပြီးမှ သိတာကို အနုပါဒိသေသနိဗ္ဗာန်ဟု ခေါ်သည်။

(ဂ) အတ္တအစစ်ကို နိဗ္ဗာန်ဟု ခေါ်သည်—

ဟူ၍ အထက်ပါ အချက်သုံးချက်ကို တွေ့ရှိရပါသည်ဘုရား၊ ၎င်းအချက် သုံးချက်သည် ထေရဝါဒပိဋကတ်တော်များနှင့် ဆန့်ကျင်နေကြောင်း ပါဠိတော်,အဋ္ဌကထာ,ဋီကာတို့မှထုတ်နုတ်၍ လျှောက်ထားပါမည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

၄။ (က) အမှတ်ပြ သဉပါဒိသေသနိဗ္ဗန်ဟူသည်

သ ဉပါဒိသေသနိဗ္ဗာနပုဒ်ကို သ+ဉပါဒိ+သေသ+နိဗ္ဗာန–ဟု ပုဒ်ခွဲ၍

| | | |
|---|---|---|
| သ | = | တကွဖြစ်သည် ရှိသည် |
| ဉပါဒိ | = | တဏှာစသည်တို့က အကျိုး၏အဖြစ်ဖြင့် ယူအပ်သောခန္ဓာ (ဝါ)တဏှာ,ဉပါဒါန်, ကံတို့၏ အကျိုးဖြစ်သောခန္ဓာ |
| သေသ | = | ကိလေသာတို့မှ ကြွင်းကျန်သည်။ |
| နိဗ္ဗာန | = | ငြိမ်းခြင်း |
| သဉပါဒိသေသနိဗ္ဗာန | = | အကျိုးခန္ဓာ အကြွင်းနှင့်တကွ ဖြစ်သော ကိလေသာ ငြိမ်းခြင်း သဘော ဖြစ်ပါသည်ဘုရား။ |

(ခ) အမှတ်ပြ အနုပါဒိသေသနိဗ္ဗာန်ဟူသည်—

အနုပါဒိသေသနိဗ္ဗာနပုဒ်ကို အန+ဉပါဒိ+သေသ+နိဗ္ဗာန-ဟုပုဒ်ခွဲ၍

| | | |
|---|---|---|
| အန | = | မရှိ |

| | |
|---|---|
| ဥပါဒိ | = တဏှာ, ဥပါဒါန်, ကံတို့၏ အကျိုးဖြစ်သော ခန္ဓာ၊ |
| သေသ | = ကိလေသာတို့မှ ကြွင်းကျန်သည်၊ |
| နိဗ္ဗာန | = ငြိမ်းခြင်း၊ |
| အနုပါဒိသေသနိဗ္ဗာန | = ပရိနိဗ္ဗာန်စုတိစိတ်မှ နောက်ကာလ၌ ကိလေသာတို့မှ ကြွင်းသော အကျိုးခန္ဓာမရှိတော့ပဲ သင်္ခါရတို့၏လုံးဝ ငြိမ်းခြင်းသဘော ဖြစ်ပါသည်ဘုရား။ |

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ပထမအုပ်၊ နှာ၊ ၂၉၀၊ ၂၉၁ ၌—

အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာတိ ဒုဝိဓာ ဟိ နိဗ္ဗာန ဓာတု သဉပါဒိသေသာ စ အနုပါဒိသေသာ စ။တတ္ထ ဥပါဒီယတေ“အဟံ မမာ” တိ ဘုသံ ဂဏှီယတီတိ ဥပါဒိ၊ခန္ဓပဉ္စကဿေတံ အဓိဝစနံ ဥပါဒိယေဝ သေသော အာသိဋ္ဌောတိ ဥပါဒိသေသော၊သဟ ဥပါဒိသေသေန ဝတ္တတီတိ သဉပါဒိသေသာ။ နတ္ထေတ္ထ ဥပါဒိသေသောတိ အနုပါဒိသေသာ။

အဓိပ္ပာယ်

အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ-ဟူသော ပါဠိတော်၌ နိဗ္ဗာန်ဓာတ်သည် သဉပါဒိသေသနိဗ္ဗာနဓာတ်,အနုပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍ နှစ်ပါးရှိ၏။ ထိုနှစ်ပါးတို့တွင်—

ငါ ငါ၏ဥစ္စာဟု ပြင်းစွာ စွဲယူခြင်းသည် ဥပါဒိ မည်၏။
ဥပါဒိဟူသောအမည်သည် ခန္ဓာငါးပါး၏ အမည်တည်း။(တနည်း)
ဥပါဒိအရ ခန္ဓာငါးပါးကို ကောက်ယူရပါမည်။
ခန္ဓာငါးပါး အကြွင်းရှိခြင်းသည် ဥပါဒိသေသ မည်၏။
အကြွင်းရှိသော ခန္ဓာငါးပါးနှင့် တကွဖြစ်ခြင်းသည် သဉပါဒိသေသ မည်၏။
အကြွင်းရှိသော ခန္ဓာငါးပါး မရှိခြင်းသည် အနုပါဒိသေသ မည်၏။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်များဘုရား—

၅။ ဖော်ပြပါ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ စကားအရ—

သဉပါဒိသေသနိဗ္ဗာန်ဟူသည် = အကျိုးခန္ဓာ အကြွင်းနှင့်တကွဖြစ်သော ကိလေသာငြိမ်းခြင်းသည် သဉပါဒိသေသနိဗ္ဗာန်ဖြစ်ပါသည်၊

အနုပါဒိသေသနိဗ္ဗာန်ဟူသည် = ပရိနိဗ္ဗာန် စုတိစိတ်မှ နောက်ကာလ၌ ကိလေသာတို့မှ ကြွင်းသောအကျိုးခန္ဓာမရှိတော့ပဲ သခၤါရတို့၏ လုံးဝ ငြိမ်းခြင်းသည် အနုပါဒိသေသနိဗ္ဗာန်ဖြစ်ပါသည်။

ထို့ပြင် ဣတိဝုတ္တကပါဠိတော်၌ သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန် မည်ပုံကို အောက်ပါအတိုင်း ဟောထားခဲ့ပါသည်ဘုရား။

> ကတမာ စ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု? ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီယော ဩဟိတဘာရော အနုပ္ပတ္တသဒတ္ထော ပရိက္ခီဏဘဝသံယောဇနော သမ္မဒညာ ဝိမုတ္တော၊ တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ အဝိဃာတတ္တာ မနာပါမနာပံ ပစ္စနုဘောတိ၊ သုခဒုက္ခံ ပဋိသံဝေဒေတိ တဿ ယော ရာဂက္ခယော ဒေါသက္ခယော မောဟက္ခယော။ အယံ ဝုစ္စတိ ဘိက္ခဝေ သဉပါဒိသေသာ နိဗ္ဗာနဓာတု။
>
> ကတမာ စ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု ? ဣဓ ဘိက္ခဝေ ဘိက္ခု အရဟံ ဟောတိ။ပ။သမ္မာဒညာ ဝိမုတ္တော တဿ ဣဓေဝ ဘိက္ခဝေ သဗ္ဗဝေဒယိတာနိ အနဘိနန္ဒိတာနိ သီတိ ဘဝိဿန္တိ။အယံ ဝုစ္စတိ ဘိက္ခဝေ အနုပါဒိသေသာ နိဗ္ဗာနဓာတု။
>
> (ဣတိဝုတ်ပါဠိ၊ နှာ-၂၂၁)

**အနက်**

ဘိက္ခဝေ၊ ရဟန်းတို့။ သဉပါဒိသေသာ၊ တဏှာ,ဥပါဒါန်, ကံတို့၏အကျိုးဖြစ်သော ခန္ဓာအကြွင်းရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာနဓာတ်သည်။ ကတမာ စ၊ အဘယ်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရဟံ၊ ကိလေသာတို့မှ ဝေးကွာစင်ကြယ်သည်။ ခီဏာသဝေါ၊ အာသဝေါကုန်ပြီးသည်။ပ။ဟောတိ၊ဖြစ်၏။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ ပဉ္စိန္ဒြိယာနိ၊ စက္ခု,သောတ,ဃာန,ဇိဝှါ,ကာယဟူသော ငါးပါးသောဣန္ဒြေတို့သည်။ တိဋ္ဌန္တိဝေ၊ တည်ရှိကြကုန်သည်သာတည်း။ ယေသံ၊ အကြင်ငါးပါးသော ဣန္ဒြေတို့၏။ အဝိဃာတတ္တာ၊ မချုပ်မပျက်ကြသေးသောကြောင့်။ သော၊ ထိုရဟန္တာပုဂ္ဂိုလ်သည်။ မနာပါမနာပံ၊ နှစ်သက်ဖွယ်, မနှစ်သက်ဖွယ်အာရုံကို။ ပစ္စနုဘောတိ၊ ခံစားရ၏။ သုခဒုက္ခံ၊ ချမ်းသာဆင်းရဲကို။ ပဋိသံဝေဒေတိ၊ ခံစားရ၏။ တဿ၊ ထိုရဟန္တာ၏ (သန္တာန်၌)။ ယောရာဂက္ခယော၊ အကြင်ရာဂကုန်ခြင်းသည်။ ယော ဒေါသက္ခယော၊ အကြင်ဒေါသ၏ မရှိခြင်းသည်။ ယောမောဟက္ခယော၊ အကြင်မောဟ၏ စင်စစ်မဖြစ်ပေါ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ၊ ရာဂစသည်

တို့၏ စင်စစ် မဖြစ်ပေါ်ခြင်းတည်းဟူသော ကိလေသာကုန်ခြင်း, ငြိမ်းခြင်းကို။ သဉပါဒိသေသနိဗ္ဗာနဓာတု၊ သဉပါဒိသေသနိဗ္ဗာနဓာတ်ဟူ၍ (ဝါ) သဉပါဒိသေသနိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အနုပါဒိသေသာ၊ ခန္ဓာအကြွင်းအကျန်မရှိသော။ နိဗ္ဗာနဓာတု၊ နိဗ္ဗာန်ဓာတ်သည်။ ကတမာ စ၊ အဘယ်နည်း။ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရဟံ၊ ကိလေသာတို့မှ ကင်းဝေးစင်ကြယ်သည်။ပ။သမ္မဒညာဝိမုတ္တော၊ မှန်စွာသိပြီး၍ ကိလေသာတို့မှ လွတ်မြောက်သည်။ဟောတိ၊ဖြစ်၏။တဿ၊ထိုရဟန္တာပုဂ္ဂိုလ်၏။သဗ္ဗဝေဒယိတာနိ၊ အလုံးစုံသောခံစားမှု အဗျာကတဝေဒနာတို့သည်။ အနဘိနန္ဒိတာနိ၊ တဏှာမာန-ဒိဋ္ဌိဖြင့် မနှစ်သက်အပ် လက်မခံအပ်ကုန်သည်ဖြစ်၍။ ဣဓ ဝေ၊ ဤမျက်မှောက် ဘဝ၌သာလျှင်။ သီဘိဘဝိဿန္တိ၊ အေးချမ်းစွာ ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။အယံ၊ဤဘဝသစ်ခန္ဓာကိုမဖြစ်စေပဲမျက်မှောက်ဘဝ၌သာလျှင် ရဟန္တာ တို့၏ ငြိမ်းအေးခြင်းကို။ အနုပါဒိသေသနိဗ္ဗာနဓာတု၊ အနုပါဒိသေသနိဗ္ဗာန ဓာတ်ဟူ၍၊ ဝါ-အနုပါဒိသေသနိဗ္ဗာန်ဟူ၍။ ဝုစ္စတိ၊ ခေါ်ဆိုအပ်၏။

နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်မြတ်များဘုရား—

ဖော်ပြပါ ဣတိဝုတ်ပါဠိတော်အရ သဉပါဒိသေသ နိဗ္ဗာန်ဟူသည်မှာ—

တဏှာ ဉပါဒါန်ကံတို့၏ အကျိုးဖြစ်သော ခန္ဓာအကြွင်းရှိသောအားဖြင့်ရာဂ စသည်တို့၏စင်စစ်မဖြစ်ပေါ်ခြင်းတည်းဟူသော ကိလေသာကုန်ခြင်း ငြိမ်းခြင်း သည် သဉပါဒိသေသနိဗ္ဗာန် ဖြစ်ပါသည်ဘုရား။

အနုပါဒိသေသနိဗ္ဗာန်ဟူသည်မှာ—

ခန္ဓာအကြွင်းအကျန်မရှိသောအားဖြင့် ဘဝအသစ်ခန္ဓာကိုမဖြစ်စေပဲ မျက် မှောက်ဘဝ၌သာလျှင် ရဟန္တာတို့၏ ငြိမ်းအေးခြင်းသည် အနုပါဒိသေသနိဗ္ဗာန် ဖြစ်ပါသည်ဘုရား။

အမှတ် (၄) နိုင်ငံတော် သီခြားဝိနည်းဓိုရ်ဆရာတော်များ ဘုရား—

၆။ (၁) အမှတ်ပြု အတ္တအစစ်ကို နိဗ္ဗာန်ဟု ကောက်ယူပုံသည် ထေရဝါဒ-ပိဋကတ်တော်နှင့် မညီညွတ်ကြောင်း လျှောက်ထားပါမည်ဘုရား။

အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာနတ္တာ စ သင်္ခတာ။

နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။

(ပရိဝါပါဠိ၊ နှာ-၁၅၇)

ပြန်မာပြန်

အလုံးစုံသော သင်္ခါရတရားတို့သည် အနိစ္စတို့တည်း၊ သင်္ခါရတရားတို့သည် ဒုက္ခ အနတ္တတို့တည်း၊ နိဗ္ဗာန်ကိုလည်းကောင်း ပညတ်ကိုလည်းကောင်း အနတ္တ ဟု ဆုံးဖြတ်အပ်၏။

အထက်ပါ ပရိဝါပါဠိတော်တွင် နိဗ္ဗာန်သည် အနတ္တအစစ်ကေန်ဖြစ်ကြောင်း မြတ်စွာဘုရားကိုယ်တော်တိုင် ဟောထားပါသည်ဘုရား၊ ကျောက်ပုံဝါဒီတို့က နိဗ္ဗာန်ကို အတ္တဟုကောက်ယူထား၏၊ အတ္တဆိုသည်မှာ အနှစ်အသားဟု မြန်မာ ပြန်ဆိုကြ၏၊ အနှစ်အသားကို ဘယ်လိုတွေးခေါ်ကြ၍ နိဗ္ဗာန်ကို အနှစ်အသား အတ္တလို့ ဆိုကြလေသနည်း?။

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်း မှုရုံးဆရာတော် အရှင်မြတ်များဘုရား—

၇။ ဖော်ပြပြီးသော ပါဠိတော် အဋ္ဌကထာတို့အရ ကျောက်ပုံဝါဒီတို့ရေးသား ဟောပြောကြသော (က) သဉပါဒိသေသ နိဗ္ဗာန်သည်လည်းကောင်း၊ (ခ) အနုပါဒိသေသနိဗ္ဗာန်သည်လည်းကောင်း၊ (ဂ)အတ္တအစစ်မှာ နိဗ္ဗာန်သာ ဖြစ်တယ် ဟူသော ရေးသား ပြောချက်သည်လည်းကောင်း ထေရဝါဒပိဋကတ် တော်နှင့် ဆန့်ကျင်သောကြောင့် အဓမ္မဝါဒ အဓမ္မဝါဒီများအဖြစ် ဆုံးဖြတ်ပေး တော်မူကြပါရန် လျှောက်ထားပါသည်ဘုရား။

---

## စောဒနာ အမှတ် (၂၃)

**ကျောက်ပုံဝါဒီတို့၏ ဒါနကထာကိုလွဲမှားစွာရေးသားဟောပြောမှုနှင့် ပတ်သက် ၍ စောဒနာချက်ပါဘုရား။**

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းမှုရုံး ဆရာတော်များဘုရား—

ကျောက်ပုံဝါဒီတို့သည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒေသနာ ပါဠိကို အဋ္ဌကထာ ဋီကာအဖွင့်နှင့်အညီ မယူကြပဲ အောက်ပါအတိုင်း လွဲမှားစွာ ရေးသားထားသည်ကို တွေ့ရပါသည်ဘုရား။

(က) မေး။ ရာဂကုန်ဆုံးဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ ဘယ်လို ပုဂ္ဂိုလ်ကို ဆိုလိုပါသလဲ။

ဖြေ။ ရာဂကုန်ဆုံးဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ သေက္ခ ပုဂ္ဂိုလ် (၇) ယောက်ကိုဆို၏။

(ခ) မေး။ အလှူခံထိုက်သည့် ပုဂ္ဂိုလ်သည် ဘယ်နှစ်ပါးရှိသလဲ။

ဖြေ။ (၂) နံပါတ်မေးခွန်းအရ တိုတိုနဲ့ဖြေရလျှင် လူနတ် ဗြဟ္မာ သတ္တဝါတို့၏ ကောင်းမြတ်သော စေတနာနှင့် လှူလိုက်သည့်အခါ အလှူခံထိုက်သော ပုဂ္ဂိုလ်များမှာ သေက္ခ အသေက္ခခေါ်ဆို အရိယာ ရှစ်ယောက်တို့ကို ဖယ်ထား၍ ကြွင်းကျန်သောပုဂ္ဂိုလ်တို့မှာ အလှူမခံထိုက်ပါ။

(ပုသိမ်ဆရာညွန့်ရေး-ဝိဘဇ္ဇဝါဒပညာသိ ဝိပဿနာကျမ်းမှ ကောက်နုတ်ချက်-၇၊ ၇၆)

ဒါန သုံးပျိုးမှတ်တမ်း

(က) ၁။ လောကုတ္တရာတရား သိပြီးမှ ဒါနပြုခြင်းသည် ပဏီတဒါန အမြတ်ဒါနခေါ်၏။

၂။ လောကုတ္တရာတရားသိရန် ကြိုးစားအားထုတ်ဆဲ ဒါနပြုခြင်းသည် မဇ္ဈိမဒါန အလယ်အလတ်ဒါန ခေါ်၏။

၃။ လောကုတ္တရာတရား သိရန်ကြိုးစားအားထုတ်မှု မပြုသောသူ ဒါနပြုခြင်းသည် ဟီန ဒါန အညံ့ဆုံး ဒါန ခေါ်၏။

(ပုသိမ် ဆရာညွန့်၏ လက်ကမ်းစာစောင်)

အထက်ပါစကားရပ်တို့တွင် "ရာဂကုန်ဆုံးဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ သေက္ခပုဂ္ဂိုလ် (၇)ယောက်ကို ဆိုင်၏" ဟု ပုသိမ်ဆရာညွန့် ရေးသားခြင်းသည် မျက်မှောက်ခေတ် ရဟန်းတော်များကို ရာဂကုန်ဖို့ရာ ကျင့်နေသော ပုဂ္ဂိုလ်များမဟုတ်ကြလေဟန် ဖန်တီး၍ အလှူခံပုဂ္ဂိုလ်၏ အင်္ဂါ ၃-ပါးနှင့်မပြည့်စုံကြဟု ဗုဒ္ဓဘာသာဝင်လူအများတို့ အထင်အမြင်လွဲမှားအောင် ရေးသားခြင်းသာဖြစ်ပါသည်။

ရာဂကုန် ဆုံးဖို့ရာကျင့်သော ပုဂ္ဂိုလ်အတွက် အင်္ဂုတ္တရ ဆရာက ဖွင့်ပြသည်မှာ—

ရာဂဝိနယာယ ဝါ ပဋိပန္နာတိ ရာဂဝိနယ ပဋိပဒံ ပဋိပန္နာ။ ဥက္ကဋ္ဌ-ဒေသနာ စေသာ၊ န ကေဝလံ ပန ခီဏာသဝါနံ၊ အနာဂါမိသကဒါဂါမိ-သောတာပန္နာနမ္ပိ အန္တမသော တဒဟုပဗ္ဗဇိတဿ ဘဏ္ဍဂါဟကသာမ-ဏေရဿာပိ ဒိန္နာ ဒက္ခိဏာ ဆဠင်္ဂသမန္နာဂတာဝ ဟောတိ သောပိဟိ သောတာပတ္တိမဂ္ဂတ္ထမေဝ ပဗ္ဗဇိတော။ (အံ၊ဋ္ဌ၊၃ ၁၀၈)

ဟု ဖွင့်ထားပါသည်ဘုရား။

မြန်မာပြန်

ရာဂ ဝိနယာယ ဝါ ပဋိပန္နာ-ဟူသည် ရာဂကို ပယ်ဖျောက်ကြောင်းဖြစ်သော အကျင့်ကို ကျင့်သောသူတို့တည်း။ဤ ဒေသနာသည်ကား ဥက္ကဋ္ဌဒေသနာတည်း၊ သက်သက် ရဟန္တာပုဂ္ဂိုလ်တို့အား ပေးလှူအပ်သော အလှူဒါနသည်သာ အင်္ဂါ (၆) ပါးနှင့် ပြည့်စုံသည်မဟုတ် အနာဂါမ် သကဒါဂါမ် သောတာပန်တို့အား လည်းကောင်း အောက်ထစ်ဆုံးအားဖြင့် ထိုနေ့ ရှင်ပြုသော လှူဖွယ်ဝတ္ထု ဘဏ္ဍာကို ယူတတ်သော သာမဏေအားလည်းကောင်း ပေးလှူအပ်သောအလှူ ဒါနသည် အင်္ဂါ(၆)ပါးနှင့်ပြည့်စုံသည်သာ၊ ထိုသာမဏေသည်လည်း သောတာ-ပတ္တိမဂ်အကျိုးငှာ ရှင်သာမဏေ ဝတ်ခဲ့၏။

ဤသို့ အဋ္ဌကထာဆရာက ရာဂကုန်ဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဟူရာ၌ "သေက္ခ ပုဂ္ဂိုလ် (၇) ယောက်ဟု သတ်မှတ်ချက်မထားပဲ သောတာပန် သကဒါဂါမ် အနာဂါမ်အောက်ထစ်ဆုံးအားဖြင့် ထိုနေ့ရှင်ပြုသောသာမဏေလေး တောင်မှ ပါဝင်နိုင်၏ ဟု ဖွင့်ဆိုထားသည့်အတွက် ကျောက်ပုံဝါဒီ ပုသိမ်ဆရာ ညွန့်၏ "သေက္ခပုဂ္ဂိုလ် (၇) ယောက်" ဟု ရေးသားချက်သည် ပိဋကတ်တော် နှင့် မညီခြင်းကြောင့် အဓမ္မဝါဒ သက်သက်ဖြစ်ပါသည် ဘုရား

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

"အလှူခံထိုက်သော ပုဂ္ဂိုလ်များမှာ သေက္ခ အသေက္ခ ခေါ် ဆို အရိယာ ရှစ်ယောက်တို့ကို ဖယ်ထား၍ ကြွင်းကျန်သော ပုဂ္ဂိုလ်များတို့မှာ အလှူမခံ ထိုက်ပါ" ဟု ပုသိမ်ဆရာညွန့်၏ ရေးသားချက်သည်လည်း အဋ္ဌကထာဆရာ၏ အာဘော်ကို မျှော်ထောက်၍ ကြည့်နိုင်ဉာဏ်မရှိပါပဲလျက် မျက်မှောက်ခေတ် ရဟန်းသံဃာတော်များကို အလှူခံထိုက်သော စာရင်း မသွင်းလိုသော စေတနာ ဆိုးဖြင့် ရေးခြင်းသာဖြစ်ပါသည် ဘုရား။

ပုသိမ် ဆရာညွန့်ရေးသည့်အတိုင်း-အင်္ဂုတ္တိုရ်ပါဠိတော် ဒုကနိပါတ်(၆၄)၌—

"ကတိ နု ခေါ ဘန္တေ လောကေ ဒက္ခိဏေယျာ၊ ကတ္ထ စ ဒါနံ ဒါတဗ္ဗ"-န္တိ။ ဒွေ ခေါ ဂဟပတိ လောကေ ဒက္ခိဏေယျာ သေခေါ စ အသေခေါ စ။ပ။ဧတ္ထ စ ဒါနံ ဒါတဗ္ဗန္တိ။

မြန်မာပြန်

မြတ်စွာဘုရား လောက၌ အလှူခံထိုက်သော ပုဂ္ဂိုလ်တို့သည် အဘယ်မျှရှိ ပါကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ်မျိုး၌ ပေးလှူအပ်ပါသနည်း ဟု အနာထပိဏ် သဌေးက မေးလျှောက်အပ်သော် မြတ်စွာဘုရားက သူကြွယ်သဌေး လောက၌ အလှူခံထိုက်သော ပုဂ္ဂိုလ်တို့သည် သေက္ခပုဂ္ဂိုလ် အသေက္ခ ပုဂ္ဂိုလ်ဟု ၂-ယောက်

ရှိကုန်၏၊ ဤသေက္ခ အသေက္ခ ပုဂ္ဂိုလ်တို့၌ အလှူဒါနကို ပေးလှူအပ်၏၊ မြတ်စွာဘုရားသခင်က မိန့်တော်မူခဲ့ပါသည်။

ပါဠိတပိုင်းတစကို အသုံးချပြီး လက်တလုံးခြား လုပ်ချင်ကြသော ကျောက်ပုံဝါဒီ ပုသိမ်ဆရာ ညွန့်တို့လို ပုဂ္ဂိုလ်စားတို့ အမြင်မမှားစေဖို့အတွက် အထက်ပါ ပါဠိတော်ကို အဋ္ဌကထာဆရာက—

> သေခါတိ ဣမိနာ သတ္တသေက္ခေ ဒဿေတိ၊ တေ စ သီလဝန္တပုထုဇ္ဇ-
> နေသပိ သောတာပန္နေနေဝ သင်္ဂဟိတော။ (အံ၊ဋ္ဌ၊၂။၂၉။)

## မြန်မာပြန်

သေခါ ဟူသောပါဠ်ဖြင့် သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့ကိုပြ၏၊ ဤသေက္ခပုဂ္ဂိုလ်(၇)ယောက်တို့တွင် သီလရှိသော ပုထုဇဉ်ကို သောတာပန်ပုဂ္ဂိုလ်ဖြင့်သာလျှင် သိမ်းကျုံး၍ယူအပ်၏ဟု ဖွင့်ဆိုကားပါသည်ဘုရား။

ဤသို့ အဋ္ဌကထာဆရာ ဖွင့်ပြချက်အရ အလှူခံထိုက်သော ပုဂ္ဂိုလ်များတွင် သီလဝန္တပုထုဇဉ် ပုဂ္ဂိုလ်တို့လည်း ပါဝင်နိုင်ပါသည်ဘုရား။

ထို့ပြင် သုံးလောကထွတ်ထား ရှင်တော်မြတ်ဘုရားသည် အလှူခံပုဂ္ဂိုလ်စာရင်းတွင် အောက်ထစ်ဆုံးအားဖြင့် တိရစ္ဆာန်ကိုပါထည့်သွင်း၍ ဥပရိပဏ္ဏာသ ပါဠိတော် ဒက္ခိဏဝိဘင်္ဂသုတ်၊ နှာ-၂၉၇-၌-

> စုဒ္ဒသ ခေါ ပနိမာနန္ဒ ပါဋိပုဂ္ဂလိကာ ဒက္ခိဏာ။ကတမာ စုဒ္ဒသ၊တထာ-
> ဂတေ အရဟန္တေ သမ္မာသမ္ဗုဒ္ဓေ ဒါနံ ဒေတိ၊အယံ ပဌမာ ပါဋိပုဂ္ဂလိကာ
> ဒက္ခိဏာ။

အစရှိသည်ဖြင့် ဘုရား၊ပစ္စေကဗုဒ္ဓါ၊ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လေးယောက်၊ ဖလဋ္ဌာန်ပုဂ္ဂိုလ်လေးယောက် သာသနာပအခါ ဝိက္ခမ္ဘနပဟာန်ဖြင့် ရာဂကို ပယ်ခွာပြီးသော ကမ္မဝါဒီကိရိယဝါဒီပုဂ္ဂိုလ် သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်၊ ပုထုဇဉ်ဒုဿီလပုဂ္ဂိုလ် တိရစ္ဆာန်ဟူ၍ အလှူခံပုဂ္ဂိုလ် တကျိပ်လေးယောက်တို့ကို ဟောတော်မူခဲ့ပါသည် ဘုရား။

ဤ နေရာ၌ ခွေးကိုပမာနှိုင်း၍ ခွေးစကားကို အလွန်ပြောတတ်သော ပုသိမ် ဆရာညွန့်သည် "အလှူခံတကျိပ်လေး ခွေး တောင်ပါသည်" ဆိုသော ရှေးစကားကို မေ့နေဟန်တူပါသည်ဘုရား။

မြတ်စွာဘုရားသည် အရိယာပုဂ္ဂိုလ်ရှစ်ယောက်သာ အလှူခံထိုက်၏ဟု သတ်မှတ်ချက်ထား၍ ဟောတော်မမူခဲ့ပါ၊ ထိုသို့ဘုရားရှင် ဟောတော်မမူခဲ့ပါပဲ လျက်"အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့ကိုထား၍ကြွင်းကျန်သော ပုဂ္ဂိုလ်များမှာ

အလှူမခံထိုက်ပါ”ဟု ကျောက်ပုံဝါဒီပုသိမ်ဆရာညွန့်၏ ရေးသားခြင်းသည် အခမ္ဘဝါဒသက်သက်သာဖြစ်ပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား-

ဟီနဒါန မဇ္ဈိမဒါန ပဏီတဒါနတို့ကို လွဲမှားစွာ ရေးသားမှုနှင့်ပတ်သက်၍ ပိဋကတ်တော်နှင့်မညီပုံကိုလည်း ဆက်လက်၍ လျှောက်ထားပါမည်ဘုရား။

ပုသိမ်ဆရာညွန့်သည် “လောကုတ္တရာတရားကို သိပြီးမှ ဒါနပြုခြင်းသည် ပဏီတဒါန အမြတ်ဒါနခေါ်၏”ဟု ရေးသားထားပါသည်၊ထိုသို့ဆိုလျှင် အရိယာပုဂ္ဂိုလ်များ ပြုလုပ်အပ်သောဒါနကိုသာ ပဏီတဒါနဟု ခေါ်ဆိုနိုင်၍ ပုထုဇဉ်တို့ ပြုလုပ်အပ်သောဒါနကို ပဏီတဒါနဟုမခေါ်ဆိုနိုင်သကဲ့သို့ ဖြစ်နေပါသည်ဘုရား၊ ထေရဝါဒပိဋကတ်တော်၌ တေဘူမကကုသိုလ်အရာဝယ် ဟီန မဇ္ဈိမ ပဏီတ သုံးမျိုးကို အောက်ပါအတိုင်း စုံလင်စွာ ဖွင့်ဆိုထားပါသည်ဘုရား။

> ယဿ ဟိ အာယူဟနက္ခဏေ ဆန္ဒော ဝါ ဟီနော ဟောတိ ဝီရိယံ ဝါ စိတ္တံ ဝါ ဝီမံသာ ဝါ၊ တံ ဟီနံ နာမ၊ ယဿ တေ ဓမ္မာ မဇ္ဈိမာ စေဝ ပဏီတာ စ၊ တံ မဇ္ဈိမဉ္စေဝ ပဏီတဉ္စ။ (အဘိ၊ဋ္ဌ၊၁၊၂၅၇)

မြန်မာပြန်

ပြုလုပ်အားထုတ်ရာ၌ ယုတ်လျော့သော ဆန္ဒ ဝီရိယ စိတ် ဝီမံသရှိသော ကုသိုလ်သည် ဟီနကုသိုလ်မည်ပါသည်၊ အလယ်အလတ်ဖြစ်သော ဆန္ဒ ဝီရိယ စိတ် ဝီမံသရှိသော ကုသိုလ်သည် မဇ္ဈိမကုသိုလ်မည်ပါသည်၊ မြတ်သော ဆန္ဒ ဝီရိယ စိတ် ဝီမံသရှိသော ကုသိုလ်သည် ပဏီတကုသိုလ်မည်ပါသည်။

ထိုမှတပါး ဓမ္မသင်္ဂဏီ အနုဋီကာ စာမျက်နှာ (၁၁၇) ၌—

> ဒုစိတ္တီကာရေန ဝါ ကတံ ဟီနံ၊ အဇ္ဈုပေက္ခနေန ကတံ မဇ္ဈိမံ သက္ကစ္စကတံ ပဏီတံ၊ ဘဝသမ္ပတ္တိလောဘေန ဝါ ပဝတ္တိတံ ဟီနံ အလောဘဇ္ဈာသယေန ပဝတ္တိတံ မဇ္ဈိမံ၊ ပရဟိတာယ ပဝတ္တိတံ ပဏီတံ

မြန်မာပြန်

မရိုမသေသော အခြင်းအရာဖြင့် ပြုလုပ်အပ်သော ဒါနသည် ဟီန၊ လျစ်လျူရှုသဖြင့် ပြုလုပ်အပ်သောဒါနသည် မဇ္ဈိမ၊ ရိုသေစွာ ပြုလုပ်အပ်သောဒါနသည် ပဏီတ။

တနည်း—ဘဝသမ္ပတ္တိကို လိုချင်သဖြင့် ဖြစ်စေအပ်သော ဒါနသည် ဟီန၊ အလောဘဇ္ဈာသယဖြင့် ဖြစ်စေအပ်သောဒါနသည် မဇ္ဈိမ၊ သူတပါး၏ အကျိုးစီးပွားအလို့ငှာ ဖြစ်စေအပ်သော ဒါနသည် ပဏီတမည်၏ဟု ဟီန မဇ္ဈိမ ပဏီတ သုံးမျိုးကို စုံလင်စွာ ဖွင့်ဆိုထားပါသည်ဘုရား။

ဤသို့ အဋ္ဌကထာဆရာ အနုဋီကာဆရာတို့က ဒါနအရာဝယ် ဟီန မဇ္ဈိမ ပဏီတ သုံးမျိုးသုံးစားခွဲ၍ တိကျစွာ ဖွင့်ပြထားသည့်အတွက် ကျောက်ပုံဝါဒီ ပုသိမ်ဆရာညွန့် ရေးသကဲ့သို့ လောကုတ္တရာတရားကို သိခြင်း၊ မသိခြင်း သိဖို့ရန် ကြိုးစား အားထုတ်ခြင်း၊ ကြိုးစား အားမထုတ်ခြင်းနှင့် ဘာမျှ ပတ်သက်မှုမရှိ ကြောင်း ထင်ရှားလှပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

ကျောက်ပုံဝါဒီတို့၏ ဒါနကထာအရာဝယ် လွဲမှားစွာ ရေးသားခြင်းသည် ထေရဝါဒ ပိဋကတ်တော်နှင့် ဆန့်ကျင်နေသဖြင့် အဓမ္မဝါဒ ဟူသာ ဆုံးဖြတ်ချက် ချတော်မူပါရန် ရိုသေစွာ လျှောက်ထားပါသည်ဘုရား။

---

## စောဒနာ အမှတ် (၂၄)

**ကျောက်ပုံဝါဒီတို့၏ ပညာသိ ဝိပဿနာ၌ အနိစ္စ ဒုက္ခ အနတ္တကို လွဲမှားစွာ ယူဆဟောပြောခြင်းနှင့် ပတ်သက်၍ စောဒနာချက်ပါဘုရား။**

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်မြတ်များဘုရား—

ကျောက်ပုံတောရအမည်ခံ ဦးစံမှင်းသည် ပညာသိ ဝိပဿနာဆိုက်ပုံကို သူ၏ နေ့ယျှသင်တန်းစာအုပ်၌ အောက်ပါအတိုင်း ရေးသားထားပါသည် ဘုရား။

> ပညာသိ ဝိပဿနာဆိုက်ပုံဆိုသည်မှာ ဖြူ နီ ကြောင်ကြား စသော အဆင်းဆိုတာမရှိပါ၊ အဆင်းဟု အသမုတ်ခံရသောသဘောကလေးသာ အမှန်ရှိ၏၊ ထိုအမှန်ရှိသည့် သဘောကလေးသည် ဘယ်လို အနေနှင့် ရှိသလဲ၊ ဘယ်လိုအနေနှင့် နေရသလဲဆိုရင် အနတ္တအနေနှင့်သာ ရှိနေ ရ၏၊ သူ့သဘောအတိုင်း သူဟာသူ အတ္တအနေနဲ့ မနေနိုင်ပါ၊ ထို့ကြောင့် ထိုအဆင်းဟု အသမုတ်ခံရသော သဘောသည် သူ့ဟာသူရှိနိုင် ဖြစ်နိုင် ပေါ်လာနိုင်ပါသလားဟု ဆိုလျှင် သူ့ဟာသူ မရှိနိုင်၊ သူ့ဟာသူ မပေါ် လာနိုင်ပါ၊ သူ့ဟာသူ ရှိနိုင် ဖြစ်နိုင်သည်ဟု သူကိုယ်တိုင်က ဝန်မခံပါ၊ မျက်စိအကြည်ကို အားကိုးပြုရပါဦးမှ အလင်းကို အားကိုးပြုရပါဦးမှ မနသိကာရဆိုသည့် စေတသိက်ကလည်း အားထုတ်နှလုံးသွင်း ကျေး ဇူးပြု ကူညီပါဦးမှ စက္ခုဝိညာဏ်စိတ် ပရမတ်ကလေးကလဲ အာရုံပြု ထောက်ခံပါဦးမှ ကျောထောက် နောက်ခံ အနေဖြင့် ခတ်ကြီးလေး ပါးကိုလည်း အားကိုးရှိပါဦးမှ အဲသည် (၈) ပါးသော အကြောင်းများ ပေါင်းဆုံ ဝိုင်းဝန်းကူညီ ဆုံဆည်းမိကြမှသာလျှင် ဖြစ်ပေါ် လာနိုင်သည်

ဟု ဆိုထားသဖြင့် သူကိုယ်တိုင် သူဟာသူ မပိုင်ခြင်းကြောင့် အနတ္တ သူကိုယ်တိုင်သူဟာသူ မဖြစ်နိုင်ခြင်းကြောင့် အနတ္တ၊အဆင်းဟုအသမုတ်ခံရသော သဘော ပရမတ်ကလေးသည် မနောဝိညာဏ်ထဲမှာလည်း မတွေ့ရ၊ ပတ်ဝန်းကျင်ထဲမှာလည်းမရှိ၊ ကုန်ခန်းပျောက်ပျက်နေသဖြင့် အနိစ္စ၊ ပျောက်ပျက်ကုန်ခန်း အချည်းနှီးဖြစ်သည့် သဘောတို့ဖြင့်သာ ထပ်ကာထပ်ကာ မလပ်သာအောင် နှိပ်စက်နေသဖြင့် ဒုက္ခ စသည်ဖြင့် ဉာဏ်ပညာ ခေါင်းဆောင်၍ ကျပ်ပြည့်အောင် ဝင်စားနိုင်ခြင်း သိနိုင်ခြင်းမျိုးကို ပညာသိ ဝိပဿနာခေါ် ၏။ (နေ၊ နှာ၊ ၁၄၄၊ ၁၄၅)။

အထက်ပါ ဟောပြောချက်များသည် ထေရဝါဒလာ ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် ညီညွတ်ခြင်းမရှိဟု ထင်မြင်ယူဆပါသည် ဘုရား။

အဆင်းတခု ထင်လာမှုအတွက် အကြောင်း အပေါင်းသရုပ်မျိုးကို စာသင်တိုက်တိုင်း၌ စာသင်နေကြသော စာသင်ငယ် သာမဏေရှင်ငယ်လေးများကို သင်ပြပေးသောအဆင့်၊ စာသင်ငယ် သာမဏေရှင်ငယ်လေးများသည် မိမိတို့ ဆရာသမားက သင်ကြားပေးလိုက်သည်ကို ပြန်လည်စဉ်းစားသည့် အဆင့်မျှသာရှိပါသည်၊ တပည့်တော်များ ငယ်စဉ်ကလည်း ဤအတိုင်းပင် သင်ကြားမှတ်သား စဉ်းစားခဲ့ရပါသည်ဘုရား၊ တပည့်တော်များ သန္တာန်မှာ စာသင်သားလေးများ၏ သန္တာန်မှာ ဝိပဿနာဉာဏ် ဖြစ်သည်ဟု ဘယ်ဆရာသမားကမှ မဟောပြောခဲ့ပါ၊ ဖြစ်လဲမဖြစ်နိုင်ပါ၊ အလွန်ဆုံး စိန္တာမယဉာဏ်လောက်သာ ဖြစ်နိုင်မည် ထင်ပါသည်ဘုရား။

ကျောက်ပုံဝါဒတွင် ထိုသို့ တွေးကြံယူဆခြင်းသာ ဝိပဿနာဟု ခေါ်ပါသည်၊ ဘာဝနာကို ပွားများအားထုတ်မှုလည်း မရှိ၊ သူတပါးတို့ အားထုတ်သည်ကိုလည်း ကဲ့ရဲ့ရှုတ်ချပါသည်။ (ခွေ-၁၊ ဘီ) တွင် အားထုတ်နေရတယ် ဆိုတာက မဟန်လို့ဟု ဆိုခဲ့ပါသည်။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား—

ကျောက်ပုံဝါဒ၏ ဒေသနာက္ကမ မကျပုံကို လျှောက်ထားပါဦးမည် ဘုရား၊ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် နာနာနယ ဝိစိတြ ဒေသနာကောသလ္လဉာဏ်ရှင် ဖြစ်တော်မူသည်အားလျော်စွာ နည်းမျိုးစုံဖြင့် ဒေသနာမျိုးစုံ ဟောကြားတော်မူခဲ့ရာတွင် အနိစ္စ ဒုက္ခ အနတ္တ ဟူ၍သာ အစဉ်အတိုင်း ဟောကြားတော်မူခဲ့ပါသည်ဘုရား၊ ကျောက်ပုံတောရ ဆရာတော် အမည်ခံ ဦးစံရင်းသည် မြတ်စွာဘုရား၏ ဒေသနာစဉ်ကိုဖျက်ဆီး၍ အနတ္တ အနိစ္စ ဒုက္ခ ဟူ၍ ဟောပြောရေးသားခဲ့ပါသည် ဘုရား။

ထိုသို့ မြတ်စွာဘုရား၏ ဒေသနာစဉ်ကိုဖျက်ဆီး၍ ဟောပြောရေးသားရုံတွင် မက အနိစ္စ ဒုက္ခ အနတ္တ အဓိပ္ပာယ်ယူဆပုံချင်းလည်း မတူ၊ ကွဲပြားခြားနားနေ ပြန်ပါသည်ဘုရား။ မြတ်စွာဘုရား၏ ပါဠိ အဋ္ဌကထာ ဋီကာတို့တွင်–

အနတ္တာတိ အဝသဝတ္တနဋ္ဌေန အသာမိကဋ္ဌေန သုညတဋ္ဌေန အတ္တ- ပဋိက္ခေပဋ္ဌေနာတိ ဇဝံ စတူဟိ ကာရဏေဟိ အနတ္တာ။(သာရတ္ထ၊၃၊၁၀၃)

မြန်မာပြန်

**အနတ္တ**ဟူသည် အလိုအတိုင်း မဖြစ်သော အနက်သဘောကြောင့် လည်းကောင်း ပိုင်ဆိုင်သူ တစုံတယောက် မရှိသော အနက်သဘောကြောင့် လည်းကောင်း ကာရကဝေဒကနိဝါသီ အဓိဋ္ဌာယကမှ ကင်းဆိတ်သော အနက်သဘော ကြောင့်လည်းကောင်း တိတ္ထိတို့ ကြံဆအပ်သော အတ္တ၏ အဖြစ်မရှိသော အနက်သဘောကြောင့် လည်းကောင်း ဤအကြောင်း လေးပါးတို့ကြောင့် အနတ္တမည်၏ဟု ဖွင့်ဆိုခဲ့ပါသည်။

ကျောက်ပုံဝါဒက အဆင်းတခု ဖြစ်လာမှု ထင်ပေါ်လာမှုအတွက် စက္ခု- ပသာဒ အာလောက မနသိကာရ စက္ခုဝိညာဏ် ပထဝီ အာပေါ တေဇော ဝါ- ယော၊ ၎င်းအကြောင်း ရှစ်ပါးစုံမှ ဖြစ်ပေါ်လာနိုင်သည်၊ အကြောင်းတပါး ချို့တဲ့လျှင် မဖြစ်နိုင် မပေါ်နိုင်သောကြောင့် အနတ္တဟူ၏။

၎င်းဝါဒကို ဝေဖန်ဆန်းစစ်ရသည်ရှိသော်—

စက္ခုပသာဒ အာလောက မနသိကာရ စက္ခုဝိညာဏ် ပထဝီ အာပေါ တေ ဇော ဝါယော ဟူသော တရားရှစ်ပါးသည် ရူပါရုံဟု အသမုတ်ခံရသော သဘော ကလေး၏ အကြောင်းမဟုတ်ကြပါ၊ ထိုအကြောင်း ရှစ်ပါးကြောင့် ဘယ်သော အခါမျှ အဆင်း ဖြင်ပေါ်လာနိုင်ပည် မဟုတ်ပါ၊ ကျောက်ပုံဝါဒီတို့၏ ဆန်းကြယ် သော စိတ်ကူး စိတ်ရူးဖြင့် အမည်တတ်ထားသော ပညတ်အဆောင်းသာ ဖြစ်ပါ သည်ဘုရား၊ ၎င်းပညတ်အဆင်းကို အနိစ္စ ဒုက္ခ အနတ္တ ရှုလို့မရပါ။

ဓမ္မဝါဒ အနတ္တ အယူအဆ၊ သာရတ္ထဖွင့်ပုံမှာ–

"ဥပ္ပန္နံ ရူပံ ဌိတိံ မာ ပါပုဏာတု၊ ဌာနပ္ပတ္တံ မာ ဇီရတု၊ ဇရပ္ပတ္တံ မာဘိ- ဇ္ဇတု၊ ဥဒယပ္ပယေဟိ မာ ကိလမယတူ"တိ န ဧတ္ထ ကဿစိ ဝသီဘာဝေါ အတ္ထိ၊ သုညာယမဿ အဝသဝတ္တနဋ္ဌော။ (သာရတ္ထ၊၃။၁၀၃)

မြန်မာပြန်

ဥပါဒ်ထင်ရှား ဖြစ်ပေါ်လာသော ရုပ်တရားသည် ဌီသို့မရောက်ပါစေ သတည်း၊ ဌီသို့ရောက်ပြီးသော ရုပ်တရားသည် ရင့်ကျက်ခြင်းသို့ မရောက်ပါစေ

**သား၊** ရင့်ကျက်ခြင်းသို့ ရောက်သောရုပ်တရားသည် မပျက်စီးပါစေသား၊ ဖြစ်ခြင်းပျက်ခြင်းတို့ဖြင့် မပင်ပန်းပါစေသားဟု တစုံတယောက်၏ ဝသီဘော်သည် ဤရုပ်တရား၌မရှိ ဤသည်ပင် အဝသဝတ္တန အနက်ရှိသော အနတ္တသဘောပါတည်း။

အထက်ပါစကားအရ ဓမ္မဝါဒ အဝသဝတ္တန အနတ္တယူဆပုံအရ ထင်ရှားဖြစ်ပေါ်လာသော ပရမတ္ထတရား၏ တည်ခြင်းသို့ မရောက်ပါနှင့်၊ ရင့်ခြင်းသို့လည်း မရောက်ပါနှင့်၊ ပျက်ခြင်းသို့လည်း မရောက်ပါနှင့် ဖြစ်ခြင်း ပျက်ခြင်းတို့ဖြင့် မနှိပ်စက်မပင်ပန်းပါနှင့်ဟု တောင်းပန်လို့မရ အလိုမကျသော သဘောကြောင့် အနတ္တဟု သိနိုင်ပါသည်ဘုရား။

အဓမ္မဝါဒ ကျောက်ပုံ၏ အနတ္တမှာ မူလကဖြစ်နိုင်သော သတ္တိမရှိ၍ **အကြောင်းမစုံက** မဖြစ်ပေါ်ခြင်းကို အနတ္တဟု ဆိုပါသည်၊ ဤသို့လျှင် ထေရဝါဒ အနတ္တနှင့် ကျောက်ပုံအနတ္တသည် ဖြောင့်ဖြောင့်ဆန့်ကျင်နေပါသည်ဘုရား။

တဖန် အဆင်းဟု သမုတ်ခံရသော သဘောကလေးသည် မနောဝိညာဏ်ထဲမှာသည်း မတွေ့ရ၊ ပတ်ဝန်းကျင်ထဲမှာလည်းမရှိ၊ ကုန်ခန်းပျောက်ပျက်နေသဖြင့် အနိစ္စဟု ဆိုပြန်ပါသည်။

ဦးစံရင်း၏ ပတ်ဝန်းကျင် (၈) ပါးတွင် စက္ခုပသာဒ ပထဝီ အာပေါ တေဇော ဝါယောရုပ်တရားတွေ ပါနေပါသည်၊ ၎င်းပတ်ဝန်းကျင်ရုပ်တရားတွေ**၏** ကလာပ်စည်းထဲတွင် ရုပ်ကလာပ်စည်း တခုတိုင်း တခုတိုင်း၌ ဝဏ္ဏဆိုသော အဆင်းတခုပါရှိနေသည်ကို တွေ့ရပြန်ပါသည်၊ သို့ပါလျက် အဘယ်သို့သော တွက်ကိန်းဖြင့် ပတ်ဝန်းကျင်ထဲမှာ အဆင်းမရှိဟု ဆိုနိုင်ပါသနည်း၊ ပါဠိ အဋ္ဌကထာ ဋီကာနည်းအရ အဆင်းသည် ပထဝီမဟုတ် အာပေါမဟုတ်စသည်ဖြင့် ဆိုလျှင်မှားသား ဆိုနိုင်တန်ရာပါ၏၊ သို့ဆိုနိုင်ပါသော်လည်း အဆင်းသည် ပထဝီမဟုတ်ကာမျှဖြင့် အနိစ္စဟုကောက်ချက်ချ၍မရပါ၊ ဝါ၊ အနိစ္စာနုပဿနာဉာဏ် မဖြစ်နိုင်ပါ၊ ကျောက်ပုံဝါဒ၏ အနိစ္စယူပုံသည်ကား ထေရဝါဒလာပိဋကတ်တော်အယူအဆမှ တမျိုးတခြား ထူးဆန်းသောသူ၏ အကြံအစည်များသာ ဖြစ်ပါသည်ဘုရား။

ဓမ္မဝါဒ အနိစ္စယူဆပုံမှာ–

အနိစ္စံ ဘန္တေတိ ဘန္တေ ယသ္မာ ဟုတွာ န ဟောတိ၊ တသ္မာ အနိစ္စံ။ ယသ္မာ ပုဗ္ဗေ အသန္တံ ပစ္စယသမဝါယေန ဟုတွာ ဥပ္ပဇ္ဇိတွာ ပုန ဘင်္ဂုပဂမနေန န ဟောတိ၊ တသ္မာ န နိစ္စန္တိ အနိစ္စံ၊ အဒ္ဓုဝန္တိ အဓိပ္ပါယော။

(သာရတ္ထ၊၃။၁၈၄)

**အနက်**

အနိစ္စံဘန္တေတိ ဒတ္တ၊ အနိစ္စံဘန္တေဟူသော ဤပါဌ်၌။ အဓိပ္ပာယော၊ အဓိပ္ပာယ်ကို။ ဧဝံ၊ ဤသို့။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ကထံ၊ အဘယ်သို့။ ဝေဒိတဗ္ဗော၊ သိအပ်သနည်း။ ဘန္တေ၊ အရှင်ဘုရား။ ယသ္မာ၊ အကြင်ကြောင့်။ ဟုတွာ၊ ဖြစ်ပြီး၍။ နဟောတိ၊ ရှိသည်မဟုတ်။ တသ္မာ၊ ထိုကြောင့်။ အနိစ္စံ၊ အနိစ္စပါဘုရား။ ယသ္မာ၊ အကြင်ကြောင့်။ ပုဗ္ဗေ၊ မဖြစ်မီ ရှေးကာလ၌၊ အသန္တံ၊ ထင်ရှားမရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စယသမဝါယေန၊ အကြောင်းတို့ပေါင်းဆုံမိခြင်းကြောင့်။ ဟုတွာ ဟောတိ၊ ဥပ္ပဇ္ဇိတွာ ဥပ္ပဇ္ဇတိ၊ဖြစ်ရ၏။ ဟုတွာ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ပေါ်ပြီး၍။ ပုန၊ တဖန်။ ဘင်္ဂုပဂမနေန၊ ပျက်ခြင်းဘင်သို့ ရောက်သဖြင့်။ နဟောတိ၊ရှိသည်မဟုတ်တော့။ တသ္မာ၊ ထိုကြောင့်၊ နိစ္စံ၊ မြဲသည်။ န၊ မဟုတ်။ ဣတိ၊ ထိုကြောင့်။ အနိစ္စံ၊ အနိစ္စတည်း။ ဝါ၊ မမြဲ။ အဓုဝံ၊ အဓုဝတည်း။ ဝါ၊ မခိုင်။ ဣတိဧဝံ၊ ဤသို့။ အဓိပ္ပါယော၊ အဓိပ္ပာယ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ထေရဝါဒပိဋကတ်တော်လာ အနိစ္စယူဆပုံမှာ ဖြစ်ပြီး၍ မရှိတော့သောကြောင့်အနိစ္စ၊ မဖြစ်ခင်က ထင်ရှားမရှိပဲ အကြောင်းအပေါင်းစုံသောအခါ ဖြစ်ပေါ်ပြီး၍ဘင်သို့ ရောက်အခါ ချုပ်ပျောက်တတ်သောကြောင့် အနိစ္စ, အဓုဝ ဟူ၍ဖြစ်ပါသည်။

ဤသို့လျှင် ထေရဝါဒပိဋကတ်တော်လာ အနိစ္စထင်မြင်ပုံနှင့် ကျောက်ပုံဝါဒ အနိစ္စယူဆပုံသည် ဖြောင့်ဖြောင့်ဆန့်ကျင်ကြပါသည်ဘုရား၊ တဖန် ပျောက်ပျက်ကုန်ခန်း အချည်းအနှီးဖြစ်သည့်သဘောတို့ဖြင့်သာ ထပ်ကာထပ်ကာမလပ်လာအောင် နှိပ်စက်နေသဖြင့် ဒုက္ခဟူ၍ ဆိုခဲ့ပြန်ပါသည်။

ကျောက်ပုံ၏ ဝါဒမှာ ပတ်ဝန်းကျင်ထဲမှာ ရှာလို့ မတွေ့ မရှိသောကြောင့် ကုန်နေခြင်း, ခန်းနေခြင်း, အချည်းအနှီးဘာမျှမရှိခြင်းတို့ဖြင့် နှိပ်စက်သောကြောင့် ဒုက္ခဟု ဆိုလိုဟန် ထင်ရှားပါသည်ဘုရား။

ထေရဝါဒပိဋကတ်တော်လာ ဒုက္ခယူဆပုံမှာ—

ဒုက္ခံ ဘန္တေတိ ဘန္တေ ပဋိပီဠနာကာရေန ဒုက္ခံ၊ဥပ္ပါဒဇရာဘင်္ဂဝသေန ဟိ ရူပဿ နိရန္တရံ ဗာဓေတိ၊ပဋိပီဠနာကာရေနဿ ဒုက္ခတာ။

(သာရတ္ထ၊ ၃။၁၇၄)

**အနက်**

ဒုက္ခံဘန္တေတိ၊ ဒုက္ခံဘန္တေဟူသည်ကား။ ဘန္တေ၊ မြတ်စွာဘုရား။ ပဋိပီဠနာကာရေန၊ တဖန်နှိပ်စက်ခြင်းအခြင်းရာကြောင့်။ ဒုက္ခံ၊ ဆင်းရဲပါဘုရား။ ဣတိ-ဤသို့။ အဝေါစ၊ လျှောက်ထား၏။ ဟိ၊ အကြင်အကြောင်းကြောင့်။ ဥပ္ပါဒ-

ဇရာဘင်္ဂဝသေန၊ ဥပါဒ်ဌီဘင်၏အစွမ်းအားဖြင့်။ ရူပဿ၊ ရုပ်တရားကို။ နိရန္တရံ၊ မပြတ်။ ဗာဓတိ၊ နှိပ်စက်၏။ တသ္မာ၊ ထို့ကြောင့်။ ပဋိပီဠနာကာရေန၊ တဖန်နှိပ်စက်ခြင်းအခြင်းအရာကြောင့်။ အဿ၊ ထိုရုပ်တရား၏။ ဒုက္ခတာ၊ ဆင်းရဲ၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ သိအပ်၏။

ထေရဝါဒပိဋကတ်တော်လာ ဒုက္ခယူဆပုံက ဥပါဒ်ဌီဘင်တို့သည် မပြတ်မလပ်နှိပ်စက်အပ်သောကြောင့် ဒုက္ခဟုထင်၍ ကျောက်ပုံဝါဒက အကြောင်းမစုံ၍ ဥပါဒ်သို့ မရောက်လာနိုင်ပဲ အချည်းအနှီးဘာမျှမရှိသည့်သဘောဖြင့် နှိပ်စက်သောကြောင့် ဒုက္ခ။

ဤသို့လျှင် ထေရဝါဒပိဋကတ်တော်လာ ဒုက္ခနှင့်ကျောက်ပုံဝါဒ ဒုက္ခတို့ မိုးနဲ့မြေပမာ လွန်စွာပင် ကွာခြားနေကြပါသည်ဘုရား။

ကျောက်ပုံဝါဒက အနတ္တကို ပြပြီးမှ အနိစ္စ, ဒုက္ခကိုပြပါသည်၊ ဗုဒ္ဓဝါဒက အနိစ္စ ဒုက္ခပြပြီးမှ အနတ္တကို ပြပါသည်၊ မှန်ပါသည် အနတ္တလက္ခဏာသည် ထင်နိုင်မြင်နိုင်ခဲသောကြောင့် မြတ်စွာဘုရားသည် အနိစ္စ,ဒုက္ခကို ပြပြီးမှ အနတ္တကို ပြတော်မူကြပါသည်။ (လောကလူ့ဘောင် ဥပမာဆောင်ပြရပါမူ အိုး ခွက်ပန်းကန် တခုခု ကွဲသွားယင် ခြော် အနိစ္စ အနိစ္စဟူ၍သာ ဆိုကြပါသည်၊ ခြော် အနတ္တ အနတ္တဟူ၍ မည်သူမျှ မညည်းညူပါ၊ အနာပေါက်သော်လည်းကောင်း ဆူးစူးသော်လည်းကောင်း ခြော် ဒုက္ခ ဒုက္ခဟူ၍သာ ညည်းညူကြပါသည်၊ ခြော် အနတ္တ အနတ္တဟူ၍ မည်သူမျှ မညည်းညူကြပါ၊ အကြောင်းကား အနတ္တလက္ခဏာ ထင်နိုင် မြင်နိုင် သိစေနိုင်ခဲသောကြောင့် ဖြစ်ပါသည်) ထို့ကြောင့်ပင် (သာရတ္ထ၊၃။၁၀၄)၌—

> ဣတိ ဘဂဝါ အနိစ္စဒုက္ခဝသေန အနတ္တလက္ခဏံယေဝ ဒဿေသိ။ ဘဂဝါ ဟိ ကတ္ထစိ အနိစ္စဝသေန အနတ္တတံ ဒဿေတိ၊ ကတ္ထစိ ဒုက္ခဝသေန၊ ကတ္ထစိ ဥဘယဝသေန။

မြန်မာပြန်

ဤသို့လျှင် မြတ်စွာဘုရားသည် အနိစ္စ, ဒုက္ခ၏အစွမ်းဖြင့် အနတ္တလက္ခဏာကို ပြတော်မူပါသည်၊ မှန်ပါသည်၊ အချို့နေရာ၌ မြတ်စွာဘုရားသည် အနိစ္စ၏အစွမ်းအားဖြင့် အနတ္တလက္ခဏာကို ပြတော်မူပါသည်၊ အချို့နေရာ၌ ဒုက္ခ၏အစွမ်းအားဖြင့် အနတ္တလက္ခဏာကို ပြတော်မူပါသည်၊ အချို့နေရာ၌ အနိစ္စ,ဒုက္ခနှစ်ပါး၏အစွမ်းအားဖြင့် အနတ္တလက္ခဏာကို ပြတော်မူပါသည်။

ဤအထက်ဖါအထောက်အထားများအရ ထေရဝါဒပိဋကတ်တော်လာ အနိစ္စ ဒုက္ခ အနတ္တ ဒေသနာအစဉ်နှင့် ကျောက်ပုံဝါဒ အနတ္တ အနိစ္စ ဒုက္ခ ဒေသနာအစဉ်သည်လည်းကောင်း ထေရဝါဒပိဋကတ်တော်လာ အနိစ္စ ဒုက္ခ အနတ္တ

အဓိပ္ပာယ်နှင့် ကျောက်ပုံဝါဒ အနိစ္စ,ဒုက္ခ,အနတ္တ အဓိပ္ပာယ်တို့သည် မတူကွဲပြား ခြားနားနေသောကြောင့်လည်းကောင်း၊ လွဲမှားနေသော အနိစ္စ,ဒုက္ခ,အနတ္တ တို့၏သဘောအဓိပ္ပာယ်ကို စဉ်းစားနိုင် သိနိုင်ကာမျှဖြင့် ပညာသိ ဝိပဿနာ မဖြစ်နိုင်သောကြောင့်လည်းကောင်း ကျောက်ပုံဝါဒနှင့် ကျောက်ပုံဝါဒီတို့သည် အဓမ္မဝါဒ အဓမ္မဝါဒီတို့ဖြစ်ကြောင်း လျှောက်ထားပါသည် နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား။

---

## စောဒနာ အမှတ် (၂၅)

ကျောက်ပုံဝါဒီ ဝိဘဇ္ဇဝါဒပညာသိဝိပဿနာအဖွဲ့ ပုသိမ်ဆရာညွန့်၏ ကာမဘုံ, ရူပဘုံ, အရူပဘုံယူဆခြင်း၊ ၃၁-ဘုံကို ဘုရား မဟော ဟူသော ဟောပြော ခြင်းနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်မြတ်များဘုရား—

ကျောက်ပုံဝါဒီ ဝိဘဇ္ဇဝါဒီပုသိမ်ဆရာညွန့်သည် ကာမဘုံ, ရူပဘုံ, အရူပဘုံ ဘုံသုံးပါးနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဟောပြောထားပါသည် ဘုရား။

(က) စိတ်တရား, စေတသိက်တရား, ရုပ်တရားတွေဟာ စိတ်နဲ့စေတသိက် ကို ဘာခေါ်သလဲ နာမ်ခေါ်တယ်၊ စိတ်နဲ့စေတသိက်မဟုတ်လို့ ကျန် တဲ့သဘောတရားတွေဘာခေါ်လဲ (ရုပ်ပါ) ဒါဖြင့် ရုပ်မဟုတ်တဲ့ နာမ်တွေကို ဘုံတတ်လိုက်တော့ အရူပဘုံခေါ်ယင် မှားမလား မမှားပါဘူး၊ နာမ်မဟုတ်တဲ့ ရုပ်တွေကို ကျွန်တော်တို့ ဘုံတတ် ကြည့်ယင် ရူပဘုံ အဲဒီ နာမ်နဲ့ရုပ်ကို နှစ်သက်နေတဲ့ လူတွေကျမှ ကာမဘုံလို့တတ် ဘုံတွေဘယ်နှစ်ဘုံလဲ အဲဒီ ဘုံသုံးဘုံမှ ဘုရားဟော တာ ၃၁-ဘုံက ဘုရား မဟောခင်ထဲက အများပြောတာ အများပြောတာက ၃၁-ဘုံ ဘုရားဟောတာက သုံးဘုံ နာမ်ကို ရုပ် မဟုတ်တဲ့အတွက်ကြောင့် အရူပ၊ ရုပ်ကို နာမ်မဟုတ်တဲ့အတွက် ကြောင့် ရူပ၊ အဲဒီ နာမ်,ရုပ်တွေပေါ်တိုင်းပေါ်တိုင်း နှစ်သက်နေ ကြတဲ့ လူဟူသမျှ ကာမ၊ အဲဒီဘုံသုံးပါးပါပဲ ရှင်းတယ်မဟုတ်လား၊ ၃၁-ဘုံက ဘုရားမပွင့်ခင်ကထဲက အများသိတဲ့တရား မမှန်ဘူးလား၊ ဘုံသုံးပါးက အများသိတဲ့တရားမဟုတ်ဘူး၊ ဘုရားပွင့်လာမှ ဘုရား ဟောတဲ့ တရားဖြစ်နေတော့ သူက နောက်ကျ။

(ခ) ဘုရားဟောတဲ့ ဘုံဘဝသည် ကာမ, ရူပ,အရူပဖြစ်ပါတယ်၊ ဘုရား မဟောတဲ့ ဘုံဘဝသည် သုံးဆယ့်တစ်ဘုံဖြစ်ပါတယ်၊သုံးဆယ့်တစ်ဘုံ

ဟာ ဘုရား ဟောတာ မဟုတ်ပါဘူး၊ ဘုရားဟောတာ ဘုံသုံးပါး ကိုတာ ဟောတာပါ။

(ပုသိမ်ဆရာညွန့် ၁၆-၁-၇၀-ခု၊ မင်းဘူးဟော တိတ်ခွေ၊ အမှတ်—၄)

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား—

အထက်ပါ ပုသိမ်ဆရာညွန့်၏ဟောပြောချက်ကို ကောက်ချက်ထုတ်လျှင်—

(၁) သုံးဆယ့်တစ်ဘုံကို ဘုရား မဟောဟု ဟောပြောခြင်း၊

(၂) ကာမဘုံ့၊ရူပဘုံ့၊အရူပဘုံများကို အဓိပ္ပာယ်လွဲမှားစွာ ကောက်ယူ၍ ဟောကြားခြင်း၊

(၃) သင်္ခါရလောကတွင် ပါဝင်သော စိတ် စေတသိက် ရုပ်တရားတို့ကို ဩကာသလောကတွင် သွင်း၍ ဘုံဟု ကောက်ယူခြင်း။

ဟူ၍ ကောက်ချက်ချရပါသည်ဘုရား။

သုံးဆယ့်တစ်ဘုံကို ဘုရားမဟောဆိုသည်နှင့်ပတ်သက်၍ မြတ်စွာဘုရားသည် သုံးဆယ့်တစ်ဘုံကို ဘုရားဖြစ်စ တရားဦးဟောရာ ဓမ္မစကြာ ဒေသနာတွင် အထင်အရှား ဟောကြားထားပါသည်ဘုရား၊ အခြားဗုဒ္ဓဘာသိတ ဖြစ်သော ဒေသနာများတွင်လည်း ၃၁-ဘုံနှင့်စပ်၍ များစွာပင် ဟောထားပါသည်ဘုရား။

ကာမဘုံ ရူပဘုံ အရူပဘုံနှင့်ပတ်သက်၍လည်း ပုသိမ်ဆရာညွန့် ဟောပြောသလို ရုပ်မဟုတ်သော နာမ်တရားတွေသည် အရူပဘုံမဟုတ်ပါ၊ နာမ်မဟုတ်သော ရုပ်တရားတို့သည် ရူပဘုံမဟုတ်ပါဘုရား၊ ရုပ်နာမ်တရားတွေပေါ် နှစ်သက်ခြင်းသည်လည်း ကာမဘုံမဟုတ်ပါဘုရား၊ သုံးဆယ့်တစ်ဘုံသည်ဩကာသ လောကကြီးပင်ဖြစ်ပါသည်ဘုရား၊ ရုပ်တရား နာမ်တရားတို့သည် သင်္ခါရတရား များဖြစ်ကြပါသည်ဘုရား၊ သင်္ခါရတရား ဖြစ်ခြင်းကြောင့် သင်္ခါရလောက၌ ပါဝင်နေပါသည်ဘုရား။ ဩကာသလောကသည် သတ္တဝါတို့၏ တည်ရာဘုံဖြစ်၍ ပုသိမ်ဆရာညွန့်ဟောပြောသော စိတ်တရား စေတသိက်တရား ရုပ်တရား ဆိုတဲ့ ရုပ်နာမ်တရားတို့သည် သတ္တဝါတို့သဏ္ဍာန်မှာ ဖြစ်ပေါ်လာသော သင်္ခါရတရား များဖြစ်၍ သင်္ခါရလောက၌ အကျုံးဝင်ပါသည်။

ထို့ပြင် ယမိုက် ပါဠိတော်၌ ပုဂ္ဂလဝါရ ဩကာသဝါရ ပုဂ္ဂလောကာသဝါရ ဝါရသုံးမျိုး ခွဲခြား၍ သုံးဆယ့်တစ်ဘုံအတွက် ကေဝေါကာရဘုံ စတုဝေါကာရ ဘုံ ပဉ္စဝေါကာရဘုံဟူ၍ အထင်အရှား ဟောထားပါသည်ဘုရား။

ငင်းယမိုက်ကျမ်း၌ပင် ကေဝေါကာရဘုံသည် အသညသတ်ဘုံ၊စတုဝေါကာရဘုံသည် အရူပလေးဘုံ၊ ပဉ္စဝေါကာရဘုံသည် အသညသတ်ကြဉ် ရူပ ၁၅-ဘုံ၊ကာမ ၁၁-ဘုံ ပေါင်း ၂၆-ဘုံရှိကြောင်း ခိုင်ခိုင်လုံလုံ ဟောထားခဲ့ပါသည်ဘုရား။

၁၁-ဘုံနှင့်ပတ်သက်သော ပါဠိတော်များမှာ များပြားလှသည့် အတွက် အကိုးအကား ထုတ်ပြစရာလိုမည်မထင်တော့ပါဘုရား၊ပါဠိတော် အများအပြား ရှိရုံတွင်မက ယနေ့ဗုဒ္ဓဘာသာမှန်က လူတိုင်းသိနေသောတရားလည်း ဖြစ်နေပါတော့သည်ဘုရား။

သို့အတွက် အထက်ဖော်ပြပါ ပုသိမ်ဆရာညွန့်၏ ဟောပြောချက်များသည် ထေရဝါဒပိဋကတ်တော်နှင့် ဆန့်ကျင်၍ အဓမ္မဝါဒဖြစ်ကြောင်း စိစစ်ဆုံးဖြတ်ပေးတော်မူကြပါရန် ရိုသေစွာ လျှောက်ထားပါသည်ဘုရား။

---

## စောဒနာ အမှတ်(၂၆)

**ဝိဘဇ္ဇဝါဒ ပညာသိဝိပဿနာ ပုသိမ်ဆရာညွန့်၏ ရန်ကုန်မြို့ ထိးတန်းဈေးကလေး ဗုဒ္ဓဝိဟာရဓမ္မာရုံ၌ ၁၁-၇-၈၂ နေ့ဟောတရားနှင့်ပတ်သက်၍ စောဒနာချက်ပါဘုရား။**

**အမှတ်(၄) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်များ ဘုရား—**

တပည့်တော်များ ယခုတင်သွင်းအပ်သော စောဒနာချက်သည် စောဒနာချက်ပေါင်း (၂၆)ချက်တို့တွင် အထူးခြားဆုံးသော စောဒနာချက် ဖြစ်ပါသည်ဘုရား။ ပုသိမ်ဆရာညွန့်သည် ၁၁-၇-၈၂ နေ့ ဟောကြားသော တရားခွေတွင် စောဒကပုဂ္ဂိုလ်များနှင့် ဝိနည်းဓိုရ်ဆရာတော်ကြီးများကိုစော်ကား၍ရိုင်းစောင်းဟောသော တရားပင် ဖြစ်ပါသည်ဘုရား။ပုဂ္ဂိုလ်ရေးအရ စောဒက ပုဂ္ဂိုလ်များနှင့် ဝိနည်းဓိုရ်ဆရာတော်ကြီးများကို စော်ကားသော်လည်း မိမိတို့မှာ ရဟန်းတော်များ ဘုရားသားတော်များပီပီ အဓိဝါသန ခန္တီတရား နှလုံးမှာထား၍ သည်းခံနိုင်ကြပါသည်ဘုရား၊ သို့သော် ငင်း ၁၁-၇-၈၂ နေ့ ဟောသော တရားခွေကို သာသနာရေးဦးစီးဌာနသို့ သက်သေခံအဖြစ် လာရောက် တင်သွင်းခြင်းသည် နိုင်ငံတော်၏ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးမူကိုပင် မထီမဲ့မြင်ပြုရာရောက်ပါတော့သည်။ ထိုသို့ နိုင်ငံတော်၏ မူတရပ်ကို မထီမဲ့မြင်ပြုခြင်းကြောင့် ယခု စောဒနာလွှာကို တင်သွင်းရခြင်းဖြစ်ပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များဘုရား-

အရပ်ရပ်မှာ ကျောက်ပုံဝါဒကို လိုက်လံဟောပြောနေရုံတွင်မက ဓမ္မ အဓမ္မ ဝိဝါဒအမှုကိစ္စနှင့်ဆင့်ခေါ်ဆဲ ကာလထဲမှာပင် အတင့်ရဲစွာ ယခုကဲ့သို့ ဟောပြောနေပါသည်၊ ဟောပြောရုံတွင်မက ၎င်းဟောပြောချက် တိတ်ခွေကိုပင် သက်သေခံပစ္စည်းအဖြစ် သာသနာရေးဦးစီးဌာနသို့ တင်ပြထားပြန်ပါသည်။ ၎င်းတိတ်ခွေမှ ကောက်ချက်ထုတ်လျှင် တခွေလုံး ထုတ်ရမည်ဖြစ်ပါသည်။ အဓိကကျသော အချက်များကို ထုတ်နုတ်လျှောက်ထားပါမည်ဘုရား။

ပထမဦးစွာတရားပွဲကို သြဝါဒပါတိမောက် ဒေသနာဖြင့် စတင်ဖွင့်ထားပါသည်၊ ၎င်းသြဝါဒပါတိမောက်ကို ပုသိမ်ဦးညွန့်က တမင်သက်သက် သာသနာရေးတင်ဖို့ တိတ်ခွေအဖြစ် ထည့်သွင်း ဟောထားခြင်းဖြစ်ပါသည်ဘုရား။ ၎င်းသြဝါဒပါတိမောက်ကို သူကိုယ်တိုင် နှုတ်တက်ရွရွ ရထားသည်မဟုတ်ပဲ တမင်သက်သက် စာရွက်မှာရေးပြီး ပုဒ်ဖြတ် မမှန်ကန်ပဲ ဖတ်ပြနေတယ်ဆိုတာ တိတ်ခွေကို သဘောပေါက်အောင် နားထောင်ကြည့်က သိနိုင်ပါသည်ဘုရား။

၎င်းတိတ်ခွေ ဘီဆိုက် အစပိုင်းတွင် နိုင်ငံတော်ဝိနည်းဓိုရ် ဆရာတော်ကြီးများကို အောက်ပါအတိုင်း စော်ကား၍ ထားပါသည်ဘုရား။

> ကျွန်တော်တို့ကို စိစစ်မဲ့ပုဂ္ဂိုလ်တွေဟာ ပြုလုပ်မဲ့ပုဂ္ဂိုလ်တွေဟာ တကဲ့စိတ်ရင်း စိတ်ထားမှန်မှန်ကန်ကန်နဲ့ ဆန္ဒ ဒေါသ မဟုတ်ဘူးလား၊ ကျနော်တို့ကင်းကင်းရှင်းရှင်းနဲ့ ဘယာကင်းကင်းရှင်းရှင်း မောဟကင်းကင်းရှင်းရှင်းနဲ့ အဂတိတရားကို လုံးဝမပါနိုင်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ဆုံးဖြတ်သုံးသပ်တော်မူနိုင်ကြပါစေလို့ အားလုံး ဝိုင်းမေတ္တာပို့ပေးကြတာ ကျနော်ကတော့ သွေးရိုးသားရိုးပြောတာ ဘာကြောင့်လဲဆိုတော့ ချစ်လို့ တဘက်သတ်လိုက်လိုက်မယ် တို့မုန်းလို့ တဖက်သတ်ဖိလိုက်မယ် တို့မဟုတ်ဘူးလား၊ အတက်က ဘေးကိုကြောက်လို့ တဘက်သတ်ပြောမယ်တို့ နောက် ကိုယ်တိုင်သဘောမပေါက်ပဲနဲ့ အဲဒီလိုပြောမယ်လို့ဆိုရင် ဒါဆိုက်မှာပဲ သာသနာတော်မိုက်မှာ ခိုက်မှာမှ နှစ်ဘက်နှစ်ဦးခိုက်မှာ ကျနော်တို့ အဆုံးအဖြတ်ခံရတဲ့ပုဂ္ဂိုလ်တွေဘက်ကနေ ကြည့်လဲခိုက်မှာပဲ ဆုံးဖြတ်တဲ့ပုဂ္ဂိုလ်တွေလဲပဲ အမှန်ကို အမှားလို့ သွားဆုံးဖြတ်မိရင် ဒါလဲ ပြဿနာတက်သွားမှာပဲ မဟုတ်ဘူးလား၊ အဲဒီတော့ မှားတာကို မှန်တယ်လို့ထင်တာ တို့မှန်တာကို မှားတယ်လို့ထင်မှတ်ပြီးတော့ သုံးသပ်ကြမယ် ဆုံးဖြတ်ကြမယ်ဆိုရင်တော့ ဒါအများကြီး ပြဿနာတက်ကုန်မှာပဲ။

စသော အထက်ပါစကားများဖြင့် ဝိနည်းမိုရ်ဆရာတော်များကို တိုက်ရိုက်စော်ကားထားပါသည်၊ စော်ကားထားရုံတွင်မက အကယ်၍ အဓမ္မအဖြစ် ဆုံးဖြတ်ခဲ့ရင်ကောင်း လူထုအုံကြွမှုတွေဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးနေခြင်းတမျိုးဖြစ်ပါသည် (အများကြီးပြဿနာတက်ကုန်မှာပဲ)ဆိုသောစကား၏ အဓိပ္ပာယ်ကို လေးလေးနက်နက် စဉ်းစားသင့်ပါသည်။ တပည့်တော်များသည် ၎င်းတိတ်ခွေကို နောက်ဆက်တွဲ သက်သေခံပစ္စည်းအဖြစ် ဤရုံးတော်သို့ တင်သွင်းထားပါသည် ဘုရား။

ဤကဲ့သို့ ဖတင့်ရဲစွာ တနိုင်ငံလုံးရှိ တသိန်းကျော်သော သံဃာတော်များကိုယ်စားပြုတဲ့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက ချမှတ်ထားသော မူဝါဒကို ပြောင်ပြောင်ကြီး ဆန့်ကျင်နေပါသည်၊ဆန့်ကျင်ရုံတွင်မက နိုင်ငံတော်သို့ ၎င်းတိတ်ခွေတင်သွင်း၍ မထီမဲ့မြင် ပြုထားပါသေးသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းမိုရ်ဆရာတော်များဘုရား—

တပည့်တော်များ တင်ပြလျှောက်ထားခဲ့သည့်အတိုင်း ဝိဘဇ္ဇဝါဒီဆိုသော ပုသိမ်ဆရာညွန့်သည် မြန်မာတနိုင်ငံလုံးရှိ တသိန်းကျော်သောသံဃာကို ကိုယ်စားပြုတဲ့ ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးမှ ချမှတ်ခဲ့သော သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးမူကို မထီမဲ့မြင်ပြုက ဆန့်ကျင်သဖြင့် သံဃာကို ဆန့်ကျင်သည်လည်း မည်ပါတော့သည်ဘုရား၊ ၎င်းပြင် တပည့်တော်များ စောဒနာခဲ့သော စောဒနာချားတွင်လည်း သံဃာတော်များအား ထိပါးပုတ်ခတ် ဟောပြောနေသူလည်းဖြစ်ပါတော့သည်။ ၎င်း၏ ဟောပြောနေသောဝါဒများကို အဓမ္မဝါဒဟု ဆုံးဖြတ်တော်မူကြရုံတွင်သာမက "သံဃဿ အင္ဂဏံ ဘာသတိ"ဟူသော ပတ္တနိက္ကုဇ္ဇနီယ သပိတ်မှောက်ကံကြီးပါ ထိုက်နေသောပုဂ္ဂိုလ်ပင် ဖြစ်ပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်း မိုရ် ဆရာတော်မြတ်ကြီးများဘုရား—

တပည့်တော်များ ယခုနောက်ဆုံး တင်သွင်းသောစောဒနာသည် ပုဂ္ဂိုလ်ရေးဆန်သည်ဟု ထင်ကောင်းထင်ဖွယ်ရှိပါသည်၊ အမှန်မှာ ဤကိစ္စရပ်အားလုံးသည် ဓမ္မ အဓမ္မဟူသော ကိစ္စနှင့်ဆက်နွယ်၍ ဖြစ်ပေါ်လာသော အကျိုးဆက်များသာ ဖြစ်ခြင်းကြောင့် ပုဂ္ဂိုလ်ရေးမဆန်ကြောင်း လျှောက်ထားပါသည်ဘုရား။

ဝိဘဇ္ဇဝါဒီဟူသော ပုသိမ်ဆရာညွန့်၏ ပြဿနာအားလုံးကိုခြုံ၍ ကြည့်လိုက်လျှင်—

(က) ဘုရားမဟောသည်ကို ဘုရားဟောဟု ဟောပြောခြင်း၊

( ခ ) မြတ်စွာဘုရား ဟောကြားတော်မူပါလျက် ဘုရားဟောမဟုတ်ဟု ဟောပြောခြင်း၊

( ဂ ) သံဃာတော်များအား ထိပါးပုတ်ခတ်၍ ဟောကြားခြင်း၊

(ဃ) တနိုင်ငံလုံးရှိ တသိန်းကျော်သော သံဃာတော်များကိုယ်စားပြုသော ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီး၏ သာသနာသန့်ရှင်းတည်တံ့ပြန့်ပွားရေးမှုကို ဆန့်ကျင်သဖြင့် ပြည်သူ့လွှတ်တော်က အတည်ပြု ပြဋ္ဌာန်းပေးသော ဥပဒေကို ချိုးဖောက်ရာရောက်ခြင်း၊

( င ) ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ မေတ္တာရပ်ခံထုတ်ပြန်ချက်ကို ကျူးလွန်ဖောက်ဖျက်ခြင်း၊

ထို့ကြောင့် သက်သေခံတင်ပြထားသော ၁၁-၇-၈၂ နေ့စွဲပါ တိတ်ခွေများကို နိုင်ငံတော် သီးခြားဝိနိစ္ဆယအဖွဲ့ဆရာတော်များမှတဆင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြ၍ လိုအပ်သလို အရေးယူ ဆောင်ရွက်ပေးပါရန် လျှောက်ထားအပ်ပါသည်ဘုရား။

# နိဒါန်း

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား—

ကျော်ပုံဝါဒသည် တရားလိုလား သဒ္ဓါပွားသူတို့ကို သဒ္ဓါတရားကင်းမဲ့သွားအောင် သမ္မာပဋိပတ္တိ လုံ့လဝီရိယရှိသူတို့ကို ဝီရိယကင်းသူ လူပေါ့လူဖျင်းများ ဖြစ်သွားအောင် သမ္မာသတိ အမှတ်ရှိသူတို့ကို သတိကင်းလွတ် ငှက်တောင်ကျွတ်များဖြစ်သွားအောင် ဘာဝနာပညာ ပွားများလေ့လာသူတို့ကို ဘာဝနာပညာ ဗလာအရှင်း လူအ လူဖျင်းများ ဖြစ်သွားအောင် ကြံဆောင်ကြိုးစား ဟောပြောရေးသားသော ဝါဒဖြစ်ကြောင်း ပြဆိုခဲ့ပြီးသော အထောက်အထားများအရ ခိုင်လုံလှပါတော့သည်ဘုရား။

ပဋိပတ္တိကို တားမြစ်သောဝါဒဖြစ်ရာ ပဋိဝေဓကိုလည်း တားမြစ်ရာရောက်ပါတော့သည်ဘုရား၊ အဘယ့်ကြောင့်ဆိုသော် ပဋိပတ္တိဟူသောအကြောင်းတရားမရှိက ပဋိဝေဓဟူသောအကျိုးတရားမရှိနိုင်သောကြောင့် ဖြစ်ပါတော့သည်ဘုရား။

တဖန် ပဋိပတ္တိကို တားမြစ်ခြင်းသည် ပရိယတ္တိကိုလဲ တားရာရောက်ပါသည်ဘုရား၊ ထင်ရှားအောင် လျှောက်ထားရသော် ပရိယတ္တိ သင်ယူခြင်းသည် ပဋိပတ္တိအတွက်သာ သင်ယူခြင်းဖြစ်လေရာ ပဋိပတ္တိမရှိက ပရိယတ္တိကိုလဲသင်ယူစရာမလိုတော့သဖြင့် ပရိယတ္တိတရားလည်းမလွဲမုချကွယ်ပသွားနိုင်ပါသည်ဘုရား။

ထို့ကြောင့် မေဃပါလမထေရ်က ဒီဃနိကာယ်၊ ပါထိကဝဂ္ဂ သမ္မသာဒနိယ-သုတ် အဋ္ဌကထာ၏အဖွင့်တွင်—

> ဧတေန ကာမံ သာသနဋ္ဌိတိယာ ပရိယတ္တိပမာဏန္တိ ဝုတ္တံ၊ ပရိယတ္တိ-ပန ပဋိပတ္တိဟေတုကာတိ ပဋိပတ္တိယာ အသတိ သာ အပတိဋ္ဌာ ဟောတိ ပဋိဝေဓော ဝိယ။

ဟူ၍ အထင်အရှား မိန့်ဆိုတော်မူခဲ့ပါသည်ဘုရား။

ပရိယတ္တိ၊ ပရိယတ္တိသည်။ သာသနဋ္ဌိတိယာ၊ သာသနာတော် တည်တံ့ခိုင်ခံ့ခြင်း၏။ ပမာဏံ၊ ပမာဏတည်း။ ဣတိ၊ ဤသို့။ အဋ္ဌကထာစရိယေန၊ အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာသည်။ကာမံဝုတ္တံ၊အကယ်၍ကား ဆိုခဲ့ပါပေ၏။ ပန၊ ထိုသို့ပင်ဆိုပါသော်လည်း။ ပရိယတ္တိ၊ပရိယတ်သည်။ ပဋိပတ္တိဟေတုကာ၊ ပဋိပတ္တိလျှင် သင်ယူခြင်း၏ အကြောင်းရှိခဲ့ပေ၏။ ဣတိ၊ ထိုကြောင့်။ ပဋိပတ္တိ-ယာ၊ ပဋိပတ်သည်။ အသတိ၊ မရှိခဲ့သော်။ ပဋိဝေဓော၊ ပဋိဝေဓသာသနာသည်။ အပတိဋ္ဌော၊ မတည်တံ့နိုင်သည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ သာ ပရိယတ္တိ၊ ထိုပရိယတ္တိသည်။ အပတိဋ္ဌော၊ မတည်တံ့နိုင်သည်။ ဟောတိ၊ ဖြစ်လေတော့၏။

အထက်ပါစကားအရ ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသ-နာဟု သာသနာတော်သုံးရပ်ရှိသည်တွင် အလယ်ဖြစ်သော ပဋိပတ္တိသာသနာ

မရှိက မြေကြီးလည်းကရိုက်ချိုးသကဲ့သို့ သာသနာသုံးရပ်စလုံးအကျိုးနဲ့ရတော့မည်မှာ မြေကြီးလက်ခတ်သည်ပမာ ကေန်ဖြစ်ရပါတော့မည်ဘုရား။ ထို့ကြောင့် ပဋိပတ္တိတရား ပျက်ပြားအောင် ဟောပြောရေးသားသော ကျောက်ပုံဝါဒ ကျောက်ပုံဝါဒီတို့သည် သာသနာတခုလုံးကို ချေမှုန်းမည့် မိစ္ဆာဝါဒ မိစ္ဆာဝါဒီများဖြစ်ကြောင်း ဆုံးဖြတ်ပေးတော်မူကြပါ ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား—

တပည့်တော်များသည် ကျောက်ပုံတောရ ဆရာတော်အမည်ခံ ဦးစံရင်းနှင့် ကျောက်ပုံဝါဒီတို့ ရေးသားဟောပြောကြသော စာအုပ်များစွာတို့တွင် နေယျသင်တန်း စာအုပ်မှ အဓိကထား၍ ထုတ်နုတ်စောဒနာခဲ့ကြပါသည် ဘုရား။

ယခုထုတ်နုတ်ထားသော စောဒနာချက်များသည် အမြွက်မျှလောက်သာ ရှိပါသေးသည်ဘုရား။ ကျန်ရှိနေသေးသော စာအုပ်များ တိတ်ခွေများကိုလည်း ဓမ္မဝိနယနှင့်ညီမညီ စိစစ်ဆုံးဖြတ်၍ ပေးတော်မူပါရန် သက်သေခံအဖြစ်စာရင်းနှင့်တကွ သီးခြား ဝိနိစ္ဆယချုံးတော်သို့ ဆက်ကပ် တင်ပြထားပါသည်ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်ကြီးများဘုရား —

ကျောက်ပုံဝါဒီတို့သည် အာဒိကလျာဏဂုဏ်, မဇ္ဈေကလျာဏဂုဏ်,ပရိယောသာနကလျာဏဂုဏ်, ကေဝလပရိပုဏ္ဏဂုဏ်, ကေဝလပရိသုဒ္ဓဂုဏ်, သာတ္ထဂုဏ်, သဗျဉ္စနဂုဏ် ဤဂုဏ်ထူးဝိသေသတို့နှင့် ပြည့်ပြည့်စုံစုံ မချို့မလို မိန့်ဆိုဟောကြားမြတ်ဘုရား၏ တရားဒေသနာတို့ကို လိုနေသေးသည်၊ထည့်သွင်းစရာရှိနေသေးသည် ထင်မှတ်မှားကြ၍ ပါဠိ အဋ္ဌကထာ ဋီကာကို ပရဝါဒ၊ ကျောက်ပုံအယူအဆကို သကဝါဒဟုပြု၍ ပါဠိ အဋ္ဌကထာ ဋီကာတို့က ဤမျှလောက်သာပြသည်၊ဟိုဘက်ထိအောင် နှိုက်မပြဘူး၊ ကျောက်ပုံက ဘယ်ထိအောင်နှိုက်ပြသည် စသည်ဖြင့် (တိတ်ခွေ-၁၀) တိတ်ခွေနံပါတ် ၁၀-မှာ ပါဠိ အဋ္ဌကထာ ဋီကာတို့က မပြဆိုသော တရားတို့ကို ကျောက်ပုံကပိုပြီးတော့ပြသည်၊နှိုက်ပြသည်ဟု သဗ္ဗညုတဉာဏ်တော်မြတ်ထက်ပင် သာလွန်သောဉာဏ်ဖြင့် (ဝါ) ဘုရားထက်ပင် ကျောက်ပုံက တဝါကြီးစွာ ဟောပြောထားပါသည်ဘုရား။ ဤသည်ကား မိမိတို့၏ ဝါဒကို အထင်ကြီးသော သာယာသောအားဖြင့် အယူမှား အမြင်မှားဖြစ်နေကြခြင်း ဖြစ်ပါသည်ဘုရား။ ဤသာသနာတော်တွင် အယူမှား အမြင်မှားခြင်းသည် အပြစ်အကြီးဆုံးဖြစ်ကြောင်းကို မြတ်စွာဘုရားက —

မိစ္ဆာဒိဋ္ဌိ ပရမာဟံ ဘိက္ခဝေ ဝဇ္ဇံ ဝဒါမိ

ဟူ၍ ဟောကြားတော်မူခဲ့ပါသည်ဘုရား၊ဤသို့ ဓမ္မဝိနယ၌ မလာရှိသည်များကို ယူမှားမိကြပြီဆိုလျှင် —

ဝေမေတော ဒိဋ္ဌိဂတိကာ ဣဒံ ဒဿနံ ဂဟေတွာ တိသု ဘဝေသု စတူသု ယောနီသု ပဉ္စသု ဂတီသု သတ္တသု ဝိညာဏဋ္ဌိတီသု နဝသု သတ္တာဝါသေသု ဣတော ဣတ္ထ ဧတ္တော ဣမဲ့ာတိ သန္ဓာဝန္တာ သံသရန္တာ ယန္တွေ ယုတ္တာဂေါဏော ဝိယ ထမ္ဘေ ဥပနိဗဒ္ဓကုက္ကုရော ဝိယ ဝါတေန ဝိပ္ပန္နဋ္ဌာနာဝါ ဝိယ စ ဝဋ္ဋဒုက္ခမေဝ အနုပရိဝဋ္ဋန္တိ ဝဋ္ဋဒုက္ခတော သီသံ ပက္ခိပိတုံ န သက္ကောန္တိ။

အနက်

ဝေ၊ ဤသို့။ ဧတေ ဒိဋ္ဌိဂတိတာ၊ ဤမိစ္ဆာဒိဋ္ဌိတို့သည်။ ဣဒံ ဒဿနံ၊ ဤမိစ္ဆာအယူကို။ ဂဟေတွာ၊ ယူကြကုန်၍။ တီသုဘဝေသု၊ ဘဝသုံးပါးတို့၌လည်းကောင်း။ စတူသုယောနီသု၊ ယောနိလေးပါးတို့၌လည်းကောင်း။ ပဉ္စသုဂတီသု၊ ဂတိငါးပါးတို့၌လည်းကောင်း။ သတ္တသုဝိညာဏဋ္ဌိတီသု၊ ဝိညာဏဋ္ဌိတိခုနစ်ပါးတို့၌လည်းကောင်း။ နဝသုသတ္တာဝါသေသု၊သတ္တာဝါသ ကိုးပါးတို့၌လည်းကောင်း။ ဣတော၊ ဤဘဝမှ။ ဧတ္တ၊ ထိုဘဝသို့။ ဧတ္တော။ ထိုဘဝမှ။ ဣမ၊ ဤဘဝသို့။ သန္ဓာဝန္တိ၊ ပြေးသွားကြရကုန်၏။ သံသရန္တိ၊ ကျင်လည်ကြရကုန်၏။ ဣတိ၊ ဤသို့။သန္ဓာဝန္တာ၊ ပြေးသွားကြကုန်လျက်။သံသရန္တာ၊ ကျင်လည်ကြရကုန်လျက်။ ယန္တေ၊ ဆီဆုံယန္တရား၌။ ယုတ္တာဂေါဏော၊ ယှဉ်ကအပ်သောနွားသည်။ ယန္တိ ံ၊ ယန္တရားသို့။အနုပရိဝတ္တတိ ဝိယ စ၊အစဉ်လိုက်၍လည်ပတ်ရသကဲ့သို့လည်းကောင်း။ ထမ္ဘေ၊ တိုင်၌။ ဥပနိဗဒ္ဓကုက္ကုရော၊ နှောင်ဖွဲ့အပ်သော ခွေးသည်။ ထမ္ဘံ၊ တိုင်သို့။ အနုပရိဝတ္တတိဝိယစ၊ အစဉ်လိုက်၍လည်ပတ်ရသကဲ့သို့လည်းကောင်း၊ ဝါတေန၊ လေဖြင့် (ဝါ) လေကြောင့်။ ဝိပ္ပန္နဋ္ဌာနာဝါ၊ အထူးထူးအပြားပြား ပျက်စီးသွားရသောလှေသည်။ ဝါတံ၊ လေသို့။ အနုပရိဝတ္တတိ ဝိယ စ၊ အစဉ်လိုက်ရသကဲ့သို့လည်းကောင်း။တထာ၊ ထို့အတူ။ ဝဋ္ဋဒုက္ခမေဝ၊ ဝဋ်ဆင်းရဲသို့သာလျှင်။ အနုပရိဝတ္တန္တိ၊ အစဉ်လိုက်ကာ လည်ပတ်ကြရပါကုန်၏။ ဝဋ္ဋဒုက္ခတော၊ ဝဋ်ဆင်းရဲမှ။ သီသံ၊ဦးခေါင်းကို။ ဥက္ခိပိတုံ၊ မြှောက်ချီခြင်းငှာ။ န သက္ကောန္တိ။ မစွမ်းနိုင်ကြကုန်။


ဤဒေသနာတော်အရ စုဒိတကနှင့်တကွ ကျောက်ပုံဝါဒကို နှိယျာနိကထင်မှတ်မှားကြသည့် ဗုဒ္ဓဘာသာဝင် သူတော်စင်များတို့အတွက် သနားစရာဆင်းရဲရှည်ကြာကြမည့် အရေးကို တွေးရှုသနား ကရုဏာထားတော်မူကြပြီးလျှင် အမှားအမှန် တိတ်ခွေရော စာအုပ်ပါမကျန်အောင် ဝေဖန်စစ်ဆေးပေးတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထား အသနားခံရင်းဖြင့် အောက်ပါ နိဂုံးစာသားကို လျှောက်ထား တင်သွင်းရပါသည် နိုင်ငံတော်သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

## နိဂုံးကဗျာ ဆုတောင်းလင်္ကာ


စ လယ် အဆုံး သုံးပါးလုံးမှာ ကောင်းခြင်းဖြာလျက် သဒ္ဒါအနက် မူမပျက်ပဲ ထည့်စွက်မလို အပိုမပါ စင်ကြယ်စွာသား အင်္ဂါကိုးသွယ် နိကာယ်ငါးရပ် ပိဋကတ်သုံးဖြာ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် များအမြောင်ကို လိုသော်မထောင်း ပိုမဆောင်းနှင့် ကြောင်းကျိုးနှစ်အင် မဆန့်ကျင်အောင် အမြင်ဖြောင့်မတ် အယူမှတ်မှ အမြတ်သုံးတိုက် ဘုန်းမကိုဋ်၏ စံထိုက်အမွေ သားကောင်းပေတည်း အခြေမပါ သဒ္ဒါယွင်းကွက် အနက်ဖောက်ပြား ဘုရားမဟော အမှားရောလျက် သဘောမမိ နောမတိဖြင့် ဒိဋ္ဌိမြင်သန် ယူမမှန်က ဧကန်ဧက ဘဝသုံးခု စတုယောနိ ဂတိငါးဖြာ ဝိညာဏဋ္ဌိတိ ရှိသည့်သတ္တဝါသ သံသာရဉ် ဘဝထို၌ မရပ်တည်ပဲ ဆုံလည်သောနွား ရဟတ်ခြားသို့ တိုင်ထားကြိုးချည် ခွေးမိုက်လည်သို့ လေနီဖုက်သော လှေသင်္ဘောသို့ စုံမြောထက်အောက် နရက်ရောက်လျက် ကြောက်ဖွယ်ကြာရှည် ဆင်းရဲမည်ကြောင့် မညီတရား အယူများကို ရှောင်ရှားစေလို စုဒ်ထုတ်ဆိုသည် လူဗိုလ်ကောင်းကျိုး ကိုး၏တည်း။

### စောဒကဆရာတော်များ


(၁) ဦးပဏ္ဍိတ
ဝိသိဋ္ဌဒီဃဘာဏက
ဆားကန်ကျောင်း
ဦးစံပေလမ်း၊ သင်္ဃန်းကျွန်းမြို့နယ်။




(၂) ဦးဝိသုဒ္ဓါစာရ
ပဒါန်းကျောင်း
ပဒါန်းကျေးရွာ
ငဖဲမြို့နယ်၊ မကွေးတိုင်း။



(၃) ဦးဉာဏသာမိ
လိပ်တောင်အနောက်ကျောင်း
မင်းဘူးမြို့နယ်၊ မကွေးတိုင်း။



(၄) ဦးအဂ္ဂဓမ္မ(ဓမ္မာစရိယ)(ဝိနယဓရ)
(ဒီဃဘာဏက ဒီဃနိကာယကောဝိဒ)
မာရ်အောင်ကျောင်းတိုက်၊
မြောက်ဥက္ကလာပမြို့။



## သက်သေခံ ပစ္စည်းစာရင်း

အမှတ် (၄) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော်များဘုရား—

**ကျောက်ပုံ** ဆရာတော်အခည်ခံ ဦးစံရင်း၏ ကျောက်ပုံတောရ ဝါဒဖြစ်သော ကမ္မာဝိပဿနာ "သီခြား ကမ္မာဝိပဿနာ" ဝိဘဇ္ဇဝါဒ ပညာသိဝိပဿနာ ဝါဒတို့ကို ဓမ္မအဓမ္မ စစ်ဆေး ဆုံးဖြတ်မည့် အမှတ် (၄)နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ ဝိနိစ္ဆယ ရုံးတော်သို့ စောဒနာတင်သွင်းရာတွင် ကောက်ချက် တုတ်ဖော်ပြအပ်သော သက်သေခံစာအုပ်၊ စာစောင်၊ တိတ်ခွေတို့စာရင်းကို သီးသန့် ပြုစုတင်ပြပါသည်ဘုရား။

ဤစာရင်းတွင် မပါဝင်သော အခြားတိတ်ခွေ စာအုပ်စာစောင်များလည်း အများအပြား ကျန်ရှိနေပါသေးသည်ဘုရား—

(၁) ဗုဒ္ဓဝါဒနှင့်လုပ်ငန်းစဉ်—ရေးသူ ဦးစံရင်း တည်းဖြတ်သူ ပဋ္ဌမကျော် ဆရာ ဦးစိန်ခန့် မဟာဂန္ဓာရီ ပထမံစာပုံနှိပ်တိုက် အမှတ် ၁၂၅၂ ဗဟန်းလမ်း၊ရန်ကုန်၊

(၂) အရိယာဝိဇ္ဇာသကြန်စာ-ခုနှစ်သက္ကရာဇ်မပါ၊ထုတ်ဝေဖြန့်ချီသူ ဦးငွေသာ-သာမိဒေလီဂေဇက်စာပုံနှိပ်တိုက်၊ အမှတ် ၁၈၁၊ ကျုံးကြီးလမ်း၊ ရန်ကုန်။

(၃) သင်္ဂါယနာကဗျာစာ—ရေးသူ ဦးစံရင်း၊ ထုတ်ဝေသူ—နေမျိုးရာဇာ ဦးမောင်ကြီး၊ ယောဂီပုံနှိပ်တိုက်၊ ၂၄၅၊လွှစ္စလမ်း၊ ရန်ကုန်။

(၄) နိဗ္ဗာန်အမတ ဩဝါဒကထာ—၁၃၁၅ ခုနှစ်၊ ရေးသူ—ဦးစံရင်း၊ ထုတ်ဝေသူ နေမျိုးရာဇာ ဦးမောင်ကြီး၊ ယောဂီပုံနှိပ်တိုက်၊ ၂၄၅၊ လွှစ္စလမ်း ရန်ကုန်။ ၁၃၁၅-ခုနှစ်။

(၅) ထင်လေးလုံး—ရေးသူ—ဦးစံရင်း၊ ထုတ်ဝေသူ—ဦးသုန်၊ ကမ္မာ ဝိပဿနာမဂ္ဂဇင်းတိုက်၊ မြန်မာ့ဂုဏ်ရည် စာပုံနှိပ်တိုက် ၁၇၈၊မြန်မာ့ ဂုဏ်ရည်လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။

(၆) ကာယိကဒုက္ခ ဝိမုတ္တိကျမ်း—ရေးသူ ဦးစံရင်း တည်းဖြတ်သူ မန္တလာ ဦးလွန်း၊ လှမြင့်ဝင်းစာပုံနှိပ်တိုက်၊ ၄၆၊ ၁၀၈-လမ်း၊ ရန်ကုန်၊ ၁၃၂၂-ခုနှစ်။

(၇) မေးခွန်းပေါင်းချုပ်ကျမ်း—ရေးသူ ဦးစံရင်း၊ သိန်းသန်းပုံနှိပ်တိုက်၊ အမှတ် ၇၀၉(၅)ရပ်ကွက်၊ ဖြဟ္မစိုရ်လမ်း၊ တောင်ဥက္ကလာပမြို့။ ၁၃၂၅-ခုနှစ်၊ တော်သလင်းလ။

(၈) အဓိကဝိပဿနာကျမ်း— ရေးသူ ဦးစံရင်း၊ ထုတ်ဝေသူ ဦးသန့်၊ ဒေလီဂေဇက်ပုံနှိပ်တိုက်၊ အမှတ် ၁၈၁၊ ကျုံးကြီးလမ်း၊ ရန်ကုန်။ ခုနှစ်မပါ။

(၉) ကမ္မဋ္ဌာဝိပဿနာ ၁၈-ချက် ပထမ(၉)ပိုင်း အဖြေကျမ်း—ရေးသူ ဦးစံရင်း၊ ထုတ်ဝေသူ မပါ၊ မိဘမေတ္တာရွှေတံဆိပ်ပုံနှိပ်တိုက်၊ အမှတ် ၂၇၊ ဗဟန်းလမ်း၊ ရန်ကုန်။ ၁၃၂၀-ခုနှစ်၊ သီတင်းကျွတ်လ။

(၁၀) နေပက္ကမ ပညာ အနုစိတ်ကျမ်း—(ပဥ္စမတွဲ) ရေးသူ ဦးစံရင်း။ တည်းဖြတ်သူ ပဟိုရ်စည် ဦးဝိဇယ၊ မြင့်ရတနာစာပုံနှိပ်တိုက်၊ ဗဟိုရ်စည်ဈေးလမ်း၊ ဗဟိုရ်စည်ရပ်ကွက်၊ ရန်ကုန်မြို့။

(၁၁) နိဗ္ဗာန်သွားခန်း သည်ခေတ်လမ်းသင်တန်း—ရေးသူ ဦးနေဝင်းသိန်း၊ ထုတ်ဝေသူဦးမောင်မောင်လွင်၊ပုံနှိပ်သူ ဦးပါ၊ စိန်ရတနာပုံနှိပ်တိုက်၊ အမှတ် ၃၁၅၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ ရန်ကုန်။ ၁၉၇၅-ခု၊ ဧပြီလ။

(၁၂) ကမ္မဋ္ဌာဝိပဿနာကျမ်း ပထမတွဲ(နေယျသင်တန်း)—ရေးသူ ဦးစံရင်း (ဆဋ္ဌမအကြိမ်)ထုတ်ဝေသူဒေါ်တင်ကြည်၊ သာသနမုခစာအုပ်တိုက် ၃၆၊ သူရဿတီလမ်း၊ ကမ္ဘာအေးစာတိုက်၊ ရန်ကုန်မြို့။ ပုံနှိပ်သူ ဦးသန်းမောင် ဣစ္ဆာသယပိဋကစာပုံနှိပ်တိုက်၊ ၁၁၃၊ ၂၄-လမ်း၊ ရန်ကုန်။ ၁၃၃၄-ခု၊ သီတင်းကျွတ်လ။

(၁၃) စံပြဝိပဿနာ—ရေးသူ နေမျိုးရာဇာ ဦးမောင်ကြီး(ဆဋ္ဌမအကြိမ်၊) ထုတ်ဝေသူ ဒေါ်တင်ကြည်၊သာသနာမုခစာအုပ်တိုက် ၃၆။ သူရဿတီလမ်း၊ ကမ္ဘာအေးစာတိုက်၊ ရန်ကုန်။ ပုံနှိပ်သူ ဦးတင်၊ ယောဂီပုံနှိပ်တိုက်၊ အမှတ် ၂၄၅၊ လှုစ္စလမ်း၊ ရန်ကုန်။

(၁၄) မှတ်ပုံတင်သင်တန်း—ရေးသူ ဦးစံရင်း၊ ကိုယ်တိုင်ရေးသား၍ ကိုယ်တိုင်လက်မှတ်ထိုး ထုတ်ဝေသည်။ မိဘမေတ္တာရွှေတံဆိပ်ပုံနှိပ်တိုက်၊ အမှတ် ၂၇၊ ဗဟန်းလမ်းမကြီး၊ ရန်ကုန်။

(၁၅) လေးလွှာဖျက်ခဏ်း အနတ္တဝိပဿနာကျမ်း—ရေးသူ ဦးဝိရိယာဓိကဉာဏ၊ မိဘမေတ္တာရွှေတံဆိပ်ပုံနှိပ်တိုက်၊ အမှတ် ၂၇၊ ဗဟန်းလမ်းမကြီး၊ ရန်ကုန်မြို့။

(၁၆) အနုစိပ်ဒိနိစ္ဆယ အမေးအဖြေကျမ်း(ပ)—ရေးသူ ပဟိုရ်စည်ဦးဝိဇယ၊ မိဘမေတ္တာရွှေတံဆိပ်ပုံနှိပ်တိုက်၊ အမှတ် ၂၇၊ ဗဟန်းလမ်းမကြီး၊ ၂-လမ်းထိပ်၊ ရန်ကုန်။

(၁၇) နာတိသင်္ခေပ ပညာသိဝိပဿနာကျမ်း—ရေးသူ ဓမ္မဒီပံ ဦးဥေယျ၊ ဟသာ်ာမင်းပုံနှိပ်တိုက်၊ ၁၃၄၊ ဗားကရာလမ်း၊ စမ်းချောင်း၊ရန်ကုန်။

(၁၈) ကမ္ဘာ့မေဒနီကျမ်းငယ်ရေးသူ ဦးစံရင်း၊ထုတ်ဝေသူ ကမ္ဘာလုံးဆိုင်ရာ ဗုဒ္ဓသာသနာပြုအဖွဲ့ချုပ် ဥက္ကဋ္ဌ ကန်တော်ဆရာ၊ သုဝဏ္ဏဝတီပုံနှိပ်တိုက်၊ ၁၃၃၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်။

(၁၉) ကမ္ဘာ့ဝိပဿနာမဂ္ဂဇင်း ရှစ်စောင်တွဲ။ တာဝန်ခံ ဦးသုန်။

(၂၀) ဝိဘဇ္ဇဝါဒ ပကာသနီကျမ်းမှ ကောက်နုတ်ချက်—ရေးသူ ပုသိမ်ဆရာညွန့်၊ စိစစ်သူ ဦးဗသောင်း(ဗိုလ်ကြီးဟောင်း) အမှတ် ၅၄၊ ဗင်တာလမ်း ရန်ကုန်။ ၁၃၃၁-ခု၊ ဝါခေါင်လ။

(၂၁) ၉-ကြိမ်မြောက် ကမ္ဘာ့ဝိပဿနာဆရာဘုရားအား ဂုဏ်ပြုပူဇော်ပွဲ အထိမ်းအမှတ် လက်ကမ်းစာစောင်— စီစဉ်ရေးသားပြုစုသူ ပုသိမ်ဆရာညွန့်၊ ကိုမြမောင်ပုံနှိပ်တိုက်၊ ၄၃၅။ သရက်တောရပ်ကွက်၊ ဘီလမ်းထိပ်၊ ကြည့်မြင်တိုင်။

(၂၂) ပုသိမ်ဆရာညွန့် လက်ကမ်းကြော်ငြာ ၃-စောင်။

## တိတ်ခွေစာရင်း

(၁) ဦးစံရင်းဟော တရားခွေ ၁၃-ခွေ

(၂) (က) ပုသိမ်ဆရာညွန့် မင်းဘူးဟော ၁၉-၁၀-၈၀ ၂-ခွေ

(ခ) ။ ။ အမှတ် ၂။ ၁၅-၁၀-၈၀ ၁-ခွေ

(ဂ) ။ ။ ၃ ။ ၁-ခွေ

(ဃ) ။ ။ ၄ ။ ၁-ခွေ

(င) ။ ။ ၅ ။ ၁-ခွေ

(စ) ။ ။ ၆ ။ ၁-ခွေ

(ဆ) ။ မကွေးဟော ၂၀-၁၀-၈၀ ၁-ခွေ

(ဇ) ။ ထီးတန်းဓမ္မာရုံ ဝတ်နိဗဒ်ပွဲ
စီ-၉၀ ၁၅-၂-၈၁ ၁-ခွေ

(ဈ) ပုသိမ်ဆရာညွန့် ထန်းပင်ကုန်းရွာတရားပွဲ
၃၅-ခု၊ တပေါင်းလဆန်း ၇-ရက်။ ၂-ခွေ

(ည) စောင်းတန်းရွာတရားပွဲ ၃၇-ခု၊တပေါင်းလဆုတ် ၃-ရက် ၁-ခွေ

(ဋ) စောင်းတန်းရွာတရားပွဲ ၄၀-ခု၊ပြာသိုလဆန်း ၁၄-ရက် ၂-ခွေ

(ဌ) ပုသိမ်ဆရာညွန့် တပည့်များ သပိတ်မှောက်ကိစ္စခွေ ၁-ခွေ

(ဍ) ပုသိမ်ဆရာညွန့် ပြဿနာနှင့်ပတ်သက်၍ ဆရာတော်
ဦးဒီပနှင့် ဦးဘောဂ အမေးအဖြေ ၂-ခွေ

စုစုပေါင်း— ၃၀-ခွေ

## နောက်ဆက်တွဲ သက်သေခံပစ္စည်းစာရင်း

| | |
|---|---|
| (၁) ပြည်ထောင်စုသတင်းစာ | ၁-စောင် |
| (၂) နေဝင်းသိန်း အမှုတွဲဖိုင် | ၁-ခု |
| (၃) ပုသိမ်ဆရာညွန့် အမှုတွဲဖိုင် | ၁-ခု |
| (၄) ပုသိမ်ဆရာညွန့် တိတ်ခွေများ | |
| (က) ပေါက်တောကျောင်း အင်းစိန် | |
| ၃-၁၁-၈၀ ဟော | ၁-ခွေ |
| ၄-၁၁-၈၀ ။ | ၂-ခွေ |
| ၅-၁၁-၈၀ ။ | ၂-ခွေ |
| (ခ) ပုသိမ်တရားပွဲ | |
| ၄-၇-၈၂ ဟော | ၂-ခွေ |
| (ဂ) ထီးတန်း ဗုဒ္ဓဝိဟာရဓမ္မာရုံ | |
| ၁၁-၇-၈၂ ဟော | ၂-ခွေ |
| စုစုပေါင်း တိတ်ခွေ – | ၉-ခွေ |

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄) သို့ ကျောက်ပုံတောရဝါဒနှင့် ပတ်သက်၍ ဓမ္မဝိနယနှင့်အညီ အဆုံးအဖြတ်ပေးနိုင်ရန်အတွက်

# သောခနာ တင်သွင်းချက်

နေ့စွဲ၊ ၁၃၄၄-ခုနှစ် ဒုတိယဝါဆိုလဆန်း ၄-ရက်
၁၉၈၂-ခုနှစ် ဇူလိုင်လ ၂၄-ရက်

နိုင်ငံတော် အမှတ် (၄) သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

ဘုရားတပည့်တော် ပုသိမ်မောင်ညွန့်အား ဦးစွာပထမ အနန္တော အနန္တ ငါးပါးကို ကန်တော့ရန် ခွင့်ပြုတော်မူပါဘုရား။

ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူပေသော ဘုရားမြတ်စွာတည်း ဟူသော ရတနာ ထိုဘုရားမြတ်စွာတည်းဟူသော ရတနာသည် သင်္ချေလေးထပ် ကပ်တစ်သိန်းလုံး ပေါင်း ရှိုးဖြည့်လတ်ပါမှ ရအပ်သော သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ဝေဖန်ပိုင်းခြား၍ ဟောတော်မူအပ်ကုန်သော တရားတော်မြတ်တည်းဟူသော ရတနာ ထိုတရားတော်မြတ်တည်းဟူသော ရတနာကို ဥဂ္ဂဟန, ဓာရဏ, သဝန, ပရိပုစ္ဆာ, ပစ္စဝေက္ခဏာတို့ဖြင့် ရှုဆင်ခြင်၍သော စိတ်ပူပန်စေတတ်သည့် ကိလေသာ အနည်းအမျိုးအလိုက် ကင်းဝေးတော်မူကြကုန်သော သံဃာတော်မြတ်တည်းဟူသော ရတနာ ထိုရတနာမြတ် သုံးပါးတို့နှင့်တကွ ကျေးဇူးကြီးလှ မြတ်မိဘနှင့် ဆရာသခင် ကျေးဇူးရှင် အပေါင်းတို့အား ရှိသေညွတ်တွား ကံသုံးပါးဖြင့် ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

## နိဒါန်းပါဘုရား

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့အား ရှိသေဦးခိုက် လျှောက်ဘင်ထိုက်သည့် အချက်အလက်များကို တပည့်တော် ပုသိမ်မောင်ညွန့် ရှိသေစွာ လျှောက်ထားအပ်ပါသည် ဆရာတော် အရှင်သူမြတ်တို့ ဘုရား။

စောဒနာ တင်သွင်းထားသော ဆရာတော်များ၏ စောဒနာလွှာပါ အမှတ် (၁) မှ အမှတ် (၂၆) တိုင်အောင် စိစစ်ကြည့်ရာ ပုဂ္ဂလနှင့် ဓမ္မရေးရာ (၂) ခုကိုသာ နည်းအမျိုးမျိုး မိမိ၏ ရှုထောင့်အမျိုးမျိုးဖြင့် ပြုပြင်စီရင်၍ စောဒနာ တင်ထားသည်ကို တွေ့မြင်ရပါသည်ဘုရား။

တပည့်တော် ပုသိမ်မောင်ညွန့်သည် ၁၃၁၇-ခုနှစ်မှစ၍ ရွှေတိဂုံစေတီတော် အနီးတွင်ရှိ "သံပုံချိုင့်" တွင် ဝိပဿနာတရားများကို သင်ကြားပို့ချလျက် ရှိသော ကျောက်ပုံဆရာကြီး၏ထံတွင် တပည့်ခံ၍ ဝိပဿနာ တရားတော်မြတ်များကို လေ့လာသင်ကြား မှတ်သား နာယူခဲ့ပါသည်ဘုရား။

## နိဒါန်း

တပည့်တော်ကဲ့သို့ ဝိပဿနာ တရားတော်မြတ်များကို လေ့လာသင်ကြား မှတ်သားနာယူလျက်ရှိသော ရပ်ဝေးရပ်နီးမှ ပုဂ္ဂိုလ်များလည်း အသီးသီး ရှိနေကြပါသည်ဘုရား။ မြို့ရွာ နယ်ပယ်အသီးသီးမှ ဆည်းပူးလျက်ရှိကြသော ဝေနေယျများသည် ခေတ္တခဏ နေထိုင်သူများရှိကြသလို နှစ်ရှည်လများတရား အားထုတ်ရင်း သင်ကြားနာယူနေကြသော ရဟန်းရှင်လူ တပည့်ဝေနေယျ များလည်း ရှိကြပါသည်ဘုရား။ ထိုအထဲတွင် စည်းကမ်းကြီးစွာဖြင့် နေထိုင် လျက် တရားစာအုပ်များ လေ့လာလိုက်စား ကြိုးစားအားထုတ်နေသူများ ရှိသလို စည်းကမ်းမရှိသော ဝေနေယျများလည်း ရှိနေကြောင်း တွေ့မြင်ရပါ သည်ဘုရား။ ထိုသို့အားဖြင့် အခါအားလျော်စွာ ပုဂ္ဂိုလ်ရေးရာအရ အနေ အထိုင် အပြောအဆို မမျှတမှုကြောင့် လူ လူချင်းသော်လည်းကောင်း၊ လူနှင့် ရဟန်းသော်လည်းကောင်း၊ အငြင်းပွားကြ အချင်းများကြသည်ကို မကြာ မကြာ တွေ့မြင်နေရဖူးပါသည်ဘုရား။ ဤတွင် ယင်းကိစ္စများနှင့် ပတ်သက်၍ ကျောက်ပုံဆရာကြီးအား ဟင်ပြရာ ကျောက်ပုံဆရာကြီးက အောက်ပါအတိုင်း ဆုံးမဩဝါဒ ပေးပါသည်ဘုရား။

## ကျောက်ပုံဆရာကြီး၏ ဩဝါဒ

ကမ္မာဝိပဿနာတရားပြ သင်တန်းဌာနသည် ပညာသင်သူ ရဟန်း ရှင်လူ အများတို့အား ကျောက်ပုံသိသားသော ဉာဏ်ကလေးနှင့် ကမ္မာသူ ကမ္မာသား တွေကို ပညာနှင့်သံအပ်သော ဝိပဿနာကိုသာ ပြရာဌာနဖြစ်တယ်၊ သုစိန္တိတ- စိန္တီ သုဘာသိတဘာသီ သုကာရိတကာရီ ကောင်းစွာကြံကြ ကောင်းစွာ ပြောကြ ကောင်းစွာနေထိုင် ပြုလုပ်ကြ၊ အဲဒါ တပည့်တို့ရဲ့ တာဝန်ဖြစ်တယ်၊ ပညာကို တတ်အောင် သင်ပေးရမဲ့ကိစ္စက ကျောက်ပုံရဲ့ တာဝန်ဖြစ်တယ်၊ ခြင်း ခတ်တဲ့သူများလို ကိုယ့်တာဝန်ကို လုံအောင်ကြိုးစားကြပေါ့၊ နိုင်ငံတော်

အစိုးရ ဥပဒေနဲ့ ငြိစွန်းတဲ့ ကိစ္စတွေ ဖြစ်ပေါ်လာလျှင် ကျောက်ပုံဘာမှ မတတ်နိုင်ဘူး၊ ကျောက်ပုံ အကြိုက်ဆုံးကတော့ တရားစစ်-မစစ်၊ မှန်-မမှန်ကို လေ့လာလိုက်စားသူတွေ များများပေါ်ပေါက် စေချင်တယ်၊ သို့သော်လဲ ပါဠိတော် အဋ္ဌကထာကျမ်းတို့အရ ကြည့်လိုက်တော့ ကျောက်ပုံရဲ့ဆန္ဒ ပြည့်ဝလို့မလွယ်လှပါဘူး။ ပါဠိမှန်နဲ့ အနက်ဆံကလေးကို ပြောပြမယ်။

တိပဉ္စဒသ ကာသုံသေ
**ဒွေစတ္တာရေ၊ နဝကံသာ**
ရူပေ၊ သောသေ၊ လုခေဓမ္မေ
**ပသန္နာ**ယေဟိ၊ တေဓမ္မေ....လို့ဆို၏။

**အနက်မှာ**

| | |
|---|---|
| သဗ္ဗသတ္တေ | —အလုံးစုံသော သတ္တဝါတို့ကို။ |
| **တိအံသေ** | —သုံးပုံ သုံးစု၊ |
| ကတေ | —အပုံအားဖြင့် ပြုသည်ရှိသော်၊ |
| **ဒွေအံသာ** | —နှစ်ပုံ နှစ်စုသော သူတို့သည်၊ |
| ရူပေ | —လက္ခဏာကြီးငယ် ရောင်ခြောက်သွယ်တို့ဖြင့် တင့်တယ်တော်မူသော မြတ်စွာဘုရား၏ အဆင်းရုပ်တော်ကို၊ |
| ပမာဏံ ကတွာ | —အဓိကထားရျှ၊ |
| **ပသန္နာ** | —ကြည်ညိုကြကုန်၏၊ |
| ပဉ္စ အံသေ | —ငါးပုံ ငါးစုတို့ကို၊ |
| **ကတေ** | —ပြုသည်ရှိသော်၊ |
| စတ္တာရေအံသာ | —လေးပုံ လေးစုသော သူတို့သည်၊ |
| ဃောသေ | —သာယာမြွက်ဖော် အသံတော် ရှစ်ပါး၌၊ |
| ပမာဏံ | —အခရေးစိုက်ကြ၍၊ |
| ပသန္နာ | —ကြည်ညိုကြကုန်၏၊ |
| ဒသအံသေ | —ဆယ်ပုံ ဆယ်စုတို့ကို၊ |
| ကတေ | —ပြုသည်ရှိသော်၊ |
| နဝအံသာ | —ကိုးပုံ ကိုးစုသော သူတို့သည်၊ |

လူခေ —အမြင်ခံ အကျင့်ကောင်း ခေါင်းပါးသော အကျင့်ဖြင့် ကျင့်ကြံအားထုတ်နေကြသူများကို၊

ပမာဏံ ကတွာ —အရေးစိုက်ကြ၍၊

ပသန္နာ —ကြည်ညိုကြကုန်၏၊

သဗ္ဗသတ္တေ —အလုံးစုံသော သတ္တဝါတို့ကို၊

ကာသံျသေ၊ ကာသိအံသေ – အပုံ တစ်သောင်းတို့ကို၊

ကတေ —ပြုသည်ရှိသော်၊

ကေအံသာ —တပုံ တစုသော သူတို့သည်၊

ဓမ္မေ —ဘုရားစစ် တရားမှန်ကို၊

ပမာဏံ ကတွာ —မှန် မမှန်ကို ဆန်းစစ်ခြင်း ပြုလုပ်ကာ၊

ပသန္နာ —ကြည်ညိုကြကုန်၏။ ။

အဲဒီ ပါဠိရဲ့ အနက်အဓိပ္ပာယ်ကိုသာ ကြည့်ကြပေတော့ အလုံးစုံသော သတ္တဝါဝေနေယျ ဒ-စားစားတို့တွင် အဆင်းသက်သက်ကိုသာ ကြည်ညိုသူ အသံသက်သက်ကိုသာ ကြည်ညိုနေကြသူ အကျင့်ကိုကြည်ညို၍ နေကြသူများနှင့် တရားစစ် တရားမှန်ကို ကြည်ညိုသူတို့ရဲ့ အချိုးအစားဟာ ဘယ်လောက်များ ကွာခြားနေတယ်ဆိုတာ သိသာနိုင်ပေတယ်။

# နိဒါန်း

ကျောက်ပုံရဲ့ အလိုဆန္ဒကတော့ မိမိတို့ လိုက်စား အားထုတ်နေကြတဲ့ တရားဟာ မှန်၊ မမှန် တရားစစ် ဟုတ် မဟုတ် ဆိုတာကိုသာ ဝေဖန်ဆန်းစစ်၍ အရေးစိုက်မှု ပြုလုပ်ကာ ကြည့်ညိုကြရမှာပါ။

ဤသို့ ပါဠိစာပေတွေ အမှန်ရှိနေသော်လည်း မိမိတို့၏ ဘာသာစကားများ မဟုတ်ကြသည့်အတွက် ၊ မိမိတို့ဘာသာစကားဖြင့် သိမြင်ကြစေရန် အနက်အဓိပ္ပာယ် ပြန်ဆိုကြရပြန်ပါတယ်၊ အဲဒီလို အနက်အဓိပ္ပာယ် ပြန်ဆိုကြပြန်တော့လည်း ပရိယတ်သန်တဲ့ စာပေ ပရိယတ္တိကြွယ်ဝတဲ့ ပညာရှင်နဲ့ ပဋိပတ်သန်တဲ့ ပညာရှင်တို့ အယူအဆကွဲလွဲမှုကြောင့် ဓမ္မရေးရာပြဿနာများ မပေါ်ပေါက်သင့်ပဲလျက် သူတမျိုး ငါတဖုံ နည်းမျိုးစုံတို့ဖြင့် ပေါ်ပေါက်လျက် ရှိနေကြရတယ်။

မြန်မာနိုင်ငံမှာ အထူးသဖြင့် ရန်ကုန်မြို့ပေါ်ကနေပြီးခြုံကြည့်ယင် အဖွဲ့အစည်းပေါင်းများစွာတို့ဟာ ကိုယ့်အယူအဆနဲ့ ကိုယ် ပြုလုပ်နေကြတာတွေ ကျင့်ကြံအားထုတ်နေကြတာတွေဟာ ဘုရားဟောနဲ့အညီ ပြုလုပ်နေကြသည်ဟူ၍ ယုံကြည်ချက်အပြည့်အဝ ခံယူထားကြသူတွေချည်း ဖြစ်ကြောင်း တွေ့ရှိသဘောပေါက်နိုင်ပေသည်၊ ဤမှတဆင့် မြို့နယ်အသီးသီးတို့တွင် ရှိနေကြသော ဌာနခွဲ၊ အဖွဲ့ခွဲများတို့သည်လည်း မိမိတို့၏ယုံကြည်ချက် ခံယူချက်အတိုင်း ဆောင်ရွက်နေကြခြင်းဖြစ်သည်၊ အခါအားလျော်စွာ ပုဂ္ဂိုလ်ရေးရာနှင့် ဓမ္မရေးရာ ပြဿနာများပေါ်ပေါက်ကောင်း ပေါ်ပေါက်နိုင်ပေသည်၊ သို့သော်လည်း ပြဿနာများနည်းနိုင်သမျှနည်းအောင် ကြံဆောင်အားထုတ်ကြရန်မှာ အထူးအရေးကြီးတဲ့ ကိစ္စတရပ်ဖြစ်တယ်၊ ပုဂ္ဂိုလ်ရေးရာ ပြဿနာကတော့ စာနာမှုနှင့်ညှာတာမှု အပေါ်မှာ မူတည်ပြီး သည်းခံကြရမှာ ဖြစ်တယ်၊ ဒီလို သည်းခံနိုင်ကြသည်နှင့်အမျှ ပြဿနာများ ပေါ်ပေါက်မှုမှာ နည်းပါးသွားမှာ ဖြစ်တယ်၊ ဒီနေရာမှာ **နားလည်** သဘောပေါက်လွယ်အောင် အကိုးအကားဖြစ်တဲ့ ဓမ္မပဒ ကောဝင်ပုဒ်ရေ ၂၂၃-မှာ ဒီလိုတွေ့ရတယ်။

၁။ အမျက်ထွက်ကာ ဆဲရေးလာတဲ့သူကို မိမိက အမျက်ပြန်၍ မထွက်သဖြင့် အောင်ရာ၏။

၂။ မိမိအား မကောင်းကြံသည့် သူကို မိမိက ကောင်းကောင်း ပြန်ပြုသဖြင့် အောင်ရာ၏။

၃။ ဝန်တိုစဉ်းလဲသူကို လက်ဆောင်ပဏ္ဏာပေးသဖြင့် အောင်ရာ၏။

၄။ မမှန်မကန် ပြောဆိုသူကို မိမိက မှန်ကန်စွာ ပြောဆိုသဖြင့် အောင်ရာ၏။

အဲဒီ နည်းတွေဟာ ပုဂ္ဂိုလ်ရေးရာအတွက် ပြဿနာကင်းစေသော နည်းပဲ။

ဓမ္မရေးရာနှင့်ပတ်သက်၍ ပြဿနာကင်းသောနည်းကို လေးလေးနက်နက် သတိပြုကြရန် အရေးကြီးတယ်၊ ပရိယတ်, ပဋိပတ်တို့ဖြင့် နှစ်ဖက်မြင်သော ပညာရှင်တည်းဟူသော ဆရာတော် သမားတော်များက အကယ်၍ သင်တို့ လိုက်စား အားထုတ်နေကြသော တရားများသည် ပိုနေသည်၊ (သို့မဟုတ်) လိုနေသည်၊ (သို့မဟုတ်) မှားနေသည်ဟု ထောက်ပြလာလျှင် ဘုရားတပည့်တော်များ အပေါ်၌အစဉ်သနားကရုဏာ ထားသောအားဖြင့် ပိုသည်ကို နုတ်၍ လိုသည်ကို ဖြည့်စွက်ပြီးလျှင် မှားသည်ကို လမ်းမှန်ပြတော်မူပါဘုရားဟု စိတ်ထားစေတနာထား၍ ဖြူစင်စွာ လျှောက်ထား တောင်းပန်ကြရန် မမေ့ကြနှင့်။

(က) အမှန်ကို အမှန်အတိုင်း ဖြစ်ပေါ်သည့် မှုခင်းများ ရှိသလို။

(ခ) အမှန်ကို အမှားဟု ဖြစ်ပေါ်စေသည့် မှုခင်းများလည်း ရှိသည်။

(ဂ) အမှားကို အမှားဟု ဖြစ်ပေါ်စေသည့် မှုခင်းများ ရှိသလို။

(ဃ) အမှားကို အမှန်ဟု ဖြစ်ပေါ်စေသည့် မှုခင်းများလည်း ရှိသည်။

၁။ ကျမ်းဂန်စာပေတတ်သည့် အရိယာများရှိကြသလို။

၂။ ကျမ်းဂန်စာပေလည်း မတတ်၊ အရိယာလည်းမဖြစ်သူများ ရှိကြသည်။

၃။ ကျမ်းဂန်စာပေမတတ်သည့် အရိယာများရှိကြသလို။

၄။ ကျမ်းဂန်စာပေတတ်ကြသော်လည်း အရိယာမဖြစ်သူတွေ ရှိကြသည်-ဟု ညဏ်ကြီးရန် ဆုံးမပုံများကို အလွန်နှစ်သက်ပြီး ပဋိပတ်နှင့်သက်ဆိုင်သည့် ပရိယတ်မျိုးသာ တိုကိုကျဉ်းကျဉ်းနှင့် လိုရင်းသဘောပေါက်များကို ကြိုးစားလျက် သင်ယူမှတ်သား နာကြားခဲ့ပါသည်ဘုရား။

မရှင်းလင်းသည့် အချက်များကို မိမိထက်သာလွန်သည်ဟု ထင်မှတ်သော ပုဂ္ဂိုလ်များအထံ မေးမြန်းလေ့လာခဲ့ပါသည်ဘုရား၊ မိမိကိုယ်တိုင် တွေးတောကြံဆ အမှန်ရမှုကို ကြိုးစားလျက်ပါဘုရား။

ပဋိပတ်လမ်းစဉ် အသိမှန်အကျင့်မှန်တို့ဖြင့် နေ့စဉ် ဒုစရိုက်ကင်းကြမည် ဆိုလျှင် ကျမ်းဂန်စာပေမတတ်ပေမင့် ဝမ်းမနည်းကြပါနှင့်ကွာဟု ကျောက်ပုံဆရာကြီး၏ဩဝါဒကို အထူးပဲ ဝမ်းမြောက်ခဲ့ပါသည်ဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ဘုရားတပည့်တော် ယခုဖော်ပြလျှောက်ထားသည့် အချက်အလက်များသည် ကျောက်ပုံဆရာကြီးက တပည့်တော်တို့အား ဆုံးမ ဩဝါဒပေးသည့် အနက်မှ အချို့အချက်အလက်မျှသာ ဖြစ်ပါသည် ဘုရား။

ပုဂ္ဂိုလ်ရေး ဓမ္မရေး နှစ်ပိုင်းအတွက် စောဒကဆရာတော် အရှင်သူမြတ်များ စောဒနာ ပြုလုပ်ထားသည့် စွပ်စွဲချက်များမှာ စုစုပေါင်းအားဖြင့်(၂၆)ချက်ရှိပါသည် ဘုရား၊ တပည့်တော်အား ဖြေရှင်းလျှောက်ထား သောဓနာရန်ရက်မှာ အင်မတန်မှ နည်းပါးလှပါသည်ဘုရား။

စောဒနာရှင်များမှာ စာပေပရိယတ္တိများစွာမှ တတ်ကျွမ်းကုံလုံ ပြည့်စုံတော်မူကြသော ဆရာတော်အရှင်သူမြတ်များ ဖြစ်နေကြသည့်အတွက် တပည့်တော် မောင်ညွန့်မှာ အထူးပင်ဝန်လေးရပါတော့သည် ဘုရား။

သို့ပါသော်ငြားလည်း ဘုရားတပည့်တော်သည် ပုဂ္ဂိုလ်ရေးရာများကို ချန်လှပ်၍ (ဓမ္မနှင့် အဓမ္မ) အငြင်းပွားမှုကိုသာ ဦးထိပ်ထားပြီး ကြိုးစား ဖြေဆိုလျှောက်ထားမည် ဖြစ်ပါသည်ဘုရား။

ဤနေရာတွင် တပည့်တော် မောင်ညွန့်သည် စာပေပရိယတ္တိကို ကောင်းစွာကျွမ်းကျင်သူ မဟုတ်သဖြင့် စာသား, သတ်ပုံ, ဝါကျတို့မှစ၍ ချို့ယွင်းချက်များ တွေ့ရှိပါက ကရုဏာရှေ့ထား မေတ္တာများဖြင့် သည်းခံခွင့်လွှတ်တော် မူကြပါဘုရား။

ဘုရားတပည့်တော် ယနေ့အထိလက်ခံ ကျင့်သုံးနေသည့် တရားမှာ–

"အာဝုဓာနံ၊ မေတ္တာ သေဋ္ဌာ၊သစ္စံ မန္တာနမုတ္တမံ"

**အနက်အဓိပ္ပာယ်မှာ**

လက်နက်တကာတို့တွင် ဒေါသမဖက် အဒေါသတည်းဟူသော လက်နက်သည် အထက်မျက်ဆုံးနှင့် အမွန်မြတ်ဆုံးဖြစ်ပြီးလျှင် ဂါထာမန္တာန်တို့တွင် မှန်သောသစ္စာစကားကို ဆိုခြင်းသည် အထွတ်အမြတ်ဆုံး ဖြစ်သည် ဟူသော စကားနှင့်အညီ ဖြစ်ပါသည်ဘုရား၊ ထိုသို့ ဖြစ်သည့်အားလျော်စွာ ဘုရားတပည့်တော်သည် စောဒကဆရာတော်များ စောဒနာထားသည့် အချက်များအားလုံး အကျုံးဝင်သွားအောင် ကိုယ်စွမ်းရှိသရွေ့ ဉာဏ်စွမ်းရှိသမျှ မမေ့သော သတိသမ္ပဇဉ် ဉာဏ်အမြင်ရှေ့ထားပြီး လျှောက်ထား ပါတော့မည် အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား။

## သောဓနာ (၁)

စောဒကာ၏ တင်ပြချက် မှတ်ပုံတင်ကျမ်း စာမျက်နှာ (၄၇) ၌ ဝိတဏ္ဍ-ဝါဒဖြစ်၍ အဓမ္မဝါဒဟု ဆိုသော အချက်ကို ဖြေရှင်းလျှောက်ထား အပ်ပါသည်ဘုရား။

(က) ဖြစ်တယ်ရှိတယ်ဆိုလျှင် မှား၏၊

(ခ) မဖြစ်ဘူးမရှိဘူးဆိုလျှင် မှား၏၊

(ဂ) ဖြစ်တယ်ရှိတယ်ဆိုလျှင် မှန်၏၊

(ဃ) မဖြစ်ဘူး မရှိဘူးဆိုလျှင် မှန်၏—

ဟု သဿတ ဥစ္ဆေဒယူဆရာ၌ အမှားနှစ်မျိုး၊ အမှန်နှစ်မျိုး မိစ္ဆာလမ်း သမ္မာလမ်း သင်တန်းပေးသော အချက်တွေပါဘုရား။

ကျောက်ပုံဆရာကြီးပညာဉာဏ်တွေကို တပည့်တို့အနေနဲ့ နှိုင်းယှဉ်လို့မရနိုင်ပါဘုရား၊ အခါအားလျော်စွာ အင်္ဂုတ္တိုရ် (၁၀) ကျမ်းမြောက် ဒသင်္ဂုတ္တိုရ်ကျမ်းတွင် သမ္မာဒိဋ္ဌိနှင့် မိစ္ဆာဒိဋ္ဌိအစထား၍ သမ္မာဝိမုတ္တိနှင့် မိစ္ဆာဝိမုတ္တိအထိ ဆယ်မျိုးသော ဆန့်ကျင်မှုတွေဟာ တခုသောသဘောကို ယူဆရာ၌ ပါဝင်ပုံကို သင်တန်းပြတိုင်း ပြောလေ့ရှိပါသည်ဘုရား။

တပည့်တော်တို့သည် ကျမ်းဂန်စာပေကို သင်နေသူများ မဟုတ်ပါ ဘုရား၊ ပဋိပတ်လမ်းစဉ်အမှန်ကို ကျင့်တတ် ဆင်ခြင်နှလုံးသွင်းတတ်စေဖို့ရာ ကိုယ်တိုင်ရင်ဆိုင်နေကြရသည့် ခန္ဓာနာမ်ရုပ်တွေကို ဘယ်လိုအနေနဲ့ဖြစ်သည်၊ ဘယ်လိုအနေနဲ့မဖြစ်ဘူးလို့ ယထာဘူတကျကျ အမှန်အတိုင်း မသိမထင်မမြင်ကြလျှင် မျက်စိစသော ဒွါရခြောက်ပါးတို့၌ မရပ်မနား ရဟတ်ခြားပမာ အာယတန (၁၂) ပါး၊ ဓာတ် (၁၈) ပါး စိတ်စေတသိက်ရုပ်ခေါ် ခန္ဓာနာမ်ရုပ်တွေ ဖြစ်ပျက်နေသမျှ အစဉ်တစိုက် အတ္တာနုဒိဋ္ဌိလိုက်နေမည်ကို သဘောပေါက်ပါသည်ဘုရား၊ ထိုအမှားနှစ်မျိုး အမှန်နှစ်မျိုး ဖြေရှင်းလျှောက်ထားရာ၌ ကျမ်းဂန်နှင့်ကိုက်ညီသော ယထာဘူတဉာဏ်အခြေခံကို အောက်ပါအတိုင်း လျှောက်ထား အပ်ပါသည် ဘုရား။

စက္ခုဝိညာဏခေါ် မြင်စိတ် နာမ်တလုံးကို ဒသနကိစ္စ တတ်နိုင်သည့်အကြောင်းလေးပါးမှာ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြန် ဒုတိယတွဲ စာမျက်နှာ(၄၄၀) "စက္ခုရူပါလောကမနသီကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ"ဟု ပါဠိရှုတ်၍ သဘောထုတ်ပြပါသည်။

မျက်စိကြည့်ဆဲ၌ အဆင်းတခုခုကို အလင်းအမှီပြုကာ နှလုံးသွင်းမှု မြင်စိတ် နာမ်တရားအကျိုး ထင်ရှားရပါသည်၊ အကြောင်းလေးပါး အကျိုးတပါး သဘာဝတရားကို သန္တတိဃန၊ သမူဟဃန၊ ကိစ္စဃန၊ အာရမ္မဏဃနတွေပါ ဟူ၍လည်းကောင်း၊

တနည်းအားဖြင့် ပြောရသော် ယခင်အုပ်စုခေါ် မူလဃန ယခုအုပ်စုခေါ် ယာယီဃန ထိုနှစ်ခုပေါင်းစည်းမှုခေါ် သင်္ခတဃနရယ်လို့ ဃနကြီးလေးပါး၊ ဃနငယ်သုံးပါးတို့နဲ့ ထုတ်ပြပါတယ်ဘုရား။

မှတ်ချက်။ ယခင်အုပ်စု မူလဃနဆိုသည်မှာ (စက္ခုဒွါရာဝဇ္ဇန်း အုပ်စုပါ၊ စက္ခုဝိညာဏ်ဖြစ်ပေါ်ဖို့ရာဝေးသောအကြောင်းဖြင့် ထောက်ပံ့ရပါသည်) ယခုအုပ်စု ယာယီဃနဆိုသည်မှာ (စက္ခု၊ရူပါ-လောက မနသိကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ)စက္ခုဝိညာဏ်ဖြစ်ပေါ်ဖို့ရာ နီးသောအကြောင်း ထောက်ပံ့ရပါသည်ဘုရား၊ ပေါင်းစည်းမှုခေါ် သင်္ခတဃနဆိုသည်မှာ ယခင်နှင့် ယခု အုပ်စု နှစ်ခု ပေါင်းစည်းမှုကို ခေါ်ပါသည် ဘုရား။

ယခု တင်ပြအပ်သည့် ဝေးသောအကြောင်း နီးသောအကြောင်း ပေါင်းစည်းမှု ဖြစ်ပေါ်ခွင့်ထင်ရှားရမှု ဒဿနကိစ္စမြင်စိတ်ကို မသိပါပဲ (လိုရင်းမှာ) (အကြောင်းနှင့်ဖြစ်သောအကျိုးကို မသိပါပဲ) မြင်စိတ် ဖြစ်တယ် ရှိတယ်ဆိုလျှင် မှား၏၊ အကြောင်းပြည့်စုံပါလျက် အကျိုးမြင်စိတ် မဖြစ်ဘူး မရှိဘူးဆိုလျှင် မှား၏၊ အကြောင်းပြည့်စုံခိုက် အကျိုးမြင်စိတ် ဖြစ်တယ် ရှိတယ်ဆိုလျှင် မှန်၏၊ အကြောင်းမပြည့်စုံလျှင် အကျိုးမြင်စိတ် မဖြစ်ဘူး မရှိဘူးဆိုလျှင် မှန်၏-လို့ အတိသြဋ္ဌာရိကခေါ် အလွန်ကြမ်းသော သင်တန်းအစမှာ ဝိဇ္ဇမာနပညတ်နှင့် သင်္ခတပရမတ်တို့၌ သဿတဉစ္ဆေဒ အမှားအမှန်နှင့် နှစ်ဘက်မြင်အောင် ပြသောအချက်တွေကို ကျမ်းဂန်နှင့် ညီညွှတ်ပါသည် ဘုရား။ မိစ္ဆာအမြင်နှင့် သမ္မာအမြင်ကို (တိကအင်္ဂုတ္တိုရ်ပါဠိတော် ပုဂ္ဂလဝဂ် အန္ဓသုတ် စာမျက်နှာ-၁၄၄ ဆဋ္ဌမူ)နှင့် ကိုက်ညီကြောင်း သိရပါသည် ဘုရား။

ယခင် ဆရာကြီးတရားပြစဉ်က အမှတ်ပြုထားသော ပါဠိကို လျှောက်ထားပါရစေဘုရား။

အန္ဓံ စ ဧကစက္ခုံ စ၊ အာရကာ ပရိဝဇ္ဇယေ။

ဒွိစက္ခုံ ပန သေဝေထ၊ သေဋ္ဌံ ပုရိသပုဂ္ဂလံ။

အနက်မှာ

အန္ဒိ စ =စုံလုံးကန်း၍ နှစ်ဘက်မမြင်သောသူကိုလည်းကောင်း။

ကေစက္ခုံ စ =တဘက်ကန်း၍ တဘက်သတ်မြင်သောသူကိုလည်းကောင်း။

ဒသာရကာ =အဝေးမှ။

ပရိဝဇ္ဇယေ =ရှောင်ရာ၏။

ဒွိစက္ခုံ =နှစ်ဘက်မြင်သောသူကိုသာလျှင်။

သေဋ္ဌံ =မြတ်သော။

ပုရိသပုဂ္ဂလံ=ယောကျ်ားကောင်းစင်စစ်ကေန်ဖြစ်သည်ဟူ၍။

သေဝေထ=မှီပဲပေါင်းဖော်ကြရာ၏။

ဟု ကျောက်ပုံဆရာကြီး ပြဆိုချက်ပါဘုရား ။

ညွှန်ပြပါကျမ်း=(ဆင္ဒမူ မြန်မာပြန်မှာ)

ကန်းသောသူကိုလည်းကောင်း၊ တဘက်အမြင်ရှိသော သူကိုလည်းကောင်း၊ ဝေးစွာရှောင်ရာ၏၊ နှစ်ဘက်အမြင်ရှိသော မြတ်သော ပုဂ္ဂိုလ်ကိုသာ မှီဝဲရာ၏ဟု ပါရှိပါသည်ဘုရား။

ထို့ကြောင့် ဤသဿတဥစ္ဆေဒယူဆပုံကို ကျမ်းဂန်နှင့်ကိုက်ညီသော အချက်တွေမှန်နေပါသဖြင့် ဝိတဏ္ဍဝါဒ အဓမ္မဝါဒမဖြစ်ထိုက်ကြောင်း သမ္မာဝါဒသာ ဖြစ်ထိုက်ပါကြောင်း နိုင်ငံတော်အမှတ် (၄) သီးခြားဝိနည်းဓိုရ်ဆရာတော်အရှင်သူမြတ်တို့အား လေးလေးနက်နက် တပည့်တော် ပုသိမ်မောင်ညွန့် ပန်ကြားလျှောက်ထားအပ်ပါသည်ဘုရား။

---

### စောဒနာအမှတ် (၂) ကို သောဓနာပြုချက်ပါဘုရား

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်ကြီးတို့ဘုရား —

စောဒကဆရာတော်များ၏ စောဒနာအမှတ် (၂) ကို သောဓနာခြင်း ဖြစ်ပါသည် ဘုရား။

ကျောက်ပုံဆရာကြီး၏ နေယျသင်တန်းစာအုပ် စာမျက်နှာ (၁၄၉) ၌....

ထို့ကြောင့် အနာဂါမိမဂ်၊ အရဟတ္တမဂ်ဆိုက်ပြီးကြသော ပုဂ္ဂိုလ်တို့သည်၊ သာ မျက်မှောက်ချမ်းသာခံစားရန်အလို့ငှာ ပွားများအပ် ပွားများထိုက်သော

(ဝါ)ကလျာဏ ကျပ်ပြည့်နေယျပုဂ္ဂိုလ်တို့သည်ငင်လျှင် မပွားများအပ် မကျင့်အပ် မပွားများထိုက် မကျင့်ထိုက်သော အာနာပါနပဗ္ဗ ဣရိယာပထပဗ္ဗစသော အကျင့် ကမ္မဋ္ဌာန်းလမ်းများ ကြဉ်ဖယ်ရှောင်ရှား ဘေးချိတ်ထား၍ ဉာဏ်ကြီးကြောင်းဖြစ်သည့်(ဝါ)မဂ်ဉာဏ်သို့ ရောက်နိုင်ကြောင်းဖြစ်သည့် အစစ်ဝိပဿနာ သမ္မာဒိဋ္ဌိကိုသာလျှင် စတင်ကြိုးစားရပေလိမ့်မည်ဟု ရေးသားထားကြောင်း ထိုသို့ဟောပြောရေးသားချက်သည် ထေရဝါဒလာ ပါဠိအဋ္ဌကထာ ဋီကာတို့နှင့် ညီညွတ်ခြင်းမရှိပဲ အာစရိယပရမ္ပရသိဿာနုသိဿ အဆက်ဆက်တို့ ကျင့်ကြံနေကြသော ပရိယတ္တိနှင့်ညီညွတ်သော ပဋိပတ်လမ်းမှန် သတိပဋ္ဌာန်တရားများကို ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ထင်ယောင်ထင်မှားဖြစ်၍ ပဋိပတ္တိသာသနာ ပျက်ပြားဆုတ်ယုတ်အောင် အားထုတ်ခြင်းဖြစ်သည်ဟု ရိုးသားစွာ ယုံကြည်ပါသဖြင့် စောဒနာလွှာကင်သွင်းရခြင်း ဖြစ်ကြောင်း စောဒက ဆရာတော်များ လျှောက်ထားသည်ကို ကြားသိဖက်ရှုရပါသည်ဘုရား။

ဤသို့စောဒနာလွှာ တင်သွင်းတော်မူကြသော ဆရာတော်များသည် ၎င်းဆရာတော်များ၏ဘွဲ့တံဆိပ်ဂုဏ်ထူးများကိုသိရှိရပါသဖြင့် စာပေကျမ်းဂန်များကို တတ်ကျွမ်းလိမ္မာကြပြီး ဆရာတော်များဖြစ်ကြောင်း အထူးတင်ပြစရာမလိုတော့ပါဘုရား၊ သို့ပါသော်ငြားလည်း မိမိတို့ သင်ကြားလေ့လာအားထုတ်ထားသည့် ကျမ်းဂန်များကိုပင် ဆင်ခြင်လေ့လာ ထပ်မံ၍ မဖွေရှာ မမွှေနှောက်လို့လားသို့တည်းမဟုတ် တဘက်ကိုပင် အပြစ်တင်လို၍လား မသိ၊ ဗမာပြည်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်ရဟန်းရှင်လူတို့၏ နှုတ်ဖျားတွင် အစဉ်လိုလို ပြောဆိုနေကြသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာလာစကားကို မေ့နေကြဟန် တူပါသည်၊ (သို့မဟုတ်) သတိချို့ယွင်းခြင်း ဖြစ်နေဟန် တူပါသည်ဘုရား။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာဒေသနာကို ဖော်ဟုတ်တင်ပြလိုက်ခြင်းဖြင့် ကျောက်ပုံတောရ ဆရာတော်၏ ရေးသားချက်များသည် ကျမ်းဂန်နှင့် ညီညွတ်ကြောင်း ပေါ်လွင်ထင်ရှားပါသည်ဘုရား။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ မြန်မာပြန် အနုဿတိ ကမ္မဋ္ဌာနိဒ္ဒေသ စာမျက်နှာ (၅၆၃)၌။ ၂၃၀။ အလုံးစုံသောကမ္မဋ္ဌာန်းသည်ပင် သတိသမ္ပဇဉ်နှင့်ပြည့်စုံသော သူအားသာလျှင် အကယ်၍ကား ပြည့်စုံနိုင်၏၊ သို့ရာတွင်ဤအာနာပါနကမ္မဋ္ဌာန်းမှ တပါးသောကမ္မဋ္ဌာန်းကို နှလုံးသွင်းသော ပုဂ္ဂိုလ်အား ထင်ရှားသည်ဖြစ်၏၊ ဤအာနပါနဿတိကမ္မဋ္ဌာန်းသည်ကား ခက်ခဲ၏၊ ခက်ခဲသော ဘာဝနာဖြစ်၏၊ ဘုရား,ပစ္စေကဗုဒ္ဓါ, ဘုရားသားတော်, ယောကျ်ားမြတ်တို့၏သာလျှင် နှလုံးသွင်းရာ ဌာနဖြစ်၏၊ သိမ်သိမ်ငယ်ငယ်မဟုတ် သာမန်လူစားများ နည်းနာကျကျ သဘာဝအညီ မှီဝဲနိုင်ဘည်ပဟုတ်၊ အကြင်အကြင်သို့ နှလုံးသွင်း၏၊ ယိုနှလုံး

သွင်းသောအတိုင်း ငြိမ်သက်သည်လည်း ဖြစ်၏၊ သိမ်မွေ့သည်လည်း ဖြစ်၏၊ ထို့ကြောင့် ဤအာနာပါန သတိကမ္မဋ္ဌာန်း၌ အားကြီးသော သတိကိုလည်းကောင်း ပညာဉာဏ်ကိုလည်းကောင်း အလိုရှိအပ်လေသည်၊ သိမ်မွေ့နူးညံ့သော အဝတ်ကို ချုပ်သောအခါ သိမ်မွေ့သေးငယ်သောအပ်ကိုလည်းကောင်း ထို့ထက် သိမ်မွေ့သေးငယ်သော အပ်နဖားထွင်းသောစူးကိုလည်းကောင်း အလိုရှိအပ်သကဲ့သို့ ဤနည်းအတူ နူးညံ့သိမ်မွေ့သောအဝတ်နှင့်တူသော ဤအာနာပါနကမ္မဋ္ဌာန်းကို ပွားစေသောကာလ၌ အပ်နှင့်တူသော သတိကိုလည်းကောင်း၊ အပ်နဖားထွင်းစူးနှင့်တူသော ထိုသတိနှင့်ယှဉ်သော အားကြီးသောပညာကိုလည်းကောင်း အလိုရှိအပ်၏။

အထက်ပါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာစကားကို ထောက်ရှု၍ သတိနှင့်ဉာဏ်ပညာကြီးမားကြသော အနာဂါမ်,ရဟန္တာ စသော အရိယာပုဂ္ဂိုလ်ကြီးများ ပွားများထိုက် ကျင့်ကြံထိုက်ကြောင်း ရေးသား တင်ပြထားခြင်းသာ ဖြစ်ပါသည်၊ မဂ်ဖိုလ် လိုလား အမျိုးသားတို့ "ပိုးသာကုန် မောင်ပုံ စောင်းမတတ်" ဆိုသကဲ့သို့ အချိန်ကုန် လူပန်းလုက် မဂ်ဖိုလ်တည်းဟူသော အကျိုးတရား မတိုးပွားကြမည်ကို စိုးရိမ်သဖြင့် ရေးသားခြင်းသာ ဖြစ်ကြောင်း ကောင်းမြတ်သော စိတ်ထားဖြင့် လျှောက်ထားအပ်ပါသည်ဘုရား။

ထို့မှတပါး ထပ်မံ၍ လျှောက်ထားလိုပါသေးသည်ဘုရား၊ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ (ဣဓ ပန အာနပါနကမ္မဋ္ဌာနံ ဂရုကံ၊ ဂရုကဘာဝနံ ဗုဒ္ဓ ပစ္စေကဗုဒ္ဓဗုဒ္ဓပုတ္တာနံ မဟာပုရိသာနံ ယေဝ မနသိကာရဘူမိဘူတံ) ဟူ၍ လာရှိသော ပါဠိတွင် ဝေသဒ္ဒါသည် နိဝတ္တေတဗ္ဗ အနက်ဟော ဝေသဒ္ဒါဖြစ်ကြောင်း (ဝါ) ကန့်သတ်တားသော ဝေသဒ္ဒါဖြစ်ကြောင်း ဥပရိပဏ္ဏာသပါဠိတော် အနုပါဒဝဂ် အာနာပါနသံယုတ်အရ သိရှိရပါသည် နိုင်ငံတော် အမှတ်(၄) သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား။အာနာပါနပဗ္ဗကမ္မဋ္ဌာန်းကို ပုထုဇဉ်များ အားမထုတ်ထိုက်ကြောင်းကို သံယုတ်ပါဠိတော် တတိယအုပ် မဟာဝဂ္ဂ သံယုတ် ဒုတိယဝဂ် အာနာပါနသံယုတ် ဆဋ္ဌမူ စာမျက်နှာ (၂၈၈) တွင် ဟောကြားထားသော ဒေသနာဖြင့် သိသာလှပါသည်ဘုရား။

မြန်မာပြန်

၁။ ရဟန်းတို့ သေက္ခဖြစ်ကုန်သော အရဟတ္တဖိုလ်သို့ မရောက်သေးကုန်သော အတုမရှိသော ယောဂ၏ကုန်ရာ (နိဗ္ဗာန်)ကို တောင့်တ၍နေကုန်သော ရဟန်းတို့အား အာနာပါန သတိသမာဓိကို ပွားများအပ် ကြိမ်ဖန်များစွာပြုလုပ်အပ်သည်ရှိသော် အာသဝကုန်ခြင်းငှာ ဖြစ်၏။

၂။ ရဟန်းတို့ ပူဇော်အထူးကို ခံထိုက်ကုန်သော အာသဝကုန်ပြီးကုန်သော မဂ်အကျင့်ကို ကျင့်သုံးပြီးကုန်သော မဂ်ကိစ္စကို ပြုပြီးကုန်သော ခန္ဓာဝန်ကို ချပြီးကုန်သော မိမိ၏ အကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးကုန်သော ဘဝ သံယောဇဉ်ကုန်ပြီးကုန်သော ကောင်းစွာ သိ၍ လွတ်မြောက်ပြီးကုန်သော ရဟန်းတို့အား အာနာပါနဿတိသမာဓိကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ် သည်ရှိသော် ယခုဘဝ၌ပင် ချမ်းသာစွာနေခြင်းငှာလည်းကောင်း အောက်မေ့မှု သတိ ဆင်ခြင်ဉာဏ် သမ္ပဇဉ်နှင့် ပြည့်စုံခြင်းငှာလည်းကောင်း ဖြစ်၏။

၃။ ၎င်းပြင် ဥပရိပဏ္ဏာသပါဠိတော် အနုပဒဝဂ် အာနာပါနဿတိသုတ် စာမျက်နှာ (၁၃၁) ၌လည်း အာနာပါနဿတိကမ္မဋ္ဌာန်းကို လူတိုင်းအား ငါ မဟော ပုဂ္ဂိုလ်ခွဲ၍သာ ငါဘုရား ဟောခဲ့၏ဟု တွေ့ရပါသေးသည်ဘုရား။

နိုင်ငံတော် အမှတ်(၄)သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

တပည့်တော်တို့၏ ကျေးဇူးရှင် ကျောက်ပုံတောရဆရာကြီးသည် ပုဂ္ဂိုလ်အလိုက် စရိုက်(၆) ပါး အမေး-အဖြေတရားကို ကမ္မဋ္ဌာဝိပဿနာမဂ္ဂဇင်းကျမ်း အမှတ်(၈) စာမျက်နှာ ( ၈ )မှ( ၁၃ ) အထိ အနုစိတ် ဖော်ပြထားချက်အရ အနည်းငယ် ထုတ်ပြလိုပါသေးသည်ဘုရား၊တရားစစ်တရားမှန်ကိုသိမြင်ပြီးခေါ်ရ သောတာပန် ပုဂ္ဂိုလ်တို့မှသာလျှင် မောဟစရိုက်နှင့် ဝိတက်စရိုက်များ ပယ်ဖျက်နိုင်ဖို့ရာ အတွက် ရှုရိုက် ခေါ်ရ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းပွားများ ဆင်ခြင်ရမည်ဟု ဆိုထားပါသည်၊ ပုထုဇဉ်များသည် အပါယ်တံခါးပိတ်ဖို့က နံပါတ် ( ၁ ) အရေး အကြီးဆုံးမို့ ဒိဋ္ဌိသတ်နည်း၊ ဒိဋ္ဌိခွာနည်းနှင့်သက်ဆိုင်သော စိတ္တာနုပဿနာသတိ- ပဋ္ဌာန်၊ ဓမ္မာနုပဿနာသတိပဋ္ဌာန်များကို စဘင် ပွားများသင့်ပါသည်၊ အာနာ- ပါနပဗ္ဗကာယာနုပဿနာသတိပဋ္ဌာန်သည် တဏှာသတ်နည်း တဏှာခွာနည်း ဖြစ်ပါသည်ဘုရား။

သို့ဖြစ်ပါ၍ ကျောက်ပုံတောရ ဆရာကြီးသည် ပရိယတ္တိ သာသနာတော်ကြီး အား ပျက်စီးရာပျက်စီးကြောင်းဖြစ်သော တက္ကဝါဒီကြံစည်တွေးဆ ယုတ်ညံ့ လှသော စေတနာဆိုးတို့ဖြင့် ရေးသားထားခြင်းမဟုတ်ပါ၊ ထေရဝါဒခေါ် ပါဠိတော်အဋ္ဌကထာများနှင့် မဆန့်ကျင်ဟု ယူဆပါ၍ ဆရာတော်ဘုရားများ သည် အထက်ပါလျှောက်ထားသည့် သောဓနာ အချက်အလက်များကို ဝေဖန် သုံးသပ်လျက် အမှန်တရားများ ဆုံးဖြတ်တော်မူကြပါရန် ရှိသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော် အမှတ်(၄) သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

## စောဒနာအမှတ်(၃)ကို သောဓနာပြုခြင်းပါဘုရား

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ကျောက်ပုံဝါဒသည် ဇလ္လရိယာပထပဗ္ဗကမ္မဋ္ဌာန်းကို ကသျှာဏကျပ်ပြည့် နေယျပုဂ္ဂိုလ်သည်ပင် မပွားများအပ် မပွားများထိုက်ကြောင်း ရေးသား ထားသဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ပရိယတ္တိနှင့် ညီညွတ်သော ပဋိပတ္တိအားထုတ်မှုကို အဟန့်အတား အနှောင့်အယှက် ပြုလုပ်ပါကြောင်း စောဒနာချက်ကို အောက်ပါအတိုင်း သောဓနာ ပြုအပ်ပါသည်ဘုရား။

စောဒကဆရာတော်များ ကိုးကားဖော်ပြထားသော ဒေသနာကို ဝေဖန် ကြည့်ပါက အဘယ်ပုဂ္ဂိုလ်များသည် ဇလ္လရိယာပထပဗ္ဗကမ္မဋ္ဌာန်းကိုစီးဖြန်းပွား များသည့်အတွက် အရဟတ္တဖိုလ်တိုင်အောင် ဆိုက်ရောက်သွားကြောင်း တိုက် ရိုက်အားဖြင့် ပုဂ္ဂိုလ်ကို ဖော်ပြဟောကြားထားခြင်းမရှိပဲ သာမန်အားဖြင့် ဟောကြားထားသည်ကို တွေ့ရပါသည်ဘုရား။

သို့ဖြစ်၍ အောက်ပါ ယေဝါပိဒ ပိဋကပ်ဟော် ဒေသနာများကို လျှောက် ထားတင်ပြလိုပါသည်ဘုရား။

သုတ်မဟာဝါအဋ္ဌကထာ၊ မြန်မာပြန်၌—

(၁) နုံ့နှေးသော ပညာရှိသော တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်အား ကြမ်းတမ်းသော ကာယာနုပဿနာ သတိပဋ္ဌာန်သည် စင်ကြယ်ရာ စင်ကြယ်ကြောင်း မဂ်ဖြစ်၏။

(၂) ထက်မြက်သော ပညာရှိသော တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်အား သိမ်မွေ့သော ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် စင်ကြယ် ကြောင်း မဂ်ဖြစ်၏။

(၃) နုံ့နှေးသော ပညာရှိသော ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်အားလည်း မပြားလွန်းသောအားဖြင့် ဖြစ်သော စိတ္တာနုပဿနာ သတိပဋ္ဌာန် သည် စင်ကြယ်ကြောင်း မဂ်ဖြစ်၏။

(၄) ထက်မြက်သော ပညာရှိသော ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်အားလည်း အလွန်သော အပြားအားဖြင့် ဖြစ်သော ဓမ္မာနုပဿနာ သတိ ပဋ္ဌာန်သည် စင်ကြယ်ကြောင်း မဂ်ဖြစ်၏။

အထက်ပါ စကားရပ်ကို အကျဉ်းချုံး၍ အဓိပ္ပာယ်သရုပ် ထုတ်လိုက်သော် ကာယာနုပဿနာ သတိပဋ္ဌာန်နှင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်များသည် တဏှာခွာရန် တဏှာသတ်ရန် (ဝါ) တဏှာခွာနည်း တဏှာသတ်နည်း ကမ္မဋ္ဌာန်း လမ်းစဉ်များဖြစ်သည်၊ စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်များ သည် ဒိဋ္ဌိခွာရန် ဒိဋ္ဌိသတ်ရန် (ဝါ) ဒိဋ္ဌိခွာနည်း ဒိဋ္ဌိသတ်နည်း ကမ္မဋ္ဌာန်း လမ်း စဉ်များ ဖြစ်သည်ဟု တွေ့ရပါသည်ဘုရား၊ စောဒက ဆရာတော်များ၏ စော ဒနာလွှာတွင် ပါဝင်သောရာဂနှင့် တဏှာသည် အမည်ကွဲ သဘောတူဖြစ်၍ ဒိဋ္ဌိကွာပြီးမှ (ဝါ) သောတာပန်ဖြစ်ပြီးမှ တဏှာရာဂကို ပယ်နိုင်မည်ဖြစ်ကြောင်း အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် တတိယအုပ် အာကင်္ခဝဂ် တယောဓမ္မသုတ် (စာ မျက်နှာ-၃၆ဂ)၌ အောက်ပါအကိုင်း မြတ်စွာဘုရား ဟောကြားထားသည်ကို တွေ့ရပါသည်ဘုရား။

(ပုဒ်ရေ နံပါတ်-၂) ရဟန်းတို့ ဤတရားသုံးပါးတို့ကို ရှေးဦးစွာ မပယ်ပဲ ရာဂကိုပယ်ရန် ဒေါသကိုပယ်ရန် မောဟကိုပယ်ရန်မထိုက်၊ အဘယ်တရားသုံးမျိုး တို့နည်းဟူမူ ဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဤတရား သုံးပါးတို့တည်း။

ဤတရားသုံးမျိုးတို့ကို ရှေးဦးစွာမပယ်ပဲ ရာဂကိုပယ်ရန် ဒေါသကိုပယ်ရန် မောဟကိုပယ်ရန် မထိုက်ဟူ၍ ဖြစ်ပါသည်ဘုရား၊ ဤဒေသနာကို ထောက်ထား ပါက ပုထုဇဉ် နေယျပုဂ္ဂိုလ်များ (ဝါ) ကလျာဏကျပ်ပြည့် နေယျပုဂ္ဂိုလ်များ၊ ဣရိယာပထပဗ္ဗကမ္မဋ္ဌာန်းကို မပွားများအပ်၊ မပွားများထိုက်၊ မကျင့်အပ်၊ မကျင့်ထိုက်ကြောင်း ထင်ရှားလှပါသည်ဘုရား။

သို့ဖြစ်၍ ထေရဝါဒ ပိဋကတ်တော်များနှင့် ကျောက်ပုံတောရဝါဒမှာ မဆန့်ကျင်ပါ၍ ဓမ္မဝါဒဖြစ်ကြောင်း ရှိသေစွာဖြင့် လျှောက်ထားအပ်ပါသည် နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

---

## သောစနာအမှတ် (၄) ပါဘုရား

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား—

တပည့်တော် ပုသိမ်မောင်ညွန့်သည် စောဒကရှင် ပုဂ္ဂိုလ်တို့ မလိုအပ်သည့် အချက် ကွက်၍ ထောက်ပြ စွဲချက်တင်ထားသလို မဟုတ်ပါဘုရား။

အကြောင်းနှင့်ဖြစ်သော နာမ်ရုပ်တို့သည် ကိုယ်ပိုင်ဖြစ်နိုင်သော အနှစ် အသားမရှိခြင်းကြောင့် (နိဝါသီအတ္တ၊ ကာရကအတ္တ၊ ဝေဒကအတ္တ၊ သယံဝသီ- အတ္တ၊ အဓိဋ္ဌာယအတ္တ၊ သာမိကအတ္တ)တို့မှာ ပင်ကိုယ်အပျက်တွေသာ ဖြစ်နေ

သည်ကို "ပျက်၊ ဖြစ်" လို့ အားလုံး သဘောပေါက်ကြ စေလိုပါတယ်ဟု ဒီမြဲ ဆွေးနွေးလေ့ ရှိပါသည်ဘုရား။

မြင်စိတ်ဖြစ်ပြီး ပျက်၊ ကြားစိတ်ဖြစ်ပြီး ပျက် စသည်တို့ကို ရှုနေကြလျှင် သံသရာနယ်ထဲမှာ ဆုံးတယ်မရှိပဲ အဖြစ်ကို အပျက်ကဖုံး အပျက်ကို အဖြစ်က ဖုံး ဆုံးတယ်မရှိ လုံးလည်မိနေကြမယ် ဝေနေယျတို့ ဘဲဥ အစရှာမရသလို ဖြစ်နေကြလိမ့်မယ်၊ ဖြစ်ပျက် ဖြစ်ပျက်ကို စစ်ချက်မထုတ်ပဲ နှစ်သက် လုပ်နေကြလျှင် ကာမသုခ အလ္လိကခေါ် အစွန်းမလွတ်ပဲ နေကြရမယ်၊ ဖြစ်ပျက်ကိုကြောက်ပြီး မဖြစ်မပျက်အောင် ပိတ်ထား မှိတ်ထားလို့ရတဲ့ အမျိုးလဲမဟုတ်ပါပဲ အတိတ်ကံ အရှိန်မကုန်လို့ လူ့ဘုံနေကြရတဲ့သူမှန်သမျှ ဘယ်သူမှ အောင့်လို့မရဘူး၊ ဇကံကမ္ဗဇကလာပ်ကိုးပါး ရှိနေသမျှ ဖြစ်ပျက် မလွတ်ကြပါဘူး၊ လွတ်မယ်ထင်လို့ ခြောက်ဌာန ခြောက်ဒွါရကို တပေါက် ပိတ်လည်း ငါးပေါက်ပွင့်နေတာ ငြင်းမရပါဘူး၊ အားလုံးပိတ်သွားလျှင် ကံအရှိန် ကုန်လို့ ကမ္မဇရုပ် ချုပ်တယ်လို့ ခေါ်ပါတယ်၊ တနည်း သေတယ်လို့ ခေါ်ပါ တယ်၊ ပိတ်မရတာကို ရမယ်ထင်ပြီး ပြုလုပ်နေကြပြန်တော့ အယူမှားမှု ဒိဋ္ဌိ မပြုတ်ပါဘူး၊ အခိုက်အတန့် တဏှာ အကြမ်းတော့ သက်သာရပါတယ်၊ ဒိဋ္ဌိနဲ့ယှဉ်တဲ့ တဏှာ မနုတ်နိုင်ကြပါဘူး၊ ကိုယ်ဆင်းရဲခြင်း အတ္တကိလမထ အစွန်းမလွတ်ကြပါဘူး၊ ဒါ့ကြောင့် နာမ်ရုပ်တရားတွေ အာရုံတပါးပါးမှာသော် လည်းကောင်း စိတ်ဝိညာဏ် တလုံးတလုံးမှာသော်လည်းကောင်း ပသာဒရုပ်နှင့် ဟာဒယဝတ္ထုရုပ်တို့၌သော် လည်းကောင်း ဖြစ်ဆဲမှာ ဘယ်လိုဖြစ်သလဲ ပျက်ဆဲ မှာ ဘယ်လိုပျက်သလဲလို့ အသိပညာရှာကြရပါမယ်၊ အသိပညာရှာသူကို ဆရာ လုပ်သူများက (ပရတောဃောသ) အသံဖြင့် ပြောဟောကြရပါတယ်၊ အသိမှန် အသိဉာဏ်ကို ရှေးဦးစွာရပြီးမှ ဣရိယာပထ လေးပါးတွင် တပါးပါးမှာ မမေ့ သောသတိနှင့် နေကြရမှာပါ၊ ဤသို့ သိအပ် သိတတ်သည့် ပညာ မရှိကြလျှင် မြင်၊ ကြား၊ နံ၊ စား၊ ထိ၊ တွေးတို့၌ အစဉ်တစိုက် ယှဉ်၍ လိုက်နေသော အမှားတန်းလန်းနဲ့ အကုသိုလ်လုပ်ကြ ကုသိုလ်လုပ်ကြ သမထမှု ဒါနမှုတွေနဲ့ အချိန်ကုန်ကြလျှင် အညာသား ထွား လှေကစား အလောင်းအစား ပွဲသလို ဖြစ်နေကြလိမ့်မယ်၊ လှေနီနဲ့ လှေစိမ်း ပြိုင်ကြရာတွင် တဘက် ၅-ကျပ်စီ လောင်းတဲ့အတွက် လှေနီ ရှေ့တက်လဲ ဝမ်းသာ၍ ရေထဲ ဂွမ်း ထိုးချ၊ လှေစိမ်း ရှေ့တက်ပြန်တော့လဲ ဝမ်းသာ၍ ရေထဲ ဂွမ်းထိုးချ၊ လှေပွဲ လဲပြီးရော အစိမ်းနိုင်တယ်၊အနီရှုံးတယ်လို့ ကြေငြာပြီး ရော့ငါးကျပ် ပေးငါးကျပ် လို့ဒိုင်လူကြီးက ဆုံးဖြတ်တော့ အညာသား ထွားခမြာ အရင်းတိုက်သလို အကောက်ပေးရလျှင် အရှုံးပေါက်သလို အဖြစ်မခံကြနဲ့ လူ့ဘဝရခိုက်မှာ ပညာသိအခြေခံ သမ္မာဒိဋ္ဌိ၊ ပညာသိအခြေခံ သမ္မာသင်္ကပ္ပ၊ ပညာဆုံးဖြတ်ချက်

မဂ္ဂင်လမ်းစဉ်ကိုကြိုးစားကြစေလိုပါတယ်၊ပညာသိအမှန်လေ့ ကျင့်သည်ကိုသီလ၊ ပညာသိမှာ တည်ကြည်သည်ကို သမာဓိ၊ တထပ်ထဲမို့ မဂ္ဂင်လမ်းစဉ်မှန်တယ်၊ အညာသားထွေးလို အရင်းတိုက် အရှုံးပေါက် အကောက်ပေးရတာမျိုးဆို လျှင်တော့ ခန္ဓာနာမ်ရုပ်တွေ သိစရာမလိုပါဘူး၊ ကောင်းကောင်းနေကြ၊ ဟုတ် တာပြောကြ၊ မှန်တာမသိပေမဲ့ ကိစ္စမရှိပါဘူး၊အရင်းတိုက်လောက်ကတော့ရပါ တယ်၊ ဘယ်နာမ် ဘယ်ရုပ်တွေပဲပေါ်ပေါ် အတ္တ နိစ္စ သုခကို အပျက်လို့ မြင်ကြ၊ အနတ္တ၊ အနိစ္စ၊ ဒုက္ခကို အဖြစ်လို့မြင်ကြပါလို့ ထာဝစဉ်ဟောပြောလေ့ ရှိပါတယ်ဘုရား။

လောကီဝိပါက်ခန္ဓာငါးပါးဆိုသည်မှာ ပစ္စုပ္ပန်ဖြစ်ဆဲ၌ ကုသလဝိပါက်၊ အကု သလဝိပါက်တွေပါ၊ ကုသိုလ် အကုသိုလ်မဖြစ်မီ အနတ္တ အနိစ္စ ဒုက္ခလက္ခဏာရဲ့ အခြင်းအရာတွေကိုသိပြီး မဖြစ်သမျှ အတ္တထင်မှတ်မှု ဥပါဒါန်၊ အနိစ္စ ထင်မှတ် မှု ဥပါဒါန်၊ သုခထင်မှတ်မှု ဥပါဒါန် အဝင်ခံကြလျှင်တော့ ပဉ္စုပါဒါနက္ခန္ဓာသံသ ရာလည်ကြရပါလိမ့်မယ်လို့ ဟောပြောခဲ့ပါတယ်ဘုရား၊ အကြောင်းငြိမ်းမှအကျိုး ငြိမ်းကြမယ်၊ အကြောင်းသတ်မှ အကျိုးပြတ်ကြမယ် ရပ်ကြမယ်။

တိတ္ထိကြီးတွေ အကျိုးကိုသတ်ကြတာ ခွေးကို ခဲနဲ့ လူကပေါက်သလို အကြောင်း လူကိုကိုက်သင့်ပါလျက် အကျိုးခဲကိုလိုက်ကိုက်တဲ့ဥပမာကိုဆောင်၍ ဥပမေယျဖြင့် ဟောပြောပါတယ်ဘုရား။

ဥပမာ၊ ဥပမေယျ၊ ဥဒါဟရဏ်တို့သည် သဘောပေါ်လွင်အောင်ပြောသော နည်းများဖြစ်၍"ဥပမေယျ ဣဓေကစ္စေ အတ္ထံ ဇာနန္တိ ပဏ္ဍိတာ" ရှေးပညာရှိတို့ သုံးသည့်ထုံး နှလုံးပိုက်၍သုံးခြင်းသာ ဖြစ်ပါတယ်ဘုရား၊ လူရှင်ရဟန်းများ စွာအလယ်မှာ မဖွယ်မရာစကားမျိုးကို မသုံးရဲဝံ့ပါကြောင်းနှင့် ဘုရားတပည့် တော်ဟောပြောရေးသားခြင်းမှာ ဖြစ်ပေါ်လာသော သဘောတရားတိုင်းတို့၌ အတ္တအပျက်တွေသာ အနတ္တအနေနှင့် ဖြစ်ပြနေကြသဖြင့် ပျက်ဖြစ်ဟုရေးသား ဟောပြောခြင်းသာဖြစ်ပါကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါသည် အမှတ်(၄) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော် အရှင်မြတ်တို့ဘုရား။

---

## သောခနော အမှတ် (၅)ပါဘုရား

အမှတ် (၅)စောဒနာမှ အချို့ကို သောခနောပြုချက်ပါဘုရား။

ကျောက်ပုံတောရဆရာကြီးသည် မျက်မှောက်ခေတ် သမ္မုတိသံဃာတော် များအပေါ် မနာလိုမှုဖြင့်သံဃာတော်များ၏ အဂျိုးစီးပွားပျက်စီးစေကြောင်း ရေးသားခြင်း ဟောပြောခြင်းဟူသော စောဒနာချက်အား သောခနော ပြုချက်ပါဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်များဘုရား—

စောဒကဆရာတော်များ တင်သွင်းသော စောဒနာလွှာ အပိုဒ် (၅) အစ တွင် ကျောက်ပုံတောရဆရာတော်ဘဝမှ လူ့ဘဝသို့ ရဟန်းပျိုအဖွဲ့၏ ပယောဂ ဖြင့် ရောက်ရှိခဲ့ရခြင်းကြောင့် မျက်မှောက်ခေတ် သမ္မုတိ သံဃာတော်များ အပေါ် အာဃာတစိတ်ဖြစ်လျက် မစားရသည့်အမဲ သဲနှင့်ပက်ခြင်း ပြုသည်ဟု သုံးနှုန်းဖော်ပြသည့်အပြင် မျက်မှောက်ခေတ် သမ္မုတိသံဃာတော်များ အပေါ် အကျိုးစီးပွား ပျက်စီးရာပျက်စီးကြောင်းဖြစ်သော စာပေများကိုရေးသား ခြင်း၊ ဟောပြောခြင်းပြုလုပ်ခဲ့ကြောင်း ဖော်ပြစွပ်စွဲထားပါသည်ဘုရား။

စောဒနာလွှာအစတွင် အထက်ပါအတိုင်း စောဒနာပြုခဲ့ပါသော်လည်း စာကိုယ် တွင်မူ ကျောက်ပုံဆရာကြီးရေးသားခြင်းမဟုတ်သည့် ဦးဝီရိယာဓိက၏ ရေးသား ချက်များကိုသာ ဖော်ပြထားသည်ကို တွေ့ရပါသည်ဘုရား၊ ထိုသို့နိဒါန်းနှင့် စာ ကိုယ် လွဲမှားရှိ ခုတ်ရာတခြား ရှရာတလွဲဖြစ်နေပါသော်လည်းစောဒနာလွှာအစ၌ တပည့်တော်၏ဆရာကြီးအပေါ် မတော်မတရားလွဲမှားစွာစွဲဆိုထားခြင်းကြောင့် စောဒနာလွှာ၏ စာကိုယ်၌ ဖော်ပြထားချက်များသည် ဦးဝီရိယာဓိက၏ရေးသား ဟောပြောချက်များသာ ဖြစ်၍ ဘုရားတပည့်တော်နှင့်သော်လည်းကောင်း ဘုရားတပည့်တော်၏ ကျေးဇူးရှင်ဆရာကြီးနှင့်သော်လည်းကောင်း သက်ဆိုင် သော အရာမဟုတ်သဖြင့် သောဓနာပြုရန် တာဝန်မရှိပါဘုရား။

ဘုရားတပည့်တော်၏ဆရာကြီးဖြစ်သော ကျောက်ပုံတောရ ဆရာကြီးသည် ရဟန်းဘဝတွင်လည်းကောင်း လူ့ဘဝတွင်လည်းကောင်း ကျောက်ပုံတောရ ဝါဒတခုတည်းကိုပင် အခြေခံ၍ အသက်ထက်ဆုံး ဗုဒ္ဓမြတ်စွာ၏ ဟောဖော်ညွှန် ပြ ဆုံးမတော်မူခဲ့သည့် သုတ် ဝိနည်း အဘိဓမ္မာတရားတော်များကို မိမိကိုယ် တိုင်ဉာဏ်ပိုင်ပေါက်ရောက်အောင် လေ့လာဆည်းပူးခဲ့သည်နှင့်အမျှ သူတပါးကို လည်း ဗုဒ္ဓမြတ်စွာ၏အလိုတော်ကျ ဗုဒ္ဓမတ္တညုတအနေနှင့် သာသနာတော်ကြီး ပြန့်ပွားတိုးတက် သာသနာ့ဝေပုလ္လဖြစ်အောင် ဆောင်ရွက်ခဲ့သည်မှာလည်း ထင် ရှားလှပါသည်ဘုရား။

ကျောက်ပုံတောရဆရာကြီးသည် လွန်စွာကျယ်ပြန့်ခက်ခဲ နက်နဲလှသည့် ဗုဒ္ဓမြတ်စွာ၏ ( လေးဆယ့်ငါးဝါကာလပတ်လုံး ဟောကြားပြသဆိုဆုံးမခဲ့သည့် သုတ် ဝိနည်း အဘိဓမ္မာ တို့ကို ဝေနေယျအစားစားတို့နားလည်သဘောပေါက် ဉာဏ်ရောက်ကြစေခြင်းအကျိုးငှာ——

(၁) အတိသြဠာရိကသင်တန်း၊

(၂) သြဠာရိကသင်တန်း၊

(၃) သုခုမသင်တန်း၊

(၄) အတိသုခုမသင်တန်း—

တည်းဟူသော သင်တန်း (၄) ဆင့်ဖြင့် သင်ကြားပို့ချခဲ့ခြင်းကြောင့် များစွာသော ဝေနေယျတို့နှင့်အတူ တပည့်တော်ကိုယ်တိုင် ဓမ္မရသကို ခံစားခဲ့ကြရပါသည်ဘုရား။

ထို့ပြင်တဝ မြန်မာပြည်တပြည်လုံးရှိ ရဟန်းရှင်လူများ ဖတ်ကြား မှတ်သား နိုင်ကြစေရန် စာအုပ်အမျိုးမျိုးတို့ကိုလည်း ရေးသားထုတ်ဝေခဲ့သည်မှာ ဝိနည်းဓိုရ်ဆရာတော်များ အသိဖြစ်ပါသည်ဘုရား။

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

အထက်ဖော်ပြပါလျှောက်ထားချက်များကို ကောက်ရှုခြင်းအားဖြင့်စောဒကဆရာတော်များစွပ်စွဲသကဲ့သို့ သက်နီးချွတ်ခံရ၍ သာသနာကိုသဲနှင့်ပက်ခြင်း ဆိုသည်မှာ လုံးဝမဟုတ်မမှန်ပါကြောင်း ရိုသေစွာလျှောက်ထားဖြေရှင်းအပ်ပါသည် အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

---

စောဒနာ အမှတ် (၆) ကို သောဓနာပြုချက်

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

စောဒက ဆရာတော်များ၏ စောဒနာချက်အမှတ် (၆) ကို သောဓနာပြုပါသည် ဘုရား။

ကျောက်ပုံတောရ ဆရာကြီးရေး နေယျသင်တန်း၊ စာမျက်နှာ (၁၁၈) ၌ ဝိပဉ္စိတညူနေယျပုဂ္ဂိုလ်ဖြစ်အောင် ရှုသင်ခြင်းပွားများနိုင်ယင်၊ မဂ္ဂဖလသမ္မာဒိဋ္ဌိစသော လောကုတ္တရာမဂ္ဂင်တို့ကို မင်တကက်စဉ် အတိုင်း သိမြင်သွား၏၊ ဤနေရာ၌ မင်ဆိုသည်မှာ စေတနာကို ခေါ်၏၊ စေတနာဆိုသည်မှာ အားထုတ်ခြင်းကို ခေါ်၏၊ "စေတနာ မဂ္ဂေါနာမ" ဟူသော အဋ္ဌသာလိနီ ကျမ်း ရူပါဝစရ ကုသလ အဖွင့်ကို ထောက်လေ၊ ထို့ကြောင့် မင်ဟူသည် အားထုတ်ခြင်းကို ခေါ်၏၊ မဂ္ဂင်ဟူသည် အားထုတ်ခြင်း၏ ကျပ်ပြည့်ရန် အစိတ်အပိုင်းကို ခေါ်၏၊ ပါဠိလို မဂ္ဂင်လို့ခေါ်၏၊ဗမာလို အားထုတ်ခြင်းနှင့် တကွ ကျန်အစိတ်အပိုင်းများကို ခေါ်၏၊ ဤနေရာ၌ အားထုတ်မှုတကြိမ် ပြည့်စုံသည်နှင့်တပြိုင်နက် အချက်ကြီး

(ဂ) ချက် ပါဝင်သွားတော့၏၊ ၎င်းကို ပါဠိဘာသာလို မဂ္ဂင်ဟု ခေါ်၏၊ ထို့ကြောင့် (စေတနာပိ စေတနာသမ္ပယုတ္တဓမ္မာပိ မဂ္ဂေါ နာမ) ဟု အဋ္ဌသာလိနီ ကျမ်း၌ မိန့်ဆိုလေသည်- ဟု ကျောက်ပုံဆရာကြီး၏ ရေးသားချက်ကို ဖော်ပြလျက် အောက်ပါအတိုင်း ကောက်ချက်ချသည်ကို တွေ့ရပါသည်ဘုရား။ ၎င်းမှာ (အရိယာမဂ်လေးပါးကို စေတနာ၊မဂ္ဂင် (ဂ) ပါးကို စေတနာသမ္ပယုတ်) ဟူ၍ ဖြစ်ပါသည် ဘုရား။

စောဒက ဆရာတော်များသည် ကျောက်ပုံဆရာကြီး၏ ရေးသားချက်ကို (ဝါ) အဋ္ဌသာလိနီကျမ်းပြုဆရာ၏ ရေးသားချက်ကို လေးလေးနက်နက် ဝေဖန် စဉ်းစားခြင်းမပြုပဲ အပေါ်ယံ အနေအားဖြင့် ကြည့်ရှုဝေဖန်သုံးသပ်ခြင်းကြောင့် မှားယွင်းစွာ ကောက်ချက်ချလိုက်သည်ကို တွေ့ရပါသည် ဘုရား၊ ကျောက်ပုံ ဆရာကြီး၏ ရေးသားချက်၏ အဓိပ္ပာယ်မှာ ဝိပဿနာနေပက္ကမ ဖြစ်အောင် (ဝါ) နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်မှစ၍ ဝိပဿနာဉာဏ်အဆင့်ဆင့် ရင့်သန်လာအောင် အားထုတ်ပွားများနိုင်ပါလျှင် မဂ္ဂဖလသမ္မာဒိဋ္ဌိဉာဏ်ခေါ် လောကုတ္တရာမဂ္ဂင်အထိ (ဝါ) လောကုတ္တရာမဂ်ဖိုလ်တို့ကို မဂ်ထက်စဉ်အတိုင်း ရနိုင်ရောက်နိုင်ကြောင်းကို ရေးသားထားခြင်းဖြစ်ပါသည်ဘုရား။

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ ဘုရား—

ကျောက်ပုံတောရ ဆရာကြီးသည် လောကုတ္တရာ မဂ်စိတ်ဖြစ်ဆဲ ခဏ၌ (ဝါ) မဂ်ခဏ၌ မဂ်အင်္ဂါ (ဂ) ပါး ပြည့်စုံပြီးဖြစ်၍ စေတနာမဂ်မဟုတ်ပဲ ဝိရတီ ဖြစ်သွားသည်မှာ ထင်ရှားပါသည်၊ မဂ္ဂဖလသမ္မာဒိဋ္ဌိဉာဏ်အတွက် ဝိပဿနာ တရားများကို အားထုတ် နှလုံးသွင်းပွားများဆဲ စေတနာကို (စေတနာပိ စေတနာ သမ္ပယုတ္တကာပိ မဂ္ဂေါ နာမ) ဟု ဆိုထားချက်အရ စေတနာမဂ်ခေါ် ခြင်း ဖြစ်ပါသည် ဘုရား။

စောဒက ဆရာတော်များသည် ကျောက်ပုံဆရာကြီး ကိုးကားသော ပါဠိ စကားကလည်း မပြည့်မစုံ တပိုင်းတစဖြစ်ပါသည်ဟု တင်ပြလျှောက်ထားသွား သည်ကို တပည့်တော်များ တွေ့ရှိရပါသည်ဘုရား။ မှန်ပါသည်ဘုရား၊ တပည့် တော်များ၏ ကျေးဇူးရှင် ကျောက်ပုံဆရာကြီးသည် ပါဠိကျမ်းကိုးတို့ကို အမြောက်အမြား ကိုးကားဖော်ပြခြင်းမပြုပဲ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်း လောက်ကိုသာ ဖော်ထုတ်လျက် အနက်အဓိပ္ပာယ်တို့ကိုသာ သဘောပေါက် ဆိုဆုံးမလေ့ရှိပါသည်၊ ပါဠိဘာသာတွေကို သင်ယူမှု မပြုနိုင်ကြသော (ဝါ) တတ်ကျွမ်းခြင်းမရှိကြသော ဝေနေယျ ယောဂီအပေါင်းတို့မှာ ပါဠိဘာသာ

တွေကို သင်ယူမှတ်သားနေရသဖြင့် ဝိပဿနာအသိဉာဏ်တို့ကို အလွယ်တကူဖြင့် မရနိုင်ပဲ ငွေကုန်လူပန်း ဖြစ်တတ်ကြပါသည်ဘုရား။

မှန်ပါသည်ဘုရား။ ထိုသို့သော ဒေသနာစကားကို တတ်ကျွမ်း နားလည်မှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင် ရောက်နိုင်သည်ဟူ၍လည်းကောင်း၊ စာပေကျမ်းဂန်တွေကို မသင်ဘူးသဖြင့် မသိမတတ်နားမလည်သည့်အတွက် မဂ်ဖိုလ်နိဗ္ဗာန်ကိုမရနိုင် မရောက်နိုင်ဟူ၍လည်းကောင်း ဘယ်ကျမ်းဂန်မှ မပါပါဘုရား။ဒေသနာတော်၌ ဂိုဏ်းပေါင်းစုံသံဃာတော်များအား စာပေကျမ်းဂန်ကို သင်ကြားပို့ချပေးနေသော (စာတတ်ပေါဋ္ဌိလမထေရ်ကြီး) ပဌမ မဂ်ဖိုလ်နိဗ္ဗာန်ကို မရ၍ နောက်မှ ရဟန္တာ သာမဏေလေးထံ ပဋိပတ်လမ်းစဉ်ကို နည်းနာခံ၍ ကျင့်ကြံတော့မှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိကြောင်း ဟောကြားထားသည်ကို တွေ့ရပါသည်ဘုရား။ ၎င်းအပြင် စာပေကျမ်းဂန်တွေကို တတ်ကျွမ်းနားလည်မှုမရှိသော ခုဇ္ဇုတ္တရာ ကျွန်မကြီးနှင့် သာမာဝတီအမှူးရှိသော မိဖုရားကြီးနှင့်တကွ အပေါင်းပါ မောင်းမမိဿံ ခြွေရံသင်းပင်း ငါးရာတို့ ဒေသနာကျမ်းဂန်တွေကို မတတ်မသိမကျွမ်းကြသော်လည်း မြတ်စွာဘုရား၏ တရားတော်ကို နာယူမှတ်သားရသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ရရောက်ကြကြောင်း ထုံးဟောင်းသာဓကတွေ အမြောက်အများရှိနေသည်ကို တွေ့ရှိရပါသည်ဘုရား။ သို့အတွက် ကျေးဇူးရှင် ကျောက်ပုံဆရာကြီးရေးသားထားသော "မဂ်ကို စေတနာခေါ်သည်၊ စေတနာသည် အားထုတ်မှုကို ခေါ်၏" စသည်အားဖြင့် ရေးသားချက်တို့သည် မဂ်ဖိုလ်နိဗ္ဗာန်နှင့် တိုက်ရိုက်သက်ဆိုင်သော ပဋိပတ်သာသနာတော်ကြီးထိခိုက်နိုင် ပျက်စီးနိုင်သော အယူအဆ အရေးအသားမျိုး မဟုတ်ဟု လက်ခံ ယုံကြည်ထားပါသည်ဘုရား။

အမှန်အားဖြင့် ရုပ်တလုံး နာမ်တလုံးတို့အပေါ်မှာ ယထာဘူတ လမ်းမှန်ပြ၍ ဝေနေယျအစားစား ယောဂီများတို့အား လက္ခဏာမှန် သစ္စာဉာဏ်ကို ကေန်ထင်လင်း ဉာဏ်အမြင်ရှင်းအောင် ဟောပြနိုင်ပါမှ "မဂ်ဉာဏ်၊ဖိုလ်ဉာဏ်၊နိဗ္ဗာန်ဆိုသော" လောကုတ္တရာတရားတော်မြတ်ကြီးကို မုချမသွေ ရနိုင် ရောက်နိုင်ကြပေလိမ့်မည်ဟု ယုံကြည်ထားကြပါသည်ဘုရား။ တနည်းအားဖြင့်လည်း ရုပ်တလုံး နာမ်တလုံးတို့အပေါ်၌ ပရိညာသုံးချက်တို့ဖြင့် ဝေဖန်ဖောက်ခွဲ၍ ကြည့်တတ်ပါမှ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင် ရောက်နိုင်ကြပါသည်ဟု တပည့်တော်များ ယုံကြည်ထားကြပါသည်ဘုရား။ "ပရိညာမပါ ဘာဝနာ လိုရာမဂ်မဆိုက်" ဟူ၍ပင် ရှေးပညာရှိကြီးများ မိန့်ဆိုထားကြပါသေးသည်ဘုရား။

ထို့ကြောင့်လည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင် ရှင်မဟာဗုဒ္ဓဃောသကလည်း အောက်ပါအတိုင်း မိန့်ဆိုထားပြန်ပါသည်ဘုရား။

ယထာဘူတံ အဇာနန္တာ၊ သုဒ္ဓိကာမာပိ ယေ ဣဓ။

ဝိသုဒ္ဓိံ နာဓိဂစ္ဆန္တိ၊ ဝါယမန္တာပိ ယောဂိနော။

အနက်

ဣဓ၊ ဤသာသနာတော်၌။ သုဒ္ဓိကာမာပိ၊ ကိလေသာ၏ စင်ကြယ်ခြင်းကို အလိုရှိကြကုန်သည်လည်း ဖြစ်ကုန်သော။ ယေ ယောဂိနော၊ အကြင်ယောဂီပုဂ္ဂိုလ်တို့သည်။ အတ္ထိ သန္တိ၊ ရှိကြကုန်၏။တေ ယောဂိနော၊ထိုကလျာဏနှယ်ဝင်သူတော်စင် ယောဂီအပေါင်းတို့သည်။ ယထာဘူတံ၊ ရုပ်နာမ်တို့၏ နဂိုမူလအားဖြင့် ဟုတ်ဘိုင်းမှန်စွာ ဖြစ်ရှိနေသည်ကို။ အဇာနန္တာ၊ မသိမမြင်ကြကုန်သည်ဖြစ်၍။ဝါယမန္တာပိ၊ နည်းအမျိုးမျိုးတို့ဖြင့် အားထုတ်ကြကုန်သော်လည်း။ ဝိသုဒ္ဓိံ၊ ကိလေသာမှ စင်ကြယ်ရာဖြစ်သော နိဗ္ဗာန်ကို။ နာဓိဂစ္ဆန္တိ၊ မရနိုင်မရောက်နိုင်ကြကုန်ဟူ၍ တွေ့ရှိရပါသည်ဘုရား။

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား–

စောဒကဆရာတော်များက "ကျောက်ပုံဂါဒီတို့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ကို ဘုရားဟောမဟုတ်သည်ကို ဟုတ်သယောင်ယောင် လိမ်လည်လှည့်စားနေကြသည်ဟု စွပ်စွဲထားပါသည်ဘုရား။ ကျေးဇူးရှင် ကျောက်ပုံဆရာကြီးနှင့်တကွ ကျောက်ပုံဝါဒီ တပည့်လူရှင် ရဟန်းတို့သည်ဘုန်းကံကြီးမားလာဘ်ပေါများပြီး ထင်ရှားကျော်ကြားစေသုံသည့် စေတနာအလိုဆိုးတို့ဖြင့် ဟောကြားနေကြသည်မဟုတ်ကြပါဘုရား၊ ယခု "ဝိမုတ္တိယုဂခေတ်"မှာ လူဖြစ်လာကြသော လူသားများသည်လည်း အမှားအမှန် ဤနှစ်တန်ကို ဝေဖန်ဆန်းစစ် အမှန်တရားကို ရှာကြံလာကြသည်ဖြစ်၍ လိမ်လည်လှည့်ဖြား ရကြမည်မဟုတ်ကြပါဘုရား။

ကိုယ်တိုင် ဒိဋ္ဌသိမြင်လာကြမှသာလျှင် လိုက်နာအားထုတ်ကြတော့မည်ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ ကျေးဇူးရှင် ကျောက်ပုံတောရ ဆရာကြီးသည် နေသျှပုဂ္ဂိုလ်များ ပေါများနေသည်ဟု ယူဆထားသည့်အတိုင်း ထိုပုဂ္ဂိုလ်များနှင့် လျော်ကန်သင့်မြတ်သော လုပ်ထုံးလုပ်နည်းတို့ဖြင့် ပဋိပတ်သာသနာတော်ကြီးကို ထူထောင်ခြင်းသာ ဖြစ်ပါသည်ဘုရား။ အခြားအခြားသော ဂိုဏ်းဂဏ၊ အဖွဲ့အစည်း အသီးသီးတို့သည်လည်း ပဋိပတ်သာသနာတော်ကြီးကို ဒေသနာကျမ်းဂန်များနှင့် ကိုက်ညီထူထောင်လျက် ရှိကြသည်ကို ဆရာတော်ဘုရားများ သိရှိကြပြီး ဖြစ်ပါသည်ဘုရား။

ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် မိမိတို့ ပုဂ္ဂလဇ္ဈာသယ ဝါသနာစရိုက်တို့နှင့် ကိုက်ညီသော မိမိတို့ကျေနပ်နှစ်သက်သည့် လုပ်ထုံး လုပ်နည်းတို့ဖြင့် ကျင့်ကြံကြိုးကုတ် အားထုတ်နေကြသည်ကိုလည်း တွေ့မြင်ကြရပါသည်ဘုရား။ သို့ဖြစ်၍ ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီး ပျက်စီးရာပျက်စီးကြောင်းမဟုတ်သော အယူအဆများကို (ပိုနုတ်၊ လိုစွက်၊ မှားပြင်၊ မှန်လျှင်လိုက်နာ)ဆိုသည့် ပညာရှိဘို့ထုံး နှလုံးသွင်း၍ ဆုံးဖြတ်ပေးတော်မူကြပါရန် လေးမြတ်စွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော်အမှတ်(၄) သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

---

## စောဒနာအမှတ်(၇)ကို သောဓနာချက်ပါဘုရား

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ကျောက်ပုံဝါဒီတို့သည် အဓမ္မဝါဒီ အဓမ္မဝါဒသာဖြစ်ကြောင်း စောဒက ဆရာတော်များက စွပ်စွဲထားသဖြင့် ဘုရားတပည့်တော် ပုသိမ်မောင်ညွန့်ပါ စုဒိဘကများထဲ၌ ပါဝင်ပြီး ဖြေရှင်းနေရပါသည်ဘုရား။

ဤသို့ ဖြေရှင်းသောနေ့ပြုရာဘွင် နိုင်ငံတော်အမှတ်(၄) သီးခြားဝိနည်းဓိုရ်ဆရာတော်ဘုရားများ ထံမှောက်၌ စွပ်စွဲချက်ကို ရှင်းလင်းပါမည်။သောဓနာပြုပါမည်ဘုရားဟု လျှောက်ထားခဲ့ပါသည်။

ထိုသို့ လျှောက်ထားရာတွင် စောဒကဆရာတော်များ စွဲဆိုသည့် စောဒနာချက်(၂၆)ချက်တို့တွင် ဘုရားတပည့်တော် ပုသိမ်မောင်ညွန့်နှင့် သက်ဆိုင်သော ကိစ္စရပ်များနှင့် တပည့်တော်၏ ကျေးဇူးရှင် ဆရာကြီးအတွက်ကိုပါ ရှင်းလင်း သောဓနာမည် ဖြစ်ပါကြောင်း။

အခြားသူများနှင့် သက်ဆိုင်သည်ကို သောဓနာခြင်းပြုမည်မဟုတ်ကြောင်း ဆရာတော်များထံမှောက်၌ လျှောက်ထားခဲ့ပြီး ဖြစ်ပါသည်ဘုရား။

ယခု စောဒနာအမှတ်(၇)မှာ တပည့်တော် ပုသိမ်မောင်ညွန့်နှင့်သော်လည်းကောင်း၊ တပည့်တော်၏ ကျေးဇူးရှင်ဆရာကြီးနှင့်သော်လည်းကောင်း၊ မည်သို့မျှ ပတ်သက်သော ကိစ္စမဟုတ်ပဲ ဦးဝီရိယာဓိကဘွဲ့အမည်ရှိ ရဟန်းတပါးနှင့်သာ သက်ဆိုင်နေပါ၍ ဘုရားတပည့်တော်အနေဖြင့် ရှင်းလင်းသောဓနာရန် မလိုအပ်ပါ၍ သောဓနာခြင်း မပြုပါကြောင်း ရိုသေစွာဖြင့် လျှောက်ထား အပ်ပါသည် နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

**သောဓနာ အမှတ် (ဂ)**

အမှတ်(ဂ) စောဒနာလွှာကို သောဓနာပြုချက်လွှာပါဘုရား။

စောဒက ဆရာတော်များ၏ စောဒနာ အမှတ် (ဂ) တွင် အသင်္ခတဓာတ်သည် နိဗ္ဗာန်မဟုတ်ဟု ရေးသားဟောပြောမှုနှင့် ပတ်သက်၍ စောဒနာကို အောက်ပါအတိုင်း သောဓနာပြုအပ်ပါသည် ဘုရား။

နိုင်ငံတော် အမှတ် (၄) သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား—

စောဒကဆရာတော်များ၏ အမှတ် (ဂ) စောဒနာလွှာတွင် တိတ်ခွေ ဂ၊ (ဘီ)မျက်နှာတွင်—

(က) သင်္ခတတရား အသင်္ခတတရား ထိုနှစ်ပါးတို့ထက် အကြီးအမား အမြင့်မြတ်ဆုံး ခေါ်ကြ ဝိရာဂဆိုသည်မှာ ဘယ်ဟာပါလဲ။

အဲဒီမေးခွန်းဟာ တယ်ကောင်း၊ ဘာကြောင့်လဲဆိုတော့ အသင်္ခတကို နိဗ္ဗာန်မှတ်နေလို့ အသင်္ခတဓာတ် မြတ်သောနိဗ္ဗာန်လို့ ဒီလိုပြောသံကြားတာကို အဟုတ်မှတ်နေကြတယ်။

အသင်္ခတဓာဘ်သည် နိဗ္ဗာန်မဟုတ်ပုံကိုလဲ ငါအရှင် ကျမ်းစာအုပ်တွေထဲလဲ ထည့်ခဲ့ပါပြီ။

အသင်္ခတကို ဘုရားဟောခဲ့ပုံ နိဗ္ဗာန်မဟုတ်ပုံ အသင်္ခတတရားနဲ့ ဝိရာဂတရားဟာ တခြားစီ နေပုံကလေးကို ကျမ်းကိုးပါဋ္ဌိနှင့်တကွ ပြောပြအုံးစို့ရဲ့။

စတုအင်္ဂုတ္တိုရ်ရဲ့ စက္ကဝဂ်မှာ ဘယ်လိုဆိုထားသလဲဆိုတော့—

ယာဝတာ ဘိက္ခဝေ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ အဂ္ဂမက္ခာယတိ။

အနက်ကတော့ —

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ ယာဝတာ၊ အကြင်မျှလောက်ကုန်သော။ သင်္ခတာ ဝါ၊ သင်္ခတတရားတို့သည်လည်းကောင်း။ အသင်္ခတာ ဝါ၊ အသင်္ခတတရားတို့သည်လည်းကောင်း။ အတ္ထိ သန္တိ၊ ရှိကြကုန်၏။ တေသံ၊ ထိုသင်္ခတ-တရား အသင်္ခတတရားတို့ထက်။ဝိရာဂေါ၊တွယ်တာငြိကပ်လိုမှုဘေးမှ ကင်းဝေးမှု ခေါ်ရ ဝိရာဂခေါ်သော နိဗ္ဗာန်ကို။ အဂ္ဂံ အဂ္ဂေါ၊ အမြတ်ဆုံးဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။ (ဝါ) ငါဘုရားဟော၏ဟူ၍ လည်းကောင်း။

အခိကဝိပဿနာကျမ်း စာမျက်နှာ (၇)တွင်—

၁။ ပေါင်းစည်းမှုခေါ်ကြ သင်္ခတဘက်က တဍ္ဍာန

၂။ ပေါင်းစည်းစရာ ရှာမရတဲ့ အသင်္ခတဘက်က တဍ္ဍာန

၃။ ထိုနှစ်ဍ္ဍာနတို့မှ လွတ်ကင်းပြီး လွတ်ကင်းဆဲခေါ်ရ နိဗ္ဗာန်
ဝိရာဂက တဍ္ဍာန-

ဟူ၍ အသင်္ခတနှင့် နိဗ္ဗာန်မတူပုံကို ဍ္ဍာနနှင့်ခွဲ၍ပြခြင်းကို လည်းကောင်း။

ကမ္မဋ္ဌာန်ဝိပဿနာကျမ်း နေသျှသင်တန်း စာချက်နှာ (၂၇၁) (၂၇၅) (၂၇၆) တွင်လည်း—

**မေး။** ကံ·စိတ်·ဥတု အာဟာရဆိုတဲ့ အကြောင်းတရားတို့သည် အပြုအပြင် မခံရတဲ့ အသင်္ခတဓာတ်သည် နိဗ္ဗာန်လား။

**ဖြေ။** နိဗ္ဗာန်မဟုတ်ပါ။

စသည်ဖြင့် နည်းအမျိုးမျိုးနှင့် သဘောပေါက်ကြရန် ဖော်ပြထားခြင်းကို စောဒကဆရာတော်များက အဓမ္မဟု ဆုံးဖြတ်ပေးရေးအတွက် စွဲချက်ပြုထားပါသည် ဘုရား။ ကျောက်ပုံတောရ ဆရာကြီးသည် မိမိ၏ ဉာဏ်ဝဋ္ဋ မှန်ပြထားသည့်အသား ခိုင်မာလှသော အသင်္ခတ၏အနက် သဘောကို အထက်ဖော်ပြပါ အတိုင်း နည်းအမျိုးမျိုးဖြင့် နိဗ္ဗာန်မဟုတ်ကြောင်း ဟောပြောရေးသားခြင်းမှာ အောက်ပါဒေသနာများကို သဘောပေါက်ပြီး ဖြစ်ဟန်တူပါသည်ဘုရား။

အသင်္ခတတရားသည် နိဗ္ဗာန်နှင့် မတူကြောင်း ဒေသနာ အထောက်ထားကို တင်ပြပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းဝိုရ် ဆရာတော် အရှင်သူမြတ်များ ဘုရား—

ခုဒ္ဒကပါဌ ဋ္ဌကထာဝိနတ်ပါဠိတော် (မြန်မာပြန်) ပဌမဝဂ် အဂ္ဂပ္ပသာဒသုတ် စာမျက်နှာ ( ၂၃၉ ) တွင် –

ရဟန်းတို့ ပြုပြင်အပ်သော သင်္ခတတရား မပြုပြင်အပ်သော အသင်္ခတတရားတို့တွင် မာန်ယစ်ခြင်းကို ဆုံးမရာ မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ အာလယကို ပယ်ခွါရာ ဝဋ္ဋကိုဖြတ်ရာ တဏှာကုန်ရာ ကိလေသာတို့ ကင်းပြတ်ရာ ဝါနတဏှာမှ ထွက်မြောက်ရာဖြစ်သော ဝိရာဂ ဟုဆိုအပ်သော နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဆိုအပ်၏။

ရဟန်းတို့ရာဂကင်းရာ နိဗ္ဗာန်တရား၌ ကြည်ညိုသူတို့သည် အမြတ်ဆုံးတရား၌ကြည်ညိုသည် မည်ကုန်၏။ အမြတ်ဆုံးတရား၌ ကြည်ညိုသူတို့အား အမြတ်ဆုံး အကျိုးဖြစ်နိုင်၏ ဟူ၍ တွေ့ရပါသည် ဘုရား။

အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ် (မြန်မာပြန်) သုမနဝဂ် စုန္ဒီသုတ် စာမျက်နှာ (၃၉) တွင်–

'စုန္ဒီ' ပြုပြင်အပ်သော သင်္ခတတရား မပြုပြင်အပ်သော အသင်္ခတတရား ရှိသမျှ အားလုံးတို့ထက် ယစ်ခြင်းကင်းရာ မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ တောင့်တခြင်းအာသာကို ပယ်ခွာရာ ဝဋ်မြစ်ပြတ်ရာ တဏှာကုန်ရာ မတပ်မက်ရာ ဒုက္ခချုပ်သိမ်းချုပ်ငြိမ်းရာ နိဗ္ဗာန်ဟူသော ဝိရာဂတရားကို အမြတ်ဆုံးဟု ဆိုအပ်၏။

'စုန္ဒီ' နိဗ္ဗာန်ဟူသော ဝိရာဂတရား၌ ကြည်ညိုသူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ ကြည်ညိုသူတို့အား မြတ်သောအကျိုး ဖြစ်နိုင်၏။

ထို့ပြင်—

အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် စက္ကဝဂ်၊ ပသာဒသုတ် စာမျက်နှာ (၃၅၉) တွင်–

ရဟန်းတို့ ပြုပြင်ခံ သင်္ခတတရား ပြုပြင်ခြင်းကင်း အသင်္ခတတရား ရှိသမျှတို့ထက် ရာဂဟူသော ယစ်ခြင်းကင်းရာ ရာဂဟူသော မွတ်သိပ်ခြင်းကို ပယ်ရာ ဖျောက်ရာ အတွယ်အတာကို ဖယ်ခွာရာ ဝဋ်မြစ်ပြတ်ရာ တဏှာကုန်ရာ ကင်းပြတ်ရာ ချုပ်ရာ ငြိမ်းအေးရာ နိဗ္ဗာန်ကို အမြတ်ဆုံးဟု ဆိုထိုက်၏။

ရဟန်းတို့ နိဗ္ဗာန်တရား၌ ကြည်ညိုသောသူတို့သည် အမြတ်၌ ကြည်ညိုသည် မည်ကုန်၏၊ အမြတ်၌ကြည်ညိုသောသူတို့အား မြတ်သောအကျိုးသည်ဖြစ်၏ ဟူ၍ အသင်္ခတဓာတ်သည် နိဗ္ဗာန်နှင့်ကွဲပြားပုံကို မျှားပြားစွာတွေ့ရှိရပါသည် ဘုရား။ အလားတူပင် နိဗ္ဗာန်ဟုမခေါ်သော အသင်္ခတများလည်း အများအပြားရှိနေကြသေးသည်ကို ကထာဝတ္ထု ဆင့်မူ မြန်မာပြန် စာမျက်နှာ (၂၉) ဆဌဝဂ် သစ္စကထာ၌လည်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်ဘုရား။

သဘာဝယုတ္တိဖြင့် သျှောက်ထားခွင့်ပြုတော်မူပါအုံးဘုရား၊ ထန်းလျက်သည် ချိုသော အရသာရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်၊ သို့ရာတွင် ချိုသော အရသာရှိတိုင်းလည်း ထန်းလျက်ပါဟု ခေါ်ဆိုရန်မသင့်ပါဘုရား၊ အဘယ့်ကြောင့်ဆိုသော် ချိုသောအရသာသည် သကြား၊ တင်လဲ၊ ပျားရည်တို့၌လည်း တည်ရှိကြပါသည်ဘုရား၊ ဖော်ပြပါ ဥပမာသဘာဝယုတ္တိအရ ဥပမေယျပြုရပါသော် အသင်္ခတသည် ချိုသောအရသာနှင့် ပမာတူလျက် နိဗ္ဗာန်သည် ထန်းလျက်နှင့် တူပါသည်ဘုရား၊

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

လျှောက်ထားပြီး အပ်သောဒေသနာယုတ္တိသဘာဝယုတ္တိများဖြင့် သောခနော ပြုခဲ့ပြီးဖြစ်ပါ၍ ကျောက်ပုံတောရဝါဒသည် အဓမ္မဝါဒ မဟုတ်ကြောင်း ဓမ္မဝါဒ သာဖြစ်ကြောင်းကို ရှိသေလေးစားစွာဖြင့် လျှောက်ထားအပ်ပါသည် အမှတ် (၄)နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

**စောဒနာအမှတ် (၉) ကိုသောခနာပြုခြင်းပါဘုရား**

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ယခု တပည့်တော် တင်ပြမည့် သောခနာလွှာသည် စောဒနာ အမှတ်(၉) ကို သောခနာပြုခြင်း ဖြစ်ပါသည်ဘုရား။

ကျောက်ပုံတောရ ဆရာကြီးသည် ငါးပါး၊ ရှစ်ပါး စသော သီလများကို မရှိဟူ၍မယူပဲ သူ့နယ်နှင့်သူ ရှိနေပုံကို အောက်ပါအတိုင်း နယ်လေးနယ်ဖြင့် ဟောပြောရေးသား ဆုံးမထားကြောင်း ရှေးဦးစွာ လျှောက်ထား တင်ပြလိုပါ သည်ဘုရား။

**သီလလေးမျိုး**

၁။ ပညတ်နယ်မှ သီလယူဆပုံ

၂။ ပရမတ်နယ်မှ သီလယူဆပုံ

၃။ ဝိပဿနာနယ်မှ သီလယူဆပုံ

၄။ အရိယာနယ်မှ သီလယူဆပုံ

ဟူ၍ လေးမျိုးလေးစားရှိပါသည်။

(၁) ပညတ်နယ်မှ သီလယူဆပုံဆိုသည်မှာ....

ပုံသဏ္ဌာန် အရာဝတ္ထုကြီးနှင့်တကွ တွေ့ကြုံရသည့်အခိုက်တွင် (၁၀) ပါး ရှိသည့်အနက် ဘယ်ဒုစရိုက်မှ မလိုက်စားနိုင်ရန် သည်းခံစောင့်စည်း၍ နေရမှု ကိုပင် ပုံသဏ္ဌာန် အရာဝတ္ထုကြီးကိုအမှီပြုပြီးမှ စောင့်စည်းရသဖြင့် အေးမြရိုး မှန်လှ၍ (ပညတ်နယ်မှ သီလ)ဟု ယူဆ၏၊

(၂) ပရမတ်နယ်မှ သီလယူဆပုံ ဆိုသည်မှာ....

မြင်-ကြား-နံ-စား ထိ သိ စေရှိသော စိတ်ဝိညာဏ် ၆-လုံးကိုအသုံးပြုတိုင်း အသုံးပြုတိုင်း (ဝါ) ဖြစ်တိုင်း ဖြစ်တိုင်း၊ ကောင်း မကောင်း အစရှိသော ကိလေသာတရားတို့ အမြဲအားဖြင့် ဖြစ်နေကြရ၍ ထိုကိလေသာ အေးတို့မှ

ကင်းဝေးစေရန် မြင်ကာမျှ ကြားကာမျှကိုသာ မှတ်သားကာနေရရှာ၏။ ထိုအခိုက်၌ ကောင်း မကောင်း စသော ကိလေသာဘေးတို့မှ အေးမြငြိမ်းမှန်လှ၍ (ပရမတ်နယ်မှသီလ) ဟုယူဆ၏။ ထိုမှတဖန်

(၃) ဝိပဿနာနယ်မှ သီလယူဆပုံမှာ....

ရှေးအာရုံထဲ၌ စွဲယူသိမ်းပိုက်စရာမရှိသည်ကို သိမြင်ရသည့် အပြင် နောက်ထပ်ဖြစ်လာသည့် အာရမ္မဏိက ဝိပဿနာစိတ်ကိုပင် ထပ်မံ၍ ဆင်ခြင်ကြည့်ပြန်က ဂရုစိုက်ကာ သိမ်းပိုက်စွဲယူစရာနှင့် စွဲယူခြင်စရာ အစစ်အနှစ်အသား မရှိပုံကိုသိမြင်ရသည့်အတွက် သိမ်းပိုက်စွဲယူစရာရှိသေးသည်ဟု ထင်မှတ်မှုခေါ်ရ အတ္တ၏ အေးငြိမ်းသွားမှုကို(ဝိပဿနာနယ်မှ သီလ)လို့ ယူဆ၏။တနည်း ထိုအခိုက်၌ ဘာဘာညာညာဟု ထင်မှတ်စွဲယူစရာများ အေးငြိမ်းသွားသည်ကို ဝိပဿနာနယ်က သီလလို့ယူဆ၏။

(၄) အရိယာနယ်မှ သီလယူဆပုံ ဆိုသည်မှာ....

အစဉ်ထာဝရ ထောက်တည်ရာ အားကိုးရာမရသည့် သင်္ခါရဒုက္ခထဲ၌ စွဲယူစရာနှင့် စွဲယူချင်စရာလုံးလုံး ရှာမရသည်ကို ဉာဏ်ဝမှာ သိမြင်ရသည့်အတိုင်း စွဲယူသိမ်းပိုက်လိုလှသော (ဆန္ဒရာဂ) နှင့်တကွ ထိုဆန္ဒရာဂကြောင့် ဖြစ်ပေါ်လာကြမည့် ကိလေသာမီးခဲတို့ ခွာရှဲချုပ်ငြိမ်းကာ အေးမြငြိမ်း မှန်သည်ကို (အရိယာနယ်မှ သီလ)လို့ ယူဆ၏။

ဤကား သီလ (၄)မျိုး ယူဆပုံဖြစ်ပါသည်။ ကျောက်ပုံဆရာကြီး ရေးသားသည့် အေးမြသည့် သဘောအရ သီလယူဆပုံကို အောက်ပါ ဒေသနာအရ တွေ့ရပါသည်ဘုရား။

ပဋိသမ္ဘိဒါမဂ်ပါဠိ၊ မြန်မာပြန်၊ မဟာဝဂ် ဉာဏကထာ (ဆဋ္ဌမူ) စာမျက်နှာ ၆၀-၌ သီလ၏အနက်သဘော (၅) မျိုးတို့ကို မြတ်စွာဘုရား ဟောကြားထားပါသည်ဘုရား။ အဘယ်သို့ ဟောကြားပါသနည်းဆိုလျှင်—

၁။ သူ၏အသက်သတ်မှုကို ပယ်စွန့်ခြင်းသည် သီလမည်၏။

၂။ သူ၏အသက်သတ်မှုကို ရှောင်ကြဉ်ခြင်းသည် သီလမည်၏။

၃။ ရှောင်ကြဉ်ကြောင်း စေတနာသည် သီလမည်၏။

၄။ စောင့်စည်းခြင်းသည် သီလမည်၏။

၅။ မလွန်ကျူးခြင်းသည် သီလမည်၏—

ဟူ၍ ဟောကြားထားပါသည် ဘုရား။

ထိုသီလ (၅) မျိုးတို့ကို တင်ပြပြီးနောက် သီလ၏ အနက်သဘောများကို ဝိသုဒ္ဓိမဂ် ဘာသာပြန် သီလနိဒ္ဒေသပိုင်း စာမျက်နှာ (၁၅) မှ ကောက်နုတ်၍ တင်ပြပါဦးမည်ဘုရား။

**သီလ၏ အနက်သဘော**

၁။ ကာယကံ ဝစီကံတို့ကို သိမ်းသိမ်းဆည်းဆည်း ကောင်းစွာသိုထားခြင်းသည် သီလအနက်မည်၏။

၂။ ကာယကံ အစရှိသည်တို့ ဖရိုဖရဲ မကြဲခြင်းကို တည်ရာ၏ အဖြစ်ဖြင့် လွန်စွာဆောင်ထားခြင်းသည် သီလဒအနက်မည်၏။

၃။ ဦးခေါင်းနှင့်တူသော (သိရဋ္ဌ) အနက်အဓိပ္ပာယ်သည် သီလ၏ အနက်မည်၏။

၄။ ကိလေသာ အပူငြိမ်းစေတတ်သော အေးမြသော သီတလ အနက်အဓိပ္ပာယ်သည် သီလ၏အနက်မည်၏။

ဟူ၍ လေးမျိုးလေးစား ဟောကြားထားပါသည်ဘုရား။ ထိုမှတဖန် ၎င်း ပါဠိတော် စာမျက်နှာ ၆၁-၌ပင် သီလငါးပါးကို ထပ်မံ၍ ဟောကြားပြန်ပါသည်။

**မြန်မာပြန်**

သီလတို့သည် ငါးပါးရှိကုန်၏၊ သူ့ဥစ္စာကို ခိုးယူမှုကို ကာမတို့၌ မှောက်မှား၍ ကျင့်မှုကို မဟုတ်မမှန်စကား ပြောဆိုမှုကို ချောပစ်ဂုံးတိုက်စကား ပြောဆိုမှုကို ကြမ်းတမ်းသောစကား ပြောဆိုမှုကို ပြိန်ဖျင်းသောစကားကို သူတပါး ဥစ္စာ၌ ရှေးရှုကြံခြင်းကို သူတပါးတို့အား ပျက်စီးစေလိုခြင်းကို မှားသောအယူကို ဟူ၍ ဖြစ်ပါသည်ဘုရား၊ ဤငါးပါးသီလ၌ "မှားသောအယူ" ပါနေသည်ကို သတိပြုရပါမည်ဘုရား၊ သို့အတွက် တပည့်တော်များသည် အထက်ပါ သီလများကို ပဟာန သံဝရ အစရှိသည်အားဖြင့် စောင့်ထိန်းလျက် ရှိကြပါသည် ဘုရား။

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းခိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ငါးပါးသော သိက္ခာပုဒ်ကို သီလလို့ မယူဆတဲ့အတွက် ကျောက်ပုံတောရ ဆရာကြီးသည် အရက်သေစာ သောက်စားပြီး တရားဟောတယ်လို့ စောဒနာ ပြုထားပါသည်၊ ဖော်ပြပါ စောဒနာချက်တွင် ငါးပါးသော သိက္ခာပုဒ်များကို သီလဟုမယူဆ၍ ဆိုသည့် စောဒနာပြုချက်သည် မမှန်ပါဘုရား၊ ဖော်ပြပြီးခဲ့

သော နယ်သေးနယ်နှင့် သီလယူဆပုံတို့ကို ပြသည့်နေရာမှာပင် သူ့နယ်နှင့်သူ အမှန်ရှိနေကြောင်း လက်ခံပြီးဖြစ်သည့်အတိုင်း ရှောင်ကြဉ်စောင့်ထိန်းပါသည် ဘုရား။

အထက်တွင် လျှောက်ထားခဲ့သည့် ပဋိသမ္ဘိဒါမဂ် ကျမ်းဂန်အရ ဖော်ပြထားသော ငါးပါးသီလ (၂) မျိုးအနက် နောက်ဆုံးဖြစ်သည့် ငါးပါးသီလတွင် "အယူမှားမှု" ဆိုသော သီလပါး ပါဝင်နေပါသည်ဘုရား၊ ထိုအယူမှားမှုမှာ ရုပ်နာမ် ဓမ္မသင်္ခါရတရားတို့အပေါ်၌ အတ္တအနေအားဖြင့် ထင်မှတ်မှားနေမှုပင် ဖြစ်ပါသည်၊ ထိုသို့အထင်မှားမှု မိစ္ဆာအယူကို မပယ်သတ်နိုင်ပါက စောဒက ဆရာတော်များ စောဒနာပြုသကဲ့သို့ ငါးပါးသီလပင် မလုံကြဟု ပြောစရာ ဖြစ်နေပြန်ပါသည်၊ ထို့ကြောင့်ပင် ကျောက်ပုံတောရ ဆရာကြီးက "အနတ္တ" တလုံးကို ဖောက်ခွဲဖေဖန်၍သိခဲ့လျှင် "အတ္တ" အနေအားဖြင့် ထင်မှတ်မှားနေသော မိစ္ဆာအယူကို ပယ်ပြီးဖြစ်သည့်အတွက် ငါးပါးသီလကို စောင့်ထိန်းပြီး လုံခြုံပြီးဖြစ်၍ အထူးတလည် စောင့်ထိန်းရန်မလိုဟု ရေးသားလိုက်ခြင်း ဖြစ်ပါသည်ဘုရား။

ပဋိသမ္ဘိဒါမဂ်ပါဠိ မြန်မာပြန်၊ ဆဋ္ဌမူ စာမျက်နှာ (၆၁) ၌ ကိုယ်ပိုင်ကိုယ်စိုး မဟုတ်ဟု အဖန်ဖန် ရှုခြင်း အနတ္တာနုပဿနာဖြင့် ကိုယ်ပိုင်ကိုယ်စိုး ဟူသော အမှတ်အတ္တသညာကို ပယ်စွန့်ခြင်းသည် သီလမည်၏၊ စေတနာသည် သီလ မည်၏၊ စောင့်စည်းခြင်းသည် သီလမည်၏၊ မလွန်ကျူးခြင်းသည်သီလမည်၏။ ဟူ၍ မြတ်စွာဘုရား ဟောကြားထားပါသည်ဘုရား။

ထို့ကြောင့်ပင် ကျောက်ပုံတောရဆရာကြီးနှင့်တကွ ကျောက်ပုံဝါဒီတပည့် တော်များအပါအဝင် လူရှင်ရဟန်းတို့သည် အထက်ပါ မိစ္ဆာဒိဋ္ဌိအယူမှားဘေး ကြီးမှ ကင်းဝေးလွတ်မြောက်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြရင်း တဘက်မှ သူတပါးတို့၏ ကိုယ်စိတ်နှစ်လမ်း ပင်ပန်းဆင်းရဲစေခြင်း ပျက်စီးနစ် နာစေခြင်းအစရှိသော ဒုစရိုက်အကုသိုလ်အမှုတို့ကို ရှောင်ကြဉ်လျက် ရှိပါသည် ဘုရား။ အစဉ်သဘာဝရ ရှောင်ကြဉ်ပြီးဖြစ်အောင်လည်း အားထုတ်လျက်ရှိကြပါ သည်ဘုရား။

စောဒကဆရာတော်များ၏ စောဒနာချက်တွင် ဒေသနက္ကမအားဖြင့် သီလ, သမာဓိ, ပညာဟူ၍ ရှိနေပါလျက်သားနှင့်(ပညာ၊သီလ၊သမာဓိ)ရယ်လို့ပြောင်း ပြန်လှန်အားခြင်းသည် မဖြစ်နိုင်သော လမ်းစဉ်များကြီးကို ရိုးသားသောဗုဒ္ဓ ဘာသာဝင်တို့ တရားလမ်းကြောင်းမှားအောင် ဖေးသားသည်ဟု ပါရှိပါသည် ဘုရား။ ကျောက်ပုံတောရဆရာကြီးသည် ပဋိပတ္တိတည်းဟူသော "ဒုက္ခနိရောဓ

ဂါမိနီ ပဋိပဒါ''ဆိုသည့် မဂ္ဂင် (၈)ပါး မဇ္ဈိမပဋိပဒါလမ်းစဉ်အရ (ပညာ၊ သီလ၊ သမာဓိ)ဟု ရေးသားလိုက်ခြင်းဖြစ်ပါသည်ဘုရား။ ထိုမဂ္ဂင် (၈)ပါး ပဋိပဒါလမ်း စဉ်တရား၌—

၁။ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ (၂)ပါးသည် ပညာမဂ္ဂင် ဟူ၍လည်းကောင်း၊

၂။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ (၃)ပါးသည် သီလမဂ္ဂင်ဟူ၍ လည်းကောင်း၊

၃။ သမ္မာဝါယာမ၊ သမ္မာသတိ၊သမ္မာသမာဓိ(၃)ပါးသည် သမာဓိမဂ္ဂင်ဟူ၍ လည်းကောင်း၊

ရှိနေရာ ပညာမဂ္ဂင် (၂) ပါးကို ရှေးဦးစွာထားပြီး သီလအလယ်၊ သမာဓိကို နောက်ဆုံးထားလျက် ဟောကြားတော်မူထားကို ဝိနည်းမိုရ်ဆရာ တော်ဘုရားကြီးများနှင့် စောဒကဆရာတော်များသိရှိကြပြီးဖြစ်ပါသည်ဘုရား။

ဤကဲ့သို့ မဂ္ဂင် (၈)ပါး မဇ္ဈိမ ပဋိပဒါလမ်းစဉ်ကြီးကို ကျင့်ကြံ ကြိုးကုတ် အားထုတ်ခြင်းအားဖြင့် သီလနှင့်သမာဓိတရားများလည်းပါဝင်ပြီးဖြစ်ကြောင်း ထင်ရှားပါသည်ဘုရား။

သီလက အရေးကြီးသည် သီလရှိမှ ဝိပဿနာကို အားထုတ်လို့ဖြစ်သည်ဟု ဆိုပြန်ကလည်း အသက်မွေးဝမ်းကျောင်းအရ တံငါမုဆိုးလုပ်နေကြရသူတို့သည် ဤဘုရားသာသနာတော်၌ တရားမရနိုင်ပဲ ရှိကြပါတော့မည်ဘုရား။

ပင်လယ်ပြင်များ၌ ပိုက်ထောင် ငမင်းထောင်အလုပ်တို့ဖြင့် ငမ်းစာ အတွက် ရှာဖွေစားသောက်နေကြရသော ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ဤ သာသနာအတွင်း၌ လူဖြစ်ကျိုးမနပ် ဖြစ်ကြရပါတော့မည်ဘုရား။

ဤကဲ့သို့လျှောက်ထားရခြင်းသည် သီလတရားများကိုပယ်၍ (ဝါ)ပယ်လို၍ လျှောက်ထားခြင်းမဟုတ်ပါ။ တံငါ မုဆိုးအလုပ်ဖြင့် အသက်မွေးကြသူများ အတွက် (ဝါ)တံငါ မုဆိုးအလုပ်ကို မစွန့်ပစ်နိုင်ကြသေးသော သူများအတွက်ငဲ့ ကွက်၍ ဓမ္မပဒကျမ်းဂန်၌ ဟောထားသော (ခုဇ္ဇုတ္တရာ ကျွန်မ၊ကုက္ကုဋမိတ္တမုဆိုး၊ သန္တတိအမတ်၊ အင်္ဂုလိမာလ) ဝတ္ထုတို့ကိုထောက်ထား၍ စေတနာသန့်သန့်ဖြင့် ဝေဖန်တင်ပြ လျှောက်ထားရခြင်း ဖြစ်ပါသည်ဘုရား။

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား–

ဤမျှလောက် လျှောက်ထားခဲ့သောစကားအစဉ်တို့ဖြင့်စောဒကဆရာတော် များ၏စောဒနာချက်များဖြစ်ကြသည့်....

၁။ ငါးပါး၊ ရှစ်ပါးစသော သိက္ခာပုဒ်တို့ကို "သီလ"ဟု မယူဆခြင်း။

၂။ ယောကျ်ား၊မိန်းမစသော ပုံသဏ္ဌာန်များကို ပယ်သတ်ခြင်း သဘောအား "သီလ"ဟုယူဆထားခြင်း။

၃။ အတ္တ၊ အတ္တနိယအနေဖြင့် တကယ်ထင်မှတ်မှုမှ လွတ်မြောက်၍အေးမြသည်ကို "သီလ"ဟုယူဆခြင်း။

၄။ ငါးပါး၊ရှစ်ပါးစသော သိက္ခာပုဒ်များကို "သီလ"ဟု မယူဆကြသဖြင့် ငါးပါး၊ရှစ်ပါးစသောသိက္ခာပုဒ်များကို မစောင့်ထိန်းခြင်း။

၅။ ကျောက်ပုံဝါဒသည်ကိုယ်ကျင့်သီလ ဗလာကျနေသော ဝါဒဖြစ်သည်ဟု စောဒနာပြုခြင်း။

၆။ သီလ၊ သမာဓိ၊ ပညာဟူ၍ ဒေသနက္ကမအားဖြင့် ရှိနေပါလျက် ပညာ၊ သီလ၊သမာဓိဟု ပြောင်းပြန်ဆန့်ကျင်၍ တရားလမ်းကြောင်းမှားအောင် ရေးသားသည်ဟု စောဒနာပြုထားခြင်း။

၇။ ကျောက်ပုံဆရာကြီးသည် အကျင့်သီလ ပျက်နေခြင်းစသော စောဒနာချက်များသည် ပြေလည်လောက်ပြီဟု ယူဆပါသည်ဘုရား။

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

အထက်တွင် ဖော်ပြခဲ့ပြီးသော တသည့်တော်၏ သောဓနာချက်များကို စဉ်းစား ဝေဖန် သုံးသပ် တော်မူကြလျက် ဓမ္မ၊ အဓမ္မ (၂) ဌာနဖြင့် အဆုံးအဖြတ် ပေးတော်မူနိုင်ကြရန် ရိုသေလေးမြတ်စွာဖြင့် တင်ပြလျှောက်ထားသောဓနာရပါသည်၊ အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

---

## သောဓနာ အမှတ် (၁၀) ပါဘုရား

အမှတ်(၁၀) စောဒနာလွှာကို သောဓနာပြုပါသည် အမှတ် (၄) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

နေယျသင်တန်း စာမျက်နှာ (၁၇၆) တွင် ယခုကာလ ဝိပဿနာရှုသူများသည် အများအားဖြင့် ဓမ္မနိယာမခေါ် ဖြစ်ပျက်ဆိုသည့် သန္တတိဇစဉ်ကို လက္ခဏာရေးတင်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟု ဝိပဿနာရှုနေကြရာ ရှု၍မဆုံးနိုင်သော သန္တတိအစဉ် ဝဲကြီးထဲတွင် နစ်မြုပ်နေကြလေသည်ဟု ရေးသားဝေဖန်ချက်ကို—

စောဒနာရှင် ဆရာတော်များက ဖြစ်ပျက်ဆိုသည့် သန္တတိအစဉ်ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု လက္ခဏာတင်လျှင် ဝိပဿနာဉာဏ် ဖြစ်နိုင်ပါကြောင်း စောဒနာထားပါသည်ဘုရား။

ဆိုလိုရင်းမှာ ဖြစ်ပျက် သန္တတိအစဉ်ကို လက္ခဏာတင်က ဝိပဿနာဉာဏ် မဖြစ်နိုင်ပဲ သန္တတိအစဉ်ထဲမှာ တဝဲလယ်လယ် နစ်မြုပ်နေမည်ဟုဆိုသော ကျောက်ပုံဆရာကြီး၏ ဝေဖန်ချက်ကို စောဒက ဆရာတော်များက ဖြစ်ပျက် သန္တတိအစဉ်ထဲမှာ လက္ခဏာတင်ရှုက ဝိပဿနာဉာဏ်ရနိုင်ကြောင်း တင်ပြထားပါသည် ဘုရား။

ထို့ကြောင့် ဝိပဿနာဉာဏ်ရနိုင်ပုံ မရနိုင်ပုံကို စောဒကဆရာတော်များ၏ ယူဆချက်နှင့် ကျောက်ပုံဆရာကြီး၏ ယူဆချက်နှစ်မျိုးကို နှိုင်းယှဉ်၍ ဖော်ပြပါမည်ဘုရား။

သန္တတိအစဉ်ဆိုသည်မှာ ရုပ်နာမ်တရားတို့၏ (ဥပါဒ်-ဌီ-ဘင်) ခေါ် (ဖြစ်-တည်-ပျက်) အစဉ်မပြတ် လှည့်ပတ်ဖြစ်နေသည်ကို သန္တတိလို့ခေါ်ပါသည်ဘုရား။

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော်သူမြတ်တို့ဘုရား—

ယခုစောဒနာတင်ပြထားသော ဆရာတော်များ၏ ဖြစ်ပျက်သန္တတိအစဉ်ပေါ်တွင် လက္ခဏာတင်ရှုပြီးဝိပဿနာဉာဏ်ရနိုင်ကြောင်း ယူဆချက်ကို စောဒနာချက်အမှတ် (၁၀)တွင် ဖော်ပြထားသည့်အတိုင်း တင်ပြပါသည်။

ဖြစ်ပျက်သန္တတိအစဉ်ဖြစ်နေသော နာမ်ရုပ်များကို ဖြစ်နေလျှင် ဖြစ်နေတဲ့ အတိုင်း သိ၍လည်းကောင်း ပျက်သွားလျှင် ပျက်နေတဲ့အတိုင်း သိ၍လည်းကောင်း ဖြစ်ပျက်နှစ်ရပ်ပေါ်မှာပင် အနိစ္စချက် ဒုက္ခချက် အနတ္တချက်ချမှတ်ခြင်းသည် သန္တတိအစဉ်ပြတ်ပြီး ဃနများ ကြေကွဲကာ ဝိပဿနာဉာဏ်ရရှိပါသည်ဟု တင်ပြထားပါသည်ဘုရား။

ဤ၌ရှုကွက်သည် ဖြစ်တည်ပျက်နေသော ရုပ်နာမ်ပေါ်တွင် လက္ခဏာတင်ထားပါသောကြောင့်—

၁။ သဘာဝလက္ခဏာဟုသာ ခေါ်ဝေါ်ထိုက်ပါသည်ဘုရား။

၂။ သဘာဝလက္ခဏာသည် ကြောင်းကျိုးများ စုပေါင်းထားသဖြင့် သင်္ခတလက္ခဏာလို့လဲ ခေါ်ထိုက်ပါသည်ဘုရား။

၃။ သင်္ခတလက္ခဏာသည် ဖြစ် တည် ပျက် မှတ်ကြောင်းဖြစ်၍ ဖြစ်ပျက်လက္ခဏာဟုလည်း ခေါ်ဆိုနိုင်ပါသည်ဘုရား။

အထက်ပါ ရှုကွက်များကို ဆောက်ဆပြီး စောဒကဆရာတော်များ တင်ပြသော ရှုကွက်သည် သဘာဝလက္ခဏာရှုကွက် သခ်တလက္ခဏာရှုကွက် ဖြစ်ပျက်လက္ခဏာရှုကွက်ဟူ၍ သုံးဖြတ်ချက် ချထားရပေါမည်ဘုရား။

နိုင်ငံတော် အမှတ် (၄) သီးခြားဝိနည်းဓိုရ် အရှင်သူမြတ်တို့ဘုရား –

စောဒကဆရာတော်များ၏ ရှုကွက်ကို တင်ပြပြီးပါ၍ ကျောက်ပုံဆရာကြီး၏ ဖြေန်ယူဆချက်များကို တင်ပြပါဦးမည်ဘုရား။

သန္တတိအစဉ်ဆိုသည်မှာ (ဖြစ်-တည်-ပျက်) နိယာမအစဉ်ခေါ် ဓာတ် (၃) ချက်လှည့်ပတ်နေသည်ကို ခေါ်ပါသည်ဘုရား။

ထိုသန္တတိအစဉ် နာမ်ရုပ်များကလည်း မြင်မှု-ကြားမှု-နံမှု စားမှု-ထိမှု-သိမှု စသော ဝိညာဏ်(၆) လုံးတလုံးလုံး မြင်ဆဲ-ကြားဆဲ-နံဆဲ-စားဆဲ-ထိဆဲ-သိဆဲ အခိုက်မှာသာလျှင် ဖြစ်ပေါ်နိုင်ပါသဖြင့် ဝိညာဏ်တလုံး အပါအဝင်ဖြစ်သော မြင်စိတ်နာမ်တလုံးကို ဥပမာပြု၍ ရှင်းလင်းရသော်–

မြင်စိတ်နာမ်တလုံး ဖြစ်ဖို့ရာမှာ ပစ္စယသာမဂ္ဂီ အကြောင်းရင်းခေါ် မျက်စိအကြည်၊ အဆင်း၊ အလင်း၊ နှလုံးသွင်းစသည်တို့ ပြီးပြည့်စုံညီပါမှ မြင်စိတ်နာမ်တလုံးဖြစ်ပေါ်လာပြီး ဓမ္မနိယာမအတိုင်း ဖြစ်ပျက်သန္တတိအစဉ်သို့ ရောက်သွားပါသည်ဘုရား။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ (မြန်မာပြန်) ဒုတိယတွဲ အာယတနဓာတု နိဒ္ဒေသပိုင်း၊ စာချက်နှာ (၄၄၀) အရ-

စက္ခုံ ရူပါ လောက မနသိကာရေ ပဋိစ္စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။

မြန်မာပြန်

မျက်စိအကြည်၊ အဆင်း၊ အလင်း၊ နှလုံးသွင်းတို့ကိုစွဲ၍ မြင်စိတ်ခေါ် စက္ခုဝိညာဏ်သည်ဖြစ်၏။

ထို့ကြောင့် မြင်စိတ်ဖြစ်ဆဲ နာမ်ရုပ်နှစ်ပါးသည် အကြောင်းအကျိုးနှင့် ဖြစ်ပေါ်ရသဖြင့် သဘာဝလို့ ခေါ်ပါသည်။

အရေအတွက် အပေါင်းအစည်းနှင့် ဖြစ်ရသဖြင့် သခ်တလို့လဲ ခေါ်နိုင်ပါသည်။

သခ်တ၏မှတ်ကြောင်းသည် ဖြစ်-တည်-ပျက် ဖြစ်သောကြောင့် ဖြစ် ပျက်လို့လဲခေါ် ဆိုပါသည်။

သဘာဝအမည်နှင့် မှတ်ကြောင်းလက္ခဏာတင်ပါက သဘာဝလက္ခဏာ။

သင်္ခတအမည်နှင့် မှတ်ကြောင်းလက္ခဏာ တင်ပါက သင်္ခတလက္ခဏာ။

ဖြစ်ပျက်အမည်နှင့် မှတ်ကြောင်း လက္ခဏာတင်ပါက ဖြစ်ပျက်လက္ခဏာ ဟူ၍ အသီးသီး ခေါ်ဆိုရပါသည်ဘုရား။

သဘာဝလက္ခဏာဆိုသည်မှာ နာမ်ရုပ်တို့၏ ဖြစ်ခြင်း၊ တည်ခြင်း၊ ပျက်ခြင်းကို ရည်ညွှန်းပါသည်ဘုရား။

ပိုမိုရှင်းလင်းသွားအောင် မြင်စိတ်နာမ်တလုံး ဥဒ္ဓဟိ အစဉ်ဖြစ်ခိုက် သဘာဝလက္ခဏာ သင်္ခတလက္ခဏာ သုံးပါးကို တင်ပြပါဦးမည်ဘုရား။

မြင်စိတ်ဆိုတဲ့ နာမ်ရှင်သဘောကလေးသည်–

၁။ ဖြစ်ပြီးပါက ပျက်သွားရတဲ့သဘောကို အနိစ္စလို့ခေါ်ပါသည်ဘုရား။
(ဟုတွာ အဘာဝဋ္ဌေန အနိစ္စံ)

၂။ ဖြစ်မှု၊ ပျက်မှု ထိုနှစ်ခုတို့သည် တခုကိုတခု ဖိညှပ်နှိပ်စက်သဖြင့် သက်သာရာမရတဲ့ သဘောကို ဒုက္ခလို့ခေါ်ပါသည်ဘုရား။
(ဥပ္ပါဒဝယ ပဋိပီဠနဋ္ဌေန ဒုက္ခံ)

၃။ မဖြစ်ရန်၊ မပျက်ရန် တားဆီးလို့မရ၊ အလိုမလိုက်တဲ့ သဘောကို အနတ္တလို့ခေါ်ပါသည်ဘုရား။
(အဝသဝတ္တနဋ္ဌေန အနတ္တာ)

ဤအထက်ပါ လက္ခဏာမှတ်ကြောင်းများသည် ဖြစ်တည်ပျက်ပေါ်တွင်သာ မှတ်ကြောင်းလက္ခဏာ ယူဆနေပါသဖြင့် သန္တတိအစဉ်ကို လက္ခဏာတင်နေခြင်းသာလျှင် ဖြစ်ပါသည်ဘုရား၊ တဖန် နာမ်ရုပ်တို့၏ ဖြစ်ခြင်း၊ တည်ခြင်း၊ ပျက်ခြင်းကိုသာ ဖော်ပြနေပါသဖြင့် သဘာဝလက္ခဏာများသာ ဖြစ်ကြပါသည်ဘုရား။ ထိုလက္ခဏာချက်များသည် ဝိပဿနာဉာဏ် မရရှိနိုင်သည့်အပြင် သာဝက ဝေနေယျများ၏ အရာမဟုတ်ပဲ ဘုရားကြီးများ၏ အရာသာဖြစ်ကြောင်းကို အောက်ပါသံယုတ်အဋ္ဌကထာ၌ ပြဆိုထားပါသည်ဘုရား။

ရူပါရူပဓမ္မာနံ၊ အာယုပရိမာန သင်္ခါတဿ ခဏဿ ဝသေန
သမ္မသနံ နာမ သဗ္ဗညုဗုဒ္ဓါနံ ဧဝ ဝိသယော သိယာ န သာဝကာနံ။

အနက်မှာ

ရူပါရူပမွောနံ၊ နာမ်လို ရုပ်လို့သမုတ်ခံရသော ပရမတ်သဘော ခေတ် သဘောဟူသမျှတို့၏။ အာယုပရိမာနသင်္ခါတဿ၊ အသက်အတိုင်းအရှည်ဟု ဆိုအပ်သော။ ခဏဿ၊ဥပါဒ်, ဌီ,ဘင်နှင့်ဖြစ်သော သင်္ခတအခိုက်အတန့်လေးကို။

| | |
|---|---|
| သမ္မသန်နာမ | —လက္ခဏာတင်၊ ဆင်ခြင်သုံးသပ်ခြင်းမည်သည်။ |
| သဗ္ဗညုဗုဒ္ဓါနံ ဧဝ | —ဘုရားရှင်ကြီးများ တဆူတဆူပွင့်မှသာလျှင်။ |
| ဝိသယော | —အရာသည်။ |
| သိယာ | —ဖြစ်ရာ၏။ |
| သာဝကာနံ | —တပည့်သာဝကတို့၏။ |
| ဝိသယော | —အရာသည်။ |
| န သိယာ | —မဖြစ်ကောင်း။ |

အဓိပ္ပာယ်

သန္တတိအစဉ်ဖြစ်နေသော နာမ်ရုပ်တို့၏ ဥပါဒ်-ဌီ-ဘင်ခေါ် ဖြစ်-တည်-ပျက် ဖြစ်နေဆဲအခါ၌ လက္ခဏာတင်ကာ ဆင်ခြင်နှလုံးသွင်း သိနိုင်ခြင်းသည် အလွန် လျင်မြန်သောကြောင့် ဘုရားကြီးများသာလျှင် မှီနိုင်ပါသည်။ သာဝကတို့၏ အရာမဟုတ်ပါ၊ သာဝကများ မှီအောင် မြင်အောင် မရှုနိုင်ကြပါ ဟူ၍ အဓိပ္ပာယ်ရပါသည်ဘုရား။

ထို့အပြင် ဇိနာလင်္ကာရဋီကာ၌–

စိတ္တဿ ဟိ ခဏဘင်္ဂေါ အတိလဟုကော ဗုဒ္ဓါနံယေဝ ဝိသယော။

အနက်

ဟိဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ စိတ္တဿ၊ ဝိညာဏစရိယစိတ်၏။ ခဏဘင်္ဂေါ၊ ခဏငယ်သုံးချက်ဖြင့် ပျက်ခြင်း ချုပ်ခြင်းသည်။ အတိလဟုကော၊ လက်ဖျစ်တတွက်လျှင် ကုဋေတသိန်းကျော်မျှလျင်မြန်၏။ ဗုဒ္ဓါနံယေဝ၊ မြတ်စွာဘုရားတို့သည်သာလျှင်။ ဝိသယော၊ အာရုံပြုနိုင်သောအရာ ပေတည်း။

ဟူ၍လည်းကောင်း တွေ့မြင်ရပါသည်။

လက်ဖျစ်တတွက်၊ လျှပ်တပြက်၊ မျက်တောင်တခတ်တွင် ရုပ်သက်ကုဋေ ငါးထောင်နှင့် နာမ်သက် ကုဋေတသိန်းကျော်တို့အထိ ဖြစ်ပျက်လျင်မြန်နေ သည်ကို သတိပြုစဉ်းစားရန် လိုအပ်ပေသည်။

သဘာဝလက္ခဏာသည် သန္တတိဆက်အလွန်မြန်သဖြင့် သာဝကများမမီနိုင်၊ မရှုနိုင်သည်ကို မီနိုင်သည်ရှုနိုင်သည်ဟု ထင်မြင်ယူဆကာ အတင်းလိုက်၍ ရှုနေကြပါက ရှုလို့မဆုံး၊ ဖြစ်လို့မဆုံးသည်ကိုမြင်၍ ရှေးပညာရှိ ဆရာတော်ကြီးများက စာချိုးထားသည်ကို တင်ပြပါရစေဘုရား။

ဖြစ်မဆုံးနိုင်ဘု၊ ခေတ်သုံးနှောင်ဗွေလယ်၊

ယောင်ပေပေအကောင်ကြီးရယ်၊ မှောင်မိနိုင်ကော။

လို့ စာချိုးထားခဲ့သည်ကို တပည့်တော်များ မှတ်သားမိရပါသည်ဘုရား။

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းစိုရ်ဆရာတော် အချင်သူမြတ်တို့ဘုရား—

အထက်ပါတင်ပြထားသော သဘာဝလက္ခဏာခေါ် သခ်တလက္ခဏာတို့သည် (သာဝကဝေနေယျများ) ဝိပဿနာဉာဏ်ရဖို့ရာ ဖြစ်ဖို့ရာ မဆိုထားနှင့် ရှုတောင် မရှုနိုင်ကြကြောင်းကို သဘောပေါက်လောက်ပါပြီဘုရား။

သို့အတွက် သန္တတိအစဥ် နာမ်ရုပ်များကို သန္တတိဖြတ်၍ ရှုကြည့်ဝေဖန်နည်းခေါ် (သာမညလက္ခဏာ)နည်းကို တင်ပြပါဦးမည်ဘုရား။

သာမညလက္ခဏာဆိုသည်မှာ နာမ်ရုပ်တို့၏ ကိုယ်တိုင် မဖြစ်နိုင် မတည်နိုင် မပျက်နိုင်ခြင်းကို ရည်ညွှန်းပါသည်ဘုရား။

မြင်စိတ် နာမ်တလုံး သန္တတိအစဥ်ဖြစ်ခိုက် သာမညလက္ခဏာသုံးပါး ယှဉ်ဆပုံကို တင်ပြပါဦးမည်ဘုရား။

မြင်စိတ်ဆိုတဲ့ နာမ်ရုပ်သဘောကလေးသည် အကြောင်းပြည့်စုံမှ ဖြစ်ရသည့်အတွက်—

(၁) သူ့ကိုယ်တိုင် တခုတည်းသော်မှ တည်ပြနိုင်ရမည့် အားအစွမ်းအစစ် ဖြစ်တဲ့ အနှစ်သဘောမရှအပ်သည်ကို (အသာရကဋ္ဌေန) အနတ္တလို့ ခေါ်ပါသည်ဘုရား။

(၂) တခုတည်းသော်မှ ဖြစ်ရှိနိုင်ရမည့် အားအစွမ်း ကုန်ခန်းကွယ်ပျောက်နေသည်ကို (ခယဋ္ဌေန)အနိစ္စလို့ ခေါ်ပါသည်ဘုရား။

(၃) တခုတည်းအရဆောက်တည်ကာ မပြနိုင်၍ ထောက်တည်ရာ မရပုံကို (ဘယဋ္ဌေန) ဒုက္ခလို့ ခေါ်ပါသည်ဘုရား။

အထက်ပါ သဘောတရား၏ ဆိုလိုရင်းအကျဉ်းချုပ်မှာ—

(၁) အသာရကဌေနံ=အနတ္တ အနှစ်မရှိသည့်သဘော၊

(၂) ခယဋ္ဌေနံ=အနိစ္စ အနှစ်ကုန်ခန်းသည့်သဘော၊

(၃) ဘယဋ္ဌေနံ=ဒုက္ခ ထောက်တည်ရာမရတဲ့သဘော—

ဟူသော သာမညလက္ခဏာတို့သည် ဖြစ်ခြင်း၊တည်ခြင်း၊ ပျက်ခြင်းမှ ကင်းနေပါသောကြောင့် သင်္ခတ၏ ဆန့်ကျင်ဘက်ခေါ် အသင်္ခတတရားလို့လဲ ဆိုနိုင်ပါသည်ဘုရား။

အင်္ဂုတ္တိုရ်ပါဠိတော် မြန်မာပြန် (တိက နိပါတ်) သင်္ခတလက္ခဏာသုတ် စာမျက်နှာ (၁၆၉)၌—

ရဟန်းတို့....သင်္ခတတရား၏ သင်္ခတဟု မှတ်ကြောင်း လက္ခဏာတို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်းဟူမူ (၁)ဖြစ်ခြင်း ဥပါဒ်လက္ခဏာသည် ထင်ရှား၏။ (၂) ပျက်ခြင်း ဘင်လက္ခဏာသည် ထင်ရှား၏။ (၃)ဥပါဒ်အခိုက် အတန့်၏ ပြောင်းလဲခြင်း ဌီလက္ခဏာသည် ထင်ရှား၏။ ရဟန်းတို့ သင်္ခတတရား၏ သင်္ခတဟုမှတ်ကြောင်းလက္ခဏာတို့သည် ဤသုံးမျိုးတို့ပေတည်းဟု မိန့်တော်မူ၏။ ထို့ပြင် အသင်္ခတလက္ခဏာသုတ်၌လည်း—

ရဟန်းတို့ အသင်္ခတတရား၏ အသင်္ခတကို မှတ်ကြောင်းလက္ခဏာတို့သည် ဤသုံးမျိုးတို့တည်း၊ အဘယ်သုံးမျိုးတို့နည်းဟူမူ ဖြစ်ခြင်းဥပါဒ်လက္ခဏာသည် မထင်ရှားပေ၊ ပျက်ခြင်း ဘင်လက္ခဏာသည် မထင်ရှားပေ၊ ဥပါဒ်အခိုက်အတန့်၏ ပြောင်းလဲခြင်း ဌီလက္ခဏာသည် မထင်ရှားပေ၊ ရဟန်းတို့ အသင်္ခတတရား၏ အသင်္ခတဟု မှတ်ကြောင်း လက္ခဏာတို့သည် ဤသုံးမျိုးတို့ပေတည်းဟု မိန့်တော်မူ၏။

ထို့ကြောင့် သာမညလက္ခဏာဆိုသည်မှာလည်း ကိုယ်တိုင်မဖြစ်နိုင်၊ မတည်နိုင်၊ မပျက်နိုင်သည်ကို တွေ့ရှိရသဖြင့် အသင်္ခတလက္ခဏာမှတ်ကြောင်းများနှင့် တူညီနေပါသောကြောင့် အသင်္ခတလက္ခဏာလို့လည်း ဆိုထိုက်လှပါသည်ဘုရား။

အသင်္ခတလက္ခဏာများကိုတွေ့ရှိရပါက ဝိပဿနာဉာဏ်ကေန်ရရှိကြောင်းကို-

"အသင်္ခတဂါမိ မဂ္ဂေါ ဘိက္ခဝေ အယံ ဝိပဿနာ"

(သံယုတ္တ နိကာယ၊ သဠာယတနပါဠိ။ နှာ၊၅၃၁၊ ပုဒ်ရေ-၃၇၇)

အနက်

ဘိက္ခဝေ၊ ချစ်သားတို့။ အသင်္ခတဂါမိမဂ္ဂေါ၊ တခုခြင်းအရ ရေတွက်၍မရပဲ ကိုယ်တိုင်မဖြစ်နိုင် မတည်နိုင် မပျက်နိုင်ခြင်းကို အသိမှန်ဆိုက်ရောက်မှု

ရှိခုန် ဝေဖန်နိုင်ခြင်းသည်။ အတ္တိ၊ ရှိ၏။ အယံ၊ ဤသို့ ဝေဖန်နိုင်ခြင်းသည်။ ဝိပဿနာ၊ ဝိပဿနာ မည်ပါပေ၏။

**အဓိပ္ပာယ်မှာ**

တခုခြင်း ရေတွက်၍မရတဲ့ ကိုယ်ပိုင်မဖြစ်နိုင်၊ မတည်နိုင်၊ မပျက်နိုင်တဲ့ သဘောအထိ ဝေဖန်ရှုကြည့်နိုင်သောဉာဏ်ကို ဝိပဿနာဉာဏ်ဟု ခေါ်ပါသည်ဘုရား။

လိုရင်းကို လျှောက်ထားရပါသော် သဘာဝလက္ခဏာခေါ် သခ်တလက္ခဏာများအထိသာ ဝေဖန်ရှုကြည့်နေပါက ဝိပဿနာဉာဏ် ဘယ်တော့မှ မရရှိနိုင်ပါဘုရား။

သာမညလက္ခဏာခေါ် အသခ်တလက္ခဏာထိအောင် ဝေဖန်ရှုကြည့်နိုင်ပါမှ သာလျှင် ဝိပဿနာဉာဏ် ဖြစ်နိုင်ပါသည်ဟု ဆိုလိုပါသည်ဘုရား။

အမှတ် ( ၄ ) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်များဘုရား—

အထက်တွင် တင်ပြ ဝေဖန်ထားသော အကြောင်းအချက်များအရ စောဒက ဆရာတော်များ၏ စောဒနာချက်သည် ဝိပဿနာဉာဏ်သို့ မရောက်နိုင်သော စောဒနာချက်များ ဖြစ်နေပါသည်၊ ထိုစောဒနာချက်များသည် အလွန်သေးသိမ်သော စောဒနာချက်များသာ ဖြစ်ပါသည်၊ သို့ကြောင့် တပည့်တော်များ တင်ပြထားသော အချက်အလက်များမှာ ထေရဝါဒပိဋကတ်တော်များနှင့် ညီညွတ်သော သောတနေ့ချက်များသာဖြစ်၍ ဓမ္မဝါဒ၊ ဓမ္မဝါဒီများသာ ဖြစ်ကြောင်း ရှိသေစွာလျှောက်ထားရပါသည် နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

---

**သောတနေ့အမှတ် ( ၁၁ ) ပါဘုရား**

ကျောက်ပုံတောရ ဆရာကြီး၏ အလွှာ ( ၄ ) လွှာ ဖျက်ပုံကို ရေးသားဟော ပြောချက်နှင့် ပတ်သက်၍ သောတနေ့ချက်ပါ ဘုရား။

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

**စောဒနာချက်** ( ၁၁ )ကို သောတနေ့ရသော် ထိုစောဒနာချက် ( ၁၁ )သည် ပညတ်သဘောတွေပျောက်ပြီး ပရမတ် သဘောတရားတွေ ရောက်သွားအောင် ( ၄ ) လွှာဖျက်နည်းနှင့် ဝေဖန်ထားသောကြောင့် ဝိပဿနာ ဉာဏ်အစစ်ရဖို့

ရန်မှာ ပညတ်စင်ပြီး ပရမတ်မြင်မှသာ ဝိပဿနာ ဉာဏ်ဝင်သည် ဟူသောစကား အရ—

ပညတ္တိံ ထပေတွာ အနိစ္စာဒိဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ— ဆိုသောဝိဂ္ဂြိုဟ် ဝိဂ္ဂဟအရ။

**အနက်**

ပညတ္တိံ၊ ပညတ်ဟူသမျှကို။ ထပေတွာ၊ဖယ်ခွာထား၍။အနိစ္စာဒိဝိဝိဓာကာ- ရေန ၊အနိစ္စအစရှိသော လက္ခဏာတို့ကို။ ပဿတိ၊ မြင်အောင်ရှုတတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ဝိပဿနာ၊ ဝိပဿနာ မည်၏။

ထို့ကြောင့် ဝိပဿနာ ဉာဏ်အစစ် ရောက်ရှိရန်မှာ ပညတ်စင်ကြယ်မှသာ လျှင် ဝိပဿနာဉာဏ် ရနိုင်ပါမည် ဘုရား။

ယခုနေယျသင်တန်း စာမျက်နှာ ( ၇၀ မှ ၇၃ ) အထိ ရေးသားထားသော (၄)လွှာ ဖျက်နည်းသည် ပညတ်စင်ပြီး ပရမတ်အမြင်သန်လာအောင် အသိဉာဏ် ပေးထားသော်လည်း စောဒကဆရာတော်များသည် ဤစာပိုဒ်၏ အယူအဆ အဓိပ္ပာယ်နှင့် ပတ်သက်၍ မသိ‌‌ေလဟန်ပြုကာ ချန်လှပ်ထားသော စာပိုဒ်များ ကို တင်ပြပါမည် ဘုရား။

အမှတ် ( ၄ )နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

စောဒနာ အမှတ် ( ၁၁ ) တွင် နေယျသင်တန်း စာမျက်နှာ ( ၇၀ ) မှစ၍ **စောဒကတို့** ဖော်ပြထားသော (က) အပိုဒ် (ခ) (ဂ) (ဃ) (င) အပိုဒ်ဟူသော စာပိုဒ်တို့ကို ဖော်ပြရာ၌ (ဃ)အပိုဒ်နှင့် (င)အပိုဒ်အကြားတွင် ထိုစောဒနာချက် များကို ဖြေရှင်းပေးထားသော နည်းလမ်းစာပိုဒ် ချန်လှပ်ထားသည်ကို တွေ့ရှိ ရပါသည် ဘုရား။

ထိုချန်လှပ်ထားသော စာအုပ်ပါ စာပိုဒ်များကို တင်ပြလျှောက်ထားပါမည် ဘုရား။

ကမ္မဋ္ဌာန်းဝိပဿနာ နေယျသင်တန်း စာမျက်နှာ ( ၇၂ ) စာကြောင်းရေ ( ၉ ) ကြောင်းမြောက်မှစ၍ ဖော်ပြထားသည်မှာ–

"ထို့ကြောင့် သညာသိ ဝိညာဏ်သိ အနတ္တ(တု)နှစ်မျိုးနှင့် အနတ္တ (စစ် )ခေါ် ပညာသိအနတ္တသို့ဆိုက်ရောက်ရန်လိုအပ်လှပါပေသည်" အနတ္တ(စစ်)ကို ကျပ်ပြည့် သိရှိပါလျှင် နိဗ္ဗာန်ကိုအာရုံပြုနိုင်သည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ခေါ် အဆုံးသတ်ဉာဏ်ကို ရရန်လွယ်ကူမည်ဟုထင်ကြောင်းကို ဒေသနာက္ကမနည်းအရ ဝန်ခံအပ်ပေသည်။

အဘယ့်ကြောင့်ဆိုသော် သညာသိ အနတ္တနှင့် ဝိညာဏ်သိ အနတ္တနယ်က ဝိပဿနာအစွဲများ ကင်းပြတ်နိုင်သည့် အစစ်သဘောတရားသည် တကယ်အမှန် ရှိနှင့်သော ပရမတ်တရားဖြစ်ခြင်းကြောင့် ရှာဖွေက တွေ့နိုင်ပေသည်။

သို့ရာတွင် အနတ္တ(စစ်)ကို မတွေ့ရ မထင်မြင်ကြရခြင်းမှာ အမည်သဏ္ဌာန်, ဒြပ်, နိမိတ်, အရိပ်,အရောင်ကင်းဆိတ်နေသည့် ခတ်ပရမတ် ဓမ္မခေါ် သဘော လေးသက်သက် မြည့်မြည့်ကလေးသည် (သို့မဟုတ်) မြည့်မြည့်ကလေးပဲ အမူ အရာ ကိရိယာမျှကလေးပဲဟု အမှတ်ခံရသော အစွဲခံရသော ရုပ်တလုံး တလုံး နာမ်တလုံးတလုံးတို့၏သဘောအမူအရာ အကျိုးအကြောင်းတို့က ရှိနေကြသေး သဖြင့် ထိုသဘောများကို ယထာဘူတ ကျနသေချာအောင် မခွဲစိပ်တတ်ပါက အာရမ္မဏဃန, သမူဟဃန, သန္တတိဃန, ကိစ္စဃန ဆိုသည့် ပရမတ်ဃန ၄-မျိုး တို့၏ ခြေထိုး ဖုံးအုပ် ကာကွယ်မှုပြုလုပ်နေကြခြင်းကြောင့် ပရမတ္ထဓမ္မတို့၏ အနတ္တအရနှင့် နေပုံကို မဝေဖန်တတ်သဖြင့် ဘာပဲညာပဲဟု အထင်လွဲပြီးလျှင် မောင်ထင်ခေါ် မနောဝိညာဏ်၏ မျက်လှည့်ပြပွဲကြီးနောက်သို့ မျက်တောင် တခတ် တရစပ်မနားပြေးလွှားလိုက်ပါ၍ မဆုံးနိုင်အောင် ဖြစ်နေရ၏ဟုဆိုလို၏။

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ယခုထပ်မံ၍ လေးလွှာဖျက်ခန်း အကျဉ်းချုပ်နည်းလမ်းကို တင်ပြလျှောက် ထားပါမည်ဘုရား။

အလွှာ ၄-လွှာကို အကြမ်းအားဖြင့် လျှောက်ထားရသော်—

၁။ ပုံသဏ္ဌာန်ကွင်းစွပ်နေသော အဝိဇ္ဇမာနပညတ်က တစ်လွှာပါဘုရား၊

၂။ ရုပ် (၂၈)နှင့် နာမ် (၅၃)ပါး၏ အမည်များဖြစ်သော ဝိဇ္ဇမာန ပညတ်က တစ်လွှာပါဘုရား၊

၃။ ထို ဝိဇ္ဇမာနပညတ်၏ သဘောဟူသော အကျိုး သခ်တပရမတ်က တစ်လွှာပါဘုရား။

၄။ ထိုအကျိုးသခ်တပရမတ်ကို ထောက်ပံ့တဲ့အကြောင်းသခ်တပရမတ် က တစ်လွှာဟူ၍ လေးလွှာ ရှိပါသည်ဘုရား။

၅ါအထက်ပါ ၄-လွှာကို ပိုမို ထင်ရှားလာအောင် မြင်စိတ်နာမ်တလုံးကို နမူနာပြု၍ ထပ်မံ ရှင်းလင်းပြပါဦးမည်ဘုရား။

မြင်စိတ်ဆိုသော နာမ်သဘောကလေး ဖြစ်ပေါ်လာရန်အတွက် မျက်စိ အကြည်, အဆင်း, အလင်း နှလုံးသွင်းဆိုတဲ့အကြောင်းများ ပြီးပြည့်စုံညီပါက မြင်စိတ်နာမ်သဘောကလေးသည် အမှန်ကေန်ဖြစ်ရပါမည်ဘုရား၊ ထိုဖြစ်ဆဲ၌

ယောကျ်ားမြင်သည်၊ မိန်းမမြင်သည်၊ သူမြင်သည်၊ ငါမြင်သည် စသည်အားဖြင့် ပညတ်အနေနှင့်သုံးနှုန်းကြပါသည်ဘုရား။

ထိုအသုံးအနှုန်းများကို လေးလွှာတင်ကြည့်ပါက–

၁။ သူမြင်စိတ် ငါမြင်စိတ်လို့ ထင်မှတ်ထားသော ပညတ်ကို အဝိဇ္ဇမာန ပညတ်တစ်လွှာဟူ၍လည်းကောင်း၊

၂။ မြင်စိတ်ဟူသော နာမပညတ်ကို ဝိဇ္ဇမာနပညတ် တစ်လွှာဟူ၍ လည်းကောင်း၊

၃။ မြင်စိတ်ဆိုတဲ့ အမည်တပ်ထားသော သဘောကလေးကို အကျိုးသခ်တပရမတ် တစ်လွှာဟူ၍လည်းကောင်း၊

၄။ ထိုအကျိုးမြင်စိတ် ဖြစ်ပေါ်လာရာ အကြောင်းတရားများ ဖြစ်ကြသော မျက်စိအကြည်၊ အဆင်း၊ အလင်း၊ နှလုံးသွင်းတို့ကို အကြောင်းသခ်တပရမတ် တစ်လွှာဟူ၍လည်းကောင်း ယူဆပါသည်ဘုရား။

အလွှာ ၄-လွှာ၏သဘောကို ပေါ်လွင် ထင်ရှားလောက်ပြီဖြစ်ပါ၍လေးလွှာ ဖျက်ပုံ ဖျက်နည်းကို ဆက်လက်၍ တင်ပြပါဦးမည်ဘုရား။

၁။ သူ့ငါ လို့ ဆိုသော အဝိဇ္ဇမာနပညတ်သည် မြင်စိတ်ဆိုသော စိတ်နာမ်တရားကလေး မရှိပါက သူ့ငါ ဆိုသော အဝိဇ္ဇမာနပညတ် အသုံးအနှုန်းကိုပင် သုံးနှုန်းနိုင်စရာ မရှိသည့်အပြင် သူ့ကိုယ်ပိုင် သုံးနှုန်းနိုင်သည့် အနှစ်အသားမရှိသည်ကို အနတ္တဟူ၍ မှတ်ချက်ချရပေမည်၊ ဤသည်ကား အဝိဇ္ဇမာနပညတ်တစ်လွှာ ပျက်သွားနည်းပါဘုရား။

၂။ မြင်စိတ်လို့ အမည်တပ်ထားသော ဝိဇ္ဇမာနပညတ်သည် အကျိုးသခ်တပရမတ်သဘောမရှိပါက အမည်တပ်စရာပင် မရှိသည့်အတွက် ကိုယ်ပိုင်အမည်တပ်နိုင်သည့် အနှစ်အသားမရှိသည်ကို အနတ္တဟူ၍ မှတ်ချက်ချရပေမည်၊ ဤသည်ကား ဝိဇ္ဇမာနပညတ် တစ်လွှာ ပျက်သွားနည်းပါဘုရား။

၃။ သဘောကလေးခေါ် အကျိုး သခ်တပရမတ်သည် ပတ်ဝန်းကျင် အကြောင်း သခ်တပရမတ်များပြီးပြည့်စုံခြင်း မရှိပါက အကျိုးဟူ၍ ဖော်ပြနိုင်သည့် ကိုယ်ပိုင်အား အစွမ်းအနှစ်အသား မရှိသည်ကို အနတ္တဟု မှတ်ချက်ချရပေမည်၊ဤသည်ကား အကျိုးသခ်တပရမတ် တစ်လွှာ ပျက်သွားနည်းပါဘုရား။

၄။ **အကြောင်း** သင်္ခတပရမတ်များကိုလည်း ဝေဖန်ဖောက်ခွဲကြည့်ပါက သူတို့၏နောက်တွင် အပေါင်းသင်္ခတတရားများ ထောက်ပံ့မှုမရှိပါက ကိုယ်ပိုင်ဖြစ် ပြနိုင်သော အနှစ်အသားမရှိသည်ကို အနတ္တဟု မှတ်ချက်ချရပေမည်၊ ဤသည်ကား အကြောင်း သင်္ခတပရမတ်တစ်လွှာ ပျက်နည်းပါဘုရား။

လိုရင်းကိုလျှောက်ထားရသော်ဖော်ပြပါ အဝိဇ္ဇမာနပညတ် ဝိဇ္ဇမာနပညတ် အကျိုးသင်္ခတပရမတ် အကြောင်း သင်္ခတပရမတ်စသော ဤအလွှာ (၄)လွှာလုံးပင် ကိုယ်ပိုင်ဖြစ်နိုင်သော အတ္တသတ္တိအနေနှင့် သုဉ်းဆိတ်နေသော သုညတ အနတ္တများသာလျှင် ဖြစ်နေကြပါသည်ဘုရား။

ထို့ကြောင့် ထိုသုညတအနတ္တများသည် ကိုယ်ပိုင်အနှစ်အသား မရှိတဲ့ သဘောတွေသာဖြစ်ရှိပါသောကြောင့် အသင်္ခတအနတ္တများသာဟူ၍ ဆုံးဖြတ်ချက်ချနိုင်ပါသည်ဘုရား။

ဤသို့ အသင်္ခတအနတ္တကို တွေ့ရှိသိမြင်ပါက ဝိပဿနာဉာဏ် ကေန်အမှန်ဖြစ်ပါတော့သည်ဘုရား။

ထင်ရှားအောင် လျှောက်ထားရပါဦးမည်ဘုရား။

"အသင်္ခတဂါမိမဂ္ဂေါ ဘိက္ခဝေ အယံ ဝိပဿနာ"

**အနက်**

**ဘိက္ခဝေ၊** ချစ်သားတို့။ အသင်္ခတဂါမိမဂ္ဂေါ၊တခုချင်းအရ ရေတွက်၍မရပဲ ကိုယ်ပိုင်မဖြစ်နိုင် မတည်နိုင် မပျက်နိုင်ခြင်းတည်းဟူသော အသိမှန်ဆိုက်ရောက်မှုရှိရန် ဝေဖန်နိုင်ခြင်းသည်။အတ္ထိ၊ ရှိ၏။အယံ၊ဤသို့ဝေဖန်နိုင်ခြင်းသည်။ ဝိပဿနာ၊ ဝိပဿနာမည်ပါပေ၏။

ဤအထက်ပါ လျှောက်ထားချက်များကို လေ့လာသုံးသပ်လိုက်သော် (၄) လွှာဖျက်နည်းသည် ဝိပဿနာဉာဏ်ရရန်အတွက် အလွန်အရေးပါအရာရောက်သော နည်းလမ်းကောင်းတရပ်ဖြစ်ပါသည်ဘုရား။

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်များဘုရား—

လေးလွှာဖျက်နည်းလမ်းကို တင်ပြပြီးပါ၍ ဆက်လက်ပြီး ကလျာဏအင် (၅)ပါး၏ အရေးကြီးအရာရောက်ပုံကို ထပ်မံလျှောက်ထားပါမည်ဘုရား။

ဤလောကတွင် လောကီဖြစ်စေ လောကုတ္တရာဖြစ်စေ အဖြာဖြာသောပညာရပ်တို့ကို ကုံလုံတတ်မြောက် သိရှိသည်မှာ သဗ္ဗညုတ မြတ်စွာဘုရားရှင်ကြီးမှ တပါး မည်သည့်ပုဂ္ဂိုလ်တဦးတယောက်ကိုမျှ မဆိုချေ၊ ဆရာသမားနှင့်ကင်း၍

**မိမိအလိုလိုတတ်မြောက်နိုင်စွမ်း မရှိကြပါဘုရား၊ အတိုချုပ်မှာ ဆရာသမားနှင့် ကင်း၍** မဖြစ်စကောင်းပါဘုရား။

ဤကဲ့သို့ ဆရာသမားများနှင့် မကင်းနိုင်သည့်အချက်ကြောင့် ဆရာသမားများထံတွင်–

(၁) သင်ကြားမှုခေါ် ရ ဥဂ္ဂဟန

(၂) ဆောင်ထားမှုခေါ် ရ ဓာရဏ

(၃) နာကြားမှုခေါ် ရ သဝန

(၄)မေးမြန်းမှုခေါ် ရ ပရိပုစ္ဆာ

(၅) ဆင်ခြင်မှုခေါ် ရ ပစ္စဝေက္ခဏာ ပြုနေသည်ကို ကလျာဏအင်္ဂါ (၅)ပါး လို့ခေါ် ပါသည်ဘုရား။

ထို့ကြောင့် မည်သူမဆို အတတ်ပညာ အသိပညာနှင့်ပတ်သက်၍ ဤကလျာဏအင်္ဂါ (၅)ပါးသည် မူလအစမှအဆုံး တတ်မြောက်သည်အထိ တဆင့်ထက် တဆင့်တိုးမြှင့်ကာ မပါလျှင်မပြီးသောအင်္ဂါ (၅)ပါးဖြစ်ပါသည်ဘုရား။

ဤကလျာဏအင်္ဂါ (၅)ပါး အလွန်အရေးကြီးပုံကို ထင်ရှားအောင် လျှောက်ထားပါရသော်—

"ကလျာဏမိတ္တံ နိဿာယ ဇာတိ ဇရာမရဏာ ပရိမုစ္စိံ သု"

**အနက်မှာ**

ကလျာဏမိတ္တံ၊ကလျာဏအင်္ဂါ(၅)ပါးကို။နိဿာယ၊ အမှီပြုခြင်းကို ရမှသာ သာလျှင်။ ဇာတိဇရာမရဏာ၊ အိုနာသေဘေးတို့မှ။ ပရိမုစ္စိံ သု၊ကင်းလွတ် **ကုန်ရာ၏။**

**အဓိပ္ပါယ်မှာ**

လောကုတ္တရာမိတ်ကောင်းဖြစ်သည့် ကလျာဏအင်္ဂါ(၅)ပါးကို အမှီရမှသာ လျှင် ဇာတိဇရာမရဏဘေးမှ ကင်းလွတ်ကြကုန်ရာ၏ဟု ဆိုလိုပါသည်ဘုရား။

ထပ်မံလျှောက်ထားရပါသော်....

သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ ဗြဟ္မဇာလသုတ္တ စူဠသီလဝဏ္ဏနာ အခန်း၊ စာမျက်နှာ(၅၇၊၅၉)တွင်–

ယေန ပုထုဇ္ဇနောတိ ဧတ္ထ–ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာဒိစ္စဗန္ဓုနာ၊ အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေကော ပုထုဇ္ဇနောတိ။ တတ္ထ ယဿ ခန္ဓဓာတုအာယတနာဒီသု ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏပစ္စဝေက္ခဏာဒီနိ နတ္ထိ၊ အယံ အန္ဓပုထုဇ္ဇနော။ ယဿ တာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော။ ဒုဝိဓောပိ ပနေသ။

ဟူ၍တွေ့ရပါသည်။

အမှတ်(၄) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား–

အထက်ဖော်ပြပါ ပါဠိတော်ကိုသဘာဝအနက်အဓိပ္ပာယ်နှင့်အကျဉ်းချုပ်ဖော်ပြရသော် အန္ဓပုထုဇဉ်နှင့် ကလျာဏပုထုဇဉ်နှစ်ဦးတို့သည်ခန္ဓာအာယတနဓာတ်တို့ကို ဤကလျာဏအင်္ဂါ (၂)ပါးနှင့် အားထုတ်မှသာလျှင် အရိယာလမ်းစဉ်ဖြစ်နိုင်ကြောင်းဟု ဆိုလိုခြင်းဖြစ်ပါသည်ဘုရား။

ဤကလျာဏအင်္ဂါ (၅)ပါးကိုအဧပြု၍ သောတာပတ္တိဖိုလ်အထိ ရောက်ရှိပုံကို ဆက်လက်လျှောက်ထားပါမည်ဘုရား။

မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ အင်္ဂသုတ် ဆဋ္ဌမူ စာမျက်နှာ ၃၅၄-၅—

“စတ္တာရိမာနိ ဘိက္ခဝေ သောတာပတ္တိယင်္ဂါနိ၊ ကတမာနိ စတ္တာရိ၊ သပ္ပုရိသသံသေဝေါ သဒ္ဓမ္မဿဝနံ ယောနိသောမနသိကာရော ဓမ္မာနုဓမ္မပဋိပတ္တိ”

ဟူ၍လည်းကောင်း။

မဟာဝဂ္ဂသံယုတ် (မြန်မာပြန်) သောတာပတ္တိဖလသုတ်၊ စာမျက်နှာ ၃၆၄-တွင်လည်း—

မြန်မာပြန်

ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာဖြစ်ကုန်၏။ အဘယ်လေးပါးတို့နည်း၊ သူတော်ကောင်းကို မှီဝဲခြင်း၊ သူတော်ကောင်းတရားကို နာကြားခြင်း၊ သင့်လျော်သောအားဖြင့် နှလုံးသွင်းခြင်း၊ တရားအားလျော်စွာ အကျင့်ကိုကျင့်ခြင်းတို့တည်း။ ရဟန်းတို့ ဤတရားလေးပါးတို့ကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်ကုန်သည်ရှိသော် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းငှာ ဖြစ်ကုန်၏ဟု (မိန့်တော်မူ၏) ဟူ၍ ဖော်ပြပါသည်။

အထက်ဖော်ပြပါ လျှောက်ထားချက်များအရ တပည့်တော်များသည် အဓမ္မဝါဒ၊ အဓမ္မဝါဒီများ မဟုတ်ကြောင်း လျှောက်ထားရပါသည်၊အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

---

သောဓနာအမှတ်(၁၂)ပါဘုရား

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ ဘုရား—

ကျောက်ပုံဆရာကြီး ရေးသော ကမ္ဘာ့ဝိပဿနာကျမ်း၊ နေယျသင်တန်း ကျမ်းတို့မှ ကမ္မဿကတသမ္မာဒိဋ္ဌိ၊ ဈာနသမ္မာဒိဋ္ဌိမဂ္ဂင်တို့ ကို မိစ္ဆာပဋိပဒါဟု ရေးသားသည်ကို မကျေနပ်၍ စောဒနာထားပါသည်ဘုရား။

ကျောက်ပုံဆရာကြီး အသက်ရှိစဉ်က ပေါ်ထိုက်ပေါ်သင့်သော ပြဿနာရပ် ဖြစ်ပါလျက် ကွယ်လွန်ပြီး(၁၅)နှစ်ခန့်နီးမှ အထက်ဖော်ပြပါ စာအုပ်ပြဿနာ ပေါ်လာတော့ ဘုရားတပည့်တော်များ အံ့သြလို့မဆုံးတော့ပါဘုရား၊ ဆရာ တော်ရှိစဉ်က သြဝါဒတချက် မှတ်မိသည်ကို လျှောက်ထားပြပါရစေ၊ "မင်းတို့ တတွေ အံ့သြစရာရယ်၊ ရီစရာရယ်၊ သနားစရာရယ် တွေ့ကြလိမ့်မယ်လို့" မကြာ ခဏ ပြောသည်ကို ယခု ရင်ဆိုင်တွေ့နေရပါပြီဘုရား၊ ဆရာကြီး ဉာဏ်ပညာ တွေကို အကုန်အစင်မမီငြားသော်လည်း တပည့်တော် သဘောရသမျှတင်ပြ ပါမည်ဘုရား။

"ကံလမ်း ဈာန်လမ်း လွန်ပင်ပမ်း စခန်းမကုန်ပါ၊
ဒိဋ္ဌိဖြုတ်နည်း နိသျှည်း ဉာဏ်ကြီးအောင်ပြုပါ—

လို့ ပညာရှင်တွေ ရေးကြပါတယ်ဘုရား။

မဂ်ဖိုလ်နိဗ္ဗာန် အလိုရှိလို့ တရားရှာသူ တရားနာသူ တရားအားထုတ်သူ မှန်သမျှ ယခုပစ္စက္ခ လူ့ဘဝမှာပင် တမဂ်တဖိုလ် နိဗ္ဗာန်ရရှိနိုင်သည်ကို အရေး တယူ အလေးမမူကြပါပဲ ကံအလုပ် ဈာန်အလုပ်တွေနှင့် တင်းတိမ်ကျေနပ်နေ ကြလျှင်ဖြင့် ဘယ်လိုပင် ဝိဇ္ဇာပေါ်မူတည်ပြီး ကံလမ်း ဈာန်လမ်းတွေ ပြုလုပ် ကြသော်လည်း ဒိဋ္ဌိမပြုတ်တဲ့အမှန်မျိုးတွေဟာ (၂၆)ဘုံတွင်းက မလွတ်ကင်း နိုင်ကြပါဘုရား၊ ဘဝကြီးတွေ အဖြစ်နဲ့ ပြေးလိုက်၊ ဘဝကလေးအဖြစ်နဲ့ ကျင် လည်ကြရမည်ကို မြော်မြင်၍ ရေးသားခြင်းပါဘုရား။

သံယုတ်ပါဠိတော် စာမျက်နှာ(၇၇) မြန်မာပြန်၊ မဟာဝဂ္ဂသံယုတ် ကောဋ္ဌိ- ဂါမဝဂ် ၃၀၄-၅—

သစ္စာ ၄-ပါး မသိသမျှ သံသရာလည်ကြရပုံကို—

စတုန္နံ ဘိက္ခဝေ အရိယာသစ္စာနံ ယထာဘူတံ အဒဿနာ အနနု-ဗောဓာ အပ္ပဋိဝေဓာ ဧဝမိဒံ ဒီဃမဒ္ဓါနံ သန္ဓာဝိတံ သံသာရိတံ မမဉ္စေဝ တုမှာကဉ္စ။

ချစ်သား ချစ်သမီးတို့ သစ္စာလေးပါးတရားသည် အရိယာများ အမှန်အတိုင်း သိမြင်အပ်တဲ့ တရားတော်ကြီးပါပေတည်း၊ ထိုတရားတော်မြတ်ကြီးကို ဟုတ်တိုင်းမှန်စွာ ယထာဘူတဉာဏ်၊ အနုဗောဓဉာဏ်၊ ပဋိဝေဓဉာဏ်တိုင်အောင် မသိမမြင် မထင်ကြခြင်းကြောင့် ငါဘုရားသည်လည်းကောင်း သင်ချစ်သား ချစ်သမီးတို့သည်လည်းကောင်း အစွန့်ရှည်သမျှ ကာလပတ်လုံး သုဒ္ဓါဝါသ ငါးဘုံဖယ်ထား၍(၂၆)ဘုံအတွင်း၌ ဘဝကြီးအဖြစ်နဲ့ ပြေးသွားကာရောက်ရမှာ တမြင်တကြားတို့တွင် ထင်ရှားသော ဥပါဒါန်ဘဝကလေးတို့နှင့် ကျင်လည်၍ နေကြရကုန်၏လို့ ဆိုထားပါတယ်ဘုရား။

ဝိဘင်း ပါဠိတော် ဆဋ္ဌမူ စာမျက်နှာ (၄၄၁)စာပိုဒ်ရေ ၁၀၂၉-၌—

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။

ဘဝဂ္ဂံတမ္ပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ။

ပုညတေဇေန၊ ကောင်းမှုဆိုတဲ့ ကုသိုလ်ကံသည်။ ဥက္ခိတ္တာ၊ ပင့်မြှောက်လိုက်သည်ရှိသော်။ ကာမရူပဂတိံ၊အထက်တန်းနှင့် အလယ်တန်းခေါ် ဆိုစရာ အနေ လူ့ပြည် နတ်ပြည် ဗြဟ္မာပြည်သို့။ ဂတာ၊လားရောက်ကြရပါကုန်၏။ ဘဝဂ္ဂံတံ၊ ကမ္ဘာပေါင်း ရှစ်သောင်းလေးထောင်အထိ နေနိုင်ခွင့်ရှိကြကုန်သော အထက်တန်းစား ဗြဟ္မာဘဝကြီးသို့။သမ္ပတ္တာပိ၊ ကံကောင်းထောက်မလို့ တကြိမ်တခေါက်ရောက်သွားကြပါသော်လည်း။ ပုန၊ တဖန်။ ဒုဂ္ဂတိံ၊မကောင်းသူတို့ လားရာ အပါယ်လေးပါးသို့။ ဂစ္ဆန္တိ၊ ရောက်လာကြပြန်ကုန်၏။

ဤပါဠိလာအနက် မြန်မာပြန်အရ ကမ္မဿကတ သမ္မာဒိဋ္ဌိ၊ဈာနသမ္မာဒိဋ္ဌိမှ နာမရူပပရိစ္ဆေဒ သမ္မာဒိဋ္ဌိ၊ ဟေတုပစ္စယပရိဂ္ဂဟ သမ္မာဒိဋ္ဌိ၊ ဝိပဿနာသမ္မာ-ဒိဋ္ဌိ၊မဂ္ဂဖလသမ္မာဒိဋ္ဌိတိုင်အောင် ရောက်လို ရလိုသောစိတ် အပြည့်အဝ အရိယာ သူတော်ကောင်းတို့စိတ်ထားဖြင့် ရေးသားအပ်သောစာအုပ် ဖြစ်ပါသည်ဘုရား။

စာဒကရှင်များ ထောက်ပြသလို အလိုဆိုးနဲ့ ရေးသားခြင်း မဟုတ်နိုင်ပါဘုရား၊ ထိုဖော်ပြပါအကြောင်းအချက်တို့ကြောင့် "ဓမ္မ"ဝါဒသာ ဖြစ်ပါသည်။ အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

## သောဓနာ အမှတ်(၁၃)ပါဘုရား

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်အရှင်သူမြတ်တို့ဘုရား—

အမှတ်(၁၃)စောဒနာလွှာကို အောက်ပါအတိုင်း သောဓနာပြု လျှောက်ထားအပ်ပါသည်ဘုရား။

မြတ်စွာဘုရား၏ ပရိယာယဒေသနာတော်ကို မုချအားဖြင့် အဓိပ္ပာယ် လွဲမှားကောက်ယူပုံနှင့်ပတ်သက်၍ တင်ပြစွပ်စွဲထားသော စာပိုဒ်မှာ သံယုတ္တနိကာယ၊ သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်၊ မာရသံယုတ္တ၊ကဿကသုတ္တံမှ တင်ပြစောဒနာသည့် စာပိုဒ်သည် ထိုသုတ္တံ၌ အမှန်ရှိနေသော စာပိုဒ်နှင့် ကွဲလွဲစွာ စောဒနာပြုထားသည်ကို တွေ့ရှိရခြင်းကြောင့် စောဒကဆရာတော်တို့သည် ၎င်းတို့လိုရာကိုဆွဲ၍ အဓိပ္ပာယ်ကောက်ယူပြီး တင်ပြထားခြင်းဖြစ်ပါသည်ဘုရား။

ထိုအချက်နှင့်ပတ်သက်၍ အထက်ပါ ကဿကသုတ္တံ၏ မြန်မာပြန် စာ-၁၁၂ ကို အမှန်အတိုင်း ဖော်ပြပါမည်ဘုရား။

မာရ်နတ်ယုတ် သင့်အား နွားတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မိန့်တော်မူ၏၊ ရဟန်း ငါ့အား မျက်စိသည်ရှိ၏၊ ငါ့အား ရူပါရုံတို့သည် ရှိကုန်၏၊ ငါ့အား မျက်စိဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ၊ စုဝေးရာ စက္ခုသမ္ဖဿဝိညာဏာယတနသည်ရှိ၏။ ရဟန်း သင်သည် အဘယ်အရပ်သို့သွား၍ ငါ၏ နယ်ပယ်မှ လွတ်အံ့နည်း။ ရဟန်း ငါ့အား နားသည်ရှိ၏။ ငါ့အား သဒ္ဒါရုံတို့သည်ရှိ၏။ ပ။ရဟန်း ငါ့အား နှာခေါင်းသည်ရှိ၏။ ငါ့အား ဂန္ဓာရုံတို့သည် ရှိကုန်၏။ ရဟန်း ငါ့အား လျှာသည်ရှိ၏။ ငါ့အား ရသာရုံတို့သည်ရှိကုန်၏။ ရဟန်း ငါ့အား ကိုယ်သည်ရှိ၏။ ငါ့အား ဖောဋ္ဌဗ္ဗာရုံတို့သည်ရှိကုန်၏။ ရဟန်း ငါ့အားသာလျှင် စိတ်သည်ရှိ၏။ ငါ့အား ဓမ္မာရုံတို့သည်ရှိကုန်၏။ ငါ့အား စိတ်ဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏ တည်ရာ စုဝေးရာ မနောသမ္ဖဿဝိညာဏာယတနသည်ရှိ၏။ ရဟန်း သင်သည် အဘယ်အရပ်သို့သွား၍ ငါ၏(နယ်ပယ်မှ) ထွက်အံ့နည်းဟု လျှောက်၏။

မာရ်နတ်ယုတ် မျက်စိသည် သင့်အား ရှိသည်ဖြစ်ပါစေ၊ ရူပါရုံတို့သည် သင့်အား ရှိသည်ဖြစ်ပါစေကုန်၊ မျက်စိဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် သင့်အားရှိသည်ဖြစ်ပါစေ။

မာရ်နတ်ယုတ် အကြင်အရပ်၌ မျက်စိသည် မရှိ၊ ရူပါရုံတို့သည် မရှိကုန်။ မျက်စိဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏ တည်ရာ စုဝေးရာသည်မရှိ။

မာရ်နတ်ယုတ် ထိုအရပ်၌ သင့်အား ရောက်ခြင်းသည်မရှိ။ မာရ်နတ်ယုတ် နားသည် သင့်အားသာလျှင်ရှိသည် ဖြစ်ပါစေ။

သဒ္ဒါရုံတို့သည် သင့်အား ရှိသည်ဖြစ်ပါစေကုန်။ နားဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏ တည်ရာ စုဝေးရာသည် သင့်အား ရှိသည်ဖြစ်ပါစေ။

မာရ်နတ်ယုတ် အကြင်အရပ်၌ နားသည် မရှိ၊ သဒ္ဒါရုံတို့သည် မရှိကုန်၊ နားဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည်မရှိ၊ မာရ်နတ်ယုတ် ထိုအရပ်၌ သင့်အား ရောက်ခြင်းသည် မရှိ။ မာရ်နတ်ယုတ် နှာခေါင်းသည် သင့်အားသာလျှင် ရှိသည်ဖြစ်ပါစေ။ ဂန္ဓာရုံတို့သည် သင့်အား ရှိသည်ဖြစ်ပါစေကုန်၊ နှာခေါင်းဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏ တည်ရာ စုဝေးရာသည် သင့်အားရှိသည်ဖြစ်ပါစေ။ မာရ်နတ်ယုတ် အကြင်အရပ်၌ နှာခေါင်းသည် မရှိ၊ ဂန္ဓာရုံတို့သည် မရှိကုန်၊ နှာခေါင်းဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏ တည်ရာ စုဝေးရာသည် မရှိ၊ မာရ်နတ်ယုတ် ထိုအရပ်၌ သင့်အား ရောက်ခြင်းသည် မရှိ။ မာရ်နတ်ယုတ် လျှာသည် သင့်အား ရှိသည်ဖြစ်ပါစေ၊ ရသာရုံတို့သည် သင့်အား ရှိသည်ဖြစ်ပါစေကုန်။ လျှာဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏ တည်ရာစုဝေးရာသည် သင့်အား ရှိသည်ဖြစ်ပါစေ။ ပ ။ မာရ်နတ်ယုတ် ကိုယ်သည် သင့်အားသာလျှင် ရှိသည် ဖြစ်ပါစေ။ ဖောဋ္ဌဗ္ဗာရုံတို့သည် သင့်အား ရှိသည် ဖြစ်ပါစေကုန်။ ကိုယ်ဖြင့်တွေ့ထိအပ်သောဝိညာဏ်၏ တည်ရာ စုဝေးရာသည် သင့်အား ရှိသည် ဖြစ်ပါစေ ။ ပ ။ မာရ်နတ်ယုတ် စိတ်သည် သင့်အားသာလျှင် ရှိသည် ဖြစ်ပါစေ။ ဓမ္မာရုံတို့သည် သင့်အား ရှိသည်ဖြစ်ပါစေကုန်။ စိတ်ဖြင့်တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် သင့်အား ရှိသည်ဖြစ်ပါစေ၊ မာရ်နတ်ယုတ် အကြင်အရပ်၌ စိတ်သည် မရှိ၊ ဓမ္မာရုံတို့သည် မရှိကုန်၊ စိတ်ဖြင့် တွေ့ထိအပ်သော ဝိညာဏ်၏တည်ရာ စုဝေးရာသည် မရှိ။ မာရ်နတ်ယုတ် ထိုအရပ်၌ သင့်အား ရောက်ခြင်းသည် မရှိဟု မိန့်တော်မူ၏။

ရဟန်း အကြင်ပုဂ္ဂိုလ်တို့သည် အကြင်ဥစ္စာကို ဤဥစ္စာသည် ငါ၏ဥစ္စာ တည်း၏ဟု ဆိုကုန်၏။ ငါ၏သိမ်းဆည်းသော ဥစ္စာတည်းဟု ဆိုကုန်၏။ ထိုသူတို့၏ ဤပြောဆိုသော အရာတို့၌ သင်၏စိတ်သည် အကယ်၍ရှိသည်ဖြစ်အံ့ သင်သည် ငါ၏ ( နယ်ပယ်မှ ) လွတ်လိမ့်မည်မဟုတ်ဟု လျှောက်၏။

မာရ်နတ်ယုတ် အကြင်သူတို့သည် ဥစ္စာတို့ကို ငါ၏ ဥစ္စာဟုဆိုကုန်၏။ ထိုသူတို့၏ ထိုဥစ္စာမျိုးသည် ငါ့အားမရှိ၊ အကြင်သူတို့သည် ဤသို့ပြောဆိုကုန်၏။ ထိုပြောဆိုသူတို့သည် ငါမဟုတ် ငါ၏သွားရာ ခရီးလည်း သင် မမြင်နိုင်၊ မာရ် နတ်ယုတ် ဤသို့သိလောဟု မိန့်တော်မူ၏။

အမှတ် ( ၄ ) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်များ ဘုရား –

စောဒက ဆရာတော်များသည် အထက်ပါ စာမူရင်းအတိုင်း မဟုတ်ပါပဲ လျက် အောက်ပါစာပိုဒ်များကို အပိုထည့်၍ ၎င်းတို့၏ လိုရာကို ထည့်သွင်း စောဒနာထားကြောင်း တွေ့ရှိရပါသည်ဘုရား။

အပိုထည့်သွင်း စောဒနာပြုထားသည်မှာ –

မာရ်နတ်ယုတ် စက္ခုလည်း သင့်ပစ္စည်းသာဖြစ်ပါစေ၊ရူပါရုံလည်း သင့်ပစ္စည်း သာဖြစ်ပါစေ၊ စက္ခုသမ္ဖဿ စက္ခုဒွါရိက၊ဝိညာဏ်တို့လည်း သင့်ပစ္စည်းဖြစ်ပါစေ၊ အကြင်ပုဂ္ဂိုလ်၌ စက္ခု၌ တပ်မက်သော တဏှာ မရှိ၊ ရူပါရုံ၌တပ်မက်သောတဏှာ မရှိ၊ စက္ခုသမ္ဖဿ၌ တပ်မက်သောတဏှာမရှိ၊ စက္ခုဒွါရိက ဝိညာဏ်၌ တပ်မက် သောတဏှာမရှိ၊မာရ်ယုတ် ထိုပုဂ္ဂိုလ်၌ သင်၏ ကျက်စားရာမဟုတ်ဟူ၍ ဖြေဆို တော်မူခဲ့ပေသည် ဟူ၍ မှားယွင်းစွာ ထည့်သွင်း ဖော်ပြထားပါသည်ဘုရား။

ဘုရားရှင်၏ ဟောကြားချက်မူရင်း ပါဠိတော်၌ ပါဝင်သည်တို့ကို စောဒက ဆရာတော်များသည် ၎င်းတို့ မလိုသားသောအခါ ချန်လှပ်၍ ပါဠိတော် မူရင်းတွင် မပါရှိသော အသက်ပါ တဏှာမရှိဟူသော စာသားများကို အပိုထည့်သွင်း စောဒနာထားသည်ကို တွေ့ရှိရပါသည် ဘုရား။

သို့ပါ၍ စောဒကဆရာတော်များ၏ ဖော်ပြချက်သည် စိတ်စေတနာ မမှန် ကန်ကြောင်း ထင်ရှားလှပါတော့သည် ဘုရား။

အမှတ် ( ၄ ) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ ဘုရား –

ဘုရားရှင်၏ မိန့်ကြားသော မျက်စိမရှိဟု လည်းကောင်း၊ အဆင်းမရှိဟု လည်းကောင်း၊ မြင်စိတ်မရှိဟု လည်းကောင်းဟုဆိုရာ၌ အဓိပ္ပာယ်ဖွင့်ဆိုရပါမူ မျက်စိ၊ အဆင်း၊ မြင်စိတ် (စက္ခု၊ ရူပ၊ စက္ခုဝိညာဏ)ဟူသော သဘော တရားတို့သည် အကြောင်းပြည့်စုံမှ ဖြစ်ပေါ်ကြရသော အကျိုးတရားများ၏ အမည်များသာ ဖြစ်ပါသည် ဘုရား၊ ၎င်းတို့ ကိုယ်တိုင်အနေဖြင့် အတ္တသတ္တိနှင့် ကိုယ်တိုင်ဖြစ်နိုင်သည့် အားအစွမ်းမရှိ အနတ္တအနေနှင့်သာ ရှိနေပါသော ကြောင့် ဘုရားရှင် ကိုယ်တော်မြတ်ကြီးက "စက္ခုံ နတ္ထိ ပါပိမာ၊ ရူပံ နတ္ထိ ပါပိမာ စက္ခုဝိညာဏံ နတ္ထိ ပါပိမာ"ဟူ၍ ဟောတော်မူခြင်း ဖြစ်ပါသည် ဘုရား။

ထိုကဲ့သို့ ဘုရားရှင်ကိုယ်တော်တိုင် ဟောတော်မူပါသဖြင့် ကျောက်ပုံဆရာ ကြီးသည် မျက်စိဆိုတာမရှိပါဘူး၊ ရူပါရုံဆိုတာလည်း မရှိပါဘူး၊ စက္ခုဝိညာဏ် ဆိုတာလဲ မရှိပါဘူး ဟူ၍ဟောပြောခြင်းသာ ဖြစ်ပါသဖြင့် စောဒက ဆရာတော်

များ စောဒနာပြု သကဲ့သို့ မြတ်စွာဘုရား၏ ပရိယာယ ဒေသနာတော်ကို မှချအားဖြင့် အဓိပ္ပာယ်ကောက်ယူ လွဲမှားကြောင်း မှားယွင်းစွာ စောဒနာပြုခဲ့ကြပါသည်။

အထက်တွင် တင်ပြ ကိုးကား လျှောက်ထားချက်များအရ တပည့်တော်တို့ အယူအဆ ဟောပြောချက်များသည် ထေရဝါဒ ပိဋကတ်တော်များနှင့်ကိုက်ညီနေပါသဖြင့် အဓမ္မဝါဒီများ မဟုတ်ကြောင်း ရှိသေစွာ တင်ပြ လျှောက်ထားအပ်ပါသည် အမှတ်(၄) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

---

## သောဓနာ အမှတ် (၁၄)

အမှတ်(၁၄) စောဒနာလွှာကို သောဓနာပြုချက်ပါဘုရား၊ အစွန်းနှစ်ပါး ယူဆပုံနှင့်ပတ်သက်၍ သောဓနာပြုချက်ပါဘုရား။

နိုင်ငံတော် အမှတ်(၄) ဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

စောဒနာဆရာတော်များ တင်သွင်းထားသော နေယျသင်တန်းစာအုပ် စာမျက်နှာ (၂၃၇)တွင် ပါရှိသည်ဟု တင်ပြထားသော်လည်း စာမျက်နှာ—၁၉၇ တွင် တွေ့ရှိရပါသည်ဘုရား။

စောဒနာဆရာတော်များ တင်ပြထားသော လိုရင်းအချက်မှာ သဿတဒိဋ္ဌိ ရှိမှားအယူနှင့် ဥစ္ဆေဒဒိဋ္ဌိမရှိမှားအယူကိုသာရည်ရွယ်ရင်းဖြစ်ပါသည်၊ ထိုအချက်နှစ်ချက်ကိုပင် အစွန်းနှစ်ပါးဟု ဆိုလိုဟန်ရှိပါသည်ဘုရား။

(သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ အယူနှစ်မျိုးကို ဝေဖန်ပြခြင်း)

ထိုသဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ကို ပေါ်လွင်ထင်ရှားအောင် ရှင်းလင်း လျှောက်ထားလိုသည်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁။ သဿတဒိဋ္ဌိဟူသည် အရှိဟု ယူဆခြင်း၊

၂။ ဥစ္ဆေဒဒိဋ္ဌိဟူသည် မရှိဟုယူဆခြင်း၊

အထက်ပါ ဒိဋ္ဌိနှစ်ပါးကို ဝေဖန်ဖောက်ခွဲမှုပြုပါလျှင်—

၁။ (က) မရှိပဲနှင့် ရှိသည်ဟု ယူဆသော အမှား သဿတဒိဋ္ဌိအယူနှင့်

(ခ) အရှိကို အရှိအတိုင်း ယူဆခြင်းကို အမှန်သဿတဒိဋ္ဌိအယူ (ဝါ) ယထာဘူတဉာဏ်ဟု နှစ်မျိုးနှစ်စား ရှိပါသည်ဘုရား။

ထိုမှတဖန် ဥစ္ဆေဒဒိဋ္ဌိဘက်မှာလည်း ဥစ္ဆေဒဒိဋ္ဌိအမှားနှင့် ဥစ္ဆေဒဒိဋ္ဌိအမှန် ဟူ၍ နှစ်မျိုးနှစ်စားပင် ရှိနေပါသည်ဘုရား။

ဥစ္ဆေဒဒိဋ္ဌိအမှား အမှန်နှစ်မျိုးကို ဝေဖန်ပြခြင်း

၂။ (က) ရှိလျက်နှင့် မရှိဘူးဟု ယူဆသော အမှားဥစ္ဆေဒဒိဋ္ဌိအယူဖြစ်၍

(ခ) မရှိသည်ကို မရှိသည့်အတိုင်း ယူဆသော အမှန်ဥစ္ဆေဒဒိဋ္ဌိအယူ (ဝါ) ယထာဘူတဉာဏ်ဟု နှစ်မျိုးနှစ်စား ထင်ရှားပါသည် ဘုရား။

အထက်ပါ သဿတဒိဋ္ဌိအမှားအမှန်နှင့် ဥစ္ဆေဒဒိဋ္ဌိအမှားအမှန်တို့ကို ပိုမို ထင်ရှားစေရန် ဆရာတော်ဘုရားများအား သဘာဝယုတ္တိအားဖြင့် လျှောက် ထားရပါသော်—

သဿတဒိဋ္ဌိ အမှားအမှန် ယူဆပုံ

၁။ (က) ပတ်ဝန်းကျင်အကြောင်းတရားများမစုံညီလျှင် ရုပ်လို နာမ်လို ခေါ်သော သဘောတရားများ မဖြစ် မရှိသည်ကို ရုပ်နာမ်တို့ ကိုယ်တိုင်ဖြစ်သည် ရှိသည်ဟု ယူဆပါလျှင် သဿတဒိဋ္ဌိအမှား ဟု တင်ပြပါသည်ဘုရား။

(ခ) ပတ်ဝန်းကျင်အကြောင်းတရားများ စုံညီပါက ရုပ်နာမ်ဟု သမုတ်ခံရသောသဘောတရား အမှန်မုချဖြစ်ရှိနေသည်ကို ဖြစ် ရှိသည်ဟု ယူဆခြင်းသည် အမှန်သဿတဒိဋ္ဌိ(ဝါ)ယထာဘူတ ဉာဏ်ဖြစ်သည်ဟု ဆိုလိုပါသည်ဘုရား။

ဥစ္ဆေဒဒိဋ္ဌိ အမှား အမှန်ယူဆပုံ

၂။ (က) ပတ်ဝန်းကျင် အကြောင်းတရားများ စုံညီက ရုပ် နာမ်ဟု သမုတ်ခံရသော သဘောတရားများ ဖြစ်ရရှိရသည်ကို မဖြစ် မရှိဘူးဟု ယူဆပါက အမှားဥစ္ဆေဒဒိဋ္ဌိ ဖြစ်ပါသည်ဘုရား။

(ခ) ပတ်ဝန်းကျင်အကြောင်းတရားများ မပြည့်စုံပါက ရုပ် နာမ်ဟု သမုတ်ခံရသော သဘောတရားများ မဖြစ်ရ မရှိရခြင်းကို မဖြစ်မရှိပါဟု ယူဆပါက အမှန် ဥစ္ဆေဒဒိဋ္ဌိ (ဝါ) ယထာဘူတ ဉာဏ် ဖြစ်ပါသည်ဟု ဆိုလိုပါသည်ဘုရား။

အမှတ်( ၄ ) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

အထက်ဖော်ပြချက်များအရ အကျဉ်းချုပ် ဖော်ပြလိုသည်မှာ—

(၁) အမှားသဿတဒိဋ္ဌိအယူနှင့် အမှားဉစ္ဆေဒဒိဋ္ဌိအယူကို မိစ္ဆာဒိဋ္ဌိနယ်မှ ၂-မျိုးဟူ၍လည်းကောင်း၊

(၂) အမှန်သဿတဒိဋ္ဌိအယူနှင့် အမှန်ဉစ္ဆေဒဒိဋ္ဌိအယူကို သမ္မာဒိဋ္ဌိနယ်မှ ၂-မျိုးဟူ၍လည်းကောင်း၊

မိစ္ဆာဒိဋ္ဌိနယ် သမ္မာဒိဋ္ဌိနယ်ဟု နှစ်နယ်အားဖြင့် တင်ပြလျှောက်ထားပါသည်ဘုရား။

ဤကဲ့သို့ နယ်နှစ်နယ်အားဖြင့် မသိမမြင် ဉာဏ်မယှဉ်နိုင်ကြသော ပုဂ္ဂိုလ်တို့သည် သဿတဒိဋ္ဌိနှင့် ဉစ္ဆေဒဒိဋ္ဌိဟု တွေ့ရုံမျှနှင့် မိစ္ဆာဒိဋ္ဌိဟု မှားမှားယွင်းယွင်း ကြံစည်ယူဆတတ်ကြပါသည်ဘုရား၊ ဤကဲ့သို့ နှစ်မျိုးနှစ်စားအားဖြင့် တင်ပြလျှောက်ထားခဲ့သည့်အတိုင်း သိမြင်ပါမှသာလျှင် အမှန်ယူဆနိုင်မည်ဖြစ်ကြောင်း (ဝါ) ယထာဘူတဉာဏ် ရရှိကြမည်ဖြစ်ကြောင်း ယုံကြည်သက်ဝင်စွာ တင်ပြလျှောက်ထားရပါသည်ဘုရား။

အန္ဓော ကေစက္ခုံ စ၊ အာရကာ ပရိဝဇ္ဇယေ။
ဒွိစက္ခုံ ပန သေဝေထ၊ သေဋ္ဌံ ပုရိသပုဂ္ဂလံ။

(အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ်၊ ပုဂ္ဂလဝဂ်၊ အန္ဓသုတ် စာမျက်နှာ-၁၂၇ ဆဋ္ဌသံဂါယနာတင်မူ)

အဓိက အဓိပ္ပာယ်ကို ရွေးနုတ်လျှောက်ထားရပါသော်—

မြန်မာပြန်

ကန်းသောသူကိုလည်းကောင်း တဘက်အမြင်ရှိသော သူကိုလည်းကောင်း ဝေးစွာ ရှောင်ကြဉ်ရာ၏၊ နှစ်ဘက် အမြင်ရှိသော မြတ်သော ပုဂ္ဂိုလ်ကိုသာ မှီဝဲရာ၏—ဟူ၍ တိကအင်္ဂုတ္တိုရ် မြန်မာပြန် ပုဂ္ဂလဝဂ် အန္ဓသုတ် စာမျက်နှာ-၁၄၄-၁၄၅ တို့၌ တွေ့မြင်ရပါသည်ဘုရား။

နိုင်ငံတော်အမှတ် (၄) သီးခြား ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

နယ်လေးနယ်အားဖြင့် ထပ်မံတင်ပြလျှောက်ထားလိုပါသေးသည်ဘုရား။

## ပုံသဏ္ဌာန်နယ်က ရတနာသုံးပါးယူဆပုံ

အထက်ပါ သဿတဒိဋ္ဌိနှင့် ဉစ္ဆေဒဒိဋ္ဌိ အမှားအမှန်ယူဆပုံ ယူဆနည်းများကို တင်ပြလျှောက်ထားပြီးသည့်နောက် ထပ်မံ၍ ကျောက်ပုံတောရဆရာကြီး အမြဲ

ဆိုဆုံးမဟောပြောလေ့ရှိသော ဘုရား တရား သံဃာ ရတနာသုံးပါးကို နယ်လေးနယ်ထား၍ ယူဆပုံ အနည်းငယ်မျှ တင်ပြလျှောက်ထားလိုသည်မှာအောက်ပါ အတိုင်းဖြစ်ပါသည်ဘုရား။

## ပညတ်နယ်က ရတနာသုံးပါးယူဆပုံ

ပညတ်နယ်က ရတနာသုံးပါးယူဆပုံမှာ သဏ္ဍာန်ဒြပ်ကြီးကို မူတည်၍ ဤဟာကား ဂေါတမမြတ်စွာဘုရားဟုလည်းကောင်း အရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်စသည့် တပည့်သားတော်များကို သံဃာဟုလည်းကောင်း ၎င်းတို့အားလုံးဟောကြားသော တရားတော်များကို တရားတော်ဟုလည်းကောင်း ယူဆကြသည်ကို ပညတ်နယ်က ရတနာသုံးပါးယူဆပုံဟု ခေါ်ပါသည်ဘုရား။

## ပရမတ်နယ်က ရတနာသုံးပါးယူဆပုံ

ပရမတ်နယ်က ရတနာသုံးပါးယူဆပုံမှာ ဣတိပိ သောဘဂဝါ-စသောဂုဏ်တော်ကိုးပါးကို ဘုရားဟူ၍လည်းကောင်း သွာက္ခာတော ဘဂဝတာ ဓမ္မော စသောဂုဏ်တော်ခြောက်ပါးကို တရားဟူ၍လည်းကောင်း၊ သုပ္ပဋိပန္နော အစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံခြင်းကို သံဃာဟူ၍လည်းကောင်း ယူဆပြပါသည်ဘုရား။

## ဝိပဿနာနယ်က ရတနာသုံးပါးယူဆပုံ

ဝိပဿနာနယ်က ရတနာသုံးပါးယူဆပုံမှာ အထက်ပါ ပရမတ်နယ်က ဂုဏ်တော်ကိုးပါး ဂုဏ်တော်ခြောက်ပါး ဂုဏ်တော်ကိုးပါးတို့သည် မနောဝိညာဏ်၏ သတ်မှတ်ချက်သာဖြစ်သည်၊ ထိုသတ်မှတ်ပေးသော မနောဝိညာဏ်ကိုယ်တိုင် ဆုံးခန်းတိုင်အထိ ဝေဖန်ကြည့်က ၎င်းမနောဝိညာဏ်ကိုယ်တိုင် အနတ္တဖြစ်နေကြောင်းကို တွေ့ရှိရပါသည် ထိုအနတ္တသည် တရားအစစ်ဖြစ်ပါသည် ထိုအနတ္တအစစ်ကို သိသောအသိဉာဏ်သည် ဘုရားဖြစ်ပါသည် အနတ္တကို အမှန်သိသဖြင့် ထင်မှတ်မှုအတ္တကို ပယ်နိုင်ခြင်းသည် သံဃာဖြစ်ပါသည်ဟု ယူဆပြပါသည်။

## အရိယာနယ်က ရတနာသုံးပါးယူဆပုံ

အရိယာနယ်က ရတနာသုံးပါးယူဆပုံမှာ ဝိပဿနာနယ်မှ ယူဆထားသော အနတ္တကို အနတ္တဝဘ သင်္ခါရ အရ သင်္ခါရဒုက္ခခေါ် ဒုက္ခသစ္စာသည် တရားအစစ်ဖြစ်၍ ထိုဒုက္ခသစ္စာခေါ် တရားအစစ်ကို သိသောအသိဉာဏ်သည် ဘုရားဟူ၍လည်းကောင်း ထိုဒုက္ခသစ္စာကိုသိ၍ အတ္တသမုဒယသစ္စာကို ပယ်ပြီးဖြစ်ခြင်းသည် သံဃာဟူ၍လည်းကောင်း ယူဆပြထားပါသည်။

အမှတ် (၄) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ ဘုရား—

အထက်ပါ ရတနာသုံးပါးကို နယ်လေးနယ်နှင့် တင်ပြထားသည့်အထဲမှ သဿတဒိဋ္ဌိ အမှန်အမှားနှင့် ဥစ္ဆေဒဒိဋ္ဌိ အမှန်အမှားများကို ထပ်မံတင်ပြ လျှောက်ထားပါသည်ဘုရား။

(၁) ပညတ်နယ်တွင် ပုံသဏ္ဌာန်ကို ဘုရားဟု ယူဆထားပါသည် ဘုရား။

(၂) ပရမတ်နယ်တွင် ဂုဏ်တော်ကိုးပါးကို ဘုရားဟုယူဆထားပါသည်ဘုရား။

(၃) ဝိပဿနာနယ်တွင် အနတ္တအသိဉာဏ်ကိုသာလျှင် ဘုရားဟု ယူဆထား ပါသည်ဘုရား။

(၄)အရိယာနယ်တွင် ဒုက္ခသစ္စာသိသောဉာဏ်ကို ဘုရားဟု ယူဆထားပါ သည်ဘုရား။

ထို့ကြောင့်—

၁။ ပညတ်နယ်တွင် ပုံသဏ္ဌာန်ဘုရားရှိသည်ကို ရှိသည့်အတိုင်း ယူဆပါက အမှန်သဿတဒိဋ္ဌိဟုခေါ်ပါသည်။

ပညတ်နယ်တွင် ဂုဏ်တော်ကိုးပါး ဘုရားမရှိပဲနှင့် ရှိသည်ဟု ယူဆပါက အမှားသဿတဒိဋ္ဌိဟုခေါ်ပါသည်။

ပညတ်နယ်တွင် ဂုဏ်တော်ကိုးပါး ဘုရားမရှိသည်ကို မရှိသည့်အတိုင်း ယူဆပါက အမှန်ဥစ္ဆေဒဒိဋ္ဌိခေါ်ပါသည်။

ပညတ်နယ်တွင် ပုံသဏ္ဌာန်ဘုရားရှိသည်ကို မရှိဟု ယူဆပါက အမှား ဥစ္ဆေဒဒိဋ္ဌိခေါ်ပါသည်ဘုရား။

၂။ ပရမတ်နယ်တွင် ဂုဏ်တော်ကိုးပါး ဘုရားရှိသည်ကို ရှိသည့်အတိုင်းယူဆ ပါက အမှန်သဿတဒိဋ္ဌိခေါ်ပါသည်ဘုရား။

ပရမတ်နယ်တွင် အနတ္တဉာဏ် ဘုရားမရှိပဲနှင့် ရှိသည်ဟုယူဆပါက အမှား သဿတဒိဋ္ဌိခေါ်ပါသည်ဘုရား။

ပရမတ်နယ်တွင် အနတ္တဉာဏ်ဘုရားမရှိသည်ကို မရှိသည့်အတိုင်း ယူဆ ပါက အမှန်ဥစ္ဆေဒဒိဋ္ဌိခေါ်ပါသည်ဘုရား။

ပရမတ်နယ်တွင် ဂုဏ်တော်ကိုးပါး ဘုရားရှိသည်ကို မရှိဟုယူဆပါက အမှား ဥစ္ဆေဒဒိဋ္ဌိ ခေါ်ပါသည်ဘုရား။

ကျန်သော ဝိပဿနာနယ်နှင့် အရိယာနယ်များမှ ယူဆပုံများကိုလည်း အထက်ဖော်ပြပါ ပညတ်နယ် ပရမတ်နယ် ယူဆပုံနည်းအတိုင်း ယူဆပါသည် ဘုရား။

အထက်ဖော်ပြပါ အကြောင်းအချက်များအား ပိုမိုခိုင်မြဲစေရန် ဒေသနာ ယုတ္တိအားဖြင့် တင်ပြလျှောက်ထားလိုသည်မှာ—

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ မြန်မာပြန် ကင်္ခါဝိတရဏဝိသုဒ္ဓိနိဒ္ဒေသပိုင်း (စာမျက်နှာ ၂၇၁-၂၇၆-၂၇၇)တို့တွင်—

သတ္တသညံ ဂဟေတ္ဝာန၊ သဿတုစ္ဆေဒ ဒဿိနော။
ဒွါသဋ္ဌိဒိဋ္ဌိ ဂဏှန္တိ၊ အညမညံ ဝိရောဓိတာ။

မြန်မာပြန်

အကြင် တိတ္ထိတို့သည် ပရမတ္ထအားဖြင့် သတ္တဝါဖြစ်၏ ဟူသော အမှတ်သညာကိုယူကုန်၍ သဿတဒိဋ္ဌိအယူ ဥစ္ဆေဒဒိဋ္ဌိအယူ ရှိကုန်သည်ဖြစ်၍ (ဝါ) သဿတ ဥစ္ဆေဒအားဖြင့် ရှုကုန်သည်ဖြစ်ရုံ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာ အယူကို ယူကုန်၏၊ အချင်းချင်း အယူတို့ကို ဆန့်ကျင်စေကုန်သော(ဝါ) အယူ အားဖြင့် အချင်းချင်း ဆန့်ကျင်ကြကုန်သောဟူ၍ လာရှိပါသည်ဘုရား။

နိုင်ငံတော် အမှတ်(၄)သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်မြတ်များဘုရား—

စောဒနာလွှာ အမှတ်(၁၄)နှင့် ပတ်သက်၍ နိဂုံးချုပ်အနေနှင့် တပည့်တော် လျှောက်ထားပါရစေဘုရား။

စောဒနာလွှာတွင် ပါဝင်သော—

၁။ ရတနာသုံးပါးအပေါ် သဿတ ဥစ္ဆေဒဒိဋ္ဌိယူဆပုံ၊
၄။ သိက္ခာသုံးပါးအပေါ် သဿတ ဥစ္ဆေဒဒိဋ္ဌိ ယူဆပုံ
၅။ ခန္ဓာငါးပါးအပေါ် သဿတ ဥစ္ဆေဒဒိဋ္ဌိ ယူဆပုံ

၈။ ပဋိစ္စသမုပ္ပါဒ်တရားအပေါ် သဿတဥစ္ဆေဒဒိဋ္ဌိယူဆပုံ စသည်တို့ကို နမူနာ အဖြစ် တင်ပြလျှောက်ထားသည့် သဿတဒိဋ္ဌိ အမှားအမှန်နှင့် ဥစ္ဆေဒဒိဋ္ဌိအမှား အမှန်ယူဆပုံအတိုင်း ဝေဖန်ပိုင်းခြား၍ သုံးသပ်ခြင်းဖြင့် ဘုရားရှင်၏အလိုတော်ကျ ယူဆထားကြောင်း ပေါ်လွင်ထင်ရှားပြီး ဖြစ်ပါ၍ ဓမ္မဝါဒသာဖြစ်ကြောင်း ရှိသေစွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော် အမှတ်(၄) ဝိနည်းဓိုရ်အရှင်သူမြတ်တို့ဘုရား။

## သောဓနာအမှတ်(၁၅)ပါဘုရား

**အမှတ်(၄) နိုင်ငံတော်သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်ကြီးများဘုရား—**

စောဒကပုဂ္ဂိုလ်များ တင်ပြထားသော နေယျသင်တန်း စာမျက်နှာ(၁၇၈)တွင် ခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည် ယနေ့သို့ မလာမူ၍ မနေ့ကပင် ပျောက်ပျက်ကုန်ဆုံးလေသောကြောင့် အနိစ္စဟူ၍လည်းကောင်း ဆန့်တန်းသောအခါ၌ ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ကွေးသောအခါ၌ မပါလာမူ၍ ချုပ်ပျောက်ပျက်လေသောကြောင့် အနိစ္စဟူ၍လည်းကောင်း ပွားများဆင်ခြင်မှုသည် တရားဦးခေါင်းဆုံးသော ဝိပဿနာသမ္မာဒိဋ္ဌိ အစစ်အမှန်ဆုံး မဂ္ဂင်ကို မရနိုင်ပေ၊ အဝေး အနီးစသော သမ္မသနဉာဏ်အရာအားဖြင့် သုံးသပ်စူးစမ်းမှုမျှသာ ဖြစ်ချေသည်၊ ဝိပဿနာအစစ်ကြီးထင်၍ အဓိကထားပြီး ပွားများအားထုတ်အပ်သော အရာဌာနမဟုတ်ချေဟူ၍ဆိုထားပါသည်။ ဤအချက်ကို စောဒနာအရှင်များက မကျေနပ်၍ ရဟန်း- ရှင်- လူ သူတော်ဇင်များ ပွားများအားထုတ်နေသော ဝိပဿနာအလုပ်ကို ပိတ်ပင်သော စကားဖြစ်ပါသည်ဟူ၍ ထောက်ပြပါသည်ဘုရား။

ဘုရားတပည့်တော်၏ ကျောက်ပုံတောရ ဆရာကြီးသည် ရဟန်းရှင်လူတို့ တရားအားထုတ်သည်ကို အနှောင်အဖွဲ့ ပိတ်ပင်တားဆီးခြင်း မဟုတ်ပါဘုရား။ ပညတ်ရုပ်၊ ပညတ်နာမ်၊ပုံသဏ္ဌာန်ကို မဖျောက်မဖျက် မပျက်ပါပဲနှင့် ဝိပဿနာဉာဏ်အစ သမ္မသနကဟူ၍ ရှုမှတ်ပွားများကြလျှင် အကျိုးမများမည်ကို မြင်၍သာ ရေးသားခြင်းဖြစ်ပါသည်ဘုရား။

> သတ္တသညာ န ဥဂ္ဃါဒေတိ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနံ ဝါ
> အာနာပါနံ ဝါ န ဟောတိ။ (အဋ္ဌကထာအဖွင့်)

လို့ အမိန့်ရှိဖူးပါသည်ဘုရား။

**အနက်မှာ**

သတ္တသညာ၊ သတ္တဝါအမှတ်သညာကို (ဝါ) ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ အယူအဆကို၊ န ဥဂ္ဃါဒေတိ၊ မပယ်မဖျောက်နိုင်ပါပဲလျက်။ ကမ္မဋ္ဌာနံ ဝါ၊ကမ္မဋ္ဌာန်းတရားအားထုတ်ခြင်းကိုလည်းကောင်း။ သတိပဋ္ဌာနံ ဝါ၊ သတိပဋ္ဌာန်တရား အားထုတ်ခြင်းကိုလည်းကောင်း။ အာနာပါနံ ဝါ၊ ထွက်လေဝင်လေဟုဆိုအပ်သော အာနာပါနတရား အားထုတ်ခြင်းကို လည်းကောင်း။ န ဟောတိ၊ ဝိပဿနာပညာ မဖြစ်နိုင်ကြကုန်လို့ မိန့်ဖူးပါသည်ဘုရား။

စောဒနာဆရာတော်များ ကိုးကားထားသည့် ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တ သုတ္တန်တွင် –

အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ၊
အသံဟိရံ အသံကုပ္ပံ၊ တံ ဝိဒွါ မနုဗြူဟယေ။

မြန်မာပြန် -

သူတော်ကောင်းတို့ ကုန်လွန်ပြီးသော အတိတ်သင်္ခါရရုပ်နာမ် ဓမ္မသို့လည်း အစဉ်မလိုက်နှင့်၊ မရောက်လာသေးသော အနာဂတ်တရားကိုလည်း မတောင့်တနှင့်၊ ထိုထိုဖြစ်ဆဲခဏ၌ ဖြစ်ဆဲတရားကို မရွေ့မလျား မပျက်ပြားမီ ပညာရှိသောသူတို့သည် ဝိပဿနာရှုရာ၏။

ဤပါဠိအဋ္ဌကထာယ်အနက်သည် ကျောက်ပုံဆရာကြီး အမြဲဟောသောတရား ပါ ဘုရား။

အဋ္ဌကထာယ်ယူဆရာ၌ မတူကြသည့်အတွက် ပြဿနာထွက်လာတာပါဘုရား၊ အမှန်မှာတော့ ဖြစ်ပြီးသော ခန္ဓာရုပ်နာမ်နှင့် မဖြစ်ပေါ်သေးသော ခန္ဓာ ရုပ် နာမ်တို့ကို ဖယ်ထား၍ ပစ္စုပ္ပန်ဖြစ်ဆဲမှာပင် မပျောက်မပျက်မီ လက္ခဏာ အခြင်းအရာ တပါးပါးကို ထင်မြင်ရမှာပါဘုရား။

ပညတ်ပုံသဏ္ဌာန်ကိုဖယ်ထား၍ အကြောင်းအကျိုးနှင့်ဖြစ်သော ခန္ဓာ ရုပ် နာမ်သည်ပင်လျှင် ဖြစ်ဆဲ၌သာ အကြောင်းကို သိမ်းဆည်း၍ ဤသည်ကား နာမ်၊ ဤသည်ကား ရုပ်ဟူ၍ ပြစရာမရှိအောင် အစအနမကျန်မှ ခယ ဝယ မှန်၍ သမ္မသနဉာဏ်ဖြစ်ရမှာပါဘုရား။

ဤသို့အထိ ပညာနှင့်သိ၍ ပညာရှိတို့ ဝိပဿနာဉာဏ်အစဉ်အတိုင်း သိမြင်ကြစေရန် (ဒသဗလ ဝိပဿနာ ဉာဏေဟိ) သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒာဉာဏ်၊ မုဉ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ အနုလောမဉာဏ်တည်းဟူသောဝိပဿနာ ဉာဏ်(၁၀)ပါးကို အစဉ်အတိုင်း ပြပါသည်ဘုရား။

ဤသည်ကို ထောက်ထား၍ စောဒကဆရာတော်များ စွဲမှားသလို လွဲမှားခြင်းမရှိပါဘုရား၊ သို့ဖြစ်ပါသောကြောင့် ဓမ္မဝါဒသာဖြစ်ပါကြောင်း သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများအား လျှောက်ထားအပ်ပါသည်ဘုရား။

## သောခနောအမှတ်(၁၆)ပါဘုရား

အန္တပုသုဇဥ်နယ်က ပဒပရမပုဂ္ဂိုလ်များအတွက် ဘုရားပွင့်လာခြင်း မဟုတ်ကြောင်း ရေးသားဟောပြောခြင်းကို စောဒကဆရာတော်များ တင်ပြချက်အား သောခနောပြုလိုပါသည်ဘုရား။

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်အရှင်သူမြတ်များ ဘုရား—

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ အဋ ရှိသော ဗဟုဇနဟိတာယ၊ ဗဟုဇနသုခါယ၊ ဗဟုဇနအနုကမ္ပာယ များစွာသော သူတို့၏ အကျိုးစီးပွားအလို့ငှာ ချမ်းသာရာရစေခြင်းငှာ အစဉ်သနားတော်မူ၍ ဘုရားပွင့်လာသည်မှာ မှန်ပါသည်ဘုရား။

စောဒကဆရာတော်များက ကျောက်ပုံဆရာကြီးနှင့်တကွ တပည့်တော်များကို အထက်ပါ ဖော်ပြပြီး အချက်အလက်တွေ၌ မသိလို့ ထင်သလိုလုပ်နေဟန် ပါဠိကျမ်းကိုး အမျိုးမျိုးနှင့် ထောက်ပြထားပါသည်ဘုရား။

အထက်ပါ ဖော်ပြပြီး အချက်တွေကို သဘောပေါက်ပြီး အမှန်ဖြစ်ပါသည်ဘုရား၊ အန္တပုထုဇဥ်နယ်က ပဒပရမပုဂ္ဂိုလ်များအတွက် ဘုရားပွင့်လာခြင်းမဟုတ်ဟု ရေးသားဟောပြောခြင်းမှာ မဂ်ဖိုလ်နိဗ္ဗာန်အတွက် ရေးသား ဟောပြောခြင်းရှုထောင့်ကကြည့်လျှင် ပဒပရမပုဂ္ဂိုလ်များအတွက် ဘုရားပွင့်ခြင်းမဟုတ်သည်မှာ မှန်လှပါသည်ဘုရား။

ဘုရားရှင်များ ပွင့်ထွန်းပေါ်ပေါက်လာတိုင်း ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊တိဏ္ဏော တာရေယျံ၊ ငါဘုရားသစ္စာလေးပါး သိသလိုသိစေရမယ်၊ ငါအစွဲ ဥပါဒါန်လွတ်သလို အားလုံးလွတ်စေရမယ်၊ ငါအမှန်ဘက်သို့ ကူးမြောက်သလို အားလုံးကူးမြောက်စေရမယ်ဟု ထားအပ်သော စေတနာသည် ဘုရားရှင်များဘက်က စေတနာပါဘုရား။

ဘုရားရှင် သာသနာတော်၌ ကြုံတွေ့ကြရသူများသည် ကံအကောင်းဆုံးသူနှင့် ကံအဆိုးဆုံးသူတွေပါဘုရား၊ ဘုရားဟောသည့်အတိုင်း....

(၁) ကောင်းစွာကျင့်
(၂) ဖြောင့်ဖြောင့်ကျင့်
(၃) နိဗ္ဗာန်အလို့ငှာကျင့်
(၄) ရိုရိုသေသေကျင့်ကြလို့ သိရပါသည်ဘုရား။

အထက်ပါအတိုင်း ကျင့်ကြံကြသဖြင့် အရိယာအဆင့်ဆင့် ဖြစ်ကြသလို မကောင်းသောအကျင့်၊ ကောက်ကျစ်သောအကျင့်၊ ကိလေသာပွားများသော

အကျင့်၊ မရှိသေ မလေးစားသော အကျင့်တို့ကြောင့် အဆင့်ဆင့်သော အပါယ်ငရဲသို့ ကျရောက်သူများ ရေတွက်လို့ မရနိုင်လောက်အောင် များပြားလှသည် ဘုရား။

အနီးကပ်ဆုံး ဥပမာဆောင်ပြရသော် ဒေဝဒတ် အဇာတသတ် တို့ကို ထောက်၍ သိနိုင်လောက်ပါသည် ဘုရား။

ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊ ဝိပဉ္စိတညူပုဂ္ဂိုလ်၊ နေယျပုဂ္ဂိုလ်၊ ပဒပရမပုဂ္ဂိုလ် (၄) မျိုးတို့တွင် (၃)မျိုးသော ပုဂ္ဂိုလ်များအတွက်သာ ဓမ္မရသ၊ ဝိမုတ္တိရသကို ခံစားခွင့် ရှိကြပါသည် ဘုရား။

ပဒပရမပုဂ္ဂိုလ်သည် ယခုဘဝ ပစ္စက္ခအတွက် မဂ်ဖိုလ်ရရန် မရှိရိုးကေန်မှန်နေပါ၍ အနုပုဗ္ဗဋီကာနယ်က ပဒပရမ ပုဂ္ဂိုလ်များအတွက် ဘုရားပွင့်ခြင်းမဟုတ်ဟု အကျဉ်းချုပ် တင်ပြရပါသည်။

သို့ဖြစ်၍ တပည့်တော်များသည် အဓမ္မဝါဒ၊ အဓမ္မဝါဒီများ မဟုတ်ကြပါကြောင်း ရိုသေလေးစားစွာဖြင့် လျှောက်ထားတင်ပြရပါသည် အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်များတို့ ဘုရား။

---

## သောဓနာ အမှတ် (၁၇)

အမှတ် (၁၇) စောဒနာလွှာကို သောဓနာပြုချက်ပါဘုရား။

ကျောက်ပုံ ဆရာကြီး၏ နေယျသင်တန်း စာမျက်နှာ (၁၈၁) ပါ တဖွားဖွားနှင့် အစဉ်မပြတ် ဖြစ်ပျက်နေသည့် ရုပ်နာမ်များကို ဝိပဿနာ မရှုရဟု ရေးသားထားချက်အပေါ် စောဒနာပြုခြင်းကို သောဓနာပြုချက်ပါဘုရား။

နိုင်ငံတော် အမှတ် (၄) ဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား–

ကျောက်ပုံတောရ ဆရာကြီးသည် အောက်ဖော်ပြပါ ဝိသုဒ္ဓိမဂ်ပဋိပဒါဉာဏဒဿနအဖွင့်စာမျက်နှာ (၃၉၉) အရ ရုပ်တဖွားဖွား နာမ်တဖွားဖွားကို လက္ခဏာတင်၍ ဝိပဿနာ မရှုသင့်ကြောင်း ရေးသားထားခြင်းဖြစ်ပါသည်၊ ပါဠိဘာသာအားဖြင့် အာဂမထုတ်ဆောင်၍ ပြရပါသော်–

> လက္ခဏာနိ ပန ကိဿ အမနသိကာရာ ကေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌန္တိ အနိစ္စလက္ခဏံ တာဝ ဥဒယဗ္ဗယာနံ အမနသိကာရာ သန္တတိယာ ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ ဒုက္ခလက္ခဏံ အဘိဏှံ သမ္ပဋိပီဠနဿ အမနသိကာရာ ဣရိယာပထေဟိ အပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ အနတ္တလက္ခဏံ

နာနာဓာတု ဝိနိဗ္ဘောဂဿ အမနသိကာရာ ဃနေန ပဋိစ္ဆန္နတ္တာ န ဥပဋ္ဌာတိ။ ဥဒယဗ္ဗယာနံ ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ။ အနိစ္စလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ၊ အဘိဏှံသမ္ပဋိပီဠနံ မနသိကတွာ ဣရိယာပထေ ဥဂ္ဃါဋိတေ ဒုက္ခလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ နာနာဓာတုယော ဝိနိဗ္ဘုဇိတွာ ဃနဝိနိဗ္ဘောဂေ ကတေ အနတ္တလက္ခဏံ ယာထာဝသရသတော ဥပဋ္ဌာတိ။

## မြန်မာပြန်

ထိုမှတပါး လက္ခဏာတို့သည် အဘယ်တရားကို နှလုံးမသွင်းခြင်းကြောင့် အဘယ်တရားသည် ဖုံးကွယ်အပ်သည်၏ အဖြစ်ကြောင့် မထင်ကုန်သနည်း၊ ရှေးဦးစွာ အနိစ္စလက္ခဏာသည် ဖြစ်ခြင်း ပျက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် သန္တတိ အစဉ်သည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် ကြည်ကြည်လင်လင် ကောင်းစွာ မထင်နိုင်၊ ဒုက္ခလက္ခဏာသည် အဖန်တလဲလဲ မပြတ်မလပ် နှိပ်စက်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် ဣရိယာပုထ်တို့သည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် ကောင်းစွာ မထင်နိုင်၊ အနတ္တလက္ခဏာသည် ပထဝီ၊ အာပေါ စသော အထူးထူးသော သဘာဝဓမ္မတို့ကို အသီးသီးခွဲခြား ဝေဖန်ခြင်းကို နှလုံးမသွင်းခြင်းကြောင့် အစိုင်အခဲဟူသော ဃနသည် ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့် ကောင်းစွာ မထင်နိုင်။

ကောင်းစွာထင်နိုင်ပုံကို ဆိုအံ့၊ ဖြစ်ခြင်းပျက်ခြင်းကို သိမ်းဆည်း၍ သန္တတိ အစဉ်ကို ဖျက်ဆီးအပ်သည်ရှိသော် အနိစ္စလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်သော သဘောအားဖြင့် သန့်ရှင်းကြည်လင် ကောင်းစွာထင်၏၊ အကြင်အကြင် သိမ်းဆည်းအပ်သော ဥဒယဗ္ဗယဉာဏ်၏ အစွမ်းဖြင့် သင်္ခါရတို့၏ မပြတ်မလပ် အဖန်တလဲလဲ နှိပ်စက်အပ် ညှဉ်းဆဲအပ်သည်၏ အဖြစ်ကို နှလုံးသွင်း၍ ဣရိယာပုထ်၌ ရသင့်ရထိုက်သော ဒုက္ခကိုဖုံးလွှမ်းတတ်သည်၏အဖြစ်ကိုခွာအပ်သည်ရှိသော် ဒုက္ခလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်တိုင်းသော သဘောအားဖြင့် ကောင်းစွာထင်၏။

ပထဝီ အာပေါစသော အထူးထူးသောဓာတ်တို့ကို (ဝါ) ဖဿ ဝေဒနာ စသော အထူးထူးသော သဘာဝဓမ္မတို့ကို အညာ ပထဝီဓာတု အညာ အာပေါဓာတု ပထဝီဓာတ်သည် အာပေါဓာတ်မဟုတ်၊ တခြားတပါးတည်း အာပေါဓာတ်သည် ပထဝီမဟုတ် တေဇောမဟုတ် တခြားတပါးတည်း ဤသို့ စသည်ဖြင့် လည်းကောင်း "အညော ဖဿော အညာ ဝေဒနာ၊ ဖဿ သည် ဝေဒနာ မဟုတ်၊ တခြားတပါးတည်း၊ ဝေဒနာသည် ဖဿ မဟုတ်၊ တခြားတပါးတည်း

ဤသို့စသည်ဖြင့် လည်းကောင်း၊ အသီးသီးခွဲခြမ်းဝေဖန်ခြင်းကို ပြု၍ သမ္မုဟာဃန ကိစ္စဃန၊ အာရမ္မဏဃနကို ခွဲခြမ်းဝေဖန်ခြင်းကို ပြုသည်ရှိသော် အနတ္တလက္ခဏာသည် မဖောက်မပြန် ဟုတ်မှန်တိုင်းသော သဘောအားဖြင့် သန့်ရှင်းကြည်လင် ကောင်းစွာထင်၏။

အထက်ပါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စကားတို့ကို ပေါ်လွင်ထင်ရှားအောင် ကမ္မဋ္ဌာနဝိပဿနာမဂ္ဂဇင်း အတွဲ (၅) စာမျက်နှာ (၂၉) မှ (၃၂) အထိ၊ အမေးအဖြေနှင့်တကွ ဖော်ပြထားသည်ကို ဝေဖန်သုံးသပ် ဆင်ခြင်တော်မူနိုင်ကြရန် တင်ပြလျှောက်ထားအပ်ပါသည် အရှင်သူမြတ်တို့ ဘုရား။

ထိုဝိသုဒ္ဓိမဂ် အဋ္ဌကထာစကားကို ထောက်ထား၍ ရုပ်တဖွားဖွား နာမ်တဖွားဖွားကို ဝိပဿနာ မရှုသင့်ကြောင်းနှင့် ရုပ်တလုံးနာမ်တလုံးတို့ အပေါ်၌ ဖြစ်ပုံကဘယ်လိုဖြစ်၊ ပျက်ပုံက ဘယ်နည်းဟု ဝေဖန်မှု ပြုတတ်မှ လက္ခဏာအစစ် အမှန်ကို သိမြင်သော ဝိပဿနာဉာဏ်အစစ် ဖြစ်မည်ဟု ကမ္ဘာပေါ်ရှိ လူ·ရှင် ရဟန်း ပညာရှိများထံ တင်ပြထားခြင်း ဖြစ်ပါသည်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော အဆုံးသတ်ဉာဏ်ကြီးများကို ရနိုင် ရောက်နိုင်ကြစေရန် ရည်သန်စိတ်ရင်း နှလုံးသွင်းဖြင့် ရေးသားထားခြင်း ဖြစ်ပါသည်၊ တနည်းအားဖြင့်ဆိုရသော် နေ့ချုပုဂ္ဂိုလ် ဘို၏ ပုဂ္ဂလဇ္ဈာသယအားလျော်စွာ ရေးသား ဆုံးမထားခြင်းဖြစ်ပါသည် ဘုရား။

နိုင်ငံတော် အမှတ် (၄)သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား–

စောဒက ဆရာတော်များ တင်ပြထားသော ဝိသုဒ္ဓိမဂ် ဒုတိယတွဲ စာမျက်နှာ (၂၄၅)၌ မိန့်ဆိုထားသည့် ပါဠိ၏ အဓိပ္ပာယ်မှာလည်း ရုပ်ဘုရား၏ သိဘာဉာဏ် (၂) ပါးကြောင့် ဖောက်ပြန်တတ်သော သဘော၊ နာမ်တရား၏ အာရုံကို ညွတ်တတ် သိတတ်သည့်သဘောကို အကျဉ်းအားဖြင့် သိမြင်ခြင်း ပိုင်းခြား၍ သိမြင်ခြင်းကို ဖော်ပြထားခြင်း ဖြစ်ပါသည်။

၎င်းအပြင် ဝိသုဒ္ဓိမဂ် ဒုတိယတွဲ စာမျက်နှာ(၂၂၂) အရ တင်ပြထားသော (နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ) ဆိုသည့် စကားမှာ နာမ်ရုပ်တို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းသည် ဒိဋ္ဌိဝိသုဒ္ဓိမဂ်မည်၏ဟု ဆိုထား၏၊ ထိုစကားရပ်တွင် ဟုတ်တိုင်းမှန်စွာ သိမြင်ခြင်းဆိုရာ၌ ဘယ်လိုသိမြင်ရမည်ကို ဝေဖန်ကြည့်ရာ လက္ခဏ ရသ ပစ္စုပဋ္ဌာန ပဒဋ္ဌာနဝသေန နာမရူပပရိဂ္ဂဟော ဒိဋ္ဌိ-ဝိသုဒ္ဓိနာမ ဆိုသော ဝိသုဒ္ဓိမဂ်စကားအရ နာမ်ရုပ်တို့ကို လက္ခဏ ရသ ပစ္စု·ပဋ္ဌာန် ပဒဋ္ဌာန် ဟူသော ဋ္ဌာန်လေးပါးဖြင့် ပိုင်းခြားသိမြင်ခြင်းကို ယာထာဝ-ဒဿန လို့ဆိုလိုပါသည်၊ ရုပ်တဖွားဖွား နာမ်တဖွားဖွားအားဖြင့် သိမြင်ခြင်းကို ယာထာဝဒဿန ဟု မဆိုလိုပါ ဘုရား။

ထိုမှတပါး စောဒကဆရာတော်များ ကိုးကားညွှန်ပြထားသော ဝိသုဒ္ဓိမဂ် ဒုတိယတွဲ စာမျက်နှာ (၂၆၃) ပါဠိစကား မှာလည်း နာမ်ရုပ်တရားတို့၏သူ့ အကြောင်းနှင့်သူ အကျိုးအနေဖြင့် ဖြစ်ရှိနေကြသည်ကို နည်းအမျိုးမျိုးဖြင့် သိမ်းဆည်းတတ်ခြင်းကြောင့် ကာလသုံးပါး၌ ယုံမှားခြင်းကင်းလျက် တည်ရှိသောဉာဏ်ကို ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်၏ဟု ဆိုထားသည့်အတွက် ရုပ်တဖွားဖွား နာမ်တဖွားဖွားကို ရှုမှတ်ခြင်း မဟုတ်ပဲ ရုပ်တရား နာမ်တရားတို့ အပေါ်၌ အကြောင်း အကျိုးတို့ကို သိမ်းဆည်း သိမြင်သော (ဝါ) ပိုင်းခြားသိမြင်သော ဉာဏ်ကိုပင် ယုံမှားခြင်းကို လွန်မြောက်သည့်အတွက် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်၏ဟု ဆိုလိုခြင်းဖြစ်ကြောင်းဟု ယူဆပါသည် ဘုရား။

နိုင်ငံတော် အမှတ် (၄) သီးခြားဝိနည်းမှုခိုရ် အရှင်သူမြတ်တို့ ဘုရား——

ရုပ်တဖွားဖွား နာမ်တဖွားဖွားခေါ် သန္တတိအစဉ် ဖြစ်ပျက်တရားတို့ကို သာဝကများ ဝိပဿနာ မရှုထိုက်ကြောင်း ဘုရားရှင်ကြီးများ၏ အရာသာ ဖြစ်ကြောင်းကို အောက်ပါကျမ်းဂန် ဒေသနာအရ လျှောက်ထားအပ်ပါသည် ဘုရား။

"ခဏတ္တယဘင်္ဂေ ါ အတိလဟုကော ဗုဒ္ဓါနံယေဝ ဝိသယော သာဝကာနံ န ဝိသယော"

ဟု ဋီကာဆရာတို့ မိန့်ဆိုထားသည်ကို တွေ့ရပါသည်ဘုရား။

မြန်မာပြန်

ခဏတ္တယ ဘင်္ဂေါ၊ ခဏငယ်သုံးချက်ဖြင့် ဖြစ်ပျက်နေသော ရုပ်နာမ်တရားသည်၊ အတိလဟုကော၊ အလွန်လျင်မြန်၏၊ ဗုဒ္ဓါနံယေဝ၊ ဘုရားရှင်ကြီးများတို့၏ သာလျှင်။ ဝိသယော၊ အရာဖြစ်၏။ သာဝကာနံ၊ တပည့်သာဝကတို့၏။ ဝိသ-ယော၊ အရာသည်၊ န၊ မဟုတ်ဟူ၍ဖြစ်ပါသည် ဘုရား။

နိုင်ငံတော် သီးခြားဝိနည်းမှုခိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား–

မဂ်ဖိုလ် နိဗ္ဗာန်အတွက် ပဋိပတ္တိသာသနာတော်ကြီးကို ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူကြသည့် လူ ရှင်ရဟန်းတို့သည် ပဋိပတ္တိ သာသနာတော် ကြီး၏ အခြေခံဖြစ်သော (ပရိယတ္တိသာသနာတည်းဟူသော) နာမရူပ ပရိစ္ဆေ-ဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် (၂)ပါးကို အခြေခံလျက် အားထုတ်ကြရသည် ချည်းပင် ဖြစ်ပါသည်၊ ထိုဉာဏ် (၂) ပါး မပါဝင်သော ပဋိပတ္တိအလုပ်သည် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင် မရောက်နိုင်ကြပါဘုရား။

သို့ရာတွင် ထိုဉာဏ် (၂)ပါးအပေါ် ယူဆကြရာ၌ ယူဆပုံယူဆနည်းတို့သည် အားလုံးတူညီကြမည်ဟု မယူဆပါဘုရား။အဘယ်ကြောင့်ဆိုသော် ဗုဒ္ဓဘာသိတ နှင့် သာဝကဘာသိတခေါ် ဒေသနာကျမ်းဂန်တို့မှာလည်း ပါဠိဘာသာ များ နှင့်သာ တွေ့ရှိနေကြရသောကြောင့် ဖြစ်ပါသည်ဘုရား။

ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါတုန်းကလည်း ဤကဲ့သို့အယူ သီလမတူညီကြသည်ကို စာပေများအရ တွေ့ကြရပါသည်ဘုရား။ သာသနာ တော်ကြီးအတွက် ပျက်စီးရာပျက်စီးကြောင်း အန္တရာယ်ဖြစ်ကြောင်း မဟုတ် ရန်သာ အရေးကြီးလှပါသည်။ ယခုအခါတွင်လည်း ဂိုဏ်းဂဏအသီးသီး အဖွဲ့ အသီးသီးတို့သည် ကိုယ့်နည်းကိုယ့်ဟန်များဖြင့် စာအုပ်စာတမ်းများ ရေးသား ခြင်း ဟောပြောခြင်းများကို ပြုလုပ်အားထုတ်နေကြသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေကြရပါသည်ဘုရား။

သို့အတွက် ကျောက်ပုံတောရဆရာကြီးသည် မိမိ၏အယူအဆများကိုမဟာ- ပဒေသ(၄)ပါးနှင့် ကိုက်ညီလျက် (ကြီးခေါ်၊ ငယ်ပင့်၊ ပိုနုတ်၊ လိုစွက်၊မှားပြင်၊ မှန်လျှင်လိုက်နာ)ဟူသော ကတိဝန်ခံချက်တို့ဖြင့် မှန်ကန်တိကျသော ပဋိပတ္တိ သာသနာတော်ကြီး စည်ပင်ပြန့်ပွား ထွန်းကားရန်အတွက် ရေးသားခြင်း၊ဟော ပြောခြင်း၊ သင်တန်းပေးခြင်းများကို ပြုလုပ်ခြင်း ဖြစ်ပါသည်။ စေတနာဆိုး ဖြင့် ဟောပြောခြင်း၊ ရေးသားခြင်း မဟုတ်ကြောင်း ထင်ရှားပြီး ဖြစ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

သို့ဖြစ်ပါ၍ ယခုတင်ပြလျှောက်ထားချက်များကို စိစစ်ဝေဖန် သုံးသပ်ကာ ကျောက်ပုံဝါဒသည် ဓမ္မဝါဒသာဖြစ်ကြောင်း ရှိသေစွာလျှောက်ထားသောဓနော ပြုအပ်ပါသည် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

---

## သောဓနာအမှတ် (၁၈) ပါဘုရား။

အမှတ် (၄) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်အရှင်သူမြတ်တို့ဘုရား— အမှတ် (၁၈)စောဒနာလွှာကို အောက်ပါအတိုင်း သောဓနာပြုပါသည်ဘုရား။

နာမရူပပရိစ္ဆေဒဉာဏ်ရအောင် ဝိပဿနာရှုပွားသူများအား ပွားများအား ထုတ်သော ဆန္ဒကင်းသွားအောင် ကျောက်ပုံဆရာကြီး၏ ရေးသားဟောပြော ခြင်းနှင့်ပတ်သက်သော စောဒနာလွှာကို သောဓနာပြုချက်ပါဘုရား။

နိုင်ငံတော်အမှတ်(၄) သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

အမှတ် (၁၈)ဖြင့် စောဒကဆရာတော်များ စောဒနာချက်ကို စိစစ်ကြည့်ရာ သိတတ်တာကနာမ်၊ မသိတတ်တာကရုပ်၊ ညွတ်တာကနာမ်၊ ဖောက်ပြန်တာက

ရုပ်၊ ရှုတတ်သည့်သဘောကနာမ်၊ အရှုခံရသည့်ကရုပ် စသည်ဖြင့် နေယျသင် တန်းစာမျက်နှာ (၆၅)တွင် ဖော်ပြထားခြင်းကို ယထာဘူတဉာဏ်ဖြင့် ခွဲ၍ ကြည့်ပါလျှင် ရုပ်မှုန့်ကလေးတွေတဖွားဖွား ဖြစ်ပျက်နေသည့် ကရဇကာယခေါ် ရုပ်နှင့် ၎င်းကိုမှီ၍ဖြစ်ရှိနေသော ထွက်သက်ဝင်သက်ခေါ် နာမ်တရားများကို ပညတ်နှင့်ပရမတ်ပင် မကွဲမပြား တသားတည်းထားလျက် ဝိပဿနာရှုမှုရမည်ဟု မှတ်ယူထားကြသူများကို ပညတ်နှင့်ပရမတ်ကွဲစေရန်နှင့် ပရမတ်နာမ်ရုပ်အပေါ် နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် အသိမှန် အမြင်မှန်ရကြစေရန်အပြင် ဝိပဿနာဉာဏ်နှင့် အထက်ဉာဏ်များကို ရရှိစေရန် ရည်ရွယ်ရိုး အမှန်ဖြစ်ကြောင်း တွေ့ရှိရပါသည်ဘုရား။

ဤသို့မဟုတ်ပါပဲနှင့် စောဒကဆရာတော်များ ယူဆ စွဲဆိုတင်ပြထားသည်မှာ အကျဉ်းသခေ်ပအားဖြင့် နာမ်နှင့်ရုပ်တို့ကို ပိုင်းခြား ရှုမှတ်ရမည်ဟု ဝိသုဒ္ဓိမဂ်၊ ပဋိသမ္ဘိဒါမဂ်တို့၌လာသည်ဟုရောပြွမ်း၍စွဲဆိုထားသည့်အပြင် ဒီဃနိကာယ် မဟာဝဂ္ဂ မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာ စာမျက်နှာ (၃၅၅)၌ ပါရှိသော ပါဠိနှင့် နိဿယကိုပါ ထပ်မံဖော်ပြထားပါသည်ဘုရား။

ထိုဖော်ပြထားသည့် မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာကို သဘောအနက် ပေါ်ထွက်အောင် ဝိဘဇ္ဇလုပ်၍ ရုပ်နာမ်ယူဆပုံကို ရှေးဦးစွာ တင်ပြလျှောက် ထားလိုပါသည်ဘုရား။

ရုပ်နာမ်ဟုဆိုတိုင်း ဝိပဿနာနှင့်သက်ဆိုင်သည်မဟုတ်ပါ၊ ပညတ်ရုပ်နာမ်သည် ခေါ်ဝေါ်ရုံမျှဖြစ်၍ ပရမတ်ရုပ်နာမ်သည်သာ ဝိပဿနာနှင့်သက်ဆိုင်ပါသည် ဘုရား။

ပညတ် ရုပ်နာမ်ကိုသာ ဝိပဿနာနှင့် သက်ဆိုင်သည်ဟု ယူဆလျက် နာမ-ရူပ ပရိစ္ဆေဒဉာဏ် ဖြစ်စေအောင် ပွားများအားထုတ်ခဲ့သော် ပညတ်မလွတ် သဖြင့် (ဝါ)ပရမတ်သို့ မဆိုက်ရောက်သဖြင့် နာမရူပပရိစ္ဆေဒဉာဏ် ပေါ်နိုင် မည်မဟုတ်ပါ၊ထိုဉာဏ်မပေါ်ပါက ပစ္စယပရိဂ္ဂဟဉာဏ်လည်း မပေါ်နိုင်ပါ၊ပစ္စယ-ပရိဂ္ဂဟဉာဏ်မပေါ်ပါလျှင် ဝိပဿနာဉာဏ် (၁၀)ပါးဖြစ်သော သမ္မသနဉာဏ်မှ စ၍ အနုလောမဉာဏ်တို့သည် အဘယ်မှာ ဖြစ်ပေါ်နိုင်ပါဦးမည်နည်းဟုယုံကြည် ပါသည်ဘုရား။

ထို့ကြောင့် ဝိပဿနာဉာဏ်နှင့် သက်ဆိုင်သော ပရမတ် ရုပ်နာမ်တို့ကို သညာ သိ၊ ဝိညာဉ်သိ၊ ပညာသိဟု ခေါ်ဆိုရသော အသိဉာဏ်သုံးမျိုးဖြင့် ယူဆရပါ သောကြောင့် ယူဆပုံကို ဖော်ပြအပ်ပါသည်ဘုရား။

နိုင်ငံတော်အမှတ်(၄)သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်များဘုရား-

(၁) ရုပ်နာမ်ဟူသမျှ မမြဲပါ၊ ဆင်းရဲ၏၊ အစိုးမရဟု ယှဉ်ဆပါလျှင် သညာသိ ဝိပဿနာပင် ဖြစ်ပါသည်။

(၂) ရုပ်ပါ နာမ်ပါဟု သမုတ်ခံရသည့် သဘောကလေး သက်သက် ခေါ် ဓာတ်သဘာဝသည် မမြဲပါ၊ ပျက်စီးတယ်၊ ထို့ကြောင့် အနိစ္စ၊ ဆင်းရဲ၍ဒုက္ခ၊ အစိုးမရ၍ အနတ္တဟု ဆင်ခြင်ခြင်းကို ဝိညာဉ်သိ ဝိပဿနာပင်ဖြစ်ပါသည်။

(၃) ရုပ်နာမ်ဆိုသည်မှာ ဝိဇ္ဇမာနပညတ်ဖြစ်၍ ရုပ်နာမ်ဟု သမုတ်ခံရသော ကြောင်းကျိုးခေါ် သဘောကလေး သက်သက်သည်သာ လျှင် ပရမတ်သဘာဝ ဖြစ်ပါပေ၏။ ထိုပရမတ် သဘောကလေး ကို အတ္တ၊ အနတ္တ၊ ခွဲခြားသိစေနိုင်သော လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တည်းဟူသော ဌာန်လေးပါးနှင့် ဖောက်ခွဲ၍ ကြည့်တတ်၊ မြင်တတ်၊ သိတတ်ပါမှ ပညာသိဟု ခေါ်ဆိုအပ်ပါ သည်ဘုရား။

အကျဉ်းအားဖြင့် လျှောက်ထားရပါသော် အဘိဓမ္မာနယ်က ရုပ်(၂၈) နာမ်(၅၃)ဟု အသမုတ်ခံရသည့် သဘောတရား အသီးသီးတို့သည် နာမ်ရုပ် တို့သာ ဖြစ်ကုန်၏။ (ဝါ) ခန္ဓာငါးပါးတို့သာ ဖြစ်ကုန်၏။ ဤတရားအပေါ် အခြေခံ၍ လက္ခဏာမှန် သစ္စာဉာဏ်ကို ရရှိရန် ကြိုးစားပွားများ အားထုတ် ကြရမည်မှာ မုချကေန်ဖြစ်ပါသည်ဘုရား။

အထက်ပါ အကြောင်းပြချက်များကို ထောက်ထားလျက် နာမရူပပရိစ္ဆေဒ ဉာဏ် အမှန်ကို ရရှိနိုင်ကြရန် သူပြော ငါပြော ပညတ်ရုပ်နာမ်ကို ပိုင်းခြားခြင်း သိခြင်းမျိုးမဟုတ်ပါပဲလျက် ယဿာဘူတကျကျ လက္ခဏာ ရသ၊ ပစ္စုပဋ္ဌာန်၊ ပဒဋ္ဌာန်တည်းဟူသော ဌာန်(၄)ပါးနှင့် ဖောက်ခွဲ၍သိရသော ပညာသိ၊ ဉာဏ်သိဖြစ်ကြစေရန် ရည်သန်လျက် ဝေါ့ဝေါ့တန်တန် မပြုကြစေမူ၍ စေတနာအပြည့်နှင့် နှိုးဆော်သတိပေးသည့် စာများသာဖြစ်ပါသည်ဘုရား။

နိုင်ငံတော် အမှတ်(၄) သီးခြားဝိနည်းဓိုရ် ဆရာတော်မြတ်များဘုရား—

နိဂုံးချုပ်၍ လျှောက်ထားပါရစေဘုရား။ "အစကောင်းမှ အနှောင်းသေ ချာ"ဟူသော ပညာရှိကြီးများ၏ နှိုးဆော်တိုက်တွန်းသော စကားကဲ့သို့ပင် ယခုလည်း ဝိပဿနာဉာဏ်ထူး ဉာဏ်မြတ်ဖြစ်ပေါ်ဖို့ရာ ပထမဦးဆုံး အခြေခံပြု ရသည့် နာမရူပပရိစ္ဆေဒဉာဏ်ကြီးအပေါ် အဘင်မသေး လေးစားလိုက်နာ ကြရန် အထူးအကြံပြုတင်ပြလျက် ကျောက်ပုံဆရာကြီးသည် စောဒကဆရာ

တော်များ တင်ပြထားသည့် ရုပ်နာမ်ကိုရှုသဖြင့် အထက်ဉာဏ်မရနိုင် ဆိုသော စကားမှာ ကျောက်ပုံဆရာကြီး၏ အရင်းခံစေတနာဖြင့် ဝေနေယျများ အထက်မဂ်ဉာဏ် အစဉ်တို့ကို စနစ်တကျလိုက်နာကျင့်သုံး၍ နိဗ္ဗာန်ကို အလွယ် တကူရရှိနိုင်ကြရန် အလေးထား၍ ရေးသားခဲ့ခြင်းအမှန်ဖြစ်ပါသည်။ကျောက်ပုံ ဝါဒနှင့် ကျောက်ပုံဝါဒီတို့သည် ဓမ္မဝါဒဓမ္မဝါဒီများသာဖြစ်ပါကြောင်းရှိသေစွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော် အမှတ်(၄) သီးခြားဝိနည်းခိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

---

## သောခနာအမှတ်(၁၉)ပါဘုရား

အာရုံခြောက်ပါးတရားများကို ကာလသုံးပါးမှ လွတ်၏ဟု ရေးသား ဟော ပြောခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း သောခနာအပ်ပါသည်ဘုရား။

အာရုံခြောက်ပါးတရားများသည် ရူပါရုံ၊သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာ ရုံ၊ ဓမ္မာရုံ တို့ဖြစ်ပါသည်။ ယင်းအာရုံခြောက်ပါးတို့တွင် အာရုံ တပါး ပါးဖြစ်ပေါ်ရာ၌ ခန္ဓာငါးပါး၊ နာမ်ရုပ်နှစ်ပါးတို့သာလျှင် ဖြစ်ပါသည် ဘုရား။ ဤသည်ကို ထောက်ထား၍ ဖြစ်ပေါ်ပြီးသား အာရုံအစားစားတို့သည်လည်း ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးတို့သာ မှန်ပါသည်ဘုရား။ မဖြစ်ပေါ်သေးသော ဖြစ်ဆဲ ဖြစ်အံ့တရားတို့သည်လည်း ခန္ဓာငါးပါး၊နာမ်ရုပ်နှစ်ပါးသာလျှင် ဖြစ်မှာပါ ဘုရား။ထို့ကြောင့် အတိတ်၊ပစ္စုပ္ပန်၊အနာဂတ်၊ကာလသုံးရပ်တို့၌ အာရုံခြောက် ပါး တပါးပါးတို့သည် ခန္ဓာငါးပါး၊ နာမ်ရုပ်နှစ်ပါးတို့သာ ဖြစ်ကြသည်ကို ဘုရားတပည့်တော်တို့ မငြင်းဆိုလိုပါဘုရား။

သို့ပါသော်လည်း အာရုံခြောက်ပါးတို့တွင် ခန္ဓာငါးပါး၊ နာမ်ရုပ်နှစ်ပါးတို့ သည် အကြောင်းနှင့်ကင်း၍ မည်သည့်အခါမျှ ဖြစ်နိုင်၊ ပေါ်နိုင်၊ ရှိနိုင်ကြသည် မဟုတ်ပါဘုရား။ အကြောင်းနှင့် မကင်းပဲသာလျှင် ဖြစ်ပေါ်လာကြရသဖြင့် ကိုယ်ပိုင်ဖြစ်နိုင်သော အတ္တသတ္တိမှ သုဉ်းဆိတ်နေကြပါသည်ဘုရား။

ထို့အတူ အကြောင်းတရားများသည်လည်းပဲ အကျိုးဘက်မှ ကြည့်၍သာ အကြောင်းဟု သမုတ်ရပါသော်လည်း အကြောင်းအစစ်များ မဟုတ်ကြပါ ဘုရား။ အဘယ်ကြောင့်ဆိုသော် အကြောင်းတခုခုတို့အား စိစစ်ရာတွင် ၎င်း တို့နောက်ဆွယ်၌ အကြောင်းခံတရားများ အသီးသီးပေါင်းစီးမှသာလျှင် ဖြစ် ပေါ်လာကြရပါ၍ ပစ္စုပ္ပန်တည့်တည့်မှကြည့်သည်ရှိသော် အကျိုးအစစ်အနှစ် အသား သုဉ်းဆိတ်မှုနှင့် အကြောင်းအစစ်အနှစ်အသား သုဉ်းဆိတ်မှုများသာ တွေ့မြင်ရပါသည်ဘုရား။

အကျိုး၏အတ္တသဒ္ဒ်းဆိတ်မှုနှင့် အကြောင်း၏အတ္တ သုဉ်းဆိတ်မှုကို အတ္တ၊ အတ္တနိယသုဉ်းဆိတ်သည်ဟု သိရပါသည်ဘုရား။ ဤနေရာတွင် နာမ်ရုပ်ကို ပိုင်းခြား၍သိသော နာမရူပပရိစ္ဆေဒဉာဏ်နှင့် အကြောင်းကို သိမ်းဆည်းပြီးသော ပစ္စယပရိဂ္ဂဟဉာဏ်၏ အဆုံးသို့ ရောက်နေပြီးဖြစ်ပါသည်ဘုရား။

ဝိပဿနာဉာဏ်အစ၊ သမ္မသနဉာဏ်မှယူဆလျှင် အတီတာပစ္စုပ္ပန္န၊ အနာဂတ၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ ဩဠာရိက၊ သုခုမ၊ ဟီန၊ ပဏီတ ခေါ် နာမ်အရိပ် ရုပ်အရိပ်တွေ သုဉ်းဆိတ်နေပါပြီဘုရား။ ဩကာသဌာန (၁၁)ချက် ခေါ် ဖော်ပြပါတရားတို့တွင် နာမ်အရိပ် ရုပ်အရိပ်တို့၏ တည်ရာဌာနသော်မှ သုဉ်းဆိတ်နေပါမှုကား ယခင် ယခု၊ နောင် ဟူသောကာလ (၃)ပါးသည်လည်း အာရုံတပါးပါးတို့အပေါ်တွင် အတ္တ၊အတ္တနိယမှသုဉ်းဆိတ်လွတ်မြောက်ပြီးသား ဖြစ်နေကြပါသည်ဘုရား။

ဘုရားတပည့်တော်များ ဆိုလိုသည်မှာ အာရုံခြောက်ပါးတပါးပါး၌ ကာလ သုံးပါးလွတ်သည်ဟုဆိုလိုရင်း မဟုတ်ပဲ အာရုံခြောက်ပါး တပါးပါးတို့တွင် ကာလသုံးပါးတို့၌ အတ္တ၊အတ္တနိယ လွတ်သည်ဟု ဆိုလိုရင်း ဖြစ်ပါသည်ဘုရား။

အထက်တွင် ရှင်းလင်းခဲ့ပြီးသော အချက်များအရ ကျောက်ပုံဆရာကြီး ရေး ကမ္ဘာ့ဝိပဿနာနေယျသင်တန်းကျမ်းစာအုပ် စာမျက်နှာ(၂၀၇)မှလိုရင်းမျှ လျှောက်ထားလိုပါသည်ဘုရား။

မျက်စိအကြည်ကို ထိခိုက်ခြင်းငှာ ထိုက်သောအဆင်းဟု အသမုတ်ခံ ရသော သဘောလေးသည် အရင်မရှိ၊ ယခုမရှိ၊ နောင်မရှိ ကာလသုံးပါးမှ လွတ် ၏ ဟူသော စောဒကပြုလုပ်လိုသည့် တဝါကျမျှသော စာပိုဒ်ငယ်ကိုသာဖော်ပြ ထားပါသည်ဘုရား။

အမှတ်(၄) နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်ဆရာတော်ကြီးများဘုရား—

ကျောက်ပုံတောရ ဆရာကြီး၏ ဆိုလိုရင်းနှင့် ဝေနေယျအများအား သိရှိ ယူဆကြစေလိုသော ပြုစင်သော စေတနာအရင်းခံအတိုင်းမှာ အောက်ပါ အတိုင်းဖြစ်ပါသည် ဆရာတော် အရှင်သူမြတ်ကြီးများဘုရား။

### ရူပါရုံအဆင်း ရုပ်တလုံး၌ ကာလသုံးပါးလွတ်ပုံ

မျက်စိအကြည်ကို ထိခိုက်ခြင်းငှာ ထိုက်သည့်အဆင်းဟု အသမုတ်ခံရသော ပရမတ်သဘောကလေးသည် အရင်မရှိ၊ ယခုမရှိ၊ နောင်မရှိ၊ ကာလသုံးပါးမှ လွတ်၏။ ကာလသုံးပါးလွတ် ဆိုသည်မှာ ခုဆိုသည့် ပစ္စုပ္ပန် ကာလသာလျှင်

အရေးကြီးပါသည်၊ ပစ္စုပ္ပန်နားလည်လျှင် အရင်ဆိုသည့် အတိတ်ကာလနှင့် နောင်ဆိုသည့် အနာဂတ်ကာလမှာ လွယ်ပြီဖြစ်၍ ယခုဆိုသည့် ပစ္စုပ္ပန် ကာလကိုသာ ဦးစားပေး၍ တင်ပြပါမည်ဘုရား။

ထိုအဆင်းဟု အသမုတ်ခံရသည့် သဘောကလေးသည် အဘယ့်ကြောင့် အရင်မရှိ၊ ခုမရှိ၊ နောင်မရှိဟူမူ ယခုမရှိကိုရှင်းပြအံ့၊ ထိုသဘောကလေးသည် အမှန်ရှိပါသည်ဆိုသော်လည်း မျက်စိအကြည်၊အလင်း၊နှလုံးသွင်း စက္ခုဝိညာဉ် စိတ် အသိဆိုသည့် ၎င်းတို့လေးယောက်က ပြောလို့သာ ခုရှိသည်ဟုဆိုခြင်းဖြစ် ပါသည်၊ သူကိုယ်တိုင်က သူ့ဟာသူ ရှိပါသည်ဟုပြောခြင်းမဟုတ် အခြားသူ များက ပြောခြင်းဖြစ်၍ ခုမရှိပါ၊ ဒါဖြင့်ယင် အရင်ကတော့ရှိသည်မဟုတ်လား၊ ခုတောင်မှ မရှိနိုင်ယင် အရင်ကလည်းဘယ်မှာရှိနိုင်တော့မလဲ၊ဒါဖြင့်ယင် နောင် တော့ ရှိနိုင်သေးသည် ဟုတ်လား၊ ခုတောင်မှ ရှိသည်ဟု ဝန်မခံနိုင်လျှင် နောင်ဆိုတာတော့ ဘယ်ရှိမလဲ၊ခုလည်းမရှိ အရင်ကလည်း မရှိ၊ နောင်လည်း မရှိ ဆိုတော့ ဘာမျှမရှိဟုယူဆရမလား၊ ဤကဲ့သို့ မယူဆရပါ၊ ဘာမျှမရှိဟု ယူဆ လိုက်လျှင် ဥစ္ဆေဒဒိဋ္ဌိမျိုးဖြစ်၍ မှားပါသည်၊ မရှိလျှင် ဘယ်တွေ့နေမလဲ၊ ရှိလို့ သာ တွေ့နေတာပေါ့၊ ဒါဖြင့် ဘယ်လိုနေသလဲ၊ အတ္တအနေနှင့်သာမရှိ၍ အနတ္တအနေ(ဝါ)သိမ်းပိုက်ယူငင်၍ မရသော အနေမျိုးနှင့်တော့ အမြဲပဲ ရှိနေ ပါသည်ဟု ဝန်ခံ၏၊ သို့ဖြစ်၍ အဆင်းဟု အသမုတ်ခံရသည့်သဘောကလေး သည် သိမ်းပိုက်ယူငင်၍ရသည့် အနေမျိုးနှင့် အရင်မရှိ၊ခုမရှိ၊ နောင်မရှိ ကာလ သုံးပါးမှလွတ်၏၊ ထိုအခါတွင် သက်ဆိုင်ရာဥပါဒါန်များ အေးငြိမ်းသွားသည့် အကျိုးကို ရရှိ၏၊၎င်းကို သန္တိသုခခေါ်၏၊ နိဗ္ဗာန်လည်း ခေါ်၏။

(အာရုံခြောက်ပါး အားလုံးအပေါ်၌ အထက်ပါအတိုင်း ယူဆရမည်ဟု ဆိုလိုရင်း ဖြစ်ပါသည်) ကျောက်ပုံတောရဆရာကြီးသည် ပဋ္ဌိပတ္တိက္ကမနည်းအရ- မဟာပဒေသ ၄-ပါးနှင့် ကိုက်ညီ၍ တင်ပြထားပါသောကြောင့် အစမှ မဖြစ် ထိုက်ကြောင်း ရိုသေစွာ လျှောက်ထားအပ်ပါသည် နိုင်ငံတော် အမှတ် (၄) သီးခြားဝိနည်းဓိုရ် ဆရာတော်ကြီးများဘုရား။

---

## စောဒနာအမှတ် (၂၀)ကို သောဓနာခြင်း

နိုင်ငံတော် အမှတ်(၄) သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

စောဒနာအမှတ်(၂၀)ကို ပြန်လည် သောဓနာပြုချက်ပါဘုရား။

ကျောက်ပုံတောရဆရာကြီး၏ နေယျသင်တန်းစာအုပ်၊ စာမျက်နှာ ၇၀-တွင် "ဟဒယဝတ္ထုဆိုသည်မှာ နှလုံးသွေးဖြစ်၏၊ နှလုံးသွေးကို ပါဠိလို ကံ ဟုခေါ်၏၊

ကံဆိုတာလည်း မြန်မာလို အရှိန်ဖြစ်၏-ဟု ရေးသားထားကြောင်း ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာတို့နှင့် မညီမညွတ်ဖြစ်နေကြောင်း စောဒနာထားသည်ကို တွေ့ရပါသည်ဘုရား။

မှန်ပါသည်ဘုရား၊ ကျောက်ပုံတောရဆရာကြီးသည် အမှန်တရားကို သိလိုမြင်လို၍ အားထုတ်ကြသော တပည့်ဝေနေယျအစားစားတို့ သင်တန်းတရားများဟောကြားပြသရာ၌ အကျဉ်းချုပ်အားဖြင့် အဆင့်လေးဆင့်ထားလျက် ဟောကြားသွားသည်ကို နာယူမှတ်သားခဲ့ရပါသည်ဘုရား။ အဆိုပါ သင်တန်းအဆင့်(၄)မှာ –

၁။ အတိသြဠာရိကသင်တန်း၊

၂။ သြဠာရိကသင်တန်း၊

၃။ သုခုမသင်တန်း၊

၄။ အတိသုခုမသင်တန်း—

တို့ဖြစ်ကြပါသည်ဘုရား။

သို့အတွက် အတိသြဠာရိကသြဠာရိက သင်တန်းတရားများအရ တပည့်ဝေနေယျတို့သိလွယ်၊ မြင်လွယ်၊ မှတ်သားလိုလွယ်ကူအောင် ဟဒယဝတ္ထုကို နှလုံးသွေးဟုလည်းကောင်း၊ ကံဟုလည်းကောင်း၊ ကံအရှိန်ဟုလည်းကောင်း ရေးသား ဆုံးမခဲ့ပါသည်ဘုရား၊ ထိုသို့ပင် ရေးသားထားသော်လည်း ဒေသနာကျမ်းဂန်များနှင့် ကိုက်ညီကြောင်း ညီညွတ်ကြောင်း တွေ့ရပါသည်၊ ဘယ်လိုတွေ့ရပါသလဲဆိုပါလျှင် စောဒကဆရာတော်များ ကိုးကား တင်ပြထားသော ဟဒယမေဝ မနောဓာတုမနောဝိညာဏဓာတူနံ နိဿယတ္တာ ဝတ္ထု စာတိ ဟဒယဝတ္ထု။ တထာ ဟိ တံ ဓာတုဒွယနိဿယဘာဝလက္ခဏံ၊တဥ္စ ဟဒယကောသဗ္ဘန္တရေ အဍ္ဎပသတမတ္တံ လောဟိတံ နိဿာယ ပဝတ္တတိ-ဟု အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ(နှာ-၁၉၈)စကားကိုပင် ဝေဖန်သုံးသပ်ကြည့်ပါက ဟဒယသည်ပင် မနောဓာတ် မနောဝိညာဏဓာတ်တို့၏မှီရာ တည်ရာဖြစ်သည့်အတွက်ကြောင့် ဝတ္ထု၊ ထို့ကြောင့် ဟဒယဝတ္ထုလို့ ဆို၏၊ ထိုဟဒယဝတ္ထုသည် ဓာတ်နှစ်ပါးတို့၏ မှီရာ အဖြစ်ဟူသော သဘောလက္ခဏာရှိ၏၊ ထိုဟဒယဝတ္ထုသည်ပင် ဟဒယခေါ် နှလုံးအိမ်အတွင်း(ဝါ)ရင်တွင်း၌ တလက်ဖက်ဝက်ခန့်မျှရှိသော သွေးကို မှီ၍ဖြစ်၏-ဟု ဆိုထားရာ ထိုမနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာသည် နှလုံးသွေးဖြစ်နေကြောင်း တွေ့ရ၏၊ သို့အတွက် ထိုသို့ မနောဓာတ်နှင့် မနောဝိညာဏဓာတ်တို့၏ မှီရာဌာနဖြစ်နေသော သွေးကို (ဝါ) နှလုံးသွေးကို ဟဒယဝတ္ထုဟု သုံးစွဲ ရေးသားထားခြင်းဖြစ်ပါသည်ဘုရား။

နှလုံးသွေးခေါ် ဟဒယဝတ္ထုကို ကံဟုလည်းကောင်း ကံအရှိန်ဟုလည်းကောင်း ရေးသားထားရာ၌—

၁။ အရင်က အားထုတ်ပြီးစီးခဲ့သည့် ကံအရှိန်၊

၂။ ယခု အားထုတ်ပြုလုပ်ဆဲ ကံအရှိန်၊

၃။ အရင်နှင့် ယခု ပေါင်းစုခြင်းကြောင့် တဖန် ထပ်မံ၍ ပေါ်ရဦးမည့် ကံအရှိန်—

ဟူ၍ သုံးမျိုးသုံးစား ရှိနေပါသည်၊ သို့ဖြစ်၍ အရင်က ကံအရှိန်နှင့် ယခု အားထုတ်လို့ရရှိသည့် ကံအရှိန်စုကို တည်ပေးထားခြင်းကို ပထဝီလို့ ခေါ်ပါသည်၊ တနည်း အာပေါ၊ ဝါယော၊ တေဇော ဟု အသမုတ်ခံကြရသည့် သဘောတို့ကို တည်ပေးထားခြင်းကို ပထဝီလို့ ခေါ်၏၊ ကျန်ဓာတ်ကြီးသုံးပါးကို ထောက်ပံ့ခိုင်ခံ့စေခြင်းကို ဝါယောလို့ ခေါ်၏၊ အရှိန်ခေါ်သည့် ကျန်ဓာတ်ကြီးသုံးပါးတို့ကို ပူနွေးစေတဲ့ ရင့်ကျက်စေသည့် သဘောကို တေဇောလို့ ခေါ်၏၊ ကျန်ဓာတ်ကြီးသုံးပါး ကံအရှိန်တရားတို့ကို အညီအမျှ အချိုးကျအတိုင်း တိုးပွားစေရန် ဖွဲ့စည်း ကန့်သတ်ထားပေးခြင်းကို အာပေါဟုခေါ်၏၊ (တနည်း) ကျန် အရှိန်သုံးပါးကို ဖမ်းဆီးပေးထားခြင်းကို အာပေါအရှိန်လို့ ခေါ်၏၊ သို့အတွက် ထိုဟဒယဝတ္ထုရုပ်ကို ဝေဖန်ကြည့်က အခြေခံ မဟာဘူတ ခေါ် ဓာတ်မကြီး ၄-ပါး ကံအရှိန်တရားများကို တွေ့ရ၏၊ ထိုသို့ ကံအရှိန်တရားများ ဖြစ်ကြသည့် ဓာတ်ကြီး ၄-ပါးတို့ စုဝေးပေါင်းစီးရာဖြစ်သော ဟဒယဝတ္ထုကို ကံအရှိန်ဟု ခေါ်ဝေါ်သုံးစွဲထားခြင်းဖြစ်ပါသည်ဘုရား။

ဟဒယဝတ္ထုကို နှလုံးသွေးဟုလည်းကောင်း၊ ကံဟုလည်းကောင်း၊ ကံအရှိန်ဟုလည်းကောင်း ရေးသားထားခြင်းအတွက် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိစေရန်မည်သို့မျှ နှောင့်ယှက်ခြင်း ဟန့်တားခြင်း မဖြစ်သည့်အပြင် နေယျသင်တန်းသားများအတွက် ဉာဏ်ကြီးရာ ကြီးကြောင်းသာ ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် ကျောက်ပုံ တောရ ဆရာတော်၏ ရေးသားချက်များသည် ဒေသနာယုတ္တိ သဘာဝယုတ္တိများနှင့် ညီညွတ်ပါ၍ ဓမ္မဝိနယနှင့်ညီညွတ်ပါကြောင်းကို ရှိသေလေးစားစွာ လျှောက်ထားအပ်ပါသည် အမှတ်(၄)နိုင်ငံတော်သီးခြား ဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

## စောဒနာအမှတ်(၂၁)နှင့် ပတ်သက်၍ သောဓနာပြုချက်ပါဘုရား

နိုင်ငံတော် အမှတ်(၄) သီးခြားဝိနည်းဓိုရ်ဆရာတော်အရှင်သူမြတ်တို့ဘုရား–

ရုပ်နာမ်လောကကြီး တခုလုံးကို အကျဉ်းချုံးက ပုန်းအောင်းထောက်တည် ရာရှာမရတဲ့ သင်္ခါရဒုက္ခသာရှိပါသည်၊ ထိုသင်္ခါရဒုက္ခထဲမှာ ထပ်မံ၍ ဆုံးခန်းတိုင်အထိ မွှေနှောက်ကြည့်ပြန်လျှင် တကယ်ထင်မှတ်စရာ တွယ်တာစရာ ရှာမရ (ထင်မှတ်စရာနဲ့ တွယ်တာချင်စရာ) လုံးလုံးသုဉ်းဆိတ် ချုပ်ငြိမ်းနေတဲ့ သဘောသာ အမှန်ရှိပါတယ်၊ အဲဒါ နိဗ္ဗာန်ပါပဲလို့ ဆရာကြီး ဆိုဆုံးမထားသည်ကို တပည့်တော်များ မှတ်သား ဆောင်ထားခဲ့ပါသည်၊ ဤကဲ့သို့ ဟောပြောချက်ကို စောဒနာရှင်များဘက်မှ သဘောမပေါက်ပဲ သင်္ခါရဒုက္ခကို နိဗ္ဗာန်လို့ ဟောတယ်ဆိုပြီး စောဒနာပြုခြင်းဖြစ်တယ်လို့ တပည့်တော်များ ယူဆပါသည်ဘုရား။ အမှန်မှာ တပည့်တော်များ၏ ကျောက်ပုံတောရဆရာကြီးသည် သင်္ခါရဒုက္ခကို (နိဗ္ဗာန်)လို့ ဟောခြင်းမဟုတ်ပါဘုရား၊ သင်္ခါရဒုက္ခထဲကို ဆုံးခန်းတိုင်အထိ ဖောက်ခွဲလို့ကြည့်ရင် တကယ်ထင်မှတ်စရာ တွယ်တာချင်စရာ လုံးလုံး သုဉ်းဆိတ်ချုပ်ငြိမ်းနေတဲ့ သဘောသာ ရှိနေကြောင်းကို (ပဋိဝေဓ ဉာဏ်အရ) ဟောလိုရင်းဖြစ်ပါသည်ဘုရား၊ ဒါ့ကြောင့် ရုပ်နာမ်လောကကြီး တခုလုံးကို ဆုံးခန်းတိုင်အထိ ဖောက်ခွဲလို့ကြည့်လိုက်တော့ တွယ်တာစရာ တွယ်တာချင်စရာတွေ ရှာမရပဲ(တွယ်တာစရာနဲ့ တွယ်တာချင်စရာ) လုံးလုံးချုပ်ငြိမ်းနေတဲ့ ပင်ကိုယ်သဘော နိဗ္ဗာန်သည်သာ သန္တိဋ္ဌိကအားဖြင့် ထင်ရှားကေန် အမှန်ရှိနေကြောင်းကို စေတနာကောင်းဖြင့် ဟောပြထားခြင်း ဖြစ်ပါသည် ဘုရား။

မှန်ပါသည်ဘုရား၊ တပည့်တော်တို့သည် ထိုသန္ဒိဋ္ဌိက အနေအားဖြင့် ကေန် အမှန်(ဧ သဘောနိဗ္ဗာန်) ထင်ရှားရှိနေသည်ကို မျက်ဝါးထင်ထင် မသိ မမြင် မဆင်ခြင်နိုင်ကြသဖြင့် (သုံးဆယ့်တစ်ဘုံ) သံသရာနယ်ထဲမှာ ထည်လဲနှင့် ကျင် လည်ခဲ့ကြသည်မှာ ထင်ရှားလှပါသည်ဘုရား၊ (ဝါ) လောဘ၊ ဒေါသ၊ အစရှိ သော ကိလေသာ(၁၀)ချက်တို့၏ နှိပ်စက်မှုဒဏ်ကို ခံနေကြရသည်ကိုလည်း အထူးလျှောက်ထားရန်ပင် လိုတော့မည် မထင်ပါဘုရား၊ ဤကဲ့သို့(ဧ သဘော နိဗ္ဗာန်ကို (သန္ဒိဋ္ဌိက) (သဘာဝ) အနေအားဖြင့် ကေန်အမှန် ထင်ရှားရှိနေ သည်ကို တင်ပြလျှောက်ထားခြင်းဖြင့် ဘာမျှမရှိတဲ့ အဘာဝနိရောဓ (နိဗ္ဗာန်) မဟုတ်ကြောင်း ပေါ်လွင်လျက်ရှိပါသည်ဘုရား။

စောဒက ဆရာတော်ဘုရားများသည် ကျောက်ပုံတောရဆရာကြီး၏ ဆိုလို ရင်းအာဘောဂကို မရိပ်မိ မသိမမြင်တဲ့အတွက် အထင်မှားကာ စောဒနာခြင်း သားဖြစ်ပါသည်ဘုရား၊ ဤကဲ့သို့ စောဒနာကြသော ဆရာတော်ဘုရားများ

သည် အမှန်တရားကိုလိုချင်ကြ၍ စောဒနာခြင်းဖြစ်ကြသည်ဟု တပည့်တော်များ ယုံကြည်ထားကြပါသည်ဘုရား။

သို့ရာတွင် ကျောက်ပုံတောရ ဆရာကြီးသည် ဗမာပြည်တွင်မက ကမ္ဘာပေါ်မှာ ရှိနေကြသည့် (ဂန္ထဓုရ- ဝိပဿနာဓုရ) နှစ်ဌာနနှင့် ကိုလုံပြည့်ဝတတ်ကျွမ်းတော်မူကြသော လူရှင်ရဟန်းတို့ထံ အမှန်တရားကို ရလိုသိလိုသည့် (ကြီးခေါ်၊ ငယ်ပင့်၊ ပိုနုတ်၊လိုစွက်၊မှားပြင်၊ မှန်လျှင်လိုက်နာ) ဆိုသည့် ကတိဝန်ခံချက်တို့ဖြင့် ဝေဖန်တင်ပြ၍ ထားသည်ကိုလည်း အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းမိုရ်ဆရာတော်ဘုရားကြီးများနှင့် တကွ အားလုံးသော လူ-ရှင်-ရဟန်းတို့ သိရှိပြီးဖြစ်ကြပါသည်ဘုရား၊ တပည့်တော်တို့ ကျောက်ပုံဝါဒီ တပည့်တပန်းတို့သည်လည်း ဆရာကြီးကဲ့သို့ပင် ကတိဝန်ခံချက်တို့ဖြင့် ဆွေးနွေးဟောပြော သင်တန်းပေးနေကြသည်ကိုလည်း အားလုံးသိပြီး ဖြစ်ကြပါသည်ဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းမိုရ်ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ဤကဲ့သို့ ကတိဝန်ခံချက်တို့ကို ကျင့်သုံးလိုက်နာ ဟောပြောလျက်ရှိနေကြပါသော်လည်း ကျောက်ပုံတောရဆရာကြီး သက်တော်ထင်ရှား ရှိနေသည့်အချိန်ကစ ယနေ့ကျအောင် ဆရာကြီးနှင့်တကွ တပည့်တော်တို့အား ခေါ်ယူမေးမြန်းဆွေးနွေးကာ ပိုနုတ်၊ လိုစွက်၊ မှားလျှင်ပြင်ခြင်းအမှုတို့ကို မပြုမလုပ်ကြသည့်အတွက် ဝမ်းနည်းမိပါသည်ဘုရား။

သို့ဖြစ်၍ ယခုတင်ပြလျှောက်ထားအပ်သော သောဓနာချက်များကို ဆရာတော်ဘုရားကြီးများ စိစစ်သုံးသပ်လျက် ဓမ္မ-အဓမ္မ နှစ်ဌာနအားဖြင့် ဆုံးဖြတ်တော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းမိုရ်ဆရာတော် အရှင်သူမြတ်များဘုရား။

**စောဒနာအမှတ် (၂၂)မှ "အတ္တ"နိဗ္ဗာန်နှင့် ပတ်သက်၍ စောဒနာချက်ကို သောဓနာပြုခြင်းပါဘုရား**

**အမှတ်(၄)နိုင်ငံတော်သီးခြား ဝိနည်းမိုရ်ဆရာတော်အရှင်သူမြတ်တို့ဘုရား—**

ကျောက်ပုံဝါဒီတို့သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့၏ အမြတ်ဆုံးဖြစ်သော နိဗ္ဗာန်ကို ပုံပျက်ပန်းပျက်ဖြစ်အောင် ရေးသားထားပြန်ပါသည် ဆိုသည့် စောဒနာချက်ကို သောဓနာပြုခြင်းပါဘုရား။

မှန်ပါသည်ဘုရား၊ ကျောက်ပုံဆရာကြီးသည် လစဉ်ထုတ် ကမ္ဘာ့ဝိပဿနာ မဂ္ဂဇင်းအတွဲ ၅၊ စာနံပါတ် ၁၂-တွင် ဓမ္မပဒအဋ္ဌကထာကို ကိုးကား၍ နိဗ္ဗာန်သည် အနှစ်အသားရှိ၍ (အတ္တ)အစစ်ဖြစ်ကြောင်း ရေးသားထားပါသည်၊ မှန်

ပါသည်၊ ရုပ်နာမ်လောကကြီးကို ဝေဖန်ဖောက်ခွဲကြည့်ပါက ပုန်းအောင်း ထောက်တည်ရာ အစစ် အနှစ်အသားမရှိသည့်အတွက် (အသာရကဌေန အနတ္တံ) ရုပ်နာမ်လောကကြီးကို (အနတ္တ)လို့ ဟောကြားထားပါသည်ဘုရား၊ နိဗ္ဗာန်သည် ပုန်းအောင်းရာ ထောက်တည်ရာအစစ် အနှစ်အသားရှိတဲ့အတွက် (အတ္တ)အစစ်ဖြစ်နေပါသည်၊ ထိုစကားသည် စင်စစ်ကေန် မှန်လှပါသည်၊ အဘယ့်ကြောင့်ဆိုသော် (ပဋိသမ္ဘိဒါမဂ် ပါဠိတော် မြန်မာပြန် ဆဋ္ဌမူ စာမျက်နှာ ၄၇၅-၌) မိန့်ဆိုထားသောကြောင့် ဖြစ်ပါသည်ဘုရား။

မြန်မာပြန်

ခန္ဓာငါးပါးတို့ကို အနှစ်မဲ့ဟု ရှုသည်ရှိသော် မင်္ဂနှင့်လျော်သောအလို အနုလောမဉာဏ်ကို ရ၏၊ ခန္ဓာငါးပါးတို့၏ ချုပ်ခြင်းနိဗ္ဗာန်သည် အနှစ်သာရ ဟု ရှုသည်ရှိသော်(မိမိ၏အခြားမဲ့၌) အကျိုးပေးမြဲခြင်းသို့ ဝင်၏။

ပိုမို၍ ဒဋ္ဌီကမ္မဖြစ်စေခြင်းငှာ ထပ်မံ၍ အဋ္ဌကထာစကားကို တင်ပြပါရစေ ဘုရား။ ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာရှင်က—

အတ္တောတိပဒေန သာရံ ဝုစ္စတိ။

အနက်

အတ္တောတိပဒေန၊ အတ္တဟူသောပုဒ်ဖြင့်။ သာရံ၊ အနှစ်အသားရှိသည်ကို။ ဝုစ္စတိ၊ ဆိုအပ်၏။

ဟူ၍လည်းကောင်း။

ခန္ဓာနံ နိရောဓော သာရံ နိဗ္ဗာနန္တိ။

အနက်

ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ နိရောဓော၊ ချုပ်ငြိမ်းခြင်းဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ သာရံ၊ အနှစ်အသားရှိ၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဟောတော်မူ၏။ ဟူ၍လည်းကောင်း ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ ၄၁၃-ဆဋ္ဌမူ၌ မိန့်ဆိုထားပါသည်။

ထို့ကြောင့် အစွဲဥပါဒါနက္ခန္ဓာငါးပါးချုပ်ငြိမ်းခြင်းကြောင့်(ဝါ) ချုပ်ငြိမ်း သော နိဗ္ဗာန်သည် ထောက်တည် ပုန်းအောင်းရာအစစ် အနှစ်သာရနှင့် ပြည့်စုံ ၍ နိဗ္ဗာန်ကို (သာရ)အတ္တဟုဆိုခြင်းဖြစ်ပါသည်၊ သို့ဖြစ်၍ ကျောက်ပုံတောရ ဆရာကြီးသည် ကမ္မဋ္ဌာနဒီပဿနာမဂ္ဂဇင်းတွင် ဘယ်လိုကြောင့် နိဗ္ဗာန်သည် အနှစ် အသားခေါ်ရန် (နိဗ္ဗာန်)အရကို (အတ္တဖြစ်ရမည်နည်းဆိုလျှင်) သခါရဒုက္ခ နယ်

ထဲတွင် စွဲယူအားကိုးစရာအစစ် အနှစ်အသား အနည်းအပါးမျှ မရှိရိုးကောင်းကြောင်း မှန်လှသည်ကို ဉာဏ်ဝမှာ သိမြင်လိုက်သည်နှင့် တပြိုင်နက်ထဲ စွဲယူချင်လှသော (ဆန္ဒရာဂ)ကို ပယ်ချပြီးဖြစ်သွားခဲ့လျှင် စွဲယူချင်လှသော (ဆန္ဒရာဂ) ကြောင့် သာဖြစ်ပေါ်ကာ လာကြမည့်(ကိလေသာ)မီးခဲတို့သည် စွဲငြိတောက်လောင်ခွင့် မရပဲ ခွာရှဲ ကွယ်ပျောက်ချုပ်ငြိမ်းခြင်းသို့ ရောက်သွားသဖြင့် (ကိလေသာ ဆယ်ပါး)တို့၏ ကြိတ်ဝါးနှိပ်စက်ခြင်းမှ လွတ်ကင်း ကွယ်ပျောက်ခြင်းကြောင့် ထောက်တည်သက်သာရာအဖြစ်နှင့် သုခအစစ်အနှစ်အသားရှိအပ်သော (အတ္တ) သဘောကို (နိဗ္ဗာန်)လို့ ဆိုရ၏ဟု ရေးသားဆုံးမထားခြင်းဖြစ်ပါသည် ဘုရား။

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းခိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ထိုမှတပါး နိဗ္ဗာန်ကို(နိစ္စ၊သုခ)ဟု ရေးသား ဖော်ပြပြီးနောက် (အတ္တ၊ နိစ္စ၊သုခ)ဆိုသည့်သဘောတို့ကို သမ္မာဒိဋ္ဌိနယ်နှင့် မိစ္ဆာဒိဋ္ဌိနယ်(၂)နယ်အားဖြင့် ထိုကမ္ဘာ့ဝိပဿနာမဂ္ဂဇင်းအတွဲ ၅(၁၂-၁၃)တို့တွင် ရေးသားဆုံးမထားသည်ကို လည်း ဆရာတော်ဘုရားများ လေ့လာဖတ်ရှုတော်မူကြပါက တွေ့ရှိရပါလိမ့်မည် ဘုရား၊ သို့ဖြစ်၍ ကျောက်ပုံတောရ ဆရာကြီးသည် နိဗ္ဗာန်ကို ပုံပန်းပျက် အောင် တင်ပြခြင်းမဟုတ်ပဲ ထေရဝါဒခေါ် ပါဠိတော် အဋ္ဌကထာများနှင့် တိုက်ညှိ၍ မိမိ၏သဘောပေါက် အယူအဆကို (ဝါ)ယူဆချက်ကို သန့်ရှင်းသော စေတနာတို့ဖြင့် တင်ပြရေးသားထားခြင်းဖြစ်ကြောင်းထင်ရှားလှပါသည်ဘုရား။

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းခိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

စောဒကဆရာတော်များသည် ပရိဝါပါဠိ၊ စာမျက်နှာ ၁၅၇-၌မိန့်ဆိုထား သော "အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ဒုက္ခာနတ္တာ စ သင်္ခတာ၊ နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ"ဟူသော ဂါထာကို ကိုးကားလျက် နိဗ္ဗာန်အနတ္တ ဖြစ် ကြောင်း တင်ပြထားပါသည်ဘုရား၊ ထိုစကားမှန်ပါသည်၊ နိဗ္ဗာန်ကား နှစ်မျိုး နှစ်စားရှိနေပါသည်၊ ထိုနိဗ္ဗာန်နှစ်ပါးတွင် အဘယ်နိဗ္ဗာန်ကို အနတ္တဟုဆိုလိုပါ သနည်း၊ နှစ်မျိုးလုံးကိုပင် အနတ္တအနေဖြင့် ယူရပါမည်လား၊အကယ်၍ နိဗ္ဗာန် နှစ်မျိုးလုံးကို အနတ္တချည်းဟု ယူပါက (ခန္ဓာနံ နိရောဓော သာရံ နိဗ္ဗာ- နန္တိ) (အတ္တောတိပဒေန သာရံ ဝုစ္စတိ) ဟူသော ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ ဒေသနာများနှင့် ဆန့်ကျင်လျက် ရှိနေမည့်အပြင် ထောက်တည်ရာ အားကိုးရာ သက်သာရာအစစ်အနှစ်မရှိတဲ့ အနတ္တဖြစ်နေသဖြင့် ဘယ်လူဘယ်နတ် ဘယ် ဗြဟ္မာမျှ လိုချင်ကြတော့မည်မဟုတ်၊ အချည်းနှီး အလကား ရိတ္တမျိုး တုစ္ဆ မျိုးဖြစ်နေပါတော့မည်၊ ဤလိုဆိုက ပဋိပတ္တိသာသနာတော်ကြီး ဆုတ်ယုတ် ပျက်စီးဖို့သာ ရှိပါကော့မည်၊ အလွန်ကြောက်စရာကောင်းသော အယူဝါဒမျိုး ဖြစ်ပါသည်ဘုရား။

အမှတ် ( ၄ ) နိုင်ငံတော် သီးခြားဝိနည်းမ်ုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ဤကဲ့သို့ နိဗ္ဗာန်ကို အနတ္တမဟုတ်ဟု ဆိုပြန်ပါကလည်း ပရိဝါပါဠိနှင့် ဆန့်ကျင်နေသည် မဟုတ်ပါလောဟု စောဒကပြုခြင်းအံ့၊ မဆန့်ကျင်ပါ၊နိဗ္ဗာန် သည် သဥပါဒိသေသ နိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန် ( တနည်း ) ပုဗ္ဗနိဗ္ဗာန်၊ ပစ္ဆာနိဗ္ဗာန်ဟူ၍ နှစ်မျိုးနှစ်စား ရှိနေပြန်ရာ ထိုနိဗ္ဗာန် နှစ်ပါးအနက် အဘယ် နိဗ္ဗာန်သည် အနတ္တဖြစ်၍ အဘယ်နိဗ္ဗာန်သည် အတ္တဖြစ်သည်ဟု ခွဲခြမ်းဝေဖန် နိုင်သော ပညာဉာဏ်ဖြင့် ကြည့်ရှုဆုံးဖြတ်နိုင်ပါမှ ထေရဝါဒခေါ် အထက်ပါဒေ- သနာဘို့နှင့် ညီညွှတ်မည်ဖြစ်ပါသည်၊ သို့ဖြစ်၍ တပည့်တော်များ၏ အယူအဆ ကို ထေရဝါဒ ပိဋကတ်တော်တို့နှင့် ညီညွှတ်၍ မဆန့်ကျင်အောင် တင်ရပါလျှင် ပရိဝါပါဠိဒေသနာအရ နိဗ္ဗာန်သည် သဥပါဒိသေသ၊ (ဝါ) ပုဗ္ဗနိဗ္ဗာန်ဖြစ်၍ ပဋိသမ္ဘိဒါမဂ် ပါဠိအရ အကြနိဗ္ဗာန်မှာ အနုပါဒိသေသနိဗ္ဗာန် (ဝါ) ပစ္ဆာနိဗ္ဗာန် ဖြစ်ပါသည်ဟု ဝင်ပြလိုပါသည် ဘုရား၊ ဤနေရာ၌ သဘောသရုပ်နှင့် တကွ တင်ပြရန်လိုသေးသည်ဟု ယူဆပါ၍ တင်ပြလိုပါသေးသည်ဘုရား။

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းမိုရ် ဆရာတော် အရှင်သူမြတ်တို့ ဘုရား-

သဥပါဒိသေသနိဗ္ဗာန် ( ဝါ ) ပုဗ္ဗနိဗ္ဗာန် အနတ္တ ဖြစ်ပုံကို ရှေးဦးစွာ တင်ပြ ပါမည် ဘုရား၊ သင်္ခါရဒုက္ခထဲ၌ အတွင်းသဘောနေဟန်ကို ထပ်မံ၍ ဝေဖန် ကြည့်က ယောက်ရာ တည်ရာအားကိုးရာအစစ် အနှစ် အသားလုံးလုံးသုဉ်းဆိတ် ချုပ်ငြိမ်းနေတဲ့ ( ဝါ ) တွယ်တာစရာနှင့် တွယ်တာချင်စရာ အစစ် အနှစ် အသားမရှိ လုံးလုံးသုဉ်းဆိတ် ချုပ်ငြိမ်းနေတဲ့ သဘောလေးကို တွေ့ရ၏၊ ၎င်းကိုပင် နိဗ္ဗာန်လို့ဆို၏၊ ထိုနိဗ္ဗာန်ထဲ၌ ဘာတွေ အနှစ်အသားမရှိပါသလဲ ထောက်တည် အားကိုးစရာ အနှစ်အသားမရှိပါ၊ ( ဝါ ) တွယ်တာစရာနှင့် တွယ်တာချင်စရာအစစ် အနှစ်အသားမရှိ အနတ္တဖြစ်နေ၏။ ဤကား ရွှေအာရုံ ထဲရှိ သဥပါဒိသေသနိဗ္ဗာန် ( ဝါ ) ပုဗ္ဗနိဗ္ဗာန်၏ အနတ္တဖြစ်နေပုံကို ယူဆပြခြင်း ဖြစ်ပါသည်ဘုရား။

သဥပါဒိသေသနိဗ္ဗာန် ( ဝါ ) ပုဗ္ဗနိဗ္ဗာန်၏ အနတ္တဖြစ်နေပုံကို တင်ပြပြီး နောက် ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာအရ ကျောက်ပုံတောရ ဆရာကြီး၏ နိဗ္ဗာန် အတ္တဖြစ်ကြောင်း ယူဆပုံကို ထပ်မံ၍တင်ပြပါဦးမည် ဘုရား၊ "မိကျောင်းမင်း ရေခင်းပြ ဘုန်းကြီးစာချ" ဆိုဒါမျိုးလို ထင်မှတ်တော် မမူကြစေလိုပါ ဘုရား၊ ပဋိပတ္တိသာသနာတော်ကြီးအတွက် အလွန်အလွန် အရေးကြီးသည်ဟု ထင်မြင်ယူဆပါ၍ အကျယ်တဝင့် တင်ပြလျှောက်ထားရခြင်းဖြစ်ပါသည်၊ စေတ နာဆိုးဖြင့် တင်ပြခြင်းမဟုတ်ပါ ဘုရား၊ ဤအတိုင်းမှန်ကန်ပါက စစ်မှန်သော ဗုဒ္ဓသာသနာတော်ကြီးသည် ကမ္ဘာပေါ်၌ နေလို လလို ပေါ်လွင်ထင်ရှား

ထွန်းကားပါစေ၊ အခွန့်ရှည်စွာ တည်ပါစေဟု သစ္စာအဓိဋ္ဌာန် ပြုလိုက်ပါသည် ဆရာတော် အရှင်သူမြတ်တို့ ဘုရား။

အမှတ် ( ၄ )နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ရှေ့အာရုံ ( သဓ်ါရဒုက္ခ ) ထဲ၌ ထောက်ရာ တည်ရာ အားကိုးရာ အစစ် ( ဝါ ) တွယ်တာစရာနှင့် တွယ်တာချင်စရာ အစစ်ဖြစ်သော အနှစ်သဘောမရမရှိ၊ အနှစ်သဘော ချုပ်ငြိမ်းနေတဲ့ ( ဧ သဘော နိဗ္ဗာန်ကို ) ဧကန်အမှန်တွေ့မြင်သိ၍ မျက်မှောက်ပြုရသဖြင့် တွယ်တာချင်လှသော ( ဆန္ဒရာဂနှင့်တကွ ) ဆန္ဒရာဂကြောင့် ဖြစ်ပေါ်လာကြမည့်ကိလေသာ ဆယ်ပါးတို့သည် မနောဒွါရ-ဝဇ္ဇန်းခေါ် စိတ်တံခါး၌ အစဉ်ထာဝရ ဖြစ်ခွင့်မရပဲ ချုပ်ငြိမ်း လွတ်မြောက်မှုခေါ်ရ ( ဝိမုတ္တိရသ ) အရသာထူးကို သူတထူးအား ပြောလို့ပင် မယုံကြည်နိုင်လောက်အောင် ခံစားရရှိပါသဖြင့် ဤဘုရားသာသနာတော်၌ ထောက်တည်ရာ အားကိုးရာ သက်သာရာ ရရှိပါ၍ ထို ( ဝိမုတ္တိရသ ) အနုပါဒိသေသနိဗ္ဗာနဓာတ်ကြီးကို ထောက်တည်ရာ အားကိုးရာ သက်သာရာအစစ် အနှစ်အသားရှိသော အတ္တဟု ဒေသနာက္ကမ နည်းအရ ကျောက်ပုံဆရာကြီး သုံးမထားခြင်းဖြစ်ပါသည် ဘုရား၊ ဤကဲ့သို့ ( အနတ္တနိဗ္ဗာန် ) နှင့် ( အတ္တနိဗ္ဗာန် ) ကိုနှိုင်းယှဉ်၍ ယူဆပြခြင်းအားဖြင့် မည်သည့် ထေရဝါဒ ပိဋကတ်တော်များနှင့်မှ မဆန့်ကျင်တော့ပါဟု တင်ပြလျှောက်ထားလိုပါသည် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား

ကျေးဇူးရှင် ကျောက်ပုံတောရ ဆရာကြီးသည် ယုတ္တိလေးမျိုးတို့ဖြင့် အမြဲကိုက်ညှိ၍ မိမိ၏ အယူအဆများကို ဆွေးနွေးခြင်း၊ ဟောပြောခြင်း သင်တန်းပေးခြင်း တို့ကို ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်၊ သို့ရာတွင် ပါဠိဘာသာတွေကို အများအပြား မသုံးပဲ မိမိတို့ဘာသာ စကားကိုသာ ဦးစားပေးဟောပြောလေ့ရှိပါသည် ဘုရား၊ အလွန်အရေးကြီးသော တရားအယူဆတို့ကိုသာ ပါဠိကျမ်းတို့ကို ထုတ်၍ဟောပြောပါသည် ဘုရား၊ မကျေနပ်၍ မေးမြန်းပါမှ ထုတ်ဆောင်ဟောပြောလေ့ရှိပါသည် ဘုရား။

ယခု စောဒကဆရာတော်များသည် ပါဠိကျမ်းကိုးမဖက် ( အများဆုံး) မြန်မာလိုသက်သက် ရေးထုတ်ထားသော မဂ္ဂဇင်း စာအုပ်ကို ကြည့်ရှုသုံးသပ်၍ စောဒနာပြုထားခြင်းကို ဒေါသ အာဃာတ မဖက် သန့်ရှင်းသောစေတနာသက်သက်ဖြင့် တာဝန်နှင့် ဝတ္တရားအရ တင်ပြလျှောက်ထားရခြင်း ဖြစ်ပါသည် ဘုရား၊ ယခုကဲ့သို့ တာဝန်နှင့် ဝတ္တရားအရ တင်ပြလျှောက်ထားခွင့် ရတဲ့အတွက်

နိုင်ငံတော်အစိုးရနှင့်တကွ ဂိုဏ်းပေါင်းစုံ သံဃမဟာနာယက၊ ဆရာတော်များ ဝိနည်းဓိုရ် ဆရာတော်ဘုရားများအားအန္တရာယ်မရှိ ဘေးမငြိပဲ သာသနာတော် ကြီးသန့်ရှင်းတည်တံ့အောင် ဆောင်ရွက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့ လျက်ရှိပါသည် ဘုရား၊ ယခု ဘုရားတပည့်တော် တင်ပြလျှောက်ထားသော သောဓနာပုံချက်များကို စိစစ်သုံးသပ်လျက် ဓမ္မ၊ အဓမ္မ ဆုံးဖြတ်ပေးတော်မူ ကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထား အပ်ပါသည် ဆရာတော် အရှင်သူ မြတ်တို့ ဘုရား။

**စောဒနာအမှတ် (၂၂)မှ သဥပါဒိသေသနိဗ္ဗာန်၊ အနုပါဒိသေသနိဗ္ဗာန်နှင့် ပတ်သက်၍ စောဒနာပုံချက်ကို သောဓနာပုံခြင်း**

အမှတ်(၄) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

စောဒနာအမှတ် (၂၂)မှ နိဗ္ဗာန်နှစ်ပါးနှင့် ပတ်သက်၍ သောဓနာပုံချက် ပါဘုရား။

တပည့်တော်များသည် ရာထောင်တမျှ နာကြားနာယူကြသော လူရှင် ရဟန်း ပရိသတ်ကြီးအား နိဗ္ဗာန်မဂ်ဖိုလ်နှင့် တိုက်ရိုက်သက်ဆိုင်သော ဝိပဿ- နာ တရားဓမ္မများကို ဟောကြားကြရာ၌ မှန်ကန်၍ အများသိလွယ် မြင်လွယ် မျက်မှောက်ပြုလွယ်သော အသုံးအနှုန်း(ဝါ) ပညတ်ဘင်လုံးတို့ဖြင့် ဟောပြပါက ကြီးငယ်မဟူ လူရှင်ရဟန်းတို့သည် လောကီ လောကုတ် မယုတ်တိုးပွား အကျိုး များကြမည်ဟု ယုံကြည်ခံယူထားသည့်အတိုင်း တိုကျဉ်းဖြင့် လိုရင်းကို ဟော ပြခြင်းဖြစ်ပါသည်၊ စာသံ ပေသံ ပါဠိသံတွေ အထောက်အထား အကိုး အကား မြောက်မြားစွာတို့နှင့် ဟောပြနေပါက လိုရာမရောက် စိတ်နောက်လူ ပန်း မချမ်းမသာ ဖြစ်ကြမည်ကို တပည့်တော်များ သတိထားလျက် ရှိကြပါ သည်ဘုရား၊ ထို့ကြောင့် အပိုမသုံး လိုလုံးလောက်ကို ကောက်နုတ်ဟောပြရခြင်း ဖြစ်ပါသည်ဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား—

နိဗ္ဗာန်နှစ်ပါးနှင့် ပတ်သက်၍ လျှောက်ထားလိုပါသည်ဘုရား။ ကျောက်ပုံ တောရဆရာကြီးနှင့်တကွ (ဂန္ထဓုရ ဝိပဿနာဓုရ၊ ဝါ-ပရိယတ္တိ ပဋိပတ္တိ) နှစ်ဖက်ကျွမ်းကျင်တတ်မြောက်တော်မူကြသည့် ဆရာတော်ကြီးများ၏ ဆုံးမ ဟောပြောချက်ကို တပည့်တော် မှတ်သားတားဖူးသည်မှာ "နိဗ္ဗာန်ဆိုတာ သေပြီးမှ ရရတဲ့၊ ရောက်ရတဲ့နိဗ္ဗာန်ရယ်လို့ မရှိဘူး" ဟု ဆုံးမကြပါသည်ဘုရား၊ ထိုအဆုံးအမသည် အလွန်အလွန်မှန်ကန်နေကြောင်းကို သဘာဝယုတ္တိအားဖြင့် လည်း သိရှိနိုင်ပါသည်ဘုရား။

ဝိနည်းမိုရ် ဆရာတော်ကြီးများနှင့် တပည့်တော်များ ယုံကြည်အားထား လျက်ရှိကြသော ဂုဏ်တော် (၂၄)ပါးအနက် တရားဂုဏ်(၆)ပါးအရ မြတ်စွာ ဘုရားရှင်၏ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်ဆိုသော တရားတော်မြတ်တို့သည် "သွာက္ခာတ သန္ဒိဋ္ဌိက"အစရှိသော ဂုဏ်တော် (၆)ပါးတို့ဖြင့် ပြည့်စုံကြောင်းကို ဗုဒ္ဓဘာသာဝင် သူတော်စင် လူရှင်ရဟန်းတို့ ယုံကြည်သိမြင်ပြီး ဖြစ်ကြပါသည် ဘုရား။ ၎င်းဂုဏ်တော် (၆)ပါးအနက်–

(၁) သန္ဒိဋ္ဌိကဂုဏ် မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဟူသော ကိုးပါးသော တရားတော်မြတ်သည် ယခုလက်တွေ့ထင်ရှားရှိ သည့်ဂုဏ်

(၂) အကာလိကော ယခုသိ ယခုရရှိ၍ ယခုပင် ကိလေသာအပူ နှိုင် ငြိမ်းနိုင်သဖြင့် ယခုလက်ငင်း ချက်ခြင်း(အခါမလင့်) ရနိုင်တဲ့ဂုဏ်–

ဟူ၍ တွေ့ရပါသည်ဘုရား၊ ထို့ကြောင့် သေပြီးမှ ရရတဲ့နိဗ္ဗာန်၊ ရောက်ရတဲ့ နိဗ္ဗာန်မရှိဆိုသောစကားသည် မှန်ကန်လှပါသည်ဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းမိုရ်ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ပဋ္ဌက္ခန္ဓာနံ အပဝတ္တိနိဗ္ဗာနံ-ဟူသော ပါဠိတော်၊ ခန္ဓာနံ နိရောဓော သာရ် နိဗ္ဗာနံ-ဟူသော ပါဠိတော်တို့ကို ဝေဖန်ကြည့်ပါလျှင် ခန္ဓာငါးပါးတို့၏မဖြစ်ခြင်း၊ ချုပ်ငြိမ်းခြင်းကို နိဗ္ဗာန်ဟု ဆိုထားရာ ခန္ဓာသည် ဘယ်နှစ်မျိုးရှိပါသလဲ၊ ဘယ်ခန္ဓာငါးပါး မဖြစ်တာ၊ ချုပ်တာကို နိဗ္ဗာန်ခေါ် ရပါမည်လဲ ဟု ဝေဖန်စရာ ဖြစ်လာပါသည်ဘုရား၊ ခန္ဓာသည် ဆရာတော်ဘုရားကြီးများ သိရှိထားတော်မူပြီး ခဲ့သည့်အတိုင်း ၁-ပဋ္ဌက္ခန္ဓာ၊ ၂-ဥပါဒိန္နက္ခန္ဓာ ဟူ၍ နှစ်မျိုး နှစ်စားအားဖြင့် တွေ့ရပါသည်ဘုရား၊ ပဋ္ဌက္ခန္ဓာ (ဝါ) အကျိုး ခန္ဓာကြီး ချုပ်ငြိမ်းခြင်း၊ မဖြစ် ခြင်းကို နိဗ္ဗာန်ဟု ကောက်ယူပါက (သန္ဒိဋ္ဌိက-အကာလိက)ဟူသော တရား ဂုဏ်တော်များနှင့် ဆန့်ကျင်နေမည်ဖြစ်ပါသည်ဘုရား၊ ထိုသို့ ဆန့်ကျင်နေပါက မြတ်စွာဘုရား၏ တရားစစ် တရားမှန် ကေန် မဖြစ်နိုင်တော့ပါ ဘုရား၊ အကျိုး ဝိပါက် ခန္ဓာငါးပါး မဖြစ်ခြင်း၊ ချုပ်ခြင်းကို ယူရန် မသင့်တော့ပါဘုရား၊ သို့အတွက် အစွဲ ဥပါဒိန္နက္ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း၊ ငြိမ်းခြင်း၊ မဖြစ်ခြင်းကို ယူရပါတော့မည်ဘုရား၊ အစွဲ ဥပါဒိန္နက္ခန္ဓာငါးပါးဆိုသည်မှာလည်း ယခုပစ္စုပ္ပန် မှာပင် အဝိဇ္ဇာ တဏှာ စသော ကံကိလေသာတရားတို့ဖြင့် ဖြစ်ရှိနေသော ခန္ဓာငါးပါးကို ဆိုလိုပါသည်ဘုရား၊ ထိုအစွဲ ဥပါဒိန္နက္ခန္ဓာငါးပါးတို့၏ ချုပ်ခြင်း၊ မဖြစ်ခြင်းကို နိဗ္ဗာန်လို့ မြတ်စွာဘုရား၊ ဟောကြားလိုရင်း ဖြစ်ပါသည်၊

သို့မှသာလျှင် ယခုပစ္စုပ္ပန်မှာပင်(ဝါ) ယခု ဝိပါက်ကဋတ္တာခန္ဓာကိုယ်ကြီး လက်ရှိ တန်းလန်းရှိနေစဉ်ပင် နိဗ္ဗာန်နှစ်မျိုးကို(သန္ဒိဋ္ဌိက-အကာလိက)အနေဖြင့်တွေ့မြင်ကြရမည် ဖြစ်ပါသည်ဘုရား။

ယခုကဲ့သို့ ထင်ရှားရှိနေသော နိဗ္ဗာန်နှစ်ပါးကို ယခုလက်ရှိဘဝမှာပင် မြန်မြန်သဘောပေါက် မျက်မှောက်ပြုနိုင်ကြရန်အတွက် တပည့်တော်များသည် နိဗ္ဗာန်လိုလား အမျိုးသား အမျိုးသမီးတို့ မဂ်ဖိုလ်အကျိုးတရား တိုးပွား ရရှိနိုင်ရေးကို ရည်ရွယ်၍ (ကိလေသာတန်းလန်းနဲ့)သိနေရ မြင်နေရတဲ့ နိဗ္ဗာန်ကို "သဉပါဒိသေသနိဗ္ဗာန်"ဟူ၍လည်းကောင်း ကိလေသာ အကြွင်း အကျန် မရှိ ကိလေသာတွေကုန်ပြီးမှ သိရ မြင်ရတဲ့ နိဗ္ဗာန်ကို အနုပါဒိသေသနိဗ္ဗာန် ဟူ၍ ရှင်းရှင်းနှင့် ဘွင်းဘွင်းတင်ပြရခြင်း ဖြစ်ပါသည်ဘုရား။

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

တပည့်တော်များကဲ့သို့ နိဗ္ဗာန်နှစ်မျိုးကို ဟောပြောခြင်းအားဖြင့် ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ အကျိုးစီးပွား မယုတ်ငြားပဲ ကိလေသာတရားများနှင့် (ဝါ) အိုးအိမ်ဃရာဝါသ၊ စီးပွားဥစ္စာတို့ကို မစွန့်မပစ်ရပဲ နိဗ္ဗာန်ကို အာရုံပြု၊မျက်မှောက်ပြု သိမြင်နိုင်ကြပေသည်ဟု ယုံကြည်မှုရှိကြလျက် နိဗ္ဗာန်ရောက်ကြောင်း ဝိပဿနာအပေါင်းတို့ကို ကြိုးစားမယုတ် အားထုတ်လိုကြလိမ့်မည်ဟု ယုံကြည်မျှော်လင့်ခြင်းဖြင့် တင်ပြ ဟောပြောခြင်း ဖြစ်ပါသည်ဘုရား။

ဤကဲ့သို့ဝိပဿနာ တရားဓမ္မများကို သပ္ပုရိသဆရာမြတ်ထံ နည်းနာခံ၍ ကျင့်ကြံကြိုးကုတ် အားထုတ်နိုင်ကြပါကထင်ရှားရှိပြန် မြတ်နိဗ္ဗာန်ကို ကေန် မျက်မှောက်ပြုနိုင်ကြပြီး ကိလေသာမီး( ၁၁ ) သီးတို့ အပြီးအပိုင် ချုပ်ငြိမ်းနိုင်ကြောင်းကိုပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဝိရာဂကထာဝဏ္ဏနာ (ဆဋ္ဌမူ) စာမျက်နှာ ၂၁၂-၌——

"နိဗ္ဗာနဥ္စ ဝိရာဂေါတိ နိဗ္ဗာနံ ဝိရာဂဟေတုတ္တာ ဝိရာဂေါ"

**အနက်**

နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ဝိရာဂဟေတုတ္တာ၊ကိလေသာကင်းခြင်း၏ အကြောင်း၏အဖြစ်ကြောင့်။ ဝိရာဂေါ၊ ဝိရာဂမည်၏။ (ဝါ) ဝိရာဂေါ၊ ကိလေသာကင်းကြောင်းနိဗ္ဗာန်မည်၏။

သမ္မောဟဝိနောဒနီအဋ္ဌကထာ အာယတနဝိဘင်္ဂ ( ဆဋ္ဌမူ ) စာမျက်နှာ ၅၀-၌လည်း—

"နိဗ္ဗာနံ အာဂမ္မ ရာဂါဒယော ခီယန္တိ"

**အနက်**

နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာဂမ္မ၊ အကြောင်းပြု၍။ ရာဂါဒယော၊ ရာဂအစရှိ **သော** ကိလေသာတရားတို့သည်။ ခိဏာတိ၊ ကုန်ခန်းကြကုန်၏။

ဟု ဆိုထားပါသဖြင့် ကိလေသာကုန်ရန်၊ငြိမ်းရန်အတွက် နိဗ္ဗာန်ကိုရှေးဦးစွာ တွေ့မြင်ရပါဦးမည်၊ ဤသည်ကိုပင် "ဒဿနသမ္ဘဒါ" ဆိုထားပြန်ပါသည်ဘုရား။ ဤမျှလောက်သော်စကားအစဉ်တို့ဖြင့် အကျဉ်းချုပ်လျှောက်ထားရပါသော်—

၁။ ကံ-ကိလေသာ ခန္ဓာအကြွင်းအကျန်ရှိနေကြလျက် အာရုံပြုမျက်မှောက် ပြုရသောနိဗ္ဗာန်ကို သဉပါဒိသေသနိဗ္ဗာန်။

၂။ ကံ-ကိလေသာ ခန္ဓာအကြွင်းအကျန်မရှိသော နိဗ္ဗာန်သည် အနုပါဒိ-သေသနိဗ္ဗာန်ဟူ၍ တင်ပြလျှောက်ထားလိုပါသည်ဘုရား။

အမှတ် (၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား—

ဤကဲ့သို့ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ သိလွယ် မြင်လွယ်အောင် ဟော ပြော ရေးသားခြင်းအတွက် အမှန်တရားကို ရှာကြံလေ့လာအားထုတ်ကြသော ကလျာဏနွယ်ဝင် သူတော်စင်တို့၌ အကျိုးမများပဲ ပဋိပတ္တိ သာသနာတော် ကြီးအတွက် ဆုတ်ယုတ်နိုင်သည်၊ ပျက်စီးနိုင်သည်ဟု ဆရာတော်ဘုရားများမှ ထင်မြင်ယူဆပါက တပည့်တော်များဖက်မှ ပြင်ဆင်သွားပါမည်ဘုရား၊အကယ်၍ သာသနာအတွက် ထိခိုက်နစ်နာမှုမရှိပဲ အကျိုးများမည်ဟု ယူဆပါက အဓမ္မ ·မဟုတ်ကြောင်း ဆုံးဖြတ်တော်မူကြပါရန် ရိုသေလေးမြတ်စွာ လျှောက်ထားအပ်ပါသည် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

**သော်ခနာအမှတ် (၂၃)ပါဘုရား—**

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်များဘုရား—

တပည့်တော်ရေးသားသော"ဝိဘဇ္ဇဝါဒပညာသိ ဝိပဿနာကျမ်း"မှ **ကောက် နုတ်ချက်**။

၁။ လောကုတ္တရာတရားသိပြီးမှ ဒါနပြုခြင်းသည် **ပဏီတ**ဒါန **အမြတ်**ဒါန ခေါ် ၏။

၂။ လောကုတ္တရာတရားသိရန် ကြိုးစားအားထုတ်ဆဲဒါနပြုခြင်းသည် မဇ္ဈိမ-ဒါန အလယ်အလတ်ဒါနခေါ် ၏။

၃။ လောကုတ္တရာတရားသိရန်ကြိုးစားအားထုတ်မှုမပြုသောသူ ဒါနပြုခြင်း သည် ဟီနဒါန အယုတ်ဆုံးဒါနခေါ် ၏။

## ကောက်နုတ်ချက် လက်ကမ်းစာစောင်

အထက်ပါ လက်ကမ်းစာစောင်ကို ရေးသားရခြင်းအကြောင်းမှာ ၁၃၂၉-ခုနှစ်၊ ဝါဆိုလ။ ၁၉၆၇-ခုနှစ်၊ ဇူလိုင်လထုတ် အမှတ် (၇)မဂ္ဂဇင်း တရားစာစောင်၌ ကျောက်ပုံဆရာကြီးကိုယ်တိုင် ရေးသားသော အလှူပေး အလှူခံ ပုဂ္ဂိုလ်များတို့၏ အင်္ဂါ (၃)ပါးစီ၊ စုံညီသည့်အလျောက် (၆)ဌာနပြည့်စုံပါက အကျိုးကြီးလှသော ဒက္ခိဏာအလှူကို ဖော်ပြခန်း၌ အင်္ဂါ(၆)ပါးနှင့်ပြည့်စုံသည့် အတွက်အကျိုးများစွာပေါ်ထွက်သောဒက္ခိဏာအလှူပွဲကြီးဆိုသည်မှာ ဘယ်ဟာ ဘာလဲဆိုလျှင် ပါဠိကျမ်းဂန်အရ ရှေးဦးစွာဖော်ပြရလျှင် အောက်ပါအတိုင်း ဖြစ်၏။

**ပါဠိ**

ကထဉ္စ ဘိက္ခဝေ၊ ဆဠင်္ဂသမန္နာဂတာ၊ ဒက္ခိဏာ ဟောတိ၊ ဣဓ ဘိက္ခဝေ ဒါယကဿ တီဏင်္ဂါနိ ဟောန္တိ၊ ပဋိဂ္ဂါဟကာနံ တီဏင်္ဂါနိ၊ ကတမာနိ ဒါယကဿ တီဏင်္ဂါနိ၊ ဣဓ ဘိက္ခဝေ ဒါယကော ပုဗ္ဗေဝ- ဒါနာ သုမနော ဟောတိ၊ ဒဒံ စိတ္တံ ပသာဒေတိ၊ ဒတွာ အတ္တမနော ဟောတိ၊ ဣမာနိ ဒါယကဿ တီဏင်္ဂါနိ။ ကတမာနိ ပဋိဂ္ဂါဟကာနံ၊ တီဏင်္ဂါနိ ဣဓ ဘိက္ခဝေ ပဋိဂ္ဂါဟကာနံ ဝီတရာဂါ ဝါ ဟောန္တိ၊ ရာဂဝိ- နယာယ ဝါ ပဋိပန္နာ၊ ဝီတဒေါသာ ဝါ ဟောန္တိ၊ ဒေါသဝိနယာယ ဝါ ပဋိ- ပန္နာ၊ ဝီတမောဟာ ဝါ ဟောန္တိ၊ မောဟဝိနယာယ ဝါ ပဋိပန္နာ၊ ဣမာနိ ပဋိဂ္ဂါဟကာနံ တီဏင်္ဂါနိ၊ ဣတိ ဒါယကဿ တီဏင်္ဂါနိ၊ ပဋိဂ္ဂါဟကာနံ တီဏင်္ဂါနိ၊ ဧဝံ ခေါ ဘိက္ခဝေ ဆဠင်္ဂသမန္နာဂတာ ဒက္ခိဏာ ဟောတိ ဧဝံ ဆဠင်္ဂသမန္နာဂတာယ၊ ဘိက္ခဝေ ဒက္ခိဏာယ န သုကရံ ပုညဿ ပမာဏံ ကာတုံ၊ ဧတ္တကော၊ ပုညာဘိသန္ဒော၊ ကုသလာဘိသန္ဒော၊ သုခဿ ဟာရော သောဝဂ္ဂိကော၊ သုခဝိပါကော၊ သဂ္ဂသံဝတ္တနိကော၊ ဣဋ္ဌာယ ကန္တာယ မနာပါယ ဟိတာယ သုခါယ သံဝတ္တတီတိ၊အထ- ခေါ၊ အသင်္ချေယျော၊ အပ္ပမေယျော၊ မဟာပုညက္ခန္ဓောတွေဝ သင်္ ဂစ္ဆတိ သေယျထာပိ။

အနက်မှာ

ဘိက္ခဝေ၊ ချစ်သား ချစ်သမီးတို့။ ဆဠင်္ဂသမန္နာဂတာ၊ အင်္ဂါ (၆) ပါးနှင့် ကိုက်ညီလျက်ရှိသော အလှူပွဲကြီးအစစ်ကို။ ကထံ ဟောတိ၊ဘယ်လိုအလှူများ ဖြစ်ပါသနည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ ဒါယကဿ၊ အလှူပေးဒါယကာ၏။ တီဏင်္ဂါနိ၊ အင်္ဂါ(၃) ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်

၏။ ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်၏။ တိဏ္ဏံ ါနံ၊ အင်္ဂါ (၃) ပါးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒါယကဿ၊ အလှူပေးဒါယကာ၏၊ တိဏ္ဏံ ါနံ၊ အင်္ဂါ (၃) ပါးတို့သည်။ ကတမာနိ၊ အဘယ် (၃) ပါးတို့နည်းဟူမူကား။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာသနာတော်၌။ ဒါယကော၊ အလှူပေးဒါယကာသည်။ ပုဗ္ဗေဝ၊ ရှေးဦးကပင်လျှင်။ ဒါနာ၊ အလှူဝတ္ထုအစုစု၌။ သုမနော၊ ဝမ်းမြောက် ဝမ်းသာမှုရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒဒံစိတ္တံ၊ ပေးလှူဆဲဖြစ်သော စိတ်ကို။ ပသာဒေဟ်၊ ကြည်လင်စေတတ်၏။ ဒတ္ဝာ၊ ပေးလှူပြီးသော စိတ်ကို။ အတ္တမနော၊ ဝမ်းမြောက်ဝမ်းသာမှုရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒါယကဿ၊ အလှူပေးဒါယကာ၏။ ဣမာနိ၊ ဤသည်တို့သည်။ တိဏ္ဏံ ါနိ၊ အင်္ဂါ (၃)ပါးတို့တည်း။ ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်တို့၏။ တိဏ္ဏံ ါနိ၊ အင်္ဂါ (၃) ပါးတို့သည်။ ကတမာနိ၊ အဘယ်သုံးပါးတို့နည်းဟူမူကား။ ဘိက္ခဝေ၊ ချစ်သားတို့။ ဣဓ၊ ဤသာသနာတော်တို့၌။ ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်တို့သည်။ ဝိတရာဂါ၊ ကင်းသောရာဂရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရာဂဝိနယာယ ဝါ၊ ရာဂကို ပယ်ဖျောက်ခြင်းအကျိုးငှာလည်း။ ပဋိပန္နာ၊ အားထုတ်နေကုန်၏။ ဝိတဒေါသာဝါ၊ ကင်းသောဒေါသရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒေါသဝိနယာယ ဝါ၊ ဒေါသကို ပယ်ဖျောက်ခြင်းအကျိုးငှာလည်း။ ပဋိပန္နာ၊ အားထုတ်နေကုန်၏။ ဝီတမောဟော၊ ကင်းသောမောဟရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ မောဟဝိနယာယဝါ၊ မောဟကို ပယ်ဖျောက်ခြင်းအကျိုးငှာလည်း။ ပဋိပန္နာ၊ အားထုတ်နေကုန်၏။ ပဋိဂ္ဂါဟကာနံ၊ အလှူခံပုဂ္ဂိုလ်တို့၏။ တိဏ္ဏံ ါနိ၊ သုံးပါးသော အင်္ဂါတို့သည်။ ဣမာနိ၊ ဤသည်တို့တည်း။ ဒါယကဿ၊ အလှူပေးပုဂ္ဂိုလ်ဒါယကာ၏။ တိဏ္ဏံ ါနိ၊ အင်္ဂါသုံးပါးတို့သည်။ ဣတိ၊ ဤသည်တို့တည်း။ ဘိက္ခဝေ၊ ချစ်သားတို့။ ဧဝံ ခေါ၊ ဤသို့လျှင်။ ဆဠင်္ဂသမန္နာဂတာ၊ အင်္ဂါ(၆) ပါးနှင့် ကိုက်ညီလျက်ရှိသောအလှူပွဲကြီးသည်။ဒက္ခိဏာ၊မြတ်သောအလှူသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ချစ်သားတို့၊ ဧဝံ၊ ဤသို့။ ဆဠင်္ဂသမန္နာဂတာယ၊ အင်္ဂါ(၆)ပါးနှင့် ပြည့်စုံခြင်းငှာ။ ဒက္ခိဏာယ၊ မြတ်သောအလှူကိုခံယူခြင်းငှာ။ န သုကရံ၊ မလွယ်။ ပုညဿ၊ ကုသိုလ်ကောင်းမှုအား။ ပမာနံ၊ နှိုင်းယှဉ်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ န သုကရံ၊ မလွယ်။တွေကော။ဤမျှလောက်သော အစီအစဉ်သည်။ ပုညာဘိသန္ဒော၊ ကုသိုလ်ကမ္မပထကို ပွားစေ၏။ ကုသလာဘိသန္ဒော၊ မင်္ဂဖိုလ်ကုသိုလ်ကို ပွားများစေနိုင်၏။သုခဿဟာရော၊ချမ်းသာကိုဆောင်နိုင်၏။ သောဝဂ္ဂိကော၊ကောင်းသောအဘိုရှိ၏။ သုခဝိပါကော၊ ကောင်းသော အကျိုးရှိ၏။ သဂ္ဂသံဝတ္တနိကော၊ နတ်ပြည်သို့ ဆောင်နိုင်သော အကျိုးရှိ၏။ ဣဋ္ဌာယ၊ အလိုရှိအပ်သော။ ကန္တာယ၊ နှစ်သက်အပ်သော။ မနာပါယ၊ စိတ်ကို ကြည်လင်စေတတ်သော။ ဟိတာယ၊ အကျိုးစီးပွားကိုဖြစ်စေခြင်းငှာ။ သုခါယ၊ ချမ်းသာစေခြင်းအကျိုးငှာ။ သံဝတ္တတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

အထ ခေါ၊စင်စစ်အားဖြင့်။အသချေ်ယျော၊မရေမတွက်နိုင်သော။ အပ္ပမေယျော၊ မနှိုင်းယှဉ်နိုင်သော။ မဟာပုညက္ခန္ဓောတွေဝ၊ အလွန်မြတ်လှသော ကောင်းမှုအစု ဟူ၍သာလျှင်။ သခ်ံ၊ ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

အဓိပ္ပာယ်မှာ—

ဆက္ကဂ္ဂတ္တိုရ်ကျမ်း ဒေဝတာဝဂ်-စာမျက်နှာ (၂၆၃)အရ ဗမာလိုပြောရလျှင် အကျိုးစီးပွားများသည် အထက်တန်းမှန် အဖိုးတန်အလှူမြတ်ဟု ခေါ်ဆိုအပ်သော ဒက္ခိဏအလှူတော်ကြီးဆိုသည်မှာ အလှူပေးပုဂ္ဂိုလ်၏ အင်္ဂါ(၃)ပါးနှင့် အလှူခံပုဂ္ဂိုလ်၏ အင်္ဂါ(၃)ပါးအားဖြင့် ပေါင်းသော် အင်္ဂါ (၆)ပါးရ၏ ၊ ထို့ကြောင့် ဤ (၆)ပါးသော အင်္ဂါတို့ကို မြန်မာလိုထုတ်ဆိုပြရလျှင် ရှေးဦးပထမ အလှူပေးပုဂ္ဂိုလ်၏ အင်္ဂါ (၃) ပါး ဆိုသည်မှာ—

(၁) မလှူမီ ရှေးအဖို့၌ ဝမ်းမြောက်ဝမ်းသာခြင်း၊

(၂) လှူဆဲအခါ၌ ပေးလှူသောစိတ်ကိုကြည်လင်စေခြင်း၊

(၃) ပေးလှူပြီးနောက် မိမိစိတ်၌ ဝမ်းမြောက်ဝမ်းသာရှိခြင်း၊

ဤကား အလှူပေး ပုဂ္ဂိုလ်၏ တာဝန်ဝတ္တရား အင်္ဂါ (၃) ပါးဖြစ်၏။

အလှူခံပုဂ္ဂိုလ်၏ အင်္ဂါ (၃) ပါးဆိုသည်မှာ—

(၁) ရာဂကုန်ပြီးသောပုဂ္ဂိုလ်၊ ရာဂကုန်ဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်၊

(၂) ဒေါသကုန်ပြီးသောပုဂ္ဂိုလ်၊ ဒေါသကုန်ဖို့ရာ အားထုတ်နေသောပုဂ္ဂိုလ်၊

(၃) မောဟကုန်ပြီးသောပုဂ္ဂိုလ်၊မောဟကုန်ဖို့ရာအားထုတ်နေသောပုဂ္ဂိုလ်၊

ဤကား အလှူခံပုဂ္ဂိုလ်၏ တာဝန်ဝတ္တရား အင်္ဂါ(၃)ပါးတို့ ဖြစ်၏။

### ဗ းလှူပေးပုဂ္ဂိုလ်၏ အင်္ဂါ (၃) ပါး ရှင်းတမ်း

အလှူပေးပုဂ္ဂိုလ်၏ အင်္ဂါ(၃)ပါး တွင်—

၁—မေး။ ။မလှူမီရှေးအဖို့၌ ဝမ်းမြောက်ဝမ်းသာ ရှိခြင်းဆိုသည်မှာ အဘယ်ဟာကို ဆိုလိုပါသလဲ။

ဖြေ။ ။မိမိ၏အကျိုးစီးပွားကို ပဓာနမထားပဲလျက်တဘက်သားတဦးပုဂ္ဂိုလ်၏ အလိုဆန္ဒကိုပြည့်စုံဖို့ရာကိုသာရည်ရွယ်ကာလှူလိုစိတ်ရှိသလောက် ဝမ်းမြောက်မှု ရှိရခြင်းကို ဆို၏။

၂—မေး။ ။လှူဆဲအခါ၌ ပေးလှူသောစိတ်ကို ကြည်လင်စေခြင်း ဆိုသည်မှာ ဘယ်ဟာကို ဆိုပါသလဲ။

ဖြေ။ ။၂-နံပါတ်အရမှာ လှူဆဲအခါ၌ ယခုအလှူခံပုဂ္ဂိုလ်သည် အလှူခံ ထိုက်သည့် ပုဂ္ဂိုလ်စစ်အရိယာဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ သော ပုဂ္ဂိုလ် ၃-စားတို့တွင် တပါးပါးဖြစ်တန်ရာ၏ဟု ယူဆလျက် လှူမည့် အတွက် နှစ်သက်ကြည်လင်ခြင်းကို ဆိုလို၏။

၃—မေး။ ။ပေးလှူပြီးသည့်နောက် မိမိစိတ်၌ ဝမ်းမြောက် ဝမ်းသာရှိခြင်း ဆိုသည်မှာ ဘယ်သဘောကို ဆိုလိုပါသလဲ။

ဖြေ။ ။၃-မေးခွန်းအရမှာ မိမိလှူပြီးသော ပစ္စည်းဝတ္ထုနှင့် ပတ်သက်၍ စိတ်ပျက်ဖို့ရာ ဘယ်အခါမျှမရှိပဲ အမြဲဝမ်းမြောက်မှုရှိခြင်းကို ဆိုလို ပါသည်၊ ဤကား အလှူပေးပုဂ္ဂိုလ်၏ အင်္ဂါ၃-ချက်ဖြစ်၏။

အလှူခံပုဂ္ဂိုလ်၏ အင်္ဂါ ၃—ချက် ဆိုသည်မှာ

၁—မေး။ ။ရာဂကုန်ပြီးသော ပုဂ္ဂိုလ်နှင့် ရာဂကုန်ဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ ဘယ်လိုပုဂ္ဂိုလ်ကိုဆိုလိုပါသလဲ။

ဖြေ။ ။ရာဂကုန်ပြီးသော ပုဂ္ဂိုလ်ဆိုသည်မှာ ရဟန္တာပုဂ္ဂိုလ်ကို ဆို၏။ ရာဂ ကုန်ဆုံးဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ သေက္ခပုဂ္ဂိုလ် ၇-ယောက်ကို ဆို၏။

၂—မေး။ ။ဒေါသကုန်ပြီးသော ပုဂ္ဂိုလ်နှင့် ဒေါသကုန်ဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ ဘယ်လို ပုဂ္ဂိုလ်ကို ဆိုပါသလဲ။

ဖြေ။ ။ဒေါသကုန်ပြီးသော ပုဂ္ဂိုလ်ဆိုသည်မှာ ရဟန္တာပုဂ္ဂိုလ်ကို ဆို၏။ ဒေါသကုန်ဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ သေက္ခ ပုဂ္ဂိုလ် ၇-ယောက်ကို ဆိုလို၏။

၃—မေး။ ။မောဟကုန်ပြီးသော ပုဂ္ဂိုလ်နှင့် မောဟကုန်ဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ ဘယ်လို ပုဂ္ဂိုလ်ကို ဆိုလိုပါသလဲ။

ဖြေ။ ။မောဟကုန်ပြီးသော ပုဂ္ဂိုလ်ဆိုသည်မှာ ရဟန္တာပုဂ္ဂိုလ်ကို ဆို၏၊ မောဟကုန်ဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ သေက္ခ ပုဂ္ဂိုလ် ၇-ယောက်ကို ဆိုလိုသည်။

ဤကား အလှူခံပုဂ္ဂိုလ်၏ အင်္ဂါ ၃-ချက် ပြီး၏။

၁-မေး။ ။အလှူပေးပုဂ္ဂိုလ်၏ တာဝန်အတွက် အင်္ဂါ ၃-ချက်နှင့် ညီလျက် အလှူခံပုဂ္ဂိုလ်၏ တာဝန်အင်္ဂါ ၃-ချက်ပျက်ကွက်နေပါလျှင် ထို အလှူသည် ဘယ်လို ဖြစ်တတ်ပါသလဲ။

ဖြေ။ ။၁-နံပါတ် မေးခွန်းအရကို တိုတိုနှင့် ဖြေရလျှင် အလှူခံပုဂ္ဂိုလ်၏ အင်္ဂါ ၃-ချက်တို့တွင် ၃-ချက်အထိ ပျက်ကွက်မှုရှိသော ပုဂ္ဂိုလ်ကို လှူလိုက်ပါက ထိုအလှူဒါနသည် များစွာ ဖွံ့ဖြိုး အကျိုးရှိသင့် သလောက် မရှိချေ၊ ကျပ်ပြည့် အနေမရောက် သုံးမတ်လောက်သာ အကျိုးများစရာ ရှိပေမည်။

၂-မေး။ အလှူခံပုဂ္ဂိုလ်၏တာဝန်အတွက် အင်္ဂါ ၃-ချက်နှင့် ပြည့်စုံညီပါလျက် အလှူပေးပုဂ္ဂိုလ်၏ တာဝန် ၃-ချက် ပျက်ကွက်နေပါက ထိုအလှူ ပေးဒါနသည် ဘယ်လို ဖြစ်တတ်ပါသလဲ။

ဖြေ။ ။၂-နံပါတ် မေးခွန်းအရကို တိုတိုနှင့် ဖြေရလျှင် အလှူပေးပုဂ္ဂိုလ်၏ တာဝန်အင်္ဂါ ၃-ချက်ဘို့တွင် ၃-ချက်အထိ ပျက်ကွက်မှုရှိပါက ထို အလှူဒါနသည် ရှိသင့်သလောက် မရှိချေ၊ ငါးမူးသား လောက်သာ အကျိုးရှိပေမည်။

၃-မေး။ ။အလှူပေးပုဂ္ဂိုလ်နှင့် အလှူခံပုဂ္ဂိုလ်တို့၏ တာဝန်အတွက် အင်္ဂါ ၃-ချက်စီစုံညီပါက ထိုအလှူဒါနမျိုးသည် ဘယ်လို ဖြစ်တတ်ပါသလဲ။

ဖြေ။ ။၃-နံပါတ် မေးခွန်းအရကို တိုတိုနှင့် ဖြေရလျှင် အလှူပေးနှင့် အလှူခံပုဂ္ဂိုလ်တို့၏ တာဝန်အတွက် အင်္ဂါ ၃-ချက်စီထိ စုံညီမှုရှိပါက ထိုအလှူဒါနမျိုးတို့မှာ များစွာ ကျပ်ပြည့် အကျိုးရှိလှသော ဒါနဟု ခေါ်ဆိုခြင်း ပြုနိုင်ပါသည်။

၄-မေး။ ။အလှူပေးနှင့် အလှူခံပုဂ္ဂိုလ်တို့၏ တာဝန်အတွက် အင်္ဂါ ၃-ချက်စီ မစုံညီပါက ထိုအလှူဒါနသည် ဘယ်လို အကျိုးယုတ်ပါသလဲ၊

ဖြေ။ ။၄-နံပါတ်အရကို တိုတိုနှင့် ဖြေရလျှင် အလှူပေးနှင့် အလှူခံပုဂ္ဂိုလ် တို့အတွက် အင်္ဂါ ၃-ချက်စီအထိ ပြည့်စုံမှုမရှိပါပဲလျက် ပေးလှူ သော ဒါနမျိုးတို့မှာ အကျိုးမများ တမတ်သား လောက်သာ အကျိုးရှိထိုက်ပါ၍ ကောင်းကျိုးချမ်းသာမထင် အလွန်ပင် ညံ့ဖျင်း သော အကျိုးရှိ၏။

ယခုအဆိုပါ မေးခွန်း ၄-ပုဒ်၏ အဖြေအကျဉ်းချုပ်ကို ထုတ်ပြပြီး၍ သရုပ် သာဓကအနေ ဝတ္ထုသက်သေနှင့်တကွ တိုတို ပြပါက—

၁- နံပါတ် မေးခွန်းအရကို တိုတိုနှင့် ဖြေရလျှင် သူယုတ်မာတို့၏ တရားနှင့် ပြည့်စုံသူ စူဠကာပုဏ္ဏားကို ဘုရားအလောင်း ဝေဿန္တရာမင်းသည် သားရင်း ဇာလီနှင့် သမီးရင်း ဂဏှာဇိန်တို့အား ဇူဇကာပုဏ္ဏားကို ပေးလှူသည့်အခါတွင် မြေငလျင် တုန်လှုပ်လျက် ထက်မြက်သော အကျိုးရှိပုံကို ဖော်ပြခြင်းပင် ဖြစ်၏။ ဤသာဓကဝတ္ထုကို အလှူပေးပုဂ္ဂိုလ်အတွက်မျှားမှာ-သုံးမတ်သားအထိအကျိုး ရှိသည်ဟု ဆိုနိုင်၏။

၂-နံပါတ်မေးခွန်းအရ ဖော်ပြပြီးသော်လည်း သရုပ် သာဓက အနေ ဝတ္ထု သက်သေနှင့်တကွဖော်ပြရလျှင် ဇမ္ဗူဒိပ်တကျွန်းလုံးကိုအစိုးရသောဓမ္မာသောက မင်းကြီးသည် ရဟန္တာအပေါင်းနှင့်တကွ ရေတွင်းပေါင်း ရှစ်သောင်းလေးထောင် ရေကန်ပေါင်း ရှစ်သောင်းလေးထောင်တွင်မက များလှစွာသော အလှူဒါန တို့ကို လှူရငြားသော်လည်း သေသွားသည့်အခါမျှား၌ ပြိတ္တာဘုံ ခဏအခိုက် ဖြစ်ရသည်ဟု ပါရာဇိကဏ်ကျမ်း၌ ဆိုထားချက်အရ ဤပုဂ္ဂိုလ်၏ တာဝန်အင်္ဂါ ၃-ချက်မှာ တခုခု ပျက်ကွက်နေ၍သာ ဖြစ်၏။

၃-နံပါတ် သရုပ်သာဓကအနေ ဝတ္ထုသက်သေနှင့်တကွ ဖော်ပြရလျှင် ဓမ္မပဒ ကျမ်းအရ ဃဋိကာရ ဆိုသော ပုဂ္ဂိုလ် အိုးရောင်းသမားသည် ကဿပဘုရားအား အိမ်အို အဆွေးကလေးကို ပေးလှူသည့်အခါ သက်ကယ်ခြောက်ပြစ်စာကို ရွေးထုတ်ကာ လှူလိုက်သည့်အတွက် တသက်ပတ်လုံး အမိုးအဖုံးမပါ ဒလဟာ အိမ်အနေကို မိုးရေမိုးပေါက်တို့သည် တပေါက်တလေမျှ မကျရောက်သည့်အပြင် ရှင်ဘုရင် ကိကီမင်းကြီးက ဃဋိကာရ၏အကြောင်းကို ကောင်းကောင်းကြီး သိသည့်အတွက် ထောင်ပေါင်းများစွာသော စားသောက်စရာနှင့်တကွ ရွှေ ငွေ ရတနာတို့ကို သေချာစွာ လာရောက်ပြီး ချီးမြှောက် ပေးကမ်းထိုက်သော အကျိုးကို ခံစားရ၏၊ ထိုအခါ အလှူခံပုဂ္ဂိုလ်သည် ကဿပမြတ်စွာဘုရား ဖြစ်၏၊ ထိုသာဓကကို ထောက်ထား၍အလှူပေးအလှူခံပုဂ္ဂိုလ်တို့အင်္ဂါ၃-ပါးစီ ၃-ပါးစီ စုံညီသည့်အတွက် အကျိုးထက်မြက်ပုံကို ဖော်ပြခန်းအကြမ်းစားပြီး၏။

၄-နံပါတ်အရ တိုတိုနှင့်ပြောရလျှင် ဤအလှူပေး အလှူခံခေါ်သုံး နှစ်ဦးစလုံးတို့၏ အင်္ဂါ(၃)ပါးစီ မစုံညီသောဒါနအတွက်မှာ သက်သေသာဓက ကို တိုတိုနှင့်ပြရလျှင် တရားစစ်တရားမှန်ကို တမျှင်မျှမရိပ်မိကြသော အညာ- တိတ္ထိယခေါ်ထိုက်သော ပရိဗိုဇ်ပုဂ္ဂိုလ်တို့၏ အလှူဒါနသည် ယခုဘဝနှင့် နောင်ဘဝအထိ အကျိုးမရှိသည်ကို အထူးဖြေပြစရာ မလိုတော့ပါ၊ သိကြပြီး ဖြစ်ပေလိမ့်မည်၊ ထို့ကြောင့် သက်သေသာဓက မလိုတော့ပါ။

အလှူပေး အလှူခံပုဂ္ဂိုလ်တို့၏ အင်္ဂါများကို အကျဉ်းအားဖြင့် ဖော်ပြပြီး၍ အကျယ်အားဖြင့် ဖော်ပြပေအံ့။

၁။ မေး။ ကမ္ဘာလောကကြီး၌ သတ္တဝါတို့၏ ပေးလှူမှုကို အလှူခံထိုက်သော ပုဂ္ဂိုလ်သည် ဘယ်နှစ်စားရှိပါသလဲ။

ဖြေ။ ၁-မေးခွန်းအရကို တိုတိုနှင့်ဖြေဆိုရလျှင် အသေက္ခခေါ်ဆို ရဟန္တာပုဂ္ဂိုလ်နှင့် ရဟန္တာဖြစ်ရုံသာလိုတော့သည့် သေက္ခခေါ်ဆို အရိယာ(၇)ယောက်တို့သည် လူ,နတ်တို့၏ ရှိခိုးပူဇော်ခြင်း လှူဒါန်းခြင်းတို့ကို အလှူခံထိုက်၏၊ ဤကား(၁)နံပါတ်မေးခွန်းအရ အဖြေဖြစ်၏။

၂။ မေး။ အလှူခံထိုက်သည့် ပုဂ္ဂိုလ်သည် ဘယ်နှစ်စားရှိပါသလဲ။

ဖြေ။ ၂-နံပါတ်မေးခွန်းအရ တိုတိုနှင့်ဖြေရလျှင် လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကောင်းမြတ်သောစေတနာနှင့် လှူလိုက်သည့် အခါ အလှူခံထိုက်သော ပုဂ္ဂိုလ်များမှာ သေက္ခ, အသေက္ခခေါ်ဆို အရိယာ(၈)ယောက်တို့ကို ဖယ်ထား၍ ကြွင်းကျန်သော ပုဂ္ဂိုလ်များတို့မှာ အလှူ မခံထိုက်ပါ၊ ဤကား(၂)နံပါတ်မေးခွန်း၏ အဖြေဖြစ်၏။

၃။ မေး။ အလှူခံထိုက်သော ပုဂ္ဂိုလ်ကို လှူပါက ဘယ်လိုအကျိုးရှိပါသလဲ။

ဖြေ။ ၃-နံပါတ်မေးခွန်းအရ တိုတိုနှင့်ဖြေရလျှင် အလှူခံထိုက်သော ပုဂ္ဂိုလ်များဖြစ်၍ လှူဒါန်းပူဇော်ပါက များလှသော လောကီ လောကုတ် အကျိုးရှိ၏၊ ဤကား(၃)နံပါတ်မေးခွန်း၏ အဖြေဖြစ်၏။

၄။ မေး။ အလှူမခံထိုက်သော ပုဂ္ဂိုလ်ကိုလှူပါက ဘယ်လိုဖြစ်တတ်ပါသလဲ။

ဖြေ။ ၄-နံပါတ်မေးခွန်းအရ တိုတိုနှင့်ဖြေရလျှင် အလှူခံထိုက်သော အင်္ဂါအစိတ်အပိုင်းများနှင့် မပြည့်စုံမလုံလောက်သည့် ပုဂ္ဂိုလ်ကို လှူဒါန်းပါက ပြောပလောက်သော အကျိုးမရှိ ဖြစ်တတ်ပါသည်။

၅။ မေး။ လူ,နတ်,ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ကောင်းမြတ်သောစိတ်ထားနှင့် လှူဒါန်းပူဇော်လိုက်သည့်အခါ အလှူခံထိုက်သော ပုဂ္ဂိုလ်များထဲတွင် အသေက္ခခေါ်ဆို ရဟန္တာပုဂ္ဂိုလ်တို့ ပါဝင်နေရာ ဘယ်လိုအင်္ဂါအစိတ်အပိုင်းများအထိ ပြည့်စုံမှုရှိသည့်ပုဂ္ဂိုလ်ကို ရဟန္တာဟုခေါ်ဆိုရမည်နည်း။

ဖြေ။ ၅-နံပါတ်မေးခွန်း၏အရကို (ဆက္ကဂ်ုတ္တိုရ်ကျမ်းအရ)တိုတိုဖြေရလျှင် မြင်စိတ်ကအစ တွေးစိတ်အထိ သမ္ဘသ(၆)ခုရှိရာ ထို(၆)ခုတို့နှင့် တွေ့ဆုံသည့်အခါ ဝမ်းသာမှု ဝမ်းနည်းမှုမရှိပဲ ဥပေက္ခာသတိနှင့်သာ ခိုင်မြဲစွာရှုခြင်းကြောင့် ဤအင်္ဂါအစိတ်အပိုင်း(၆)ချက်အထိ ပြည့်စုံမှုရှိသော ပုဂ္ဂိုလ်ကို ရဟန္တာပုဂ္ဂိုလ်ဟု ခေါ်ပါသည်။

၆။ မေး။ အလှူခံထိုက်သော ပုဂ္ဂိုလ်များထဲတွင် ရဟန္တာမဖြစ်ကြသေးသည့် အရိယာ(၇)ယောက်တို့ကို ထည့်သွင်းထားရာ ထိုအရိယာ(၇)ယောက်တို့မှာ ဘယ်လောက်အထိ အင်္ဂါအစိတ်အပိုင်းများနှင့် ပြည့်စုံမှုရှိလို့သာ အလှူခံထိုက်သော ပုဂ္ဂိုလ်ထဲတွင် ထည့်သွင်းထားရပါသလဲ။

ဖြေ။ ၆-နံပါတ်မေးခွန်း၏အဖြေကို တိုတိုနှင့်ဖြေရလျှင်(သတ္တင်္ဂုတ္တိုရ်ကျမ်း)အရမှာ နေ့စဉ်ရင်ဆိုင်တိုးနေသော သန္ဒိဋ္ဌိကတရား(၁၀)တို့တွင် တပါးပါးအထဲ၌ ၁-အနတ္တ၊ ၂-အနိစ္စ၊ ၃-ဒုက္ခ၊ ၄-ကုန်ခန်းမှုခေါ်သည့် ခယ၊ ၅-ပျောက်ပျက်မှုဝယ၊ ၆-ကင်းပြတ်မှုခေါ်သည့် ဝိရာဂ၊ ၇-ချုပ်ငြိမ်းမှုခေါ်သည့် နိရောဓ၊ ၈-စွန့်လွှတ်မှုခေါ်သည့် ပဋိနိဿဂ္ဂဆိုသော သဘောတရားအစစ်(၈)ချက်တို့အတွက် ဆက်လက်နာကြား အားထုတ်မှုပြုလုပ်နေသည့် အရိယာ(၇)ယောက်တို့ကို အင်္ဂါ(၈)ပါးနှင့် ပြည့်စုံခြင်းကြောင့် အလှူခံထိုက်သော ပုဂ္ဂိုလ်ထဲတွင် ထည့်သွင်းထားပါသည်။

၇။ မေး။ အလှူခံထိုက်သော ရဟန္တာပုဂ္ဂိုလ်(သို့မဟုတ်)သံဃာကို လှူဒါန်းပါက ဘယ်လောက်အထိ အကျိုးများမှုရှိပါသလဲ။

ဖြေ။ ၇-နံပါတ်မေးခွန်း၏အဖြေကို တိုတိုနှင့်ဖြေရလျှင် လောကုတ်လောကီဖြေမည်ဆိုပါက အလွန်များလှသော ပဌမအာနိသံသအကျိုးနှင့် ဒုတိယ မဟပ္ဖလအကျိုးများကို ထင်ရှားကြုံတွေ့နိုင်ပါသည်။

၈။ မေး။ ရဟန္တာ မဖြစ်ကြသေးသည့် အရိယာ(၇)ယောက်တို့ကို (သို့မဟုတ်)သံဃာကို လှူဒါန်းပါက အဘယ်မျှအထိ အကျိုးရှိပါသလဲ။

ဖြေ။ ၈-နံပါတ်မေးခွန်းအရကို တိုတိုနှင့်ဖြေရလျှင် ရဟန္တာနှင့်သံဃာကို လှူရသလောက် အကျိုးမများပါ၊ သို့ရာတွင် အလှူမခံထိုက်သည့် ပုဂ္ဂိုလ်များကို လှူရသည်ထက် အကျိုးများပါသည်။

ဤကား အလှူပေး အလှူခံခေါ်သော သဘောများ ပါဋ္ဌိအနက်အဓိပ္ပာယ်နှင့်တကွ သဘောသရုပ်ပါမကျန် ထုတ်ဖော်ဝေဖန်ရှင်းလင်းချက် ပြီး၏။

အထက်တွင် ဖော်ပြပြီးခဲ့သော ကျောက်ပုံဆရာကြီး၏ အမှတ်(၈)မဂ္ဂဇင်း ပါ အလှူပေး အလှူခံပုဂ္ဂိုလ်တို့၏ အချက်အလက်များကို ကိုးကား၍ ဝိဘင်္ဂပါဠိ စာစောင်နှင့် လက်ကမ်းစာစောင်တို့ကို ရေးသားခြင်းဖြစ်ပါသည် ဘုရား။

ထို့ပြင်တဝလည်း စောဒကပုဂ္ဂိုလ်များ ကိုးကားထားသည့် အင်္ဂုတ္တိုရ်ပါဠိ တော် ဒုကနိပါတ်ပါဠိတော်၌ ကတာ နုခေါ ဘန္တေ လောကေ အစချီသောပါဠိ တော်အရ မြတ်စွာဘုရား လောက၌ အလှူခံထိုက်သော ပုဂ္ဂိုလ်သည် အဘယ် မျှရှိပါသနည်း၊ အဘယ်ပုဂ္ဂိုလ်များ၌ ပေးလှူအပ်ပါသနည်းဟု အနာထပိဏ် သဌေးက မေးလျှောက်အပ်သော် မြတ်စွာဘုရားက သူကြွယ်သဌေး လောက၌ အလှူခံထိုက်သော ပုဂ္ဂိုလ်တို့သည် သေက္ခပုဂ္ဂိုလ်၊ အသေက္ခပုဂ္ဂိုလ် ဟု နှစ်ယောက်ရှိကုန်၏၊ ထိုပုဂ္ဂိုလ်တို့၌ အလှူဒါနကို ပေးလှူအပ်၏ဟု မြတ်စွာ ဘုရားသခင် မိန့်တော်မူထားချက်လည်း အထင်အရှားရှိနေပါသည်ဘုရား။

အထက်ပါ ပါဠိတော်ကို အဋ္ဌကထာဆရာကလည်း သေက္ခပုဂ္ဂိုလ် (၇) ယောက်တို့တွင် သီလရှိသောပုထုဇဉ်ပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ်ဖြင့်သာလျှင် သိမ်းကြုံး၍ ယူအပ်၏ဟု ဖွင့်ဆိုထားပါသည်ဘုရား၊ ထိုအချက်တို့ကို ကိုးကား ထောက်ထား၍ အလှူခံထိုက်သော ပုဂ္ဂိုလ်များတွင် သီလဝန္တ ပုထုဇဉ်ပုဂ္ဂိုလ် တို့လည်း ပါဝင်နေပါသည်ဘုရား၊ ထို့ကြောင့် ယခုလက်ရှိ သံဃာတော်အရှင် မြတ်များနှင့်တကွ ရှင်သာမဏေများအပေါ် သီလဝန္တရှိသော လူပုဂ္ဂိုလ်တို့၏ အပေါ် ထင်သေး ပြစ်မှားပြောဆိုခြင်း၊ ရည်ရွယ်ပြောဆို ရေးသားခြင်းမရှိ သည်ကို ခိုင်လုံသော သက်သေခံဖြစ်ပါသည်ဘုရား။

ယခု သောခနောပြီး အချက်အလက်များနှင့် ပက်သက်၍ ဒါနကထာကို လွဲမှားစွာ ရေးသားဟောပြောခြင်း မဟုတ်ကြောင်း ထင်ရှားလှပါသဖြင့် ဓမ္မဒါဒအယူသာဖြစ်ကြောင်း ရိုသေလေးစားစွာဖြင့် တင်ပြလျှောက်ထားအပ် ပါသည် နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား။

---

## သောခနောအမှတ်(၂၄)ပါဘုရား

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်များဘုရား—

အနိစ္စ, ဒုက္ခ, အနတ္တ ယူဆပုံတို့ကို လျှောက်ထား ပြပါရစေဘုရား၊ တရား အားထုတ်ကြသူ ရ ဟန်း ရှင်လူတို့သည်(ဆင်းရဲဒုက္ခဖြစ်ပေါ် ခြင်း)ကို အလိုမရှိကြ ဆင်းရဲဒုက္ခ ချုပ်ငြိမ်းခြင်းကိုသာ အလိုရှိကြပါသည်ဘုရား၊ တပည့်တော် ပုသိမ်မောင်ညွန့်သည် ကျောက်ပုံဆရာကြီးထံ တပည့်အဖြစ်ခံယူပြီးမှ သိအပ် သော တရားများကို သိတတ်လာသည်မှာ—

(က) လူတွင်ဖြစ်သည့်ဒုက္ခ၊

(ခ) နာမ်ရုပ် အစဉ်တွင်ဖြစ်သည့်ဒုက္ခ၊

(ဂ) ဝိပဿနာပညာဖြင့် နာမ်ရုပ်အစဉ် သန္တတိကိုဖြတ်ပြီးမှ အရှုခံအပ်သော ဒုက္ခ၊ ရှုတတ်သည့် ဝိပဿနာစိတ်ဒုက္ခ၊

(ဃ) သစ္စာထိုက်သော သဘာဝဒုက္ခတို့ ခြားနားပုံကို သိမြင်ရပါသည်ဘုရား။

ထိုဖော်ပြပါ ဒုက္ခတွင်ဆာမက များပြားလှစွာသော ကျမ်းဂန်စကား ဒုက္ခများလည်း ကျယ်ဝန်းလှပါသည်ဘုရား၊ အကျဉ်းချုံး၍ ကျောက်ပုံဆရာကြီးပြသသည်မှာ သိရမည့်ဒုက္ခနှင့် ပယ်ရမည့်ဒုက္ခ (၂)မျိုးသာ အဓိကပါဘုရား။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် မြန်မာပြန် စာမျက်နှာ ၂၈၈-ဒုက္ခသုတ်၌ ဘုရားရှင်သည် ရဟန်းတို့အား—

ရဟန်းတို့ ဆင်းရဲဖြစ်ပေါ်ခြင်းဟူသည် အဘယ်နည်း

ဆင်းရဲဖြစ်ပေါ်ခြင်းကို လည်းကောင်း ဆင်းရဲချုပ်ခြင်းကို လည်းကောင်း ဟောအံ့၊ မျက်စိ ကိုလည်းကောင်း အဆင်းကိုလည်းကောင်း စွဲ၍သိမြင်မှု စက္ခုဝိညာဏ်ဖြစ်၏၊ ထို့ကြောင့် တွေ့ထိမှုဖဿ ခံစားမှုဝေဒနာသည် ဖြစ်၏၊ ထိုအကြောင်းခံတို့ကြောင့် တပ်မက်မှုတဏှာဖြစ်၏၊ ဤသည်ကား ဆင်းရဲ၏ဟု ဟောပါသည်ဘုရား။

ဤနေရာ၌ သဘောကိုထုတ်သော် လူ-ရှင်-ရဟန်းတို့သည် ဆင်းရဲဒုက္ခကို အလိုမရှိကြလျှင် တပ်မက်မှုတဏှာ မဖြစ်ရန် ကြိုးစားရပါမည်၊ တပ်မက်မှုတဏှာ မဖြစ်လိုလျှင် မျက်စိ၊ မြင်စိတ် အဆင်း၊ အတွေ့၊ ခံစား၊ ထိုစိတ်စေတသိက် ရုပ်တရားတို့အပေါ်မှာလည်းကောင်း၊ ထို့အတူ နား၊ နှာ၊ လျှာ၊ ကိုယ်၊ မနော သဘောစုတို့အပေါ်မှာ အမှန်ရှိအနတ္တကိုလည်းကောင်း၊ အနိစ္စကိုလည်းကောင်း၊ ဒုက္ခကိုလည်းကောင်း ဝိပဿနာပညာဖြင့် သိအပ်၏။

စက္ခုသမ္ဖဿဇာဝေဒနာမှ မနောသမ္ဖဿဇာ ဝေဒနာအထိ သန္နိဋ္ဌာနနာမ်ရုပ်ပေါင်း(၃၀)အပေါ်မှာ သင်္ခတ အသင်္ခတ၏လက္ခဏာ၊ သင်္ခတ၏အခြင်းအရာ အာကာရနှင့် အသင်္ခတ အသင်္ခတ၏လက္ခဏာ၊ အသင်္ခတ၏ အခြင်းအရာ အာကာရတို့ကို သိကြရပါမည်ဘုရား။

ပဋိသမ္ဘိဒါမဂ် ယုဂနန္ဓဝဂ် သစ္စကထာ စာမျက်နှာ ၃၅၅- သင်္ခတလက္ခဏာ (၃)ပါး၊ အသင်္ခတလက္ခဏာ(၃)ပါး ပြကားသည်ကို ကျောက်ပုံဆရာကြီးထံ သင်တန်းတက်စဉ်မှာပင် နှစ်သက်ဝမ်းမြောက်စွာ မှတ်သားခဲ့ရပါသည်ဘုရား၊

ဆဠ္ဌာနာနိ ဘိက္ခဝေ လက္ခဏာနိ၊

ဘိက္ခဝေ၊ချစ်သားတို့။လက္ခဏာနိ၊မှတ်ကြောင်းလက္ခဏာတို့သည်။ ဆဠ္ဌာနာနိ၊ ခြောက်ပါးရှိကြကုန်၏။

မျက်စိ၊ နား စသော ဌာနတို့၌ဖြစ်သော ခန္ဓာငါးပါး နာမ်ရုပ်နှစ်ပါးတို့သည် ဖြစ်သဘောလည်းရှိ၏၊ ပျက်သဘောလည်းရှိ၏၊ တမျိုးတမည် ပြောင်းလွဲခြင်းလည်း ရှိ၏၊ ဖြစ်သဘောလည်း မရှိ၊ ပျက်သဘောလည်းမရှိ၊ တမျိုးတမည် ပြောင်းလွဲခြင်းလည်း မရှိဟူ၍ ပြပါသည်ဘုရား။ ဤအဓိပ္ပာယ်၏ ပါဠိမှာ–

တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ လက္ခဏာနိ ကတမာနိ ဥပ္ပါဒေါ ဝါ ပညာယတိ ဝယော ဝါ ပညာယတိ အညထတ္တံ ဝါ ပညာယတိ၊ တီဏိမာနိ ဘိက္ခဝေ အသင်္ခတဿ လက္ခဏာနိ ကတမာနိ ဥပ္ပါဒေါ ဝါ န ပညာယတိ။ ဝယော ဝါ န ပညာယတိ။ အညထတ္တံ ဝါ န ပညာယတိ–

ပါဘုရား။

အကျဉ်းချုံးပြီး လိုလုံးကို လျှောက်ထားလိုပါသည်ဘုရား။

လူတွေဆင်းရဲတာ လူသုံးတဲ့ ခန္ဓာနာမ်ရုပ်တွေကို အကြောင်းအကျိုးနှင့် မသိတာ ပထမအဝိဇ္ဇာပါဘုရား။

ခန္ဓာနာမ်ရုပ်တွေ အကြောင်းအကျိုးအပေါ်၌ ဖောက်ခွဲဝေဖန် ရှုကြည့်အပ်သည့် သင်္ခတ အသင်္ခတလက္ခဏာ အခြင်းအရာတို့ကို မသိတာ ဒုတိယ အဝိဇ္ဇာ ပါဘုရား။

သင်္ခတ အသင်္ခတအကုန်ချုံး သင်္ခါရ ဒုက္ခခေါ် ဒုက္ခသစ္စာတလုံး ဦးခေါင်းဆုံးအောင် မသိတာ တတိယ အဝိဇ္ဇာပါဘုရား၊အမှန်အရှိ မသိကြလို့သာ အမှားငြိကြရတာပါဘုရား၊ နာမ်ရုပ်လောက အားလုံးချုံး၊ ဒုက္ခသစ္စာတလုံးအရှိကို မသိမှု အဝိဇ္ဇာ။ ဒုက္ခသစ္စာကို မသိ၍ဖြင့်အမှားငြိမှု တဏှာ၊ သမုဒယသစ္စာပါဘုရား။ သမုဒယသစ္စာသည် (ပဟာတဗ္ဗ)ပယ်ရမယ့်တရားပါဘုရား။

အဘိညာပရိညေယျ ထူးသောအသိပညာဉာဏ်ဖြင့် သိအပ်သော ဒုက္ခသစ္စာကို မသိ၍ သမုဒယ သစ္စာငြိနေသူတိုင်း တဏှာကျွန် တဏှာဒုက္ခ မှုချဖြစ်နေကြရပါသည်ဘုရား။

ဓမ္မပဒဝိသာခါဝတ္ထု၊ အနိတ္ထိဂန္ဓကုမာရဝတ္ထု၊ အညတရဗြာဟ္မဏဝတ္ထုတို့၌–

ကာမတော ဇာယတီ သောကော၊ ကာမတော ဇာယတီ ဘယံ။
ကာမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ကာမတော၊ နှစ်သက်မှုတည်းဟူသော တဏှာအကြောင်းကြောင့်။ သောကော၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်းသည်။ ဇာယတိ၊ ဖြစ်ပေါ်လာ၏။ ကာမတော၊ နှစ်သက်မှုတည်းဟူသော တဏှာအကြောင်းကြောင့်။ ဘယံ၊ ဆင်းရဲဒုက္ခအမျိုးမျိုးသည်။ ဇာယတိ၊ ဖြစ်ပေါ်လာ၏။ ကာမတော၊ နှစ်သက်မှုတည်းဟူသော တဏှာမှ။ ဝိပ္ပမုတ္တဿ၊ လွတ်မြောက်သောသူအား။ သောကော၊ စိုးရိမ်ပူဆွေးငိုကြွေးရခြင်းနှင့်။ ဘယံ၊ ဆင်းရဲခြင်း ဘေးဒုက္ခအမျိုးမျိုးသည်။ ကုတော အတ္ထိ၊ အဘယ်မှာလျှင် ဖြစ်နိုင် ပေါ်နိုင်ပါတော့အံ့နည်း။

စောဒကဆရာတော်များသည် သူ့နယ်နှင့်သူ ပိုင်းခြားသိအပ်သည့်လက္ခဏာချက်များကို တမျိုးတနည်းတည်း ထောက်ပြီး စွဲချက်တင်ထားသည့် အချက်၌ အကျဉ်းမျှ ရှင်းပြလို့ ပြီးပါပြီ။

သို့ဖြစ်ပါ၍ ဘုရားတပည့်တော်များ ယူဆသော အနတ္တ၊အနိစ္စ၊ဒုက္ခ ယူဆပုံတို့မှာ ထေရ ဝါဒပိဋကတ်တော်များနှင့် လွဲမှားခြင်းမရှိ၊တထပ်တည်းဖြစ်ပါ၍ အဓမ္မဝါဒီ၊ အဓမ္မဝါဒမဟုတ်ပါကြောင်း ရှိသေစွာ တင်ပြလျှောက်ထားအပ်ပါသည် အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော် အရှင်သူမြတ်တို့ဘုရား။

---

## သောဓနာအမှတ်(၂၅)ပါဘုရား

အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော် အရှင်သူမြတ်တို့ဘုရား—

ဤစောဒနာချက်တွင် စောဒကဆရာတော်များက ဘုံခန်းနှင့်ပတ်သက်ပြီး ထောက်ပြထားပါသည်ဘုရား။

၎င်းဘုံသုံးပါးနှင့် သုံးဆယ့်တစ်ဘုံကို မသိ၍အရမ်းဟောပြောခြင်းမဟုတ်ပါဘုရား။

စာပေ ဗဟုသုတ အလွန်နည်းပါးသော တပည့်ဝေနေယျများလွယ်ကူစွာ သိစေလိုသော စိတ်ရင်း စေတနာဖြင့် ပြောဟောခြင်းသာဖြစ်ပါသည်ဘုရား။

လူသည် အကောင် လူသုံးစွဲတာ နာမ်ရုပ်ဟု သိစေလိုသဖြင့် လူ၏ မျက်စိမြင်စိတ် အဆင်း အတွေ့ ခံစား စိတ်စေတသိက် ရုပ်တရားတွေမှာ နာမ်နှင့်ရုပ်မှ လွဲ၍ ဘာမျှမရှိဘူး၊ ပုံသဏ္ဌာန်လူကိုလည်းကောင်း၊ နတ်ကိုလည်းကောင်း၊ ဗြဟ္မာကိုလည်းကောင်း၊ ငရဲ၊ တိရိစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ကိုလည်းကောင်း လူသိများကြပါသည်။ ဘုရားမပွင့်လည်းသိကြပါသည်။ နာမ်ရုပ်တရားတွေကို ကိုယ်တိုင်သုံးနေကြသော်လည်း လူသိအလွန်နည်းပါသည်၊ ဘုရားဟောပြန်တော့လည်း သိသူအလွန်နည်းပါသည်။

နာမ်ကို အရူပ၊ ရုပ်ကိုရူပ၊ နာမ်ရုပ်တွေပေါ် တိုင်း အနတ္တလက္ခဏာ၊ ဒုက္ခသစ္စာ၊ အရှိကိုမသိကြလို့ နှစ်သက်တွယ်တာကြတာ ကာမ၊ အဲသည်လို သိရပါမည်။

ပရမတ်သဘော၊ ဓာတ်သဘောများ၏ အခြေခံအမှန်ဖြစ်သော ကာမ၊ ရူပ၊ အရူပ၊ ဘုံသုံးဘုံကိုသိအောင်ကြိုးစားကြပါ၊ အကောင်ဘုံဖြစ်သည့် သုံးဆယ့်တစ်ဘုံကိုသိ၍ မဂ် ဖိုလ် နိဗ္ဗာန် ရတယ်ဟု ဘုရားမဟောပါဘုရား။ ပရမတ်နာမ် ရုပ်တွေအပေါ်မှာ လက္ခဏာမှန်၊ သစ္စာညဏ်တွေကိုသိအောင် ဘုရားဟောထား ပါသည်။

သတ္တဝါအားလုံးတို့ကို သတ္တလောက၊
သုံးဆယ့်တစ်ပုံတည်ရာကို ဩကာသလောက၊
သတ္တဝါအားလုံးတို့၏ သဏ္ဌာန်တွင် ဖြစ်ပေါ်လာသော နာမ်ရုပ် တရားတို့သည် သင်္ခါရ လောကပါဘုရား။

အမှတ် (၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ်ဆရာတော်အရှင်သူမြတ်များဘုရား—

စကားများများပြောက၊ အမှားပါတတ်သည်ကို သဘောပေါက်ပါသည် ဘုရား။

တပည့်တော်သည် စကားများများပြောနေရသည်ဖြစ်သဖြင့် စေတနာပင် မမှားသော်လည်း ပြောမှားဆိုမှားရှိခဲ့ငြားက အမှားကိုထောက် အမှန်ရောက် အောင်ပြုပြင်ပေးလျက် ဓမ္မပဒပါဠိတော် ပဏ္ဍိတဝဂ် ရာဓတ္ထေရဝတ္ထု၊ အပိုဒ်-၇၆ တွင်လာသည့်အတိုင်း—

နိဓိနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော။

အဓိပ္ပာယ်

အပြစ်ဖော်ပြ နှိမ့်ချဆုံးမလေ့ ရှိသော ပညာရှိကို၊ မြှုပ်ထားသော ရွှေအိုး ကို ပြောကြားလာသူကဲ့သို့ ထင်မှတ်ရှုကြည့်၍ ဆည်းကပ်ရာ၏။

ပညာရှိကိုဆည်းကပ်သူအားမြတ်၏၊ မယုတ်ညံ့ပေ။

အထက်ပါထုံး နှလုံးသွင်း၍ လိုက်နာပါမည် ဘုရား။ အပြစ်ကိုထောက် အကျိုးသို့ရောက်အောင်၊ ဆုံးမဩဝါဒပေးတော်မူကြပါလျှင် အထူးကြည်နူးမည့် တပည့်တဦးဖြစ်ပါကြောင်း လျှောက်ထားအပ်ပါသည် အမှတ် (၄)နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော်အရှင်သူမြတ်တို့ဘုရား။

## သောဓနာအမှတ်(၂၆)ပါဘုရား

စောဒနာအမှတ် (၂၆)ကို၊ အောက်ပါအတိုင်း သောဓနာပြု လျှောက်ထား အပ်ပါသည်။

အမှတ်(၄)နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား–

ဘုရားတပည့်တော်၏ အနေဖြင့် နိုင်ငံတော်၏ သာသနာသန့်ရှင်းတည်တံ့ ပြန့်ပွားရေးမှုကို မထေမဲ့မြင်ပြုရာ မရောက်ပါဘုရား။

အဘယ့်ကြောင့်ဆိုသော် ဘုရားတပည့်တော်အား သာသနာရေးဦးစီးဌာန မှ ဆင့်ခေါ်ချက်အရ တပည့်တော်ရောက်ရှိကြောင်း သွားရောက်သတင်းပို့ပါ သည်ဘုရား၊ ထိုစဉ်က ဝန်ဆောင်ဆရာတော်တပါးဖြစ်သော စလင်းဦးကိတ္တိ ဆရာတော်ဘုရားကြီးက တပည့်တော် ဟောပြောခဲ့သော တိတ်ခွေများ၊ စာရွက် စာတမ်းများ၊ ရေးသားထုတ်ဝေသော စာအုပ်များ နောက်ထပ်ရှိသေးပါက ပေးပါဟု မိန့်ကြားပါသည်ဘုရား။

ဘုရားတပည့်တော်ထံတွင် မရှိသော်လည်း ဝေနေယျများထံမှာ မေးမြန်း၍ ရနိုင်သမျှ စုဆောင်းကာ လာရောက်ပေးပို့ပါမည်ဟု ကတိခံခဲ့ပါသည်ဘုရား။

သို့အတွက် ရသမျှသော တိတ်ခွေများ လက်ကမ်းစာစောင်များကို စုဆောင်း၍ ပေးပို့ရခြင်းဖြစ်ပါသည်ဘုရား၊ မထေမဲ့မြင် ပြုသည့်သဘောဖြင့် ပေးပို့ ခြင်းမဟုတ်ပါကြောင်း ထပ်လောင်း၍ လျှောက်ထားအပ်ပါသည်ဝိနည်း ဓိုရ်ဆရာတော်အရှင်သူမြတ်တို့ဘုရား။

ထိုအထဲတွင် ပါဝင်နေသော တိတ်ခွေများအနက် တိတ်ခွေတခုမှာ ဘုရား တပည့်တော် ထီးတန်းဈေးကလေးတွင် ဝတ်နိဗဒ်အနေဖြင့် တနင်္ဂနွေနေ့တိုင်း ဓမ္မသာကစ္ဆာပွဲ၌ ဝေနေယျများနှင့် တွေ့ဆုံဆွေးနွေးရှင်းလင်းပြသော တိတ် ခွေများသာဖြစ်ပါသည်ဘုရား၊ တရားပွဲကြီးအနေဖြင့် ဟောပြောခြင်းမဟုတ်ပါ ဘုရား။

ထိုတိတ်ခွေတွင်ပါသည့် အချက်များတွင် နိုင်ငံတော် ဝိနည်းဓိုရ်ဆရာတော် ကြီးများကို စော်ကားထားပါသည်ဟူသော စောဒနာချက်နှင့် ပတ်သက်၍ ဖြေရှင်းလျှောက်ထားချက်ပါဘုရား။

နိုင်ငံတော် အမှတ်(၄)သီးခြားဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ဘုရား။

၎င်းတိတ်ခွေတွင်ပါသည့် "သာသနာတော်မှာ ခိုက်မှာမှ၊ နှစ်ဦးနှစ်ဘက် ခိုက်မှာ"ဟု ဆိုခြင်းမှာ စိစစ်တဲ့ပုဂ္ဂိုလ်များဟာ အဂတိတရားလေးပါး မလိုက်

စားပဲ ဆုံးဖြတ်တော်မူကြမှာ ဖြစ်သည့်အတွက် ဝေနေယျများ စိတ်အား မငယ်ကြစေရန် အားပေး ပြောကြားသည့်အထဲတွင် ထည့်သွင်းပြောဆိုသော စကား ဖြစ်ပါသည်ဘုရား။

အဘယ့်ကြောင့်ဆိုသော် စိစစ်တော်မူကြမည့် ဝိနည်းဓိုရ် ဆရာတော် အရှင်မြတ်များသည် သာသနာရေးဦးစီးဌာနမှ (၇-၅-၇၂)နေ့စွဲဖြင့် ထုတ်ဝေသော သာသနာ့ရောင်ခြည် အတွဲ(၂)၊ အမှတ်(၁)တွင် ဦးထွန်းလှိုင် (ဝိနယပါရဂူ၊ ဓမ္မာစရိယ၊ဂဏဝါစက၊ဝဋ္ဋသကာသိရောမဏိ)ရေးသားသည့်သာသနာ့ရန်သူကြီး သုံးယောက်အဖွင့်တွင် ပါသည့်—

(က) မမြတ်သောအကျင့်ကိုကျင့်ပါလျက်၊ မြတ်သောအကျင့်ကို ကျင့်၏ဟု ဝန်ခံသောသူ။

(ခ) အလုံးစုံ ပြည့်စုံဖြူစင်သော မြတ်သောအကျင့် ကျင့်သုံးသူကို အခြေအမြစ် မရှိပဲ၊ မမြတ်သော အကျင့်ဖြင့် စွပ်စွဲနှိပ်စက် ဖျက်ဆီးသူ။

(ဂ) ကာမဂုဏ်တို့၌ အပြစ်မရှိဟု ယူဆပြောဆို၍ ကာမဂုဏ်ကို သုံးဆောင်ခံစားသူ ဟူသော တရားကို ကောင်းစွာ သဘောပေါက် လက်ခံကျင့်သုံးတော်မူကြသဖြင့် အဆုံးအဖြတ်ပေးတော်မူကြရာတွင် ဓမ္မဝိဋ္ဌာန်ကျကျ ဆုံးဖြတ်တော်မူကြမှာဖြစ်ကြောင်း တပည့်တော်၏ ဝေနေယျများ နားလည် သဘောပေါက်ကြစေရန် ရည်သန်၍ ပြောဆိုခြင်းမျှသာ ဖြစ်ပါသည်ဘုရား။

ပုသိမ်ဆရာညွှန့်သည် နိုင်ငံတော် မူတရပ်ကို မထေမဲ့မြင်ပြုနေပါသည်ဟု စွပ်စွဲလျက် သာသနာရေးဝန်ကြီးဌာနမှ ၁၉၈၁-ခုနှစ် ဇန်နဝါရီလ ၅-ရက် နေ့စွဲဖြင့် ထုတ်ပြန်ထားသော မေတ္တာရပ်ခံချက်ကို ဖော်ပြထားခြင်းနှင့် ပတ်သက်၍ ဖြေရှင်းချက်ပါဘုရား။

ယင်းကိစ္စနှင့်ပတ်သက်၍ တပည့်တော်အား တိုက်ရိုက်လူကိုယ်တိုင် လာရောက်၍ တရားဟောပြောခြင်း မပြုရန် တားမြစ်ခြင်းလည်း မရှိပါဘုရား၊ စာအားပေအားဖြင့်လည်း မဟောရ မပြောရဟု တားမြစ်သောအမိန့်စာ မေတ္တာရပ်ခံစာများလည်း မရရှိဘူးကြောင်းပါဘုရား၊ သို့အတွက် စွပ်စွဲထားသည့်နိုင်ငံတော်မူတရပ်အား မထေမဲ့မြင် ပြုသည်ဆိုခြင်းမှာ မမှန်ကန်ကြောင်း ပါဘုရား။

ဘုရား့တပည့်တော်အနေဖြင့် ငယ်ရွယ်ချိန်မှစ၍ ယနေ့ထက်တိုင် နိုင်ငံတော် အစိုးရနှင့်ပတ်သက်၍ ဖြေရှင်းရခြင်းမျိုး၊ တရားစွဲခံရခြင်းမျိုး၊ ရုံးပြင်ကနား ရောက်ရခြင်းမျိုး အမှုအခင်းဖြစ်ပွားရခြင်းမျိုး နောက်နောင်က တကြိမ်

တခါမျှမရှိခဲ့ဘူးပါဘုရား၊ အစိုးရနှင့်ဆန့်ကျင်သော အပြုအမူမျိုး အပြောအဆို မျိုးကိုလည်း တကြိမ်တခါမျှ ပြုမူခြင်း ပြောဆိုခြင်း မရှိခဲ့ဘူးကြောင်းပါ ဘုရား။

သို့ပါသော်လည်း ယခုစွပ်စွဲချက်တွင် အကယ်၍ အဓမ္မဆုံးဖြတ်ခဲ့လျှင်တောင် လူထုအုံကြွမှုတွေဖြစ်ပေါ်လာအောင် လှုံ့ဆော်ပေးနေခြင်းတမျိုးဖြစ်ပါသည်၊ 'အများကြီး ပြဿနာတက်ကုန်မှာပဲ' ဆိုသောစကား၏ အဓိပ္ပါယ်ကို လေး လေးနက်နက် စဉ်းစားသင့်ပါသည်ဟု မိမိတို့လိုရာသို့ ဆွဲ၍ရေးသားဖော်ပြ လျှောက်ထားခြင်းမျိုးကို တွေ့မြင်ရပါသည်ဘုရား၊ ထင်ရှားအောင် တပည့် တော် ထပ်မံ၍ တင်ပြလျှောက်ထားပါမည်ဘုရား။

စွပ်စွဲချက်တွင်ပါရှိသည့် လူထုအုံကြွမှုဖြစ်အောင် လှုံ့ဆော်ပေးနေခြင်း တမျိုးဖြစ်ပါသည်ဟု ဆိုသောစကားသည် ဘုရားတပည့်တော်တို့ကဲ့သို့ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း ဟောပြောပြသနေသည့် တရားပြဆရာများ၏ အလုပ် မဟုတ်ပါဘုရား၊ စည်းရုံးခြင်း လှုံ့ဆော်ခြင်း ဆိုသည့်အလုပ်မှာ နိုင်ငံရေး သမားများ၏ အလုပ်ဖြစ်ပါသဖြင့် ဘုရားတပည့်တော်ကဲ့သို့ စီးပွားရေးမဖက်၊ ကာမဂုဏ်ရေးမပါ အဖွဲ့အစည်းမရှိ ဓမ္မဓိဋ္ဌာန်သက်သက် တရားပြဆရာ တဦးအတွက် လုံးဝမဖြစ်နိုင်ပါဘုရား။

ယင်းသို့ စွပ်စွဲခြင်းသည် ဆရာတော်အရှင်မြတ်များ သိတော်မူပြီးသည့် အတိုင်း ကျောက်ပုံဝါဒ လေ့လာလိုက်စားသူ အရေအတွက်မှာ အနည်းငယ် မျှသာ ရှိပါသည်ဘုရား၊ သို့အတွက် ယင်းသို့စွပ်စွဲခြင်းသည် အံ့သြဖွယ်မျှ ဖြစ်ပါသည် ဘုရား၊ ပို၍ ထင်ရှားအောင် နောက်ဆုံးတချက်အနေဖြင့် လျှောက်ထားပါဦးမည်ဘုရား၊ အကယ်၍ ဆရာတော် အရှင်ဘုရားများက ကျောက်ပုံဝါဒအား အဓမ္မဝါဒဖြစ်သည်ဟု ဆုံးဖြတ်တော်မူကြလျှင်တောင် ဝိနည်းဓိုရ် ဆရာတော် အရှင်ဘုရားများ သိထားပြီးဖြစ်သည့်အတိုင်း စောဒက ဆရာတော်များ စွပ်စွဲထားသကဲ့သို့ ထင်မြင်ထားသကဲ့သို့ လူထုအုံကြွမှုကြီး ဖြစ်ပေါ်မလာသည့်အပြင် မြန်မာနိုင်ငံ တနိုင်ငံလုံးရှိ ရဟန်းအများစု လူ အများစုတို့သည် အထူးဝမ်းမြောက် ဝမ်းသာဖြစ်တော်မူကြပြီးလျှင် "ကျောက် ပုံဝါဒအား အဓမ္မဝါဒဖြစ်သည်" ဟု အဆုံးအဖြတ် ပေးတော်မူကြသော ဝိနည်း ဓိုရ် ဆရာတော်ဘုရားကြီးများအားလည်းကောင်း ဆုံးဖြတ်ချက်ချနိုင်ရန်စီစဉ် ပေးသော သာသနာရေးဆိုင်ရာ ပုဂ္ဂိုလ်အရှင်မြတ်များကို လည်းကောင်း ကောင်းချီးသြဘာ ထောမနာပြုခြင်း သာဓုအနုမောဒနာ ခေါ်ခြင်းများ ပြုလုပ်ကြမည်မှာ မြေကြီးလက်ခတ်မလွဲ အမှန်ပင်ဖြစ်ကြောင်း ဘုရားတပည့် တော် ရဲရဲကြီး လျှောက်ထားဝံ့ပါသည် ဝိနည်းဓိုရ် ဆရာတော်အရှင်သူမြတ်တို့ ဘုရား။

သင့်မြတ် လိုအပ်သည့်နေရာဌာနများ၌ ဦးစားပေး လက်ခံ ဆွေးနွေးခဲ့သည်မှာ နှစ်ပေါင်းပင် ၂၀-ကျော်ခဲ့ပါပြီဘုရား။

စောဒကဆရာတော်များထံ တဘက်သတ်တင်ပြတိုင်ကြားထားသလို ဘယ်ဌာနမှာမျှ မှုခင်းအဓိကရုဏ်း ရင်ဆိုင် မဖြစ်ဖူးပါဘုရား၊ ထို့ကြောင့် ပုဂ္ဂိုလ်ရေးရာအရ တင်ပြချက်အားလုံးတို့ကို ဘုရားတပည့်တော် ဖြေရှင်းပြရန်အချိန်လည်း မရတော့ပါသဖြင့် ဘုရားတပည့်တော်၏ သစ္စာအဓိဋ္ဌာန်ဖြင့်ပင် ဖြေရှင်းခြင်းပြုရပါသည်ဘုရား။

**သစ္စာအဓိဋ္ဌာန်**


အမှတ်(၄) နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်ဆရာတော် **အရှင်သူမြတ်တို့ဘုရား**—

စောဒကဆရာတော်ဘုရားများ တာဝန်နှင့် ဝတ္တရားအရစွဲဆိုထားသည့်အတိုင်း—

(က) မြတ်စွာဘုရား၏ သာသနာတော်ကြီး ပျက်စီးရာ ပျက်စီးကြောင်း ပြုလုပ်သူ၊ ကိုယ်ကျိုးအတွက် ငဲ့ကွက်၍ သာသနာတော်ကို ထိပါး ပုတ်ခတ်သူ မှန်ခဲ့ပါလျှင် ဘုရားတပည့်တော် ပုသိမ်မောင်ညွန့်သည် ဘယ်သောအခါမျှ တရားစစ် တရားမှန်မတွေ့နိုင်ပဲ သေသည်၏ အခြားမဲ့ မဟာအဝီစိငရဲ၌ ခံရပါစေသား ဘုရား။

(ခ) အကယ်၍ စိတ်ထား စေတနာ မှန်ကန်စွာဖြင့် မြတ်စွာဘုရား၏ သာသနာတော်အား အဓွန့်ရှည်ကြာ တည်ပါစေခြင်းအကျိုးငှာ တရားစစ်တရားမှန်များအား ဟောပြော ပြသနေသူမှန်ပါက ယခု ပစ္စက္ခဘဝတွင်ပင် မဂ် ဖိုလ် နိဗ္ဗာန် ကေန် မျက်ဓမှောက်ပြုနိုင်၍ ဘုရားသာသနာတော်ကြီးသည်လည်း နေ့လ အသွင် ပေါ်လွင် ထင်ရှားပါစေသတည်း။

(ဂ) သမ္မာဒေဝနတ်ကောင်း နတ်မြတ်များနှင့် တကွ သာသနာတော်စောင့် နတ်များအပါအဝင် ယခု ကြွရောက်လာတော်မူလာသော ဆရာတော်သခင် အရှင်ဘုရားများ၏ မျက်မှောက်တွင် သစ္စာအဓိဋ္ဌာန်ပြုအပ်ပါသည် အရှင်ဘုရား။



(မောင်ညွန့်)
အမှတ်–၂၄၊ တကောင်းဘုရားလမ်း
ပုသိမ်မြို့။

# ဂန္ထာရမ္ဘ

၁။ ယော ယေန ဓမ္မေန ဇိနဿ ယဿ၊
သံဃော အဘိန္ဒိဝ အဓမ္မ ဝါဒေ။
သစ္စေ ပတိဋ္ဌာပယိ နေကသတ္တေ၊
တံ တံ တမေကဂ္ဂမနာ နမာမ။

၂။ သဒ္ဓါ ဝိဟီနာ စ နိဟီနပညာ၊
ဇိနဿ ဝါကျံ အနုပေက္ခမာနာ။
တဒညထာ ကစ္စ အတစ္ဆလဒ္ဓိ၊
ဝိရုဒ္ဓတာဂုံ ဇိနသာသနဿ။

၃။ သမာနဝါဒီဟိ ဝိဝါဒဇာတာ၊
သာမဂ္ဂိတံ သာသနသုဒ္ဓိတံ တေ။
ဘေဒါပယုံ မှေဟိ ဥပေက္ခိတဗ္ဗံ၊
တဿောဓနေ ကိန္တိ အယဉ္ဇ ယောဂေါ။

၄။ တသ္မာဟိ ဓမ္မံ ဝိနယဉ္စ အဇ္ဈေ၊
ဂန္ထေစ နိဿာယ ယထာ ပသတ္ထေ။
ဝိနိစ္ဆယော ဟောတိ တထေဝကျောက်ပုံ၊
တောရုတိဝါဒဿ တသညာဘာဝေ။

၅။ ဝိနိစ္ဆယံ ကုမ္မ ဣဒါနိ သာဓု၊
သော မြမ္မရဋ္ဌဿ သုသာသနဿ။
သုဒ္ဓျာစ သံဃဿ သမဂ္ဂဘာဝေါ၊
ပတ္ထမ္ဘဘာဝေန ဟိတံ ကရေ တု။

၁။ ယောသံဃော၊ ချမ်းသာပေးတတ် ကောင်းမြတ်အမှန် ဓမ္မက္ခန်များစွာ ထိန်းသိမ်းကာဖြင့် သာသနာပြု အမှုတော်ထမ်း စွမ်းအင်မကွာ အကြင်သံဃာ တော်မြတ်သည်။ယဿဇိနဿ၊ ငါးမာရ်အစုံ ရန်သူပုန်ကို အကုန်ပယ်နှင် အောင် ပွဲဆင်လတ် အကြင်ရှင်တော်မြတ်ဘုရား၏။ ယေနဓမ္မေန၊ သုတ္တန်တသီး ဝိနည်းတဖြာ အဘိဓမ္မာများစွာ အကြင်တရားရတနာဖြင့်။ အဓမ္မဝါဒေ၊ မတရားအချက် အမှားစွက်လျက် တရားဖျက်ရန် ပုန်ကန်ထကြွ ပေါ်လာကြ သည့် အဓမ္မအစားစား ဝါဒများတို့ကို။ အဘိန္ဒိဝ၊ သာသနာအတွက် အသက် ပေးကာ ပေါ်လာတိုင်းပင် အစဉ်နှိမ်နင်း ဖြိုခွင်းဖျက်ဆီးတော်မူခဲ့သည်သာ

တည်း။ နေကသတ္တေ၊ သိဉာဏ်ကင်းကြ အလင်းပလျက် ဓမ္မဘက်တွင် မသက်ဝင်ပဲ အမြဲမှောင်ကျ များပြားလှစွာ သတ္တဝါတို့ကိုလည်း။ သစ္စေ၊ ဘုရားမြတ်ဖန်ပွားအပ်မှန်သည့် ဉာဏ်ကစားကွက် အမှန်တရားဘက်၌။ ပတိဋ္ဌာပယိ၊ ဉာဏ်အဆင့်ဆင့် အမြန်ပွင့်လျက် မြင့်တက်စည်စေမှီမသေ့ တည်စေတော်မူခဲ့ပါပေပြီ။ (မယံ) ကျောက်ပုံဝါဒ အမေ့လားဓမ္မလားဟုဘုရားဓမ္မတရားအရဖြင့်ထောက်ပြသုံးသပ်ဆုံးဖြတ်ကြမည်ဖြစ်သောတပည့်တော်တို့သည်။ တံ၊ ထိုလွန်ထူးခြားသည့်တရားသခင်အောင်ပွဲရှင် မြတ်စွာဘုရားကိုလည်းကောင်း။တံ၊ ထိုအဓမ္မဖျက်လက်နက်တော်လား အများဖြာဖြာ တရားရတနာတော်မြတ်ကိုလည်းကောင်း။ တံ၊ ထိုအဓမ္မဖျက်လက်နက်ကိုင်စွဲ တိုက်ပွဲတိုင်းတွင် အောင်မြင်မှန်စွာ သံဃာတော်မြတ်ရတနာကိုလည်းကောင်း။ ဇကဂ္ဂမနာ၊ ဝိနိစ္ဆယအရာ အမြင်သာလျက်ပညာတိုးဘိ တည်ကြည်သောစိတ်ရှိကြကုန်သည်ဖြစ်၍။ နမာမ၊ ရတနာသုံးပါးဦးထိပ်ထားလျက် လေးစားကော်ရော် ပူဇော်မြတ်နိုး ရှိခိုးကြပါကုန်သည်ဘုရား။

၂။ သဒ္ဓါဝိဟိနာစ၊ မြတ်ဘုရားဂုဏ် တရားဂုဏ်၌ ယုံကြည်ကာပွား သဒ္ဓါတရားမှ ကင်းကွာကြကုန်သည်လည်းကောင်း။ နိဟီနပညာစ၊ ကျမ်းဂန်အရာလမ်းမှန်စွာဟု စဉ်လာမသိ ကင်းကွာသောပညာရှိကြကုန်သည်လည်းကောင်း။ (ဟုတွာ) ဖြစ်ကြကုန်၍။ ဗုဒ္ဓသ၊ သဗ္ဗညုဘွဲ့ အတုမဲ့ဟု ရှူဖွယ့်ဂုဏ်အင် ပေါ်လွင်ကျော်ကြား ရှင်တော်မြတ်ဘုရား၏။ ဝါဏီ၊ သတ္တသဗ္ဗညုနှ ဂုသစုံလင် ဂုဏ်အင်အားပေါ် တရားတော်ကို။ အနပေက္ခမာနာ၊ လမ်းမှန်မတွေး ကျမ်းဂန်ဝေးလျက် မလေးမစား အရေးမထားကြသူ ရှင်လူအပေါင်းတို့သည်။ တံ၊ ထိုတကယ့်ဉာဏ်လျှင် ပညာရှင်တို့ အစဉ်လေးစား အလေးထားအပ် တရားတော်မြတ်ကို။ အညထာ၊ ဘုရားအာဘော် လွန်ကျော်လွှားယူ ထူးမူခြားနားတမျိုးအားဖြင့်။ကစ္စ-ကရိတ္ဝာ၊ ဗုဒ္ဓလိုအင်လမ်းစဉ်မမူ အဆန်းထွင်ပြုကြကုန်၍။ အတစ္ဆလဒ္ဓိ၊ သူတော်ကောင်းများလမ်းမသွားပဲ တရားကင်းဘိမှားယွင်းသောအယူရှိကြကုန်သည်ဖြစ်၍။ဇိနသာသနဿ၊ချမ်းသာဖို့ရေး အအေးဓာတ်ကို ပေးအပ်စင်စစ် တခေတ်တခါ ပေါ်လာထူးခြား ဘုရားမြတ် သာသနာတော်ကြီး၏။ ဝိရုဒ္ဓ တံ၊ဗြဟ္မာလူနတ်ထွတ်အမြတ်ထားဘုရားအဆုံးအမ မသုံးကြ၍မိုက်လှအမြင်မသန့်စင်အယူ ဆန့်ကျင်သူတို့အဖြစ်သို့။ အာဂုံ၊ သာသနာနှင့်ဝေးရ ဗုဒ္ဓနှင့်ခြားတရားနှင့်ကွာ သံဃာနှင့်ဝေး ဘေးခိုက်ဒိုကြုံ ဆိုက်ရောက်ကြရလေကုန်တော့သတည်း။

၃။ တေ၊ အယူဆန်းပြား လမ်းအမှားဖြင့် တရားကျမ်းဂန် လမ်းဒမှန်ကိုဖောက်ပြန်ယူဆ အဓမ္မဝါဒီဆို ထိုပုဂ္ဂိုလ်တို့သည်။ သမာနဝါဒီဟိ၊ ဘုရားလိုကျ

မူအရဖြင့် တူမျှအယူ ရှိသည့်ဖြစ်ကြသည့် သမာနဝါဒီပုဂ္ဂိုလ်တို့နှင့်။ ဝိဝါဒ-ဇာတာ၊ မိစ္ဆာဝါဒ အမှေ့ကို သမာနမည် ဝါဒီတို့က သာသနာ့နောင်ရေး မြော်တွေးထောက်ဆ တိုက်ဖျက်ကြယင်း အငြင်းအခုန် ဖြစ်ကြကုန်လျက်။သာမဂ္ဂိတံ၊ အယူမပြား တသားထဲတူ ရှေးမူသဘော လူရေရှင်ပါ အေးမေတ္တာဖြင့် ညီညာ ရှိုင်းပင်း ညီညွတ်ခြင်းကိုလည်းကောင်း။ သာသနသုဒ္ဓတံ၊ ဂိုဏ်းပေါင်းစုံသံဃာ့ ပြည်ထောင်စုအစိုးရတို့ တောင့်တမြော်တွေး သာသနာ့သန့်ရှင်းရေးကိုလည်း ကောင်း။ ဘေဒါပယံ၊ ရှင်တော်ဗုဒ္ဓ လိုမကျသည့် ဝါဒသီးသီး အနည်းနည်းပြ ဖျက်ဆီး ကြလေကုန်ပြီ။ အမေ့ဟိ၊ သံဃာ့အစိုးရ လိုလားကြသည့် သမဂ္ဂရေး သန့်ရှင်းရေးကို မြော်တွေးရည်မြင် ဤအရှင်တို့သည်လည်း။ တဿောမနေ၊ ထို သံကိုမှီလျက် သံချေးတက်သို့ ပေါ်ထွက်၍လာ မိစ္ဆာဝါဒ အမှေ့ကို လှုလှုနှိမ်နင်း သုတ်သင်ခြင်း၌။ ကိံ ဥပေက္ခိတဗ္ဗံ၊ သာသနာ့အရေး ကိုယ့်အရေးမို့ အလေး မပြု လျစ်လျူရှုသင့်ပါအံ့နည်း။ ဣတိ၊ ဤသို့ စိတ်ထားတူမျှ သဘောရကြကုန် သည်ဖြစ်၍။ အယံ ယောဂေါ၊ ဝိနည်းမိုရ်များ နိုးကြားမကင်း ဤကြိုးစားခြင်း သည်။(ဟောတိ)ဟိ ဟောတိ ဧဝါယာခုဤအခါ ဖြစ်ပေါ်လာရသည်သာတည်း။

၄-၅။ တသ္မာဟိ တသ္မာဧဝ၊ သာသနာ့နောင်မည့်သူ အရေးတိုးဖို့ နိုးကြား အပြု ကြိုးစားမှုဖြစ်သာရသောကြောင့်ပင်။ ဓမ္မံ စ၊ ဝေါဟာရတရုပ် ပရမတ္ထ တဖြာ ဒေသနာနှစ်တန် ကျမ်းဂန်အစားစားကိုလည်းကောင်း။ဝိနယဉ္စ၊မြတ်စွာ ဘုရားအာဏာ ဒေသနာအသီးသီး ဝိနည်းကျမ်းဂန်ကိုလည်းကောင်း။ အဇ္ဈေ၊ ဓမ္မဝိနယ ကျမ်းမှပြားတုံ တပါးကုန်သော။ ဂန္ထေ စ၊ ဂန္ထန္တရ လမ်းမှန်ပြသည် ကျမ်းဂန်အဝဝတို့ကိုလည်းကောင်း။ နိဿာယ၊ မှန်ကန်ဖို့ရည် အတည်တခု အမှီပြုကြကုန်လျက်။ ယထာ၊ ရှုသူတိုင်းပင် အမြင်ရှင်းစရာ အကြင်အခြင်းအရာ ဖြင့်။ ကတေ၊ အလေးထား၍ ရေးသားပြုပြင် စီရင်အပ်သည်ရှိသော်။ ပသတ္ထော၊ ပညာသုတ ရဖို့ချင့်မြော် အခွင့်ပေါ်၍ သင့်လျော်ကောင်းမြတ် ချီး မွမ်းအပ်သော။ ဝိနိစ္ဆယော၊ ကျောက်ပုံဝါဒ အဓမ္မလော ဓမ္မလောဟု ဖော်ပြော ထုံးမှတ် အဆုံးအဖြတ်သည်။ ဟောတိ၊ ဝိနည်းမိုရ်များ အမြင်အားဖြင့် တရား နည်းကျ ဖြစ်လာရပါပေ၏။ တထော၊ ချီးမွမ်းပေအပ် ဆုံးအဖြတ်ဟု ထုံးမှတ် သွင်းလာ ထိုအခြင်းအရာဖြင့်သာလျှင်။ ကျောက်ပုံတောရာတိဝါဒဿ၊ကျောက် ပုံတောရ နာမကိုယူ မူတဖြာပြ အယူဝါဒ၏။ တထညာဘာဝေ၊ ဘုရားအလို ထိုထိုအဋ္ဌကထာ ဋီကာအတန်တန် ဂန္ထန်အရ လမ်းမှန်ကျမကျသည်၏အဖြစ်၌။ ဝိနိစ္ဆယံ၊ ပါဠိအဋ္ဌကထာ ဋီကာအတန်တန် ဂန္ထန်အရ လမ်းမှန်ကျသောအဆုံး အဖြတ်ကို။ ဒါနိ ဣဒါနိ၊ ရတနတ္တယ ပဏာမဖြင့် သာလှအမှုလာ ကာလ ယခု အခါ၌။သာဓု၊ ဆန္ဒာ ဒေါသာ မိုက်မောဟာနှင့် ဘယာဂတိ မငြိမလာ မေတ္တာ ရှေ့ထား တရားရှုကာ ကောင်းမွန်စွာ။ကုမ္မ-ကရောမ——

အတ္တတ္ထာယော ဝါယာမော၊ နာယံ မမ ကုဒါစနံ။

သမ္ဗုဒ္ဓ သာသနဿေဝ၊ ဌပနာယ အယံ မမ—

ဒုဋ္ဌဂါမဏိ မင်း၏စကား အတူထားလျက် ဘုရားသာသနာ ကြီးပွားရာကို အာသာတောင့်တ ပြုစီရင်ကြပါကုန်အံ့။ သော ဝိနိစ္ဆယော၊ ထိုကျောက်ပုံပါဒ ဝိနိစ္ဆယသည်။ မြမ္မရဋ္ဌဿ၊ သာသနာ့အမွန် တံခွန်လွင့်ထား ထင်ရှားကျော် မော် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏။ သုသာသနဿ၊ ယခုဖြစ်အင် တခေတ်ထွင်လျက် သစ်လွင်စန်းပွင့် တခန်းဖွင့်၍ တန်းမြင့်တက်လာ ကောင်းမြတ်သော သာသနာတော်ကြီး၏။ သုဒ္ဓျာစ၊ မိစ္ဆာဝါဒ အမှေ့တို့ လုံးဝ ကင်းကင်း သန့်ရှင်းခြင်းငှာလည်းကောင်း၊ သံဃဿ၊ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာ့ဗဟိုခွင် အသရေလွှင် အရှင်ရဟန်းအပေါင်းတို့၏၊ သမဂ္ဂဘာဝေ၊ အယူသီလ တူညီမျှလျက် ဆက်ဆက်နှော၊မီးညီညွတ်သည်၏အဖြစ်၌။ ဥပတ္ထမ္ဘက-ဘာဝေန စ၊ တတပ်တအားအနေအားဖြင့် ထူးခြားမြှောက်ပင့် အထောက်အမ အဖြစ်ဖြင့်လည်းကောင်း။ဟိတံ၊ တဆင့်တဆင့် မြင့်မြင့်ကြီးမား အစီးအပွားကို။ ကရောတု၊ မိမိစွမ်းအင် တခန်းဆင်လျက် အစဉ်ကွန့်ကွန့် အစွန့်ရှည်ကြာပြုနေပါ စေသတည်း။

# နိဒါန်း

## သဗ္ဗညုတာ ဉာဏ်တော် အစွမ်း(၃)ပါး

ဉေယျံ သဗ္ဗံ ပဇာနာတိ၊ သဗ္ဗညုတာယ နော ဇိနော။

ဒေသေတဗ္ဗပကာရဉ္စ၊ အာသယဉ္စာပိ ပါဏိနံ။

နောဇိနော၊ မာရ်အပ္ပဲပဲ အောင်လံစွဲလျက် အောင်ပွဲဆင်ယင် တို့အရှင်မြတ်ဘုရားသည်။ သဗ္ဗညုတာယ၊ ဉာဏ်အမြင်မှာ မယှဉ်သာ၍ ပညာရှိတွင် ထွတ်ဖူးရှင်ဟု မှတ်တင်အပြု သဗ္ဗညုဒ္ဓဉာဏ်တော်ဖြင့်။ သဗ္ဗံဉေယျံ၊ ပရမတ် ပညတ် အရပ်ရပ်အဖုံဖုံ ဆုံးမကုန်အစားစား အလုံးစုံသော ဉေယျတရားကို လည်းကောင်း။ ဒေသေတဗ္ဗပကာရဉ္စ၊ သဒ္ဒါအချက်ချက် အနက်အသီးသီး နည်းအသွယ်သွယ် ပရိယာယ်ပေါလှ သဘောကုံခြယ် ဟောပြဖွယ်အဖုံဖုံ နည်းမျိုးစုံကိုလည်းကောင်း၊ ပါဏိနံ၊ စိတ်ထားမတူ အမှုပြားလတ် ဇာတ်အဖြာဖြာ သတ္တဝါဝေနေယျတို့၏။ အာသယဉ္စာပိ၊ နှလုံးသွင်းထိုထို အလိုအကြိုက် စရိုက်အမျိုးမျိုး ကောင်းဆိုးအတန်တန် မှတ်ရန်အစားစား ဓာတ်ခံအများကိုလည်း ကောင်း။ ပဇာနာတိ၊ ရှေ့လက်တင်ထား ပတ္တမြားမျက်ရှင် ပုံဟန်ထင်သို့ ဉာဏ်တွင်အတိပေါ် အမှန်မြင်သိတော်မူပါပေ၏။

ရတနာ့အတုမရှိ မုနိထွတ်တင် ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတာဉာဏ်တော် မြတ်ကား စွမ်းအားသုံးသွယ် ပြည့်ကြွယ်အတိ တကယ်သိနိုင်မြင်နိုင်စွမ်းရှိသော အသာဓာရဏ ဗုဒ္ဓဉာဏ်တော်မြတ်ကြီးဖြစ်ရာ ဤဉာဏ်တော်မြတ်ကြီးကြောင့် ရှင်တော်မြတ်ဘုရားမှာ သတ္တဝါတို့ အကျိုးစီးပွားကို ထူးခြားအောင် ရွက်ဆောင်တော်မူနိုင်ပါပေ၏၊

သဗ္ဗညုတာခေါ် ထိုဉာဏ်တော်ကြီး၏ အစွမ်း ၃-ပါးမှာ —

၁။ တရားအလုံးစုံကို အကုန်သိတော်မူခြင်း။

၂။ ဟောပြမည့်တရား အသီးသီး၌ ဝေနေယျတို့ သိလွယ် မြင်လွယ် နှစ်သက်ဖွယ် နာချင်ဖွယ်ဖြစ်အောင် ဆင်နည်းပြင်နည်းကိုသိတော်မူခြင်း။

၃။ ဝေနေယျတို့၏ အလိုအဇ္ဈာသယကို သိတော်မူခြင်းတို့ပင် ဖြစ်ပေသည်။

## ကောင်းချီးပေးကြသည်

အစွမ်း ၃-ပါးနှင့်ပြည့်စုံသော ဗုဒ္ဓရှင်တော်မြတ်၏ သဗ္ဗညုတာဉာဏ်တော်ကြီးကား တရားဟောကြားပြသရာ၌ သတ္တဝါတွေ ကျေနပ်နှစ်သက်အားရမှုကို အပြည့်အဝပေးနိုင်လောက်အောင် အစွမ်းထက်မြက်လှပါပေ၏၊ လက်ထက်တော်က ရှင်တော်မြတ်ဘုရား နာကြားရသော ပုဂ္ဂိုလ်တို့မှာ လွန်စွာအားရကျေနပ်ကြ၍ –

> အဘိက္ကန္တံ ဘန္တေ အဘိက္ကန္တံ ဘန္တေ၊ သေယျထာပိ ဘန္တေ နိက္ကုဇ္ဇိ-
> တံ ဝါ ဥက္ကုဇ္ဇေယျ၊ ပဋိစ္ဆန္နံ ဝါ ဝိဝရေယျ၊ မူဠှဿ ဝါ မဂ္ဂံ အာစိက္ခေယျ၊
> အန္ဓကာရေ ဝါ တေလပဇ္ဇောတံ ဓာရေယျ၊ စက္ခုမန္တော ရူပါနိ ဒက္ခန္တီ-
> တိ၊ ဧဝမေဝ ဘဂဝတာ အနေကပရိယာယေန ဓမ္မော ဒေသိတော။
> (ဒီ၊၁။၈၀)

မြတ်စွာဘုရား အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ရှင်တော်မြတ်ဘုရား အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ မှောက်ထားသောအရာဝတ္ထုကို လှန်ပြသကဲ့သို့လည်းကောင်း ဖုံးထားသောဝတ္ထုကို ဖွင့်ဖော်ပြသကဲ့သို့လည်းကောင်း လမ်းမှားနေသူကို လမ်းညွှန်ပြသကဲ့သို့လည်းကောင်း မျက်စိအမြင်ရှိသူတို့ အဆင်းတို့ကိုမြင်ကြရလိမ့်မည်ဟု မှောင်ထဲ၌ ဆီမီးကို ညှိထွန်းရာသကဲ့သို့ လည်းကောင်း ထို့အတူ ရှင်ဘော်မြတ်ဘုရားသည် များပြားလှစွာသော အကြောင်းပရိယာယ်အားဖြင့် တရားတော်ကို ဟောတော်မူအပ်ပါပေ၏။

ဤကား တရားတော်ကို ကျေနပ်အားရသောအခါ အများသုံးချီးကျူးစကား ဝေါဟာရတရပ်ဖြစ်၏၊ ရှင်တော်မြတ်ဘုရား၏တရားမှာ ဤသို့ပင် တရား၌ ကျေနပ်မှုရသောအခါ ဆိုခဲ့ပြီး နှစ်သက်ကျေနပ်မှု ဝေါဟာရအသုံးဖြင့် ရွှင်ပြုံးအားရ ချီးကျူးကြမဲ့ဖြစ်ပါသည်။

## ချီးကျူးမှုတရပ်

ဂဏကမောဂ္ဂလ္လာန ပုဏ္ဏားကြီး ဘုရားရှင်၏ အနုပုဗ္ဗ သိက္ခာတရားတော်ကို ကြားနာရသောအခါ လွန်စွာအားရကျေနပ်လှ၍ ချီးကျူးလျှောက်ထားသော စကားတို့တွင် အောက်ပါစကားတရပ် ပါဝင်ခဲ့၏။

> သေယျထာပိ ဘော ဂေါတမ ယေ ကေစိ မူလဂန္ဓာ၊ကာလာနုသာရိ
> တေသံ အဂ္ဂမက္ခာယတိ။ယေ ကေစိ သာရဂန္ဓာ၊လောဟိတစန္ဒနံ တေသံ
> အဂ္ဂမက္ခာယတိ။ ယေ ကေစိ ပုပ္ဖဂန္ဓာ၊ ဝဿိကံ တေသံ အဂ္ဂမက္ခာယတိ။
> ဧဝမေဝ ဘောတော၊ ဂေါတမဿ ဩဝါဒေါ ပရမဇ္ဇဓမ္မေသု။(မ၊၃။၅၇)

အရှင်ဂေါတမ အမြစ်နှံ့သာမှန်သမျှတို့တွင် အကျော်ကို အမြတ်ဆုံး အကောင်းဆုံးဆိုအပ်သကဲ့သို့လည်းကောင်း၊

အနှစ်နှံ့သာ မှန်သမျှတို့တွင် စန္ဒကူးနီကို အမြတ်ဆုံး အကောင်းဆုံးဆိုအပ်သကဲ့သို့လည်းကောင်း၊

ပန်းနှံ့သာမှန်သမျှတို့တွင် မြတ်လေးပန်းအနံ့သည် အမြတ်ဆုံးအကောင်းဆုံး ဖြစ်သကဲ့သို့လည်းကောင်း၊

ထို့အတူ ယနေ့ခေတ်ပေါ်တရားမှန်သမျှတို့တွင် အရှင်ဂေါတမ၏ ဩဝါဒ တရားသည် အကောင်းဆုံး အမြတ်ဆုံးဖြစ်ပါတော့သည်။

## ချီးကျူးထိုက်ပါသည်

ထိုခေတ်ကချီးကျူးခဲ့ကြသည်မှာ တကယ်ချီးကျူးထိုက်၍ ချီးကျူးကြခြင်း လောဆိုသည်ကို ယခုခေတ်ထင်ရှားနေသော ဗုဒ္ဓတရားတော်များက ထင်ရှားပြ လျက်ရှိပါသည်။

သတ္ထ သဗျဉ္ဇန ကေဝလ ပရိပုဏ္ဏဟု ဂုဏ်တင်ခံရသော ဘုရားတရားတော် များ၌ သဒ္ဒ အတ္ထ အရသာ သာယာဖွယ်ခံစားရသော ယခုခေတ် ဗုဒ္ဓတပည့် သာဝကတို့မှာလွန်စွာအားရကျေနပ်ကြရ၏၊အဘယ်မှာအားမရမကျေနပ်ပဲရှိကြ ပါအံ့နည်း။

ဤတရားလေ့လာရလျှင်—

လဘတိ အတ္ထ ဝေဒံ လဘတိ ဓမ္မဝေဒံ လဘတိ ဓမ္မူပသံဟိတံ ပါမောဇ္ဇံ။ (မ၁။၄၀၀)

အရ အနက်သိရ တရားသိရ တရားနှင့်စပ်သော ဝမ်းမြောက် အားရမှုများကို ရှင်တော်မြတ်တရားက ပေးစွမ်းနိုင်ပါသည်။

## အားလုံးလက်ခံသလော

အရသာရှိ၍ မွန်မြတ်သော အစားအစာ စားရသုံးရသူမှာ လွန်စွာနှစ်သက် အားရ ရွှင်ပျဝမ်းသာရသော်လည်း သည်းခြေနာရှိသူအဖို့ ထိုအရသာ အစား အစာမှာ ခါးနေလျက် မနှစ်သက်ဖြစ်ရသေး၏၊ ထို့အတူ သဒ္ဓါတရားရှိသူပုဂ္ဂိုလ် များအတွက် နှစ်သက်ဖွယ်ဖြစ်ရသော မြတ်စွာဘုရားဓမ္မတို့မှာ သဒ္ဓါနည်းပါး ပညာအားသေးသူများအဖို့ ဒေါသဓာတ်ခံရှိ၍ ချိုသောအရသာ ခါးရသလို တရားအရသာမတွေ့ ငြီးငွေ့ ရ၏။

ဗုဒ္ဓတရားတော်များမှာ ထိုသို့သောအရသာမတွေ့ ငြီးငွေ့ဆန့်ကျင်သူတို့၏ ထိုးနှက် ဖျက်ဆီးမှုကို မကြာမကြာကြုံခဲ့ရပါသည်၊ တရားတော်ကို အသက်ပမာ လွန်စွာမြတ်နိုးတော်မူကြသော အရှင်မဟာကဿပစသော မထေရ်မြတ်ကြီး များရှိသလို တဖက်က သုဘဒ္ဒလိုတရားအံတုခဲ့သော ပုဂ္ဂိုလ်ဆိုးများရှိခဲ့ပါသည်။

နောင်အခါ တရားတော်ကို နည်းအမျိုးမျိုးဖြင့် ဖျက်လာကြသော အဓမ္မဝါဒတွေပေါ် ပေါက်လာခဲ့ရာ သာသနာ၌ ကြီးစွာသောအန္တရာယ်တွေ မကြာမကြာ ကြုံခဲ့ရပါပေ၏။

## သံဃာ့ကျေးဇူး

ဘဂဝတော အပရာဘဝေ ဗုဒ္ဓမမ္မ ရတနာနုမ္ပိ သမဓိဂမော သံဃ ရတနာဝ်နော။ (ဒီ၊ဋ္ဌိ၊၁။၂၃)

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးရာ နောက်အခါ၌ ဘုရားတရားရတနာ တို့ကို သိရခြင်းသည် သံဃာ့ရတနာနှင့်ဆက်စပ်နေသည်။

ဤအဆိုအရ သာသနာ့အန္တရာယ်တွေ ဘယ်မျှကြုံရကြုံရ ထိုအန္တရာယ်တွေကို နှိမ်နင်းတိုက်ဖျက်လာ၍ ဗုဒ္ဓတရားတော်တွေ မပျောက်မပျက်ရလေအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်မှာ သံဃာတော်သာဖြစ်ပါ၏။

နှောင်းခေတ်လူရှင်များ ဘုရားသိရ တရားသိရ ကျင့်ကြံနေရသည်မှာ အဆက်ဆက် ဆင်းသက်လာသော သံဃာရတနာ၏ ကျေးဇူးပင်၊ ဤ သံဃာတော်များ၏ စွမ်းဆောင်ချက်အရ ပဌမသံဂါယနာမှ ဆဋ္ဌသံဂါယနာ အထိ သံဂါယနာများ ထင်ရှားပေါ်လာရခြင်း ဖြစ်ပါသည်။

## ဘုရားရှင် ကျေးဇူးလဲဆိုရ

သံဂါယနာ အတန်တန်တင် ကွယ်ကာစောင့်ရှောက်ခဲ့သော ဗုဒ္ဓတရားတော် တွေ ယနေ့အထိ တည်ရှိအောင် စွမ်းဆောင်နိုင်ခဲ့သော သံဃာတော်တို့၏ အစွမ်းကို ဘုရားရှင်ကိုယ်တိုင်ကလည်း ယုံကြည်အားကိုးပြီး ဖြစ်ခဲ့၏။

ပထမပဉ္စဝဂ္ဂီငါးဦးကစ သံဃာ့အဖွဲ့အစည်းကြီး တစတစ တည်ထောင်ခဲ့သည် မှာ မျက်မှောက်ခေတ် သာသနာ့ကြီးပွားရေးသာမက နှောင်းခေတ်အဆက်ဆက် သာသနာကြီးပွားရေးကိုလည်း မျှော်လင့်တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

အရှင်မဟာကဿပ မထေရ်ကြီးကို အသာခရဏ အနုဂ္ဂဟဖြင့် ချီးမြှောက် ခြင်း၊ ကိုယ်တော်မြတ်အား သက်န်းလှူလာသော မိထွေးတော် ဂေါတမီအား "သံဃေ ဂေါတမိ ဒေဟိ" ဟု သံဃာလှူဖို့ တိုက်တွန်းခြင်းများမှာ နောင်အခါ

သံဃာ၏ အခန်းကဏ္ဍက လွန်စွာအရေးပါ သာသနာကြီးပွားကြောင်း ဖြစ်လိမ့်မည်ဟု မြော်မြင်တော်မူသောကြောင့် ဖြစ်၏၊ ဤမြော်မြင်ချက်မှာ လွန်စွာမှန်ကန်သော မြော်မြင်ချက်ဖြစ်ပါပေ၏။

ယနေ့ မိမိတို့ ဘုရားသိရ တရားသိရ သံဃာတွေမြင်နေရသည်မှာ သံဃာ့ကျေးဇူးဆိုသော်လည်း ဘုရားရှင်၏ မျှော်လင့်ချက် တောင့်တချက် စီမံချက်ကိုလည်း ထည့်တွက်နိုင်ဖို့ လိုသေးရာ ဘုရားကျေးဇူးတော်ဟုလည်း ဆိုရပါပေသည်။

## လူထုနှင့် အစိုးရကျေးဇူး

သာသနာ အရှည်တည်တံ့ရာ၌ သံဃာ့ကျေးဇူးသာမက အထူးကျေးဇူးများသော ကျေးဇူးရှင်များလည်း ရှိကြသေး၏၊ သူတို့ကား ဗုဒ္ဓမာမက ဥပါသကာ ဥပါသိကာ ဒကာ ဒကာမများပင် ဖြစ်ကြ၏၊ သူတို့တတွေ အကူအညီကြောင့်လည်း သာသနာကောင်းစွာ ပြုနိုင်ခဲ့ကြ၏။

အထူးသဖြင့် တိုင်းပြည်အစိုးရမင်းတို့ ဖြစ်ကြ၏၊ တကယ်သာသနာ့ဘေးရန် ပေါ်ပေါက်လာသောအခါ သံဃာက ဓမ္မဖြင့်သာ ပြုနိုင်၍ ဓမ္မသက်သက်ဖြင့် မတတ်နိုင်သော အရာများလည်း ရှိတတ်ရာ ထိုအခါ အစိုးရမင်းတို့အကူအညီရယူရမြဲဖြစ်၏။

ယခုခေတ် မြန်မာ့သာသနာကား တခေတ်ဆန်းခဲ့ပြီဖြစ်၏၊ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် အစိုးရ အကူအညီဖြင့် နိုင်ငံတော်သံဃာ မဟာနာယကစသော အဖွဲ့အစည်းများမှာ သံဃာ့ကိစ္စများ၌ အာဏာရှိရှိဆောင်ရွက်နိုင်ကြပြီဖြစ်ရာ ယခင်က မဖြေရှင်းနိုင်ခဲ့သော အဓမ္မဝါဒများကို ဖြေရှင်းနိုင်ခဲ့၏၊ တစတစ အဓမ္မတို့ လုံးဝပျောက်ကွယ်ဖို့ရာ မျှော်လင့်ချက် ရလာကြ၍ ဝမ်းမြောက်ဖွယ်ပင် ဖြစ်ပါပေသည်၊

## အဓမ္မဝါဒ ပေါ်လာရခြင်းအကြောင်း

သာသနာထွန်းကားသော မြန်မာနိုင်ငံလို နိုင်ငံမျိုး၌ အဓမ္မဝါဒဆိုသည်မှာ ပေါ်လာစရာပင်မသင့်တော့ဟု ဆိုဖွယ်ရှိပါ၏၊သို့သော် ဘုရားရှင်လက်ထက်တော်ကပင် အဓမ္မဝါဒများ ထင်ရှားပေါ်ပေါက်လျက်ရှိခဲ့ရာ၊ ဘုရားရှင် ပရိနိဗ္ဗာန်စံပြီး နောက်အခါက ဆိုဖွယ်ရာမရှိ၊ ဝါဒပေါင်းများစွာဖြင့် သာသနာကို ဖျက်လိုဖျက်ဆီးပြုခဲ့သည်များမှာ သာဓကအထင်အရှားပင် ဖြစ်ပါသည်၊ ဘုရားတရားတော်ကား မှန်လည်းမှန် အနှစ်သာရလည်းရှိသော တရားဖြစ်၏။

သို့သော် ယခင်ကပြောခဲ့သလို မိမိကသဒ္ဓါမရှိ၍ မှန်မြတ်သောအစာမှာ ရောဂါကြောင့်ခါးရသလို တမျိုးထင်လိုကြရင်းမှ ဤဝါဒဖြစ်ပေါ်လာရခြင်း ဖြစ်၏၊ ထင်ပေါ်လို ကျော်စောလို အခြေအရံပေါများလိုသော လာဘ သက္ကာ-ရ သိလောကဘာ မတာစသည်မှ ဖြစ်ပွားလာသည်ဟု ဆိုရမည်ဖြစ်ပါ၏။

အောက်ပါ အဋ္ဌကထာက ဤအချက်ကို ပြလျက်ရှိ၏—

တတ္ထ ယံကိဉ္စိ ကော် အဓမ္မကောဋ္ဌာသံ ဂဟေတွာ "ဣမံ အဓမ္မံ ဓမ္မော-တိ ကရိဿာမ၊ ဧဝံ အမှာကံ အာစရိယကုလံ နိယျာနိကံ ဘဝိဿတိ၊ မယဉ္စ လောကေ ပါကဋာ ဘဝိဿာမာ"တိ တံ အဓမ္မံ "ဓမ္မော အယ"န္တိ ကထယန္တာ အဓမ္မံ ဓမ္မောတိ ဒီပေန္တိ နာမ တထေဝ ဓမ္မကောဋ္ဌာသေသု စ ကော် ဂဟေတွာ အယံ အဓမ္မောတိ ကထေန္တာ ဓမ္မံ အဓမ္မောတိ ဒီပေန္တိ နာမ။

(ဝိ၊ဋ္ဌ၊၄။၁၁၄)

ထိုဓမ္မ အဓမ္မနှစ်ပါးတို့တွင် အလုံးစုံသော ဓမ္မအဖို့ တခုခုကိုယူ၍ ဤ အဓမ္မကို ဓမ္မဟုပြုကြအံ့၊ ဤသို့ပြုကြသည်ရှိသော် ငါတို့ဆရာ၏ အမျိုးသည် ဆန့်ကျင်ဘက်မှ ထွက်မြောက်နိုင်လိမ့်မည် (အမြတ်ဆုံးဖြစ်လိမ့်မည်)၊ ငါတို့ လည်း လောက၌ ထင်ရှားကျော်ကြားသူတို့ ဖြစ်ကြလိမ့်မည်ဟု ထိုအဓမ္မကို ဤ ကား ဓမ္မတည်းဟု ပြောကြကုန်သောသူတို့သည် အဓမ္မကို ဓမ္မဟု ပြသူတို့ မည် ကုန်၏။

ထို့အတူ တရားအဖို့တို့တွင်လည်း တခုကိုယူ၍ ဤကား အဓမ္မဟုပြောကြ သူတို့သည် ဓမ္မကို အဓမ္မဟု ပြကြသူတို့မည်ကုန်၏။

## ခက်ခက် ခဲခဲ သုံးသပ်ရ

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က ဓမ္မစက်ဖြင့်လည်းကောင်း ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရကအာဏာစက်ဖြင့် လည်း ကောင်း ပယ်ဖျက်ဆုံးဖြတ်ခံရသော ဝါဒများမှာ—

၁။ ကျောက်သဘော်ဝါဒ၊

၂။ လူသေလူဖြစ်ဝါဒ၊

၃။ ကြောင်ပန်းတောရဝါဒ—

ဟု သုံးဝါဒရှိခဲ့ရာ ယခု ကျောက်ပုံဝါဒအတွက် စိစစ်ဖို့အလှည့် ရောက်ခဲ့ သည့်အတိုင်း နိုင်ငံတော်အမှတ် (၄) သီးခြားဝိနည်းဓိုရ်အဖွဲ့ကို နိုင်ငံတော်သံဃ-မဟာနာယကအဖွဲ့က ဖွဲ့ပေးခဲ့ရာ မိမိတို့တာဝန် ကျရောက်လာခဲ့၏။

အာဂတော ဘာရော အဝဿံ ဝဟိတဗ္ဗော—

အရ တာဝန်ရှိသည့်အတိုင်း စစ်ဆေးသုံးသပ်ခဲ့ကြ၍၊ ကျောက်ပုံဝါဒမှာ ပင်ကိုယ်က သာမညကဲ့လွဲချက်မျှသာဟု ထင်မှတ်ခဲ့သော်လည်း တကယ်စစ်ဆေး စိစစ်သုံးသပ်ကြရသောအခါ များစွာသော အရာတို့၌ ပါဠိ အဋ္ဌကထာဋီကာအဆိုနှင့် ကွဲပြား အများအယူအဆနှင့် မတူ တမူခြားနား ဆန်းပြားလျက်ရှိသောအယူအဆများဖြင့် ရောပြွမ်းလျက်ရှိခဲ့ရာ မိမိတို့ အလွန်သတိကြီးစွာ ထားလျက် သုံးသပ် စိစစ်ခဲ့ကြရပါသည်။

ထိုသို့ ဟောပြောချက် ရေးသားချက်များ၌ မပေါ်လွင် မထင်ရှား ရှုပ်ထွေးသော အရေးအသား အပြောအဆိုများ ပြည့်လျက်ရှိနေရာ သူတို့အာဘော်ကို အတော်နားလည်အောင် ကြည့်ခဲ့ကြရပါသည်။

ဤနေရာ၌ ကျောက်ပုံဝါဒ၏မူလပဘာဝ ကျောက်ပုံဦးစံရင်း၏ အကြောင်းအရာကို ဖော်ထုတ်တင်ပြဖို့ရာ အခွင့်ရှိသော်လည်း စောဒကဆရာတော်များက ထိုက်သင့်သမျှ တင်ပြပြီးဖြစ်၍ မိမိတို့က တင်ပြမှုမပြုကြတော့ပါ။

ယခု စောဒကတို့ တင်ပြချက် များကိုသာ ကွက်ပြီး သုံးသပ်ခဲ့ကြသည် ဖြစ်ရာ စောဒကများ စောဒနာမတင်ခဲ့သော ထူးဆန်းသော အယူအဆပေါင်းများစွာပင် ကျန်ခဲ့ပါသေးသည်။

## ဝိနည်းဓိုရ်များဆောင်ရွက်ပုံ

အမှတ်(၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့သည် စောဒနာ၊ သောဓနာများကို ကြားနာကြပြီးနောက်—

အတုရိသေန ဘဝိတဗ္ဗံ အသာဟသိကေန။

လျင်လျင်မြန်မြန် အဆောတလျင် ပြုလုပ်သူ မဖြစ်ရ။ (ဝိ၊၅။၂၈၈)

ဟူသော ပါဠိတော်နှင့်အညီ—

အဆောတလျင် ဆုံးဖြတ်ခြင်း မပြုမူ၍ စောဒနာ သောဓနာများကို သေချာစွာ ဖတ်ကြားလေ့လာခြင်း၊ သက်သေခံအဖြစ် တင်ပြထားသော စာအုပ် စာတမ်း တိပ်ခွေများကို ကြည့်ရှုနားထောင်ခြင်းဖြင့် လည်းကောင်း သုံးသပ်ချက်များကို အသီးသီး တာဝန်ယူရေးသားခြင်း၊ စုံပေါင်းညှိနှိုင်းခြင်းဖြင့်လည်းကောင်း နှစ်လကျော်ခန့် အချိန်ယူကာ ကြိုးစားခဲ့ရပါသည်။

ဝိနိစ္ဆယချုပ်မှတ်ရာ၌—

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊
ယော ဓမ္မံ နာတိဝတ္တတိ။
အာပူရတိ တဿ ယသော၊
သုက္ကပက္ခေဝ စန္ဒိမာ။ (ဝိ၊၅။ ၂၉၆)

ချစ်ခြင်း မုန်းခြင်း ကြောက်ခြင်း တွေဝေခြင်းဖြင့် တရားကို မလွန်သောသူ၏ ကျော်စောခြင်းမှာ လဆန်းပက္ခ စန်းဒေဝလပမာ ပြည့်ဝလာခဲ့ရပေသည်—

ဟူသော ဒေသနာတော်အရ—

ဆန္ဒဒေါသ မောဟ ဘယာ လေးဖြာအဂတိ လိုက်စားခြင်းမရှိခဲ့ကြ၊ "ဓမ္မဂရုကေန ဘဝိတဗ္ဗံ နေဝ အာမိသ ဂရုကေန" တရားကိုသာ အလေးပြုသူ ဖြစ်ရမည်၊ အာမိသ လာဘ်လာဘကို အလေးပြုသူ မဖြစ်ရ ဟူသော ဒေသနာတော်ကို ထောက်ရှု၍—

သာသနာတော်၏ သန့်ရှင်း တည်တံ့ ပြန့်ပွားမှုကိုသာလျှင် အလေးဂရုပြုခဲ့ကြပါသည်။

မည်သည့်ဓောဒက စုဒိတကတို့၏ မျက်နှာကိုမျှ မထောက်ထား ဘုရားမျက်နှာတော်သာ ထောက်ထားလျက်—

ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ။ (ဒီ၊၂။၁၂၆)

အာနန္ဒာ သင်တို့အား ငါဘုရား ဓမ္မကိုလည်းဟောအပ်ပြီ၊ ဝိနည်းကိုလည်း ပညတ်အပ်ပြီ၊ ထိုဓမ္မဝိနယသည် ငါဘုရား ပရိနိဗ္ဗာန် စံလွန်သောအခါ သင်တို့ဆရာ ဖြစ်လိမ့်မည်။

သုံးလောကထွတ်ထား ဘုရားရှင်၏ ဤမှာတမ်းဒေသနာ ဦးထိပ်မှာထားကြလျက် ပိဋကသုံးဖြာ ထေရဝါဒ ပါဠိအဋ္ဌကထာ ဋီကာများကိုသာ ဆရာတဆူ အလေးမူခဲ့ကြပါသည်၊ ထိုသို့ အလေးမူသည့်အတိုင်းပင်—

ကျောက်ပုံတောရ ဦးစံရင်းတီထွင်သော့ဝါဒကို ဓမ္မလေလော အဓမ္မလောဟု သုံးသပ်စိစစ်ကြရာ ပါဠိအဋ္ဌကထာ ဋီကာဆရာ့ဆရာတို့ ညွှန်အပြဖြင့် ယထာဘူတ ကျနမှန်ကန်သော ဤကျောက်ပုံတောရဝါဒ ဝိနိစ္ဆယသည် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၏ ညီညွတ်ရေးအတွက်လည်းကောင်း သာသနာတော် သန့်ရှင်းရေးအတွက်လည်းကောင်း အကြောင်းအားလျော်စွာ ဖြစ်ပေါ်လာခဲ့ပါပေသတည်း။

ဓမ္မော ကိံ ကျောက်ပုံဝါဒသာ၊
အဓမ္မောတိ ဝိစာရဏာ။
ပါဠိ ၂ာဒိ အာစရိယာဒေသ၊
ဝသေနာယံ ဝိနိစ္ဆယော။

ကျောက်ပုံဝါဒသာ၊ ဦးစံရင်းက အရင်းစလျက် ပေါ်ထွက်လမ်းစဉ် အဆန်း ထွင်ခဲ့ အမြင်တမူ အယူအဆ ကျောက်ပုံခေါ်ဝါဒကို။ ဓမ္မော ကိံ၊ ကျမ်းဂန် အရ လမ်းမှန်ကျတဲ့ ဓမ္မပင်ဖြစ်လေသလော။ အဓမ္မောကိံ၊ ကျမ်းအရ လမ်း မကျတဲ့ အဓမ္မပင်ဖြစ်လေသလော။ ဣတိ ဝိစာရဏာ၊ ဤသို့ အဓမ္မနှင့် ဓမ္မ တခန်း တရားလမ်းကျ လမ်းမကျကို သိရဖို့ရေး မြော်တွေးထင်ထင် ဆင်ခြင် သုံးသပ်ရာ၌။ ပါဠိ ၂ာဒိအာစရိယာဒေသဝသေန၊ ပါဠိအဋ္ဌကထာ ဋီကာအစဉ် ဆရာရှင်တို့ သွန်သင်ညွှန်ပြ နည်းနယ၏အစွမ်းဖြင့်။ အယံဝိနိစ္ဆယော၊ ကျောက် ပုံတောရ ယူဝါဒ၌ ငါညွှန်အပြ လိုက်ရေးကြဟု မြွက်ဟစီစဉ် ပေးအသွင်သို့ တီ ထွင်သုံးသပ် ဤ ဆုံးအဖြတ်သည်။ ဟောတိ၊ သာသနာပြု အမှုအဖြစ် တခေတ်ဖော်ကာ ဖြစ်ပေါ်လာရ ပါပေသတည်း။

---

## စောဒနာ၊သောဒနာ အမှတ်(၁) သုံးသပ်ချက်

ဘုရားကို တုပခဲ့သော ဦးစံရင်း

စောဒကဆရာတော်များက ကျောက်ပုံဝါဒီ ဦးစံရင်းမှာ ပါဠိ အဋ္ဌကထာဋီကာတို့ကို ပရဝါဒဟုလည်းကောင်း၊မိမိဝါဒကို သကဝါဒ ဟုလည်းကောင်း ဘုရားတရားတော်ကိုပင် လို၍ သူကဖြည့်စွက်ရသ လို ဘုရားထက်တဝါကြီးလုပ်ခဲ့ရာ ပညာရှိများ စိတ်နှလုံးတုန်လှုပ် ဖွယ်ရာ ဟောပြောခဲ့သော ဝိတဏ္ဍဝါဒီ၊ ဝိတဏ္ဍဝါဒ ဖြစ်ကြောင်း စောဒနာခဲ့ကြသည်။

အစဉ်အလာအားဖြင့်—

ဗုဒ္ဓဝါဒ ဗုဒ္ဓဝါဒီတို့ကို သကဝါဒ သကဝါဒီဟုလည်းကောင်း၊
တခြားဝါဒ တခြားဝါဒီတို့ကို ပရဝါဒ ပရဝါဒီဟုလည်းကောင်း၊
ဗုဒ္ဓဝါဒ ဗုဒ္ဓဝါဒီတို့ကို သမာနဝါဒ သမာနဝါဒီဟုလည်းကောင်း၊
အခြားဝါဒ အခြားဝါဒီတို့ကို အညဝါဒ အညဝါဒီဟုလည်းကောင်း၊
ဝိတဏ္ဍဝါဒီဟုလည်းကောင်း—

ဆိုလေ့ရှိခဲ့၏။

ကျောက်ပုံဦးစံရင်းကား ဤအစဉ်အလာကို ကျော်ကာ ပြောင်းပြန်လှန်ခဲ့ခြင်းဖြင့် စောဒကဆရာတော်များဆိုသလို ဘုရားရှင်နှင့်ကင်းကွာလျက် ဗုဒ္ဓဝါဒီမဟုတ်သလို ဖြစ်ခဲ့ရာ ဘုရားရှင်ကို တုပပြိုင်ဆိုင်သူအဖြစ် ရောက်မှန်း မသိရောက်ခဲ့ရ၏။

ဤကား ဆန်းသည်တော့မဟုတ်ပါ၊ စောဒကဆရာတော်များ အဆိုအရ ဦးစံရင်းကား တချိန်ဆီက ဘုရားရှင်များ အရာသာဖြစ်သော ဇေတိဘိက္ခုခေါ် ရဟန်းပြုပေးခြင်းဖြင့် ဘုရားကို တုခဲ့ဖူးကြောင်းသိရ၏။

ဤအရာ၌ မိမိတို့က ဘုရားကို တုခဲ့ဖူး၍ အခြေမလှဖြစ်ခဲ့ရသော ပါထိကပုတ္တအဖြစ်ကို အမှတ်ရခဲ့ကြပါသည်။

ခြသေ့်ကိုတုသော မြေခွေး

သီဟောတိ အတ္တာနံ သမေက္ခိယာန၊
အမညိ ကောတ္ထု မိဂရာဇာဟာသ္မိ။
တထေဝ သော သိင်္ဂါလကံ အနဒိ၊
ကော စ ဆဝေ သိင်္ဂါလေ ကော ပန သီဟနာဒေ။ (ဒီ၊၃။၂၀)

ကောတ္ထု၊မြေခွေးသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ သီဟောတိ၊ ခြသေ့်ဟူ၍။ သမေက္ခိယာန၊မာန်မာနတက် ဘွေးတောဆင်ခြင်လျက်။ အဟံ၊ ငါကား။ မိဂ-ရာဇာ၊ သားတို့သနင်း ခြသေ့်မင်းသည်။ အသ္မိ၊ ဖြစ်ပါတကားဟူ၍။ အမညိ၊ အောက်မေ့မှတ်ထင်ပြန်လေပြီ။ သော၊ ထိုမြေခွေးသည်။ တထေဝ၊ မိမိရှေးမူအတိုင်းသာ။ သိင်္ဂါလကံ၊ မြေခွေးသံကို။ အနဒိ၊ ဆိုးဝါးကျယ်လောင်ဟောင်ခဲ့အော်ခဲ့လေပြီ။ ဆဝေသိင်္ဂါလေ၊ ယုတ်ညံ့သော မြေခွေးမည်သည်မှာ။ ကော စ၊ ဘာကောင်တဲ့နည်း။ သီဟနာဒေ၊မကြောက်မရွံ့ ရဲဝံ့ဟိန်းညံ ခြသေ့်သံသည်။ ကောပန၊ဘယ်လိုအသံပါနည်း။

ယုတ်ညံ့သောမြေခွေးသံနှင့် မြင့်မြတ်သော ခြသေ့်သံကား ကွာခြားလှပါဘိ၏၊ မီနိုင်မတဲ့လားဟု ဆိုလိုပါ၏။

ဘုရားရှင်နှင့် တန်ခိုးပြိုင်မည်ဆိုသော ပါထိကပုတ္တအရာမ်သို့ ဘုရားမြတ်ကြွတော်မူလာပြီဟု ကြားရသောအခါ အကြောက်ကြီးကြောက်လာသော ပါထိကပုတ္တအစေလကသည် တိန္ဒုကခါဏုကပရိဗိုဇ်အရာမ်သို့ ကြိုတင်ရှောင်ထွက်ခဲ့၏၊ တယောက်လိုက်ခေါ်လည်းမရ၊ တင်ပါးနှင့်အင်းပျဉ်ခွာမရ၊ နောက်တယောက်သွားလဲထို့အတူ၊ နောက်ဆုံးဇာလိယလိုက်အခေါ်မှာ ထို့အတူထိုနေရာမှ မရွေ့ဖြစ်နေ၍ ဇာလိယက ဆိုသောစကားဖြစ်၏၊ ခြသေ့်စားကြွင်း

စားပြီး ကြီးပွားခဲ့ရသော မြေခွေးကခြင်္သေ့ကိုတုကာဟောက်သော်လည်း ခြင်္သေ့သံကား ထွက်မလာ၊ နွားငြီးဖွယ်ဆိုးဝါးစွာ မြေခွေးသံသာ ထွက်လာရတော့၏၊ မြေခွေးက ဘာကောင်မို့ ခြင်္သေ့သံမှီနိုင်ပါ့မလဲတဲ့၊ ထိုနောက် ဤသို့ဆက်ပြန်ပြော၏—

ဧဝမေဝ ခေါ တွံ ပါထိကပုတ္တ သုဂတာပဒါနေသု ဇီဝမာနော သုဂတာတိရိတ္တာနိ ဘုဉ္ဇမာနော တထာဂတေ အရဟန္တေ သမ္မာသမ္ဗုဒ္ဓေ အာသာဒေတဗ္ဗံ မညသိ၊ ကေ စ ဆဝေ ပါထိကပုတ္တေ၊ ကာ စ တထာဂတာနံ အရဟန္တာနံ သမ္မာသမ္ဗုဒ္ဓါနံ အာသာဒနာ။ (ဒီ၊၃။၂၀)

## ပြိုင်လဲအလကား

ပါထိကပုတ္တ၊ ပါထိကပုတ္တ။ ဧဝမေဝ၊ ခြင်္သေ့မင်း၏ စားကြွင်းကိုစား၍ခြင်္သေ့ကိုမှီ အသက်မွေးရသော မြေခွေးက ခြင်္သေ့မင်းတု ခြင်္သေ့သံအပြိုင် ပြုသလိုပင်။ တွံ၊သင်သည်။ သုဂတာပဒါနေသု၊ဘုရားသာသနာ ကျင့်သိက္ခာတို့၌။ ဇီဝမာနော၊မှီခိုအသက်မွေးရသူသည်။ သုဂတာတိရိတ္တာနိ၊ ဘုရားစားကြွင်းတို့ကို။ ဘုဉ္ဇမာနော၊ စားနေရသူသည်။ (သမာနော) ဖြစ်လျက်။ အရဟန္တေ၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။ သမ္မာသမ္ဗုဒ္ဓေ၊တရားအရာ ဆရာမရှိ ကိုယ်တော်တိုင် အမှန်သိတော်မူကြကုန်သော။ တထာဂတေ၊ ဘုရားရှင်တို့ကို။ အာသာဒေတဗ္ဗံ၊ထိပါးစော်ကားထိုက်၏ဟု။မညသိ၊မှတ်ထင်ဘိ၏။ဆဝေပါထိကပုတ္တေ၊ ယုတ်ညံ့သော ပါထိကပုတ္တသည်။ ကေစ၊ ဘယ်လိုပုဂ္ဂိုလ်စားပေနည်း။ အရဟန္တာနံ၊ ပူဇော်အထူးကို ခံတော်မူထိုက်ကုန်သော။သမ္မာသမ္ဗုဒ္ဓါနံ၊ တရားအရာ ဆရာမရှိ ကိုယ်တော်တိုင် အမှန်သိတော်မူကြကုန်သော။ တထာဂတာနံ၊ ဘုရားရှင်တို့ကို။ အာသာဒနာ၊ ထိပါးစော်ကားခြင်းသည်။ ကာစ၊ အဘယ်တဲ့နည်း၊ ဘယ်မှာ ထိရောက်ပါအံ့နည်း။

ယုတ်ညံ့သော ပါထိကပုတ္တလို ပုဂ္ဂိုလ်မျိုးက တကယ့်ဘုရားရှင်ကို ဘယ်လို ထိရောက်အောင် စော်ကားနိုင်ပါအံ့နည်းဟု ဆိုလိုပါသည်။

## မြေခွေးသံသာထွက်

ဦးစံရင်းကား တခါက ဘုရားသားတော်အဖြစ်ဖြင့် ဘုရားကိုအမှီပြု အသက်မွေးခဲ့ရဖူးသည်ကိုလည်းကောင်း ဘယ်သူမပြု မိမိမှု ဆိုသလို နောင်အခါ ဘုရားသားတော်အဖြစ်မှ ကင်းကွာခဲ့ရသည်ကိုလည်းကောင်း သိခဲ့ရ၏။ ကင်းကွာပြီးနောက်လည်း ဘုရား တရားတော်တွေကို နည်းသင်ထွင် ရေးသား

ဟောပြောခြင်းဖြင့် ဘုရားရှင်ကိုပင် အမှိုပြုအသက်မွေးခဲ့ပြန်၏၊ အဆန်းထွင် လွန်းတော့ ဘုရားအလို ထိုထိုအဋ္ဌကထာ အယူအဆတို့နှင့် မတူမျှပဲ ကင်း ကွာခဲ့ရပြန်ပါသည်၊ မိမိပရိသတ်ကလေး အတော်ရှိလာသောအခါ ဘုရားကို ပင် အံတုသလို အခြေရောက်ခဲ့ရပေတော့သည်၊ သို့သော်ဘယ်သို့ပင်တုပ ဘုရား ကိုကားမရပဲ ပမာဏမသိ မိမိကိုယ်အထင်ကြီးလျက် ခြသေ့ကိုတု အသံပြုလည်း အမှုမလှ မြေခွေးသံသာ ထွက်ရသော မြေခွေးပမာသာ ဖြစ်ရပါတကားဟု ဝိနည်းဓိုရ် ဆရာတော်များက ထင်မြင်ယူဆတော် မူကြပါပေသည်။

## လောကာယတ မသင်မချရ

စောဒကဆရာတော်တို့က ကျောက်ပုံဝါဒီတို့အား ဝိတဏ္ဍဝါဒီ၊ ဝိတ- ဏ္ဍဝါဒီ အဖြစ် စွဲချက်တင်ခဲ့ကြ၏၊ နမူနာအဖြစ်ဖြင့်—

ဖြစ်တယ် ရှိတယ်ဆိုလျှင် မှား၏၊ ဖြစ်တယ် ရှိတယ်ဆိုလျှင် မှန်၏၊ မဖြစ်ဘူး မရှိဘူးဆိုလျှင် မှား၏၊မဖြစ်ဘူး မရှိဘူးဆိုလျှင် မှန်၏၊ဆိုသော စကားကို တင်ပြခဲ့ကြ၏။

သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ လောကက္ခာယိက အဖွင့်ကိုလည်း ကိုးကား ခဲ့ကြ၏။

ထို့ကြောင့် စောဒကဆရာတော်များ တင်ပြသော နမူနာစကားမှာ သူ့ထွင်လုံးဖြစ်၍ ဝိတဏ္ဍဝါဒဟုတော့ ဆိုနိုင်ပါလိမ့်မည်၊ ဝိတဏ္ဍဝါဒဟုတ် မဟုတ် စိစစ်ဖို့ရာ ရှိနေပါ၏။

ကိုးကားခဲ့သော သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ၌ လောကာယတဝိတဏ္ဍသလ္လာပ ကထာဟု ရှိရာ လောကာယတခေါ် ဝိတဏ္ဍကျမ်းလာစကား ပြောကြားခြင်းဟု အနက်ရ၏၊ လောကာယဘနှင့် ဝိတဏ္ဍကျမ်းအတူတူပင်။ "ဝိတဏ္ဍ" သဒ္ဒါ ဥေယျ၊ ယံ တံ လောကာယတံ ဣတိ-အဘိဓာန်အဆိုနှင့် ညီပေ၏၊ ယခုအခါ ပါဠိအဋ္ဌကထာ၌ လောကာယတကို ဘယ်သို့ဆိုသည်၊ လောကီက ဘယ်သို့ ဆိုသည်ကို ပြခွင့်ဆိုက်လာ ပြန်ပါသည်၊ ဆဗ္ဗဂ္ဂီရဟန်းများ လောကာယတကျမ်း သင်ကြ၍ဘာ့ကြောင့် ရဟန်းတွေ လောကာယတကျမ်း သင်ကြပါလိမ့် လူတွေ လိုပါပဲလားဟု ကဲ့ရဲ့ခဲ့ရာ–

အပိ နု ခေါ ဘိက္ခဝေ လောကာယတေ သာရဒဿာဝီ ဣမသ္မိံ ဓမ္မ- ဝိနယေ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇေယျ။ ဣမသ္မိံ ဝါ ပန ဓမ္မဝိနယေ သာရဒဿာဝီ လောကာယတံ ပရိယာပုဏေယျ။ (ဝိ၊၄။၂၈၀)

ရဟန်းတို့ အမှန်စင်စစ် လောကာယတ၌ အနှစ်သာရဟု ရှုမြင်လေ့ရှိသော ရဟန်းသည် ဤသာသနာ၌ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်နိုင်ရာ၏လော၊ ဤသာသနာတော်၌ အနှစ်သာရဟု ရှုလေ့ရှိသော ရဟန်းသည်လည်း လောကာယတကို သင်ပါဦးမည်လောဟု မေးတော်မူရာ–ဤသို့မဖြစ်နိုင်ကြောင်း လျှောက်ထားကြ၏။

ဘုရားရှင်က–

န ဘိက္ခဝေ လောကာယတံ ပရိယာပုဏိတဗ္ဗံ၊ ယော ပရိယာပုဏေယျ အာပတ္တိ ဒုက္ကဋဿ၊

ရဟန်းတို့ လောကာယတကျမ်းကို မသင်ရ၊ သင်သောရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏ဟု ပညတ်တော်မူခဲ့၏။

ထို့အတူ လောကာယတ ပို့ချနေကြသော ဆဗ္ဗဂ္ဂီရဟန်းများကိုပင် အကြောင်းပြု၍–

န ဘိက္ခဝေ လောကာယတံ ဝါစေတဗ္ဗံ၊ ယော ဝါစေယျ အာပတ္တိ ဒုက္ကဋဿ၊

ရဟန်းတို့၊ လောကာယတ မ ပို့ချရ၊ ပို့ချသော ရဟန်းအား ဒုက္ကဋ်အာပတ် သင့်၏ဟု ပညတ်တော်မူခဲ့ပြန်သည်။

**လောကာယတ ဆိုသည်မှာ–**

ဤပါဠိတော်၌ လောကာယတ=ဟူသည် အဘယ်နည်း၊

စူဠဝဂ္ဂဋ္ဌကထာက ဤသို့ဖွင့်ပြတော် မူခဲ့၏–

လောကာယတံ နာမ သဗ္ဗံ ဥစ္ဆိဋ္ဌံ သဗ္ဗံ အနုစ္ဆိဋ္ဌံ၊ သေတော ကာကော ကာဠော ဗကော၊ ဣမိနာ စ ဣမိနာ စ ကာရဏေနာတိ၊ ဧဝမာဒိ နိရတ္ထကကာရဏပဋိသံယုတ္တံ တိတ္ထိယသတ္ထံ။ ( ဝိ ဠ ၄၊ ၅၆ )

ဤအဋ္ဌကထာ၌ ကျေးဇူးရှင် အဘယာရာမ ဆရာတော် ဘုရားကြီးက ဥစ္ဆိဋ္ဌံ ဥစ္ဆိဋ္ဌဟု လည်းကောင်း အနုစ္ဆိဋ္ဌံ အနုစ္ဆိဋ္ဌဟု လည်းကောင်း ပါဌ်နှစ်မျိုးကြံတော်မူခဲ့၏၊ ပါဌ်အလိုက် အနက်နှစ်မျိုးပေးကာ အနက်အရ သက်ဆိုင်ရာကျမ်း စကားဘို့ကိုသည်း ညွှန်ကြားတော် မူခဲ့၏။

ဆိုခဲ့ပြီး အဋ္ဌကထာ၌ ဥစ္ဆိဋ္ဌံ အနုစ္ဆိဋ္ဌံ ဟု ပါဌ်ရှိမူ ( ဥစ္ဆိဋ္ဌဘတ္တ၊ စားကြွင်းစားထမင်း၊ စွန့်ပစ်အပ်သော ထမင်းဟူသကဲ့သို့)သဗ္ဗံ၊အလုံးစုံသော လောက်က ( မျက်မြင်မဟုတ်သော ပရလောကနိဗ္ဗာန် ) အရာကို။ ဥစ္ဆိဋ္ဌံ၊ မယုံကြည်အပ်၊ စွန့်ပစ်အပ်၏။

သဗ္ဗံ၊ အလုံးစုံသော လောကိက (မျက်မြင်လက်တွေ့) အရာကို၊ အနု-ဇာနာတိ၊ မစွန့်ပစ်အပ်၊ ယုံကြည်အပ်၏ဟု အနက်ပေး၊ ဤအနက်အရ ယခင်အဋ္ဌ-ကထာကို မြန်မာပြန်ဆိုသော်—

လောကာယတ မည်သည်ကား—

အလုံးစုံသော မျက်မြင်မဟုတ်သော တမလွန်ဘဝ နိဗ္ဗာန်ကို မယုံကြည်အပ် စွန့်ပစ်အပ်၏၊ အလုံးစုံသော မျက်မြင်လက်တွေ့အရာကို မစွန့်ပစ်အပ်၊ ယုံကြည်အပ်၏။ ဤအကြောင်း ဤအကြောင်းကြောင့် ကျိုးသည် ဖြစ်၏၊ ဗျိုင်းသည်မဲ၏၊

ဤသို့အစရှိသော အကျိုးမရှိသော အကြောင်းနှင့် စပ်ယှဉ်သော တိတ္ထိကျမ်းပင် ဖြစ်တော့သည်။

## အဋ္ဌကထာဋီကာများအဆို

ဆိုခဲ့ပြီးအနက်အရ လောကာယတကျမ်းသည် တမလွန်ဘဝ နိဗ္ဗာန်တို့ကို တားမြစ်သောကျမ်းဖြစ်ရာ သမာနဝါဒီ(ကမ္မဝါဒီ)တို့၏ စိတ်နှလုံးကို တုန်လှုပ်စေတတ်သောကြောင့် အမ္ဗဋ္ဌသုတ်အဋ္ဌကထာစသော ထိုထိုအဋ္ဌကထာတို့၌ "လောကာယတံ ဝုစ္စတိ ဝိတဏ္ဍဝါဒသတ္ထံ" ဝိတဏ္ဍဝါဒကိုဆိုရာကျမ်းကို လော-ကာယတဟုဆိုအပ်၏ဟုလည်းကောင်း။

ထိုထိုသုတ္တန်ဋီကာတို့၌—

အာယတိံ ဟိတံ တေန လောကော န ယတတိ န ဤဟတီတိ လောကာယတံ။ ပရလောကနိဗ္ဗာနာနံ ပဋိသေဓကံ ဝိတဏ္ဍသတ္ထံ။

ထိုကျမ်းဖြင့် သတ္တလောကသည် နောင်ရမည့် အကျိုးစီးပွားကို အားမထုတ်၊ ထို့ကြောင့် လောကာယတမည်၏၊ တမလွန်ဘဝ နိဗ္ဗာန်တို့ကို တားမြစ်တတ်သော ဝိတဏ္ဍကျမ်းတည်းဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူကြ၏။

ဤသို့ လောကာယတဟူသည် ဝိတဏ္ဍဝါဒကျမ်းဖြစ်ကြောင်း အဋ္ဌကထာ—ဋီကာအဆိုဖြင့်ပြတော်မူပြီး၍ ထိုကျမ်းကို မည်သို့သော အယူရှိသော မည်သည့်ဆရာစီရင်သော ကျမ်းဖြစ်ကြောင်း အသိနည်းကြ၍ လောကာယတကျမ်းပြုစရဒ္ဒကဆရာ၏ အယူဝါဒ တစိတ်တဒေသကို အဘယာရာမ ဆရာတော်ဘုရားကြီးက ထုတ်ပြတော်မူခဲ့ပါသည်။

**လောကီအဆို—**

၁။ ယာဝဇီဝံ သုခံ ဇီဝေ၊ နတ္ထိ မစ္စုအဂေါစရော၊

ဘသ္မီဘူတဿ ဒေဟဿ၊ ပုန ရာဂမနံ ကုတော။

ယာဝဇီဝံ၊ အသက်ရှည်သမျှ။ သုခံ၊ ချမ်းသာစွာ။ ဇီဝေ၊ အသက်ရှင်ရာ၏။ မစ္စုအဂေါစရော၊ သေခြင်း၏ စားကျက်မဟုတ်သောအရပ်သည်။ ဝါ၊ သေခြင်းမှ လွတ်မြောက်သောသူမည်သည်။ နတ္ထိ၊ မရှိ။ ဘသ္မီဘူတဿ၊ ပြာဖြစ်ပြီးသော။ ဒေဟဿ၊ ကိုယ်၏။ ပုန၊ တဖန်။ အာဂမနံ၊ ပြန်လာခြင်းသည်။ ကုတော၊ ဘယ်မှာ ရှိအံ့နည်း။

၂။ န သဂ္ဂေါ နာပဝဂ္ဂေါ ဝါ၊ နေဝတ္တာ ပါရလောကိကော၊

နေဝဝဏ္ဏာဿမာဒီနံ၊ ကြိယာ စ ဖလဒါယိကာ။

သဂ္ဂေါ၊ နတ်ပြည်သည်။ န၊ မရှိ။ အပဝဂ္ဂေါ ဝါ၊ နိဗ္ဗာန်သည်လည်း။ န၊ မရှိ။ ပါရလောကိကော၊ တမလွန်ဘဝ၌ ဖြစ်သော။ အတ္တာ၊ အသက်ဇီဝဟူသော အတ္တသည်။ န၊ မရှိ။ ဝဏ္ဏာဿမာဒီနံ၊ အမျိုးလေးပါး ဘိက္ခုစသော အာသမဏ လေးပါးတို့၏။ ဖလဒါယိကာ၊ အကျိုးကိုပေးတတ်သော။ ကြိယာ စ၊ အမှုသည် လည်း။ နေဝ၊ မရှိ။

၃။ အဂ္ဂိဟုတ္တံ တယော ဝေဒါ၊ တိဒဏ္ဍံ ဘသ္မဂုဏ္ဌနံ၊

ဗုဒ္ဓိပေါရိသဟီနာနံ၊ ဇီဝိကာ ဓာတုနိမ္မိတာ၊

အဂ္ဂိဟုတ္တံ၊ မီးပူဇော်ခြင်းသည်လည်းကောင်း။ တယောဝေဒါ၊ ဝေဒသုံးပုံတို့ သည်လည်းကောင်း။ တိဒဏ္ဍံ၊ အခွသုံးခုပါသော တောင်ဝှေးသည်လည်း ကောင်း။ ဝါ၊ စလွယ်ကြိုး သုံးသွယ်သည်လည်းကောင်း။ ဘသ္မဂုဏ္ဌနံ၊ နဖူး၌ ပြာလူးခြင်းလည်းကောင်း။ ဗုဒ္ဓိပေါရိသဟီနာနံ၊ ဉာဏ်ပညာနှင့် လူစွမ်းမရှိသူတို့ ၏။ ဓာတုနိမ္မိတာ၊ သူတို့ဖြဟ္မာသည် ဖန်ဆင်းအပ်သော၊ ဇီဝိကာ၊ အသက်မွေး မှုတည်း။

၄။ ယာဝ ဇီဝေ သုခံ ဇီဝေ၊ ဣဏံ ကတွာ ဃတံ ပိဝေ၊

ဘသ္မီဘူတဿ ဒေဟဿ၊ ပုန ရာဂမနံ ကုတော၊

ယာဝ၊ အကြင်မျှလောက်၊ ဇီဝေ၊ အသက်ရှည်၏။ တာဝ၊ ထိုမျှလောက်။ သုခံ၊ ချမ်းသာစွာ။ ဇီဝေ၊ အသက်ရှင်ရာ၏။ ဣဏံကတွာ၊ ကြွေးယူ၍။ ဃတံ၊ ထောပတ်ကို။ ပိဝေ၊ သောက်ရာ၏။ ဘသ္မီဘူတဿ၊ ပြာဖြစ်လေပြီးသော။ ဒေဟဿ၊ ကိုယ်၏။ ပုန၊ တဖန်။ အာဂမနံ၊ ပြန်လာခြင်းသည်။ ကုတော၊ ဘယ်မှာ ရှိအံ့နည်း။

၅။ ယဒိ ဂစ္ဆေ ပရံလောကံ၊ ဒေဟာ သော ဝိနိဂ္ဂတော၊
ကသ္မာ ပုနော န စာယာတိ။ ဗန္ဓုသ္နေဟသမာကုလော။

သော၊ ဤအသက်ဇီဝဟူသောအတ္တသည်။ ဒေဟာ၊ ကိုယ်မှ။ ဝိနိဂ္ဂတော၊ ထွက်သွားလျက်။ ပရံလောကံ၊ တမလွန်လောကသို့။ ယဒိ ဂစ္ဆေ၊ အကယ်၍သွားနိုင်ငြားအံ့။ ဗန္ဓုသ္နေဟသမာကုလော၊ ဆွေမျိုးသားချင်းတို့၌ ချစ်ခြင်းထန်ပြင်းသည်ဖြစ်၍။ ပုနော၊ တဖန်။ ကသ္မာ၊ အဘယ်ကြောင့်။ န စ အာယာတိ၊ မလာသတဲ့နည်း။ (ထွက်သွားနိုင်လျှင်- ပြန်လာနိုင်ရမည်ဟူလို)။

ဤကား စရဗာဟကရေး လောကာယတကျမ်းမှ ကောက်နုတ်ချက်ဖြစ်၏။

ခတ္တဝိဇ္ဇာ။ ။ဤစရဗာဟကဆရာကား နီတိကျမ်းကို ရှေးဦးစွာ စီရင်သော ဗြိဟပ္ပတိ၊ (ဗြိဟဿတိ) ဆရာ၏ အယူဝါဒသို့လိုက်၍ လောကာယတကျမ်းကို စီရင်သည်၊ ထိုဗြိဟပ္ပတိဆရာကား တမလွန်လောက ကမ္မ-ကမ္မဖလတို့ကို မယုံကြည်၊ပစ္စက္ခကြီးပွားလမ်းကိုသာ ပြဆိုဆုံးမသည်၊ မိမိကြီးပွားလမ်းရှိလျှင် အမိအဘကိုပင် သတ်ထိုက်သည်ဟု ထိုဆရာယူသည်၊ ထိုအယူဝါဒသည် ပညာသနိပါတ် မဟာဗောဓိဇာတ်၌လည်း လာ၏။

၁။ အာဟု ခတ္တဝဒါ လောကေ၊ ဗာလာ ပဏ္ဍိတမာနိနော၊
မာတရံ ပိတရံ ဟညေ၊ အထော ဇေဋ္ဌမ္ပိ ဘာတရံ။
ဟနေယျ ပုတ္တဒါရေ စ၊ အတ္ထော စေ တာဒိသော သိယာ။

၂။ ယဿ ရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ၊
န တဿ သာခံ ဘဉ္ဇေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။
အထ အတ္ထေ သမုပ္ပန္နေ၊သမူလမပိ အဗ္ဗုဟေ။

လောက၌ မိုက်ကုန်သော မိမိကိုယ်ကိုပညာရှိဟု မှတ်ထင်ကုန်သော ခတ္တဝိဇ္ဇာဆရာတို့သည် ဆိုကြကုန်၏၊ ဘယ်သို့ဆိုသနည်း၊ သူတို့ကိုသတ်ရမည့်သဘောရှိသော တစုံတခုသောအကျိုးသည် ရှိခဲ့အံ့၊ အမေ အဖေကိုလည်း သတ်ရာ၏၊ ထို့ပြင် အစ်ကိုကြီးကိုလည်း သတ်ရာ၏၊ သားမယားကိုလည်း သတ်ရာ၏၊ အကြင်သစ်ပင်၏အရိပ်၌ နေထိုင်ရမူ ထိုသစ်ပင်၏အခက်ကို မချိုးမဖျက်ရ၊ မှန်၏—မိတ်ဆွေပြစ်မှားသူကား လူယုတ်မာဖြစ်၏၊ သို့သော် ဖျက်မှဖြစ်မည့်ကိစ္စပေါ်ပေါက်လာပါက အမြစ်အရင်းနှင့်တကွ တူးပစ်နုတ်ပယ်ရမည်။

ဤပါဠိ၌လာသော ခတ္တဝိဇ္ဇာဟူသည် ဗြိဟပ္ပတိသုကြဆရာတို့ စီရင်အပ်သော နီတိကျမ်း အစတ်တည်း။

အဘယာရာမ ဆရာတော်က ယခင် ဝိနည်းအဋ္ဌကထာ၌ ဥစ္ဆိဇ္ဇ် အနုစ္ဆိဇ္ဇ်ပါဌ် အရိုက်ကို အနက်ပြန်ကာ ဆိုင်ရာ ပါဠိအဋ္ဌကထာများကိုလည်း ထုတ်ဖော်လျက် အဓိပ္ပာယ်ဖော်ခဲ့၏၊ ဥစ္ဆိဇ္ဇ် အနုစ္ဆိဇ္ဇ်ပါဌ်ရှိမူ သဗ္ဗံ၊ အလုံးစုံသည်။ ဥစ္ဆိဇ္ဇံ၊ ပြတ်၏ (ဥစ္ဆေဒဒိဋ္ဌိ)။ သဗ္ဗံ၊ အလုံးစုံသည်။ အနုစ္ဆိဇ္ဇံ၊ မပြတ် (သဿတဒိဋ္ဌိ)။ ဤ၌ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိကို လောကာယတဆို၏၊ နိဒါနဝဂ္ဂသံယုတ် လောကာ-ယဘာသုတ် ပါဠိအဋ္ဌကထာအရပင်ဘည်း။

လိုရင်းမျှပြပါအံ့၊ လောကာယတအဆိုတမျိုး—

လောကာယတဝိတဏ္ဍာကျမ်း၌ အလေ့အလာများသော ပုဏ္ဏားတယောက် ဘုရားရှင်အား မေးမြန်းလျှောက်ထား၏။

မေး။ ကိန္နု ခေါ ဘော ဂေါတမ၊ သဗ္ဗမတ္ထီတိ။
အရှင်ဂေါတမ အလုံးစုံသည် ရှိ (မြဲ) ပါသလော။

ဖြေ။ သဗ္ဗမတ္ထီတိ ခေါ ဗြာဟ္မဏ၊ ဇေဋ္ဌမေတံ လောကာယတံ။
ပုဏ္ဏား အလုံးစုံရှိသည် မြဲသည်ဆိုသည်မှာ ပထမလောကာယတပင်။

မေး။ ကိံ ပန ဘော ဂေါတမ သဗ္ဗံ နတ္ထီတိ။
အရှင်ဂေါတမ သို့ဖြစ်လျှင် အလုံးစုံသည် မရှိ (ပြတ်) ပါသလား။

ဖြေ။ သဗ္ဗံ နတ္ထီတိ ခေါ ဗြာဟ္မဏ၊ ဒုတိယမေတံ လောကာယတံ။
ပုဏ္ဏား အလုံးစုံသည် မရှိဟူသောအယူမှာ-ဒုတိယလောကာယတပင် ဖြစ်သည်။

မေး။ ကိန္နု ခေါ ဘော ဂေါတမ သဗ္ဗမေကတ္တန္တိ။
အရှင်ဂေါတမ၊ အလုံးစုံသည် တူသောသဘော (မြဲသောသဘော) ရှိပါသလား။

ဖြေ။ သဗ္ဗမေကတ္တန္တိ ခေါ ဗြာဟ္မဏ၊ တတိယမေတံ လောကာယတံ။
ပုဏ္ဏား အလုံးစုံတခုသော သဘောရှိသည် (မြဲသည်) ဆိုသည့် အယူမှာ တတိယလောကာယတ ဖြစ်တော့သည်။

မေး။ ကိံ ပန ဘော ဂေါတမ သဗ္ဗံ ပုထုတ္တန္တိ။
အရှင်ဂေါတမ သို့ဖြစ်လျှင် အလုံးစုံသည် ခြားသောနှင့် ကွဲပြား သောသဘော ရှိပါသလော။

ဖြေ။ သဗ္ဗံ ပုထုတ္တန္တိ ခေါ ဗြာဟ္မဏ စတုတ္ထမေတံ လောကာယတံ။
ပုဏ္ဏား အလုံးစုံသည် ကွဲပြားသောသဘောရှိ၏ ဟူသော အယူမှာ စတုတ္ထလောကာယတ ဖြစ်တော့သည်။

လောကာယတန္တိ လောကာယော အာယတနံ၊ ဗာလပုထုဇ္ဇန-လောကဿ အာယတနံ၊ မဟန္တံ ဂဗ္ဘိရန္တိ၊ ဥပဓာရိတဗ္ဗံ၊ ပရိတ္တဘာဝံ ဒိဋ္ဌိဂတံ။

မြန်မာပြန်

လောကာယတဟူသည် ဗာလပုထုဇဉ်လောက၏ အားထုတ်အပ်သော နက်နဲ ခက်ခဲသည်ဟု မှတ်သားအပ်သော အယူမှားပင်။ အဋ္ဌကထာ။

သဗ္ဗံ အတ္ထိ၊ အလုံးစုံအရာသည် အမြဲရှိသည်။ သဗ္ဗံ ကေတ္တံ၊ အလုံးစုံသော အရာသည် တခုသောသဘောရှိသည်။ မပျက်ဟု ဆိုလို၏။ ဤအယူနှစ်မျိုးကို သဿတဒိဋ္ဌိဟုဆိုသည်။

သဗ္ဗံ နတ္ထိ၊ အလုံးစုံအရာသည်မရှိ၊ နောက် မဖြစ်။ သဗ္ဗံ ပုထုတ္တံ၊ အလုံးစုံသော အရာသည် ကွဲပြားသော သဘောရှိ၏။ ရှေးကဖြစ်ပြီး နောက်မဖြစ် ပြတ်သွား သည်ဆိုလို၏။ ဤနှစ်မျိုးကား ဥစ္ဆေဒဒိဋ္ဌိ (မောဂ္ဂလ္လာန်နိဿယနိဒါန်းမှ)

ထိုထိုအဋ္ဌကထာများ၌ ဝိတဏ္ဍဝါဒီပနာဟု လည်းကောင်း၊ အယပေတ္တ အာစရိယာနံ သမာနတ္ထကထာ- ဝိတဏ္ဍဝါဒီပနာဟု လည်းကောင်း။

အမျိုးဆရာ့ဆရာတို့ အယူအဆနှင့်ဖက်၊ သူဖြူ ငါမဲ၊ သူမဲ ငါဖြူ၊ အယူတပါး ရှိကြသော ဝိတဏ္ဍဝါဒီတို့၏ ဝါဒများရှိနေပါ၏။ (အဘိ၊ဋ္ဌ-၁-၂၇၄)

ဝိတဏ္ဍကျမ်းကထာ

ဓောဒကဆရာတော်များ တင်ပြသော ဘုရားဟော ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကပရပါဒ၊မိမိပါဒက သကပါဒ၊မိမိကတချိုနေရာ ဘုရားဟောပါဠိစသည် ထက် ပိုပြခဲ့တယ်ဟူသော ဦးစံရင်း၏ ဟောပြောချက်၊ ဖြစ်တယ် ရှိတယ်ဆိုလျှင် များ၏ စသော ရေးသားချက်၊ ဤအချက်များမှာ လောကာယတဟု လည်း ကောင်း၊ ဝိတဏ္ဍသတ္တဟု လည်းကောင်း၊ တက္ကိယသတ္တဟု လည်းကောင်း အဋ္ဌကထာ ဋီကာတို့၌လာသော ကျမ်းလာ စကားအဆိုများကား မဟုတ်၊ သို့သော် ဝိနည်းအဋ္ဌကထာလာ သေတော ကာကော ကာဠော ဗကော ဇွလမိ-နာ စ ဇွလမိနာ စ ကာရဏေန စသော စကား(စောဒကများကိုးကားသော ကာ-ကောသေတော- အဋ္ဌိနံသေတတ္တာ စသည်လည်း အတူပင်) ကို မောဂ္ဂလ္လာန် နိဿယနိဒါန်း၌ ဆရာတော်ကြီးက ဤသို့ မှတ်ချက်ချပါ၏၊ ထိုစကားသည် ကား နိဒ္ဒေသမှအားဖြင့် ပုံစံပြစကားသာတည်း၊ လောကာယတကျမ်း၌ ဤ စကားပါရှိ၍ ဆိုသည်မဟုတ်။

သမာနဝါဒီ ကမ္မဝါဒီက အဖြူဆိုလျှင် အမဲ၊အမဲဆိုလျှင် အဖြူ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ကို ဆိုထားသောကျမ်းဟု ဆိုလိုသည်။

စောဒကဆရာတော်တို့ တင်ပြသော ဦးစံရင်း၏ ဟောပြောချက် ရေးသားချက်များသည် ဝိတဏ္ဍာကျမ်း၌ မပါသော်လည်း အဋ္ဌကထာနိဿယနှခပြ စကားလို သူဖြူလျှင် ငါမဲ၊ သူမဲလျှင် ငါဖြူ၊ အယူတပါး သဟာနဝါဒီတို့နှင့် ခြားနားလှသော အယူတမျိုးကို ယူဆကြသည်သာဖြစ်ရာ စောဒကဆရာတော်များ ယူသလို ဝိတဏ္ဍာဝါဒီတို့သာ ဖြစ်သည်ဟု ဝိနည်းဝိုရ် ဆရာတော်တို့က ယူဆကြသည်၊ အဋ္ဌကထာများ၌လာသော ဝိတဏ္ဍာဝါဒီတို့နှင့်လည်း တပူဇော်ပင်ဖြစ်ရာ ဝိတဏ္ဍာဝါဒီအဖြစ်မှ မလွတ်ကြပါချေ။

ဝိတဏ္ဍာသတ္တကို ပရလောက နိဗ္ဗာနပဋိသေဓကံ သတ္တံ=ဟု အဆိုရှိပြန်ရာ သူတို့ကျမ်းဂန်လာ အချို့ရေးသားချက်များ သူတို့ဟောပြောချက်များမှာ ပရလောကနိဗ္ဗာန်ကို တားမြစ်ကြောင်း ကျမ်းအဆိုများ ဟောပြောချက်များက သက်သေခံလျက်ရှိရာ ဝိတဏ္ဍာဝါဒီအဖြစ်မှ မလွတ်နိုင်ကြပါပေ၊ သူတို့ အယူအဆများမှာ ဘုရားဟောပါဠိ ရှင်းအဋ္ဌကထာ ဋီကာတို့နှင့် မညီမျှ၊ ထင်သလိုကြံဆဟောပြောရေးသားကြရာ ဝိတဏ္ဍဝါဒီဟူသော စွဲချက်မှာလည်း လွှဲမထွက်သာသော စွဲချက်ပင်ဖြစ်တော့သည်ဟု ဝိနည်းဝိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

ဖြစ်တယ် ရှိတယ်ဆိုလျှင် မှား၏ စသော အဆိုကို ပုသိမ်မောင်ညွန့်က-အကြောင်းနှင့် ဖြစ်သောအကျိုးကို မသိပါပဲ၊ မြင်စိတ် ဖြစ်တယ်၊ ရှိတယ်ဆိုလျှင်မှား၊ အကြောင်းပြည့်စုံပါလျက် အကျိုးမြင်စိတ်မဖြစ်ဖူး မရှိဘူးဆိုလျှင်မှား၏၊ အကြောင်းပြည့်စုံခိုက် အကျိုးမြင်စိတ်ဖြစ်တယ် ရှိတယ်ဆိုလျှင်မှန်၏၊ အကြောင်းပြည့်စုံလျှင် အကျိုးမြင်စိတ်မဖြစ်ဖူး၊ မရှိဖူးဆိုလျှင်မှန်၏ဟု—

ဝိဇ္ဇာမာနပညတ်နှင့်သခ်ိဟပရမတ်တို့၌ သဿဟ ဥစ္ဆေဒအမှား အမှန် နှစ်ဘက်မြင်အောင် ပြသောအချက်တွေ ကျမ်းဂန်နှင့်ညီပါ၏ဟု သောခနာခဲ့၏။

သို့သော် ကျောက်ပုံဝါဒီတို့၏သဿတ-ဥစ္ဆေဒဒိဋ္ဌိယူပုံမှာ ကျမ်းဂန်လာနည်း မကျကြောင်းသက်ဆိုင်ရာဌာန၌ မိမိတို့သုံးသပ်ချက် ရှေ့၌တွေ့ရပါလိမ့်မည်၊ ပုသိမ်မောင်ညွန့် အဆိုမှာ သူတို့ဆရာကြီး နှုတ်ပိုက်သင်တန်းပေးထားသည့် အတိုင်း ကျက်ထား၍ မိမိကသိနေခြင်းဖြစ်၏၊ သင်တန်းတက်သောကျောက်ပုံတို့သာ ဤသို့သိနိုင်၍ အခြားပညာရှင်များကိုပေးလျှင် သာမညဖြစ်နေသော စကားလေးချက်၌ အပြေအမျိုးမျိုးထွက်နိုင်နေရာ သံသယပွားအောင်ရေး

သားသော စကားကဲ့သို့ဖြစ်နေ၏၊ သဿတဥစ္ဆေဒ စသည်နားလည်ဖို့ရာ ဉာဏ်စမ်းလေ့ကျင့်ခန်းဟု ဆိုချင်ဆိုပါလိမ့်မည်၊ သင့်လျော်သောအချက်လည်း အတန်ငယ် ပါကောင်း ပါပါလိမ့်မည်။ သို့သော်—

တေယာ ဝါဒေ ကိစ္စိ၊ သာသနလောမမ္ပိ အတ္ထိ၊

အသုဒ္ဓလဒ္ဓိတာယ ပန၊ သဗ္ဗာဒိဋ္ဌိယောဝ ဇာတာ။

သူ့ဝါဒ၌ သာသနာနှင့်လျော်သော အချက်အနည်းငယ်ရှိပါ၏၊ သို့သော် မစင်ကြယ်သော အယူရှိသည်၏အဖြစ်ကြောင့် အကုန်ပင်ဒိဋ္ဌိသာဖြစ်တော့သည် ဆိုသော နိဂဏ္ဌနာဋပုတ္တဝါဒ၌ အဋ္ဌကထာဆရာသုံးသပ်သလို-

ကျောက်ပုံဝါဒ၌လည်း ဤသို့ပင်သုံးသပ်ဖွယ်ရှိနေပါသည်။ ကျောက်ပုံဝါဒ၌ သဿတ-ဥစ္ဆေဒ-အယူ-အဆ၊ အနိစ္စ-ဒုက္ခ-အနတ္တ အယူအဆ၊ သုတ်ပြသော အကြောင်းအချို့ ဤအချက်တော့မှန်ကန်၍ ကျမ်းဂန်နှင့်ညီညွတ်လျှင် ဆိုဖွယ်မရှိပါ၊ စင်စစ်သော်ကား ကျမ်းဂန်နှင့် မညီညွတ်သည့် အတ္တနောမတိတွေသာဖြစ်နေရာ ဝိတဏ္ဍဝါဒီအဖြစ်သာ ယူဆတော်မူကြသည်၊ ထိုသို့သော အတ္တနောမတိ အရ ကြံဆပြောဆိုသော ပုဂ္ဂိုလ်များအဖြစ် တက္က(ဝိတက္ကဝါဒီ) အဖြစ်ဖြင့်လည်း ယူဆတော်မူကြပေသည်။

---

## စောဒနာ သောဝနာ အမှတ် (၂) ကို စိစစ်သုံးသပ်ခြင်း

ကျောက်ပုံဆရာကြီးအမည်ခံ ဦးစံရင်းသည် နေယျ သင်တန်းစာမျက်နှာ အမှတ် (၁၄၉)၌=

> ထို့ကြောင့် အနာဂါမိမဂ် အရဟတ္တမဂ် ဆိုက်ပြီးသော ပုဂ္ဂိုလ်တို့သာ မျက်မှောက်ချမ်းသာ ခံစားရန် အလို့ငှာ ပွားများအပ် ပွားများထိုက်သော (ဝါ) ကလျာဏကျပ်ပြည့် နေယျပုဂ္ဂိုလ်တို့သည်ပင်လျှင် မပွားများအပ်မကျင့်အပ်၊ မပွားများထိုက်-မကျင့်ထိုက်သော အာနာပါန-ပဗ္ဗ-ကုရိယာပထပဗ္ဗ စသော အကျင့်ကမ္မဋ္ဌာန်းလမ်းများကို ကြဉ်ဖယ်ရှောင်ရှား ဘေးချိပ်ထား၍ ဉာဏ်ကြီးကြောင်းဖြစ်သော ( ဝါ ) မဂ်ဉာဏ်သို့ ရောက်ကြောင်းဖြစ်နိုင်သည့် အစစ် ဝိပဿနာသမ္မာဒိဋ္ဌိကို သာလျှင် စဉ်ကြိုးစားရပေလိမ့်မည်ဟု ရေးသားထားလေသည်။

ထိုရေးသားချက်များကို စောဒကဆရာတော်တို့က ပါဠိတော်အဋ္ဌကထာ အကိုးသာကေတို့ကို ဖော်ပြ၍ အဓမ္မရေးသားချက်များသာဖြစ်ကြောင်း စောဒနာပြီးဖြစ်သကဲ့သို့ စုဒိတကပုဂ္ဂိုလ်တို့ကလည်း ပါဠိတော်အဋ္ဌကထာတို့ကိုဖော်ပြ၍ ချေပပြီးဖြစ်ခဲ့လေပြီ။

ထိုစောဒက—စုဒိတက ပုဂ္ဂိုလ်တို့၏ စောဒနာချက် ချေပချက်တို့ကို မဝေဖန်မီ ဦးစံရင်း၏ ရေးသားချက်ကို ဝေဖန်လိုပေသည်၊ ဦးစံရင်းသည် အောက်ပါအဋ္ဌကထာကို ထုတ်ပြ၍ အာနာပါနကမ္မဋ္ဌာန်းကို ပုထုဇဉ်ပုဂ္ဂိုလ်တို့ အားမထုတ်သင့်ကြောင်း ရေးသားထားလေသည်—

> အရိယံ ဝါ ဈာနဒ္ဒိံ စတ္တာရိ ဝါ ရူပါဝစရဇ္ဈာနာနိ စတဿော ဝါ အရူပသမာပတ္တိယော၊ နိရောဓသမာပတ္တိံ ဝါ ပတ္ထယမာနေန ဘိက္ခုနာ အယံ အာနာပါနဿတိ သမာဓိ သာဓုကံ မနသိကာတဗ္ဗော။ (သံ ဋ္ဌ ၃၊ ၂၉၆)

မြန်မာပြန်

အရိယာတို့၏ ဥစ္စာဖြစ်သော ဈာနဒ္ဒိကိုလည်းကောင်း ရူပါဝစရဈာန်လေးပါးတို့ကိုလည်းကောင်း အရူပသမာပတ်လေးပါးတို့ကို လည်းကောင်း နိရောဓသမာပတ်ကိုလည်းကောင်း အလိုရှိသော ရဟန်းသည် ဤအာနာပါနဿတိသမာဓိကို ရိုသေလေးမြတ်တင်းကျပ်မြဲမြံစွာ နှလုံးသွင်းအပ်၏။

အထက်ပါဦးစံရင်း ကိုးကားသောစကားရပ်သည် အာနာပါနသံယုတ် ပဒီပေါပမသုတ်အဖွင့်လာ အဋ္ဌကထာ စကားရပ်ဖြစ်သည်၊ ထိုအဋ္ဌကထာ၏ မူရင်းပါဠိတော်၌လည်း အရိယိဒ္ဓိ-ရူပါဝစရဈာန်လေးပါး-အရူပါဝစရဈာန်လေးပါး နိရောဓသမာပတ္တိဟုလာရှိသည့်မူရင်းပါဠိတော်သည် အာနာပါနဿတိသမာဓိကို ပွားများသော ယောဂီပုဂ္ဂိုလ်အား အရိယိဒ္ဓိ စသော အကျိုးများပြီးစီးနိုင်၏ ဟူ၍ အာနာပါနဿတိသမာဓိ၏ အကျိုးအာနိသံသကို ပြခြင်းငှာ ဟောတော်မူသော ပါဠိတော်ဖြစ်သည်၊ အာနာပါနဿတိသမာဓိကို အနာဂါမ်ရဟန္တာများသာ ပွားများရမည်၊ပုထုဇဉ်နှင့် အောက်သေက္ခပုဂ္ဂိုလ်များ မပွားရဟု ဟောတော်မူသိုရင်း ပါဠိတော်မဟုတ်ပေ—

မှန်ပေသည်-ဗုဒ္ဓရှင်တော်မြတ်ကြီးကိုယ်တော်တိုင်ပင် ဗောဓိသတ္တဟု ခေါ်ဆိုအပ်သော ဘုရားလောင်းပုထုဇဉ်ပုဂ္ဂိုလ်အဖြစ်ဖြင့် ဤအာနာပါနဿတိသမာဓိကို ပွားများတော် မူခဲ့ရကြောင်းကို အဆိုပါသုတ်၌ပင် အောက်ပါအတိုင်း ဟောတော် မူခဲ့၏။

> အဟမ္ပိ သုဒံ ဘိက္ခဝေ ပုဗ္ဗေဝ သမ္ဗောဓာ အနဘိသမ္ဗုဒ္ဓေါ ဗောဓိသတ္တောဝ သမာနော ဣမိနာ ဝိဟာရေန ဗဟုလံ ဝိဟရာမိ တဿ မယှံ ဘိက္ခဝေ ဣမိနာ ဝိဟာရေန ဗဟုလံ ဝိဟရတော နေဝ ကာယော ကိလမတိ န စက္ခူနိ၊ အနုပါဒါယ စ မေ အာသဝေဟိ စိတ္တံ ဝိမုစ္စိ။
>
> (သံ ၃။ ၂၇၆)

မြန်မာပြန်

ချစ်သားရဟန်းတို့ ငါဘုရားပင်သော်လည်း သစ္စာလေးပါး မြတ်တရားကို ကောင်းစွာသိသော်မူသည်မှ ရှေးမဆွ၌သာလျှင်သစ္စာလေးပါးမြတ်တရားကို ထူးသောဉာဏ်ဖြင့် ကောင်းစွာမသိသေးသော ဘုရားလောင်းသာလျှင်ဖြစ်လျက် ဤအာနာပါနသတိသမာဓိဖြင့်နေခြင်းဖြင့် များစွာနေတော်မူ၏၊ချစ်သားရဟန်းတို့ ဤအာနာပါနသတိသမာဓိဖြင့် များစွာနေသော ထိုငါ၏ ကိုယ်ခန္ဓာသည် မပင်ပန်း မျက်စိတို့သည် မပင်ပန်း၊ ငါ၏စိတ်သည် မစွဲလမ်းမူ၍ အာသာတရားတို့မှ လွတ်မြောက်လေပြီ။ ဤပြဆိုခဲ့ပြီး ပါဠိတော်ဖြင့် အာနာပါနသတိသမာဓိကို ပုထုဇဉ်ပုဂ္ဂိုလ်တို့ ပွားများထိုက်ကြောင်း ထင်ရှားလေပြီ။

ထိုမဟာဝဂ္ဂသံယုတ် ပါဠိတော်၌ပင် တဖန်ဟောတော်မူပြန်သည်မှာ—

ယေ တေ ဘိက္ခဝေ ဘိက္ခူ သေက္ခာ အပ္ပတ္တမာနသာ အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနာ ဝိဟရန္တိ၊ တေ ဝေါ ဘိက္ခဝေ ဘိက္ခူ စတ္တာရော သတိပဋ္ဌာနာ ဘာဝနာယ သမာဒပေတဗ္ဗာ နိဝေသေတဗ္ဗာ ပတိဋ္ဌာပေတဗ္ဗာ၊ ကတမေသံ စတုန္နံ၊ ဧထ တုမှေ အာဝုသော ကာယေ ကာယာနုပဿိနော ဝိဟရထ အာတာ-ပိနော သမ္ပဇာနာ ဧကောဒိဘူတာ ဝိပ္ပသန္နစိတ္တာ သမာဟိတာ ဧကဂ္ဂ-စိတ္တာ ကာယဿ ယထာဘူတံ ဉာဏာယ။ပ။ ဟူ၍ပင်ဖြစ်၏။

(သံ၊၃၊၁၂၅)

မြန်မာပြန်

ချစ်သားရဟန်းတို့ သိက္ခာသုံးပါး ကျင့်ဆဲဖြစ်ကုန်သော မကြာမြင့်သေးသောကာလ၌ ရဟန်းဖြစ်လာကုန်သော ဤသာသနာတော်တည်းဟူသော ဓမ္မဝိနယသို့ ယခုအခါ၌ပင် ရောက်လာကုန်သော အကြင်ရဟန်းတို့သည် ရှိကုန်၏၊ ချစ်သားရဟန်းတို့ သင်တို့သည် ထိုရဟန်းတို့ကို လေးပါးသော သတိပဋ္ဌာန်တို့ကိုပွားများခြင်း၌ ဆောက်တည်စေအပ်ကုန်၏၊ နေစေအပ်ကုန်၏၊ တည်စေအပ်ကုန်၏၊ အဘယ် လေးပါးသော သတိပဋ္ဌာန်တို့ကို ပွားများခြင်း၌ ဆောက်တည်စေအပ်၊ နေစေအပ်၊ တည်စေအပ်ကုန်သနည်း၊ ငါ့ရှင်တို့ သင်တို့သည် လာကြကုန်လော့-ကိလေသာကို ပြင်းစွာပူပန်စေတတ်သော သမ္မပ္ပဓာန် လုံ့လရှိကုန်သည်ဖြစ်၍ ကောင်းစွာအပြားအားဖြင့်သိသော ပညာရှိကုန်သည်ဖြစ်၍ မြတ်သောသမာဓိရှိကုန်သည်ဖြစ်၍ ဖြစ်ကုန်လျက် အထူးသဖြင့် ကြည်လင်သောစိတ်ရှိကုန်လျက် တည်ကြည်ကုန်လျက် တခုတည်းသော အာရုံရှိသောစိတ်ရှိကုန်လျက် ရူပကာယကို မဖောက်မပြန် ဟုတ်မှန်တိုင်း သိခြင်းငှာ ရူပကာယ၌ ရူပကာယဟု အဖန်ဖန်ရှုကုန်သည်ဖြစ်၍ နေကြကုန်လော့။

**အထက်ပါပါဠိတော်သည် ပုထုဇဉ်ပုဂ္ဂိုလ်တို့ အာနာပါနဿတိသမာဓိကို ပွား** များထိုက်ကြောင်း ဟောတော်မူသော ပါဠိတော်ဖြစ်သည်၊ သေက္ခပုဂ္ဂိုလ်တို့ အာနာပါနဿတိသမာဓိကို ပွားများထိုက်ကြောင်းကိုလည်း ထိုနည်းတူစွာ ဆက်လက်၍ ဟောတော်မူပြန်ပါသည်။

ကျယ်အံ့စိုး၍ မထုတ်တော့ပြီ။

## စုဒိတကပုဂ္ဂိုလ်၏ သောဓနာချက်ကို စိစစ်ခြင်း

စုဒိတကပုဂ္ဂိုလ်က အောက်ပါဝိသုဒ္ဓိမဂ် ဘာသာပြန်ကို သာဓကပြု၍ အာနာပါနကမ္မဋ္ဌာန်းကို သတိနှင့် ဉာဏ်ပညာကြီးမားကုန်သော အနာဂါမ် ရဟန္တာစသော အရိယာပုဂ္ဂိုလ်ကြီးများသာ ပွားများထိုက် ကျင့်ကြံထိုက်ကြောင်း ဦးစံရင်းကိုယ်စား ချေပပြောဆို၏။

**ဝိသုဒ္ဓိမဂ် မြန်မာပြန်**

အလုံးစုံသော ကမ္မဋ္ဌာန်းသည်ပင် သတိသမ္ပဇဉ်နှင့် ပြည့်စုံသော သူအားသာလျှင် အကယ်၍ကား ပြည့်စုံနိုင်၏၊ သို့ရာတွင် ဤအာနာပါနကမ္မဋ္ဌာန်းမှ တပါးသောကမ္မဋ္ဌာန်းကို နှလုံးသွင်းသော ပုဂ္ဂိုလ်အား ထင်ရှားသည်ဖြစ်၏၊ ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည်ကား ခက်ခဲ၏၊ ခက်ခဲသောဘာဝနာဖြစ်၏၊ ဘုရား ပစ္စေကဗုဒ္ဓါ၊ ဘုရားသားတော် ယောကျ်ားမြတ်တို့၏သာလျှင် နှလုံးသွင်းရာဌာနဖြစ်၏၊ သိမ်သိမ်ငယ်ငယ်မဟုတ်၊ သာမန်လူစားများ နည်းနာကျကျ သဘာဝအညီ မှီဝဲနိုင်သည်မဟုတ်၊ အကြင်အကြင်သို့ နှလုံးသွင်း၏၊ ထိုနှလုံးသွင်းသော အတိုင်း ငြိမ်သက်သည်လည်းဖြစ်၏၊ သိမ်မွေ့သည်လည်း ဖြစ်၏၊ ထို့ကြောင့် ဤအာနာပါနဿတိကမ္မဋ္ဌာန်း၌ ဤအားကြီးသောသတိကိုလည်းကောင်း၊ ပညာဉာဏ်ကိုလည်းကောင်း အလိုရှိအပ်လေသည်၊ စသည်ဖြင့် ကိုးကားဖော်ပြထားလေသည်။ (ဝိသုဒ္ဓိ၊ ၁။၂၇၆)

ထိုသို့ စုဒိတကပုဂ္ဂိုလ်ကိုးကားဖော်ပြသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာစကားရပ်၌ ပင်လျှင်—

"ထို့ကြောင့် ဤအာနာပါနဿတိကမ္မဋ္ဌာန်း၌ အားကြီးသော သတိကိုလည်းကောင်း၊ ပညာကိုလည်းကောင်း အလိုရှိအပ်လေသည်" ဟူ၍ အဋ္ဌကထာ ဆရာသည် ဥယျောဇနကထာ တိုက်တွန်းစကားကို ရေးသားတော်မူခဲ့သည်ကို ထောက်သော် ဤအာနာပါနဿတိကမ္မဋ္ဌာန်းသည် အနာဂါမ်ရဟန္တာကြီးများ အတွက်သာ ဖြစ်သည်ဟု မဆိုထိုက်ပေ၊ အနာဂါမ်ရဟန္တာကြီးများသည် သတိဉာဏ်ပညာကြီးပြီးသားဖြစ်ခဲ့လေပြီ၊ ပုထုဇဉ်နှင့် အောက်သေက္ခပုဂ္ဂိုလ်

တို့ကား သတိဉာဏ်ပညာမကြီးကြသေး၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်တို့ကိုရည်ညွှန်း၍ အဋ္ဌကထာဆရာသည် တိုက်တွန်းစကားရေးသားခဲ့ရခြင်းဖြစ်လေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာစကားရပ်များသည် စုဒိတကပုဂ္ဂိုလ်ပြော သကဲ့သို့ အာနာပါနဿတိကမ္မဋ္ဌာန်းကို အနာဂါမ်ရဟန္တာကြီးများသာ ပွားများ ထိုက် ကျင့်ကြံထိုက်ကြောင်းကို ပြဆိုသောစကားရပ်များ မဟုတ်ချေ။

ထို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ပင်—

> တသ္မာ ဣဒံ ကမ္မဋ္ဌာနံ ဘာဝေတုကာမေန အာနာပါန စတုတ္ထဇ္ဈာနပဒဋ္ဌာ-
> နာယ ဝိပဿနာယ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိတုကာမေန
> အာဒိကမ္မိကေန ကုလပုတ္တေန ပုဗ္ဗေ ဝုတ္တနယေနေဝ သီလပရိသောဓနာ-
> ဒီနိ သဗ္ဗကိစ္စာနိ ကတွာ ဝုတ္တပ္ပကာရဿ အာစရိယဿ သန္တိကေ ပဉ္စ-
> သန္ဓိကံ ကမ္မဋ္ဌာနံ ဥဂ္ဂဟေတဗ္ဗံ။ (ဝိသုဒ္ဓိ၊၁။၂၆၉)

ဟူ၍ ရေးသားတော်မူခဲ့၏။

မြန်မာပြန်

ထို့ကြောင့် ဤကာယာနုပဿနာကမ္မဋ္ဌာန်းကို ပွား၍ အာနာပါန စတုတ္ထ ဈာန်လျှင် နီးသောအကြောင်း ရှိသော ဝိပဿနာဖြင့် ပဋိသမ္ဘိဒါလေးပါး အဘိညာဏ်ခြောက်ပါးတို့နှင့်တကွအရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ အလိုရှိသော အစ လက်ဦး ကမ္မဋ္ဌာန်းစီးဖြန်းသော အမျိုးကောင်းသားသည် ရှေးသမထ နည်းတွင် ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သီလကို သုတ်သင်ခြင်း အစရှိသော အလုံးစုံသော ကိစ္စတို့ကို ပြု၍ ဆိုအပ်ခဲ့ပြီးသော အပြားရှိသော ဆရာ၏အထံ၌ ငါးခုသော အဆစ်အပိုင်းရှိသော ကမ္မဋ္ဌာန်းကို သင်ယူအပ်၏။

ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ သီလကို သုတ်သင်ခြင်း စသော အလုံးစုံသော ကိစ္စကို ပြု၍ ဟူသော စကားရပ်ကို ထောက်လျှင် ယခုအဋ္ဌကထာဆရာရေး သားပြဆိုဆဲဖြစ်သော အာဒိကမ္မိကကုလပုတ္တဟူသည် အာနာပါနကို အားထုတ် မည့် ပုထုဇဉ်ပုဂ္ဂိုလ်သာ ဖြစ်ကြောင်း ထင်ရှားပြန်လေသည်။

ထို့နောက် စုဒိတကပုဂ္ဂိုလ်သည် ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာလာ "ဣဒံ ပန အာနာပါန ကမ္မဋ္ဌာနံ ဂရုက" စသော စကားရပ်ကို ကိုးကားဖော်ပြ၍ စောဒက ပုဂ္ဂိုလ်တို့၏ စောဒနာချက်ကို ထပ်မံချေပပြန်ပါသော်သည်း ထိုချေပချက်သည် အထက်ပါ သုံးသပ်ချက် အမှတ်(၂)၌ ပြဆိုခဲ့ပြီး ဝိသုဒ္ဓိမဂ်အဋ္ဌကထာနှင့်အလား တူပင် ဖြစ်၍ ထပ်မံစိစစ်ရန် မလိုတော့ချေ။

ထိုမျှနှင့် မကျေနပ်သေးသော စုဒိတကသည် ဥပရိပဏ္ဏာသပါဠိတော် အနု-ပဒဝဂ် အာနာပါနသုတ်ကို ညွှန်းပြ၍ ချေပပြန်၏၊ (ချေပလွှာကို ပြန်ကြည့်) သို့ရာတွင် ပါဠိ ကိုးကားထုတ်ပြခြင်း မပြုပေ၊ ယင်းသို့ ထုတ်ပြခြင်း မပြုသော်လည်း စုဒိတက ထုတ်ပြလိုသော ပါဠိတော်သည် အောက်ဖော်ပြပါ ပါဠိဖြစ်တန်ရာ၏—

> သန္တိ ဘိက္ခဝေ ဘိက္ခူ ဣမသ္မိံ ဘိက္ခုသံဃေ အရဟန္တော ခီဏာ-သဝါ ဝုသိတဝန္တော ကတကရဏီယာ ဩဟိတဘာရာ အနုပ္ပတ္တသဒတ္ထာ ပရိက္ခီဏဘဝသံယောဇနာ သမ္မဒညာ ဝိမုတ္တာ၊ ဧဝရူပါပိ ဘိက္ခဝေ သန္တိ-ဘိက္ခူ ဣမသ္မိံ ဘိက္ခုသံဃေ။ (မ ၃၊၁၂၃)

ပြန်မာပြန်

ရဟန်းတို့ ဤရဟန်းအပေါင်း၌ ပူဇော်အထူးကို ခံထိုက်ကုန်သော အာသဝ ကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးကုန်ပြီးသော မဂ်ကိစ္စကို ပြုပြီးကုန်သော ခန္ဓာဝန်ကို ချပြီးကုန်သော မိမိ၏အကျိုး(အရဟတ္တဖိုလ်)သို့ ရောက်ပြီးကုန်သော ဘဝသံယောဇဉ်ကုန်ပြီးကုန်သော ကောင်းစွာသိ၍ လွတ်မြောက်ပြီးကုန်သော ရဟန်းတို့သည် ရှိကုန်၏၊ ရဟန်းတို့ ဤရဟန်းအပေါင်း၌ ဤသို့သဘော ရှိသည်လည်း ဖြစ်ကုန်သော ရဟန်းတို့သည် ရှိကုန်၏။

အထက်ပါ ပါဠိတော်ဖြင့် ရဟန္တာပုဂ္ဂိုလ်ကို ဖော်ပြဟောကြားတော်မူ၏၊ ထိုအတူပင် အနာဂါမ် သကဒါဂါမ် သောတာပန်တို့ကိုလည်း ဖော်ပြဟော ကြားတော်မူ၏၊ ထိုအနာဂါမ် သကဒါဂါမ် သောတာပန်တို့အတွက် ပါဠိကိုမူ ကျယ်အံ့စိုး၍ ထုတ်မပြတော့ပေ၊

ဤမျှတိုင်အောင်သော ပါဠိတော်များဖြင့် သောတာပန် သကဒါဂါမ် အနာ ဂါမ် ရဟန္တာအားဖြင့် ပုဂ္ဂိုလ် လေးယောက်တို့သာ မြတ်စွာဘုရား ဟောကြား တော်မူ၏၊ ပုထုဇဉ်ပုဂ္ဂိုလ်ကိုကား ဖော်ပြဟောကြားတော်မမူသေး၊ အဆိုပါ အရိယာပုဂ္ဂိုလ် လေးယောက်တို့ အားထုတ်အပ်သော တရားကိုလည်း ဖော်ပြ ဟောကြားတော်မမူသေး။

**ယခုအခါ၌မူကား** ထိုဖော်ပြဟောကြားတော်မူအပ်ပြီးသော အရိယာပုဂ္ဂိုလ်တို့ အားထုတ်အပ်သော ကမ္မဋ္ဌာန်းကိုလည်းကောင်း ဖော်ပြဟောကြားခြင်းမပြုရ သေးသော ပုထုဇဉ်ပုဂ္ဂိုလ်ကိုလည်းကောင်း ထိုပုထုဇဉ်ပုဂ္ဂိုလ်အားထုတ် အပ်သော ကမ္မဋ္ဌာန်းကိုလည်းကောင်း ဖော်ပြ ဟောကြားတော်မူလိုသော မြတ်စွာဘုရားသည် အောက်ပါ ပါဠိတော်ကို ဆက်လက် ဟောကြားတော်မူပြန် ပါသည်—

> သန္တိ ဘိက္ခဝေ ဘိက္ခူ ဣမသ္မိံ ဘိက္ခုသံဃေ စတုန္နံ သတိပဋ္ဌာနာနံ ဘာဝနာနုယောဂေ မနုယုတ္တာ ဝိဟရန္တိ ဧဝရူပါပိ ဘိက္ခဝေ သန္တိ ဘိက္ခူ ဣမသ္မိံ ဘိက္ခုသံဃေ။ (မ၊၃၊၁၂၄)

မြန်မာပြန်

ရဟန်းတို့ ဤရဟန်း အပေါင်း၌ ရဟန်းတို့သည် လေးပါးသော သတိပဋ္ဌာန်တို့ကို ဘာဝနာဖြင့် အဖန်ဖန် အားထုတ်ကုန်လျက် နေကြကုန်၏။ ရဟန်းတို့ ဤသို့သဘောရှိကုန်သော ရဟန်းတို့သည်လည်း ဤရဟန်းအပေါင်း၌ ရှိကုန်၏။ ထိုနည်းတူစွာပင် ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို အားထုတ်နေကြောင်းကိုလည်း ဆက်လက်၍ ဟောကြားတော်မူ၏။ ကျယ်အံ့စိုး၍ ထုတ်မပြတော့ပြီ။

အထက်ပါ ပါဠိတော်ကို အဋ္ဌကထာဆရာသည် ဤသို့ ဖွင့်ပြတော်မူ၏။

> တတ္ထ စတုန္နံ သတိပဋ္ဌာနာနန္တိအာဒိနိ တေသံ ဘိက္ခူနံ အဘိနိဝိဋ္ဌကမ္မဋ္ဌာနဒဿနတ္ထံ ဝုတ္တာနိ။ တတ္ထ သတ္တတိံသဗောဓိပက္ခိယဓမ္မာ လောကိယလောကုတ္တရာ ကထိတာ။ (မဋ္ဌ၊၃၊၉၈။)

မြန်မာပြန်

ထိုပါဠိတော်၌ စတုန္နံသတိပဋ္ဌာနာနံ စသော စကားတို့ကို ရဟန်းတို့၏နှလုံးသွင်းအပ်သော ကမ္မဋ္ဌာန်းကို ပြခြင်းအကျိုးငှာ ဟောတော်မူအပ်ကုန်၏၊ ထိုပါဠိတော်၌ ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ကို လောကီ လောကုတ္တရာတို့ ဟူ၍ ဆိုအပ်ကုန်၏။

ဤသို့လျှင် အဋ္ဌကထာဆရာသည် ရဟန်းအပေါင်းတို့ ပွားများနေသော ဗောဓိပက္ခိယတရား သုံးဆယ့်ခုနစ်ပါးကို လောကီ၊ လောကုတ္တရာ နှစ်မျိုး ယူရမည်ဆိုသဖြင့် ထိုရဟန်းတို့သည် ပုထုဇဉ်သေက္ခ အသေက္ခ သုံးမျိုး ဖြစ်ကြသည်ဟူသော အနက်အဓိပ္ပာယ်သည် ထင်ရှားတော့၏။

ထို့နောက်၌ မြတ်စွာဘုရားသည်အောက်ပါ ပါဠိတော်ဖြင့်ပုထုဇဉ်-သေက္ခ—အသေက္ခ ရဟန်းသုံးမျိုးတို့အများအားဖြင့် အားထုတ်အပ်သောကမ္မဋ္ဌာန်းကို ဟောကြားတော်မူ၏။

> သန္တိ ဘိက္ခဝေ၊ ဘိက္ခူ ဣမသ္မိံ၊ ဘိက္ခုသံဃေ အာနာပါနဿတိဘာဝနာနုယောဂမနုယုတ္တာ ဝိဟရန္တိ။ (မ ၃၊ ၁၂၄)

မြန်မာပြန်

ချစ်သားရဟန်းတို့ ဤရဟန်းအပေါင်း၌ ရဟန်းတို့သည် အာနာပါနဿတိ ဘာဝနာကို အဖန်ဖန်အားထုတ်ကုန်လျက် နေကြကုန်၏။

ထိုဆိုအပ်ခဲ့ပြီးသော ပါဠိတော်နှင့် အဋ္ဌကထာအဖွင့်တို့ကို ဆက်စပ်၍ ကြည့်လိုက်သည်ရှိသော် အာနာပါနကမ္မဋ္ဌာန်းကို-ပုထုဇဉ်-အောက်သေက္ခနှင့် အနာဂါမ်ရဟန္တာ များပါမကျန်ပွားများသင့် ပွားများထိုက်ကြောင်း ထင်ရှား၍ နေလေတော့သည်။

စုဒိတက၏အာနာပါနသံယုတ်ကို ကိုးကား၍ချေပချက်ကို ရှင်းလင်းခြင်း

စုဒိတကသည် အောက်ပါအာနပါန သံယုတ်မြန်မာပြန်ကို ကိုးကား၍ပုထုဇဉ်များ အာနာပါနပဗ္ဗကမ္မဋ္ဌာန်းကို အားမထုတ်ထိုက်ကြောင်း ချေပထား၏၊

ပါဠိတော် မြန်မာပြန်

(က) ရဟန်းတို့ သေက္ခဖြစ်ကုန်သော အရဟတ္တဖိုလ်သို့ မရောက်သေးကုန်သော အတုမရှိသော ယောဂ၏ကုန်ရာ(နိဗ္ဗာန်)ကို တောင့်တ၍နေကုန်သော ရဟန်းတို့အား အာနာပါနဿတိ သမာဓိကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည်ရှိသော် အာသဝကုန်ခြင်းငှာဖြစ်၏။

(ခ) ရဟန်းတို့ပူဇော်အထူးကို ခံယူထိုက်ကုန်သောအာသဝကုန်ပြီးသော မဂ်အကျင့်ကို ကျင့်သုံးပြီးကုန်သော မဂ်ကိစ္စကို ပြုပြီးကုန်သော ခန္ဓာဝန်ကို ချပြီးကုန်သောမိမိ၏အကျိုး(အရဟတ္တဖိုလ်)သို့ ရောက်ပြီးကုန်သော ဘဝသံယောဇဉ် ကုန်ပြီးကုန်သော ကောင်းစွာသိ၍ လွတ်မြောက်ပြီးကုန်သော ရဟန်းတို့အား အာနာပါနဿတိ သမာဓိကို ပွားများအပ် ကြိမ်ဖန်များစွာ ပြုလုပ်အပ်သည် ရှိသော် ယခုဘဝ၌ပင်ချမ်းသာစွာနေခြင်းငှာလည်းကောင်းဖြစ်၏။(သံ၊ ၃၊ ၂၈၄)

စုဒိတက၏အထက်ပါအတိုင်း ချေပချက်သည်မှန် မမှန်ဝေဖန်ဆုံးဖြတ်လိုလျှင် ရှေးဦးစွာ မြတ်စွာဘုရား၏ ဟောကြားတော်မူလိုရင်း နှလုံးသွင်းအာဘောဂ တော်ကိုသိရှိရန်အရေးကြီး၏၊ မြတ်စွာဘုရားသည် ထိုပါဠိတော်ကို ရဟန်းတို့ အားဟောကြားတော်မူရာ၌ အရိယဝိဟာရ ဗြဟ္မဝိဟာရသတ္ထာဂတဝိဟာရ တည်းဟူသော ဝိဟာရသုံးပါးကို သိစေတော်မူလိုရင်း နှလုံးသွင်းအာဘောဂ ရှိတော်မူ၏၊ ကမ္မဋ္ဌာန်းပေးသည့်သဘောဖြင့် ဟောတော်မူခြင်းမဟုတ်ပေ၊ ထိုဝိဟာရသုံးမျိုးသည်လည်း အရိယာပုဂ္ဂိုလ်နှင့်သာ သက်ဆိုင်၏၊ပုထုဇဉ်တို့နှင့် မသက်ဆိုင်ပေ။

မသက်ဆိုင်သောကြောင့် ပုထုဇဉ်ပုဂ္ဂိုလ်ကို ချန်လှပ်တော်မူခဲ့၏၊ ဤသို့ပြဆို အပ်ပြီးသောမြတ်စွာဘုရား၏နှလုံးသွင်းအာဘောဂတော်ကို မသိသော စုဒိတက

သည်ပါဠိတော်ကိုလွဲမှားစွာ ကိုးကား၍ချေပထားခြင်းသာဖြစ်သည် ဟုသုံးသပ်တော်မူကြသည်၊ စုဒိတကသည် နောက်ဆုံးအနေအားဖြင့် ဥပရိပဏ္ဏာသပါဠိ— အနုပဒဝဂ်အာနာပါနသတိသုတ်စာမျက်နှာ(၁၃၁)ကိုဖော်ပြ၍ ချေပပြန်သည်၊ စာမျက်နှာ(၁၃၁)ဆိုသည်မှာ မြန်မာပြန်ဖြစ်ဟန်တူသည်၊ ပါဠိတော်စာမျက်နှာမှာ(၁၂၃)ဖြစ်၏၊ ထိုချေပချက်သည် အထက်၌ဖော်ပြပြီး အမှတ် (၄)သုံးသပ်ချက်၌ပါဝင်ပြီးဖြစ်၍ ထပ်မံသုံးသပ်ရန်မလိုတော့ချေ။

ပြဆိုအပ်ပြီးသော ထိုထိုပါဠိတော်အဋ္ဌကထာတို့ကို ထောက်ထား၍ဆင်ခြင်သုံးသပ်လျှင် အာနာပါနကို ပုထုဇဉ်သေက္ခများ မပွားများထိုက်ဟု ရေးသားဟောကြားသော ဦးစံရင်းသည် စောဒကပုဂ္ဂိုလ်များ စောဒနာသကဲ့သို့ပင် ထေရဝါဒလာပါဠိအဋ္ဌကထာ ဋီကာတို့နှင့် ညီညွတ်ခြင်းမရှိပဲ(ဝါ)ထေရဝါဒလာပါဠိတော်အဋ္ဌကထာဋီကာတို့ကို မှားမှားယွင်းယွင်း ကိုယ်လိုရာဆွဲသွင်းပြီးလျှင် အာစရိယပရမ္ပရအမှီရကြ၍ သိဿာနုသိဿာ အဆက်ဆက်တို့ ကျင့်ကြံနေသော ပရိယတ္တိနှင့်ညီညွတ်သော ပဋိပတ်လမ်းမှန် သတိပဋ္ဌာန်တရားများကို ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ထင်ယောင်ထင်မှားဖြစ်ပြီး ပဋိပတ္တိသာသနာပျက်ပြား ဆုတ်ယုတ်အောင်ဟောပြော ရေးသားနေခြင်းသာဖြစ်ကြောင်း ထင်ရှားပေါ်လွင်လျက်ရှိရာ အာနာပါနကို ပုထုဇဉ်သေက္ခများ မပွားများထိုက်ဟု ရေးသားပြောဟောပြော ဦးစံရင်း၏ဝါဒသည် အဓမ္မဝါဒသာ ဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

---

**ဣရိယာပထပဗ္ဗကမ္မဋ္ဌာန်းကို ပုထုဇဉ်များ မပွားများထိုက်ဟု ရေးသားချက်နှင့် စပ်လျဉ်းသည့် စောဒနာ သောဒနာအမှတ် (၃) ကို စိစစ်သုံးသပ်ခြင်း**

ကျောက်ပုံဝါဒီတို့သည် မဟာသတိပဋ္ဌာနသုတ်၌ ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဣရိယာပထပဗ္ဗကမ္မဋ္ဌာန်းကို ပုထုဇဉ်နေယျပုဂ္ဂိုလ်များ မပွားများထိုက်ကြောင်း အောက်ပါအတိုင်း ရေးသားကြလေသည်။

> ဣရိယာပထ ပဗ္ဗ စသော ကမ္မဋ္ဌာန်းလမ်းများကို အနာဂါမိမဂ်အရဟတ္တမဂ်ဆိုက်ပြီးသော ပုဂ္ဂိုလ်တို့သာ မျက်မှောက်ချမ်းသာအလို့ငှာ ပွားများအပ် ပွားများထိုက်သော (ဝါ) ကလျာဏကျပ်ပြည့် နေယျပုဂ္ဂိုလ်တို့သည်ပင် မပွားများအပ် မကျင့်အပ် မပွားများထိုက် မကျင့်ထိုက်၊

အထက်ပါ ကျောက်ပုံဝါဒီ ဦးစံရင်း၏ ရေးသားချက်ကို စောဒက ပုဂ္ဂိုလ်တို့က အောက်ပါ အဋ္ဌကထာကိုဖော်ပြ၍ အဓမ္မဖြစ်ကြောင်း စောဒနာကြ၏။

ဣဓာပိ စတုန္နံ အရိယသစ္စာနံ ပဋိဝေဓော နာမ ဒုက္ခသစ္စံ၊ တဿ သမုဋ္ဌာပိကာ ပုရိမတဏှာ သမုဒယသစ္စံ၊ ဥဘိန္နံ အပ္ပဝတ္တိ နိရောဓသစ္စံ၊ ဒုက္ခပရိဇာနနော သမုဒယပဇဟနော နိရောဓာရမ္မဏော အရိယမဂ္ဂေါ မဂ္ဂသစ္စံ။ ဧဝံ စတုသစ္စဝသေန ဥဿက္ကိတွာ နိဗ္ဗုတိံ ပါပုဏာတီတိ ဣဒမေကဿ စတုန္နံ အရိယသစ္စာနံ ဘိက္ခုနော ယာဝ အရဟတ္တာ နိယျာနမုခံ။ (ဒီ ဋ္ဌ၊၂။၃၅၉)

## မြန်မာပြန်

ဤ ဣရိယာပထပဗ္ဗ၌လည်း ဣရိယာပုထ်လေးပါးကို ပိုင်းခြားယူတတ်သော သတိသည် ဒုက္ခသစ္စာမည်၏၊ ထိုသတိကိုဖြစ်စေတတ်သော ရှေးဘဝ၌ဖြစ်သော တဏှာသည် သမုဒယသစ္စာမည်၏၊ ဒုက္ခသမုဒယ နှစ်ဝသော သစ္စာတို့၏မဖြစ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာမည်၏၊ ဒုက္ခကို ပိုင်းခြားသိတတ်သော သမုဒယကို ပယ်တတ်သော နိဗ္ဗာန်ဟူသော အာရုံရှိသော အရိယာမဂ်သည် မဂ္ဂသစ္စာမည်၏။

ဤသို့ စတုသစ္စကမ္မဋ္ဌာန်း၏ အစွမ်းဖြင့် အားထုတ်၍ ကိလေသာငြိမ်းအေးရာ နိဗ္ဗာန်သို့ရောက်နိုင်၏။ ဤ ဣရိယာပထကမ္မဋ္ဌာန်းသည် ဣရိယာပုထ်လေးပါးကို ပိုင်းခြားမှတ်သား ရှုပွားသော ယောဂီတယောက်၏ အရဟတ္တဖိုလ်တိုင်အောင် သံသရာဝဋ်ဆင်းရဲမှ ထုတ်ဆောင်သွားခြင်း၏ အကြောင်းတည်း။

ဤအထက်ပါ အဋ္ဌကထာအရ ဣရိယာပထပဗ္ဗကို ပုထုဇဉ် နေယျပုဂ္ဂိုလ်တို့ ပွားများနိုင်သော ကမ္မဋ္ဌာန်းဖြစ်ကြောင်းနှင့် ပွားများသော နေယျပုဂ္ဂိုလ်တို့သည် အရဟတ္တဖိုလ်တိုင်အောင်ရောက်နိုင်ကြောင်း ထင်ရှားပါသည်၊ ဤကား စောဒကတို့၏ ရှင်းလင်းချက်တည်း။

စောဒကပုဂ္ဂိုလ်တို့၏ စောဒနာသည် ဓမ္မစောဒနာဖြစ်ကြောင်း မူလပဏ္ဏာသ အဋ္ဌကထာဖြင့် ထောက်ခံသုံးသပ်ပါမည်၊ မူလပဏ္ဏာသ အဋ္ဌကထာ သတိပဋ္ဌာနသုတ် ဣရိယာပထ ပဗ္ဗဝဏ္ဏနာ၌—

တတ္ထ ကာမံ သောဏသိင်္ဂါလာဒယောပိ ဂစ္ဆန္တာ "ဂစ္ဆာမာ"တိ ဇာနန္တိ၊ န ပနေတံ ဧဝရူပံ ဇာနနံ သန္ဓာယ ဝုတ္တံ။ ဧဝရူပဉ္ဟိ ဇာနနံ သတ္တူပလဒ္ဓိံ န ပဇဟတိ၊ အတ္တသညံ န ဥဂ္ဃာဋေတိ၊ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနဘာဝနာ ဝါ န ဟောတိ။ဣမဿ ပန ဘိက္ခုနော ဇာနနံ သတ္တူပလဒ္ဓိံ ပဇဟတိ၊အတ္တသညံ ဥဂ္ဃာဋေတိ၊ကမ္မဋ္ဌာနဉ္စေဝ သတိပဋ္ဌာနဘာဝနာ စ ဟောတိ။ (မ ဋ္ဌ ၁။၂၅၅၊၂၅၆)

ပြန်မာပြန်

ထိုဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-ဟူသောစကားရပ်၌ ခွေးမြေခွေး အစ ရှိသောသတ္တဝါတို့သည်လည်း သွားကုန်သည်ရှိသော် သွားကုန်၏ဟူ၍ အကယ်၍ကား သိကြကုန်၏၊ ထိုသို့သိကြကုန်သော်လည်း ဤသို့သဘောရှိသော သိခြင်းကို ရည်ရွယ်၍ ဤဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-ဟူသောစကားကို ဟောတော်မူသည်မဟုတ်၊ ထိုစကားသည် မှန်၏၊ ဤသို့သဘောရှိသောသိခြင်းသည် သတ္တဝါဟု စွဲယူခြင်းကို မစွန့်နိုင် အတ္တသညာကို မပယ်ခွာနိုင်၊ ကမ္မဋ္ဌာန်းသည်လည်းကောင်း သတိပဋ္ဌာနဘာဝနာသည်လည်းကောင်း မဖြစ်၊ ဤရဟန်း၏ သိခြင်းသည်ကား သတ္တဝါဟု စွဲယူခြင်းကို စွန့်နိုင်၏၊အတ္တသညာကို ပယ်ခွာနိုင်၏၊ ကမ္မဋ္ဌာန်းသည်လည်းကောင်း သတိပဋ္ဌာနဘာဝနာသည်လည်းကောင်း ဖြစ်၏။

ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ-ဟူသော ပါဠိတော်လာအတိုင်း သွားသည် သွားသည် ဟူ၍ ရှုဆင်ခြင်နေသော ယောဂီပုဂ္ဂိုလ်အား သတ္တဝါဟု စွဲယူခြင်းကို စွန့်၏၊အတ္တသညာကို ခွာ၏ဟုဆိုရာ၌ ဘယ်ပုံဘယ်နည်း ခွာပါသနည်းဟု မေးရန်ရှိ၍ အဋ္ဌကထာဆရာသည် အောက်ပါအဖွင့်ကို ဆက်လက် မိန့်ဆိုတော်မူ၏။

> တဿ ဧဝံ ပဇာနာတိ "ဂစ္ဆာမီ"တိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တံ ဝါယံ ဇနေတိ၊ ဝါယော ဝိညတ္တိံ ဇနေတိ၊ စိတ္တကိရိယဝါယောဓာတု ဝိပ္ဖါရေန သကလကာယဿ ပုရတော အဘိနီဟာရော ဂမနန္တိ ဝုစ္စတိ။
> (မ ဋ္ဌ ၁။၂၅၆)

ပြန်မာပြန်

ထို့ကြောင့် ဤယောဂီပုဂ္ဂိုလ်သည် ဤသို့သိ၏၊(အဘယ်သို့ သိသနည်း)သွားအံ့ဟူသောစိတ်ဖြစ်၏၊ ထိုစိတ်သည် ဝါယောဓာတ်ကို ဖြစ်စေ၏၊ ဝါယောဓာတ်သည် ဝိညတ်ကို ဖြစ်စေ၏၊ စိတ်သည် ပြုအပ်သော ဝါယောဓာတ်၏ ပျံ့နှံ့ခြင်းကြောင့် အလုံးစုံသောကိုယ်ကို ရှေ့သို့ ရွေ့ရှုဆောင်ခြင်းကို သွားခြင်းဟူ၍ဆိုအပ်၏၊(ဤသို့သိ၏)၊ အထက်ပါ အဋ္ဌကထာ ဆရာမြတ် ဖွင့်ပြတော်မူအပ်သော စကားစဉ်အရ သွားသည် သွားသည်ဟူ၍ ရှုမှတ်နေသော ယောဂီသည် သွားခြင်း သာမညလောက်ကိုသာ သိနေလျှင် ခွေး မြေခွေး စသည်တို့သိခြင်းနှင့် ထူးခြားမှုမရှိ၍ သတ္တဝါဟု စွဲယူခြင်းကို မစွန့်နိုင်၊ အတ္တသညာကို မပယ်ခွာနိုင်ပေ၊ ဤယောဂီရဟန်း၏ ရှုမှတ်ခြင်းကား သတ္တဝါဟု စွဲယူခြင်းကို စွန့်နိုင်၏၊ အတ္တသညာကိုလည်း ပယ်ခွာနိုင်၏။

အဘယ်သို့ရှိလျှင် သတ္တဝါဟု စွဲယူခြင်းကိုစွန့်နိုင် အတ္တသညာကို ပယ်ခွာနိုင်ပါသနည်းဟူမူ—သွားလိုသောစိတ် ဖြစ်၏၊ ထိုစိတ်ဖြစ်သည်နှင့် တပြိုင်နက် ဝါယောဓာတ်ဖြစ်ပေါ်လာ၏၊ ထိုဝါယောဓာတ်သည် ဝိညတ်ရုပ်ကို ဖြစ်စေ၏၊ စိတ်သည် ပြုအပ်သော ဝါယောဓာတ်၏ ပျံ့နှံ့ခြင်းကြောင့် ခန္ဓာကိုယ်တခုလုံးသည် ရှေ့သို့ရွေ့လျားခြင်း ဖြစ်ပေါ်လာ၏၊ (ဝါ) သွားခြင်းဖြစ်ပေါ်လာရ၏။

ထို့ကြောင့် ထိုသွားခြင်းသဘောတရားကို ကျနစွာ ဆန်းစစ်ကြည့်သောအခါ သွားခြင်းသဘောတရား၌ (၁) သွားလိုသောစိတ်၊ (၂) ဝါယောဓာတ်၊ (၃) ဝိညတ်ရုပ်အားဖြင့် သုံးမျိုးကိုသာတွေ့ရှိရ၏၊ထိုသွားခြင်းသဘောတရား၌ သတ္တဝါကိုလည်းကောင်း ငါဟူသော အတ္တကိုလည်းကောင်း မတွေ့ရှိရပေ။

ထို့ကြောင့် ဤကမ္မဋ္ဌာန်းကို မပွားများမီ ရှေ့အဖို့က သွားသည့်အခါ၌ သတ္တဝါသွားသည် ငါသွားသည် စသည်ဖြင့် အယူသညာမှားနေသော်လည်း ယခု ဤကမ္မဋ္ဌာန်းကို အားထုတ်ရာအခါ၌ကား သတ္တဝါဟူ၍ စွဲယူခြင်းနှင့် ငါဟူသော အတ္တသညာတို့သည် ပျောက်ကုန်၏။

ဤသို့လျှင် ဤဣရိယာပထပဗ္ဗကမ္မဋ္ဌာန်းကို ရှုပွားသောယောဂီပုဂ္ဂိုလ်အား အတ္တသညာ အတ္တဒိဋ္ဌိသည် ပျောက်ကင်း၏၊ ယင်းသို့ အတ္တသညာ အတ္တဒိဋ္ဌိ ပျောက်ကင်းလျှင်စောဒကတို့ ရှင်းလင်းဖော်ပြသည့်အတိုင်းသစ္စာလေးပါးတရားကိုကောင်းစွာသိမြင်၍ကိလေသာငြိမ်းရာ နိဗ္ဗာန်သို့ ရောက်နိုင်ကြောင်း ကောင်းစွာထင်ရှား၏။

ထို့ကြောင့် စောဒကတို့၏ စောဒနာသည် ဓမ္မစောဒနာဖြစ်၍ ဣရိယာပထပဗ္ဗကို ပုထုဇဉ်တို့ မပွားများထိုက်ဟု ရေးသားသော ဦးစံရင်း၏ ဝါဒသည် အဓမ္မဝါဒသာဖြစ်၏ဟု သုံးသပ်တော်မူကြသည်။

**စောဒက၏ မဟာနာဂဝတ္ထုနှင့်စပ်လျဉ်း၍ စုဒိတကပုဂ္ဂိုလ်၏ ဗဟုသုတနည်းပါးပုံကို သုံးသပ်ခြင်း**

စောဒကပုဂ္ဂိုလ်တို့က ပုထုဇဉ်တို့ ဣရိယာပထကမ္မဋ္ဌာန်း စီးဖြန်းပွားများထိုက်ကြောင်းကို ဆရာဖြစ်သော မဟာနာဂမထေရ်နှင့် တပည့် ဓမ္မဒိန္နာမထေရ်တို့၏ ဝတ္ထုကိုတင်ပြ၍ စောဒနာကြသည်၊ (အမှတ် ၃-စောဒနာပြန်ကြည့်) ယင်းသို့ စောဒနာရာ၌ ကျမ်းညွှန်းကိုကား ဖော်မပြခဲ့၊ ကျမ်းညွှန်းမပါသောကြောင့် စာပေကျမ်းဂန် နှံ့နှံ့စပ်စပ် ကိုယ်တိုင်မလေ့ကျက် မသင်ကြားဖူးပဲ သူပြော ငါပြောနှင့်တရားဟောနေသော စုဒိတကသည် ဤနေရာ၌ စာရှာမရ၍ အခက်ကြုံနေဟန် လက္ခဏာရှိသည်၊ ထို့ကြောင့် စာရှာဖွေ၍မရသည့် နောက်ဆုံး၌ အောက်ပါအတိုင်း စောဒကပုဂ္ဂိုလ်တို့ကို အပြစ်ဖို့၍ချေပလေသည်။

### အပြစ်ဖို့ပုံ

စောဒကဆရာတော်များ ကိုးကားဖော်ပြထားသော ဒေသနာကို ဝေဖန်ကြည့်ပါက အဘယ်ပုဂ္ဂိုလ်များသည် ဣရိယာပထပဗ္ဗကမ္မဋ္ဌာန်းကို စီးဖြန်းပွားများသည့်အတွက် အရဟတ္တဖိုလ်တိုင်အောင် ဆိုက်ရောက်သွားကြောင်း တိုက်ရိုက်အားဖြင့် ပုဂ္ဂိုလ်ကိုဖော်ပြ ဟောကြားထားခြင်း မရှိပဲ သာမန်အားဖြင့် ဟောကြားထားသည်ကို တွေ့ရပါသည် ဘုရားဟူ၍ ချေပ၏။

စုဒိတကပုဂ္ဂိုလ်သည် မဟာနာဂမထေရ်နှင့် ဓမ္မဒိန္နာမထေရ်တို့၏ ဝတ္ထုသည် မည်သည့်ကျမ်းတွင် ပါရှိကြောင်း မသိသည့်အတွက် အထက်ပါအတိုင်း မိမိအပြစ်ကို သူတပါးအပြစ်လုပ်ထားခြင်းဖြစ်သည်၊ မဟာနာဂမထေရ် ဓမ္မဒိန္နာမထေရ်တို့၏ ဝတ္ထုသည် သာရတ္ထဒီပနီဋီကာ ဒုတိယအုပ် စာမျက်နှာ(၂၈၂)၌လည်းကောင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ (၂၇၀)၌ လည်းကောင်း ပါရှိလေသည်၊ သို့ဖြစ်၍ စုဒိတကပုဂ္ဂိုလ်၏ ချေပချက်သည် ခိုင်လုံတိကျသော ချေပချက်မဟုတ်ရုံမက မိမိကိုယ်မိမိ ဗဟုသုတနည်းပါးသော တရားဟောဆရာတယောက်ဟု ဖော်ပြနေသော ချေပချက်သာ ဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

### သုတ်မဟာဝါအဋ္ဌကထာနှင့် အင်္ဂုတ္တိုရ်ပါဠိတော်ကို ကိုးကား၍ ချေပခြင်းကိုသုံးသပ်ခြင်း

**သုတ်မဟာဂါအဋ္ဌကထာ မြန်မာပြန်**

(၁) နုံ့နှေးသော ပညာရှိသော တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်အား ကြမ်းတမ်းသော ကာယာနုပဿနာ သတိပဋ္ဌာန်သည် စင်ကြယ်ရာ စင်ကြယ်ကြောင်း မဂ် ဖြစ်၏။

(၂) ထက်မြက်သော ပညာရှိသော တဏှာစရိုက်ရှိသောပုဂ္ဂိုလ်အား သိမ်မွေ့သော ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် စင်ကြယ်ရာ စင်ကြယ်ကြောင်း မဂ်ဖြစ်၏။

(၃) နုံ့နှေးသော ပညာရှိသော ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်အားလည်း မပြားလွန်းသောအားဖြင့် ဖြစ်သော စိတ္တာနုပဿနာသတိပဋ္ဌာန်သည် စင်ကြယ်ကြောင်း မဂ်ဖြစ်၏။

(၄) ထက်မြက်သော ပညာရှိသော ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်အားလည်း လွန်သော အပြားအားဖြင့် ဖြစ်သော ဓမ္မာနုပဿနာသတိပဋ္ဌာန်သည် စင်ကြယ်ကြောင်း မဂ်ဖြစ်၏။

ဤကား စုဒိတကပုဂ္ဂိုလ် ကိုးကားသော သုတ်မဟာဝါအဋ္ဌကထာ မြန်မာပြန်တည်း။

ထို့နောက် စုဒိတကပုဂ္ဂိုလ်က ဆက်လက်၍ ထိုအဋ္ဌကထာ၏ ပိဋကတ္တစကား ကျကို ဤသို့ဖော်ပြ၏။

အထက်ပါစကားရပ်ကို အကျဉ်းချုံး၍ အဓိပ္ပာယ်သရုပ် ထုတ်လိုက်သော်–ကာယာနုပဿနာသတိပဋ္ဌာန်နှင့် ဝေဒနာနုပဿနာသတိပဋ္ဌာန်များသည် တဏှာခွာရန် တဏှာသတ်ရန်(ဝါ) တဏှာခွာနည်း တဏှာသတ်နည်း ကမ္မဋ္ဌာန်းလမ်းစဉ်များဖြစ်သည်၊ စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်များသည် ဒိဋ္ဌိခွာရန် ဒိဋ္ဌိသတ်ရန် (ဝါ) ဒိဋ္ဌိခွာနည်း ဒိဋ္ဌိသတ်နည်း ကမ္မဋ္ဌာန်းလမ်းစဉ်များ ဖြစ်သည်ဟု တွေ့ရပါသည်ဘုရား။

သုတ်မဟာဝါ အဋ္ဌကထာလာ ၁/၂/၃/၄/စကားရပ်တို့ကို ကိုးကား၍ စုဒိတကပုဂ္ဂိုလ်သည် ကာယာနုပဿနာသတိပဋ္ဌာန်နှင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်တို့သည် တဏှာကိုသာသတ်သည်ဟူ၍ လည်းကောင်း၊ စိတ္တာနုပဿနာ သတိပဋ္ဌာန်နှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့သည် ဒိဋ္ဌိကိုသာ သတ်သည်ဟူ၍ လည်းကောင်း ယူဆထားလေသည်၊ ယင်းသို့ယူဆခြင်းမျိုးသည် "အမယ်မှာ မှာသည့်အတိုင်း" လှေနံဓားထစ်ယူဆခြင်းမျိုးဖြစ်၏၊ ထိုယူဆခြင်းမျိုးသည် ပညာမဲ့သော သူတို့၌သာဖြစ်ဘတ်၏။

ပါဠိတော် အဋ္ဌကထာဋီကာလာ စကားရပ်တို့၏ အနက်အဓိပ္ပာယ် တို့ကို တွေးကြံယူဆသော ပုဂ္ဂိုလ်သည် ကဝိလက္ခဏာခေါ် (ဝါ) ပညာရှိလက္ခဏာခေါ် ဆန်းနည်း အလင်္ကာနည်း သဒ္ဒါနည်း မုချနည်း ဥပစာနည်း ရှင့်ဖီနည်း အစရှိသော နည်းပေါင်းများစွာတို့ကို ကျွမ်းကျင်တတ်မြောက်ဖို့လို၏၊ အဆိုပါ နည်းပေါင်းများစွာတို့ကို ကျွမ်းကျင်တတ်မြောက်ပြီး ပုဂ္ဂိုလ်များပင်သော်လည်း တခါတရံ တိမ်းပါးချော်ချော် မှားယွင်းမှုဖြစ်ပေါ်တတ်သေး၏၊ ယခုလို ဘာနည်းကိုမျှ ကျကျနန မသင်ယူပဲ သူပြော ငါပြောနှင့် တရားဟောဆရာ ပြုလုပ်နေသော စုဒိတက ပုဂ္ဂိုလ်အဖို့မှာမူ ဆိုဖွယ်ရာမရှိပြီ၊ အမှားတွေ တသီကြီးနှင့် တွေ့ရတော့မည် ကေန်တည်း။

သုတ်မဟာဝါ အဋ္ဌကထာ၌ စုဒိတကပြောသလို ကာယာနုပဿနာသတိ-ပဋ္ဌာန်နှင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် တဏှာကိုသာ ပယ်သည်၊ ဒိဋ္ဌိကို မပယ်နိုင်ဟူ၍လည်းကောင်း၊ စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာသည် ဒိဋ္ဌိကိုသာ ပယ်နိုင်သည်၊ တဏှာကို မပယ်နိုင်ဟူ၍လည်းကောင်း အဋ္ဌကထာဆရာ ဆိုလိုသည်မဟုတ်ပေ၊ ယင်းသို့ဆိုလိုခြင်း မဟုတ်ကြောင်းကို အောက်ပါ ဋီကာဖြင့် သိအပ်၏။

> တွေ စ ယထာစိတ္တဓမ္မာနုပ္ပိ တဏှာယ ဝတ္ထုဘာဝေါ သမ္ဘဝတိ၊ တထာ ကာယဝေဒနာနုပ္ပိ ဒိဋ္ဌိယာတိ သတိပိ နေသံ စတုန္နမ္ပိ တဏှာဒိဋ္ဌိ ဝတ္ထုဘာဝေ ယော ယဿ သာတိသယပစ္စယော၊ တံ ဒဿနတ္ထံ ဝိသေသဂ္ဂဟဏံ ကတန္တိ ဒဋ္ဌဗ္ဗံ။
>
> (ဒီ ဋီ ၂။၂၇၉)

## မြန်မာပြန်

ဆက်၍ ပြဦးအံ့၊ ဤသတိပဋ္ဌာန်လေးပါးတို့တွင် စိတ္တဓမ္မတို့၏လည်း တဏှာ၏ တည်ရာအဖြစ်သည် ဖြစ်သကဲ့သို့ ထိုအတူ ကာယ ဝေဒနာတို့၏လည်း ဒိဋ္ဌိ၏ တည်ရာ၏အဖြစ်သည်ဖြစ်၏၊ ထို့ကြောင့် ထိုလေးပါးသော သတိပဋ္ဌာန်တို့၏ လည်း တဏှာဒိဋ္ဌိ၏တည်ရာ၏ အဖြစ်သည် ဖြစ်ပါသော်လည်း အကြင်သတိပဋ္ဌာန်တရားသည် အကြင်တဏှာဒိဋ္ဌိ၏အလွန်အကဲနှင့်တကွဖြစ်သောအကြောင်း ဖြစ်၏၊ ထိုသတိပဋ္ဌာန်ကို ပြခြင်းငှာ အထူးအားဖြင့် ယူခြင်းကို ပြုအပ်၏ဟူ၍ သိအပ်၏။

### အထက်ပါဋီကာဆိုလိုရင်းမှာ

ကာယာနုပဿနာ သတိပဋ္ဌာန်နှင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်သည် တဏှာကို ပယ်နိုင်သလို စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်သည် လည်း တဏှာကိုပယ်နိုင်၏၊ ထို့အတူပင် စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်သည်လည်း ဒိဋ္ဌိကို ပယ်နိုင်သလို ကာယာနုပဿနာနှင့် ဝေဒနာနုပဿနာသတိပဋ္ဌာန်သည်လည်း ဒိဋ္ဌိကို ပယ်နိုင်၏။

ယင်းသို့သတိပဋ္ဌာန်လေးပါးလုံးသည် တဏှာဒိဋ္ဌိနှစ်မျိုးလုံးကို ပယ်နိုင်သော်လည်း အလွန်အကဲအားဖြင့် ပယ်နိုင်ခြင်းကို ပြခြင်းအကျိုးငှာ ကာယာနုပဿနာနှင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်တို့သည် တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်

အား စင်ကြယ်ကြောင်းဖြစ်၏ ဟူ၍လည်းကောင်း စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့သည် ဒိဋ္ဌိစရိုက်ရှိသောပုဂ္ဂိုလ်အား စင်ကြယ်ကြောင်းဖြစ်၏ဟူ၍လည်းကောင်း မိန့်ဆိုတော်မူခြင်း ဖြစ်ပါသည်။

ကာယာနုပဿနာနှင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်တို့က ဒိဋ္ဌိကိုလည်းကောင်း စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့က တဏှာကိုလည်းကောင်း လုံး၀မပယ်နိုင်သောကြောင့် ကာယာနုပဿနာနှင့် ဝေဒနာနုပဿနာ သတိပဋ္ဌာန်တို့သည် တဏှာစရိုက်ရှိသော ပုဂ္ဂိုလ်အား စင်ကြယ်ကြောင်းဖြစ်၏ ဟူ၍လည်းကောင်း စိတ္တာနုပဿနာနှင့် ဓမ္မာနုပဿနာ သတိပဋ္ဌာန်တို့သည် ဒိဋ္ဌိစရိုက်ရှိသော ပုဂ္ဂိုလ်အား စင်ကြယ်ကြောင်းဖြစ်၏ဟူ၍လည်းကောင်း မိန့်ဆိုတော်မူခြင်းမဟုတ်ပေ။

ဤသို့ ပြဆိုအပ်သော နည်းမျိုးကို အတိသယနည်းဟု ခေါ်ဆိုအပ်၏၊ ထို့ကြောင့် ဣရိယာပထပဗ္ဗကို ပုထုဇဉ်တို့ မပွားများအပ်ဟု ပြောဆိုရေးသားသော ဦးစံရင်း၏ စကားသည်လည်းကောင်း ဦးစံရင်း၏ ကိုယ်စား ပြန်လည် ချေပသော စုဒိတက၏ စကားသည်လည်းကောင်း မှန်ကန်သောစကားများ မဟုတ်ချေ။

စုဒိတကသည် ဤသုတ်မဟာဝါအဋ္ဌကထာကိုပင် အင်္ဂုတ္တိုရ်ပါဠိတော် တယောဓမ္မသုတ်နှင့် ဆက်စပ်၍ စောဒကတို့၏ စောဒနာကို ပြန်လည်ချေပထားသေး၏၊ ထို့ကြောင့် ဤနေရာ၌ အင်္ဂုတ္တိုရ်ပါဠိတော် တယောဓမ္မသုတ်ကို ထုတ်ပြ၍ သုတ်မဟာဝါအဋ္ဌကထာ စကားနှင့် ဆက်စပ်ပြီး ရှင်းလင်းသုံးသပ်ပြရန် လိုအပ်သကဲ့သို့ ရှိသော်လည်း "ဤသုတ်မဟာဝါအဋ္ဌကထာ၌ အယူအဆမှားယွင်းနေပြီဖြစ်သောကြောင့် အင်္ဂုတ္တိုရ်ပါဠိတော် တယောဓမ္မသုတ်ကို ထုတ်ပြ၍ ရှင်းလင်းသုံးသပ်ရန် မလိုတော့ချေ။

ဤသို့ ပြဆိုခဲ့ပြီးသော နည်းမျိုးစုံတို့နှင့်တကွ ဋီကာအဖွင့်စသည်တို့ကိုစုံလင်စွာ ကိုယ်တိုင်မကြည့်ရှုတတ်ပါပဲ ဆရာက ပြော၍သော်လည်းကောင်း သူတပါးက ပြော၍သော်လည်းကောင်း တရားဟောဆရာပြုလုပ်နေသော စုဒိတက ပုဂ္ဂိုလ် ပုသိမ်မောင်ညွန့်၏ အမှတ်(၃)ချေပချက် အားလုံးသည် အခံမဲ့ချေပချက်များသာဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## စောဒနာ အမှတ် ( ၄ ) သုံးသပ်ချက်

### စောဒက တင်ပြချက်

ဤစောဒနာ၌ ဖြစ်ပျက်အမှန်ကို ပျက်ဖြစ်ဟု ရေးသားဟောပြောခြင်း ဘုရားဟောအမှန်ကို ဘုရားမဟောဟု ရေးသားဟောပြောခြင်းဟု မူလအချက် ၂-ချက်ပါဝင်၏။

ထိုတွင် ဘုရားဟောဒေသနာအရ ရုပ်နာမ်တို့၏ ဖြစ်ပျက်အမှန်ကို ကျောက်ပုံဝါဒီတို့က ပြောင်းပြန်ဆန့်ကျင်ကာ ပျက်ဖြစ်ဟု ရှုကြကြောင်း ၎င်းတို့အဆိုကို တင်ပြလျက် စောဒနာယင်း အလုပ်ဥဒ်းသင့်သဖြင့် ကျောက်ပုံဝါဒီတို့ ယူသော ခန္ဓာ ဥပါဒါနက္ခန္ဓာ ပြဿနာကို ရှေးဦးစွာထုတ်ဖော် စောဒနာခဲ့၏၊ ကျောက်ပုံဝါဒီတို့သည် ၎င်းတို့ဝိပဿနာကို ကမ္ဘာ့ဝိပဿနာဟု အမည်ခံထားသော်လည်း ဝိပဿနာရှုသောအခါ ခန္ဓာကိုရှုရမည်၊ ဥပါဒါနက္ခန္ဓာကို ရှုရမည်ဆိုတာ လောက်ကိုမျှ နားမလည်ကြဆိုတာ အောက်ပါ ပုသိမ်မောင်ညွန့်၏ ဟောပြောချက်ကို သက်သေခံအဖြစ် ပြခဲ့ကြ၏—

> ခန္ဓာငါးပါးအပေါ် မှာစွဲတဲ့ ဥပါဒါန်ကိုပဥ္စုပါဒါနက္ခန္ဓာလို့ ခေါ် တယ်၊ ဥပါဒါနက္ခန္ဓာသည် အကျိုး ပဥ္စက္ခန္ဓာသည် အကြောင်းရင်းကျပါတယ် အကြောင်းကို ရှုတာသာလျှင် ဘုရားအပေါင်းနှင့်တကွ ရွှေအိမ်မင်းများ ရှုသလို ရှုတာမည်တယ်၊ အကျိုးကို ရှုတာဟာ တိတ္ထိတွေ ရှုတာနဲ့ ခွေးရှုတာတူတယ်၊ ခွေး ဒါခွေးဝါဒပဲ၊ ဒီလိုလုပ်နေတာ။

### ဥပါဒါန် ဥပါဒါနက္ခန္ဓာ

စောဒကဆရာတော်များသည် ဆိုခဲ့ပြီးသော ဟောပြောချက်မှ ခန္ဓာငါးပါး အပေါ် ၌စွဲတဲ့ဥပါဒါန်ကို ပဥ္စုပါဒါနက္ခန္ဓာ ခေါ် တယ်ဟူသောစကားကို စောဒနာမှုမပြုခဲ့ကြ၊ စောဒနာဘွင် မပါဝင်သော်လည်း အမှားတချက်ဖြစ်ရာ ဝိနည်းမိုရ် ဆရာတော်တို့က သုံးသပ်ခဲ့ကြပါသည်။

ပဌမငယ်ဝင် စာသင်သားများပင် သိနားလည်သော ဥပါဒါန်နှင့် ဥပါဒါနက္ခန္ဓာ နှစ်ပါးခြားနားချက်ကို ပုသိမ်မောင်ညွန့်ကား ကွဲပြားအောင်နားမလည်၍ ဥပါဒါန် အစွဲကို ပဥ္စုပါဒါနက္ခန္ဓာဟု ရောယောင် ဟောပြောခဲ့၏၊ တကယ်တော့ ဥပါဒါန်ဆိုသည်မှာ အစွဲခံလည်းဖြစ် အစွဲလည်းဖြစ်၍ ကျန်သောဥပါဒါနက္ခန္ဓာတို့မှာ အစွဲခံတရားတို့သာ။

ဆိုလိုရင်းက ဥပါဒါန်က ဥပါဒါန်လဲဖြစ် ဥပါဒါနက္ခန္ဓာလဲဖြစ်၍ ဥပါဒါန်တို့မှ ကြွင်းသော ဥပါဒါနက္ခန္ဓာတို့က ဥပါဒါနက္ခန္ဓာတို့သာ ဖြစ်ကြသည်၊ အောက်ပါဋ္ဌိ တော်ကိုရှု၊

### ပါဠိသာဓက

"တသ္မိံ စ ခေါ ဘဇေယျ ဥပါဒါနံ တေ ပဉ္စုပါဒါနက္ခန္ဓာ၊ ဥဒါဟု အညတြ ပဉ္စဟုပါဒါနက္ခန္ဓေဟိ ဥပါဒါန"န္တိ၊ န ခေါ အာဝုသော ဝိသာခ တသ္မိံ ဥပါဒါနံ တေ ပဉ္စုပါဒါနက္ခန္ဓာ၊ နာပိ အညတြ ပဉ္စဟုပါဒါနက္ခန္ဓေဟိ ဥပါဒါနံ။ ယော ခေါ အာဝုသော ဝိသာခ ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဆန္ဒရာဂေါ၊ တံ တတ္ထ ဥပါဒါနန္တိ။ (မ ၁။၃၇၄)

အရှင်မ ဓမ္မဒိန္နာ ထိုဥပါဒါန်သည်ပင် ထိုဥပါဒါနက္ခန္ဓာ ငါးပါးလော၊ သို့မဟုတ် ဥပါဒါန်က ဥပါဒါနက္ခန္ဓာငါးပါးမှ တပါးဖြစ်သလား၊ ဒကာဝိသာခ ဥပါဒါန် သည် ဥပါဒါနက္ခန္ဓာ ငါးပါးမဟုတ်၊ ဥပါဒါနက္ခန္ဓာ ငါးပါးမှ တပါး တခြားဥပါဒါနက္ခန္ဓာလဲမရှိ၊ ဒကာဝိသာခ ဥပါဒါနက္ခန္ဓာ ငါးပါး တရားတို့၌ ဖြစ်သော ဆန္ဒရာဂသည် ဥပါဒါန်ပင်တည်း။

### အဋ္ဌကထာ ဋီကာအဖွင့်

ဥပါဒါန်ဆိုသည်မှာ သင်္ခါရက္ခန္ဓာ တစိတ်ဖြစ်သောကြောင့် ဥပါဒါန် သည်ပင် သင်္ခါရက္ခန္ဓာဖြစ်သည်ဟု မဆိုရ၊ အကြောင်းမှာ အစိတ်သည် အပေါင်းမဖြစ်သလို အပေါင်းသည်လည်း အစိတ်မဖြစ်သောကြောင့် တည်း၊ ဥပါဒါန်သည် ဥပါဒါနက္ခန္ဓာ ငါးပါးမှ တပါးလည်းမဟုတ်၊ အကြောင်းမှာ ထိုဥပါဒါန်က ဥပါဒါနက္ခန္ဓာ၏ တစိတ်တဒေသ ဖြစ်သော ကြောင့်တည်း၊ အကယ်၍ ထိုဥပါဒါန်သာ ဖြစ်ခဲ့လျှင် ထိုဥပါဒါန်သည် ရူပ ဝေဒနာ သညာ ဝိညာဉ်သဘောရှိသည်လည်းကောင်း ဖဿစေတနာ စသော သင်္ခါရ သဘောရှိသည် လည်းကောင်း ဖြစ်ခဲ့ရာ၏၊ အကယ်၍ ခန္ဓာငါးပါးမှ တခြားဖြစ်လျှင် နိကာယဝါဒခေါ် ပရသမယဥ္ဇ စိတ်နှင့် ယှဉ်သော အနုသယကဲ့သို့ လည်းကောင်း ပညတ်ကဲ့သို့ လည်းကောင်း နိဗ္ဗာန်ကဲ့သို့လည်းကောင်း ခန္ဓာငါးပါးမှ အလွတ်သော်လည်း ဖြစ်ရာ၏။

(ၡင်းအဋ္ဌကထာ ဋီကာ)

ဆိုခဲ့ပြီး အကြောင်းအချက်များအရ ခန္ဓာငါးပါးမှာ စွဲတဲ့အစွဲ ဥပါဒါန်ကို ပဉ္စုပါဒါနက္ခန္ဓာလို့ခေါ်တယ် ဆိုသော ပုသိမ်မောင်ညွန့်စကားမှာ ဥပါဒါန်နှင့် ခန္ဓာမကွဲပြား၍ လွဲမှားစွာဆိုသော စကားဟု သီးခြားဝိနည်းမိုရ်ဆရာ တော်များက သုံးသပ်တော် မူကြသည်။

### စောဒနာချက်

ပုသိမ်မောင်ညွန့်၏ ဥပါဒါနက္ခန္ဓာသည် အကျိုး၊ ပဉ္စက္ခန္ဓာက အကြောင်း ရင်း ဟု လည်း ကောင်း အကြောင်း ရှု တာ သာ ဘုရား

အပေါင်းရှု အကျိုးရှုတာ“တိတ္ထိတွေအရှု ခွေးအရှုဟူသော ဟောပြောချက်ကို စောဒက ဆရာတော်များက ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာတို့ကို အကြောင်း အကျိုးအနေအားဖြင့် ခွဲမရကြောင်း လောကီ လောကုတ္တရာ ရောသော ခန္ဓာ လောကီသက်သက် ခန္ဓာဟုသာ ခွဲလို့ရကြောင်း ခန္ဓာဖွဲ့၍ ရကောင်းသမျှ တရားအားလုံး သိမ်းကျုံးပြခြင်းငှာ ခန္ဓာဒေသနာ ဟောခဲ့ကြောင်း ဝိပဿနာရှုဖို့ရာအတွက် ဥပါဒါနက္ခန္ဓာ ဒေသနာကိုဟောရကြောင်း စောဒနာခဲ့ကြ၏၊ အဘိဓမ္မတ္ထဝိဘာဝိနီဋီကာအဆိုဖြစ်ကြောင်းလည်း ကျမ်းညွှန်းခဲ့၍၊ဝိဘာဝိနီဋီကာအဆိုမှာ၍သို့တည်း။

## ခန္ဓာ ဥပါဒါနက္ခန္ဓာဟောရပုံ

သဗ္ဗသဘာဝဂ္ဂဟဏတ္တံ ဟိ သာသဝါ, အနာသဝါပိ ဓမ္မာ အဝိသေသတော “ပဉ္စက္ခန္ဓာ”တိ ဒေသိတာ။ ဝိပဿနာဘူမိသန္ဒဿနတ္ထံ ပန သာသဝါဝ“ဥပါဒါနက္ခန္ဓာ”တိ။ (အဘိဓမ္မာဝိဘာဝိနီဋီကာ၊ ၂၂၉)

အလုံးစုံသော သဘောတူတရားတို့ကို သိမ်းယူဖို့ရာ သာသဝ(အာသဝအာရုံတရား) အနာသဝ (အာသဝအာရုံမဟုတ်သောတရား)နှင့်ရပ်တို့ကို သာသဝ အနာသဝဟု အထူး မ,မ သာမညအားဖြင့် ပဉ္စက္ခန္ဓာဟု ဟောတော်မူအပ်၏၊ ဝိပဿနာ၏ ဖြစ်ရာဘူမိကို ကောင်းစွာပြခြင်းငှာ သာသဝတရားတို့ကိုသာ ဥပါဒါနက္ခန္ဓာဟု ဟောတော်မူခဲ့သည်။

## ဘုရားအလိုကျသာ

ဤ၌ ဋီကာဆရာက ဘုရားဟောတော်မူကြောင်းနှင့် ဘုရားရှင်၏ရည်ရွယ်ချက်ကို ပြဆိုခဲ့ရာ ဋီကာဆရာစကားဆိုသော်လည်း ပမာဏပြုလောက်ပါပေ၏၊ မှန်၏။

ခန္ဓဝဂ္ဂသံယုတ်-၃၉-ခန္ဓသုတ်၌—

ပဉ္စ ဘိက္ခဝေ ခန္ဓေ ဒေသေဿာမိ ပဉ္စုပါဒါနက္ခန္ဓေ စ တံ သုဏာထ—

အစချီကာ သာသဝ အနာသဝ အထူးမ, မ သာမညအားဖြင့် ခန္ဓာအားလုံးကို ပဉ္စက္ခန္ဓာဟု ဟောတော်မူပြီးနောက် သာသဝါ ဥပါဒါနိယာ· အာသဝ၏ အကြောင်း ဥပါဒါန်၏အာရုံဟူသော ဝိသေသနမ,ကာ ဥပါဒါနက္ခန္ဓာ ငါးပါးကို ဟောတော်မူခဲ့၏။

ရင်းအဋ္ဌကထာ၌လည်း—

ဣဓာပိ(ဤဥပါဒါနက္ခန္ဓာ၌လည်း)ရူပက္ခန္ဓော ကာမာဝစရော၊ အဝသေသာ တေဘူမကာ ဝိပဿနာစာရာသေန (ဝိပဿနာ၏ ဖြစ်ရာ

အစွမ်းဖြင့်)ဝုတ္တာ-ဟု ဥပါဒါနက္ခန္ဓာ၏ ဝိပဿနာဘူမိအဖြစ်ကို မိန့်ဆိုခဲ့ပေသည်။

## ခန္ဓာ ၂-ပါး ကြောင်းကျိုးလား

ခန္ဓာနှင့် ဥပါဒါနက္ခန္ဓာသည် ပုသိမ်မောင်ညွန့်ဆိုသလို အကြောင်းအကျိုး ဖြစ်နိုင်ပါသလော၊ ဤအရာ ကျမ်းဂန်လာအကြောင်းတို့ အတန်ငယ်လေ့လာသင့်ပါသည်—

ဥပါဒါန ကာရဏ၊ သဟကာရီကာရဏ၊ ကာရဏကာရဏ-ဟု အဘိ-ဓာန်ဋီကာ ၇၄-၌ အကြောင်း ၃-ပါးလာ၏၊ မျိုးစေ့သည် အညွန့်၏ ဥပါဒါနကာရဏအကြောင်း၊ ရေမြေစသည်ကား သဟကာရီကာရဏ အကြောင်း တုန်လှုပ်ခြင်း၏အကြောင်းကား အဖျားရောဂါတည်း၊ ထို အဖျား၏အကြောင်းကား သလိပ်တည်း၊ ထို့ကြောင့် သလိပ်သည် တုန်လှုပ်ခြင်း၏ ကာရဏကာရဏ (အကြောင်း၏ အကြောင်း)ဖြစ်ရသည်။

ဝိသုဒ္ဓိမဂ် ပစ္စယပရိဂ္ဂဟအရာ၌ ရုပ်နာမ်အကြောင်းများလာ၏၊ ရုပ်အကြောင်းမှာ အဝိဇ္ဇာ တဏှာ ကံ ဥပါဒါန အာဟာရတို့ဖြစ်၏၊ထို့တွင် အဝိဇ္ဇာ တဏှာ ကံ ဥပါဒါန်တို့က ရုပ်ကိုဖြစ်စေတတ်သောဇနကသို့မဟုတ် ဟေတုအကြောင်း၊ အာဟာရက ရုပ်ကြီးပွားအောင် ထောက်ပံ့၍ ဥပတ္ထမ္ဘက သို့မဟုတ် ပစ္စယအကြောင်း၊ စက္ခုစသော ခြောက်ဒွါရနှင့် ရူပါရုံစသော အာရုံခြောက်ပါးတို့ကြောင့် နာမ်တရားဖြစ်ပေါ်ရ၏၊ ကုသိုလ် အကုသိုလ်အားလုံးတို့နှင့် ဆက်ဆံသောကြောင့် သာဓာရဏ အကြောင်း ဆိုရ၏။

ယောနိသောမနသိကာရကြောင့် ကုသိုလ်ဖြစ်ရ၏၊

အယောနိသောမနသိကာရကြောင့် အကုသိုလ်ဖြစ်ရ၏၊

ထို့ကြောင့် မနသိကာရသည် အသာဓာရဏအကြောင်း ကဲ့စသော အခြား အကြောင်းများလည်း ရှိသေး၏။

ခန္ဓာကအကြောင်း ဥပါဒါနက္ခန္ဓာက အကျိုးဆိုလျှင် ဘယ်လိုအကြောင်း ဖြင့် ကြောင်းကျိုးဖြစ်နိုင်ပါသနည်း၊ ဆိုခဲ့သောအကြောင်းတို့တွင် ဘယ်လို အကြောင်းနှင့်မျှ မသက်ဆိုင်၊ကြောင်းကျိုးမဖြစ်၊ မဖြစ်နိုင်၍ ပုသိမ်မောင်ညွန့် ၏ နားမလည်ပဲ ထင်ရာစွဲ အလွဲပြောခြင်း တမျိုးသာဟု ဆိုရပေတော့သည်၊ ပုသိမ်မောင်ညွန့်သာမဟုတ် မောင်ညွန့်ဆရာ ဦးစံရင်းသည်လည်း အကြောင်း မဟုတ်ပဲ အကြောင်းလုပ်ခဲ့သော အရာများစွာ ရှိပါပေသည်။

## တိတ္ထိဝါဒ ခွေးဝါဒ ဟူသည်

ဥပါဒါန်အကျိုးမဟုတ်လျှင် တိတ္ထိဝါဒ ခွေးဝါဒဟု စွဲရန် အကြောင်းမရှိဆိုသည်မှာ ပြီးခဲ့ပါပြီ၊ သို့သော် ခွေးဝါဒ တိတ္ထိဝါဒဆိုသည်မှာ ဘယ်လိုဟုသိသင့်၍ အတန်ငယ်ပြခွင့်ရှိလာပြန်ပါသည်။

> သီဟသမာနဝုတ္တိနော ဟိ တထာဂတာ၊ တေ ဒုက္ခံ နိရောဓေန္တာ ဒုက္ခနိရောဓဉ္စ ဒဿေန္တာ ဟေတုမှိ ပဋိပဇ္ဇန္တိ န ဖလေ။ သုဝါနဝုတ္တိနော ပန အညတိတ္ထိယာ၊ တေ ဒုက္ခံ နိရောဓေန္တာ ဒုက္ခနိရောဓဉ္စ ဒဿေန္တာ အတ္တကိလမထာနုယောဂေန စေဝ တဿေဝ စ ဒေသနာယ ဖလေ ပဋိပဇ္ဇန္တိ န ဟေတုမှီတိ သီဟသမာနဝုတ္တိတာယ သတ္ထာ ဟေတုမှိ ပဋိပဇ္ဇန္တော ယော တဿာယေဝါတိအာဒိမာဟ။ (အဘိ ဋ္ဌ ၂။၁၀၅)

> သီဟော ဝေဓကေ ပဋိပဇ္ဇတိ၊ န ဥသုမှိ၊သုဝါနော လေဍ္ဍုမှိ ပဋိပဇ္ဇတိ န ပဟာရကေ။ (မူလဋီ၊ ၂။၇၀)

ဟိ၊ ဥပမာဆောင်ထင်အောင်ပြအံ့။ တထာဂတာ၊ ဘုရားရှင်တို့သည်။ သီဟသမာနဝုတ္တိနော၊ ခြင်္သေ့၏ဖြစ်ပုံနှင့်တူသော ဖြစ်ပုံမျိုးရှိကြကုန်၏။ တေ၊ ထိုဘုရားရှင်တို့သည်။ ဒုက္ခံ၊ ဒုက္ခကို။ နိရောဓေန္တာ၊ ချုပ်စေတော်မူလိုကုန်သည်။ ဟုတ္ဝာ စ၊ ဖြစ်ကြကုန်၍လည်းကောင်း။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ကို။ ဒဿေန္တာ၊ ပြတော်မူလိုကုန်သည်။ ဟုတ္ဝာ စ၊ လည်းကောင်း။ ဟေတုမှိ၊ အကြောင်းဖြစ်သော သမုဒယသစ္စာ၌။ ပဋိပဇ္ဇန္တိ၊ ပြုကျင့်တော်မူကြကုန်၏။ (ညွှန်ပြသည်ကို ဆိုသည်၊ အကျင့်ကို ဆိုသည်မဟုတ်)ပန၊ အဖို့တပါးကား။ အညတိတ္ထိယာ၊ သာသနာတော် အယူဝါဒမှ တပါးအယူရှိကြသော တိတ္ထိတို့သည်။ သုဝါနဝုတ္တိနော၊ ခွေး၏ဖြစ်ပုံနှင့်တူသော ဖြစ်ပုံမျိုး ရှိကြကုန်၏။ တေ၊ ထိုတိတ္ထိတို့သည်။ ဒုက္ခံ၊ ဒုက္ခကို။ နိရောဓေန္တာ၊ ချုပ်စေလိုကုန်သည်၊ (ဟုတ္ဝာ စ၊ လည်းကောင်း) ဒုက္ခနိရောဓံ၊ ဒုက္ခချုပ်ရာ နိဗ္ဗာန်ကို။ ဒဿေန္တာ၊ ပြလိုကုန်သည်။ ( ဟုတ္ဝာ စ၊ လည်းကောင်း ) အတ္တကိလမထာနုယောဂေန စေ၊ အတ္တကိလမထာနုယောဂ အကျင့်ဖြင့် လည်းကောင်း။ တဿေဝ၊ ထိုအတ္တကိလမထာနုယောဂ အကျင့်ကိုပင်။ ဒေသနာယ စ၊ ဟောခြင်းဖြင့်လည်းကောင်း။ ဖလေ၊ အကျိုး၌။ ပဋိပဇ္ဇန္တိ၊ ကျင့်ကြကုန်၏။ ဟေတုမှိ၊ အကြောင်း၌။ န ပဋိပဇ္ဇန္တိ၊ မပြုကျင့်ကြကုန်။ ဣတိတသ္မာသီဟသမာန ဝုတ္တိတာယ၊ ထိုသို့ ခြင်္သေ့၏ ဖြစ်ပုံနှင့်တူသော ဖြစ်ပုံမျိုး ရှိသည်၏ အဖြစ်ကြောင့်။ ဟေတုမှိ၊ အကြောင်းဖြစ်သော သမုဒယ၌။ ပဋိပဇ္ဇန္တော၊ပြုကျင့်တော် မူလိုသည်ဖြစ်၍။ ယော တဿာယေဝါတိ အာဒိံ၊ ယော တဿာယေဝ အစရှိသော စကားကို။ အာဟ၊ မိန့်တော်မူပြီ။ သီဟော၊ ခြင်္သေ့သည်။ ဝေဓကေ၊ မြားဖြင့်ပစ်သူ

အပေါ်၌။ ပဋိပဇ္ဇတိ၊ ပြုကျင့်၏။ ဥသုမှို၊ မြား၌။ န ပဋိပဇ္ဇတိ၊ မကျင့်။ သုဝါ-နော၊ ခွေးသည်။ လေဍ္ဍုမှို၊ ခဲ၌။ ပဋိပဇ္ဇတိ၊ ပြုကျင့်၏။ ပဟာရကေ၊ ခဲဖြင့် ပေါက်သူ၌။ န ပဋိပဇ္ဇတိ၊ မကျင့်။

ခြင်္သေ့သည် မိမိကို မြားဖြင့် ပစ်သောအခါ မြားကို ရှောင်တိမ်း၍ ပစ်ခတ်သူဟူသော အကြောင်းရင်း၌ မိအောင် ဖမ်းသောအားဖြင့် ပြုကျင့်၏။

ခွေးသည်ကား မိမိကို ခဲဖြင့်ပေါက်သော် ခဲကိုသာ လိုက်၍လိုက်၍ ကိုက်၏။ အကြောင်းဖြစ်သော ခဲပစ်သူကိုကား မလိုက်။

ထို့အတူ ဆိုခဲ့ပြီးအဋ္ဌကထာအရ ဘုရားရှင်တို့ ခြင်္သေ့ဖြစ်ပုံနှင့် တူခြင်း တိတ္ထိတို့၏ ခွေးဖြစ်ပုံနှင့်တူခြင်းတို့ကို သိနိုင်ပါပြီ။

## ကြီးမားသော အပြစ်

ဤသစ္စာအရာ၌ သမုဒယကား ဒုက္ခ၏ အကြောင်းဖြစ်၏၊ ထို့ကြောင့် အကျိုးဒုက္ခ၌ ပြုကျင့်သူ တိတ္ထိတို့ကို ခွေးကျင့်ကျင့်သူဟု ဆိုခဲ့ခြင်း ဖြစ်၏၊ ခန္ဓာဥပါဒါနက္ခန္ဓာတို့ကား ထိုသို့မဟုတ် ကျိုးကြောင်း မဖြစ်၊ သို့ပါလျက် ဥပါဒါနက္ခန္ဓာရှုမှုကို တိတ္ထိဝါဒ ခွေးဝါဒဟု ဆိုခြင်းမှာ မသိနားမလည်မှုကြောင့် ဖြစ်သော အမှားပင်၊ ထိုအမှားကား သာမန်အမှားမဟုတ်၊ အရိယူပဝါဒဆိုရ လောက်အောင် ကြီးလေးသော အမှားကြီးတခုပင်။

## ကန်တော့ တောင်းပန်ရမည်

မှန်ပါသည်၊ စေတကဆရာတော်များ ထုတ်ပြထားသော ဒီဃနိကာယ် မဟာဝါပါဠိတော်၌ ဝိပဿီဘုရားအလောင်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အဖြစ် အပျက်ကိုရှု၍ ဘုရားဖြစ်ကြောင်း တွေ့ရပါလိမ့်မည်၊ ထိုပါဠိ၏ အဋ္ဌကထာတွင် ဝိပဿီ ဘုရားအလောင်းသာမက နောက်ဆုံးဘဝ ဘုရားအလောင်းမှန်သမျှ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ရှုခြင်းဖြင့် ဘုရားဖြစ်သည်ချည်းဟု မိန့်ဆိုထားပါ သည်၊ ထိုမျှမက သောတာပန်အစ ရဟန္တာအဆုံး အားလုံးအရိယာတွေ ဥပါဒါနက္ခန္ဓာငါးပါး ရှုပွားခြင်းဖြင့် ရဟန္တာဖြစ်ကြပါသည်။

> သီလဝတာဝုသော သာရိပုတ္တ ဘိက္ခုနော ကတမေ ဓမ္မာ ယောနိ-
> သော မနသိကာတဗ္ဗာ။

ငါ့ရှင် သာရိပုတ္တ သီလရှိသော ရဟန်းသည် အဘယ်တရားတို့ကို နည်းမှန် လမ်းမှန်အားဖြင့် နှလုံးသွင်းထိုက်ပါသနည်း၊ အရှင်ကောဋ္ဌိက အမေး။

သီလာတာဝုသော ကောဍ္ဍိက ဘိက္ခုနော ပဉ္စုပါဒါနက္ခန္ဓာ အနိစ္စ-
တော။ပ။ အနတ္တတော မနသိကာတဗ္ဗာ။

ငါ့ရှင်ကောဋ္ဌိက သီလရှိသူ ရဟန်းသည် ဥပါဒါနက္ခန္ဓာငါးပါး တရားတို့ကို အနိစ္စတော။ပ။ အနတ္တဟု ရှုထိုက် နှလုံးသွင်းထိုက်ပါပေသည်၊ အရှင်သာရိပုတ္တရာ အဖြေ။

ထို့နောက် ဥပါဒါနက္ခန္ဓာငါးပါး သရုပ်ဖော် နိဂုံးချုပ်လျက် သီလဝန္တပုဂ္ဂိုလ်မှာ ဤ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ စသောအားဖြင့် ရှုလျှင် သောတာပတ္တိဖိုလ် မျက်မှောက်ပြုနိုင်ကြောင်း မိန့်တော်မူသည်။

ထို့နောက် သောတာပန်သည် ဤဥပါဒါနက္ခန္ဓာ ရှုခြင်းဖြင့် သကဒါဂါမ်ဖြစ်နိုင်ကြောင်း သကဒါဂါမ်က အနာဂါမ်ဖြစ်နိုင်ကြောင်း အနာဂါမ်က ရဟန္တာဖြစ်နိုင်ကြောင်း ရဟန္တာပင် ဥပါဒါနက္ခန္ဓာတရား ပွားလျှင် မျက်မှောက်ဘဝချမ်းသာစွာနေရခြင်း အကြောင်းဖြစ်ကြောင်း အဒမေးအဖြေပြုကာ ဟောတော်မူခဲ့ပါသည်။

ဤသို့ ဘုရား ရဟန္တာ အရိယာတွေ ရှုပွားရသော ဥပါဒါနက္ခန္ဓာကို ရူပါကတိတ္ထိဝါဒ ခွေးဝါဒဟု ရိုင်းပြစော်ကားခဲ့သော ပုသိမ်မောင်ညွန့်အဖို့ အပြစ်ပျောက်ဖို့ရာ ကန်တော့ဖို့သာ ရှိကြောင်း သီးခြားဝိနည်းဓိုရ် ဆရာတော်များက သုံးသပ်တော်မူကြသည်။

## သာဓကများက ကျောက်ပုံဝါဒပယ်

ပဌမ သာဓက ဆရာတော်များက ဖြစ်ပျက်ရှုမှုသာ ဒေသနာအလာ အမှန်ဖြစ်ကြောင်း ဝိပဿီဘုရားအလောင်း၏ ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အဖြစ်အပျက်ကို ရှုရှု၍ ဘုရားဖြစ်ကြောင်း သာဓကကို ထုတ်ဖော်တင်ပြခဲ့ကြ၏၊ဤသာဓကဖြင့်ပင် ဖြစ်ပျက်ရှုခြင်းသာ အမှန်ဆိုသည်မှာ ပြီးစီးခဲ့ပါပြီ၊ အဖြစ်အပျက်ဆိုသည်မှာ ဥပါဒ် ဘင်တို့ကို ဆိုကြောင်း တရားရှုရာ၌ ဖြစ်နေပျက်နေသော တရားတို့ကိုသာ ရှုရကြောင်းများကိုလည်း ဤပါဠိဖြင့်ပင် လုံလောက်ပါပြီ။

ဒုတိယ သာဓက ခန္ဓဝဂ္ဂသံယုတ်ဖြင့်လည်း ဆိုခဲ့ပြီး အချက်များကို ပိုမိုခိုင်လုံစေခဲ့ပါသည်။

တတိယ သာဓက သိကြားသံဝေဂဖြင့် ရုပ် နာမ်ဓမ္မ သင်္ခါရတို့၏ အနိစ္စသဘောကိုပြ၏။

ဖြစ်ပြီး ပျက်သော သဘောအခြင်းအရာမှာ အနိစ္စလက္ခဏာ ဖြစ်သည်ဟူ၍ ဂါထာဖြင့် သိရ၏။

သင်္ခတရုပ်နာမ်တို့၏ အနိစ္စအဖြစ်သိရန် အမှတ်အသားမှာ ဖြစ်ပြီးပျောက်သွားသော အခြင်းအရာပင်၊ ရုပ်နာမ်ကို အနိစ္စစသည်ဖြင့် ရှုရသောကြောင့် ရုပ်နာမ် လောကုတ္တရတမျိုး၊ဝိပဿနာ လောကုတ္တရ တမျိုးဟု မရှိ၊ အသင်္ခတသည် နိဗ္ဗာန်သာဖြစ်သောကြောင့် သင်္ခတနယ်က အနိစ္စ၊အသင်္ခတနယ်က အနိစ္စဟုမရှိ၊ အသင်္ခတမှာ ဘယ်အနိစ္စ ဒုက္ခမျိုးမျှ မရှိ၊ အနတ္တတော့ ဖြစ်၏၊ သင်္ခတမှာတော့ အားလုံးရှိ၏၊ အသင်္ခတနိဗ္ဗာန်ကိုထား၍ သင်္ခတရုပ်နာမ် မှန်သမျှဖြစ်သော အနတ္တမှန်သမျှ ဖြစ်ပျက် အနတ္တချည်းသာ၊ မဖြစ်မပျက်သော အနတ္တမရှိ၊ ယင်း အနတ္တစသည်မှာလည်း ဥပါဒ်ဌီဘင် အစီအစဉ်ဖြင့် ထင်ရှားလျက်ရှိသော တရားများသာ၊ တရားတလုံး တလုံး စိတ်ကူးဆရာပြောပြင့် သိနေရသော အနိစ္စ ဒုက္ခ အနတ္တမဟုတ်။

ဤကား များစွာသော ပါဠိအဋ္ဌကထာ ဋီကာတို့အရဖြစ်၏၊ သို့ဖြစ်လျှင် ကျောက်ပုံဝါဒီတို့၏ ပျက်ဖြစ်မှာ စိတ်ကူးအရ သာရှိ၍ တကယ်မရှိသော ပျက်ဖြစ်ပင်တည်း၊ စဉ်းစားကြပါဦးစို့။

## ကျောက်ပုံပျက်ဖြစ်

ကျောက်ပုံတို့၏ပျက်ဖြစ်ကား အဘယ်သို့နည်း၊ မည်သည့်ရုပ်နာမ်မဆို တခုထဲအလိုအရ ခဏသော်မှဖြစ်ရှိနိုင်ရမည့်အားအစွမ်းကုန်ခန်းပျောက်ပျက်နေသည့်အတွက် အပျက်စစ်ဆို၏၊ ဤကား ဟုတ္တာအဘာဝ မလို၍ အနိစ္စကိုတမျိုးယူဆခြင်းပင်၊ ဖြစ်တဲ့တရားမှပျက်ရမည်မဟုတ်လော၊ ဖြစ်နိုင်သည့် အားအစွမ်း ကုန်ခန်းနေသော တရားက ဘယ်သို့ ပျက်မည်နည်း၊ ရှိပါစေဦး၊ ဖြစ်နိုင်တဲ့အား အစွမ်းကုန်ခန်းနေတဲ့တရားတွေ အသင်္ချေအနန္တ များပြားစွာရှိနေမှုအရ မလွန်ဆန်နိုင်ကြသဖြင့် တခုနဲ့တခု အစုနဲ့အစု တွေ့ဆုံမှုဖြစ်ရုံမျှကို အဖြစ်လည်းခေါ်၏၊ အဖြစ်စစ်လည်း ခေါ်၏၊သဘာဝပဋိလာဘ ဥပ္ပါဒကို ပယ်လိုက်ခြင်းပင်၊ဤကား ရုပ်နာမ်နယ်ကပျက်ဖြစ်။

ဝိပဿနာနယ်မှာ အတ္တသုခ နိစ္စအနေနဲ့ ခဏတာမျှရှာမရ အမြဲကုန်ခန်းနေလို့ အပျက်စစ်ဖြစ်သတဲ့၊ ဒီ့မြဲရှိနေတဲ့တရားက အနိစ္စ ဒုက္ခ အနတ္တမို့ ထိုလက္ခဏာသုံးပါးသာ အဖြစ်စစ်တဲ့၊ အတ္တသုခ နိစ္စဆိုသော တရားမှာလည်း နဂိုကဖြစ်နေသော တရားမဟုတ်၍ အပျက်တရားမဆိုသင့်၊ အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာသုံးပါးကလဲ အများအနိစ္စ စသည်မျိုးမဟုတ်တဲ့ ကျောက်ပုံရဲ့ အမြဲကုန်ခန်းနေတဲ့ အနိစ္စမို့ ဘယ်မှာအဖြစ်စစ် ဖြစ်ပါမည်နည်း၊ အရိယာနယ်က ပျက်ဖြစ်က ဆန္ဒရာဂနှင့်တကွ ကိလေသာအားလုံး အမြဲပျောက်ပျက်နေသည်ကို အပျက်စစ်ယူကြ၏၊ တကယ်အပျက်မဟုတ်သော်လဲ နောက်လာမည့် အဖြစ်စစ်နှင့်စာလျှင် တော်ပါသေး၏။

ကိလေသာတွေ ဘယ်လိုပင် သေကြေပျောက်ပျက်ကြသော်လည်း မသေ မပျောက်ပဲအမြဲကေန်အမှန်ဖြစ်နေရသော သင်္ခါရဒုက္ခတခုခေါ်ကြ၊ ပုန်းအောင်း အားကိုးရာမရသော သဘောမှာ အမြဲဖြစ်ရှိကာ နေရသည်ကို အဖြစ်စစ်ဆိုပါ သည်၊ သင်္ခါရဒုက္ခသည် အမြဲရှိနေ၍ အဖြစ်စစ်ဖြစ်ပါသတဲ့၊ မဆန်းပါလော၊ ကျောက်ပုံတို့အလိုမှာ တခါတခါ သင်္ခါရဒုက္ခထဲမှာပင် နိဗ္ဗာန်ရှိနေလိုက်သေး၏။

အတ္တလဲမသိ အနတ္တလဲမသိ

ပုသိမ်မောင်ညွန့်က ပျက်ဖြစ်ကိုပြောရာတွင် "ဘာပျက်လို့ ဘာဖြစ်သလဲမေး လိုက်တော့မှ ကိုယ်ပိုင်ဖြစ်နိုင်တဲ့အတ္တတွေပျက်ပြီး အနတ္တတွေဖြစ်နေတယ်" ဤသို့ ဆို၏၊ ကျောက်ပုံဝါဒီတို့ကား အတ္တကိုအမှန်အတိုင်းမသိကြ၊ အတ္တအမှန်မသိလျှင် အနတ္တလဲအမှန်မသိ။ ၎င်းတို့ဆရာကြီးကိုယ်တိုင်ကပင် စက္ခုပသာဒစသော တရား ၃၀-ကို အတ္တဒိဋ္ဌိ ၃၀-ဟု နာမည်တပ်ခဲ့၏၊ အတ္တဒိဋ္ဌိဆိုသည်မှာ ဒိဋ္ဌိပင်၊ထိုတရား တွေမှာ ဒိဋ္ဌိမဟုတ်ပါပဲလျက် ဒိဋ္ဌိဟုနာမည်တပ်သည်မှာ အတ္တအရာ နားမလည် ချက်တခုပင်။

ထို့ပြင် နေယျသင်တန်း ၁၇၉-၌—

> အမှန်မှာ အထက်က ပြောခဲ့သည့် သဘောကလေးမျှပဲ အမူအရာ ကိရိယာကလေးမျှပဲ ဓာတ်သဘောကလေးမျှပဲဟု သမုတ်ခံရသော နာမ်ရုပ်တို့ကသာ အတ္တဒိဋ္ဌိအစစ်ဖြစ်၏။

အတ္တကိုအဘယ်မျှ နားမလည်သည်ကို ထောက်ခံသောစကားပင်၊ တကယ် တော့ အတ္တဆိုသည်မှာ နာမ်ရုပ်ကိုဆိုသည်မဟုတ်၊ ထိုနာမ်ရုပ်တို့အပေါ်၌ စွဲ လမ်းနေသော အကောင် အသက် ဝိညာဉ်ကောင် ငါကောင်တို့တည်း၊ ထိုဇီဝ ဝိညာဉ်စသော အကောင်ကား ရုပ်နာမ်လိုထင်ရှားမရှိ၊အထင်အရစွဲလမ်းသော အစွဲသာ၊ ဘာမျှမရှိသောပညတ်မျှ၊ ထိုဘာမျှမရှိသောပညတ်က ဘယ်သို့ပျက် ပါမည်နည်း၊ အနတ္တက အများစွဲတဲ့ အတ္တမရှိသောတရား၊ အတ္တမဟုတ်သော တရား၊ ထိုတရားကလဲ ဖြစ်ပျက်တရားသာ။

ကျောက်ပုံတို့ ဝိပဿနာအနတ္တက ဥပါဒ်ဌီဘင်မရှိဆိုတော့ ဖြစ်ပျက်မရှိ၊ ဖြစ်ပျက်မရှိလျှင် အနတ္တဖြစ်တယ်ဆိုနိုင်ပါ့မလား၊ ထိုသို့အကြောင်းကြောင်း ထောက်ဆကာ ပျက်ဖြစ်ဟူသော ကျောက်ပုံဝါဒကိုအမှန်ဝါဒအဖြစ်လက်ခံတော် မမူကြပါပေ။

ဝိဘဇ္ဇဝါဒီခေါ် ထိုက်သလား

စောဒကဆရာတော်များက ပုသိမ်မောင်ညွန့်သည် မိမိနှင့်မတန်မရာ ဘုရား ရှင်အမည် ဝိဘဇ္ဇဝါဒီခံယူခဲ့သည်ကို စောဒနာခဲ့ကြ၏၊ သို့ခံယူသော်လည်း

ဘုရားရှင်ကဲ့သို့ ဝေဖန်နိုင်သည်မဟုတ်၊ မဟုတ်မမှန်လုပ်ကြံသောအားဖြင့် ဘုရားတရားတွေကို ဖျက်ဆီးတတ်သောကြောင့် ဝိဘဇ္ဇဝါဒီ ဆိုရမည်ဖြစ်ကြောင်း ရှင်းနှင့်လျော်အောင် အနက်ကြံကြ၏၊ ဝိဘဇ္ဇဝါဒီဆိုသည်မှာ ဘုရားရှင်သာမက ဘုရားအလိုတော်ကျ ဝေဖန်တတ်သော ဘုရားတပည့်ကိုလည်း ဝိဘဇ္ဇဝါဒီဆိုပါ၏။

ဝိသုဒ္ဓိမဂ်ဋီကာ ၂၄၀-လာအဆိုကို ချုပ်၍ပြရသော်—

> ကိံ ဝါဒီ ဘန္တေ သမ္မာသမ္ဗုဒ္ဓေါ-ဟု အသောကမဟာရာဇာက မေး အပ်သော်-ဝိဘဇ္ဇဝါဒီမဟာရာဇ ဟု မောဂ္ဂလိပုတ္တတိဿမထေရ်မိန့်တော် မူသည်၏အဖြစ်ကြောင့် မြတ်စွာဘုရားတပည့်များသည်လည်း ဝိဘဇ္ဇ-ဝါဒီတို့ပင် မည်၏။

အကြောင်းမှာ မြတ်စွာဘုရားဝေဖန်၍ ဆိုအပ်သည်များကို အတူလိုက်ကာဆိုတတ်သောကြောင့်တည်း၊ ဤသို့ဘုရားအလိုကျ ဘုရားဝေဖန်ချက်အတိုင်း လိုက်နာဝေဖန်သူကို ဝိဘဇ္ဇဝါဒီဆိုလျှင် ပုသိမ်မောင်ညွန့်လည်း ဝိဘဇ္ဇဝါဒီမဆိုထိုက်သလော ဤအမေး၏အဖြေကို စောဒကတို့ကပင် တင်ပြခဲ့ပါ၏။

## ဂုဏ်နှင့် ဂုဏေးမလိုက်

ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မံ—

ဟူသော ဝါကျအနက်ပေးထားသည်မှာ ဘုရားအလိုတော်ကျော်ကာ မိမိတို့ဝါဒနှင့် လျော်အောင် လွဲလွဲမှားမှား ပေးထားသည်ဖြစ်၍ ဝိဘဇ္ဇဝါဒီအဖြစ်နှင့် မတန်ပုံကိုပြခဲ့၏။

ဤမျှမက အသင်္ခတဂါမိမဂ္ဂေါ်ဘိက္ခဝေ ဝိပဿနာ ကိုလည်း ပါဠိကလည်း လွဲမှားအနက်ကလည်း ကိုယ်လိုရာ ဆွဲပေးထားခဲ့ရာ သာ၍ပင် အမှားလွန်သွားပြန်ပါသည်၊
ပါဠိမှန် မှာ—

> ကတမော စ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ ဝိပဿနာ အယံ ဝုစ္စတိ ဘိက္ခဝေ အသင်္ခတဂါမိမဂ္ဂေါ။
>
> (သဠာယတနဝဂ္ဂ၊ အသင်္ခတသံယုတ်)

ဤသို့ လေးစားအပ်သော ဘုရားတရားတော်တွေကိုပင် ထင်ရာမြင်ရာ မိမိတို့ဝါဒဘက်ပါအောင်ဆွဲလျက် ယုတ္တိကင်းသော အနက်အဓိပ္ပာယ်တို့ကို ယူဆခဲ့သော ပုသိမ်မောင်ညွန့်အဖွဲ့ ပပဝတီ မင်းကုသတို့ ဇာတ်လမ်းဖြင့် လောကနှင့်ဆန့်ကျင်သော အဆိုကို ဆိုခဲ့သောကြောင့်—

ယဉ္စ သာမံ ဉာတံ တဉ္စ အတိဓာဝန္တိ၊ ယဉ္စ လောကေ သစ္စ သမ္မတံ၊ တဉ္စ အတိဓာဝန္တိ၊ ( သံ၊၂၊၄၂၉ )

ကိုယ်တိုင်သိထားသော အသိကိုလည်း ကျော်လွန် လောကကအမှန်ဟု အသိအမှတ်ပြုအပ်သော အရာကိုလည်း ကျော်လွန်သည် ဆိုသည်မှာ ပုသိမ်မောင်ညွန့်တို့ကို ကျောက်ပုံဝါဒီတွေပါတကားဟု သတ်မှတ်တော်မူကြသည်။

## စောဒကအဆို

စောဒကဆရာတော်များက ကျောက်ပုံဝါဒီတို့သည် ဘုရားဟောကို ဘုရားဟော မဟုတ်ဟုဆိုကြကြောင်း၊ ပုသိမ်မောင်ညွန့်တိတ်ခွေမှ တရားကို တင်ပြစောဒနာခဲ့ကြ၏။

> လူတွေက အိုတာ နာတာ သေတာတွေ တရားလုပ် ဟောနေကြကြောင်း ကျွန်တော်တို့ဘုရားက မဂ်ရောက်ကြောင်း ဖိုလ် ရောက်ကြောင်း နိဗ္ဗာန်ရောက်ကြောင်းကို လူ့အိုတာ နာတာ သေတာလောက်နဲ့ မဂ် ဖိုလ် နိဗ္ဗာန် ရောက်နိုင်တယ်လို့ တခါမှ မဟောဖူးကြောင်းနှင့်—

ဟောပြောချက်ကို ဖော်ထုတ်ခဲ့ကြ၏၊ အထောက် သာဓကများဖြင့် ဘုရားဟောသည်၏အဖြစ် ခိုင်လုံအောင် ရှင်းသတိပေး ဥယျောဇနများဖြင့် သတိတရားရ အမှန်ရှာနိုင်ကြအောင်ဟု ဝိနည်းဓိုရ်ဆရာတော်များမှတဆင့် လျှောက်ထား တင်သွင်းခဲ့ကြ၏၊ စောဒကများ၏ အဆိုသာဓကများဖြင့်ပင် လုံလောက်နေခဲ့ပြီဖြစ်ရာ ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်ဖို့ပင် မလိုလောက်အောင်ဖြစ်ခဲ့ပါ၏။

## အပြောနှင့်အလုပ်မညီ

ပုသိမ်မောင်ညွန့်သည် အိုခြင်း နာခြင်း သေခြင်းတို့ကို မဂ် ဖိုလ် နိဗ္ဗာန် ရောက်ကြောင်းတရား မဟုတ်သလို အပြစ်ဆိုခဲ့သော်လည်း သူ့တရားတိတ်ခွေတခုတွင်—

> အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ၊
>
> န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။

ဟူသော ဂါထာပါဠိအနက်ကို ရွတ်ဆိုဟောပြောနေသည်ကို ကြားရသည် ဖြစ်ရာ အို နာသေခြင်းကို မဂ် ဖိုလ်ရကြောင်း တရားမဟုတ်ဆိုသော မိမိဝါဒကို မိမိကိုယ်တိုင်ကပင် မမှန်ကြောင်းဝန်ခံထားပြီးလို့ဖြစ်ရာ မိမိတို့က အထူးထပ်မံ

ပြောဖို့မလိုလှတော့ပါပေ၊ ထိုမျှမက ဤစောဒနာနှင့် စပ်သော စောဒကအဆိုကို ချေပခြင်း မပြုခဲ့သည်ကို ထောက်သောအားဖြင့်လည်း စောဒကတို့အဆိုကို ဝန်ခံရရောက်နေပြီဖြစ်ပါသည်။

## ဝိသုဒ္ဓိမဂ်အဆို

ဝိသုဒ္ဓိမဂ် မရဏာဿတိကမ္မဋ္ဌာန်း အခန်းဖြင့် သေခြင်းမှာ ဆင်ခြင်ရမည့် တရားဖြစ်ကြောင်း ဘယ်မျှအကျိုးရှိကြောင်း သိနိုင်ပါ၏၊ ဝိသုဒ္ဓိမဂ်လာ မရဏာဿတိဘာဝနာအကျိုးကို မြန်မာလိုပင် ပြကြပါတော့မည်။

မရဏာဿတိ အားထုတ်သောပုဂ္ဂိုလ်သည် အမြဲပင် မမေ့မလျော့ဘဲ ဟူသမျှတို့၌ မွေ့လျော်ဖွယ်မရှိဟူသော အမှတ်သညာကို ရ၏၊ အသက်၌ တွယ်တာခြင်းကို စွန့်နိုင်၏၊ မကောင်းမှုကို ကဲ့ရဲ့တတ်၏၊ သိုမှီးသိမ်းဆည်းမှု မရှိသည်ဖြစ်၍ ပစ္စည်းပရိက္ခရာတို့၌ မစွဲရအညစ်အကြေးကင်း၏၊ ထိုပုဂ္ဂိုလ်အား အနိစ္စဟူသော အမှတ်သညာလည်း တိုးပွားခြင်းသို့ ရောက်၏၊ ထိုအနိစ္စသညာကိုအစဉ်မှီးသဖြင့် ဒုက္ခသညာ အနတ္တသညာ လည်းထင်လာ၏၊

မရဏာဿတိ ဘာဝနာမရှိသော ပုဂ္ဂိုလ်တို့သည် ရုတ်တရက် သားရဲ ဘီလူး မြွေ ခိုးသူ လူသတ်သမားတို့ လွှမ်းမိုးခံရကုန်သကဲ့သို့ သေခါနီး အခါ ကြောက်ရွံ့ ထိတ်လန့် တွေဝေခြင်းသို့ ရောက်ကြရ၏၊ထိုသို့ မရောက်ပဲ မကြောက်မလန့်မတွေမဝေသေရ၏၊ မျက်မှောက်ဘဝမှာ နိဗ္ဗာန်ကို အပြီးမတိုင်စေနိုင်သေးလျှင် ခန္ဓာကိုယ်ပျက်ပြီးနောက် သုဂတိဘဝ ရောက်ရ၏။ (ဝိသုဒ္ဓိ၊၁။၂၃၁။)

ဤဝိသုဒ္ဓိအဆိုအရ မရဏာဿတိဖြင့် နိဗ္ဗာန်ရောက်နိုင်ကြောင်း ဤဘဝရလျှင် သုဂတိတော့ရောက်နိုင်ကြောင်း သိရ၏။

## အင်္ဂုတ္တရက အကျိုးပြ

ကောေ ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဧကန္တနိဗ္ဗိဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာ-နာယ သံဝတ္တတိ။ ကတမော ဧကော ဓမ္မော မရဏာဿတိ။

(အံ၊၁။၃၂)

ရဟန်းတို့ တခုသောတရားသည် ပွားစေအပ်သည်ရှိသော် ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်သည်ရှိသော် စင်စစ် ဝဋ်၌ ငြီးငွေ့ခြင်းငှာ ဝဋ်၌ တပ်ခြင်း ကင်းခြင်းငှာ ရာဂစသည် ချုပ်ငြိမ်းခြင်းငှာ ကိလေသာငြိမ်းအေးခြင်းငှာ ဝိပ-

ဿနာပညာဖြင့် ထူးထူးခြားခြား သိခြင်းငှာ သစ္စာလေးပါးသိခြင်းငှာ နိဗ္ဗာန် အလို့ငှာဖြစ်၏။

အဘယ်တရား တခုနည်း၊ သေခြင်းတရားကို အောက်မေ့ခြင်းတည်း။

ဤပါဠိတော်အရလည်း မရဏဿတိ၏ နိဗ္ဗာန်တိုင်ထိ ရှက်ဆောင်နိုင်သည်၏ အဖြစ်ကို သိနိုင်ပါ၏။

## မရဏဿတိ အကျိုး တနည်း

> မရဏဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ အမတောဂဓာ အမတပရိယောသာနာ
> (အံ၊၃။၁၃၇)

မရဏဿတိသည် ပွားစေအပ်သော ကြိမ်ဖန်များစွာ အလေ့အလာ ပြုအပ်သော် များသော အကျိုးရှိ၏၊များသောအာနိသင်ရှိ၏၊အမြိုက်နိဗ္ဗာန်သို့ သက်ဝင်တတ်၏၊ အမြိုက်နိဗ္ဗာန်ဟူသော အပြီးသတ် အဆုံးရှိ၏။ ဤပါဠိကလည်း နိဗ္ဗာန်ရကြောင်းပြ၏။

## မရဏဿတိ အသုံးဝင်ပုံ

ဤမျှမက မရဏဿတိသည် ထိုထိုကိစ္စ၌ များစွာအသုံးဝင်လှ၏၊ ၎င်းကို သဗ္ဗတ္ထက ကမ္မဋ္ဌာန်းဟုဆိုထားရာ အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌ အလိုရှိအပ်သော ကမ္မဋ္ဌာန်းဖြစ်၏၊ (ဝိသုဒ္ဓိ၊၁။၉၄)

ဘာ့ကြောင့် ကမ္မဋ္ဌာန်းတိုင်း၌ အလိုရှိအပ်သနည်း—

> မရဏဿတိယာ ပန အဝဿံ မယာ မရိတဗ္ဗမေဝါတိ စိန္တေန္တော အနေသနံ ပဟာယ ဥပရူပရိ ဝဍ္ဎမာနသံဝေဂေါ၊ အနောလီနေ-ဝုတ္တိကော ဟောတိ။
> (ဝိသုဒ္ဓိ-၁-၉၄)

မရဏဿတိဖြင့် မချွတ် ငါသေရမည်ဟု တွေးတောဆင်ခြင်မိသော ပုဂ္ဂိုလ်သည် မအပ်သော ပစ္စည်းရှာခြင်းမျိုး စွန့်ပယ်၍ အဆင့်ဆင့် တိုးတက်လာသော သံဝေဂ ရှိသည်ဖြစ်၍ မတွန့်ဆုတ်သော ဖြစ်ခြင်း ရှိသူဖြစ်လာ၏။

ဤကား တခြားကမ္မဋ္ဌာန်း အားထုတ်ရာ၌လည်း မရဏဿတိ တွဲပေးလျှင် ထိုမရဏဿတိက မူလကမ္မဋ္ဌာန်း တိုးတက်လာအောင် ရှက်ဆောင်ပေးနိုင်ကြောင်း သာဓကတရပ်ပင်။

## စိတ်ရွှင်အောင် လုပ်နည်း

အိုနာသေ တရားများ စဉ်းစားခြင်းမှာ ဘာဝနာအရာမှာ တက်ကြွ တိုးတက်လာအောင် ရှက်ဆောင်ပေးတတ်၏၊ အထူးသဖြင့် သမာဓိတိုးအောင် ရှက်ဆောင်ပေးနိုင်၏၊ သမာဓိသမ္ဗောဇ္ဈင်ဖြစ်ခြင်း အကြောင်းတွေထဲမှာ "သမယေ သမ္ပဟံသနတာ"ဟု လာ၏၊ ရွှင်စေသင့်တဲ့အခါ ရွှင်အောင်လုပ်ပေးရခြင်းတည်း။ ဘာဝနာအရာ၌ ပညာအားမရှိ၍ဖြစ်စေ၊ ငြိမ်းအေးမှုသုခမရ၍ဖြစ်စေ၊ သာယာဖွယ်ကင်း ပျင်းခြောက်သလိုရှိသောအခါ စိတ်တက်ကြွရွှင်လာအောင် ပြုပေးရ၏၊ ဘယ်သို့ ပြုပေးရမည်နည်း သံဝေဂဝတ္ထု-၈-ပါး ဆင်ခြင်ခြင်းဖြင့် စိတ်ကို လှန့်ပေးရ၏၊ ထိုသို့လှန့်ပေးလျှင် စိတ်တက်ကြွရွှင်လာနိုင်၍ ပညာတက် ငြိမ်းချမ်းမှုတက်ကာ သမာဓိကောင်းလာတော့သည်၊ သံဝေဂဝတ္ထု ၈-ပါးကား—

> အဋ္ဌ သံဝေဂဝတ္ထူနိ နာမ ဇာတိ ဇရာ ဗျာဓိမရဏာနိ စတ္တာရိ၊ အပါယ-ဒုက္ခံ ပဉ္စမံ၊ အတီတေ ဝဋ္ဋမူလကံ ဒုက္ခံ၊ အနာဂတေ ဝဋ္ဋမူလကံ ဒုက္ခံ၊ ပစ္စုပ္ပန္နေ အာဟာရပရိယေဋ္ဌိမူလကံ ဒုက္ခန္တိ၊ (ဒီ၊ဋ္ဌ၊၂။၃၇၄)

### သံဝေဂဝတ္ထု ၈-ပါးဆိုသည်မှာ

ဇာတိ ဇရာ ဗျာဓိ မရဏ—၄-ပါး၊ ငါးခုမြောက်က အပါယ်ဒုက္ခ၊ အတိတ်က ဝဋ်တရားလျှင် အကြောင်းရှိသောဒုက္ခ၊ အနာဂတ်မှာ ဝဋ်တရားလျှင် အကြောင်းရှိသောဒုက္ခ၊ ပစ္စုပ္ပန်၌ အာဟာရ ရှာရခြင်း အကြောင်းရှိသောဒုက္ခ၊ ဤရှစ်ပါးတို့တည်း။

ဆိုခဲ့ပြီး ဉာယ သာဓကများအရ ပုသိမ်မောင်ညွန့်အဆိုမှာ မသိမောဟ သဘောအရဖြင့် ပြောပြချက်များသာ ဖြစ်ရာ ဝိနည်းဓိုရ်ဆရာတော်များက အမှန်တရားအဖြစ် လက်မခံ ပယ်လှန်တော်မူခဲ့ကြပါပေသည်။

### စောဒနာ-သောဓနာအမှတ်(၅)သုံးသပ်ချက်

#### စောဒနာ

> ရဟန်းခံရာ၌ သံဃာက ပဓာန၊ သံဃာဆိုသည်မှာ "ကိလေသေ ဟနတီတိ သံဃော"အရ ကိလေသာကိုသတ်တတ်သောကြောင့် သံဃာ မည်၏အရ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာကိုမျှ သတ်နိုင်သော သံဃာမပါပဲ ခံသော ရဟန်းမှာ ရဟန်းမဖြစ် အာဏာဝီတိက္ကမန္တရာယ် မဖြစ်။

စောဒကဆရာတော်များက ဤကျောက်ပုံဦးစံရင်း၏ ဝါဒကို တင်ပြလျက် ထိုအယူအဆ မမှန်ကြောင်း ကင်္ခါဝိတရဏီ အဋ္ဌကထာလာ သာဓကကို ဖော်ပြ စောဒနာခဲ့ကြ၏။

ရေမပြည့်အိုး ဘောင်ဘင်ခတ်

ကိုယ့်ဝိပဿနာဖြင့် အသားယူလိုကြသော ဝိပဿနာသမား အချို့ကား အရာရာ၌ သူတို့ဝိပဿနာ၊ သို့မဟုတ် အရိယာအဖြစ်ကို အသားယူလိုကြ၏၊ ကမ္မဋ္ဌာဝိပဿနာ အမည်ခံထားသော ဝိပဿနာသမားတို့သည်လည်း၊

အလှူလှူရာ၌ မိမိကအရိယာဖြစ်မှ ပဏီတဒါနဖြစ်သည် စသည်ဖြင့်လည်းကောင်း ရဟန်းသီလအရာ၌လည်း သံဝရသီလမျှဖြင့် မပြည့်စုံ ပဟာနသီလလိုသည်ဟုလည်းကောင်း လူသီလအရာ၌လည်း အနတ္တထင်မှ သီလဖြစ်သည်ဟုလည်းကောင်း ဟောပြောရေးသားကြ၏။

ယခု ရဟန်းခံကိစ္စ၌လည်း အရိယာသံဃာ ဆွဲသွင်းလာခဲ့၏၊ အားလုံးမှာ မပြည့်၍ ဖြစ်၏၊ ရေပြည့်သောအိုးမှာ ဘာမျှမဖြစ်သော်လည်း ရေမပြည့်သောအိုးမှာ ဘောင်ဘင်ခတ်သည် ဆိုသောအတိုင်း မပြည့်၍ ဘောင်ပင်ခတ်ခြင်းပင်၊ ဦးစံရင်းကား တစ္ပန်းတစမြင်ကာ တဖက်သာကြည့်တတ်၍—

ကိလေသေ ဟနတီတိ သံဃောအရ အရိယာသံဃာသာ ယူရမည်ဆိုခဲ့၏၊ သို့သော် သူမမြင်သော သံဃာအနက်များ သူမလိုလားသော ပုထုဇဉ်သံဃာ ဟော ဝိဂ္ဂြိုဟ်များလည်း ရှိနေပါလေသည်။

သံဃဝစနတ္ထ-အရ

သံ သုဋ္ဌု ကိလေသေ ဟနတီတိ သံဃော။

ကောင်းစွာ (ဝါ) အပြတ်ကိလေသာတို့ကို ပယ်သတ်တတ်သောကြောင့် သံဃာမည်၏။

ဤဝိဂ္ဂြိုဟ်အရမှာ အရိယာသံဃာကို ယူရမည်ဖြစ်၏၊

ဒိဋ္ဌိသီလ သာမညေန သံဟတောတိ သံဃော။

အယူသီလ တူမျှသည်၏အဖြစ်ဖြင့် ပေါင်းအပ်သောကြောင့် သံဃာမည်၏။

ဤဝိဂ္ဂြိုဟ်ဖြင့် အရိယာသံဃာကိုပင် ယူရ၏၊ အရိယာများမှာ ဘယ်မျှဝေးကွာသော အရပ်၌ နေရစေကာမူ နိယတဖြစ်သော အယူသီလ တူမျှကြသည်ဖြစ်ရာ အနီးကပ်ပေါင်းထားအပ်သကဲ့သို့ဖြစ်၍ ဒိဋ္ဌိသီလ သာမညေန သံဟတော ဟုဆိုရသည်၊

ဤဝစနတ္ထဖြင့်ပင် ပုထုဇဉ်သံဃာကိုလည်း ယူနိုင်ကြောင်း ပြဟ္မာယု သုတ်ဘိက္ခုသံဃေန အဖွင့်ဋီကာအဆို ရှိနေပါသည်။

## ဋီကာအဆို

ဒိဋ္ဌိသီလသာမညသင်္ခါတ သင်္ခါတေနာတိ ဧတ္ထ "နိယတော သမ္မာဝိပရာယဏော" အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော သဉ္စိစ္စပါဏံ ဇီဝိတာ ဝေါရောပေယျာတိ နေတံ ဌာနံ ဝိဇ္ဇတိ တိအာဒိဝစနတော ဒိဋ္ဌိသီလာနံ နိယတသဘာဝတ္တာ သောတာပန္နာပိ အညမညံ ဒိဋ္ဌိသီလသာမညေန သံဟတာ၊ ပဂေဝ သကဒါဂါမိအာဒယော "တထာ ရူပါယ ဒိဋ္ဌိယာ ဒိဋ္ဌိသာမညဂတော ဝိဟရတိ၊ တထာရူပေဟိ သီလေဟိ သီလသာမညဂတော ဝိဟရတီ"တိ ဝစနတော ပုထုဇ္ဇနာနမ္ပိ ဒိဋ္ဌိသီလသာမညေန သံဟတ ဘာဝေါ လဗ္ဘတိယေဝ၊ (မ-ဋီ-၃-၁၆၆)

ဒိဋ္ဌိသီလ သာမည သံဃာတ သင်္ခါတေန=ဟူသော ဤစကားရပ်၌၊ မဂ္ဂ-နိယာမအားဖြင့် မြဲ၏၊ အထက်မဂ်သုံးပါးလျှင် လည်းလျောင်းရာရှိ၏၊ မဂ်ဉာဏ်နှင့်ပြည့်စုံသော သောတာပန်ပုဂ္ဂိုလ်သည် စေတနာဖြင့် စေ့ဆော်၍ သတ္တဝါကို အသက်မှ ချခွင်းရာ၏ ဟူသော ဤအကြောင်းသည် ဖြစ်နိုင်သောအကြောင်း မဟုတ်၊ ဖြစ်နိုင်သော အခွင့်မဟုတ်၊ ဤသို့သော အကြောင်းမျိုး မဖြစ်မရှိနိုင်၊ ဤသို့အစရှိသောစကား ဟောကြားတော်မူသောကြောင့် ဒိဋ္ဌိ သီလတို့၏ မြဲသော သဘောရှိသည်၏ အဖြစ်ကြောင့် သောတာပန်ပုဂ္ဂိုလ်တို့ပင် အချင်းချင်း အယူသီလ တူမျှသည်၏အဖြစ်ဖြင့် ပေါင်းအပ်ကုန်၏၊ သကဒါဂါမ် စသည်တို့မှာ ပြောစရာမရှိ။

ထိုသို့သဘောရှိသော ဉာဏ်အမြင်ဖြင့် ဉာဏ်အမြင်တူမျှသည်၏ အဖြစ်သို့ ရောက်လျက်နေ၏။

ထိုသို့ သဘောရှိသော သီလတို့ဖြင့် သီလဘူမျှသည်၏အဖြစ်သို့ ရောက်လျက် နေ၏ဟု ဟောတော်မူသောကြောင့်—

ပုထုဇဉ်တို့၏သည်း အယူသီလ တူမျှသည်၏ အဖြစ်ဖြင့် ပေါင်းအပ်သည်၏ အဖြစ်ကို ရအပ်သည်သာတည်း။

### သံဃာအားလုံးနှင့်ဆိုင်သော ဝိဂ္ဂိုဟ်

သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတီတိ သံဃော၊

အညီအညွတ် စတုဝဂ်စသော ကံသို့ ကောင်းစွာ ကပ်ရောက်ဘတ်သော ကြောင့် သံဃာမည်၏၊ ဤဝစနတ္ထက သံဃာအားလုံး သိမ်းကြုံးမိသော ဝစနတ္ထ ဖြစ်၏၊ ဒက္ခိဏေယျသံဃာတွင် ပါဝင်သော သောတာပန်စသော ဘိက္ခုမှာ ဤသမဂ္ဂကမ္မသို့ ကပ်ရောက်ပါဝင်နိုင်သည်သာ၊

ထို့ကြောင့်—

တတ္ထ သမဂ္ဂံ ကမ္မံ သမုပဂစ္ဆတီတိ သံဃော၊ အယမေဝ ဝစနတ္ထော သဗ္ဗသံဃသာဓာရဏော—

ဟု ဝိနယာလင်္ကာရဋီကာဆို၏၊ သမဂ္ဂံ ကမ္မံ စသော ဤဝစနတ္ထသာ သံဃာ အလုံးစုံနှင့် သက်ဆိုင်၏။

## သုတ္တန်ဝိနည်းအရ သံဃာ ၂-မျိုး

စောဒကဆရာတော်များ ကိုးကားသော ကန်္ခါဝိတရဏီအဋ္ဌကထာ၌ ဒက္ခိဏေယျသံဃာ သမ္မုတိသံဃာခွဲခြားသည်မှာ သုတ္တန်ဒေသနာတော်နည်း ဝိနည်းဒေသနာတော်နည်းအရ ခွဲခြားခြင်းဖြစ်၏၊ ဒက္ခိဏေယျသံဃာသည် သုတ္တန်သံဃာဖြစ်၍ ၎င်းသည် ဝိနည်းသံဃကံများ ပြီးမြောက်အောင် ဆောင်ရွက်ရေး၌ မတတ်နိုင်ပါပေ၊ ဝိနည်းသံဃာ သမ္မုတိသံဃာကသာဆောင်ရွက်နိုင်၏။

အရိယာပုဂ္ဂိုလ်အပေါင်း ဒက္ခိဏေယျသံဃာမှာ သရဏဂုံအရာ ပဏာမအရာ စသည်တို့နှင့်ဆိုင်၍ ကိစ္စများ၌ အရိယသမူဟအရိယာအပေါင်း ဒက္ခိဏေယျသံဃာကိုသာယူရ၏။

သောဟံ ဘဂဝန္တံ သရဏံ ဂစ္ဆာမိ၊ ဓမ္မဉ္စ ဘိက္ခုသံဃဉ္စ။

ထိုငါသည် မြတ်စွာဘုရားကိုလည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ ရဟန်းသံဃာကိုလည်းကောင်း ကိုးကွယ်ရာဟု ဆည်းကပ်ပါ၏၊ ဘိက္ခုသံဃာသည် အရိယာပုထုဇဉ်အထူးမမ သာမည ရဟန်းအပေါင်းကို ဟောသော်လည်း သရဏဂုံအရာ ဤဘိက္ခုသံဃအရကား အရိယာအပေါင်း သံဃာဖြစ်၏။

အဋ္ဌန္နမ္ပိ သမူဟံ သီရသာ ဝန္ဒေ အရိယသံဃံ စသော ပဏာမ အရာ၌လည်း ဆိုခဲ့ပြီး ဒက္ခိဏေယျ အရိယသံဃာပင်။

သမ္မုတိသံဃာကို အဝိသေသေန ဘိက္ခုသမူဟော-ဟုဖွင့်၏။

အရိယာပုထုဇဉ်ဟု အထူးမ မှုသာမညရဟန်းပေါင်းကို သမ္မုတိသံဃာ ဆို၏။

## ဤစကားဖြင့်

သောတာပန်စသော အရိယာရဟန်းဖြစ်စေ၊ ပုထုဇဉ်ရဟန်းဖြစ်စေ၊ နှစ်ပါးအရောဖြစ်စေ၊ ဘိက္ခုသမူဟဖြစ်လျှင် သမ္မုတိသံဃာပင်ဟု သိရ၏။ အရိယာရဟန်း၊ ဘိက္ခုသမူဟဖြစ်လျှင် သမ္မုတိသံဃအဖြစ်ပါဝင်သည်မှာ တရားကြောင့်မဟုတ်၊ ဘိက္ခုသီလကြောင့်သာ ထိုဘိက္ခုသီလမရှိကြသော အရိယာ

သာမဏေနှင့် လူများ မပါဝင်နိုင်သည်ကိုထောက်၊ သမ္မုတိသံဃာကား ဘုရားရှင်က သံဃဟုသမုတ်တော်မူချက်အရ သံဃာဖြစ်လာသော သံဃာများတည်း။

စတုဝဂ္ဂ-စသော ကံအရာ၌ ဘုရားရှင်သမုတ်သတ်မှတ်အပ်သော ထိုသံဃာများကား–

စတုဝဂ္ဂေါ ပဉ္စဝဂ္ဂေါ၊ ဒသဝီသတိ ဝဂ္ဂိကော။

တိရေကဝီသတိဝဂ္ဂေါ၊ပဉ္စသံဃာ ဝိဘာဝိတာ။

ခုဒ္ဒသိက္ခာအရ ငါးပါးတည်း၊ ဤသို့ဘုရားရှင်သတ်မှတ်တော်မူသည်မှ အစပြု၍ ၄-ပါးအစအထက်ကို ဤဝိနယပရိယာယအရ သံဃာဆိုရတော့သည်။

## ရဟန်းအပေါင်းအရ

သမ္မုတိသံဃာကို ရဟန်းအပေါင်းဟု ကခါကဆို၏။ ဘယ်လိုရဟန်းအပေါင်းဟု မထင်ရှား၊ ထိုအချက်ကို ထင်ရှားသိသာစေသော ဝိမတိဝိနောဒနီသာဓကကို စောဒကဆရာတော်တို့က တင်ပြခဲ့ပြန်သည်။

ဤဋီကာ၌ စတုဝဂ္ဂါဒိကေဖြင့် ဆိုခဲ့ပြီး သံဃာအစုငါးမျိုးကို ပြ၏၊ ပကတတ္တ ပုဂ္ဂလသမူဟော၌ ပကတတ္တဖြင့် ဘယ်လိုရဟန်းဟုသိစေ၏၊ရဟန်းအပေါင်းဆိုရာ၌ သာမန်ရဟန်းမည်ကာမတ္တမဟုတ် ပကတတ်ရဟန်းကိုယူဟုပြ၏၊ ပကတတ္တကို သာရတ္ထက "ပကတတ္တာ နာမ ပါရာဇိကံ အနာပန္နာ အနုက္ခိတ္တာစ"ဟု ဖွင့်ရာ ပါရာဇိကမကျ ဥက္ခိတ္တက ရဟန်းမဟုတ်လျှင် ပကတတ္တ (ပကတိပင်ကို အတိုင်းဖြစ်သော သီလရှိသောရဟန်း)ဖြစ်တော့သည်။

(သာရတ္ထ ဋီ-၂၊ဂ၆)

## ဘိက္ခုသီလပဓာန

ဤစကားဖြင့် ကံမြောက်စေတတ်သော သံဃာဆိုသည်မှာ အရိယာဂုဏ်နှင့် မဆိုင် ဘိက္ခုဘော ဘိက္ခုသီလနှင့်သာဆိုင်ကြောင်း သိသာပြန်ပါသည်။

ဝိနည်းအရာ၌ အရိယာတရားက ပဓာနမဟုတ် ဘိက္ခုသီလက ပဓာနဖြစ်ကြောင်း အထောက်အထားတခုပြရလျှင်–

ပုရေ ဥပသမ္ပန္နေန ပစ္ဆာ ဥပသမ္ပန္နော အဝန္ဒိယော၊ ပစ္ဆာ ဥပသမ္ပန္နေန-ပုရေ ဥပသမ္ပန္နော ဝန္ဒိယော။

(ဝိ·၄-၃၁၂)

-ရှေးဦးအယင်ရဟန်းဖြစ်သောပုဂ္ဂိုလ်က နောက်မှ ရဟန်းဖြစ်သောရဟန်းကို ရှိမခိုးရ၊ ဤစကားဖြင့် ရဟန်းကြီးက ရဟန်းငယ်ကိုရှိမခိုးရဟုတားမြစ်သည်ကို သိရ၏။

> အနုဇာနာမိ ဘိက္ခဝေ ယထာဝုဍ္ဎံ=အဘိဝါဒနံ ပစ္စုပဋ္ဌာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ။

ရဟန်းတို့ ကြီးစဉ်ငယ်လိုက်ရှိခိုးခြင်း၊ ခရီးဦးကြိုပြုခြင်း၊ လက်အုပ်ချီခြင်း၊ အရိုအသေပြုခြင်းကို ငါဘုရား ခွင့်ပြုတော်မူ၏။ (ဝိ ၄-၃၁၁)

ဆိုခဲ့ပြီး ပဋိက္ခိတ္တ အနုညာတ သိက္ခာပုဒ်များအရ ပုထုဇဉ်ရဟန်းကြီးကို အရိယာရဟန်းငယ်က ရှိခိုးရမည်မှာ သိသာပါ၏။

## သူ နည်းနှင့်သူ

ဤအချက်၌ သုတ္တန်ကတနည်း ဝိနည်းကတသွယ် သူ့ ပရိယာယ်နှင့်သူ ဖြစ်၍ မရောချက်စေသင့်ကြောင်း သိသာရန် အောက်ပါ သမ္ဗဟုလ အထူးကိုလည်း ရှုပါဦး—

> တတ္ထ ဝိနယပရိယာယေန တယော ဇနာ သမ္ဗဟုလာတိ ဝုစ္စန္တိ၊
> တတောပရံ သံဃော၊ သုတ္တန္တပရိယာယေန တယော၊ တယော
> ဝေ တတော ဥဒ္ဓံ သမ္ဗဟုလာတိ ဝုစ္စန္တိ။ (မ ဋ္ဌ ၁-၃၅၈)

ထိုသမ္ဗဟုလဆိုရာ၌ ဝိနည်းဒေသနာအရ ရဟန်းသုံးပါးတို့ကို သမ္ဗဟုလာဟု ဆိုအပ်၏၊ ထိုထက်အလွန် ၄-ပါးစသည်ကား သံဃာတည်း၊သုတ္တန်ဒေသနာအရ သုံးပါးသည် သုံးပင်၊ ထိုသုံးပါးထက်အလွန်ကို သမ္ဗဟုလာ ဆိုရ၏။

သုံးပါးအထက် လေးပါးစသည်ကို ဘာ့ကြောင့် သံဃာဆိုရသည်ကို ဋီကာဆရာက အောက်ပါအတိုင်း မိန့်ဆိုခဲ့၏။

> တတော ပရန္တိ တိဏ္ဏံ ဇနာနံ ဥပရိသံဃော စတုဝဂ္ဂကရဏီယာဒိကမ္မေဟိ ပဋ္ဌိကမ္မပတ္တတ္တာ။ (မ၊ဋီ၊၂။၄၀)

တတောပရံဆိုသည်မှာ ရဟန်းသုံးပါးအထက် သံဃာမည်၏၊ ဘာ့ကြောင့်နည်း စတုဝဂ္ဂဖြင့် ပြုအပ်သောကံ အစရှိသော ကံတို့ဖြင့် အသီးသီးသောကံအား လျောက်ပတ်သည်၏ အဖြစ်တည်း။

## သံဃာဆိုင်ရာ ၄-ပါးကစ

ဤသို့လျှင် စတုဝဂ္ဂသံဃာ စသည်ကို ခွင့်ပြုသတ်မှတ်တော်မူသည်မှ စ၍ နောင်အခါ သံဃာနှင့်ဆိုင်သော အလှူဒါန၊ ပိုင်ဆိုင်မှု စသောအရာတို့၌ သံဃာ ဟူသည်ကို လေးပါးကစ အထက်ကိုသာ သတ်မှတ်ရတော့သည်၊ ထို့ကြောင့်ပင် သံဃေ ဂေါတမီ ဒေဟိတို့နှင့် ဆက်စပ်သော သံဃိက ဒါန ၇-မျိုး စသော သံဃိကဒါန အရာ၌- ၄-ပါးကစ အထက်ကို သံဃာဆိုရသည်၊ ရဟန်းများပိုင် ဆိုင်မှုနှင့် စပ်သော ( သံဃိက ) သံဃာ့ဥစ္စာ- စသည်၌လည်း ထိုသို့ပင်လေး ပါးအထက် သံဃာ့ဥစ္စာသာ ဘုရားရှင်၏ပညတ်သတ်မှတ်ချက်အရ ထိုပစ္စည်းများ ပိုင်ဆိုင်ရာ၌ ကွဲပြားချက်တော့ရှိပါ၏၊ ထိုကွဲပြားချက်အရ သမ္မုခီဘူတ အာရာ- မိက စာတုဒ္ဒိသာ စသည်ဖြင့် ဝိနည်း၌ သံဃိက အမျိုးမျိုးကွဲပြားရခဲ့ပေသည်။

## ပုထုဇဉ်ရဟန်း မြင့်မြတ်ပုံ

အရိယာမဟုတ်သော ရဟန်းအဖြစ်၏ မြင့်မြတ်ပုံကို သာဓကဖြင့် ဆိုပါဦးမည်–

> မြတ်စွာဘုရား ကပိလဝတ် နေပြည်တော်ဝယ် သီတင်းသုံးစံနေ တော်မူစဉ် သာကီဝင်တို့ အတွင်းမှာ စကားတခုဖြစ်ပေါ်လာသည်မှာ ပထမဦးစွာဖြစ်လာသော သောတာပန်က နောက်မှ သောတာပတ္တိမဂ် ရောက်လာသော သောတာပန်ထက်တရားအားဖြင့် ကြီး၏၊ ထို့ကြောင့် နောက်မှဖြစ်လာသော သောတာပန် ရဟန်းက ပထမဖြစ်သော သော တာပန်လူပုဂ္ဂိုလ်အား ရှိခိုးခြင်း စသည်ပြုရမည်ဟု ဖြစ်၏၊ ထိုစကားကို ပိဏ္ဍပါတ်ခုတင်ဆောင် ရဟန်းတပါးကြား၍ ဘုရားရှင်အား လျှောက် ထား၏။

ဘုရားရှင်က——

> အညာ ဧဝ ဟိ အယံ ဇာတိ၊ ပူဇနေယျ ဝတ္ထုလိင်ံ။

အရိယာဇာတ်က တမျိုးတခြား၊ ပူဇော်ထိုက်သော ဝတ္ထုအသွင်အပြင်က တမျိုးတခြားသာဟု-ဤအဓိပ္ပါယ်ကို ရည်တော်မူ၍အောက်ပါစကား ရဟန်းများ အား မိန့်ကြားတော်မူ၏။

## အနာဂါမ်လူက–ရှင်ဖြစ်စကို ရှိခိုး

> အနာဂါမီပိ စေ ဘိက္ခဝေ ဂိဟိ ဟောတိ၊ တေန တဒဟု ပဗ္ဗဇိတ- ဿာပိ သာမဏေရဿ အဘိဝါဒနာဒီနိ ကာတဗ္ဗာနေဝ။
>
> (သုတ္တနိပါတ် ဋ္ဌ ၁-၂၆၂)

ရဟန်းတို့ လူပုဂ္ဂိုလ်သည် အနာဂါမ် ဖြစ်နေစေကာမူ ထိုအနာဂါမ်လူက ထိုနေ့ရှင်ဖြစ်လာသော သာမဏေကိုပင် သော်လည်း ရှိခိုးမှုစသည်တို့ကို ပြုသင့် ပြုထိုက်တော့သည် သာတည်း။

အရိယာဇာတ်ကတမျိုး ပူဇော်ထိုက်သော ရဟန်း သာမဏေအသွင်အပြင်က တခြား ထိုအသွင်က ပူဇော်ထိုက်သောဝတ္ထု၊အသွင်အလိုက် ဆောင်ထားရသော ရဟန်းသီလ ရှင်သီလတွေက၊လူနဲ့မတန်မရာ–လူကအနာဂါမ်ဖြစ်ဦး၊ဆယ်ပါးသီလ အလွန်သာ၊သာမဏေရဟန်း သီလဆိုသည်က အများအသိ ပြောစရာမရှိ၊ဤသီလဆောင်ထားနိုင်သော ရဟန်း သာမဏေအသွင်က ရှေးဘုရား ပစ္စေကာအာ· ရိယာ သံဃာတို့၏ တံခွန်အလွန်မြတ်သော အသွင်ဖြစ်၏၊ အသွင်တူဆောင် ထားသော ရဟန်းအချင်းချင်းမှာပင်၊ ထိုသီလ အရင်ဆောင်ထားသော ရဟန်း က အရိယာ မဟုတ်စေကာမူ အရိယာရဟန်း ငယ်ကို သာလွန်ကာ ရှိခိုးခံရ ခြင်းမှာ ရဟန်းသီလက ပဓာန၊ တရားက ပဓာန မဟုတ်သည် ဆိုသည်ကို အထင်အရှား ပြနေပါသည်။

## ရဟန်းဂုဏ်အသွင်က ပဓာန

အရိယာတရားက ပဓာနမဟုတ် ရဟန်းသိက္ခာ အသွင်အပြင်က ပဓာနဆို သည်ကိုလည်းကောင်း ရဟန်းပုထုဇဉ်က ရှင်ပြု ရဟန်းခံ ပြုလုပ်ပေးနိုင်သည်ကို သာဓက ခိုင်လုံစေရန်လည်းကောင်း၊ မိလိန္ဒပဉှာ သေဠဝမ္မ ပဉှာကို လိုရင်း အကျဉ်းချုပ်ကာ ပြလိုက်ပါဦးအံ့ –

> မိလိန္ဒမင်းကြီးက အရှင်နာဂသေနကိုမေး၏၊ အရှင်ဘုရား နာဂသိန် တရားကမြတ်သည်ဟုလည်း ဘုရားကဟောပါသည်၊ လူသောတာပန်က ပုထုဇဉ်ရဟန်း သာမဏေကို ရှိခိုးရ၏ဟုလည်း ဟောပါသည်၊ ဤစကား နှစ်ခုမှာ တခုမှန်လျှင် တခုမှားရမည်သာ၊ ဤနှစ်ဘက် အစွန်းထွက် သောစကားကို အရှင်ဘုရား ဖြေကြားတော်မူပါ၊ မင်းကြီး ဤစကား နှစ်ရပ် ဘုရားရှင် ဟောတော်မူအပ်သည်မှာ မှန်ပါ၏၊ ထိုသို့ဟောဆဲ့ အကြောင်းရှိပါ၏။

အကြောင်းကား အဘယ်ပါနည်း·ရဟန်း၏ ရှိခိုးပူဇော်မှုခံထိုက်သောရဟန်း၏ အဖြစ်ကို ပြုတတ်သော တရားက နှစ်ဆယ်၊အသွင်အပြင်က နှစ်ချိုး ဖြစ်ပါသည် နှစ်ဆယ်ကား–

၁။ မြတ်သောတရား၌ မွေ့လျော်ခြင်း။
၂။ မြတ်သောဥပုသ်ပြုမှု နိယမရှိခြင်း။
၃။ မြတ်သော ဆွမ်းခံမှု စသော အကျင့်ရှိခြင်း။
၄။ ကောင်းမွန်စွာဝတ်ရုံနေထိုင်ခြင်း။
၅။ ဣန္ဒြေတို့ကို စောင့်စည်းခြင်း။
၆။ ကိုယ်နှုတ်နှလုံးစောင့်သုံးခြင်း။
၇။ သည်းခံခြင်း။
၈။ ကောင်းသောအမှု၌ မွေ့လျော်ခြင်း။
၉။ တပါးတည်း အဖြစ်ကိုကျင့်ခြင်း။
၁၀။ တပါးတည်း အဖြစ်၌မွေ့လျော်ခြင်း။
၁၁။ တကိုယ်တည်း ကိန်းအောင်းခြင်း။
၁၂။ အကုသိုလ်မှရှက်ခြင်း။
၁၃။ ကြောက်ခြင်း။
၁၄။ လုံ့လဝီရိယ မမေ့မလျော့ခြင်း။
၁၅။ အကျင့်သိက္ခာကို ဆောက်တည်ခြင်း။
၁၆။ ပါဠိသင်ခြင်း။
၁၇။ အဋ္ဌကထာသင်ခြင်း။
၁၈။ သီလစသောအကျင့်၌ မွေ့လျော်ခြင်း။
၁၉။ တွယ်တာမှုကင်းခြင်း။
၂၀။ သိက္ခာပုဒ်တို့ကို ဖြည့်ကျင့်ခြင်း။

ဤကားအကျင့်နှစ်ဆယ်၊ ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်ရုံခြင်း ခေါင်းတုံးမှုပြုခြင်း၊ ( ဤကား အသွင် နှစ်ပါး)

ဤတရားတို့ကို ရဟန်းသည်ဆောက်တည်၏၊ ဤတရားများ မယုတ်ပြည့်စုံသောကြောင့် ရဟန္တာဖြစ်ရသည် ဖြစ်ရာ အရဟတ္တမဂ်ဖိုလ် အနီးသို့ရောက်နေသော ပုဂ္ဂိုလ်ဟု နှလုံးသွင်းကာ သောတာပန်လူဒကာက ပုထုဇဉ်ရဟန်းကို ရှိခိုးပူဇော်ထိုက်သည်။

## တခြားအချက်များ

ထိုနောက် ရှိခိုးပူဇော်ထိုက်သည်ဟု နှလုံးသွင်းရမည့်အချက်များ ဆက်လက်ပြဆိုသည်မှာ—

ထိုပုထုဇဉ်ရဟန်းသည် ရဟန္တာတို့နှင့် တူသည်၏အဖြစ်သို့ ရောက်၏၊ ထိုအခွင့်အခါ ငါ့မှာ မရှိ၊

ထိုပုထုဇဉ်ရဟန်းသည် မြတ်သောပရိသတ်သို့ ကပ်ရောက်ရသူ ဖြစ်၏၊ ငါကား ထိုသို့သောအရပ် မကပ်ရောက်ရ၊

ထိုပုထုဇဉ်ရဟန်းအား ပါတိမောက်ပြမှုကို ကြားနာဖို့ရာ အခွင့်ရ၏၊ ငါ့မှာ ထိုသို့ ကြားနာခြင်းငှာ အခွင့်မရ၊

ထိုပုထုဇဉ်ရဟန်းသည် တပါးသော လူပုဂ္ဂိုလ်တို့ကို ရှင်ပြုပေးနိုင်၏၊ ရဟန်း ပြုပေးနိုင်၏၊ မြတ်စွာဘုရား သာသနာကို တိုးပွားအောင် ပြုနိုင်၏၊(ဤနှလုံးသွင်းအရ ပုထုဇဉ်ရဟန်းက ရှင်ပြု ရဟန်းခံပေးနိုင်သည်ဆိုသော အချက်မှာ ခိုင်လုံလှပါသည်)။

ထိုပုထုဇဉ်ရဟန်းကား ၁မာဏရှိ များလှဘိသော သိက္ခာပုဒ်တို့၌ အလုံးစုံကျင့်နိုင်၏၊ ငါကား ထိုသိက္ခာပုဒ်တို့၌ မကျင့်နိုင်။

ထိုပုထုဇဉ်ရဟန်းသည် ရဟန်းအသွင်အပြင်သို့ ကပ်ရောက်ရ၏၊ ဘုရားအလိုတော်၌ တည်၏၊ ငါကား ထိုရဟန်းအသွင်အပြင် နှစ်ပါးမှ ဝေးကွာလှသူအဖြစ် ရောက်နေရ၏။

ထိုရဟန်းသည် ထူထပ်သော ချိုင်းကြားမွေးရှိသူ မျက်ကွင်းမကွင်း တန်ဆာမဆင်သူ အစဉ်သိမ်းအပ်သော သီလနံ့သာရှိသူ ဖြစ်၏၊ငါကား ဝတ်စားတန်ဆာဆင်မှု ပြင်မှု၌ မွေ့လျော်သူဖြစ်၏။

မင်းကြီး စင်စစ်သော်ကား ရဟန်းအဖြစ် ပြုတတ်သောတရား နှစ်ဆယ်၊ ရဟန်းအသွင်နှစ်ပါး ဤတရားတို့သည် ပုထုဇဉ်ရဟန်းအား ထင်ရှားရှိကုန်၏၊ ထိုရဟန်းသာ ထိုတရားတို့ကို ဆောင်၏၊ တပါးသူတို့ကိုလည်း ထိုတရားတို့ကို ဆောင်ကျင့်စေ၏၊ (ဤအဆိုဖြင့်လည်း ပုထုဇဉ်ရဟန်းကသူတပါးကို ရဟန်းပြုပေးနိုင်သည်ဟု သိသာပေသည်) ငါ့အား ထိုတရားများ ဆိုက်ရောက်လာခြင်းလည်း မရှိ၊ သူတပါးကို သင်ပေးနိုင်ခြင်းလည်း မရှိ။

မင်းကြီး မင်းသားသည် ပုရောဟိတ်အထံ၌ အတတ်သင်၏၊ မင်းကျင့်တရား သင်ကြား၏၊ ထိုမင်းသား နောင် မင်းဖြစ်သောအခါ ငါ့အတတ် သင်ပေးသူဟု ဆရာပုရောဟိတ်ကို ရှိခိုး၏၊ မင်းကြီး ထို့အတူ ပုထုဇဉ်ရဟန်းသည် သင်ကြားပေးတတ်သူ ရဟန်းအနွယ်အဆက်ကို ဆောင်သူဟုသောတာပန်ဒကာကရှိခိုးခြင်းခရီးဦးကြိုဆိုခြင်းငှာထိုက်၏။

မင်းကြီး ယခုပြဆိုမည့်အကြောင်းဖြင့် ရဟန်းအဖြစ်၏ ကြီးမြတ်သည့်၏ အဖြစ်သူမတူအောင် ပြန့်ပြောသည်၏အဖြစ်ကို သိပါလေ—

**ထိုအကြောင်းကား —**

> မင်းကြီး သောတာပန် ဥပါသကာသည် ထိုနေ့ပင် အရဟတ္တဖိုလ် ဆိုက်ရောက်ရသည်ဖြစ်အံ့၊ သူ့အဖို့လမ်းနှစ်ပါးမှတပါး အခြားမရှိ၊ ထို နေ့ပင် ပရိနိဗ္ဗာန်စံသော်စံ ရဟန်းပြုသော်ပြု၊ မင်းကြီး ရဟန်းအဖြစ် သည် မတုန်လှုပ်၊ ဘိက္ခုဘူမိသည်မြတ်၏။ အလွန်မြင့်လျက်ရှိ၏။

ဤအချက်ဖြင့် ရဟန်းအသွင်အပြင်သည် မြတ်သည်ဖြစ်၍ ထိုအသွင်ကသာ ရဟန္တာအဖြစ်ကို ဆောင်ထားနိုင်၏၊ လူ့အသွင်ကား ညံ့သည်ဖြစ်၍ ဆောင် မထားနိုင်၊ ထို့ကြောင့် ထိုအသွင်ရှိနေသော ပုထုဇဉ်ရဟန်းကို မလေးမစား အရေးမထား မပြုထိုက် မပြောထိုက်ဟု သိစေသည်။

**စောဒနာ**=ကျောက်ပုံဝါဒီတို့သည် ရင်းတို့သင်တန်း ကိုးရက်တက်ရုံမျှဖြင့် ရဟန်းဖြစ်နိုင်ကြောင်း–

> သိက္ခာမတင် သိမ်မဝင် ဘယ်တွင်ဘယ်လို ရဟန်း ဖြစ်သနည်း။
> သင်တန်းသိက္ခာ၊ တင်ပြီးကာ၊ ထိုခါရဟန်းဖြစ်သတည်း—

ဟု ဆိုကြကြောင်း စောဒကဆရာတော်များက တင်ပြလျက် ထိုအဆိုကို ဥပသမ္ပဒါ ရှစ်ပါးဖြင့် ရှင်းလင်းသုတ်သင် စောဒနာတင်ခဲ့ကြ၏။

ဥပသမ္ပဒါရှစ်ပါးတွင် အဋ္ဌဝါစိကူပသမ္ပဒါ ဒူတေနူပသမ္ပဒါ ဉတ္တိစတုတ္ထ ကမ္မူပသမ္ပဒါ ဤသုံးပါး ထာဝရဖြစ်ကြောင်း ကျန်ငါးပါးမှာ ဘုရားရှင် ထင် ရှား ရှိစဉ်သာ တည်နေကြောင်း သာရတ္ထဒီပနီ အဆိုပြုကာ ထိုသုံးပါးတွင် လည်း ဘိက္ခုနီများ မရှိတော့သဖြင့် ဉတ္တိစတုတ္ထတမျိုးသာ ကျန်တော့ကြောင်း ရှင်းလင်း ထုတ်ဖော်ခဲ့ကြ၏။

## နားမလည်က မှားကြရ

ဝိနည်းရဟန်း သုတ္တန်ရဟန်းဟု ဘိက္ခုနှစ်မျိုးရှိရာ ဝိနည်းရဟန်းမှာ ဉတ္တိ စတုတ္ထကမ္မဝါဖြင့်သာ ရဟန်းအဖြစ်သို့ ရောက်ရ၏၊ ဤနည်းမှတပါးရဟန်းဖြစ်ဖို့ တခြားနည်းလမ်း မရှိတော့ပြီဆိုသည့် စောဒကဆရာတော်တို့၏ သာဓက ယုတ္တိ အသွယ်သွယ်အရ ငြင်းဆန်နိုင်ဖွယ် မရှိပါ၊ ငြင်းဆန်ပါကလည်း ဝိနည်းအာဏာ ဖီဆန်ကျော်လွှား အမှားကြီးမှားခြင်းသာ ဖြစ်ပါလိမ့်မည်၊ ကျောက်ပုံဝါဒီတို့ ကား ဝိနည်းလည်း မကျွမ်းကျင် သုတ္တန်တွင်လည်း မလိမ်မာ အဘိဓမ္မာမှာ ဝေလာဝေးဖြစ်၍ သင်တန်းဖြင့် ရဟန်းပြုပေးခြင်းမှာ နားမလည်၍ မပြုသင့် သောအရာ ပြုခြင်းသာဖြစ်ပါသည်။

## နည်းထမ်းကျမှ အောင်မြင်ရ

လောကဘက်၌ ဖြစ်စေ ဓမ္မဘက်၌ဖြစ်စေ ကိစ္စ တခုအောင်မြင်ဖို့ရာ သူ့နည်း နှင့်သူဆိုသလို နည်းတွေရှိပါ၏။ နည်းလမ်းကျမှသာ ဆိုင်ရာကိစ္စ အောင်မြင်၏။ ထို့ကြောင့် ရဟန်းက လူဖြစ်လိုလျှင် သိက္ခာချရ၏၊ သိက္ခာချသောအခါလည်း နည်းလမ်းရှိ၏၊ နည်းကျလမ်းမှန်မှ သိက္ခာကျ၏။

စိတ်, ခေတ်, ကာလ, ပယောဂ, ပုဂ္ဂလ, ဝိဇာနနာ အင်္ဂါ ၆-ပါး ညီညွတ် ရ၏၊ သို့မဟုတ်က လူဝတ်ကြောင်တန်းလန်းနှင့် ရဟန်းပဲဖြစ်နေတတ်၏၊ ထိုအခါ မိမိကိုယ်လူဟုထင်ကာ မေထုန်ကျင့်မှုစသောပါရာဇိကကျူးလွန်မိက ဘဝရှုံးကာ နစ်နာလှပေတော့၏။

လူကရဟန်းပြုလိုလျှင်လည်း ပဥ္စဝဂ္ဂသံဃာက ဥတ္တိစတုတ္ထကမ္မဝါဖြင့် သိမ်ထဲ မှာရွတ်ဖတ်ချီးမြှင့်ပေးရ၏၊ ဤအရာ၌လည်း နည်းကျလမ်းမှန်မှရဟန်းဖြစ်၏၊ ငါးပါးထဲကတပါးပါးက ရဟန်းမဟုတ်လျှင် ကံမအောင် ရဟန်းမဖြစ်၊ ကမ္မဝါ ဖတ်နည်းများရှိရာ ဖတ်နည်းမကျ ဆိုပုံမဟန်က ကံမမြောက်၊ သိမ်ကလည်း ပင်ကိုကနေရာတကျသမုတ်ထားသော သိမ်မဟုတ်၊ သိမ်ပျက်ဖြစ်နေကလည်း ရဟန်းခံအထမမြောက်၊သို့ဖြစ်လျှင် ကျောက်ပုံဝါဒီတို့၏သင်တန်းကိုးရက်တက်က ရဟန်းဖြစ်၏ဆိုသည်မှာ နည်းကျပါ၏လော။

## နည်းလမ်းမမှန် အမွေခံရှာသလို

ရှေးကဘုရားတယောက်မှာ မယားနှစ်ယောက်ရှိ၏၊ တယောက်မှာဆယ်နှစ် ဆယ့်နှစ် နှစ်သားတယောက်ရှိ၏၊ တယောက်ကမွေးခါနီး ကိုယ်ဝန်သည်မ၊ ပုဏ္ဏားကကွယ်လွန်ခဲ့၏၊ ထိုအခါ ပုဏ္ဏားသားက မိခင်နှင့်လင်တူမိထွေးထံ အမွေတောင်းခဲ့၏၊ ထိုမိန်းမက "ဆိုင်းပါဦးကွယ် ငါ့ဝမ်းထဲက ကလေးဟာ ယောကျ်ားလေးလား မိန်းမလေးလား မသိရသေး၊ မိန်းမလေးဖြစ်လျှင်လည်း မင်းနဲ့လက်ထပ်ပေးမယ်၊ယောကျ်ားကလေးဖြစ်လျှင် သူနဲ့ထက်ဝက်စီခွဲပေးမည်" ဟု ပြောခဲ့၏၊သူကလက်မခံ သုံးကြိမ်တိုင်ပြောသော်လည်းမရ၊ထိုအခါမိန်းမသည် အခန်းထဲဝင်လျက် ဓားဖြင့် ဝမ်းဗိုက်ကိုခွဲလေတော့သည်၊ မိန်းခလေးလား ယောကျ်ားကလေးလား သိရအောင် မွေးကြည့်ခြင်းဖြစ်၏၊ နည်းမမှန် လမ်း မကျ အမွေခံရှာသော ထိုမိန်းမကား မိမိကိုယ်နှင့်တကွ အသက်သားငယ်ပစ္စည်း အားလုံးဆုံးရှုံးပျက်စီးစေခဲ့လေပြီ၊(ဒီ-၂-၂၆၃)၊ ကျောက်ပုံဝါဒီတို့လည်း တချိန် က ထိုသို့ပင် နည်းမမှန် လမ်းမကျ ရဟန်းပြုနည်းရှာခဲ့ကြပြုခဲ့ကြသတတ်။

သက်ဆိုင်ရာတို့က တားဆီးအရေးယူခဲ့သဖြင့် မသိနားမလည်ရှာသော သူတို့ နည်းခံ နောင်လာ နောင်သားတို့အကျိုးမဲ့မှ ကင်းလွတ်ခဲ့ရ၏။

## သုတ္တန်ရဟန်းဖြစ်မလား

သင်တန်းဖြင့် ဝိနည်းရဟန်းမဖြစ်ဆိုသော် သုတ္တန်ရဟန်းတော့ဖြစ်ဖို့ရှိပါသလော—

ပဋိပန္နကော ဟိ ဒေဝေါ ဝါ ဟောတု မနုဿော ဝါ၊ ဘိက္ခူတိ သင်္ချံ ဂစ္ဆတိယေဝ။ (ဒီ ၄ ၂။ ၃၄၆)

တရားကျင့်သူ ပုဂ္ဂိုလ်မှာ နတ်ပြဟ္မာပင်ဖြစ်စေ လူသားပင်ဖြစ်စေ ရဟန်းဟု ခေါ်ဝေါ်ရေတွက်ခြင်းသို့ ရောက်ရ၏။

ဤသတိပဋ္ဌာန် အဋ္ဌကထာ စသည်အရ ရသော ဘိက္ခုအမည်မှာ သုတ္တန်ရဟန်းသာဖြစ်၏၊ ဤအရာ၌ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ရဟန်းသုံးပါးခွဲထားချက်ကို ပြဆိုပါဦးမည်။

## ဝိနည်းရဟန်း

ဉတ်ကမ္မဝါစာဖြင့် ဖတ်ရွတ်သမုတ်၍ဖြစ်သော သမ္မုတိရဟန်းသည် ကာဠု-ဒါယီမထေရ်ကြီးတို့ကဲ့သို့ အလွန်ပင်ပညာနည်းလှစွာသောသူပင် ဖြစ်ငြားသော်လည်း ဝိနည်းရဟန်းပေတည်း၊ ထိုဝိနည်းရဟန်းသည်လည်း မြတ်စွာဘုရား၏ ဉတ်ကမ္မဝါစာဖြင့် ရဟန်းဖြစ်ရလေသောကြောင့် မြတ်စွာဘုရား၏ သမ္မုတိသားတော်မည်၏၊ ထိုသမ္မုတိရဟန်းသည် အရိယာအစစ်သို့ ရောက်သောအခါ ပရမတ်ရဟန်းမည်ပြန်၏၊ မြတ်စွာဘုရား၏ ပရမတ္ထသားတော်အစစ်သည်းမည်၏၊ သမ္မုတိသံဃာ ပရမတ္ထသံဃာလည်း ဤအဘူပင်မှတ်၊ ဤကား ဝိနည်းရဟန်း တည်း။

## သုတ္တန်ရဟန်း

သုတ္တန်ရဟန်းဆိုသည်ကား ဆိုခဲ့ပြီးသော ဝိနည်းပညတ်တော်အစွမ်းဖြင့် သမ္မုတိရဟန်းဖြစ်ပြီးသော "န မုဏ္ဍကေန သမဏော" ဟူသော ဂါထာ၏ ဝတ္ထုတွင်လာသော ဟတ္ထကမထေရ် အဿဇိ ပုနဗ္ဗသုက စသော ဆဗ္ဗဂ္ဂီ ရဟန်းတို့ကဲ့သို့ လောဘတထောင်ထောင် ဒေါသ မောဟတထောင်ထောင် ရှုန်ရင်းကြမ်းတမ်းသော ကာ ယကံ ဝစီကံ မနောကံ အပြည့်နှင့် နေသောသူတို့ကို သုတ္တန်ပရိယာယ်အလိုအားဖြင့် "သမဏ" မဆိုအပ်ကုန်၊ လူပုထုဇဉ်ပင်ဖြစ်ငြားသော်လည်း ကိလေသာတရားတို့ ငြိမ်သက်၍ ဣန္ဒြေ ခြောက်ပါး ဒွါရသုံးပါး ငြိမ်သက်ကြပါမူကား သမဏဟူ၍ပင် ဆိုရ၏၊ ဤကား သုတ္တန်ရဟန်း။

## အဘိဓမ္မာရဟန်း

ပရမတ်ရဟန်းဆိုသည်ကား သုဒ္ဓေါဒနမင်းကြီး သန္တတိ အမတ်ကြီးတို့ကဲ့သို့ မင်းမြောက်တန်ဆာဆင်ယင်လျက်ရှိသောလူပင်ဖြစ်ငြားသော်လည်း နတ်ပင်ဖြစ်ငြားသော်လည်း သိကြားဗြဟ္မာပင်ဖြစ်ငြားသော်လည်း အရိယမဂ်ရသောအခါက စ၍ သမဏော=သမဏလည်းမည်၏၊ ဗြာဟ္မဏော=ဗြာဟ္မဏလည်း မည်၏၊ ဘိက္ခု=ဘိက္ခုလည်း မည်၏။

ထိုသုံးပါးသောရဟန်းတို့တွင် အဘိဓမ္မာရဟန်း သုတ္တန်ရဟန်းအစစ်ပင်မဖြစ်တတ်သေးသော်လည်း ဝိနည်းရဟန်းဟု ဆိုအပ်သော သမ္မုတိရဟန်း သမ္မုတိသံဃာဖြစ်ပေလျှင်ပင် အခိုက်အတန့်အားဖြင့် တခုသော နှစ်ခုသော သုံးခုသော သိက္ခာပုဒ်ငယ်ဘို့ကို ကျူးလွန်မှုဖြင့် အလဇ္ဇီပုဂ္ဂိုလ်ပင်ဖြစ်စေဦးတော့ အလှူခံမြတ်တွင် ပါဝင်ပေသည်သာဖြစ်၏။

လဇ္ဇီရဟန်း ဒုဿီလရဟန်း ဟူသော ရဟန်းစုသည် ဝိနည်းသိက္ခာပုဒ်နှင့်စပ်၍ ဖြစ်ရသောအရာ ဖြစ်လေရကား ဝိနည်းရဟန်းအရာ၌သာရှိပေသည်၊ သုတ္တန်-အဘိဓမ္မာရဟန်းတို့မှာ အလဇ္ဇီဟူ၍မရှိ၊ ဒုဿီလဟူ၍မရှိကြပေ။

(လယ်တီ ဆပဂံပုစ္ဆာအဖြေ၊ နိုင်ငံတွင်းပုစ္ဆာပေါင်းချုပ်)

## လူက သံဃာမဖြစ်နိုင်

ဆိုခဲ့ပြီး မိလိန္ဒပဥှာ လယ်တီဆရာတော်ဘုရားကြီး မိန့်ကြားချက်စကားများအရ ဝိနည်းရဟန်းကသာ သူတပါးအား ရဟန်းပြုပေးနိုင်၍ ဦးစံရင်းလို ပုဂ္ဂိုလ်က သင်တန်းဖြင့် ရဟန်းပြုပေးသည် ဆိုသည်မှာ မဖြစ်နိုင်ကြောင်း သိသာပါပြီ၊ သံဃဆိုသည်မှာ ရဟန်းအပေါင်း အရိယာပင်ဖြစ်စေ လူပုဂ္ဂိုလ်ကား သံဃာမဖြစ်နိုင်၊ အရိယာလူပုဂ္ဂိုလ်ကို သောတာပန် စသည်ဖြင့်လည်းကောင်း အရိယသာဝကဟု လည်းကောင်း အရိယဟူ၍ လည်းကောင်း သာမည ခေါ်ဆိုသော အရာသာလာရှိပေသည်၊ သံဃဟု မခေါ်နိုင် မဖြစ်နိုင်။

ထိုသို့ရဟန်းမှ သံဃအဖြစ်သို့ ရောက်နိုင်သောကြောင့် ယခင် မိလိန္ဒပဥှာ၌ ပုထုဇဉ် ရဟန်းကို သောတာပန်လူက ရှိခိုးရမည့်အရေပြရာ၌ "ငါကား ထိုရဟန်းလို ရှင်ပြု ရဟန်းခံမပေးနိုင်"ဟု မိန့်ဆိုခဲ့၏။

ဤအချက်ကို မသိနားမလည်သော ပုသိမ်မောင်ညွန့်စသည် တို့က ဘုန်းကြီးမပါ သံဃာဆွမ်းကျွေးဟု သူတို့ကိုယ် သူတို့ ပရမတ္ထသံဃာ အမည်တပ်ကာ တဝါကြီးလုပ်နေကြသည်မှာ သံဃာ၏အဓိပ္ပာယ်နားမလည်၍သာ။

## ရှူးကြပါဘိ

ဤသို့ ကျင့်လျှင် ရဟန်းပင်ဆိုသောရဟန်း လယ်ဘီဆရာတော်ဘုရား၏ သူတွက်အဘိဓမ္မာရဟန်းများကော မဖြစ်နိုင်ပါသလား၊ ကောင်းကောင်းကျင့်မှ ရဟန်း ကိလေသာငြိမ်းမှ ရဟန်းဆိုရာ စောဒကဆရာတော်တို့ ထောက်လှမ်း စုံစမ်းတင်ပြချက်အရဆိုလျှင် သူတွက်ရဟန်းပင် ဆိုရခက်ပါဘိ၏။

အရိယာလူကပင် ရဟန်းပြုမပေးနိုင်ရာ ကလျာဏပုထုဇဉ်ပင်ဖြစ်ဖို့ ခက်လှသော ကျောက်ပုံသင်တန်းဖြင့်ကျောက်ပုံလူက ရဟန်းပြုပေးနိုင်သည်ဆိုသည်မှာ "ရှူးကြပါဘိ" ဟုသာ ဆိုရပါတော့မည်။

စောဒနာ၌ ကျောက်ပုံတောရ ဦးဝီရိယာဓိကဉာဏသည်—

"ပဌမမဂ္ဂဉာဏံ သဗ္ဗာဒေတုကာမေန အညံ ကိဉ္စိ ကာတဗ္ဗံနာမ နတ္ထိ" ဝိသုဒ္ဓိမဂ်ပါဠိအပိုင်းတစမျှသာယူကာ ကိုယ်လိုရာဆွဲ အနက်ပေးလျက် သောတာပတ္တိမဂ်ဉာဏ်ရလိုသော ပုဂ္ဂိုလ်သည် သင်တန်းကိုးရက်ဝင်ခြင်း မှတပါး အခြား ကမ္မဋ္ဌာန်းစီးဖြန်းပွားများမှု မလိုဟု ပယ်လှန်ခဲ့၏။

စောဒကဆရာတော်များက သူတို့ချန်ထားသော ယဥ္စ အနေန—ဥသော စကားရပ်ကို ဖော်ထုတ်တင်ပြကာ ဘာဝနာတွေ ပွားများခြင်းဖြင့်သာ သော-တာပတ္တိမဂ်ရနိုင်သည်ဟူသော အဋ္ဌကထာအလိုကို ဖော်ထုတ်လျက် သူတို့စကား ပယ်ဖျက်ခဲ့၏၊ ဤမျှမက သောတာပတ္တိယင်္ဂတရားလေးပါးထုတ်ပြကာ သူတို့မှာ ထိုအင်္ဂါအားလုံး ချွတ်ယွင်းနေသူများဖြစ်၍ သောတာပန် မဖြစ်နိုင်ကြောင်း သူတို့အဖြစ်အပျက်များ ဖော်ကာ စောဒနာခဲ့ကြ၏။

## သောတာပန်ဖြစ် မဖြစ် စစ်

သင်ယူ မှတ်သား နာကြား တွေးကြံ မကျေနပ် နောက်ထပ် မေးမြန်းရန် ဤလက်ာကား ကလျာဏအင်္ဂါငါးပါးဟု သူတို့အမည်တပ်ထားသော သောတာ ပန် ဖြစ်ကြောင်း သင်တန်းဝင်အရည်အချင်းပြ ဆောင်ပုဒ်ပင်ဖြစ်၏၊ ဤအင်္ဂါ ဖြင့် သောတာပန်ဖြစ်နိုင်သည်ဟုလည်း သူတို့ဆိုကြ၏၊ ဤအင်္ဂါငါးပါးက သူတို့ဆိုတိုင်း သောတာပန်ဖြစ်ရန် တကယ်အဆင့်မီပါ၏လော အောက်ပါ အဋ္ဌကထာအဆိုဖြင့် သုံးသပ်ကြပါစို့—

တတ္ထ ယဿ ခန္ဓဓာတုအာယတနာဒီသု ဥဂ္ဂဟပရိပုစ္ဆာသဝနဓာရဏ-ပစ္စဝေက္ခဏာနိ နတ္ထိ၊ အယံ အန္ဓပုထုဇ္ဇနော၊ ယဿ တာနိ အတ္ထိ၊ သော ကလျာဏပုထုဇ္ဇနော။ (ဒီဋ္ဌ ၁။၅၉)

အကြင်ပုဂ္ဂိုလ်အား ခန္ဓာဓာတ်အာယတန စသော တရားတို့၌ သင်ယူခြင်း မေးမြန်ခြင်း ကြားနာခြင်း ဆောင်ထားမှတ်သားခြင်း ဆင်ခြင်ဖဉ်းစားခြင်း မရှိ၊ ထိုပုဂ္ဂိုလ်မှာ အန္ဓ(ပညာဉာဏ်အားဖြင့် ကန်းသော) ပုထုဇဉ်ဖြစ်၏။

အကြင်ပုဂ္ဂိုလ်အား ထိုခန္ဓာစသည်တို့၌ သင်ယူ မေးမြန်းခြင်း စသည်ရှိ၏၊ ထိုပုဂ္ဂိုလ်ကား ကလျာဏ(ပညာမျက်စိ အသိရှိ၍ ကောင်းသော)ပုထုဇဉ်ဖြစ်၏။

## ကလျာဏဖြစ်ရုံမျှပင် မလွယ်

ပုထုဇဉ်နှစ်ပါး ခွဲခြား ဖော်ပြသော ဤအဋ္ဌကထာ၌ ဘာဝနာပွားမှု မပါဝင် သူတို့ကလျာဏအင်္ဂါဆောင်ပုဒ်နှင့်ညီရုံသာ ရှိ၏၊ ဘာဝနာမှု လိုနေသေးသော သူတို့ ကလျာဏအင်္ဂါဖြင့် ကလျာဏပုထုဇဉ်ဖြစ်ရုံမျှ တတ်နိုင်၍ သောတာပန် အဖြစ်သို့ ရောက်ဖို့ကား ဝေးလှပါဘိတောင်း၊ ကလျာဏပုထုဇဉ်ဖြစ်ရုံမျှ တတ်နိုင်သည်ဆိုသော်လည်း ခန္ဓာစသည်ကို မှန်မှန် ကန်ကန် ကျကျနန သိနားလည်မှ ကလျာဏပုထုဇဉ်ဖြစ်နိုင်သည်ဟူသောအချက်ကိုလည်း ဖြည့်စွက် မှတ်သားသင့်၏၊ ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့်မညီသော အတ္တနောမတိ -မဟုတ်မမှန်သော အသိမျိုးဖြင့် သင်ထားအပ်သော ခန္ဓာစသည်ဖြင့်ကား ကလျာဏ ဖြစ်ရုံမျှပင် မလွယ်လှ၊ သောတာပန် ဖြစ်ဖို့ကား ဝေးလေစွ။

## နေယျပုဂ္ဂိုလ်အင်္ဂါ

သောတာပန်အရိယာအလောင်း နေယျအတွက်ဆိုလျှင် ဤကလျာဏအင်္ဂါ တွင် ဘာဝနာမှုဘည့်မှ ပြည့်စုံပေလိမ့်မည်၊ ဘာဝနာမှုကင်းသော နေယျပုဂ္ဂိုလ် အတွက် ဤကလျာဏအင်္ဂါမျှဖြင့် သောတာပန်ဖြစ်နိုင်ခွင့်မရှိပါ။

အောက်ပါ နေယျဂုဏ်ရည်ပြပါဠိတော်ကို ရှုပါ—

> ကတမော စ ပုဂ္ဂလော နေယျော၊ ယဿ ပုဂ္ဂလဿ ဥဒ္ဒေသတော ပရိပုစ္ဆတော ယောနိသော မနသိကရောတော ကလျာဏမိတ္တေ သေဝတော ဘဇတော ပယိရုပါသတော ဧဝံ အနုပုဗ္ဗေန ဓမ္မာဘိသမယော ဟောတိ။ အယံ ဝုစ္စတိ ပုဂ္ဂလော နေယျော။ (အဘိ ၃။၁၄၇)

အဘယ်ပုဂ္ဂိုလ်သည် နေယျဖြစ်သနည်း ကမ္မဋ္ဌာန်းနှင့် သက်ဆိုင်ရာ ပါဠိသင် လျက် အနက်အဓိပ္ပာယ်မေးမြန်းလျက် သင့်လျော်အောင် နှလုံးသွင်းလျက် မိတ်ဆွေကောင်း ဆရာသမား စသည်တို့ကို မှီဝဲဆည်းကပ်လျက် ဤဆိုခဲ့သော အစဉ်ဖြင့် သစ္စာလေးပါးတရားတို့ကို သိခဲ့မူ ဤပုဂ္ဂိုလ်ကို နေယျပုဂ္ဂိုလ်ဟု ဆိုအပ်၏။

## ယောနိသော မနသိကာရ

ဤနေယျ ဖြစ်ကြောင်းအင်္ဂါ၌ ယောနိသောမနသိကာရ ဆိုသည်မှာ နည်းမှန် လမ်းမှန် အကြောင်းမှန်အားဖြင့် နှလုံးသွင်းမှုဖြစ်၍ သာမန်နည်းမှန် လမ်းမှန် နှလုံးသွင်းမှု မဟုတ်ပဲ ကမ္မဋ္ဌာန်းအားထုတ်ခြင်းတို့ကို ဆိုခြင်းဖြစ်ပါသည်။

> ယောနိသော မနသိကာရော နာမ ဥပါယမနသိကာရော ပထမနသိ-
> ကာရော အနိစ္စေ အနိစ္စန္တိ ဝါ ဒုက္ခေ ဒုက္ခန္တိ ဝါ အနတ္တနိ အနတ္တာတိ ဝါ,
> အသုဘေ အသုဘန္တိ ဝါ မနသိကာရော။ (ဒီ ဋ္ဌ ၂။၃၆၇)

ယောနိသော မနသိကာရ မည်သည်မှာ ကောင်းကျိုး အဖြာဖြာ ချမ်းသာ စီးပွားကိုရရန် အကြောင်းမှန် နည်းမှန်ဖြစ်သော နှလုံးသွင်းမှုတည်း၊ လမ်းမှန် ဖြစ်သော နှလုံးသွင်းမှုတည်း၊ မမြဲသောတရား၌ မမြဲဟုသော်လည်းကောင်း၊ ဆင်းရဲသောတရား၌ ဆင်းရဲဟုသော်လည်းကောင်း အတ္တဇီဝ အကောင်မဟုတ် သောတရား၌ အကောင်မဟုတ်ဟုလည်းကောင်း မတင့်တယ်သော တရား၌ မတင့်တယ်ဟု လည်းကောင်း နှလုံးသွင်းမှုတည်း။

## ဘာဝနာနှင့် ကင်းသော နေယျတရားမရ

ဤပါဠိ၌ အနိစ္စ ဒုက္ခ အနတ္တသာဆိုခြင်းမှာ ပဓာန အဝိနာဘာဝနည်းအရ ဖြစ်၏၊ လက္ခဏာရေး စသည်ဖြင့် ရှုခြင်းကိုလည်း ယူရသည်သာ။

(ဒီ ဋ္ဌ ၂။၃၂၄) (မ ဋ္ဌ ၂။၂၆၇)

နည်းမှန်လမ်းကျ နှလုံးသွင်းမှုဟူသည် ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်ဘည်း၊ ထိုဉာဏသမ္ပယုတ် ဝိပဿနာ ဇောဖြစ်ဖို့ နှလုံးသွင်းပေးသော အာဝဇ္ဇန်းလည်း ထိုဇောနှင့် အလားတူ၍ ယောနိသော မနသိကာရပင်၊ ရှေးရှေး ဝီထိ၌ ဖြစ် သော အာဝဇ္ဇန်းနှင့် ဝိပဿနာဇောကို နောက်နောက်ဝီထိတို့၌ ကုသိုလ်တို့၏ အကြောင်းဖြစ်သော ယောနိသောမနသိကာရဟု ယူအပ်၏။

> ယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာ စေဝ ကုသလာ
> ဓမ္မာ ဥပ္ပဇ္ဇန္တိ ဥပ္ပန္နာ စ အကုသလာ ဓမ္မာ ပရိဟာယန္တိ။ (အံ ၁။၁၂)

ရဟန်းတို့ နည်းကျလမ်းမှန် နှလုံးသွင်းသော ပုဂ္ဂိုလ်အား မဖြစ်သေးသော ကုသိုလ်တရားတို့လည်း ဖြစ်ကုန်၏၊ ဖြစ်ပြီးအကုသိုလ်တရားတို့လည်း ဆုတ်ယုတ် ကုန်၏ဟူသော ပါဠိအရ ယောနိသောမနသိကာရမှာ ကုသိုလ်မှန်သမျှ၏ ဖြစ် ကြောင်းဖြစ်သော်လည်း ဤနေယျ အင်္ဂါပြပါဠိ၌ ဘာဝနာနှင့်ကင်း၍ နေယျ ၏ ဓမ္မာဘိသမယ မဖြစ်နိုင်၍ ကမ္မဋ္ဌာန်းဘာဝနာကို ယူရမည်မှာ ထင်ရှားလှပါ ပေသည်။

## ဦးမောင်ကြီးအဆို

ကမ္ဘာ့ဝိပဿနာ နေယျသင်တန်း နံပါတ် ၄၃-၌ ဦးမောင်ကြီးက ဈာန်အဘိညာဉ်ရခြင်းအကြောင်း ငါးပါးထုတ်ပြခဲ့၏။

၁။ အဓိဂမဒိဋ္ဌိဝိစိကိစ္ဆာ၊ ကင်းပြတ်ပြီးဉာဏ်ရခြင်း (ဝါ)သောတာပန်ဖြစ်ခြင်း၊။

၂။ ပရိယတ္တိ၊ ဈာန်မဂ်ဖိုလ်နှင့် ဆိုင်သောတရားကို သင်ကြားခြင်း၊

၃။ သဝန၊ လေးစားစွာနာကြားခြင်း။

၄။ ပရိပုစ္ဆာ၊ မေးမြန်းခြင်း။

၅။ ပုဗ္ဗယောဂ၊ ရှေးက အထုံအဆက်ရှိခြင်း။

ဤအချက် ငါးချက်အရ သင်တန်းတက်ဖို့ အရေးကြီးကြောင်း သင်တန်းဖြင့် သောတာပတ္တိမဂ်ရလျှင် သာသနာ့ပကဲ့သို့ ကမ္မဋ္ဌာန်း အသီးအခြားအားမထုတ်ရကြောင်း၊ ဆိုခဲ့ပြီး ငါးချက်နှင့်ပြည့်စုံက အာနာပါန ဣရိယာပထမှစ၍ ကမ္မဋ္ဌာန်း အသီးအခြား အားမထုတ်ရပါပဲနှင့် ဈာန်မဂ်ဖိုလ်ရနိုင်ကြောင်း ဆိုခဲ့၏၊ ဤအဆိုဖြင့် သူတို့သင်တန်းကို အမွှမ်းတင်ခဲ့၏၊ ကမ္မဋ္ဌာန်းမှန်သမျှကို ပယ်ရှားခဲ့၏။

### အစထဲကမှား

သူ့အဆိုမှာ အစကစ၍မှားခဲ့ရာ အဆုံးအထိ အမှန်မပါရှိသော စကားသာဖြစ်ပါ၏၊ သူက ဈာန်အဘိညာဉ်ကြောင်း ငါးပါးဆိုသောအချက်များမှာ သူဆိုတိုင်း ဈာန်အဘိညာဉ်ရကြောင်း မဟုတ်ပါ၊ ပဋိသမ္ဘိဒါ စင်ကြယ်ခြင်း၏အကြောင်းငါးပါးသာဖြစ်၏၊ ပဋိသမ္ဘိဒါဝိဘင်္ဂ အဋ္ဌကထာ၌—

> အဓိဂမော နာမ အရဟတ္တံ၊ အဓိဂမ မည်သည်မှာ အရဟတ္တဖိုလ်တည်း။ ပရိယတ္တိနာမ ဗုဒ္ဓဝစနံ၊ ဘုရားဟောပါဠိသည် ပရိယတ်မည်၏။ သဝနံ နာမ ဓမ္မဿဝနံ၊ တရားနာခြင်းသည် သဝနမည်၏။ ပရိပုစ္ဆာ နာမ အဋ္ဌကထာ၊ အဋ္ဌကထာသည် ပရိပုစ္ဆာမည်၏။

ဟု ဖွင့်၏။ (အဘိ ဋ ၂။ ၃၇၂)

အရဟတ္တဖိုလ်ရ၍ ပါဠိကိုသင် ရှိသေစွာတရားနာ အဋ္ဌကထာကို ဟောပြောက ပဋိသမ္ဘိဒါ စင်ကြယ်ကြောင်း ဆိုပါသည်။

ဤ၌ရာ၌ ပုဗ္ဗယောဂက အရေးကြီးပါ၏၊ ဦးမောင်ကြီးဆိုမှာကား နံပါတ် ၁၊ အင်္ဂါဖြစ်သော အဓိဂမဆိုသည့် ဒိဋ္ဌိဝိစိကိစ္ဆာ ကင်းပြတ်ပြီး ပုဂ္ဂိုလ်ဖြစ်မှသာလျှင် နံပါတ် ၅၊ ပုဗ္ဗယောဂဆိုသော ရှေးအထုံအဆက် ပါရမီရှိပါမှ

လောကီဈာန် အဘိညာဉ်တန်ခိုးများကို ရနိုင်သဖြင့် အရေးအကြီးဆုံးအချက်ဖြစ်သော သောတာပန် ရှေးဦးစွာ ဖြစ်ဖို့သာလျှင် ပဓာနဖြစ်၏၊ ဤသို့ဖြစ်လျှင် သောတာပန်ဖြစ်ဖို့ရာ သူပြောသလို သင်တန်းတက်ရမည်လော၊ သို့မဟုတ် ကမ္မဋ္ဌာန်းအားထုတ်ရမည်လော။

သူ့အဆိုက သူ့အယူပယ်

ပုဗ္ဗယောဂေါ နာမ ပုဗ္ဗယောဂါဝစရတာ အတီတဘဝေ ဟရဏ-

ပစ္စာဟရဏနယေန ပရိဂ္ဂဟိတကမ္မဋ္ဌာနတာ။

(အဘိ ဋ္ဌ ၂။၃၇၂)

ပုဗ္ဗယောဂ မည်သည်မှာ ရှေးဘဝက ယောဂါဝစရပုဂ္ဂိုလ်ဖြစ်ခဲ့သည်၏ အဖြစ်တည်း၊ လွန်လေပြီး အတိတ်ဘဝ၌ အသွားဆောင်ခြင်း အပြန်ဆောင်ခြင်း နည်းလမ်းအရ သိမ်းဆည်းအပ်သော ကမ္မဋ္ဌာန်းရှိသည်၏ အဖြစ်တည်း၊ ဂတ-ပစ္စာဂတ ဝတ်ဖြင့် ကမ္မဋ္ဌာန်းအားထုတ်ခဲ့ဖူးသည်ကို ပုဗ္ဗယောဂဆို၏။

ပုဗ္ဗယောဂေါ အဓိဂမဿ ဗလဝပစ္စယော။

(အဘိ ဋ္ဌ ၂။၃၇၃)

ပုဗ္ဗယောဂသည် အရဟတ္တဖိုလ်၏ အားကြီးသော အကြောင်းတည်း သင်တန်းနှင့် သောတာပန်ဖြစ်ရေး အကူညီပေးမလားဟု အကိုးအကားပြုခဲ့သော ဦးမောင်ကြီးတို့ မိမိတို့ကိုးရာပါဌ်က မိမိတို့အယူကို ဖျက်လျက်ရှိနေပြီကော။

ရှေးဆက်လိုက်ပြန်သော်—

ပရိယတ္တိသဝနပရိပုစ္ဆာ ဟိ ပုဗ္ဗေ ဟောန္တု ဝါ မာ ဝါ၊ ပုဗ္ဗ-ယောဂေန ပုဗ္ဗေ စေဝ ဧတရဟိ စ သင်္ခါရ သမ္မသနံ ဝိနာ ပဋိ-သမ္ဘိဒါ နာမ နတ္ထိ။ (အဘိ ဋ္ဌ ၂။၃၇၃)

ပါဠိသင်ခြင်း တရားနာခြင်း အဋ္ဌကထာ မေးခြင်းတို့သည် ရှေးကဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ ပုဗ္ဗယောဂဖြင့် ရှေးအခါ၌လည်းကောင်း ယခုအခါ၌လည်းကောင်း သင်္ခါရတို့ကို သုံးသပ်ရှုဆင်ခြင်ခြင်း ကင်း၍ ပဋိသမ္ဘိဒါမည်သည်မရှိ။

ဤစကားဖြင့် ရှေးက ယခုဘဝကမ္မဋ္ဌာန်းဖြင့် အဓိဂမပြီးကြောင်း အဓိဂမဖြင့် ပဋိသမ္ဘိဒါပြီးကြောင်း သိနိုင်သည်ဖြစ်ရာ သင်တန်းမျှဖြင့် သောတာပန်ဖြစ်နိုင်သည်ဆိုသော အယူဝါဒ စွန့်လွှတ်သင့်ကြပြီဖြစ်ကြောင်း သုံးသပ်တော်မူခဲ့ကြသည်။

## ပရမတ္ထအရ မှန်ကန်သောအနက် မြတ်သောအနက်
## မှန်ကန်သောအနက်

တယောက်က သင်တန်းတက်နေ၏၊ ဆရာက ဒါက စက္ကူ၊ ဌာန်လေးပါးက ဘယ်လို၊ သညာသိ ဝိညာဉ်သိ ပညာသိက ဘယ်နည်း အနတ္တဖြစ်ပုံက ဘယ်ပုံ စသည်ဖြင့် ပြောဆိုသင်ပြနေ၏၊ တယောက်သောသူကမူ မြင်ဆဲခဏဖြစ်သော ဘရားတွေကို ဝိပဿနာရှုနေ၏။

ဤသူနှစ်ယောက် သိနေသောတရားတို့တွင် ဘယ်တရားက ပရမတ္ထလဲ ဘယ်သူက သိတဲ့တရားကို အမှန်တရားဆိုမလဲ။

ပုဂ္ဂလော ဥပလဗ္ဘတိ သစ္စိကဋ္ဌပရမတ္ထေန-အဖွင့် ကထာဝတ္ထု အဋ္ဌကထာဖြင့် စိစစ်ကြပါဖို့။

ဤပါဠိ၌ သစ္စိကဋ္ဌ၊ မှန်ကန်သော အနက်သဘော။ ပရမတ္ထ၊ မြတ်သော အနက်သဘောဆိုသည်မှာ ဘာလဲ?

> သစ္စိကဋ္ဌေနာတိ မာယာမရီစိအာဒယော ဝိယ အဘူတာကာရေန အဂ္ဂဟေတဗ္ဗော ဘူတဋ္ဌေ၊ ပရမတ္ထေနာတိ အနုဿဝါဒိဝသေန အဂ္ဂဟေတဗ္ဗော ဥတ္တမတ္ထေ။ (အဘိ ဋ္ဌ ၃။၁၁၂)

မျက်လှည့်ပြအပ်သော ဝတ္ထု တံလျှပ် စသည်တို့ကဲ့သို့ မဟုတ် မမှန်သော အခြင်းအရာအားဖြင့် မယူအပ်သော ဟုတ်မှန်သော အနက်သဘောသည် သစ္စိကဋ္ဌ(မှန်ကန်သောအနက်သဘော)မည်၏၊ တဆင့်ကြား စသည်တို့၏ အစွမ်းဖြင့် မယူအပ်သော မြတ်သောအနက်သဘောသည် ပရမတ္ထမည်၏။

မျက်လှည့်ဆရာက ကျောက်ခဲကို မျက်လှည့်အတတ်ပညာဖြင့် ပတ္တမြားလုပ်ပြ၏၊ ကြည့်ရသူများက ပတ္တမြားဟုထင်ရ၏၊ ဤအရာ၌ ပတ္တမြားဟုထင်မှတ်အပ်သော အနက်သည် အသစ္စိကဋ္ဌ (မမှန်သော အခြင်းအရာအားဖြင့်ယူအပ်သော အနက်)မည်၏။

နွေအခါ သဲသောင်ပြင်မှာ နေရောင်ဟပ်၍ တံလျှပ်ဟု ပေါ်လာရ၏၊ နွေအခါ ရေရှာသော သမင်များက ရေဟုထင်ရ၏၊ ဤအရာ၌လည်း ရေဟုထင်မှတ်အပ်သော အနက်သည် အသစ္စိကဋ္ဌ(မမှန်သောအနက်)ပင်တည်း။

ထို့အတူပင် တကယ်ထင်ရှားမရှိပါပဲလျက် အဟုတ်တကယ်ရှိသည့် အနေအားဖြင့် ယူအပ် သိအပ် ထင်မှတ်အပ်သော နာမည်ပညတ် မိန်းမ ယောကျ်ား လက်ခြေစသော အနက်ပညတ်များသည် အသစ္စိကဋ္ဌ(မမှန်သောအနက်တို့သာ)တည်း။

ရုပ်နာမ်တရားတို့သည်ကား ထိုပညတ်တို့ကဲ့သို့ မရှိပါပဲလျက် ရှိသည်ဟု ယူအပ်သောတရားတို့မဟုတ်၊ အမှန်တကယ်ရှိ၍ ရှိနေ ဖြစ်နေသည့် အတိုင်း ယူအပ် သိအပ်သောအနက်တို့တည်း၊ ထို့ကြောင့် ထိုရုပ်နာမ်တို့သည် သစ္စိကဋ္ဌ (မှန်ကန်သော အနက်သဘောများ)ဆိုရသည်။

အတ္တနော ပန ဘူတတာယစေ သစ္စိကဋ္ဌော၊ စင်စစ်သော်ကား မိမိ၏ဟုတ်မှန်သည်၏ အဖြစ်ကြောင့်သာလျှင် မှန်ကန်သော အနက်သဘော မည်၏၊ (ဋ္ဌင်းအဋ္ဌကထာ)

## မြတ်သောအနက်

တဆင့်ကြား သူများအပြောစသည်ဖြင့် မယူအပ်သောအနက်သည် ပရမတ္ထ (မြတ်သောအနက်)ဖြစ်၏။

သူများအပြောစသည်ဖြင့် မယူအပ်သောအနက်ဆိုသည်မှာ မိမိကိုယ်တွေ့သိ ကိုယ်တိုင်တွေ့၍ မျက်မှောက်သိအပ်သော အနက်တည်း၊ ထိုကိုယ်တွေ့သိတရား သည်ကား အမှန်တရားချည်းသာဖြစ်၏၊ ထို့ကြောင့် ပရမတ္ထ(မြတ်သောအနက် သဘော)ဖြစ်ရသည်။

အတ္တ ပစ္စက္ခတာယ စ ပရမတ္ထော၊ မိမိ၏မျက်မှောက် ကိုယ်တွေ့ဖြစ်သည်၏ အဖြစ်ကြောင့် ပရမတ္ထမည်၏။ အမှားကို အမြတ်မဆို၊ အမှန်ကိုသာ အမြတ် ဆို၏။

ထို့ကြောင့် မြတ်သောအနက်ဆိုသည်မှာ အမှန်တရားပင်ဖြစ်တော့၏။

ဤအဋ္ဌကထာကို အမှီပြု၍ပင် —

ပရမော ဥတ္တမော အဝိပရီတော အတ္ထော ပရမတ္ထော—
ဟု ဝိဘာဝိနီဋီကာဆရာအရှင် ဝဏ္ဏနာပြုခဲ့၏။

ပရမော ဥတ္တမော၊ မြတ်သော။ အဝိပရီတော၊ မဖောက်မပြန် မှန်ကန်သော။ အတ္ထော၊ အနက်သဘောတည်း။ ပရမတ္ထော၊ မြတ်သော မှန်ကန်သော အနက် သဘော။

## ကိုယ်တွေ့သိမှုအမှန်

ကိုယ်တွေ့မဟုတ်ပဲ တဆင့်ကြား သူပြောပါပြောအရ စာပေ ကျမ်းဂန်အဆို အရ နည်းမှီလျက် ကြံစည်တွေးဆချက် စသည်တို့အရ ဖြစ်လာသောအသိမျိုးမှာ မှားသည်လည်းရှိ၏၊ မှန်သည်လည်းရှိ၏၊ ကိုယ်တွေ့အသိမှာမူ အမှား အမှန်သိ ချည်းသာဖြစ်၏။

အနုဿဝါဒိဝသေန ဂယှမာနော တထာပိ ဟောတိ အညထာပိတိ တာဒိသော ဒွေ ယေျာ န ပရမတ္ထော၊ အတ္တပစ္စက္ခော ပန ပရမတ္ထော- တိ ဒဿေန္တော အာဟ "အနုဿဝါဒိဝသေန အဂ္ဂဟေတဗ္ဗတ္တော ဥတ္တမ- တ္တော"တိ။ (မူလဋီ ၃။၅၀)

တဆင့်ကြား စသည်တို့၏ အစွမ်းဖြင့် ယူအပ်သိအပ်သော အနက်သည် ထိုသိမှတ်သည့်အတိုင်းလည်း ဖြစ်တတ်၏၊ သိမှတ်အပ်သည်မှတပါး တခြား အခြင်းအရာအားဖြင့်လည်းဖြစ်တတ်၏၊ထိုသို့ အမှန်အမှား နှစ်မျိုးဖြစ်တတ်သော ကြောင့် ထိုသို့သောသိအပ်သောအနက်သဘောသည် ပရမတ္ထမမည်၊ အမှန်အား ဖြင့်သော်ကား မိမိ၏မျက်မှောက်ဖြစ်သော သဘောသည်သာ ပရမတ္ထမည်၏။

ဤသို့ပြလိုသည်ဖြစ်၍—

အနုဿဝါဒိဝသေန အဂ္ဂဟေတဗ္ဗတ္တော ဥတ္တမတ္တော—

ဟူ၍ အဋ္ဌကထာဆရာ မိန့်ဆိုတော်မူ၏။

ဆိုခဲ့ပြီးအဋ္ဌကထာဋီကာတို့ဖြင့် ကိုယ်တိုင်မတွေ့ရပဲ သူပြောငါပြော တဆင့် ကြား စသည်ဖြင့် ပရမတ်အစစ်ကို မသိနိုင်ကြောင်းပြ၏။

## သူညွှန်ကြားမှုဖြင့် အမှန်မသိ

အဝိပရီတဘာဝတော ဧဝ ပရမော ပဓာနော အတ္ထောတိ ပရမတ္ထော၊ ဉာဏဿ ပစ္စက္ခဘူတော ဓမ္မာနံ အနိဒ္ဒိသိတဗ္ဗသဘာဝေါ။ (အနု ၃။၆၀)

မဖောက်အပြန် မှန်ကန်သည်အဖြစ်ကြောင့်သာလျှင် မြင့်မြတ်ပြဋ္ဌာန်းသော အနက်သဘောတည်း၊ ထို့ကြောင့် ပရမတ္ထမည်၏၊ ဉာဏ်၏မျက်မှောက်ဖြစ်၍ ဖြစ်သော ရုပ်နာမ်တရားတို့၏ ဤသို့ဤပုံ ဟု မညွှန်ပြအပ် မညွှန်ပြနိုင်ကောင်း သော သဘောပင်တည်း။

ဤဋီကာဖြင့် ကိုယ့်ဉာဏ်ဖြင့် မျက်မြင်ကိုယ်တွေ့သိရမှ ပရမတ်၊ သူတပါး ညွှန်ကြား ပြောဆိုချက်ဖြင့် ကိုယ်တွေ့မသိနိုင်ဟု ဆိုလို၏၊ ဥပမာ ထန်းလျက် ချိုပုံကို သူတကာအပြောအရဖြင့် အမှန်မသိနိုင်၊ ကိုယ်တိုင်စား ကြည့်ရမှ တခြား အချိုမှ ကွဲပြားခြားနားသော ထန်းလျက်ချိုပုံကို ကိုယ်တွေ့ အမှန်သိရသကဲ့သို့တည်း၊ ထို့ကြောင့် အစကပြောခဲ့သော သူနှစ်ဦးတွင် တရား ရှုနေသူသာ ကိုယ်တွေ့မြင်အမှန် ပရမတ်သိရ၍ သင်တန်းအရ စဉ်းစားချက် အရ သိရသောသင်တန်းသိ အတွေးသိ သိသော ကျောက်ပုံဝါဒီတို့၏ ပရမတ် ဆိုသော အရာတွေမှာ ပညတ်တွေချည်းသာ ဖြစ်နေကြောင်း ဝိနည်းဓိုရ် ဆရာတော်များက ယူဆတော်မူကြသည်။

## အမှတ် (၅) သောဓနာအတွက် မှတ်ချက်

ဤအမှတ် ၅ စောဒနာကို သောဓနာမှု ပြုခဲ့သော စုဒိတကသည် အရေး မကြီးလှသော ပုဂ္ဂိုလ်ရေး စွပ်စွဲချက်မျှကိုသာ ချေပသွားနဲ့၏၊ အရေးကြီး သော စောဒနာချက်တို့ကိုကား ဦးဝီရိယာဓိကဉာဏ ရေးသားချက်ဖြစ်၍ မိမိ တို့နှင့် မဆိုင်ဟု သောဓနာမှု မပြုပဲ ရှောင်လွှဲသွား၏၊ သို့သော် စောဒကတို့ ကိုးကားသော ကမ္မဋ္ဌာန်းဝိပဿနာ မှတ်ပုံတင်သင်တန်း ကဗျာ့မေဒနီကျမ်းငယ် များ၏ မျက်နှာဖုံး၌ ဦးစံရင်း ရေးကြောင်း ပြထားရာ မိမိနှင့် မဆိုင် ဦးစံရင်း နှင့်မဆိုင်ဆိုသော စုဒိတက အဆိုကို လက်ခံနိုင်ဖွယ်မရှိပါ။

မည်သို့ပင်ဖြစ်စေ အရေးကြီးသော အချက်များကို ချေပခြင်းမပြုပဲ ရှောင် လွှဲသွားခဲ့ပြီဖြစ်ရာ မိမိတို့၌ သုံးသပ် စိစစ်ဖို့ရာ တာဝန်မရှိတော့ဟု ယူဆတော်မူ ကြသည်။

## အမှတ် (၆) စောဒနာ, သောဓနာတို့ကို ဆက်စပ်၍ သုံးသပ်ခြင်း

ကျောက်ပုံဝါဒီ ဦးစံရင်းသည် ၎င်းကိုယ်တိုင် ရေးသားသော နေယျ သင်တန်း စာမျက်နှာ ၁၁၈-၌

> ဝိပဿနာနေပက္ကမ-ဖြစ်အောင် ရှုဆင်ခြင်ပွားများနိုင်လျှင် မဂ္ဂဖလ-သမ္မာဒိဋ္ဌိစသော လောကုတ္တရာမဂ္ဂင်တို့ကို မဂ်တက်စဉ်အတိုင်း သိမြင် သွား၏၊ ဤနေရာ၌ မဂ်ဆိုသည်မှာ စေတနာကိုခေါ်၏၊ စေတနာဆို သည်မှာ အားထုတ်ခြင်းကိုခေါ်၏၊စေတနာ မဂ္ဂေါ နာမ-ဟူသော အဋ္ဌ-သာလိနီကျမ်း ရူပါဝစရကုသလအဖွင့်ကိုထောက်လေ၊ ထို့ကြောင့် မဂ်ဟူသည် အားထုတ်ခြင်းကိုခေါ်၏၊ မဂ္ဂင်ဟူသည် အားထုတ်ခြင်း၏ ကျပ်ပြည့်ရန် အစိတ်အပိုင်းကို ခေါ်၏၊ ပါဠိလိုမဂ္ဂင်ခေါ်၏၊ ဗမာလို အားထုတ်ခြင်းနှင့်တကွ ကျန်အစိတ်အပိုင်းများကို ခေါ်၏၊ ဤနေရာ၌ အားထုတ်မှု တကြိမ်ပြည့်စုံသည်နှင့် တပြိုင်နက် အချက်ကြီးရှစ်ချက် ပါဝင်သွားတော့၏၊ ၎င်းကို ပါဠိဘာသာလို မဂ္ဂင်ဟုခေါ်၏၊ ထို့ ကြောင့် (စေတနာပိ စေတနာသမ္ပယုတ္တဓမ္မာပိ မဂ္ဂေါ နာမ) ဟု အဋ္ဌ-သာလိနီကျမ်း၌ မိန့်ဆိုခဲ့လေသည်။

ဤသို့ ရေးသားထား၏။

ထိုရေးသားချက်ဖြင့် ဦးစံရင်းသည် အရိယာမဂ်လေးပါးကို စေတနာဟု ကောက်ယူဖော်ပြထား၏၊ မိမိစကားခိုင်မြဲရန် စေတနာ မဂ္ဂေါ နာမ-ဟူသော အဋ္ဌသာလိနီအဋ္ဌကထာကို ကိုးကားဖော်ပြ၏၊ တဖန် မဂ္ဂင်ရှစ်ပါးကို စေတနာ

သမ္မယုတ်ဟု ဆိုပြန်၏၊ မိမိစကားခိုင်မြဲရန် စေတနာပိ စေတနာသမ္မယုတ္တမ္မော့ပိ မဂ္ဂေါ နာမ-ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာကို ကိုးကားပြန်၏။

ထိုဦးစံရင်း၏ ကောက်ယူဖော်ပြချက်များတွင် အရိယာမဂ်လေးပါးကို စေတနာဟု ပထမဦးဆုံး ကောက်ယူဖော်ပြချက်သည် မမှန်ကန်ပါဟူ၍ စောဒကပုဂ္ဂိုလ်တို့က ပါဠိကိုးကား၍ စောဒနာ၏၊ ထိုစောဒနာသည် မှန်ကန်သော စောဒနာဖြစ်၏ဟု သုံးသပ်တော်မူကြသည်၊ အဘယ့်ကြောင့်ဆိုသော် မဂ်ဟူသည် မဂ္ဂသစ္စာပင်ဖြစ်ရာ ထိုမဂ္ဂသစ္စာကို ပြရာ ဓမ္မစက္ကပဝတ္တနသုတ်၌—

> ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စံ၊ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။သေယျထိဒံ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော သမ္မာသတိ သမ္မာသမာဓိ။ (သံ၊၃။၃၆၈)

ဟု ဟောတော်မူသောကြောင့် ဖြစ်သည်။

မြန်မာပြန်

ချစ်သား ရဟန်းတို့ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယသစ္စာဟူသည် ဤသည်ပင်တည်း၊ မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်သည် ဤသည်သာလျှင်တည်း၊ဤမြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသည် အဘယ်နည်း၊ သမ္မာဒိဋ္ဌိလည်းကောင်း သမ္မာသင်္ကပ္ပလည်းကောင်း သမ္မာဝါစာလည်းကောင်း သမ္မာကမ္မန္တလည်းကောင်း သမ္မာအာဇီဝလည်းကောင်း သမ္မာဝါယာမလည်းကောင်း သမ္မာသတိလည်းကောင်း သမ္မာသမာဓိလည်းကောင်းတည်း။ ဤဓမ္မစက္ကပဝတ္တနသုတ်၌ သမ္မာဒိဋ္ဌိစသော ရှစ်ပါးအပေါင်းကို မဂ်ဟုဟောတော်မူ၍ ထိုသမ္မာဒိဋ္ဌိစသော အစိတ်အစိတ်ရှစ်ပါးကို မဂ္ဂင်ဟု ဟောတော်မူသည်၊ ဦးစံရင်းရေးသားသလို စေတနာကိုမဂ်ဟူ၍(ဝါ) မဂ်လေးပါးကို စေတနာဟူ၍ ဟောတော်မမူပေ၊ ထို့ကြောင့် စောဒကပုဂ္ဂိုလ်တို့က စေတနာနံ အမဂ္ဂင်္ဂတ္တာ-စသည်ဖြင့် သာကေပြ၍ မဂ်လေးပါးကို စေတနာ မခေါ် ထိုက်ကြောင်းဖော်ပြသော စောဒနာသည် မှန်ကန်သောစောဒနာဖြစ်၏ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်သည်။

တဖန် ဦးစံရင်းသည် မိမိစကား ခိုင်မြဲရန်အတွက် စေတနာ မဂ္ဂေါ နာမ-ဟူသော အဋ္ဌသာလိနီကို ကိုးကားပြန်၏။

ထိုဦးစံရင်းကိုးကားသော ပါဠိနှင့်စပ်လျဉ်း၍ စောဒကဆရာတော်တို့က ကျောက်ပုံဝါဒီတို့သည် ဗုဒ္ဓဘာသာဝင်တို့ကို လှည့်စားရန် မိမိတို့တရားကိုဘုရားဟော တရားမဟုတ်ပါပဲလျက် ဘုရားဟောတရားဟု အထင်ရောက်စေရန် ပါဠိ

တပိုင်းတစကိုယူ၍ ထင်သလို အသုံးချခဲ့ကြပါသည်ဟူ၍ စောဒနာကြ၏၊ ထို စောဒနာအတိုင်း မှန်မမှန်စိစစ်ရန်လို၏၊ ထိုဦးစံရင်းကိုးကားသော စေတနာ မဂ္ဂေါ နာမ-ဟူသော စကားရပ်ကို ဤမျှသာမဟုတ်ပဲ စုံစုံလင်လင်အဋ္ဌသာလိနီ ကျမ်းလာအတိုင်း ထုတ်ပြပါက အရိယာမဂ်လေးပါးကို စေတနာဟု မကောက် သင့်တော့ပဲ ငရဲသို့ရောက်ကြောင်း စေတနာကို ကောက်ယူရမည်ဟု ဘွင်းဘွင်း ကြီး ပေါ်လာပါလိမ့်မည်။

ယင်းသို့ဘွင်းဘွင်းကြီးပေါ်လာလျှင် ဦးစံရင်းသည် ကိုယ်လိုရာဆွဲ၍ပြောရန် ခဲယဉ်းနေပေလိမ့်မည်၊ ထို့ကြောင့် အဋ္ဌကထာကို စုံစုံလင်လင်ဖော်ထုတ်၍ မပြ ခြင်းဖြစ်သည်ဟု ယူဆသည်၊ ထို့ကြောင့် စောဒကပုဂ္ဂိုလ်တို့ စောဒနာသည် မှန်ကန်၍ ဦးစံရင်း၏ ရေးသားချက်သည် မမှန်ကန်ပေ။

ထို"စေတနာ မဂ္ဂေါ နာမ"ဟူသော စကားရပ်ကိုပင် ဦးစံရင်း၏တပည့်စုဒိတ- က-က ထပ်မံ၍ ရှင်းလင်းချေပပြန်ပါသည်၊ ချေပပုံမှာ ဝိပဿနာနေပက္ကမဖြစ် အောင် အားထုတ်နိုင်ပါလျှင် မဂ္ဂဖလသမ္မာဒိဋ္ဌိ-ဉာဏ်ခေါ် လောကုတ္တရာမဂ္ဂင် အထိ ရနိုင်ကြောင်းကို ရည်သန်၍ သူ၏ကျောက်ပုံဆရာကြီးက ရေးသားခြင်း ဖြစ်သည်ဟု ချေပ၏၊ ထိုချေပချက်သည်လည်း မဂ်သံဖိုလ်သံတွေပေးကာ မသိ နားမလည်သူတို့ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ချေပထားခြင်းသာဖြစ်ပေ သည်၊

မှန်ပါသည်၊ မဂ္ဂဖလသမ္မာဒိဋ္ဌိစသော လောကုတ္တရာမဂ္ဂင်နှင့် စေတနာမဂ္ဂေါ နာမ-ဟူသော အဋ္ဌသာလိနီကျမ်းလာ ငရဲရောက်ကြောင်း မဂ်ပြစကားရပ်သည် မည်သို့မျှ စပ်ဟပ်၍မရ သက်ဆိုင်ခြင်းမရှိပေ၊ ထို့ကြောင့် ထိုချေပချက်သည် လည်း အချည်းနှီး ချေပချက်သာတည်း။

နောက်ထပ် အချည်းနှီး ချေပချက်တခုကို ဆိုပြန်သည်မှာ—

မဂ္ဂဖလသမ္မာဒိဋ္ဌိ ဉာဏ်အတွက် ဝိပဿနာတရားများကို အားထုတ် နှလုံးသွင်း ပွားများဆဲစေတနာကို စေတနာပိ စေတနာသမ္ပယုတ္တဓမ္မာပိ မဂ္ဂေါ နာမ-ဟု ဆိုထားချက်အရ စေတနာကို မဂ်ခေါ်ခြင်းဖြစ်သည်- ဟူ၍ ဖြစ်၏။

ထိုချေပချက်ကို ရှင်းလင်းရသော် ဦးစံရင်းပြောသော မဂ်သည် လော ကုတ္တရာဖြစ်၏၊ဝိပဿနာတရားကို နှလုံးသွင်းပွားများဆဲစေတနာသည် လောကီ ဖြစ်၏၊ လောကီ စေတနာသည် လောကုတ္တရာမဂ် မဖြစ်နိုင်ပါ၊ ထို့ကြောင့် ဤချေပချက်သည်လည်း အချည်းနှီးသာတည်း၊

## ပါဠိမပြည့်စုံ တပိုင်းတစဖော်ပြခြင်းနှင့် စပ်လျဉ်း၍ ချေပခြင်းကို သုံးသပ်ခြင်း

ပါဠိမပြည့်မစုံ တပိုင်းတစသာ ဖော်ပြခြင်းနှင့် ပတ်သက်၍ ကျောက်ပုံဆရာကြီး၏ တပည့် စုဒိတကသည် ရည်လျှားစွာရေးသား၍ ချေပထားသော်လည်း ထိုရေးသားချက်များကို အတိုချုံးလိုက်သော် အောက်ပါအတိုင်း ဆိုလိုရင်းငါးမျိုးထွက်ပေါ်လာ၏–

၁။ တပည့်တော်များ၏ ကျောက်ပုံဆရာကြီးသည် ပါဠိကျမ်းတို့ကို အမြောက်အမြား ကိုးကားဖော်ပြခြင်း မပြုပါ။

၂။ မဂ်လေးပါးကို စေတနာခေါ်သည်ဟု ရေးသားချက်သည် ပဋိပတ်သာသနာကို မပျက်စီးစေနိုင်။

၃။ စာပေကျမ်းဂန်တတ်မှ နိဗ္ဗာန်ရောက်နိုင်သည် မဟုတ်။

၄။ ပါဠိဘာသာတွေကို သင်ယူမှုမပြုနိုင်ကြသော ဝေနေယျယောဂီ အပေါင်းတို့မှာ ပါဠိဘာသာတွေကို သင်ယူနေရသဖြင့် ငွေကုန်လူပန်း ဖြစ်ရပါသည်။

၅။ ခေတ်ပေါ်ငါ့လ မထေရ်ကြီး သာမဏေလေးထံ ပဋိပတ်လမ်းစဉ်ကို နည်းနာခံ၍ နိဗ္ဗာန်ကို ရရှိသည်။

ဤသို့ ဆိုလိုရင်းငါးမျိုး ပေါ်ထွက်လာ၏။

### ဆိုလိုရင်း ငါးမျိုးတို့တွင် အမှတ် (၁)ကို သုံးသပ်ခြင်း

စာပေရေးသား ဟောပြောသော ဦးစံရင်းကဲ့သို့သော ပုဂ္ဂိုလ်များသည် တရားဟော ပုဂ္ဂိုလ်များဖြစ်ကြသည်၊ တရားဟော ပုဂ္ဂိုလ်တို့မည်သည် နည်းနည်း ဟောသည်ဖြစ်စေ များများဟောသည် ဖြစ်စေ အကျိုးစီးပွားနှင့် စပ်သည်ကိုသာ ဟောကြားသင့်သည်၊ အကျိုးစီးပွားနှင့် မစပ်သည်ကို မဟောကြားသင့် တရားဟော ပုဂ္ဂိုလ်လေးမျိုးရှိ၏ဟု အင်္ဂုတ္တိုရ် ပါဠိတော်၌ ဟောတော်မူ၏။

### တရားဟော ပုဂ္ဂိုလ်လေးမျိုး

(က) ဣဓ ဘိက္ခဝေ ဧကစ္စော ဓမ္မကထိကော အပ္ပဉ္စ ဘာသတိ အသဟိတဉ္စ၊ ပရိသာ စဿ န ကုသလာ ဟောတိ သဟိတာသဟိတဿ။ ဧဝရူပေါ ဘိက္ခဝေ ဓမ္မကထိကော ဧဝရူပါယ ပရိသာယ ဓမ္မကထိကော-တွေဝ သင်္ခံ ဂစ္ဆတိ၊

(ခ) ဣဓ ပန ဘိက္ခဝေ ဧကစ္စော ဓမ္မကထိကော အပ္ပဉ္စ ဘာသတိ သဟိတဉ္စ၊ ပရိသာ စဿ ကုသလာ ဟောတိ သဟိတာသဟိတဿ ဧဝရူပေါ ဘိက္ခဝေ ဓမ္မကထိကော ဧဝရူပါယ ပရိသာယ ဓမ္မကထိကောတွေဝ သင်္ခံ ဂစ္ဆတိ။

(ဂ) ဣဓ ပန ဘိက္ခဝေ ဧကစ္စော ဓမ္မကထိကော ဗဟုဉ္စ ဘာသတိ အသဟိတဉ္စ၊ ပရိသာ စဿ န ကုသလာ ဟောတိ၊ သဟိတာသဟိတဿ။ ဧဝရူပေါ ဘိက္ခဝေ ဓမ္မကထိကော ဧဝရူပါယ ပရိသာယ ဓမ္မကထိကောတွေဝ သင်္ခံ ပစ္ဆတိ၊

(ဃ) ဣဓ ပန ဘိက္ခဝေ ဧကစ္စော ဓမ္မကထိကော ဗဟုဉ္စ စ ဘာသတိ သဟိတဉ္စ၊ ပရိသာ စဿ ကုသလာ ဟောတိ သဟိတာသဟိတဿ။ ဧဝရူပေါ ဘိက္ခဝေ ဓမ္မကထိကော ဧဝရူပါယ ပရိသာယ ဓမ္မကထိကောတွေဝ သင်္ခံ ဂစ္ဆတိ။ (အံ ၁။ ၄၅၅)

ဘာသာပြန်

(က) ရဟန်းတို့ ဤသာသနာတော်၌ အချို့သောတရားဟော ပုဂ္ဂိုလ်သည် အနည်းငယ်ကိုလည်း ဟော၏၊ အကျိုးစီးပွားနှင့် မစပ်သည်ကိုလည်းဟော၏၊ ထိုတရားဟော ပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့်စပ်သည်၊ မစပ်သည်၌ မလိမ္မာ၊ ရဟန်းဘို့ ဤသို့သဘောရှိသော တရားဟောပုဂ္ဂိုလ်သည် ဤသို့သဘောရှိသော အကျိုးနှင့် စပ်သည် မစပ်သည်၌ မလိမ္မာသော ပရိသတ်၏ တရားဟောပုဂ္ဂိုလ်ဟူ၍သာ ရေတွက်အပ်သည်၏အဖြစ်သို့ ရောက်၏။

(ခ) ရဟန်းတို့ ဤသာသနာကော်၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် အနည်းငယ်ကိုလည်းဟော၏၊အကျိုးစီးပွားနှင့် စပ်သည်ကိုလည်းဟော၏၊ ထိုတရားဟော ပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့် စပ်သည် မစပ်သည်၌ လိမ္မာ၏၊ ရဟန်းတို့ ဤသို့သဘောရှိသော တရားဟောပုဂ္ဂိုလ်တို့သည် ဤသို့သဘောရှိသော အကျိုးစီးပွားနှင့် စပ်သည် မစပ်သည်၌ လိမ္မာသော ပရိသတ်၏ တရားဟော ပုဂ္ဂိုလ်ဟူ၍သာလျှင် ရေတွက်အပ်သည်၏ အဖြစ်သို့ရောက်၏၊

(ဂ) ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟော ပုဂ္ဂိုလ်သည် များစွာကိုလည်းဟော၏၊ အကျိုးစီးပွားနှင့် မစပ်သည်ကိုလည်းဟော၏၊ ထိုတရားဟောပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့် စပ်သည် မစပ်သည်၌ မလိမ္မာ၊ ရဟန်းတို့ ဤသို့သဘောရှိသော တရားဟော ပုဂ္ဂိုလ်သည် ဤသို့သဘောရှိသော အကျိုးစီးပွားနှင့် စပ်သည်မစပ်သည်၌ မလိမ္မာသောပရိသတ်၏တရားဟောပုဂ္ဂိုလ်ဟူ၍သာလျှင် ရေတွက်အပ်သည်၏အဖြစ်သို့ရောက်၏။

(ဃ) ရဟန်းတို့ ဤသာသနာတော်၌ အချို့သော တရားဟောပုဂ္ဂိုလ်သည် များစွာကိုလည်း ဟော၏၊ အကျိုးစီးပွားနှင့် စပ်သည်ကိုလည်းဟော၏၊ ထို တရားဟောပုဂ္ဂိုလ်၏ ပရိသတ်သည်လည်း အကျိုးစီးပွားနှင့် စပ်သည် မစပ် သည်၌ လိမ္မာ၏၊ရဟန်းတို့ ဤသို့သဘောရှိသောတရားဟောပုဂ္ဂိုလ်သည် ဤသို့ သဘောရှိသော အကျိုးစီးပွားနှင့် စပ်သည်မစပ်သည်၌ လိမ္မာသောပရိသတ်၏ တရားဟောပုဂ္ဂိုလ်ဟူ၍သာလျှင် ရေတွက်အပ်သည်၏အဖြစ်သို့ ရောက်၏။

အထက်ပါ ဓမ္မကထိကလေးမျိုးတို့တွင် နည်းနည်းဖြင့် အကျိုးစီးပွားနှင့် စပ် သည်ကို ဟောသော တရားဟောပုဂ္ဂိုလ်နှင့် များများဖြင့် အကျိုးစီးပွားနှင့် စပ်သည်ကို ဟောသော တရားဟောပုဂ္ဂိုလ်နှစ်ဦးတို့သည် ကောင်းသော တရား ဟောပုဂ္ဂိုလ်တို့ဖြစ်ကြကုန်၏။

ကျန်တရားဟောပုဂ္ဂိုလ်တို့သည် မကောင်းသော တရားဟောပုဂ္ဂိုလ်တို့ ဖြစ် ကြကုန်၏။

ဦးစံရင်း၏တပည့် စုဒိတကပုဂ္ဂိုလ်က သူ၏ဆရာကြီး ဦးစံရင်းသည် ပါဠိ ကျမ်းဂန်တို့ကို အမြောက်အမြားဖော်ပြခြင်းမပြုဟု ဆို၏၊ ပါဠိကျမ်းဂန်တို့ကို အမြောက်အမြား ဖော်ပြခြင်း မပြုသော်လည်း နည်းနည်းဖြင့် အကျိုးစီးပွား နှင့်စပ်သည်ကိုဟောလျှင် (ခ)အမျိုးအစားတရားဟောပုဂ္ဂိုလ်တွင် ပါဝင်နိုင်၍ ကောင်းသော တရားဟောပုဂ္ဂိုလ်ဟု ချီးကျူးရမည်ဖြစ်သော်လည်း ယခုမူကား ဦးစံရင်းသည် ပါဠိကျမ်းဂန်တို့ကို အမြောက်အမြားဖော်ပြခြင်းမပြုပဲ နည်း နည်းဖြင့် အကျိုးစီးပွားနှင့် မစပ်သည်ကို ဟောသောကြောင့် (က)အမျိုး အစားတွင် ပါဝင်သော တရားဟောပုဂ္ဂိုလ်ဖြစ်ရကား ကောင်းသော တရား ဟောပုဂ္ဂိုလ်ဟု မချီးကျူးထိုက်ပေ။

## နံပါတ် ၂-ကို သုံးသပ်ခြင်း

မဂ်လေးပါးကို စေတနာခေါ်သည်ဟု ရေးသားချက်သည် ပဋိပတ္တိ သာသ- နာတော်ကို မပျက်စီးစေနိုင်ပါဟု ဦးစံရင်း၏တပည့် စုဒိတကပုဂ္ဂိုလ်က ဆို၏။

မဂ်လေးပါးကို စေတနာဟုခေါ်လျှင် စေတနာကိုလည်း မဂ်ဟုပင် အပြန် အလှန်အားဖြင့် ခေါ်ရမည်ဖြစ်၏၊ ထို့ကြောင့် မသိနားမလည်သူတို့သည် မိမိတို့ ပြုလုပ်နေသော ဒါနစေတနာ ဝိပဿနာစေတနာ စသည်တို့ကို လောကုတ္တရာမဂ်ဟု အထင်ရောက်ကာ တကယ်အစစ်အမှန် ဖြစ်သော လောကုတ္တရာမဂ်ကို ရရှိအောင် အားမထုတ်ပဲ ဤလောကီစေတနာလောက်၌ ရပ်တန့်ဆိုင်းငံ့နေခဲ့လျှင် ပဋိပတ္တိသာသနာတော်ကြီးသည် ဖောက်ပြန်မှားယွင်း ပျက်စီးခြင်းသို့ ရောက်နိုင်တော့သည်သာတည်း။

## အမှတ် ၃၊၄၊၅-တို့ကို သုံးသပ်ခြင်း

ဦးစံရင်း၏တပည့် စုဒိတက ပုဂ္ဂိုလ်က—

စာပေကျမ်းဂန်တတ်မှ နိဗ္ဗာန်ရောက်နိုင်သည် မဟုတ် ဟူ၍လည်း ကောင်း၊

ပါဠိဘာသာတွေကို သင်ယူနေဖို့ မလိုဟူ၍လည်းကောင်း၊

စာတတ်အကျော် ပေါဋ္ဌိလမထေရ်ကြီးသည် သာမဏေလေးထံ ပဋိပတ်လမ်းစဉ်ကို နည်းခံ၍ နိဗ္ဗာန်ကို ရရှိသည်ဟူ၍လည်းကောင်းဖော်ပြ၍ ချေပ၏။

ဗုဒ္ဓဘာသာဝင် သူတော်စင်မှန်သမျှတို့ ကျင့်ကြံကြိုးကုတ် အားထုတ်နေကြသော ဒါန သီလ ဘာဝနာနှင့် သမာဓိပညာကျင့်သိက္ခာတို့သည် ဗုဒ္ဓရှင်တော် ဟောဖော်ညွှန်ပြ ပိဋကသုံးသွယ် နိကာယ်ငါးရပ် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် မြားမြောင်လှစွာ မဟာသမုဒ္ဒရာ ပရိယတ် ဒေသနာတော်မှထုတ် ဖော်ရရှိအပ်သော အနုဋ္ဌရတနာ ကျင့်သိက္ခာများဖြစ်ကြလေသည်၊ ထိုအနုဋ္ဌ ရတနာ ကျင့်သိက္ခာတို့ကို နည်းလမ်းမှန်မှန်ရရှိစေရန် ရည်သန်တော်တကြီးလုံ့လဖြင့် နက်နဲလှစွာ ပိဋကမဟာသမုဒ္ဒရာကို တဘက်ကမ်းပေါက် ကူးခပ် ရောက်အောင် အားသွန်ဆောင်ရွက် သင်အံလေ့ကျက်ထိုက်သည်သာတည်း။

မှန်ပါသည်၊ ရှေးရှေးအထက် ပေါဋ္ဌိလ စသော မထေရ်အဆက်ဆက်တို့ အစဉ်မပျက် ဆောင်ရွက်အားထုတ်ခဲ့သောကြောင့်သာလျှင် ယနေ့ထိအောင် ပရိယတ္တိသာသနာတော်ကြီးသည် မကွယ်မပျက် တည်တံ့လျက်ရှိရလေသည်၊ ယင်းသို့ပင်ဖြစ်လင့်ကစား ယခုခေတ်ပေါ် အချို့သော ကမ္မဋ္ဌာန်းဆရာတို့က ပေါဋ္ဌိလခေါ် ကျမ်းတတ်အမော် မထေရ်ကျော်ကြီးကိုခနဲ့စကား ခဏခဏ ပြောကြားကြသောကြောင့် ကိုယ်တော်အရှင်မြတ်ကြီးမှာ မကြာမကြာဆိုသလို ဦးခေါင်းတော် ကျိန်းတော်မူရရှာလေသည်။

စာပေကျမ်းဂန်တို့ကို လူတိုင်း သင်ယူတတ်မြောက်ရမည်ဟူ၍ လည်းကောင်း စာပေကျမ်းဂန်တတ်မှ နိဗ္ဗာန်ရောက်နိုင်သည်ဟူ၍လည်းကောင်း မဆိုလိုသော် လည်း တတ်မြောက်အောင် သင်ယူထားနိုင်လျှင် စိန္တာမယဉာဏ် ဘာဝနာမယ-ဉာဏ်တို့အတွက် အလွန်အားတက်ဖွယ်ပင်ဖြစ်လေသည်၊ မှန်ပါသည်၊ ယခုချေပ နေသော စုဒိတကပုဂ္ဂိုလ်သည် စာပေကျမ်းဂန် ကျွနစွာ တတ်မြောက်အောင် မသင်ဘူးသည့်အတွက် မိမိ၏အမှား ဆရာပြောသည့်အတိုင်း တသဝေမတိမ်း လိုက်နာက မှန်မမှန် စာပေကျမ်းဂန်နှင့် မညှိတတ်ပဲ အလွဲလွဲ အမှားမှားဖြစ်ခဲ့ရ လေပြီ။

အင်္ဂုတ္တရအဋ္ဌကထာမိန့်ဆိုချက်ကို ဆက်လက်ဖော်ပြ၍ ရှင်းပြပါဦးမည်၊ အင်္ဂုတ္တရ အဋ္ဌကထာ၌–

> နွားထီးတရာ တထောင်၏အတွင်း၌ နွားအစဉ်အဆက်ကို မကွယ်ပျက်အောင် စောင့်ထိန်းနိုင်သော နွားမတကောင် မရှိက ထိုနွားမျိုးနွားနွယ်သည် မဆက်စပ်မိနိုင်သကဲ့သို့(ဝါ)ကွယ်ပျောက်သွားနိုင်သကဲ့သို့ ဤအတူသာလျှင် ဝိပဿနာအားထုတ်သော ရဟန်းတရာတထောင်ရှိသော်လည်း ပရိယတ်မရှိခဲ့သော် အရိယာမဂ်ကို ထိုးထွင်း၍ သိခြင်းမည်သည်မဖြစ်နိုင်–

ဟူသော အင်္ဂုတ္တရအဋ္ဌကထာ မိန့်ဆိုချက်ဖြင့်ပင် ပရိယတ္တိသည် မည်မျှအရေးကြီးကြောင်း သိသာထင်ရှားလေတော့သည်။ (အံ ဋ ၁။ ၇၂)

ထို့ကြောင့် အထက်ပါ၁၊ ၂၊ ၃၊ ၄၊ ၅-တို့ကို ထုတ်ဆိုချေပသော စုဒိတက စကားများသည် အနှစ်သာရမရှိ ပြောမိပြောရာ ပြောဆို ရေးသားထားသော ချေပချက် စကားများသာ ဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

## စောဒနာလွှာ အမှတ် (၇) ကို သုံးသပ်ခြင်း

စောဒနာလွှာ အမှတ် (၇) ကို ချေပလွှာတင်သွင်းမည့် ပုဂ္ဂိုလ်မရှိပေ၊ ၎င်းစောဒနာလွှာမှာ ကျောက်ပုံတောရဝါဒီ ဦးဝီရိယာဓိကဉာဏ ရေးသော နေယျလမ်းပြခေါ် လေးလွှာဖျက်ခန်းအနတ္တဝိပဿနာကျမ်း၌ ရေးသားချက်များကို စောဒနာခြင်းဖြစ်ရာ စောဒကတို့၏ စောဒနာနှင့် ဦးဝီရိယာဓိကဉာဏ၏ ရေးသားချက်တို့ကိုသာ နှိုင်းယှဉ်ဖော်ပြပြီး ဝေဖန်သုံးသပ်၍ပြပါအံ့။

### ဦးဝီရိယာဓိကဉာဏ၏ရေးသားပုံ

(က) ယခုခေတ် ဗုဒ္ဓဘာသာအမည်ခံတို့ပြုလုပ်သော ဒါနမှု သီလမှုသည် နောင်သံသရာ ချမ်းသာကိုမက်၍ လူနတ်စည်းစိမ်ကိုမက်၍ တောင့်တ၍သာ ပြုလုပ်သော ဒါန သီလ များဖြစ်၍ ကာမသုခလ္လိကအကျင့်နှင့်ယှဉ်၍ ပြုလုပ်ကြခြင်းဖြစ်သောကြောင့် သီလဗ္ဗတပရာမာသအကျင့်နယ်မှ မလွန်မြောက်နိုင်၍ နွားအကျင့် ခွေးအကျင့်နှင့် မခြားလှဆိုချေသည်။ (စာမျက်နှာ-၂၁၇)

(ခ) ပုထုဇဉ်တို့ ကျင့်သမျှ လှူသမျှ သီလဆောက်တည်သမျှ တရားအားထုတ်သမျှ လုပ်ငန်းတွေဟာ သီလဗ္ဗတပရာမာသအကျင့်မှ မလွတ်နိုင်ချေ၊ ဘာကြောင့်ဆိုသော် ရုပ်နာမ်တို့အပေါ်၌ ဓမ္မဋ္ဌိတိဉာဏ် ပညာသိမှုန် မဆိုက် မရောက်သောကြောင့် ဆိုလို၏၊ (စာမျက်နှာ-၂၄၄)

အထက်ပါဦးဝီရိယာဓိကညာဏ၏ ရေးသားချက်များကို စောဒကပုဂ္ဂိုလ်တို့က ထေရဝါဒပိဋကတ်တော်လာ သာဓကများကိုထုတ်ပြ၍ ဒါန သီလ ဘာဝနာနှင့် သီလဗ္ဗတပရာမာသ မတူနိုင်ကြောင်းကိုလည်းကောင်း ဒါန သီလ ဘာဝနာမှု များကို ပြုလုပ်အားထုတ်ရာ၌ သီလဗ္ဗတပရာမာသ မဖြစ်ရုံမက ကမ္မဿကတာ ဉာဏ်ဖြင့် ဒါန သီလ ဘာဝနာ အလုပ်ကို အားထုတ်လျှင် ဒိဋ္ဌိဝိသုဒ္ဓိပင်ဖြစ်နိုင် ကြောင်းကိုလည်းကောင်း ဖော်ပြ၍ စောဒနာကြ၏။

ထိုစောဒနာများသည် ဘုရားဟောဒေသနာနှင့်ညီညွတ်သော စောဒနာများ ဖြစ်ကြောင်းကို လည်းကောင်း ဦးဝီရိယာဓိကညာဏ ရေးသားချက်များသည် ဘုရားဟောဒေသနာတော်နှင့်ဆန့်ကျင်သော ရေးသားချက်များဖြစ်ကြောင်းကို လည်းကောင်း ရှင်းလင်းဖော်ပြ၍သုံးသပ်ပါအံ့။

## ဩဝါဒ ပါတိမောက် ဂါထာ

သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။

သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။ ( ဝိ ၃ ၁။ ၁၅၄ )

သဗ္ဗပါပဿ၊ အလုံးစုံသော မကောင်းမှု အကုသိုလ်ဟူသမျှကို။ အကရဏံ၊ မပြုလုပ်ရခြင်းလည်းကောင်း။ ကုသလဿ၊ ကုသိုလ်ဟူသမျှကို။ ဥပသမ္ပဒါ၊ ပြည့်စုံစေခြင်းလည်းကောင်း။ သစိတ္တပရိယောဒပနံ၊ မိမိစိတ်ကို ဖြူစင်စေခြင်း လည်းကောင်း။ ဧတံ၊ ဤ သုံးပါးသည်။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ သာသနံ၊ အဆုံးအမတော် ပါပေတည်း။

အဓိပ္ပာယ်ကား–

> အကုသိုလ်ဟူသမျှကို မပြုရဘူး၊ ကုသိုလ်ဟူသမျှကို ပြုရမယ်၊ (ပြည့်စုံစေရမယ်) မိမိစိတ်ကို ဖြူစင်စေရမယ် ဆိုတဲ့ ဒီသုံးပါးဟာ ဗုဒ္ဓ မြတ်စွာဘုရားတို့၏ အဆုံးအမ သာသနာတော်ပါတဲ့။

အထက်ပါ ဩဝါဒပါတိမောက် ဂါထာ အဆုံးအမ သာသနာတော်သည် ဂေါတမဗုဒ္ဓဘုရားတဆူတည်း၏ အဆုံးအမ သာသနာတော်မဟုတ်၊ ဗုဒ္ဓမြတ်စွာ ဘုရားရှင်တိုင်းတို့၏ အဆုံးအမ သာသနာတော်ဖြစ်သည်၊ ထိုဗုဒ္ဓ မြတ်စွာ ဘုရားရှင်တိုင်းတို့၏ အဆုံးအမ သာသနာတော်၌ အကုသိုလ်ဟူသမျှကိုသာ မပြုရဟု ဟောတော်မူ၏။

ကုသိုလ်အတွက်မူကား လောကီစည်းစိမ်ကို တောင့်တ၍ ပြုသော ကုသိုလ် ကိုဖြစ်စေ၊ လောကုတ္တရာ ချမ်းသာကို တောင့်တ၍ ပြုသောကုသိုလ်ကိုဖြစ်စေ ပြုသင့်ပြုထိုက်ကြောင်းကို ကုသလဿဥပသမ္ပဒါ ကုသိုလ်ဟူသမျှကိုပြည့်စုံစေရ

မည် ပြုရမည်ဟူသော သာမညအဆုံးအမတော်က ဖော်ပြလျက်ရှိသည်၊ သာမည-ဝစနံ သဗ္ဗသာဓာရဏံ ဟူသည်နှင့်အညီ ကုသလဿ=ဟူသော သာမညစကားသည် အလုံးစုံသော ဉာဏသမ္ပယုတ် ဉာဏဝိပ္ပယုတ်ကုသိုလ်နှစ်မျိုးလုံးနှင့် ဆက်ဆံလျက်ရှိ၏၊ ကုသိုလ်မှန်လျှင် အောက်ထစ်ဆုံး လောကီစည်းစိမ်ကို တောင့်တ၍ ပြုသောကုသိုလ်ပင်ဖြစ်စေ အနဝဇ္ဇသုခဝိပါကလက္ခဏာရှိသည်သာဖြစ်၏၊ (ဝါ) အပြစ်မရှိကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာရှိသည်သာဖြစ်၏၊ ကုသိုလ်ပြုဆဲသောခဏ၌ လောဘ ဒေါသ မောဟဆိုတဲ့ တရားဆိုးတွေ ကင်းပနေမည်သာဖြစ်၏၊ အကျိုးပေးသည့်အခါတွင်လည်း မိမိအလိုရှိအပ်သော ကောင်းသောအကျိုးကိုပေးမည်သာဖြစ်၏။

ပေးလှူရန်မသင့်သော မိန်းမအလှူ, နွားအလှူ, သေရည်သေရက်အလှူ, လက်နက်အလှူ, ပွဲသဘင်အလှူဆိုတဲ့ အလှူမျိုးတွေကို ချန်လှပ်၍ ထိုမှတပါး အပြစ်မရှိတဲ့ပစ္စည်း အလှူဟူသမျှကိုတော့ လောကီချမ်းသာအတွက် ဖြစ်စေ လောကုတ္တရာ ချမ်းသာအတွက်ဖြစ်စေ ရည်မှန်း၍ လှူဒါန်းနိုင်သည်သာဖြစ်၏၊ မြတ်စွာဘုရားကိုယ်တော်တိုင် ဒါနအကျိုးကြီးပုံတွေကို ချီးကျူးဟောကြားထားရာတို့၌လည်း ဒါန၏ လူ့ချမ်းသာနတ်ချမ်းသာ လောကီချမ်းသာအကျိုးတွေကို ရည်ညွှန်းပြီး ဟောကြားထားတော်မူခြင်းဖြစ်သည်။

ဓမ္မဒါယာဒသုတ် စသည်တို့၌ ဒါန သီလ စသော ကုသိုလ်ဖြင့် မဂ် ဖိုလ် နိဗ္ဗာန် တည်းဟူသော တရားအမွေခံယူဖို့ ဟောကြားထားတာရှိသော်လည်း လောကီချမ်းသာကို တောင့်တပြီးမပြုရဟူ၍ကား ပယ်မြစ်တော်မမူပေ။

ကာမသုဂတိလောကာနုယောဂအကျင့်နှင့်ယှဉ်သော (ဝါ) ကာမဂုဏ်ချမ်းသာကို ခံစားလိုမှုနှင့်ယှဉ်သော ဒါနမှု သီလမှု ဘာဝနာမှု တို့ကိုပြုလျှင် သီလဗ္ဗတ-ပရာမာသအကျင့်နယ်တွင်းမှ မလွတ်မြောက်နိုင်ဟုရေးသားသော ဦးဝီရိယာဓိက ဉာဏ၏ရည်ရွယ်ချက်မှာ လောကီချမ်းသာကိုတောင့်တ၍ ဒါန သီလ ဘာဝနာ အမှုကိုပြုလုပ်လျှင် လူဖြစ်ရမည်၊ နတ်ဖြစ်ရမည်၊ အိုရမည်၊ နာရမည်၊ သေရမည် ဟူသော ရည်ရွယ်ချက်ပင်ဖြစ်၍ လူ့ဘဝ နတ်ဘဝ၌ ဖြစ်ရပြီး အိုရခြင်း နာရခြင်း သေရခြင်းသည် ကုသိုလ်သက်သက်ကြောင့်မဟုတ်ပေ၊ အရိယာမဂ်ကို မရသေး၍ ကိလေသာမကင်းသေးသောကြောင့် ဘဝသစ်၌ ဖြစ်ရခြင်းအရင်းခံကြောင့်ဖြစ်၏၊ ကိလေသာမကင်းသေးသော ပုထုဇဉ်ပုဂ္ဂိုလ်မှာ လောကီချမ်းသာကို ဖြစ်စေ လောကုတ္တရာချမ်းသာကိုဖြစ်စေ တောင့်တ၍ပြုအပ်သော ဒါန သီလ ဘာဝနာ ကုသိုလ်လောက်မျှမရှိလျှင် ငရဲ တိရိစ္ဆာန် ပြိတ္တာ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံမှာချည်း ဖြစ်ရဖို့ရှိတော့သည်၊ သုဂတိဘဝသို့ရောက်ရှိပြီး တရားအားထုတ်ခွင့်မည်သည့်အခါမျှ ရတော့မည်မဟုတ်ပေ။

**ထို့ကြောင့်....**

> လောကီစည်းစိမ်ချမ်းသာကို တောင့်တ၍ ဒါန သီလ စသည်ကို ပြုသည်ဖြစ်စေဦးတော့၊ ထိုဒါန သီလသည် ဦးဝီရိယာမိကညာဏတို့ပြော သလို သီလဗ္ဗတပရာမာသကား မဖြစ်နိုင်ပေ၊ ထိုလောကီချမ်းသာကို တောင့်တ၍ပြုအပ်သော ဒါန သီလ တို့သည် သီလဗ္ဗတပရာမာသဖြစ်ပါ ကလည်း ဘုရားရှင်တို့သည် ကုသလဿ ဥပသမ္ပဒါ-ဟူ၍ သာမညစကား ဖြင့် ဟောတော်မမူတန်ရာပေ၊ ကုသလဿ ဥပသမ္ပဒါ-ဟူ၍ သာမည စကားဖြင့် ဟောလည်းဟောတော်မူထားခဲ့၏။

ထို့ကြောင့် ဦးဝီရိယာမိကညာဏ၏ လောကီစည်းစိမ်ကို တောင့်တ၍ ပြုသော ဒါန သီလသည် နွားအကျင့် ခွေးအကျင့်နှင့်မခြားဟူသော အယူဝါဒသည် ဘုရားရှင်တို့၏ အယူဝါဒတော်နှင့် ဆန့်ကျင်သော အယူဝါဒသာဖြစ်သည် ဟု သုံးသပ်တော်မူကြသည်။

ထို့ပြင် ဦးဝီရိယာမိကညာဏက ပုထုဇဉ်တို့ကျင့်သမျှ လှူသမျှ သီလဆောက် တည်သမျှ တရားအားထုတ်သမျှ လုပ်ငန်းတွေဟာ ဓမ္မဋ္ဌိတိဉာဏ် ပညာသိမှန် မဆိုက်မရောက်သောကြောင့် သီလဗ္ဗတပရာမာသ အကျင့်မှမလွတ်နိုင်ချေဟု ရေးသားပြန်၏။

ဤနေရာ၌ ဓမ္မဋ္ဌိတိဉာဏ်၏ အဓိပ္ပာယ်ကို သိအပ်သိသင့်သိထိုက်သောကြောင့် ရေးသားပြဆိုအံ့။

> စုတိပဋိသန္ဓေ၏ အစွမ်းဖြင့် သိအပ်ပြီးသောအလုံးစုံသော တရားရှိ သော ယောဂီပုဂ္ဂိုလ်၏ အလုံးစုံသောအခြင်းအရာ အားဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းသောဉာဏ်သည် အားအစွမ်းသို့ရောက်၏၊ တဆယ့်ခြောက်ပါးအပြားရှိသော ယုံမှားခြင်းကို လွန်စွာပယ်အပ်၏၊ မြတ်စွာဘုရား၌ယုံမှားခြင်းစသော ရှစ်ပါးအပြားရှိသော ယုံမှားခြင်းကို လည်း ပယ်အပ်၏၊ ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာအယူတို့သည် ကင်း ကွာကုန်၏၊ ဤသို့အားဖြင့် အထူးထူးသော နည်းတို့ဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်းဖြင့် သုံးပါးသော ကာလတို့၌ ယုံမှား ခြင်းကိုလွန်မြောက်၍ တည်သော ဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ်ဟူ၍ ဆိုအပ်၏။
> (ဝိသုဒ္ဓိ၊ ၂။၂၃၉)

ပုထုဇဉ်တို့ပြုသော ဒါနမှု သီလမှု ဘာဝနာမှုတို့ကို ထိုဆိုအပ်ပြီး ဓမ္မဋ္ဌိတိ- ဉာဏ်မဆိုက်ကာမျှဖြင့် သီလဗ္ဗတပရာမာသအကျင့်နှင့်တူသည်ဟု မဆိုထိုက်ပေ၊ သီလဗ္ဗတပရာမာသသည် ဒိဋ္ဌိဖြစ်၍ ဒါနမှု သီလမှု ဘာဝနာမှုတို့သည် ကုသိုလ်

စေတနာများဖြစ်ချေသည်၊ ဓမ္မဋ္ဌိတိဉာဏ်ဆိုက်မှ ဒါနမှု သီလမှု ဘာဝနာမှုကို ပြုရမည်ဟူ၍လည်း မြတ်စွာဘုရားဟောကြားတော်မမူခဲ့ပေ၊ ဓမ္မဋ္ဌိတိဉာဏ်ပင် မဆိုက်သော်လည်း လောကီချမ်းသာကို တောင့်တ၍ အယုတ်ဆုံး ဉာဏဝိပ္ပယုတ် ဒါန သီလ ကုသိုလ်စသည်ကို ပြုလုပ်လျှင်ပင် သုဂတိဘဝသို့ ရောက်ရမည် ဧကန်တည်း၊ တဖန် ထိုသုဂတိဘဝ၌ ကံနှင့်ကံ၏အကျိုးကို ယုံကြည်သိမြင်ပြီး ဒါန သီလ စသည်ကို ပြုလုပ်ပြန်လျှင် ဉာဏ်နှင့်ယှဉ်သော ဉာဏသမ္ပယုတ် ကုသိုလ်ဖြစ်လိမ့်မည်၊ ထိုဉာဏသမ္ပယုတ် ကုသိုလ်ကြောင့် သုဂတိဘဝမှာ တိဟိတ်ပဋိသန္ဓေ တည်နေရပြီး ထိုဘဝ၌ပင် သမထ ဝိပဿနာတရားကို အားထုတ်၍ ဓမ္မဋ္ဌိတိဉာဏ်သို့သာမက အရိယာမဂ်သို့ပင် ရောက်နိုင်သည်'၊

ထို့ကြောင့် ပုထုဇဉ်တို့ကျင့်သမျှ လှူသမျှ သီလဆောက်တည်သမျှ တရားအားထုတ်သမျှ လုပ်ငန်းတွေဟာ ဓမ္မဋ္ဌိတိဉာဏ် မဆိုက် မရောက်သောကြောင့် သီလဗ္ဗတပရာမာသအကျင့်မှ မလွတ်နိုင်ချေ (ဝါ) နွားအကျင့် ခွေးအကျင့်မှ မလွတ်နိုင်ချေဟု ဦးဝီရိယာဓိကဉာဏ၏ ရေးသားချက်သည် ဘုရားဟောပါဠိတော်နှင့် ဆန့်ကျင်သော ရေးသားချက်သာ ဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

---

### အမှတ် (၈) စောဒနာသောဝနာတို့ကို သုံးသပ်ခြင်း

**စောဒက**ဆရာတော်များက "အသင်္ခတသည် နိဗ္ဗာန်မဟုတ် ဝိရာဂသာနိဗ္ဗာန်" ဟု "ယာဝတာ ဘိက္ခဝေ ဓမ္မာ" စသော ပါဠိကို ကိုးကားလျက် ရေးသားဟောပြောကြသော ကျောက်ပုံတောရဝါဒီတို့၏ အယူအဆကို ဖော်ထုတ်တင်ပြကာ သူတို့ယူဆသလိုမဟုတ် အသင်္ခတနှင့် ဝိရာဂမကွဲပြား နိဗ္ဗာန်ဟောသဒ္ဒါများချည်း ဖြစ်ကြောင်း ထိုပါဠိ၏ အဋ္ဌကထာ ဋီကာများ ထင်ရှားဖော်ပြကာ စောဒနာခဲ့ကြ၏။

ဤမျှမက များစွာသော ပါဠိအဋ္ဌကထာ ဋီကာ သာဓကတို့ဖြင့် အသင်္ခတ**အရ** နိဗ္ဗာန်သာဖြစ်ကြောင်းကို ခိုင်မာအောင်ပြုခဲ့ကြ၏၊ သဠာယတနသံယုတ် ၃၃၅-၌ အသင်္ခတ အသင်္ခတဂါမိမဂ္ဂအဖြစ် ဟောသော သုတ်ပေါင်းများစွာလာခဲ့ရာ နိဗ္ဗာန်ဟော ပရိယာယ်များကိုလည်း ထိုနည်းဟောခဲ့၍ ဝိရာဂ ဝိရာဂဂါမိမဂ္ဂလည်း အပါဖြစ်ခဲ့၏၊ ပါဠိအဋ္ဌကထာ ဋီကာတို့၌ အသင်္ခတသဒ္ဒါ များစွာလာခဲ့ရာ အားလုံး နိဗ္ဗာန်ဟောချည်းသာ ဖြစ်ခဲ့၏၊ သို့ပါလျက် တမျိုးဆန့်ကျင်ကာ ယူဆရေးသား ဟောပြောလျက်ရှိကြသော ကျောက်ပုံဝါဒီတို့မှာ

ပါဠိစသည်၌ သက်ဝင်နိုင်သော ဉာဏ်မရှိသောကြောင့်လော၊ သို့မဟုတ် စေဒကဆရာတော်များ ဆိုသလို သူဖြူလျှင် ငါမဲ သူမဲက ငါဖြူ အယူတမျိုးထွင်လိုသောကြောင့်လော၊ ဉာဏ်မရှိသောကြောင့် ဆိုလျှင်လည်း—

"မိရတ္တု ဝတ ရေ အညာဏံ" အချင်းတို့ မသိနားမလည်ခြင်းမှာ စက်ဆုပ်ဖွယ်သာပါတကားဟု ဝေရဥ္စပုဏ္ဏားကြီး မိမိကိုယ်ကို အပြစ်တင်ညည်းတွားသကဲ့သို့ ညည်းတွားဖွယ်ကြီးပင်။

အကြောင်းမှာ မိမိနှင့်တကွ မိမိမှီခိုသူများပါ အမှားကြီးမှားလျက် အကျိုးမဲ့ဖြစ်သောကြောင့်တည်း၊ အယူတမျိုး ထွင်လိုသောကြောင့် ဆိုလျှင်လည်း မသက်သာ၊ တထာဂတ အဗ္ဘာစိက္ခဏ၊ ဘုရားရှင်ကိုစွပ်စွဲပြစ်ဖြင့် နစ်နာလှပေတော့၏။

ဤအသခ်တကို ဘယ်သို့ဆိုမည်နည်း—

န ဇရာ မစ္စု ဝါ ယတ္ထ၊ အပ္ပိယေဟိ သမာဂမော။
ပိယေဟိ န ဝိယောဂေါတ္ထိ၊ တံ ဝဇိဿံ အသခ်တံ။
(ထေရီအပဒါန်ပါဠိ ဒုတိယဘာဂ၊ ၂ဝ၈)

အနက်

ယတ္ထ အသခ်တေ၊ အကြင်နိဗ္ဗာန်၌။ ဇရာဝါ၊ အိုမင်းယိုယွင်းခြင်းသည်လည်းကောင်း။ မစ္စုဝါ၊ သေရခြင်းသည်လည်းကောင်း။ န အတ္ထိ၊ မရှိပါပေ။ အပ္ပိယေဟိ၊ မချစ်မနှစ်သက်အပ်သော သတ္တဝါသခ်ါရတို့နှင့်။ သမာဂမော၊ ပေါင်းဆုံယှဉ်တွဲရခြင်းသည် လည်းကောင်း။ ပိယေဟိ၊ ချစ်နှစ်သက်အပ်သော သတ္တဝါသခ်ါရတို့နှင့်။ ဝိယောဂေါ၊ ခွဲခွာကွေကွင်းရခြင်းသည်လည်းကောင်း။ န အတ္ထိ၊ မရှိပါပေ။ တံ အသခ်တံ၊ ထိုနိဗ္ဗာန်သို့။(အဟံ) ငါသည်။ ဝဇိဿံ၊ သွားပါပေတော့အံ့။

မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်ဝင်စံခါနီး ပရိသတ်အများတို့အား မြွက်ကြားသော ဂါထာင်၊ ဤဂါထာ၌ "တံ ဝဇိဿံ အသခ်တံ"က အသခ်တံမှာ ကျောက်ပုံဝါဒီတို့အလို နိဗ္ဗာန်မဆိုလျှင် မိထွေးတော်ကြီး ဂေါတမီအနုပါဒါပရိနိဗ္ဗာန်ဝင်စံနိုင်တော့မည်မဟုတ်၊ ကျောက်ပုံအသခ်တဝါဒအရ ဤလောကသံမှာ ကျင်လည်နေရဆဲသာဟု ဆိုရတော့မည်သာ၊ ဘယ်သို့သင့်နိုင်ပါအံ့နည်း။

## ယုတ္တိဖြင့် သုံးသပ်ချက်

ပါဠိအဋ္ဌကထာဋီကာတွေက ပရဝါဒ တို့ဝါဒကသကဝါဒ-ဟုပြောလေ့ရှိသော ကျောက်ပုံဝါဒီတို့သည် ပါဠိ စသည်ကိုတော့ ကိုးပါ၏၊ အနက်အဓိပ္ပာယ်တော့ ဘုရားအလို ထိုထိုအဋ္ဌကထာ ဋီကာအလိုမကျ မှားယွင်းစွာ ယူဆလေ့ရှိရာ ပါဠိ အဋ္ဌကထာဋီကာတို့ကို ဖျက်နေသလိုပင် ရှိတော့၏၊ ယခုလည်း ယာဝတာဘိက္ခ-ဝေ-စသည် ပါဠိကို မလိုသောအနက်ယူကာ ဖျက်ဆီးခြင်းသာဖြစ်တော့သည်။

ဤအရာ၌ သဒ္ဒယုတ္တိ အတ္ထယုတ္တိတို့ဖြင့် စိစစ်တင်ပြပါဦးအံ့၊ ကျောက်ပုံဝါဒီ တို့က ယာဝတာ ဘိက္ခဝေ-စသော ပါဠိ၌ တေသံကို ထိုသင်္ခတတရား အသင်္ခတ တရားတို့ထက်ဟု ဝိဘတ္တအပါဒါန် အနက်ပေးကြ၏၊ သူတို့ယူသည့်အတိုင်း နိဗ္ဗာန်သည် အသင်္ခတမဟုတ်က ထိုအနက်သင့်ဖွယ်ရှိပါ၏၊ ထိုသို့ကားမဟုတ် များစွာသော ပါဠိအဋ္ဌကထာ ဋီကာတို့အရ အသင်္ခတနှင့် ဝိရာဂမှာ နိဗ္ဗာန် ချည်းပင်၊ သို့ဖြစ်လျှင် ထက်ပေးက နိဗ္ဗာန်ထက် နိဗ္ဗာန်မြတ်၏ဟူသော မလိုအပ် သောအနက်ရောက်ရာ၏၊ သို့ဖြစ်ရာ ဤ၌ နိဒ္ဓါရဏအနက်သာလိုအပ်ပါသည်။

နိဒ္ဓါရဏမည်သည် အပေါင်းမှ အစိတ်ကိုထုတ်ခြင်းပင်၊ ထိုထုတ်သောအစိတ် သည် အပေါင်းထဲ၌ ပါဝင်နေရမြဲဖြစ်ပါသည်၊ "ကဏှာ ဂါဝီနံ သမ္ပန္နခီရတမာ" ဆိုလျှင် ကဏှာ(နွားနက်မ) သည် ဂါဝီနံ နွားမအပေါင်းတွင် ပါဝင်နေရ၏၊ ထို နွားမအပေါင်းထဲက အစိတ်ကဏှာကို ခွဲထုတ်ခြင်းဖြစ်၏၊ ဤ၌လည်း နိဗ္ဗာန် သည် တေသံအရ သင်္ခတ အသင်္ခတအပေါင်း၌ ပါဝင်နေ၏၊ ထိုအပေါင်းမှ အသင်္ခတလည်းဆိုရ ဝိရာဂလည်းဆိုရသော နိဗ္ဗာန်ကို ဝိရာဂေါဟု အစိတ်အဖြစ် ထုတ်ဆိုခဲ့ရာ နိဒ္ဓါရဏအနက်မှာ လျော်လှပါသည်။

ဤမျှမက ဆိုခဲ့ပြီး ပါဠိပါဝင်လျက်ရှိသော အင်္ဂုတ္တရ သုတ္တန်လာ သင်္ခတ-ဓမ္မတို့တွင် အဋ္ဌင်္ဂိကအရိယမဂ် အမြတ်ဆုံးဟုလည်းကောင်း၊ အပဒ ဒွိပဒ စသော ပုဂ္ဂိုလ်တွင် မြတ်စွာဘုရား အမြတ်ဆုံးဟုလည်းကောင်း၊ သံဃဂဏမှန်သမျှတွင် ဘုရားတပည့်သံဃာ အမြတ်ဆုံးဟု လည်းကောင်း ဟောတော်မူအပ်သော ပါဠိတို့မှတေသံတို့မှာလည်း နိဒ္ဓါရဏချည်းပင် ဖြစ်ပါသည်။

ထို့ကြောင့် အသင်္ခတခေါ် ဝိရာဂနိဗ္ဗာန်ပါဝင်နေသော အပေါင်းသင်္ခတ အသင်္ခတထဲမှ အစိတ်ဝိရာဂကို ထုတ်ဆိုသော နိဒ္ဓါရဏအနက်သာလျော်ရာ အသင်္ခတမှာ ကျောက်ပုံဝါဒီတို့ယူဆသလို နိဗ္ဗာန်မှတပါး အခြားအသင်္ခတ မဟုတ်နိုင်ပါပေ။

## အတ္ထယုတ္တိတမျိုး

အသင်္ခတ-သင်္ခတမဟုတ်၊ မဟုတ်ဆိုသော်လည်း ဤအ-သည် ဝိရုဒ္ဓ ဆန့်ကျင်ဘက်အနက်ဟောတည်း၊ သင်္ခတတရားတို့နှင့် ပြောင်းပြန်ဆန့်ကျင်ဘက် အသင်္ခတနိဗ္ဗာန်တရားဟု ဆိုလို၏၊"အတ္ထိ ဘိက္ခဝေ အဇာတံ အဘူတံ အသင်္ခတံ" စသောပါဠိ(ခု ၁။၁၇၇,ခု ၁၀။၅၃)၌ အသင်္ခတကို ဖွင့်ရာ ဝိသုဒ္ဓိမဂ် မဟာဋီကာ ၂။၂၁၀-ဝယ်-

ဇာတ ဘူတ ကတဘာဝေါ စ နာမ ရူပါဒီနံ သင်္ခတဓမ္မာနံ ဟောတိ၊
န အသင်္ခတ ဘာဝဿ နိဗ္ဗာနဿာတိ ဒဿနတ္ထံ အသင်္ခတန္တိ ဝုတ္တံ။

### မြန်မာပြန်

ဖြစ်မှုထင်ရှားပေါ်လာမှုကံ စသည်တို့အပြုအပြင် ခံရမှုမည်သည်မှာ ရုပ် စသော သင်္ခတတရားတို့အားသာဖြစ်၏၊ အသင်္ခတသဘောရှိသော နိဗ္ဗာန်အား မဖြစ်ဟု ပြခြင်းငှာ အသင်္ခတဟုဆိုအပ်ကြောင်းမိန့်ကြားခဲ့၏။

ဤအဆိုအရ သင်္ခတနှင့်အသင်္ခတတရားတို့၏ ပြောင်းပြန်ဆန့်ကျင်မှုကို သိနိုင်ပါပေ၏၊ဤမျှမက-

သင်္ခတပဋိပက္ခတ္တာ အသင်္ခတံ နိဗ္ဗာနမိတိ ဘာသန္တိ။

သင်္ခတတရားတို့၏ ဆန့်ကျင်ဘက်၏အဖြစ်ကြောင့် အသင်္ခတတရားကို နိဗ္ဗာန်ဟု မိန့်ဆိုတော်မူကြကုန်၏။

ဟူသော အဘိဓမ္မတ္ထသင်္ဂဟ ပေါရာဏဋီကာအဆိုဖြင့်လည်း အသင်္ခတဟူသည် သင်္ခတ၏ဆန့်ကျင်ဘက်ဖြစ်ရာ ၎င်းမှာ နိဗ္ဗာန်သာဖြစ်ကြောင်းသိနိုင်ပါပေသည်။

ထို့ပြင် အံ ၁။၁၅၀-၌ သင်္ခတလက္ခဏာ အသင်္ခတလက္ခဏာဟု လာရှိရာ ဥပါဒ်ဌီဘင်ရှိသောတရားမှာ သင်္ခတတရားဖြစ်၍ မရှိသောတရားမှာ အသင်္ခတ တရားဖြစ်ကြောင်း ၎င်းတရားနှစ်ပါးတို့၏ အမှတ်အသားလက္ခဏာကို သိရ၏၊ တဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ-စသော ထိုသုတ်မှာ လူသိ များလျက် ထင်ရှားသောသုတ်ဖြစ်၍ ထုတ်ဖော်မရေးတော့ပါ။

ဆိုခဲ့ပြီး သုတ္တန်နှစ်ရပ်အရ သင်္ခတတရားတို့မှာ ဖြစ်မှု တည်မှု ပျက်မှုမကင်း သော တရားများသာ၊ ကျောက်ပုံဝါဒီတို့ယူဆသကဲ့သို့ အသင်္ခတအဖြစ် တရံ တဆစ်မျှ မရောက်နိုင်ပါ၊ အသင်္ခတဆိုလျှင် ဥပါဒ်ဌီဘင် မရှိနိုင်၊ ဤသဘောမှာ အသင်္ခတနှင့်သာဆိုင်သော သဘောဖြစ်၏၊ကျောက်ပုံဝါဒီတို့ကဲ့သို့ ဥပါဒ်ဌီဘင် ရှိသော အသင်္ခတ၊မရှိသော အသင်္ခတဟု နှစ်မျိုးမခွဲနိုင်ပါ၊ဤမျှဖြင့် ကျေနပ် ဖွယ်မရှိသေးလျှင် သူတို့အဆိုကိုပင် ပြန်လည်စိစစ်ကြပါဦးစို့။

## အသင်္ခတငါးမျိုးစိစစ်ချက်

ကျောက်ပုံဝါဒီတို့သည် အသင်္ခတသည် နိဗ္ဗာန်မဟုတ် ဆိုထားပါလျက် အသင်္ခတငါးမျိုးခွဲ၍ နိဗ္ဗာန်အသင်္ခတတမျိုးထည့်ထား၏၊ ဥပါဒ်ဌီဘင်အလျဉ်း ကင်းပြတ်ချုပ်ငြိမ်းမှုဟုလည်း ဆို၏၊ အသင်္ခတမှာ နိဗ္ဗာန်မဟုတ်ဟု ဆိုထားခဲ့ပါ လျက် နိဗ္ဗာန်အသင်္ခတဆိုလျှင် ရှေ့နောက် စကားမညီပါတကားဟု ဆိုဖွယ်ရှိ၏၊ သူတို့အယူအဆကား ဆန်းပြားပွေလီလှဘိ၏၊ အသင်္ခတသည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်သာ အသင်္ခတဖြစ်သတဲ့။

## ကမ္ဘာ့ဝိပဿနာ မဂ္ဂဇင်းအဆို

သမုဒယသစ္စံ အသင်္ခတန္တိ အာမန္တာ (အဘိ ၄။ ၂၄၂)ဟုဆိုချက် အရ သမုဒယသစ္စာကို အသင်္ခတ-ဟု ဆိုခြင်းကြောင့် အသင်္ခတသည် နိဗ္ဗာန်မဟုတ်ပါ၊ နိဗ္ဗာန်ကသာ အသင်္ခတ ဟုတ်ပါသည်ဆိုသော နေရာ၌ ဘယ်လိုကြောင့် ဟုတ်ပုံ ဖြေရလျှင် ရှေးဦးပထမကျမ်းအကိုးနှင့်တကွ ဖော်ပြရသော် ကထာဝတ္ထုကျမ်း၌ ဖော်ပြထားသည်မှာ–

နိရောဓသစ္စံ အသင်္ခတန္တိ အာမန္တာ (အဘိ-၄)ဟု ဆို၏၊ ပ-အဓိ ပ္ပာယ်မှာ ကိလေသာ ဆယ်ပါးတို့၏ ဖြစ်ပွားစရာ အလုပ် အဟုတ် ချုပ်ငြိမ်းနေမှု ခေါ်ရ( သဥပါဒိသေသ )နိဗ္ဗာန်နှင့် ကိလေသာ ၁၀-ပါး တို့ချုပ်ကွယ်၍ သွားသော အနုပါဒိသေသ နိဗ္ဗာန်ခေါ်ရ နိရောဓသစ္စာ နှစ်ပါးတို့မှာ ကိလေသာ (၁၀) ပါးတို့ဖြင့် ရေတွက်လို့ မရအပ် သောကြောင့် နိရောဓခေါ်သော နိဗ္ဗာန်သဘောမှာ အသင်္ခတဖြစ်နိုင် ၏၊ တနည်း နိဗ္ဗာန်အတွက် လောကီဘက်က သစ္စာနှစ်ပါးတို့ဖြင့် ရေ တွက်ဖို့ရာ လွတ်ကင်းကာသွားခြင်းကြောင့် နိဗ္ဗာန်သည် အသင်္ခတ ဖြစ် နိုင်ပါသည်၊ ဤကား ကမ္ဘာ့ဝိပဿနာ မဂ္ဂဇင်း ကောက်နုတ်ချက်ဖြစ်၏။

သဥပါဒိသေသ အနုပါဒိသေသ နိဗ္ဗာန်နှစ်ပါး သီးခြားသုံးသပ်ထား၏၊ ဤဆို ခဲ့ပြီး စကား၌ အသင်္ခတသည် နိဗ္ဗာန်မဟုတ်၊ နိဗ္ဗာန်သည် အသင်္ခတဟု ဆိုခဲ့ရာ သုဝဏ္ဏသည် ရွှေဟောသျက်သားနဲ့ သုဝဏ္ဏသည် ရွှေမဟုတ်၊ ရွှေသည် သာ သုဝဏ္ဏဟု ဆိုနေသောသူပမာ ဖြစ်နေပါတော့သည်။

## ကထာဝတ္ထုအလို

ကထာဝတ္ထုပါဠိတော်၏ ဆိုလိုရင်းဖြစ်သော အနက်အဓိပ္ပာယ်နားလည်နိုင် စွမ်းမရှိသော ကျောက်ပုံဝါဒီတို့သည် ဒုက္ခ သမုဒယ မဂ္ဂ သစ္စာတို့ကို အသင်္ခတ ဟု ယူမှားခဲ့ကြ၏၊ ယူမှားရာမှ အသင်္ခတတွေ နေရာအနှံ့ရေးသား ဟောပြောနေ ကြတော့၏။

ဒုက္ခသစ္စံ အသင်္ခတန္တိ အာမန္တာ၊ ဒုက္ခံ အသင်္ခတန္တိ နဟေဝံ ဝတ္တဗ္ဗေ။ (အဘိ ၄။၂၄၂)

ဒုက္ခသစ္စာသည် အသင်္ခတလော၊ ဤကား သကဝါဒီအမေး။

အေးဟုတ်တယ်၊ ပရဝါဒီအဖြေ။

ဒုက္ခသည် အသင်္ခတလောဟု သကဝါဒီကမေးပြန်ရာ

ဒီလိုတော့မလိုဟု ပရဝါဒီက ဖြေ၏။

သမုဒယ မဂ္ဂတို့လည်း ဤနည်းအတူပင် ဟောခဲ့၏။

ကျောက်ပုံဝါဒီတို့သည် သကဝါဒီ အမေး ပရဝါဒီအဖြေအဖြစ် မခွဲခြားတတ်ပဲ အာမန္တာ အတွေ့ဖြင့် ဒုက္ခသစ္စာ အသင်္ခတပဲဟု တလွဲယူခဲ့၏၊ တကယ်တော့ ပရဝါဒီအဖြေမှာ အမှန်မဟုတ်၊ ဒုက္ခသည် အသင်္ခတလောဟု မေးတော့မဟုတ်ဟုဖြေ၏၊ ဤလည်းပရဝါဒီအဖြေပင်၊ ဒုက္ခသစ္စာကို အသင်္ခတလောမေးတော့ အေးဟု ဝန်ခံ၍ ဒုက္ခသည် အင်္ခတလော မေးတော့ ဘာ့ကြောင့် ပယ်ရသလဲ၊ သူတို့ ( ပရဝါဒီ ) အလို ဒုက္ခသမုဒယ မဂ္ဂတို့၌ ဝတ္ထုသစ္စာသည် သင်္ခတ၊ လက္ခဏာသစ္စာသည် အသင်္ခတ၊ ဤအယူမှာ ပရဝါဒီအယူသာ၊ ပရဝါဒီက ဒုက္ခကို ဝတ္ထုသစ္စာဟု အလိုရှိ၏၊ သမုဒယ မဂ္ဂကိုလည်း ထို့အတူ ဝတ္ထုသစ္စာဟုပင် အလိုရှိ၏၊ ဗာဓနနှိပ်စက်တတ်သည်၏အဖြစ် ပဘဝအကြောင်း အစ ပဘဝ ၏ အဖြစ် နိယျာန ထွက်မြောက်တတ်သည်၏အဖြစ်ဟူသော ထိုသုံးပါးတို့ လက္ခဏာကိုကား လက္ခဏာသစ္စာဟု အလိုရှိ၏။

သို့သော် ဗာဓန-စသော လက္ခဏာမှတပါး ဒုက္ခသစ္စာ စသည်ဟု မရှိပါ၊ ထို့ကြောင့် သူတို့အယူမျှသာ ဖြစ်ပါ၏၊ ဒုက္ခသစ္စံ-စသောအမေး၌ သူတို့အယူအရ လက္ခဏာကိုရည်၍ အာမန္တာ-ဟု ဝန်ခံ၏၊ ဒုက္ခံ-စသောအမေး၌ ဝတ္ထုသစ္စာကို ရည်၍ ပယ်ခဲ့သည်၊ နိရောဓ၌ ဝတ္ထုသစ္စာမရှိ၊ နိရောဓသည် အသင်္ခတသာဟု ယူ၏၊ ထို့ကြောင့် နိရောဓသည် အသင်္ခတလောဟူသော အမေးကို အာမန္တာဟုသာ ဖြေခဲ့၏။

ကျန်အသင်္ခတဘွေ့ ပရမတ်အသင်္ခတဆိုရာ၌ ဥပါဒ်-ဌီ-ဘင် ရှိသည်ဆိုထား၍ သူတို့ယူဆထားသော ပရမတ်အသင်္ခတကား မရှိနိုင်၊ နိဗ္ဗာန်သည် ပရမတ္ထဖြစ်ရာ သမာနဝါဒအရ ပရမတ်အသင်္ခတကား ရှိနေပါ၏၊ တခြားရုပ်နာမ် အသင်္ခတ ဝိပဿနာ အသင်္ခတမဂ်ဉာဏ် အသင်္ခတတို့မှာ သင်္ခတ အသင်္ခတ သဘာဝမတူ ဆန့်ကျင်ဘက်တရားတို့ကို တွဲစပ်ကားသောကြောင့် တကယ်မရှိသော တရားတို့ကို အရှိလုပ်ထားသော အမှားနိရုတ္တကတို့သာ ဖြစ်တော့သည်။

ဤ ဦးဝီရိယာဓိကဥာဏ အဆိုဌ် နိဗ္ဗာန်အသခ်တမှ ကြွင်းသော ပရမတ် အသခ်တ ရုပ်နာမ်အသခ်တ ဝိပဿနာအသခ်တ မဂ်ဉာဏ်အသခ်တတို့သည် ဥပါဒ်ဌီဘင် ရှိကြကုန်၏ဟု ဆိုထား၏၊ တခြား ကျောက်ပုံ ဝါဒီတို့ကား အသခ်တမှန်လျှင် ဥပါဒ်-ဌီ-ဘင် မရှိဟု ယူကြ၏။

## အများအယူအဆ

ကျောက်ပုံဝါဒီတို့သည် အသခ်တကို မရေတွက်အပ်ဟု အနက်ယူကာ ဥပါဒ်-ဌီ-ဘင် ဖြင့် မရေတွက်အပ်သောကြောင့် အသခ်တဖြစ်ကြောင်းကို ဆိုကြ၏၊ သူတို့ ဝါဒအရဖြစ်သော အနတ္တ အနိစ္စ ဒုက္ခသာရှိ၍ အတ္တ နိစ္စ သုခ ဘက်မရောက် ဖောက်ပြန်ခြင်းမရှိ၍ ပရမတ်ဆိုကြ၏၊ ထို အသခ်တ ပရမတ် ကိုပင် ကြည့်ရှုဝေဖန်အပ်သောကြောင့် ဝိပဿနာခေါ်သည်ဟု လည်းကောင်း အသခ်တအတွင်းဘက်ရှိ အနတ္တစသည်တို့ကို ပေါ်လွင်အောင် ဝေဖန်နိုင်ခြင်းကို ဝိပဿနာဆို၏ဟုလည်းကောင်း ဆိုခဲ့၏၊ သခ်တမဖြစ်ခင် အသခ်တနယ်က ရုပ်နာမ်တို့သည် ဘယ်ပုံကုန်ခန်း ပျောက်ပျက်ကုန်သလဲဆိုသော မေးခွန်းကို သခ်တမဖြစ်ခင် အသခ်တနယ်က ရုပ်နာမ်တို့မှာ တခုထဲအရ ဘယ်ခါမျှ မဖြစ်နိုင်ကြပဲ အမြဲကုန်ခန်း ပျောက်ပျက်နေပါသည်ဟု ဖြေသည်ကိုတွေ့ရ၏။

ဆိုခဲ့ပြီးအချက်တွေကို ကောက်ချက်ချလျှင် ရုပ်နာမ်တရားတွေမှာ မူလက အသခ်တတွေ ဥပါဒ်-ဌီ-ဘင် မရှိပဲ ပျောက်ကွယ်နေသောတရားတွေ အကြောင်းစုံမှ ပေါ်လာကြသည်၊ အသခ်တမှ သခ်တအဖြစ် ပြောင်းလာသည်ဟု ဆိုလို၏၊ သခ်တဖြစ်လာမှ ဥပါဒ်-ဌီ-ဘင်ဟု ပေါ်လာ၍ ပင်ကိုယ်အသခ်တတုန်းက ဥပါဒ်စသည် မရှိဟုဆိုလို၏၊ ထို့ကြောင့် တခြားကျောက်ပုံဝါဒီတို့အလိုဆိုလျှင် အားလုံး အသခ်တတွေမှာ ဥပါဒ် ဌီ-ဘင် မရှိဟုယူဆကြောင်း သိရသည်။

## ဝိနည်းဓိုရ်ဆရာတော်တို့အလို

သခ်တကို စောဒကဆရာတော်တို့ တင်ပြထားသော ဋီကာတို့က ဝစနတ္တ ပြထားပြီးဖြစ်သောကြောင့်လည်းကောင်း အသခ်တက နိဗ္ဗာန်ကိုသာ ဟောသည်မှာ ပါဠိအဋ္ဌကထာအရ အလွန်ပင် ထင်ရှားနေပြီဖြစ်သောကြောင့်လည်းကောင်း ကျောက်ပုံတို့အတ္တ အသခ်တတို့မှာ တကယ်ကား ထင်ရှားမရှိ၊ အတ္တ-နောမတိ ထင်မိထင်ရာ လွဲမှားစွာကြံဆထားသော ပညတ်အသခ်တတွေသာ ဖြစ်သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက ယူဆတော်မူကြသည်။

ပုသိမ်မောင်ညွန့် သောခနော၌ စောဒကဆရာတော်များ တင်ပြထားသော ကျောက်ပုံဝါဒတွေကို ကူးရေးထားခြင်း၊ စောဒကဆရာတော်များ အသခ်တ ဝိရာဂမကွဲ နိဗ္ဗာန်ချည်းပဲဟု တင်ပြထားသော အထောက်အထားနှင့် ကွဲပြားမှု

မရှိသော ပါဠိမြန်မာတို့ကိုသာ ပြထားခြင်းဖြင့် ထူးခြားသော စောဒနာချက် မတွေ့ရ၍ သောဓနာရှာ မရောက်ဟု ယူဆကာ ထိုစောဒနာကို စဉ်းစားတော် မမူကြတော့ပါ။

ထို့ကြောင့် အသခ်တသည် နိဗ္ဗာန်မဟုတ်ဟူသော ကျောက်ပုံဝါဒီတို့၏ ဝါဒသည် အဓမ္မဝါဒသာဖြစ်ကြောင်း သုံးသပ်တော်မူကြသည်။

---

## အမှတ် (၉) စောဒနာ-သောဓနာတို့ကို သုံးသပ်ခြင်း

ကျောက်ပုံဝါဒီ ဦးစံရင်းသည် ကမ္မဋ္ဌာန်းပြဿနာ (၁၀) ချက် ပထမ (၉) အဖြေကျမ်း၌—

(က) ယခုဖော်ပြခြင်း စိတ်စသော ခြောက်လုံးတို့သည် တလုံးလုံး ဖြစ်ပေါ်လျက် ပျောက်ကွယ်သွားရရှာသဖြင့် ဖြစ်ပျက်တရားမျှသာရှိပါတကားဟု စဉ်းစားလိုက်သည့်အခါ ယောကျ်ား မိန်းမ ပုံသဏ္ဌာန်စသော အရာဝတ္ထုတွေကို ပယ်သတ်သလို ဖြစ်နေသောကြောင့် ထိုသဘောကို သီလလို့ခေါ်၏။ (အဖြေကျမ်း နှာ-၃၁)

(ခ) ထို့ကြောင့်ပင် ခဏကလေးလောက်တော့ ဖြစ်နိုင်သေးတယ်လို့ထင်တဲ့ အတ္တနှင့်ဖြစ်စေနိုင်တယ်လို့ ထင်တတ်သော အတ္တနိယ ခေတ်တို့အပေါ်၌ အကယ်ထင်မှတ်မှုကို ပယ်သတ်မှုပြုပြီး ဖြစ်သွား၍ ထင်မှတ်မှုတွေအတွက် အနှိပ်စက်ခံရသော ဘေးဒဏ်မှ လွတ်မြောက်ရိုးမှန်လှသဖြင့် အေးမြသောကြောင့် သီလလို့ခေါ်၏။ (အဖြေကျမ်း နှာ-၃၂)

(ဂ) အဲသည်ထင်မှတ်တဲ့ သဘောတရားများကို ခေတ္တပယ်ထား၍ ဒုက္ခသစ္စာကို သိသည်နှင့်တပြိုင်နက်ပင် အကယ်ထင်မှတ်မှုကို ဂရုစိုက်ခါ ပယ်သတ်စရာမလိုအပ်၍ ပယ်သတ်အေးငြိမ်းပြီးကဲ့သို့ ပယ်သတ်ရပြီး ဖြစ်သွားရတဲ့သဘောကို သီလလို့ခေါ်၏ဟူ၍ သီလသုံးမျိုးကို ရေးသားအားလေသည်။ (အဖြေကျမ်း နှာ-၃၄)။

အထက်ပါဦးစံရင်း၏ သီလယူဆပုံနှင့် ပတ်သက်၍ စောဒကပုဂ္ဂိုလ်တို့က အောက်ပါအတိုင်း ကောက်နုတ်ချက်ချ၍ စောဒနာကြ၏—

(က) ဖော်ပြပါ ရေးသားဟောချက်များကိုကြည့်လျှင် ကျောက်ပုံဝါဒီတို့သည် ဘုရားဟောတော်မူသော အင်္ဂါငါးပါး-ရှစ်ပါးစသော သိက္ခာပုဒ်များကို သီလဟုမယူဆခြင်း၊

(ခ) ယောက်ျား၊ မိန်းမစသော ပုံသဏ္ဍာန်များကို ပယ်ခြင်းသဘောကို သီလဟု ယူဆထားခြင်း၊

(ဂ) အတ္တ အတ္တနိယပေါ်မှာ တကယ်သင်မှတ်မှုမှ လွတ်မြောက်၍ အေးမြတာကို သီလဟု ယူဆထားခြင်း၊

(ဃ) ငါးပါး ရှစ်ပါးစသော သိက္ခာပုဒ်များကို သီလဟု မယူဆတော့သဖြင့် ငါးပါး ရှစ်ပါးစသော သိက္ခာပုဒ်များကို မစောင့်ထိန်းခြင်းတို့မှာ ထင်ရှားလှပါသည်ဟု ကောက်နုတ်ချက်ချ၍ စောဒနာကြ၏။

ထိုစောဒနာချက်ကို ချေပရန်အလို့ငှာ ကျောက်ပုံဦးစံရင်း၏တပည့် စုဒိတက ပုဂ္ဂိုလ်က သူ၏ဆရာကြီးရေးသားထားသော—

၁။ ပညတ်နယ်မှ သီလယူဆပုံ၊

၂။ ပရမတ်နယ်မှ သီလယူဆပုံ၊

၃။ ဝိပဿနာနယ်မှ သီလယူဆပုံ၊

၄။ အရိယာနယ်မှ သီလယူဆပုံ—

အားဖြင့် သီလယူဆပုံ လေးမျိုးကို ထုတ်ပြ၏၊ ထိုသီလလေးမျိုး၏အကျယ်ကို အမှတ်(၉)သောခနောမှာ ကြည့်ရှုနိုင်လေသည်၊ ဤ၌ကား ကျယ်အံ့စိုး၍ မရေးသာပြီ။

ဤမျှဖြင့် ကျောက်ပုံဆရာကြီး ဦးစံရင်း၏ ကမ္ဘာ့ပြဿနာအဖြေကျမ်း၌ ရေးသားထားသော သီလလေးမျိုးကို လည်းကောင်း ထိုသီလလေးမျိုးနှင့် စပ်လျဉ်းသည့် စောဒနာကိုလည်းကောင်း ဦးစံရင်း၏တပည့် စုဒိတကပုဂ္ဂိုလ်၏ ချေပသောခနောချက်ကိုလည်းကောင်း ထုတ်ဖော်ပြဆိုခဲ့ပြီးဖြစ်ရာ ယခုအခါ၌ ထိုဦးစံရင်းရေးသားချက် စောဒကပုဂ္ဂိုလ်တို့၏စောဒနာချက် စုဒိတက၏ ချေပချက်အားလုံးကို သုံးသပ်ရမည် ဖြစ်၏။

ကျောက်ပုံဆရာကြီးဦးစံရင်းသည် သူ၏ ကမ္ဘာ့ပြဿနာအဖြေကျမ်း၌ သီလသုံးမျိုးကို တခမ်းတနားဖော်ပြ၏၊ထိုဖော်ပြသော သီလသုံးမျိုးသည် မည်သည့် ပါဠိတော် အဋ္ဌကထာ ဋီကာတွင်မှ မလာရှိပေ၊

ကျောက်ပုံဆရာကြီး ဦးစံရင်း၏ စိတ်ကူးဖြင့် ရေးသားထားသော သီလသုံးမျိုးသာ ဖြစ်ပေသည်၊ ဦးစံရင်း ရေးသားသော သီလသုံးမျိုးသည် သီလအမျိုးမျိုးကိုစုံလင်စွာဟောကြားရာဖြစ်သော ပဋိသမ္ဘိဒါမဂ်ပါဠိတော် မဟာဝဂ္ဂ ဉာဏကထာ သီလမယ ဉာဏနိဒ္ဒေသ၌ပင် ပါဝင်ခြင်းမရှိပေ၊ ဘာမဆို ပါဠိတော်

အဋ္ဌကထာ ဋီကာကို ကျောခိုင်းပြီး ပြောဆို ရေးသားရမှ ကျေနပ်လေ့ ရှိသော ဦးစံရင်းသည် ယခု သီလသုံးမျိုးကို ပြောဆို ရေးသားရာ၌လည်း သီလအချိုးမျိုကို စုံလင်စွာ ဟောကြားထားသော ပဋိသမ္ဘိဒါမဂ်ပါဠိတော်ကြီး ကို ကျောခိုင်းရမှ ကျေနပ်ပေလိမ့်မည်။

ပဋိသမ္ဘိဒါမဂ်ပါဠိတော် သီလမယဉာဏနိဒ္ဒေသ၌ ပုဂ္ဂိုလ်၏အစွမ်းဖြင့် အနုပသမ္ပန္နသီလ၊ ဥပသမ္ပန္နသီလ၊ ပုထုဇ္ဇနကလျာဏသီလ၊ သေက္ခ- သီလ၊ ခီဏာသဝသီလ၊ ပစ္စေကဗုဒ္ဓသီလ၊ သမ္မာသမ္ဗုဒ္ဓသီလဟူ၍ သီလခုနစ်မျိုးကိုလည်းကောင်း၊

ပရိယန္တ၏ အစွမ်းဖြင့် လာဘပရိယန္တသီလ၊ ယသပရိယန္တသီလ ဉာတိပရိယန္တသီလ၊ အင်္ဂပရိယန္တသီလ၊ ဇီဝိတပရိယန္တသီလ ဟူ၍ သီလငါးမျိုးကိုလည်းကောင်း၊

ကာလပရိယန္တ၏အစွမ်းဖြင့် နလာဘပရိယန္တသီလ၊ နယသပရိယန္တ- သီလ၊ နဉာတိပရိယန္တသီလ နအင်္ဂပရိယန္တသီလ နဇီဝိတပရိယန္တသီလ ဟူ၍ သီလငါးမျိုးကိုလည်းကောင်း၊

ဓမ္မ၏အစွမ်းဖြင့် စေတနာသီလ၊စေတသိကသီလ၊သံဝရသီလ၊ အဝိ- တိက္ကမသီလဟူ၍ သီလလေးမျိုးကိုလည်းကောင်း၊

ဇာတိ၏အစွမ်းဖြင့် ကုသလသီလ၊ အကုသလသီလ၊အဗျာကတသီလ ဟူ၍သီလ သုံးမျိုးကိုလည်းကောင်း၊

ပစ္စယ၏ အစွမ်းဖြင့် ကုသလစိတ္တသမုဋ္ဌာနသီလ၊ အကုသလစိတ္တ- သမုဋ္ဌာနသီလ၊ အဗျာကတစိတ္တသမုဋ္ဌာနသီလဟူ၍ သီလသုံးမျိုးကို လည်းကောင်း၊

သမ္ပယုတ္တ၏ အစွမ်းဖြင့် သံဝရသမောဓာနသီလ၊အဝီတိက္ကမသမော- ဓာနသီလ၊ တထာဘာဝေဇာတစေတနာသမောဓာန သီလဟူ၍ သီလ သုံးမျိုးကိုလည်းကောင်း၊

သံဝရ၌ အဝီတိက္ကမ၌ အစွမ်းဖြင့် ပါဏာတိပါတသံဝရသီလ၊ ပါဏာတိပါတ အဝီတိက္ကမ ။ပ။ အရဟတ္တမဂ္ဂသဗ္ဗကိလေသ သံဝရသီလ၊ အရဟတ္တသဗ္ဗကိလေသ အဝီတိက္ကမသီလဟူ၍ သီလအမျိုးမျိုးကို လည်းကောင်း၊ ထိုသံဝရသီလ အဝီတိက္ကမသီလတို့၏ အပြားဖြစ် သော ပဟာနသီလ၊ဝေရမဏီသီလ၊စေတနာသီလ၊ သံဝရသီလ၊အဝီတိ- က္ကမသီလ တို့ကိုလည်းကောင်း။

ဤသို့ အစရှိသောအားဖြင့် သီလအမျိုးမျိုးတို့ကို ဟောကြားတော်မူခဲ့ပါသော်လည်း ထိုသီလအမျိုးမျိုးတို့၌ ဦးစံရင်း၏ သီလသုံးမျိုးကို မတွေ့ရှိရပေ။

ဦးစံရင်း၏ တပည့်ဖြစ်သူ ကိုးကားချေပသော ပညတ်နယ်မှ သီလယူဆပုံ စသော လေးမျိုးလေးစား ယူဆနည်းသည်လည်း သူ၏ဆရာကြီး ဦးစံရင်း၏ ယူဆပုံနည်းမျှသာဖြစ်ပြီး ကျမ်းဂန်လာယူဆနည်း မဟုတ်သောကြောင့် တဖက်စောဒနာမှုကို ချေပနိုင်သော လုံလောက်အားရှိသော အကိုးသာဓက မဟုတ်ချေ။

တဒန် ဖုံဒိတကသည်—

၁။ သူ၏အသက်သတ်မှုကို ပယ်စွန့်ခြင်းသည် သီလမည်၏၊

၂။ သူ၏အသက်သတ်မှုကို ရှောင်ကြဉ်ခြင်းသည် သီလမည်၏၊

၃။ ရှောင်ကြဉ်ကြောင်း စေတနာသည် သီလမည်၏၊

၄။ စောင့်စည်းခြင်းသည် သီလမည်၏၊

၅။ မလွန်ကျူးခြင်းသည် သီလမည်၏—

ဟူ၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာ သီလ ငါးမျိုးကို အကိုးသာဓကအဖြစ် ဖော်ပြ၍ သူတို့၏ပညတ်နယ်မှသီလယူဆပုံ စသော ယူဆပုံ လေးမျိုး မှန်ကန်ကြောင်း ချေပ၏၊ သို့ရာတွင် ၎င်းတို့ပြောဆိုသော ပညတ်နယ်မှ သီလယူဆပုံ စသော ယူဆပုံလေးမျိုးနှင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်လာသီလငါးမျိုးသည် မည်သို့မျှ သက်ဆိုင်ခြင်း မရှိသောကြောင့် ဤနေရာ၌လည်း ခုတ်ရာတခြား ရှရာတခြား မဆီမဆိုင် ကိုးကားဖော်ပြသွားခြင်းသာဖြစ်လေသည်။

အမှန်မှာ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌ သံဝရသီလနှင့် ဝီတိက္ကမသီလတို့၏ အပြားကို ပြတော်မူလိုသောကြောင့် အဆိုပါ သီလငါးမျိုးကို ဟောတော်မူခြင်း ဖြစ်သည်၊ ၎င်းတို့ပြောဆိုသော ပညတ်နယ်မှ သီလယူပုံ စသော ယူဆပုံ လေးမျိုးကို ပြတော်မူလိုသောကြောင့် ဟောတော်မူခြင်း မဟုတ်ပေ၊ အဋ္ဌကထာ၌လည်း ထိုအချက်ကို အထင်အရှား ဖွင့်ပြလျက်ရှိ၏။

## သီလပုဒ်၏ အနက်ကို ယူဆပုံ

ဦးစံရင်းသည် ကမ္ဘာ့ပြဿနာ အဖြေကျမ်း စာမျက်နှာ၊ ၃၁-၃၂-၃၄-တို့တွင် သီလသုံးမျိုးကို ပြရာ၌လည်းကောင်း၊ သူ၏တပည့် စုဒိတက ပုဂ္ဂိုလ်က ကိုးကား ဖော်ပြသော ပညတ်နယ်မှ သီလယူဆပုံ စသော သီလယူဆပုံ လေးမျိုးကိုပြရာ

၌လည်းကောင်း၊ သီလပုဒ်၏အနက်ကို အေးမြခြင်းဟု ဖော်ပြ၏၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဘာသာပြန်၌ကား သီလ၏အနက်ကို အောက်ပါအတိုင်းဖွင့်ဆို၏—

**ဝိသုဒ္ဓိမဂ်ဘာသာပြန်**

အဘယ် အနက်သဘောကြောင့် သီလဟူ၍ ခေါ်ဆိုသနည်း ဆိုသော် "သီလန"အနက်သဘောရှိသောကြောင့် သီလဟူ၍ ခေါ်လေသည်၊သီလနအနက်ဆိုသည်ကား ကာယကံ ဝစီကံတို့ကို သိမ်းသိမ်းဆည်းဆည်း ကောင်းစွာသိုထားခြင်းသည်လည်း သီလနအနက်မည်၏၊ ကာယကံ အစရှိသည်တို့ စင်ကြယ်ကောင်းမွန်သော သီလရှိသောသူ၏ အဖြစ်ဖြင့် ဖရိုဖရဲ မကြဲခြင်းကို ဆိုလို၏။

တည်ရာ၏ အဖြစ်ဖြင့် လွန်စွာ ဆောင်ခြင်းသည်မူလည်း သီလနအနက်မည်၏၊ အဓိပ္ပာယ်ကား ကုသိုလ်ဖြစ်ကုန်သော တရားတို့၏ တည်ရာဖြစ်သည်၏ အဖြစ်ကိုဆိုလို၏၊ ထိုသီလဟူသော ပုဒ်၏သီလန အနက်တည်ရာအာဓာရအနက်နှစ်ပါးကိုသာလျှင် သဒ္ဒါကတတ်ကုန်သော ပညာရှိတို့သည် ခွင့်ပြုကြကုန်၏၊ တပါးသော ဆရာတို့သည်ကား ဦးခေါင်းနှင့်တူသော "သိရဋ္ဌ"အနက်အဓိပ္ပာယ်သည်သီလနအနက် မည်၏ဟူ၍လည်းကောင်း၊ ကိလေသာအပူငြိမ်းစေတတ်သောအေးမြသော "သီတလဋ္ဌ" အနက်အဓိပ္ပာယ်သည် သီလ၏ အနက်မည်၏ဟူ၍လည်းကောင်း ဖွင့်ဆိုကြကုန်သေး၏။ (ဘာသာပြန် နှာ-၁၅)

အထက်ပါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမြန်မာပြန်၌ အဋ္ဌကထာဆရာသည် သီလ၏ သီလနအနက် အာဓာရအနက် နှစ်ပါးကိုသာလျှင် သမာနဝါဒအဖြစ်ဖြင့် ယူလိုတော်မူ၏၊ ဦးခေါင်းနှင့်တူသော သိရအနက်၊ အပူငြိမ်းစေတတ်သော အေးမြသော သီတလအနက်ကိုမူကား အညေဝါဒဟု မိန့်ဆိုတော်မူ၏။

ဦးစံရင်းသည် သမာနဝါဒကို ရှောင်ဖယ်ကာ ထိုအညေဝါဒကိုပင်ယူ၍ သူ၏ကမ္ဘာ့ပြဿနာ အဖြေကျမ်း၌ သီလသုံးမျိုးနှင့် ပညတ်နယ်မှ သီလယူဆပုံလေးမျိုးကို ပြဆိုထားဟန်တူ၏၊ ထိုအဘိုင်းမှန်လျှင် သမာနဝါဒရှိပါလျက် သမာနဝါဒကို မယူပဲ အညေဝါဒကိုယူ၍ ပြောဆိုခြင်းသည် ဦးစံရင်း၏ လုပ်ရိုးလုပ်စဉ် ဉာဉ်သာဖြစ်တန်ရာ၏။

## အဓမ္မသီလသာဖြစ်ခြင်း

ဦးစံရင်းရေးသားသော သီလသုံးမျိုး သီလလေးမျိုးသည် ပြဆိုအပ်ပြီးသော ပဋ္ဌသမ္ဘိဒါမဂ်လာ သီလအမျိုးမျိုးဘွင် မပါဝင်ခြင်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာသမာနဝါဒဖြစ်သော သီလ၏ အနက်သဘောနှင့် မကိုက်ညီခြင်း၊ စောဒကပုဂ္ဂိုလ်တို့ စောဒနာသည့်အတိုင်း သီလ၏ လက္ခဏရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်တို့နှင့် မညီညွတ်ခြင်းကြောင့် အဓမ္မသီလများသာ ဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

**သီလ သမာဓိ ပညာကို တမျိုးစီအားထုတ်ရန်မလိုဟု ရေးသားခြင်း**

ဦးစံရင်းသည် မှတ်ပုံတင် သင်တန်းစာမျက်နှာ ၁၂၉ ၌—

> အဲဒီ သဘော သုံးခုသည် အနတ္တအာပစ် အနိစ္စအာပစ် ဒုက္ခ အစစ် သုံးလုံးတို့တွင် တလုံးလုံးကို တွေ့သည်နှင့်တပြိုင်နက် တခါတည်း ကောဓမ္မော ဖြစ်သွားပါတယ်၊ သီလ သမာဓိ ပညာရယ်လို့ တမျိုးစီ ထားပြီးလျှင် အားထုတ်ဝေဖန် နှလုံးသွင်းစရာ မလိုတော့ပါ၊ အနတ္တ အစစ်ကို သိဖို့ရာသာ လိုရင်းဖြစ်ပေတယ်—

ဟု ရေးသားထားသည်။

ဦးစံရင်း၏ ရေးသားချက်၌ သီလသမာဓိ ပညာရယ်လို့ တမျိုးစီ ထား ပြီးလျှင် အားထုတ်ပေဖန် နှလုံးသွင်းစရာမလိုတော့ပါဟု ပါရှိရာ ထိုစကားရပ် ကို မည်သည့်ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ရေးသား ါသနည်းဟု မေးလျှင် အား လုံးသော ပုဂ္ဂိုလ်တို့ကို ရည်ရွယ်၍ ရေးသားပါသည်ဟု ဦးစံရင်းကိုယ်တိုင် ဖြေ ဆိုလိုသည့် အရိပ်အရောင်ရှိသည်၊ ယင်းသို့ဖြစ်လျှင် အားလုံးသောပုဂ္ဂိုလ်တို့ သည် သီလ သမာဓိ ပညာရယ်လို့ တမျိုးစီထားပြီးလျှင် အားထုတ်ဝေဖန် နှလုံးသွင်းစရာ မလိုတော့ပါဟု ပုဂ္ဂိုလ် ကဏ္ဍားနှင့်တကွသော ဆိုလိုရင်းအနက် အဓိပ္ပာယ် ပေါ်ထွက်လာသည်။

မှန်ပါသည်၊ သာမညဝစန် သမ္ဗသာဓာရဏံ–ဟူသည်နှင့်အညီ သာမည စကားသည် အလုံးစုံတို့နှင့် ဆက်ဆံသောကြောင့် ဦးစံရင်း၏စကားသည်လည်း ပုဂ္ဂိုလ်အမျိုးအစား ခွဲခြားခြင်းမရှိသော သာမညစကားဖြစ်ရာ ပုဂ္ဂိုလ်အား လုံးနှင့် ဆက်ဆံနေ၏၊ ထို့ကြောင့် ပုဂ္ဂိုလ်အားလုံးပင် သီလ သမာဓိ ပညာရယ်လို့ တမျိုးစီထားပြီးလျှင် အားထုတ်ဝေဖန် နှလုံးသွင်းစရာ မလို တော့ပါဟူသော အဓိပ္ပာယ်ကိုဆိုလိုသည်မှာ ထင်ရှား၏။

ဦးစံရင်း၏တပည့် စုဒိတက ပုဂ္ဂိုလ်ကသည်း သူ၏ ဆရာ့စကားကို ထောက်ခံ သောအားဖြင့် တပုဒ်တဂါထာကို ကြားနာရရုံမျှဖြင့် ကျွတ်တန်းဝင်သွားကြရ သော ပါရမီရှင်များ ဖြစ်ကြသော အင်္ဂုလိမာလ သန္တတိအမတ် စသောပုဂ္ဂိုလ် များသည် သီလ သမာဓိ ပညာကို တခုစီခွဲခြား၍ အားမထုတ်ကြပါဟူ၍ ထို အင်္ဂုလိမာလ စသော ပုဂ္ဂိုလ်များကို လက်ညိုးထိုးပြ၍ သက်သေထူ၏။

ထိုပုဂ္ဂိုလ်အားလုံးပင် သီလ သမာဓိ ပညာရယ်လို့ တမျိုးစီထားပြီးလျှင် အားထုတ်ဝေဖန် နှလုံးသွင်းစရာမလိုတော့ပါဟူသော ဦးစံရင်း၏စကားနှင့် ဦးစံရင်း၏စကားကို ထောက်ခံချေပသော စုဒိတက ပုဂ္ဂိုလ်၏စကားကို စိစစ် သုံးသပ်၍ပြပါအံ့။

ဦးစံရင်း၏စကားကို ထောက်ခံချေပသော စုဒိတက၏ စကားတွင် အင်္ဂလိမာလနှင့် သန္တတိအမတ်တို့ ပါဝင်လာသဖြင့် ဤနေရာ၌ ပုဂ္ဂိုလ် လေးမျိုးကို ဖော်ပြ၍ ရှင်းလင်းရန် လိုအပ်လာ၏။

ပုဂ္ဂိုလ်လေးမျိုး

(က) ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်၊
(ခ) ဝိပဉ္စိတညူ ပုဂ္ဂိုလ်၊
(ဂ) နေယျ ပုဂ္ဂိုလ်၊
(ဃ) ပဒပရမ ပုဂ္ဂိုလ် ဟု လေးမျိုးရှိ၏။

ထိုတွင်—

(က) ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်ဆိုသည်မှာ တစုံတယောက်သော ပုဂ္ဂိုလ်က အကျဉ်းအားဖြင့် တရားဟောလိုက်သည်ရှိသော် အကျဉ်းအားဖြင့် ဟောအပ်သော တရားဆုံးသည်နှင့် တပြိုင်နက် အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်တည်း။

(ခ) ဝိပဉ္စိတညူ ပုဂ္ဂိုလ်ဆိုသည်မှာ တစုံတယောက်သော ပုဂ္ဂိုလ်က အကျဉ်းမာတိကာ ထား၍ အကျယ်ဟောလိုက်သည်ရှိသော် ထိုတရားကို ကြားနာ၍ အရဟတ္တဖိုလ်သို့ ရောက်သော ပုဂ္ဂိုလ်တည်း။

(ဂ) နေယျပုဂ္ဂိုလ်ဆိုသည်မှာ ပါဠိသင်ခြင်း အဖန်ဖန်မေးမြန်းခြင်း လမ်းမှန်အတိုင်း နှလုံးသွင်းခြင်း ကလျာဏမိတ္တပုဂ္ဂိုလ် တို့ကို ဆည်းကပ်ခြင်းတို့ဖြင့် အစဉ်အတိုင်း သစ္စာလေးပါး တရားကို သိသော ပုဂ္ဂိုလ်တည်း။

(ဃ) ပဒပရမ ပုဂ္ဂိုလ်ဆိုသည်မှာ တရားတော်ကို ကြိမ်ဖန်များစွာကြားနာရွတ်ဆို ဆောင်မှတ်ထားပါသော်လည်း ထိုဘဝ္တဘောဖြင့် ဈာန်မဂ်ဖိုလ်တရားတို့ကို မရနိုင်သော ပုဂ္ဂိုလ်တည်း။ (အဘိ၊ ဋ္ဌ၊ ၃။ ၇၃၊၇၄)
ထိုတွင် သန္တတိ အမတ်ကြီးသည် ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်အမျိုးအစား၌ပါဝင်၏။

ဤနေရာ၌ သန္တတိအမတ်ကြီး အရဟတ္တဖိုလ်ရောက်ပုံကို ထုတ်ပြမှ သင့်လျော်မည်ဖြစ်၏။

ကောသလမင်းကြီးက သန္တတိ အမတ်ကြီးအား ပစ္စန္တရာဇ် သူပုန်ကို နှိမ်နင်းနိုင်သဖြင့် (၇) ရက်ထီးနန်း စည်းစိမ်ကို အပ်နှင်း ချီးမြှောက်ထား၏။

(၇) ရက်မြောက်သောနေ့၌ အရက်ကိုမူးယစ်အောင်သောက်စား၍ ဆင်စီးလျက် မြစ်ဆိပ်သို့ထွက်လာရာ ဆွမ်းခံကြွလာသော မြတ်စွာဘုရားနှင့် လမ်းကြား၌ တွေ့သဖြင့် ရှိမခိုးသာ၍ ဆင်ပေါ်မှ ဦးခေါင်းကိုလှုပ်၍ သွား၏။

မြတ်စွာဘုရားက အာနန္ဒာ သန္တတိအမတ်ကြီးကိုရှုလော့၊ သန္တတိအမတ်ကြီး သည် ယနေ့ပင် ငါဘုရားအထံတော်သို့ တန်းဆာဆင်ယင်လျက်ပင် ရောက်လာ ပြီး လေးပါဒရှိသော ဂါထာအဆုံး၌ အရဟတ္တဖိုလ်သို့ရောက်၍ ထန်းခုနစ်ဆင့် မျှလောက်သော ကောင်းကင်၌နေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့ဟု မိန့်တော်မူ၏။

သန္တတိအမတ်ကြီးသည် ရေဆိပ်၌ တနေ့ပတ်လုံး ရေကစားပြီး ဥယျာဉ်သို့ သွားကာ ကချေသည်မ တဦးကို ကစေလျက် စည်းစိမ်ခံနေစဉ် ကချေသည်မ သည် ကိုယ်ခန္ဓာ လှပပြေပြစ်စေရန် ခုနစ်ရက်ပတ်လုံး အစာကိုလျှော့၍စားထား သောကြောင့် ကခုန်နေခိုက်မှာပင် လေဖြတ်၍ လဲကျသေဆုံးသွား၏။

ထိုအခါ သန္တတိအမတ်ကြီးသည် ပြင်းစွာသောပူပန်ခြင်းသည် နှိပ်စက် အပ်သည်ဖြစ်၍ ထိုသောကကိုငြိမ်းစေရန် မြတ်စွာဘုရားထံတော်သို့ ရောက်လာ သောအခါ "ယံ ပုဗ္ဗေ တံ ဝိသောဓေဟိ" စသော ဂါထာကို ဟောတော်မူရာ ဂါထာ၏အဆုံး၌ အရဟတ္တဖိုလ်သို့ရောက်၍ မြတ်စွာဘုရားထံ ပရိနိဗ္ဗာန်ပြုရန် အခွင့်တောင်းပြီးလျှင် ထန်းခုနစ်ဆင့်မြင့်သော ကောင်းကင်၌ ဟင်ပလ္လင် ခွေထိုင်လျက် ပရိနိဗ္ဗာန်ပြုသွားလေသည်။

ဤဝတ္ထု၌ သန္တတိအမတ်ကြီးသည် သီလဝိသုဒ္ဓိ မဖြစ်ငြားသော်လည်း အရဟတ္တဖိုလ်သို့ ရောက်သွားသည်ကို ထောက်ဆ၍ လူဝတ်ကြောင်များ ဖို့ သီလမစင်ကြယ်သော်လည်း ထိုသီလမစင်ကြယ်မှုသည် မဂ္ဂန္တရာယ် မဖြစ်ပါ ဆိုကြ၏။

ယင်းနှင့်ပတ်သက်သော ပါဠိအဋ္ဌကထာတို့ကိုလည်း အောက်ပါအတိုင်း ထုတ်ပြကြကုန်၏—

## ပညာ ပရိဓောတံ သီလံ။

(ဒီ ၁။ ၁၁၆)

ယသ္မာ ပန အဗ္ဘန္တရေ သီလသံဝရေ နတ္ထိ၊ ဥဂ္ဃဋိတညုတာယ ပန စတုပ္ပဒိကဂါထာပရိယောသာနေ ပညာယ သီလံ ဓောဝိတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏာတိ၊ အယံ ပညာယ သီလံ ဓောဝတိ နာမ သေယျထာပိ သန္တတိမဟာမတ္တော။

(ဒီ ဋ္ဌ ၁။ ၂၆၀)

သီလံ၊ သီလကို။ ပညာပရိဓောတံ၊ ပညာဖြင့်ဆေးလျှော်အပ်၏။

(ပါဠိတော်အနက်)

ပန၊ အဖို့တပါးကား။ ယဿ၊ အကြင်သူ၏။ အဇ္ဈတ္တရေ၊ ကိုယ်တွင်း၌။ သီလသံဝရော၊ သီလစောင့်စည်းခြင်းသည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုသို့ပင်မရှိသော်လည်း။ ဥဂ္ဃဋိတညုတာယ၊ ဥဂ္ဃဋိတညူပုဂ္ဂိုလ်၏အဖြစ်ကြောင့်။ စတုပ္ပဒိကဂါထာပရိယောသာနေ၊ လေးပါဒ်ရှိသော ဂါထာ၏အဆုံး၌။ ပညာယ၊ ပညာဖြင့်။ သီလံ၊ သီလကို။ ဓောဝိတွာ၊ ဆေးကျော်၍။ သဟ ပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါလေးပါးတို့နှင့်တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိ၊ ရောက်၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ပညာယ၊ ပညာဖြင့်။ သီလံ၊ သီလကို။ ဓောဝတိ နာမ၊ ဆေးကျော်သည်မည်၏။ သေယျထာပိ သန္တတိမဟာမတ္တော၊ သန္တတိအမတ်ကြီးကဲ့သို့တည်း။ (အဋ္ဌကထာ အနက်)

ဤပါဠိတော် အဋ္ဌကထာအဆိုအရ သန္တတိအမတ်ကြီးသည် ဘာဝနာပညာဖြင့် သီလကိုဆေးကျော်၍ သီလဝိသုဒ္ဓိကိစ္စ ပြီးစီးသောကြောင့် အရဟတ္တဖိုလ်သို့ ရောက်သည်ဟု ဆိုကြ၏။

ထိုမှတပါး တမျိုးပြဆိုကြသေး၏—

ယသ္မာ ပန ကာယဝေဒနာ စိတ္တဓမ္မေသု ကိဉ္စိ ဓမ္မံ အနာမသိတွာ ဘာဝနာ နာမ နတ္ထိ၊ တသ္မာ တေပိ ဣမိနာဝ မဂ္ဂေန သောကပရိဒေဝသမတိက္ကန္တာတိ ဝေဒိတဗ္ဗာ။

(ဒီ ဋ္ဌ ၂။၃၃၉)

ပန၊ ဆက်ဦးအံ့။ ယသ္မာ၊ အကြင်ကြောင့်။ ကာယဝေဒနာ စိတ္တဓမ္မေသု၊ ကာယဝေဒနာ စိတ္တဓမ္မတို့တွင်။ ကိဉ္စိ ဓမ္မံ၊ တစုံတခုသော တရားကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ဘာဝနာ နာမ၊ ဘာဝနာမည်သည်။ နတ္ထိ၊ မရှိ။တသ္မာ၊ ထိုကြောင့်။ တေပိ၊ ထိုသန္တတိအမတ် စသည်တို့သည်လည်း။ ဣမိနာဝ မဂ္ဂေန၊ ဤလမ်းစဉ်ဖြင့်သာလျှင်။ သောကပရိဒေဝသမတိက္ကန္တာ၊ သောက ပရိဒေဝတို့ကို လွန်မြောက်ကုန်ပြီ။ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (အဋ္ဌကထာအနက်)

ဆိုလိုရင်းမှာ သန္တတိအမတ်စသော သူတို့သည် ဂါထာ၏အဆုံး၌ မဂ်ဖိုလ်သို့ ရောက်ကြကုန်သော်လည်း ကာယ ဝေဒနာ စိတ္တ ဓမ္မတို့တွင် တစုံတခုသော တရားကို မသုံးသပ်ပဲ ဘာဝနာမည်သည် မရှိသောကြောင့် ယင်းပုဂ္ဂိုလ်တို့သည် ဤသတိပဋ္ဌာန်လေးပါးဟူသော လမ်းခရီးဖြင့်သာလျှင် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းတို့ကို လွန်မြောက်ကြရကုန်သည်ဟူသော အဓိပ္ပါယ်ကို ဆိုလို၏။

ဤအဋ္ဌကထာစကားအရ သန္တတိအမတ်ကြီး စသော ဥဂ္ဃဋိတညူပုဂ္ဂိုလ်တို့သည် အလွန်ကိုဘောင်းလှသော အချိန်ကလေးမှာပင် ဝိပဿနာ ဘာဝနာ

ပွားကြသည်ဟု ဆိုသဖြင့် သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိအဆင့်ဆင့်ကိုလည်း ပွားများကြသည်ဟုဆိုရာ ရောက်ကြောင်း မိန့်ဆိုကြကုန်၏၊ ဝိပဉ္စိတညူပုဂ္ဂိုလ်တို့သည်လည်း ထိုနည်းအတူပင် ဖြစ်၏။

ဥဂ္ဃဋိတညူဖြစ်သော သန္တတိအမတ်ကြီးသော်မှလည်း ယင်းသို့ ဆိုအပ်ပြီးသော သီလဝိသုဒ္ဓိ စသည်ကို အစဉ်အတိုင်း ပွားများ အားထုတ်ရသေးလျှင် နေယျပုဂ္ဂိုလ်များအတွက်မူကား ဆိုဖွယ် မရှိတော့ပြီ၊ သီလဝိသုဒ္ဓိ စသော အစဉ်အတိုင်း အားထုတ်ရမည် ဧကန်တည်း။

ထို့ပြင် အင်္ဂုတ္တရအဋ္ဌကထာ၌ မိန့်ဆိုချက် ရှိသေး၏။

န အာယတကေနေဝ အညာပဋိဝေဓောတိ မဏ္ဍူကဿ ဥပ္ပတိတွာ ဂမနံ ဝိယ အာဒိတောဝ သီလပူရဏာဒိံ အကတွာ အရဟတ္တပ္ပဋိဝေဓော နာမ နတ္ထိ၊ ပဋိပါဋိယာ ပန သီလသမာဓိပညာယော ပူရေတွာဝ သက္ကာ အရဟတ္တံ ပတ္တုန္တိ အတ္ထော။ (အံ ဋ္ဌ ၃။ ၂၂၁)

အဋ္ဌကထာဆိုလိုရင်းမှာ ဖား၏ ခုန်ကျော်၍သွားခြင်းကဲ့သို့ အစ၌သာလျှင် သီလကို ဖြည့်ကျင့်ခြင်းစသည်ကို မပြုပဲ ခုန်ကျော်ကာ အရဟတ္တဖိုလ်ကို ထိုးထွင်း၍ သိသော သူမည်သည်မရှိ၊ အစဉ်အတိုင်း သီလ သမာဓိ ပညာတို့ကို ဖြည့်ကျင့်ပြီး၍သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှာ စွမ်းနိုင်၏ဟု ဆိုလိုသည်။

ဤအဋ္ဌကထာ၌လည်း မည်သည့်ပုဂ္ဂိုလ်ဟု မခွဲခြားပဲ ပုဂ္ဂိုလ်အားလုံးပင် သီလမှ အစပြု၍ အားထုတ် ပွားများရမည်ကဲ့သို့ မိန့်ဆိုထား၏။

ဤသို့ ပြဆိုအပ်ပြီးသော ပါဠိတော် အဋ္ဌကထာတို့ကို လိုရင်းချုပ်လိုက်သော် ဥဂ္ဃဋိတညူနှင့် ဝိပဉ္စိတညူပုဂ္ဂိုလ်နှစ်ပါးတို့သည် တိုတောင်းလှသော အချိန်အတွင်းမှာပင် သီလဝိသုဒ္ဓိမှစ၍ ပွားများ အားထုတ်သွားရသည်ဟူ၍လည်းကောင်း၊ တနည်းအားဖြင့် “ထုန်နောက် ရေပါ” အနေဖြင့် သီလဝိသုဒ္ဓိ စသည်တို့ တပါတည်း ပါသွားပြီးဖြစ်သည်ဟူ၍လည်းကောင်း ဝါဒကွဲပြားလျက် ရှိ၏၊ သို့သော် ပါဠိသင်ခြင်း အဖန်ဖန် ဆွေးနွေး မေးမြန်းခြင်း လမ်းမှန်အောင် နှလုံးသွင်းရခြင်း၊ ကလျာဏမိတ္တတို့ကို ဆည်းကပ်ရခြင်း စသည်ဖြင့် အချိန်ယူ၍ ကျင့်ကြံရသော နေယျပုဂ္ဂိုလ်တို့အတွက်မူကား ထိုဝိသုဒ္ဓိ ခုနစ်ပါးကို အစဉ်အတိုင်း ကြိုးစားအားထုတ်ရပေလိမ့်မည်။

ထို့ကြောင့် သီလ သမာဓိ ပညာ ရယ်လို့ တမျိုးစီ ထားပြီးလျှင် အားထုတ်ဝေဖန် နှလုံးသွင်းစရာ မလိုတော့ပါဟု ရေးသားသော ဦးစံရှင်း၏ဝါဒသည် ဥဂ္ဃဋိတညူနှင့် ဝိပဉ္စိတညူပုဂ္ဂိုလ်နှစ်ပါးတို့အတွက် မှန်ကန်မည်ဆိုလျှင် မှန်ကန်

နိုင်သော်လည်း နေယျပုဂ္ဂိုလ်တို့အတွက်မူကား လွဲမှားသော ဝါဒဖြစ်သော ကြောင့် ပုဂ္ဂိုလ်အားလုံးနှင့် ညီညွတ်နှစ်ပါသော ဝါဒမဟုတ်ဟု သုံးသပ်တော်မူကြသည်။

## စုဒိတကပုဂ္ဂိုလ်၏ ထပ်မံချေပချက်

စုဒိတကပုဂ္ဂိုလ်က သီလကို အစထား၍ အားထုတ်ရမည်ဆိုလျှင် ပင်လယ်ပြင်များ၌ ပိုက်ထောင် ငမင်းထောင်အလုပ်တို့ဖြင့် ဝမ်းစာ အတွက် ရှာဖွေစားသောက်နေကြသော ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့သည် ဤ သာသနာ အတွင်း၌ လူဖြစ်ကျိုးမနပ်ဖြစ်ကြရပါတော့မည်ဟု ထပ်မံ၍ ချေပ၏။

ထိုမုဆိုး တံငါလုပ်၍ အသက်မွေးဝမ်းကြောင်း ပြုလုပ်နေသော ပုဂ္ဂိုလ်များသည် ရှေးရှေးအတိတ်ဘဝက သီလ သမာဓိ ပညာပါရမီမပြည့်စုံခဲ့ကြသေးလျှင် ယခုဘဝ၌ သီလမှပင် စတင်၍ အားထုတ်ရမည်ဖြစ်၏၊ သီလသမာဓိ ပညာပါရမီ ပြည့်စုံခဲ့ကြပြီးဖြစ်လျှင် ရှေ့ကဆိုခဲ့ပြီးအတိုင်း သန္တတိအမတ်ကြီး စသူတို့ကဲ့သို့ ပရတော ဃောသကို ရ၍ တရားထူးကို ရရှိကြမည်သာဖြစ်၏။

သီလ သမာဓိ ပညာပါရမီ မပြည့်စုံသေးသော မုဆိုး တံငါ စသည်တို့ကို ပရမတ်တရား ပညတ်တရား သမထဝိပဿနာတရားတွေကို ဟောကြားပြသလျှင် ထိုမုဆိုးတံငါတို့သည် ပါရမီ မပြည့်စုံသေးသောကြောင့် ယခုဘဝ၌ တရားထူး မရနိုင်ကြသော်လည်း ရုပ် နာမ်တရားတို့အပေါ်၌ သုတမယဉာဏ် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ်တို့ကိုမူကား ရနိုင်ကြပေလိမ့်မည်။

သို့သော် အတိတ်ဘဝက သီလပါရမီ ခေတ်ခံနည်းပါးမှုကြောင့် ယခုဘဝ၌ မုဆိုး တံငါအလုပ်ကို လွတ်လွတ်ကျွတ်ကျွတ် မစွန့်လွှတ်နိုင်ရကား လောကုတ္တရာ တရားထူးကိုတော့ရနိုင်ကြမည်မဟုတ်ပေ၊ သို့ရာတွင် ပရမတ်ပညတ်နှင့် ရုပ် နာမ် နှစ်ပါးတို့ကို ရှုပွားခွင့်ရသောကြောင့် ၎င်းတို့အတွက် ၎င်းတို့နှင့်ထိုက်တန်သော လူဖြစ်ကျိုးနပ်မှုကိုကား ရနိုင်ကြမည်သာတည်း။

ထို့ကြောင့် စုဒိတကပြောဆိုသော—

"ပင်လယ်ပြင်များ၌ ပိုက်ထောင် ငမင်းထောင်အလုပ်ဖြင့် ဝမ်းစာ အတွက် ရှာဖွေ စားသောက်နေကြရသော ဗုဒ္ဓဘာသာဝင်တို့သည် ဤသာသနာအတွင်း၌ လူဖြစ်ကျိုးမနပ် ဖြစ်ကြရတော့မည်" ဟူသော စကားသည် မှန်ကန်သောစကားမဟုတ်ချေ၊

## ဒေသနက္ကမနှင့်စပ်လျဉ်းသည့်စောဒနာ

ပါဠိတော်အဋ္ဌကထာ ဋီကာတို့၌ ဒေသနက္ကမအားဖြင့် သီလသမာဓိ ပညာ ဟု ဟောထားပါလျက် ကျောက်ပုံဝါဒီတို့က အနတ္တသိပညာကိုသာ ရှေးဦးစွာသိရမည်ဖြစ်၍ ပညာ သီလ သမာဓိ ဟု ပြောင်းပြန်လှန်ထားခြင်းသည် မဖြစ်နိုင်သော လမ်းစဉ်ကြီးများကို ရိုးသားသော ဗုဒ္ဓဘာသာတို့ တရားလမ်းကြောင်း မှားအောင် ရေးသားဟောပြောခြင်းသာဖြစ်ပါသည်—

ဟူ၍ စောဒက ပုဂ္ဂိုလ်တို့က စောဒနာ၏။

## စုဒိတကတို့၏ ချေပချက်

ကျောက်ပုံ တောရဆရာကြီးသည် ပဋိပတ္တိတည်းဟူသော "ဒုက္ခနိရောဓဂါမိနီပဋိပဒါ" ဆိုသည့် မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါ လမ်းစဉ်အရ (ပညာ·သီလ·သမာဓိ) ဟု ရေးသားလိုက်ခြင်း ဖြစ်ပါသည်၊ ထိုမဂ္ဂင်ရှစ်ပါး ပဋိပဒါလမ်းစဉ်တရား၌—

၁။ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပနှစ်ပါးသည် ပညာမဂ္ဂင်ဟူ၍ လည်းကောင်း၊

၂။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သုံးပါးသည် သီလမဂ္ဂင်ဟူ၍လည်းကောင်း၊

၃။ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ သုံးပါးသည် သမာဓိမဂ္ဂင်ဟူ၍လည်းကောင်း—

ရှိလေရာ ပညာမဂ္ဂင်နှစ်ပါးကို ရှေးဦးစွာထားပြီး သီလ အလယ် သမာဓိနောက်ဆုံးထားလျက် ဟောကြားထားသည်ကို ဝိနည်းဓိုရ် ဆရာတော်ဘုရားကြီးနှင့် စောဒကဆရာတော်များ သိရှိကြပြီးဖြစ်ပါသည်ဘုရား—

ဟူ၍ စုဒိတကပုဂ္ဂိုလ်က ချေပ၏။

### ထိုစောဒနာနှင့် ချေပချက်တို့ကို သုံးသပ်ခြင်း

### သီလ အင်္ဂသီလ အခွဲ

တတ္ထ ပဉ္စသီလံ သီလံ နာမ၊ တံ ဉပါဒါယ ဒသသီလံ အဓိသီလံ နာမ။ (အံ ဋ္ဌ ၂။၂၁၄)

မြန်မာပြန်

သီလစသည်တို့တွင် ငါးပါးသီလသည် သီလမည်၏၊ ထိုငါးပါးသီလကို ထောက်၍ ဆယ်ပါးသီလသည် အဓိသီလမည်၏။

ထိုဆယ်ပါးသီလကို ထောက်၍ လေးပါးသော ပါရိသုဒ္ဓိသီလသည် အဓိ-သီလမည်၏။

အထက်ပါ အဋ္ဌကထာပါဌ်ဖြင့် အဋ္ဌကထာဆရာသည် လောကီသီလတို့၏ သီလမည်ပုံနှင့် အဓိသီလမည်ပုံကို ဖွင့်ပြ၏။

တနည်းဖွင့်ဆိုချက်

အပိ စ သဗ္ဗမ္ပိ လောကိယသီလံ သီလံ နာမ၊ လောကုတ္တရသီလံ အဓိသီလံ။ (အံ ဋ္ဌ ၂။၂၁၄)

မြန်မာပြန်

တနည်းသော်ကား အလုံးစုံသော လောကီသီလသည် သီလမည်၏၊ လောကုတ္တရာသီလသည် အဓိသီလမည်၏။

အထက်ပါ အဋ္ဌကထာဖြင့် အဋ္ဌကထာဆရာသည် လောကီသီလသည် သီလမည်၍ လောကုတ္တရာသီလသည် အဓိသီလမည်ပုံကို တနည်းဖွင့်ပြ၏။

စိတ္တ အဓိစိတ္တ အခွဲ

ကာမာဝစရစိတ္တံ ပန စိတ္တံ နာမ၊ တံ ဥပါဒါယ ရူပါဝစရံ အဓိစိတ္တံ နာမ၊ တမ္ပိ ဥပါဒါယ အရူပါဝစရံ အဓိစိတ္တံ နာမ။ (အံ ဋ္ဌ ၂။၂၁၄)

မြန်မာပြန်

ကာမာဝစရစိတ်သည် စိတ္တမည်၏၊ ထိုကာမာစရစိတ်ကို ထောက်၍ ရူပါဝစရ စိတ်သည် အဓိစိတ္တမည်၏၊ ထိုရူပါဝစရ စိတ်ကို ထောက်၍ အရူပါဝစရစိတ်သည် အဓိစိတ္တမည်၏။

အထက်ပါ အဋ္ဌကထာပါဌ်ဖြင့် အဋ္ဌကထာဆရာသည် ကာမာဝစရစိတ်စသည်တို့၏ စိတ္တမည်ပုံ အဓိစိတ္တမည်ပုံကို ဖွင့်ပြ၏။

တနည်းဖွင့်ဆိုချက်

အပိ စ သဗ္ဗမ္ပိ လောကိယစိတ္တံ စိတ္တမေဝ၊ လောကုတ္တရံ အဓိစိတ္တံ။ (အံ ဋ္ဌ ၂။၂၁၄)

မြန်မာပြန်

တနည်းသော်ကား အလုံးစုံသော လောကီစိတ်သည် စိတ္တမည်၏၊ လောကုတ္တရာစိတ်သည် အဓိစိတ္တမည်၏။

အထက်ပါအဋ္ဌကထာပါဌ်ဖြင့် အဋ္ဌကထာဆရာသည် လောကီစိတ်သည် စိတ္တမည်၍ လောကုတ္တရာစိတ်သည် အဓိစိတ္တမည်ပုံကိုဖွင့်ပြ၏။

ပညာ အဓိပညာ အခွဲ

ပညာယပိ ဧသေဝ နယော။ (အံ ဋ္ဌ ၂။ ၂၁၄)

မြန်မာပြန်

ပညာ၌လည်း ဤနည်းအတိုင်းသာတည်း။

အထက်ပါ အဋ္ဌကထာပါဌ်ဖြင့် အဋ္ဌကထာဆရာသည် ပညာနှင့်စပ်လျဉ်း၍ အကျဉ်းချုံးဖွင့်ပြ၏။

ထိုအကျဉ်းချုံးဖွင့်ပြချက်ကို ပါရာဇိကဏ် အဋ္ဌကထာကိုထုတ်ပြ၍ထင်ရှားစေအံ့—

> အတ္ထိ ဒိန္နံ အတ္ထိ ယိဋ္ဌန္တိ အာဒိနယပဝတ္တံ ပန ကမ္မဿကတဉာဏံ ပညာ။ ပ။ တိလက္ခဏာ ကာရပရိစ္ဆေဒကံ ' န ဝိ . ဿနာဉာဏံ အဓိပညာတိ ဝုစ္စတိ။ ပ။ တတော ပိ စ မဂ္ဂဖလပညာဝ အဓိပညာ။
>
> (ဝိ ဋ္ဌ ၁။ ၂၁၀)

မြန်မာပြန်

အလှူ၏အကျိုးသည်ရှိ၏၊ ယဇ်ပူဇော်ခြင်း၏ အကျိုးသည်ရှိ၏၊ ဤသို့အစရှိသောနည်းဖြင့်ဖြစ်သော ကမ္မဿကတဉာဏ်သည် ပညာမည်၏။ ပ၊ သုံးပါးသော လက္ခဏာ၊ အခြင်းအရာကိုပိုင်းဖြတ်တတ်သော ဝိပဿနာဉာဏ်ကို အဓိပညာဟူ၍ ဆိုအပ်၏။ ပ။ ထိုဝိပဿနာဉာဏ်အဓိပညာထက်လည်း မဂ်ဖိုလ် ပညာသည်သာလျှင် အဓိပညာမည်၏။

ဤပါရာဇိကဏ်အဋ္ဌကထာဖြင့် အဋ္ဌကထာဆရာသည် ကမ္မဿကတဉာဏ်နှင့် ဝိပဿနာဉာဏ်တို့၏ ပညာမည်ပုံနှင့် အဓိပညာမည်ပုံကိုလည်းကောင်း လောကုတ္တရာမဂ်ဖိုလ်ပညာ၏ အဓိပညာမည်ပုံကိုလည်းကောင်း ဖွင့်ပြ၏။

အထက်ပါ အဋ္ဌကထာဆရာ၏ ဖွင့်ဆိုပုံများကိုထောက်သော် လောကီဖြစ်သော သီလ စိတ္တ ပညာတို့သည် သီလစိတ္တပညာဟူသောအမည်တို့ကို ရသည့်ပြင် အချင်းချင်းထောက်ဆ၍ အဓိသီလ အဓိစိတ္တ အဓိပညာဟူသော အမည်တို့ကိုလည်း ရကြကုန်၏ဟု သိသာ၏။

တနည်း—လောကီတရားတို့သည် သီလ စိတ္တ ပညာဟူသော အမည်ကိုသာ ရကြ၍ လောကုတ္တရာတရားသည်ကား အဓိသီလ-အဓိစိတ္တ-အဓိပညာဟူသော အမည်ကို ရလေသည်ဟု သိသာ၏။

ပရိယာယ နိပ္ပရိယာယခွဲခြင်း

လောကိယသီလဿ အဓိသီလဘာဝေါ၊ ပရိယာယေနာတိ
နိပ္ပရိယာယမေဝ ဒဿေတုံ၊ အပိ စ သဗ္ဗမ္ပိ လောကိယန္တိအာဒိ ဝုတ္တံ။

(အံ ဋီ ၂။၁၁၆)

မြန်မာပြန်

လောကီသီလ၏ အဓိသီလအဖြစ်သည်ပရိယာယ်အားဖြင့်ဖြစ်၏၊ ထို့ကြောင့် မုချအားဖြင့် ထိုအဓိသီလကိုပြခြင်းငှာ သဗ္ဗမ္ပိ လောကိယံ-အစရှိသောစကားကို ဆိုအပ်၏။

အထက်ပါ အင်္ဂုတ္တရဋီကာကိုထောက်ပြန်သော်လောကီဖြစ်သော သီလစိတ္တ ပညာတို့သည် သီလ စိတ္တ ပညာသာမည်ကြ၍ လောကုတ္တရာသီလစိတ္တပညာ တို့သည်ကား အဓိသီလ အဓိစိတ္တ အဓိပညာမည်ကုန်၏ဟု သိသာပြန်၏။

ဤဆိုအပ်ပြီးသော စကားရပ်တို့၌ ပါရှိသော စိတ္တ အဓိစိတ္တတို့ဟူသည် စိတ်ကို ခေါင်းတပ်ပြောဆိုသော သမာဓိတို့ပင်ဖြစ်၏၊ ထိုဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာ-ဋီကာတို့ကိုထောက်ဆ၍ သီလ သမာဓိ ပညာဟူသော အမည်သည် အများအားဖြင့် သက်ဆိုင်ရာ လောကီတရားတို့၏ အမည်ဖြစ်သည်ကိုလည်း ကောင်း အဓိသီလ အဓိစိတ္တ အဓိပညာဟူသောအမည်သည် သက်ဆိုင်ရာ လောကုတ္တရာတရားတို့၏ အမည်ဖြစ်သည်ကိုလည်းကောင်း သိအပ်၏။

ထို့ကြောင့် လောကီ၌ အသုံးများသော ထိုသီလ သမာဓိ ပညာ ဟူသော တရားသုံးခုကို ဒေသနက္ကမ စဉ်လိုက်သည့်အခါ သီလကို အစထား၍ စဉ်သင့်၏၊ အကြောင်းကား လောကီတရားတို့သည် စိတ်ပြဋ္ဌာန်းခြင်းရှိကုန်၏၊ ထိုစိတ်ကို သီလဖြင့် ဖြူစင်အောင်ပြုလုပ်ရမည်ဖြစ်၏။

လောကိယမ္ဟိ ပဘဿ စိတ္တံ ဇေဋ္ဌကံ စိတ္တံ ဓုရစိတ္တံ ပုဗ္ဗင်္ဂမံ ဟောတိ။

(အဘိ ဋ္ဌ ၁။၁၃၀)

မြန်မာပြန်

လောကီတရားသို့ရောက်သည်ရှိသော် စိတ်သည် အကြီးဖြစ်၏၊ စိတ်သည် အမှူးဖြစ်၏၊ စိတ်သည် ရှေ့သွားဖြစ်၏။

အထက်ပါ အဋ္ဌကထာပါဠိဖြင့် အဋ္ဌကထာဆရာသည် လောကီ၌ စိတ်ပြဋ္ဌာန်းပုံမွေ့သွားဖြစ်ပုံကို ဖွင့်ပြ၏။

စိတ္တေ ဂဟပတိ အရက္ခိတေ ကာယကမ္မမ္ပိ အရက္ခိတံ ဟောတိ၊ ဝစီကမ္မမ္ပိ အရက္ခိတံ ဟောတိ၊မနောကမ္မမ္ပိ အရက္ခိတံ ဟောတိ။
(အဘိ ဋ္ဌ ၁။၁၁၁)

မြန်မာပြန်

အိမ်ရှင်သူဌေးကြီး စိတ်ကို မစောင့်ရှောက်အပ်သည်ရှိသော် ကာယကံကိုလည်း မစောင့်ရှောက်အပ်သည်မည်၏၊ ဝစီကံကိုလည်း မစောင့်ရှောက်အပ်သည် မည်၏၊ မနောကံကိုလည်း မစောင့်ရှောက်အပ်သည်မည်၏၊

အထက်ပါ သာဓကပါဠိဖြင့် အဋ္ဌကထာဆရာသည် စိတ်ကို သီလဖြင့် စောင့်ရှောက်ရမည်အဖြစ်ကို ဖွင့်ပြ၏။

ထို ဆိုအပ်ခဲ့ပြီး အဋ္ဌသာလိနီ အဋ္ဌကထာလာ စကားနှစ်ရပ်တို့ဖြင့် လောကီ၌ စိတ်သည် ရွေ့သွားဖြစ်သည်ကိုလည်းကောင်း ထို ရွေ့သွားဖြစ်သောစိတ်ကို သီလဖြင့် စောင့်ရှောက် ဖြူစင်စေရမည်ကိုလည်းကောင်း ဖွင့်ပြတော်မူ၏။

ထို အဋ္ဌကထာဆရာ ဖွင့်ဆိုချက်များကိုထောက်၍ လောကီ၌ စိတ်ရွေ့သွားဖြစ်သကဲ့သို့ ထို ရွေ့သွားဖြစ်သောစိတ်ကို ဖြူစင်စေတတ်သော သီလသည်လည်း စိတ်နည်းတူ လောကီ၌ ရွေ့သွားပင်ဖြစ်ရပေမည်၊ ထို့ကြောင့် လောကီကျင့်စဉ်အနေအားဖြင့် သီလကို အစထားသင့်၏။

## သမာဓိကို အလယ်ထားခြင်း

ဣဒါနိ ယသ္မာ ဧဝံ ဓုတင်္ဂပရိဟရဏသမ္ပာဒိတေဟိ အပ္ပိစ္ဆတာဒီဟိ ဂုဏေဟိ ပရိယောဒါတေ ဣမသ္မိံ သီလေ ပတိဋ္ဌိတေန "သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊စိတ္တံ ပညဉ္စ ဘာဝယ"န္တိ ဝစနတော စိတ္တသီသေန နိဒ္ဒိဋ္ဌော သမာဓိ ဘာဝေတဗ္ဗော။
(ဝိသုဒ္ဓိ ဋ္ဌ ၁။၈၁)

မြန်မာပြန်

ယခုအခါ ဓုတင်္ဂနိဒ္ဒေသကိုဖွင့်ပြီး၍ ဤသို့ဓုတင်ဆောင်ခြင်းဖြင့် ပြည့်စုံစေအပ်ကုန်သော အလိုနည်းသောသူ၏ အဖြစ်အစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် ညစ်ကြေးမတင် ဖြူစင်သော ဤစတုပါရိသုဒ္ဓိသီလ၌တည်သော ယောဂီပုဂ္ဂိုလ်သည်—

"သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ" ဟု ဟောတော်မူသောကြောင့် စိတ်ကိုပဓာနပြု၍ ညွှန်ပြအပ်သော သမာဓိကို ပွားများရမည်ဟု သိအပ်၏၊ ထို့ကြောင့် သမာဓိကို သီလ၏နောက် ပညာ၏ရှေ့ သီလပညာနှစ်ပါးတို့၏ အလယ်၌ ထားအပ်၏။

## ပညာကိုနောက်ဆုံး၌ထားခြင်း

သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ ( သံ၊၂။၁၂)

ပြန်မာပြန်

ရဟန်းတို့ သမာဓိကို ပွားများကြကုန်လော့၊ ရဟန်းတို့ တည်ကြည်သော သမာဓိရှိသောရဟန်းသည် မဖောက်မပြန် ဟုတ်မှန်တိုင်း အပြားအားဖြင့်သိ၏။

အထက်ပါ သံယုတ်ပါဠိတော်ဖြင့် ယောဂီပုဂ္ဂိုလ်သည် သမာဓိစခန်းမှပညာစခန်းသို့ တက်ရောက်သွားပုံကိုဟောတော်မူ၏၊ ပညာစခန်းသို့တက်ရောက်ရာတွင် ပထမအနေဖြင့် ဝိပဿနာပညာ ဂေါတြဘူပညာတည်းဟူသော လောကီပညာစခန်းသို့ တက်ရောက်ပြီးနောက် မဂ်ပညာတည်းဟူသော အဓိပညာစခန်းသို့ တက်ရောက်ရမည်ဖြစ်၏။

ထို့ကြောင့် သမာဓိပြီးလျှင် ပညာကိုဒေသနာအစဉ်ချ၍ ဟောကြားရမည်မှာ မသွေအမှန်ဖြစ်တော့၏၊ ဤသို့အားဖြင့် သီလ၊ သမာဓိ၊ ပညာ ဟူသော ဒေသနက္ကမ (ဒေသနာဟောစဉ်) သည် ဖြစ်ပေါ်လာရ၏။

ထိုမှတပြာ ဝိသုဒ္ဓိမဂ် နိဒါနာဒိကထာ၌ မိန့်ဆိုတော်မူသည်မှာ—

**ဘာသာပြန်**

သီလဖြင့်သာသနာတော်၏ အစကောင်းသောအဖြစ်ကို ပြတော်မူသည်၊ ထိုစကားမှန်၏၊ မြတ်စွာဘုရားသည် "ကော စာဒိ ကုသလာနံ ဓမ္မာနံ သီလဉ္စ သုဝိသုဒ္ဓံ" ကုသိုလ်တရားတို့၏ အစကား အဘယ်နည်း၊ကောင်းစွာအထူးသဖြင့် စင်ကြယ်သော သီလပေတည်းဟူ၍ ဟောတော်မူသောကြောင့် လည်းကောင်း "သဗ္ဗပါပဿ အကရဏံ" အလုံးစုံသော အကုသိုလ်တရားတို့ကို မပြုခြင်းသည် ရှိ၏ဟူ၍ ဟောတော်မူသောကြောင့်လည်းကောင်း သီလသည်သာသနာတော်၏ အစမည်၏။

ထို အဓိသီလသိက္ခာဖြစ်သော သီလသည်နှလုံးရွှင်ပျခြင်းစသော ကျေးဇူးဂုဏ်ကို ဆောင်တတ်သောကြော ကောင်းသည်ဖြစ်၏၊ သမာဓိဖြင့် သာသနာတော်၏ အလယ်ကောင်းခြင်းကိုပြ၏၊ "ကုသလဿ ဥပသမ္ပဒါ"စသည်ဖြင့် ဟောတော်မူသောကြောင့်-သမာဓိသည် သာသနာတော်၏အလယ်ဖြစ်၏၊ ထို သမာဓိသည် ဖန်ဆင်းခြင်းစသော ဂုဏ်ကိုဆောင်တတ်သောကြောင့် ကောင်းသည်မည်၏။

ပညာဖြင့် သာသနာတော်၏ အဆုံးကောင်းခြင်းကိုပြ၏၊ "သစိတ္တ ပရိယောဒပနံ ဧတံ ဗုဒ္ဓါနသာသနံ"ဟူ၍ ဟောတော်မူသောကြောင့်လည်းကောင်း၊

သာသနာတော်တွင် ပညာသည် အလွန်မြတ်သောတရားထူးဖြစ်သည်၏ အဖြစ်ကြောင့်လည်းကောင်း ပညာသည် သာသနာတော်၏ အဆုံးမည်၏ဟူ၍ပင်ဖြစ်၏။ (ဝိသုဒ္ဓိမဂ်ဘာသာပြန်၊၈-၉)

ဤဝိသုဒ္ဓိမဂ်နိဒါနာဒိကထာလာ မိန့်ဆိုချက်များဖြင့်လည်း သီလ သမာဓိ ပညာအစဉ်ကို သိအပ်၏။

ထို့ကြောင့် လောကီနယ်ပယ်၌ ပညာ သီလ သမာဓိ ဟု ဒေသနက္ကမ (ဒေသနာဟောစဉ်)ကို ဖျက်၍ဟောပြောရေးသားသော ဦးစံရင်း၏ဝါဒသည် အဓမ္မဝါဒသာဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

**လောကုတ္တရာနယ်ပယ်၌ဒေသနက္ကမဖျက်ခြင်းကို သုံးသပ်ခြင်း**

စုဒ်ပဲ့ကပုဂ္ဂိုလ်က–

၁။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင်နှစ်ပါးသည် ပညာမဂ္ဂင် ဟူ၍လည်းကောင်း။

၂။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝသုံးပါးသည် သီလမဂ္ဂင်ဟူ၍ လည်းကောင်း။

၃၊ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိ သုံးပါးသည် သမာဓိမဂ္ဂင်ဟူ၍လည်းကောင်း—

ဖော်ပြ၍ ပညာ သီလ သမာဓိ ဟု စဉ်ပြ၏။

အဆိုပါစဉ်ပြချက်သည် လောကုတ္တရာ မဂ္ဂင်ရှစ်ပါးအနေဖြင့် မှန်သော်လည်း ဤအစဉ်ကိုကြည့်၍ လောကီနယ်ပယ်အပါအဝင် နေရာတိုင်းတွင် ဤပုံစံအတိုင်းစဉ်ပြရမည်မဟုတ်ပေ၊ လောကီနယ်ပယ်၌စဉ်ပုံကို အထက်ကပြဆိုခဲ့ပြီးဖြစ်၏။

ဤလောကုတ္တရာ မဂ္ဂင်ရှစ်ပါး၌ ပညာ သီလ သမာဓိဟု ဒေသနက္ကမပြု၍ ဟောကြားရခြင်းမှာ အကြောင်းရှိပါသည်၊ ထိုအကြောင်းကို အောက်ပါအဋ္ဌသာလိနီ အဋ္ဌကထာဖြင့် သိအပ်၏—

**ပညာပြဋ္ဌာန်းပုံပြ အဋ္ဌကထာ**

လောကုတ္တရခမ္မံ ပတွာ ပညာ ဇေဋ္ဌိကာ ပညာ ဓုရာ ပညာ ပုဗ္ဗင်္ဂမာ။
(အဘိ ဋ္ဌ ၁။၁၁၀)

အနက်

လောကုတ္တရဓမ္မံ၊ လောကုတ္တရာ တရားသို့။ ပတ္တာ၊ ရောက်သည်ရှိသော်။ ပညာ၊ ပညာသည်။ ဇေဋ္ဌိကာ၊အကြီးဖြစ်၏။ ပညာ၊ ပညာသည်၊ဓုရာ၊အမှူးဖြစ်၏။ ပညာ၊ ပညာသည်။ ပုဗ္ဗင်္ဂမာ၊ရှေ့သွားဖြစ်၏။

အထက်ပါ အဋ္ဌသာလိနီ အဋ္ဌကထာဖြင့် လောကုတ္တရာနယ်ပယ်၌ ပညာ ပြဋ္ဌာန်းကြောင်း ထင်ရှား၏၊ လောကုတ္တရာနယ်ပယ်၌ ပညာပြဋ္ဌာန်းကြောင်း ဟောပြတော်မူလိုသော မြတ်စွာဘုရားသည် ပညာထိုက်သော သမာဒိဋ္ဌိ သမ္မာသက်ပ္ပမဂ္ဂင်နှစ်ပါးကို အစသား၍ ဟောတော်မူ၏။

## ပညာပြဋ္ဌာန်းပုံပြ ပါဠိတော်

ကေယာ ခေါ ဘိက္ခဝေ ဣန္ဒြိယာ ဘာဝိတတ္တာ ဗဟုလီကတတ္တာ ခီ-ဏာသဝေါ ဘိက္ခု အညံ ဗျာကရောတိ"ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာမီ"တိ။ ကတမဿ ဧကဿ၊ ပညိန္ဒြိယ ဿ။ ပညာဝတော ဘိက္ခဝေ အရိယသာဝကဿ တဒန္ဝယာ သဒ္ဓါ သဏ္ဌာတိ၊ တဒန္ဝယံ ဝီရိယံ သဏ္ဌာတိ၊ တဒန္ဝယာ သတိ သဏ္ဌာတိ၊ တဒန္ဝယော သမာဓိ သဏ္ဌာတိ။ (သံ-၃။ ၁၉၅)

ဘာသာပြန်

ရဟန်းတို့ တခုသော ဣန္ဒြေကို ပွားများအပ်သည်၏ အဖြစ်ကြောင့် ကြိမ်ဖန်များစွာ ပြုအပ်သည်၏အဖြစ်ကြောင့် ကုန်ပြီးသော အာသဝေါရှိသော ရဟန်းသည် အရဟတ္တဖိုလ်ကို ဖြေကြား၏၊ (အဘယ်သို့ ဖြေကြားသနည်း) ပဋိသန္ဓေ နေခြင်းသည် ကုန်ပြီ၊ မြတ်သောအကျင့်ကို ကျင့်သုံးပြီးပြီ၊ ပြုသင့်ပြုထိုက်သော မဂ်ကိစ္စတဆယ့်ခြောက်ချက်ကို ပြုအပ်ပြီ၊ ဤမဂ်ကိစ္စ တဆယ့်ခြောက်ချက်၏ အဖြစ်အကျိုးငှာ တပါးသော ပြုဖွယ်ကိစ္စမရှိပြီ၊ဤသို့အပြားအားဖြင့် သိအပ်၏။

ဤသို့ဖြေကြား၏၊ အဘယ်မည်သော တခုသောတရားကို ပွားများခြင်းကြောင့် ကြိမ်ဖန်များစွာပြုခြင်းကြောင့် ကုန်ပြီးသော အာသဝေါရှိသောရဟန်းသည် အရဟတ္တဖိုလ်ကို ဖြေကြားသနည်း။ ပညိန္ဒြေကို ပွားများအပ်သည်၏ အဖြစ်ကြောင့် ကြိမ်ဖန်များစွာ ပြုအပ်သည်၏ အဖြစ်ကြောင့် ကုန်ပြီးသော အာသဝေါရှိသောရဟန်းသည် အရဟတ္တဖိုလ်ကို ဖြေကြား၏။ ရဟန်းတို့ ပညာရှိသော အရိယာသာဝကအား ထိုပညာအားလျော်သော သဒ္ဓါသည် ကောင်းစွာတည်၏၊ ထိုပညာအားလျော်သော ဝီရိယသည် ကောင်းစွာတည်၏၊ ထိုပညာအားလျော်သော သမာဓိ ကောင်းစွာတည်၏။

အထက်ပါ ပါဠိတော်ဖြင့် မြတ်စွာဘုရားသည် လောကုတ္တရာနယ်ပယ်၌ ပညာ ပြဋ္ဌာန်းကြောင်း ဟောပြတော်မူ၏၊ ပညာမှတပါးသော သဒ္ဓါဝီရိယစသည်တို့ သည် ပညာ၏နောက်လိုက်တို့သာ ဖြစ်ကုန်၏။

ယင်းသို့ ပညာပြဋ္ဌာန်းသည်ဟု ဆိုသော်လည်း ပညာကအရင်ဖြစ်၍ နောက်မှ သီလ၊သမာဓိတို့က ဖြစ်သည်ဟု မဆိုလိုပေ၊ အကြီးအမှူးဖြစ်သည်ကိုသာ ဆိုလို ၏၊ မှန်ပါသည်၊ ဤလောကုတ္တရာမဂ္ဂင်ရှစ်ပါး၌ -

ပညာ ထိုက်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပမဂ္ဂင်

သီလထိုက်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝမဂ္ဂင်

သမာဓိထိုက်သော သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိမဂ္ဂင် တို့သည် တပြိုင်နက် ဖြစ်ပေါ်ကြကုန်၏။

ထို့ကြောင့် တပြိုင်နက်ဖြစ်ပေါ်လာသော မဂ္ဂင်ရှစ်ပါးအစဉ်ကို ကြည့်ရှု၍ ဤလောကုတ္တရာနယ်ပယ်၌ စုဒိတကပုဂ္ဂိုလ်ပြောသလို ပညာ၊ သီလ၊ သမာဓိဟု ကျင့်စဉ်မပြုလုပ်ထိုက်ပေ။

ယင်းသို့ဖြစ်လျှင် ဤလောကုတ္တရာနယ်ပယ်၌ အဘယ်သို့လျှင် အဓိသီလ အဓိစိတ္တ အဓိပညာဟု အစဉ်ဖြစ်ပါသနည်းဟု မေးရန်ရှိ၏၊ ထိုသို့ မေးသည်ရှိ သော် လောကီအခိုက်အခါက သီလ သမာဓိ ပညာဟူသောအစဉ်ကို အစွဲပြု၍ ဤလောကုတ္တရာနယ်ပယ်၌လည်း အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဟူသော အစဉ် သည် ဖြစ်ပေါ်လာရ၏ဟု ဖြေကြားရမည်ဖြစ်၏၊ ယင်းသို့ လောကီသီလ သမာဓိ ပညာကို အစွဲပြု၍ (ဝါ) ထောက်၍ လောကုတ္တရာနယ်ပယ်၌ အဓိသီလ အဓိစိတ္တ အဓိပညာဟု အစဉ်ပြုလုပ်၍ ခေါ်ဆိုရပုံကို အထက်က ပြဆိုခဲ့ပြီး ဖြစ်၏။

မှန်ပါသည်၊ လောကီနယ်ပယ်၌ ယောဂီပုဂ္ဂိုလ်သည် နည်းနည်းဖြစ်စေ ရှောင်ကြဉ်မှုသီလကို ရှေးဦးစွာ ပြည့်စုံစေရ၏၊ ထို့နောက် နည်းနည်းဖြစ်စေ ဆင်ခြင်ပွားများ အားထုတ်ခြင်းဖြင့် သမာဓိကိုဖြစ်စေရ၏၊ ထိုနောက်မှ လော ကီဝိပဿနာပညာ ဂေါတြဘူပညာနှင့် လောကုတ္တရာမဂ်ပညာတို့သည် အစဉ် အတိုင်းဖြစ်ပေါ်လာကြ၏၊ ထိုသို့ လောကီနယ်ပယ်၌ အစဉ်အတိုင်းဖြစ်ပေါ်လေ့ ရှိသော လောကီသီလကို ထောက်၍ ထို လောကီသီလထက် လွန်ကဲသော လောကုတ္တရာသီလကို အဓိသီလဟုခေါ်၏။

ထို့အတူ လောကီနယ်ပယ်၌ အစဉ်အတိုင်း ဖြစ်ပေါ်လေ့ရှိသော လောကီ စိတ် (ဝါ) လောကီသမာဓိကိုထောက်၍ ထိုလောကီစိတ် လောကီသမာဓိထက် လွန်ကဲသော လောကုတ္တရာစိတ် လောကုတ္တရာသမာဓိကို အဓိစိတ္တဟုခေါ်ရ၏။

ထို့အတူပင် လောကီနယ်ပယ်၌ အစဉ်အတိုင်းဖြစ်ပေါ်လေ့ရှိသော လောကီပညာကို ထောက်၍ ထိုလောကီပညာထက်လွန်ကဲသော လောကုတ္တရာ ပညာကို အဓိပညာဟုခေါ်ရ၏။

လောကုတ္တရာ မဂ္ဂင်ရှစ်ပါးတို့သည် တပြိုင်နက်ဖြစ်သောကြောင့် အဓိသီလ အဓိစိတ္တ အဓိပညာတို့တွင် မည်သည့်တရားက ရှေ့ဖြစ်သည်၊ မည်သည့်တရားက နောက်ဖြစ်သည်ဟူ၍ ကျင့်စဉ်ပြုလုပ်၍ မရကောင်းပေ။

ကျင့်စဉ်ပြုလုပ်၍ရကောင်းသော လောကီသီလ သမာဓိ ပညာတို့မှ ထို့ ထက်ဖြစ်ထွန်းလာသော လောကုတ္တရာ အဓိသီလ အဓိစိတ္တ အဓိပညာတို့ကို ထို တိုးတက်ဖြစ်ထွန်းလာရာ အမှန်အစဖြစ်သော လောကီ သီလ သမာဓိ ပညာ တို့၏ အစဉ်အတိုင်းသာလျှင် လောကုတ္တရာ၌လည်း အဓိသီလ အဓိစိတ္တ အဓိ- ပညာဟု အစဉ်ပြုလုပ်၍ ဟောကြားတော်မူအပ်၏။

ထို့ကြောင့် လောကုတ္တရာမဂ္ဂင်ရှစ်ပါးစဉ်နေဟန်ကို ကြည့်ရှုပြီးလျှင် ပညာ သီလ သမာဓိဟု ကျင့်စဉ်ပြုလုပ်၍ ဟောပြောရေးသားသော ဦးစံရင်၏ ဝါဒ သည် အဓမ္မဝါဒသာဖြစ်သည်ဟု ယူဆတော်မူကြသည်။

---

## စောဒနာ အမှတ်(၁၀) သုံးသပ်ချက်

စောဒကဆရာတော်တို့က ကျောက်ပုံဝါဒီတို့သည် ဓမ္မနိယာမခေါ်ဖြစ်ပျက် သန္တတိအစဉ်ကိုအနိစ္စ ဒုက္ခ အနတ္တ ရှုနေလျှင် ရှုလို့မဆုံး သန္တတိဝဲစလုပ်တွင် နစ်မြုပ်နေမည်ဟုဆိုကြ၏။

> ဤတွင် စောဒကဆရာတော်တို့သည် ဖြစ်ပျက်ကို မရှုလျှင် သန္တတိ ခေါ် ဃနအဖုံးခံနေရသဖြင့် အနိစ္စလက္ခဏာ မထင်နိုင်ကြောင်း သန္တတိ ဃနဖြိုခွဲမှ အနိစ္စလက္ခဏာထင်ကြောင်း သာကေပြကာ ဖြစ်ပျက် သန္တတိ ရှုရမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြစောဒနာခဲ့ကြ၏။

## ဓမ္မနိယာမအဆိုဖြင့် ကျောက်ပုံဝါဒပျက်

ဤနေရာ၌ ဓမ္မနိယာမဟူသည် အဘယ်နည်း၊ တရားတို့၏ ဖြစ်မြဲအစဉ်အလာ အဖြစ်မှန်ဆိုလို၏၊သို့ဖြစ်လျှင် ထိုအစဉ်အလာအတိုင်းဖြစ်နေသော အရှိတရားကို ရှုမှသာ အမှန်တရား သိရမည်မဟုတ်ပါလော၊ တရား တလုံးတလုံး ထုတ်ပြီး ဆရာကပြော တပည့်ကမှတ် စဉ်းစား ဤသို့သောနည်းအားဖြင့် သိရသော အသိသည် အရှိကို အမှန်ဖြစ်နေသော တရားကိုသိခြင်းဟုတ်ပါ၏လော၊ဖြစ်ပျက် သန္တတိအစဉ်ကို ဓမ္မနိယာမဆိုနေကြသော ကျောက်ပုံဝါဒီတို့သည် မိမိတို့နည်းက ဓမ္မနိယာမ မဟုတ်ဟု ဝန်ခံရာရောက်ခဲ့ပြီးဖြစ်သည့်အပြင် ဓမ္မနိယာမ မဟုတ်၍ လမ်းမမှန်ပါဟု ဆိုရာရောက်ခဲ့ပြီးဖြစ်တော့သည်။

ဝိပဿနာအရာ၌ အနိစ္စမြင်ဖို့အရေးကြီး၏၊ အနိစ္စမြင်ပါက ဒုက္ခအနတ္တဖြစ်မှု ကိစ္စပြီးတော့၏၊ အနိစ္စမမြင်ရသည်မှာ သန္တတိဃနဖုံးထားသောကြောင့် ဖြစ်၏၊ ထိုဃနကိုဥဒယဗ္ဗယဉာဏ်ဖြင့်ဖြိုချမှ အနိစ္စထင်မည်၊ဥပမာ ပုရွက်ဆိတ်တန်းကြီး ကို မျက်စိမှုန်သောလူက တတန်းထဲတသားထဲမြင်ရ၏၊ မျက်မှန်တပ်ကြည့်မှ တကောင်စီတကောင်စီ ရှေ့ဆင့် နောက်ဆင့် ကခြားစီ သွားနေခြင်းပါလားဟု အမှန်သိရ၏၊ ရုပ်နာမ်အရာ၌လည်း ဥဒယဗ္ဗယဉာဏ် မျက်မှန်ဖြင့်ကြည့်မှ သန္တတိ ကွဲပြိုလျက်ဖြစ်ပျက်နေသော တရားတခုစီကို ကွဲပြားစွာ သိနိုင်တော့သည်။

## အမြဲကုန်ဝါဒ သာဓကဖြင့်ပျောက်

ကျောက်ပုံဝါဒီတို့သည် ဥဒယဗ္ဗယဉာဏ်ကိုပင် ဥပါဒ် ဖြစ် ဘင် အပျက်ကို သိ သော ဉာဏ်ဟု မဆိုလိုကြ၊ဖြစ်ပုံဖြစ်နည်း ပျက်ပုံပျက်နည်းကို သိသောဉာဏ်ဆို၍ အဝိဇ္ဇာစသော အကြောင်းတရားတွေကိုသာ အရေးတကြီး ပြလေ့ရှိကြ၏၊ သူတို့၏အနိစ္စအပျက်က အမြဲကုန်ခန်း ပျောက်ပျက်နေသော အနိစ္စဖြစ်ရာ တရား အစဉ်တခု၏ အဖြစ်အပျက်ကို ဝန်ခံက သူတို့အနိစ္စပျက်ရမည်ဖြစ်ရာ အဘယ်မှာ ဝန်ခံနိုင်ပါအံ့နည်း။

ဝန်ခံသည်ဖြစ်စေ ဝန်မခံသည်ဖြစ်စေ ဧဘံ ရူပံ ပစ္စုပ္ပန္နံ-စသော ဒေသက တို့၏ သာဓကက ကျောက်ပုံတို့၏ အမြဲကုန်ဝါဒကို ပယ်ချခဲ့ပါပြီ၊ ပဋိပါဠိနည်း ရှုပုံသာဓကဖြင့်လည်း သန္တတိရုပ်နာမ်ကိုစ၍ ရှုမည်ဆိုသည်မှာ အလွန်ခိုင်လုံခဲ့ ပါပြီ။

## ဃနအတွက် ရှင်းလင်းချက်

ဤနေရာ၌ သန္တတိဃနနှင့် စပ်လျဉ်း၍ အခွင့်ဆိုက်လာသဖြင့် ဃနအတွက် ရှင်းလင်းချက်ကို ပြဆိုပါဦးမည်၊ကျောက်ပုံဝါဒီတို့သည် ဃနနှင့်စပ်၍ အမှားမှား အယွင်းယွင်းယူဆကာ များစွာသော ဃနတို့ကို တမျိုးဖန်တီးခဲ့ကြ၏၊ သူတို့ဃန ဖျက်ကြပုံမှာလည်း ပညာရှိတို့နယ်ဖွယ်သာ ဖြစ်ရပါသည်၊ ဤအရာဝယ် ကျမ်းဂန်လာ ဃနနှင့် စပ်သောအဆိုမှန်ကို ရှေးဦးစွာ ထုတ်ပြဦးမည်။

## ဃန ၄-ပါး အထူး

တခုတည်းကဲ့သို့ ထင်ရလောက်အောင် ပေါင်းတွဲပူးကပ် ဆက်စပ်နေသည်ကို ဃန ဆို၏၊ ထိုဃနကား—

သန္တတိဃန၊ သမူဟဃန၊ ကိစ္စဃန၊ အာရမ္မဏဃန အားဖြင့် လေးပါးရှိရာ ထိုလေးပါးတို့၏ ထူးခြားပုံကို ပြဆိုပါအံ့။

သန္တတိဃနာဒီနံ အယံ ဝိသေသော ပုရိမပစ္ဆိမာနံ နိရန္တရတာယ ဧကီဘူတာနမိဝ ပဝတ္တိ သန္တတိဃနတာ၊ တထာ ဖဿာဒီနံ ဧကသမူဟ-ဝသေန ဒုဗ္ဗိညေယျကိစ္စဘေဒဝသေန ဧကာရမ္မဏတာဝသေန စ ဧကီ-ဘူတာနမိဝ ပဝတ္တိ သမူဟာဒိဃနတာ။ ( မူလဋီ-၁၊ ၆၀ )

အယံ၊ ဤဆိုလတ္တံ့သည်ကား။ သန္တတိဃနာဒီနံ၊ သန္တတိဃန စသည်တို့၏။ ဝိသေသော၊ အထူးတည်း။ ပုရိမ ပစ္ဆိမာနံ၊ ရှေ့ကာလ နောက်ကာလ၌ဖြစ်ကုန်သောစိတ်တို့၏။နိရန္တရတာယ၊အကြားမရှိသည်၏ ဒ. ဖြစ်ကြောင့်။ဧကီဘူတာန-မိဝပဝတ္တိ၊ တစိတ်တည်း မဟုတ်သော်လည်း တစိတ်တည်းကဲ့သို့ဖြစ်ခြင်းသည်။ သန္တတိဃနတာ၊ သန္တတိဃနအဖြစ်မည်၏၊ တထာ၊ထိုမှတပါး။ ဖဿာဒီနံ၊ ဖဿ စသည်တို့၏။ ဧကသမူဟဝသေန စ၊ တပေါင်းတည်း၏ အစွမ်းဖြင့်လည်းကောင်း ( သမူဟဃန )။ဒုဗ္ဗိညေယျကိစ္စဘေဒဝသေန စ၊ သာမန်ဉာဏ်ရှင်တို့ မသိအပ် မသိနိုင်သော ကိစ္စအထူးအပြား အစွမ်းအားဖြင့်လည်းကောင်း (ကိစ္စဃန)။ ဧကာရမ္မဏတာဝသေန စ၊ တခုတည်းသောအာရုံရှိသည်၏ အစွမ်းအားဖြင့်လည်းကောင်း ( အာရမ္မဏဃန ) ဧကီဘူတာနမိဝပဝတ္တိ၊ တခုတည်း မဟုတ်သော်လည်း တခုတည်းကဲ့သို့ ဖြစ်ခြင်းသည်။ သမူဟာဒိဃနတာ၊ သမူဟစသော ဃန၏အဖြစ်သည်¹ဝါ၊သမူဟကိစ္စ အာရမ္မဏဃန၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

ဃနလေးပါး အဓိပ္ပာယ်

ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ်စသော ဝီထိစိတ်ဖြစ်ရာ၌ ရှေ့စိတ်နောက်စိတ်တို့၏ တခုတည်း မဟုတ်သော်လည်း ထိုစိတ်နှစ်ခုတို့အကြား ကာလအခြားမရှိသော ကြောင့် တစိတ်တည်းကဲ့သို့ ဖြစ်သွားခြင်းသည် သန္တတိဃနတာမည်၏၊ မီးစက်ဝိုင်းရမ်းသောအခါ တခုတည်းမဟုတ်သော်လည်း တခုတည်းဖြစ်ခြင်း မျိုးကဲ့သို့ စိတ်တွေစဉ်တန်းဖြစ်ရာ၌ တစိတ်တည်း မဟုတ်သော်လည်း တစိတ် တည်းကဲ့သို့ဆင်ရလောက်အောင် တခဲနက်ဖြစ်ခြင်း၊ ရုပ်စဉ်၌လည်း အတူပင် ရုပ်အစဉ် နာမ်အစဉ်တခုကို သန္တတိဃန အစဉ်အားဖြင့် တခဲနက်ဖြစ်နေသည်ဟု ခေါ်၏။

ဖဿ ဝေဒနာစသော စိတ်စေတသိက်တွေ အတူတကွဖြစ်ရာ၌ တပေါင်းတည်း ဖြစ်သောကြောင့် တခုတည်းကဲ့သို့ ဖြစ်ခြင်းကို သမူဟဃနတာဆိုသည်၊ စိတ္တုပ္ပါဒ် တခု၌ စိတ် စေတသိက် အပေါင်းကိုလည်းကောင်း ရုပ်ကလာပ်တခုကို လည်းကောင်း သမူဟဃနအပေါင်း အားဖြင့် တခဲနက် ခေါ်၏။

ဖဿကား သံဃဋ္ဋနကိစ္စရှိ၏၊ ဝေဒနာကား အနုဘဝနကိစ္စရှိ၏၊ ဤသို့ကိစ္စကွဲ ပြားသော်လည်း အတူတကွ ယှဉ်၍ဖြစ်ကြရာဝယ် ထိုကိစ္စအထူး မသိနိုင်လောက်

အောင် တခုကဲ့သို့ တခဲနက်ဖြစ်ခြင်းသည် ကိစ္စဃနတာမည်၏၊ ရူပါရုံမြင်ခြင်းကိစ္စ၌ စက္ခုဒွါရိက တဒနုဝတ္တကဝီထိ စိတ်အားလုံးကို ထိုကိစ္စအားဖြင့် တခုတည်း ထင်ရသောကြောင့် ကိစ္စဃန ကိစ္စအားဖြင့် တခဲနက်ခေါ်၏။

စက္ခုဒွါရ၌ ဖြစ်သော စိတ်စေတသိက် တတန်းလုံးသည်ပင်ရူပါရုံတခုတည်း အာရုံပြုရသည့်အတွက် တခုတည်းကဲ့သို့ တခဲနက်ဖြစ်နေခြင်းသည် အာရမ္မဏဃနတာမည်၏၊ ရူပါရုံကို အာရုံပြု၍ ဖြစ်သမျှ စိတ်အားလုံးကို တခုတည်းထင်ရသောကြောင့် အာရမ္မဏဃန အာရုံအားဖြင့် တခဲနက်ခေါ်၏။

## လမ်းမှန်ကျသော ဃနဖြိုနည်း

ဤဋီကာအရ ဃနဆိုသည်မှာ တရားမမွ၏ အမည်မဟုတ်၊ ထိုထိုတရားတွေ တခုထဲလို ဖြစ်နေသည်ကို ဆို၏၊ အသီးအသီးဖြစ်နေသော တရားတို့ကို မိမိဉာဏ်ကွဲပြားခြားနားအောင် ပြုစွမ်းနိုင်သော ဝိပဿနာဘာဝနာဉာဏ် မရှိ၍ တခုတည်းကဲ့သို့ထင်ရခြင်း၊ တကောင်တည်းလို ထင်ရခြင်းကို ဃနသညာ(ဃနဟုမှတ်ထင်မှု)ခေါ်သည်။

ပဉ္စန္နံ ခန္ဓာနံ အဘေဒတော ဧကော အတ္တာတိ ဂဟဏံ ဃနသညာ။
(ဝိသုဒ္ဓိ၊ဋီ၊၂။၃၄၂)

ဘာဝနာမရှိ၍ တခပေါင်းတည်း တသားတည်း ပုံဖြစ်နေသည်ကိုပင် ဃနပညတ်ဟုလည်း ဆိုရ၏။

ထိုကဲ့သို့ တခုတည်းထင်ရသော ဃနသညာ တခုတည်း တပေါင်းတည်း ပုံဟန် ဃနပညတ်ကို ပျောက်ကင်းစေဖို့ရာ အသီးအသီးခွဲခြားမြင်ဖို့ရာ ဘာလုပ်ရမည်နည်း။

ဃနဝိနိဗ္ဘောဂံ ကတွာတိ ကမ္မဋ္ဌာနံ ဂဟေတွာ သမူဟာဒိဃနဂ္ဂဟဏံ ဘိန္ဒိတွာ၊ (ဝိသုဒ္ဓိ၊ဋီ၊၂။၄၅၄)

တခဲနက် ဃနကို အသီးအသီးကွဲပြားအောင် ခွဲခြားဆိုသည်မှာ ကမ္မဋ္ဌာန်းလက်ကိုင် ပြုလျက် တခဲနက်ထင်ရတဲ့ သမူဟစသော ဃနကို ဖြိုခွဲပါ သင်တန်းလုပ်မနေပါနဲ့ ဆိုလို၏။

ဤကား ကျမ်းဂန်အရ လမ်းမှန်ကျသော ဃနအမှုနှင့် ဃနဖြိုနည်းဖြစ်၏။ ကျောက်ပုံငါဒီတို့ကားဆန်းပြားသောဃနနှင့် တူးဆန်းသောဖြိုနည်းကိုပြကြ၏။

ဦးမောင်ကြီးအဆို—

အနတ္တကိုဃနဖုံးသည်ဟု မမွကထိကမျှားနှင့် တကွ ဝိပဿနာတရားလိုက်စားကြသူများ ဟောပြောလေ့ရှိကြ၏၊သို့ရာတွင်အနတ္တကိုမမြင်နိုင်

မသိနိုင်အောင် မည်သည့်ဈာနမျိုးများ ဖုံးအုပ်နေသည် မည်ကဲ့သို့ဖောက်ခွဲပစ်ရမည်ဟုကား တပည့်များနားလည်အောင် ဟောကြားပြသ ဆုံးမသည့် ဓမ္မကထိကများ အတော်ရှားပါးလှပေ၏။

ဤကား နေယျသင်တန်း နိဒါန်းမှ ဦးမောင်ကြီးအဆို။

## သူ့အဆို အမှန်လော

ဓမ္မကထိကတို့သည် ဝိပဿနာဘာဝနာ ရှုမှတ်ပွားများနည်းများ ဟောပြောကြ၍၊ ဤဘာဝနာပွားနည်းသည်ပင် ဈာနဖြိုနည်းဖြစ်၏၊ ဘာဝနာလက်ရှိ ပုဂ္ဂိုလ်တို့၌ ဈာနခွာနည်း အထူးပြောစရာမလို ဝိပဿနာဉာဏ်ရင့်သန်လေ ဈာနတွေဖြိုပျက်လေဖြစ်ရတော့သည်၊ ဘာဝနာဖြင့် မဖြိုပဲ ဈာနဖြိုကွဲမည်ဆိုသည်မှာ ကျောက်ပုံတို့လိုသင်တန်းဝါဒီတို့ အပြောဖြစ်၏၊ ကျမ်းဂန်အဆို ဘုရားအလိုကား မဟုတ်။

## ဤအဆိုလည်း မမှန်

၎င်းကပင် ဆက်သက်၍ အဋ္ဌသာလိနီ အဋ္ဌကထာအဆိုဖြစ်သော ဈာနတွေအရ ဖဿ ဝေဒနာစသော တရားတို့ကိုအသိကော်လုကြောင်းကိုပြကာ အဋ္ဌသာလိနီ အဋ္ဌကထာဆရာကလည်း ဈာနလေးမျိုးမည်သို့ဖောက်ခွဲပစ်ရမည်၊ သို့မှသာ ဈာနစင်၍ အနတ္တမြင်နိုင်မည်ဟု ဆက်လက် ဖော်ပြခြင်း မလုပ်ခဲ့ချေဟု ဆိုပြန်၏။

ဝိပဿနာ ကမ္မဋ္ဌာန်းအားထုတ်လျှင် ဈာနစင်၍ အနတ္တ မြင်နိုင်သည်ဖြစ်ရာ တခြားဈာနဖြိုနည်း ပြောဖို့လိုပါသေးသလော အဋ္ဌသာလိနီ အဋ္ဌကထာလာ– ပရမတ်တရားတို့၏ သဘောလက္ခဏာ ရသစသည်တို့မှာ ဈာနဖြိုနည်းတွေသာဖြစ်ပါ၏၊ ထိုမျှမက အဋ္ဌသာလိနီဆရာပင် ပြုစုသော ဝိသုဒ္ဓိမဂ်မှ မဂ်ဖိုလ်အထိပြ အချက်အလက်များမှာ ဈာနဖြိုနည်းတွေသာ၊ ဝိသုဒ္ဓိမဂ်အရ ကျင့်လျှင် ဈာနဖြိုနည်း သိသည်ဖြစ်စေ မသိသည်ဖြစ်စေ ဈာနစဥ်ဖို့လည်းမခက် အနတ္တမြင်ဖို့လည်း မခက် မဂ်ဖိုလ်ရဖို့လည်းမခက်။

## ဦးစံရင်း၏ ဈာနတွေ

ဆက်လက်၍ အနတ္တသိမြင်ဖို့ ဆရာကောင်းလိုလှကြောင်း ဆိုပြန်ပါသည်၊ သူမှီခိုခဲ့သော ဆရာဦးစံရင်းက ဈာနကို ဘယ်သို့ဆိုပါသနည်း၊ သူ၏ ဈာနဖြိုနည်းကား အဘယ်နည်း ကျယ်ဝန်းသွားမည်ဖြစ်သော်လည်း စာဒကတို့ အမည်ပေးထားသော ဝိတက္ကဝါဒီ ဝိကဏ္ဍဝါဒီနှင့်ညီ မညီ သိသာရန် ဖော်ပြလိုက်ရပါသည်။

ဈာန ဆိုသည်မှာ အစိုင်အခဲယောင်ယောင် (ဥပ္ပါဒ-ဖြစ်စ)ကိုခေါ်၏၊ ဈာနကိုဉာဏ်ဖြင့် ဖောက်ခွဲတတ်မှ အနတ္တနားလည်နိုင်၏၊ အနတ္တသိမှ နိဗ္ဗာန်သိမြင်နိုင်၏။

သန္တတိအစဉ် ဃနအစိုင်အခဲယောင်ယောင်၊ စက္ခုသောတစသော အခံဓာတ် ၆-ပါးသည် သန္တတိဃနဖြစ်၏၊ စက္ခုအကြည်ကို ကျေးဇူးပြုသည်၊ သဘောတရားများမှာ အဋ္ဌကလာပ် ၈-ပါး စိတ်ဥတုအာဟာရ ဇီဝိတကံအရှိန်များ ဖြစ်ကြသဖြင့် ၎င်းတို့အနက် ဃနဖြစ်သောစိတ်သည် စက္ခုအကြည် မဖြစ်နိုင်တော့ချေ။

သို့ဖြစ်၍ ဃန မဟုတ်ပဲ ခယဖြစ်၏၊ ထို့နောက် အကျဉ်းချုပ်ပြရလျှင် ကိစ္စဃနမှာ ဝိညာဉ် ၆-ပါးဖြစ်၍ ၎င်းတွင် သက်ဆိုင်ရာပတ်ဝန်းကျင် ၄-ခုနှင့် အဝိဇ္ဇာ တဏှာ ကံ နာမ် ရုပ်တို့ပါဝင်နေကြောင်း အာရမ္မဏဃနမှာ အာရုံ ၆-ပါး သက်ဆိုင်ရာပတ်ဝန်းကျင် ၄-ခု မဟာဘုတ် ၄-ပါး ဝဏ္ဏဂန္ဓရသဩဇာတို့ ပါဝင်နေကြောင်း သက်ဆိုင်ရာအကြောင်းတွေထဲက တခုခုဖြုတ်လျှင် ဃနမဟုတ် ခယဖြစ်ကြောင်း သမူဟဃနမှာ ရုပ်နာမ်ဖြစ်၍ ရုပ်သမူဟက အဋ္ဌကလာပ် ၈-ခု နာမ်သမူဟတွင် ဖဿဝေဒနာသညာ စေတနာဧကဂ္ဂတာ ဇီဝိတိန္ဒြေ မနသိကာရ စိတ်ဟူ၍ ရှစ်ပါး ပါဝင်ကြောင်း။

တခုခုဖြုတ်ထား ဃန ပျက်၍ ခယဖြစ်ကြောင်းပြဆိုခဲ့၏၊ ဃနကို ဉာဏ်နှင့် ဝေဖန် ဝေဖန်၍ ကုန်သွားသည်ကို အနိစ္စခေါ်ကြောင်း ထို ဃနကလေး ဆောက်တည်ရာမရသည်ကို ဒုက္ခခေါ်ကြောင်း ထိုဃနကလေး သိမ်းပိုက်၍ မရသည်ကို အနတ္တခေါ်၏၊ အဘယ်မျှ ထင်ရှားသည်ကို သိနိုင်ကြပါသည်။

## ဤဃနအခွဲ မှန်၏ လော

ယခင်ဋီကာအရ ဃနဆိုသည်မှာ တရားတမျိုးမဟုတ် ထိုထိုရုပ်နာမ်တရားတို့၏ တပေါင်းတည်း တခုတည်းကဲ့သို့ဖြစ်နေခြင်းကိုဆို၏၊ထိုဃနကို ဘယ်ဃနက ဘယ်တရားဟု ခွဲခြားပြခြင်းမှာ မည်သည့်ကျမ်းလာမျှမဟုတ် သူတို့စိတ်ကူးအရပေါ်လာသော ဃနတွေသာ၊ ဆိုင်ရာအကြောင်းတွေမှ အတူဖြစ်သော တရားတွေ တည်းမှတခုခုဖြုတ်လိုက်လျှင် ခယ ဖြစ်သွားသည်ဆိုသည်မှာလည်း ဘယ်မျှ ထူးဆန်းသော ဃနဖြိုနည်းပါနည်း၊ ဖဿစသော တရားအပေါင်းတ ဖဿကို ဘယ်လိုဖြုတ်နိုင်ပါသလဲ စိတ်ကူး ဖြုတ်သာ၊စိတ်ကူးဖြင့်ဖြုတ်၍ ဃန ဖြိုသည်ဆိုလျှင် စိတ်ကူးဖြိုသာဖြစ်၍ တကယ်ဖြိုမဖြစ်နိုင်ရာ၊ ထို ခယ ဖြင့်ဖြစ်ရသော အနိစ္စ ဒုက္ခ အနတ္တများမှာ တကယ်အနိစ္စလော ကျောက်ပုံတို့ရဲ့အယူ အနိစ္စလောဆိုသည်မှာ ပညာရှိတိုင်း သိနိုင်ပါသည်။

ဃန ၄-မျိုး သရုပ်ပြကျောက်ပုံစကားရပ်၌ အမှားပြ ဝေဖန်ရလျှင် ဤမျှမက အမှားပေါင်းများစွာ ထွက်လာနိုင်ပါသေးသည်။

## ကျောက်ပုံ သန္တတိ ဖျက်နည်း

ကျောက်ပုံဝါဒီတို့ သန္တတိ ဖျက်နည်းကလည်း တမျိုးဖြစ်၏။

မြင်ဆိုသည့်သဘောကလေးမှာ—

အဆင်း အလင်း မျက်စိ အကြည် နှလုံးသွင်း

ဤအကြောင်း ၄-ခုပေါင်းဆုံမှု အရှိန်အရသာဖြစ်နိုင်၏၊ သူကိုယ်တိုင် သူ့ဟာသူ သူ့အစွမ်းသတ္တိဖြင့် မဖြစ်နိုင်၍ အနတ္တမျိုးသာဖြစ်သော ကြောင့် ဖြစ်ဆိုသော သန္တတိအစဉ်ကိုထည့်၍ပင် စဉ်းစားရန်မလိုပေ၊ ဤကားတချက်၊

### ရှင်းလင်းချက်

အနတ္တဖြစ်သော်လည်း မြင်သဘောမှာ သင်္ခတတရားဖြစ်ရကား သင်္ခတ ဟု သိရန်လက္ခဏာ၊ ထို့ကြောင့်မြင်သဘောမှာ ဖြစ်ကိုဖြစ်ရမည်၊ မဖြစ်သောတရား ဆိုလျှင် ဂုင်းမြင်မှာနိဗ္ဗာန် ပညတ် သို့မဟုတ် အတ္တသာဖြစ်ဖို့ရှိပါသည်။

နောက်တမျိုး အဟောင်းတွေချုပ် အသစ်တွေပေါ် ဆိုသည့်သဘော ကို လိုက်နေရန်မလိုတော့ပါ၊ အဘယ့်ကြောင့် ဆိုသော် သန္တတိအစဉ် တို့၏အဟောင်းအသစ်ဆိုသည်မှာ ရုပ်နာမ်တို့၏ မူလပင်ကိုယ်ပကတိ သဘောမဟုတ်ချေ၊ ကံစိတ်ဥတုအာဟာရဆိုသည့် ခြေထိုးသမားလေး ယောက်တို့ လှုံ့ဆော်မှုအရ တမျိုးတမည်ပြောင်းလဲနေကြရမှုတို့သာဖြစ် ၏၊ ဤလည်းတချက်။

### ရှင်းလင်းချက်

ရုပ်နာမ်တွေမှာ ပင်ကိုယ်က ဘယ်မှာ စုဝေးတည်နေသည်မဟုတ်၊အကြောင်း စုံညီသောအခါပေါ်လာကြ၏၊ ပေါ်လာပြီးနောက်ပျောက်ကြ၏၊ ပျောက်ပြီး သော ရုပ်နာမ်များလည်း ဘယ်မှာမှ ဘယ်အနေနှင့်မှသွားတည်နေကြသည် မဟုတ်၊ ထို့ကြောင့် သင်္ခတရုပ်နာမ်တို့၏ မူလပကတိသဘောမှာ ဖြစ်ပျက်သာ ဖြစ်၏၊ ကျောက်ပုံတို့ကသာ ပါဠိတွေ ကိုယ်သိုရာဆွဲပြီး ပင်ကိုယ်ချုပ်တရားအဖြစ် ကြံနေကြခြင်းသာ ဖြစ်၏။

စောဒကတို့သာဓကဒ္ဓ—

ဥဒယဗ္ဗယံ ပန ပရိဂ္ဂဟေတွာ သန္တတိယာ ဝိကောပိတာယ။

ဥဒယဗ္ဗယဉာဏ်ဖြင့် သန္တတိဖျက်ပါ ဆိုထားပါလျက် ထိုအဆို ထိုနည်းမလိုက် ချင်သည်မှာ ကိုယ့်နည်းကိုယ်အထင်ကြီး၍သာ ဖြစ်၏၊ အထင်ကြီးသော်လည်း အချည်းနှီးသာဟု ယူဆတော်မူကြသည်။

ကာလသုံးပါးမှလွတ်သည်ဆိုသည်ပင် သန္တတိဆိုသည့် ရုပ်တဖွားဖွား နာမ်တဖွားဖွား ပြတ်ကင်းတော့၏၊ ဤလည်းတနည်း။

ကာလဝိမုတ်အတွက် မိမိတို့ သီးခြားသုံးသပ်ထားလျက်ရှိပါသည်၊ သင်္ခတတရားတို့၏ ကာလဝိမုတ်ဆိုသည်မှာ ကျောက်ပုံတို့ အဆိုသာဖြစ်၍ တကယ်အမှန်တရားမဟုတ်ရာ၊မိမိတို့က စဉ်းစားဖွယ်ပင် မလိုတော့ပါပေ။

## ပုသိမ်မောင်ညွန့် သောခနော

ရုပ်နာမ်တရားတို့၏ ခဏအားဖြင့် သုံးသပ်ခြင်းဆိုသည်မှာ—

ဘုရားရှင်တို့၏အရာသာ သာဝကတို့အရာမဟုတ်ဟု ဆိုအပ်သော သံယုတ်အဋ္ဌကထာကိုးကားလျက် သန္တတိအစဉ် မရှုသင့်ကြောင်း ချေပခဲ့၏၊ မှန်ပါ၏၊ သမ္မသနဉာဏ်အရာ၌တော့ သာဝကများ ခဏအားဖြင့် မရှုနိုင်၊ ထိုဉာဏ်က လျှင်မြန်မှု အား သိပ်မသန်သေး၍ ဖြစ်ပါလိမ့်မည်။

ဉဒယဗ္ဗယဉာဏ်အရာမှာတော့ ခဏအားဖြင့်လည်း ရှုနိုင်မြင်နိုင်ပါ၏၊ဉဒယဗ္ဗယဉာဏ်ကိုလည်း ရွှေအဖို့၌တော့ သန္တတိအားဖြင့်ရှုရ၏၊ သန္တတိအားဖြင့် ရှု၍ဉာဏ်အားရှိလာသောအခါ ခဏအားဖြင့်လည်းရှုမှတ်နိုင်ပါ၏။

သန္တတိအားဖြင့် ရှုနိုင်သည်ဆိုသော ဤစကား၏ အထောက်လည်းဖြစ် ခဏအားဖြင့် ရှုနိုင်သည် မြင်နိုင်သည်ဆိုသော စကား၏ အထောက်လည်းဖြစ်သော သာဓကများရှိနေပါ၏။

## သန္တတိကာစ

စောဒကဆရာတော်များ ထောက်ထားခဲ့သော ဇာတံ ရူပံ ပစ္စုပ္ပန္နံ စသော ပါဠိကိုဖွင့်ရာ မဟာဋီကာ၌—

> ဇာတန္တိ နိဗ္ဗတ္တံ ပဋိလဒ္ဓတ္တဘာဝံ။ပ။ ပစ္စုပ္ပန္နရူပံ နာမ ဇာတံ ခဏတ္တယပရိယာပန္နန္တိ အတ္ထော၊ တံ ပန အာဒိတော ဒုပ္ပရိဂ္ဂဟန္တိ သန္တတိပစ္စုပ္ပန္နဝသေန ဝိပဿနာဘိနိဝေသော ကာတဗ္ဗော။
>
> (ဝိသုဒ္ဓိ၊ဋီ။၂၄၃၉)

မြန်မာပြန်

ဇာတဆိုသည်မှာ ဖြစ်ပေါ်လာသော ရအပ်သောအထည် ကိုယ်သဘောရှိသောတရားတည်း။ပ။ပစ္စုပ္ပန်ရုပ်မည်သည် ဖြစ်ပေါ်ဆဲ ရုပ်တည်း၊ ခဏသုံးပါး၌ အကြုံးဝင်သောရုပ်တည်း၊ ဤကား ဇာတံ ရူပံ ပစ္စုပ္ပန္နံ၏ အနက်တည်း။ သို့သော်လည်း ထိုခဏပစ္စုပ္ပန်ရုပ်ကို ဉဒယဗ္ဗယဉာဏ်ဖြစ်ပေါ်စ၌ သိမ်းဆည်းရှုမှတ်

နိုင်ခဲ့၏၊ ထို့ကြောင့် သန္တတိ ပစ္စုပ္ပန်အစွမ်းအားဖြင့် ဝိပဿနာ စတင်နှလုံးသွင်း ခြင်းကိုပြုရမည်။

## အားရှိလာက ခဏပင်မြင်ရ

သန္တတိပစ္စုပ္ပန်ဆိုသည်မှာ အေးရာကပူရာသို့ ပြောင်းရာ၌ အေးရုပ်အစဉ် ပူရုပ်အစဉ် ရုပ်နာမ်စဉ်တခုကိုဆိုပါသည်၊ နာရာကအနာ ပျောက်ငြိမ်းရာ စသည် ဖြင့် ရုပ်စဉ်တခုတခုကို ဆိုပါသည်၊ အစဉ်၌ ခဏခေါ် ခဏငယ်သုံးချက်စိတ်တနေဖြစ် ရာကို ရှုဖို့ရာမလွယ်သေး၍ ထိုခဏဒ ထိအမြင်ရှိလာအောင် သန္တတိခေါ် ရုပ်နာမ် အစဉ်တခုခုက စရှုရာ၏၊ နုသော ဥဒယဗ္ဗယဉာဏ်၌ ခဏအထိ မထင်နိုင်သော် လည်း ဗလဝဥဒယဗ္ဗယဉာဏ်ရောက်သောအခါ ခဏကလေးကိုပင် ရှုမြင်ရပါ လတ္တံ့။

> သန္တတိဝသေန ဟိ ရူပါရူပဓမ္မေ ဥဒယတော ဝယတော စ မနသိကရောန္တဿ အနုက္ကမေန ဘာဝနာယ ဗလပ္ပတ္တကာလေ ဉာဏဿ တိက္ခဝိသဒဘာဝပ္ပတ္တိယာ ခဏတော ဥဒယဗ္ဗယာ ဥပဋ္ဌဟန္တိ။ (ဝိသုဒ္ဓိ၊ဋီ- ၂။၄၂၂)

မှန်ပါသည်၊ သန္တတိပစ္စုပ္ပန်အစွမ်းဖြင့် ရုပ်နာမ်တရားတို့ကို ဖြစ်မှုအားဖြင့် လည်းကောင်း ပျက်မှုအားဖြင့်လည်းကောင်း နှလုံးသွင်းသော ယောဂီအား အစဉ်အတိုင်း ဘာဝနာအားရှိခြင်းသို့ ရောက်သောကာလ၌ ရှုမှတ်သောဉာဏ်၏ ထက်မြက်စင်ကြယ်ခြင်းသို့ရောက်ခြင်းကြောင့် ဖြစ်ဆဲ ပေါ်ဆဲ ခဏပစ္စုပ္ပန်အား ဖြင့် ဖြစ်မှု ပျက်မှုတို့သည် ထင်ပေါ်လာကြကုန်၏။

ဆိုခဲ့ပြီးသော သာဓကများဖြင့် ဖြစ်ပျက်ကို ဝိပဿနာရှုရမည် ဖြစ်ကြောင်း သန္တတိအစဉ်ကို မြင်အောင်ရှုရမည်ဖြစ်ကြောင်း သိသာပါပြီ။

## ပုသိမ်မောင်ညွန့် အမှား

စုဒိတက ပုသိမ်မောင်ညွန့်ကပင် သဘာဝလက္ခဏာ သာမညလက္ခဏာဟု ရှုနည်းနှစ်ရပ်ပြခဲ့၏၊သို့သော် သူကား သဘာဝ သာမည၏ အနက်အဓိပ္ပာယ်ကို ကောင်းစွာသိသူမဟုတ်။

ဤအချက်ကို ပြဆိုပါဦးမည်—

> လက္ခဏာဒီသု ဟိ တေသံ တေသံ ဓမ္မာနံ သဘာဝေါ ဝါ သာမညံ ဝါ လက္ခဏံ နာမ။ (အဘိ၊ဋ္ဌ၊၁၊၁၀၅)

ထင်ရှားစေအံ့၊ လက္ခဏာစသည်တို့တွင် ထိုထိုရုပ်နာမ်တရားတို့၏ မိမိကိုယ် ပိုင်သဘောသည်လည်းကောင်း အများနှင့်ဆိုင်သော သဘောသည်လည်း ကောင်း လက္ခဏာမည်၏။

ကိုယ်ပိုင်မိမိသဘောမျာ းနှင့် ဆိုင်သော သဘောဆိုသည်မှာ အဘယ်နည်း–

သဘာဝေါ ကက္ခဋ္ဌာဒိဖုသနာဒိကော အသာဓာရဏော။ သာမညဲ သာဓာရဏော အနိစ္စာဒိသဘာဝေါ။ (မူလဋီ ၁။၆၄)

သဘာဝဟူသည်မှာ ခက်မာသည်၏အဖြစ်စသော တွေ့ထိမှုစသော အများနှင့်မသက်ဆိုင်သော သဘောတည်း၊ အများနှင့်သက်ဆိုင်သော အနိစ္စစသော သဘောသည် သာမညမည်၏။

ဤအဆိုအရ–

အနိစ္စ ဒုက္ခ အနတ္တသည် အားလုံးရုပ်နာမ်ပရမတ်တို့နှင့်ဆိုင်သော လက္ခဏာဖြစ်ရာ သာမညလက္ခဏာ အာရမ္မဏ ဝိဇာနန ဖုသနစသော သဘောသည် ဆိုင်ရာ စိတ် ဖဿတခုခု၏ လက္ခဏာဖြစ်၍ သဘာဝလက္ခဏာတို့ဖြစ်ရာ သာမည လက္ခဏာရှုလျှင် အနိစ္စ ဒုက္ခ အနတ္တ ရှုရမည်၊ သဘာဝလက္ခဏာ ရှုလျှင် ဖဿ ဝေဒယိတစသော လက္ခဏာရှုရမည်၊ယခုမူကား ထိုသို့မဟုတ် သဘာဝလက္ခဏာလည်း အနိစ္စ ဒုက္ခအနတ္တ သာမညလက္ခဏာလည်း ထိုနည်း၊ သို့သော် အနတ္တ အနိစ္စ ဒုက္ခဟု ပြောင်းလိုက်ရုံသာတည်း၏။

သူ့သဘာဝလက္ခဏာနည်းဆိုသော ရှုနည်းမှာ အမှန်နည်းသာ၊ကျမ်းဂန်လာ နည်းပင်ဖြစ်၏။

## တနည်းပြလည်း အလကား

သို့ပါလျက် သန္တတိဖြတ်နည်းဟု နည်းတနည်းပြခဲ့ပြန်သည်၊ သန္တတိရှုရမည် ဖြစ်ကြောင်း မိမိတို့အနည်းနည်းပြခဲ့ပြီ။

ထို့ပြင် ထိုသာမညလက္ခဏာရှုနည်းကို အသင်္ခတဟုလည်းကောင်း၊အသင်္ခတ လက္ခဏာပြပါဋ္ဌိအရ နိဗ္ဗာန်မယူ ရုပ်နာမ်တွေ ယူထားသည်ကိုလည်းကောင်း နည်းမကျသော အနတ္တ အနိစ္စ ဒုက္ခ ရှုပုံကိုလည်းကောင်း မသင့်သောအယူဖြစ်ကြောင်း ဆိုင်ရာဆိုင်ရာအခန်း၌ သုံးသပ်ခဲ့ကြပါပြီ၊ ထို့ပြင် သူထပ်တလဲလဲ ပါးစပ်ထဲတွေ့နေသော "အသင်္ခတဂါမိ မဂ္ဂေါ ဘိက္ခဝေ အယံ ဝိပဿနာ"ဆိုသော ပါဌ်မှား အနက်မှား အဓိပ္ပာယ်မှားပါဋ္ဌိကိုပင် ထောက်ထားရာ၍ချေပချက်အားလုံး ယုတ္တိမရ လမ်းမကျသဖြင့် ကျောက်ပုံတို့၏ "သန္တတိ မရှုရ" ဟူသော အယူအဆကို ဝိနည်းဓိုရ် ဆရာတော်တို့က အမှေ့အဖြစ် သုံးသပ်တော်မူကြသည်။

---

## သောဓနာအမှတ် (၁၁)ကို သုံးသပ်ခြင်း

ကျောက်ပုံဆရာကြီး၏တပည့် စုဒိတကပုဂ္ဂိုလ်က ၎င်းတို့၏လေးလွှာဖျက်ခန်း အမှတ်(၁)အကျဉ်းချုပ်ကို တင်ပြလျှောက်ထားသည်မှာ—

၁။ သူငါဟုဆိုသော အဝိဇ္ဇမာနပညတ်သည် မြင်စိတ်ဆိုသော စိတ်နာမ် တရားကလေးမရှိပါက သူငါဆိုသော အဝိဇ္ဇမာနပညတ်အသုံးအနှုန်းကို ပင် သုံးနှုန်းနိုင်ရောမရှိသည့်အပြင် သူကိုယ်ပိုင် သုံးနှုန်းနိုင်သည့် အနှစ် အသားမရှိသည်ကို အနတ္တဟူ၍ မှတ်ချက်ချပေမည်၊ ဤသည်ကား အဝိဇ္ဇမာန ပညတ်အလွှာပျက်သွားပါသည်ဘုရားဟူ၍ပင် ဖြစ်၏။

## သုံးသပ်ချက်

အထက်ပါ အမှတ်(၁)အလွှာဖျက်ခန်းကို ပိဋကတ္တအတိုချုပ်လိုက်သော် မြင် သိစိတ်ဖြစ်ရာ၌ ငါမြင်သည်စသည်ဖြင့် ပြောဆိုလေ့ရှိရာ ထိုငါဟု ပြောဆိုသော စကားသည် ပရမတ္တအားဖြင့် ထင်ရှားမရှိသောကြောင့် အဝိဇ္ဇမာနပညတ် ဖြစ်သည်၊ ထိုအဝိဇ္ဇမာနပညတ်ကို အထက်တွင်ဖော်ပြပြီးသော ၎င်းတို့ရှုနည်း အရ အနတ္တဟု ရှုရမည်ဟူသော ပိဋကတ္တအတိုချုပ်ထွက်ပေါ်လာ၏။

အထက်ပါ ပိဋကတ္တစကားတွင် အနတ္တဟု ရှုရမည်ဟူ၍သာ ပါရှိ၏၊မည်သူသည် ရှုရမည်ဟူသော ကတ္တားကား မပါသေးပါ၊ ၎င်းတို့ဖော်ပြသော မူရင်းအမှတ် (၁)စကား၌လည်း မည်သူသည် ရှုရမည်ဟူသော ကတ္တားမပါ၊ သို့သော်လည်း လေးလွှာဖျက်ခန်းအရာဌာနသည် ဝိပဿနာရှုနည်းကိုပြဆိုသော အရာဌာနဖြစ် သောကြောင့် ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည် အဝိဇ္ဇမာနပညတ်ကို အနတ္တဟုရှုရမည်ဟူ၍ ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်ကို ကတ္တားအဖြစ် ထည့်ရ မည်ဖြစ်၏။

ဤလေးလွှာဖျက်ခန်း အရာဌာနသည် ဝိပဿနာရှုသောအရာဌာနဖြစ်သည် ဆိုသည်မှာ မှန်ကန်၏၊အဘယ့်ကြောင့်ဆိုသော် "အသင်္ခတ ဂါမိ မဂ္ဂေါ ဘိက္ခဝေ အယံ ဝိပဿနာ"ဟု သာဓကပါဠိကို ၎င်းတို့ကိုယ်တိုင် ပြလတ္တံ့ဖြစ်သော ကြောင့်တည်း၊

အလွှာဖျက်ခန်းလေးခုရှိသည့်အနက် ဤပြဆိုအပ်ပြီး ပထမအလွှာဖျက်ခန်း ဖြင့် စုဒိတက ဝိပဿနာရှုသောပုဂ္ဂိုလ်အား အဝိဇ္ဇမာနပညတ်ကို အနတ္တဟု ရှုရမည်ဟု ပြဆိုနေခြင်းဖြစ်သည်၊ သို့ဖြစ်၍ အဆိုပါရှုနည်းသည် မှန်သလော မှားသလော စိစစ်ရန်လို၏။

တသ္မာတိဟ ဘိက္ခဝေ ယံကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ သဗ္ဗံ ရူပံ နေတံ မမ၊ နေသောဟမသ္မိ၊ နမေသော အတ္တာတိ ဧဝ မေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။ (သံ ၂။၅၆)

မြန်မာပြန်

ချစ်သားရဟန်းတို့၊ ထို့ကြောင့် အဇ္ဈတ္တသန္တာန်၌လည်းဖြစ်သော ဗဟိဒ္ဓ သန္တာန်၌လည်းဖြစ်သော ရုန့်ရင်းသည်လည်းဖြစ်သော သိမ်မွေ့သည်လည်း ဖြစ်သော ယုတ်သည်သည်းဖြစ်သော မြတ်သည်လည်းဖြစ်သော ဝေးသော အရပ်၌လည်းဖြစ်သော နီးသောအရပ်၌လည်းဖြစ်သော အတိတ် အနာဂတ် ပစ္စုပ္ပန် ဖြစ်သော အလုံးစုံသော ရုပ်သည်ရှိ၏၊ အလုံးစုံသော ရုပ်ကို "ဤရုပ်သည် ငါ့ဥစ္စာမဟုတ်၊ ဤရုပ်သည် ငါမဟုတ်၊ ဤရုပ်သည် ငါ၏ကိုယ်မဟုတ်" ဟူ၍ ဤသို့ ဤရုပ်ကို မဖောက်မပြန် ဟုတ်မှန်တိုင်း ကောင်းစွာ အပြားအားဖြင့်သိ၍ ရှုအပ် ၏၊ဤကား ရူပက္ခန္ဓာအတွက် ပါဠိတော်မြန်မာပြန်တည်း။

ထိုနည်းအတူ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့ အတွက်လည်း ဟောတော်မူသည်။ (သံ ၂။၅၆)

အထက်ပါ အနတ္တလက္ခဏသုတ် ပါဠိတော်၌ မြတ်စွာဘုရားသည် ခန္ဓာ ငါးပါးကိုသာ အနတ္တဟု ဝိပဿနာရှုရမည်ဟု ဟောတော်မူ၏၊ ပညတ်တရားကို အနတ္တဟု ဝိပဿနာရှုရမည်ဟုဟောတော်မမူပါ၊ ခန္ဓာငါးပါးကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုမှသာလျှင် ဝိပဿနာဟု ခေါ်ထိုက်ပါသည်၊စုဒိတကပုဂ္ဂိုလ်ကိုယ်တိုင် ပင် ချေပလွှာ အစ၌ "ပညတ္တိံ ဌပေတွာ အနိစ္စာဒိဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ" ဟု ဝိဂ္ဂဟပြုထားပြီးဖြစ်ပါသည်။

ထို့ကြောင့် ဝိပဿနာရှုသော ယောဂီပုဂ္ဂိုလ်သည် အဝိဇ္ဇမာန ပညတ်ကို အနတ္တဟု ရှုရမည်ဟူသော ကျောက်ပုံဆရာကြီး ဦးစံရင်း၏ ပထမဆုံးအလွှာ ဖျက်ခန်းသည် ပါဠိတော်ကို ကျောခိုင်း၍ သူ၏စိတ်ကူးဖြင့် ရေးသားထား သော မှားသော ဝိပဿနာရှုနည်းသာဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

## အမှတ်(၂)အလွှာဖျက်ခန်းကို စိစစ်ခြင်း

အမှတ်(၂)အလွှာဖျက်ခန်း၌–

၂။ မြင်စိတ်ကို အမည်တပ်ထားသော ဝိဇ္ဇမာနပညတ်သည် အကျိုးသစ်တ ပနမတ်သဘောမရှိပါက အမည်တပ်စရာပင်မရှိသည့်အတွက် ကိုယ်ပိုင် အနှစ်အသားမရှိသည်ကို အနတ္တဟူ၍ မှတ်ချက်ချရပေမည်၊ ဤသည် ကား ဝိဇ္ဇမာနပညတ်တလွှာ ပျက်သွားပါသည်ဘုရားဟူ၍ ဖော်ပြထား သည်။

ဖော်ပြပါအမှတ်(၂)အလွှာဖျက်ခန်း၌လည်း ပညတ်တရားကိုပင် အနတ္တဟု ဝိပဿနာရှုရမည်ဆိုသောကြောင့် အမှတ်(၁)နည်းတူပင် ဖော်ပြပါ ပါဠိတော် နှင့်ဆန့်ကျင်မြဲဆန့်ကျင်နေလေတော့သည်။

## အမှတ်(၃)နှင့် အမှတ်(၄) အလင်္ကာဖျက်ခန်းကို ပေါင်းရုံးသုံးသပ်ခြင်း

အမှတ်(၃)နှင့် အမှတ်(၄)အလင်္ကာဖျက်ခန်းကို စုဒိတကက ဤသို့တင်ပြသည်။

၃။ သဘောကလေးခေါ် အကျိုးသခ်တပရမတ်သည် ပတ်ဝန်းကျင် အကြောင်းသခ်တပရမတ်များ ပြီးပြည့်စုံခြင်းမရှိပါက အကျိုးဟူ၍ ဖော်ပြနိုင်သည့်ကိုယ်ပိုင်အားအစွမ်း အနှစ်အသားမရှိသည်ကို အနတ္တဟု မှတ်ချက်ချရပေမည်၊ဤသည်ကား အကျိုးသခ်တပရမတ်အလင်္ကာဖျက်နည်းပါတုရား။

၄။ အကြောင်းသခ်တ ပရမတ်များကိုလည်း ဝေဖန်ဖေါက်ခွဲကြည့်ပါက သူတို့၏နောက်တွင် အပေါင်းသခ်တ တရားများ ထောက်ပံ့မှု မရှိပါက ကိုယ်တိုင်ဖြစ်နိုင်သော အနှစ်အသားမရှိသည်ကို အနတ္တဟု မှတ်ချက်ချရပေမည်၊ ဤကား အကြောင်းသခ်တပရမတ် တလင်္ကာဖျက်နည်းပါတုရား။ ဤသို့တင်ပြ၏။

စုဒိတကပုဂ္ဂိုလ် တင်ပြသော အမှတ် ၃-၄ အလင်္ကာဖျက်ခန်းတို့၌ အနတ္တဟု ဝိပဿနာရှုပုံ အခြင်းအရာသည် ပါဠိတော် အဋ္ဌကထာဋီကာလာ အနတ္တဟု ဝိပဿနာရှုပုံ အခြင်းအရာတို့နှင့် ဆန့်ကျင်ကွဲလွဲနေ၏၊ အမှတ် ၁-၂ အလင်္ကာဖျက်ခန်းတို့၌မူကား အနတ္တဟု ဝိပဿနာအရှုခံတရားသော အနတ္တဟု ဝိပဿနာရှုပုံအခြင်းအရာပါ ပါဠိတော် အဋ္ဌကထာဋီကာလာ ယူဆပုံတို့နှင့် ဆန့်ကျင်ကွဲလွဲနေ၏၊ သို့သော်လည်း အမှတ် ၁-၂ အလင်္ကာဖျက်ခန်းတို့၌ အရှုခံတရားကိုသာ စိစစ်ပြခဲ့၏၊ ရှုပုံအခြင်းအရာကို စိစစ်မပြခဲ့၊ ယခုမူ အမှတ် ၁-၂ ပါ ရှုပုံအခြင်းအရာနှင့် အမှတ် ၃-၄ ပါ ရှုပုံအခြင်းအရာအားလုံးတို့ကို ပါဠိတော် အဋ္ဌကထာ ဋီကာလာ ယူဆပုံများကိုဖော်ပြ၍ စိစစ်ဝေဖန်သုံးသပ်အံ့။

**အနတ္တ။** ။အတ္တမဟုတ်ဆိုရာ၌ အတ္တကို ရှေးဦးစွာသိထားရမည်၊ ဤကိုယ်ကြီးကား ရုပ် နာမ် နှပ်ဖြာ ခန္ဓာငါးပါးတို့၏ အစုအဝေးမျှသာဖြစ်၏၊ ခန္ဓာကိုယ်ကြီး အပြုအမူ အပြောအဆို အကြံအစည် ဗျာပါရမှုများမှာ ရုပ်နာမ်တရားတို့က ကိုယ့်ကိစ္စကိုယ် အသီးသီးပြုလုပ်နေကြခြင်းဖြစ်၏၊ ထိုတရားများမှာလည်း ဘယ်သူကမျှ ဖန်တီးရသည်မဟုတ်ပဲ ဆိုင်ရာအကြောင်းများအရ ဖြစ်ပေါ်လာရသော တရားများသာဖြစ်သည်၊ မြင်စိတ်ဆိုလျှင် စက္ခုအကြည်ဓာတ်နှင့် ရူပါရုံနှစ်ပါး အစွဲပြု၍ပေါ်လာရ၏။

ကြားခြင်းမှာလည်း သောတနှင့် သဒ္ဒါရုံနှစ်ပါး အစွဲပြုပေါ်လာရ၏၊ ထိုအတူ နံခြင်း စသောစိတ်လည်း ထိုထိုဆိုင်ရာ ဝတ္ထုအာရုံတို့ကြောင့် ဖြစ်လာရ၏၊

ထိုထိုအာရုံတွေကို အစွဲပြု၍ ထိုအာရုံတို့ကို ကြံသော တွေးသော သိသော နာမ်တရားများဖြစ်ရ၏၊ သွားလို လာလို ပြောလိုသော ထိုထို စိတ်များအရ ရုပ်တရားတွေက သွားလား လာလား ပြောလား ဆိုလား တဖွားဖွားဖြစ်နေကြရ၏။

အချို့ရုပ်များကား အပူအအေး ဥတုကြောင့်ဖြစ်ကြ၏၊ အချို့ အာဟာရကြောင့် ဖြစ်လာ၏၊ အချို့ ရှေးကံကြောင့်ဖြစ်လာရသော ရုပ်များသည်း အဆက်မပြတ် ဖြစ်လျက်ရှိ၏၊ အဟောင်းတွေပျက် အသစ်ဆက်ဖြစ်ကာ မရပ်မနား ဖြစ်ပွားလျက်ရှိသော ဤခန္ဓာ၌ ဆိုခဲ့ပြီးသော ရုပ်နာမ်ခန္ဓာမှလွဲ၍ အခြား ဘာတခုမျှမရှိချေ၊ ဤကား ရုပ်နာမ် မြင်သိသောသူတို့၏ အလိုအရ ဖြစ်၏။

ထိုအသိထိုအမြင်မျိုး မရှိသောသူတို့ကား ရုပ်နာမ်အပြင် ကိုယ်အရှင်ကလေးကို ဖန်တီးလိုကြ၏၊ ရုပ်နာမ် အဆက်မပြတ်ဖြစ်လာရသော သံသရာသဘောကို မပေါက်၊ သူတို့က ဖန်တီးသူအရှင်ကို တွေးဆဖန်တီးသလို ဤကိုယ် ရုပ်နာမ်တို့၏ စွမ်းအင် ဗျာပါရကို ကွဲကွဲပြားပြား နားမလည်သူတို့ကလည်း ထိုထို ဗျာပါရကို ဖန်တီးတတ် ကြိုးကိုင်ပဲ့ပြင်တတ်သော ဇီဝ( အသက်–အရှင် )အတ္တ (ငါ–မိမိကိုယ်)တမျိုးကို စိတ်ကူးအတွေးအရ ဖန်တီးခဲ့ကြ၏၊ ဇီဝ (အသက်) ဆိုသော်လည်း ဇီဝိတရုပ်ကို ဆိုသည်မဟုတ် ထိုဇီဝိတကား ရုပ်တို့ကို အသက်ဆက်ထောက်ပံ့သည်ဆိုသော်လည်း ဖြစ်ပျက်တရားသာတည်း၊ သူတို့ ဇီဝ က မပျက်နိုင်သော အသက်ကောင် ဇီဝဖြစ်၏။

အတ္တ—ငါမိမိကိုယ် ဆိုသော်လည်း ဤခန္ဓာကိုယ်ကို ဆိုသည်မဟုတ် သူတို့အလို ဤကိုယ်ကား အပခန္ဓာသာတည်း၊ ဤကိုယ်၌ အတွင်းကျသော ကိုယ်ကောင် ငါကောင် တမျိုးပင်တည်း၊ ဗုဒ္ဓဘာသာများ၌ပင် ဤကိုယ်ခန္ဓာ၌ အသက်ကလေးရှိနေ၍ သွားလာလှုပ်ရှားနိုင်သည်ဟု စွဲကြ၏၊ လူသေလျှင်အသက်ထွက်သွားပြီဟု ဘာရယ်လို့မဆိုနိုင်သော်လည်း အသက်စွဲကလေးက စွဲလျက်ရှိ၏၊ထိုအစွဲကြောင့်ပင် ထိုအသက် ထိုဝိညာဉ်မှာ ထွက်သွားရုံမကပဲ အမိဝမ်းထဲ ပြောင်းကာ ခန္ဓာသစ် တွယ်ရတော့သည်ဟု အချို့ သူပြော ငါပြောအရ အတ္တစွဲ ဖြစ်ရ၏။

အချို့ တက္ကဒေါ် စိတ်ကူးဉာဏ်အရ အတ္တစွဲဖြစ်ရ၏၊ သူပြောငါပြောအတ္တစွဲမှာ အမယ်မှာ မှာတဲ့အတိုင်း ဆိုသလို မထူးခြားသော်လည်း စိတ်ကူးသမားများကား ထူးခြားစွာ ကြံကြ၏၊ ထို့ကြောင့် အတ္တ၏ပုံဟန် အနေအထားကို ကြံကြရာဝယ် အချို့က ပရမာဏုမြူမျှ သေးငယ်လှ၍ နှစ်လုံးအိမ်မှာ

တည်နေသတဲ့၊ အချို့ကခန္ဓာအိမ်မျှ ပမာဏရှိ၍ ခန္ဓာအိမ်ငယ်လျှင် အတ္တငယ်၍ ခန္ဓာကြီးလျှင် အတ္တကြီးသည်ဟု ဆိုကြ၏၊ အချို့က ခန္ဓာကွဲသော်လည်း အတ္တမကွဲ တမျိုးတစားတည်း တခုတည်းဟု ယူ၏၊ အချို့ကမူ တခုတည်းမဟုတ် ခန္ဓာကွဲသလိုအတ္တလည်းကွဲပြားကာ တခြားစီ တမျိုးစီ ဖြစ်ကြောင်းဆိုကြ၏၊ အတ္တမှာ စိတ်ကူးဖြင့်သာ ရှိသော အရာဖြစ်၍ စိတ်ကူးမတူ၍ အတ္တချင်းကွဲပြားရသည်မှာ အဆန်းမဟုတ်ပါ။

ပထဝီ ခက်မာမှု၊ အာပေါ ဖွဲ့စည်းမှု ယိုစီးမှု၊ တေဇော ပူမှု အေးမှု၊ ဝါယော တွန်းကန်လှုပ်ရှားမှု၊ ဤတရားများမှာ ဉာဏ်၏အရာဖြစ်၏၊ ဉာဏ်ဖြင့်သာ ထိုသဘာဝများကို အမှန်သိရ၏၊ ထိုဉာဏ်မျိုးရှိသူမှန်လျှင် ပုဂ္ဂိုလ်ကွဲစေကာမူ မြင်ပုံတမျိုးတည်းသာ ဖြစ်ရမည်၊ သူကတမျိုး ငါကတဖုံ အမြင်ကွဲပြားသည်ဟုမရှိရ၊ ဉာဏ်ဖြင့်မြင်ရသော တရားများမှာ စိတ်ကူးအရှိမျှ မဟုတ် တကယ်ရှိသော တရားများဖြစ်ရာ သဘာဝအမြင် ပုံစံပြောင်းလွဲမှု အဘယ်မှာရှိအံ့နည်း၊ ထိုသူတို့အတ္တမှာ စိတ်ကူးအရသာ ရှိနေ၍ ဉာဏ်ဖြင့်ရှာမတွေ့သော အကောင်ဖြစ်ရာ ဘယ်မှာ အမြင်ပုံစံ တမျိုးတစားသဲ ဖြစ်နိုင်ပါအံ့နည်း၊ ထို့ကြောင့် သူတမျိုး ငါတဖုံ အတ္တပုံစံကွဲပြားရခြင်း ဖြစ်၏။

## အတ္တကို ကာရက ( ပြုလုပ်တတ်သူ ) ဟု ကြံကြပုံ

သူတို့ဖန်တီးသော အတ္တမှာ သူတို့လည်း ဒိဋ္ဌမမြင်ရ သူတကာတို့လည်း မမြင်နိုင်သော်လည်း သူတို့အလို တန်ခိုး သတ္တိအစွမ်းကား ရှိလျက်ရှိ၏၊ ထိုအစွမ်းကိုလည်း အမျိုးမျိုးဆိုကြ၏၊ ဤခန္ဓာကိုယ်၌ မြင်ခြင်း ကြားခြင်း လှုပ်ရှားသွားလာခြင်း စသော အမှုအရာ ကိရိယာများကား ရုပ်နာမ်တို့၏ ဗျာပါရတည်း၊ ထိုရုပ်နာမ်တို့၏ သတ္တိစွမ်းအင်ကို မမြင် ပညတ်အတုံးအခဲသဏ္ဌာန်ကိုသာ သိမြင်နေသူတို့က ရုပ်အတုံးအခဲကြီးက ဘာမျှ မလုပ်တတ် အထဲက လုပ်ပေးနေသော အတ္တကောင်ရှိနေသည်ဟု ယူကာ ခန္ဓာ၏ ဗျာပါရမှု မှန်သမျှကို အတ္တက လုပ်သည်ဟု အတ္တ၏ ကာရက ( ပြုလုပ်တတ်သူ ) အဖြစ်ကြံကြ၏။

## အတ္တကို ဝေဒက(သုခဒုက္ခကို ခံစားတတ်သူ)ဟု ကြံကြပုံ

ဝတ္ထုအာရုံ ဆုံမိရာ၌ ဖဿ ( ခတ်ခိုက်မှု ) ဖြစ်၏၊ ထိုခတ်ခိုက်မှု ဖဿအရ ချမ်းသာမှု ဆင်းရဲမှု ဝေဒနာပေါ်ရ၏၊ ခံစားမှုမှာ ဝေဒနာ၏ အလုပ်ဖြစ်၍ ထိုဝေဒနာကိုလည်း ဖြစ်ပျက်တရားဟု မသိ ခံစားမှု၏ ထူးခြားဟန်ကိုသာ စွဲ၍ထင်ရှားရှိသော ဝေဒနာမှလွန်ကာ မထင်ရှားသော အတ္တကောင်ကိုစိတ်ဖြင့် ဖန်ဆင်းလိုက်ကြပြန်သည်၊ ဤသို့ဖြင့် အတ္တ၏ ဝေဒက ( သုခဒုက္ခကို ခံစားတတ်သူ)အဖြစ် ဆိုကြ၏။

## အတ္တကို နိဝါသီ(ခန္ဓာ၌ အမြဲနေတတ်သူ) အဖြစ်ကြံကြပုံ

အတ္တကား တန်ခိုးရှိ၏၊ အစွမ်းသတ္တိရှိ၏၊ သူကား မပျက်စီးတတ်၊ ထို့ကြောင့် ခန္ဓာအိမ်ပျက်စီးသော်လည်း သူကား မပျက်စီး၊ ခန္ဓာသစ်ရှာ၍ တည်နေ၏၊ ထိုအတ္တသည် မနိုင်းယှဉ်အပ် အလွန်ကြီးသော ပမာဏရှိသော်လည်း ခန္ဓာဟောင်းစွန့်၍ ခန္ဓာသစ်ရှာဖွေသော အခိုက်၌ကား လက်မမှစ၍ ဆန်ချည် အစိတ်တရာ စိတ်၍ တစိတ်မျှ ပမာဏရှိ၏ဟု ဆိုကြ၏၊ ထို့ကြောင့် ထိုအတ္တကို နိဝါသီ ( ခန္ဓာ၌ အမြဲနေတတ်သူ ) အဖြစ် ကြံကြ၏။

## အတ္တကို သာမိ(အရှင်–အစိုးရသူ)အဖြစ် ကြံကြပုံ

အချို့က မြင်မှု ကြားမှု ခံစားမှုကို အတ္တက မလုပ် ခန္ဓာကသာ လုပ်သည်၊ သို့သော် ခန္ဓာကို အတ္တက အစိုးရသောကြောင့် သူ့အလိုအတိုင်း လိုက်လုပ်နေရသည်ဟု အတ္တ၏သာမိ ( အရှင်အစိုးရသူ )အဖြစ် ကြံကြ၏။

## အတ္တကို သယံဝသီ(ကိုယ်စိုး ကိုယ်ပိုင်ဖြစ်သူ)အဖြစ် ကြံကြပုံ

အထက်က ပြဆိုခဲ့သည့်အတိုင်း အရှင်အစိုးရသူ ဖြစ်သောကြောင့်ပင် သယံဝသီ ( ကိုယ်စိုးကိုယ်ပိုင်ဖြစ်သူ ) တကိုယ်လုံးကို မိမိအလိုသို့ လိုက်စေ၍ မိမိကမူ ဘယ်သူ၏အလိုကိုမျှ မလိုက်တတ်သူဟုလည်း ဆိုကြ၏။

## အတ္တကို အဝိဋ္ဌာယက(စီမံခန့်ခွဲတတ်သူ)အဖြစ် ကြံကြပုံ

အထက်ပြဆိုခဲ့သည်အတိုင်း စိုးပိုင်သောကြောင့်ပင် ခန္ဓာ၏ အမှုမှန်သမျှ သူ့အလိုကျဖြစ်အောင် သူကစီမံခန့်ခွဲတတ်သူဟု အတ္တ၏အဝိဋ္ဌာယက (စီမံခန့်ခွဲတတ်သူ)အဖြစ်လည်း ဆိုကြသည်။

အထက်ပါအတိုင်း အတ္တဟု ယူဆကြံစည်ကြပုံကို သိပြီးနောက် အနတ္တကို သိရှိရန်အတွက် ပါဠိတော် အဋ္ဌကထာ ဋီကာတို့၌လာသော အောက်ပါ အနတ္တ ရှုနည်းကို သိသင့်သိထိုက်၏—

၁။ အသာရကဋ္ဌေန အနတ္တာ၊

၂။ အဝသ ဝတ္တနဋ္ဌေန အနတ္တာ၊

၃။ အသာမိကဋ္ဌေန အနတ္တာ၊

၄။ သုညတဋ္ဌေန အနတ္တာ—

၁။ အနတ္တာ–အတ္တမဟုတ်ဟူသည် အတ္တ၏ ဆန့်ကျင်ဘက်ဖြစ်သော ခန္ဓာငါးပါးပင်တည်း၊ အတ္တ၏ဆန့်ကျင်ဘက်ဖြစ်သောကြောင့်ပင် အနတ္တ၏ အနက်ကို သူတို့ဆိုလိုသော အတ္တသဘောတွေနှင့် ဆန့်ကျင်ဘက်အဖြစ်ဖြင့် ဖွင့်လေ့ရှိ၏၊ သူတို့အလိုအရခန္ဓာသာပျက်စီးသည်၊ အတ္တကား မပျက်စီး၊ ခန္ဓာဟောင်းပျက်လျှင် ခန္ဓာသစ်မှာတွယ်သည်၊ သို့ဖြစ်လျှင် အတ္တမှာ မပျက်စီးနိုင်သော အနှစ်သာရတမျိုးပင်၊ ဤခန္ဓာကား ရုပ်နာမ်အပြင် အခြားမရှိ၊ ရုပ်နာမ်ကား ဖြစ်ပြီးလျှင် ပျက်သောသဘောသာ၊ ထို့ကြောင့် ခန္ဓာ၌ မပျက်နိုင်သော အတ္တအနှစ်သာရဟု ဘာမျှမရှိ၊ ဤအချက်ကို သိစေလို၍ အသာရကဋ္ဌေန အနတ္တာ (အနှစ်သာရကင်းမဲ့သော အနက်ကြောင့် အနတ္တ) မည်၏ဟု အနတ္တအနက်ကို ဖွင့်သည်။

## အဝသဝတ္တနဋ္ဌေန အနတ္တာ–ကို ရှင်းလင်းပြခြင်း

၂။ အတ္တက–ဘယ်သူ့အလိုမျှမလိုက် ခန္ဓာကိုယ်က အတ္တအလိုအတိုင်း လုပ်နေကြရသည်ဟုဆို၏၊ ခန္ဓာ၌ ရုပ်နာမ်တို့ကား ဆိုင်ရာအကြောင်းများကြောင့်ဖြစ်ကာ မိမိကိစ္စဆောင်ရွက်လျက်ရှိ၏၊ အကြောင်းများကလည်း အထင်အရှား သူတို့ကိစ္စများကလည်း အထင်အရှားဖြစ်ရာ အတ္တကောင်၏ အလိုသို့လိုက်သည်ဟု ဆိုဖွယ်ရှိပါဦးမည်လော၊ ထို့ကြောင့် ရုပ်နာမ်တို့သည် ဘယ်သူ့အလိုမျှလည်းမလိုက် အလိုလိုက်အောင် စိုးပိုင်ကြိုးကိုင်သော အတ္တဟူ၍လည်းမရှိဟု သိစေလို၍ အဝသဝတ္တနဋ္ဌေန အနတ္တာ (အလိုမလိုက်တတ်သော အနက်သဘောကြောင့် အနတ္တ) မည်၏ဟု ဖွင့်ကြ၏။

## အသာမိကဋ္ဌေန အနတ္တာ–ကို ရှင်းလင်းပြခြင်း

၃။ ခန္ဓာက–ကိုယ်ဖြစ်ချင်သလိုမဖြစ်ရ၊ အတ္တက အစိုးရအရှင်၊ အတ္တက စေရာလုပ်ရ၏၊ အတ္တကား ခန္ဓာ၏အရှင်တည်း၊ ဤသို့ဆိုကြ၏၊ မီးခြစ်ဆံယမ်းနှင့် မီးခြစ်အိမ်ကယမ်းခြစ်လျှင် မီးပေါ်လာ၏၊ အတ္တကပေါ်စေသလော၊ ဓာတ်သဘာဝအတိုင်းဖြစ်၏၊ထိုအတူပင် ဝတ္ထုနှင့်အာရုံ ဆုံမိသောအခါ စိတ်ဖြစ်လာ၏၊ အကြောင်းကြောင့် အကျိုးဖြစ်လာရသောသဘောသာ၊အကြောင်းအကျိုး အပြင် ခန္ဓာအရှင် အတ္တဟု ဘာမျှမရှိ၊ ဤသဘောကို အသာမိကဋ္ဌေန အနတ္တာ (အရှင်မရှိဟူသော အနက်သဘောကြောင့် အနတ္တ) မည်၏ဟု ဖွင့်ကြ၏။

## သုညတဋ္ဌေန အနတ္တာ–ကို ရှင်းလင်းပြခြင်း

၄။ သူတို့က ခန္ဓာကိုယ်၌ အမှုမှန်သမျှ အတ္တကပြုသည် ခံစားမှုမှန်သမျှ အတ္တကခံစားသည်ဟု ဆိုကြ၏၊ သိသည်ဆိုလျှင် စိတ်ဖြစ်၏၊ ၎င်းမှာ ဉာဏ်ဖြင့် တွေ့ရသောတရားတည်း၊ ခံစားမှု ဝေဒနာလည်း ဉာဏ်ဖြင့် သိရသောတရားတည်း၊ ဉာဏ်ဖြင့်သိရသော စိတ်ဝေဒနာရှိနေပါလျက် ထို ထက်လွန်၍ အတ္တကိုဆိုဖွယ်မရှိပါ၊ ထို့ကြောင့် သုညတဋ္ဌေန အနတ္တာ (ကာရကပြုတတ်သော အတ္တကောင်၊ ဝေဒနာက ခံစားတတ်သော အတ္တကောင်တို့မှ ကင်းဆိတ်သော အနက်သဘောကြောင့် အနတ္တ) မည်၏ဟု ဖွင့်ကြ၏။

အထက်ပါ ၁-၂-၃-၄ တို့၌ အကျယ်ပြခဲ့ပြီးသော အနတ္တရှုပုံသည် ပါဠိ တော်အဋ္ဌကထာဋီကာတို့၌လာသော အနတ္တရှုပုံများတည်း၊ ဤသို့လျှင် ပါဠိ တော်အဋ္ဌကထာဋီကာတို့၌ အနတ္တရှုပုံရှုနည်းများ အထင်အရှားရှိပြီး ဖြစ်ပါလျက် ထိုနည်းများကိုအသုံးမပြုပဲ မိမိစိတ်ကူးဖြင့် ရေးသားသော ဦးစံရင်း၏ လေး လွှာဖျက်ခန်း အနတ္တရှုနည်းသည် ပါဠိတော်အဋ္ဌကထာဋီကာတို့နှင့် ဆန့်ကျင် သော အနတ္တရှုနည်းသာဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

---

## အမှတ် (၁၂) သောဓနာကိုစိစစ်ခြင်း

သောဓနာကို စိစစ်မပြမီ စောဒနာကို ရှေးဦးစွာဖော်ပြအံ့၊ကျောက်ပုံ တောရဆရာတော်အမည်ခံ ဦးစံရင်းသည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ- မဂ္ဂင် ဈာန သမ္မာဒိဋ္ဌိ မဂ္ဂင်များကို မည်သို့ပြုလုပ်လျှင် သံသရာဝဋ်၌ ကျင်လည်ရ၏၊ မည်သို့ပြုလုပ်လျှင် သံသရာဝဋ်မှ ထွက်မြောက်နိုင်၏ ဟု ဝဋ္ဋ-ဝိဝဋ္ဋ အနေအထားဖြင့် ခွဲခြားပြီး ရေးသားဟောပြောသင့်ပါလျက် ထို ကာမကုသိုလ် မဟဂ္ဂုတ်ကုသိုလ်များကို မည်သည့်အခါမျှမပြုလုပ် ကောင်းလေဟန်ပြုလုပ်လျှင် မိစ္ဆာပဋိပဒါဖြစ်သည်ဟု ရေးသားဟော ပြောခဲ့ပါသည်၊ ယင်းစကားရပ်သည် ထေရဝါဒပိဋကတ်တော်လာ အဋ္ဌ- ကထာ စကားရပ်နှင့် မညီညွတ်ဖြစ်နေပါသည်။

### ဤကား စောဒကပုဂ္ဂိုလ်တို့၏ စောဒနာတည်း။

ဤသို့စောဒနာပြီးနောက် စောဒကပုဂ္ဂိုလ်တို့က ပါဠိတော်၌ မိစ္ဆာပဋိပဒါ- သမ္မာပဋိပဒါဟူ၍- နှစ်မျိုးနှစ်စား ခွဲခြားဟောပုံကိုလည်းကောင်း အဋ္ဌကထာ၌ ကုသိုလ်ပြုတက်လျှင် သမ္မာပဋိပဒါဖြစ်ပုံနှင့် မပြုတတ်လျှင် မိစ္ဆာပဋိပဒါဖြစ်ပုံကို လည်းကောင်း စုံလင်စွာဖော်ပြ၍ ဦးစံရင်း၏ တရားဟောပြောရေးသား

ချက်များသည် ထေရဝါဒ အဋ္ဌကထာစကားရပ်များနှင့် မညီညွတ်သော ဟော ပြောရေးသားချက်များဖြစ်သည်ဟု အမှတ် (၁၂) စာဒန၌ ရှင်းလင်းဖော်ပြ ထားသည်။

ထိုရှင်းလင်းဖော်ပြချက်များ မှန် မမှန် ကြည့်ရှုသုံးသပ်ရန် ဝိနည်းမိုရ်ဆရာ တော်များ၌ တာဝန်ရှိသည့်အားလျော်စွာ စောဒကပုဂ္ဂိုလ်တို့ ကိုးကားဖော်ပြ သော သံယုတ်အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ (၁၈) ကို ကြည့်ရှုသည့်အခါ စောဒကပုဂ္ဂိုလ်တို့ဖော်ပြသည့်အတိုင်း ပုညာဘိသင်္ခါရကုသိုလ်နှင့် အာနေဉ္ဇာဘိ- သင်္ခါရကုသိုလ်များကိုပြုတတ်လျှင် သမ္ပာပဋိပဒါဖြစ်ပုံကိုလည်းကောင်း မပြု တတ်လျှင် မိစ္ဆာပဋိပဒါဖြစ်ပုံကို လည်းကောင်း ဖွင့်ဆိုထားသည်ကို မျက်ဝါး ထင်ထင်တွေ့မြင်ရပေသည်၊

ထို့အပြင်ဝဋ္ဋဂါမိကုသိုလ်ဖြစ်သော်လည်း အဆင့်ဆင့်အားဖြင့် အရဟတ္တဖိုလ် သို့ ရောက်နိုင်ပုံကို ဖွင့်ဆိုသော အဋ္ဌကထာရှိသေး၏။

> တတ္ထ ယထာ နာမ သခေနာ သဘောဂေါ ပုရိသော အဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇိတွာ အန္တရာမဂ္ဂေ ဂါမနိဂမာဒီသု နက္ခတ္တေ သံဃုဋ္ဌေ "အဟံ အာဂန္တုကော, ကံ နု ခေါ နိဿာယ နက္ခတ္တံ ကီဠေယျ"န္တိ အစိန္တေတွာ ယထာ ယထာ ဝဋ္ဋတိ၊ တေန တေန နီဟာရေန နက္ခတ္တံ ကီဠန္တော သုခေန ကန္တာရံ အတိက္ကမတိ၊ ဧဝမေဝ ဣမဿ္မိ ကမ္မဿကတဉာဏေ ဌတွာ ဣမေ သတ္တာ ဗဟုံ ဝဋ္ဋဂါမိကမ္မံ အာယူဟိတွာ သုခေန သုခံ အနုဘဝန္တာ အရဟတ္တံ ပတ္တာ ဂဏနပထံ ဝီတိဝတ္တာ။
>
> (အဘိ ဋ္ဌ ၁-၄၃၄)

မြန်မာပြန်

ထိုကမ္မဿကတဉာဏ်အရာ၌ ဥပမာမည်သည်ကား ဥစ္စာစည်းစိမ် ရှိသော ယောကျ်ားသည် အဓွန့်ရှည်သော ခရီးသို့သွား၍ လမ်းခရီးအကြား ရွာနိဂုံး စသည်တို့၌ နက္ခတ်ပွဲသဘင်ကိုကြွေးကြော်သည်ရှိသော် "ငါသည် ဧည့်သည်ဖြစ်၏၊ အဘယ်သူကိုအမှီပြု၍ နက္ခတ်ပွဲသဘင်ကို ပျော်ပါးရအံ့နည်း" ဟု မကြံစည်တော့ ပဲ အကြင်အကြင်သို့သောနည်းအားဖြင့် အလိုရှိ၏၊ ထိုထိုနည်းအားဖြင့် နက္ခတ် ပွဲသဘင်ကို ပျော်ပါးလျက် ချမ်းသာသဖြင့် ခရီးခဲကို လွန်မြောက်သကဲ့သို့ ဤအတူသာလျှင် ဤကမ္မဿကတဉာဏ်၌တည်၍ ဝဋ္ဋဆင်းရဲသို့ လားရောက် ကြောင်းကံကို များစွာအားထုတ်၍ ချမ်းသာတခုဖြင့် ချမ်းသာတခုကို ခံစား ကုန်လျက် အရဟတ္တဖိုလ်သို့ ရောက်ကုန်သော ဤသတ္တဝါတို့သည် ရေတွက် ကြောင်းခရီးကို လွန်ကုန်ပြီ (ဝါ) မရေမတွက်နိုင်ကုန်ပြီ။

ဤအဋ္ဌကထာသည်ဝင်္ဂါမိကံပင်ဖြစ်သော်လည်း ကမ္မဿကတဉာဏ်၌ တည်၍ ပြုလုပ်ခဲ့လျှင် အဆင့်ဆင့်အားဖြင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြောင်းကို ဖော်ပြ၏။

ယင်းသို့အဋ္ဌကထာဖွင့်ဆိုလေသောကြောင့် ဦးစံရင်းအပေါ်၌ မေးစရာတွေ ပေါ်ထွက်လာ၏၊ ဦးစံရင်းသည် ပါဠိတော်ကို ကြည့်ရှုနိုင်သလို အဋ္ဌကထာကိုလည်း ကြည့်ရှုနိုင်သူဖြစ်ပါလျက် အဘယ့်ကြောင့် အဋ္ဌကထာဖွင့်ဆိုချက်ကိုယူ၍ မိစ္ဆာပဋိပဒါ သမ္မာပဋိပဒါနှစ်မျိုးကို မဖော်ပြသနည်း၊အဘယ့်ကြောင့် ပါဠိတော်လာ မိစ္ဆာပဋိပဒါ သမ္မာပဋိပဒါ နှစ်မျိုးကိုသာယူ၍ ဖော်ပြပါသနည်း၊ ဤသို့ မေးစရာတွေပေါ်ထွက်လာ၏။

ထိုအမေးတို့၏ အဖြေကား ရှင်းပါသည်၊ ဦးစံရင်းသည် အဋ္ဌကထာကို ယုံကြည်ဟန်မတူပါ၊ မယုံသောကြောင့် အဋ္ဌကထာလာ ပဋိပဒါနှစ်မျိုးကို ဖော်ပြခြင်းမပြုဟု ဖြေကြားရပါမည်၊ အဋ္ဌကထာကို မယုံကြည်ခြင်းသည် ဦးစံရင်း၏ အလွန်ကြီးမားသော အမှားတော်ကြီးပင်ဖြစ်ပါသည်၊ ဤသာသနာတော်ကြီးသည် ထေရဝါဒသာသနာတော်ကြီးသာဖြစ်သည်။

အရှင်မဟာဗုဒ္ဓဃောသစသော ထေရဝါဒ အဋ္ဌကထာဆရာတို့ကသာ အဋ္ဌကထာကျမ်းကြီးများကို ရေးသားထားခဲ့ခြင်း မပြုပါက ပါဠိတော်မျှကို ကြည့်ရှု၍ မည်ကဲ့သို့သိမ်သမုတ်မည်နည်း မည်ကဲ့သို့ရဟန်းခံမည်နည်း သိမ်သမုတ်နည်း ရဟန်းခံနည်းတို့ကို နောင်လာနောက်သားတို့ မသိရှိနိုင်ပါ၊ ထို့ကြောင့် ဤသာသနာတော်မြတ်ကြီး၌ ပါဠိတော်ပြီးလျှင် အဋ္ဌကထာသည်အလွန်အရေးကြီးလှပါသည်။

မဟာပဒေသလေးပါးတွင်လည်း အဋ္ဌကထာပါဝင်လျက်ရှိပါသည်၊ စာပေကြည့်ရှုသည့်အခါတွင် ပါဠိတော်ကိုပထမကြည့်ရှုပြီး ပါဠိတော်အနက်အဓိပ္ပာယ်ကို စုံလင်စွာမသိခဲ့သည်ရှိသော် အဋ္ဌကထာကိုကြည့်ရှုရမည်၊အဋ္ဌကထာ၌ အနက်အဓိပ္ပာယ်ကို စုံလင်စွာမသိခဲ့သည်ရှိသော် ဋီကာကိုကြည့်ရှုရမည်ဟု စာကြည့်ရှုနည်းကို ရှေးဆရာမြတ်တို့ မိန့်မှာတော်မူခဲ့ကြ၏။

ဦးစံရင်းသည် အဋ္ဌကထာကိုမယုံကြည်သူဖြစ်သည့်အလျောက် အဋ္ဌကထာဆရာ၏ အယူအဆဖြစ်သော မိစ္ဆာပဋိပဒါ သမ္မာပဋိပဒါနှစ်မျိုးကို ဖော်ပြခြင်းမပြုပဲ ပါဠိတော်တိုက်ရိုက်လာ မိစ္ဆာပဋိပဒါ သမ္မာပဋိပဒါနှစ်မျိုးကိုသာ သာဓကပြု၍ ရေးသားဟောပြောခြင်းကြောင့် မြတ်စွာဘုရား၏ အလိုတော်ကို မသိသူ၊ တနည်း စာပေကျမ်းဂန်ကြည့်ဟန်လက္ခဏာကို မသိသူတယောက်သာ ဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

## စေဒနာ-သောဓနာ အမှတ် (၁၃)သုံးသပ်ချက်

**စေဒနာချက်**

**စေဒနာဆရာတော်များက** မြတ်စွာဘုရား၏ ပရိယာယ်အားဖြင့် ဟောကြားအပ်သောဒေသနာတော်ကို ကျောက်ပုံဝါဒီတို့ကမှုချအားဖြင့်ကောက်ယူ၍ ဟောကြားထားကြောင်း အောက်ပါဦးစံရင်းဟောပြောချက်ကို တင်ပြခဲ့ကြ၏။

စက္ခု နတ္ထိ၊ ရူပါ နတ္ထိ၊ စက္ခုဝိညာဏံ နတ္ထိ-လို့ မြတ်စွာဘုရားက မာရ်နတ်သားအား ဟောထားပါတယ်၊ မျက်စိဆိုဒါ မရှိပါဘူး၊ရူပါရုံဆိုဒါမရှိပါဘူး၊ စက္ခုဝိညာဏ်ဆိုဒါလည်း မရှိပါဘူး။ (တိတ်ခွေ ၁-ဘီ)

ဦးစံရင်းသည် မာရသံယုတ် ဒုတိယဝဂ် ကဿကသုတ်၌ ဘုရားက မာရ်နတ်အား ဟောကြားသောတရားတော်ကို ကိုးကား၍ဟောကြားခြင်းဖြစ်သည်ကို တွေ့ရကြောင်းဖြင့်လည်း လျှောက်ထားခဲ့ကြ၏။

မြတ်စွာဘုရားသည် နာနာနယဂမ္ဘီရ ဝိစိတြဉာဏ်ရှင် ဖြစ်တော်မူသည်အားလျော်စွာ ဥပစာအားဖြင့် တင်စား၍ဟောကြားတော်မူသည်တို့ကို ဦးစံရင်းက မှုချယူ၍ ဟောခဲ့သဖြင့် ဘုရားအလိုမကျ လုံးဝမှားယွင်းနေကြောင်းတွေ့ရပါသည်ဘုရား။

ဟူ၍ စေဒနာထားသည်။

(ကဿကသုတ္တန်ကိုလည်း အကျဉ်းချုံး၍ တင်ပြသွားသည်)

**သောဓနာချက်**

**အထက်ပါ** စေဒနာချက်ကို ပုသိမ်မောင်ညွန့်က သောဓနာရာတွင် ထိုသုတ္တန်၌ အမှန်ရှိနေသောစာပိုဒ်နှင့် ကွဲလွဲစွာ စေဒနာပြုထားသည်ကို တွေ့ရှိရကြောင်း၊ စေဒကဆရာတော်တို့သည် ၎င်းတို့လိုရာကိုဆွဲ၍ အဓိပ္ပာယ်ကောက်ယူပြီး တင်ပြထားခြင်းဖြစ်ကြောင်း လျှောက်ထားပြီးလျှင် ကဿကသုတ္တန်မြန်မာပြန် အစမှအဆုံးတိုင် ထုတ်ပြသွားသည်။

ဤသုတ္တန်၌လိုရင်းမှာ—

စက္ခု နတ္ထိ၊ ရူပါ နတ္ထိ၊စက္ခုဝိညာဏံ နတ္ထိ-ဟူ၍ ဖြစ်သည်။

စေဒကဆရာတို့ဆိုလိုသည်မှာ—

မျက်စိ၌ တပ်တတ်သောတဏှာ မရှိ၊ ရူပါရုံတို့၌ တပ်တတ်သောတဏှာ မရှိ၊ စက္ခုဝိညာဏ်၌ တပ်တတ်သော တဏှာမရှိဟူ၍ ဖြစ်သည်။

ကျောက်ပိုဝါဒီ ပုသိမ်မောင်ညွန့် ချေပသောမနာရာ၌ ဘုရားရှင်၏ မိန့်ကြားသော မျက်စိမရှိဟုလည်းကောင်း အဆင်းမရှိဟုလည်းကောင်း မြင်စိတ်မရှိဟုလည်းကောင်း ဆိုရာ၌—

အငိပ္ပာယ်ဖွင့်ဆိုရပါမူ မျက်စိအဆင်းမြင်စိတ်(စက္ခု ရူပ စက္ခုဝိညာဏ)ဟူသော သဘောတရားတို့သည် အကြောင်းပြည့်စုံမှ ဖြစ်ပေါ်ကြရသော အကျိုးတရားများ၏ အမည်သာ ဖြစ်ပါသည်၊ ၎င်းတို့ကိုယ်တိုင်အနေက အတ္တသတ္တိနှင့် ကိုယ်တိုင်ဖြစ်နိုင်သည့် အားအစွမ်းမရှိ၊အနတ္တအနေနှင့်သာ ရှိနေပါသောကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက—

စက္ခု နတ္ထိ ပါပိမာ ရူပါ နတ္ထိ ပါပိမာ စက္ခုဝိညာဏံ နတ္ထိ ပါပိမာ ဟူ၍ ဟောတော်မူခြင်း ဖြစ်ပါသည်။

၎င်းပြင် ဘုရားရှင်၏ ဟောပြောချက် မူရင်းပါဠိတော်၌ ပါဝင်သည်တို့ကို စောဒကဆရာတော်များသည် ၎င်းတို့ မလိုလားသောအခါ ချန်လှပ်၍ ပါဠိတော် မူရင်းတွင် မပါရှိသော အထက်ပါ တဏှာမရှိ ဟူသော စာသားများကို အပိုထည့်သွင်း စောဒနာထားသည်ကို တွေ့ရှိရပါသည်ဟူ၍ ချေပ သောဓနာထားသည်။

## သုံးသပ်ချက်

စောဒကပုဂ္ဂိုလ်တို့၏ မျက်စိ၌ တပ်တတ်သော တဏှာမရှိစသော စကားရပ်များသည် အောက်ပါဂါထာများအရ ခိုင်လုံထင်ရှားသည်—

၎င်းကဿကသုတ်၏ အဆုံး၌—

(က) ယံ ဝဒန္တိ မမ ယိဒန္တိ၊ ယေ ဝဒန္တိ မမန္တိ စ။
ဧတ္ထ စေ တေ မနော အတ္ထိ၊ န မေ သမဏ မောက္ခသိတိ။

(ခ) ယံ ဝဒန္တိ န တံ မယှံ၊ ယေ ဝဒန္တိ န တေ အဟံ။
ဧဝံ ပါပိမ ဇာနာဟိ၊ န မေ မဂ္ဂမ္ပိ ဒက္ခသိတိ။

ဟူသော ဂါထာများ ရှိနေကြပါသည်။ (သံ ၁။၁၁၇)

### မြန်မာပြန်

(က) အကြင်ပုဂ္ဂိုလ်တို့သည် အကြင်ဥစ္စာကို ဤဥစ္စာသည် ငါ၏ဥစ္စာတည်း ဟုဆိုကုန်၏၊ အကြင်ပုဂ္ဂိုလ်တို့သည်လည်း ငါဟူ၍ ဆိုကုန်၏၊ ထိုအရာ၌ောနတို့၌ သင်၏စိတ်သည် အကယ်၍ ရှိငြားအံ့၊ ရဟန်း သင်သည် ငါ၏နိုင်ငံနယ်ပယ်မှ မလွတ်မြောက်နိုင်ဟု လျှောက်၏။

(ခ) မာရ်ယုတ် အကြင်ပုဂ္ဂိုလ်တို့သည် အကြင်ဥစ္စာကို ငါ၏ဥစ္စာဟု ဆိုကုန်၏၊ ထိုသူတို့၏ ထိုဥစ္စာသည် ငါ့အားမရှိ အကြင်သူတို့သည် ငါဟူ၍ ပြောဆိုကုန်၏၊ ထိုပုဂ္ဂိုလ်တို့ ထိုပြောဆိုခြင်းတို့သည် ငါအားမရှိ ငါမဟုတ်၊ငါ၏သွားရာလမ်းခရီးကိုလည်း သင်မမြင်နိုင်၊ ဤသို့သိလောဟု မိန့်တော်မူ၏။

## စောဒနာမြောက်သည်

(က) ဤပထမဂါထာ၌ ပထမပါဒ ဒုတိယပါဒတို့ဖြင့် တဏှာစွဲ ဒိဋ္ဌိစွဲတို့ကို ပြလို၏။

(ခ) ဤဒုတိယဂါထာ၌ ပထမပါဒ ဒုတိယပါဒတို့ဖြင့် မြတ်စွာဘုရား၌ တဏှာစွဲ ဒိဋ္ဌိစွဲ မရှိကြောင်းကို ပြလို၏။

ထို့ကြောင့် ၎င်းဋီကာဆရာက—

န တံ မယှန္တိ တံ မယှံ န ဟောတိ၊န တတ္ထ မမ တဏှာဝသေန မမန္တိ နတ္ထိ။ န တေ အဟန္တိ ယေ ပုဂ္ဂလာ တေ္တ ဗဒ္ဓါ၊ တေပိ အဟံ န ဟောမိ၊ တတ္ထ မေ ဒိဋ္ဌိဗဒ္ဓေါ နတ္ထိ။ (သံ ဋီ ၁။၂၁၇)

တဏှာနှင့်ဒိဋ္ဌိနှစ်ပါး စွဲလမ်းမှုကို ပရိယာယအားဖြင့် ဟောကြားတော်မူသည် မုချဒေသနာမဟုတ်။

**အနက်**

နတံ မယှန္တိ၊ န တံ မယှံ ဟူသည်ကား။ တံ၊ ထိုဘဏ္ဍာသည်။ မယှံ၊ ငါ၏ဘဏ္ဍာသည်။ နဟောတိ၊ မဖြစ်။ တတ္ထ၊ ထိုဘဏ္ဍာ၌။ မမ၊ ငါ၏ဘဏ္ဍာသည်။ နဟောတိ၊ မဖြစ်။တဏှာဝသေန၊ တဏှာ၏အစွမ်းဖြင့်။ မမန္တိ၊ မမံဟု စွဲလမ်းခြင်းသည်။ နတ္ထိ၊ မရှိ။ နတေအဟန္တိ၊ နတေအဟံ ဟူသည်ကား။ ယေပုဂ္ဂလာ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ တေ္တ၊ ဤဘဏ္ဍာ၌။ ဗဒ္ဓါ၊ ဒိဋ္ဌိဖြင့် ဖွဲ့အပ်ကုန်၏။ တေပိ၊ ထိုပုဂ္ဂိုလ်တို့သည်လည်း။ အဟံ၊ ငါသည်။ နဟောမိ၊မဖြစ်။ တတ္ထ၊ထိုဘဏ္ဍာ၌။ မေ၊ ငါ့အား။ ဒိဋ္ဌိဗဒ္ဓေါ၊ ဖွဲ့အပ်သောဒိဋ္ဌိသည်။ နတ္ထိ၊မရှိ။

ဤဋီကာအဓိပ္ပာယ်အထောက်အထားဖြင့် ဓော်ဒကဆရာတော်တို့ တင်ပြစောဒနာအပ်သော မျက်စိ၌ တပ်ကတ်သောတဏှာမရှိ စသော စောဒနာချက်သည် ပါဠိတော် အဋ္ဌကထာဋီကာတို့နှင့် ကိုက်ညီကြောင်း တွေ့ရှိရသည်၊ ပါ၊စောဒနာမြောက်သည်။

ပုသိမ်မောင်ညွန့်၏ သောဓနာချက်သည်ကား ပါဠိ အဋ္ဌကထာ ဋီကာတို့၌ မတွေ့ရသည့်အပြင် ဘုရားရှင်၏ ဆိုလိုရင်းအာဘော်နှင့် အလွန်ပင် ဝေးကွာလျက် ရှိသည်၊ သုတ္တန်သဘောကို သေချာစွာ ဖတ်ရှုလေ့လာသင့်သည်။

## ဒေသနာတော်နှစ်မျိုး

ဘုရားဟော ဒေသနာတော်သည်–

(၁) တိုက်ရိုက်ယူရသော မုချနီတတ္ထဒေသနာတော်၊

(၂) တင်စားယူရသော ဥပစာနေယျတ္ထပရိယာယ ဒေသနာတော်– ဟူ၍ နှစ်မျိုးနှစ်စားရှိလေသည်။

ထိုတွင် တိုက်ရိုက်မုချနီတတ္ထအားဖြင့် ယူရသော ဒေသနာတော်ကို ဥပစာနေယျတ္ထအားဖြင့် တင်စား၍ ယူဆမိလျှင် မှား၏၊ ဘုရားရှင်ကို စွပ်စွဲရာရောက်၏၊ တဖန် ဥပစာနေယျတ္ထအားဖြင့် တင်စား၍ ယူရမည့် ဒေသနာတော်ကို တိုက်ရိုက်မုချနီတတ္ထအားဖြင့် ယူဆမိလျှင် မှား၏၊ ဘုရားရှင်ကို စွပ်စွဲရာရောက်၏။

## မသိလျှင်မှားမည်

ဤသို့စွပ်စွဲရာမရောက်ရအောင် ဤမာရသံယုတ် ဒုတိယဝဂ် ကဿကသုတ် ဒေသနာတော်သည် တိုက်ရိုက်ယူဆရသော နီတတ္ထဒေသနာတော် ဖြစ်လေသလား၊ တင်စားယူဆရသောဥပစာနေယျတ္ထပရိယာယဒေသနာဖြစ်လေသလား ခွဲခြားသိဖို့ လိုအပ်သည်၊ မိမိကိုယ်ပိုင်ဉာဏ်ဖြင့် မသိနိုင်လျှင် ဘုရားရှင်၏ အလိုကျ ဖွင့်ပြသော အဋ္ဌကထာဋီကာကို အားကိုးရပေမည်၊ အထက်က ပြခဲ့သော ဋီကာဆရာအလိုအားဖြင့် တဏှာ၏အစွမ်းဖြင့် မရှိ ဒိဋ္ဌိ၏အစွမ်းဖြင့် မရှိဟု တင်စား ယူဆသော ဥပစာနေယျတ္ထ ပရိယာယအားဖြင့် ဟောထားခြင်းဖြစ်သည်ဟု ဖွင့်ဆိုလျက်ရှိ၏။

သို့ဖြစ်၍ ဥပစာနေယျတ္ထအားဖြင့် ဟောကြားသောသုတ်ဟု မသိပဲ မုချ တိုက်ရိုက် နီတတ္ထ အားဖြင့်ယူ၍ မျက်စိဆိုတာ မရှိပါဘူး ရူပါရုံဆိုတာ မရှိပါဘူး စက္ခုဝိညာဏ်ဆိုတာလည်း မရှိပါဘူးဟု ရေးသားဟောပြောချက်သည် စင်စစ် အမှားသာလျှင် ဖြစ်ချေသည်။

## ဥပစာယူရပုံ

ရင်းပြင် မူလပဏ္ဏာသပါဠိတော် သြပမ္မဝဂ် အလဂဒ္ဒူပမသုတ်(နှာ-၁၉၄)၌–

ရူပံ ဘိက္ခဝေ န တုမှာကံ၊ တံ ပဇဟထ။ တံ ဝေါ ပဟီနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဘဝိဿတိ၊

စသည်ဖြင့် ဟောကြားရာ၌လည်း ရုပ်ကိုပဟာတဗ္ဗ (ပယ်ရမည့်) တရားဟူ၍ ဟောထားခြင်းမဟုတ်၊ ရုပ်၌တပ်တတ်သော တဏှာဆန္ဒ ရာဂကိုသာ ပယ်ရမည်ဟု ဌာနူပစာ နေယျတ္ထအားဖြင့် ဟောထားသော ဒေသနာနည်းကဲ့သို့မှတ်ယူရမည်။

## သမ္မုတိ ပရမတ္ထ ဒေသနာ

ဆက်လက်၍ ဘုရားရှင်၏ ဒေသနာသဘောကို အနည်းငယ်မျှရှင်းပြဦးအံ့-

ဗုဒ္ဓဿ ဘဂဝတော ဒုဝိဓာ ဒေသနာ သမ္မုတိဒေသနာ ပရမတ္ထ-ဒေသနာ စာတိ။ တတ္ထ ပုဂ္ဂလော သတ္တော ဣတ္ထိ ပုရိသော ခတ္တိယော ဗြာဟ္မဏော ဒေဝေါ မာရောတိ။ ဧဝရူပါ သမ္မုတိဒေသနာ။

အနိစ္စံ ဒုက္ခံ အနတ္တာ၊ ခန္ဓာ ဓာတူ အာယတနာနိ သတိပဋ္ဌာနာတိ ဧဝရူပါ ပရမတ္ထဒေသနာ။ (မ ဋ္ဌ ၁။၁၄၂)

ဤအဋ္ဌကထာအရ ဘုရားရှင်၏ ဒေသနာတော်သည် သမ္မုတိဒေသနာ ပရမတ္ထဒေသနာဟူ၍ နှစ်မျိုးနှစ်စားရှိကြောင်း သိအပ်ပေသည်၊ ၎င်းနှစ်မျိုးနှစ်စားတို့တွင် ပုဂ္ဂိုလ်သတ္တဝါ မိန်းမယောကျ်ား စသည်ဖြင့် အမည်ပညတ်တင်၍ ဟောကြားအပ်သော ဒေသနာတော်သည် သမ္မုတိဒေသနာမည်၏၊

အနိစ္စ ဒုက္ခ အနတ္တ ခန္ဓာ အာယတန ဓာတ် သစ္စာ သတိပဋ္ဌာန် စသည်ဖြင့် ပရမတ္ထသဘာဝတို့ကို ဟောကြားအပ်သော ဒေသနာတော်သည် ပရမတ္ထ ဒေသနာမည်၏။

ထို့ကြောင့်ပင် ၎င်းအဋ္ဌကထာ၌—

ဒုဝေ သစ္စာနိ အက္ခာသိ၊ သမ္ဗုဒ္ဓေါ ဝဒတံ ဝရော။
သမ္မုတိံ ပရမတ္ထဉ္စ၊ တတိယံ နူပလဗ္ဘတိ။

စသည်ဖြင့် (မ ဋ္ဌ ၁။၁၄၂)၌ မိန့်ဆိုထားလေသည်၊

### မြန်မာပြန်

ပြောဟောတတ်သောသူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည် သမ္မုတိသစ္စာကိုလည်းကောင်း ပရမတ္ထသစ္စာကိုလည်းကောင်း နှစ်ပါးသော သစ္စာတို့ကို ဟောတော်မူ၏၊ သုံးခုမြောက်သစ္စာကို မရအပ်။

ကျောက်ပုံဆရာနှင့် ကျောက်ပုံဝါဒီတို့သည် ဒေသနာသဘောကို ခွဲခြား၍ သိဟန်မတူပေ၊ဤကဿက ဒေသနာသည် အမည်ပညတ်တပ်၍ ဟောအပ်သော သုတ္တန်ဒေသနာတော်ဖြစ်သည်၊ ပုသိမ်မောင်ညွန့်ချေပသလို ရုပ်ဖြစ်ပုံက ဘယ်လို နာမ်ဖြစ်ပုံကဘယ်နည်း၊ အတ္တ အနတ္တစသည်ဖြင့် သရုပ်ခွဲ၍ ဟောကြားအပ်သော ပရမတ္ထဒေသနာမဟုတ်ပေ၊ ဘုရားရှင်တို့သည် သတ္တဝါတို့၏ အဇ္ဈာသယကို သိတော်မူ၍ ထိုသတ္တဝါတို့၏ အဇ္ဈာသယအားလျော်စွာ တရားဟောတော်မူကြောင်း သတိပြုသင့်ပေသည်၊ ကျောက်ပုံဆရာနှင့် ကျောက်ပုံဝါဒီတို့မှာနေရာ

တိုင်း၌ သမုတိသစ္စာကို ဖယ်ထား၍ ပရမတ္ထသစ္စာကိုချည်း ကောက်ယူနေသဖြင့် စာရိတ္တ ဝါရိတ္တ သီလ ပျက်စီးပြီး ကိုယ်ကျင့်တရား ဖောက်ပြားခဲ့ကြကြောင်း စောဒကတို့တင်ပြသော နိဒါန်းတွင် တွေ့ရှိနေသည်။

ထို့ ကြောင့် ပုသိမ်မောင်ညွန့်ချေပထားသော ကျောက်ပုံတောရဝါဒသည် သာဓကအားဖြင့်လည်းကောင်း သဘာဝအားဖြင့်လည်းကောင်း မသင့်လျော်သောဝါဒသာဖြစ်၍ ဓမ္မဝါဒမဟုတ် အဓမ္မဝါဒသက်သက်သာ ဖြစ်ကြောင်း ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

---

## စောဒနာ-သောဓနာအမှတ်(၁၄)သုံးသပ်ချက်

စောဒကဆရာတော်တို့က သဿတ ဥစ္ဆေဒနှင့်စပ်သော ကျောက်ပုံဝါဒထုတ်ဖော်တင်ပြခဲ့ရာ ထိုကျောက်ပုံဝါဒကို အကျဉ်းချုပ် ထုတ်ပြရသော် ဤသို့ဖြစ်၏။

၁။ ဘုရားတရားသံဃာသိက္ခာ ခန္ဓာငါးပါး ရုပ်နာမ်တရား ပဋိစ္စသမုပ္ပါဒ်စသောတရားတို့ ရှိ၏ဟု ယူဆလျှင် သဿတဒိဋ္ဌိဖြစ်၏၊ ဗမာလို မှား၏၊ မရှိဟု ယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိဖြစ်၏၊ ဗမာလို မှား၏။

၂။ သဿတဒိဋ္ဌိဟူသည် ဖြစ်သဘောကိုမူတည်သိမ်းပိုက်ပြီး ယူဆသည်ဖြစ်၍ ဖြစ်မှားခေါ်၏၊ဥစ္ဆေဒဒိဋ္ဌိဟူသည် မဖြစ်သဘော ပြတ်သဘောကိုမူတည် ယူဆသည်ဖြစ်၍ ပြတ်မှားခေါ်၏၊ဤကား ကျောက်ပုံဝါဒီတို့အလို။

### စောဒနာ

ထိုကျောက်ပုံဝါဒအရ ဖြစ်မဖြစ်ဆိုရုံမျှဖြင့် သဿတ ဥစ္ဆေဒမဖြစ်ကြောင်း အတ္တစွဲပါမှ ဖြစ်နိုင်ကြောင်းကိုပါဠိသာဓကများထုတ်ဖော်တင်ပြစောဒနာခဲ့ကြ၏။

### သုံးသပ်ချက်

၁။ တကယ်အမှန်ရှိသည်ကို တကယ်အမှန်ရှိ၏ဟု ယူဆခြင်း၊ တကယ်အမှန်မရှိသည်ကို မရှိဟု ယူဆခြင်းသည် မှန်ကန်သော အမြင်မှန် သမ္မာဒိဋ္ဌိဖြစ်သည်၊ မြတ်စွာဘုရား၌သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်သောလက္ခဏာတော်ငယ် သဗ္ဗညုတဉာဏ်တော်သည် အမှန်ရှိကြသည်ပင်၊ ထို့အတူ တရားတော် သံဃာတော် ခန္ဓာငါးပါး ရုပ်နာမ်တရား ပဋိစ္စသမုပ္ပါဒ်စသောတရားတို့သည်လည်း အမှန်အားဖြင့် ရှိနေကြသည်သာ၊ မရှိသောတရားများမဟုတ်။

ကျောက်ပုံဝါဒီတို့တင်ပြသော သဿတ၊ ဥစ္ဆေဒဒိဋ္ဌိများသည် မရှိကို အရှိလုပ်၍ ယူဆသောဒိဋ္ဌိမျိုးဖြစ်သည်။

## ၁-ကယ့် သဿတ၊ ဥစ္ဆေဒဒိဋ္ဌိ

ထင်ရှားအောင်ပြဦးအံ့၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့အပေါ်၌ ငါသူ စသော အတ္တကောင်ရှိ၏ဟု တိတ္ထိယပရိတ တိတ္ထိတို့က ကြံဆ၍ယူကြသည်၊ ၎င်းကို သက္ကာယဒိဋ္ဌိခေါ်သည်။

ထိုအတ္တသည် ခန္ဓာကိုယ်ပျက်စီးသော်လည်း မပျက်စီးပဲ တခြားခန္ဓာသို့ ပြောင်းရွှေ့သွား၏ ဟု ယူဆခြင်းသည် သဿတဒိဋ္ဌိမည်၏။

သို့မဟုတ် ခန္ဓာကိုယ်ပျက်စီးလျှင် ခန္ဓာနှင့်အတူတပါတည်း ပျက်စီးသွား၏ ဟု ယူဆခြင်းသည် ဥစ္ဆေဒဒိဋ္ဌိမည်၏။

## သမ္မာဒိဋ္ဌိ

ဘုရား တရား သံဃာ သိက္ခာ ရုပ်နာမ်ခန္ဓာ ပဋိစ္စသမုပ္ပါဒ် စသော တရားတို့ သည် အမှန်အားဖြင့်တင်ရှားရှိကြ၍ အမှန်အားဖြင့်သိမြင်ခြင်းသည် အဘယ်မှာ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်နိုင်ပါအံ့နည်း၊ စောဒကဆရာတော်တို့ တင်ပြသော သဒ္ဓါမူလိကာ သဒ္ဓါအရင်းခံသော သမ္မာဒိဋ္ဌိ အမြင်မှန်သာ ဖြစ်ချေသည်။

၂။ တဖန် ကျောက်ပုံဝါဒီတို့က သဿတဒိဋ္ဌိ ဟူသည် ဖြစ်သဘောကို မှတ်သည်သိမ်းပိုက်ပြီး ယူဆသည်ဖြစ်၍ ဖြစ်မှားခေါ်၏၊ ဥစ္ဆေဒဒိဋ္ဌိ ဟူသည် မဖြစ်သဘော ပြတ်သဘောကို မှတ်ယူဆသည်ဖြစ်၍ ပြတ်မှားခေါ်၏ ဟု ဆိုပြန်သည်၊ ဆိုလိုရင်းက ဖြစ်သဘောသည် သဿတ မဖြစ်သဘောသည် ဥစ္ဆေဒဟူ၍ ဆိုလိုဟန်ရှိသည်။

## သဿတ ဥစ္ဆေဒဒိဋ္ဌိ စိစစ်ချက်

ဤနေရာ၌ သဿတသဘောနှင့် ဥစ္ဆေဒသဘောကို အနည်းငယ်စိစစ် ကြည့်ဦးအံ့–

> သဿတော အတ္တာ စ လောကော စ ဝစ္ဆေ ကူဋ္ဌဋ္ဌော၊ ဧသိကဋ္ဌာ-
> ယိဋ္ဌိတော၊ တေ စ သတ္တာ သန္ဓာဝန္တိ သံသရန္တိ စဝန္တိ ဥပပဇ္ဇန္တိ၊
> အတ္ထိတွေဝ သဿတိသမံ။ (ဒီ ၁။ ၁၂)

အထက်ပါ သီလက္ခန္ဓဝဂ္ဂဒိဋ္ဌိဇာလသုတ်တော်အရ မြဲသဘောကိုသာ သဿတ ဟု ယူရပေမည်။

၎င်းအဋ္ဌကထာတွင်လည်း—

> တံ သဿတံ အမရံ နိစ္စံ ဓုဝံ ပညပေန္တိ။

ဟူ၍ ဖွင့်ထားသည်။ (ဒီ ဋ္ဌ ၁။၉၇)

တဖန် ဥစ္ဆေဒဒိဋ္ဌိ ဟူသည်–

ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ၊န ဟောတိ ပရံ မရဏာ။
(ဒီ၊ ၁။ ၃၁)

ဟူ၍ဟောတော်မူခြင်းကြောင့် ပြတ်သဘောကိုသာ ဥစ္ဆေဒဟု ယူရမည်၊ ကျောက်ပုံဝါဒီတို့ယူသလို မဖြစ်သဘောကိုမယူရ။(ဤကား သဿတနှင့်ဥစ္ဆေဒ သဘော အမြွက်မျှပြခြင်းတည်း)

## သောဓနာချက်

ဆိုခဲ့ပြီး စောဒနာနှင့်ပတ်သက်၍ ပုသိမ်မောင်ညွန့်က အောက်ပါအတိုင်း သောဓနာထား၊သည်ကို တွေ့ရသည်။

စောဒကဆရာတော်များ တင်ပြထားသော လိုရင်းအချက်မှာ သဿတဒိဋ္ဌိ ရှိမှားအယူနှင့် ဥစ္ဆေဒဒိဋ္ဌိ မရှိမှား-အယူကိုသာ ရည်ရွယ်ရင်းဖြစ်ပါသည်၊ ထို အချက်နှစ်ချက်ကိုပင် အစွန်းနှစ်ပါးဟု ဆိုလိုဟန်ရှိပါသည်ဘုရား ဟု လျှောက် ထား၍ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိအယူနှစ်ပါးကို ဝေဖန်ပြခဲ့၏။

၁။ သဿတဒိဋ္ဌိ ဟူသည် အရှိဟု ယူဆခြင်း၊

၂။ ဥစ္ဆေဒဒိဋ္ဌိ ဟူသည် မရှိဟု ယူဆခြင်း၊

(က) မရှိပဲနှင့် ရှိသည်ဟု ယူဆသောအမှား သဿတဒိဋ္ဌိအယူနှင့်

(ခ) အရှိကို အရှိတိုင်း ယူဆခြင်းကို အမှန် သဿတဒိဋ္ဌိအယူ (ဝါ) ယထာဘူတဉာဏ်ဟု နှစ်မျိုးရှိပါသည်ဘုရား ဟု ဝေဖန်ပြီးနောက်–

တဖန် ဥစ္ဆေဒဒိဋ္ဌိသည်လည်း နှစ်မျိုးနှစ်စားရှိကြောင်းစသည်ဖြင့် မဟုတ် တာက အစ မမှန်တာမှာအဆုံး စိတ်ကူး ပေါက်တိုင်း ရေးထားသည်ကို တွေ့ ရသည်၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အမှားအမှန်ဟူ၍ မည်သည့် ထေရဝါဒပိဋကတ် တော်မှာမှ မတွေ့ရချေ။

## ဒိဋ္ဌိနှစ်ပါး အမှားအမှန်ခွဲပြချက်

ဆက်ဦးအံ့၊ စုဒိတက ပုသိမ်မောင်ညွန့်က သဿတဒိဋ္ဌိနှင့်ဥစ္ဆေဒဒိဋ္ဌိ အမှား အမှန်ကို ရှင်းပြရာ၌–

(က) ပတ်ဝန်းကျင် အကြောင်းတရားများ မစုံညီလျှင် ရုပ်လို့နာမ်လို့ခေါ် သော သဘောတရားများ မဖြစ်မရှိသည်ကို ရုပ်နာမ်လို့ ကိုယ်တိုင် ဖြစ်သည် ရှိသည်ဟု ယူဆပါလျှင် အမှား သဿတဒိဋ္ဌိဟု တင်ပြပါ သည်ဘုရား။

(ခ) ပတ်ဝန်းကျင် အကြောင်းတရားများ စုံညီပါက ရုပ်နာမ်ဟု သမုတ်ခံရသော သဘောတရားများ အမှန်မုချဖြစ်ရှိနေသည်ကို ဖြစ်ရှိသည်ဟု ယူဆခြင်းသည် အမှန်သဿတဒိဋ္ဌိ (ဝါ) ယထာဘူတဉာဏ်ဖြစ်သည်ဟု ဆိုလိုပါသည် ဘုရား။

(ဂ) ပတ်ဝန်းကျင်အကြောင်းတရားများ ညီညွတ်ပါက ရုပ်နာမ်များဖြစ်ရရှိရမည်ကို မဖြစ် မရှိဟု ယူဆပါက အမှား ဥစ္ဆေဒဒိဋ္ဌိ။

(ဃ) ပတ်ဝန်းကျင်အကြောင်းတရား မပြည့်စုံပါက ရုပ်နာမ်များ မဖြစ်မရှိသည်ကို မဖြစ်မရှိပါဟု ယူဆပါက အမှန် ဥစ္ဆေဒဒိဋ္ဌိ (ဝါ) ယထာဘူတဉာဏ်ဖြစ်ပါသည်ဘုရား ဟူ၍ သောခနောခဲ့ပါသည်။ (ကျယ်အံ့စိုး၍ အပြည့်အစုံထုတ်မပြတော့ပေ၊ သောခနောချက်ကို ပြန်ကြည့်ပါ။)

## တတ်ယောင်ကားအဘိဓမ္မာဆရာ၏ အယူအဆ

အထက်ပါ သောခနော၌ စုဝိတကသည် ဒိဋ္ဌိနှင့် ပညာကိုသရုပ် ကွဲဟန်မတူပေ၊ သဿတဒိဋ္ဌိ၊ဥစ္ဆေဒဒိဋ္ဌိ အပါအဝင် ဒိဋ္ဌိ ၆၂-ပါးကို တရားကိုယ်ကောက်သော် ဒိဋ္ဌိစေတသိက်ကိုသာ ကောက်ယူရသည်။

ယထာဘူတဉာဏ်ကို တရားကိုယ်ကောက်သော် ပညိန္ဒြေစေတသိက်ကိုသာ အရကောက်ယူရသည်။

ဒိဋ္ဌိစေတသိက်နှင့် ပညိန္ဒြေစေတသိက်သည် အမှားသိနှင့် အမှန်သိ ဆန့်ကျင်ဘက်တို့ဖြစ်ကြသည်၊ ဒိဋ္ဌိစေတသိက်သည် အကုသိုလ်ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခုနှင့်သာယှဉ်၍—

ပညိန္ဒြေစေတသိက်သည် ကာမသောဘဏ ဉာဏသမ္ပယုတ် ၁၂-ပါး၊ မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅-ပါး၊ ပေါင်း ၄၇-ပါးသော စိတ်တို့နှင့်ယှဉ်၍ဖြစ်သည်။

အထက်ပါ သောခနောချက်၌ အမှန် သဿတဒိဋ္ဌိ ဝါ၊ ယထာဘူတဉာဏ်ဟူ၍ လည်းကောင်း။

အမှန်ဥစ္ဆေဒဒိဋ္ဌိ ဝါ၊ ယထာဘူတဉာဏ်ဟူ၍ လည်းကောင်း ရေးသား သောခနောခြင်းသည် အဘိဓမ္မာ အဝါးမဝသော တတ်ယောင်ကား အဘိဓမ္မာဆရာ၏ အယူအဆမျိုးသာ ဖြစ်သည်။

## အမှန်သိနှင့် အမှားသိ

ပတ်ဝန်းကျင် အကြောင်းတရားများ မစုံညီလျှင် ရုပ်နာမ်လှိုင်ခေါ် တဲ့သဘော တရားများ မဖြစ်မရှိဟု သိသောအသိကို အမှန်သိ၊ သမ္မာဒိဋ္ဌိဟုသာ ခေါ်ရ မည်၊တရားကိုယ်မှာ (ပညိန္ဒြေစေတသိက်)ပတ်ဝန်းကျင် အကြောင်းတရားများ စုံညီသော်လည်း ရုပ်နာမ်သဘောတရားများ မဖြစ်မရှိဟုသိသော အသိကို အမှားသိ မိစ္ဆာဒိဋ္ဌိဟုသာခေါ်ရမည်၊ တရားကိုယ်မှာ (ဒိဋ္ဌိစေတသိက်) သဿ-တဒိဋ္ဌိ-ဥစ္ဆေဒဒိဋ္ဌိနှင့် ဘယ်လိုမှမသက်ဆိုင်ပေ၊ သဿတ ဥစ္ဆေဒ ယူဆပုံကို နောက်က အမြွက်မျှ ရှင်းပြခဲ့ပြီ၊ စုဒိတကသည် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူ မှားကိုပင်လျှင် အမှန်သဿတဒိဋ္ဌိ အမှားသဿတဒိဋ္ဌိ အမှန်ဥစ္ဆေဒဒိဋ္ဌိ အမှား ဥစ္ဆေဒဒိဋ္ဌိ ဟူ၍ ဖောက်လွဲဖောက်ပြန် ကြံဖန်၍ ယူဆခြင်းသာဖြစ်သည်။

ဟနည်း-ဒိဋ္ဌိဖြင့် တုန်လှုပ်ဖောက်ပြန်ခြင်းသည်ဟု သုံးသပ်ကြသည်။

## ဒိဋ္ဌိဖြင့် တုန်လှုပ်ဖောက်ပြန်ခြင်း

ဤအကြောင်းကို အောက်ပါအဋ္ဌကထာစကားရပ်ဖြင့် သိအပ်၏—

> ကဒါစိ သဿတဿ ကဒါစိ ဥစ္ဆေဒဿ ဂဟဏတော ဒိဋ္ဌိယာ ဝိရူပံ-ဖန္ဒိတန္တိ ဒိဋ္ဌိဝိပ္ဖန္ဒိတံ ဒိဋ္ဌိဂတိကော ဟိ ကေသို ပတိဋ္ဌာတုံ န သက္ကော-တိ၊ ကဒါစိ သဿတံ အနုပတတိ၊ကဒါစိ ဥစ္ဆေဒံ။ (အဘိ ဋ္ဌ ၁။၂၉၅)

**ပြန်မာပြန်**

တရံတခါ သဿတအယူ တရံတခါ ဥစ္ဆေဒအယူကို လွဲမှားစွာယူခြင်းဖြင့် အမှားသိဒိဋ္ဌိဖြင့် ဖောက်ပြန်တုန်လှုပ်တတ်သောကြောင့် ဒိဋ္ဌိဝိပ္ဖန္ဒိတမည်၏။

မှန်၏၊ အမြင်မှားဒိဋ္ဌိ အယူရှိသောသူသည် တခုသောအယူ၌ တည်ခြင်းငှာ မစွမ်းနိုင်၊ တရံတခါ သဿတအယူသို့ ကျရောက်၍ တရံတခါ ဥစ္ဆေဒအယူသို့ ကျရောက်တတ်သည်ဟူလို။

အထက်ပါ အကြောင်းပြချက်များကို ထောက်ထား၍ စုဒိတက၏ ချေပ သောစွပ်စွဲချက်များသည် ဘုရားသာသနာတော်မှအပ အညတိတ္ထိယတို့၏ အယူဝါဒများသာဖြစ်သည်ဟု ဝေဖန်သုံးသပ်ကြသည်။

## နယ်လေးရပ်သတ်မှတ်ချက်

ထ.ဖန် ပုသိမ်မောင်ညွန့်က—

၁။ ပညတ်နယ်တွင် ပုံသဏ္ဌာန်ကို ဘုရားဟု ယူဆထားပါသည်ဘုရား၊

၂။ ပရမတ်နယ်တွင် ဂုဏ်တော်ကိုးပါးကို ဘုရားဟု ယူဆထားပါသည်ဘုရား၊

၃။ ဝိပဿနာနယ်တွင် အနတ္တ အသိဉာဏ်ကိုသာလျှင် ဘုရားဟု ယူဆထားပါသည်ဘုရား၊

၄။ အရိယာနယ်တွင် ဒုက္ခသစ္စာ အသိဉာဏ်ကို ဘုရားဟု ယူဆထားပါသည်ဘုရား—

ဟူ၍ သဘောနေထားသည်ကို တွေ့ရပြန်သည်။

### ရှင်းလင်းပြဆိုချက်

အထက်ပါ သဘောနေချက်များကို ရှင်းလင်း၍ ပြဦးအံ့—

ပုသိမ်မောင်ညွန့် အလိုအားဖြင့် ဘုရားဟု ယူဆပုံကို နယ် ၄-နယ်က န့်သတ်၍ ယူဆထားပုံတွေ့ရသည်။

စိစစ်ကြည့်ဦးအံ့— ပညတ်နယ်က ဂုဏ်တော်နှင့် ကင်းသော ပုံသဏ္ဌာန်ဒြပ်တော်ကို ဘုရားဟု ယူဆနိုင်အံ့လော မယူဆနိုင်၊

ပရမတ်နယ်က ပုံသဏ္ဌာန်မှကင်းသော ဂုဏ်တော် သက်သက်ကိုလည်း ဘုရားဟု ယူဆနိုင်ပါအံ့လော မယူဆနိုင်။

ထို့အတူ ဝိပဿနာနယ်က အနတ္တ အသိဉာဏ်နှင့် အရိယာနယ်က ဒုက္ခသစ္စာ အသိဉာဏ်များကိုလည်း ပုံသဏ္ဌာန်နှင့်ကင်း၍ ဘုရားဟု မယူဆနိုင်ပေ။

အမှန်အားဖြင့် ဂုဏ်တော်၏တည်ရာ အသိဉာဏ်၏တည်ရာ ပုံသဏ္ဌာန် ဒြပ်တော်ကိုသာလျှင် ဘုရားဟု ယူဆရမည် ဖြစ်ကြောင်း သိအပ်ပေသည်။

အမျိုးနားလည်အောင် ရှင်းပြရမည်ဆိုသော်—

ဗုဒ္ဓဘာသာတိုင်းသူသူငါငါ နှုတ်တိုက်ရနေကြသော နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ဟူသော ပဏာမဘုရားရှိခိုး၌ အရဟတော သမ္မာသမ္ဗုဒ္ဓဿ-ဖြင့် အာရုံပြုဖို့ရာ ဂုဏ်တော်များကို ပြထားသည်။

တဿ ဘဂဝတော-ပုဒ်ဖြင့် ထိုဂုဏ်တော်များ၏တည်ရာ ပုံသဏ္ဌာန်ဒြပ်တော်ကိုပြသည်။

နမော-ဟူသောပါဌ်ဖြင့် ဂုဏ်တော်များ၏တည်ရာ ထိုဘုရားရှင်အားသာလျှင် ရှိခိုးပါ၏၊ ဂုဏ်တော်မရှိသော အခြားဘုရားများအား ရှိခိုးသည် မဟုတ်ဟု သိစေသည်။

ဂုဏ်းပြင် သော ဘဂဝါ ဣတိပိ အရဟံ-အစရှိသော ဂုဏ်တော်ကိုးပါးတို့တွင် လည်း သောဘဂဝါ-ပုဒ်သည် သဏ္ဌာန်ဒြပ်တော်ကိုပြ၍ အဆုံးမှ ဘဂဝါ-ပုဒ်သည် ဂုဏ်တော်ကိုပြသည်။

အထက်ပါ အထောက်အထားများကို ထောက်ရှု၍ ဘုရားဟူသည်မှာ ဂုဏ်တော်အပေါင်း ဉာဏ်တော်အပေါင်းတို့၏ တည်ရာ သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာငယ် ရောင် ခြောက်သွယ်တို့ဖြင့် တင့်တယ်တော်မူသော ပုံသဏ္ဌာန်ဒြပ်တော်ကိုသာလျှင် ဘုရားဟု ယူဆရမည်ဖြစ်ကြောင်း သိသာအပ်ပေသတည်း။

ဝိသုဒ္ဓခန္ဓသန္တာနော၊ ဗုဒ္ဓေါတိ နိယမော ကတော။

ခန္ဓသန္တာနသုဒ္ဓိတု၊ ဂုဏောတိ နိယမော ကတော။

ဝိသုဒ္ဓ ခန္ဓသန္တာနော၊ စင်ကြယ်သော ခန္ဓာတော်အစဉ်ကို။ ဗုဒ္ဓေါတိ၊ ဗုဒ္ဓ (ဘုရား)ဟူ၍။ နိယမော၊ သတ်မှတ်ခြင်းကို။ ကတော၊ ပြုအပ်၏။ ခန္ဓသန္တာန သုဒ္ဓိတု၊ ခန္ဓာတော်အစဉ်၏ စင်ကြယ်သန့်ရှင်းခြင်းကိုကား။ ဂုဏောတိ၊ ဂုဏ်တော် ဟူ၍။ နိယမော၊ သတ်မှတ်ခြင်းကို။ ကတော၊ ပြုအပ်၏။

(ဇိနာလင်္ကာရဋီကာ။)

ထို့ကြောင့် အထက်က ပုသိမ်မောင်ညွန့်၏ သောဓနာချက်များသည် မသေချာမရေရာသော သောဓနာချက်များသာဖြစ်ကြောင်း ကောင်းကောင်း ကြီးသိသာအပ်ပေသည်။

အထက်ပါ အကြောင်း အရပ်ရပ်တို့ကို ထောက်ရှု၍ ကျောက်ပုံဝါဒသည် အဓမ္မဝါဒ ကျောက်ပုံဝါဒီတို့လည်း အဓမ္မဝါဒီတို့သာဖြစ်ကြောင်း ဝိနည်းဓိုရ် ဆရာတော်များက အညီအညွတ်သုံးသပ်တော်မူကြသည်။

---

## စောဒနာ-သောဓနာအမှတ် (၁၅) သုံးသပ်ချက်
## ကျောက်ပုံဦးစံရင်းအဆို

သမ္မာသနညာဏ်ကို ဝိပဿနာအစစ်ကြီးထင်မှား၍ အဓိကထားမပွားရဟူသော ကျောက်ပုံတောရဝါဒီတို့ ရေးသားပြောဟောခြင်းနှင့်ပတ်သက်၍ စောဒက

ဆရာတော်များက ကျောက်ပုံဆရာတော်အမည်ခံ ဦးစံရင်းသည် သူ၏နေယျ သင်တန်းညွှန်းစာမျက်နှာ (၁၇၈)တွင် —

> ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ယနေ့သို့မလာမူ၍ မနေ့ကပင် လျှင် ပျောက်ပျက်ကုန်ဆုံးလေသောကြောင့် အနိစ္စဟူ၍လည်းကောင်း၊
>
> ဆန့်တန်းသောအခါ၌ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ကွေးသောအခါ၌မလာမူ၍ ချုပ်ပျောက်ပျက်လေသောကြောင့် အနိစ္စ ဟူ၍လည်းကောင်း၊
>
> ပွားများဆင်ခြင်မှုသည် တရားဦးခေါင်းဆုံးသော ဝိပဿနာ သမ္မာဒိဋ္ဌိအစစ်အမှန်ဆုံး မဂ္ဂင်ကိုမရနိုင်ပေ၊ အဝေးအနီးစသော သမ္မ- သနညာဏ်အရာအားဖြင့် သုံးသပ်စုံစမ်းမှုမျှသာ ဖြစ်ချေသည်၊ ဝိပဿနာ အစစ်ကြီးထင်၍ အဓိကထားပြီး ပွားများအားထုတ်အပ်သော အရာ ဌာနမဟုတ်ချေဟု ရေးသားခဲ့ကြောင်း တင်ပြခဲ့ကြ၏။

## စောဒနာချက်

ဤရေးသားချက်နှင့်ပတ်သက်၍ မကျေနပ်သဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လိုချင်တောင့်တသော ယောဂီပုဂ္ဂိုလ်သည် နာမရူပပရိစ္ဆေဒဉာဏ်အမြင်မှ မဂ်၏ အနန္တရအနုလောမဉာဏ်တိုင်အောင် လေးလေးစားစား ပွားများအား ထုတ်ရမည်သာဖြစ်ကြောင်း (ဝိသုဒ္ဓိမဂ် ၂။၂၇၂-၃)၌ ဆိုထားပုံကို ကိုးကား၍ လည်းကောင်း ဥပရိပဏ္ဏာသ ဘဒ္ဒေကရတ္တသုတ် ပါဠိတော်ကို ကိုးကား၍ လည်းကောင်း ကျောက်ပုံတောရဝါဒီတို့ ရေးသားဟောပြောချက်သည် အဓမ္မဝါဒ အဓမ္မဝါဒီသာဖြစ်ကြောင်း စောဒနာတင်သွင်းခဲ့သည်။

## သောဓနာချက်

ထိုစောဒနာချက်နှင့်ပတ်သက်၍ ကျောက်ပုံတောရဆရာကြီး ဦးစံရင်း၏ တပည့် ကျောက်ပုံတောရဝါဒီ ပုသိမ်မောင်ညွန့်သည် အောက်ပါအတိုင်း ချေပ သောဓနာသည် —

> တပည့်တော်၏ ကျောက်ပုံတောရ ဆရာကြီးသည် ရဟန်းရှင်လူတို့ တရားအားထုတ်သည်ကို အနှောင့်အယှက် ပိတ်ပင်တားဆီးခြင်း မဟုတ်ပါ ဘုရား၊ ပညတ်ရုပ်ပညတ်နာမ်ပုံသဏ္ဌာန်ကို မဖောက် မဖျက်ပါပဲနှင့် ဝိပဿနာဉာဏ်အစ သမ္မသနကဟူ၍ ရှုမှတ်ပွားများကြလျှင် အကျိုး မဲ့များမည်ကို မြင်၍သာ ရေးသားခြင်းဖြစ်ပါသည်ဘုရား။

သတ္တသညာ န ဉပ္ပဋ္ဌိဒေတိ၊ ကမ္မဋ္ဌာနံ ဝါ သတိပဋ္ဌာနာ ဝါ အာနာပါနာ ဝါ န ဟောတိ— (အဋ္ဌကထာအဖွင့်)လို့ မိန့်ရှိဖူးပါသည် ဘုရား—

ဟု ကျမ်းညွှန်း မရှိ၊ အာစရိယ ပရမ္မရဆရာကြီး ဦးစံရင်းထံမှ မှတ်သားဖူးကြောင်း လျှောက်ထား၍ သောခနောချက်ပြုထားသည်။

## သုံးသပ်ချက်

အထက်ပါ စောဒနာ သောခနောစကားတို့ကို ထောက်ထား ကြည့်ရှု၍ နိုင်ငံတော် အမှတ်(၄) သီးခြားဝိနည်းဓိုရ် ဆရာတော်များက အောက်ပါအတိုင်း သုံးသပ်တော်မူကြသည်—

## သမ္မသနသည် ပညတ်ကိုရှုသလော

ဤနေရာ၌ ဝိပဿနာဟူသည်မှာ—

အနိစ္စာဒိဝိဝိခါကာရေန ပဿတီတိ ဝိပဿနာ-ဟူသော ဝစနတ္ထအရ အနိစ္စ အစရှိသော အထူးထူးအပြားပြားအားဖြင့် ပရမတ်ဖြစ်သော ရုပ်နာမ်တရားတို့ကို ရှုမြင်သုံးသပ်တတ်သောပညာကို ဝိပဿနာဟု ဆိုရသည်။

သမ္မသနဉာဏ်ဟူသည်မှာလည်း ပရမတ်ဖြစ်သော ရုပ်နာမ်တို့၏ မမြဲမှု အနိစ္စ၊ ဆင်းရဲမှုဒုက္ခ၊ အစိုးမရ အလိုသို့မလိုက်မှု အနတ္တစသည်ဖြင့် သုံးသပ်ရှုမြင်မှုပင်တည်း။

ပုသိမ်မောင်ညွှန့်ပြောသလို ပညတ်ဖြစ်သော အကောင်အထည်ဒြပ်သဏ္ဌာန်ကို သုံးသပ်သည် မဟုတ်။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော် စာမျက်နှာ ၅၁-၌—

၁။ "ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေနာတိ" သင်္ခိပိတွာ ဝဝတ္ထာနေ ပညာ သမ္မသနေ ဉာဏံ—ဟု မိန့်ဆိုတော်မူ၏၊

မြန်မာပြန်

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်ကို ကုန်ဆုံးခြင်း သဘောကြောင့် အနိစ္စမည်၏၊ နှိပ်စက်တတ်သောသဘောကြောင့် ဒုက္ခမည်၏၊ အနှစ်မရှိသော သဘောကြောင့် အနတ္တမည်၏ဟု အကျဉ်းချုံး၍ ပိုင်းခြားသတ်မှတ်ရာ၌ ဖြစ်သောပညာသည် သမ္မသနဉာဏ်မည်၏။

ဝင်းအဋ္ဌကထာ၊ နှာ-၂၂၉-၌လည်း—

၂။ တသ္မာ သေ ယံ အတီတံ ရူပံ၊ တံ ယသ္မာ အတီတေယေဝ ခီဏံ၊ န ယိမံ ဘဝံ သမ္ပတ္တန္တိ အနိစ္စံ ခယဋ္ဌေန၊ ယံ အနာဂတံ ရူပံ အနန္တရဘဝေ နိဗ္ဗ-တ္တိဿတိ၊ တမ္ပိ တတ္ထေဝ ခီယိဿတိ၊ န တတော ပရံ ဘဝံ ဂမိဿတီတိ-အနိစ္စံ ခယဋ္ဌေန၊ ယံ ပစ္စုပ္ပန္နံ ရူပံ၊ တံ ဣဓေဝ ခီယတိ၊ န ဣတော ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန—

စသည်ဖြင့် ဖွင့်ဆိုလေသည်။

မြန်မာပြန်

ထို့ကြောင့် ထိုအတိတ်ဘဝ၌ဖြစ်သော ရုပ်သည် ထိုအတိတ်ဘဝ၌ပင်လျှင် အကြွင်းကြောင့် ကုန်ခန်းပျက်စီးခဲ့ပြီ၊ ဤပစ္စုပ္ပန်ဘဝသို့မရောက်လာ၊ ထိုသို့ အတိတ်ရုပ်သည် အတိတ်၌သာလျှင် ကုန်ခန်းပျက်စီးတတ်သောကြောင့် အမြဲမရှိ အနိစ္စ၊ အကြင် အနာဂတ်ဘဝ၌ဖြစ်သော ရုပ်သည်လည်း ထို အနာဂတ် ဘဝ၌ပင်လျှင် ကုန်ခန်းပျက်စီးလတ္တံ့၊ ထိုမှတပါးသော ဘဝ၌ မဖြစ်လတ္တံ့၊ ထို့ကြောင့် အမြဲမရှိ အနိစ္စ၊ အကြင် ပစ္စုပ္ပန်ဖြစ်သောရုပ်သည် ဤပစ္စုပ္ပန် ဘဝ၌ပင်လျှင် ကုန်ခန်းပျက်စီး၏။

ဤပစ္စုပ္ပန်ဘဝမှ တပါးသောဘဝသို့ မရောက်၊ ထို့ကြောင့် အမြဲမရှိ အနိစ္စ ဟူ၍ဖြစ်သည်၊ လက္ခဏာရေး သုံးပါးတွင်လည်း တပါးပါးထင်မြင်ပါက ကျန် လက္ခဏာများလည်း ထင်မြင်နိုင်ကြောင်း အောက်ပါ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် နှာ-၁၉၌—

ရူပံ ဘိက္ခဝေ အနိစ္စံ၊ ယဒနိစ္စံ တံ ဒုက္ခံ၊ ယံ ဒုက္ခံ တဒနတ္တာ—

ဟူ၍ဟောကြားတော်မူသည်။

မြန်မာပြန်

ချစ်သားတို့ ရုပ်သည် မမြဲ၊ အကြင်ရုပ်သည် မမြဲ၊ ထို မမြဲသောရုပ်သည် ဒုက္ခဖြစ်၏၊ အကြင်ရုပ်သည် ဒုက္ခ၊ ထို ဒုက္ခရုပ်သည် အနတ္တဖြစ်သည်။

## မထီမဲ့မြင် မပြုထိုက်

ထိုမှတပါး ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ၂-နှာ-၂၅၃ မှ ၂၅၇ ထိ သမ္မသနဉာဏ်ဖြင့် ပရမတ်ရုပ်နာမ်တို့ကို လက္ခဏာရေးသုံးပါးတင်၍ ရှုမြင်သုံးသပ်ပုံတို့ကို ကျယ် ဝန်းစွာ မိန့်ဆိုထားသေးသည်၊ ဝိပဿနာအစ သမ္မသနဉာဏ်ကဟူ၍ ပညာရှိ

များ မိန့်ဆိုထားသည့်အတိုင်း ဤမျှအထက်တန်းကျသော သမ္မသနဉာဏ်ကို ပင်လျှင် ကျောက်ပုံဝါဒီများက တရားဦးခေါင်းမဆုံးဟူ၍လည်းကောင်း ဝိပဿနာအစစ်မဟုတ်ဟူ၍လည်းကောင်း ပြောဆိုရေးသားခြင်းသည် မလေးမစား မထေမဲ့မြင်ပြုရာရောက်သည်။

## တရားဦးခေါင်းဆုံးပုံ

တရားဦးခေါင်းဆုံးပုံကို ပြဦးအံ့—

> တံ ပဿန္တော ရူပါရူပတော ဥဒ္ဓံ အညံ သတ္တံ နာမ န ပဿတိ။ သတ္တဿ အဒဿနတော ပဋ္ဌာယ သတ္တသညာ ဥဂ္ဃာဋိတာ ဟောတိ၊ သတ္တသညံ ဥဂ္ဃာဋိတစိတ္တေန သင်္ခါရေ ပရိဂ္ဂဏှတော ဒိဋ္ဌိ နုပ္ပဇ္ဇတိ၊ ဒိဋ္ဌိယာ အနုပ္ပဇ္ဇမာနာယ ဒိဋ္ဌိ ဥဂ္ဃာဋိတာ နာမ ဟောတိ၊ ဒိဋ္ဌိ ဥဂ္ဃာဋိတစိတ္တေန သင်္ခါရေ ပရိဂ္ဂဏှတော မာနော နုပ္ပဇ္ဇတိ၊ မာနေ အနုပ္ပဇ္ဇန္တေ မာနော သမုဂ္ဃာဋိတော နာမ ဟောတိ၊ မာနသမုဂ္ဃာဋိတစိတ္တေန သင်္ခါရေ ပရိဂ္ဂဏှတော တဏှာ နုပ္ပဇ္ဇတိ၊ တဏှာယ အနုပ္ပဇ္ဇန္တိယာ နိကန္တိ-ပရိယာဒိဏ္ဏာ နာမ ဟောတိ။ (ဝိသုဒ္ဓိ - ၂။ ၂၆၃)

**မြန်မာပြန်**

ထို ရုပ်နာမ်ကို အဖန်တလဲလဲ ရှုမြင်သုံးသပ်သောယောဂီသည် ရုပ်နာမ်မှ တပါး သတ္တဝါမည်သည် မရှိဟူသော သတ္တသညာ ကွာ၏၊ သတ္တသညာကွာသော် အထင်မှားမှု ဒိဋ္ဌိမဖြစ်တော့ပေ၊ ဒိဋ္ဌိမဖြစ်သော် ဒိဋ္ဌိလျှင် ဥပနိဿယ ရှိသော အပါယ်လားကြောင်း မာနကွာ၏၊ မာနကွာခြင်းကြောင့် အပါယ် လားကြောင်းတဏှာလည်း မဖြစ်တော့၊ ထို သိမ်မွေ့သော နိကန္တိကတဏှာ မဖြစ်သော် တဏှာဟူသော နိကန္တိကသည် ကုန်ခန်းခြောက်သွေ့သည်မည်၏။ (အကျဉ်းချုံး ဘာသာပြန်သည်)

## သမ္မသနဉာဏ် ဝိပဿနာ အစစ်ဖြစ်ပုံ

ထို့ပြင် ရုပ်နာမ်တို့၏ဖြစ်ပျက်မှုကို မျက်မှောက်တွေ့ရသောအခါ ထို ရုပ် နာမ်တို့ ဖြစ်ပေါ်ပြီးလျှင် မရှိခြင်း ကွယ်ပျောက်သွားခြင်းကြောင့် မမြဲခြင်း အနိစ္စဟူ၍လည်းကောင်း ဖြစ်မှု ပျက်မှု မပြတ်မလပ် နှိပ်စက်ခြင်းကြောင့် ဆင်းရဲခြင်းဒုက္ခဟူ၍လည်းကောင်း အလိုအတိုင်းမဖြစ်ခြင်းကြောင့် ငါကောင် မဟုတ် အနတ္တဟူ၍လည်းကောင်း ဤသို့သိမြင်သဘောကျခြင်းသည် ပစ္စယဉာဏ် ဖြင့် လက္ခဏာရေးသုံးပါးတင်၍ ရှုမှတ်ပွားများ အားထုတ်ခြင်းဟုခေါ်၏၊ ထို အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာ သုံးပါးတို့သည် ရုပ်နာမ် တရားတို့၌ အမြဲတက်လျက် အမြဲထင်လျက် ရှိကြကုန်၏၊ သို့သော်လည်း မရှုမှတ်

မပွားမီကာလ ရှုမှတ်ပွားများစကာလတို့၌ ထိုလက္ခဏာရေးသုံးပါးကို မသိရသေးပေ၊ ဘာဝနာဉာဏ် ရင့်သောအခါကျမှသာလျှင် ထိုလက္ခဏာရေးသုံးပါးကို မျက်မှောက်တွေ့လျက် သိရပေသည်၊ ဤသို့ စသည်ဖြင့် ရှုမှတ် ပွားများအားထုတ်လျှင် သမ္မသနဉာဏ် ခေါင်ထိပ်သို့ရောက်ပြီး ဥဒယဗ္ဗယဉာဏ်အစသို့ တဆင့်တက်ရောက်ပြီဖြစ်ကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ပင်—

တဿေဝံ ပဗ္ဗဂတေ သင်္ခါရေ ဝိပဿတော ရူပသမ္မသနံ သုခုမံ ဟောတိ—

ဟု ဖွင့်ဆိုထားသည်။

အနက်

ဝံ၊ ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ပဗ္ဗဂတေ၊ အပိုင်းအပိုင်း အကန့်ကန့်ဖြစ်ကုန်သော။ သင်္ခါရေ၊ ရုပ်နာမ်မ္မသင်္ခါရတရားတို့ကို။ ဝိပဿတော၊ ရှုမြင်ပွားများသော။ တဿ၊ ထိုယောဂီပုဂ္ဂိုလ်၏၊ ရူပသမ္မသနံ၊ ရုပ်ကိုသုံးသပ်သောဉာဏ်သည်။ သုခုမံ၊ သိမ်မွေ့သည်။ ဟောတိ၊ ဖြစ်၏။

အဒိပ္ပာယ်ကား—

ရှေးသွားဆဲ၌ ဖြစ်သောရုပ်သည် နောက်ပြန်ဆဲသို့ မရောက်ဟု ရှုမှတ်ပွားများပုံမှစ၍ ခြေတလှမ်းတလှမ်း၌ ၆-ပိုင်း ၆-ပိုင်း ဖြတ်၍ သိမြင်ပုံအထိ အဆင့်ဆင့် ရှုမှတ်ပွားများလျှင် ရူပသမ္မသနဉာဏ် သိမ်မွေ့ ပြီးဆုံး၏၊ အသက်ပါ စကားရပ်ဖြင့်လည်း သမ္မသနဉာဏ် ဝိပဿနာ အစစ်ဖြစ်ကြောင်း သိအပ်၏။

ထိုမှတပါး ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိတော်(နှာ-၃၀)၌လည်း—

**ပါဠိတော်သာဓကများ**

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။

ကောဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

မြန်မာပြန်

အကြင်ပုဂ္ဂိုလ်သည် ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို မရှုမမြင်ပဲ အနှစ်တရာ အသက်ရှင်သော်လည်း ထိုပုဂ္ဂိုလ်၏ အသက်ရှင်နေခြင်းသည် မမြတ်၊ အကြင်ပုဂ္ဂိုလ်သည်ကား ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုကို ရှုမြင်လျက် တနေ့တရက် အသက်ရှင်ငြားအံ့၊ ထိုပုဂ္ဂိုလ်၏ အသက်ရှင်နေခြင်းကသာ မြတ်၏ဟူ၍လည်းကောင်း—

"သဗ္ဗေ သင်္ခါရာ အနိစ္စာ"တိ၊ "သဗ္ဗေ သင်္ခါရာ ဒုက္ခာ"တိ၊
"သဗ္ဗေ ဓမ္မာ အနတ္တာ"တိ၊ ယဒါ ပညာယ ပဿတိ၊
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ (ဓမ္မပဒ၊နှာ-၅၃)

မြန်မာပြန်

အလုံးစုံသော သင်္ခါရတရားတို့သည် မမြဲကုန်၊ အလုံးစုံသော သင်္ခါရတရားတို့သည် ဆင်းရဲကုန်၏၊ အလုံးစုံသော သဘာဝဓမ္မတို့သည် အတ္တမဟုတ်ကုန်ဟူ၍ အကြင်အခါ ဝိပဿနာဉာဏ်ဖြင့် ကောင်းစွာ ရှုမြင်၏၊ ဤသို့ ရှုမြင်သော် သင်္ခါရတို့၌ ငြီးငွေ့သော် နိဗ္ဗိန္ဒာဉာဏ် ဖြစ်ပေါ်လာ၍ ဤနိဗ္ဗိန္ဒာဉာဏ်သည်ပင်လျှင် ကိလေသာမှ စင်ကြယ်သောမဂ်ဉာဏ်ကို ဖြစ်ပေါ်စေနိုင်၏ ဟူ၍လည်းကောင်း ဟောတော်မူလေသည်။

အထက်ပါ ပါဠိအဋ္ဌကထာများကို ထောက်ရှု၍ ကျောက်ပုံတောရဝါဒသည် လည်းကောင်း၊ ပုသိမ်မောင်ညွန့်၏ သောဓနာချက်သည်လည်းကောင်း ထေရဝါဒ ပိဋကတ်တော်နှင့် မညီညွတ်သဖြင့် အဓမ္မဝါဒ အဓမ္မဝါဒီတို့သာဖြစ်ကြောင်း အညီအညွတ် သုံးသပ်တော်မူကြသည်။

---

## စောဒနာ သောဓနာ အမှတ် (၁၆) သုံးသပ်ချက်

**စောဒနာ**

စောဒကပုဂ္ဂိုလ်များက နေယျသင်တန်း စာမျက်နှာ ၅၄ ၌—

အန္ဓပုထုဇဉ်နယ်က ပဒပရမ ပုဂ္ဂိုလ်များအတွက် ဘုရားပွင့်တော်မူလာခြင်း မဟုတ်ပေဟု ရေးသားထားပါသည်ဟု တင်ပြလျက် ထို ဟောပြောရေးသားချက်သည် ထေရဝါဒ ပိဋကတ်တော်နှင့် မညီညွတ်၍ အဓမ္မဝါဒဖြစ်ကြောင်း အကိုးသာဓကများ ထုတ်ပြလျက် စောဒနာခဲ့ကြသည်။

**သောဓနာ**

ထို စောဒနာချက်ကို ပုသိမ်မောင်ညွန့်က သောဓနာရာ၌ အန္ဓပုထုဇဉ်နယ်က ပဒပရမပုဂ္ဂိုလ်များအတွက် ဘုရားပွင့်လာခြင်းမဟုတ်ဟု ရေးသားဟောပြောခြင်းမှာ မဂ်ဖိုလ်နိဗ္ဗာန်အတွက် ရေးသားဟောပြောခြင်း ရှုထောင့်ကကြည့်လျှင် ပဒပရမ ပုဂ္ဂိုလ်များအတွက် ဘုရားပွင့်လာခြင်းမဟုတ်သည်မှာ မှန်ပါသည်၊ ထို့ကြောင့် အဓမ္မဝါဒ မဟုတ်ကြောင်း သောဓနာပြုခဲ့သည်။

**စောဒက ဆရာတော်များက**

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော ဟိတာယ သဗ္ဗပါဏိနံ။
( သုတ္တနိ ဋ္ဌ၊၂၊ ၂၉၃ )

စသော သာဓကဖြင့် ပုဂ္ဂိုလ်မခွဲမခြား ရှိရှိသမျှသတ္တဝါများတို့၏ စီးပွား ချမ်းသာ အလို့ငှာ ဘုရားပွင့်တော်မူကြောင်း ထောက်ပြကြသည်၊ ၎င်းပြင်—

တိဏ္ဏံ ပုဂ္ဂလာနံ ဣမသ္မိံ ယောဝ အတ္တဘာဝေ ဘဂဝတော ဓမ္မဒေသနာ အတ္ထံ သာဓေတိ၊ ပဒပရမာနံ အနာဂတေ ဝါသနတ္ထာယ ဟောတိ၊

ဟူသော သုတ်မဟာဝါ အဋ္ဌကထာ စာမျက်နှာ ၆၀-ကို လည်းကောင်း၊

ပဒပရမဿောတံ သုတ္တံ အနာဂတေ ဝါသနာ ဘဝိဿတီတိ ဧဝံ သဗ္ဗေသမ္ပိ ဥပကာရဘာဝံ ဥ တွာ ဘဂဝါ သိနေရုံ ဥက္ခိပန္တော ဝိယ အာကာသံ ဝိတ္ထာရေန္တော ဝိယ စက္ကဝါဠပဗ္ဗတံ ကမ္ပေန္တော ဝိယ စ မဟန္တေန ဥဿာဟေန သေယျထာပိ ဘိက္ခဝေတိ ဣမံ အာသီ ဝိသော- ပမသုတ္တံ အာရဘိ—

ဟူသော သဠာယတနဝဂ္ဂသံယုတ်အဋ္ဌကထာ(နှာ-၂၅)ကိုလည်းကောင်း သာဓကပြု၍ ဥဂ္ဃဋိတညူ ဝိပဉ္စိတညူ နေယျ ပဒပရမ ပုဂ္ဂိုလ် ၄-ဦးတို့တွင် ရှေ့သုံးဦးသော ပုဂ္ဂိုလ်တို့ ဤဘဝ၌ပင် မဂ်ဖိုလ်နိဗ္ဗာန်အကျိုးရှိ၍ နောက်ဆုံးပုဂ္ဂိုလ်သည်လည်း အနာဂတ်ဘဝ၌ မဂ်ဖိုလ်နိဗ္ဗာန်အကျိုးငှာ ပါရမီမျိုးစေ့အဖြစ်ဖြင့် အကျိုး ရှိကြောင်း စောဒနာခဲ့ကြ၏။

## သုံးသပ်ချက်

သို့ဖြစ်ရကား မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ အကျိုးငှာ ပွင့်တော်မူလာကြောင်း သာဓကပြု၍ တင်ပြသော စောဒနာချက်သည် ပြောင် မြောက်ခိုင်လုံသော စောဒနာချက်ဖြစ်သည်။

## သော့နေ့ာမခိုင်လုံ

တဖန် စုဒိတက ပုသိမ်မောင်ညွန့်က မဂ်ဖိုလ်နိဗ္ဗာန်ဟူသော ရှုထောင့်တခု တည်းကိုသာ ကြည့်၍ သောဒနာခြင်းသည် အကြောင်းပြ မခိုင်လုံပေ၊ အကြောင်းမူ "ဧဝံ သဗ္ဗေ သမ္ပိ ဥပကာရဘာဝံ ဥ တွာ" အလုံးစုံသောပုဂ္ဂိုလ် တို့၏ လောကီကျိုး လောကုတ္တရာကျိုး နှစ်မျိုးတို့၌ ကျေးဇူးများသည်ကို သိတော်မူ၍—ဟူသော ဒေသနာတော်အရ မြတ်စွာဘုရားတို့ ပွင့်တော်မူလာ ရခြင်းသည် များစွာသော သတ္တဝါတို့၏ လောကီအကျိုး လောကုတ္တရာအကျိုး နှစ်မျိုးလုံးကို ပြီးမြောက်စေနိုင်သောကြောင့်တည်း။

ထို့ကြောင့်ပင် အင်္ဂုတ္တရနိကာယ်ပါဠိတော် ကေဝဋ္ဋလဝဂ္ဂ-နှာ-၂၁-၌—

ဧကပုဂ္ဂလော ဘိက္ခဝေ လောကေ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇတိ ဗဟုဇန-ဟိတာယ ဗဟုဇနသုခါယ လောကာနုကမ္ပါယ အတ္ထာယ ဟိတာယ သုခါယ ဒေဝမနုဿာနံ၊ ကတမော ဧကပုဂ္ဂလော? တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ။

အစရှိသည်ဖြင့် ဟောတော်မူခဲ့လေသည်။

မြန်မာပြန်

ချစ်သားတို့ လောက၌ တဦးသောပုဂ္ဂိုလ် ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော် အများသူတို့၏ စီးပွားခြင်းငှာ အများသူတို့၏ ချမ်းသာခြင်းငှာ အများသူတို့ကို စောင့်ရှောက်ခြင်းငှာ နတ်လူတို့၏အကျိုးငှာ စီးပွားခြင်းငှာ ချမ်းသာခြင်းငှာ ဖြစ်၏၊ ထို တဦးတည်းသောပုဂ္ဂိုလ်သည် အဘယ်ပုဂ္ဂိုလ်နည်း....ရှေးဘုရားတမူလာခြင်းကောင်းတော်မူသော အလုံးစုံသော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အများသခါရ ဝိကာရနှင့် လက္ခဏာ ပညတ် နိဗ္ဗာန်ဓာတ်ဟူ—ငါးရပ်သိရန် ညေယျဓံကို ဖောက်ပြန်မရှိ ကိုယ်တော်တိုင် သိတော်မူသော မြတ်စွာဘုရားပင်တည်းဟု ဟောတော်မူလေသည်။

သာရတ္ထ နှာ၂၀၉—၌လည်း

ဗဟုဇနဟိတာယာတိ မဟာဇနဿ ဟိတတ္ထာယ ဥပ္ပဇ္ဇတိ၊ ဗဟုဇန-သုခါယာတိ မဟာဇနဿ သုခတ္ထာယ ဥပ္ပဇ္ဇတိ၊ လောကာနုကမ္ပာယာတိ သတ္တလောကဿ အနုကမ္ပံ ပဋိစ္စ ဥပ္ပဇ္ဇတိ။

ဒေဝမနုဿာနန္တိ န ကေဝလံ ဒေဝမနုဿာနံယေဝ၊ အဝသေသာနံ နာဂသုပဏ္ဏာဒီနမ္ပိ အတ္ထာယ ဟိတာယ သုခါယေဝ ဥပ္ပန္နော-

ဟု ဖွင့်ဆိုထားလေသည်။

ရှင်းပြင် ပါရာဇိကကဏ် အဋ္ဌကထာ နှာ—၉၄—၌လည်း

ဘဂဝါ ပန တိရစ္ဆာနဂတာနမ္ပိ အနုသာသနိပ္ပါဒနေန သတ္ထာ-ယေဝ။ တေပိ ဟိ ဘဂဝတော ဓမ္မသဝနေန ဥပနိဿယသမ္ပတ္တိံ ပတွာ တာယ စ ဥပနိဿယသမ္ပတ္တိယာ ဒုတိယေ တတိယေ ဝါ အတ္တဘာဝေ မဂ္ဂဖလဘာဂိနော ဟောန္တိ။ မဏ္ဍူကဒေဝပုတ္တာဒယော စေတ္ထ နိဒဿနံ။

မြန်မာပြန်

မြတ်စွာဘုရားရှင်သည် တိရစ္ဆာန်တို့အားလည်း ယဉ်ကျေးအောင် ဆုံးမ တော်မူတတ်သောကြောင့် သတ္ထာမည်တော်မူ၏၊ ထို တိရစ္ဆာန်တို့သည်လည်း ဘုရားရှင်၏ တရားဒေသနာတော်ကို နာကြားရခြင်းကြောင့် အားကြီးသော အထောက်အပံ့ကိုရ၍ ဒုတိယ တတိယ အတ္တဘော၌ မင်္ဂဖိုလ်နိဗ္ဗာန်ကို ရနိုင်ကြ ကုန်၏၊ ဤနေရာ၌ မဏ္ဍုကနတ်သား စသည်တို့သည် အထောက်အထားဖြစ်၏ ဟူ၍ ဖွင့်ပြလေသည်။(မဏ္ဍုကဖားနတ်သား ဝတ္ထုကြောင်းကား ထင်ရှားပြီးဖြစ် ၍ မဖော်ပြတော့ပေ) အထက်ပါ ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ထောက် ထား၍လည်း မြတ်စွာဘုရားသည် အားလုံးသော သတ္တဝါတို့၏ အကျိုးငှာ ပွင့်တော်မူကြောင်း ထင်ရှားပေသည်။

## သောဓနာတချက်

တဖန် ပုသိမ်မောင်ညွန့်က ဘုရားရှင်များ ပွင့်တွန်းပေါ်ပေါက်လာတိုင်း–

ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ၊

ငါဘုရား သစ္စာလေးပါး သိသလို သိစေရမည်၊ ငါအစွဲဥပါဒါန် လွတ် သလို အားလုံးလွတ်စေရမယ်၊ ငါအမှန်ဘက်သို့ ကူးမြောက်သလို အားလုံးကူး မြောက်စေရမယ် ဟု ထားအပ်သော စေတနာသည် ဘုရားရှင်များဘက်က စေတနာပါဘုရားဟူ၍ သောဓနာပြန်သည်။

## သုံးသပ်ချက်

မှန်ပေသည်၊ဘုရားရှင်တို့သည် အလုံးစုံသော သတ္တဝါတို့အပေါ်၌ သနားခြင်း မဟာကရုဏာ ရှိတော်မူပေသည်။

သို့ဖြစ်၍—

ဗုဒ္ဓေါ ဗောဓေယျံ၊ မုတ္တော မောစေယျံ၊ တိဏ္ဏော တာရေယျံ၊ ဟူသော ဒေသနာတော်သည် အမြတ်ဆုံးအကျိုးကို မြော်ကိုး၍ သုမေဓာဘဝ တုန်းက ကြုံးဝါးခဲ့သော ဥက္ကဋ္ဌဒေသနာတော်ဖြစ်သည်၊ သို့သော် ကယ်တင်ရ မည့် ဝေနေယျသတ္တဝါတို့၏ ပါရမီအနုအရင့်ကိုလည်း ဣန္ဒြိယပရောပရိယတ္တဉာဏ် တော်၊ အာသယာနုသယဉာဏ်တော်ဖြင့် ကြည့်ရှုတော် မူရသေးသည်၊ တနည်း ဝိဇ္ဇာမျိုးစေ့ စရဏမျိုးစေ့ ပြည့်စုံမှုရှိမရှိ သိတော်မူရပြန်သည်။

အထက်ကပြခဲ့သော ဉာဏ်တော်တို့ဖြင့် သုံးသပ်တော်မူ၍ ဤပုဂ္ဂိုလ်ကား လောကုတ္တရာ အကျိုးနှင့်ထိုက်တန်၏၊ ဤသူကား လောကီအကျိုးမျှကိုသာ

ရထိုက်၏ဟု သိတော်မူပြီး တရားဟောတော်မူသည်၊ ဘုရားရှင်တို့၏ ဒေသနာတော်သည် အနည်းငယ်ပင် ဖြစ်စေကာမူ အကျိုးရှိသော ဒေသနာတော်ချည်းသာ ဖြစ်သည်။

ထို့ကြောင့်ပင်လျှင် အချို့က အရိယာအဖြစ်သို့ ရောက်၍ လောကုတ္တရာ အကျိုးရရှိပြီး၊ အချို့က သရဏဂုံမျှတည်လျက် လောကီအကျိုး ရရှိကြသည်၊ ကျောက်ပုံဝါဒီတို့က မဂ်ဖိုလ် နိဗ္ဗာန် ဟူသော ရှုထောင့် တဘက်တည်းကိုသာ ကြည့်၍ ရေးသား ဟောပြော သောဓနာခြင်းသည် ရှုထောင့်မစုံမပြည့်စုံ-မခိုင်လုံသော သောဓနာများသာ ဖြစ်သည်ဟု သုံးသပ်တော်မူကြသည်။

## သောဓနာတရပ်

နောက်တဖန် စုဒိတက-ပုသိမ်မောင်ညွန့်က-အနီးကပ်ဆုံး ဥပမာ ဆောင်ပြရသော်- ဒေဝဒတ်၊ အဇာတသတ်တို့ကို ထောက်၍ သိနိုင်လောက်ပါသည် ဘုရားဟု လျှောက်ထားပြန်သည်။

## သုံး သပ် ချက်

ဒေဝဒတ် အဇာတသတ်တို့သည် ဤဘဝ၌ပင် မဂ်-ဖိုလ်-နိဗ္ဗာန်ရနိုင်မည့် တိဟိတ် ပုဂ္ဂိုလ်ဖြစ်လင့်ကစား ဒေဝဒတ်သည် ဘုရားရှင်၌ သွေးစိမ်းတည်အောင် ပြုမိခြင်း လောဟိတုပ္ပာဒကကံ၊ သံဃာသင်းခွဲခြင်း သံဃဘေဒကကံကြီးများကိုကျူးလွန်မိခြင်း၊ အဇာတသတ်သည်လည်း အဘရင်းကိုသတ်မိခြင်း-ဟူသော ပိတုဃာတကကံကြီးကို ကျူးလွန်မိခြင်း၊ အထက်ပါအနန္တရိယကံကြီးများကို ကျူးလွန်မိခြင်းကြောင့် မဂ်ဖိုလ်၏ အန္တရာယ်ဖြစ်လေတော့သည်။ (ဘယ်သူမပြု မိမိမှုပင်)

သို့သော် ဒေဝဒတ်သည် နောက်ဆုံး ဘုရားရှင်အားဖူးမြော်ကန်တော့ရခြင်းကြောင့် မဟာအဝီစိငရဲမှ လွတ်သောအခါ အဋ္ဌိဿရပစ္စေကဗုဒ္ဓါ ဖြစ်ရခြင်းဟူသော အကျိုးရရှိလိမ့်မည်။

အဇာတသတ်သည်လည်း ဘုရားရှင်ထံမှ သာမညဖလသုတ် ဒေသနာတော်ကို နာကြားရခြင်းကြောင့်—

အိပ်မပျော်နိုင်လောက်အောင် ထိတ်လန့် ကြောက်ရွံ့ခြင်းမှ ကင်းပျောက်ရခြင်း၊

ပုထုဇဉ်တို့တွင် အထူးကဲဆုံးသော သဒ္ဓါတရားဖြင့် ရတနာသုံးပါး၌ ယုံကြည်ခြင်း၊

မဟာ အဝီစိငရဲကြီး၌ မကျရောက်ပဲ လောဟကုမ္ဘီငရဲငယ်၌သာ ကျရောက်ခြင်း—

စသော အကျိုးတရားများကို ရရှိကြလေသည်။(ကျယ်အံ့စိုး၍ သာဓကပေါင်းကို မထုတ်ပြတော့ပေ)။

အထက်ပါအကြောင်း အရာစုံလင်စွာ ထောက်ရှုပါက၊ စောဒကဆရာတော်တို့တင်ပြ စောဒနာချက်သည် ပြည့်စုံလုံလောက်သာဓကမြောက်၍ စုဒိတက၏ ချေပချက်သည် ရှုထောင့်မစုံမပြည့်စုံရကား ကျောက်ပုံဝါဒသည် အဓမ္မဝါဒသာ ဖြစ်ကြောင်း သုံးသပ်တော်မူကြသည်—

---

## စောဒနာ-သောဓနာ အမှတ်(၁၇) သုံးသပ်ချက်

ကျောက်ပုံဝါဒီတို့ အဆိုများ

စောဒကဆရာတော်များက ကျောက်ပုံတောရဆရာတော် အမည်ခံ ဦးစံရင်းရေး-နေယျသင်တန်း၊ စာမျက်နှာ ၁၇၁-လာ အောက်ပါအဆိုကို တင်ပြခဲ့ကြသည်–

(က) ရုပ်တဖွား နာမ်တဖွားဆိုသည့် သန္တတိအစဉ်သည် ရုပ်နာမ်တို့၏ ပရမတ်နယ်ကနေ၍ ပြောရလျှင် ကံ စိတ် ဥတု အာဟာရဆိုသည့် အကြောင်းတို့၏ အရှိန်ကြောင့် ဓမ္မနိယာမအတိုင်း ရှေ့နောက်စဉ်၍ ဖြစ်စမြဲ ဖြစ်ရပုံကိုသာ ဖော်ပြသည့် သန္တတိအစဉ်တန်းမျှသာ ဖြစ်၍ လက္ခဏာ ရေးတင်၍ ရှုအပ်သော ဝိပဿနာ အစစ်မဟုတ်ချေ၊ ရုပ်တဖွားဖွား နာမ်တဖွားဖွားကို လက္ခဏာရေးတင်၍ ဝိပဿနာရှုခြင်းသည် ဝိပဿနာတု ဝိပဿနာယောင်ဝါးမျှသာ ဖြစ်ချေသည်။

ထို့ပြင်၊ ဓမ္မဒီပ-ဦးညောယျရေး- နာတိသခေ်ပပညာသိ ဝိပဿနာကျမ်း စာမျက်နှာ-၁၆၁-လာအောက်ပါအဆိုကိုလည်း တင်ပြကြပြန်သည်—

(ခ) ရုပ်တဖွားဖွား-နာမ် တဖွာဖွားဆိုသည့် ဖြစ်ပျက် ဖြစ်ပျက် သို့မဟုတ် ပေါ်ပျက် ပေါ်ပျက်၊ ပြောဆိုသုံးနှုန်း ယူဆကြသော အရှေ့နှင့် အနောက်စီတန်းကာ သွားနေသည့် သန္တတိခေါ် မဆုံးနိုင်တဲ့နိယာမ အစဉ်တရားကို ဝိပဿနာစစ် ထင်မှတ်ပြီး၊ ပွားများဆင်ခြင် ပြုလုပ် အာထုတ်နေကြတဲ့ ယောဂီ ပုဂ္ဂိုလ် လူထိုထိုတို့။

ထိုမှုမက ဦးဝီရိယာဓိကညာဏရေး-လေးလွှာဖျက်ခန်း အနတ္တဝိပဿနာကျမ်းစာ မျက်နှာ-၂၀-၂၁ လာရေးသားချက်ကိုလည်း တင်ပြခဲ့ကြ၏။

(ဂ) ဤလိုတဖွားဖွား တချွှ-တဒိတ်ဒိတ်၊ သဲကမ်းပါးကြီးပြိုတာလို၊ နမ်းတွေ ဒယ်အိုးထဲဘည့်၍ လှော်တာလို၊ဖြစ်ဖြစ် ဖြစ်ဖြစ်ရွှရွှ-ရွှရွှ တွေ့လိမ့်မည်ဟု ဆရာလုပ်သူက စကားပတ်သေးကြောင်း၊ တရားပတ်သေးကြောင်း ပေးထား၏၊ တပည့်လုပ်သူက ဆရာခိုင်းတဲ့အတိုင်း ဆရာလုပ်သူညွှန် ကြားတဲ့ အတိုင်း အားထုတ်၏ဟု ရေးသားထားပါသည်ဘုရား။

စောဒနာ –

အထက်ပါ ကျောက်ပုံဆရာတော်အမည်ခံ ဦးစံရင်းနှင့် ကျောက်ပုံဝါဒီတို့၏ ဆိုလိုရင်းမှာ—

တဖွားဖွားနှင့် အစဉ်မပြတ် ဖြစ်ပျက်နေသည့် ရုပ်နာမ်များကို ဝိပဿနာ မရှုရဟု ဆိုလိုရင်း ဖြစ်သည်ကို တွေ့ရပါကြောင်း၊

၎င်းကျောက်ပုံဝါဒီတို့၏ ဝါဒများသည် ထေရဝါဒ ပိဋကတ်တော်များနှင့် မညီညွတ်သဖြင့် အဓမ္မဝါဒ ဖြစ်ကြောင်း လျှောက်ထားကြသည်။

## သောဓနာချက်

၎င်း စောဒနာချက်ကို ပုသိမ်မောင်ညွှန့်က သောဓနာရာ၌ ကျောက်ပုံဆရာ ကြီးသည် အောက်ဖော်ပြပါ ဝိသုဒ္ဓိမဂ် ပဋိပဒါ ဉာဏဒဿန ဝိသုဒ္ဓိအဖွင့်စာမျက် နှာ ၃၉၉-အရ ရုပ်တဖွားဖွား နာမ်တဖွားဖွားကို ဝိပဿနာတင်၍ မရှုသင့် ကြောင်း ရေးသားထားခြင်း ဖြစ်ပါသည်။

ပါဠိဘာသာအားဖြင့် အာဂမထုတ်ဆောင်၍ ပြရပါသော်—

လက္ခဏာနိ ပန ကိဿ အမနသိကာရာ။ပ။ အနတ္တလက္ခဏံ ယာထာ-
ဝသရသတော ဥပဋ္ဌာတိ။

ဟူ၍ဖြစ်သည်။

၎င်းပါဠိသည် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ ၂၇၆-၌သာ တွေ့ရသည်။

## သုံးသပ်ချက်

၎င်းအဋ္ဌကထာဆရာ၏ စကားရပ်သည် လက္ခဏာရေးသုံးပါးကို ဘယ်တရား ကို နှလုံးမသွင်း၍ ဘယ်တရားက ဖုံးလွှမ်းပြီး ဘယ်တရားများ မဖြိုခွဲမဖျက်ဆီး နိုင်က လက္ခဏာသုံးပါး မထင်မြင်နိုင်ကြောင်း၊ အထက်ပါအချက် သုံးချက်ကို နှလုံးသွင်း ဖြိုခွဲဖျက်ဆီးနိုင်မှသာ လက္ခဏာရေးသုံးပါး ထင်နိုင်ကြောင်းကို ပြဆိုသော စကားရပ်မျှသာ ဖြစ်သည်။

## သူတို့အဲ့ဆိုတမျိုး

ဝိပဿနာဘူမိဖြစ်သော လောကီခန္ဓာငါးပါး-ရုပ်နာမ်တရားတို့ကို ရှုရမည် မရှုရမည်ဟု ပြဆိုသောအရာမဟုတ်သောကြောင့် ပုသိမ်မောင်ညွန့်၏ သောခနော ပြုခြင်းသည် ခုတ်ရာကပါး-ရှရာတခြား ဖြစ်တော့သည်၊ တဖန် ပုသိမ်မောင်ညွန့် ကပင် ရုပ်တဖွားဖွား-နာမ်တဖွားဖွားကို ဝိပဿနာ မရှုသင့်ကြောင်းနှင့် ရုပ်တလုံး နာမ်တလုံးတို့အပေါ်၌ ဖြစ်ပုံကဘယ်လိုဖြစ်၊ ပျက်ပုံကဘယ်နည်းဟု ဝေဖန်မှု လက္ခဏာအစစ်အမှန်ကိုသိမြင်သော ဝိပဿနာဉာဏ်အစစ်ဖြစ်မည်ဟု ဆိုပြန်သည်။

## သုံးသပ်စိစစ်ချက်

ဤစကားရပ်သည်လည်း—

ဣတိရူပံ၊ ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော။

ဟူသော ဒေသနာတော်နှင့် မညီပေ၊ ဤကားရုပ်၊ ဤကားရုပ်၏ဖြစ်ခြင်း၊ ဤကား-ရုပ်၏ချုပ်ခြင်းဟုသိမှ ဝိပဿနာဉာဏ် ဖြစ်သည်ဟု ဆိုလိုသည်။

ဣတိရူပံ ဖြင့် ဝိပဿနာ၏ဘူမိကို ပြသည်။

ဣတိ ရူပဿ သမုဒယော၊ ဣတိ ရူပဿ အတ္ထင်္ဂမော-ဖြင့် ဝိပဿနာရှုပုံကို ပြသည်။

## ထို့ထက် ထင်ရှားအောင်ပြဦးအံ့

အနိစ္စာဒိဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ။

အနိစ္စစသော အထူးထူးအပြားပြားအားဖြင့် ရှုတတ်သော ဉာဏ်ပညာကို ဝိပဿနာဟုခေါ်သည်။

ပရိညာဥ်အားဖြင့် တီရဏပရိညာဥ်ဖြစ်သည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒု-စာမျက်နှာ-၂၁၄ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိအဖွင့်၌—

တတ္ထ“ရုပ္ပနလက္ခဏံ ရူပံ၊ဝေဒယိတလက္ခဏာ ဝေဒနာ”တိ ဧဝံ တေသံ တေသံ ဓမ္မာနံ ပစ္စတ္တလက္ခဏသလ္လက္ခဏဝသေန ပဝတ္တာ ပညာ ဉာတပရိညာ နာမ။ “ရူပံ အနိစ္စံ၊ ဝေဒနာ အနိစ္စာ” တိအာဒိနာ နယေန တေသံ ယေဝ ဓမ္မာနံ သာမညလက္ခဏံ အာရောပေတွာ ပဝတ္တာ လက္ခဏာရမ္မဏိကဝိပဿနာ ပညာ တီရဏပရိညာ နာမ။

တေသုယေဝ ပန ဓမ္မေသု နိစ္စသညာဒိပဇဟနဝသေန ပဝတ္တာ လက္ခဏာရမ္မဏိကဝိပဿနာ ပညာ ပဟာနပရိညာ နာမ—

ဟု မိန့်ဆိုထားသည်။

မြန်မာပြန်

ထိုသုံးပါးတို့တွင် ဖောက်ပြန်တတ်သောသဘောသည် ရုပ်၊ ခံစားတတ်သော သဘောသည် ဝေဒနာ၊ ဤသို့ ထိုထိုရုပ်နာမ်တို့၏ အသီးသီးသော သဘောလက္ခဏာကို မှတ်သည်၏အစွမ်းဖြင့် ဖြစ်သော ပညာသည် ဉာတပရိညာမည်၏။

ရုပ်သည် အမြဲမရှိ အနိစ္စ၊ ဝေဒနာသည် အမြဲမရှိ အနိစ္စအစရှိသော နည်းဖြင့် ထိုရုပ်နာမ်တို့သာလျှင် သာမညလက္ခဏာသို့တင်၍ဖြစ်သော လက္ခဏာရေးသုံးပါးလျှင် အာရုံရှိသော ဝိပဿနာပညာသည် တီရဏပရိညာမည်၏။

ထိုရုပ်နာမ်တို့၌ပင် နိစ္စသညာစသည်ကို ပယ်သည်၏အစွမ်းဖြင့် ဖြစ်သော လက္ခဏာရေးသုံးပါးလျှင် အာရုံရှိသော ဝိပဿနာပညာသည် ပဟာနပရိညာ မည်၏။

## ပရိယတ္တိအဆင့်မျှသာ

ရုပ်တဖွားဖွား နာမ်တဖွားဖွား ဟူသည်မှာလည်း ရုပ်နာမ်တို့၏ ဖြစ်ပျက်မှုအစဉ်ကို ဆိုလိုကြောင်း သိသာလှသည်၊ ဝိပဿနာရှုသော ယောဂီသည် ထိုဖြစ်ပျက်မှုအစဉ် ရုပ်တဖွားဖွား နာမ်တဖွားဖွားကိုပင်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါးသို့ တင်၍ ဝိပဿနာရှုရသည်။

စုဒိတကတို့ တင်ပြသလို ရုပ်ဖြစ်ပုံကဘယ်လို နာမ်ဖြစ်ပုံကဘယ်နည်းစသည်ဖြင့် ရှုမှတ်ပွားများခြင်းသည် ဉာတပရိညာအဆင့်မျှသာရှိသေးသည်။

တနည်းအားဖြင့် ပရိယတ္တိအဆင့်မျှသာ ရှိသေးသည်ဟု မှတ်ယူရမည်။

## ဝိပဿနာအစစ်အမှန်

ရုပ်တဖွားဖွား နာမ်တဖွားဖွားကို လက္ခဏာရေးတင်၍ ဝိပဿနာရှုခြင်းသည် ဝိပဿနာအစစ် ဝိပဿနာ အမှန်ဖြစ်ကြောင်းကို အောက်ပါ အဋ္ဌကထာစကားဖြင့် သိအပ်၏။

ဝုတ္တိ တတ္ထ တတ္ထ ဥပ္ပန္နာ ဝုတ္တရံ ဝုတ္တရံ ကောဋ္ဌာသံ အပ္ပတွာ တတ္ထ တတ္ထေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတွာ တတ္တကပါလေ ပက္ခိတ္တတိလာ ဝိယ တဋတဋာယန္တာသင်္ခါရာ ဘိဇ္ဇန္တိ တသ္မာအနိစ္စာ ဒုက္ခာ အနတ္တာတိ၊ တသေဝံ ပဗ္ဗပဗ္ဗဂတေ သင်္ခါရေ ဝိပဿတော ရူပ-သမ္မသနံ သုခုမံ ဟောတိ။ (ဝိသုဒ္ဓိမဂ်-၂၊ နှာ-၂၅၇)

မြန်မာပြန်

ဤသို့ ဥဒ္ဒါရဏစသော ထိုထိုကောဋ္ဌာသ၌ ဖြစ်ကုန်သော ရုပ်အပေါင်းတို့သည် ဤမှတပါး မိမိမှတပါးသော ကောဋ္ဌာသသို့မရောက်မူ၍ ထိုထိုဥဒ္ဒါရဏစသော မိမိကောဋ္ဌာသတို့၌သာလျှင် အဆစ်အဆစ်-အစပ်အစပ်-အပိုင်းအပိုင်း ဖြစ်၍ လောလောပူသော အိုးကင်း၌ ထည့်အပ်သော နှမ်းတို့ကဲ့သို့ တဖျောက်ဖျောက်သောအသံကို ပြုကုန်လျက် ဘူတရုပ် ဥပါဒါရုပ်ဖြစ်သော သင်္ခါရတို့သည် ပျက်ကုန်၏၊ ထို့ကြောင့် ဥဒ္ဒါရဏစသော ကောဋ္ဌာသ၌ဖြစ်သော ထိုရုပ်အားလုံးတို့သည်လည်း မမြဲကုန်၊ ဒုက္ခအစစ်တို့သာတည်း၊ အနတ္တအစစ်တို့သာတည်း၊ ဤသို့ဆင်ခြင်၏၊ ဤသို့အဆစ်အဆစ်ဖြစ်ကုန်သော ဘူတရုပ် ဥပါဒါရုပ်ဖြစ်သော သင်္ခါရတို့ကို ရှုသော ထိုယောဂီ၏ရုပ်ကို သုံးသပ်ခြင်းသည် သိမ်မွေ့၏။

## ကျမ်းဂန်အဆို တမျိုး

ထိုမှတပါး ဝိသုဒ္ဓိမဂ်မြန်မာပြန်၊ စာမျက်နှာ-၃၇၉ ၌လည်း အောက်ပါအတိုင်း မိန့်ဆိုထားလေသည်—

ဤသို့ ပြဆိုခဲ့ပြီးသော နည်းဖြင့် ထင်ရှားသည်ဖြစ်၍ ဖြစ်သော သစ္စာအပြား ပဋိစ္စသမုပ္ပါဒ်အပြား ကေတ္တစသော နည်းအပြား၊ အနိစ္စတာစသော လက္ခဏာအပြားရှိသော ဤသင်္ခါရတရားတို့သည်၊ ရှေး၌မဖြစ်ဖူးကုန်သည်ဖြစ်၍ ယခုမှ အသစ်ဖြစ်ကုန်သတတ်၊ ဖြစ်ကုန်ပြီးသော သင်္ခါရတရားတို့သည် အရှည်မတည် ရုတ်တရက်ချက်ချင်း ချုပ်ငြိမ်းပျောက်ပျက်ကုန်သတတ်၊ ဤသို့ အမြဲအသစ်တို့သည်သာလျှင်ဖြစ်၍၊ သင်္ခါရတို့သည် ထိုယောဂီအားထင်ကုန်၏၊ စင်စစ်သော်ကား အမြဲအသစ်တို့သည်သာလျှင် မဟုတ်ကုန်သေး နေထွက်သောအခါ၌ ဆီးနှင်းပေါက် သွေ့ခြောက်သကဲ့သို့လည်းကောင်း၊ ရေ၌ ရေပွက်ကဲ့သို့လည်းကောင်း၊ ရေ၌ သားသောအရေးကဲ့သို့လည်းကောင်း၊ ပွတ်ဆောက်ဖျား၌တင်ထားသော မုံညင်းစေ့ကဲ့သို့လည်းကောင်း၊ လျှပ်စစ်ပြက်သကဲ့သို့လည်းကောင်း တိုစွာသော ကာလမျှသာတည်ခြင်း ရှိကုန်၏ ဟူ၍လည်း ထင်ကုန်၏။

စင်စစ် အမြဲအသစ်တို့သည်သာလျှင် မဟုတ်သေး တိုစွာသော ကာလမျှသာတည်ခြင်း ရှိကုန်သည်မဟုတ်သေး၊ မျက်လှည့် တံလှပ်၊ အိပ်မက် ပတ်ပတ်လှည့်သော မီးစက် ဂန္ဓဗ္ဗနတ်တို့၏ မြို့တူးကစားချင်သောအလိုဖြင့် မြို့ကဲ့သို့ ကောင်းကင်၌ ထင်စေအပ်သော နတ်မြို့ ရေမြှုပ်စိုင် ငှက်ပျောဆုံးအစရှိသည်တို့ကဲ့သို့ အနှစ်ကင်းကုန်သည်ဖြစ်၍ အနှစ်မဲ့ကုန်၏၊ ဤသို့လည်း ထင်ကုန်၏။

ဤသို့လျှင်—

"ဇာတံရူပံ ပစ္စုပ္ပန္နံ" အစရှိသော ပါဠိတော်နည်းကို အစဉ်မှီးသဖြင့်လည်းကောင်း၊

"ယံ ကိဉ္စိရူပံ အတီတာနာဂတပစ္စုပ္ပန္နံ" အစရှိသော ပါဠိတော်ကို အစဉ်မှီးသဖြင့်လည်းကောင်း—

ဤမျှ အတိုင်းအရှည်ရှိသော "ဥဒယဗ္ဗယပဋိဝေဓ" တိုင်အောင်သော ဘာဝနာ အစီအရင်ဖြင့် ယောဂီသည် ပျက်ခြင်းရှိသည်ဖြစ်၍သာလျှင် ဖြစ်၏၊ ဖြစ်ပြီး၍လည်း မိမိသဘောဓမ္မတာအားဖြင့် ပျက်ခြင်းသို့ရောက်၏။

ဤသို့ ပြဆိုခဲ့ပြီးသော အပြားရှိသော ဥဒယကိုလည်းကောင်း ဝယကိုလည်းကောင်း မျက်မှောက်ပြုသော အခြင်းအရာအားဖြင့် အမျှ ငါးဆယ်သော လက္ခဏာတို့ကို ထိုထွင်း၍တည်သော ဥဒယဗ္ဗယာနုပဿနာမည်သော လက်ဦးစွာသော နုသော တရုဏဝိပဿနာဉာဏ်ကိုရခြင်းကြောင့် အားထုတ်အပ်သော ဝိပဿနာရှိသော အာရဒ္ဓဝိပဿက ယောဂီဟု ခေါ်ဝေါ်ခြင်းသို့ရောက်၏။

## အဓမ္မဝါဒ အဓမ္မဝါဒီသာ

ဤသို့လျှင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာဋီကာ၊ ပဋိသမ္ဘိဒါမဂ်ပါဠိ အဋ္ဌကထာဋီကာနှင့် အခြားထေရဝါဒ ပိဋကတ်ကျမ်းစာတို့၌ သင်္ကေသုံးပါးဖြင့် ကျင့်နည်းသမထ၊ ဝိပဿနာဘာဝနာရှုနည်းများကို ဘွင်းဘွင်းနှင့် ရှင်းရှင်း ပြတ်ပြတ်သားသား ထင်ရှားစွာ ပြထားပါလျက် အထူးအဆန်းကိုမှ ကြိုက်တတ်သော ကျောက်ပုံဆရာနှင့် ကျောက်ပုံဝါဒီများမှာ မိမိတို့၏အမှားကို မသုံးသပ်မဝေဖန်ပဲ ပရိယတ္တိနှင့်လျော်သော အခြား ပဋိပတ္တိအလုပ်များကို တရေးဦးခေါင်း မဆုံးသေးဟူ၍လည်းကောင်း ဝိပဿနာယောင်ဝါးမျှသာဖြစ်၍ ဟူ၍လည်းကောင်း ရေးသားဟောပြောနေခြင်းသည် အတ္တုက္ကံသန၊ ပရဝမ္ဘန၊ မိမိကို အထင်ကြီးစေလိုခြင်း၊ သူတပါးအား နှိမ့်ချလိုခြင်း အသိဆိုးသာလျှင် ဖြစ်ကြောင်း မှတ်ချက်ချအပ်ပေသည်။

ဤမျှသော ဒေသနာအစဉ်ဖြင့် ရုပ်တဖွားဖွား၊ နာမ်တဖွားဖွားကို ဝိပဿနာရှုခြင်းသည်၊ ဝိပဿနာအစစ် ဝိပဿနာမှန် ဓမ္မဝါဒသာဖြစ်၍ ကျောက်ပုံဆရာနှင့် ကျောက်ပုံဝါဒီတို့၏ဝါဒသည် ဝိပဿနာတု·ဝိပဿနာယောင်ဝါးမျှသာ ဖြစ်ခြင်းကြောင့် အဓမ္မဝါဒ အဓမ္မဝါဒီတို့သာဖြစ်ကြောင်း ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## စောဒနာ-သောဓနာ အမှတ် (၁၈) ဝေဖန်သုံးသပ်ချက်

စောဒနာ—

> စောဒကဆရာတော်များသည် သိတတ်တာက နာမ်၊ မသိတာက ရုပ်၊ ညွတ်တတ်တာက နာမ်၊ ဖောက်ပြန်တာက ရုပ်၊ ရှုတတ်သည့် သဘောက နာမ်၊ အရှုခံရသည်က ရုပ် စသည်ဖြင့် ရုပ်မှုန်ကလေးတွေ တဖွားဖွားဖြစ်ပျက်နေသည်ကို ကိုယ်တွေ့သိမြင်ရ၍ "နာမရူပပရိစ္ဆေဒဉာဏ်" ပိုင်ပြီ နာမ်နှင့်ရုပ်ကွဲပြီဟု ယူဆကြခြင်းသည် ယထာဘူတကျနမှန်ကန်သော "နာမ ရူပ ပရိစ္ဆေဒဉာဏ်" မဟုတ်သဖြင့်အထက်ဉာဏ်များကို မသိမမြင်နိုင်ချေ။ (နေ-နှာ-၆၅)

ဤကဲ့သို့ ရေးသားဟောပြောချက်နှင့်ပတ်သက်၍ ထေရဝါဒပိဋကတ်တော်လာ ပါဠိ အဋ္ဌကထာ ဋီကာတို့နှင့် မညီညွတ်ကြောင်းကို ဝိသုဒ္ဓိမဂ် ပဋိသမ္ဘိဒါ ဒီဃနိကာယ် မဟာဝဂ္ဂ မဟာသတိပဋ္ဌာနသုတ်အဋ္ဌကထာတို့ကို ကိုးကားထောက်ပြလျက် ကျောက်ပုံတောရဝါဒီ ပုဂ္ဂိုလ်တို့ရေးသားချက်သည် အဓမ္မဝါဒ အဓမ္မဝါဒီ ဖြစ်ကြောင်း စောဒနာတင်သွင်းကြသည်။

### သောဓနာ

ထိုစောဒနာချက်နှင့်ပတ်သက်၍ ကျောက်ပုံတောရဝါဒီ ပုသိမ်မောင်ညွန့်က အောက်ပါအတိုင်း ပြန်လည်၍ (ချေပလွှာ) သောဓနာတင်သွင်းသည်—

> ရုပ်နာမ်ဟုဆိုတိုင်း ဝိပဿနာနှင့် သက်ဆိုင်သည်မဟုတ်ပါ၊ ပညတ်ရုပ်နာမ်သည် ခေါ်ဝေါ်ရုံမျှဖြစ်၍ ပရမတ်ရုပ်နာမ်သည်သာ ဝိပဿနာနှင့်သက်ဆိုင်ပါသည်ဘုရား၊ ပညတ်ရုပ်နာမ်ကိုသာ ဝိပဿနာနှင့်သက်ဆိုင်သည်ဟု ယူဆလျက် "နာမ ရူပ ပရိစ္ဆေဒဉာဏ်" ဖြစ်စေအောင် ပွားများအားထုတ်ခဲ့သော် ပညတ်မလွတ်သဖြင့် (ဝါ) ပရမတ်သို့မဆိုက်ရောက်သဖြင့် နာမ ရူပ ပရိစ္ဆေဒဉာဏ် ပေါ်နိုင်မည်မဟုတ်ပါ၊ ထိုဉာဏ်မပေါ်ပါက ပစ္စယပရိဂ္ဂဟဉာဏ်လည်း မပေါ်နိုင်ပါ၊ ပစ္စယပရိဂ္ဂဟဉာဏ်မပေါ်ပါလျှင် ဝိပဿနာဉာဏ် ၁၀-ပါး ဖြစ်သော သမ္မသနဉာဏ်မှစ၍ အနုလောမ ဉာဏ်တို့သည် အဘယ်မှာဖြစ်ပေါ်နိုင်ပါ ဦးမည်နည်း ဟု ယုံကြည်ပါသည်ဘုရား –

ဟု ကျမ်းဂန် အကိုးအကားမရှိ မိမိတို့ရဲ့ ကျောက်ပုံဆရာကြီးဝါဒ အတ္တနောမတိမျှကို သက်သေထူ၍ (ချေပ) သောဓနာပြုခဲ့သည်။

## သုံးသပ်ချက်

ထိုစောဒနာ သောခနာချက်တို့ကို ဝိနည်းဓိုရ် ဆရာတော်များက အပြန်အလှန် စိစစ်ဝေဖန်၍ အောက်ပါအတိုင်း သုံးသပ်တော်မူကြသည်—

နာမရူပပရိစ္ဆေဒဉာဏ်ဟူသည်—

"နာမရူပါနံ ယာထာဝဒဿနံ ဒိဋ္ဌိဝိသုဒ္ဓိ နာမ။"

(ဝိသုဒ္ဓိမဂ် ၂။၂၂၂)

**အနက်**

နာမ ရူပါနံ၊အာရုံဆီသို့ ညွတ်တတ်သွားတတ်သော နာမ်သဘောနှင့် အာရုံဆီသို့ မညွတ်တတ်မူ၍ ဖောက်ပြန်ရုံသာ အထင်အရှား ဖောက်ပြန်တတ်သော ရုပ်သဘောတို့ကို။ယာထာဝဒဿနံ၊ သဘောမှန်အတိုင်း မြင်သိခြင်းသည်။ ဒိဋ္ဌိ-ဝိသုဒ္ဓိ နာမ၊ စင်ကြယ်သော ဉာဏ်အမြင်မည်၏။

**အဓိပ္ပာယ်ကား**

နာမ်ရုပ်တို့၏ သဘောတို့ကို သဘောမှန်အတိုင်း သိမြင်ခြင်းသည် နာမ-ရူပ ပရိစ္ဆေဒဉာဏ် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏၊ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ် နှစ်ပါးတို့သည် တပေါင်းတည်း တစည်းတည်း ဖြစ်နေကြလျှင် သတ္တဝါပုဂ္ဂိုလ်ဟု ခေါ်ဝေါ်ရုံမျှသာ ရှိချေသည်။

တခုတခုသော ရုပ်နာမ်ခန္ဓာသဘောတရားတို့ကိုသာလျှင် စူးစိုက်၍ ရှုမှတ်လျှင်ကား ငါပဲဟု မာနဖြင့်စွဲလမ်းမှု၊ငါကောင်ဟု ဒိဋ္ဌိဖြင့် စွဲလမ်းမှု ဤနှစ်မျိုးတို့၏ တည်ရာဖြစ်သော (အသက်လိပ်ပြာကောင် ဝိညာဉ်ကောင် စသည်ဖြင့် ခေါ်ဝေါ်စွဲလမ်းအပ်သော)သတ္တဝါမည်သည် ပရမတ္ထအားဖြင့် မရှိသည်သာတည်းဟု မျက်မှောက်သိရ၍ မူလရှိရင်းအတိုင်း မှန်သောသဘောအားဖြင့် အာရုံဆီသို့ ညွတ်တတ် သွားတတ်သော အာရုံကိုသိတတ်သော နာမ်သဘောနှင့် အာရုံကို မသိတတ်သော ဖောက်ပြန်ရုံသာ အမျိုးမျိုးဖောက်ပြန် ပြောင်းလဲတတ်သော ရုပ်သဘောမျှသာလျှင် ရှိပေသည်ဟူ၍ ပိုင်းခြားဆုံးဖြတ် သိမြင်ခြင်းသည် "ယထာဘူတဒဿန"မှန်ကန်စွာသိမြင်သောဉာဏ်၊ ဒိဋ္ဌိ ဝိသုဒ္ဓိဟု ခေါ်၏။

ရှုခိုက် မှတ်ခိုက်၌ အထူးမစဉ်းစားရပဲ ရှုရုံ မှတ်ရုံမျှနှင့်ပင် နာမ်နှင့်ရုပ်တို့ကို ကွဲပြားစွာ သိမြင်၍ ဤခန္ဓာကိုယ်ထဲ၌ အာရုံကိုသိတတ်သော နာမ်နှင့် အာရုံကို မသိတတ်သောရုပ် ဤနှစ်မျိုးသာရှိသည်၊ ဤနှစ်မျိုးမှတပါး သတ္တဝါကောင် ငါကောင် လိပ်ပြာကောင် ဝိညာဉ်ကောင် မရှိပြီဟူ၍ မတွေမဝေဆုံးဖြတ်နိုင်ခြင်းသည်သာ လိုရင်းအဓိကဖြစ်၏။

သို့ဖြစ်၍ ရှုခိုက် မှတ်ခိုက်မှာ မတွေးမဆရပဲ အလိုလိုသဘောကျ၍ ဆုံးဖြတ်နိုင်သော အသိဉာဏ်သည် နာမရူပပရိစ္ဆေဒဉာဏ်မည်၏။

ဤဉာဏ်သည်ပင်လျှင် ငါကောင် လိပ်ပြာကောင် ရှိသည်ဟု ထင်မှတ်စွဲလမ်းသော အတ္တဒိဋ္ဌိ အညစ်အကြေးကို သုတ်သင်ပယ်ခွာတတ်သောကြောင့် ဒိဋ္ဌိ ဝိသုဒ္ဓိလည်းမည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီ-၂၊ ၃၆၇-၌—

> နာမ ရူပါနံ ယာထာဝဒဿနန္တိ "ဣဒံ နာမံ၊ ဧတ္တကံ နာမံ၊ န ဣတော ဘိယျော။ ဣဒံ ရူပံ၊ ဧတ္တကံ ရူပံ၊ န ဣတော ဘိယျော"တိ ဧ တေသံ လက္ခဏာသလ္လက္ခဏမုခေန ဓမ္မမတ္တဘာဝဒဿနံ။ အတ္တဒိဋ္ဌိ-မလဝိသောဓနတော ဒိဋ္ဌိဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ။

**အနက်**

နာမ ရူပါနံ ယာထာဝဒဿနန္တိ၊နာမ်ရုပ်တို့ကို သဘောအမှန်အတိုင်းမြင်ခြင်းဟူသည်ကား။ ဣဒံ၊မှတ်သိရသော ဤသဘောသည်။ နာမံ၊အာရုံဆီသို့ မှတ်တတ်သွားတတ်သော အာရုံကိုသိတတ်သော နာမ်တရားတည်း။ဧတ္တကံ၊ မှတ်ခဲ့ရသော ဤမျှလောက်သည်။ နာမံ၊ အာရုံကိုသိတတ်သော နာမ်တရားသာတည်း။ ဣတော၊မှတ်သိခဲ့သော ဤနာမ်တရားထက်။ ဘိယျော၊ အပိုအလွန်ဖြစ်သော ငါကောင် သတ္တဝါကောင်သည်။ န၊မရှိပြီ။ ဣတိ-ဧ၊ ဤသို့လည်းကောင်း။ ဣဒံ၊ မှတ်သိရသော ဤသဘောသည်။ ရူပံ၊ဖောက်ပြန်ရုံသာ အထင်အရှား ဖောက်ပြန်ပြောင်းလဲတတ်သော ရုပ်တရားသည်။ ဧတ္တကံ၊မှတ်သိခဲ့ရသော ဤမျှလောက်သည်။ ရူပံ၊ ရုပ်တရားသာတည်း။ ဣတော၊မှတ်သိခဲ့ရသော ဤရုပ်တရားထက်။ ဘိယျော၊အပိုအလွန်ဖြစ်သော ငါကောင် သတ္တဝါကောင်သည်။ န၊မရှိပြီ။ ဣတိ ဧ၊ဤသို့လည်းကောင်း။ ဧတေသံ၊ထိုနာမ်ရုပ်တို့၏။ လက္ခဏာ-သလ္လက္ခဏမုခေန၊သဘာဝလက္ခဏာကို မှတ်ခြင်းကို အရင်းခံပြုသဖြင့်။ ဓမ္မမတ္တ-ဘာဝဒဿနံ၊ ငါကောင် သတ္တဝါကောင်မဟုတ်သော သဘောတရားမျှ၏ အဖြစ်ကို မြင်သိခြင်းသည်။ အတ္တဒိဋ္ဌိမလဝိသောဓနတော၊ အတ္တဒိဋ္ဌိဟူသော အညစ်အကြေးကို သုတ်သင်ပယ်ခွာတတ်သောကြောင့်။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိမည်၏။ ဣတိ၊သို့။ ဝေဒိတဗ္ဗံ၊သိအပ်၏။

**အဓိပ္ပာယ်ကား**

ရုပ္ပန- ကက္ခဠတ္တ အစရှိသော ရုပ်၏ သဘာဝလက္ခဏာနှင့် နမန-ဖုသန-ဝေဒိယန-ဝိဇာနန အစရှိသော နာမ်၏ သဘာဝလက္ခဏာတို့သည် ထိုထိုရုပ်နာမ်တို့၏ ဥပါဒ်ဋ္ဌီဘင် ဟူသောဖြစ်ဆဲခဏ၌သာ ထင်ရှားကုန်၏၊ ဖြစ်ပြီးဖြစ်လတ္တံ

သော ခဏတို့၌ မထင်ရှားကုန်၊ ထို့ကြောင့် ရုပ်နာမ်တို့၏သဘာဝလက္ခဏာကို ဖြစ်ဆဲဖြစ်ဆဲ၌ မှတ်ရှုခြင်းဖြင့်သာလျှင် မှန်ကန်စွာ ထင်မြင်နိုင်သည်။

ဤကဲ့သို့ ရုပ်နာမ်တို့၏ သဘာဝလက္ခဏာကို ဖြစ်ဆဲ၌ရှုမှတ်ခြင်းကို အရင်းခံ ရွေ့သွားပြုသဖြင့် ငါကောင် သတ္တဝါကောင်မရှိ နာမ်ရုပ်တို့၏ သဘောမျှသာ ရှိသည်ဟု သိမြင်လာခြင်းသည် အတ္တဒိဋ္ဌိအညစ်အကြေးကို သုတ်သင်ပယ်ရှား တတ်သော အသိအမြင်ဒိဋ္ဌိဝိသုဒ္ဓိမည်၏၊ (ဝါ)နာမရူပပရိစ္ဆေဒဉာဏ်အမြင်မည်၏ ဟူလို။

ထိုကဲ့သို့ ဒိဋ္ဌိဝိသုဒ္ဓိနှင့် နာမရူပပရိစ္ဆေဒဉာဏ်ပိုင်အောင် ရှုမှတ်ပွားများလျှင်-

တေသံယေဝ ပန နာမရူပါနံ ပစ္စယပရိဂ္ဂဟဏေန တီသု အဒ္ဓါသု ကင်္ခံ ဝိတရိတွာ ဋ္ဌိတံ ဉာဏံ ကင်္ခါဝိတရဏဝိသုဒ္ဓိ နာမ။

(ဝိသုဒ္ဓိ-၂။၂၃၃)

မြန်မာပြန်

တေသံယေဝ နာမရူပါနံ၊ ရှုမြင်ပွားများအပ်ပြီးသော ဤနာမ်ရုပ်၏ ပင်လျှင်။ ပစ္စယပရိဂ္ဂဟဏေန၊ အကြောင်းကို သိမ်းဆည်းခြင်းဖြင့်။ တီသုအဒ္ဓါသု၊အတိတ် အနာဂတ် ပစ္စုပ္ပန်ကာလသုံးပါးတို့၌။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဝိတရိတွာဋ္ဌိတံ၊ လွန်မြောက်ပယ်ရှား၍တည်သော။ ဉာဏံ၊အကြောင်း ရုပ်နာမ်ကြောင့်ဖြစ်သော အကျိုးရုပ်နာမ်မျှသာရှိသည်ဟု သိသောဉာဏ်သည်။ ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ၊ ယုံမှားမှုကို လွန်မြောက်သျက် စင်ကြယ်သောကြောင့်ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

အဓိပ္ပာယ်ကား

ဖြစ်ဆဲဖြစ်ဆဲ၌ ရှုမှတ်ပွားများလျက် ရုပ်နာမ်တို့၏ သဘောမှန်ကို (ဝါ) ဒိဋ္ဌိဝိသုဒ္ဓိ နာမရူပပရိစ္ဆေဒဉာဏ်ကိုသိပြီးသော ယောဂီပုဂ္ဂိုလ်သည် ထိုရုပ်နာမ်တို့ ၏ ဖြစ်ကြောင်းများကိုလည်း ရှုမှတ်ပွားများဆဲမှာပင် ထိုက်သည့်အားလျော်စွာ တွေ့မြင်ရပြန်၏၊ ထိုအခါ၌ ဤလိုအကြောင်းများကြောင့်သာလျှင် ကာလ သုံးပါး၌ ဤလို ရုပ်နာမ်မျှသာဖြစ်လျက်ရှိချေသည်ဟု သိမြင်သဘောကျသော ပစ္စယပရိဂ္ဂဟဉာဏ် ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်စသည် အစဉ်အတိုင်း ဖြစ်ပေါ်လာ နိုင်၏ဟူလို။

သို့ဖြစ်၍ ဖြစ်ခိုက်နာမ်ရုပ်ကို ရှုမှတ်ပွားများစဉ်မှာပင် နာမ်ရုပ်တို့၏ အကြောင်းတို့ကို ထိုက်သည့်အားလျော်စွာ တွေ့မြင်၍ ကာလသုံးပါး၌ အကြောင်းနာမ်ရုပ်ကြောင့် အကျိုးနာမ်ရုပ်မျှသာ ဖြစ်ပေါ်လျက်ရှိနေသည်ဟု သဘောကျလျက် မြဲမြံစွာ ဆုံးဖြတ်နိုင်သော အသိဉာဏ်အမြင်သည် ပစ္စယ-ပရိဂ္ဂဟဉာဏ်မည်၏။

ဤဉာဏ်သည်ပင်လျှင် ယုံမှားမှု ၁၆-ပါးကိုလည်းကောင်း ဘုရား တရား သံဃာသိက္ခာသုံးပါးအတိတ် အနာဂတ် ပစ္စုပ္ပန် နာမ်ရုပ်ဒီ ချင်းချင်းဆက်စပ်၍ ဖြစ်သောအကြောင်းအကျိုးတရားဟူသော ယုံမှားမှု ၈ ပါးတို့ကိုလည်းကောင်း လွန်မြောက်ပယ်ခွာနိုင်သောကြောင့် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။

ဤသို့ ဉာဏ်အဆင့်ဆင့် ဖြစ်ပေါ်လာသဖြင့်—

> ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာ-ပန္နော နာမ ဟောတိ။ (ဝိသုဒ္ဓိ-၂။၂၄၀)

ဟု အကျိုးဆက်ကို ဖွင့်ပြတော်မူသည်။

မြန်မာပြန်

ပန၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၏အကျိုးကား။ ဣမိနာဉာဏေန၊ကင်္ခါဝိတရဏဝိသုဒ္ဓိမည်သော ဤဉာဏ်နှင့်။ သမန္နာဂတော၊ပြည့်စုံသော။ ဝိပဿကော၊ ဝိပဿနာ ရှုမှတ်ပွားများအားထုတ်သောသူသည်။ ဗုဒ္ဓသာသနေ၊မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်၌။လဒ္ဓဿာသော၊ ရအပ်ပြီးသော သက်သာရာရှိသည်ဖြစ်၍။ လဒ္ဓပတိဋ္ဌော၊ရအပ်ပြီးသော ထောက်တည်ရာရှိသည်ဖြစ်၍။ နိယတဂ-တိကော၊ကိန်းသေပြီးသော သုဂတိဘဝရှိသော။ စူဠသောတာပန္နောနာမ၊ စူဠသောတာပန်မည်သည်(ဝါ)သောတာပန်ငယ်မည်သည်။ဟောတိ၊၏။

ဤကဲ့သို့ ပါဠိ အဋ္ဌကထာ ဋီကာတို့ကို ထောက်ထားခဲ့သော် စောဒကဆရာ တော်များ တင်သွင်းသော စကားရပ်များသည် ထေရဝါဒပိဋကတ်တော်နှင့် ညီညွတ်သည်ဖြစ်၍ ကျောက်ပုံတောရဝါဒီတို့ ရေးသားဟောပြောချက်သည် ဗုဒ္ဓဘာသာဝင်သူတော်စင်တို့ ပွားများအားထုတ်မှု၏ အန္တရာယ်အနှောင့်အယှက် အဟန့်အတား ပိတ်ပင်ရာရောက်သဖြင့် အဓမ္မဝါဒ အဓမ္မဝါဒီတို့သာဖြစ်၏ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

---

### စောဒနာသောခနာအမှတ် (၁၉)သုံးသပ်ချက် တေကာလိက ကာလဝိမုတ္တ

စောဒကဆရာတော်များက—

အာရုံခြောက်ပါး တရားတို့သည် ကာလသုံးပါးမှလွတ်၏ ဟူသော ကျောက် ပုံဝါဒကို တင်ပြကာ ဓမ္မသင်္ဂဏီနိက္ခေပကဏ္ဍပါဠိတော်ကို ထုတ်ဖော်ကိုးကား လျက် ပယ်ဖျက်သုတ်သင် စောဒနာတင်ခဲ့ကြ၏။

ဤပါဠိတော်အရဖြင့်ပင် ထိုအာရုံခြောက်ပါးတို့၏ တေကာလိက ဓမ္မအဖြစ် ထင်ရှားခဲ့ရာ အဘယ်မှာ ကာလဝိမုတ္တဖြစ်ပါအံ့နည်း၊

သဘာဝဓမ္မတို့တွင် နိဗ္ဗာန်တရားတခုသာ ကာလဝိမုတ်ဖြစ်ပါ၏၊ အောက်ပါ ဓမ္မသင်္ဂဏီ ပါဠိတော်ကိုလည်း ရှုပါဦး–

> နိဗ္ဗာနံ ဌပေတွာ သဗ္ဗေ ဓမ္မာ သိယာ အတီတာ သိယာ အနာဂတာ သိယာ ပစ္စုပ္ပန္နာ၊ နိဗ္ဗာနံ န ဝတ္တဗ္ဗံ အတီတန္တိပိ အနာဂတန္တိပိ ပစ္စုပ္ပန္နန္တိပိ။ (အဘိ-၁။၂၇၂)

နိဗ္ဗာန်ကို ချန်လှပ်၍ ကျန်အလုံးစုံသော တရားတို့သည် ရံခါ အတိတ် ရံခါ အနာဂတ် ရံခါ ပစ္စုပ္ပန်ဖြစ်သော တရားတို့တည်း၊ နိဗ္ဗာန်ကိုကား အတိတ်ဟုလည်းကောင်း အနာဂတ်ဟုလည်းကောင်း ပစ္စုပ္ပန်ဟုလည်းကောင်း မဆိုအပ်။

## ခဏဖြင့် ကာလမှတ်

နောက်က စောဒနာအမှတ် (ဂ) ၌ သင်္ခတ အသင်္ခတလက္ခဏာများပြခဲ့ပြီး ဖြစ်ပါ၏၊ သင်္ခတတရားတို့၏ ပစ္စုပ္ပန်အတိတ် အနာဂတ်ဆိုသည်မှာ ဥပါဒ်-ဌီ-ဘင်-တို့ဖြင့် ပိုင်းခြားသတ်မှတ်ရမြဲဖြစ်၏၊ ဥပါဒ် ဌီဘင်ခဏငယ်သုံးပါး ထင်ရှားရှိနေဆဲ သင်္ခတကို ပစ္စုပ္ပန်၊ ဥပါဒ်ပြီး၍ ချုပ်လေခဲ့ပြီးသော သင်္ခတကို အတိတ်၊ နောင်ဥပါဒ်လတ္တံ့ ဖြစ်လတ္တံ့ သင်္ခတကို အနာဂတ်၊ ဤအချက်ကို အောက်ပါ ပါဠိတော်များဖြင့် သိပါလေ–

> သစေတံ အာနန္ဒ ဧဝံ ပုစ္ဆေယျုံ "ကတမေသံ အာဝုသော ဓမ္မာနံ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတီ"တိ ဧဝံ ပုဋ္ဌော တုံ့ အာနန္ဒ ကိန္တိ ဗျာကရေယျာသီတိ။
>
> (သံ-၂။၃၁)

မြန်မာပြန်

ငါ့ရှင် အာနန္ဒာ ဘယ်တရားတို့အား ဥပါဒ် ဌီဘင်ထင်ရှားသနည်းဟု သင့်ကို မေးလျှင် အမေးခံရသောသင်က ဘယ်သို့ဖြေမည်နည်း၊ ဤဘုရားရှင် အမေးကို ရှပ်ဝေဒနာ သညာသင်္ခါရ ဝိညာဉ်တို့အား ဥပါဒ်ဌီဘင်ထင်ကြောင်း ဖြေပါမည်ဟု လျှောက်ထားခဲ့၏။

ပါဠိတော်တနည်း–

ထိုနောက် ဒုတိယ အာနန္ဒသုတ်၌လည်း အဘယ်တရားတို့အား ဥပါဒ်ဌီဘင် ထင်ရှားဖြစ်ပြီး ဖြစ်သနည်း၊ ဘယ်တရားတို့အား ဥပါဒ်ဌီဘင် ဖြစ်လတ္တံ့နည်း၊

အဘယ်တရားတို့အား ဥပါဒ်ဌီဘင်ဖြစ်ဆဲနည်း မေးသော် ဘယ်သို့ဖြေမည် နည်းဟူသော အမေးတော်ကို ဖြစ်ပြီး ပျက်ခဲ့ပြီး ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့အား ဥပါဒ်ဌီဘင်ထင်ပြီးဖြစ်ကြောင်း၊

မဖြစ်သေး မပေါ်သေးသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့အား ဥပါဒ်ဌီဘင် ထင်ရှားလတ္တံ့ဖြစ်ကြောင်း၊

ဖြစ်ဆဲ ပေါ်ဆဲ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်တို့အား ဥပါဒ်ဌီဘင် ထင်ဆဲဖြစ်ကြောင်း ဖြေပါမည်ဟု လျှောက်ထားခဲ့ပါသည်။ (သံ-၂။၃၀)

## ကာလဝိမုတ်

နိဗ္ဗာန်မှာ သင္ခတလက္ခဏာ ပရမတ္ထအားဖြင့် ထင်ရှားရှိသော တရားဖြစ်ပါ၏၊ သို့သော် အသင်္ခတ လက္ခဏာအရ ဥပါဒ်ဌီဘင် ထင်ရှားမရှိသော သဘောသာ ဖြစ်ရာ ပစ္စုပ္ပန်စသည်ဖြင့် ဆိုနိုင်ခွင့် ဘယ်မှာရှိပါတော့အံ့နည်း။

ရုပ်နာမ်တရားတို့အပေါ်၌ သတ်မှတ်ချက် ထင်မြင်ချက်အနေဖြင့်သာဖြစ်၍ တရားအထည်ကိုယ်မရှိသော ပညတ်တရား၌လည်း ဖြစ်တည်ပျက်သဘောမရှိရာ၊ ပစ္စုပ္ပန်စသော ကာလသုံးပါး ထင်ရှားမရှိပါပေ၊ ထို့ကြောင့် နိဗ္ဗာန်သာမက ပညတ်ကိုပါ ကာလဝိမုတ်ဟု သင်္ဂြိုဟ်နှင့် ဋီကာကျော်တို့က မိန့်ဆိုကြပါသည်။

> ဝိနာသာဘာဝတော အတီတာဒိကာလဝသေန န ဝတ္တဗ္ဗတ္တာ နိဗ္ဗာနံ့ပညတ္တိ စ ကာလဝိမုတ္တံ နာမ။

(ဋီကာကျော်-၁၃၀)

ပျက်စီးခြင်းမရှိသောကြောင့် အတိတ်စသော ကာလအစွမ်းဖြင့် မဆိုအပ်သောကြောင့် နိဗ္ဗာန်သည်လည်းကောင်း ပညတ်သည်လည်းကောင်း ကာလဝိမုတ်မည်၏၊ ဆိုခဲ့ပြီး အထောက်အထားများအရ သဘာဝဓမ္မတို့တွင် နိဗ္ဗာန်မှတပါး တခြား ကာလဝိမုတ်ဖြစ်သော တရားဟု တစုံတခုမျှမရှိပါပေ။

## ကာလဝိမုတ်အစ-ကျောက်ပုံက

ရှေးကဗြဟ္မာ့ပြည်က မဟာဗြဟ္မာကြီး လက်အောက်ငယ်သား ဗြဟ္မာ တစ်ယောက် ဗြဟ္မာပြည်မှ စုတေကာလူ့ပြည်ရောက်လာ၏၊ လူ့ပြည်မှာ ဈာန်အဘိညာဉ်တွေရ၊ ဗြဟ္မာ့ပြည်အဘိညာဉ်ဖြင့် လှမ်းကြည့်တော့ ဗြဟ္မာကြီးကရှိနေသေး၊ ဤတွင်တို့ကမမြဲ ဗြဟ္မာကြီးကမြဲတယ်၊ တို့ကို အစိုးရသူ၊ တို့ကို ဖန်ဆင်းသူဖြစ်တယ်ဟူသော ဧကစ္စသဿတဝါဒ စလာ၏၊ ထိုမျှမက ခန္ဓာထဲမှာ

အသက်ဇီဝအကောင်လေးရှိတယ်၊ ထိုဇီဝအတ္တကလေးကြောင့် တို့ကိုယ်ကြီး သွားလာစားသောက်ဖြစ်ရတယ်၊ ထိုဇီဝကလေးက ဗြဟ္မာကြီး၏အစိတ်အပိုင်းပဲ ဆိုသော အတ္တဝါဒ ပေါ်လာရပြန်၏၊ အတ္တဝါဒအစ ကမ္ဘာဦးက ဆိုရသလို။

ကာလဝိမုတ်ဝါဒအစ ကျောက်ပုံးဟုဆိုရမည်၊ သူတို့ကား တရားတွေဖြစ် ပေါ်လာဖို့ရာ မဖြစ်ပေါ်မီက ရှိနှင့်နေသော နိရောဓမ္မတွေရှိနေသည်ဟု တွေး ထင်ရာမှ ဤဝါဒထွင်လာကြသလော တွေးရ၏၊ သူတို့ထွင်သလို မဖြစ်နိုင် သည်ကို အောက်ပါဂါထာဖြင့် သိနိုင်ပါသည်။

**ပျက်ပြီးတရားတွေ ဘယ်မှာမှ တည်မနေ**

အနိဓာနဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။

နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ။

(ဝိသုဒ္ဓိ ၄-၂။၂၆၀)

ဘဂ္ဂါ၊ချုပ်ပျက်လေပြီးသော တရားတို့သည်။ အနိဓာနဂတာ၊ ဘယ်နေရာ ဘယ်ဌာနမှာမျှ သိမ်းထားရသည်မဟုတ်ကြ လုံးဝကွယ်ပျောက် သွားကြရလေ ကုန်၏။ အနာဂတေ၊ နောင်လာမည့်အနာဂတ်ကာလ၌။ ဓမ္မာနံ၊ တရားတို့၏။ ပုဉ္ဇော၊ အစုအပုံသည်။ နတ္ထိ၊မရှိပါပေ။ ယေပိ၊ အကြင်တရားတို့သည်လည်း။ နိဗ္ဗတ္တာ၊ ဖြစ်ပေါ်ဆဲဖြင်နေကုန်၏။ တေပိ၊ ဖြစ်ဆဲထင်ရှားထိုတရားတို့သည် လည်း။ အာရဂ္ဂေ၊ စူးအပ်ဖျား၌။ သာသပူပမာ၊ မုန်ညင်းစေ့သဖွယ် ပျောက် ကွယ်လုနီးဖြစ်ကြကုန်လျက်။ တိဋ္ဌန္တိ၊ တခဏသာ တည်နေကြပါကုန်၏။

ပျက်သွားသော တရားတို့သည် ပျက်တဲ့အတိုင်း တည်နေကြသည်ဟုမရှိ၊ အားလုံး လုံးဝပျောက်ဆုံးကွယ်ပသွားကြခြင်းသာ ဖြစ်ကြောင်း ဤဂါထာ ကပြ၍ နိရောဓ ဓမ္မအနေရှိနေသော တရားဟု မရှိနိုင်ပါပေ။

အောက်ပါ ဂါထာကလည်း ဤသဘောကိုပင် ပြလျက်ရှိပါပေ၏–

**လျှပ်လက်သလို ဖြစ်ပြီးပျောက်**

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တျ ဒဿနံ။

ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ဥပ္ပဇ္ဇန္တိ ဝယန္တိ စ။(ဝိသုဒ္ဓိ ၄၊ ၂။၂၆၀)

အနက်

သင်္ခါရာ၊ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးဝ သင်္ခါရ တရားတို့သည်။ အဒဿနတော၊ မမြင်ရာဌာနမှ။ အာယန္တိ၊ရုတ်ဘရက်သာ ပေါ်ပေါက်လာကြလေကုန်၏။ဘဂ္ဂါ၊ ပျက်လေသမျှသင်္ခါရတို့သည်။ အဒဿနံ၊မမြင်ရခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကြလေ

ကုန်၏။ အာကာသေ၊ ကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါဝ၊ ပေါ်လာပျောက်လျက် လျှပ်စီးလက်သကဲ့သို့။ ဥပ္ပဇ္ဇန္တိစ၊အကြောင်းအားလျော်စွာ ပေါ်လာ အသစ် အသစ်ဖြစ်လည်း ဖြစ်ပေါ်လာကုန်၏။ ဝယန္တိစ၊ ဖြစ်လာသမျှလုံးဝချုပ်လျက် ချုပ်လည်း ချုပ်ပျက်ကြလေကုန်သတည်း။

မမြင်ရာဌာနမှ ဆိုသောကြောင့် တနေရာမှာ ရှိနေရာမှဟု ဆိုလိုသည်မဟုတ်၊ အကြောင်းအားလျော်စွာ ပေါ်လာသော်လည်း တနေရာရာမှ ပေါ်လာခြင်း မဟုတ်၊ရှိမနေ ပင်ကိုယ်က တည်မနေပဲ အသစ်အသစ် တရားသာ အကြောင်း အားလျော်စွာ ပေါ်လာရခြင်းဟု ဆိုလို၏၊ ဖြစ်ပြီးက ဘယ်နေရာမှ တည် မနေ လုံးဝပျောက်သွား၏၊ လျှပ်စစ် ဥပမာမှာလည်း တနေရာမှာ ပင်ကိုယ်က ရှိနေသည်မဟုတ်ပဲ ဓာတ်တွေတိုက်နိုက်ဆုံဆည်းမိသောအခါ ပေါ်လာရ၍ ရုပ် နာမ် ဖြစ်ပုံနှင့် တူသောကြောင့် နှိုင်းယှဉ်ပြခြင်းပင်။

ကျောက်ပုံဝါဒီတို့ အနတ္တမှာ အသင်္ခတဖြစ်၍ ဥပါဒ်ဌီဘင်မရှိ၊ အဇာတိ နိရောဓမေ့ဖြစ်ကြောင်းဆိုကြ၏၊ဤကား သူတို့ ဝိပဿနာအမြင်ဖြင့် မြင်ရသော အမြင်အသိပညာသိဟုလည်း ဆိုကြ၏၊ ဤသို့ဆိုလျှင် ကာလသုံးပါးမှ လွတ် သော ကာလဝိမုတ်တရားအဖြစ် ဆိုသည်မှာ ဆန်းတော့ ဆန်းလှသည်မဟုတ်၊ နိဗ္ဗာန်မှာ ကာလဝိမုတ်ဖြစ်၍ သူတို့ရုပ်နာမ်တွေကို ကာလဝိမုတ်လုပ်ကာ နိဗ္ဗာန်ပဲဟုလည်းကောင်း၊ နိဗ္ဗာန်တွေအများကြီးပဲဟု လည်းကောင်း ကြံ့ကြံ ပြောကြရေးသားကြ သည်မှာ နိဗ္ဗာန်ကိုအပေါစား ဖြစ်အောင်လုပ်ကြခြင်းပင်။

ဘုရားဟောနိဗ္ဗာန် အထင်အရှားရှိနေလျက် တက္ကဓေါ်စိတ်ကူးဖြင့် ထူး အောင် လုပ်နေကြသည်မှာ နားလည်လျှင် ဝန်လေးဖွယ်ရာကြီးပင်။

## နိဗ္ဗာန်အစစ်

စက္ခုစသည့်ချုပ်ရာ ကာလ ဝိမုတ်အစစ် ဖြစ်သော နိဗ္ဗာန်ကို အောက်မှာ ရှုကြပါဘိ—

> တသ္မာတိဟ ဘိက္ခဝေ သေ အာယတနေ ဝေဒိတဗ္ဗေ၊ယတ္ထ စက္ခု စ နိရုဇ္ဈတိ ရူပသညာ စ နိရုဇ္ဈတိ သေ အာယတနေ ဝေဒိတဗ္ဗေ။ ပ။ ယတ္ထ မနော စ နိရုဇ္ဈတိ၊ ဓမ္မသညာ စ နိရုဇ္ဈတိ သေ အာယတနေ ဝေဒိတဗ္ဗေ။ (သံ ၂။၃၁၇)

ပြန်မာပြန်

ရဟန်းတို့ နိဗ္ဗာန်ကို မသိသေးမီ စိတ်၏အစောင့် အရှောက် အပ္ပမာဒ သတိတရားတို့ကို ပြုရခြင်း၊ နိဗ္ဗာန်ကို သိပြီးသော် အပ္ပမာဒ သတိတရားဖြင့်

ပြုဖွယ်မရှိခြင်းကြောင့် နိဗ္ဗာန်ဟူသော ထိုအာရုံအကြောင်းကို မဂ်-၄-ပါးဖြင့် သိအပ်၏၊ အကြင်နိဗ္ဗာန်၌ မျက်စိ အကြည်ရုပ်သည်လည်း ချုပ်၏၊ အဆင်းကို မှတ်သားမှုလည်း ချုပ်၏၊ စက္ခုနှင့် ရူပသညာတို့၏ ချုပ်ရာအာရုံအကြောင်း ဟူသော ထိုနိဗ္ဗာန်ကို သိအပ်၏၊(သောတနှင့် သဒ္ဒသညာ-ဃာနနှင့် ဂန္ဓသညာ၊ ဇိဝှါနှင့် ရသသညာ-ကာယနှင့် ဖောဋ္ဌဗ္ဗသညာ-မြှုပ်ထားရာ စက္ခုအတိုင်းသိ) အကြင်နိဗ္ဗာန် စိတ်သည်လည်း ချုပ်၏၊ ဓမ္မာရုံကို မှတ်သားခြင်း ဓမ္မသညာ လည်း ချုပ်၏၊ ထိုနိဗ္ဗာန်ကို သိအပ်၏။

## အာယတနချုပ်ရာသည် နိဗ္ဗာန်ပင်

ရဟန်းများ ဘုရားရှင်၏ ဤတရား နာကြားပြီးနောက် ဤအကျဉ်းတရား အကျယ်ဝေဖန်ဖို့ရာ အရှင်အာနန္ဒာအား လျှောက်ထားရာ အရှင်အာနန္ဒာက—

သဠာယတနနိရောဓံ နော ဧတံ အာဝုသော ဘဂဝတာ သန္ဓာယ ဘာသိတံ။ (သံ-၂။ ၃၁၉)

အနက်

အာဝုသော၊ ငါ့ရှင်တို့။ သဠာယတနနိရောဓံ၊ ခြောက်ပါးသောအတွင်း အပအာယတနတို့ချုပ်ငြိမ်းခြင်း သဘောဟူသော နိဗ္ဗာန်ကို။ သန္ဓာယ၊ ရည် ရွယ်တော်မူ၍။ဧတံ၊ဤတသ္မာတိဟ ဘိက္ခဝေ သေ အာယတနေ ဝေဒိတဗ္ဗေ- ဟူသော စကားကို။ နော၊ငါတို့အား။ ဘာသိတံ။ဟောတော်မူအပ်ပြီ။

## အဋ္ဌကထာအဖွင့်

သဠာယတနနိရောဓန္တိ သဠာယတနနိရောဓော ဝုစ္စတိ နိဗ္ဗာနံ၊ တံ သန္ဓာယ ဘာသိတန္တိအတ္ထော။ နိဗ္ဗာနသ္မိံ ဟိ စက္ခုအာဒီနိ စေဝ နိရုဇ္ဈန္တိ ရူပသညာဒယော စ နိရုဇ္ဈန္တီတိ။ (သံ ဋ္ဌ၊ ၃။ ၃၅)

သဠာယတနနိရောဓံ ဆိုရာ၌ နိဗ္ဗာန်ကို အဇ္ဈတ္တိကာယတန ဗာဟိ- ရာယတန အဘွင်းအပ အာယဘနတို့၏ ချုပ်ရာဟူ၍ ဆိုအပ်၏။ ထိုနိဗ္ဗာန် ကို ရည်၍ ဟောတော်မူအပ်၏။

ထိုစကားသင့်ပါသည်၊ နိဗ္ဗာန်၌ စက္ခုစသော အတွင်း အာယတနတို့လည်း ချုပ်ငြိမ်းကုန်၏၊ အဆင်း၌ဖြစ်သော သညာ အစရှိသည်တို့လည်း ချုပ်ငြိမ်း ကုန်၏၊ စက္ခုစသည်တို့၏ ချုပ်ငြိမ်းရာ ရူပသညာစသည်တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုသည့် အမတဓာတ်သာ တကယ်အေးငြိမ်းရာဖြစ်၍ ကျောက်ပုံတို့၏ ကာလဝိမုတ္တမှာ နိဗ္ဗာန်မဟုတ် လုပ်ကြံတွေးဆ ပညတ်မျှသာ ဖြစ်နေတော့၏၊

လောကီဆရာတို့က သူတို့အတ္တမှာ အစလည်းမရှိ အဆုံးလည်းမရှိ အမြဲတည်နေသည်ဆိုရာ ကျောက်ပုံတို့၏ ကာလဝိမုတ်မှာလည်း ပါးစပ်မှ အနုပ္ပဆရာတို့၏ အတ္တတမျိုးဖြစ်မှန်းမသိ ဖြစ်နေပြန်ဘိတော့၏ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

## ပုသိမ်မောင်ညွန့်သောဓနာ

ပုသိမ်မောင်ညွန့်က အာရုံ ၆-ပါး တပါးပါး၌ ကာလသုံးပါး လွတ်သည်ဟု ဆိုလိုရင်း မဟုတ်ပဲ အာရုံ ၆-ပါး တပါးပါးတို့တွင် ကာလသုံးပါးတို့၌ အတ္တအတ္တနိယ လွတ်သည်ဟု ဆိုလိုရင်းဖြစ်ပါသည်ဟု ဦးစံရင်း အာဘောဂ ဖော်ပြသောဓနာခဲ့၏၊ မောင်ညွန့်ဆိုသည့်အတိုင်းဆိုလျှင် ကာလဝိမုတ်ဟုပင် ဆိုဖွယ်မရှိပြီ၊

> သိမ်းပိုက်ယူငင်လို့ရတဲ့အနေဖြင့်
> အရင်မရှိ-ယခုမရှိ-နောင်မရှိ ကာလသုံးပါးမှ
> လွတ်နေသည်ဟူသောစကားဖြင့်—

သိမ်းပိုက်ယူငင်လို့မရသောအနေဖြင့်တော့ရှိနေသည်ဟု အနက်ရ၏၊ အနတ္တအနေဖြင့် ရှိ၏ဟုဆိုသို၏၊ သို့ဖြစ်လျှင် ဝိပဿနာဆိုင်ရာ ကျောက်ပုံတို့အနတ္တမှာ ဥပ္ပါဒလော အနုပ္ပါဒလော၊ နိရောဓလော အနိရောဓလောဆိုလျှင် အနုပ္ပါဒဓမ္မ နိရောဓဓမ္မဟုပင် ကျောက်ပုံဝါဒအရ ဖြေကြရလိမ့်မည်၊ဤသည်ပင် ကာလဝိမုတ်ဖြစ်ပါက—

> မဖြစ်သောတရားကို ပစ္စုပ္ပန်အတိတ်အနာဂတ်ဟုဆိုဖွယ်မရှိပြီ၊
>
> ထို့ကြောင့် အာရုံခြောက်ပါး တပါးပါး၌ ကာလသုံးပါးလွတ်သည် ဟု ဆိုလိုရင်းမဟုတ်။

ဆိုသော ကျောက်ပုံဆရာ ပုသိမ်မောင်ညွန့်၏ ချေပချက်မှာ သူ့ဆရာကြီး ဝါဒကို ဖျက်သလိုသာရှိတော့သည်၊ အာဂမ သဘာဝယုတ္တိအရပင် ကာလဝိမုတ္တဝါဒမှာ ဓမ္မမလျော်သော အဓမ္မဝါဒအဖြစ် ဝိနည်းဓိုရ် ဆရာတော်များက သုံးသပ်တော်ကြသည်။

---

## စောဒနာ, သောဓနာ အမှတ် (၂၀) သုံးသပ်ချက်

ကျောက်ပုံတောရ ဆရာတော် ဦးစံရင်းက နေယျသင်တန်း စာမျက်နှာ ၈၁ - တွင်—

ဟဒယဝတ္ထု ဆိုသည်မှာ နှလုံးသွေးဖြစ်၏၊ နှလုံးသွေးကို ပါဠိလို ကံ ဟု ခေါ်၏၊ ကံ ဆိုတာလည်း မြန်မာလို အရှိန်ဖြစ်၏ဟု ရေးသား ထားကြောင်း၊ ဦးစံရင်း၏ ဤရေးသားချက်သည် ပါဠိတော် အဋ္ဌကထာဋီကာများနှင့် မညီညွတ်ဖြစ်နေကြောင်း—

ကို သာဓက စုံလင်စွာထုတ်ပြ၍ စောဒနာထားသည်၊ ၎င်းစောဒနာချက်ကို ပုသိမ်မောင်ညွန့်က သောမနာရာ၌ စောဒကဆရာတို့ ထောက်ပြသော အဘိ- ဓမ္မတ္ထဝိဘာဝိနီဋီကာကိုပင်လျှင် ထောက်ခံထားပြီး အဓိပ္ပာယ်ကောက်ယူသော အခါ တလွဲအမှား သူ့ဆရာအလိုကျအားဖြင့် ကောက်ယူထားသည်။

အာဘောဂ

ပုသိမ်မောင်ညွန့် ဆိုလိုသည်မှာ ထိုဟဒယဝတ္ထုသည် ဓာတ်နှစ်ပါးတို့၏ မှီရာအဖြစ်ဟူသော သဘောလက္ခဏာရှိ၏၊ထိုဟဒယဝတ္ထုသည်ပင် ဟဒယခေါ် နှလုံးအိမ်အတွင်း (ဝါ) ရင်တွင်း၌ တလက်ဖက်ဝက်ခန့်မျှရှိသော သွေးကိုမှီ၍ ဖြစ်၏ဟု ဆိုထားရာ ထိုမနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာသည် နှလုံး သွေးဖြစ်နေကြောင်း တွေ့ရ၏၊ သို့အတွက် ထိုသို့မနောဓာတ်နှင့် မနော- ဝိညာဏဓာတ်တို့၏ မှီရာဌာနဖြစ်သော သွေးကို (ဝါ) နှလုံးသွေးကို ဟဒယ- ဝတ္ထုဟု သုံးစွဲ ရေးသားထားခြင်းဖြစ်ပါသည်ဘုရားဟူ၍ သူ့ဆရာ ဦးစံရင်း၏ ဝါဒများကို ထောက်ခံထားသည်ကို တွေ့ရသည်၊

စောဒနာမဖျက်နိုင်

ဤဋီကာဆရာ၏ ဆိုလိုသည်မှာ မနောဓာတ် မနောဝိညာဏဓာတ် နှစ်ပါးတို့သည် ဟဒယဝတ္ထုကိုမှီ၏၊ ထိုဟဒယဝတ္ထုရုပ်သည် ရင်တွင်း၌ တလက် ဖက်ဝက်မျှသောသွေးကို မှီ၍ဖြစ်၏ဟု ဆိုလိုသည်၊ စောဒကဆရာတော်များ ကလည်း ဤအတိုင်းပင် တင်ပြကြသည်။

ပုသိမ်မောင်ညွန့်ဆိုသူ စုဒိတကမှာ သူ့ဆရာကို ထောက်ခံလိုဇောဖြင့် စာသဘောကိုမသိလို့လား သို့မဟုတ် သိလျက်သားနှင့် ပေါက်တဲ့နဖူး မထူး တော့ဘူးဆိုတဲ့သဘောနှင့်လား အမှားကို ချေပသောနောမိရက်သား ဖြစ်နေ၍ စောဒကဆရာတို့၏ စောဒနာချက်ကို မတုန်လှုပ် မဖျက်ဆီးနိုင်ချေ။

ဟဒယဝတ္ထုဆိုသည်မှာ

ဤနေရာ၌ ဟဒယဝတ္ထုကို ပြဦးအံ့—

နိဿိတစိတ္တံ ဟရတီတိ ဟဒယံ၊ ဟဒန္တိ သတ္တာ တံ တံ အတ္ထံ ဝါ အနတ္ထံ ဝါ ပူရေန္တိ ဧတေနာတိ ဝါ ဟဒယံ၊ဟဒယမေဝ ဝတ္ထု ဟဒယ- ဝတ္ထု။

**အနက်**

ယံ ရူပံ၊အကြင်ရုပ်သည်။ နိဿိတစိတ္တံ၊ မှီ၍ဖြစ်သောစိတ်ကို။ ဟရတိ၊ ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဟဒယံ၊ ဟဒယမည်၏။ ဝါ၊ ကား။ ဧတေန၊ ဤရုပ်တရားဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ တံတံအတ္တံဝါ၊ ထိုထို အစီးအပွားကိုလည်းကောင်း။ တံတံအနတ္ထံဝါ၊ ထိုထိုအကျိုးမဲ့ကိုလည်းကောင်း။ ဟဒန္တိပူရေန္တိ၊ပြည့်စေကုန်၏။ဣတိ၊ ထိုသို့ပြည့်ကြောင်းဖြစ်သော သတ္တ်ကြောင့်။ ဟဒယံ၊ ဟဒယမည်၏။ ဟဒယမေဝ၊ ဟဒယသည်ပင်လျှင်။ ဝတ္ထု၊ မနောဓာတ် မနောဝိညာဏဓာတ်တို့၏မှီရာတည်း။ ဟဒယဝတ္ထု၊ ဟဒယသည်ပင်လျှင် မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာဝတ္ထု။

**အဓိပ္ပာယ်ကား**

မနောဓာတ် မနောဝိညာဏဓာတ် စိတ် စေတသိက်တို့၏ မှီရာဖြစ်သော ဝတ္ထုသည် ဟဒယဝတ္ထုမည်၏ဟူလို။

## နှလုံးသွေးသည် ဟဒယဝတ္ထုလော

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ။
(ပဋ္ဌာန်းပါဠိတော် ပစ္စယနိဒ္ဒေသ၊ နိဿယပစ္စည်းကို ထောက်လေ)

ဤဟဒယဝတ္ထုသည် သသမ္ဘာရဖြစ်သော ရင်ခေါင်းအလယ် နှလုံးအိမ်အတွင်း၌ တလက်ဆုပ်မျှခန့်ရှိသော သွေးကို ပုံ၍နှီးမှီတင်း၍ တည်၏၊ မနောဓာတ် မနောဝိညာဏဓာတ်တို့သည် ဟဒယဝတ္ထုကို မှီ၏၊ ဤ၌ နှလုံးသွေးသည် ဟဒယဝတ္ထုမဟုတ်၊ ဟဒယဝတ္ထုရုပ်၏မှီရာ ဌာနသာဖြစ်၏ဟု သိစေသည်။

## ဟဒယဝတ္ထုနှင့်စပ်၍ သိမှတ်ဖွယ်ရာ

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ နှာ-၂၄၈-၌လည်း—

ဟဒယန္တိ ဟဒယမံသံ။ တံ ဝဏ္ဏတော ရတ္တပဒုမပတ္တပိဋ္ဌိဝဏ္ဏံ။ သဏ္ဌာနတော ဗာဟိရပတ္တာနိ အပနေတွာ အဓောမုခံ ဌပိတပဒုမမကုဠသဏ္ဌာနံ။ ဗဟိ မဋ္ဌံ။ပ။ ပရိစ္ဆေဒတော ဟဒယံ ဟဒယဘာဂေန ပရိစ္ဆိန္နံ။

ဟူ၍ ဖွင့်ဆိုသည်။

**အဓိပ္ပာယ်ကား**

ရင်း ဟဒယဝတ္ထုသည်အပြင်ဖက် အရွက်ကို ဖယ်ရှား၍ အောက်သို့ စောက်ထိုးထားအပ်သော ပဒုမ္မာကြာငုံသဏ္ဌာန်ရှိ၏၊ အပြင်ဖက်အပကား သန့်ရှင်း

ပြေပြစ်၏၊ အတွင်း၌မူကား သပွတ်အူအလား ရှိ၏၊ အရပ်အားဖြင့် ခန္ဓာကိုယ် အထက်ပိုင်း၌ တည်၏၊ နေရာအားဖြင့် သားမြတ်နှစ်ခုတို့၏ အလယ်၌ တည်ရှိ၏၊ ထိုဟဒယဝတ္ထုသည် ပညာရှိသော သူတို့အား စဉ်းငယ်ပွင့်၏၊ ပညာနုံ့သော သူတို့အား အငုံအတိုင်းသာတည်း၊ ၎င်း ကြာငုံသဏ္ဌာန်ရှိသော ဟဒယအသား ဆိုင်၏အတွင်း၌ တလက်ဖက်ခွဲမျှလောက်သော သွေးသည် တည်ရှိ၏၊ ၎င်း ကြာငုံသဏ္ဌာန်နှင့်တကွ တလက်ဖက်ခွဲမျှလောက်သော သွေးသည် သသမ္ဘာရ ဟဒယဝတ္ထုမည်၏၊ ဟဒယဝတ္ထုရုပ်မဟုတ်ပေ၊ ၎င်း သသမ္ဘာရဝတ္ထုကို ပျံ့နှံ့ မှီတွယ်၍ တည်နေသော ရုပ်သည်သာလျှင် ဟဒယဝတ္ထုရုပ်မည်၏၊ ဟဒယဝတ္ထု ရုပ်၏မှီရာ တလက်ဆွမ်းမျှလောက်သော သွေးသည် ရာဂစရိုက်ကြီးသော သူအား နီ၏၊ ဒေါသစရိုက်ကြီးသော သူအားမည်း၏၊ မောဟစရိုက်ကြီးသော သူအား သားဆေးရည်အဆင်းရှိ၏၊ ဝိတက်စရိုက်ကြီးသောသူအား ကုလား ပဲရည်အဆင်းရှိ၏၊ သဒ္ဓါစရိုက်ကြီးသူအား မဟာလှေကားပွင့် အဆင်းရှိ၏၊ ပညာစရိုက်ကြီးသောသူအား ပြိုးပြိုးပြက်သော ပတ္တမြားအသွင် ဖြူစင်သော အဆင်းရှိ၏။ ဌာနအားဖြင့် ကိုယ်၏အထက်ပိုင်းဌာန၌ ဖြစ်၏၊ တည်ရာအားဖြင့် ကိုယ်၏အတွင်း သားမြတ်နှစ်ခုတို့၏ အလယ်၌ တည်၏၊အပိုင်းအခြားအားဖြင့် ဟဒယဝတ္ထုအဖို့ဖြင့် ပိုင်းခြားအပ်၏ဟူ၍လည်းကောင်း။

၎င်းပြင် ၎င်းဝိသုဒ္ဓိမဂ်ကျမ်း မြန်မာပြန်၊ နှာ-၃၄၃-၌လည်း ဟဒယဝတ္ထုသည် မနောဓာတ် မနောဝိညာဏဓာတ် တို့၏ မှီရာ၏အဖြစ်တည်းဟူသော မှတ်ကြောင်း လက္ခဏာရှိ၏၊ ထိုဓာတ်နှစ်ပါးတို့ကိုသာလျှင် နိဿယပစ္စည်းအဖြစ်ဖြင့် လွန်စွာ ဆောင်ခြင်းကိစ္စရှိ၏၊နိဿယပစ္စည်း၏အဖြစ်ကြောင့် ထိုဓာတ်နှစ်ပါးတို့ကို မိမိ အပေါ်၌ တင်၍ ထမ်းပိုးရွက်ဆောင်သကဲ့သို့ ဉာဏ်အား ရှေးရှုထင်၏။

နှလုံးသား၏အတွင်း၌ ကာယဂတာသတိအကြောင်းတွင် ပြဆိုခဲ့ပြီးသော အပြားရှိသော တလက်ဖက်မျှသော သွေးကို အမှီပြု၍ ကောင်းစွာ ဆောင်ခြင်း စသည်ကိစ္စရှိကုန်သော မဟာဘုတ်တို့သည် ကျေးဇူးပြုအပ်သည်ဖြစ်၍ ဥတု၊ စိတ်၊အာဟာရတို့သည် ထောက်ပံ့အပ်သည်ဖြစ်၍ ဇီဝိတိန္ဒြေကစောင့်ရှောက်အပ် သည်ဖြစ်၍ မနောဓာတ် မနောဝိညာဏဓာတ်တို့၏လည်းကောင်း ထိုဓာတ်နှင့် ယှဉ်ကုန်သော တရားတို့၏လည်းကောင်း မှီရာဝတ္ထု၏အဖြစ်ကို ပြီးစေလျက် တည်၏ဟူ၍လည်းကောင်း ဖွင့်ဆိုလေသည်။

(ဤကား ဟဒယဝတ္ထုအကြောင်း သိကောင်းစရာတည်း)

. ချေပသောခနောချက်

တဖန် ကျောက်ပုံဝါဒီတို့က နှလုံးသွေးကို ကံဟု ခေါ်၏၊ ကံဆိုတာလည်း မြန်မာလို အရှိန်ဖြစ်၏ဟု ဆိုထားပြန်သည်၊၎င်းအချက်နှင့်စပ်၍ ပုသိမ်မောင်ညွန့်

ချေပထားရာ၌ ခါတ်ကြီးလေးပါးကို ကံအရှိန်ဟု ခေါ်ရကြောင်း၊ ထိုသို့ကံ အရှိန်စာရေးများဖြစ်ကြသည့် ဓာတ်ကြီးလေးပါးတို့စုဝေးပေါင်းစည်းရာဖြစ်သော ဟဒယဝတ္ထုကို ကံအရှိန်ဟု ခေါ်ဝေါ်သုံးစွဲထားခြင်း ဖြစ်ပါသည်ဘုရား ဟူ၍ ချေပထားသည်။

**ဆန်းစစ်ကြစို့**

(လိုရင်းမျှ ထုတ်ပြသည်) ဤချေပချက်သည် သောခနော မပြောက်ပေ၊ ဤနေရာ၌ သဘာဝယုတ္တိ အာဂမယုတ္တိတို့ဖြင့် ဆန်းစစ်ကြဦးစို့—

(က) ဟဒယဝတ္ထုဟူသည် နှလုံးသွေး ဖြစ်သည်၊

(ခ) နှလုံးသွေးဟူသည် ကံကို ခေါ်သည်၊

(ဂ) ကံဟူသည် မြန်မာလို အရှိန် ကို ခေါ်သည်။

(က) အမှတ်အရ ဟဒယဝတ္ထုသည် နှလုံးသွေး မဖြစ်နိုင်ကြောင်းကို အထက် ပြခဲ့ပြီးသော ဝိဘာဝိနီဋီကာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဖြင့်ပင် ထင်ရှားသည်။

(ခ) အမှတ်အရ နှလုံးသွေးဟူသည် ကံကို ခေါ်ဆိုရာ၌ သဘာဝအားဖြင့် စိစစ်ရသော် နှလုံးသွေးဟူသည် ပထဝီဓာတ် အာပေါဓာတ်စသော ရုပ်ဓာတ်မျိုး သာ ဖြစ်၏၊ ကံဟူသည်မှာ စေတနာကိုသာ ကောက်ယူအပ်သော နာမ်ဓာတ် ဖြစ်၏၊ ရုပ်သည် နာမ်မဖြစ်နိုင်၊ နာမ်သည်လည်း ရုပ်မဖြစ်နိုင်သည်မှာ ထင်ရှား သည်။

(ဂ) အမှတ်အရ ကံဟူသည်မြန်မာလိုအရှိန်ဖြစ်၏ဆိုရာ၌ ကံဟူသည် အထက် က ပြခဲ့သလို စေတနာအရကောက်ရသော ကာယကံမှု ဝစီကံမှု မနောကံမှုကို ခေါ်၏၊ အရှိန်ဟူသည်မှာ သတ္တိအစွမ်းအဟုန်စသည်များကို ခေါ်သည်၊ ကမ္မနှင့် ကမ္မသတ္တိ ဘယ်လိုနည်းနှင့်မျှ မတူနိုင်ပေ၊ သာဓကပြရသော်—

"စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ၊ စေတယိတွာ ကမ္မံ ကရောတိ၊ ကာယေန ဝါစာယ မနသာ"

(အဋ္ဌသာလိနီ အဋ္ဌကထာ နှာ-၁၃၀)

**မြန်မာပြန်**

ရဟန်းတို့ စေတနာကို ကံဟု ငါဆို၏၊ စေတနာဖြင့် စေ့ဆော်၍ ကာယကံ ဝစီကံ မနောကံကို ပြု၏၊ ဤကား ကံသဘောတည်း။

မနသာ စေ ပဒုဋ္ဌေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ ဒုက္ခမန္ဝေတိ၊ စက္ကံဝ ဝဟတော ပဒံ။
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ။
တတော နံ သုခမန္ဝေတိ၊ ဆာယာဝ အနုပါယိနီ။
(ဓမ္မပဒပါဠိတော် စက္ခုပါလဝတ္ထု)

မြန်မာပြန်

ပြစ်မှားလိုသော စေတနာဖြင့် ပြောဆိုမှုဝစီကံ ပြုလုပ်မှုကာယကံကို ပြုအံ့၊ ထိုပုဂ္ဂိုလ်သို့ ဆင်းရဲအပေါင်းသည် အစဉ်လိုက်၏၊ ဥပမာအားဖြင့် ဝန်ကို ဆောင်သော နွား၏ ခြေရာသို့ လှည်းဘီးစက် အစဉ်လိုက်သကဲ့သို့ဘည်း၊ ကြည်ညိုသော စေတနာဖြင့် ပြောဆိုမှုဝစီကံ ပြုလုပ်မှုကာယကံကို ပြုအံ့၊ ထိုပုဂ္ဂိုလ်သို့ ချမ်းသာအပေါင်းသည် အစဉ်လိုက်၏၊ ဥပမာအားဖြင့် သွားလာသောသူ၏ နောက်သို့ အရိပ်သည် အစဉ်လိုက်သကဲ့သို့ဘည်း၊ ဤကား ကမ္မသတ္တိသဘောဘည်း၊ ဤဒေသနာတော်များဖြင့် ကမ္မနှင့် ကမ္မသတ္တိ ကွာခြားပုံကို သိအပ်၏။

ပရိယတ်မမှန် အကျိုးမဲ့ရ

တဖန် ပုသိမ်မောင်ညွန့်ဆိုသူက ဟာဒယဝတ္ထုကို နှလုံးသွေးဟုလည်းကောင်း ကံဟု လည်းကောင်း ကံအရှိန်ဟုလည်းကောင်း ရေးသားထားခြင်းအတွက် ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ကို ရရှိစေရန် မည်သို့မျှ နှောင့်ရှက်ခြင်း ဟန့်တားခြင်း မဖြစ်သည့်အပြင် နေယျသင်တန်းသားများအတွက် ဉာဏ်ကြီးရာကြီးကြောင်းသာဖြစ်ပါသည်ဘုရားဟု လျှောက်ထားပြန်သည်၊ ရှင်းပြဦးအံ့—

ပရိယတ္တိနှင့် မလျော်သော ပဋိပတ္တိကို ကျင့်ကြံအားထုတ်ခြင်းဖြင့် လိုအပ်သော အကျိုးဘရားမရသည့်အပြင် အကျိုးစီးပွား ဆုတ်ယုတ်ခြင်း ဆင်းရဲခြင်းသာလျှင် ဖြစ်နိုင်ကြောင်း အောက်ပါ အထောက်အထားဖြင့် သိအပ်၏။

တေသံ တေ ဓမ္မာ ဒုဂ္ဂဟိတာ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ သံဝတ္တန္တိ။ တံ ကိဿ ဟေတု၊ ဒုဂ္ဂဟိတတ္တာ ဘိက္ခဝေ ဓမ္မာနံ။
(မ ၁။၁၈၆)

ငင်းပြင် ဘုရားဟောပါဠိတော်များကို အမှားမှား အယွင်းယွင်း ယူမိခြင်းကြောင့် ဝါ၊ ယူမိသောသူသည် ဘုရားရှင်ကိုလည်း စွပ်စွဲရာရောက်၏။

မိမိကိုယ်ကိုလည်း ဖျက်ဆီးရာ ရောက်၏၊ များစွာသော အကုသိုလ်ကိုလည်း တိုးပွားစေ၏၊ မိစ္ဆာဒိဋ္ဌိအဖြစ်သို့လည်း ရောက်သွားနိုင်၏၊ ၎င်းအကြောင်းကို အောက်ပါသာဓကဖြင့် သိအပ်၏—

အတ္တနာ ဒုဂ္ဂဟိတေန အမေ့ စေဝ အဗ္ဘာစိက္ခတိ၊ အတ္တာနဉ္စ ခဏတိ၊ ဗဟုဉ္စ အပုညံ ပသဝတိ၊ တတော မိစ္ဆာဒိဋ္ဌိတံ ပါပုဏာတိ။ (ဝိ ၂။၁၇၇)

ထို့မှတပါး အဘိဓမ္မာသဘောတရား၌ အမှားမှား အယွင်းယွင်း ကျင့်ကြံ ပွားများ အားထုတ်သောသူအား သဘာဝဓမ္မတို့ကို ကြံစည် သုံးသပ်ရာ၌ လိုအပ်သည်ထက် အပိုအလွန်ကို ကြံစည်သုံးသပ်မိသဖြင့် မကြံစည်အပ်သည် တို့ကိုလည်း ကြံစည်တတ်၏၊ ထို့ကြောင့် စိတ်ပျံ့လွင့်ခြင်းသို့ ရောက်ရ၏၊ ၎င်း အကြောင်းကို အောက်ပါ အဋ္ဌကထာစကားရပ်ဖြင့် သိလေ—

အဘိဓမ္မေ ဒုပ္ပဋိပန္နော ဓမ္မစိန္တံ အတိဓာဝန္တော အစိန္တေယျာနိပိ- စိန္တေတိ၊ တတော စိတ္တက္ခေပံ ပါပုဏာတိ။ (အဘိ ဋ္ဌ၁။၂၅)

ဖော်ပြပါ ပါဠိတော် အဋ္ဌကထာများကို ထောက်ရှု၍ အထက်ပါ ပုသိမ် မောင်ညွန့်၏ လျှောက်ထားသောနောခြင်းသည် ထေရဝါဒပိဋကစာပေများ ကို မလေးမစား ပေါ့ပေါ့တန်တန် သဘောထားကြောင်း သိသာထင်ရှားသည်။

ဤမျှသော စကားအစဉ်ဖြင့် ကျောက်ပုံတောရဆရာ ဦးစံရင်းနေယျ သင်တန်း စာမျက်နှာ ၇၀-တွင် ရေးသားသော ဟဒယဝတ္ထုဆိုသည်မှာ နှလုံး သွေး ဖြစ်၏၊ နှလုံးသွေးကို ပါဠိလို ကံဟုခေါ်၏၊ ကံဆိုတာလည်း မြန်မာလို အရှိန်ဖြစ်၏ဟု ရေးသားခြင်းသည်လည်းကောင်း ၎င်း၏တပည့် ပုသိမ် မောင်ညွန့်၏ ချေပသောနောခြင်းသည်လည်းကောင်း အထက်ပါ သာဓက ယုတ္တိ၊ သဘာဝယုတ္တိတို့နှင့် ဆန့်ကျင်သည်ဖြစ်၍ အဓမ္မဝါဒ အဓမ္မဝါဒီတို့သာ ဖြစ်ကြောင်း အမှတ် (၄) နိုင်ငံတော် သီးခြားဝိနည်းဓိုရ် ဆရာတော်များက အညီအညွတ် သုံးသပ်တော်မူကြသည်။

---

## စောဒနာ-သောဓနာအမှတ်(၂၁)ကို သုံးသပ်ချက်

**စောဒနာ။**

စောဒကဆရာတော်များက ဦးစံရင်း၏ နဂိုငြိမ်း နိဗ္ဗာန်ဝါဒဟု အမည် တပ်ကာ စောဒနာတခု တင်ပြကြပြန်ပါသည်။

ရုပ်နာမ်လောကကြီး တခုလုံး ဆုံးအောင် နှိုက်ကြည့်တော့ ပုန်း အောင်းရာ ရှာမရတဲ့ သင်္ခါရဒုက္ခသာရှိတယ်၊ ထိုသင်္ခါရ ဒုက္ခထဲမှာ

တကယ်ထင်မှတ်စရာ တွယ်တာစရာ ရှာမရပဲ ချုပ်ငြိမ်းနေပါတယ်၊ အဲဒီချုပ်ငြိမ်းတာဟာ နိဗ္ဗာန်ပါပဲ၊ ဗမာပြည်အဖို့ ကျမ်းကိုးကလေး ပေးဦးမယ်။ နိရောဓော နာမ နိဗ္ဗာနံ။

ဤစကားက ကျောက်ပုံ ဦးစံရင်းစကား၊ ဤစကားဖြင့် တကယ်ထင်မှတ်စရာ တွယ်တာစရာရှာမရဘဲ သင်္ခါရဒုက္ခဟာ နိဗ္ဗာန်ပဲလို့ ဆိုလိုရာရောက်ကြောင်း ကောက်ချက်ချပြလျက် ထိုကောက်ချက်ကို ထောက်ကူလျက်ရှိသော အဆိုအဖြစ် အောက်ပါ စကားကိုလည်း တင်ပြကြသည်—

သူ့နဂိုကထဲက တွယ်တာစရာ ထင်မှတ်စရာ ဘာမျှမရှိဘူး၊ ချုပ်ငြိမ်းနေပါတယ်၊ နဂိုကထဲကဘာမျှ မရှိဒါကို ရှိတယ်ထင်မှတ်ပြီး ကိုယ်က ဘာပဲ ညာပဲလုပ်ချင် လုပ်သမျှတွေသာ ချုပ်ဆုံးကုန်မှာပဲ။

ဤစကားများအရ တကယ်နိဗ္ဗာန်မှာ သဘာဝနိရောဓ၊ ကျောက်ပုံနိဗ္ဗာန်က အဘာဝနိရောဓ ဖြစ်ကြောင်း ဝေဖန်တင်ပြ စောဒနာခဲ့ကြ၏။

## သင်္ခါရဒုက္ခ သရုပ်သဘော

ကျောက်ပုံဝါဒီတို့အဆို မှန် မမှန် သုံးသပ်ရာ၌ သင်္ခါရဒုက္ခဆိုသည်မှာ အဘယ်နည်း၊ ထိုသင်္ခါရဒုက္ခထဲမှာ ကျောက်ပုံတို့ဆိုသလို ထင်မှတ်စရာ တွယ်တာစရာရှာမရပဲ ချုပ်ငြိမ်း နေပါသလား၊ နိရောဓော နာမ နိဗ္ဗာနံ-၌ နိရောဓဆိုသည်မှာ သင်္ခါရဒုက္ခထဲက နိရောဓလား၊ ဤအချက်များကို စဉ်းစားသုံးသပ်ဖို့ လိုပါသည်။

ဥပေက္ခာ ဝေဒနာ စေဝ အဝသေသာ စ တေဘူမကာ သင်္ခါရာ ဥဒယဗ္ဗယပ္ပဋိပီဠိတတ္တာ သင်္ခါရဒုက္ခံ။

(ဝိသုဒ္ဓိမဂ်-၂။ ၁၃၀)

### မြန်မာပြန်

ဥပေက္ခာဝေဒနာသည် လည်းကောင်း ကြွင်းသော တေဘူမကသင်္ခါရ တရားတို့သည်လည်းကောင်း ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ခံနေရသည်၏ အဖြစ်ကြောင့် သင်္ခါရဒုက္ခမည်၏။

## တေဘူမကသင်္ခါရတို့ ဘာ့ကြောင့် သင်္ခါရဒုက္ခမည်သနည်း

ယဒနိစ္စံ တံ ဒုက္ခန္တိ ဝစနတော တေဘူမကသင်္ခါရာ သင်္ခါရဒုက္ခံ။

မမြဲသော တရားသည် ဒုက္ခပဲဟု ဟောတော်မူသောကြောင့် မမြဲသော တေဘူမကသင်္ခါရတရားတို့သည် သင်္ခါရဒုက္ခအမည်ရ၏၊ ထိုတေဘူမကသင်္ခါရ တို့သည် ဘာ့ကြောင့် ဒုက္ခမည်သနည်း။

တတ္ထ ကာရဏံ အာဟ ဥဒယဗ္ဗယပဋိပီဠိတတ္တာတိ။

တောဘူမကသင်္ခါရကို သင်္ခါရဒုက္ခဆိုခြင်း၌ ဖြစ်ခြင်း ပျက်ခြင်းဖြင့် နှိပ်စက်ခံနေရသောကြောင့်ဟု အကြောင်းကို အဋ္ဌကထာဆို၏။

အဋ္ဌကထာ အဆိုသင့်ကြောင်းကို—

ယဉ္ဟိ အဘိဏှံ ပဋိပီဠိတံ၊ တံ ဒုက္ခမနတာယ ဒုက္ခန္တိ။

ထိုစကားမှန်၏၊ အကြြင်တရားသည် မပြတ်နှိပ်စက်ခံရ၏၊ ထိုတရားသည် အခံခက်လှသည်၏ အဖြစ်ကြောင့် ဒုက္ခမည်၏ဟု ဖွင့်၏။

လောကုတ္တရာပါထည့်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် တောဘူမက သင်္ခါရသာ- သင်္ခါရဒုက္ခအရ ယူရပါသနည်း။

ဝိပဿနာစာရဿ အဓိပ္ပေတတ္တာ တေဘူမကဂ္ဂဟဏံ၊

ဝိပဿနာဖြစ်ရာ ဘူမိကို အလိုရှိအပ်သောကြောင့် တောဘူမကကိုသာ ယူရသည်။ (ဝိသုဒ္ဓိ ဋီ-၂။၁၉၇)

ဤစကားဖြင့် သင်္ခါရဒုက္ခမှာ ဝိပဿနာအရာ၌ အသုံးပြုရမည့်တရား၊ ဥပါဒ်ဌီဘင်ရှိ၍ အနိစ္စ ဒုက္ခ အနတ္တတရား၊ ဖြစ်လျက် ပျက်လျက် အဆက်ဆက်ပေါ် နေသော တရားဖြစ်၍ ထိုတရားတို့ကို ဝိပဿနာရှုလျှင် ဉာဏ်အဆင့်ဆင့် တက်လျက် မဂ်ဖိုလ်ဖြင့် နိဗ္ဗာန်ကို တွေ့ရမည်ဖြစ်၏၊ ဤနိဗ္ဗာန်ကား သင်္ခါရ ဒုက္ခထဲ၌ တွေ့ရသော နိဗ္ဗာန်မဟုတ်၊ ဝိသင်္ခါရ သင်္ခါရ-တို့နှင့် လုံးဝမစပ်သော သီးခြားတရားတခုသာ ဖြစ်ပါပေသည်။

## သင်္ခါရဒုက္ခနှင့် ချုပ်ငြိမ်းမှု

ထိုသင်္ခါရဒုက္ခထဲမှာ ဟင်မှတ်စရာ တွယ်တာစရာရှာမရပဲ ချုပ်ငြိမ်း နေပါသလား၊ ထိုသင်္ခါရဒုက္ခအကြောင်းပြုကာ ဘာတွေ ဖြစ်နိုင်သလဲ၊ရှာကြဦးစို့—

ယံ ရူပံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခံ သောမနဿံ၊အယံ ရူပဿ အဿာဒေါ။
ယံ ရူပံ အနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊အယံ ရူပဿ အာဒီနဝေါ။ ယော ရူပသ္မိံ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပဟာနံ၊ ဣဒံ ရူပဿ နိဿရဏံ။
(သံ ၂။၅၁။)

(ဝေဒနာစသော ခန္ဓာတို့ကိုလည်း နည်းတူဟော၏)

မြန်မာပြန်

အကြြင်ရုပ်ကိုစွဲ၍သုခ(ကိုယ်ချမ်းသာခြင်း)သောမနဿ(စိတ်ချမ်းသာခြင်း) ဖြစ်၏၊ ဤသုခသောမနဿသည် ရုပ်တရား၏ သာယာဖွယ်ပင်ဖြစ်၏၊ အကြြင်

ရုပ်တရားသည် မမြဲ၊ ဆင်းရဲ၏၊ ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိ၏၊ ဤမမြဲဆင်းရဲဖောက်ပြန်ပျက်စီးခြင်းသည် ရုပ်၏အပြစ်ပင်တည်း၊ ရုပ်အပေါ်၌ အကြင်ဆန္ဒရာဂဖျောက်ခြင်း၊ ဆန္ဒရာဂပယ်ခြင်းသည်ရှိ၏၊ ထိုဆန္ဒရာဂဖျောက်ပယ်ခြင်းသည် ရုပ်၏ ထွက်မြောက်ကြောင်း ဖြစ်၏။

ဤကား သင်္ခါရဒုက္ခခေါ်ရသော ဥပါဒါနက္ခန္ဓာ၌ အဿာဒ စသည်ဖြစ်ပုံ၊ရုပ်စသည်ကို စွဲ၍ ကိုယ်ချမ်းသာ စိတ်ချမ်းသာဖြစ်လျှင် အဿာဒ၊သို့ဖြစ်လျှင် ရုပ်စသည်ကို သာယာနေသူအဖို့ အဿာဒဖြစ်နေ၏၊ ရုပ်စသည်၏ မမြဲဆင်းရဲပျက်စီးမှုမြင်နေရသူအဖို့ ရုပ်အပြစ်မြင်ခနေ၏၊ ရုပ်၌ဆန္ဒရာဂ ကွာနေသူအဖို့ ရုပ်မှ လွတ်ကင်း ထွက်မြောက်မှု ကြုံနေရ၏။

ဤသို့ ပုဂ္ဂိုလ်လိုက်၍ သင်္ခါရဒုက္ခထဲမှာ တွယ်တာစရာ တွေ့နေရသူလည်း ရှိသည်ပင်၊ သင်္ခါရအပြစ်မြင် အားထုတ်၍ ဆန္ဒရာဂ ပယ်နိုင်လျက် ရုပ်မှထွက်မြောက်သူလည်း ရှိသည်ပင်၊ ဆန္ဒရာဂပယ်နိုင်သူအဖို့ သင်္ခါရဒုက္ခထဲမှာ တွယ်တာမှုချုပ်ငြိမ်းနေသည်မဟုတ် အရဟတ္တမဂ်က နိဗ္ဗာန်အာရုံပြုပြီး ရာဂအကြွင်းမဲ့ပယ်လိုက်သောအခါ သင်္ခါရဒုက္ခမှာ မတွယ်တာသည်ကိုပင် ထွက်မြောက်သည်ဟုဆိုလို၏၊ ထိုရာဂမှာ သင်္ခါရထဲ ငြိမ်းနေသည်မဟုတ် မဂ်ဖြင့်ပယ်ထားပြီးဖြစ်၍ ရာဂဖြစ်ပေါ်မလာခြင်းပင်၊

**သင်္ခါရဒုက္ခ မြဲ-မမြဲ**

မေး။ ။သင်္ခါရဒုက္ခသည် မသေမပျောက် မကုန်ဆုံးပဲ နိစ္စထာဝရ အမြဲရှိပါသလား၊

ဖြေ။ ။သင်္ခါရဒုက္ခသည် မသေမပျောက် မကုန်ဆုံးပဲ အမြဲနိစ္စထာဝရ ရှိပါသည်။ (စံပြဝိပဿနာ နှာ-၃၃၂)

ဖြစ်ဆိုတိုင်း သဿတဒိဋ္ဌိဆိုနေသော ကျောက်ပုံတို့၌ သင်္ခါရဒုက္ခ အမြဲရှိနေသည်ဆိုခြင်း၌ သဿတဒိဋ္ဌိမဆိုပါပြီလော ဤအယူအဆမှာ တကဲ့သဿတဖြစ်ပါသည်။

သင်္ခါရဒုက္ခသည် ရုပ်နာမ်သာ၊ သို့ပါလျက် နိစ္စထာဝရ တည်ရှိနေသည်ဆို၏၊ ထိုစကား ဟုတ်ပါ၏လော၊ ဤနေရာ၌ ဝေဒနာမှန်သမျှ ဒုက္ခဖြစ်၏၊ ဘယ်လိုရည်ရွယ်ချက်အရ ဝေဒနာအားလုံး ဒုက္ခဆိုရပါသလဲ၊ သင်္ခါရတို့၏ မမြဲသည်၏အဖြစ်ကိုရည်ရွယ်၍ ဒုက္ခဆိုသည်ဟူသော ဘုရားစကားတော်ရှိပါ၏၊ ဥပေက္ခာဝေဒနာနှင့်တကွ တေဘူမကသင်္ခါရတို့ကို သင်္ခါရဒုက္ခဆိုကြောင်း ပြခဲ့၏၊

ဒုက္ခ ဒုက္ခ ဝိပရိဏာမ ဒုက္ခထဲ ပါဝင်နေပြီဖြစ်၍ ဒုက္ခ သုခကို ယခင်အဋ္ဌကထာက ချန်ထားခဲ့၏၊ ဆိုခဲ့ပြီး ဘုရားအလိုတော်အရဆိုလျှင် သုခဒုက္ခများလည်း သင်္ခါရ ဒုက္ခထဲ ပါဝင်လျက် ရှိနေပါသည်။

> တံ ခေါ ပနေတံ ဘိက္ခု မယာ သင်္ခါရာနံယေဝ အနိစ္စတံ သန္ဓာယ ဘာသိတံ ယံ "ကိဉ္စိ ဝေဒယိတံ၊ တံ ဒုက္ခသ္မိံ"န္တိ။ (သံ-၂-၄၁၇)

**မြန်မာပြန်**

ရဟန်း အလုံးစုံသော အကြင်ခံစားမှု ဝေဒနာသည်ရှိ၏၊ ထိုဝေဒနာအလုံးစုံသည် ဒုက္ခဖြစ်၏ဟူသော ထိုစကားကို သင်္ခါရတို့၏ အနိစ္စသဘောကိုသာ ရည်ရွယ် ဟောတော်မူအပ်ပေသည်။

ဤပါဠိတော်အရ သင်္ခါရဒုက္ခမှာ အနိစ္စတရားသာဖြစ်၏ဟု သိရသည်ဖြစ်ရာ သင်္ခါရဒုက္ခနိစ္စထာဝရ မပျောက် မပျက်တည်နေသည်ဆိုသော အယူအဆမှာ ရုပ်နာမ်တို့ကို မဟုတ်မမှန် ကြံရာမှဖြစ်လာသော သဘာဝကိုကျော်သော အယူ တမျိုးပင်၊ မမြဲသောအနိစ္စ ဓမ္မသင်္ခါရဒုက္ခထဲ ချုပ်ငြိမ်းမှု ရှိနေတယ် ဆိုသည်မှာလည်း တကယ့်နိဗ္ဗာန်ကားမဟုတ် သူတို့ပညတ်သော အဘာဝပညတ် နိဗ္ဗာန်တမျိုးသာ ဖြစ်ဖို့ရှိပေသည်ဟု ဝိနည်းဓိုရ် ဆရာတော်များက ယူဆကြသည်။

## နိရောဓက ဘယ်မှာလဲ

**နိရောဓေဝနာမ နိဗ္ဗာနံ-၌** နိရောဓဆိုသည်မှာ သင်္ခါရဒုက္ခထဲက နိရောဓလော၊ နိရောဓေဝနာမ နိဗ္ဗာနံ-ဟု သင်္ဂြိုဟ်အကိုးပြုသဖြင့် သင်္ဂြိုဟ်အကိုးဖြင့်ပင် ဖြေရှင်းရပါတော့မည်။

> နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ မဂ္ဂဖလာနမာရမ္မဏဘူတံ ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ၊

လောကုတ္တရာဟု ဆိုအပ်သော လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံ ဖြစ်၍ ဖြစ်သော နိဗ္ဗာန်ကို ဝါနဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်တတ်သောကြောင့် နိဗ္ဗာန်ဟု ဆိုအပ်၏။

လောကုတ္တရသင်္ခါတံဖြင့် နိဗ္ဗာန်သည် လောကုတ္တရာ - လောကမှ ထွက်မြောက်နေသော တရားဟု ပြ၏၊ ဤပါဌ်ဖြင့် သင်္ခါရဒုက္ခဖြင့် နိဗ္ဗာန်သည် တဖက်တလမ်း ဆန့်ကျင်ဘက်ဖြစ်နေသည်ကိုလည်း သိရ၏၊ ဒုက္ခနိရောဓအမည် ရထားသော ထိုနိဗ္ဗာန်မှာ သင်္ခါရဒုက္ခ၏ ချုပ်ငြိမ်းရာသာ ဖြစ်၏။

သုသုခံ ဝတ နိဗ္ဗာနံ၊ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ။
အသောကံ ဝိရဇံ ခေမံ၊ ယတ္ထ ဒုက္ခံ နိရုဇ္ဈတိ။
(ထေရဂါထာအဋ္ဌကထာ ၁-၄၄၃)

အနက်

ယတ္ထ နိဗ္ဗာနေ၊ အကြင်နိဗ္ဗာန်၌။ ဒုက္ခံ၊ ဆင်းရဲဒုက္ခမှန်သမျှသည်။ နိရုဇ္ဈတိ၊ လုံးဝရုပ်သိမ်း ချုပ်ငြိမ်းလေတော့၏။ သမ္မာသမ္ဗုဒ္ဓ ဒေသိတံ၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော။ အသောကံ၊စိုးရိမ်ပူဆွေးခြင်း မရှိသော။ ဝိရဇံ၊ ကင်းပြီးသော ရာဂ စသော မြူအညစ်အကြေးရှိသော။ ခေမံ၊ ဘေးမသန်းလာ အေးချမ်းသာယာသော။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်တရားသည်။သုသုခံ ဝတ၊အလွန့် အလွန် မွန်မြတ်သာယာ ချမ်းသာလှပါပေစွတကား။

ဤပါဠိအရ နိဗ္ဗာန်မှာ သင်္ခါရဒုက္ခတွေ ချုပ်ငြိမ်းနေသည်ဟု သိရ၏၊ သင်္ခါရ ဒုက္ခထဲမှာ နိဗ္ဗာန်က ရှိနေသည် မဟုတ်။

## ကိုယ်တွေ့သိမှု နိဗ္ဗာန်

နိဗ္ဗာန်က လောကုတ္တရာဖြစ်၍ ထိုနိဗ္ဗာန်တရားကိုလည်း လောကုတ္တရာတရားမှ တွေ့ရ သိရ ဆိုက်ရ၏၊ ဤအချက်ကို စတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗံ၊ မဂ်ဉာဏ် လေးပါးဖြင့် မျက်မှောက်ပြုအပ်၏ဟူသော စကားဖြင့် သိအပ်၏၊ မျက်မှောက် ပြုဆိုသည် အမှန်းအဆ တက္က စသည်အရ မဟုတ် အရိယာများ ကိုယ်တွေ့သိမြင် ဆိုက်ရောက်သည်ကို ဆိုသည်။

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ နိဗ္ဗာနဿ တံတံအရိယ-
ပုဂ္ဂလာနံ ပစ္စက္ခသိဒ္ဓတံ ဒဿေတိ၊ စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ—

ဟူသော ဤစာဖြင့် နိဗ္ဗာန်၏ ထိုထိုအရိယာပုဂ္ဂိုလ်တို့၏ မျက်မှောက်ပြုပြီးသည် ၏ အဖြစ်ကိုပြ၏။ (ဝိဘာဝနီ)

နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် တွေ့ရသည်ဆိုရာ သင်္ခါရဒုက္ခသဲ မွေ့နှောက်ရှာကြည့် သော ဦးစံရင်း၏ ထင်မှတ်တွယ်ဘာမူတွေ ငြိမ်းနေတဲ့ နိဗ္ဗာန်ကို တွေ့ရသည်မှာ ဘာဉာဏ်နှင့် တွေ့ပါသလဲ၊ စိတ်ကူးဖြင့် တွေ့ရလျှင်တော့ ဤပါဠိအရ နိဗ္ဗာန် မဆိုနိုင်ပါ။

## နိဗ္ဗာန်ဟုဘ်မဟုတ် စစ်နည်းတရပ် သာပြန်၏

မဂ္ဂဖလာနမာရမ္မဏဘူတံ၊ မဂ်ဖိုလ်တို့၏အာရုံဖြစ်သော။ မဂ်ဖိုလ်တို့၏အာရုံ ဖြစ်သောတရားမှ နိဗ္ဗာန်မည်သည် သင်္ခါရဒုက္ခထဲ ချုပ်ငြိမ်းမှုတွေ့သည်မှာ မဂ်

ဗိုလ်နှင့် တွေ့ပါသလော၊ မဂ်ဖိုလ်တို့မှာ ပဋိပတ် ကျင့်စဉ်ဖြင့်သာ ရောက်နိုင်ကြောင်း များစွာသော သုံးသပ်ချက်များ၌ သုံးသပ်ထားခဲ့ကြပါပြီ၊ စိတ်ကူးသင်တန်း အတွေ့အကြုံဖြင့် မရနိုင်ကြောင်းလည်း ထို့အတူ အနုနဲ့အဖုံဖုံ သုံးသပ်ခဲ့ကြပါပြီ၊ ကမ္မဋ္ဌာန်းဘာဝနာ ပယ်ထားသော ကျောက်ပုံတို့အဖို့ ကျင့်စဉ်မရှိ၊ အပြောအကြားသာ ရှိနေရာ ဘယ်မှာ တကယ့်အမြင်-ကိုယ်တွေ့အသိ ရှိနိုင်ပါအံ့နည်း။

## အနုမာနအသိ

မဂ်ဖိုလ်တို့၏ အာရုံဖြစ်သောဟူသော စကားဖြင့် ကလျာဏပုထုဇဉ်များအဖို့ အနုမာန မှန်းဆသိနိုင်သည်ကို ပြသည်။

> မဂ္ဂဖလာနမာရမ္မဏဘူတန္တိ ဣမိနာ ကလျာဏပုထုဇ္ဇနာနံ အနုမာနသိဒ္ဓတံ၊ မဂ္ဂဖလာနမာရမ္မဏဘူတံ—

ဟူသော ဤစကားဖြင့် ကလျာဏ ပုထုဇဉ်တို့အား အနုမာန မှန်းဆ သိမှုပြီးသည်၏ အဖြစ်ကိုပြ၏။ (ဝိဘာဝိနီ)

အနုမာနသိသည်မှာ မြတ်စွာဘုရား တရားတော်အရလည်းကောင်း၊ ထိုထိုမဂ်ရဖိုလ်ရ ကိုယ်တွေ့အသိရှိကြသော အရိယာတို့၏ ဟောပြောချက်အရ လည်းကောင်း ပညတ်သင်္ခတအာရုံတို့၏ ပြောင်းပြန်ဆန့်ကျင်ဘက်ဖြစ်သော နိဗ္ဗာန်တည်းဟူသော မဂ်ဖိုလ်အာရုံတရား ရှိရမည်ဟူသော အမှန်းအဆပင်ဖြစ်၏၊ ဆိုခဲ့ပြီး ပစ္စက္ခအနုမာနအားဖြင့် နိဗ္ဗာန်သိပုံ နှစ်မျိုးတွင် ကျောက်ပုံတို့၏အသိမှာ ဘယ်သို့အသိနည်း၊ ကျမ်းဂန်အရ လမ်းမှန်မကျသော နိဗ္ဗာန်တွေ ရေးသားဟောပြောနေကြရာ အနုမာန မျက်ချမ်းဆအသိပင် မိနိုင်ရောက်နိုင်အံ့ မထင်ကြပါပေ။

## ပုသိမ်မောင်ညွန့် ချေပချက်

ဆရာကြီး ဦးစံရင်းမှာ ဧောဒကဆရာတော်တို့ ဆိုသလို သင်္ခါရဒုက္ခကို နိဗ္ဗာန်ဆိုတာမဟုတ်ပါဘူး၊ တကယ်တော့ သင်္ခါရဒုက္ခထဲ ဆုံးခန်းတိုင်အထိ မွေ့နှောက်ကြည့်ပြန်လျှင် ထင်မှတ်စရာ ကြွယ်တာစရာတွေ ရှာမရ- လုံးဝ ဆိတ်သုဉ်းချုပ်ငြိမ်းနေတဲ့ သဘောသာ အမှန်ရှိတယ်၊ အဲဒါ နိဗ္ဗာန်ပဲဟု ဆိုတာပါ—ဟု ချေပခဲ့၏။

ဤအချက်၌ ဝိနည်းခိုရ်ဆရာတော်များ၏ အမြင်က ဤသို့ဖြစ်၏။

> ယသ္မာ နိဗ္ဗာနံ သဗ္ဗသင်္ခါရ ဝိဓုရသဘာဝံ၊ ယထာ သင်္ခတဓမ္မေသု ကတ္ထစိ နတ္ထိ၊ တထာ တတ္ထပိ သဗ္ဗေ သင်္ခတဓမ္မာ န ဟိ သင်္ခတာသင်္ခတဓမ္မာနံ သမောဓာနံ သမ္ဘဝတိ။ (ဥဒါန-ဋ္ဌ၊ ၃၅၃)

မြန်မာပြန်

သင်္ခါရ ချုပ်ငြိမ်းမှုနိဗ္ဗာန်သည် အလုံးစုံသော သင်္ခါရဓမ္မတို့မှ ပြောင်းပြန် ဆန့်ကျင်သောသဘောရှိ၏၊ ထို့ကြောင့် သင်္ခါရတရားတို့တွင် ဘယ်သင်္ခါရတရား မှာမျှ နိဗ္ဗာန်မရှိသလို ထို့အတူ ထိုသင်္ခါရချုပ်ငြိမ်းမှု နိဗ္ဗာန်၌လည်း အလုံးစုံ သော သင်္ခါရတရားတို့သည် မရှိကုန်၊ ထိုစကားမှန်၏-သင်္ခတ အသင်္ခတတရား တို့၏ ပေါင်းဆုံမိခြင်းသည် မဖြစ်နိုင်ပေ။

ဤအဋ္ဌကထာအရ သင်္ခါရနှင့်နိဗ္ဗာန်သည် ဆန့်ကျင်ဘက်ဖြစ်၍ ဆန့်ကျင် ဘက်ဖြစ်သော တရားနှစ်ခုသည် တခုထဲမှာ တခုရှိသည်ဟု မဆိုရ၊ မရှိနိုင်ပေ၊ သင်္ခါရထဲမှာ အငြိမ်းနိဗ္ဗာန် ရှာမရသလို အငြိမ်းနိဗ္ဗာန်ထဲမှာလည်း သင်္ခါရ သဘာဝ ရှာမရ၊ တခုနှင့်တခု ဆက်စပ်၍မရသောသဘောဖြစ်၏။

အကုသိုလ်နှင့်ကုသိုလ်မှာ ဆန့်ကျင်ဘက်ဖြစ်၏၊ ယင်းသဘော နှစ်ခုမှာ ဆက်စပ်လို့မရ၊ ထို့ကြောင့် အကုသိုလ်ထဲမှာ ကုသိုလ်သဘော မရှိနိုင်သလို ကုသိုလ်ထဲမှာလဲ အကုသိုလ်သဘောမရှိ။

ထိုနည်းအတိုင်းပင် ဥပ္ပာဒါ သင်္ခါရာ၊အနုပ္ပာဒေါ နိဗ္ဗာနံ၊ဖြစ်တတ်သောတရား တို့သည် သင်္ခါရ၊မဖြစ်တတ်သောတရားကား နိဗ္ဗာန်စသည်ဖြင့် ပဋိသမ္ဘိဒါမဂ်လာ နည်းအရ ပြောင့်ပြောင့် ဆန့်ကျင်ဘက်ဖြစ်ကြသော သင်္ခါရဒုက္ခထဲမှာ နိဗ္ဗာန် မရှိနိုင်သလို နိဗ္ဗာန်ထဲမှာလဲ သင်္ခါရဒုက္ခ မရှိနိုင်ရာ။

ကျောက်ပုံတို့အဆိုအတိုင်း သင်္ခါရဒုက္ခထဲ ချုပ်ငြိမ်းမှု ရှိနေသည်ဆိုလျှင် သင်္ခါရဒုက္ခကို နိဗ္ဗာန်ဆိုရရောက်သည်ဟူသော စောဒကတို့၏ အပြစ်တင်ချက် မှာ တင်ထိုက်၍တင်ခြင်းသာဟု ယူဆတော်မူကြသည်၊ ထိုမျှမက စံပြဝိပဿနာ ၌ သင်္ခါရဒုက္ခသည် မပျက်ပဲ အမြဲထာဝရရှိနေကြောင်း ဆိုထားသဖြင့်လည်း စောဒကတို့အဆိုမှာ ကျောက်ပုံဝါဒီတို့အဆိုကို မှီ၍ ဆိုသည်ဖြစ်ရာ ဆိုသင့်သော အဆိုသာ ဖြစ်ပါပေ၏။

---

### စောဒနာ သောဓနာ အမှတ် (၂၂) သုံးသပ်ချက်

စောဒကဆရာတော်များက ပုသိမ်မောင်ညွန့်၏ သဉပါဒိသေသ အနုပါဒိ-သေသ နိဗ္ဗာန်နှစ်ပါးနှင့် စပ်သော ဟောပြောချက် ရေးသားချက်များကို တင်ပြခဲ့ကြ၏။

(က) အဲဒီလို အမှန်တရားတွေကို ကိလေသာတန်းလန်းနဲ့ သိနေလို့ သဉပါဒိသေသနိဗ္ဗာန်လို့လဲ ခေါ်တယ်၊ မတော်တဆ မပြောကောင်း

မဆိုကောင်း ကိလေသာကုန်ပြီးလည်းသိမှ အဲဒါ အနုပါဒိသေသ နိဗ္ဗာန်ခေါ်တယ်၊ ဘယ်လောက်ရှင်းထားသလဲလို့ နိဗ္ဗာန်ခေါ်နည်းတွေ အများကြီး။ (ပုသိမ်မောင်ညွန့်၏ ဇောင်းတန်းကျေးရွာ ကရားပွဲတိတ်ခွေမှ)

(ခ) ပုန်းအောင်းရာ အားကိုးရာ မမြင်သော သင်္ခါရဒုက္ခထဲ၌ စွဲလမ်းသိမ်းပိုက်စရာ လုံးလုံး သုဉ်းဆိတ်ချုပ်ငြိမ်းနေသော နိရောဓသဘောကို ပါဠိလိုက သဉပါဒိသေသ နိဗ္ဗာန်ခေါ်ပါသည်။

(ဂ) အကြင်ယောဂီသည် သင်္ခါရနှင့် ဒုက္ခအစစ်ကို မှချအဖြစ် သိပါမူ ကား ထိုသင်္ခါရဒုက္ခထဲတွင် စွဲဝင်တောင့်တ နှစ်သက်လိုလှသော ဆန္ဒရာဂတို့မှာ တွန့်တိုလျှောကျ ပျောက်ကွယ်၍ သွားရသည်ကို အနုပါဒိသေသနိဗ္ဗာန်လို့ ခေါ်ရ၏၊

ဆိုခဲ့ပြီး ပုသိမ်မောင်ညွန့်အဆိုကို ပဋိသမ္ဘိဒါမဂ္ဂ အဋ္ဌကထာ ဋီကာပါဠိတော် သာဓကများနှင့် ပုဒ်ပါဌ်ခွဲကာ အနက်ယူပြ စောဒနာခဲ့ကြ၏။

## နားမလည်၍ ထင်ရာပြောခြင်းသာ

ပုသိမ်မောင်ညွန့် ထောက်ထားခဲ့သော ပဉ္စန္နံ ခန္ဓာနံ နိရောဓော သာဂံ နိဗ္ဗာနန္တိ ပဿဋ္ဌော-စသော ပဋိသမ္ဘိဒါမဂ်မှာ ပဉ္စုပါဒါနက္ခန္ဓာချုပ်ခြင်းဟု မဆို ခန္ဓာ ငါးပါး ချုပ်ခြင်းကိုသာဆိုရာ ကိုယ့်ပါဠိ ကိုယ်မေ့ပြီး ထင်မိထင်ရာ ရေးခြင်းသာ ဖြစ်၏၊ ပဉ္စုပါဒါနက္ခန္ဓာကား အကြောင်း ပဉ္စက္ခန္ဓာကား အကျိုးဆိုသည်မှာ လည်း မဖြစ်နိုင်ကြောင်း စောဒနာအမှတ် (၄) ၌ မိမိတို့ သုံးသပ်ပြီး ဖြစ်၏။

ပုသိမ်မောင်ညွန့် အဆိုအားလုံး ခြုံကြည့်လျှင် စောဒနာတို့အဆိုကို ချေပနိုင်သော ယုတ္တိအာဂမ ရှာမရ ထင်ရာရေးနေခြင်းသာဖြစ်ရာ သောခနောမြောက်သော ချေပချက် မဟုတ်ပါပေ။

## ဦးစံရင်းနှင့် ဘုရားအလို ဘယ်ကို လိုက်မလဲ

သဉပါဒိသေသ အနုပါဒိသေသဆိုသည်မှာ ဘုရားရှင်ပေးထားသောအမည် ဖြစ်၏၊ စောဒကတို့ ကိုးထားသော ဋီကာပါဠိတော်ကလည်း သဉပါဒိသေသ နိဗ္ဗာန, အနုပါဒိသေသနိဗ္ဗာန အမည်ရခြင်းအကြောင်းကို အသေအချာ မိန့်ကြားထားခဲ့ပြီးဖြစ်၏။

ထိုပါဠိအရ ခန္ဓာအကြွင်းရှိသော နိဗ္ဗာန်, ခန္ဓာအကြွင်းမရှိသော နိဗ္ဗာန်ဟူသော နိဗ္ဗာန်နှစ်ခု၏ လိုရင်းအနက်မှာ ပေါ်လွင်လျက်ရှိပါ၏။

သို့ပါလျက် ထိုအနက် ထိုအဓိပ္ပာယ်မလို ဘုရားအလိုကို ဂရုမထား၊ ဘုရားအလိုနှင့် ဖီလာဆန့်ကျင် ထင်ရာမြင်ရာဆိုထားသော သူ့ဆရာကြီးစကားကိုသာ ရွတ်ကာဆိုကာ ရေးသားကာဖြင့် ဘုရားစကားတော်ကို ဖျက်ဆီးနေကြခြင်းသာ ဖြစ်ပါတော့သည်။

**သဉပါဒိသေသအတွက် ရှင်းလင်းချက်**

> ယေန ဘာဝနာယ ပတ္တံ၊ တဿ ကိလေသဝူပသမံ ဥပါဒိသေသဥ္စ ဥပါဒါယ ပညာပနီယတ္တာ သဟ ဥပါဒိသေသေန ပညာပိယတီတိ သဉပါဒိသေသံ။ (ဝိသုဒ္ဓိ-၂-၁၄၀)

အကြင်ရဟန္တာသည် ဘာဝနာဖြင့် နိဗ္ဗာန်ရအပ် ရောက်အပ်၏၊ ထိုနိဗ္ဗာန်ရောက်သော ရဟန္တာပုဂ္ဂိုလ်၏ ကိလေသာငြိမ်းခြင်းကိုလည်းကောင်း၊ ခန္ဓာကြွင်းကျန်သည်ကိုလည်းကောင်း အကြောင်းပြု၍ ပညတ်အပ်သောကြောင့်—

> "ကြွင်းသောခန္ဓာနှင့်တကွ ပညတ်အပ်သည်ဟူသော အနက်အရ သဉပါဒိသေသမည်၏"

ခန္ဓာအကြွင်းနှင့်တကွ ဖြစ်သောကြောင့် သဉပါဒိသေသဆိုသည်မှာ မုချစကားမဟုတ်၊ နိဗ္ဗာန်သည် အသင်္ခတ ခန္ဓာက သင်္ခတ အသင်္ခတနိဗ္ဗာန်မှာ ခန္ဓာသင်္ခတနှင့်တကွ ဖြစ်သည်မဟုတ်၊ ဥပစာအားဖြင့် ဆိုခြင်းဖြစ်၏။

သဂ္ဂိုဟ်က—

> ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန။

အကြောင်းပရိယာယ်အားဖြင့် နှစ်ပါးပြား၏ဟုဆို၏။

အကြောင်းပရိယာယ်ဆိုသည်မှာ ကာရဏူပစာကို ဆိုခြင်းပင်၊ ကြွင်းနေသောခန္ဓာဖြင့် နိဗ္ဗာန်ကို သဉပါဒိသေသဟု မှတ်ဆို၏၊ပညတ်အပ်၏၊ထို့ကြောင့် ဥပါဒိသေသမှာ နိဗ္ဗာန်အမည်ရခြင်း အကြောင်းဖြစ်၏၊ အကြောင်း ဥပါဒိသေသကို နိဗ္ဗာန်ပေါ်တင်ပေး၍ ကာရဏူပစာရအားဖြင့် သဉပါဒိသေသနိဗ္ဗာန်ဟု ခေါ်ရ၏။

ယခင် ဝိသုဒ္ဓိမဂ်၌—

> ကိလေသဝူပသမံ ဥပါဒိသေသဥ္စ ဥပါဒါယ ပညာပနီယတ္တာဖြင့် နိဗ္ဗာန်၏ သဉပါဒိသေသ အမည်ရခြင်းအကြောင်းကို ပြသည်ဖြစ်ရာ ကာရဏူပစာရကို ညွှန်းခြင်းပင်ဖြစ်၏။

## အနုပါဒိသေသအတွက်

**ယောစသော** သမုဒယပ္ပဟာနေန ဥပဟတာယတိကမ္မဖလဿ စရိမ-
စိတ္တတော စ ဥဒ္ဓံ ပဝတ္တိခန္ဓာနံ အနုပ္ပါဒနတော ဥပ္ပန္နာနဉ္စ အတ္ထင်္ဂမာန-
တော ဥပါဒိသေသာဘာဝေါ၊ တံ ဥပါဒါယ ပညာပနီယတော နတ္ထိ ဧတ္ထ
ဥပါဒိသေသောတိ အနုပါဒိသေသံ။ (ဝိသုဒ္ဓိ ၂၊ ၁၄၀)

သမုဒယကို ပယ်ခြင်းဖြင့် ဖျက်ဆီးအပ်ပြီးသော နောင်ဖြစ်မည့် ကံအကျိုးရှိသော ထိုရဟန္တာအရှင်၏ ပရိနိဗ္ဗာနစုတိစိတ်မှ အထက်၌ဖြစ်မည့် ခန္ဓာတို့မဖြစ်ခြင်းကြောင့်လည်းကောင်း ဖြစ်ပြီးခန္ဓာတို့ ကွယ်ပချုပ်ငြိမ်းခြင်းကြောင့် လည်းကောင်း အကြွင်းခန္ဓာအကြွင်းမရှိသည်၏ အဖြစ်သည်ရှိ၏၊ ထိုခန္ဓာအကြွင်းမရှိခြင်းကို အကြောင်းပြု၍ ပညတ်အပ်သည်၏အဖြစ်ကြောင့် ဤနိဗ္ဗာန်၌ခန္ဓာအကြွင်းမရှိဟူသောအနက်အရ အနုပါဒိသေသမည်၏၊ ဤ၌လည်း ခန္ဓာအကြွင်းမရှိသည်၏အဖြစ် အနုပါဒိသေသဖြင့် နိဗ္ဗာန်ကို သတ်မှတ်ပညတ် အပ်သောကြောင့် ကာရဏူပစာပင်၊အကြောင်းဖြစ်သော ခန္ဓာအကြွင်းမရှိခြင်း အနုပါဒိသေသကို အကျိုးနိဗ္ဗာန်ပေါ် တင်စား၍ အကျိုးနိဗ္ဗာန်ကို အနုပါဒိသေသ ဆိုသည်။

## တမျိုးအဆို

ဆိုခဲ့ပြီး နိဗ္ဗာန်နှစ်မျိုးကို—

ကိလေသပရိနိဗ္ဗာန် ခန္ဓာပရိနိဗ္ဗာန်ဟုလည်း ဆိုနိုင်ပါ၏။

သဉပါဒိသေသကို ကိလေသပရိနိဗ္ဗာန်ဆိုရ၏။

အနုပါဒိသေသကို ခန္ဓာပရိနိဗ္ဗာန်ဟုဆိုသည်။

သဉပါဒိသေသသည် ကိလေသပရိနိဗ္ဗာန်၏အကြောင်းဖြစ်၏

အနုပါဒိသေသသည် ခန္ဓပရိနိဗ္ဗာန်၏အကြောင်းဖြစ်သည်။

ကိလေသာပရိနိဗ္ဗာန်မှာ ခန္ဓာအကြွင်းရှိမှု အကြောင်းပြုဖြစ်ရသောကြောင့် ခန္ဓာအကြွင်းရှိမှု သဉပါဒိသေသသည် ကိလေသပရိနိဗ္ဗာန်၏ အကြောင်းဖြစ်၏။

ထိုအကြောင်း နာမည်ဖြင့် သဉပါဒိသေသနိဗ္ဗာန်ဆိုသောကြောင့် ထို သဉ-ပါဒိသေသနိဗ္ဗာနအမည်မှာ ကာရဏဝေါဟာရကာရဏူပစာဖြစ်သည်။

ခန္ဓပရိနိဗ္ဗာန်မှာ ခန္ဓာအကြွင်း မရှိမှုအကြောင်းပြုဖြစ်ရသောကြောင့် ခန္ဓာအကြွင်း မရှိမှု အနုပါဒိသေသသည် ခန္ဓပရိနိဗ္ဗာန်၏အကြောင်းဖြစ်၏။

ထိုအကြောင်းနာမည်ဖြင့် အနုပါဒိသေသနိဗ္ဗာန်ဟု ဖြစ်လာရသည်ဖြစ်၍ အနုပါဒိသေသနိဗ္ဗာနအမည်မှာ ကာရဏဝေါဟာရ ကာရဏူပစာရဖြစ်သည်။

> စတူဟိပိ ဥပါဒါနေဟိ ဥပါဒိယတီတိ ဥပါဒိ ဝုစ္စတိ ပဥ္စုပါဒါ-နက္ခန္ဓာ၊ ကိလေသပရိနိဗ္ဗာန ဟောတုတော သဟ ဥပါဒိသေါတေန သေသေန ခန္ဓေနာတိ သဥပါဒိသေသာ၊ နိဗ္ဗာနဓာတု၊ ခန္ဓပရိနိဗ္ဗာန-ဟောတုတာယ ခန္ဓသေါတ ဥပါဒိသေသေန ဝိရဟိတတ္တာ အနုပါဒိသေ-သာတိပိ ဧဝံ ကာရဏဝေါဟာရေန ဒွိဓာ နိဗ္ဗာနဓာတုဘာဝတော။
>
> (သင်္ဂဟဋီကာဟောင်း—၃၇၃)

ဥပါဒါန်လေးပါးတို့သည်လည်း စွဲယူအပ်သောကြောင့် ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ဥပါဒိဟုဆိုအပ်၏၊ ကိလေသပရိနိဗ္ဗာန်၏ အကြောင်းဖြစ်သောကြောင့် ဥပါဒိဟုဆိုအပ်သော ကြွင်းသော ခန္ဓာငါးပါးနှင့်တကွ ဖြစ်၏ဟူသော အနက်အရ ဥပါဒိသေသမည်၏၊ နိဗ္ဗာနဓာတ်ကိုရ၏၊ ခန္ဓပရိနိဗ္ဗာန်၏အကြောင်းဖြစ်သောကြောင့် ခန္ဓာဟုဆိုအပ်သော ဥပါဒိအကြွင်း ကင်းသောကြောင့် အနုပါဒိသေသနိဗ္ဗာနဓာတ်လည်း မည်၏၊ ဤသို့ ကာရဏဝေါဟာရအရနှစ်ပါး အပြားအားဖြင့် နိဗ္ဗာန်ဓာတ်၏အဖြစ်ကြောင့်တည်း။

## အမည် တမျိုး

ပုသိမ်မောင်ညွန့်က သေပြီးနောက်မှရတဲ့ ရောက်တဲ့ နိဗ္ဗာန်မရှိဆို၏၊ အဝိဇ္ဇာ တဏှာမကင်းသေးသူများအဖို့ ဘဝတွေဖြစ်ရဦးမည်၊ ထိုထိုဘဝ၌ ဒုက္ခတွေကြုံရဦးမည်၊ အနုပါဒိသေသနိဗ္ဗာန် ဝင်စံရသော ရဟန္တာများအဖို့မှာကား စုတိနောက် ဘဝအဆက်မရှိတော့ပြီ၊ ဒုက္ခတွေ အကုန်ငြိမ်းခဲ့ပြီ၊ဒုက္ခတွေ ငြိမ်းခြင်းမှာ အနုပါဒိသေသနိဗ္ဗာန်သာတည်း။

> ဒုဝေ ဣမာ စက္ခုမတာ ပကာသိတာ၊ နိဗ္ဗာနဓာတူ အနိဿိတေန တာဒိနာ၊ ဧကာ ဟိ ဓာတု ဣဓ ဒိဋ္ဌဓမ္မိကာ၊ သဥပါဒိသေသာ ဘဝ-နေတ္တိသင်္ခယာ၊ အနုပါဒိသေသာ ပန သမ္ပရာယိကာ၊ ယမှိ နိရုဇ္ဈန္တိ ဘဝါနိ သဗ္ဗသော။ (ဣတိဝုတ်၊ ၂၂၁)

ဒိဋ္ဌဓမ္မိကာ၊ မျက်မှောက်ဘဝ၌ပြီးသော။ ဘဝနေတ္တိသင်္ခယာ၊ ဘဝတဏှာကုန်ခြင်းတည်းဟူသော။ သဥပါဒိသေသာ၊ ခန္ဓာအကြွင်းနှင့်တကွဖြစ်သော။ ဧကာဓာတု၊ တခုသောနိဗ္ဗာနဓာတ်သည်။ ဣဓ၊ ဤမျက်မှောက်ဘဝ၌။ သိဒ္ဓါ၊ ပြီးစီးထင်ရှား၏။ ယမှိ၊ အကြင် အနုပါဒိသေသနိဗ္ဗာန်၌။ ဘဝါနိ၊ ဘဝမှန်သမျှတို့သည်၊ သဗ္ဗသော၊ ကြွင်းမဲ့ဥဿုံ အလုံးစုံအားဖြင့်။ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။

အနုပါဒိသေသာ၊ခန္ဓာအကြွင်းမရှိသော။ သာ ပန နိဗ္ဗာနဓာတု၊ ထိုနိဗ္ဗာနဓာတ်သည်ကား။ သမ္ပရာယိကာ၊ ပရိနိဗ္ဗာနစုတိမှ နောက်ကာလ၌ ပြီးစီးထင်ရှား၏။ ဣတိ၊ ဤသို့။ ဒုဝေ၊ နှစ်ပါးကုန်သော။ ဣမာနိဗ္ဗာနဓာတု၊ ဤနိဗ္ဗာနဓာတ်တို့ကို။ စက္ခုမတာ၊ ငါးပါးသောဉာဏ်မျက်စိရှိတော်မူသော။ အနိဿိတေန၊ တစုံတခုသောတရားကိုမျှ တဏှာဒိဋ္ဌိဖြင့် မှီတော် မမူသော။ တာဒိနာ၊ တာဒိဂုဏ်နှင့်ပြည့်စုံတော်မူသော ရှင်တော်မြတ်ဘုရားသည်။ ပကာသိတာ၊ ထုတ်ဖော်ပြတော်မူအပ်ပါပေကုန်၏။

ဤပါဠိတော်အရ ဒိဋ္ဌဓမ္မိကနိဗ္ဗာန် သမ္ပရာယိကနိဗ္ဗာန်ဟု နိဗ္ဗာန်နှစ်ပါး သိရပြန်၏၊ ထိုတွင် သဉပါဒိသေသ နိဗ္ဗာန်ကား ဒိဋ္ဌဓမ္မိက၊ အနုပါဒိသေသ နိဗ္ဗာန်ကား သမ္ပရာယိက၊ ကိလေသာငြိမ်းမှုမှာ ခန္ဓာရှိနေသော မျက်မှောက်ဘဝ၌ကြုံရသော အငြိမ်းဓာတ်ဖြစ်၍ သဉပါဒိသေသကို ဒိဋ္ဌဓမ္မိကဆို၏။

ပရိနိဗ္ဗာန်စုတိအခိုက်မှာပင် ခန္ဓာတွေ ဘဝတွေ ချုပ်ငြိမ်းခဲ့သည်ဖြစ်၍ ဤစုတိမှ နောက်ဘဝ ခန္ဓာတွေမဖြစ်ရတော့သဖြင့် အငြိမ်းကြီးငြိမ်းရတော့သည်ဖြစ်ရာ အနုပါဒိသေသနိဗ္ဗာန်ကို သမ္ပရာယိကဆို၏။

ဤသို့လျှင် သဉပါဒိသေသနိဗ္ဗာန်ကို ကိလေသပရိနိဗ္ဗာန် ဒိဋ္ဌဓမ္မိကနိဗ္ဗာန်ဟုလည်းကောင်း၊ အနုပါဒိသေသနိဗ္ဗာန်ကို ခန္ဓပရိနိဗ္ဗာန် သမ္ပရာယိကနိဗ္ဗာန်ဟုလည်းကောင်း ခေါ် ဆိုရသည်ကို သိနိုင်ပါပေသည်။

## တက္က၏အရာမဟုတ်

အဓိဂတော ခေါ မျာယံ ဓမ္မော ဂမ္ဘီရော ဒုဒ္ဒသော ဒုရနုဗောဓော
သန္တော ပဏီတော အတက္ကာဝစရော နိပုဏော ပဏ္ဍိတဝေဒနီယော။
( ဒီ ၂။ ၃၁၊ ၃၂ )

ငါသိအပ်သော သစ္စာလေးပါးတရားသည် နက်နဲ၏၊ မြင်နိုင်ခဲ၏၊သိနိုင်ခဲ၏၊ ငြိမ်သက်၏၊ မွန်မြတ်၏၊ ကြံဆခြင်းဖြင့် သိနိုင်မြင်နိုင်သော တရားမဟုတ်၊ သိမ်မွေ့၏၊ ပညာရှိအရိယာတို့သာ သိအပ်သောတရားဖြစ်၏။
(မ၂-၂၉။သံ-၁။၁၃၇။ဝိ၊၃။၅၇၇)

ဤပါဠိတော်ဖြင့် နိဗ္ဗာန်မှာ သိနိုင်မြင်နိုင်ခဲသောတရားဖြစ်ကြောင်း သိရ၏၊ သိနိုင်မြင်နိုင်ခဲသောကြောင့်ပင် စိတ်ကူးအတွေးဖြင့် သက်ဝင်နိုင် ကျက်စားနိုင်သော အရာမဟုတ်၊ တကယ့်ကိုယ်တွေ့ မြင်သိ အရိယာပညာရှင်တို့၏ အရာသာဖြစ်တော့သည်၊ တကယ်နက်နဲသော အရိယာပညာရှင်တို့ မျက်မြင်ကိုယ်တွေ့ နိဗ္ဗာန်ကို မိမိက တက္ကဖြင့် တွေးဆမည်ဆိုလျှင် အနုမာနအားဖြင့် သိအပ်သည်ဟုတော့ ဆိုနိုင်ပါလိမ့်မည်။

သို့သော် ထိုဟက္ကကား ဘုရားစကားကို အမှီပြုကြံဆသော တက္ကအနုမာ-နမှသာအမှန်နှင့် နီးစပ်ဖို့ ရှိပါ၏၊ဘုရားစကားကို အသိအမှတ်မပြုအရေး မထား မလေးစားပဲ မိမိတို့ထင်မြင်ရာဟက္ကဖြင့် ကြံဆသောကျောက်ပုံတို့ အနုမာန၊ဘုရားရှင်နှင့် တဖက်တလမ်းဖြစ်ကာ ဘုရားမြတ်ကို စော်ကားသော အနုမာနသာ ဖြစ်နေပေတော့သည်။

## ၁၁. ဝမ္မ ဝါဒသာ

ကျောက်ပုံဝါဒီ ပုသိမ် မောင်ညွန့်က စာသံ ပေသံ ပါဠိသံတွေ အထောက် အထား အကိုးအကား မြောက်မြားစွာနှင့် ပြောနေပါက လိုရာမရောက် စိတ်နောက်ကိုယ်ပန်း မချမ်းမသာ ဖြစ်နေမည်စိုး၍ အများသိအသုံး ပညတ် စကားလုံးဖြင့် ဟောကြားပါက အများနားလည် အကျိုးများမည်ဖြစ်၍ ထိုသို့ ဟောရကြောင်းဆို၏၊ ဗုဒ္ဓဝါဒ မဟာပဒေသနှင့်ညီမညီ စစ်ဆေးရာ၌ ပါဠိ သာဓကဆိုသည်မှာ ဘယ်မျှလိုအပ်သည်ကို နားမလည် လေရော့သလား၊

ဆိုပါဦးတော့ ဘုရားအလိုတော်အတိုင်း ဟောပြောနေလျှင် မြန်မာလိုလည်း ဟောနိုင်ပါ၏၊ ပြောနိုင်ပါ၏၊ ကျောက်ပုံတို့ကား ဤလိုပါဠိတွေကြောက်ကြ၏၊ ဤပါဠိ တွေဖော်ပြတော့ သူတို့အယူအဆမှာ ဘုရားရှင်အာဂမနှင့် တဖက်တလမ်း ဖြစ်နေ မှာ၊ယှဉ်းချုတ်ချော်နေသည်ကို အများမြင်နေမည်ဖြစ်၍ ကြောက်ကန် ကန်နေခြင်းသာ ဖြစ်ပါ၏၊ သို့ကြောင့် ကျောက်ပုံဝါဒီတို့၏ သဥပါဒိသေသ အနုပါဒိသေသ အဆိုမှန်သမျှမှာ အဝမ္မများသာဖြစ်ကြောင်း ဝိနည်းဓိုရ်ဆရာ တော်များက သုံးသပ်တော်မူကြသည်။

## နိဗ္ဗာန်ကို အတ္တဆိုသော ကျောက်ပုံဝါဒအတွက် သုံးသပ်ချက်

### နိဗ္ဗာန်သည် အတ္တလော

စောဒက ဆရာတော်များက အောက်ပါ ပုသိမ်မောင်ညွန့် အဆိုကို တင်ပြ စောဒနာကြပြန်သည်။

> အနှစ်အသားမရှိမှုကို ( အသာရကဋ္ဌေန အနတ္တ )လို့ဆိုခြင်းကြောင့် အနှစ်အသားခေါ်အပ် အတ္တအစစ်မှာ နိဗ္ဗာန်သာဖြစ်တယ်လို့ ကမ္ဘာ့ ဝိပဿနာ ဆရာဘုရားကိုယ်တိုင် လစဉ်ထုတ်မဂ္ဂဇင်းအတွဲ—၅၊ စာနံပါတ် ၁၂-တွင် ရှုထောင့်အမျိုးမျိုးမှ မြင်ရန်ပြထားပါတယ်။

ထို ပုသိမ်မောင်ညွန့် ဟောပြောချက်ကို အောက်ပါ ပရိဝါပါဠိတော်အရ အဝမ္မဖြစ်ကြောင်း လျှောက်ထားခဲ့လေသည်—

အနိစ္စာ သဗ္ဗေ သင်္ခါရာ၊ ဒုက္ခာ နတ္တာ စ သင်္ခတာ။
နိဗ္ဗာနဉ္စေဝ ပညတ္တိ၊ အနတ္တာ ဣတိ နိစ္ဆယာ။

**အသင်္ခတအတွက်လည်း ဒိုးခဲ့**

ဤပါဠိတော်ကို တင်ပြစောဒနာသည်မှာ ကောင်းလှပါတော့သည်၊ အဘယ့်ကြောင့်ဆိုသော် ဤပါဠိတော်က နိဗ္ဗာန်အနတ္တဖြစ်ကြောင်းသာမက၊ အသင်္ခတ နိဗ္ဗာန် မဟုတ်ဆိုသော ကျောက်ပုံဂါဒကို လည်းကောင်း၊ အသင်္ခတနယ်က ရုပ်နာမ်ဟု သူတို့သတ်မှတ်ထားသော ရုပ်နာမ်ဆိုသည်များကို လည်းကောင်း ပယ်ရှားပေးထားပြီး ဖြစ်သောကြောင့်တည်း။

ဆိုခဲ့ပြီး ဂါထာက သင်္ခတဖြစ်ကြသော ရုပ်နာမ် သင်္ခါရတို့သည် မမြဲသော အနိစ္စ၊ ဆင်းရဲသောဒုက္ခ၊ အသက်ဇီဝ အတ္တအနှစ်ကင်းသော အနတ္တ ဖြစ်ကြ၏၊ ( အသင်္ခတဖြစ်ကြသော ) နိဗ္ဗာန်နှင့် ပညတ်တို့ကို အနတ္တဟု ဆုံးဖြတ်အပ်ကုန်၏ဟု ပြ၏။

အသင်္ခတ ဖြစ်သောဟူသောအနက်မှာ ပါဠိဌ်၌မပါပါဟု စောဒနာဖွယ်ရှိ၏၊ မပါမဆိုသော်လည်း အလိုလိုပြီးသည့် အတ္တသိဒ္ဓိအရ ရသောအနက်ဖြစ်ပါသည်၊ သင်္ခတသင်္ခါရတို့သည် အနိစ္စ ဒုက္ခ အနတ္တ၊ နိဗ္ဗာန်နှင့် ပညတ်က အနတ္တဆိုလျှင် နိဗ္ဗာန်နှင့် ပညတ်သည် သင်္ခတမှုတပါး သင်္ခတနှင့် ပြောင်းပြန် ဆန့်ကျင်ဘက်ဟူသော အနက်များကို သိရ၏၊ သင်္ခတ၏ ပြောင်းပြန် ဆန့်ကျင်ဘက် သင်္ခတ တရားမှတပါး ဆိုလျှင် ၎င်းတို့ အသင်္ခတဖြစ်သည်ဆိုသော အနက်မှာ ပညာရှိတို့ ဉာဏ်တွင် အမှန်မြင်လာရသော အနက်ဖြစ်၏။

ထိုအနက်အရ နိဗ္ဗာန်ပညတ်၏ အသင်္ခတခေါ်ရသော ဝေါဟာရသည်လည်း ပေါ်လာရသည်သာ၊ အသင်္ခတမှာ အနိစ္စ ဒုက္ခ အနတ္တတွေးကြံထုတ်နေရသော ကျောက်ပုံတို့အလုပ်မဟုတ်၊ အသင်္ခတမှာ ဘယ်အနိစ္စ ဘယ်ဒုက္ခမျှမရှိ၊ အနတ္တ သာဟု ပြခြင်းလည်း ပြီးစီးတော့သည်၊ သို့ဖြစ်လျှင် ကျောက်ပုံတို့၏ နိဗ္ဗာန် မဟုတ်သော အသင်္ခတဟု သတ်မှတ်ထားသော ရုပ်နာမ်ဆိုသည်မှာ ဘာမျှမရှိ ထင်မိထင်ရာ မှာယွင်းစွာ ကြံဆထားချက်သာဟု ဤပါဠိတော်က အားလုံး အခိပ္ပါယ်တွေပြနေသဖြင့် ကျောက်ပုံတို့၏ အတ္တဖျက်ရင်း မဟုတ်တဲ့ အသင်္ခတ ဝါဒလည်း တပါထဲ ဖျက်သွားခဲ့ပါပြီ။

**အတ္တဖျက် ပါဠိတရပ်**

ဤ ပါဠိတော်ကိုပင် ဆောက်ခံချက်ပေးလျက်ရှိသော ပါဠိတော်များကိုလည်း မိမိတို့က ထုတ်ပြကြပါဦးမည်—

၁။ သဗ္ဗေ သင်္ခါရာ အနိစ္စာ ။ ပ

၂။ သဗ္ဗေ သင်္ခါရာ ဒုက္ခာ ။ ပ

၃။ သဗ္ဗေ ဓမ္မာ အနတ္တာ ။ပ

ဤ ဂါထာသုံးပုဒ်၌ အနိစ္စ ဒုက္ခ အချက်ပြတွင် သဗ္ဗေ သင်္ခါရာချည်းရှိ၍ အနတ္တ အချက်ပြဂါထာ၌ကား သဗ္ဗေဓမ္မာဟု ရှိခဲ့သည်၊ ဤအချက်က အနိစ္စ ဒုက္ခ ဆိုသည်မှာ သင်္ခါရတို့သာ ရှိသည်၊ ဝိသင်္ခါရ အသင်္ခတ နိဗ္ဗာန်၌ မရှိ၊ ထိုနိဗ္ဗာန်၌ အနတ္တသဘောသာရှိ၏ဟု ပြ၏၊ အသင်္ခတနိဗ္ဗာန် အတည်ပြုပေးချက် ကျောက်ပုံ အသင်္ခတဖျက်ဂါထာပင်။

သဗ္ဗေ ဓမ္မာတိ နိဗ္ဗာနမ္ပိ အန္တောကတွာ ဝုတ္တာ။ (ပဋိသံ ဋ ၁။၅၈)

သဗ္ဗေ ဓမ္မာ ဟူသော စကားကို နိဗ္ဗာန်ကိုလည်း အတွင်းသွင်းမှုပြုကာ ဆိုအပ်ပါကုန်၏။

အတ္တ အနှစ်သာရတဲ့

ပါဠိတော်က အနတ္တဆိုထားပါလျက် ပါဠိတော်အဆို ဘုရားမြွတ်အလိုကို မလိုက်ပါနိုင်၊ သူတို့ဆရာကြီး အဆိုကိုသာ ဖက်ထားလျက်ရှိ၏၊ နိဗ္ဗာန်ကို အတ္တသာရရှိသည်ဟုကြွေးလာ၏၊ အတ္တာတိ ပဒေန သာရံ ဝုစ္စတိ-ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာဟုဆိုသော ပါဠိအမှား အတိုအစကလေးကို ထုတ်လာ၏၊ ပဋိသမ္ဘိ-ဒါမဂ် အဋ္ဌကထာ၌ မတွေ့ရသော ထိုပါဠိအမှား အတိုအစကလေးမှာ သူတို့ဆရာကြီး နှုတ်ထွက်ပင်ဖြစ်ဖို့ရှိ၏၊ ထိုသို့သော ပါဠိအတိုအစ အမှားကလေးများမှာ အမှားအတိုင်းပင် သူတို့တတွေနှုတ်ဖျားမှာ အရဆောင်လျက်ရှိကြ၏၊ သို့ဖြစ်၍ ဤပါဠိကို မိမိတို့ စဉ်းစားစရာ မလိုပါ။

အသာရကသည် ဘာတဲ့

ခန္ဓာနံ နိရောဓော သာရံ နိဗ္ဗာနန္တိ—

ဤပါဠိလည်း အပြည့်အစုံမဟုတ်၊တပိုင်းတစသာ၊အမှန်က ပုသိမ်မောင်ညွန့် ကိုးကားသော ပဋိသမ္ဘိဒါမဂ် မြန်မာပြန်အရ ပါဠိမှာ အောက်ပါအတိုင်း ဖြစ်၏၊ ထိုပါဠိကိုပင် ရှင်းလင်းပြရပါတော့မည်—

ပဉ္စက္ခန္ဓေ အသာရကတော ပဿန္တော အနုလောမိကံ ခန္တိံ ပဋိလဘတိ၊ "ပဉ္စန္နံ ခန္ဓာနံ နိရောဓော သာရံ နိဗ္ဗာနန္တိ" ပဿန္တော သမ္မတ္တနိယာမံ ဩက္ကမတိ။ (ပဋိသံ၊ ၄၁၃)

ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါးတို့ကို။ အသာရကတော၊ နိစ္စသာရမရှိသော အနိစ္စ အားဖြင့်။ ပဿန္တော၊ ရှုမြင်သောပုဂ္ဂိုလ်သည်။ အနုလောမိကံ ခန္တိံ၊ အနုလောမိက ခန္တိဉာဏ်ကို။ ပဋိလဘတိ၊ ရ၏။ ပဉ္စန္နံ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ နိရောဓေ၊ ချုပ်ခြင်းသည်။ သာရံ၊ နိစ္စသာရ အနှစ်အသားဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ပင်တည်း။ ဣတိ၊ ဤသို့။ ပဿန္တော၊ ရှုမြင်သောပုဂ္ဂိုလ်သည်။ သမ္မတ္တ-နိယာမံ၊ မဖောက်မပြန်သောသဘောရှိသည်ဖြစ်၍ မိမိ၏အခြားမဲ့၌ အကျိုးပေးမြဲသော အရိယမဂ်သို့။ ဩက္ကမတိ၊ သက်ရောက်ရလေ၏။

## နိစ္စသာရမရှိခြင်းသာ

ပဋိသမ္ဘိဒါမဂ်လာ ဤစကားအရ အသာရကကို အနတ္တယူကာ သာရကိုထိုမှ ပြန်ဘက် အတ္တဟုယူခြင်းဖြစ်ရာ ပဋိသမ္ဘိဒါမဂ်၏ ဆိုလိုရင်းအာဘော်ကို ဘယ်မျှ နားမလည်သည်ကို သိနိုင်ပါ၏၊ ပဋိသမ္ဘိဒါမဂ်၌ တောလေးဆယ်ဟုလာရာ ထို တောလေးဆယ်ထဲမှ အနိစ္စနှင့်ဆိုင်သော တောကဘယ်မျှ ဒုက္ခနှင့်ဆိုင်သော တောကဘယ်မျှ အနတ္တနှင့်ဆိုင်သောတောက ဘယ်မျှဟု အဋ္ဌကထာဆရာက ခွဲခြားပြခဲ့၏၊ ဤတွင် အသာရကတောမှာ အနိစ္စနှင့် ဆိုင်သော တောထဲတွင် ပါဝင်၏၊ ၎င်းကို "ဒုဗ္ဗလတာယ ဖေဂ္ဂုဝိယ သုခဘဉ္ဇနီယ တာယ စ" အကာ ဖြစ်သောကြောင့်လည်းကောင်း အလွယ်တကူဖျက်ဆီးနိုင်သည်၏ အဖြစ်ကြောင့် လည်းကောင်း အသာရကမည်၏ဟု ဖွင့်၏။

## အနတ္တ အသာရက မဟုတ်

အသာရကဒွေနကိုဖွင့်သော အနတ္တအရာ၌ သာမိနိဝါသိကာရက ဝေဒကအဓိ-ဋ္ဌာယက သယံဝသီဘိ ပရိကပ္ပိကသာရ ဝိရဟိတဒွေန-ခန္ဓာကိုယ်အရှင် ခန္ဓာကိုယ် ၌အမြဲနေသူ ခန္ဓာကိုယ်ကိုစွ ပြုလုပ်တတ်သူ ခံစားတတ်သူ စီမံခန့်ခွဲတတ်သူ ကိုယ်စိုးကိုယ်ပိုင် အလိုအတိုင်းဖြစ်သူဟူသော အနက်ကြောင့်ဟုဖွင့်သလို ဤ၌ မဖွင့်သောကြောင့် ဆိုခဲ့ပြီး အသာရကတောမှာ နိစ္စသာရခေါ် မြဲသော အနှစ်သာရမရှိခြင်းကိုဆို၍ အတ္တသာရခေါ် အသက်ဇီဝ အတ္တဟူသော အနှစ် သာရမရှိသည်ကို ဆိုသည်မဟုတ်။

ထို့ကြောင့် သာရံ နိဗ္ဗာနံ-၌ သာရ-သည် အနိစ္စဖြစ်သော အသာရက၏ ပြန် ဘက်ဖြစ်၍ အနိစ္စသာရကိုယူရ၏၊ အတ္တသာရကိုမယူရ၊ အနိစ္စသာရဖြစ်သော ကြောင့်"သာရံ၊ နိစ္စသာရ အနှစ်အသားရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။" ဟု ပေးခဲ့သည်၊ အတ္တသာရမရှိသောကြောင့် အနတ္တသာ။

## အတ္တသာရဆိုသည်မှာ ဘာလဲ

သာမိနိဝါသိစသည်ဖြင့် တိတ္ထိတို့ကြံဆအပ်သော အတ္တကောင်တည်း၊ ထို အတ္တကောင်မရှိသောကြောင့် ထိုအတ္တကောင်မဟုတ်သောကြောင့် အနတ္တဟု ဆိုရ၏။

နိဗ္ဗာန်သည်သဘာဝဓမ္မဖြစ်၍ သဘာဝဓမ္မမှန်သမျှ ဓမ္မာနိယာမတ္တနိဇ္ဇီဝသဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောတရားတို့သည် ဟူသော အဖွင့်အရ သတ္တဇီဝ အတ္တမဟုတ်ဟု ပယ်ပြီးဖြစ်ရာ ဘယ်မှာ အတ္တဟုတ်ပါအံ့နည်း၊ အတ္တယူသော ကျောက်ပုံဝါဒီတို့ကား အတ္တသဘာဝ အနတ္တသဘာဝ နားမလည်ကြ၍ သဘာဝကိုလွန်ကာ တော်စွာ လျှော်စွာ ကြံနေခြင်းသာ ဖြစ်တော့၏။

နိဗ္ဗာန်သာမက ပညတ်ကိုလည်း အနတ္တဆိုပြန်ရာ ဘယ်သို့ပါနည်း၊ ပညတ်ဆိုသည်မှာ သဘာဝဓမ္မမဟုတ်-သဘာဝဓမ္မလိုထင်ရှားမရှိ၊ သဘာဝဓမ္မကို အစွဲပြု ပညတ်ထားအပ်သည်ဖြစ်၍ ပညတ်ချက် ထင်မြင်ချက်အရ သာရှိနေသော တရားများဖြစ်၏၊အတ္တဆိုသည်ကလည်း ထိုအတ္တတကယ်မရှိ စိတ်ကူးအရ စွဲလမ်းထားသောအရာသာ၊ သို့ဖြစ်လျှင် တကယ်မရှိသော ပညတ်၌ တကယ်မရှိသော အတ္တက ဘယ်မှာရှိပါမည် ဟုတ်ပါမည်နည်း၊ ထို့ကြောင့် ပညတ်လည်း အတ္တလည်းမဟုတ်၊ အတ္တလည်းမရှိ၊ အားလုံးအနတ္တသာ။

## အနတ္တ အတ္တ အခွဲ

ပုသိမ်မောင်ညွန့်က သဥပါဒိသေသကို အနတ္တ အနုပါဒိသေသကို အတ္တဟု ကြံလိုက်ပြန်၏၊သူ့ဆရာကြီးက အချို့နေရာအနတ္တ၊အချို့နေရာအတ္တနှင့် နိဗ္ဗာန်ကို နှစ်မျိုးဆိုထားလေတော့ သူကလည်း ဆရာနည်းအရ ဘယ်သဘာဝ ဘယ် အာဂမမျှ မရှိပဲ ကြံမိကြံရာကြံခြင်းသာ ဖြစ်တော့၏။

သဥပါဒိသေသ အနုပါဒိသေသတို့မှ မှန်အောင်မယူဆတတ်သော ပုသိမ် မောင်ညွန့်က အတ္တ အနတ္တ ခွဲပြနေသည်မှာ နားမလည်ပဲနှင့် ဗုဒ္ဓမတညွှ လုပ် နေသူပင် ဖြစ်နေပြန်တော့သည်၊ ဗုဒ္ဓမတညူမှာ ဗုဒ္ဓဝါဒသိ၍ ထိုအတိုင်း ပြော ဆိုသော အဋ္ဌကထာဆရာများဖြစ်ရာ ဗုဒ္ဓဝါဒမှလွတ်နေသော ပုသိမ်မောင်ညွန့် ကား ဘယ်မှာ ဗုဒ္ဓမတညူဖြစ်ပါအံ့နည်း၊ နဗုဒ္ဓမဘညူဆိုသော ဗုဒ္ဓဝါဒဖျက် အဖြစ်သာ ယူဆ သုံးသပ်တော်မူကြသည်။

## အမှတ် (၂၃) စောဒနာ·သောဓနာတို့ကိုသုံးသပ်ခြင်း

### စောဒကပုဂ္ဂိုလ်တို့၏ စောဒနာခြင်း

ပုသိမ်မောင်ညွန့်သည် မိမိကိုယ်တိုင်ရေးသားသော ဝိဘင်္ဂပါဠိဒပညာသိ ဝိပဿနာကျမ်း၌ ရာဂ·ကုန်ဆုံးဖို့ရာ အားထုတ်နေသောပုဂ္ဂိုလ် အမျိုးအစားကို ရေးသားထားရာ ထိုရေးသားချက်သည် အဋ္ဌကထာနှင့်မညီညွတ်သောကြောင့် အဓမ္မဝါဒသာဖြစ်သည်ဟု စောဒကပုဂ္ဂိုလ်တို့က စောဒနာကြ၏။

စောဒကပုဂ္ဂိုလ်တို့ စောဒနာကြသည့်အတိုင်း ဝိဘင်္ဂပါဠိဒပညာသိ ဝိပဿနာကျမ်း၌ အဆိုပါပုဂ္ဂိုလ်အမျိုးအစားကို ရေးသားထားခြင်း ရှိ မရှိစစ်ဆေးကြည့်ရှုရာ အမှန်ပင်အမေးအဖြေလုပ်၍ ရေးသားထားသည်ကို တွေ့ရှိရ၏။

### ရေးသားထားပုံ

မေး။ ။ရာဂကုန်ဆုံးဖို့ရာ အားထုတ်နေသောပုဂ္ဂိုလ်ဆိုသည်မှာ ဘယ်ပုဂ္ဂိုလ်ကိုဆိုပါသလဲ။

ဖြေ။ ။ရာဂကုန်ဆုံးဖို့ရာ အားထုတ်နေသောပုဂ္ဂိုလ်ဆိုသည်မှာ သေက္ခပုဂ္ဂိုလ် (၇)ယောက်ကိုဆို၏။

ဤကား ပုသိမ်မောင်ညွန့်၏ ရေးသားချက်တည်း။

ထိုရေးသားချက်ကို စောဒကပုဂ္ဂိုလ်က အောက်ပါအဋ္ဌကထာကို သာဓကပြု၍ အဓမ္မဝါဒဟု စောဒနာ၏။

### အဋ္ဌကထာ

ရာဂဝိနယာယ ပါ ပဋိပန္နာတိ ရာဂဝိနယပဋိပဒံ ပဋိပန္နာ။ ဥက္ကဋ္ဌဒေသနာ စေသာ၊ န ကေဝလံ ပန ခီဏာသဝါနံ၊ အနာဂါမိသကဒါဂါမိသောတာပန္နာနမ္ပိ အန္တမသော တဒဟုပဗ္ဗဇိတဿ ဘဏ္ဍဂါဟကသာမဏေရဿာပိ ဒိန္နာ ဒက္ခိဏာ ဆဠဂ်သမန္နာဂတာဝ ဟောတိ။သောပိ သောတာပတ္တိမဂ္ဂတ္ထမေဝ ပဗ္ဗဇိတောတိ။ (အံ ဋ ၃။၁၀၇)

### မြန်မာပြန်

ရာဂကင်းအောင် ကျင့်သောသူတို့ဟူသည် ရာဂကို ပယ်ဖျောက်ကြောင်းဖြစ်သောအကျင့်ကို ကျင့်သောသူတို့တည်း၊ ဤဒေသနာသည်ကား ဥက္ကဋ္ဌဒေသနာတော်တည်း၊ အခြားပုဂ္ဂိုလ်များနှင့်မဖက် သက်သက်ရဟန္တာပုဂ္ဂိုလ်အားပေးလှူသော အလှူဒါနသည်သာ အင်္ဂါခြောက်ပါးနှင့် ပြည့်စုံသည်မဟုတ်

အနာဂါမ် သကဒါဂါမ် သောတာပန်တို့အားလည်းကောင်း အောက်ထစ်ဆုံးအား ဖြင့် ထိုနေ့ရှင်ပြုသော လူ့ဖွယ်ဝတ္တုဘာဏ္ဍာကို ယူတတ်သော သာမဏေအား လည်းကောင်း ပေးလှူအပ်သော အလှူဒါနသည် အင်္ဂါခြောက်ပါးနှင့် ပြည့်စုံ သည်သာဖြစ်၏၊ထိုသာမဏေသည်လည်း သောတာပတ္တိမဂ်အကျိုးငှာသာမဏေ ဝတ်ခဲ့၏။

အထက်ပါ အဋ္ဌကထာဖြင့် ရာဂကင်းအောင် ကျင့်ဆောင်ဆဲ ပုဂ္ဂိုလ်ဟူသည် သေက္ခပုဂ္ဂိုလ် (၇)ယောက်သာမဟုတ် အောက်ထစ်ဆုံးအားဖြင့် ထိုနေ့၌ရှင်ပြု သော သာမဏေကလေးပင်သော်လည်း ရာဂကင်းအောင်ကျင့်ဆောင်ဆဲပုဂ္ဂိုလ် ဖြစ်၏ဟု ဆိုလို၏၊ ထို့ကြောင့် စောဒကပုဂ္ဂိုလ်တို့က ပုသိမ်မောင်ညွန့်၏ ရေး သားချက်ဖြစ်သော—

ရာဂကုန်ဆုံးဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ သေက္ခပုဂ္ဂိုလ် (၇) ယောက်ကို ဆို၏–

ဟူသော ရေးသားချက်ကို အဓမ္မဝါဒဟု စောဒနာကြ၏။

ဝိနည်းဓိုရ်ဆရာတော်များ၏ သုံးသပ်ခြင်း

အထက်ပါ စောဒကပုဂ္ဂိုလ်တို့၏ စောဒနာသည် အဋ္ဌကထာနှင့် ညီညွတ်သော ကြောင့် ဓမ္မစောဒနာဖြစ်၍ ပုသိမ်မောင်ညွန့်၏ ရေးသားချက်သည် အဋ္ဌကထာ နှင့် မညီညွတ်သောကြောင့် အဓမ္မဝါဒသာဖြစ်၏ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

ဆက်လက်၍ သုံးသပ်ပါဦးမည်—

ပုသိမ်မောင်ညွန့်ရေးသားချက်များသည် အဘယ်ကြောင့် အဋ္ဌကထာနှင့် မညီမညွတ်ဖြစ်နေရသနည်းဟု အကြောင်းရင်းကို မှန်းဆကြည့်ရှုသောအခါ ပုသိမ်မောင်ညွန့်သည် အဋ္ဌကထာကို မယုံကြည်သောကြောင့် သော်လည်း ကောင်း ယုံကြည်သော်လည်း အဋ္ဌကထာကို မကြည့်ရှုတတ်သောကြောင့်သော် လည်းကောင်း ဤအကြောင်းနှစ်ပါးတွင် တပါးပါးသော အကြောင်းကြောင့် ဖြစ်တန်ရာ၏ဟု အဖြေထွက်လာ၏၊ ထိုအကြောင်းနှစ်မျိုးအနက် အဋ္ဌကထာကို မကြည့်ရှုတတ်သောအကြောင်းက ပို၍မှန်ကန်လိမ့်မည်ဟု ယုံကြည်ရ၏၊အဘယ့် ကြောင့်ဆိုသော် အကယ်၍ အဋ္ဌကထာကိုကြည့်ရှုတတ်လျှင် အဋ္ဌကထာဝါဒကို ရေးဦးစွာဖော်ပြပြီးမှ ထိုအဋ္ဌကထာဝါဒနှင့်မတူသော မိမိကြိုက်နှစ်သက်သော ဝါဒကို ပြဆိုရမည်ဖြစ်၏။

ယခုမူ ဤကဲ့သို့မဟုတ်ပဲ မမှန်ကန်သော မိမိဝါဒတခုတည်းကိုသာ ထုတ်ပြ ရေးသားထားသောကြောင့် ပုသိမ်မောင်ညွန့်သည် အဋ္ဌကထာကိုကြည့်ရှုတတ်သူမဟုတ်ဟု ယူဆရသည်၊ အဋ္ဌကထာကိုမကြည့်ရှုတတ်လျှင် တရားဟောဆရာမပြုလုပ်ထိုက်ပေ၊ ဒါမှမဟုတ်ပဲ တရားဟောဆရာပြုလုပ်ချင်ပါသေးတယ်ဆိုလျှင် သူတပါးရေးသားထားသော တရားစာအုပ်များကို နှုတ်ငုံကျက်မှတ်၍ ထိုကျက်မှတ်ထားသည့်အတိုင်း တသွေမသိမ်းပြောဟောမှသာလျှင် အမှန်ကို ရရှိနိုင်ပေလိမ့်မည်၊ သို့မဟုတ်ပါပဲ မိမိကိုယ်ကို မိမိ စာတတ်ပုဂ္ဂိုလ်ကြီးလုပ်ပြီး လက်တန်းဟောပြောနေပါက အမှားအဓမ္မတွေနှင့်သာ ထပ်တလဲလဲ ကြုံတွေ့နေရပေလိမ့်မည်။

မြတ်စွာဘုရား ဟောတော်မူအပ်သော ဓမ္မတွေကို အဓမ္မဖြစ်အောင်လည်းကောင်း မြတ်စွာဘုရားဟောတော်မမူအပ်သော အဓမ္မတွေကို မြတ်စွာဘုရားဟောတော်မူအပ်သော ဓမ္မဖြစ်အောင်လည်းကောင်း ကြံဆောင်ဟောပြောသော ဓမ္မကထိကပုဂ္ဂိုလ်သည် မိမိကိုယ်ကို မိမိတူးဖြို့ဖျက်ဆီးနေသူလည်းမည်၏၊ မြတ်စွာဘုရားကို စွပ်စွဲနေသူလည်းမည်၏၊ ထိုသူသည် သေသည်မှ နောက်ကာလ၌ အပါယ်သို့လားရောက်ရလတ္တံ့ဟူ၍ ကျမ်းဂန်တို့၌ လာသောကြောင့် အမှားတွေ ဟောပြောနေသော ဓမ္မကထိက ပုသိမ်မောင်ညွန့်သည် အပါယ်လားကြောင်း အဓမ္မဟောပြောခြင်းတို့မှ ရှောင်ရှားသင့်ပြီဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြသည်။

### ပုသိမ်မောင်ညွန့်၏ အလှူခံပုဂ္ဂိုလ်ရှစ်ယောက် သုံးသပ်ချက်

ပုသိမ်မောင်ညွန့်၏ အလှူခံပုဂ္ဂိုလ်များ –

မေး။ အလှူခံထိုက်သည့် ပုဂ္ဂိုလ်သည် ဘယ်နှစ်ပါးရှိပါသလဲ၊

ဖြေ။ (၂) နံပါတ် မေးခွန်းအရ တိုတိုဖြေရလျှင် လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ ကောင်းမြတ်သော စေတနာနှင့် လှူလိုက်သည့်အခါ အလှူခံထိုက်သော ပုဂ္ဂိုလ်များမှာ သေက္ခ အသေက္ခ ခေါ်ဆို အရိယာရှစ်ယောက်တို့ကို ဖယ်၍ ကြွင်းကျန်သော ပုဂ္ဂိုလ်တို့မှာ အလှူမခံထိုက်ပါ။

ဤကား ပုသိမ်မောင်ညွန့်၏ ဝိဘဇ္ဇပါဒ ပညာသိ ဝိပဿနာကျမ်းလာ အလှူခံပုဂ္ဂိုလ် အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့ပေတည်း။

ပုသိမ်မောင်ညွန့်၏ အထက်ပါ အလှူခံပုဂ္ဂိုလ်ရှစ်ယောက်တို့နှင့် ပတ်သက်၍ စောဒက ပုဂ္ဂိုလ်တို့က အောက်ပါ ပါဠိတော်နှင့် အဋ္ဌကထာကို ဖော်ပြ၍ ပုသိမ်မောင်ညွန့်၏ ဝါဒကို အဓမ္မဝါဒဟု စောဒနာကြ၏။

ဤအရာ၌ စောဒကပုဂ္ဂိုလ်တို့ပြသော ပါဠိမှာ အကျမျာ း ရှိခဲ့ရာ အပြည့်အစုံ ထုတ်ပြလိုက်၏

**စောဒကတို့ ထုတ်ပြသောပါဠိတော်**

ကတိ နု ခေါ ဘန္တေ လောကေ ဒက္ခိဏေယျာ၊ ကတ္ထ စ ဒိန္နံ ဒါတဗ္ဗန္တိ။ ဒွေ ခေါ ဂဟပတိ လောကေ ဒက္ခိဏေယျာ၊ သေခေါ စ အသေခေါ စ။ ဣမေ ခေါ ဂဟပတိ ဒွေ လောကေ ဒက္ခိဏေယျာ၊ ဧတ္ထ စ ဒိန္နံ ဒါတဗ္ဗန္တိ။ (အံ-၁။၆၄)

မြန်မာပြန်

မြတ်စွာဘုရား လောက၌အလှူခံထိုက်သော ပုဂ္ဂိုလ်တို့သည် အဘယ်နှစ်မျိုး ရှိပါကုန်သနည်း၊ အဘယ်ပုဂ္ဂိုလ်တို့၌ အလှူကိုပေးလှူအပ်ပါသနည်းဟု အနာထပိဏ်သူဌေးက မေးလျှောက်အပ်သော် မြတ်စွာဘုရားကသူကြွယ်သူဌေးလောက၌ အလှူခံထိုက်သော ပုဂ္ဂိုလ်တို့သည် သေက္ခပုဂ္ဂိုလ် အသေက္ခပုဂ္ဂိုလ်ဟုနှစ်ယောက် ရှိကုန်၏၊ ဤသေက္ခ အသေက္ခပုဂ္ဂိုလ်တို့၌ အလှူဒါနကို ပေးလှူအပ်၏၊ ဤသို့ မြတ်စွာဘုရား မိန့်တော်မူ၏။

**စောဒကတို့ထုတ်ပြသော အဋ္ဌကထာ**

သေခေါတိ ဣမိနာ သတ္တသေက္ခေ ဒဿေတိ။ တေ္တ စ သီလဝန္တ-ပုထုဇ္ဇနောပိ သောတာပန္နေနေဝ သင်္ဂဟိတော။ (အံ ဋ္ဌ ၂။ ၂၉)

မြန်မာပြန်

သေခေါ ဟူသောပါဌ်ဖြင့် သေက္ခပုဂ္ဂိုလ် ၇-ယောက်ကိုပြ၏၊ ဤသေက္ခပုဂ္ဂိုလ် ၇-ယောက်တို့တွင် သီလရှိသော ပုထုဇဉ်ပုဂ္ဂိုလ်ကို သောတာပန်ပုဂ္ဂိုလ်ဖြင့် သာလျှင် သိမ်းကျုံး၍ယူအပ်၏။

အထက်ပါပါဠိတော်နှင့် အဋ္ဌကထာနှစ်ရပ်တို့ကို ပေါင်းလိုက်သော် သီလဝန္တ ပုထုဇဉ်နှင့် သေက္ခ အသေက္ခပုဂ္ဂိုလ်တို့သည် အလှူခံထိုက်သူ ပုဂ္ဂိုလ်များဟု ထင်ရှား၏၊ ပုသိမ်မောင်ညွန့်ပြောသလို အရိယာရှစ်ယောက်သာ အလှူခံထိုက် သူ ပုဂ္ဂိုလ်များမဟုတ်ချေ။

ထို့ပြင် မြတ်စွာဘုရားသည်အနာဝသေသအားဖြင့်အလှူခံပုဂ္ဂိုလ်တို့ကို ဟော ပြတော်မူလိုသောကြောင့် ဒက္ခိဏာဝိဘင်္ဂသုတ်၌ အလှူခံတစ်ကျိပ်လေးယောက် ကို ဟောတော်မူခဲ့၏၊ ထို့ကြောင့် ပုသိမ်မောင်ညွန့်ရေးသားသော အလှူခံပုဂ္ဂိုလ် ရှစ်ယောက်ဟူသော အယူဝါဒသည် အဓမ္မဝါဒသာဖြစ်၏ဟု စောဒကပုဂ္ဂိုလ်တို့က စောဒနာကြ၏။

## ဝိနည်းဓိုရ် ဆရာတော်များ၏သုံးသပ်ချက်

အထက်ပါ စောဒနာကို ပုသိမ်မောင်ညွန့်သည် သာဓကလုံလောက်စွာဖြင့် ပြောင်မြောက်ပြည့်စုံစွာ ဖြေကြားသောခနာခြင်းမပြုလုပ်နိုင်သည့်အပြင်မိမိကိုယ် တိုင်ပင် အလှူခံထိုက်သူ ပုဂ္ဂိုလ်မှာ သီလဝန္တပုထုဇဉ်နှင့်အရိယာရှစ်ယောက်တို့ဖြစ် ကြောင်း ဝန်ခံထားပြီးဖြစ်သောကြောင့် ပုသိမ်မောင်ညွန့်၏ ယခင်ရေးသားချက် ဖြစ်သော "အလှူခံထိုက်သည့် ပုဂ္ဂိုလ် အရိယာရှစ်ယောက်" ဟူသော အယူဝါဒ သည် အဓမ္မဝါဒသာဖြစ်၏ဟု ဝိနည်းဓိုရ်ဆရာတော်များက သုံးသပ်တော်မူကြ သည်။

### ပုသိမ်မောင်ညွန့်၏ ဒါနသုံးမျိုးနှင့် စပ်လျဉ်း၍ စောဒနာ သာဓကတို့ကို သုံးသပ်ခြင်း ပုသိမ်မောင်ညွန့်၏ ဒါနသုံးမျိုး

၁။ လောကုတ္တရာ တရားသိပြီးမှ ဒါနပြုခြင်းသည် ပဏီတဒါန၊ အမြတ် ဒါန ခေါ်၏။

၂။ လောကုတ္တရာတရား သိရန် ကြိုးစား အားထုတ်ဆဲ ဒါနပြုခြင်းသည် မဇ္ဈိမဒါန၊ အလယ်အလတ် ဒါနခေါ်၏။

၃။ လောကုတ္တရာတရားသိရန် ကြိုးစားအားထုတ်မှု မပြုသောသူ ဒါနပြု ခြင်းသည် ဟီန ဒါန အညံ့ဆုံးဒါနခေါ်၏။

ဤကား ပုသိမ်မောင်ညွန့်၏လက်ကမ်းစာစောင်မှ ဒါနသုံးမျိုးတည်း။

စောဒကဆရာတော်များက ပုသိမ်မောင်ညွန့်အဆိုအတိုင်းဆိုလျှင် အရိယာ ပုဂ္ဂိုလ်များပြုလုပ်အပ်သော ဒါနသာ ပဏီတဒါနခေါ်ဆိုနိုင်၍ ပုထုဇဉ်တို့ပြုလုပ် အပ်သောဒါနကို ပဏီတဒါနဟု မခေါ်ဆိုနိုင်သလိုဖြစ်နေကြောင်း လဒ္ဓဒေါသပြ ကာ သူဆိုသလို မဟုတ်ကြောင်း သာဓကတင်ပြစောဒနာခဲ့ကြ၏။

စောဒကတို့တင်ပြသော သာဓကကား ကုသိုလ်အရာဝယ် အားထုတ်ဆဲ ခဏ္ဍ ဆန္ဒ စိတ္တ ဝီရိယ ဝီမံသ တရားများညံ့နေက ဟီန၊ အလယ်အလတ်ဖြစ်က မဇ္ဈိမ၊ကောင်းနေ မြတ်နေက ပဏီတမည်ကြောင်းပြသော အဋ္ဌသာလိနီသာဓက ပင်ဖြစ်ပါ၏။

ဤသာဓကက အလှူ၏ ပဏီတစသည်ဖြစ်ဖို့ရာ လောကုတ္တရာသိမှု မသိမှုနှင့် မဆိုင် လှူဆဲ တန်းဆဲဖြစ်နေသောသူ စိတ်ထားသဘောထားအရ ပဏီတစသည် ဖြစ်ရကြောင်းပြသဖြင့် ဤသာဓကဖြင့်ပင် ပုသိမ်မောင်ညွန့်အဆိုမှာ အာဂမမရှိ ယုတ္တိကင်းကွာ ထင်ရာဆိုထားသော အဆိုဖြစ်ကြောင်းသိရ၏။

ကုသိုလ်၏ ဟီန မဇ္ဈိမ ပဏီတအဖြစ်ကို အားထုတ်ခြင်း၏ အစွမ်းဖြင့်သာ သိအပ်၏၊ လောကုတ္တရာတရား သိမသိမှု၏ အစွမ်းဖြင့် သိအပ်သည် မဟုတ်ဆိုသည်ကို အောက်ပါ အဋ္ဌသာလိနီအဋ္ဌကထာဖြင့်လည်း သိအပ်၏။

> တတ္ထ ဟီနန္တိ လာမကံ၊ တံ အာယူဟနဝသေန ဝေဒိတဗ္ဗံ။ ဟီနုတ္တမာနံ မဇ္ဈေ ဘဝံ မဇ္ဈိမံ။ ပဓာနဘာဝံ နီတံ ပဏီတံ၊ ဥတ္တမန္တိ အတ္ထော။ တာနိပိ အာယူဟနဝသေနေဝ ဝေဒိတဗ္ဗာနိ။
>
> (အဘိ ဋ္ဌ ၁။၂၅၇)

မြန်မာပြန်

ထိုကုသိုလ်တို့တွင် ညံ့သော်ကုသိုလ်သည် ဟီန မည်၏၊ ထိုဟီနကုသိုလ်ကို အားထုတ်ခြင်း၏ အစွမ်းဖြင့် သိအပ်၏၊ အညံ့အမြတ်တို့၏ အလယ်၌ဖြစ်သော ကုသိုလ်သည် မဇ္ဈိမမည်၏၊ ပြဋ္ဌာန်းသည်၏အဖြစ်သို့ ဆောင်အပ်သောကုသိုလ်သည် ပဏီတမည်၏၊ မြတ်သောကုသိုလ်၊ ဤကား အနက်၊ ထိုအလတ်အမြတ်ကုသိုလ်တို့ကိုလည်း အားထုတ်ခြင်း၏အစွမ်းဖြင့်သာ သိအပ်ကုန်၏။

ကုသိုလ်၏ ဟီနစသည်အဖြစ်ကို အားထုတ်ခြင်း၏ အစွမ်းဖြင့်သာ သိအပ်သောကြောင့် အထက်က ကံအားထုတ်ဆဲခဏ၌ ဆန္ဒစသည် အညံ့အလတ်အမြတ် အစွမ်းဖြင့် ဟီနစသည် ဖြစ်ရကြောင်း ဆိုခဲ့ခြင်း ဖြစ်ပါ၏။

## ဟီနစသည်ဖြစ်ပုံတနည်း

ဟီန စသည်ဖြစ်ရာ၌ စိတ်ထားသဘောထားသာမက ကိုယ်အမူအရာ စသည်အားဖြင့်လည်း ဖြစ်နိုင်၏၊ ထို့ကြောင့် မရိုမသေသော အခြင်းအရာဖြင့်ပြုသော ဒါနသည် ဟီန၊ လျစ်လျူရှုသဖြင့် ပြုအပ်သော ဒါနသည်မဇ္ဈိမ၊ ရိုသေစွာပြုလုပ်အပ်သောဒါနသည် ပဏီတဖြစ်ကြောင်း အနုဋီကာလာ သာဓက ထုတ်ပြခဲ့ကြပြန်သည်။

ထိုမျှမက ဟီန-အညံ့ဒါနကိုရှောင် ပဏီတ-အမြတ်ဒါနကို ဆောင်ဖို့ရာလည်းကောင်း လောကုတ္တရာသိလိုမှု ပဏီတ-စသော အယူအလွဲအမှားများ မဖြစ်ပွားစေရန်လည်းကောင်း ပဏီတဒါနစသည်ကို အနုဋီကာဆရာက အနည်းနည်းပြခဲ့ရာ ထိုဋီကာအဆိုကိုလည်း စောဒကဆရာတော်များက ပြခဲ့၏၊ ဤနည်းက ဘဝစည်းစိမ်ကို လိုချင်မက်မောသဖြင့် ဖြစ်စေအပ်သော ဒါနသည် ဟီန၊ လိုချင်မက်မောခြင်းကင်းသော အလောဘအလိုအဇ္ဈာသယဖြင့် ဖြစ်စေအပ်သော ဒါနသည် မဇ္ဈိမ၊ သူတပါးအကျိုးစီးပွားအလို့ငှာ ဖြစ်စေအပ်သော ဒါနသည် ပဏီတမည်၏။

## တခြားနည်းတွေရှိသေး၏

စောဒကဆရာတော်များ ပြခဲ့သော ဟီနစသည်ဖြစ်ပုံ ဆိုခဲ့ပြီးနည်းမှတပါး တခြားနည်းရှိပါသေး၏၊ နောင်အခါ ပုသိမ်မောင်ညွန့်တို့ကဲ့သို့ ကျမ်းဂန်အဆို လွှတ်ကာ ကိုယ်လိုရာဆွဲ မပြောနိုင်ပဲရှိရအောင် ထုတ်ပြပါဦးအံ့။

အာမိသကိဥ္စက္ခာဒိဟေတု ဝါ ကတံ ဟီနံ၊ ပုညဖလကာမတာယ ကတံ မဇ္ဈိမံ၊ ကတ္တဗ္ဗမိစ္စေဝ အရိယဘာဝေ ဌိတေန ကတံ ပဏီတံ–

တနည်း၊ ဤဘဝအနည်းငယ်မျှသော ပစ္စည်းအကြောင်းကြောင့် ပြုအပ်သောဒါနသည် ဟီန၊ ကောင်းမှုအကျိုး လိုလားသည်၏အဖြစ်ဖြင့် ပြုအပ်သော ဒါနသည် မဇ္ဈိမ၊ ပြုသင့်ပြုထိုက် ပြုရမည့်အလုပ်ဟုသာလျှင် မှန်မြတ်သော ပုဂ္ဂိုလ်အဖြစ်၌ တည်သဖြင့် ပြုအပ်သော ဒါနသည် ပဏီတမည်၏။

ပရိတ္တကတံ ဝါ ဟီနံ၊ မတ္တသော ကတံ မဇ္ဈိမံ၊အဓိမတ္တသော ကတံ ပဏီတံ။ (အနုဋီ-၁။၁၁၇။)

အနည်းငယ်ပြုအပ်သော ဒါနသည် ဟီန၊ သင့်တော်ရုံပြုအပ်သောဒါနသည် မဇ္ဈိမ၊ အတိုင်းထက်အလွန် ပြုအပ်သော ဒါနသည် ပဏီတ၊စေတနာတူလျှင် ပစ္စည်းများများလှူမှုက ပဏီတဟု သိရ၏။

ဤမျှဆိုလျှင် ဒါန၏ ဟီန မဇ္ဈိမ ပဏီတဖြစ်မှုမှာ လောကုတ္တရာသိမှု စသော အလှူဒကာ၏ ပင်ကိုယ်ဂုဏ်နှင့်မဆိုင် လှူဆဲဏအဒါနမှုကို ပြီးမြောက်စေတတ်သော အလှူခံ အလှူဝတ္ထု အလှူဒကာ၏ ဆန္ဒစသည်နှင့် သဒ္ဓါစေတနာ စိတ်ထား ကိုယ်အမူအရာစသည်တို့နှင့် သက်ဆိုင်သည်ဖြစ်ရာ လောကုတ္တရာသိသူ၏ ဒါနမှ ပဏီတဆိုသော ကျောက်ပုံမောင်ညွန့်၏ အယူအဆကား တရားနှင့် မညီသော အတ္တနောမတိမျှသာ၊ ပမာဏမမြောက်ဟု ဝိနည်းဓိုရ် ဆရာတော်များက ယူဆသုံးသပ်တော်မူကြသည်။

---

## စောဒနာ သောဓနာအမှတ် ( ၂၄ ) သုံးသပ်ချက်

**စောဒနာ**

စောဒက ဆရာတော်တို့က ကျောက်ပုံဝါဒီတို့၏ ပညာသိ ဝိပဿနာ အယူ အဆကို တင်ပြလျက် ပါဠိအဋ္ဌကထာ ဋီကာအဆိုများနှင့် မတူ တမူကွဲပြား လျက်ရှိသော အနတ္တ အနိစ္စ ဒုက္ခတို့မဖြစ်ကြောင်းကိုသာဓကများဖြင့် စိစစ်ကာ စောဒနာခဲ့ကြ၏၊ ကျောက်ပုံအနတ္တကား ကျောက်ပုံဝါဒ၌ အရေးပါသော ပင်မ အခြေခံဖြစ်ခဲ့၏၊ထိုအနတ္တဖြင့်ပင် အားလုံးသူတို့ အယူအဆဝါဒများကို တီထွင်

ကာ လှုပ်ရှားခဲ့ကြ၏၊သူတို့ အနတ္တကား ပါဠိစသည်မှ အနတ္တနှင့် မည်မျှကွာခြားသည်ကို ရှေးဦးစွာ နှိုင်းယှဉ် စိစစ်ဖို့ လိုလာပြန်သည်ဟု ဝိနည်းမိုရ်ဆရာတော်များက ယူဆကြသည်။

### အနတ္တအဓိပ္ပာယ်

စက္ခုဆိုသည်မှာ ရူပါရုံထင်နိုင်အောင် ကြည်နေသော ပသာဒရုပ်ဖြစ်၏၊ ထိုစက္ခုအကြည်၌ ရူပါရုံ ထင်လာပုံ ထိုရူပါရုံကို သိသော အသိပေါ်လာပုံကလေးများက ထူးဆန်းလှသည်ဖြစ်ရာ စက္ခုမှာ ဇီဝအသက်ကလေးဟု ထင်လာရ၏၊ ဇီဝက အတ္တ၊ ဇီဝဟု ထင်လာရခြင်းက အတ္တစွဲလာခြင်းပင်၊စက္ခုကိုအတ္တစွဲလာခြင်းက ထိုအတ္တဝါဒီ၏ အမှားပင်၊ အဘယ့်ကြောင့်နည်း အတ္တဝါဒီတို့အလိုမှာ အတ္တက ဖြစ်ပျက်တရားမဟုတ်၊ မြဲသောတရား မပျက်နိုင်သောတရား၊ စက္ခုက ထိုသို့မဟုတ်၊ စက္ခု၌ ဥပ္ပါဒ ဖြစ်မှုလည်း ထင်ရှား၏၊ ဝယ ပျက်မှုလည်း ထင်ရှား၏၊ ဖြစ်ပျက်သော စက္ခုကို အတ္တဟု စွဲယူခြင်းဖြင့် အတ္တသည်ဖြစ်လည်းဖြစ်၏၊ ပျက်လည်းပျက်၏ဟူသောအဓိပ္ပာယ် သက်ရောက်လာ၏၊ မမြဲဟုဆိုရာ ရောက်သွား၏၊ သူခံယူထားသော အတ္တအနက် ပျက်သွားသည်ဖြစ်ရာ စက္ခုအတ္တမဟုတ်ဆိုသည်မှာ ပေါ်လွင်လာတော့၏၊ထို့ကြောင့် စက္ခုသည် အတ္တမဟုတ်ပါ၊ အနတ္တသာ ဖြစ်ပါ၏၊ ဤကား အောက်ပါ ပါဠိတော်အရ ဆိုအပ်သော အနတ္တအဓိပ္ပာယ် ဖြစ်ပါသည်။

### ပါဠိသာဓက

> "စက္ခု အတ္တာ"တိ ယော ဝဒေယျ၊ တံ န ဥပပဇ္ဇတိ၊စက္ခုဿ ဥပ္ပါဒေါပိ ဝယောပိ ပညာယတိ။ ယဿ ခေါ ပန ဥပ္ပါဒေါပိ ဝယော ပိ ပညာယတိ "အတ္တာ မေ ဥပ္ပဇ္ဇတိ စ ဝေတိ စာ"တိ ဣစ္စဿ ဧဝမာဂတံ ဟောတိ၊ တသ္မာ တံ န ဥပပဇ္ဇတိ၊ "စက္ခု အတ္တာ"တိ ယော ဝဒေယျ။ ဣတိ စက္ခု အနတ္တာတိ။ (မ ၃။ ၃၂၉)

မြန်မာပြန်

အကြင်သူသည် စက္ခုသည် အတ္တတည်းဟု ဆိုငြားအံ့၊ ထိုသူ၏ ထိုစကားသည် မသင့်၊ အဘယ့်ကြောင့်နည်း၊ စက္ခု၏ ဖြစ်ခြင်းလည်း ထင်ရှား၏၊ ပျက်ခြင်းလည်း ထင်ရှား၏ ထို့ကြောင့် မသင့်၊ စက္ခုကို အတ္တဆိုသဖြင့် ကျရောက်မည့်အပြစ်ကိုဆိုရလျှင် အကြင်အတ္တဟု ဆိုအပ်သော စက္ခု၏ဖြစ်ခြင်းလည်း ထင်ရှား၏၊ပျက်ခြင်းလည်းထင်ရှား၏၊ထိုစက္ခုအား ငါ့စက္ခုအတ္တသည်ဖြစ်လည်း ဖြစ်၏၊ ပျက်လည်းပျက်၏ဟု ဆိုဖွယ်အပြစ် ရောက်လာ၏။

ထို့ကြောင့် စက္ခုသည် အတ္တဟု အကြင်သူဆိုအံ့၊ ထိုသူစကား မသင့်၊ ထို့ကြောင့် စက္ခုသည် အတ္တမဟုတ် အနတ္တဖြစ်၏။ ( ရူပါရုံကိုလည်း ဤအတိုင်း ဟောထား၏၊ အတူတူပင်ဖြစ်၍ စက္ခုကိုပင် ထုတ်ပြလိုက်သည် ။)

## ကျောက်ပုံတို့ အနတ္တနှင့်တူသလော

ဤဒေသနာမှာ အနိစ္စဖြင့် အနတ္တကို ထုတ်ဖော်ပြဆိုသော ဒေသနာ ဖြစ်၏၊ စက္ခုသည် အနတ္တ အတ္တမဟုတ်၊ ဘာကြောင့်လဲ မမြဲသောကြောင့်၊ အတ္တဖြစ်လျှင် မြဲရမည်၊ယခုတော့ ဖြစ်လည်းဖြစ်ပျက်လည်းပျက်မမြဲ၊မမြဲလို့ အတ္တ မဟုတ် အနတ္တတည်း၊ ဤကား ဒေသနာ၏ ဆိုလိုရင်းသဘော အချုပ်တည်း။

ဘုရားဟော ဤအနတ္တဒေသနာက အနတ္တသည် ကျောက်ပုံဝါဒီတို့ အနတ္တနှင့် တူပါ၏လော၊ အလှမ်းဝေးကွာလှပါဘိ၏၊ အနတ္တအရာမှာ ကျောက်ပုံဦးစံရင်းက ဘုရားဟောထက် လွန်ကြုံဆထားသော သကဝါဒအနတ္တ ဆိုထားရာ အဘယ်မှာ ဘုရားဟော အနတ္တနှင့် တူနိုင်ပါအံ့နည်း၊ ဘုရားဟောအနတ္တက ဖြစ်ပျက် အနတ္တ၊ စက္ခုလည်း ဖြစ်ပျက်၊ အနတ္တလည်း ဖြစ်ပျက်၊ ဤအရာ၌ အနတ္တသည် စက္ခုပင်ဖြစ်ပါသည်၊ ကျောက်ပုံဝါဒီတို့အနတ္တကား မဖြစ်မပျက် ချုပ်ဆုံးလျက် ရှိနေသော နိရောဓဓမ္မ၊ ဝိပဿနာပညာရှင်တို့ ဝိဘဇ္ဇဝါဒအရ ဖောက်ခွဲရှုကြည့်လို့ မြင်လာရသော အဇာတိဓမ္မ နိရောဓဟု သူတို့ဆိုကြ၏။

အသခ်တကို သူတို့ကနိဗ္ဗာန်မဟုတ်တဲ့၊အသခ်တနိဗ္ဗာန်ဖြစ်ကြောင်း မိမိတို့က စောဒနာအမှတ် ( ၈ )၌ အခိုင်အမာ ဆုံးဖြတ်ခဲ့ကြပါပြီ၊အသခ်တကို ဝိပဿနာ နယ်မှာ ဖြစ်ပျက်ကင်းတဲ့ ရုပ်နာမ်တွေအဖြစ် သတ်မှတ်ကြ၏၊ ဥပါဒ်ဌီဘင်မရှိ အဇာတိနိရောဓဓမ္မအဖြစ် သတ်မှတ်ရာမှ ၎င်းရုပ်နာမ်သည် ကာလသုံးပါးမှ လွတ်လျက်ရှိသော ကာလဝိမုတ်လည်း ဖြစ်သေး၏ သို့သော် အကြောင်း စုံက ဖြစ်ပေါ် လာရသေး၏၊ ပေါ်ပြီး ပျောက်ဆုံးနေရပြန်သည်၊ဘယ်မျှ ထူးဆန်းသော အနတ္တပါနည်း၊သေချာစွာစဉ်းစားလျှင် အနတ္တ အနတ္တဟု ပါးစပ်က တဖွဖွပြောနေကြသော်လည်း တကယ်တော့ အတ္တကလေးတခု ဖန်တီးမှန်းမသိ ဖန်တီးနေခဲ့ခြင်းသာ ဖြစ်ပါပေ၏။

## အနတ္တဒေသနာ တမျိုး

ရူပံ ဘိက္ခဝေ အနတ္တာ၊ ရူပဥ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ လဗ္ဘေထ စ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ဧဝံ မေ ရူပံ မာ အဟောသိ"တိ။ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ၊န စ လဗ္ဘတိ ရူပေ "ဧဝံ မေ ရူပံ ဟောတု၊ဧဝံ မေ ရူပံ မာ အဟောသီ"တိ။ (သံ-၂။၅၅)

မြန်မာပြန်

ရဟန်းတို့ ရုပ်သည် အတ္တမဟုတ် အနတ္တဖြစ်၏၊ ရုပ်သည် အတ္တဖြစ်ခဲ့လျှင် နှိပ်စက်ဖို့ရာမဖြစ်ရာ၊ငါ့ရုပ် ဤကဲ့သို့ အကောင်း ဖြစ်ပါစေ၊ ဤကဲ့သို့ မကောင်း မဖြစ်ပါစေနှင့်ဟု တောင့်တတိုင်း ရအပ်ရာ၏၊ သို့သော် ရုပ်သည် အနတ္တဖြစ်နေသောကြောင့် နှိပ်စက်ဖို့ရာ ဖြစ်နေပါ၏၊ငါ့ရုပ်ဤသို့အကောင်းဖြစ်ပါစေ၊ ဤသို့ မကောင်း မဖြစ် ါစေနှင့်ဟု တောင့်တတိုင်းလည်း မရအပ်၊ထို့ကြောင့် ရုပ်သည် အနတ္တ။

## ဒေသနာတော်အဓိပ္ပာယ်

ဤဒေသနာတော်၌ ဒုက္ခဖြင့်အနတ္တဖော်ခဲ့၏၊ ရုပ်သည် နှိပ်စက်ဖို့ရာဖြစ်နေသည်၊ အစိုးရသောအလိုအတိုင်းဖြစ်သော အတ္တဖြစ်လျှင် ထိုသို့နှိပ်စက်မှုမဖြစ်ရာ၊ ရုပ်တရားရှိ၍ အိုရ နာရ သေရသည်ဖြစ်ရာ ရုပ်သည် နှိပ်စက်ဖို့ရာ ဖြစ်နေရသည် ဆိုရ၏၊ ဤအဆိုဖြင့် သာမိ(အရှင်အစိုးရသူ)သယံဝသီ (ကိုယ်အလိုအတိုင်းဖြစ်နိုင်သူ)ဆိုသော အတ္တကိုပယ်၏၊အဘ္ဘကို အစိုးရသော အရှင်ဖြစ်သောသူအလိုအတိုင်း လိုက်ရသော အသက်အကောင်ဟု အဆိုရှိရာ ရုပ်၏ချမ်းသာဖို့မဖြစ် နှိပ်စက်ဖို့ဖြစ်နေခြင်းက အတ္တ၏အစိုးရအလိုအတိုင်းဖြစ်သော အနက်အရမဖြစ်ရာ၊ အနတ္တ(အတ္တမဟုတ်)ဆိုရ၏၊ ရုပ်အတ္တဖြစ်လျှင် ငါ့ရုပ်ဤသို့ ရုပ်ကောင်းဖြစ်ပါစေ ဤသို့ ရုပ်မကောင်း မဖြစ်ပါစေနှင့် တောင့်တတိုင်း အလိုအတိုင်းဖြစ်ရာ၏၊ ထိုသို့အလိုအတိုင်းကားမဖြစ်၊ ထို့ကြောင့် အတ္တ(အစိုးရသူ အလိုအတိုင်းဖြစ်သူ)မဟုတ် အစိုးမရ အလိုအတိုင်းမဖြစ်သော အနတ္တ(ဝါ)ရုပ်ဓမ္မဖြစ်သည်၊ ဤစကားဖြင့်လည်း သာမိ-အစိုးရသူ ဝသဝတ္တန- အလိုအတိုင်းဖြစ်သူ အနက်အရ မဖြစ်၍ အတ္တမဟုတ် အနတ္တဟု သိစေ၏။

## ကျောက်ပုံအနတ္တ

ဤအနတ္တလက္ခဏသုတ်လာ အနတ္တလည်း ကျောက်ပုံဝါဒီတို့ အနတ္တနှင့်တူသလော စစ်ဆေးဖွယ် ရှိပြန်ပါသည်၊ အကြောင်းစုံမှုဖြစ်သည် သူဟာသူ သူတို့အလိုအတိုင်း မဖြစ်ဟူသောအကြောင်းပြမှာ သာမိ အဝသဝတ္တန အတ္တကို ပယ်သည်ဟု ဆိုလိုက ဆိုနိုင်ဖွယ်ရှိပါ၏။

သို့သော်“တံ ကိံ မညထ ဘိက္ခဝေ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ အနိစ္စံ ဘန္တေ” အမေး အဖြေ ဒေသနာအရ ဤသုတ္တန်လာ ရုပ်အနတ္တက ဖြစ်ပြီးပျက်သော အနိစ္စအရဖြစ်သော အနတ္တဖြစ်၏၊ ကျောက်ပုံတို့က အနတ္တအရ အဖြစ်မရှိဆိုသည်ကို ဘုရားဟောပါသည်ဟု အထောက်ပြသေး၏၊ သူတို့အဆိုနှင့် သူတို့အထောက် ဘယ်လောက်ကွာခြားနေသည်ကို ဟာသတခုအဖြစ် ဖော်ပြရပါသည်။

**ဦးစံရင်းအဆို—**

သံယုတ်ပါဠိတော်လာ မျက်တောင်တခတ်ဖြစ် ဆိုလျှင် ခက်သေးကြောင်း၊ အစ္ဆရာသံဃာတမတ္တမ္ပိ ဘဝံ န ဝဏ္ဏေမိ—ဟု မိဝိဘတ်နှင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူ၏၊ အနက်မှာ—အစ္ဆရာ-သံဃာတမတ္တမ္ပိ၊ လက်ဖျစ်တတွက် လျှပ်တပြက် မျက်တောင်တခတ်ကလေးလောက်လည်း။ (လက်ဖျစ်တတွက်သာ ၎င်းအနက်) ဘဝံ၊ ဖြစ်ဆိုသည့် ဘဝကလေးကို"န ဝဏ္ဏေမိ၊ ငါ မချီးမွမ်းဘူး။ အဓိပ္ပာယ်မှာ မျက်တောင်တခတ်ကလေး လောက်တော့ ဖြစ်စကောင်းသေးသည်ဟု ထင်မှတ် ယူဆသေးလျှင် ၎င်း ဝါဒကို ငါဘုရားအလို ရှိတော်မမူ ကန့်ကွက်၏ဟု ဆိုလို၏။

ဤကား ဦးစံရင်း၏ နေယျသင်တန်း ၂၇၂-က အဖြစ်ကို အလိုမရှိ၍ ဘောက်ထားသော ပါဠိ၊ဖြစ်ပျက် သန္တတိအစဉ်ကို ပယ်ဖျက်လို၍ ထောက်ထားခြင်းဖြစ်၏။

သို့သော် ကျောက်ပုံဦးစံရင်း၏တပည့်များကလည်း ဆရာ့အမှားဝါဒအတိုင်း ပါဠိတပိုင်းတစ အမှန်လည်းမဟုတ်အနက်ကလည်း ဘုရားအလိုတော်ကျ မဟုတ်၊ သို့သော် သူ့တပည့်များက သူ့ဆရာရွတ်သော ပါဠိတပိုင်းတစ အမှားကလေးတွေကိုတော့ ကျေနေလိုက်ကြသည်မှာ ဘယ်လောက် အားထားယုံကြည်နေသလဲဟု သိသာပါ၏။

၎င်းတပည့် စံပြဝိပဿနာဆရာကလည်း ဤပါဠိအမှားအတိုင်းရေး၍ ဘဝံကို ဖြစ်ဆိုသည့် သဘောကလေးကို (ဝါ) ဖြစ်စကောင်းသေးသည်ဟု ထင်မှတ်မှု သဘောကလေးကို ဟု အနက်တမျိုး ပေးသည်သာ ထူး၏၊ ဆရာ့အမှားကို အမှားအတိုင်း ရွတ်လေ့ရှိသော ပုသိမ် မောင်ညွန့်ကား ဤနေရာမှာတော့ ဆရာ့အမှား သိသွားဟန် တူ၏၊အနည်းငယ် လွှဲသည်မှတပါး ပင်ရင်းပါဠိတော်အတိုင်း ရေးထားသည်ကိုလည်းကောင်း ဆရာက သံယုတ်ဟု ညွှန်းသည်ကို အင်္ဂုတ္တရဟုလည်းကောင်း ညွှန်းခဲ့၏၊ ဘဝံ-ကိုတော့ "ဖြစ်ဆိုတဲ့ အတ္တဘာဝကလေးကို" တမျိုး အဆန်းထွင်လိုက်၏၊ ကျောက်ပုံတို့သည် အတ္တကို အသေအချာ မသိတော့ နေရာတကာ အတ္တ အလွဲသုံးလျက် ရှိနေကြ၏။

### ပါဠိ အနက် အမှန်

သေယျထာပိ ဘိက္ခဝေ အပ္ပမတ္တကောပိ ဂူထော ဒုဂ္ဂန္ဓော ဟောတိ။ ဧဝမေဝံ ခေါ အဟံ ဘိက္ခဝေ အပ္ပမတ္တကမ္ပိ၊ ဘဝံ န ဝဏ္ဏေမိ အန္တမသော အစ္ဆရာသံဃာတမတ္တမ္ပိ။ (အံ ၁။၃၆)

မြန်မာပြန်

ရဟန်းတို့ အနည်းငယ်မျှသော ကျင်ကြီးပင်သော်လည်း အနံ့ဆိုးဝါးသကဲ့သို့ ရဟန်းတို့ ထိုနည်းတူပင် အနည်းငယ်မျှ ကာလပတ်လုံးသော်သည်း ဘဝ၌ ပဋိသန္ဓေနေခြင်းကို အောက်ထစ်ဆုံး လက်ဖျစ်တတွက်ကလေးမျှပင် ငါဘုရား ချီးမွမ်းတော် မမူ။

ဤပါဠိတော်၌ ဘဝဆိုသည်မှာ သူတို့ ဆွဲယူသလို ဥပါဒ်ဖြစ်ကို ဆိုသည် မဟုတ်၊ ဘဝပဋိသန္ဓေ တည်နေမှု အဖြစ်ကိုသာ ဆိုခြင်းဖြစ်၏၊ သခ်တကို အသခ်တလုပ်ထားသော မိမိတို့ အမှားကို အတည်လုပ်လို၍ ဘဝကို တလွဲ အနက်ပေးထား၊ သခ်တသဘောကို ကျော်လွှားမိခဲ့သော မိမိတို့ အပြစ်ကြီးကို ကျောက်ပုံတို့ သတိရသင့်ကြပါသည်။

> အပ္ပမတ္တကမ္ပိ ဘဝံ န ဝဏ္ဏေမိတိ အပ္ပမတ္တကမ္ပိ ကာလံ ဘဝေ ပဋိသန္ဓိံ န ဝဏ္ဏယာမိ။

ဆိုသည်မှာ အနည်းငယ်မျှ ကာလပတ်လုံးသော်လည်း ဘဝ၌ ပဋိသန္ဓေနေ ခြင်းကို ချီးမွမ်းတော်မမူ။ (အံ-ဋ္ဌ-၁။၃၇၈)

သူတို့အနုတ္တစစ်ဦး

အကြောင်းပြည့်စုံမှုဖြစ်တယ် သူ့တခုတည်းအလိုအရ မဖြစ်၍ အနတ္တဆိုသော ဝါဒမှာပါဠိနှင့်ညီသလိုထင်ရသော်လည်း မဖြစ်မပျက်ဆိုသော ဝါဒကတော့မမှန် ဆိုသည်ကို အောက်ပါ ပါဠိ ရှုပါဦး—

> စက္ခုဉ္စ အာဝုသော ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏန္တိ။ ဧဝမာဝုသောတိ။ ယော စာဝုသော ဟေတု ယော စ ပစ္စယော စက္ခု- ဝိညာဏဿ ဥပ္ပါဒါယ၊သော စ ဟေတု သော စ ပစ္စယော သဗ္ဗေန သဗ္ဗံ သဗ္ဗထာ သဗ္ဗံ အပရိသေသံ နိရုဇ္ဈေယျ၊ အပိ နု ခေါ စက္ခုဝိညာဏံ ပညာယေထာတိ။ နောဟေတံ အာဝုသော။ ဣမိနာပိ ခေါ တေ အာဝုသော ပရိယာယေန ဘဂဝတာ အက္ခာတံ ဝိဝဋံ ပကာသိတံ "ဣတိ- ပိဒံ ဝိညာဏံ အနတ္တာ"တိ။ (သံ-၂။၃၇၆)

သောတ ဃာန ဇိဝှာ ကာယ မနတို့ကိုလည်း ဤနည်းဟောတော်မူ၏။

မြန်မာပြန်

မျက်စိရုပ်ကိုလည်းကောင်း အဆင်းတို့ကိုလည်းကောင်း အစွဲပြု၍ စက္ခု- ဝိညာဉ်စိတ်ဖြစ်ပါသလောဟု မေး၏၊ဟုတ်တယ် ငါ့ရှင်ဟု ဖြေ၏၊ စက္ခုဝိညာဉ် ဖြစ်ပေါ်ခြင်းငှာ အကြင်မူလ အကြောင်းသည်လည်းကောင်း ဥပတ္ထမ္ဘက

အကြောင်းသည်လည်းကောင်းရှိ၏၊ ထိုမူလဥပတ္ထမ္ဘကအကြောင်းသည် အကုန်အစင် အချင်းခပ်သိမ်း အကြွင်းမဲ့ချုပ်ငြိမ်းအံ့၊ စက္ခုဝိညာဉ်သည် ထင်ရှားပါဦးမည်လောဟု မေးပြန်၏၊ ဤသို့ထင်ရှားခြင်းမဖြစ်နိုင်ပါ ၊ ရှင်၊ ငါ့ရှင်ဤအကြောင်းပရိယာယ်အားဖြင့် ဤသို့ ဝိညာဉ်သည် ဤအကြောင်းကြောင့်လည်း အတ္တမဟုတ်ဟူသော ဤစကားကို ဘုန်းတော်ရှင်မြတ်စွာဘုရား ဟောကြားဖွင့်ဖော်ထင်ရှားပြတော်မူအပ်ပါပြီ။

### အရှင်ဥဒါယိ အမေး အရှင်အာနန္ဒာ အဖြေ

ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးတော်မူကြစဉ် ညချမ်းအခါ တကိုယ်တော်တည်း ကိန်းအောင်းရာမှ ထလာကာ အရှင်အာနန္ဒာနှင့်ဝမ်းမြောက်ဝမ်းသာ ပြောဆိုကာ တနေရာ၌ ထိုင်နေသော ရှင်ဥဒါယီကမေးမြန်းခဲ့၏။

ငါ့ရှင်အာနန္ဒာ ဤကိုယ်သည် ဤအကြောင်းကြောင့်လည်း အနတ္တမည်၏ဟု များစွာသော အကြောင်းဖြင့် ရှင်တော်ဘုရားဟောကြားဖော်ပြတော်မူခဲ့၏၊ ထိုအတူ ဤစိတ်ဝိညာဉ်ကိုလည်း ဤဝိညာဉ်သည် ဤအကြောင်းကြောင့်လည်း အနတ္တမည်၏ဟု ပြောကြားဖွင့်ပြခြင်းငှာတတ်နိုင်ပါမည်လော ဤအမေးကို အရှင်အာနန္ဒာက အလက်ပါအတိုင်း အရှင်ဥဒါယီနှင့် အပြန်အလှန် မေးဖြေခဲ့ခြင်းဖြစ်၏။

### အနိစ္စချင်း တူ မတူ

ဤသုတ္တန်၌လည်း အနိစ္စအဖြစ်ဖြင့် အနတ္တလက္ခဏာကို ပြ၏၊ အနိစ္စအဖြစ်ဖြင့် အနတ္တပြရာ၌ ကျောက်ပုံဝါဒလိုဖြစ်ပြီး ပျောက်တဲ့ အနိစ္စမဟုတ်ပဲ အမြဲကုန်ခန်းပျောက်ပျက်လျက်ရှိသော အနိစ္စလော မဟုတ်ပါ၊ ကျောက်ပုံဝါဒက မဖြစ်မပျက်တဲ့ စိတ်ကူး အနတ္တကို ဖန်ဆင်းထားလေတော့ ထိုအနတ္တနှင့်လျော်အောင် ကုန်ခန်းပျောက်ပျက်နေတဲ့ အနိစ္စတမျိုးလည်း ဖန်တီးထားခြင်းသာ၊ ဟုတ် မဟုတ် အောက်ပါ ဋီကာရှုပါ–

### ဖြစ်ပျက်အနိစ္စ

ယသ္မာ ဟေတုပစ္စယာ ဝိညာဏဿ ဥပ္ပတ္တိ သတိ စ ဥပ္ပါဒေ နိရောဓေန ဘဝိတဗ္ဗံ၊ ဥပ္ပါဒဝယဝန္တတာယ အနိစ္စံ ဝိညာဏံ။

(သံ ဋီ ၂။၃၂၂)

ပြန်မာပြန်

အကြင်ကြောင့် ဟေတုပစ္စယ အကြောင်းကြောင့် ဝိညာဉ်ဖြစ်ရ ဖြစ်ဆိုသော ဥပါဒ်ရှိခဲ့သော် ချုပ်ခြင်းသည်းဖြစ်ရမည်၊ ဖြစ်ခြင်း ပျက်ခြင်းရှိသည်၏အဖြစ်ကြောင့် ဝိညာဉ်သည် အနိစ္စ။

## ဖြစ်ပျက်အနတ္တပင်

ယဒိ စ အတ္တာ သိယာ၊ ပစ္စယေဟိ ဝိနာ သိဗ္ဗေယျ၊ န စ တထာသာ သိဒ္ဓိ၊ တသ္မာ ဝိညာဏံ အနတ္တာတိ အနိစ္စတာယ အနတ္တတာ ကထိတာ။

(သံ၊ ဋီ-၂။ ၃၂၂)

မြန်မာပြန်

ဝိညာဉ်သည် အကယ်၍ အတ္တဖြစ်ခဲ့လျှင် အကြောင်းနှင့်ကင်း၍ပြီးရာ၏၊ ထိုသို့ကား အကြောင်းကင်းလျက် ဝိညာဉ်၏ ပြီးခြင်းမဖြစ်၊ ထိုကြောင့် ဝိညာဉ်သည် အနတ္တ-ဟု အနိစ္စသဘောဖြင့် အနတ္တအဖြစ်ကို ဆိုအပ်ပြီ၊ အနိစ္စသဘောဖြင့် အနတ္တပြတယ်ဆိုသဖြင့်ဤအနတ္တမှာဖြစ်ပျက်အနတ္တဆိုသည်မှာထင်ရှားပါပြီ။

## အနတ္တမှားတော့ အားလုံးမှား

ကျောက်ပုံ အနတ္တမှာဆိုခဲ့ပြီးပါဠိတော်အရ အကြောင်းနှင့်ကင်းမဖြစ်ယူသောကြောင့် အနတ္တအဓိပ္ပာယ်က မှန်သည်သို့ထင်ခ၍၊ သို့သော် အကြောင်းယူပုံတွေက ဟန်မကျသဖြင့် အမှန်မရဖြစ်ရာ အနတ္တရှုပုံလည်း ပုံပျက်ပန်းပျက်ဖြစ်ခဲ့ရ၏။

ဥပမာ—စက္ခုဝိညာဉ်ဖြစ်ရာ၌ ရူပါရုံ အလင်း စက္ခုရုပ် မနသိကာရသည် အကြောင်းဖြစ်နိုင်သော်သည်း ရူပါရုံတို့ စက္ခုတို့ဖြစ်ရာ၌ အကြောင်းမဖြစ်နိုင်၊ သို့ပါလျက် ရူပါရုံအကြောင်းလည်း သည်လေးပါး စက္ခုအကြောင်းလည်း သည်လေးပါးလုပ်နေသည်မှာ ဘယ်မျှ ပရမတ်အရာ မလိမ်မာသည် ကျမ်းဂန်အရာ မသိနားမလည်သည်ကို သိနိုင်ပါတော့သည်။

သို့ဖြစ်လျှင် အနတ္တအမှားဖြင့် လှည့်ဖျားခဲ့သည်မှာ ဆန်းပါတော့မည်လော၊ မမှန်သော အနတ္တယူဆထားမိတော့ အနိစ္စပြင်ရ၊ ဒုက္ခပြင်ရ၊ အနိစ္စဒုက္ခကတမျိုး ပါလာဆိုလာမည်ဖြစ်ရာ ဟိုအနိစ္စ အနတ္တတော့က အဘိဓမ္မာနယ်က၊ ဒီအနတ္တက ဝိပဿနာနယ်ကဟုလည်းကောင်း၊ ဟိုဟာ ဟိုဟာတွေက ပရိယတ္တိနယ်က၊ ဒီအနတ္တက ပဋိပတ္တိနယ်ကဟုလည်းကောင်း၊ ပြောယင်းဆိုယင်းနှင့် ဘုရားနှင့် ကင်းကွာ သာသနာနှင့်ဖီလာကန့်လန့် ဝိရောဓိဖြစ်မှန်းမသိဖြစ်လာကြရပေတော့သည်ဟု ဝိနည်းဓိုရ်ဆရာတော်များက သနားကြရပါတော့သည်။

## ကျောက်ပုံဝိပဿနာသုံးပါး

သညာသိ ဝိပဿနာ ဝိညာဉ်သိဝိပဿနာ ပညာသိဝိပဿနာသုံးပါး ထပ်တလဲလဲ ကျောက်ပုံတို့ခဲ့လေ့ရှိကြ၏၊ ဝိပဿနာဆိုသည်မှာ အနိစ္စ ဒုက္ခ အနတ္တဟု ရှုမြင်သော ဉာဏ်ပညာဖြစ်ရာ သညာသိဝိပဿနာဟု လည်းကောင်း

ဝိညာဉ်သိ ဝိပဿနာဟုလည်းကောင်း မရှိနိုင်ပါ၊ သညာ ဝိညာဉ် ပညာအထူး ပြရာကျမ်းဂန်များ၌ သူငယ် ပန်းထိမ်ရာပြတ်တို့ အသပြာမြင်ရာ၌ အသိကွဲပြား မှု ဥပမာပြမှိကာ ခွဲခြင်းဖြစ်ပါလိမ့်မည်။

## ကျောက်ပုံပညာသိက သညာသိလွန်ပါမလား

သညာသည် မှတ်ရုံမှတ်တတ်သည်ဆိုသော်လည်း အချို့အရာ၌ ၎င်းအမှတ်က အလွန်စွဲမြဲပါသည်၊ ယခု ကျောက်ပုံတို့ ပညာသိမျိုးကို အမှတ်အသား ကောင်းသော တယောက်ယောက်အား ပြောပြသင်ကြား၍ မှတ်သားမိ နေလျှင် ပညာသိဆိုသော ကျောက်ပုံတို့အသိနှင့် အသိထူးမည်မဟုတ်ပါ၊ ပညာသိဆိုသော ကျောက်ပုံတို့လည်း အပြောသိ စဉ်းစားသိ ပညတ်သိတွေ ဖြစ်ရာ ပြောပြသည့်အတိုင်း မှတ်ထားသော သညာသိသမားနှင့် မထူးလှပါ၊ နောက်က ပရမတ်အသိ ပြောခဲ့ပါပြီ။

## သညာအစွမ်း

အဟိတ်တိရစ္ဆာန် စာကလေးတွေ အသိုက်လုပ်ပုံ ခြကလေးတွေ တောင်ပို့ လုပ်ပုံစသော သူတို့လုပ်ကိုင်ပုံမှာ ပညာထူးပင်ထင်ရ၏၊ သို့သော် သညာသာ၊ အဓိပ္ပာယ်အနက် စဉ်းစား ကြံတွေးသည်မှအပ စာရရုံကျက်မှတ်သည်မှာ သညာ သိသာဟု ဆိုကြ၏၊ ထိုသညာသိ ဘယ့်လောက်စွမ်းသည်မှာ တိပိဋကရေအထိ ထူးခြားသော စွမ်းရည်ရှိကြသော ပုဂ္ဂိုလ်ထူးတို့က သက်သေခံလျက် ရှိကြ၏။

## ပညာနှင့်ယှဉ်သော သညာမှ

ဝိပဿနာအရာမှာ သညာရော ဝိညာဉ်ပါ ပညာနောက်အစဉ်လိုက်လျက်ရှိ၏၊ သာမန်သညာမျှမကပဲ ထူးခြားသော သညာဖြစ်လာ၏။

> ယာ ပနေတ္ထ ဉာဏသမ္ပယုတ္တာ ဟောတိ၊ သာ သညာ ဉာဏမေဝ အနုဝတ္တတိ၊ သသမ္ဘာရပထဝီအာဒီသု ဓေသမွေ ပထဝီအာဒီနိ ဝိယာတိ ဝေဒိတဗ္ဗာ။ (အဘိ ဋ္ဌ ၁၊၁၅၄)

အထူးအားဖြင့် ဤသညာကိုပြဆိုရာ၌ အကြင်သညာသည် ဉာဏ်နှင့်ယှဉ်၏၊ ထိုသညာသည် ဉာဏ်သို့အစဉ်လိုက်၏၊ ဥပမာဘယ်သို့နည်း အဆောက်အအုံနှင့် တကွသော ပထဝီစသည်တို့၌ ကြွင်းတရားတို့သည် ပထဝီစသည်တို့သို့ အစဉ် လိုက်သကဲ့သို့တည်း၊ ဤသို့သိအပ်၏၊ ဉာဏ်သို့အစဉ်လိုက်သည်ဆိုသည်မှာ ရိုးရိုး သညာက မှားမှား မှန်မှန် အာရုံယူတတ်သော်လည်း ဉာဏ်နှင့်တွဲရသော အခါ မှာမူ မှားမှားယွင်းယွင်း နှလုံးသွင်းမှုလည်းမပြုတတ် ဖောက်ဖောက်ပြန်ပြန် လည်း မယူတတ်၊ ရိုးရိုးသညာမှာ ပစ္စုပ္ပန်အရ ကြာမြင့်စွာ မတည်တတ် ဟု ဆိုရသော်လည်း သမာဓိနှင့် ယှဉ်ရသောအခါ ကြာမြင့်စွာ တည်တတ်၏။

## ဉာဏ်နောက်လိုက်ရ၍ ထူးခြားပုံ

ဉာဏမေဝ အနုဝတ္တတိ၊တသ္မာ အဘိနိဝေသကာရိကာ ဝိပရိတဂ္ဂါဟိ-
ကာ စ န ဟောတီတိ အဓိပ္ပာယော၊ဓေတနုပါဃေန သမာဓိ သမ္ပယုတ္တာ-
ယ အစိရဋ္ဌာနတာ စ န ဟောတီတိ အဓိပ္ပာယော။ (အနု-၁၊ ၉၃)

ဓေတနေဝ ဥပါယေန- စကားဖြင့် ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်၌ သညာသည် ဉာဏ်သို့အစဉ်လိုက်သလို သမာဓိပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်၌ သမာဓိသို့ အစဉ်လိုက်၏ဟုပြ၏။

ဤအရာ၌ စောဒကတို့ အဆိုဖြစ်သော ကျောက်ပုံတို့ အနုတ္တ အနိစ္စ ဒုက္ခက ကျမ်းဂန်လာ အနိစ္စ ဒုက္ခ အနတ္တနှင့် အစဉ်အားဖြင့်လည်းကောင်း သဘာဝအားဖြင့်လည်းကောင်း မတူဆိုသည်မှာ သူတို့တတွေက ကျမ်းဂန်လာနည်းနှင့် မတူ ထူးခြားကွဲပြားအောင် အလွဲအမှားတွေပြုနေသောကြောင့်ပင်ဟု ဝိနည်းဓိုရ်ဆရာတော်များက မှတ်ချက်ချတော်မူကြသည်။

စုဒိတက ပုသိမ်မောင်ညွန့်၏အဆိုမှာ စောဒကတို့အဆိုကို ချေဖျက်နိုင်သော အချက်အလက်မပါဝင်ခြင်း မိမိတို့ဆိုခဲ့ပြီးအတိုင်း ဗုဒ္ဓဝါဒမဟုတ်သောအသင်္ခတ နယ်ကို လက်ခံထားခြင်း ဤအကြောင်းတို့ကြောင့် သောခနောမမြောက်ဟု ယူဆကာ စဉ်းစားတော်မမူကြပေ။

---

## စောဒနာ-သောဓနာအမှတ်(၂၅) သုံးသပ်ချက်

စောဒကဆရာတော်များက—

ကျောက်ပုံဝါဒီ ဝိဘဇ္ဇဝါဒ-ပုသိမ်မောင်ညွန့်၏ ကာမဘုံ၊ ရူပဘုံ၊အရူပဘုံ၊ ဘုံသုံးပါးနှင့် ပတ်သက်၍ ဟောပြောချက်ကို အောက်ပါအတိုင်း ထုတ်ပြခဲ့ကြ၏—

(က) စိတ်တရား၊ စေတသိက်တရား၊ ရုပ်တရားတွေဟာ စိတ်နှင့်စေတသိက်ကို ဘာခေါ် သလဲ၊ နာမ်ခေါ် တယ်၊ စိတ်နှင့်စေတသိက် မဟုတ်လို့ ကျန်တဲ့ သဘောတရားတွေ ဘာခေါ် သလဲ၊(ရုပ်ပါ) ဒါဖြင့် ရုပ်မဟုတ်တဲ့နာမ်တွေကို ဘုံတပ်လိုက်တော့ အရူပဘုံခေါ် ယင် မှားမလား၊ မမှားပါဘူး၊ နာမ်မဟုတ်တဲ့ရုပ်တွေကို ကျွန်တော်တို့ဘုံတပ်ကြည့်ယင် ရူပဘုံ၊ အဲဒီ နာမ်နှင့်ရုပ်ကို နှစ်သက်နေတဲ့လူတွေကျမှ ကာမဘုံလို့တပ်၊ ဘုံတွေ ဘယ်နှစ်ဘုံလဲ၊ အဲဒီသုံးဘုံမှ ဘုရားဟောတာ ၃၁-ဘုံက ဘုရားမဟောခင် ကတည်းက အများပြောတာ၊ အများပြောတာက ၃၁-ဘုံ၊ ဘုရားဟောတာက သုံးဘုံ၊ နာမ်ကိုရုပ်မဟုတ်တဲ့အတွက်ကြောင့် အရူပ၊ ရုပ်ကိုနာမ် မဟုတ်တဲ့အတွက်ကြောင့် ရူပ၊အဲတာဘုံသုံးပါးပါပဲ။

ရှင်းတယ်မဟုတ်လား၊ ၃၁-ဘုံက ဘုရားမပွင့်ခင်ကတည်းက အများသိတဲ့ တရား၊ မမှန်ဘူးလား၊ ဘုံသုံးပါးက အများသိတဲ့တရား မဟုတ်ဘူး၊ ဘုရားပွင့်လာမှ ဘုရားဟောတဲ့တရား ဖြစ်နေတော့ သူကနောက်ကျ။

(၁) ဘုရားဟောတဲ့ဘုံဘဝသည် ကာမ ရူပ အရူပ ဖြစ်ပါတယ်၊ ဘုရားမဟောတဲ့ ဘုံဘဝသည် သုံးဆယ့်တစ်ဘုံ ဖြစ်ပါတယ်၊ သုံးဆယ့်တစ်ဘုံဟာ ဘုရားဟောတာမဟုတ်ပါဘူး၊ ဘုရားဟောတာက ဘုံသုံးပါးကိုသာဟောတာပါ။

(ပုသိမ်မောင်ညွန့်၊ ၁၆-၁-၇၀-ခု၊ မင်းဘူးဟောတိတ်ခွေ)

**စောဒနာချက်**

အထက်ပါ ပုသိမ်မောင်ညွန့်၏ ဟောပြချက်ကို ကောက်ချက်ထုတ်လျှင်—

(၁)သုံးဆယ့်တစ်ဘုံကို ဘုရားမဟောဟု ဟောပြောခြင်း၊

(၂)ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံများကို အဓိပ္ပာယ်လွဲမှားစွာကောက်ယူ၍ ဟောခြင်း။

(၃)သင်္ခါရလောကတွင် ပါဝင်သော စိတ် စေတသိက်-ရုပ်တရား တို့ကို ဩကာသလောကတွင် သွင်း၍ ဘုံဟု ကောက်ယူခြင်းဟူ၍ ကောက်ချက်ချရမည်ဖြစ်ကြောင်း လျှောက်ထားလျက်—

အထက်ပါ ဟောပြောချက်သည် ဘုရားဟော ပိဋကတ်တော်နှင့်မညီ၍အဓမ္မဝါဒဖြစ်ကြောင်း ဓမ္မစကြာ ယမိုက်ပါဠိတော်များ သောက်ပြ၍ စောဒနာကြသည်။

**သောဓနာချက်**

ၚင်းစောဒနာချက်ကို ပုသိမ်မောင်ညွန့်က သောဓနာရာ၌ ၚင်းဘုံသုံးပါးနှင့် သုံးဆယ့်တစ်ဘုံကို မသိ၍ အရမ်းဟောပြောခြင်းမဟုတ်ပါဘုရား၊စာပေဗဟုသုတ အားနည်းပါးသော တပည့်ဒဝနေယျများ လွယ်ကူစွာ သိစေလိုသောစိတ်ရင်း စေတနာဖြင့် ဟောပြောခြင်းသာ ဖြစ်ပါသည်ဘုရား စသည်ဖြင့် ကျယ်ဝန်းစွာ သောဓနာထားသည်ကို တွေ့ရသည်။

**သုံးသပ်ချက်**

ဝိနည်းဓိုရ်ဆရာတော်များက စောဒနာ သောဓနာများကို ပေါင်းရုံး သုံးသပ်ကြရာ စောဒကဆရာတော်များ တင်ပြလျှောက်ထားသော စောဒနာချက်

များသည် တင်ပြသင့် တင်ပြထိုက်သော အချက်အလက် ဟောပြောချက်များကို တင်ပြလျှောက်ထားသည်ဖြစ်၍ သာဓကမြောက်(ငါ)ဓမ္မစောဒနာဟု ယူဆကြသည်။

စုဒိတက ပုသိမ်မောင်ညွန့်၏ သောဓနာချက်ကို သုံးသပ်ကြရာ စုဒိတကသည် ဓမ္မကထိကလုပ်ပြီး အနယ်နယ်အရပ်ရပ်သို့ လှည့်လည် တရားဟောရာ ဟောနည်း ပြောနည်း ဘုရားဟောဒေသနာနည်းကို မလိမ်မာ မကျွမ်းကျင်၍ဤကဲ့သို့ အမှားမှားအယွင်းယွင်း ဟောမိပြောမိခြင်းသာ ဖြစ်သည်ဟု ယူဆကြသည်၊ ၎င်း၏ သောဓနာချက်များသည်လည်း စောဒကဆရာတော်တို့၏ စောဒနာချက်များကို ပြေလည်အောင် မချေပနိုင်သည့်အပြင် မိမိ၏ဟောပြောချက်ရေးသားချက်ကိုပင် ပြန်လည်ထောက်ခံအားပေးရာ ရောက်နေသောကြောင့် အဓမ္မသောဓနာဟူ၍ သုံးသပ်တော်မူကြသည်။

**သုံးဆယ့်တစ်ဘုံဘုရားမဟောကြောင်း သာဓကများ**

၁။ သုံးဆယ့်တစ်ဘုံဘုရားမဟောဟု ဟောပြောခြင်းနှင့်ပတ်သက်၍ စောဒကဆရာတော်တို့ တင်ပြသော ဓမ္မစကြာပါဠိတော်၌—

သဒေဝကေ-လောကေ၊ သမာရကေ သဗြဟ္မကေ

ဟူသော ပါဠိစကားရပ် ပါရှိလေသည်။

၎င်းပါဠိစကားကို မြန်မာပြန်သော် သဒေဝကေ၊ ကာမာဝစရ နတ်ပြည် ငါးထပ်နှင့်တကွသော။ သမာရကေ၊ ဝသဝတ္တိနတ်ပြည်နှင့်တကွသော။ သဗြဟ္မကေ၊ ဗြဟ္မာပြည်နှစ်ဆယ်နှင့်တကွသော။ လောကေ၊ ဩကာသလောက၌-ဟု အနက်ရ၏။ ဤပါဠိတော် ဒေသနာဖြင့် နတ်ဘုံ ၆-ထပ်နှင့် ဗြဟ္မာ့ဘုံ ၂၀-ကို ဟောပြတော်မူသည်။

**ထိုထိုသုတ္တန် သာဓက**

ထိုမှတပါး ထိုထိုသုတ္တန် ပါဠိတော်တို့၌လည်း—

ကာယေန သုစရိတံ စရိတွာ ဝါစာယ သုစရိတံ စရိတွာ မနသာ သုစရိတံ စရိတွာ၊ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ၊ သဂ္ဂံ လောကံ ဥပပဇ္ဇန္တိ- ဟူ၍ လည်းကောင်း—

ကာယေန ဒုစ္စရိတံ စရိတွာ၊ ဝါစာယ ဒုစ္စရိတံ စရိတွာ မနသာ ဒုစ္စရိတံ စရိတွာ၊ ကာယဿ ဘေဒါ ပရံမရဏာ၊ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ-ဟူ၍လည်းကောင်း ဟောတော်မူလေသည်။(အံ-၁-၃၉၇)

မြန်မာပြန်

ကိုယ်ဖြင့်သုစရိုက်ကိုပြုခြင်းကြောင့် နှုတ်ဖြင့်သုစရိုက်ကိုပြုခြင်းကြောင့် စိတ်ဖြင့်သုစရိုက်ကိုပြုခြင်းကြောင့် ကိုယ်ခန္ဓာပျက်စီး၍သေပြီးသည်မှ နောင်ကာလ၌ ကောင်းသောသူတို့၏ လားရောက်ရာဖြစ်သော မြတ်သောရူပါရုံစသည်တို့၏ တည်ရာဖြစ်သောလူ့ ပြည် နတ်ပြည်သို့ရောက်ရကုန်၏၊ ဝါ-လူ့ ပြည် နတ်ပြည်၌ ဖြစ်ရကုန်၏။

ကိုယ်ဖြင့် ဒုစရိုက်ကိုပြုကျင့်ခြင်းကြောင့် နှုတ်ဖြင့် ဒုစရိုက်ကို ပြုကျင့်ခြင်းကြောင့် စိတ်ဖြင့်ဒုစရိုက်ကိုပြုကျင့်ခြင်းကြောင့် ကိုယ်ခန္ဓာပျက်စီး၍သေပြီးသည်မှ နောက်ကာလ၌ မကောင်းသောသူတို့၏ လားရောက်ရာဖြစ်သော ချမ်းသာကင်းသော ပျက်စီး၍ကျရောက်ရာဖြစ်သော ငရဲတိရစ္ဆာန် ပြိတ္တာအသူရကာယ် အပါယ်လေးဘုံသို့ ရောက်ကြရကုန်၏၊ ဝါ၊ အပါယ်လေးဘုံ၌ ဖြစ်ရကြကုန်၏။

အထက်ပါဒေသနာတော်များဖြင့်လည်း လူ့ ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ဟူသော သုဂတိဘုံ ငရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဟူသော အပါယ် ဒုဂ္ဂတိဘုံများ ဘုရားဟောကြောင်း ထင်ရှားပေသည်။

အဘိဓမ္မာသာဓက

ထိုမှတပါး ဓမ္မသင်္ဂဏီပါဠိတော်နှာ ၂၅၃/၂၅၄-၌—

(က) ကတမေ ဓမ္မာ ကာမာဝစရာ၊ ဟေဋ္ဌတော အဝီစိနိရယံ ဥပရိတော၊ ပရနိမ္မိတဝသဝတ္တိဒေဝေ အန္တောကရိတွာ။ပ။ဣမေ ဓမ္မာ ကာမာဝစရာ၊

(ခ) ကတမေ ဓမ္မာ ရူပါဝစရာ-ဟေဋ္ဌတော ဗြဟ္မလောကံ ပရိယန္တံ ကရိတွာ ဥပရိတော အကနိဋ္ဌေ ဒေဝေ အန္တောကရိတွာ။ပ။ဣမေ ဓမ္မာ ရူပါဝစရာ။

(ဂ) ကတမေ ဓမ္မာ အရူပါဝစရာ၊ဟေဋ္ဌတော အာကာသာနဉ္စာယတနုပဂေဒေဝေ ပရိယန္တံ ကရိတွာ ဥပရိတော နေဝသညာနာသညာယတနုပဂေ ဒေဝေ အန္တောကရိတွာ။ပ။ဣမေ ဓမ္မာ အရူပါဝစရာ။

မြန်မာပြန်

(က) အဘယ်တရားတို့သည် ကာမာဝစရမည်ကုန်သနည်း အောက်အဖို့ဖြင့် အဝီစိငရဲကို အထက်အဖို့ဖြင့် ပရနိမ္မိတဝသဝတ္တီ နတ်ပြည်ကို အပိုင်းအခြားပြု၍ ဤကာမဆဲ့ဘစ်ဘုံအတွင်း၌ ဖြစ်ကြကျင်လည်ကြ အကျုံးဝင်ကြကုန်သော ခန္ဓာဓာတ် အာယတန ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏတို့သည် ကာမာဝစရမည်ကုန်၏။

(ခ) အဘယ်တရားတို့သည် ရူပါဝစရမည်ကုန်သနည်း၊ အောက်အဖို့ဖြင့် ပထမဈာန်သုံးဘုံကို အထက်အဖို့ဖြင့် အကနိဋ္ဌဗြဟ္မာ့ဘုံကို အပိုင်းအခြားပြု၍ ဤအတွင်း၌ဖြစ်ကြ ကျင်လည်ကြ အကျုံးဝင်ကြကုန်သော စိတ်စေတသိက် တရားများသည် ရူပါဝစရမည်ကုန်၏။

(ဂ) အဘယ်တရားတို့သည် အရူပါဝစရ မည်ကုန်သနည်း၊ အောက်အဖို့ ဖြင့် အာကာသာနဉ္စာယတနဘုံကို အထက်အဖို့ဖြင့် နေဝသညာ-နာသညာယတန ဘုံကိုအပိုင်းအခြားပြု၍ ဤအတွင်း၌ ဖြစ်ကြ ကျင်လည်ကြ အကျုံးဝင်ကြကုန် သော စိတ် စေတသိက်တရားများသည် အရူပါဝစရမည်ကုန်၏။

ရင်းပြင် ဝိဘင်းပါဠိတော် စာမျက်နှာ ၁၄၃-၌—

> ကတမော ဥပပတ္တိဘဝေါ၊ ကာမဘဝေါ၊ ရူပဘဝေါ၊ အရူပဘဝေါ၊ သညာဘဝေါ၊ အသညာဘဝေါ၊ နေဝသညာနာသညာဘဝေါ၊ ဧကဝေါ-ကာရဘဝေါ၊ စတုဝေါကာရဘဝေါ၊ ပဉ္စဝေါကာရဘဝေါ၊ အယံ ဝုစ္စတိ ဥပပတ္တိဘဝေါ။

မြန်မာပြန်

အဘယ်သည် ဥပပတ္တိဘဝမည်သနည်း၊ ကာမဘဝလည်းကောင်း၊ ရူပဘဝ လည်းကောင်း၊ အရူပဘဝလည်းကောင်း၊ သညာဘဝလည်းကောင်း၊အသညာ ဘဝလည်းကောင်း၊ နေဝသညာ နာသညာဘဝလည်းကောင်း၊ ဧကဝေါကာရ ဘဝလည်းကောင်း၊ စတုဝေါကာရဘဝလည်းကောင်း၊ ပဉ္စဝေါကာရ ဘဝလည်း ကောင်း ဤဘဝအလုံးစုံသည် ဥပပတ္တိဘဝမည်၏၊

မှတ်ချက်။ ။သုံးဆဲ့တစ်ဘုံဘုရားဟောခြင်းနှင့် ဆက်စပ်၍ ထိုထိုပါဠိအဋ္ဌ-ကထာဋီကာတို့၌ဟောကြားဖွင့်ဆိုချက်အများပင် ပါရှိပေသည်။

အကျဉ်းနှင့်အကျယ်သာ

အထက်ပါဒေသနာများကို ထောက်ရှု၍—

ပုသိမ်မောင်ညွန့်၏ဘုရားဟောတဲ့ဘုံဘဝသည် ကာမ ရူပ အရူပ ဖြစ်ပါတယ်၊ ဘုရားမဟောတဲ့ ဘုံဘဝသည် သုံးဆဲ့တစ်ဘုံဖြစ်ပါတယ်၊ သုံးဆဲ့တစ်ဘုံဟာ ဘုရားဟောတာမဟုတ်ပါဘူး၊ဘုရားဟောတာက ဘုံသုံးပါးကိုသာ ဟောတာပါ စသည်ဖြင့် ရေးသားဟောပြောခြင်းသည် စင်စစ် အမှားသာလျှင်ဖြစ်ချေသည်၊ သုံးဆဲ့တစ်ဘုံလည်း ဘုရားဟော ဘုံသုံးပါးလည်း ဘုရားဟောပင် အကျယ် ဟောနှင့် အကျဉ်းဟောခြင်းမျှသာ ကွာခြားသည်မှတ်ယူရမည်။

## ဒုတိယကောက်ချက်အတွက်

၂။ ကာမဘုံ ရူပဘုံ အရူပဘုံများကို အဝိပ္ပာယ်လွဲမှားစွာ ကောက်ယူပြီး ဟောကြားခြင်းနှင့်ပတ်သက်၍ စိစစ်ပါဦးအံ့။

အဋ္ဌသာလိနီ အဋ္ဌကထာနှာ-၁၀၄ ၌—

> ကာမော စ္ဆေ အဝစရတီတိ ကာမာစရော။ ပ။ သွာယံ ယထာ ရူပဘဝေါ ရူပံ၊ ဧဝံ ဥတ္တရပဒလောပံ ကတွာ ကာမောတွေဝ ဝုစ္စတိ၊ ဝေမိဒံ စိတ္တံ ဣမသ္မိံ ကောဒသပဒေသသင်္ခါတေ ကာမေ အဝစရတီတိ ကာမာဝစရံ—ဟူ၍လည်းကောင်း၊
>
> ရူပံ ဝုစ္စတိ ရူပဘဝေါ—ဟူ၍လည်းကောင်း၊
>
> **အရူပဘဝေါ အရူပံ—ဟူ၍လည်းကောင်း ဖွင့်ဆိုလေသည်။**

**အဓိပ္ပာယ်ကား**

ကာမာဝစရ၌ ကာမအရ ကာမ ၁၁-ဘုံကိုလည်းကောင်း ရူပါဝစရ၌ ရူပ အရ ရူပ ၁၅-ဘုံကိုလည်းကောင်း အရူပါဝစရ၌ အရူပအရ အရူပ ၄-ဘုံကို လည်းကောင်း ကောက်ယူရမည့် အဖြစ်ကို သိစေသည်။

ပုသိမ်မောင်ညွန့်က ရူပအရ ရုပ်တရား အရူပအရ နာမ်တရား ငင်း ရုပ်နာမ် နှစ်ပါး နှစ်သက်နေတဲ့ လူတွေကျတော့ ကာမတရား၊ ရုပ်တရားကို ဘုံတပ်လိုက် တော့ ရူပဘုံ၊ နာမ်တရားကို ဘုံတပ်လိုက်တော့ အရူပဘုံ၊ ရုပ်နာမ် နှစ်ပါး နှစ်သက်တဲ့လူကျတော့ ကာမဘုံဟု ဟောပြောခဲ့၏၊ အဆန်းကိုမှ ထွင်ချင်တဲ့ အဆန်းကြိုက် ပုသိမ်မောင်ညွန့်၏ ထိုဟောပြောချက်သည် အထက်က ဖွင့်ပြခဲ့ သော အဋ္ဌကထာဆရာ၏ အလိုအယူအဆနှင့် မိုးနှင့် မြေမက ကွာဟလျက် ရှိကြောင်း တွေ့ရှိရပေသည်။

## တတိယကောက်ချက်အတွက်

၃။ သင်္ခါရလောကတွင်ပါဝင်သော စိတ်၊ စေတသိက်၊ ရုပ်တရားတို့ကို ဩကာသလောကတွင် သွင်း၍ ဘုံဟု ကောက်ယူရာ၌ သုံးသပ်ချက်ကို ဆိုဦးအံ့—

မြတ်စွာဘုရားသည် သတ္တလောက သင်္ခါရ ဟု လောကသုံးဘုံ အလုံးစုံကို အာရုံသင့်စွာ ပိုင်းခြားကာဖြင့် ကောင်းစွာကုန်စင် သိမြင်တော်မူသောကြောင့် လောကဝိဒူဟူသော ဘွဲ့ထူး ဂုဏ်သူးဖြင့် ထင်ရှားတော်မူပါသည်။

ထို့ကြောင့်ပင်လျှင် ဘုရားရှင်သည် အခါအခွင့်အားလျော်စွာ အကြောင်း သင့်သလို လောကသုံးပါးကို သူ့နေရာနှင့်သူ ဟောပြတော်မူလေ့ရှိပါသည်၊ ထိုသို့ ဟောရာ၌လည်း အများနားလည်လွယ်သောနည်းဖြင့် ပညတ်,ပရမတ်

ခွဲခြား၍ ဟောပြတော်မူပါသည်၊ ပုသိမ်မောင်ညွန့်ဟောပြောသလို ရှုပ်ထွေး ပွေလီ၍ ဟောတော်မူသည်ကား မဟုတ်၊ ပုသိမ်မောင်ညွန့်မှာ အဘိဓမ္မာ ဓမ္မကထိကဆရာကြီးလုပ်ပြီး တရားဟောနေသော်လည်း ပညတ်ပရမတ်မကွဲပြား ဘုရားဟောဒေသနာတော်တို့ကို နည်းမှန်ကျအောင် မယူဆတတ်သဖြင့် ဤကဲ့သို့ စောဒနာတင်ခဲ့ကြခြင်းဖြစ်သည်ဟု ရှုမြင်သုံးသပ်တော်မူကြသည်။

နောက်တဖန် ပုသိမ်မောင်ညွန့် သောခနာဘာခုအတွက် သုံးသပ်ချက်ကို ဆိုဦးအံ့၊

## သောခနောတရပ်

ပရမတ်သဘော, ဓာတ်သဘော၏အခြေခံအမှန်ဖြစ်သော ကာမ ရူပ အရူပ ဘုံသုံးဘုံကို သိအောင် ကြိုးစားကြပါ၊ အကောင်ဘုံဖြစ်သည့် သုံးဆယ့်တစ်ဘုံ သိ၍ မဂ် ဖိုလ် နိဗ္ဗာန် ရတယ်လို့ ဘုရားမဟောပါဘုရား၊ ပရမတ် နာမ်ရုပ်တွေ အပေါ်မှာ လက္ခဏာမှန် သစ္စာဉာဏ်တွေကို သိအောင် ဘုရားဟောထားပါသည် ဟူ၍ သောခနောပြန်သည်။

ဤသောခနောခြင်းနှင့်ပတ်သက်၍ မြတ်စွာဘုရားသည် စက္ကဝတ္တိသုတ်အဂ္ဂည သုတ် အနမတဂ္ဂသုတ် စသော များစွာသော သုတ္တန်ဒေသနာတို့၌ အကောင် အထည်ဖြပ်သဏ္ဌာန် ပညတ်ပေါ်တင်စား၍ တရားဟောတော်မူပြီးမှ နောက်ဆုံး သစ္စာလေးပါးတရား စသည်ကို ထုတ်ဖော်ပြ၍ ဟောတော်မူရာ များစွာသော ဝေနေယျသတ္တဝါတို့ သစ္စာသိ၍ အကျွတ်တရား ရကြသည်မဟုတ်ပါလော၊ ပုသိမ်မောင်ညွန့်ယူဆသလို ပရမတ် ရုပ်နာမ်ကိုချည်း ဟောသည်မဟုတ်ပါပေ၊ ဒေသနာနည်း၌ လိမ္မာတော်မူသော ဘုရားရှင်သည် အစွန်းနှစ်ပါးမှ လွတ်၍ မဇ္ဈိမပဋိပဒါ ဒေသနာများကိုသာလျှင် ဟောကြားတော်မူသည်ဖြစ်၍ ပုသိမ် မောင်ညွန့်တို့လို ဓမ္မကထိကတွေလည်း ဆရာစွဲ ငါစွဲ ပုဂ္ဂိုလ်စွဲ ရှောင်လွှဲ၍ ဘုရား ဟောဒေသနာနည်းနာကျအောင် လေ့လာသင်ကြားပြီးမှ သူတပါးအား ဟော ပြောပါလေ။

## ရှောင်လွှဲမရနိုင်

ပုသိမ်မောင်ညွန့်နောက်ဆုံး သောခနော၌သုံးဆယ့်တစ်ဘုံကိုလည်း ထောက်ခံ ထားပြန်သည်၊ လောကသုံးပါးကိုလည်း မှန်ကန်စွာ ခွဲပြထားသည်ကိုလည်း တွေ့ရပြန်သည်၊ဘယ်လိုပင် ထောက်ခံ ခွဲပြသော်ငြားလည်း မူလဟောပြောချက် ရေးသားချက်များက အထင်အရှားရှိနေပြီးဖြစ်၍ အဓမ္မဝါဒီအဖြစ်မှ ရှောင်လွှဲ နိုင်လိမ့်မည်ကား မဟုတ်ပေ၊

သို့ဖြစ်၍ အထက်က စောဒကဆရာတော်များ တင်ပြခဲ့သော—

၁။ သုံးဆယ့်တစ်ဘုံကို ဘုရား မဟောဟု ဟောပြောခြင်း၊

၂။ ကာမဘုံ ရူပဘုံ အရူပဘုံများကို အဝိပ္ပာယ် လွဲမှားစွာ ကောက်ယူ၍ ဟောပြောခြင်း၊

၃။ သင်္ခါရလောကတွင် ပါဝင်သော စိတ် စေတသိက် ရုပ်တရားတို့ကို သြကာသလောကတွင် သွင်း၍ ဘုံဟု ကောက်ယူခြင်း

စသော ပုသိမ်မောင်ညွှန့်၏ ဟောပြောချက် ရေးသားချက်များသည် ထေရဝါဒ ပိဋကတ်စာပေများနှင့် မညီညွတ်သည်ဖြစ်၍ အဓမ္မဝါဒ အဓမ္မဝါဒီတို့သာ ဖြစ်ကြောင်း ဝိနည်းဓိုရ်ဆရာတော်များက တညီတညွတ်တည်း သုံးသပ်တော်မူကြသည်။

---

## စောဒနာအမှတ် (၂၆)

ဤစောဒနာအမှတ်(၂၆)နှင့် ပတ်သက်၍ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄) ဝိနည်းဓိုရ်ဆရာတော်များ၏ သဘောထားကို ပြဆိုပါဦးမည်။

မိမိတို့ သီးခြားဝိနည်းဓိုရ်ဆရာတော်များသည် ကျောက်ပုံဝါဒီတို့၏ ဝါဒရေးရာအယူအဆနှင့်ပတ်သက်၍ စောဒနာသော စောဒကတို့၏ စောဒနာချက် စုဒိတကတို့၏ သောခနောချက်များကိုသာ ဓမ္မ အဓမ္မအဖြစ်သုံးသပ်စိစစ်ဖို့ရာ အခွင့်အရေးရှိပါသည်၊ စောဒကဆရာတော်တို့တင်ပြသော အမှတ် (၂၆) စောဒနာမှာ ထိုသို့အယူအဆဝါဒရေးရာ တင်ပြချက်မပါပဲ စုဒိတက၏ မသင့်လျော်သော ပြုမူချက် ဟောပြောချက်များကိုသာ တင်ပြခဲ့ကြရာ ထိုအချက်တို့ကို မိမိတို့သုံးသပ်စိစစ်ဖို့မလိုဟု ယူဆတော်မူကြသည်၊

ထို့ပြင် သက်သေခံ တင်ပြထားသော ၁၁-၇-၈၂ နေ့စွဲပါ တိတ်ခွေများကို နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အမှတ်(၄)ဝိနည်းဓိုရ်အဖွဲ့ဆရာတော်များမှတဆင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့တင်ပြ၍ လိုအပ်သလို အရေးယူဆောင်ရွက်ပေးဖို့ သျှောက်ထားခဲ့ကြ၏၊ ဤအချက်၌လည်း မိမိတို့အရေးယူနိုင်သော အခွင့်မရှိကြ။

သို့သော် သက်သေခံပစ္စည်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ အပ်နှံကြရမည်ဖြစ်ရာ ဤသည်ပင် စောဒကများတင်ပြပေးစေလိုသောတိတ်ခွေများ တင်ပြပေးခြင်းပင်ဖြစ်သည်ဟု သဘောရကြပေသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ရွေးချယ်သည့်
နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များသာပါဝင်သော
နိုင်ငံတော် သီးခြား ဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄)၏ ဆုံးဖြတ်ချက်
(လုပ်ထုံးလုပ်နည်းများ အပိုဒ်—၄၂)
နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၄)
၁၃၄၄-ခုနှစ် -ဓမ္မ အဓမ္မမှုခင်းအမှတ်(၄)

(က) စောဒက

၁။ ဦးပဏ္ဍိတ
ဆား ကန်ကျောင်း
ဦးစံဖေလမ်း၊သက်န်းကျွန်းမြို့နယ်

၂။ ဦးဝိသုဒ္ဓါစာရ
ပဒါန်းကျောင်း၊ ပဒါန်းကျေးရွာ
ဇဖဲမြို့နယ်

၃။ ဦးဉာဏသာမိ
လိပ်တောင် အနောက် ကျောင်း
မင်းဘူးမြို့နယ်

၄။ ဦးအဂ္ဂဓမ္မ
မာရ်အောင်ကျောင်း
မြောက်ဥက္ကလာပမြို့နယ်
တို့နှင့်

(ခ) စုဒိတက

၁။ ဦးဥက္ကံသ
ကမ္ဘာ့ဝိပဿနာ ဗဟိုသင်တန်း
ကျောင်း၊ပုရွက်ဆိပ်ကုန်းရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်

၂။ ဦးစိန္တာမယဉာဏသိဒ္ဓိ ဝိဘဇ္ဇဝါဒီ
ကျောင်း၊ပုရွက်ဆိပ်ကုန်းရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်

၃။ ဦးကောဝိဒ
ကျောက်ပုံ တောရ (သီးခြား)
ကမ္ဘာ့ ဝိပဿနာနေယျသင်တန်း
ကျောင်း ပုရွက်ဆိပ်ကုန်းရပ်ကွက်
မြောက်ဥက္ကလာပမြို့နယ်

၄။ ဦးဉာဏောဘာသ
ကျောက်ပုံ တောရ (သီးခြား)
ကမ္ဘာ့ ဝိပဿနာနေယျ သင်တန်း
ကျောင်း ပုရွက်ဆိပ်ကုန်းရပ်ကွက်
မြောက်ဥက္ကလာပ မြို့နယ်

၅။ ဦးစန်းမောင်
(ယခင် ဓမ္မဒီပ ဦးဥေယျ)
အမှတ်(၇)ကိုဟင်းလမ်း၊မကျည်း
တန်း တော/အနောက်ရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်။

၆။ ပုသိမ်မောင်ညွန့်
အမှတ်(၂၄)တဂေါင်းဘုရားလမ်း
ကျောက်စရစ်ကုန်း ရပ်ကွက်၊
ပုသိမ်မြို့
၇။ ဦးနေဝင်းသိန်း
အမှတ် (၁၁၈၈) (၁၄) လမ်း၊
(၇) ရပ်ကွက် တောင်ဥက္ကလာပမြို့
နယ် တို့၏—

ကျောက်ပုံတောရဝါဒ ရောက်ရာမြို့နယ် ရပ်ကွက်/ကျေးရွာတို့၌ ဓမ္မ–အဓမ္မ အငြင်းပွါးသော ဝိဝါဒါဓိကရုဏ်းမှုကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ရွေးချယ်သည့် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များသာ ပါဝင်သော နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့အမှတ်(၄) ဝိနည်းဓိုရ်ဆရာတော်များ ကိုယ်တိုင်လက်မှတ်ရေးထိုး၍ ဓမ္မဝိနယနှင့်အညီ ဆုံးဖြတ်ချက်ချပေးတော်မူလိုက်ကြပါသည်။

## ဆုံးဖြတ်ချက်

၁။ မြတ်စွာဘုရား၏ ဝါဒတော်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်ဟောကြားတော် မူအပ်သော ယထာဘူတ ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ဝိတဏ္ဍဝါဒ တက္ကီဝါဒဖြစ်သောကြောင့် လည်းကောင်း—

၂။ မြတ်စွာဘုရား၏ ဝါဒတော်သည် အာနာပါနပဗ္ဗ-ဣရိယာပထပဗ္ဗ စသော ကမ္မဋ္ဌာန်းများကို ပုထုဇဉ်ပုဂ္ဂိုလ်များ ပွားများရသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် အာနာပါနပဗ္ဗ-ဣရိ-ယာပထပဗ္ဗစသော ကမ္မဋ္ဌာန်းများကို ပုထုဇဉ် ပုဂ္ဂိုလ်များ မပွားများရသော ဝါဒဖြစ်သောကြောင့် လည်းကောင်း—

၃။ မြတ်စွာဘုရား၏ ဝါဒတော်သည် ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ ဖြစ်-ပျက်ကို ရှုရသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ပျက်ဖြစ်ကို ရှုသော ဝါဒ ဖြစ်သောကြောင့် လည်းကောင်း—

၄။ မြတ်စွာဘုရား၏ ဝါဒတော်သည် ပဉ္စင်းခံရာ၌ အရိယာ သံဃာမပါဝင်သော်လည်း ရဟန်းအဖြစ်သို့ရောက်နိုင်သော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ပဉ္စင်းခံရာ၌ အရိယာသံဃာ

မပါဝင်က ရဟန်းအဖြစ်သို့ မရောက်နိုင်သော ဝါဒဖြစ်သောကြောင့် လည်းကောင်း-မြတ်စွာဘုရား ဝါဒတော်သည် ယခုခေတ် ဥတ္တိ စတုတ္ထကံဖြင့်သာ ရဟန်းဖြစ်သောဝါဒ ဝိပဿနာဘာဝနာဖြင့်သာ သောတာပန်ဖြစ်သော ဝါဒတော် ဖြစ်၍ ကျောက်ပုံတောရ ဝါဒသည် သင်တန်းကိုးရက် တက်ပြီးက အလိုလိုသောတာပန် ရဟန်းဖြစ်သောဝါဒဖြစ်သောကြောင့် လည်းကောင်း—

၅။ မြတ်စွာဘုရား၏ ဝါဒတော်သည် သမ္မာဒိဋ္ဌိစသော ရှစ်ပါးအပေါင်း ကို မဂ္ဂဟု ဟောတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံ တောရ ဝါဒသည် စေတနာကို မဂ္ဂဟု ယူဆသော ဝါဒဖြစ်သောကြောင့် လည်းကောင်း—

၆။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဒါနသီလ ဘာဝနာကုသိုလ်မှုများ ကိုကောင်းမွန် မှန်ကန်သော အကျင့်ဟုဟောပြသော ဝါဒတော် ဖြစ်၍ ကျောက်ပုံတောရ ဝါဒသည် ဒါန သီလ ဘာဝနာကုသိုလ် မှုများကို သီလဗ္ဗတပရာမာသဟု ယူဆသော ဝါဒဖြစ်သောကြောင့် လည်းကောင်း—

၇။ မြတ်စွာဘုရား၏ ဝါဒတော်သည် အသခ်တကို နိဗ္ဗာန်ဟု ဟောတော် မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် အသခ်တကို နိဗ္ဗာန်မဟုတ်ဟုယူဆသော ဝါဒဖြစ်သောကြောင့် လည်းကောင်း—

၈။ မြတ်စွာဘုရား၏ ဝါဒတော်သည် ပဉ္စသီလ စသည်ကိုသာ သီလဟု ဟောတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ယောကျ်ား မိန်းမစသော ပုံသဏ္ဌာန်ကို ပယ်သတ်ခြင်းသည်လည်း ကောင်း-အတ္တ အတ္တနိယမှ လွန်မြောက်ခြင်းသည် လည်းကောင်း သီလမည်၏ဟု ယူဆသောဝါဒဖြစ်သောကြောင့် လည်းကောင်း—

၉။ မြတ်စွာဘုရား၏ ဝါဒတော်သည် သီလ သမာဓိ ပညာဟု ပဋိပတ္တိ· က္ကမကို ဟောတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရ ဝါဒသည် ပညာ သီလ သမာဓိဟု ပဋိပတ္တိက္ကမကို ပြောင်းပြန် ယူဆသော ဝါဒဖြစ်သောကြောင့် လည်းကောင်း—

၁၀။ မြတ်စွာဘုရား၏ ဝါဒတော်သည် ရုပ်နာမ် ဓမ္မတို့၏ သန္တတိကို အနိစ္စ ဒုက္ခ အနတ္တဟု ရှုရမည်ဟု ဟောတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ရုပ်နာမ် ဓမ္မတို့၏ သန္တတိကို အနိစ္စ ဒုက္ခ အနတ္တဟု မရှုရဟု ယူဆသောဝါဒ ဖြစ်သောကြောင့် လည်းကောင်း—

၁၁။ မြတ်စွာဘုရား၏ ဝါဒတော်သည် အနိစ္စစသော အားဖြင့် ရုပ်နာမ်တို့ကို ရှုမှတ်သောဉာဏ်ကို ဝိပဿနာဟု ဟောတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် "သင်ယူမှတ်သားနာကြားတွေးကြံ မကျေနပ် နောက်ထပ် မေးမြန်းရန်" ဟူသော ကလျာဏ အင်္ဂါငါးတန်အရ သုတမယ စိန္တာမယ အသိမျှကိုပင် ဝိပဿနာဟု ယူဆသော ဝါဒ ဖြစ်သောကြောင့်လည်းကောင်း—

၁၂။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဝဋ္ဋနိဿိတ ကမ္မဿကတာသမ္မာဒိဋ္ဌိ ဈာန သမ္မာဒိဋ္ဌိတို့ကိုသာ မိစ္ဆာပဋိပဒါဟု ဟောတော်မူသော ဝါဒတော် ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ ဈာနသမ္မာဒိဋ္ဌိမှန်သမျှကို မိစ္ဆာပဋိပဒါဟူ၍ ယူဆသောဝါဒ ဖြစ်သောကြောင့် လည်းကောင်း—

၁၃။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဒေသနာတော်ကို အရာအားလျော်စွာ ပရိယာယ နိပ္ပရိယာယအားဖြင့် ဟောကြားတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ဒေသနာတော်ကို နိပ္ပရိယာယအားဖြင့်သာ ယူဆသော ဝါဒ ဖြစ်သောကြောင့် လည်းကောင်း—

၁၄။ မြတ်စွာဘုရား၏ ဝါဒတော်သည် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူများကို မှားသောအယူဟု ဟောတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ အယူများကို အမှားအမှန် နှစ်မျိုးရှိ၏ဟု ယူဆသော ဝါဒ ဖြစ်သောကြောင့် လည်းကောင်း—

၁၅။ မြတ်စွာဘုရား၏ ဝါဒတော်သည် သမ္မသနဉာဏ်ကို အဓိကထား၍ ပွားများရသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် သမ္မသနဉာဏ်ကို အဓိကထား၍ မပွားများရသော ဝါဒ ဖြစ်သောကြောင့်လည်းကောင်း—

၁၆။ မြတ်စွာဘုရား၏ဝါဒတော်သည်ဥဂ္ဃဋိတညူစသောပုဂ္ဂိုလ်လေးယောက်တို့အတွက် ဘုရားပွင့်တော်မူ၏ဟူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ဥဂ္ဃဋိတညူ စသော ပုဂ္ဂိုလ်သုံးယောက်အတွက်သာ ဘုရားပွင့်တော်မူသည်၊ ပဒပရမပုဂ္ဂိုလ်အတွက် ဘုရားပွင့်တော်မူသည်မဟုတ်ဟု ယူဆသော ဝါဒဖြစ်သောကြောင့်လည်းကောင်း—

၁၇။ မြတ်စွာဘုရား၏ ဝါဒတော်သည် ရုပ်တဖွားဖွား နာမ်တဖွားဖွားကို ဝိပဿနာ ရှုရသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ရုပ်တဖွားဖွား နာမ်တဖွားဖွားကို ဝိပဿနာမရှုရသော ဝါဒ ဖြစ်သောကြောင့်လည်းကောင်း—

၁၈။ မြတ်စွာဘုရား၏ ဝါဒတော်သည် သိတတ်တာကနာမ် မသိတတ်တာကရုပ်၊ညွတ်တတ်တာက နာမ် ဖောက်ပြန်တတ်တာက ရုပ် စသည်ဖြင့် ပိုင်းခြားသိသောဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်ဟု ဟောတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ယင်းဆိုအပ်ခဲ့ပြီးအတိုင်း ပိုင်းခြားသိတတ်သော ဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ် မဟုတ်ဟု ယူဆသော ဝါဒ ဖြစ်သောကြောင့်လည်းကောင်း—

၁၉။ မြတ်စွာဘုရား၏ ဝါဒတော်သည် အာရုံခြောက်ပါး တရားများကို ကာလသုံးပါး၌ ဖြစ်၏ဟု ဟောတော်မူသောဝါဒဖြစ်၍ ကျောက်ပုံတောရဝါဒသည် အာရုံခြောက်ပါး တရားများကို ကာလသုံးပါးမှ လွတ်၏ဟု ယူဆသောဝါဒ ဖြစ်သောကြောင့်လည်းကောင်း—

၂၀။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဟဒယဝတ္ထုသည် မနောဓာတ် မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်၏ ဟူ၍လည်းကောင်း စေတနာကို ကံခေါ်၏ဟူ၍လည်းကောင်း ကံဆိုသည် ပြုလုပ်မှုသာ ဖြစ်၏ဟူ၍လည်းကောင်း ဟောတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ဟဒယဝတ္ထုဟူသည် နှလုံးသွေးဖြစ်၏ ဟူ၍လည်းကောင်း နှလုံးသွေးကို ပါဠိလို ကမ္မဟု ခေါ်၏ဟူ၍ လည်းကောင်း မြန်မာလို အရှိန်ဖြစ်၏ဟူ၍ လည်းကောင်း ယူဆသော ဝါဒဖြစ်သောကြောင့်လည်းကောင်း—

၂၁။ မြတ်စွာဘုရား၏ ဝါဒတော်သည် နိဗ္ဗာန်ကို သန္တိသုခသဘာဝ အားဖြင့် ထင်ရှားသော သဘာဝတရားဟု ဟောတော်မူသောဝါဒ တော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် နိဗ္ဗာန်ကို ချုပ်ငြိမ်းရုံမျှသာ ဖြစ်၏ဟုယူဆသော သဘာဝဝါဒဖြစ်သောကြောင့်လည်းကောင်း—

၂၂။ မြတ်စွာဘုရား၏ ဝါဒတော်သည် ကိလေသာမှ ကြွင်းသော ခန္ဓာရှိသော ငြိမ်းအေးမှုကို သဉပါဒိသေသနိဗ္ဗာန် ကိလေသာ ခန္ဓာ အကြွင်းမရှိသော ငြိမ်းအေးမှုကို အနုပါဒိသေသနိဗ္ဗာန်ဟု ဟော တော်မူသောဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ကိလေ သာ တန်းလန်းနှင့်သိနေတာ သဉပါဒိသေသနိဗ္ဗာန် ကိလေသာကုန် မှသိတာ အနုပါဒိသေသနိဗ္ဗာန်ဟု ယူဆသော ဝါဒဖြစ်သောကြောင့် လည်းကောင်း—

၂၃၊ မြတ်စွာဘုရား၏ ဝါဒတော်သည် ရာဂဝိနယပဋိပန္န (ရာဂကို ပယ်ဖို့ ရာ ကျင့်သော ပုဂ္ဂိုလ်) အရ ထိုနေ့ရှင်ဖြစ်သော ဘဏ္ဍာကိုင် သာမဏေ အထိ ကျင့်ဆဲမှန်သမျှ ဟောတော်မူသော ဝါဒတော်ဖြစ် ၍ ကျောက်ပုံတောရဝါဒသည် သေက္ခပုဂ္ဂိုလ် ၇-ယောက် ကိုသာ ယူဆသောဝါဒဖြစ်သောကြောင့်လည်းကောင်း၊ မြတ်စွာဘုရား၏ ဝါဒတော်သည် သေက္ခ အသေက္ခ သီလဝန္တ ပုထုဇဉ်အားလုံး အလှူခံထိုက်သော ပုဂ္ဂိုလ် အဖြစ် ဟောတော်မူသောဝါဒတော် ဖြစ်၍ ကျောက်ပုံတောရဝါဒသည် သေက္ခ အသေက္ခပုဂ္ဂိုလ်များကို သာ အလှူခံထိုက်သော ပုဂ္ဂိုလ်အဖြစ် ယူဆသော ဝါဒဖြစ်သော ကြောင့်လည်းကောင်း—

၂၄။ မြတ်စွာဘုရား၏ ဝါဒတော်သည် လက္ခဏာရေးသုံးပါးကို အနိစ္စ ဒုက္ခအနတ္တဟု ဟောတော်မူသောဝါဒတော်ဖြစ်၍ ကျောက်ပုံတောရ ဝါဒသည် အနတ္တ အနိစ္စ ဒုက္ခ ဟု ဒေသနာက္ကမ အစဉ်မကျပဲ ယူဆ သောဝါဒဖြစ်သောကြောင့်လည်းကောင်း—

၂၅။ မြတ်စွာဘုရား၏ ဝါဒတော်သည် ဘုံသုံးဆယ့်တစ်ကို ကိုယ်တော်တိုင် ဟောတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံတောရဝါဒသည် ဘုံသုံးဆယ့်တစ်ကို ဘုရားကိုယ်တိုင် မဟော အများပြောဟု ယူဆ သော ဝါဒဖြစ်သောကြောင့် လည်းကောင်း—

၂၆။ မြတ်စွာဘုရား၏ ဝါဒတော်သည် စိတ်စေတသိက်ရုပ်တရားများကို သင်္ခါရလောကဟု ဟောတော်မူသော ဝါဒတော်ဖြစ်၍ ကျောက်ပုံ တောရဝါဒသည် စိတ်စေတသိက်ရုပ်တရားများကို ဩကာသလောက ဟု ယူဆသော ဝါဒဖြစ်သောကြောင့်လည်းကောင်း—

ယင်းကျောက်ပုံတောရဝါဒကို ထေရဝါဒပိဋကတ်တော်၌လာရှိသော ဓမ္မ ဝိနယများနှင့် လျော်ကန်မှုမရှိပဲ ဖောက်ပြန်ချွတ်ယွင်းလျက် ဆန့်ကျင်ဘက်ဖြစ် နေသော အဓမ္မဝါဒဟု နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄) ဝိနည်းဓိုရ် ဆရာတော်များအားလုံးက တညီတညွတ်တည်း ဆုံးဖြတ်တော်မူကြသည်။

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄) ရုံးတော်သို့ သက်သေခံပစ္စည်း အဖြစ်တင်ပြထားသော ကျောက်ပုံတောရဝါဒ စာအုပ်နှင့် ထိုဝါဒမှ ဆက်နွယ် ပေါက်ပွားလာသော စာအုပ်စာတမ်း (၂၂) မျိုး၊ အသံဖမ်းတိတ်ခွေ (၁၀)ခု၊ ဤသက်သေခံပစ္စည်း၌ မပါဝင်ကျန်ရှိနေသေးသော စာအုပ်စာတမ်းတိတ်ခွေတို့၌ ပါရှိသော ကျောက်ပုံတောရဝါဒတရားနှင့် ကျောက်ပုံတောရဝါဒနှင့် ဆက်နွယ် နေသောတရားတို့သည်လည်း ထေရဝါဒပိဋကတ်တော်လာ ဓမ္မဝိနယများနှင့်

ဆန့်ကျင်ဘက်ဖြစ်ရကား အဓမ္မဝါဒကို ဖော်ပြရာဖြစ်သောကြောင့် အဓမ္မဝါဒ မည်ကုန်၏ ဟူ၍လည်းကောင်း—

ထိုမှတပါး ထိုအဓမ္မဝါဒနှင့် ဆက်နွယ်ပတ်သက်လျက်ရှိနေသော ဝိဘင်္ဂဝါဒီ ကမ္မဋ္ဌာဝိပဿနာ-နေယျသင်တန်းအစရှိသော အမည်များနှင့် တံဆိပ်တုံး ဆိုင်း ဘုတ်အစရှိသော ထိုအဓမ္မဝါဒကို ဖော်ပြသိစေလျက်ရှိသော အထိမ်းအမှတ် ပစ္စည်း ဝတ္ထုမှန်သမျှအားလုံးတို့သည် အဓမ္မဝါဒနှင့်စပ်သော အမည်ပစ္စည်း ဝတ္ထုများဖြစ်ကြသည်ဟူ၍လည်းကောင်း—

ထိုကျောက်ပုံတောရဝါဒနှင့် ထိုဝါဒမှ ဆက်နွယ်ပေါက်ပွားလာသော ဝါဒ တို့ကို ရေးသားပြောဟောကြသော ရဟန်းရှင်လူတို့သည်လည်းကောင်း ထို ကျောက်ပုံတောရဝါဒနှင့် ထိုဝါဒမှဆက်နွယ်ပေါက်ပွားလာသော ဝါဒတို့ကို လိုက်နာကျင့်ကြံအားထုတ်ကြသူ ရဟန်း ရှင် လူတို့သည်လည်းကောင်း ထို ကျောက်ပုံတောရဝါဒနှင့် ထိုဝါဒမှ ဆက်နွယ်ပေါက်ပွားလာသော ဝါဒတို့ကို နှစ်သက်လိုလားစွာ အားပေးထောက်ခံကြသော ရဟန်းရှင်လူတို့သည် လည်း ကောင်း အဓမ္မဝါဒီတို့သာ မည်ကုန်၏ဟူ၍ နိုင်ငံတော်သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄) ဝိနည်းဓိုရ်ဆရာတော်များအားလုံးက တညီတညွတ်တည်း ဆုံးဖြတ် တော်မူကြသည်။

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄)
## ဝိနည်းဓိုရ်ဆရာတော်များ

၁။ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ(သဘာပတိ)
ရွှေကျင်ကျောင်းတိုက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

၂။ ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဖွဲ့ဝင်)
မဟာအောင်မြေဘုံစံကျောင်းတိုက်
ဗဟန်း၊ ရန်ကုန်

၃။ ဘဒ္ဒန္တဓမ္မသာရာဘိဝံသ (အဖွဲ့ဝင်)
အဘယခေမိကာရာမ ကျောင်းတိုက်
တောင်ကုတ်မြို့၊ ရခိုင်ပြည်နယ်။

၄။ ဘဒ္ဒန္တအရိယဝံသ(အဖွဲ့ဝင်)
အောင်မြေဘုံသာကျောင်းတိုက်
ဖျာပုံမြို့၊ ဧရာဝတီတိုင်း

၅။ ဘဒ္ဒန္တဝေပုလ္လာဘိဝံသ(အဖွဲ့ဝင်)
ရွှေဘုံသာကျောင်းတိုက်
ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။

# နိဂုံး

ဤဆိုခဲ့ပြီး စကားအစဉ်ဖြင့် ကျောက်ပုံတောရဝါဒကို မိမိတို့စိစစ်သုံးသပ်ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါပြီ၊ ဤအဆုံးအဖြတ် ပြီးသောအခါ သာသနာ့အန္တရာယ်များကို စဉ်းစားမိခဲ့ကြ၏။

သာသနာ့အန္တရာယ်တို့တွင်—

ဓမ္မအတု အန္တရာယ်မှာ အရေးကြီးလှပါ၏၊

ကဿပသံယုတ်မှာ—

ရွှေအတုပေါ်မလာလျှင် ရွှေအစစ်မပျောက် မကွယ်နိုင်သေး၊
အကြင်အခါ လောကမှာ ရွှေတုပေါ်လာအံ့၊
ထိုအခါ ရွှေအစစ် ပျောက်ကွယ်ရ၏၊
ထို့အတူ တရားအတုမပေါ်လာသေးလျှင် တရားအစစ် မပျောက်သေး၊
အကြင်အခါ တရားအတု လောကမှာ ပေါ်လာအံ့၊ထိုအခါ တရားအစစ်
ပျောက်ကွယ်လိမ့်မည်—

ဟု အရှင်မဟာကဿပအား မြတ်စွာဘုရားဟောကြားတော်မူသော ဒေသနာမှာ သာသနာ့နောင်ရေး မြော်တွေးထင်မြင် ကြိုတင်နိမိတ်ဖတ်သကဲ့သို့ပင်ရှိပါတော့သည်။

ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး အနှစ်တစ်ရာအတွင်းမှာ ပြဿနာမရှိလှသော်လည်း တစ်ရာကနောက်အရောက်မှာ ဂိုဏ်းဂဏများစွာပေါ်ပေါက်လာတော့သည်၊ ဂိုဏ်းဂဏအထွေထွေကွဲပြားရခြင်း၌ အကြောင်းကိုရှာလျှင် တရားအတုတွေပေါ်လာရခြင်းပင် ဖြစ်တော့၏၊ လောကက အဆန်းကြိုက်၏၊ အဆန်းကြိုက်သောလောကကို ဆန်းပြားသော နည်းလမ်းထွင်ကာ ဆွဲဆောင်သိမ်းသွင်းခဲ့ကြ၏။

ဤနည်းဖြင့် တရားတုတွေ ပေါ်ပေါက်လာရ၍ မူလ ဗုဒ္ဓ ဓမ္မနှင့် တဖက်တလမ်း ဆန်းပြားသောတရားတု ဖြစ်လာရ၏၊ တရားက ဆန်းပြားလာသည်နှင့်အမျှ အဝတ်အရုံ အသွင်အပြင်စသည်များက ပင်မ ဗုဒ္ဓအလိုကျ အသွင်များနှင့်တခြား ဆန်းပြားသောအသွင်များ ထင်ရှားခဲ့ရ၏။

ဗုဒ္ဓဂေါတမတပည့်ဟု အမည်ခံကြသော်လည်း အသွင်အပြင်ကတခြား တရားအကျင့်ကတမြား ဒေသနာကတနည်း အသီးသီးကွဲပြားကာ ထေရဝါဒပင်မအယူအဆနှင့် မတူမျှသော ဂိုဏ်းတသီးတခြား ယနေ့ဘိုင် ထင်ရှားလျက်ရှိနေခဲ့ရ၏။

ဤအချက်က အတုသည် အစစ်ကို လွှမ်းမိုးချေဖျက်နိုင်သည်ဟု မိမိတို့ သင်ခန်းစာယူရမည့် သာဓကတရပ်ဖြစ်ပါ၏။

သို့ဖြစ်လျှင် ဓမ္မအတုသည် ဘယ်မျှ အန္တရာယ်ကြီးမားသည် ဆိုသည်ကို နားလည်ကြလိမ့်မည်ဖြစ်ရာ မိမိတို့ဗုဒ္ဓသာသနာအတွင်းမှ အတုအပ ဓမ္မအရောင် ဆောင်တို့ကို ပြောင်စင်အောင် ရှင်းလင်းပစ်ကြမှ ဗုဒ္ဓဓမ္မသာသနာ့နောင်ရေး ဘေးကင်း ရန်ကင်း သန့်ရှင်းစင်လေ အခြေမပျက် အနေမပျက် တလက် လက်ထိန်လင်း နေပေလိမ့်မည်ဟု မိမိတို့မြင်ကြရပါသည်။

သာသနာ့အရှည်မပျက် ဆက်လက်တည်ရေးအတွက် အနှောင့်အယှက် ဖြစ်သော အတုအပ ဓမ္မအရောင်တို့ကို ပြောင်စင်အောင် တိုက်ပွဲဝင်ကြရာ၌ သာသနမာမက ရှင်လူအားလုံးတို့၏ တာဝန်အဖြစ် ခံယူကာ တက်ညီလက်ညီ တိုက်ဖျက်ကြပါစို့ဟု နိဂုံးချုပ် နှိုးဆော်တိုက်တွန်းရပါပေသတည်း။

သဒ္ဓမ္မဿ ဝိနာသာယ၊ သဒ္ဓမ္မပတိရူပကံ။

တသ္မာ တံ သောဓယိဿာမ၊ ယထာ န ပုန ဝတ္တတေ။

သဒ္ဓမ္မပတိရူပကံ၊ လာဘ်ကိုလဲမျှော် ကျော်စောတောင့်တ ထူးလိုကြလျက် ဗုဒ္ဓဟောကြား မြတ်တရားမှ ဖောက်ပြားသွေဖီ မညီယွင်းမှား လမ်းတပါးဖြင့် ဆန်းပြားသမှု မတရားပြုဖန် တရားအတုမှန်သမျှသည်။ သဒ္ဓမ္မဿ၊ မဂ်ဖိုလ် ရရန် နိဗ္ဗာန်ဆိုက်ကြောင်း အကောင်းအစစ် အနှစ်မြတ်လှ သဒ္ဓမ္မအမှန် တရား၏။ ဝိနာသာယ၊ ရှိုးရာမကြိုက် အဆန်းလိုက်သည့် အမိုက်တွေများ တရားမှကင်း ပျောက်ကွယ်ခြင်းငှာ။ (ဟောတိ) ရွှေတုပေါ်က ရွှေစစ်ပသည့် လောကထုံးနေ ဖြစ်ရပါပေ၏။ တသ္မာ၊ ထိုသို့ တရားအတု ဖြစ်လာမှုကြောင့် အတုမဲ့စွ မြတ်ဓမ္မတို့ ကွယ်ပဖွယ်ရာ တကယ်သာဖြစ်လေသောကြောင့်။ ယထာ၊ တရားလိုလား ပုဂ္ဂိုလ်များတို့ ကြိုးစားတင်းမာ အကြင်အခြင်းအရာဖြင့်။ (သောဓိတေ) အရင်းပြုတ်၍ အငုတ်မထင် အပြတ်စင်အောင် သုတ်သင်ရှင်း လင်းအပ်သည်ရှိသော်။ ပုန၊ အသိအလိမ္မာ ပညာမကြွယ် လူရှင်လယ်တွင် ပေါ်ထင်ရောက်လတ် နောက်ထပ်တဖန်။ န ဝတ္တတေ၊ အမှန်အလား တရားရောင် ရောင် ပုံဟန်ဆောင်လျက် ပေါ်ထွက်၍သာ ဖြစ်မလာနိုင်ပေ။ (တထာ)အမှန် ထင်ရှား ဘုရားအလို အဆိုမှုပြား မတရားအပြု တရားတုခပင်း ယိုယွင်းစရာ ထိုအခြင်းအရာအားဖြင့်။ တံ သဒ္ဓမ္မပတိရူပကံ၊ အကောင်းအစစ် အနှစ်အသား ဘုရားလမ်းစဉ် အဆန်းထွင်လျက် အမြင်မှောက်မှား ဆိုမှားသမှု ထိုတရား အတုတွေကို။ သောဓယိဿာမ၊ နောက်ထပ်တဖန် မပေါ်ရန်ဟု တွန်းလှန် ပယ်နှင် အပြတ်စင်အောင် သုတ်သင်ရှင်းလင်းကြပါကုန်စို့။

# ထေရဝါဒနှင့် ကျောက်ပုံတောရဝါဒ နှိုင်းယှဉ်ချက်

၁။ မြတ်စွာဘုရား၏ ဝါဒတော်သည်—

သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင် ဟောကြားတော်မူအပ်သော ယထာဘူတဝါဒ ဖြစ်သည်။

**ဟောကြားချက်—**

ထိုအရှင်ဂေါတမသည် နတ်လူပြဟ္မာလောက ရဟန်းပုဏ္ဏားနှင့်တကွ သမုတိနတ်မင်း ကြွင်းလူနှင့်တကွ သတ္တဝါအပေါင်းကို ကိုယ်တော်တိုင် ထူးခြားလွန်ကဲသော သဗ္ဗညုတ ဉာဏ်တော်ကြီးဖြင့် သိတော်မူ၍ မျက်မှောက်ပြုတော်မူ၍ ဟောကြားသိစေတော်မူ၏။ (ဝိ–၁။၁)

**ကျောက်ပုံတောရဝါဒသည်—**

ဝိတဏ္ဍာဝါဒ တက္ကီဝါဒဖြစ်သည်။

**ရေးသားချက်—**

ဖြစ်တယ် ရှိတယ်ဆိုလျှင် မှား၏၊
ဖြစ်တယ် ရှိတယ်ဆိုလျှင် မှန်၏။
မဖြစ်ဘူး မရှိဘူးဆိုလျှင် မှား၏၊
မဖြစ်ဘူး မရှိဘူးဆိုလျှင် မှန်၏။

(ကမ္ဘာ့ဝိပဿနာ မှတ်ပုံတင်သင်တန်း-၄၇)

၂။ မြတ်စွာဘုရား၏ ဝါဒတော်သည်—

အာနာပါနပဗ္ဗ ဣရိယာပထပဗ္ဗ စသော ကမ္မဋ္ဌာန်းများကို ပုထုဇဉ်များပွားများရသော ဝါဒတော်ဖြစ်သည်။

**ဟောကြားချက်—**

ဤကာယာနုပဿနာ (အာနာပါနပဗ္ဗ)ကို ပွားများ၍ အာနာပါန စတုတ္ထစျာန်လျှင် နီးသောအကြောင်းရှိသော ဝိပဿနာဖြင့် ပဋိသမ္ဘိဒါ လေးပါး အဘိညာဏ်ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက် ခြင်းငှာ အလိုရှိသော အစလက်ဦး ကမ္မဋ္ဌာန်းစီးဖြန်းသော အမျိုး ကောင်းသားသည် ရှေးသမထနည်းတွင် ဆိုအပ်ပြီးသော နည်းအတိုင်း သီလကိုသုတ်သင်ခြင်း အစရှိသော အလုံးစုံသော ကိစ္စတို့ကိုပြု၍ ဆိုအပ်ပြီးသော အပြားရှိသော ဆရာ့အထံ၌ ငါးခုသော အဆစ် အပိုင်းရှိသော ကမ္မဋ္ဌာန်းကို အားထုတ်အပ်၏။

(ဝိသုဒ္ဓိမဂ်—၁။၂၆၉)

**ကျောက်ပုံတော ရဝါဒသည်—**

အာနာပါနပဗ္ဗ ဣရိယာပထပဗ္ဗစသော ကမ္မဋ္ဌာန်းများကို ပုထုဇဉ် ပုဂ္ဂိုလ်များ မပွားများရသော ဝါဒဖြစ်သည်။

**ရေးသားချက်—**

ကလျာဏကျပ်ပြည့် နေယျပုဂ္ဂိုလ်တို့သည်ပင် မပွားများအပ်၊ မကျင့်အပ်၊ မပွားများထိုက်၊မကျင့်ထိုက်သော အာနာပါနပဗ္ဗ ဣရိယာ- ပထပဗ္ဗစသော အကျင့်ကမ္မဋ္ဌာန်းလမ်းများကို ကြဉ်ဖယ်ရှောင်ရှား ဘေးချိပ်ထား၍ ညာဏ်ကြီးကြောင်းဖြစ်သော(ဝါ)မဂ်ညာဏ်သို့ ရောက် ကြောင်း ဖြစ်နိုင်သည့် အစစ်ဝိပဿနာသမ္မာဒိဋ္ဌိကိုသာလျှင် စတင် ကြိုးစားရပေလိမ့်မည်။

(နေယျသင်တန်း စာမျက်နှာ-၁၄၉)

**၃။ မြတ်စွာဘုရား၏ ဝါဒတော်သည်—**

ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ ဖြစ်ပျက်ကို ရှုရသော ဝါဒတော်ဖြစ်သည်။

**ဟောကြားချက်—**

ရဟန်းတို့ ထိုအခါ နောက်ပိုင်းအချိန် ဝိပဿီဘုရားအလောင်းသည် စွဲလမ်းရာဖြစ်သော ဥပါဒါနက္ခန္ဓာငါးပါးတို့၌ အဖြစ်အပျက်ကို ရှုလျက် နေ၏။

(ဒီ ၂။၃၀)

**ကျောက်ပုံတော ရဝါဒသည်—**

ရုပ်နာမ်တို့၏ ပျက်ဖြစ်ကို ရှုသောဝါဒဖြစ်သည်။

**ရေးသားချက်—**

သူတို့ဘက်က ဖြစ်ပျက်၊ ကျွန်တော်တို့ဘက်က ပျက်ဖြစ် ဘာပျက်လို့ ဘာဖြစ်သလဲလို့ မေးလိုက်တော့မှ ကိုယ်ပိုင်ဖြစ်နိုင်တဲ့ အတ္တတွေပျက်ပြီး အနတ္တတွေ ဖြစ်နေတယ်။

(၁၃၄၀-ခု၊ စောင်းတန်းကျေးရွာတရားပွဲ၊ ပုသိမ်မောင်ညွန့်)

**၄။ မြတ်စွာဘုရား၏ဝါဒတော်သည်—**

ပဋ္ဌင်းခံရာ၌ အရိယာသံဃာမပါဝင်သော်လည်း ရဟန်းအဖြစ်သို့ ရောက်နိုင်သော ဝါဒတော်ဖြစ်သည်၊ ထို့ပြင် ယခုခေတ် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့်သာ ရဟန်းဖြစ်သောဝါဒ ဝိပဿနာဖြင့်သာ သောတာပန်ဖြစ်သော ဝါဒဖြစ်သည်။

**ဟောကြားချက်—**

(က) သုဏာတု မေ ဘန္တေ သံဃော-၌ သံဃာဟူသည် ရဟန်းအပေါင်းကို ဆိုသည်။ (ကင်္ခါ ၄၊၇၅)

(ခ) ဥပသမ္ပဒါရှစ်ပါးတွင် ဉတ္တိစတုတ္ထကမ္မုပသမ္ပဒါ ဒူတေနူပသမ္ပဒါ၊ အဋ္ဌဝါစိကူပသမ္ပဒါသာ အမြဲထာဝရရှိနေခြင်း၊ ကြွင်းသောဥပသမ္ပဒါတို့ကား ဘုရားထင်ရှားရှိသော အခါသာဖြစ်သော ဥပသမ္ပဒါတို့တည်း။

(သာရတ္ထ ဒု။၅၇)

(ဂ) ပဌမမဂ်ဉာဏ်ကို ပြီးစေလိုသော ယောဂီသည် တခြားဘာမျှ ပြုဖွယ်မရှိ၊ ပြုသင့်သော အနုလုံအဆုံးရှိသော ဝိပဿနာကို ဖြစ်စေခြင်းဖြင့် ပြုပြီးဖြစ်တော့သည်။ (ဝိသုဒ္ဓိမဂ်-၂၊၃၃၈)

**ကျောက်ပုံဘောရဝါဒသည်—**

ပဋ္ဌင်းခံရာ၌ အရိယာသံဃာမပါဝင်က ရဟန်းအဖြစ်သို့ မရောက်နိုင်သောဝါဒဖြစ်သည်၊ ထို့ပြင် သင်တန်းကိုးရက်တက်ပြီးက အလိုလိုရဟန်းဖြစ်သည်၊ ထို့ပြင် သောတာပန်လည်းဖြစ်သော ဝါဒဖြစ်သည်။

**ရေးသားချက်—**

(က) ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာနှစ်ခုလောက်ကိုမျှ သတ်နိုင်တဲ့ သံဃာမပါပဲနှင့် ရဟန်းခံခြင်းများ ပြုလုပ်ကြသည့် ပုဂ္ဂိုလ်များအတွက် အာပတ်သင့် စရာ အာဏာဝိတိက္ကမန္တရာယ် မသင့်ပါ။

(ကမ္ဘာ့ဝိပဿနာမှတ်ပုံတင်သင်တန်း စာမျက်နှာ-၂၀၇)

(ခ) သိက္ခာမတင် သိမ်မဝင်၊ဘယ်တွင်ဘယ်သို့ ရဟန်းဖြစ်သနည်း၊ သင်တန်းသိက္ခာ တင်ပြီးကာ ထိုခါ ရဟန်းဖြစ်သတည်း။

(လေးလွှာဖျက်ခန်း၊ အနတ္တဝိပဿနာကျမ်း နှာ-၁၇ဂ)

(ဂ) ကမ္ဘာ့ဝိပဿနာ ရွာတိုင်းမှာ ဖွဲ့ပါမခဲ့က်၊ ဖွဲ့ပြီးသောခါ သင်တန်းစာ တက်ပါလွန်ကိုးရက်၊ ကိုးရက်သင်ပါ ဒိဋ္ဌိကွာ တဏှာ ဘေးမှထွက်၊ ကျောက်ပုံတော ရ ဟောခါပြ အေးမြမမှတ်။

(ကဗျာ့မေဒနီကျမ်းငယ်၊စာမျက်နှာ-၆)

၅။ မြတ်စွာဘုရား၏ ဝါဒတော်သည်—

သမ္မာဒိဋ္ဌိစသော ရှစ်ပါးအပေါင်းကို မဂ္ဂဟု ဟောတော်မူသော ဝါဒတော်ဖြစ်သည်။

**ဟောကြားချက်—**

ဤမြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသည် အဘယ်နည်း သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိပင်တည်း။ (သံ-၃။၁၆ဂ)

**ကျောက်ပုံတောရဝါဒသည်—**

**စေတနာကို မဂ္ဂဟု ယူဆသော ဝါဒဖြစ်သည်။**

**ရေးသားချက်—**

ဤနေရာ၌ မဂ်ဆိုသည်မှာ စေတနာကို ခေါ်၏၊ စေတနာ ဆိုသည်မှာ အားထုတ်ခြင်းကို ဆို၏၊ စေတနာ မဂ္ဂေါ နာမဟူသော အဋ္ဌသာလိနီကျမ်း ရူပါဝစရ ကုသလအဖွင့်ကို ထောက်လေ။

(နေယျသင်တန်း စာမျက်နှာ- ၁၁ဂ )

၆။ မြတ်စွာဘုရား၏ဝါဒတော်သည်—

ဒါန သီလ ဘာဝနာ ကုသိုလ်များကို ကောင်းမွန်မှန်ကန်သော အကျင့်ဟု ဟောပြသော ဝါဒတော် ဖြစ်သည်—

**ဟောကြားချက်—**

အလုံးစုံသော မကောင်းမှု အကုသိုလ်ဟူသမျှကို မပြုလုပ်ရ၊ ကုသိုလ်ဟူသမျှကို ပြည့်စုံစေရမည်၊ မိမိစိတ်ကို ဖြူစင်စေရမည်။

ဤသုံးပါးသည် ဘုရားရှင်တို့၏ အဆုံးအမတော် ပါပေတည်း

( ဝိ ဋ္ဌ ၁။ ၁၅၄)

**ကျောက်ပုံတောရဝါဒသည် —**

ဒါန သီလ ဘာဝနာ ကုသိုလ်များကို သီလဗ္ဗတပရာမာသဟု ယူဆသော ဝါဒဖြစ်သည်။

**ရေးသားချက် —**

ယခုခေတ် ဗုဒ္ဓဘာသာ အမည်ခံတို့ ပြုလုပ်သော ဒါနမှု သီလမှုသည် နောင် သံသရာ ချမ်းသာကို မက်၍ လူ နတ် စည်းစိမ်ကို မက်၍ ပြုလုပ်သော ဒါနသီလများဖြစ်၍ သီလဗ္ဗတပရာမာသ အကျင့်နယ်မှ မလွန်မြောက်နိုင်၍ ခွေးအကျင့် နွားအကျင့်နှင့် မခြားလှ ဆိုချေသည်။ (နေယျလမ်းပြခေါ် လေးလွှာဖျက်ခန်း၊ အနတ္တဝိပဿနာကျမ်း စာမျက်နှာ-၂၁၇)

**၇။ မြတ်စွာဘုရား၏ ဝါဒတော်သည် —**

အသခ်တကို နိဗ္ဗာန်ဟု ဟောတော်မူသော ဝါဒတော်ဖြစ်သည်။

**ဟောကြားချက် —**

အကြင်နိဗ္ဗာန်၌ အိုခြင်း နာခြင်း သေခြင်း မချစ်မနှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ပေါင်းစုံ ယှဉ်တွဲရခြင်းသည်လည်းကောင်း ချစ်နှစ်သက်အပ်သော သတ္တဝါသင်္ခါရတို့နှင့် ခွဲခွာကွေကွင်းရခြင်းသည်လည်းကောင်း မရှိပါပေ၊ ထိုအသခ်တနိဗ္ဗာန်သို့ ငါသည် သွားပါတော့အံ့။

**ကျောက်ပုံတောရဝါဒသည် —**

အသခ်တကို နိဗ္ဗာန်မဟုတ်ဟု ယူဆသော ဝါဒဖြစ်သည်။

**ရေးသားချက် —**

အသခ်တကို ဘုရားဟောခဲ့ပုံ နိဗ္ဗာန်မဟုတ်ပုံ အသခ်တတရားနဲ့ ဝိမုတ္တိတရားဟာ တခြားစီနေပုံကလေးကို ကျမ်းကိုး ပါဠိနှင့်တကွ ပြောပြအုံးစို့ ရှဲ။

(ဦးစံရင်းဟော၊ တိတ်ခွေ (၈ -ဘီ)

**၈။ မြတ်စွာဘုရား၏ ဝါဒတော်သည် —**

ပဉ္စသီလစသည်ကိုသာ သီလဟု ဟောတော်မူသော ဝါဒဖြစ်သည်။

**ဟောကြားချက် —**

ထိုအမိသီလ စသည်တို့တွင် ငါးပါးသီလသည် သီလမည်၏၊ ထိုငါးပါးသီလကို ထောက်ဆ၍ ဆယ်ပါးသီလသည် အဓိသီလမည်၏။

(အံ၊ဋ္ဌ ၂။ ၂၁၄)

**ကျောက်ပုံတောရဝါဒသည်—**

ယောကျ်ား မိန်းမစသော ပုံသဏ္ဌာန်ကို ပယ်သတ်ခြင်းသည် သီလမည်၏ဟု ယူဆသော ဝါဒဖြစ်သည်။

**ရေးသားချက်—**

ယခုဖော်ပြခြင်း စိတ်စသော စိတ်ခြောက်လုံးတို့သည် ၀ လုံးလုံး ဖြစ်ပေါ်လျှက် ပျောက်ကွယ်သွားရရှာသဖြင့် ဖြစ်ပျက်တရားမျှသာ ရှိပါတကားဟု စဉ်းစားလိုက်သည့်အခါ ယောကျ်ား မိန်းမ ပုံသဏ္ဌာန် စသော အရေဝတ္ထုတွေကို ပယ်သတ်သလို ဖြစ်နေသောကြောင့် ထိုသဘောကို သီလလို့ခေါ်၏။

( အဖြေကျမ်း စာမျက်နှာ-၃၁ )

၉။ **မြတ်စွာဘုရား၏ ဝါဒတော်သည်—**

သီလ သမာဓိ ပညာဟု ပဋိပတ္တိက္ကမကို ဟောတော်မူသော ဝါဒတော်ဖြစ်သည်။

**ဟောကြားချက်—**

တိဟိတ်ပဋိသန္ဓေ ပညာရှိသော ပုဂ္ဂိုလ်သည် သီလ၌တည်၍ သမာဓိကိုလည်းကောင်း ပညာကိုလည်းကောင်း ပွားစေ၏။

( သံ-၁။၁၃ )

**ကျောက်ပုံတောရဝါဒသည်—**

ပညာ သီလ သမာဓိဟု ပဋိပတ္တိက္ကမကို ပြောင်းပြန်ယူဆသောဝါဒ ဖြစ်သည်။

**ရေးသားချက်—**

ကျောက်ပုံတောရကြီးသည် ပဋိပတ္တိဝင်းဟူသော ဒုက္ခနိရောဓဂါမိနီပဋိပဒါဆိုသည့် မဂ္ဂင်ရှစ်ပါး မဇ္ဈိမပဋိပဒါလမ်းစဉ်အရ ပညာ သီလ သမာဓိဟု ရေးသားလိုက်ခြင်း ဖြစ်ပါသည်။

( ပုသိမ်မောင်ညွန့် သောခနောချက် )

၁၀။ **မြတ်စွာဘုရား၏ ဝါဒတော်သည်—**

ရုပ်နာမ်မွေတို့၏ သန္တတိကို အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုရမည်ဟု ဟောတော်မူသော ဝါဒတော်ဖြစ်သည်။

**ဟောကြားချက်—**

အဖြစ်အပျက်ကို သိမ်းဆည်းရှုမှတ်၍ ရုပ်နာမ်တို့၏ ရှေ့မှောက် အစဉ်ကို ဖျက်ဆီးအပ်ပြီးသည်ရှိသော် အနိစ္စလက္ခဏာသည် သဘော မှန်အတိုင်း ထင်၏။

(ဝိသုဒ္ဓိ-၄-၂။၃၀၂)

**ကျောက်ပုံတောရဝါဒသည်—**

ရုပ်နာမ်ဓမ္မတို့၏ သန္တတိကို အနိစ္စ ဒုက္ခ အနတ္တ ဟု မရှုရဟု ယူဆ သော ဝါဒဖြစ်သည်။

**ရေးသားချက်—**

ယခုကာလ ဝိပဿနာရှုသူများသည် အများအားဖြင့် ဓမ္မနိယာမ ခေါ် ဖြစ်ပျက်ဆိုသည့် သန္တတိအစဉ်ကို လက္ခဏာရေးတင်၍ အနိစ္စ ဒုက္ခ အနတ္တ ဟု ဝိပဿနာရှုနေကြရာ ရှု၍ မဆုံးနိုင်သော သန္တတိအစဉ် ဝဲ ကြီးထဲတွင် နစ်မြုပ်နေကြလေသည်။

(နေယျသင်တန်း စာမျက်နှာ-၁၇၆)

**၁၁။ မြတ်စွာဘုရား၏ ဝါဒတော်သည်—**

ရုပ်နာမ်တို့ကို အနိစ္စ စသောအားဖြင့် ရှုမှတ်သော ဉာဏ်ကို ဝိ-ပဿနာဟု ဟောတော်မူသော ဝါဒတော်ဖြစ်သည်။

**ဟောကြားချက်—**

အတိတ် အနာဂတ် ပစ္စုပ္ပန် အတွင်းအပြင် အကြမ်းအနု အယုတ် အမြတ် အနီးအဝေးဖြစ်သော ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်မှန် သမျှကို ဤတရားအပေါင်းသည် ငါ့ဉစ္စာ မဟုတ် ငါမဟုတ် ငါ၏ အတ္တ မဟုတ်ဟူ၍ ဤ ရုပ်နာမ်တရားအပေါင်းကို မဖောက်မပြန် ဟုတ် မှန်တိုင်း ကောင်းသော ပညာဖြင့် ရှုအပ်၏။ (သံ-၂။၅၆)

**ကျောက်ပုံတောရဝါဒသည်—**

သင်ယူမှတ်သား နာကြားတွေးကြံ မကျေနပ် နောက်ထပ် မေး မြန်းရန်ဟူသော ကလျာဏအင်္ဂါငါးတန်အရ သုတမယ, စိန္တာမယ အသိမျှကိုပင် ဝိပဿနာဟု ယူဆသော ဝါဒဖြစ်သည်။

**ရေးသားချက်—**

နေယျပုဂ္ဂိုလ်များအတွက် (သင်ယူမှတ်သား နာကြား တွေးကြံ မကျေနပ် နောက်ထပ် မေးမြန်းရန်)ဆိုသည့် ကလျာဏတို့၏ လက်နက်ကြီး ငါးမျိုးကို ကိုင်၍ ရက်, လ, နှစ် အကန့်အသတ် မထားပဲ ပညာသိ အနုတ္တ အစစ်တရားကို လိုက်စားကြစေလိုသည်။

(နေယျသင်တန်း စာမျက်နှာ ၇၀-မှ စ၍)

**၁၂။ မြတ်စွာဘုရား၏ ဝါဒတော်သည်—**

ဝဋ္ဋနိဿိတကမ္မဿကတာသမ္မာဒိဋ္ဌိ,ဈာနသမ္မာဒိဋ္ဌိတို့ကိုသာ မိစ္ဆာပဋိပဒါဟု ဟောတော်မူသော ဝါဒတော်ဖြစ်သည်။

**ဟောကြားချက်—**

ချဲ့ဦးအံ့၊ ဘဝသုံးပါးဟူသောဝဋ်ကို ဖြစ်စေအပ်သော ကုသိုလ်မှန်သမျှသည် အယုတ်ဆုံးအဘိညာဉ်ငါးပါး သမာပတ် (၈) ပါးပင် ဖြစ်စေဦးတော့ ဝဋ်အဖို့၌ ဖြစ်၍ ဝဋ်သာပဓာနရှိသော ကုသိုလ်ဖြစ်သောကြောင့် မိစ္ဆာပဋိပဒါမှားသော အကျင့်သာဖြစ်တော့သည်၊ဝဋ်ကင်းရာ နိဗ္ဗာန်ကို တောင့်တဖြစ်စေအပ်သော ကုသိုလ်မှန်သမျှသည် အောက်ထစ်အားဖြင့် တဇ္ဇနီးစာမျှ ယာဂုဒါန, တဆုပ်စာမျှ ဟင်းရွက်ဒါနပင် ဖြစ်ဦးတော့ ဝဋ်ကင်းရာ နိဗ္ဗာန်အဖို့ရှိသောကြောင့် သမ္မာပဋိပဒါ (ကောင်းသောအကျင့်) ဖြစ်ရသည်။ (သံ ၄ ၂။၁၈)

**ကျောက်ပုံတော ရဝါဒသည်—**

ကမ္မဿကတာသမ္မာဒိဋ္ဌိ, ဈာနသမ္မာဒိဋ္ဌိမှန်သမျှကို မိစ္ဆာပဋိပဒါဟူ၍ ယူဆသော ဝါဒဖြစ်သည်။

**ရေးသားချက်—**

ဝိဇ္ဇာပေါ်မူတည်သော သမ္မာဒိဋ္ဌိမဂ္ဂင်များသည် ကမ္မဿကတာသမ္မာဒိဋ္ဌိ, ဈာနသမ္မာဒိဋ္ဌိ, ဝိပဿနာသမ္မာဒိဋ္ဌိဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင် အမှန်ကလေး အမှန်ကြီးခေါ်သည့် ကမ္မဿကတာသမ္မာဒိဋ္ဌိမဂ္ဂင်နှင့် ဈာနသမ္မာဒိဋ္ဌိမဂ္ဂင်နှစ်မျိုးသည် အမှားမဂ္ဂင်ဆိုသည့် မိစ္ဆာဒိဋ္ဌိမဂ္ဂင်ကိုထောက်၍ သမ္မာဒိဋ္ဌိမဂ္ဂင်ပင် ဆိုသော်လည်း သံသရာသုံးကြောင်း သုံးသွယ်မှ မလွတ်သဖြင့် အဝိဇ္ဇာနယ်ပယ်မှ မလွတ်သေးသောကြောင့် မိစ္ဆာမဂ္ဂင် မှားသောလမ်း၊ မှားသောအကျင့်သာဖြစ်၏။

(ကမ္မဋ္ဌာန်ဝိပဿနာကျမ်း၊ နေယျသင်တန်း-၁၃၇ ပထမအကြိမ်ရိုက်)

၁၃။ မြတ်စွာဘုရား၏ ဝါဒတော်သည်—

ဒေသနာတော်ကို အရာအားလျော်စွာ ပရိယာယ,နိပ္ပရိယာယအား ဖြင့် ဟောကြားတော်မူသော ဝါဒဖြစ်သည်။

ဟောကြားချက်—

ရဟန်းတို့ မျက်စိအကြည်ရုပ်သည် အမြဲမရှိ၊ (နိပ္ပရိယာယအနက်) မာရ်နတ်၊ အကြင်ပုဂ္ဂိုလ်၌ကား မျက်စိ၌ တပ်တတ်သော တဏှာ မရှိ၊ (ပရိယာယအနက်)

(မာရသံယုတ် ကဿကသုတ္တန်)

ကျောက်ပုံတောရဝါဒသည်—

ဒေသနာတော်ကို နိပ္ပရိယာယ(မုချ)အားဖြင့်သာ ယူဆသော ဝါဒ ဖြစ်သည်။

ရေးသားချက်—

မာရ်နတ် အကြင်ပုဂ္ဂိုလ်၌ကား မျက်စိမရှိ။ (ပရိယာယအနက် ယူ သင့်ရာ၌၊ နိပ္ပရိယာယ အနက်ယူထားသည်)။

(တိတ်ခွေ-၁-ဘီ၊ ဦးစံရင်းဟော)

၁၄။ မြတ်စွာဘုရား၏ ဝါဒတော်သည်—

သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိအယူများကို မှားသောအယူဟု ဟောတော် မူသော ဝါဒဖြစ်သည်။

ဟောကြားချက်—

အမြင်မှားဒိဋ္ဌိအယူရှိသောသူသည် တခုသောအယူ၌ တည်ခြင်းငှာ မစွမ်းနိုင်၊ တရံတခါ သဿတအယူသို့ ကျရောက်၍ တရံတခါ ဥစ္ဆေဒ အယူသို့ ကျရောက်တက်သည်။

(အဘိ ဋ္ဌ ၁။၂၉၄)

ကျောက်ပုံတောရဝါဒသည်—

သဿတဒိဋ္ဌိ,ဥစ္ဆေဒဒိဋ္ဌိအယူများကို အမှားအမှန် နှစ်မျိုးရှိ၏ဟု ယူ ဆသော ဝါဒဖြစ်သည်။

ရေးသားချက်—

(က) ပတ်ဝန်းကျင် အကြောင်းတရားများ မစုံညီလျှင် ရုပ်နာမ်လို့ ခေါ်သော သဘောတရားများ မဖြစ်မရှိသည်ကို ရုပ်နာမ်တို့ ကိုယ်တိုင် ဖြစ်သည် ရှိသည်ဟု ယူဆပါလျှင် အမှားသဿတဒိဋ္ဌိဟု ဖော်ပြသည်

ထို့နောက် အမှန် သဿတဒိဋ္ဌိ၊ အမှား ဥစ္ဆေဒဒိဋ္ဌိ၊ အမှန် ဥစ္ဆေဒ ဒိဋ္ဌိတို့ကိုလည်း ဖော်ပြသည်။

(ပုသိမ်မောင်ညွန့် သောဓနာ–၁၄)

၁၅။ မြတ်စွာဘုရား၏ ဝါဒတော်သည်—

သမ္မာသနညာဏ်ကို အဓိကထား၍ ပွားများရသော ဝါဒတော်ဖြစ်သည်။

ဟောကြားချက်—

အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော ရုပ်ကို ကုန်ဆုံးခြင်းသဘော ကြောင့် အနိစ္စမည်၏၊ နှိပ်စက်တတ်သော သဘောကြောင့် ဒုက္ခမည်၏၊ အနှစ်မရှိသော သဘောကြောင့် အနတ္တမည်၏ဟု အကျဉ်းချုံး ပိုင်းခြား သတ်မှတ်ရာ၌ ဖြစ်သောပညာသည် သမ္မာသနညာဏ်မည်၏။

(ပဋိသမ္ဘိဒါမဂ်၊ ပါဠိတော်၊နှာ-၅၁)

ကျောက်ပုံတောရဝါဒသည်—

သမ္မာသနညာဏ်ကို အဓိကထား၍ မပွားများရသော ဝါဒဖြစ်သည်။

ရေးသားချက်–

ပွားများဆင်ခြင်မှုသည် တရားဦးခေါင်းဆုံးသော ဝိပဿနာ သမ္မာဒိဋ္ဌိ အစစ်အမှန်ဆုံး မဂ္ဂင်ကို မရနိုင်ပေ၊အဝေးအနီးစသော သမ္မ-သနညာဏ်အရအားဖြင့် သုံးသပ်စုံစမ်းမှုသာဖြစ်ချေသည်၊ ဝိပဿနာ အစစ်ကြီးထင်၍ အဓိကထားပြီး ပွားများအားထုတ်အပ်သော အရာ ဌာနမဟုတ်ချေ။

(ဦးစံရင်းရေးနေယျသင်တန်း စာမျက်နှာ-၁၇၈)

၁၆။ မြတ်စွာဘုရား၏ ဝါဒတော်သည်–

ဥဂ္ဃဋိတညူစသော ပုဂ္ဂိုလ်လေးယောက်တို့အတွက် ဘုရားပွင့်တော်မူ၏ ဟူသော ဝါဒတော်ဖြစ်သည်။

ဟောကြားချက်–

ချစ်သားတို့ လောက၌ ဘုရားတည်းဟူသော တဦးသောပုဂ္ဂိုလ် ဖြစ်ထွန်း ပေါ်ပေါက်ခဲ့သော် အများသူတို့၏ စီးပွားအလို့ငှာဖြစ်၏။

(အံ-၁။၂၁)

**ကျောက်ပုံတောရဝါဒသည်—**

ဥဂ္ဃဋိတညူစသော ပုဂ္ဂိုလ်သုံးယောက်အတွက်သာ ဘုရားပွင့်တော်မူသည်၊ ပဒပရမ ပုဂ္ဂိုလ်အတွက် ဘုရားပွင့်တော်မူသည်မဟုတ်ဟု ယူဆသော ဝါဒဖြစ်သည်။

**ရေးသားချက်—**

အန္ဓပုထုဇဉ်နယ်က ပဒပရမပုဂ္ဂိုလ်များအတွက် ဘုရားပွင့်လာခြင်း မဟုတ်ပေ။

(နေယျသင်တန်း စာမျက်နှာ—၅၄)

**၁၇။ မြတ်စွာဘုရား၏ ဝါဒတော်သည်—**

ရုပ်တဖွားဖွား နာမ်တဖွားဖွားကို ဝိပဿနာရှုရသောဝါဒဖြစ်သည်။

**ဟောကြားချက်—**

ထိုသုံးပါးတို့တွင် ဖောက်ပြန်တတ်သော သဘောသည်ရုပ်၊ ခံစားတတ်သော သဘောသည် ဝေဒနာ၊ ဤသို့ ထိုထိုရုပ်နာမ်တို့၏ အသီးသီးသော သဘောလက္ခဏာကို မှတ်သည်၏ အစွမ်းဖြင့် ဖြစ်သော ပညာသည် ဉာတပရိညာမည်၏။

(ဝိသုဒ္ဓိ ၄ ၂။၂၄၁)

**ကျောက်ပုံတောရဝါဒသည်—**

ရုပ်တဖွားဖွားနာမ်တဖွားဖွားကို ဝိပဿနာမရှုရသော ဝါဒဖြစ်သည်။

**ရေးသားချက်—**

ရုပ်တဖွားဖွား နာမ်တဖွားဖွားကို လက္ခဏာရေးတင်၍ ဝိပဿနာရှုခြင်းသည် ဝိပဿနာတု၊ဝိပဿနာယောင်ဝါးမျှသာ ဖြစ်ချေသည်။

(နေယျသင်တန်း စာမျက်နှာ—၁၈၁)

**၁၈။ မြတ်စွာဘုရား၏ဝါဒတော်သည်—**

သိတတ်တာကနာမ် မသိတတ်တာကရုပ် ညွတ်တတ်တာက နာမ် ဖောက်ပြန်တတ်တာက ရုပ် စသည်ဖြင့် ပိုင်းခြားသိသော ဉာဏ်ကို နာမရူပပရိစ္ဆေဒဉာဏ်ဟု ဟောတော်မူသော ဝါဒဖြစ်သည်။

**ဟောကြားချက်—**

အာရုံဆီသို့ ညွတ်တတ်သွားတတ်သော နာမ်သဘောနှင့် အာရုံဆီသို့ မညွတ်တတ်မူ၍ ဖောက်ပြန်ရှိသော အထင်အရှား ဖောက်ပြန်တတ်သော ရုပ်သဘောတို့ကို သဘောမှန်အတိုင်း သိမြင်ခြင်းသည် စင်ကြယ်သော ဉာဏ်အမြင်မည်၏။ (ဝိသုဒ္ဓိမဂ်-၂။၂၂၂)

**ကျောက်ပုံတောရဝါဒသည်—**

ယင်းဆိုအပ်ခဲ့ပြီးအတိုင်း ပိုင်းခြားသိတတ်သောဉာဏ်ကို နာမရူပ-ပရိစ္ဆေဒဉာဏ်မဟုတ်ဟု ယူဆသော ဝါဒဖြစ်သည်။

**ရေးသားချက်—**

သိတတ်တာက နာမ် မသိတာကရုပ် စသည်ဖြင့် ရုပ်မှုံကလေးတွေ တဖွားဖွား ဖြစ်ပျက်နေသည်ကို ကိုယ်တွေ့သိမြင်ရ၍ နာမရူပပရိစ္ဆေဒ-ဉာဏ်ပိုင်ပြီ၊ နာမ်နှင့်ရုပ်ကွဲပြီဟု ယူဆခြင်းသည် ယထာဘူတ ကျနမှန်ကန်သော နာမရူပပရိစ္ဆေဒဉာဏ်မဟုတ်သဖြင့် အထက်ဉာဏ်များကို မသိမမြင်နိုင်ချေ။ (နေယျသင်တန်းစာမျက်နှာ-၆၅)

**၁၉။ မြတ်စွာဘုရား၏ ဝါဒတော်သည် –**

အာရုံခြောက်ပါးတရားများကိုကာလသုံးပါး၌ဖြစ်၏ဟု ဟောတော်မူသောဝါဒဖြစ်သည်။

**ဟောကြားချက်—**

နိဗ္ဗာန်ကို ချန်လှပ်၍ ကျန်အလုံးစုံသော တရားတို့သည် ရံခါ အတိတ်၊ ရံခါအနာဂတ်၊ရံခါပစ္စုပ္ပန်ဖြစ်သော တရားတို့တည်း၊ နိဗ္ဗာန်ကိုကား အတိတ် အနာဂတ် ပစ္စုပ္ပန်ဟု မဆိုအပ်။ (အဘိ-၁။၂၇၂)

**ကျောက်ပုံတောရဝါဒသည်–**

အာရုံခြောက်ပါးတရားတို့ကိုကာလသုံးပါးမှ လွတ်၏ဟုယူသောဝါဒ ဖြစ်သည်။

**ရေးသားချက်–**

မျက်စိအကြည်ကို ထိခိုက်ခြင်းငှာ ထိုက်သောအဆင်းဟု အသမုတ်ခံရသော သဘောကလေးသည် အယင်မရှိ ခုမရှိ နောင်မရှိ ကာလသုံးပါးမှလွတ်၏။ (နေယျသင်တန်း စာမျက်နှာ-၂၀၇)

၂၀။ မြတ်စွာဘုရား၏ဝါဒတော်သည်—

ဟဒယဝတ္ထုသည် မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်၏ဟူ၍ လည်းကောင်း စေတနာကို ကံခေါ်၏ဟူ၍လည်းကောင်း ကံဆိုသည် ပြုလုပ်မှုသာဖြစ်၏ဟူ၍လည်းကောင်း ဟောတော်မူသော ဝါဒဖြစ်သည်။

ဟောပြောချက်—

(က) မနောဓာတ်,မနောဝိညာဏဓာတ် နှစ်ပါးတို့၏မှီရာရုပ်သည် ဟဒယဝတ္ထုမည်၏။ (ပဋ္ဌာန်းပါဠိတော်-ပစ္စယနိဒ္ဒေသ)

(ခ) ရဟန်းတို့ စေတနာကို ကံဟုငါဆို၏စေတနာဖြင့် စေ့ဆော်၍ ကာယကံ,ဝစီကံ, မနောကံကို ပြု၏။ (အင်္ဂုတ္တိုရ် ၃။၁၃၀)

ကျောက်ပုံတောရဝါဒသည်—

ဟဒယဝတ္ထုဟူသည် နှလုံးသွေးဖြစ်၏ဟူ၍လည်းကောင်း၊ နှလုံးသွေးကိုပါဠိလို ကမ္မဟူ၍လည်းကောင်း ယူသောဝါဒဖြစ်သည်။

ရေးသားချက်—

ဟဒယဝတ္ထုဆိုသည်မှာ နှလုံးသွေးဖြစ်၏၊ နှလုံးသွေးကို ပါဠိလို ကံဟု ခေါ်၏၊ ကံဆိုဒါလည်း မြန်မာလို အရှိန်ဖြစ်၏။ (နေယျသင်တန်း စာမျက်နှာ-၈၀)

၂၁။ မြတ်စွာဘုရား၏ ဝါဒတော်သည်—

နိဗ္ဗာန်ကို သန္တိသုခသဘာဝအားဖြင့် ထင်ရှားရှိသော သဘာဝတရားဟုဟောတော်မူသော ဝါဒဖြစ်သည်။

ဟောပြောချက်—

လောကုတ္တရာဟုဆိုအပ်သော လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်၍ဖြစ်သော နိဗ္ဗာန်ကို ဝါနဟု ဆိုအပ်သော တဏှာမှထွက်မြောက်တတ်သောကြောင့်နိဗ္ဗာန်ဟု ဆိုအပ်၏။ (အဘိဓမ္မတ္ထသင်္ဂဟ)

ကျောက်ပုံတောရဝါဒသည်—

နိဗ္ဗာန်ကို ချုပ်ငြိမ်းရုံမျှသာဖြစ်၏ဟုယူသောအဘာဝ ဝါဒဖြစ်သည်။

**ရေးသားချက်—**

ရုပ်နာမ်လောကကြီးတခုလုံး ဆုံးအောင်နိုက်ကြည့်တော့ ပုန်းအောင်းရာ ရှာမရဘဲ သင်္ခါရဒုက္ခသာ ရှိတယ်။

ထိုသင်္ခါရဒုက္ခထဲမှာ တကယ်ထင်မှတ်စရာ တွယ်တာစရာရှာမရပဲချုပ်ငြိမ်းနေပါတယ်၊အဲဒီချုပ်ငြိမ်းတာဟာနိဗ္ဗာန်ပါပဲ။ (တိတ်ခွေ ၁၊ဘီ ၃၇)

၂၂။ မြတ်စွာဘုရား၏ ဝါဒတော်သည်—

ကိလေသာမှုကြွင်းသော ခန္ဓာရှိသော ငြိမ်းအေးမှုကို သဥပါဒိသေသနိဗ္ဗာန် ကိလေသာခန္ဓာ အကြွင်းမရှိသော ငြိမ်းအေးမှုကို အနုပါဒိသေသနိဗ္ဗာန်ဟုဟောတော်မူသော ဝါဒဖြစ်သည်။

**ဟောကြားချက်—**

အကြွင်းရှိသော ခန္ဓာငါးပါးနှင့် တကွဖြစ်သော နိဗ္ဗာန်သည် သဥပါဒိသေသနိဗ္ဗာန်မည်၏၊ အကြွင်းရှိသော ခန္ဓာငါးပါးရှိသော နိဗ္ဗာန်သည် အနုပါဒိသေသ နိဗ္ဗာန်မည်၏။

(ပဋိသမ္ဘိဒါ ဋ္ဌ ၁။ ၂၉၀-၂၉၁)

**ကျောက်ပုံတောရဝါဒသည်—**

ကိလေသာ တန်းလန်းနှင့် သိနေတာ သဥပါဒိသေသ နိဗ္ဗာန်၊ ကိလေသာကုန်မှ သိတာ အနုပါဒိသေသ နိဗ္ဗာန်ဟု ယူဆသော ဝါဒဖြစ်သည်။

**ရေးသားချက်—**

အဲဒီလို အမှန်တရားတွေကို ကိလေသာ တန်းလန်းနှင့် သိနေလို့ သဥပါဒိသေသ နိဗ္ဗာန်လို့လဲ ခေါ်တယ်။ မတော်တဆ မပြောကောင်း မဆိုကောင်း ကိလေသာတွေကုန်ပြီး သိမှ အဲဒါ အနုပါဒိသေသ နိဗ္ဗာန်ခေါ်တယ်။ ( ပုသိမ်မောင်ညွန့် ဇောင်းတန်းရွာ တရားပွဲတိတ်ခွေ )

၂၃။ မြတ်စွာဘုရား၏ ဝါဒတော်သည်—

ရာဂဝိနယပဋိပန္န( ရာဂကိုပယ်ဖို့ရာ ကျင့်သောပုဂ္ဂိုလ် ) အရ ထိုနေ့ ရှင်ဖြစ်သော ဘဏ္ဍာကိုင် သာမဏေအထိ ကျင့်ဆဲမှန်သမျှ ဟောတော်မူသော ဝါဒဖြစ်သည်၊ ထို့ပြင် အလှူခံပုဂ္ဂိုလ်အရာ သီလဝန္တပုထုဇဉ်ပါ ယူရသော ဝါဒဖြစ်သည်။

ဟောကြားချက်—

(က) ရာဂကင်းအောင် ကျင့်ဆောင်ဆဲ ပုဂ္ဂိုလ်ဟူသည် သေက္ခပုဂ္ဂိုလ် (၇)ယောက်သာ မဟုတ်၊ အောက်ထစ်ဆုံးအားဖြင့် ထိုနေ့၌ ရှင်ပြုသော သာမဏေကလေးပင်သော်လည်း ရာဂကင်းအောင် ကျင့်ဆောင်ဆဲ ပုဂ္ဂိုလ်ဖြစ်၏။

(အံ—၄-၃။ ၁၀၀)

(ခ) သေက္ခဟူသောပုဒ်ဖြင့် သေက္ခပုဂ္ဂိုလ်(၇)ယောက်တို့ကို ပြ၏၊ ဤသေက္ခဟူသော ပုဒ်၌ သီလဝန္တပုထုဇဉ်ကို သောတာပန်ဖြင့် သိမ်းယူအပ်၏။

ကျောက်ပုံတောရဝါဒသည်—

သေက္ခပုဂ္ဂိုလ်( ၇ ) ယောက်ကိုသာ ယူဆသောဝါဒ ဖြစ်သည်၊ထို့ပြင် သေက္ခ အသေက္ခပုဂ္ဂိုလ်များကိုသာ အလှူခံထိုက်သော ပုဂ္ဂိုလ်အဖြစ် ယူဆသောဝါဒ ဖြစ်သည်။

ရေးသားချက်—

(က) ရာဂကုန်ဆုံးဖို့ရာ အားထုတ်နေသော ပုဂ္ဂိုလ်ဆိုသည်မှာ သေက္ခပုဂ္ဂိုလ် ( ၇ ) ယောက်ကို ဆို၏။

( ပုသိမ်မောင်ညွန့်ရေး ဝိဘဇ္ဇဝါဒပညာသိဝိပဿနာကျမ်း — ၇၆ )

(ခ) စေတနာနှင့် လှူထိုက်သည့်အခါ အလှူခံထိုက်သော ပုဂ္ဂိုလ်များမှာ သေက္ခ, အသေက္ခခေါ်ဆို အရိယာပုဂ္ဂိုလ်ရှစ်ယောက်တို့ကို ဖယ်ထား၍ ကြွင်းကျန်သော ပုဂ္ဂိုလ်တို့မှာ အလှူမခံထိုက်ပါ။

( ဝိဘဇ္ဇဝါဒ ပညာသိဝိပဿနာကျမ်းလာ အလှူခံပုဂ္ဂိုလ်အရိယာရှစ်ယောက်)

၂၄။ မြတ်စွာဘုရား၏ ဝါဒတော်သည်—

လက္ခဏာရေးသုံးပါးကို အနိစ္စ ဒုက္ခ အနတ္တဟု ဟောတော်မူသောဝါဒဖြစ်သည်။

ဟောကြားချက်—

ရဟန်းတို့ စက္ခုသည် အနိစ္စဖြစ်၏၊ အကြင်စက္ခုသည် အနိစ္စဖြစ်၏၊ ထိုစက္ခုသည် ဒုက္ခတည်း၊ အကြင်စက္ခုသည် ဒုက္ခဖြစ်၏၊ ထိုစက္ခုသည် အနတ္တတည်း။ ( သံ—၂-၂၃၆ )

ကျောက်ပုံတော့ရဝါဒသည် –

အနတ္တ ,အနိစ္စ ,ဒုက္ခဟု ဒေသနာကမ္မ အစဥ်မကျပဲ ယူဆသောဝါဒဖြစ်သည်၊

ရေးသားချက် —

အဆင်းဟု သမုတ်ခံရသော ပရမတ်ကလေးသည် သူကိုယ်တိုင် သူ့ဟာသူ မဖြစ်နိုင်ခြင်းကြောင့် အနတ္တ၊ အဆင်းဟု သမုတ်ခံရသော ပရမတ်ကလေးသည် မနောဝိညာဉ်ထဲမှာလည်း မတွေ့ရ ပတ်ဝန်းကျင်ထဲမှာလည်း မရှိ ကုန်ခန်း ပျောက်ပျက်နေသဖြင့် အနိစ္စ၊ ပျောက်ပျက် ကုန်ခန်း အချိုးအနှီး ဖြစ်သည့် သဘောတို့ဖြင့် ထပ်ခါထပ်ခါ မလတ်သာအောင် နှိပ်စက်နေသဖြင့် ဒုက္ခ။

( ကမ္ဘာ့ဝိပဿနာကျမ်း နေယျသင်တန်း ၁၄၄)

၂၅။ မြတ်စွာဘုရား၏ ဝါဒတော်သည် –

ဘုံသုံးဆယ့်တစ်ကို ကိုယ်တော်တိုင်ဟောတော်မူသော ဝါဒဖြစ်သည်။

ဟောကြားချက်—

ကာမာဝစရနတ်ပြည် ငါးထပ်နှင့်တကွသော ဝသဝတ္တိနတ်ပြည်နှင့် တကွသော ဗြဟ္မာပြည် နှစ်ဆယ်နှင့်တကွသော ဩကာသလောကဥ်ဟူ၍ လည်းကောင်း လူ့ဘုံ အပါယ်လေးဘုံ၌ ဟူ၍လည်းကောင်း ဟောတော်မူလေသည်။ (အံ-၁။၃၉၇)

အဘယ်တရားတို့သည် ကာမာဝစရမည်သနည်း၊အောက်ဘက်အဝီစိ အထိ အထက်ဘက် ပရနိမ္မိတဝသဝတ္တိအတွင်းပြု၍ ဤကာမ ၁၁-ဘုံ အတွင်း ဖြစ်နေကြ အကျုံးဝင်နေကြသော တရားတို့သည် ကာမာဝစရ မည်ကုန်၏၊ အဘယ်တရားတို့သည် ရူပါဝစရမည်ကုန်သနည်း၊ အောက် ဘက် ဗြဟ္မာလောကအထိ အထက်ဘက် အကနိဋ္ဌဗြဟ္မာများ အတွင်း ထားလျက် ဤဗြဟ္မာဘုံ၌ အတွင်းဝင် ဖြစ်နေကြသော တရားတို့သည် ရူပါဝစရမည်ကုန်၏။အဘယ်တရားတို့သည် အရူပါဝစရမည်ကြသနည်း၊ အောက်ဘက် အာကာသာနဉ္စာယတနဘုံနေ ဗြဟ္မာများအထိ အထက် ဘက် နေဝသညာနာသညာယတနဘုံနေ ဗြဟ္မာများ အတွင်းပြုလျက် ဤဗြဟ္မာ၄-ဘုံ အတွင်း ဖြစ်နေအကျုံးဝင်နေကြသော တရားတို့သည် အရူပါဝစရမည်ကုန်၏။ (အဘိ-၁။၂၅၃-၄)

**ကျောက်ပိုတောရဝါဒသည်—**

ဘုံသုံးဆယ့်တစ်ကို ဘုရားကိုယ်တော်တိုင် မဟော အမျှားပြောဟု ယူဆသော ဝါဒဖြစ်သည်။

**ရေးသားချက် —**

ဘုရားဟောတဲ့ ဘုံဘဝသည် ကာမ, ရူပ, အရူပဖြစ်ပါတယ်၊ ဘုရား မဟောတဲ့ ဘုံဘဝသည် သုံးဆယ့်ဘုံဖြစ်ပါတယ်။ အမျှားပြောတာက သုံးဆယ့်တဘုံ ဘုရားဟောတာက သုံးဘုံ၊

(ပုသိမ်မောင်ညွန့် ၁၆-၁-၇၀-ခု မင်းဘူးဟော တိတ်ခွေ)

၂၆။ **မြတ်စွာဘုရား၏ ဝါဒတော်သည်—**

စိတ်, စေတသိက်, ရုပ်တရားများကို သင်္ခါရလောကဟု ဟောတော် မူသောဝါဒဖြစ်သည်။

**ဟောကြားချက်—**

ထိုစကား ချဲ့ဦးအံ့၊ သတ္တဝါမှန်သမျှ အာဟာရလျှင် တည်ရာရှိ၏၊ တခုသော သောက နာမ်ရုပ်သည် နှစ်ခုသော လောက၊ပ။ တဆယ့်ရှစ် ပါးသော ဓာတ်တို့သည် တဆယ့်ရှစ်ပါးသော လောကမည်ကုန်၏။ဤသို့ ဤသင်္ခါရလောကကိုလည်း အလုံးစုံသော အခြင်းအရာဖြင့် ထိုရှင် တော်မြတ်ဘုရားသည် သိတော်မူအပ်၏၊ (ဝိ၊၁၊၁။၉၀)

**ကျောက်ပိုတောရဝါဒသည်—**

**စိတ်, စေတသိက်, ရုပ်တရားများကို ဩကာသလောကဟု ယူဆသော ဝါဒဖြစ်သည်။**

**ရေးသားချက်—**

**စိတ်နဲ့စေတသိက်ကို ဘာခေါ်သလဲ? နာမ်ခေါ်တယ်၊ စိတ်နဲ့ စေတသိက်မဟုတ်လို့ ကျန်တဲ့သဘောတရားတွေ ဘာခေါ်သလဲ?** (ရုပ်ပါ)၊ ဒါဖြင့်ရင် ရုပ်မဟုတ်တဲ့နာမ်တွေကို ဘုံတပ်လိုက်တော့ အရူပ ဘုံခေါ်ရင် မှားမလား၊ မမှားပါဘူး၊ နာမ်မဟုတ်တဲ့ ရုပ်တွေကို ကျနော် တို့ ဘုံတပ်ကြည့်ရင် ရူပဘုံ၊အဲဒီနာမ်နဲ့ရုပ်ကို နှစ်သက်နေတဲ့ လူတွေကျမှ ကာမဘုံလို့တင်၊

(ပုသိမ်မောင်ညွန့်၊ ၁၆-၁-၇၀-ခုမင်းဘူးဟော တိတ်ခွေအမှတ်-၄)

၁၃၄၄-ခု သီတင်းကျွတ်လပြည့်ကျော် (၈) ရက်
၁၉၈၂-ခု၊ နိုဝင်ဘာလ(၉)ရက် အင်္ဂါနေ့ နေ့လယ် (၂) နာရီအချိန်တွင်
ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်
အစည်းအဝေးခန်းမ၌ ပြုလုပ်ကျင်းပသော
ကျောက်ပုံတောရဝါဒ ဝိနိစ္ဆယအပ်နှံခြင်းနှင့် အဓမ္မဝါဒစွန့်လွှတ်ပွဲ

# အခမ်းအနားအစီအစဉ်များ

၁။ ကျောက်ပုံတောရဝါဒနှင့် စပ်လျဉ်း၍ နိုင်ငံတော် သီးခြားဝိနည်းဓိုရ် အဖွဲ့ အမှတ်(၄) သဘာပတိဆရာတော်ဘုရားကြီးက နိုင်ငံတော် သံဃ-မဟာနာယက ဆရာတော်များကို လျှောက်ထားရန်။

၂။ သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄) သဘာပတိဆရာတော် ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသက ကျောက်ပုံတောရဝါဒ ဝိနိစ္ဆယစာမူကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(တတိယအဖွဲ့ခွဲ)မှ အလှည့်ကျ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တရေဝတ(အဂ္ဂမဟာပဏ္ဍိတ)ထံ အပ်နှံရန်။

၃။ နိုင်ငံတော်သံဃမဟာနာယက ( တတိယအဖွဲ့ခွဲ ) အလှည့်ကျ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးက ဓမ္မ အဓမ္မဝိဝါဒါဓိကရဏ်း ပြေငြိမ်းအောင် ဆောင်ရွက်ပုံနှင့် စပ်လျဉ်း၍ ဩဝါဒစကား မိန့်ကြားရန်။

၄။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) မှ အလှည့်ကျ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီက ဝိနိစ္ဆယအကျဉ်းချုပ် သုံးသပ်ချက်ကို မိန့်ကြားပြီး စုဒိတကပုဂ္ဂိုလ်များ နှလုံးသွင်းဖွယ် ဩဝါဒမိန့်ကြားရန်။

၅။ ဝိနည်းဓိုရ်ဆရာတော်များ၏ ဆုံးဖြတ်ချက်ကို စုဒိတက အားလုံးတို့က သံဃမဟာနာယကဆရာတော်ကြီးများ၏ ရှေ့မှောက်တွင် အဓမ္မဝါဒကို စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးရန်။

၆။ အကျိုးဆောင်ဆရာတော်ဘဒ္ဒန္တဝဏ္ဏသိရီက အဓမ္မဝါဒစွန့်လွှတ်ပြီးသော ရဟန်းတော် (၄) ပါးတို့ကို သံဃာ့အဖွဲ့အစည်းတွင် ပါဝင်ရေးနှင့် စပ်လျဉ်း၍ ရှေ့ဆက်လက် ဆောင်ရွက်ရမည့် အစီအစဉ်များကို မိန့်ကြားရန်။

၇။ နိုင်ငံတော် သံဃမဟာနာယက (တတိယအဖွဲ့ခွဲ)မှ အလှည့်ကျဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တရေဝတက နိဂုံးချုပ် ဩဝါဒစကား မိန့်ကြားရန်။

ဆက်ကပ်ရန်

ဥက္ကဋ္ဌဆရာတော်
နိုင်ငံတော်သံဃမဟာနာယကအဖွဲ့
ဇမ္ဗူဒီပကျောင်းဆောင်၊ ကမ္ဘာအေးကုန်းမြေ
ရန်ကုန်မြို့။

နေ့စွဲ၊ ၁၃၄၄-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၇)ရက်
(၁၉၈၂-ခုနှစ်၊ နိုဝင်ဘာလ (၉)ရက် အင်္ဂါနေ့)

အကြောင်းအရာ။ ။နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄) ၏ ကျောက်ပုံတောရဝါဒ ဓမ္မ အဓမ္မမှုခင်း အမှတ်(၄) ဆုံးဖြတ်ချက်(ဝိနိစ္ဆယစာတမ်း)ကို ဆက်ကပ်ခြင်းပါ ဘုရား

ရည်ညွှန်းချက်။ ။နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ၁၃၄၄- ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃-ရက်နေ့စွဲပါ စာအမှတ် ၂၀၇/၁/သာ မ ဟ န

ရှိသေစွာလျှောက်ထားပါသည်ဘုရား—

အထက်ရည်ညွှန်းပါ အမိန့်စာအရ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် (၂၅-၂၆-၃၅) တို့နှင့်အညီ သဘာပတိဆရာတော် ရွေးချယ်တင်မြှောက်ပြီးလျှင် ပုံစံ (၅) ဖြင့် စောဒက စုဒိတက ဆရာတော်များနှင့် စုဒိတကလူပုဂ္ဂိုလ်များကို ဆင့်ခေါ်၍ ၁၃၄၄-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၉)ရက်၊ (၁၄-၇-၈၂)နေ့ နံနက် (၇) နာရီအချိန်မှ ၁၃၄၄-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် (၁၀)ရက်(၁၅-၇-၈၂)နေ့ မွန်းလွဲ ၂-နာရီ ၃၀-မိနစ် အချိန်အထိ ရန်ကုန်မြို့ အပရဂေါယာန ကျောင်းဆောင် အထက်ထပ် နိုင်ငံတော် သီးခြားဝိနိစ္ဆယရုံးခန်း၌ စောဒက ၄-ဦးတို့က စာမူဖြင့် တင်သွင်းသော စွဲဆိုချက်စောဒနာများကို ကြားနာခဲ့ရပါသည်ဘုရား။

၁၃၄၄-ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော်(၁၁)ရက်၊ (၁၆-၇-၈၂)နေ့ နေ့လယ် (၁)နာရီအချိန်တွင် စုဒိတက ပုသိမ်မောင်ညွန့်မှတပါး ကျန်သောစုဒိတက (၆)ဦးတို့က စာမူဖြင့်တင်သွင်းထားသော သီးသန့်စာစောင်နှင့် ပတ်သက်၍ ထိုသီးသန့်စာစောင်သည် ပြန်လည်ချေပချက် သောနေခာမျိုး မဟုတ်သဖြင့်

ဤနိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄)က ဝိနည်းဓမ္မကံအဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လက်ခံရန် မသင့်သောကြောင့် ရုံးတော်သို့ ဖတ်ကြားတင်သွင်းခွင့် မပြုနိုင်ကြောင်း သဘာပတိဆရာတော်က ရှင်းလင်းပြန်ကြားခဲ့ပါသည်ဘုရား။

၁၃၄၄-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၄-ရက် (၂၄-၇-၈၂)နေ့ နံနက်(၈)နာရီမှ ညနေ (၃)နာရီအထိ စုဒိတက ပုသိမ်မောင်ညွန့်က စာမူဖြင့်တင်သွင်းသော ပြန်လည်ချေပသည့် သောဓနာကို ကြားနာခဲ့ရပါသည်ဘုရား။

ယင်းစောဒနာ သောဓနာ စာမူများနှင့်တကွ သက်သေခံအဖြစ်တင်ပြထားသော ကျောက်ပုံတောရဝါဒဆိုင်ရာ စာအုပ်စာတမ်း စာစောင်ကြော်ငြာ တိတ်ခွေများကို ၁၃၄၄-ခုနှစ် ဒုတိယဝါဆိုလဆန်း ၅-ရက် (၂၅-၇-၈၂)နေ့မှ ၁၃၄၄-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၅-ရက် (၆-၁၁-၈၂)နေ့အထိ ၄-လခန့် ကာလအတွင်း နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄)က ထေရဝါဒပိဋကတော်များနှင့်အညီ ညှိနှိုင်းတိုက်ဆိုင်၍ ဤဝိနိစ္ဆယစာတမ်းကို ရေးသားခဲ့ကြပါသည်ဘုရား။

ယင်းသို့ရေးသားကြပြီးနောက် ၁၃၄၄-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၆-ရက်၊ ၇-ရက်၊ ၈-ရက် (၁၉၈၂-ခုနှစ် နိုဝင်ဘာလ ၇-ရက်၊၈-ရက်၊၉-ရက်) နေ့တို့၌ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄) ဝိနည်းဓိုရ် ဆရာတော်များ အစုံအညီကြွရောက်တော်မူကြပြီး စောဒက စုဒိတကတို့၏ ရှေ့မှောက်၌ ဤဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ကြပါသည်ဘုရား။

တပည့်တော်များ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄)၏ ဆုံးဖြတ်ချက် (ဝိနိစ္ဆယစာတမ်း)ကို ပူးတွဲပါစာရင်းအတိုင်း အမှတ်တွဲနှင့်တကွ ဆက်ကပ်ပါသည်ဘုရား။

## နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄) ဆရာတော်များ

| စဉ် | ဘွဲ့တော်နှင့်ကျောင်းတိုက် | လက်မှတ် |
|---|---|---|
| ၁။ | ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ (သဘာပတိ) ရွှေကျင်ကျောင်းတိုက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်။ | |
| ၂။ | ဘဒ္ဒန္တပညိန္ဒာဘိဝံသ(အဖွဲ့ဝင်) မဟာအောင်မြေဘုံစံကျောင်း၊ ဗဟန်းမြို့နယ်၊ရန်ကုန်။ | |
| ၃။ | ဘဒ္ဒန္တဓမ္မသာရာဘိဝံသ (အဖွဲ့ဝင်) အဘယခေမိကာရုံကျောင်း၊ တောင်ကုတ်မြို့၊ရခိုင်ပြည်နယ်။ | |
| ၄။ | ဘဒ္ဒန္တအရိယဝံသ (အဖွဲ့ဝင်) အောင်မြေဘုံသာကျောင်း၊ ဖျာပုံမြို့၊ ဧရာဝတီတိုင်း။ | |
| ၅။ | ဘဒ္ဒန္တဝေပုလ္လာဘိဝံသ (အဖွဲ့ဝင်) ရွှေဘုံသာကျောင်း၊ ဟဲယားရွာမ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်။ | |

## နိုင်ငံတော် သံဃမဟာနာယက (တတိယအဖွဲ့ခွဲ) အလှည့်ကျ ဥက္ကဋ္ဌ ဘဒ္ဒန္တရေဝတ ဆရာတော်ဘုရားကြီး၏ ဓမ္မ အဓမ္မ ဝိဝါဒါဓိကရုဏ်း ပြေငြိမ်းအောင် ဆောင်ရွက်ပုံနှင့် စပ်လျဉ်း၍ မိန့်ကြားသော

## ဩဝါဒကထာ

နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ် (၄) က ပေးအပ်သော ဝိနိစ္ဆယ အမှုတွဲကို လက်ခံရရှိပြီးဖြစ်၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အနေဖြင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကို ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

ဘုရားရှင်သည် သတ္တဝါများအလို့ငှာ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့ရသော်လည်း ရှင်တော်မြတ်၏ သာသနာတော်သက်တမ်းကိုမူ သတ္တဝါတို့၏ စရိုက်ကြမ်းတမ်းမှုကြောင့် ငါးထောင်မျှသာ ထားနိုင်ခဲ့ပါတယ်။ ဘုရားရှင်သည် (၄၅) ဝါ ပတ်လုံး ဝေနေယျသတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးကို တိုက်ကျွေးခဲ့ရာ ဝေနေယျသတ္တဝါများသည် သောတာပန်မှ ရဟန္တာဖြစ်သည်အထိ လောကုတ္တရာ အကျိုးတရားများကို အသီးသီးခံစားခဲ့ကြရပါတယ်၊ ယခု ဘုရားရှင်၏ သာသနာတော် (၂၅၀၀) ကျော်ရှိမျှသာ ရှိသေးသော်လည်း ဗုဒ္ဓ၏ ဓမ္မရေးရာနှင့်ပတ်သက်၍ အယူအဆ ဝိဝါဒ ကွဲပြားကာ မှားယွင်းစွာ ဟောပြောနေကြသည်ကို တွေ့မြင်နေကြရပါတယ်။

စောဒက, စုဒိတက, ဝိနည်းဓိုရ်ဆရာတော်များနှင့် တပည့်တော်တို့သည် သာသနာ့ဝန်ထမ်း ရဟန်းတော်များ ဖြစ်ကြသည့်အလျောက် သာသနာ့ဝန်ထမ်းအဖြစ်သို့ ရောက်ချိန်မှစ၍ ပရိယတ်ကိုအခြေခံကာ ပဋိပတ်ကို ကျင့်ကြရမည်ဖြစ်ပါတယ်၊ ကျောက်ပုံတောရဝါဒသာမဟုတ် မည်သည့်ဝါဒမဆို ထေရဝါဒ ပိဋကတော်နှင့် ညီညွတ်ပါက အငြင်းပွားမှု ဖြစ်လာမည် မဟုတ်ပါ၊ ယခု ကျောက်ပုံတောရဝါဒသည် ထေရဝါဒ ပိဋကတော်နှင့် ဆန့်ကျင်နေသဖြင့် အငြင်းပွားမှု ဖြစ်လာရပါတယ်၊ ဒီလိုဖြစ်ရခြင်းအတွက် စုဒိတက ပုဂ္ဂိုလ်များအနေဖြင့် စောဒက ပုဂ္ဂိုလ်တို့၏ စွဲဆိုချက် စောဒနာတင်ချက်များနှင့် ပတ်သက်၍ အာဃာတထားရန် မလိုပါ၊

သာသနာ့ဝန်ထမ်းများဖြစ်ကြသော စေတက, စုဒိတက ရဟန်းတော်များ၊ စုဒိတက လူပုဂ္ဂိုလ်များအနေဖြင့် သူနာစေ ငါသာစေ ဆိုသည့် သဘောမျိုး မထားပဲ ယောနိသောမနသိကာရ တရားလက်ကိုင်ထားရန် လိုအပ်ပါတယ်၊ စုဒိတက ပုဂ္ဂိုလ်များသည် မိမိတို့၏ ကျောက်ပုံတော ရဝါဒအပေါ် ယထာဓမ္မ ယထာဝိနယနှင့်အညီ ဆုံးဖြတ်ပေးသည့် ဝိနည်းဓိုရ်ဆရာတော်များ၏ ဆုံးဖြတ်ချက်အတိုင်း အယူဝါဒမှားများကို စွန့်လွှတ်ကာ မှန်ကန်သော အယူဝါဒများကို လိုက်နာကျင့်သုံး၍ သာသနာ့ဂုဏ်ရောင် ထွန်းပြောင်ဝင်းသက်အောင် ဆောင်ရွက်သွားကြပါလို့ ဩဝါဒစကား မိန့်ကြားအပ်ပါတယ်။

## နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ)အား လှည့်ကျ အကျိုးဆောင် ဆရာတော် ဘဒ္ဒန္တဝဏ္ဏသိရီ၏ ဝိနိစ္ဆယအကျဉ်းချုပ် သုံးသပ်ချက်နှင့် စုဒိတကပုဂ္ဂိုလ်များ နှလုံးသွင်းဖွယ်ဩဝါဒ

ကျောက်ပုံတောရဝါဒနှင့် ပတ်သက်၍ နိုင်ငံတော် သီးခြားဝိနည်းဓိုရ်အဖွဲ့ အမှတ်(၄)၏ ဆုံးဖြတ်ချက် (၁)၌—

မြတ်စွာဘုရား၏ ဝါဒတော်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် သိမြင်၍ ဟောကြားတော်မူအပ်သော ယထာဘူတဝါဒဖြစ်ပြီး၊ ကျောက်ပုံတောရဝါဒသည် ဝိတဏ္ဍဝါဒ တက္ကီဝါဒဖြစ်သည်—

ဟူ၍လည်းကောင်း။

**ဆုံးဖြတ်ချက်(၄)၌—**

မြတ်စွာဘုရား၏ ဝါဒတော်သည် ပဉ္စင်းခံရာ၌ အရိယာသံဃာ မပါဝင်သော်လည်း ရဟန်းအဖြစ်သို့ ရောက်နိုင်သောဝါဒ၊ ယာခုခေတ် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့်သာ ရဟန်းဖြစ်သောဝါဒ၊ ဝိပဿနာဖြင့်သာ သောတာပန်ဖြစ်သော ဝါဒတော်ဖြစ်ပြီး၊ ကျောက်ပုံတောရဝါဒသည် ပဉ္စင်းခံရာ၌ အရိယာသံဃာမပါဝင်က ရဟန်းအဖြစ်သို့ မရောက်နိုင်သောဝါဒ၊ သင်တန်းကိုးရက်တက်ပြီးက အလိုလိုရဟန်းဖြစ်သော သောတာပန်လည်းဖြစ်သော ဝါဒ—

ဟူ၍လည်းကောင်း။

ဆုံးဖြတ်ချက် (၆)၌—

မြတ်စွာဘုရား၏ ဝါဒတော်သည် ဒါန သီလ ဘာဝနာ ကုသိုလ်များကို ကောင်းမွန်မှန်ကန်သောအကျင့်ဟု ဟောပြသောဝါဒတော်ဖြစ်ပြီး ကျောက်ပုံတောရဝါဒသည် ဒါန သီလ ဘာဝနာ ကုသိုလ်များကို သီလဗ္ဗတပရာမာသဟု ယူဆသော ဝါဒဖြစ်သည်—

ဟူ၍လည်းကောင်း။

ဆုံးဖြတ်ချက် (၇)၌—

မြတ်စွာဘုရား၏ဝါဒတော်သည် အသခ်တကို နိဗ္ဗာန်ဟုဟောတော်မူသော ဝါဒတော်ဖြစ်ပြီး ကျောက်ပုံတောရဝါဒသည် အသခ်တကို နိဗ္ဗာန်မဟုတ်ဟု ယူဆသော ဝါဒတော်ဖြစ်သည်—

ဟူ၍လည်းကောင်း။

ဆုံးဖြတ်ချက် (၂၄)၌—

မြတ်စွာဘုရား၏ဝါဒတော်သည် လက္ခဏာရေးသုံးပါးကို အနိစ္စ ဒုက္ခ အနတ္တဟု ဟောတော်မူသော ဝါဒတော်ဖြစ်ပြီး၊ ကျောက်ပုံတောရဝါဒသည် အနတ္တ အနိစ္စ ဒုက္ခဟု ဒေသနက္ကမအစဉ်မကျပဲ ယူဆသော ဝါဒဖြစ်သည်—

ဟူ၍လည်းကောင်း။

ဆုံးဖြတ်ချက် (၂၅)၌—

မြတ်စွာဘုရား၏ ဝါဒတော်သည် ဘုံသုံးဆယ့်တစ်ကို ကိုယ်တော်တိုင် ဟောတော်မူသော ဝါဒတော်ဖြစ်ပြီး ကျောက်ပုံတောရဝါဒသည် ဘုံသုံးဆယ့် တစ်ကို ဘုရားကိုယ်တော်တိုင်မဟော အများပြောဟု ယူဆသော ဝါဒ ဖြစ်သည်—

ဟူ၍လည်းကောင်း။

ဆုံးဖြတ်ချက် (၂၆)၌—

မြတ်စွာဘုရား၏ဝါဒတော်သည် စိတ်စေတသိက် ရုပ်တရားများကို သင်္ခါရ လောကဟု ဟောတော်မူသော ဝါဒတော်ဖြစ်ပြီး၊ ကျောက်ပုံတောရဝါဒသည် စိတ်စေတသိက် ရုပ်တရားများကို ဩကာသလောကဟု ဟောတော်မူသော ဝါဒဖြစ်သည်—

ဟူ၍လည်းကောင်း နှိုင်းယှဉ်ချက်ပြုလျက် ဆုံးဖြတ်ထားသည်မှာ ယထာဓမ္မ ယထာဝိနယနှင့်အညီ ဆုံးဖြတ်ထားခြင်းသာ ဖြစ်ပါတယ်၊ ကျန်ဆုံးဖြတ်ချက် များသည်လည်း ယထာဓမ္မ ယထာဝိနယနှင့်အညီ ဆုံးဖြတ်ထားသည့် ဆုံးဖြတ် ချက်များသာ ဖြစ်သည်ကို တွေ့ရပါတယ်။(ဝိနိစ္ဆယ အကျဉ်းချုပ် သုံးသပ်ချက် ကို ဤမျှလောက်ပဲ ပြောလိုပါတယ် ပူးတွဲဖော်ပြထား၍ အပြည့်အစုံဖတ်ကြည့် နိုင်ပါတယ်)

စုဒိတကပုဂ္ဂိုလ်များ နှလုံးသွင်းဖွယ် ဩဝါဒစကားအနေဖြင့် ပြောကြား လိုသည်မှာ........ ပထမအချက် အနေဖြင့် ယခုခေတ်သာသနာ့အခြေအနေနှင့် သံဃာ့အဖွဲ့အစည်းပေါ် ပေါက်လာပုံကို လျှောက်ထားလိုပါတယ်၊ မျက်မှောက် ခေတ် သာသနာတော်၏အခြေအနေကို ကြည့်ရှုသုံးသပ်မည်ဆိုပါက သာသနာ တော်ကြီး ဂုဏ်သိက္ခာ နိမ့်ကျညှိုးနွမ်း ဆိုးယုတ်သွားစေရန်လည်းကောင်း၊ သာသနာတော်ကြီး ပျက်စီးကွယ်ပျောက်သွားစေရန်လည်းကောင်း၊ ကျင့်ကြံ လုပ်ဆောင်နေကြသူ၊ ပြောဆိုဟောပြောနေကြသူ၊ ရေးသားထုတ်ဝေနေကြသူ ရှင်လူအချို့ပေါ် ထွက်နေသည်ကို မျက်ဝါးထင်ထင် တွေ့မြင်ကြားသိ ဖတ်ရှုနေ ကြရသဖြင့် ယင်းသာသနပစ္စတ္ထိက သာသနာ့ရန်သူ သာသနာ့အန္တရာယ်တို့ကို

မတားဆီးမပိတ်ပင်ပဲ လျစ်လျူရှုနေကြပါလျှင် တစတစကြီးထွားရှ် သာသနာတော်ကြီးသည်ပင် တိမ်းပါးပျက်စီးသွားနိုင်ပါတယ်။

ဟန္ဒ မယံ အာဝုသော (ပ) ဝိနယဝါဒိနော

ဒုဗ္ဗလာ ဟောန္တိ –

ဟူသော (ဝိ၊ ၄၊ ၃၁)စူဠဝါ ပါဠိတော်အရ –

"ငါ့ရှင်တို့ မတရားသောအဓမ္မဝါဒ မထွန်းကားမီ

(ပ)ဓမ္မဝိနယကို ယခုငါတို့ သံဂါယနာတင်ကြပါကုန်စို့"

ဟူသော ပထမသံဂါယနာတင်ခေါင်းဆောင် အရှင်မဟာကဿပမထေရ်မြတ်ကြီး၏ ဩဝါဒတော်များနှင့်အညီ သာသနာ့ဘေးရန် အန္တရာယ်များကို တားဆီးပိတ်ပင်၍ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ဖို့ရာ သံဃာတော်အားလုံး ညီညွတ်စွာ ဖွဲ့စည်းထားသည့် သံဃာ့အဖွဲ့ကြီးရှိမှသာ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ယင်းသံဃာ့အဖွဲ့ကြီး ဖွဲ့စည်းဖြစ်ပေါ်စေရန်အလို့ငှာ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်းကို ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့ အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းပေးခဲ့သဖြင့် သံဃာ့အဖွဲ့အစည်းကြီး ပေါ် ပေါက်လာပြီ ဖြစ်ပါတယ်။

ဒုတိယအချက်အနေဖြင့် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းမှု ရည်ရွယ်ချက်များကို လျှောက်ထားလိုပါတယ်၊ ထိုရည်ရွယ်ချက်များမှာ–

(က) သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရန်၊

(ခ) သံဃာတော်များ ဝိနည်းတရားတော်နှင့်အညီ ကျင့်ကြံ သီတင်းသုံးနေထိုင်ရေးအတွက် သံဃာအချင်းချင်း ကြီးကြပ်ထိန်းသိမ်းသွားနိုင်ရန်၊

(ဂ) ပိဋကတော်နှင့် မညီသော ရေးသားခြင်း၊ ဟောပြောခြင်းများကို တားဆီးကာကွယ်ရန်နှင့်၊

(ဃ) ပရိယတ္တိနှင့် လျော်ညီသော ပဋိပတ္တိသာသနာတော်ကို တိုးတက်စည်ပင် ပြန့်ပွားစေရန် တို့ဖြစ်ပါတယ်။

တတိယအချက်အနေဖြင့် ဓမ္မ အဓမ္မစစ်ဆေးရန် သတ်မှတ်ပုံနှင့် ပတ်သက်၍ လျှောက်ထားလိုပါတယ်၊ ၁၃၄၂-ခုနှစ် တန်ဆောင်မုန်းလတွင် ကျင်းပသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၃၃) ပါးစုံညီ ဒုတိယ အစည်းအဝေးက သမ္မာဒိဋ္ဌိ သုတေသနဝါဒစသော ဝါဒ (၇) မျိုးကို နိုင်ငံတော် သီးခြား ဝိနည်း

ဓိုရ်အဖွဲ့ (၇) ဖွဲ့ဖြင့် ဖွဲ့စည်းစိစစ်ရန် ဆုံးဖြတ်ခဲ့သဖြင့် ထိုဆုံးဖြတ်ချက်အရ ယခု ကျောက်ပုံတောရဝါဒအာပေါ် ဓမ္မ အဓမ္မအဖြစ် အငြင်းပွားမှုကိုလည်း စိစစ်ရခြင်းဖြစ်ပါတယ်။

စတုတ္ထအချက် အနေဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ သဘောထားနှင့် ခံယူချက်ကို လျှောက်ထားလိုပါတယ်၊ သံဃာ့အဖွဲ့အစည်း အခြေခံစည်းမျဉ်း အခန်း (၂) အပိုဒ် (၅) ၌ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် တဝှန်းလုံးရှိ ထေရဝါဒ သံဃာ့ဂိုဏ်းအသီးသီးမှ ရဟန်းသံဃာဟူသမျှသည် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သံဃာ့အဖွဲ့အစည်းအတွင်း၌ အလိုအလျောက် ပါဝင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်၊ ဓမ္မ အဓမ္မဝါဒ အစွပ်စွဲခံရသော ရဟန်းသံဃာများမပါ” ဟု ဆိုထားသဖြင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်များအနေဖြင့် ဓမ္မဝါဒသမားတို့ကား အတွင်းလူ အဓမ္မဝါဒသမားတို့ကား အပ လူ (လူစိမ်း) ဟူ၍ ကိုယ့်လူ သူ့လူ နှစ်မူထားတတ်သော သဘောမျိုးမထားလိုပါ။ ဤလောကမှာ စိတ်သဘောထားကြီးကြီးထားတတ်သူတို့သည် ကမ္ဘာမြေတခုလုံး အိမ်ထောင်စုတစု မိသားစုချည်းပဲဟု သဘောထားယက်သို့ အဓမ္မဝါဒီများအဖြစ် သတ်မှတ်ခံရသော ရဟန်းသံဃာများ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အတွင်းသို့ အလိုအလျောက် မပါဝင်နိုင်ကြသည်ကို တွေ့ရသဖြင့် သနားခြင်း ကရုဏာတရားထားရှိသည့်အလျောက် ဓမ္မ အဓမ္မအငြင်းပွားမှုကို ယထာဓမ္မ ယထာဝိနယနှင့်အညီ ဖြစ်စေရန် သီးခြားဝိနည်းဓိုရ်အဖွဲ့များ ဖွဲ့စည်းပြီး စစ်ဆေးစေခဲ့ခြင်း ဖြစ်ပါတယ်။

အဓမ္မဝါဒဟု ဆုံးဖြတ်ခံရပါက မိမိတို့အယူဝါဒ စွန့်လွှတ်ကြောင်း လက်မှတ်ရေးထိုးပါလျှင် ထေရဝါဒ ရဟန်းသံဃာဟူသမျှ ပါဝင်နိုင်သော သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပါဝင်စေလိုသည့် သဘောထား ခံယူချက်ဖြင့်သာ စစ်ဆေးစေခဲ့ခြင်း ဖြစ်ပါတယ်၊ စုဒိတကပုဂ္ဂိုလ်တို့အား ဖိနှိပ်လိုသည့်သဘောမျိုးလုံးဝ ကင်းတော်မူကြသည်ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကိုယ်စားလျှောက်ထားရခြင်းဖြစ်ပါတယ်။

ပဉ္စမအချက်အနေဖြင့် စွဲစွဲမြဲမြဲ အတည်မယူသင့်ပုံကို လျှောက်ထားလိုပါတယ်၊ တိကနိပါတပါဠိ၊ အင်္ဂုတ္တရ ကေသမုတ္တိသုတ် ၁၉၁-လာ စွဲစွဲမြဲမြဲ အတည်မယူသင့်သောအချက် (၁၀) ချက်အနက်—

မာ ပိဋကသမ္ပဒါနေန =ကျမ်းစာနှင့် ညီမျှ၍ဖြင့်လည်း ဟုတ်လှပြီ မှန်လှပြီဟု စွဲစွဲမြဲမြဲအတည်မယူသင့်။

မာ ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာ =အယူဝါဒခြင်း တူရုံမျှဖြင့်လည်း ဟုတ်လှပြီ မှန်လှပြီဟု စွဲစွဲမြဲမြဲ အတည်မယူသင့်၊

မာ ဘဗ္ဗရူပတာယ =ပုဂ္ဂိုလ်ကို ယုံကြည်ရုံမျှဖြင့်လည်း ဟုတ်လှပြီ မှန်လှပြီဟု စွဲစွဲမြဲမြဲ အတည်မယူသင့်၊

မာ သမဏော နော ဂရူတိ=ဆရာဖြစ်ရုံမျှဖြင့်လည်း ဟုတ်လှပြီ မှန်လှပြီဟု စွဲစွဲမြဲမြဲ အတည်မယူသင့်—

ဟူသော စကားအရ ပုထုဇဉ်များ၏ ဝါဒတခုခုကို စွဲစွဲမြဲမြဲယူသူ အားလုံးသည် ဓမ္မ အမွေဝါဒအဖြစ် အစစ်ဆေးခံရပုံကို သဘောပေါက်သင့်ကြပါတယ်။

ဆဋ္ဌမအချက် အနေဖြင့် မိမိမှီဝဲဆည်းကပ်သည့် ဆရာသည် ဆရာဆိုးဖြစ်နေပါလျှင် ထိုဆရာဆိုးအား မှီဝဲဆည်းကပ်မိ၍ ပျက်စီးဆုံးရှုံး အကျိုးယုတ်ပုံကို လျှောက်ထားလိုပါတယ်။

အခါတပါး မြတ်စွာဘုရားသခင်သည် ဝဇ္ဇီတိုင်း ဥတ္တိလာစေတိယမြို့အနီး ဂင်္ဂါမြစ်ကမ်းမှာ သီတင်းသုံးတော်မူစဉ်က ရဟန်းတော်များအား "ချစ်သားတို့ ရှေးကဖြစ်ခဲ့ဘူးသည်ကို ငါပြန်လည် ဟောကြားမည်၊ ပညာမရှိ မာဂဓတိုင်းသား နွားကျောင်းသားသည် မိုးလနောက်ဆုံး သရဒဥတုအချိန်၌ မကူးသင့်သော ဂင်္ဂါမြစ်ဆိပ်ကမ်းမှ နွားများကို မဆင်မခြင် ကူးခိုင်းခဲ့သည်။ နွားများသည် ဂင်္ဂါမြစ်အလယ်ရေယဉ်ကြော၌ ဝဲစုပ်ခံကြရ၍ သေကျေပျက်စီးခဲ့ကြပြီ" ဟူသော စူဠဂေါပါလက သုတ္တန်လာ ဥပမာအတိုင်းပင် ဤလောက တမလွန် လောကတို့၌ မလိမ္မာကုန်သော ကိလေသာမာရ် မစ္စုမာရ်တို့၏ မတည်ရာ လောကုတ္တရာတရားတို့၌ မလိမ်မာကုန်သော အချို့သော ရဟန်းပုဏ္ဏားတို့၏ စကားကို နာယူကြကုန်သော ပုဂ္ဂိုလ်တို့သည် မလိမ္မာ အသိဉာဏ်မရှိသော နွားကျောင်းသား၏ စကားကို နာယူမိ၍ နွားများပျက်စီးရသကဲ့သို့ နေ့ရော ညပါ ကြာရှည်စွာ အကျိုးမဲ့ ဆင်းရဲပျက်စီးကြမည်သာ ဖြစ်ပါတယ်၊ ထိုသဘောကို စုဒိတက ပုဂ္ဂိုလ်များအနေဖြင့် အလေးအနက် သတိထားရန် လိုပါတယ်။

သတ္တမအချက် အနေဖြင့် မိမိအယူမှားကို စွန့်လွှယ်မှု သလ္လေခအကျင့်ကို ကျင့်ရာရောက်ပုံ သဘောတရားကို လျှောက်ထားလိုပါတယ်၊ "လောက၌ မိမိအယူကို မှားသောအားဖြင့် သုံးသပ်လေ့ရှိသူ၊ မြဲမြံစွာ ယူလေ့ရှိသူ၊ မိမိအယူကို စွန့်နိုင်ခဲသူတို့သာ များလှပါတယ်၊ ငါတို့ကတော့ မိမိအယူကို မှားသောအားဖြင့် မသုံးသပ်သူ၊ မိမိအယူကို မြဲမြံစွာ ယူလေ့မရှိသူ၊ မိမိအယူကို စွန့်လွှယ်သူ ဖြစ်စေရမည်ဟူ၍ သဘောထားနိုင်ပါက ကိလေသာတို့ကို ခေါင်းပါး စေတတ်သော သလ္လေခအကျင့်ကို ကျင့်ရာရောက်သည် ဟူသော မူလပဏ္ဏာသ

ပါဠိတော် သလ္လေခသုတ္တန်အရ အဓမ္မဝါဒဟု ဆုံးဖြတ်ခံရသူ အဓမ္မဝါဒီတို့သည် မိမိအယူကို စွန့်နိုင်ခဲ့သူ မဖြစ်စေကြပဲ စွန့်လွှယ်သူဖြစ်စေရမည်ဟု သဘောထား ပြောင်းပြီး သလ္လေခအကျင့်ကို ကျင့်သူများ ဖြစ်ကြစေလိုပါတယ်။

အဋ္ဌမအချက် အနေဖြင့် ပစ္စည်းမက်မောကြောင်း ဆရာတပည့် အပြန်အလှန် ထောက်ခံနေကြပုံကို လျှောက်ထားလိုပါတယ်၊ ပဋ္ဌာနပါဠိ ပါဠိ အံ၊ ၂၊၁၀၀၊ ကကုဓထေရသုတ္တန်၌ "မစင်ကြယ်သောစိတ်ဖြင့် တရားဟောပြောမှု ရှိပါလျက် စင်ကြယ်ယောင်ဆောင်နေသော ဆရာကို တပည့်တို့က ထိုဆရာအပေါ်၌ ပစ္စည်း မက်မောမှုကြောင့် ထောက်ခံနေကြပုံကို ဟောကြားထားပါတယ်၊ သို့ဖြစ်၍ အဓမ္မဝါဒ ဆုံးဖြတ်ခံရသော တပည့်များသည် မိမိတို့၏ ဆရာဝါဒကို အဓမ္မဟု ဆုံးဖြတ်ခံရပြီးနောက် ပစ္စည်းမက်မောမှုကြောင့် ဆက်လက်ထောက်ခံကျင့်သုံး နေပါက မိမိတို့အပြစ်ကို မိမိတို့သာ ခံကြရမည် ဖြစ်ပါတယ်။

နဝမအချက် အနေဖြင့် အယူဝါဒ စွန့်နိုင်ခဲ့ပုံကို လျှောက်ထားလိုပါတယ်၊ ဘုရားရှင် လက်ထက်တော်အခါက အရှင်သာရိပုတ္တရာအလောင်း ဥပတိဿနှင့် အရှင်မောဂ္ဂလာန်အလောင်း ကောလိတတို့သည် အရှင်အဿဇိမထေရ် ဟော တော်မူသော တရားတော်ကို နာကြားရသဖြင့် တရားထူးရကြတဲ့အခါ မိမိတို့၏ မူလဆရာကြီး သိဥ္စည်းကို ဘုရားရှင်ထံ သွားရောက်ရန် တိုက်တွန်းကြပေမဲ့ ထို သိဥ္စည်းဆရာကြီးက မသွားပဲ နေခဲ့ပါတယ်၊ ဝါဒတခုကိုစွဲမိလျှင် စွန့်လွှတ်ရန် ခဲယဉ်းလှပါတယ်၊ ယခု ကျောက်ပုံတောရ ဝါဒကို ယူကြသော စုဒိတက ပုဂ္ဂိုလ် များသည်လည်း မိမိတို့၏ အယူဝါဒအမှားများကို မစွန့်ပဲ မနေသင့်ပါ၊ သံသရာ၌ ဝန်မလေးစေရန် မှားမှန်းသိလျှင် သိသိခြင်း စွန့်လွှတ်သင့်ကြပါတယ် လို့ မေတ္တာကရုဏာရှေ့ထားပြီး ဩဝါဒစကား ပြောကြားလိုက်ရပါတယ်။

## ကျောက်ပုံတော၁ရ အဓမ္မဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု လက်မှတ် ရေးထိုးခြင်း

၁။ နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၄)က ကျောက်ပုံတော၁ရ ဝါဒနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

( က ) ကျောက်ပုံတော၁ရဝါဒသည် အဓမ္မဝါဒဖြစ်သည်။

( ခ ) ကျောက်ပုံတော၁ရဝါဒမှ ဆက်နွှယ်ပေါက်ပွားလာသော စာအုပ် စာတမ်းများ၊ အသံဖမ်းတိတ်ခွေ စသည်တို့၌ပါရှိသော တရားတို့သည် လည်း အဓမ္မဝါဒဖြစ်သည်။

( ဂ ) ထိုအဓမ္မဝါဒနှင့် ဆက်နွှယ်နေသော ဝိဘဇ္ဇဝါဒီ ကမ္ဘာ့ဝိပဿနာနေယျ သင်တန်း အစရှိသောအမည်များ တံဆိပ်တုံးများ ဆိုင်းဘုတ်များ သည် အဓမ္မပစ္စည်းဝတ္ထုများ ဖြစ်ကြသည်။

( ဃ ) ကျောက်ပုံတော၁ရဝါဒနှင့် ထိုဝါဒမှ ဆက်နွှယ်ပေါက်ပွားလာသော ဝါဒတို့ကို ရေးသားဟောပြောကြသော လိုက်နာကျင့်ကြံအားထုတ် ကြသော လိုလားနှစ်သက်စွာ အားပေးထောက်ခံကြသော ရဟန်း ရှင် လူတို့သည် အဓမ္မဝါဒများဖြစ်ကြသည်။




၂။ ထို့ကြောင့် မိမိတို့ဝါဒကို မစစ်မီကပင် ပဋိညာဉ်ပြုခဲ့သည့်အတိုင်း နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၄)၏ ဆုံးဖြတ်ချက်ကို လိုက်နာ၍ အောက်တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးသူ စုဒိတကများနှင့်တကွ သက်ဆိုင်သူ များက—

( က ) အဓမ္မဝါဒကို စွန့်လွှတ်ပါကြောင်း၊

( ခ ) နောင်အနာဂတ်ကာလ၌လည်း ယင်းအဓမ္မဝါဒများကို ဟောပြော ခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း စသည့်အမှု တို့ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်မည်မဟုတ်သည့်အပြင် တပည့် ဒါယကာ ဒါယိကာမတို့အားလည်း မပြုလုပ်ကြစေရန် တားမြစ် ဆုံးမဩဝါဒပေးမည် ဖြစ်ပါကြောင်း၊

( ဂ ) မိမိတို့၏အဓမ္မဝါဒဆိုင်ရာ စာအုပ် စာတမ်းများ၊ တိတ်ခွေများ၊ အထိမ်းအမှတ်များ၊ အမည်ဆိုင်းဘုတ်များ စသည်တို့ကိုပါ ဖျက်

ဆီးခြင်း အပ်နှံခြင်းများကို သင့်လျော်သလို ပြုလုပ်မည်ဖြစ်ပါကြောင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးပါသည်။

| စဉ် ဘွဲ့ အသက် သိက္ခာ နေရပ်လိပ်စာ | ကိုယ်တိုင်လက်မှတ် |
|---|---|
| ၁။ ဦးဥက္ကံသ ၇၀ ၃၂-၀ါ ကမ္ဘာ့ဝိပဿနာဗဟိုသင်တန်းကျောင်း ပုရွက်ဆိပ်ကုန်းရပ်ကွက်၊ မြောက်ဥက္ကလာပ။ |  |
| ၂။ ဦးကောဝိဒ ၄၉ ၃၀-၀ါ ကျောက်ပုံတောရ သီးခြား ကမ္ဘာ့ ဝိပဿနာ နေယျသင်တန်းကျောင်းတိုက်၊ ပုရွက်ဆိပ်ကုန်း ရပ်ကွက်၊ မြောက်ဥက္ကလာပ။ |  |
| ၃။ ဦးဉာဏောဘာသ ၄၉ ၃၀-၀ါ ကျောက်ပုံတောရ သီးခြား ကမ္ဘာ့ ဝိပဿနာ နေယျ သင်တန်းကျောင်းတိုက်၊ ပုရွက်ဆိပ်ကုန်း ရပ်ကွက်၊ မြောက်ဥက္ကလာပ။ |  |
| ၄။ ဦးစိန္တာမယဉာဏသိဒ္ဓိ ၅၇ ၆-၀ါ ဝိဘဇ္ဇဝါဒီကျောင်း၊ ပုရွက်ဆိပ်ကုန်း ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့။ |  |

## ကျောက်ပုံတောရ အစမ္မဝါဒ စွန့်လွှတ်ကြောင်း ပဋိညာဉ်ပြု

## လက်မှတ်ရေးထိုးခြင်း

၁။ နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ် (၄)က ကျောက်ပုံတောရ ဝါဒနှင့်ပတ်သက်၍ အောက်ပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်။

( က ) ကျောက်ပုံတောရဝါဒသည် အစမ္မဝါဒဖြစ်သည်၊

( ခ ) ကျောက်ပုံတောရဝါဒမှ ဆက်နွယ်ပေါက်ဖွားလာသော စာအုပ် စာတမ်းများ အသံဖမ်းတိတ်ခွေများ စသည်တို့၌ပါရှိသော တရားတို့သည်လည်း အစမ္မဝါဒဖြစ်သည်၊

( ဂ ) ထိုအစမ္မဝါဒနှင့်ဆက်နွယ်သော ဝိဘဇ္ဇဝါဒီ ကမ္မဋ္ဌာဝိပဿနာ နေယျ သင်တန်းအစရှိသောအမည်များ တံဆိပ်တုံးများ ဆိုင်းဘုတ်များသည် အစမ္မပစ္စည်းဝတ္ထုများဖြစ်ကြသည်၊

( ဃ ) ကျောက်ပုံတောရဝါဒနှင့် ထိုဝါဒမှ ဆက်နွယ်ပေါက်ပွားလာသော ဝါဒတို့ကို ရေးသားဟောပြောကြသော လိုက်နာကျင့်ကြံအားထုတ်ကြသော လိုလားနှစ်သက်စွာ အားပေးထောက်ခံကြသော ရဟန်းရှင်လူတို့သည် အစမ္မဝါဒီများဖြစ်ကြသည်။

၂။ ထို့ကြောင့် မိမိတို့ဝါဒကို မစိစစ်မီကပင် ပဋိညာဉ်ပြုခဲ့သည့်အတိုင်း နိုင်ငံတော် သီးခြားဝိနည်းမိုရ်အဖွဲ့ အမှတ်(၄)၏ ဆုံးဖြတ်ချက်ကို လိုက်နာ၍ အောက်တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးသူ စုဒိတကနှင့်တကွ သက်ဆိုင်သူများက—

( က ) အစမ္မဝါဒကို စွန့်လွှတ်ပါကြောင်း၊

( ခ ) ယခုအချိန်မှစ၍ ရှေ့သို့ဆက်လက်ပြီး ယင်းအစမ္မဝါဒများကို ဟောပြောခြင်း၊ ရေးသားခြင်း၊ ဆွေးနွေးခြင်း၊ တိတ်ခွေဖွင့်ခြင်း၊သင်တန်းပေးခြင်း စသည် အပြုအမူအားလုံးကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကြမည်မဟုတ်ပါကြောင်း၊ထို့ပြင် မိမိတို့နှင့်ပတ်သက်သူများကိုလည်း ပြုလုပ်စေကြမည်မဟုတ်ပါကြောင်း၊

( ဂ ) ဖော်ပြပါ အဓမ္မဝါဒဆိုင်ရာ စာအုပ်စာတမ်း တိတ်ခွေအထိမ်းအမှတ် ပစ္စည်းဝတ္ထုစသည်တို့ကို ဖျက်ဆီးခြင်း အပ်နှံခြင်းများကိုလည်း ပြုလုပ်မည်ဖြစ်ပါကြောင်း၊

( ဃ ) ဖော်ပြပါ အဓမ္မဝါဒနှင့်ပတ်သက်၍ သုံးစွဲခဲ့သော အသင်းအဖွဲ့ အမည်များ ဆိုင်းဘုတ်များနှင့် အသင်းအဖွဲ့များကိုလည်း တာဝန်ယူ၍ ဖျက်သိမ်းကြမည်၊ ဖျက်သိမ်းစေကြမည် ဖြစ်ပါကြောင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ရှေ့မှောက်၌ ကိုယ်တိုင် ပဋိညာဉ်ပြု လက်မှတ်ရေးထိုးကြပါသည်။

စဉ် အမည် အသက် နေရပ်လိပ်စာ လက်မှတ်

၁။ ပုသိမ်မောင်ညွန့် ၆၃-နှစ်
(ဘီအက်စ်အင်န် ၀၉၉၆၀၁) အမှတ် ၂၄၊တကောင်းဘုရားလမ်း၊ ကျောက်စရစ်ကုန်း ရပ်ကွက်၊ ပုသိမ်အနောက် မြို့နယ်၊ ဧရာဝတီတိုင်း။

၂။ ဦးစန်းမောင်၊ ၅၃-နှစ်
(ကေအမ်ဒီအီး၊ ၀၁၂၃၂၇၊ ) အမှတ် (၇) ကိုဟင်းလမ်း၊ မန်ကျည်းတန်းတောင်၊ အနောက်ရပ်ကွက်၊ ကြည့်မြင်တိုင်၊ ရန်ကုန်တိုင်း။

၃။ ဦးနေဝင်းသိမ်း၊ ၄၈-နှစ်၊
(အက်စ်အိုကေအေ၊ ၀၁၁၅၄၆၊) ၁၄-လမ်း၊ (၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း၊

## အဓမ္မဝါဒ စွန့်လွှတ်ပြီးသော ရဟန်းတော် ၄-ပါးတို့ကို သံဃာ့အဖွဲ့အစည်းတွင် ပါဝင်ရေးနှင့် စပ်လျဉ်း၍ ဘဒ္ဒန္တဝဏ္ဏသိရီ မိန့်ကြားသော ရှေ့ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များ

အဓမ္မဝါဒကို စွန့်လွှတ်ပြီးသော စုဒိတက ရဟန်းတော်များအနေဖြင့် အောက်ပါ အကျိုးတရားများကို ရရှိမှာ ဖြစ်ပါတယ်။

၁။ ၁၃၄၂-ခုနှစ် နယုန်လတွင် ကျင်းပသည့် ပထမအကြိမ် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးကြီးက အတည်ပြု ပြဋ္ဌာန်းခဲ့သည့် သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း အခန်း(၁) အပိုဒ်(၂) အပိုဒ်ခွဲ(ဃ)နှင့် အခန်း(၂) အပိုဒ်(၅) အပိုဒ်(၁၁)တို့အရ သံဃာ့ဂိုဏ်း(၉)ဂိုဏ်းအနက် တဂိုဏ်းဂိုဏ်းတွင် ပါဝင်ခွင့်ရရှိနိုင်ခြင်း။

၂။ ဓမ္မ အဓမ္မ ဝိဝါဒါဓိကရုဏ်း ငြိမ်းအေးသွားခြင်း။

၃။ သက်ဆိုင်ရာ ပြည်နယ်/တိုင်း/မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် ပါဝင်နိုင်ခြင်း။

၄။ သာသနာဝင် မှတ်တမ်းရရှိခြင်း။

၅။ သံဃာတော်များနှင့် ဒါယကာ ဒါယိကာမများ စည်းလုံးညီညွတ်ခြင်းစသော အကျိုးများကို ခံစားရရှိမည် ဖြစ်ပါတယ်။ ဒီအကျိုးများကို ရရှိနိုင်စေရန် ဘုန်းကြီးတို့ သံဃမဟာနာယက ဆရာတော်များ အနေဖြင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း မြို့နယ်များသို့ အကြောင်းကြားပေးမှာ ဖြစ်ပါတယ်။ [ကျောက်သဘော်ဝိနိစ္ဆယ၊ လူသေလူဖြစ် ဝါဒါနုဝါဒ ဝိနိစ္ဆယ၊ ကြောင်ပန်းတောရဝါဒဝိနိစ္ဆယများတွင် အပြည့်အစုံ ဖော်ပြထားပြီး ဖြစ်ပါသည်။]

## နိုင်ငံတော် သံဃမဟာနာယက ( တတိယအဖွဲ့ခွဲ )
## အလှည့်ကျဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တရေဝတ(အဂ္ဂမဟာပဏ္ဍိတ)၏
## နိဂုံးချုပ် ဩဝါဒကထာ

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သုတ် အဘိဓမ္မာ ဝိနည်းတရားတော်များ တည်ရှိနေသမျှ ကာလပတ်လုံး ဘုရားရှင် ထင်ရှားရှိနေသေးသည်ဟု ပင် မှတ်ရမည် ဖြစ်ပါတယ်။ ဗုဒ္ဓစာပေကို လေ့လာကြည့်ရှုရာ၌ တမျိုးတည်းကိုသာ ကြည့်ရှုရုံမျှဖြင့် မလုံလောက်ပါ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာ၊ ယောဇနာ၊ အနု၊ မဓု၊ ဂဏ္ဌိ၊ နိသျ၊ ဝိနိစ္ဆယ စုံလင်စွာ ကြည့်ရှုဖို့လိုပါတယ်၊ ကြည့်ရှုရမှာ ဖြစ်ပါတယ်၊ ထိုကဲ့သို့ စုံလင်စွာ ကြည့်ရှုပါလျက် ဆိုလိုရင်းအဓိပ္ပာယ်သဘောကို မပေါက်သေးပါက ပိဋကအရာ၌ မိမိ၏ အားနည်းချက်သာဖြစ်၍ ကျမ်းဂန်ပိဋက နှံ့စပ်သော ဆရာသမားများထံ ချဥ်းကပ်မေးမြန်း ဆွေးနွေးလေ့လာသင့်ပါ တယ်၊ လေ့လာကြပါလို့ တိုက်တွန်းပါတယ်။

စာပေကို လေ့လာရာ၌ နိဗ္ဗာန်မဂ်ဖိုလ်ချမ်းသာကို ပေးစွမ်းနိုင်သော စာပေမျိုးကိုသာ လေ့လာကြည့်ရှု ဟောပြောလိုက်နာ ကျင့်ကြံသင့်ပါတယ်၊ နိဗ္ဗာန် မဂ်ဖိုလ်ကို အထောက်အကူမပြုသော ဝိဝါဒဖြစ်စေမည့် စာပေများကို လေ့လာ ကြည့်ရှု ဟောပြောလိုက်နာ ကျင့်ကြံရန် မသင့်ပါ၊ စုဒိတကပုဂ္ဂိုလ်များ၏ဝိဝါဒ ဖြစ်စေသည့်စာပေများကို လေ့လာကြည့်ရှု ဟောပြောနေခြင်းကို အကြောင်းပြု၍ စုဒိတက ပုဂ္ဂိုလ်များ၊ စောဒကနှင့် ဝိနည်းဓိုရ်ဆရာတော်များ၊အခြားသော ရဟန်းရှင်လူ ပရိသတ်များပါ ကာယိကဒုက္ခ စေတသိကဒုက္ခများ ခံစားခဲ့ကြရ ပါတယ်၊ သို့ဖြစ်၍ မိမိကို အကြောင်းပြုပြီး ဓမ္မအဓမ္မဝိဝါဒ မဖြစ်အောင် ထိန်း သိမ်း စောင့်ရှောက် ကျင့်ကြံ နေထိုင်သွားကြပါဟု နိဂုံးချုပ်ဩဝါဒစကား မိန့် ကြားအပ်ပါတယ်။

ပ-မ-သ-စ-၄၉၈-၂၂-၄-၈၃- ၁၀၀၀၀ (၂)

ကဲ့သို့

သကဲ့သို့

(မမြန် ၃၊ ၆၀)